# အီး၊ ဂျီ၊ ဝှိုက်

# ၏

# ရှေးစာပေများ

အီး၊ ဂျီ၊ ဝှိုက်ပြုစုသည့် စာအုပ်ကို
ဦးထွန်းသိန်းက "အီး၊ ဂျီ၊ ဝှိုက်၏ရှေးစာပေများ"
အမည်ဖြင့်မြန်မာပြန်ဆိုသည်

ပထမပုံနှိပ်ခြင်း၊ ၁၉၈၇ ခုနှစ်၊ ဇူလိုင်လ၊ စောင်ရေး ၅၀၀၀
ဒုတိယပုံနှိပ်ခြင်း၊ ၁၉၉၇ ခုနှစ်၊ အောက်တိုဘာလ၊ စောင်ရေ ၅၀၀၀

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်အမှတ် ၆/၉၇ (၅)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၇ /၉၇ (၁၀)

တန်ဖိုး– ၇၅ ကျပ်

အမှတ် ၆၈ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့၊ မြန်မာပြည်သတ္တမနေ့
ဥပုသ်အသင်း၊ ဦးဘလှသိန်း၊ မှတ်ပုံတင်အမှတ် (၀၁၈၅၀)

ကထုတ်ဝေသည်

အမှတ် ၂၀၆ ရွှေသစ္စာလမ်း၊ ရန်ကုန်မြို့၊ ကင်းစောင့်ပုံနှိပ်တိုက်၊
ဦးစိုင်းရပ်စ်၊ မှတ်ပုံတင်အမှတ် (၀၂၈၃၀) ကရိုက်နှိပ်သည်

## ရှေးဦးစကား

ပြောင်းလဲနေသည့် ယနေ့ကာလတွင် စာတစ်အုပ်အနှစ်တစ်ရာကျော်အောင် ခေတ်စားနေသည်၊ တစ်နှစ်ထက်တစ်နှစ်ပို၍ ပုံနှိပ်ထုတ်ဝေရသည်၊ ယနေ့ကာလစိတ်ဝင်စားဖွယ်ရာ ခေတ်မီစာအုပ်များနှင့်လည်း ရင်ပေါင်တန်းနိုင်သည်ဆိုသော စာအုပ်အမှန်ပင်ရှားလှပါသည်။ သို့သော် ဤ “အီး၊ ဂျီ၊ ဝှိုက်၏ရှေးစာပေများ” သည် မှတ်တမ်းအရယင်းသို့ပင်စိတ်ဝင်စားဖွယ်ကောင်းသောစာအုပ်ဖြစ်ပါသည်။ စာဖတ်ပရိသတ်၏တောင်းဆိုချက်ကို ဖြည့်ဆည်းပေးရန် အကြိမ်ကြိမ်ပုံနှိပ်ထုတ်ဝေခဲ့ရသည့်အတွက် စာလုံးဘလောက်မျာက်နှာပြင်များပွန်းစားသဖြင့် အသစ်ထပ်မံပြုလုပ်ခဲ့သည့်အကြိမ်ပေါင်းများပါပြီ။

ယခုထုန်ဝေသည့် “အီး၊ ဂျီ၊ ဝှိုက် ၏ရှေးသာပေများ” သည် (၁) ၁၈၅၁ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည့် “အီး၊ ဂျီ၊ ဝှိုက်၏ ခရစ်ယာန်ဗဟုသုတနှင့်အတွေ့အမြင်များ”[*] (၂) ၁၈၅၄ ခုနှစ်ထုတ်ဝေသည့် “ကိုယ်တွေ့ဗဟုသုတနှင့်အတွေ့အကြုံများနောက်ဆက်တွဲ”[†] နှင့် (၃) ၁၈၅၈ ခုနှစ်ထုတ် “ဝိညာဉ်ဆုကျေးဇူးများအတွဲ(၁)”[‡] ကိုပူးပေါင်း၍ သင့်လျော်မှန်ကန်သည့်အမည်ဖြင့် ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။

---

* Christian Experience and Views of Mrs. E. G. White

† A Supplement to Experience and Views

‡ Spiritual Gifts, Volume 1

# ရှေးဦးစကား

ဤ ရှေးဦးစာပေများ ကို လူကြိုက်များ၍နှစ်ပေါင်းများစွာ ကျယ်ကျယ်ပြန့်ပြန့်ထုတ်ဝေနိုင်ခဲ့သည့်အကြောင်းရင်းတစ်ခုမှာ ပုရောဖက် ပြုနိုင်သောဆုကျေးဇူးများအားဖြင့် အသင်းတော်သို့ ရှေးဦးစွာရောက် လာသည့်အားပေးတိုက်တွန်းချက်များနှင့် အနာဂတ်အကြောင်းသိကောင်း စရာများပါဝင်သောကြောင့် ဤစာစောင်ကိုပိုင်ဆိုင်လိုခြင်းနှင့်လေ့လာ ဆည်းပူးလိုခြင်းလျော့နည်းမသွား၍သာဖြစ်ပါသည်။

ကိုယ်တွေ့ဗဟုသုတအတွေ့အမြင်များ အပိုင်းတွင် အီး၊ ဂျီ၊ ဝှိုက်၏ ပထမပိုင်း အတ္ထုပ္ပတ္တိကို ၁၈၄၀–၄၄ ခုနှစ်အချိန်ကာလတစ်လျှောက် မြော်လင့်သူများလှုပ်ရှားခဲ့ရာတွင် သူ၏အတွေ့အကြုံများကိုအကျဉ်းချုံး၍ ဖော်ပြထားပါသည်။ ၎င်းအပြင်အခါအားလျော်စွာထုတ်ဝေခဲ့သော စာစောင်များတွင်လည်းဖော်ပြခဲ့ပါသည်။ စောစောပိုင်းက သူ၏ရူပါရုံ များကိုလည်း ဆက်လက်ဖော်ပြထားပါသည်။

နောက်ဆက်တွဲ အပိုင်းတွင် စောစောပိုင်းကရေးသားခဲ့သည့် အချို့သောစကားအသုံးအနှုန်းများနှင့်ပတ်သက်၍ အယူအဆမှားနေ ခြင်း သို့မဟုတ် အဓိပ္ပါယ်အကောက်လွဲနေခြင်းများရှိခဲ့သောကြောင့် အသင်းတော်အတွက် အကြံသစ်ဉာဏ်သစ်များရရှိစေရန် ထပ်မံရှင်းလင်း ထားသည့်အချက်များပါဝင်ပါသည်။

ဝိညာဉ်ဆုကျေးဇူးများ အတွဲ (၁)၊ ဤစာစောင်မှာ ခရစ်တော်နှင့် ကိုယ်တော်၏ကောင်းကင်တမန်များနှင့် စာတန်နှင့်သူ၏တမန်များ စပ်ကြားတွင် အစွန့်ရှည်စွာဆင်နွှဲလာခဲ့သည့်အမှားနှင့်အမှန်တရား တိုက်ပွဲဆိုင်ရာအယူအဆများကို ပထမအကြိမ်ပုံနှိပ်ထုတ်ဝေခဲ့သည့် စာစောင်ဖြစ်ပါသည်။ ယင်းစာစောင်ကို အများကြိုက်နှစ်သက်နေကြ သည်မှာ အရေးကြီးသောအချက်များကို တိုတိုတုတ်တုတ်နှင့်ကွင်းကွင်း

## ရှေးဦးစကား

ကွက်ကွက် ရှင်းလင်းဖေါ်ညွှန်းထားသည့်အတွက်ကြောင့်ဖြစ်ပါသည်။ နောက်ပိုင်းနှစ်များတွင် ဤစာစောင်ကို "ပုရောဖက်ဟောသောစကားဆိုင်ရာသဘောတရားများ"[*] အမည်ဖြင့်အတွဲ(၄)တွဲခွဲ၍ ၁၈၇၀ ခုနှစ်မှ ၁၈၈၄ ခုနှစ်အတွင်း များစွာဖြည့်စွမ်းပြီးလျှင် တိုးချဲ့ဖြန့်ဝေခဲ့ပါသည်။ ယင်းသို့လေးတွဲခွဲ၍ ဦးကာချဲ့ထားသောကျန်းကိုကျယ်ကျယ်ပြန့်ပြန့် ထုတ်ဝေခဲ့ပြီးနောက် "ခေတ်အဆက်ဆက်၏တိုက်ပွဲ"[†] အမည်ဖြင့် အစီအစဉ်သစ်တစ်ရပ်ကိုပြုလုပ်၍ တစ်ပိုင်းပြီးတစ်ပိုင်း စာစောင်အဆင့်ဆင့်ဆက်တိုက်ထုတ်ဝေခဲ့ရာတါင်လည်း လူကြိုက်များခဲ့ပါသည်။ ယင်းစာစောင်များကိုထုတ်ဝေစဉ် အီး၊ ဂျီ၊ ဝိုက်အနေဖြင့် ရှုပါရုံများထပ်မံရရှိခဲ့သည့်အတွက် ပို၍အသေးစိတ်ဖေါ်ပြနိုင်ခဲ့ပါသည်။ ၎င်းအပြင် (၁) လူတို့၏ဖခင်များနှင့်ပုရောဖက်များ၊ (၂) ပုရောဖက်များနှင့်ရှင်ဘုရင်များ၊ (၃) ခေတ်အဆက်ဆက်၏လိုလားချက်၊[**] နှင့် (၄) အမှားနှင့်အမှန်မဟာတိုက်ပွဲကြီး စသည့်ကျမ်းကြီး ၄ စောင်တွင် ဤမဟာတိုက်ပွဲကြီး၏အတ္တုပ္ပတ္တိတည်းဟူသောအကောင်းနှင့်အဆိုးတိုက်ပွဲကြီး၊ အမှန်နှင့်အမှားတိုက်ပွဲကြီးအကြောင်းကို ပိုမိုပြည့်စုံကုံလုံစွာ ဖေါ်ပြရှင်းလင်းထားသော်လည်း ယင်းမဟာတိုက်ပွဲကြီးနှင့်ပတ်သက်၍ မူလအစရေးသားခဲ့သည့် ဤစာစောင်ငယ်မှာ တိုတိုတုတ်တုတ်

---

* The Spirit of Prophecy
† Conflict of the Ages
‡ Patriarchs and Prophets
§ Prophets and Kings
** Desire of Ages
†† The Great Controversy

ရှေးဦးစကား

နှင့် ရှင်းလင်းပြတ်၍သားသည်ဖြစ်၍လည်းကောင်း၊ လွယ်ကူစွာနားလည်နိုင်သည်ဖြစ်၍လည်းကောင်း၊ "ကိုယ်တွေ့ဗဟုသုတနှင့်အတွေ့အမြင်များ" စာစောင်နှင့်ပူးပေါင်းထုတ်ဝေထားသည့်အတွက်ကြောင့်လည်းကောင်း အမြဲတစေမြောက်မြားစွာထုတ်ဝေ၍ နေရပေလိမ့်မည်ဟု ကျွန်ုပ်တို့ယုံကြည်ပေသည်။

| | |
|---|---|
| ဝါရှင်တန် ဒီစီ၊ | အီး၊ ဂျီ၊ ဝှိုက်စာပေများ |
| ၁၉၄၅ ခု၊ ဇန်နဝါရီလ | ထုတ်ဝေသည့်အဖွဲ့ |
| Washington D.C. | The Trustees of the |
| January, 1945 | Ellen G. White Publications |

## ပထမအကြိမ်ထုတ်ဝေသည့်
## “ကိုယ်တွေ့ဗဟုသုတနှင့်အတွေ့အမြင်များ”
## စာစောင်မှရှေးဦးစကား

သမ္မာတရားတော်နှင့် ကျမ်းစာသန့်ရှင်းမြင့်မြတ်ပုံကိုရိုးဖြောင့်စွာ လေ့လာနေသူအများစုသည် ရုပ်ပါရုံမြင်ရကြောင်းများနှင့်စပ်လျဉ်း၍ မကျေမနပ်နေကြသည်ကို ကျွန်တော်များအမှန်ပင်သိပါသည်။ ယင်းသို့မကျေမနပ်ဖြစ်ရခြင်းအတွက် အကြောင်းရင်းနှစ်ချက်ရှိပါသည်။ ပထမအချက်မှာ– နေရာအနှံ့အပြားမှာလိုပင် အယူသီးခြင်းနှင့်ရုပ်ပါရုံ အတုများဒွန်တွဲခေတ်စားနေသောကြောင့်ဖြစ်ပါသည်။ ယင်းကြောင့် ရုပ်ပါရုံဆိုပါက ရိုးဖြောင့်သောသူများက သံသယဖြစ်ကြပါသည်။ ဒုတိယအချက်မှာ– စိတ်ညှို့ပညာ ရေပန်းသားနေခြင်းကြောင့်ဖြစ်ပါသည်။ အချို့သောဒေသများတွင် ယေဘုယျအားဖြင့် “လျှို့ဝှက်သောတံခါး ခေါက်သံ” ဟူသောအမည်ဖြင့် တိတိကျကျတွက်ကိန်းချ၍ လှည့်ဖြား ထားကြပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်ပြုပြင်လှုပ်ရှားမှုနှင့် ဝိညာဉ် တော်ဆုကျေးဇူးများကို မယုံမကြည်ဖြစ်ကြစေရန်ကိုလည်းဖန်တီးနေ ကြပါသည်။

သို့သော် ဘုရားသခင်သည် ပြောင်းလဲခြင်းမရှိပါ။ မောရှေပြုခဲ့ သောနိမိတ်လက္ခဏာများနှင့် အလားသဏ[2]ာန်တူသည့် နိမိတ်လက္ခဏာ များကို စာတန်၏တန်ခိုးဖြင့် ယန္နေနှင့်ယံဗြေတို့ပြုလုပ်ခွင့်ရခဲ့ကြသော် လည်း ဖါရောဘုရင်၏ရှေ့တွင် မောရှေပြုခဲ့သော၏နိမိတ်လက္ခဏာများ ကသာလျှင် စုံလင်၍ ဘုရားသခင်၏တန်ခိုးတော်အမှန်ဖြစ်ပါသည်။ တမန်တော်များခေတ်က ယင်းနိမိတ်လက္ခဏာအတုများ ခေတ်စားခဲ့ သော်လည်း ခရစ်တော်၏တရားလမ်းစဉ်တော်အတိုင်း လိုက်လျှောက်

## ရှေးဦးစကား

သောသားသမီးများအတွက် ဝိညာဉ်၏ဆုကျေးဇူးထင်ရှားပေါ်ထွန်းခဲ့ပါသည်။ ယနေ့ကာလတွင်လည်း လိမ်ညာမှုများအကန့်အသတ်မရှိပေါများနေသော်လည်း ဘုရားသခင်၏လူများအား ဝိညာဉ်တော်ဆုကျေးဇူးများကိုမပေးဘဲ၊ မထင်ရှားစေဘဲ လျစ်လျူရှုထားရန်ကြံရွယ်တော်မူသည်မဟုတ်ပါ။

အတုတစ်ခုပြုလုပ်သည်ဆိုရာ၌ လက်ရှိတည်မြဲနေသည့် အစစ်အမှန်တစ်ခုရှိ၍သာ ဖြစ်ရပါမည်။ ထိုကြောင့် ယခုခေတ်စားနေသည့် ဝိညာဉ်အတုအယောင်ဆောင်များရှိနေခြင်းအားဖြင့် ဘုရားသခင်သည် မိမိ၏သားသီးများအား သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးဖြင့် မိမိကိုယ်ကိုထင်ရှားပြသတော်မူကြောင်း၊ မိမိစကားတော်ကိုလည်း ဘုန်းတန်ခိုးကြီးစွာဖြင့် အတည်ပြုရန် အချိန်နီးပြီဖြစ်ကြောင်း သာဓကထင်ရှားနေပါသည်။

"နောင်ကာလ၌ လူမျိုးတကာတို့အပေါ်သို့ ငါ၏ဝိညာဉ်တော်ကို ငါသွန်းလောင်းမည်။ သင်တို့၏သားသမီးတို့သည် ပရောဖက်ဉာဏ်နှင့် ဟောပြောရကြလိမ့်မည်။ အသက်ငယ်သောသူတို့သည် ဗျာဒိတ်ရူပါရုံတို့ကိုမြင်ရကြလိမ့်မည်။ အသက်ကြီးသောသူတို့သည်လည်း နိမိတ်အိပ်မက်တို့ကို မြင်မက်ရကြလိမ့်မည်။" တ၊ ၂း၁၇ (ယောလ၊ ၂း၂၈ ကိုလည်းကြည့်ပါ။)

စိတ်ညှို့အတတ်နှင့်ပတ်သက်၍မှုကား အန္တရယ်ကြီးလှပါသည်ဟု ကျွန်တော်များအမြဲတစေသဘောပိုက်ထားပါသည်။ ထိုကြောင့် ယင်းကိစ္စနှင့်မဆက်ဆံမပတ်သက်ဘဲနေပါသည်။ စိတ်ညှို့ခြင်းကိုခံရသဖြင့် အိပ်ပျော်နေသူကိုပင် မမြင်စဖူးပါ။ လက်တွေ့အားဖြင့် ယင်းအတတ်ပညာအကြောင်းကို လုံးဝမသိပါ။

# ရှေးဦးစကား

သန့်ရှင်းသူများ၏စိတ်ချမ်းသာကြစေရန် ရည်သန်လျက် ဤစာစောင်ငယ်ကို ထုတ်ဝေလိုက်ပါသည်။

စာရာတိုးဂါး၊ စပရိန်း
နယူးယောက်
၁၈၅၁ ခု၊ ဩဂုတ်လ။

ဂျိမ်းစ်၊ ဝှိုက်
James White

---

Saratoga Springs, N. Y.
August, 1851.

မာတိကာစဉ်


ကိုယ်တွေ့ဗဟုသုတနှင့်အတွေ့အမြင်များ------------- ၂
ကျွန်မ၏ပထမရူပါရုံ ------------------------- ၇
ဆက်လက်တွေ့မြင်ရသောရူပါရုံများ --------------- ၄၁
တံဆိပ်ခတ်ခြင်း ---------------------------- ၄၉
မိမိလူတို့အပေါ်ဘုရားသခင်၏မေတ္တာတော် ---------- ၅၄
ကောင်းကင်တန်ခိုးများတုန်လှုပ်ခြင်း --------------- ၅၈
ပိတ်ထားသောတံခါးနှင့်ဖွင့်ထားသောတံခါး ---------- ၆၀
ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုစစ်ဆေးခြင်း ------------ ၆၈
သိုးစုငယ်သို့ ------------------------------- ၇၃
နောက်ဆုံးဘေးဒဏ်များနှင့်တရားစီရင်ခြင်း----------- ၈၁
ရက်ပေါင်း ၂၃၀၀ ကုန်ဆုံးချိန် ------------------ ၈၆
ဆင်းရဲဒုက္ခကပ်ကာလဆိုင်ရာတာဝန် --------------- ၈၉
လျှို့ဝှက်သောတံခါးခေါက်သံ -------------------- ၉၅
သံတမန်များ ------------------------------ ၉၉
သားရဲ၏တံဆိပ် ---------------------------- ၁၀၅
မျက်မမြင်အချင်းချင်းလမ်းပြနေကြပုံ -------------- ၁၁၃
နောက်ဆုံးချိန်အတွက်ပြင်ဆင်ခြင်း --------------- ၁၁၅
ဆုတောင်းပတ္ထနာပြုခြင်းနှင့်ယုံကြည်ခြင်း ------------ ၁၂၁
စုသိမ်းရာအချိန်ကာလ ----------------------- ၁၂၅
အီး၊ ဂျီ၊ ဝှိုက်၏အိပ်မက် ---------------------- ၁၃၃
ဝီလျံမေးလား၏အိပ်မက် ---------------------- ၁၄၀

## မာတိကာစဉ်

### နောက်ဆက်တွဲ

ရှင်းလင်းချက် ---------------------------------- ၁၄၆
ဇဝ်ဂေလိစည်းမျဉ်း ---------------------------------- ၁၆၉
အသင်းတော်၏ပြဿနာများ ---------------------------- ၁၈၄
အသင်းတော်၏ မြော်လင့်ချက်---------------------------- ၁၉၀
ခရစ်တော်ကြွလာတော်မူရန်အတွက်ပြင်ဆင်ခြင်း -------------- ၁၉၇
ပရိသတ်အစည်းအဝေးတွင်သစ္စာရှိခြင်း --------------------- ၂၀၄
အသိတရားမပြည့်ဝသေးသူများသို့ ------------------------ ၂၁၂
ကိုယ်ကျိုးစွန့်အနစ်နာခံခြင်း ----------------------------- ၂၁၈
မရှိသေမှု ---------------------------------------- ၂၂၀
သိုးထိန်းအတုများ ------------------------------------ ၂၂၁
လူသားအတွက်ဘုရားသခင်၏ကရုဏာလက်ဆောင် ------------- ၂၂၆

### ဝိညာဉ်ဆုကျေးဇူးများ

နိဒါန်း ------------------------------------------ ၂၃၂
စာတန်ကျဆုံးခြင်း ------------------------------------ ၂၅၄
လူသားကျဆုံးခြင်း ------------------------------------ ၂၅၈
ကယ်တင်ခြင်းစီမံကိန်း --------------------------------- ၂၆၂
ခရစ်တော်ပထမအကြိမ်ကြွလာတော်မူခြင်း -------------------- ၂၇၀
ခရစ်တော်၏အမှုတော် ---------------------------------- ၂၈၀
ထူးခြင်းသောအဆင်းအရောင် ------------------------------ ၂၈၆
ခရစ်တော်အားအပ်နှံခြင်း -------------------------------- ၂၉၂

## မာတိကာစဉ်


ခရစ်တော်အားတရားစီရင်ခြင်း ---------------------------- ၃၀၀
ခရစ်တော်အားလက်ဝါးပက်တိုင်ပေါ်ရိုက်ထားခြင်း --------------- ၃၁၂
ခရစ်တော်ထမြောက်တော်မူခြင်း ---------------------------- ၃၂၄
ကောင်းကင်ဘုံသို့တက်ကြွတော်မူခြင်း ------------------------- ၃၄၁
ခရစ်တော်၏တပည့်တော်များ ------------------------------ ၃၄၄
သတေဖန်ကွပ်မျက်ခံရခြင်း ---------------------------------- ၃၅၄
ရှောလုပြောင်းလဲခြင်း ---------------------------------- ၃၅၉
ပေါလုအားကွပ်မျက်ရန်ယုဒလူတို့ဆုံးဖြတ်ခြင်း ------------------ ၃၆၃
ပေါလု၏ယေရုရှလင်မြို့ခရီးစဉ် ------------------------------ ၃၇၀
အယူဖေါက်ပြန်မှုကြီး ----------------------------------- ၃၇၇
ဒုစရိုက်၏လျှို့ဝှက်ချက် --------------------------------- ၃၈၄
သေခြင်းသည်ထာဝရငရဲခံရခြင်းမဟုတ် ---------------------- ၃၉၂
ဘာသာရေးပြောင်းလဲခြင်း --------------------------------- ၄၀၀
အသင်းတော်နှင့်လောကပူပေါင်းခြင်း ------------------------- ၄၀၇
ဝေလျံမေးလား ------------------------------------- ၄၁၂
ပထမကောင်းကင်တမန်၏သတင်းစကား ----------------------- ၄၁၉
ဒုတိယကောင်းကင်တမန်၏သတင်းစကား ---------------------- ၄၂၉
မြော်လင်းခြင်းဆိုင်ရာလှုပ်ရှားမှုကိုသရုပ်ဖေါ်ထားခြင်း ------------- ၄၃၄
တစ်မျိုးတစ်ဖုံသရုပ်ဖေါ်ထားပြန်ခြင်း ------------------------- ၄၄၄
သန့်ရှင်းရာဌာနတော် ----------------------------------- ၄၅၄

## မာတိကာစဉ်


တတိယကောင်းကင်တမန်၏သတင်းစကား -------------- ၄၆၁
တောင့်တင်းခိုင်မာသောစင်မြင့် ---------------------- ၄၇၀
နတ်မိစ္ဆာအယူဝါဒ -------------------------- ၄၇၇
ဝိသမလောဘ ------------------------------ ၄၈၆
တုန်လှုပ်ခြင်း ------------------------------ ၄၉၂
ဗာဗုလုန်မြို့ကြီး၏ဒုစရိုက်များ ---------------------- ၄၉၉
ကျယ်သောဟစ်ကြော်သံ ------------------------ ၅၀၆
တတိယသတင်းစကားကိုလက်စသတ်ခြင်း --------------- ၅၁၁
ဆင်းရဲဒုက္ခကပ်ကာလ ------------------------- ၅၁၇
သန့်ရှင်းသူများလွတ်မြောက်ခြင်း --------------------- ၅၂၂
သန့်ရှင်းသူများအတွက်ဆုမင်္ဂလာ --------------------- ၅၂၈
လူခြေတိတ်သောကမ္ဘာ -------------------------- ၅၃၁
ဒုတိယထမြောက်ခြင်း --------------------------- ၅၃၅
ဒုတိယသေခြင်း ------------------------------ ၅၄၀

# အီး၊ ဂျီ၊ ဝှိုက်
# ၏
# ခရစ်ယာန်ဗဟုသုတနှင့်
# အတွေ့အမြင်များ

# ကိုယ်တွေ့ဗဟုသုတနှင့်အတွေ့အမြင်များ

မာန်မာနနရှိဘဲ စိတ်နှလုံးနှိမ့်ချလျက် ယုံကြည်ကိုးစားသော ဘုရားသခင်၏သားသမီးများ အင်အားပြည့်ဖြိုး၍ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြစေရန် ရည်သန်လျက် ရင်းနှီးသောမိတ်ဆွေတို့၏ တောင်းဆိုချက်နှင့်အညီ ကျွန်မ၏ကိုယ်တွေ့ဗဟုသုတနှင့်အတွေ့အမြင်များကို အကျဉ်းချုံး၍ဖေါ်ပြရန်သဘောတူခဲ့ပါသည်။

အသက်တစ်ဆယ့်တစ်နှစ်တွင် ကျွန်မစိတ်နှလုံးပြောင်းလဲခဲ့ပါသည်။ အသက်တစ်ဆယ့်နှစ်နှစ်တွင် နှစ်ခြင်းမင်္ဂလာခံယူ၍မက်သဒစ်အသင်းတော်သို့ဝင်ရောက်ခဲ့ပါသည်[*]။ အသက်တစ်ဆယ့်သုံးနှစ်တွင် ပေါ့တလံ၊ မိန်း တွင် ဒုတိယအကြိမ်ဝီလျံမေးလား ၏ဒေသနာအစီအစဉ်များကိုနာကြားခဲ့ပါသည်။ ဤတွင်မှကျွန်မသည် သန့်ရှင်းခြင်းမရှိသေးကြောင်း၊ သခင်ယေရှုနှင့်တွေ့ဆုံရန် အသင့်အရှိသေးကြောင်းတွေ့သိခံစားရပါသည်။ ထို့ကြောင့်ကျွန်မသည် ကောင်းကင်ဘုံနှင့်ထိုက်တန်ရန် ကိုယ်တိုင်ဆောင်ရွက်ရမည့်အမှုကြီးတစ်ရပ်ရှိနေသေးကြောင်း သိရှိရသဖြင့် အသင်းသားများနှင့်အပြစ်သားများအားရှေ့သို့တက်၍ ဆုတောင်းကြရန်ခေါ်ဖိတ်သောအခါ ပထမဦးဆုံးသောအခွင့်အရေးကိုအရယူလိုက်ပါသည်။ ပြည့်စုံကုံလုံ၍ အခမဲ့ပေးနေသောကယ်တင်ခြင်းကို ကျွန်မ၏စိတ်ဝိညာဉ်အတွင်းမှမှတ်သိပ်လျက်ရှိသော်လည်း မည်သို့မည်ပုံယူရမည်ကိုမသိပါ။

၁၈၄၄ ခုနှစ်အတွင်း ပေါ့တလံ၊ မိန်းတွင်ကျင်းပခဲ့သည့်ကြွလာတော်မူခြင်းဆိုင်ရာဒုတိယအကြိမ်အစည်းအဝေးများကို ကျွန်မဆက်တိုက်တက်ရောက်ခဲ့ပါသည်။ ကိုယ်တော်ကြွလာတော်မူမည့်အကြောင်း အပြည့်အဝယုံကြည်ခဲ့ပါသည်။ ကျွန်မသည်ဘုရားသခင်၏အလိုတော်ကို

[*] အီး၊ ဂျီ၊ ဗိုက်သ်သည ၁၈၂၇ ခု၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ဂေါ်ဟင်၊ မန်း (Gorhan, Maine) တွင်ဖွားမြင်ခဲ့ပါသည်။
[†] Portland, Maine;
[‡] William Miller.

လုံးဝဥသုံလိုက်နာ၍ ကယ်တင်ခြင်းကိုအပြည့်အဝရရှိရန်ဆာလောင်မွတ်သိပ်လာပါသည်။ လောကီကြွယ်ဝခြင်းရှိသမျှပေး၍ ဝယ်သော်လည်း မရမယူနိုင်သည့်အတိုင်းမသိအဖိုးထိုက်တန်သော ဤရတနာကိုရယူရန် ကျွန်မသည် နေ့ရောညပါအားတက်သရောဆောင်ရွက်နေခဲ့ပါသည်။ ဤကောင်းချီးမင်္ဂလာကိုရရန် ကျွန်မသည် ဘုရားသခင်၏ရှေ့တော်၌ဒူးထောက်ဦးညွှတ်လျက်ဆုတောင်းပတ္ထနာပြုနေစဉ် လူအများနှင့်ဆိုင်သောဆုတောင်းစည်းဝေးသို့သွား၍ ပတ္ထနာပြုရန်တာဝန်ရှိသည်ဟုကျွန်မရှေ့တွင်ပေါ်လာပါသည်။ လူအများစုဝေးရာအစည်းအဝေးအလယ်တွင် အသံထွက်အောင်ဆုတောင်းခြင်းမပြုဖူးသည့်အတွက်မှားယွင်းရှုပ်ထွေးမည်ကိုစိုးရိမ်းသောကြောင့် ကျွန်မအားပေးအပ်သည့်တာဝန်မှနောက်ဆုတ်ခဲ့ပါသည်။ ကျွန်မသည်တိတ်ဆိတ်စွာဆုတောင်းပတ္ထနာပြုတိုင်း ယင်းတာဝန်မကျေပွန်မှုပေါ်လာသည်မှာ ကျွန်မဆုတောင်းပတ္ထနာ မပြုနိုင်တော့သည့်အခြေအနေသို့ပင်ဆိုက်ရောက်သဖြင့်စိတ်မကြည်မသာဖြစ်၍ မျှော်လင့်ရာကင်းခဲ့ပါသည်။

ထို့ကြောင့်အလင်းရောင်စိုးစဉ်းမျှမထိုးဖေါက်နိုင်သည့် အမှောင်ထုသည် ကျွန်မ၏ပင်ကြာညောင်းခဲ့ပါသည်။ ထိုနောက် အလွန်မှေးမှိန်သည့်အလင်းရောင်ကလေးနှင့် မျှော်လင့်ခြင်းအနည်းငယ်မျှကိုပေးသည့်အိပ်မက်ကိုနှစ်ကြိမ်တိုင်အောင်မြင်မက်ခဲ့ကါသည်။ ထိုနောက် ကျွန်မလေးစားသောချစ်မိခင်ကြီးအား အကြောင်းစုံကိုပြောပြလိုက်ပါသည်။ မိခင်ကြီးက ကျွန်မသည်ဆုံးရှုံးသူမဟုတ်ကြောင်း၊ ထိုစဉ်ကပေါ့တလံမြို့တွင် ကြွလာတော်မူခြင်းကိုမြော်လင့်နေသူများအား တရားဒေသနာဟောပြောဝေငှနေသည့် ဓမ္မဆရာကြီးစတော့ကမင်[*] အား သွားရောက်

[*] Brother Stockman

တွေ့ဆိုသင့်ကြောင်း အကြံပေးပါသည်။ ထိုဆရာကြီးသည် ခရစ်တော်ချစ်မြန်နိုးတော်မူခြင်းကိုခံရ၍ ကိုယ်တော်၏သစ္စာကိုစောင့်သိရှိသေသောသူဖြစ်သည်အားလော်စွာ သူ့အားကျွန်မအထူးပင်ယုံကြည်အားကိုးမိပါသည်။ ဆရာကြီး၏အကြံပေးစကားများသည် ကျွန်မ၏စိတ်နှလုံးကိုပြုပြင်ပေးသည့်အတွက် မြော်မြင်ရာလမ်းစပေါ်လာပါသည်။ ကျွန်မသည်အိမ်သို့ပြန်လာ၍ ဘုရားသခင်ထံဝင်ရောက်ပြီးလျှင် အကယ်၍ ကျွန်မသည် သခင်ယေရှု၏ထံမှကျေးဇူးတော်ခံစားရမည်ဆိုပါကမည့်သည့်ဒုက္ခဆင်းရဲမျိုကိုပင်ဖြစ်စေကာမူရင်ဆိုင်ပါမည်ဟုကတိပြုလိုက်ပါသည်။ ထိုအခါယခင်ကပေးခဲ့သည့်တာဝန်ပင်ပြန်၍ပေါ်လာပါသည်။ ထိုနေ့ညနေတွင် ကျင်းပသည့်ဆုတောင်းစည်းဝေးသသို့ ကျွန်မတက်ရောက်၍ တုန်တုန်ယင်ယင်နှင့်ပင် အခြားသောသူများနှင့်အတူ ဒူးထောက်ဦးညွှတ်လျက်ဆုတောင်းနေစဉ်တွင် အခြားသူနှစ်ဦးသုံးဦးတို့ဆုတောင်းပြီးကြသောအခါ သတိမထားမိဘဲ ကျွန်မသည်နှုတ်ကိုဖွင့်၍ဆုတောင်းနေမိပါသည်။ ထိုအခါတောင်းခံရုံမျှနှင့်ပင် လက်ခံရရှိမည့်ဘုရားသခင်၏ကတိတော်များသည် အဖိုးတန်ပုလဲရတနာများပမာအမြောက်အမြားပေါ်လာသည်ကိုကျွန်မမြင်နေရပါသည်။ အချိန်ကြာမြင့်စွာကျွန်မခံစားနေရသော စိတ်ဒုက္ခဝန်ထုပ်ကြီးသည် ယင်းသို့ဆုတောင်းမတ္တနာပြုနေစဉ်ပင် ကွယ်ပျောက်သွားပါသည်။ ပြီးလျှင်ဘုရားသခင်၏ကောင်းချီးမင်္ဂလာသည် ဖြည်းညင်းသောနှင်းပေါက်များပမာ ကျွန်မအပေါ်သို့သက်ရောက်လာပါသည်။ ယင်းသို့ခံစားရသည့်အတွက် ဘုရားသခင်၏ဘုန်းတော်ကိုချီးမွမ်းရပါသည်။ ပို၍ပင်ခံစားလိုစိတ်များလည်းပေါ်လားပါသည်။ ဘုရားသခင်၏ပြည့်စုံတော်မူခြင်းရှိသမျှကို အပြည့်အဝခံစားရပြီးမှကျေနပ်နှစ်သိမ့်မှုရရှိခဲ့ပါသည်။ ကျွန်မသည်သခင်ယေရှုအားမည်မျှလောက်

ကြည်ညိုမြတ်နိုးသည်ကို နှုတ်မမြွက်နိုင်လောက်အောင်ပင်ဖြစ်ပါသည်။ ကျွန်မ၏ကိုယ်ပေါ်သို့ဘုန်းတော်တစ်သုတ်ပြီးတစ်သုတ် သက်ရောက်လာသည်မှာလည်း ကျွန်မ၏ခန္ဓာကိုယ်တောင့်မာသည့်အခြေအနေသို့ပင် ဆိုက်ရောက်သွားပါသည်။ သခင်ယေရှုနှင့်ဘုန်းတော်မှအပအခြားမည်သည့် အရာကိုမျှကျွန်မမသိတော့ပါ။ ကျွန်မ၏ဝန်းကျင်အခြေအနေကိုလည်း လုံးဝမသိတော့ပါ။

ကျွန်မ၏စိတ်အာရုံနှင့်ခန္ဓာကိုယ်သည် ယင်းအခြေအနေတွင် အချိန်ကြာမြင့်စွာတည်နေခဲ့ရာမှ သတိရပြန်သောအခါ ဝန်းကျင်ရှိ အရာခပ်သိမ်းတို့မှာ ပြောင်းလဲသကဲ့သို့ဖြစ်နေပါသည်။ အလုံးစုံတို့သည် ရွှင်ပြစွာဖြင့် ဘုရားသခင်အားချီးမွမ်းထောမနာပြုနေကြဘိသကဲ့သို့ ဘုန်းတော်နှင့်ပြည့်ဝလျက်သစ်သစ်လွင်လွင်ဖြစ်နေကြပါသည်။ ထိုအခါ နေရာတိုင်းတွင် သခင်ယေရှုအတွက်သက်သေခံရန် ကျွန်မအလိုရှိလာပါ သည်။ ကျွန်မ၏စိတ်အာရုံကိုလည်းခြောက်လပတ်လုံး မှောင်မိုက်ဖုံး လွှမ်းခြင်းမရှိတော့ပါ။ ကျွန်မ၏စိန်ဝိညာဉ်သည်လည်း နေ့ရက်အစဉ် အတိုင်းကယ်တင်ခြင်းစမ်းရေကိုကြွယ်ဝစွာသောက်သုံးနေရပါသည်။ သခင်ယေရှုကိုချစ်မြတ်နိုးသောသူတိုင်း ကိုယ်တော်ကြွလာတော်မူမည်ကို မြတ်နိုးလိုလားကြမည်ဟုယုံကြည်သည့်အတွက် အုပ်စုအစည့်အဝေးသို့ သွား၍သခင်ယေရှုသည် ကျွန်မအားမည်သို့ပြုပြင်ပြောင်းလဲပေးကြောင်း၊ ကိုယ်တော်ကြွလာတော်မူမည်ကို ကျွန်မယုံကြည်သောကြောင့် သခင်ယေရှု ၏ပြည့်စုံတော်မူခြင်းကို ကျွန်မ မည်သို့ခံစားရကြောင်းပြောပြပါသည်။ အုပ်စုခေါင်းဆောင်က "မက်သဒစ်အယူဝါဒကြောင့်မဟုတ်လော" ဟုဝင်၍ထောက်ပြပါသည်။ သို့သော်ခရစ်တော်၏ဘုန်းတော်ကြောင့် ဖြစ်သည်ကို မက်သဒစ်အယူဝါဒကြောင့်ဖြစ်သည်ဟု ကျွန်မဝန်မခံနိုင် ပါ။ ကိုယ်တော်မကြာမြင့်မီ ကြွလာတော်မူမည်ကိုမြော်လင့်သည့်အတွက်

ကျွန်မလွတ်မြောက်ခြင်းရသည်ကို မက်သဒစ်အယူအဝါဒအတွက်ကြောင့် ဖြစ်သည်ဟုသ်ကသေမခံနိုင်ပါ။

ကျွန်မ၏ဖခင်နှင့်ဆိုင်စောမိသားစုဝင်အများစုသည် ကြွလာတော်မူမည်ကိုအပြည့်အဝယုံကြည်သူများဖြစ်ကြ၍ ယင်းဘုန်းတော်နှင့်ပြည့်ဝသည့်အယူဝါဒကိုသက်သေခံကြသည့်အတွက် တစ်ကြိမ်က ကျွန်မတို့ခုနစ်ယောက်သည် မက်သဒစ်အသင်းတော်မှထုတ်ပယ်ခြင်းကိုခံခဲ့ရကြပါသည်။ "သင်တို့ကိုမုန်း၍ ငါ၏နာမကြောင့်နှင့်ထုတ်သောညီအစ်ကိုတို့က၊ ငါတို့သည်သင်တို့၏ဝမ်းမြောက်ခြင်းကိုမြင်ရမည်အကြောင်း၊ ထာဝရဘုရားသည်ဘုန်းပွင့်စေတော်မူသတည်းဟုပြောတတ်သော်လည်း ရှက်ကြောက်ကြလိမ့်မည်" ဟု ဟေရှာယ ၆၆း၅ တွင် မှန်တမ်းတင်ထားသောပုရောဖက်အနာဂတ္တိစကားများသည် ထိုအချိန်တွင် ကျွန်မတို့အတွက်ထူးကဲစွာတန်ဖိုးရှိလှပါသည်။

ထိုအချိန်မှစ၍ ၁၈၄၄ ခု၊ ဒီဇင်ဘာလအထိ ကျွန်မအတွက် ဝမ်းမြောက်စရာများစစ်ဆေးစမ်းသပ်ခြင်းဆိုင်ရာ ဆင်းရဲဒုက္ခများနှင့် စိတ်ပျက်အားလျော့ရခြင်းများမှာ ကြွလာတော်မူခြင်းကိုအတူတကွ မြော်လင့်စောင့်ဆိုင်းနေကြသည့် ကျွန်မတို့၏ချစ်မိတ်ဆွေများနှင့်အတူတူပင်ဖြစ်ပါသည်။ ထိုစဉ်က ကျွန်မတို့ကဲ့သို့ကြွလာတော်မူခြင်းကို မြော်လင့်သူချင်းဖြစ်သော ညီအစ်မတစ်ဦးထံသို့သွားရောက်လည်ပတ်ခဲ့ရာ နံနက်စောစောမိသားစုဆုတောင်းပတ္ထနာပြုချိန်တွင် ဒူးထောက်ဦးညွတ်လျက်ဆုတောင်းပတ္ထနာပြုကြပါသည်။ ကျွန်မတို့အမျိုးသမီးငါးဦးသာဆုတောင်းနေကြပါသည်။ စိတ်လှုပ်ရှားစရာအချိန်လည်းမဟုတ်ပါ။ ယင်းသို့ဆုတောင်းပတ္ထနာပြုနေစဉ် မည်သည့်အခါကမျှ မခံစားခဲ့ဖူးရသည့် ဘုရားသခင်၏တန်ခိုးတော်သည် ကျွန်မ၏အပေါ်သို့သက်ရောက်လာပါသည်။ ကျွန်မသည် ဘုရားသခင်၏ဘုန်းတော်နှင့်

ပြည့်ဝသောရူပါရုံတွင် လုံးလုံးလျားလျားစိတ်ဝင်စားနေပါသည်။ ကျွန်မ ကိုယ်တိုင်မှာလည်း မြေကြီးမှတဖြည်းဖြည်းပို၍ပို၍မြင့်တက်သွားသည် ဟုထင်ရပါသည်။ ကြွလာတော်မူခြင်းကိုမြော်လင့်နေသူများသည် သန့်ရှင်းသောမြို့တော်သို့ချီတက်နေကြပုံကိုတွေ့မြင်နေရပါသည်။ ယင်းသို့ရှုမြင်ရပုံကို အောက်တွင်ဆက်လက်ဖော်ပြထားပါသည်။

## ကျွန်မ၏ပထမရူပါရုံ*

ကြွလာတော်မူခြင်းကိုမြော်လင့်နေသူများ သန့်ရှင်းသောမြို့တော်သို့ချီတက်နေကြပုံကိုလည်းကောင်း၊ မင်္ဂလာဆောင်ပွဲတော်မှပြန်လည်ကြွလာတော်မူမည့်အရှင်ကို မြော်လင်းစောင့်ဆိုင်းနေကြသူများအားပေးတော်မူသည့် ကြွယ်ဝစွာသောဆုလာဘ်များကိုလည်းကောင်း ဘုရားသခင်သည်ကျွန်မအားဖော်ပြတော်မူသည့်အတိုင်းတင်ပြရန်မှာကျွန်မ၏တာဝန်တစ်ရပ်ဖြစ်သည်ဟု သဘောပိုက်မိခဲ့ပါသည်။ ချစ်ဖွယ်သောသန့်ရှင်းသူများသည် စစ်ဆေးစမ်းသပ်ခြင်းမျိုးစုံတည်းဟူသောဒုက္ခဆင်းရဲခြင်းများကိုရင်ဆိုင်အောင်မြင်ကျော်လွှန်ခဲ့ကြရပါသည်။ ယခုတွေ့မြင်ရသောအရာတို့သည် ပစ္စုပ္ပန်ဘဝနှင့်သာဆိုင်၍မတွေ့မမြင်ရသောအရာများသည် နောင်ထာဝရကာလနှင့်ဆိုင်သောကြောင့် ကျွန်ုပ်တို့သည် ယခုတွေ့မြင်ရသောအရာများကိုကြည့်နေကြသည်မဟုတ်၊ ယခုဘဝခေတ္တခဏမျှသာခံစားရသည့်အနည်းငယ်မျှသောစိတ်ဒုက္ခကိုယ်ဒုက္ခတို့သည်

* ကြွလာတော်မူခြင်းကိုမြော်လင့်သောသူများ ၁၈၄၄ ခုနှစ်တွင်ကြီးစွာသော စိတ်ပျက်ခြင်းနှင့်ရင်ဆိုင်ရကြပြီးနောက် မကြာမမြင့်မီအတွင်း ဤကဲ့သို့တွေ့မြင်ရပါသည်။ ၎င်းကို ၁၈၄၆ ခုနှစ်တွင် ပထမအကြိမ်ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ထိုအချိန်ကအနာဂတ်အတွက် အချို့သောအကြောင်းအရာများကိုသာတွေ့မြင်ရပါသည်။ နောက်ထပ်တွေ့မြင်ရပုံများမှာ ပိုကိုစုံလင်ပါသည်။

ထာဝရကာလတွင် စံစားရမည့်ဘုန်းစည်းစိမ်အတွက် ထူးကဲစွာအကျိုး ပြုပေလိမ့်မည်။ ကျွန်မသည် ကောင်းကင်ခါနာန်ပြည်မှ စပျစ်သီး အနည်းငယ်နှင့် သတင်းကောင်းတစ်ရပ်ကိုယူဆောင်ခဲ့ဖို့အားထုတ်သည့် အတွက် ယောရှုနှင့်ကာလက်တို့အား ကျောက်ခဲနှင့်ပစ်သတ်စေခြင်းငှာ ပရိသတ်အပေါင်းတို့ကစီရင်ကြသကဲ့သို့လူအများကကျွန်မအား ကျောက်ခဲ နှင့်ပစ်ပေါက်ကြပေလိမ့်မည် (တော၊ ၁၄း၁၀)။ သို့သော် ဘုရားသခင်၌ ညီအစ်ကိုမောင်နှမအပေါင်းတို့၊ ထိုပြည်သည်ကောင်းစွာသောပြည်ဖြစ် သည်သာမက ကျွန်မတို့သည် ထိုပြည်သို့ကောင်းစွာပင်တက်ရောက် ပိုင်ဆိုင်ခွင့်ရှိကြောင်း ကျွန်ကကြေညာအပ်ပါသည်။

ကျွန်မသည်မိသားစုများနှင့်အတူ ဆုတောင်းပတ္ထနာပြုနေစဉ် သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်မ၏အပေါ်သို့သက်ရောက်၍ မှောင်မိုက်ဖုံးလွှမ်းနေသော ဤကမ္ဘာမြေကြီး၏အထက်ကောင်းကင် ဘက်သို့ တဖြည်းဖြည်းမြင့်တက်သွားသည် ဟုထင်ရပါသည်။ ကြွလာ တော်မူခြင်းကို ကမ္ဘာပေါ်မှစောင့်မျှော်နေသူများအား ကျွန်မလှည့်ကြည့် သောအခါ သူတို့အားအတွေ့မမြင်ရတော့ပါ။ ထိုအချိန်တွင် အသံတစ်ခုက "တစ်ဖန်ပြန်၍ကြည့်ဦးလော့၊ အထက်ဘက်သို့အနည်းငယ်မော့၍ ကြည့်လော့" ဟုပြောပါသည်။ ပြောသည့်အတိုင်းအထက်ဘက်သို့ မျှော်ကြည့်လိုက်သောအခါ ကျဉ်းမြောင်းဖြောင့်တန်းသောလမ်းသွယ် တစ်ခုသည် ကမ္ဘာမြေကြီးနှင့်လွတ်၍ အထက်သို့တက်နေသည်ကို တွေ့မြင်ရပါသည်။ ယင်းလမ်းသွယ်၏အပေါ်ဘက်ထိပ်စွန်းတွင်ရှိသော မြို့တော်ကြီးသို့ ကြွလာတော်မူမည်ကိုစောင့်မြော်နေသူများချီတက်နေ ကြပါသည်။ လမ်းသွယ်၏အစတွင် သူတို့၏နောက်မှသူတို့အတွက် အားကောင်းသောမီးရောင်တစ်ခုစိုက်ထူထားပါသည်။ ၎င်းမီးရောင် မှာ သန်းခေါင်ယံကြွေးကြော်သံဖြစ်သည်ဟု ကောင်းကင်တမန်တစ်ပါးက

ကျွန်မအားပြောပါသည်။ ထိုအလင်းရောင်သည် သူတို့ချီတက်နေစဉ် ခြေမချော်လမ်းမလွဲစေရန်အတွက် လမ်းတစ်လျှောက်လုံးကိုထွန်းလင်းစေပါသည်။ သူတို့၏ရှေ့တွင်သူတို့နှင့်အဝေးသောနေရာမှသူတို့အား မြို့တော်သို့လမ်းပြပို့ဆောင်နေတော်မူသော သခင်ယေရှုအားမျက်ခြေအပြတ်စူးစိုက်၍လိုက်လျှောက်နေကြပါက ဘေးအန္တရာယ်မကပ်မရောက်နိုင်ပါ။ သို့သော်အချို့သောသူများသည် မြို့တော်သို့မကြာမမြင့်မီဝင်ရောက်လာမည်ဟုမြော်လင့်ခဲ့ကြသော်လည်း ခရီးပန်းကြသဖြင့် မြို့တော်သို့ရောက်ဖို့ဝေးပါသေးသည်ဟုပြောပါသည်။ ထိုအခါသခင်ယေရှုသည်မိမိ၏ဘုန်းကြီးသောလက်ယာလက်တော်ကိုဆန့်လျက်စောင့်မျှော်နေသူများအပေါ်သို့အလင်းရောင်ပေးပို့တော်မူပါသည်။ ထိုအခါမြော်လင့်သူအပေါင်းတို့က “ဟာလေလုယ” ဟုကြွေးကြော်ကြပါသည်။ အခြားသောသူများကမူ သူတို့၏နောက်မှ ယခုအချိန်အထိလမ်းပြနေသောအလင်းရောင်းသည် ဘုရားသခင်အထံတော်မှမဟုတ်ဟု အလောတကြီးငြင်းပယ်ကြပါသည်။ ထိုအခါသူတို့၏နောက်မလမ်းပြနေသောအလင်းရောင်ကွယ်ပျောက်၍ သူတို့သည်လည်း မှောင်မိုက်အတွင်း ခြေချော်လမ်းလွဲကြသဖြင့် သခင်ယေရှုကိုလည်းကောင်း၊ သူတို့၏ရည်မှန်းချက်မှတ်တိုင်ကိုလည်းကောင်း မတွေ့မမြင်နိုင်ကြတော့ဘဲ မှောင်မိုက်ဖုံးလွှမ်းသည့်မတရားမှုအပြည့်ရှိသော ကမ္ဘာပေါ်သို့ကျသွားကြပါသည်။ ထိုနောက်များမကြာမှ သခင်ယေရှုကြွလာတော်မူမည့်နေ့ရက်နှင့်အချိန်နာရီကိုသမုဒ္ဒရာသံကဲ့သို့ကြီးစွာသောအသံဖြင့် ဘုရားသခင်မိန့်တော်မူသည်ကိုကျွန်မတို့ကြားရပါသည်။ ယင်းအသံတော်ကိုအသက်ရှင်သည့်သန့်ရှင်းသူ ၁၄၄၀၀၀ တို့သာနားလည်ကြသော်လည်း မတရားသောသူများကမူ မိုးချုန်းခြင်း၊ မြေငလျင်လှုပ်ခြင်းဖြစ်သည်ဟု ထင်မှတ်မှားကြပါသည်။ အချိန်နာရီကို ဘုရားသခင်မိန့်တော်မူသောအခါ ကျွန်မတို့အပေါ်သို့

သန့်ရှင်းသောဝိညာဉ်တော်ကိုသွန်းလောင်းတော်မူသဖြင့် သိနာတောင်
ပေါ်မှ မောရှေဆင်းလာစဉ်က သူ၏မျက်နှာသည် ဘုန်းတော်ရောင်
ခြည်ဖြင့်ထွန်းပနေသကဲ့သို့ ကျွန်မတို့မျက်နှာများလည်း အလားတူစွာ
အရောင်တောက်နေကြပါသည်။

တစ်သိန်းလေးသောင်းလေးထောင်သော သန့်ရှင်းသူများသည်
တံဆိပ်ခတ်ခြင်းကိုခံရ၍ တစ်လုံးတစ်ဝတည်းဖြစ်ကြလေသည်။ ဘုရား
သခင်၏နာမတော်ကိုလည်းကောင်း၊ ယေရုရှလင်မြို့သစ်နှင့်သခင်ယေရှု၏
ဘုန်းကြီးသောနာမတော်သစ်ကို အက္ခရာတင်ထားသောကြယ်ကိုလည်း
ကောင်း သူတို့၏နဖူးများပေါ်တွင်ရေးခြယ်ထားပါသည်။ ကျွန်မတို့
သည်ပျော်ရွှင်သန့်ရှင်းသည့်အခြေအနေသို့ရောက်ရှိနေပြီဖြစ်ကြောင်း
မတရားသောသူတို့မြင်ရကြသောအခါ အမျက်ဒေါသထွက်၍ ကျွန်မ
တို့အားဖမ်းဆီးချုပ်နှောင်ပြီးလျှင် အကျဉ်းထောင်သို့ပို့ရန်ကြံသည်ကြ
ပါသည်။ ကျွန်မတို့ကလည်းဘုရားသခင်၏နာမတော်အားဖြင့် မိမိ
တို့၏လက်များကိုဆန့်ကြသောအခါ သူတို့သည်ခိုကိုးရာမဲ့ဖြစ်၍
မြေပေါ်တွင်ပုံလျက်သားလဲကြပါသည်။ ထိုအခါ ကျွန်မတို့သည်
အချင်းချင်းတို့၏ခြေကိုဆေးသည်တိုင်အောင်နိမ့်ချခြင်းရှိကြောင်း
ညီအစ်ကိုအချင်းချင်း သန့်ရှင်းသောနှုတ်ဆက်ခြင်းဖြင့်နှုတ်ဆက်နိုင်
ကြောင်း၊ ထို့ကြောင့်ဘုရားသခင်သည် ကျွန်မတို့အားချစ်တော်မူကြောင်း
စာတန်၏ဘက်တော်သားတို့သိနားလည်ကြသဖြင့် ကျွန်မတို့၏ခြေရင်း
တွင် ပျပ်ဝပ်၍ကိုးကွယ်ကြပါသည်။

မကြာမြင့်မီကျွန်မတို့အားလုံး အရှေ့ဘက်သို့လှည့်၍ကြည့်လိုက်
ကြရာ လူ၏လက်ဝါးတစ်ဝက်ခန့်မျှသာရှိသော မိုးတိမ်ငယ်ကလေး
ပေါ်လာသည်ကိုတွေ့မြင်ရကြပါသည်။ ယင်းမိုးတိမ်ငယ်မှာလူသား၏
အမှတ်လက္ခဏာဖြစ်ကြောင်း ကျွန်မတို့အားလုံးသိကြပါသည်။ ယင်း

မိုးတိမ်ငယ်သည် ပို၍နီးလာသည်နှင့်အမျှ ပို၍တောက်ပလာပါသည်။ ပို၍ပို၍ဘုန်းတန်ခိုးကြီးလာပါသည်။ ပို၍ဖြူဖွေးသောမိုးတိမ်ကြီးဖြစ်လာပါသည်။ ကျွန်မတို့အားလုံးရိုသေလျက်၊ မြတ်နိုးလျက်၊ ကြည်ညိုသဒ္ဒါပွားများလျက်၊ ဆိတ်ငြိမ်လျက်စိုက်ကြည့်နေကြပါသည်။ မိုးတိမ်၏အောက်ခြေသည် မီးလျှံကဲ့သို့ဖြစ်၍ အပေါ်ဘက်တွင်သက်တံဖုံးအုပ်လျက်လူသားတိုင်းနေတော်မူပါသည်။ ထောင်သောင်းမကသောကောင်းကင်တမန်များကဝန်းရံလျက် နှစ်သက်ဖွယ်အကောင်းဆုံးသောသီချင်းကိုသီဆိုနေကြပါသည်။ ကိုယ်တော်၏ဆံတော်မှာဖြူဖွေးလျက် ပခုံးပေါ်တွင်အလိပ်လိုက်ကျနေပါသည်။ ခေါင်းတော်ပေါ်၌လည်း များစွာသောသရဖူကိုဆောင်းထားတော်မူပါသည်။ ကိုယ်တော်၏ခြေတို့သည် မီးလျှံကဲ့သို့ဖြစ်၍ လက်ယာလက်ထဲတွင် ထက်သောတံစဉ်ကိုလည်းကောင်း၊ လက်ဝဲဘက်၌ငွေတံပိုးကိုလည်းကောင်း ကိုင်၍ထိုင်တော်မူပါသည်။ ကိုယ်တော်၏မျက်လုံးများသည် မီးတောက်မီးလျှံကဲ့သို့ဖြစ်၍ မိမိ၏သားသမီးတို့အား အနှံ့အပြားရှာဖွေတော်မူပါသည်။ ထိုအချိန်တွင်မျက်နှာတိုင်းဖြူဖပ်ဖြူရော်ဖြစ်သွားကြပါသည်။ ဘုရားသခင်ငြင်းပယ်တော်မူခြင်းကိုခံရသောသူတို့၏မျက်နှာများမှာမူကား မည်းသွားကြပါသည်။ ထိုအခါ ''အဘယ်သူခံရပ်နိုင်ပါမည်နည်း၊ ကျွန်ုပ်၏ဝတ်ရုံတွင်အစွန်းအထင်းကင်းပါ၏လော''ဟုကျွန်မတို့အားလုံးအော်ဟစ်ကြပါသည်။ ထိုနောက်ကောင်းကင်တမန်များသီဆိုခြင်းကို ရပ်ဆိုင်းလိုက်ကြသောအခါ ကြောက်မက်ဖွယ်ကောင်းအောင် အတန်ကြာငြိမ်သက်သွားပြီးမှ ''သန့်ရှင်းသောလက်နှင့် စင်ကြယ်သောစိတ်နှလုံးရှိသူများခံရပ်နိုင်ကြပေလိမ့်မည်၊ ငါ၏ကျေးဇူးသည် သင်တို့အဖို့လုံလောက်ပေ၏'' ဟုသခင်ယေရှုမိန့်တော်မူ၏။ ထိုအခါကျွန်မတို့၏မျက်နှာများထွန်းတောက်

လားပြီးလျှင် လူတိုင်းဝမ်းမြောက်ဝမ်းသာဖြစ်ကြပါသည်။ ပြီးလျှင် ကောင်းကင်တမန်တို့အသံကိုတစ်ဆင့်မြင့်၍ သီဆိုကြပြန်ရာ မိုးတိမ်သည်လည်းကမ္ဘာမြေကြီးနှင့်ပို၍ပို၍နီးကပ်လာပါသည်။

သခင်ယေရှုသည် မီးလျှံများဝန်းရံလျက်ရှိသောမိုးတိမ်ကိုစီးလျက်ကြွလာတော်မူစဉ် ကိုယ်တော်၏ငွေတံပိုးမှုတ်သံကိုကြားရကြပါသည်။ ကိုယ်တော်သည်အိပ်ပျော်လျက်ရှိသောသန့်ရှင်းသူများ၏သင်္ချိုင်းများကိုကြည့်တော်မူပြီးနောက် ကောင်းကင်သို့မျှော်ကြည့်လျက်လက်တော်ကိုဆန့်ပြီးမှ "ထကြလော့၊ ထကြလော့၊ ထကြလော့၊ မြေ၌အိပ်ပျော်နေသောသူတို့ထကြလော့" ဟုအသံကျယ်စွာဖြင့်မိန့်တော်မူပါသည်။ ထိုအခါကြီးစွာသောမြေငလျင်လှုပ်လေသည်။ မြေသင်္ချိုင်းများလည်းပွင့်၍ စုတေသောသန့်ရှင်းသူတို့သည် မဖေါက်ပြန်မပျက်စီးနိုင်သောကိုယ်ခန္ဓာဖြင့်ထမြောက်ကြလေသည်။ ၁၄၄၀၀၀ သောသန့်ရှင်းသူတို့သည် သေခြင်းတရားကြောင့် သူတို့နှင့်ခွဲခွာနေခဲ့ရသောသူများကို မှတ်မိသတိရကြသဖြင့် "ဟာလေလုယ" ဟုကြွေးကြော်ကြပါသည်။ ယင်းတစ်ချိန်တည်းမှာပင် ကျွန်မတို့သည်လည်း ပြောင်းလဲခြင်းသို့ရောက်၍ အာကာသကောင်းကင်၌ ဘုရားသခင်ထံတော်သို့ရောက်စေခြင်းငှာ ထိုသူတို့နှင့်အတူ မိုးတိမ်ပေါ်သို့ချီဆောင်ခြင်းကိုခံရကြပါသည်။

ကျွန်မတို့အားလုံးအတူတကွ မိုးတိမ်တွင်းသို့ဝင်ရောက်ကြပါသည်။ ကျောက်သလင်းနှင့်တူသောဖန်ရေကန်သို့ ခုနစ်ရက်မြောက်သောနေ့တွင် ရောက်ကြသောအခါ သခင်ယေရှုသည် သရဖူများကိုယူဆောင်ခဲ့ပြီးလျှင် လက်ယာလက်တော်ဖြင့် ကျွန်မတို့အားကိုယ်တော်တိုင်ဆောင်းပေးတော်မူပါသည်။ ၎င်းအပြင် ရွှေစောင်းတော်များနှင့်အောင်မြင်ခြင်းအထိမ်းအမှတ်ဖြစ်သော စွန်ပလွံခက်များကိုလည်းပေးတော်မူပါသည်။ ကျောက်သလင်းနှင့်တူသောဖန်ရေကန်ထက်တွင်

၁၄၄၀၀၀ သော သန့်ရှင်းသောသူတို့သည် လေးထောင့်ကျကျရပ်နေကြပါသည်။ အချို့သောသူတို့၏သရဖူများသည် အခြားသောသူများ၏သရဖူများထက်ပို၍တောက်ပြောင်ပါသည်။ အချို့သရဖူများတွင်ကြယ်များ၍ လေးနေပုံပေါ်သော်လည်း အချို့သရဖူများတွင် ကြယ်အနည်းငယ်သာရှိပါသည်။ သူတို့အားလုံးမိမိတို့၏သရဖူများနှင့်လုံး၀ကျေနပ်မှုရှိကြပါသည်။ သူတို့အားလုံးပခုံးမှခြေဖျားထိရှည်လျားသည့်ကျက်သရေမင်္ဂလာရှိသော၀တ်ရုံဖြူများကို ၀တ်ဆင်ထားကြပါသည်။ ကျွန်မတို့သည် ကောင်းကင်တမန်များ၀န်းရံလျက် ကျောက်သလင်းနှင့်တူသောဖန်ရေကန်ကိုဖြတ်ကျော်ပြီးလျှင် မြို့တော်တံခါးဆီသို့ချီတက်ကြပါသည်။ သခင်ယေရှုသည် မိမိ၏ဘုန်းတန်ခိုးကြီးသောလက်တော်ကိုဆန့်၍ပြောင်လက်သောပတ္တမြားဖြင့် တပ်ဆင်ထားသည့်ပုလဲတံခါးကြီးကိုဆွဲဖွင့်လိုက်ပြီးလျှင် "သင်တို့သည် သင်တို့၏၀တ်ရုံများကိုငါ၏အသွေး၌လျှော်၍ ဖြူစင်သောသူများလည်းဖြစ်ကြ၏။ ငါ၏သမ္မာတရားတော်အတွက် ကြံ့ခိုင်သောသူများလည်းဖြစ်ကြ၏။ ၀င်ကြလော့" ဟု ကျွန်မတို့အားမိန့်တော်မူပါသည်။ ကျွန်မတို့အားလုံးမြို့တော်တွင်းသို့၀င်ရောက်ကြပြီးလျှင် အားလုံးပင်မြို့တွင်း၌ထိုက်ထိုက်တန်တန်နေခွင့်ရှိသည်ဟုသိနားလည်ကြပါသည်။

ထိုနေရာတွင် အသက်ပင်နှင့်ဘုရားသခင်၏ပလ္လင်တော်ကိုလည်း ကျွန်မတို့ဖူးတွေ့ကြရပါသည်။ ပလ္လလင်တော်၏ခြေရင်းမှစင်ကြယ်သန့်ရှင်းသောမြစ်ရေစီးဆင်း၍ မြစ်ကမ်းတစ်ဖက်စီတွင် အသက်ပင်ရှိပါသည်။ မြစ်ကမ်းတစ်ဖက်တွင်ပင်စည်တစ်ခုရှိ၍ အခြားကမ်းတစ်ဖက်တွင် ပင်စည်တစ်ခုရှိရာ ပင်စည်နှစ်ခုလုံးသည် ထုတ်ချင်းခပ်မြင်ရသည့်ရွှေစင်ဖြစ်ပါသည်။ ပထမအပင်နှစ်ပင်ကိုမြင်ရသည်ဟု ကျွန်မထင်မှတ်သဖြင့် ထပ်မံကြည့်ရှုသောအခါ အထက်ပိုင်းတွင်တစ်ပင်တည်းအဖြစ်သို့

ပေါင်းစပ်နေသည်ကိုတွေ့မြင်ရပါသည်။ ထို့ကြောင့်အသက်ပင်သည် အသက်ရေစီးဆင်းရာကမ်းတစ်ဖက်စီတွင်ရှိနေပါသည်။ အသက်ပင်၏ အကိုင်းအခက်များသည် ကျွန်မတို့ရပ်နေကြသည့်ဘက်သို့ကိုင်းညွတ် နေကြပါသည်။ ကျက်သရေမင်္ဂလာရှိသောအသီးများ၏ရောင်အဆင်း မှလည်း ရွှေနှင့်ငွေရောင်စပ်ထားဘိသကဲ့သို့ဖြစ်ပါသည်။

ကျွန်မတို့အားလုံးအသက်ပင်အောက်သို့သွား၍ ထိုင်ကြပြီးလျှင် ဝန်းကျင်၏ဘုန်းကျက်သရေအပေါင်းနှင့်ပြည့်ဝပုံကို လေ့လာကြည့်ရှု ကြသောအခါ ညီအစ်ကိုများဖြစ်သောဓမ္မဆရာကြီး ဖစ်ချ်*နှင့်စတော့ ကမင်† တို့ရောက်လာကြပါသည်။ သူတို့သည်နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားတော်ကိုဟောပြောဝေငှနေကြစဉ် ဘုရားသခင်သည် သူတို့အားကယ်တင်ရန်အတွက် သင်္ချိုင်းဂူအတွင်းတွင် နားနေခွင့်ပြုထား ခြင်းခံရသူများဖြစ်ပါသည်။ သူတို့အိပ်ပျော်နေကြစဉ် ကျွန်မတို့တွေ့ကြုံ ရပုံအကြောင်းကိုမေးကြပါသည်။ ကျွန်မတို့ခံစားခဲ့ရကြသည့်စုံစမ်း စစ်ဆေးခြင်းများထဲမှ အကြီးဆုံးသောဆင်းရဲဒုက္ခများကိုပြန်လည်စဉ်းစား ကြသောအခါ ကျွန်မတို့ပ၏ဝန်းကျင်တွင်တွေ့ မြင်နေရသော ထာဝရ ဘုန်းစည်းစိမ်များ၏ လေးနက်ပုံနှင့်နှိုင်းစာပါက ကျွန်မတို့ခံစားခဲ့ရ ကြသည့်စမ်းသပ်စစ်ဆေးခြင်းများ၊ ဒုက္ခဆင်းရဲခြင်းများသည် မနှိုင်း စာမပြောပလောက်တော့သဖြင့် တင်ပြစရာမရှိတော့သည့်အလျောက် ''ဟာလေလုယ၊ ကောင်းကင်ဘုန်းစည်းစိမ်တို့ခံစားရန်မည်သည့်အရာ ကိုမျှမစွန့်လွှတ်နိုင်စရာအကြောင်းမရှိပါ၊ မည်သည့်ဒုက္ခဆင်းရဲခြင်းကိုမျှ မခံမရပ်နိုင်စရာအကြောင်းမရှိပါ'' ဟု ကျွန်မတို့အားလုံးကြွေးကြော်လိုက် ကြပါသည်။ ပြီးလျှင် ကျွန်မတို့အားလုံးကျက်သရေမင်္ဂလာရှိသောစောင်း တော်များကိုတီးကြရာ ကောင်းကင်တစ်ခွင်လုံးတွင်ပဲ့တင်ထပ်လေသည်။

* Fitch.;
† Stockman

သခင်ယေရှုသည် ကျွန်မတို့၏ရှေ့မှခေါင်းဆောင်တော်မူလျက် မြို့တော်ကြီးမှဤကမ္ဘာမြေကြီးသို့ပြန်၍ဆင်းလာကြရာဤကမ္ဘာမြေကြီးပေါ်ရှိတန်ခိုးအကြီးဆုံးသောတောင်ကြီးသည် သခင်ယေရှုအားပင့်ထားခြင်းငှာမစွမ်းဆောင်နိုင်သောကြောင့် ထက်ခြမ်းကွဲသွားပြီးလျှင် ကြီးမားသောလွင်ပြင်ကြီးဖြစ်လာပါသည်။ ထိုနောက်ကျွန်မတို့ကောင်းကင်သို့မျှော်ကြည့်သောအခါ အုတ်မြစ်တစ်ဆယ့်နှစ်ခုပေါ်တွင်တည်ဆောက်ထားသောလေးထောင့်မြို့တော်ကြီး၊ မြို့ရိုးတစ်ဖက်စီတွင်မြို့တံခါးသုံးပေါက်စီရှိ၍ စုစုပေါင်းမြို့တံခါးတစ်ဆယ့်နှစ်ခုရှိသောမြို့တော်ကြီး၊ တံခါးတစ်ပေါက်စီတွင် ကောင်းကင်တမန်တစ်ပါးစီရပ်လျက်ရှိသောမြို့တော်ကြီးကိုတွေ့မြင်ရကြပါသည်။ ကျွန်မတို့ကလည်း "မြို့တော်ကြီး၊ တန်ခိုးကြီးသောမြို့တော်ကြီးဆင်းလာပြီ၊ ကောင်းကင်ဘုံရှင်ဘုရားသခင်ထံမှဆင်းလာပြီ" ဟုအားလုံးအတူတကွကြွေးကြော်ကြပါသည်။ မြို့တော်ကြီးသည်လည်း ကျွန်မတို့ရပ်နေသောနေရာတွင် အတည်တကျဖြစ်သွားပါသည်။ ထိုနောက်ကျွန်မတို့သည် မြို့တော်၏အပြင်ဘက်ကျက်သရေမင်္ဂလာရှိသောအရာများကိုလှည့်လည်ကြည့်ရှုရာ မင်္ဂလာအရှိဆုံးသောပုလဲရတနာများစီးခြယ်ထားသည့် တိုင်မကြီးလေးလုံးစီဖြင့်တည်ဆောက်ထားသည့် ငွေအဆင်းအရောင်ရှိသောမင်္ဂလာအိမ်တော်များကိုတွေ့ရပါသည်။ သန့်ရှင်းသူများနေရမည့်အိမ်များဖြစ်ပါသည်။ အိမ်တိုင်းတွင် ရွှေဖြင့်ပြုလုပ်ထားသောစင်တစ်ခုစီရှိရာ သန့်ရှင်းသူအများ ထိုအိမ်များသို့ဝင်သွားကြပြီးလျှင် မိမိတို့၏တောက်ပသောသရဖူများကို ယင်းစင်များပေါ်တွင် တင်ထားလိုက်ကြပြီးနောက် မိမိတို့အိမ်ဝန်းကျင်တွင်ရှိသောလယ်ကွင်းများဆီသို့သွားကြပြီးလျှင် မြေကြီးပေါ်တွင် တစ်စုံတစ်ခုပြုလုပ်ကြပါသည်။ ဤကမ္ဘာမြေကြီးပေါ်တွင် ကျွန်မတို့ဆောင်ရွက်ကြသည့်ပုံစံမျိုးမဟုတ်ပါ။ လုံးဝမတူညီပါ။

သူတို့၏ဦးခေါင်းပတ်လည်တွင် ဘုန်းတော်ထွန်းတောက်လျက် ဘုရားသခင်၏ဂုဏ်ကျေးဇူးတော်ကို အဆက်မပြတ်ချီးမွမ်းထောမနာ ပြုနေကြပါသည်။

ထိုနောက်ပန်းအလှမျိုးစုံတို့ဖြင့် ဝေဝေဆာဆာရှိလှသောလယ်ကွင်းတစ်ခုကိုလည်း ကျွန်မမြင်ရပါသည်။ ယင်းပန်းအလှကလေးများကို ကျွန်မဆွတ်ခြွေရင်း "ဘယ်တော့မှမနွမ်းနိုင်တဲ့ပန်းကလေးတွေပါကလား" ဟုရေရွတ်မိပါသည်။ နောက်တစ်ဖန်ကြည့်ရှုပြန်ရာ ရှည်လျားမြင့်မားသောမြက်ခင်းများဖြင့် ကျက်သရေရှိလှသောမြက်ခင်းတစ်ခင်းကိုလည်းတွေ့မြင်ရပါသည်။ အသက်ရှင်သောအစိမ်းရောင်ဖြစ်၍ ရွှေငွေရောင်ပြန်ဟပ်နေပါသည်။ မြက်ခင်းပေါ်တွင်လေလှိုင်းကလေးများဝင့်ကြွားစွာတိုက်ခတ်နေသည်မှာလည်းဘုရင်ကြီးသခင်ယေရှု၏ဘုန်းတော်ကိုချီးကျူးဂုဏ်ပြုနေခြင်းဖြစ်ပါသည်။ ထိုနောက်သားရဲတိရစ္ဆာန်မျိုးစုံနေသောလယ်တောတစ်ခုအတွင်းသို့ရောက်လာကြပြန်ရာ ခြင်္သေ့များ၊ သိုးကလေးများ၊ ကျားသစ်များ၊ ဝံပုလွေများ တလုံးတစည်းတညီတညွတ်တည်းနေကြသည်ကိုတွေ့ရပါသည်။ သူတို့၏အလယ်မှဖြတ်သွားကြသောအခါ ငြိမ်ဝပ်အေးချမ်းစွာကျွန်မတို့၏နောက်မှလိုက်လာကြပါသည်။ ထိုမှတစ်ဆင့် သစ်တောကြီးတစ်ခုအတွင်းသို့ရောက်လာကြသောအခါ ဤကမ္ဘာရှိသစ်တောများကဲ့သို့မှောင်မည်းနေသည်မဟုတ်ဘဲ မင်္ဂလာရှိသောအလင်းရောင်အတွင်း သစ်ကိုင်းသစ်ခက်များ ဟိုယိမ်းဒီယိုင်လှုပ်လွန့်နေကြသည်ကိုတွေ့မြင်ရသောအခါ "ဤတောကြီးဧရာအတွင်းမှာ ကျွန်မတို့နေကြမည်၊ သစ်ပင်များအကြားမှာ လုံခြုံစွာအိပ်စက်နားနေကြမည်" ဟုကျွန်မတို့အားလုံး အော်ဟစ်ပြောဆိုကြပါသည်။ ကျွန်မတို့လည်း ယင်းတောများကိုကျော်လွန်၍ ဇိအုန်တောင်ပေါ်သို့တက်နေကြလေပြီ။

ကျွန်မတို့ခရီးဆက်နေကြစဉ် ထိုနေရာ၏ဘုန်းအသရေတင့်တယ်ပုံကို အံ့သြစွာလှေ့လာနေကြသည့်အခြားသောခရီးသည် တစ်စုနှင့်ဆုံတွေ့ကြပါသည်။ သူတို့၏ဝတ်ရုံအနားများတွင် အနီရောင်ကွပ်လျက်၊ သူတို့၏သရဖူများတောက်ပလျက်၊ သူတို့၏ဝတ်ရုံများဖြူဖွေးလျက်ရှိသည်ကိုသတိထားမိပါသည်။ သူတို့အား ကျွန်မတို့နှုတ်ဆက်နေကြစဉ် သူတို့မည်သူမည်ဝါဖြစ်ကြောင်း သခင်ယေရှုအား ကျွန်မမေးလျှောက်ပါသည်။ ကိုယ်တော်၏နာမတော်ကြောင့် ကွပ်မျက်ခြင်းခံရသူများဖြစ်သည်ဟု ကိုယ်တော်ကအမိန့်ရှိပါသည်။ သူတို့နှင့်အတူမရေမတွက်နိုင်လောက်အောင် များစွာသောကလေးသူငယ်တို့လည်းပါဝင်သည်ကို ကျွန်မသတိထားမိပါသည်။ ဇိအုန်တောင်သို့နီးကပ်လာပြီဖြစ်ရာ တောင်ပေါ်တွင်ဘုန်းအရေရှိသောဗိမာန်တော်တစ်ဆောင်ရှိပါသည်။ ၎င်း၏ဝန်းကျင်တွင် အခြားသောတောင်ခုနစ်လုံးရှိရာ ယင်းတောင်ထိပ်များပေါ်တွင်နှင်းပန်း၊ နှင်းဆီပန်းများပွင့်နေကြပါသည်။ ကလေးသူငယ်တို့သည်လည်း ယင်းတောင်ထိပ်များနှင့်ပျံသန်းလိုသူကပျံသန်း၍ မည်သည့်အခါတွင်မျှ မညှိုးနွမ်းနိုင်သောပန်းကလေးများကိုဆွတ်ခူးနေကြပါသည်။ ဗိမာန်တော်၏ဝန်းကျင်ကိုထင်းရှူး၊ သစ်ဆီ၊ တလည်း၊ သဖန်းမှအစ သစ်ပင်မျိုးစုံနှင့်အလှဆင်ထားပါသည်။ သဖန်းပင်များလည်း ရာသီအလိုက် သဖန်းသီးများဖြင့်ကိုင်းညွှတ်ဝေဆာလျက်ရှိရာ အလုံးစုံတို့သည် ဝန်းကျင်၏ဘုန်းကျက်သရေကိုဆောင်နေပါသည်။ သန့်ရှင်းသော ဗိမာန်တော်အတွင်းသို့ ကျွန်မတို့ဝင်ရောက်ကြမည့်အချိန်တွင် သခင်ယေရှုသည် မိမိ၏ချစ်ဖွယ်သောအသံကိုမြှင့်လျက်၊ "သန့်ရှင်းသူ ၁၄၄၀၀၀ တို့သာဝင်ကြလော့" ဟုမိန့်တော်မူပါသည်။ ထိုအခါကျွန်မတို့က "ဟာလေလုယ" ဟုကြွေးကြော်ကြပါသည်။

ယင်းဗိမာန်တော်သည် အမွန်မြတ်ဆုံးသောပုလဲရတနာများ စီခြယ်ထားသည့်ထုတ်ချင်းခပ်မြင်ရသော ရွှေတိုင်မကြီးခုနစ်လုံးပေါ်တွင်တည်ဆောက်ထားပါသည်။ ကျွန်မရှုမြင်ရသည့် ယင်းမြင်ကွင်းကို နှုတ်ဖြင့်ဖော်ပြ၍မကုန်ဆုံးနိုင်ပါ။ ထိုနေရာတွင်အံ့သြဖွယ်တို့များပြားလှပါသည်။ ကောင်းကင်ခါနာန်စကားကိုသာပြောတတ်မည်ဆိုပါက ပိုမို ကောင်းမွန်သော ထိုကမ္ဘာ၏ဘုန်းကြီးတော်မူပုံကို အနည်းအကျဉ်းမျှ ဖော်ပြနိုင်ပေလိမ့်မည်။ ၁၄၄၀၀၀ သောသန့်ရှင်းသူတို့၏အမည်နာမများကို ရွှေစာလုံးများဖြင့် အက္ခရာတင်ထားသည့် ကျောက်ပြားများကိုလည်းမြင်တွေ့ရပါသည်။ ဗိမာန်တော်၏ဘုန်းတန်ခိုးကြီးပုံ၊ မွန်မြတ်ပုံကိုကြည့်ရှုကြပြီးသောအခါ ကျွန်မတို့အားထားခဲ့ပြီး မြို့တော်သို့ပြန်သွားတော်မူပါသည်။ ထိုနောက်မကြာမြင့်မီ “ငါ၏လူတို့လာကြလော့၊ သင်တို့သည်ကြီးစွာသောဆင်းရဲဒုက္ခမှလွတ်မြောက်ကြပြီ၊ ငါ၏အလိုနှင့်အညီဆောင်ရွက်ပြီးကြပြီ၊ ငါ၏အတွက်ဒုက္ခဆင်းရဲခြင်းကိုခံကြပြီ၊ ငါနှင့်အတူစားသောက်ပွဲသို့ဝင်ကြလော့၊ ငါသည်လည်းခါးစည်းကို ဝတ်ဆင်လျက် သင်တို့အားကျွေးမွေးပြုစုမည်” ဟုချစ်ဖွယ်သောအသံဖြင့် ကိုယ်တော်မိန့်တော်မူသည်ကိုထပ်မံ၍ကြားရပါသည်။ ကျွန်မတို့က “ဟာလေလုယ၊ ဘုန်းကြီးတော်မူပါစေသတည်း” ဟုပြန်၍လျှောက်ထားကြပြီးလျှင် မြို့တော်တွင်းသို့ဝင်ကြပါသည်။ ထိုအခါမိုင်ပေါင်းများစွာရှည်လျားသော်လည်း တစ်ဖက်စွန်းတိုင်အောင်မြင်နေရသည့်ငွေအတိပြီးသောစားပွဲရှည်ကြီးတစ်ခုကိုတွေ့မြင်ရပါသည်။ စားပွဲပေါ်တွင်အသက်ပင်၏အသီးများ၊ မန္နမုန့်၊ ဗာဒံသီး၊ တလည်းသီး၊ စပျစ်သီးမှအစ သီးစုံသစ်သီးဝလံမျိုးစုံကိုတွေ့ရပါသည်။ အသီးများကို စားပါရစေဟု သခင်ယေရှုထံကျွန်မခွင့်ပန်လျှောက်ထားရာ ကိုယ်တော်က

''အချိန်မရောက်သေး၊ ပြည်၏အသီးကိုစားပြီးသောသူတို့သည် ကမ္ဘာမြေကြီးပေါ်သို့မပြန်ရ၊ သို့သော်သင်သည် သစ္စာတည်မြဲလျှင် မကြာမမြင့်မီ အသက်ပင်၏အသီးကိုစား၍ အသက်စမ်းရေကိုသောက်ရ မေလိမ့်မည်'' ဟုမိန့်တော်မူ၏။ ထိုနောက်ကိုယ်တော်က ''သင်သည် ကမ္ဘာမြေကြီးပေါ်သို့ပြန်၍ သင့်အားငါဖော်ပြသမျှကို အခြားသူများ အားပြောပြရမည်'' ဟုဆက်လက်ပြောဆိုမိန့်တော်မူပြီးနောက် ကောင်းကင်တမန်တစ်ပါးသည် ကျွန်မအားဖြည်းညင်းစွာချီပွေ့၍ မှောင်မိုက်ဖုံးလွှမ်းရာ ဤကမ္ဘာမြေပေါ်သို့ခေါ်ဆောင်ခဲ့ပါသည်။ တစ်ခါ တစ်ရံ ကျွန်မသည် ဤကမ္ဘာမြေပေါ်တွင်ဆက်လက်မနေနိုင်တော့ဟုထင် မိပါသည်။ ကမ္ဘာမြေကြီးပေါ်တွင်ရှိသမျှတို့မှာ စိတ်မောဖွယ်ရာများသာ ဖြစ်ပါသည်။ ဤပြည်ထက်သာသောပြည်ကိုတွေ့မြင်ခဲ့ရသည့်အတွ ကျွန်မသည် ဤပြည်တွင်တစ်ကိုယ်တည်းကဲ့သို့ဖြစ်နေပါသည်။ ထိုပြည် သို့သာလွမ်းဆွတ်တသနေမိပါသည်။ အို၊ ကျွန်မသည် ချိုးငှက်ကလေး ပမာအတောင်များရှိမည်ဆိုပါက ထိုပြည်သို့ပျံသန်းပြီးလျှင် ငြိမ်သက်စွာ နားနေရပါလိမ့်မည်။

ကျွန်မသည်ရူပါရုံမြင်ပြီးနောက် ပြန်လည်သတိရလာသောအခါ ခပ်သိမ်းသောအရာတို့သည် ပြောင်းလဲနေသကဲ့သို့ဖြစ်၍ ကျွန်မကြည့် မြင်ရသမျှသောအရာတို့သည် စိတ်ညှိုးငယ်စရာများသာဖြစ်နေပါသည်။ ဤကမ္ဘာလောကကြီးမှာ မှောင်အတိဖုံးလွှမ်းနေပါတော့သည်တကား။ ဤလောကသို့ပြန်လည်ရောက်ရှိနေကြောင်းသိရသောအခါ ကျွန်ငိုမိ ပါသည်။ အိမ်တော်ကိုလည်းလွမ်းဆွတ်တသမိပါသည်။ ပို၍ကောင်း သောကမ္ဘာကိုတွေ့မြင်ခဲ့ရသည့်အတွက် ဤကမ္ဘာပေါ်တွင်နေထိုင်ရသည် ကို ကျွန်မကျေနပ်မှုမရှိတော့ပါ။ ဤသို့တွေ့မြင်ရသည့်အခြင်းအရာ များကို ပေါ့တလံမြို့ရှိ ကျွန်မတို့၏လူစုကလေးအားပြောပြသောအခါ

ဘုရားသခင်ထံမှဖြစ်သည်ဟုအားလုံးက အပြည့်အဝယုံကြည်ကြပါသည်။ ထိုအချိန်ကားတန်ခိုးကြီးသောအချိန်ဖြစ်ပါသည်။ ထာဝရကာလနှင့်စပ်လျဉ်းသည့် လေးနက်သောအကြောင်းအရာမှာ ကျွန်မတို့၏တာဝန်တစ်ရပ်ဖြစ်နေပါသည်။ ထိုနောက်ရက်သတ္တပတ်တစ်ပတ်ခန့်မျှကြာသောအခါ ဘုရားသခင်သည် ကျွန်မအားရူပါရုံတစ်ခုထပ်၍ပေးတော်မူပါသည်။ ထိုရူပါရုံတွင်ကျွန်မရင်ဆိုင်ရမည့်စမ်းသပ်ခြင်းများ၊ ဆင်းရဲဒုက္ခများနှင့် ယင်းအကြောင်းမျးကိုအခြားသူများထံသို့သွားရောက်ပြောပြရမည်။ ထိုအခါအတိုက်အခံပြုသူများနှင့်ရင်ဆိုင်ရမည်။ ပြင်းစွာသောစိတ်ဒုက္ခများကိုလည်း ခံစားရမည်စသည်ဖြင့် ရှုမြင်ရပါသည်။ သို့သော် “ဘုရားသခင်၏ကျေးဇူးတော်သည် သင့်အဖို့လုံလောက်ပေ၏၊ ကိုယ်တော်သည် သင့်ကိုထောက်မတော်မူလိမ့်မည်” ဟု ကောင်းကင်တမန်ကပြောပါသည်။

ယင်းရူပါရုံကိုရှုမြင်ရပြီးနောက်ပိုင်းတွင် ကျွန်မအလွန်တရာစိတ်ဒုက္ခရောက်ခဲ့ပါသည်။ အရွယ်အားဖြင့် အသက်တစ်ဆယ့်ခုနစ်နှစ်သာရှိသေးသည့်အပြင် ကျန်းမာရေးမှာလည်းများစွာချို့တဲ့နေပါသည်။ ကိုယ်ကိုကိုယ်အထင်ကြီးစိတ်နေမြင့်သွားကြသည့်အတွက် လူအများပျက်စီးဆုံးရှုံးခြင်းသို့ရောက်ကြသည်ကိုကျွန်မသိပါသည်။ ထို့ကြောင့် ကျွန်မသည်လည်းအလားတူ ကိုယ်ကိုကိုယ်အထင်ကြီးစိတ်နေမြင့်သွားမည်ဆိုပါက ကျွန်မကိုလည်းဘုရားသခင်စွန့်တော်မူမည်ဖြစ်၍ ဧကန်မုချပျက်စီးဆုံးရှုံးခြင်းသို့ရောက်မည်ကို ကျွန်မသိပါသည်။ ထို့ကြောင့် ယင်းတာဝန်ကိုအခြားသူတစ်ဦးတစ်ယောက်အား ပေးအပ်တော်မူပါရန် ဘုရားသခင်ထံကျွန်မဆုတောင်းပတ္ထနာပြုပါသည်။ ယင်းတာဝန်ကို ကျွန်မထမ်းဆောင်နိုင်ပုံအရသောကြောင့် အချိန်ကြာမြင့်စွာဦးညွတ်

ဆုတောင်းခဲ့ရာ "ငါဖော်ပြသမျှကိုသူတစ်ပါးတို့အားကြားပြေလော့" ဟု ဆိုသည့်အလင်းတရားကိုသာရရှိနေပါသည်။

နောက်တစ်ကြိမ်မြင်ရသောရုပ်ပါရုံတွင် ကိုယ်တော်ဖော်ပြ တော်မူသမျှကို သူတစ်ပါးအားပြန်၍ပြောပြရမည်ဆိုပါက ကျွန်မသည် ကိုယ်ကိုကိုယ်အထင်ကြီး၍ စိတ်နေမြင့်သွားခြင်းမှ ကာကွယ်စောင့် ရှောက်ပေးတော်မူပါရန် စိတ်အားထက်သန်စွာတောင်းလျှောက်ပါသည်။ ထိုသို့တောင်းလျှောက်သည့်ပတ္ထနာအတွက် ယင်းရုပ်ပါရုံအတွင်းမှာပင် အဖြေပေးတော်မူပါသည်။ အကယ်၍ကျွန်မသည် စိတ်နေမြင့်သွားမည် ဆိုပါက ကိုယ်တော်သည်လက်တော်ကို ကျွန်မ၏အပေါ်သို့တင်ခြင်းဖြင့် ကျွန်မအား မကျန်းမမာဖြစ်စေတော်မူပါလိမ့်မည်။ "အကယ်၍သင်သည် သတင်းစကားများကိုသစ္စာတည်မြဲစွာဝေငှ၍ အဆုံးတိုင်အောင်သည်းခံ တည်ကြည်မည်ဆိုပါက သင်သည်အသက်ပင်၏အသီးကိုစား၍ အသက် စမ်းရေကိုသောက်ရလိမ့်မည်" ဟု ကောင်းကင်တမန်ကပြောပါသည်။

ကျွန်မမြင်ရသောရုပ်ပါရုံများမှာ စိတ်ညို့ပညာအရဖြစ်သည်ဟု များမကြာမီပင်သတင်းထွက်လာပါသည်။ ကြွလာတော်မူမည်ကိုစောင့် မျှော်နေသူများကလည်း ယင်းသတင်းကိုအသင့်ယုံကြည်ကြပါသည်။ ဆက်လက်၍လည်းဖြန့်ဖြူးနေကြပါသည်။ စိတ်ညို့ပညာတွင်ကျော်စော ကိတ္တိရှိသောသမားတော်တစ်ဦးကလည်း ကျွန်မ၏ရုပ်ပါရုံများမှာ စိတ်ညို့ ပညာအရသာဖြစ်ကြောင်း၊ ကျွန်မသည် စိတ်ညို့ခြင်းခံရဖို့အတွက် အလွန်လွယ်ကူသူဖြစ်ကြောင်း၊ ကျွန်မအားသူကိုယ်တိုင်စိတ်ညို့၍ ရုပ်ပါရုံ ပေးနိုင်ကြောင်းပြောပါသည်။ ထိုအခါကျွန်မကစိတ်ညို့ပညာဆိုသည် မှာ မာရ်နတ်၏လုပ်ရပ်ဖြစ်ကြောင်း၊ အနက်ဆုံးသောတွင်းကြီးဖြစ်သည့် မာရ်နတ်၏နိုင်ငံမှလာသည့်ပညာဖြစ်ကြောင်း၊ ယင်းပညာကိုဆက်လက်

လိုက်စားသူလည်း ယင်းပညာနှင့်အတူ ယင်းနိုင်ငံသို့မကြာမီရောက် သွားကြလိမ့်မည်ဖြစ်ကြောင်းများကို ဘုရားသခင်က ကျွန်မအားရူပါရုံ တွင်ပြတော်မူကြောင်း သူ့အားပြောပြလိုက်ပါသည်။ ထိုနောက်သူကိုယ် တိုင်ကျွန်မအားညှို့နိုင်မည်ဆိုပါက ညှို့ခွင့်ရှိကြောင်းခွင့်ပြုလိုက်ပါသည်။ နည်းမျိုးစုံဖြင့်နာရီဝက်ခန့်မက သူကိုယ်တိုင်ကြိုးစားပါသည်။ ညှို့၍ မရသည့်အဆုံးလက်လျှော့လိုက်ပါသည်။ ဘုရားသခင်ကိုယုံကြည်ကိုး စားသည့်အတွက် ကျွန်မသည် သူ၏စက်ကွင်းမှလွတ်မြောက်ခဲ့ပါသည်။ သူ၏စိတ်ညှို့ပညာသည်လည်း ကျွန်မအားစိုးစဉ်းမျှမထိခိုက်ပါ။

အကယ်၍ကျွန်မသည်အစည်းအဝေးပြုလုပ်နေစဉ် ရူပါရုံမြင်ရ ပါက အများသောသူတို့ကစိတ်လှုပ်ရှား၍ဖြစ်ကြောင်း၊ တစ်စုံတစ် ယောက်တစိတ်ညှို့ပညာကိုအသုံးပြုလိုက်ကြောင်းပြောကြပါသည်။ ထိုနောက်ကျွန်မသည် ဘုရားသခင်မှတစ်ပါးအခြားမည်သူမည်ဝါမျှ မတွေ့မမြင်မကြားနိုင်သောသစ်တောအတွင်းသို့သွားပြီးလျှင် ဆုတောင်း ပတ္ထနာပြုလေ့ရှိရာ ကိုယ်တော်သည် ကျွန်မအားရံဖန်ရံခါထိုနေရာတွင် ရူပါရုံပြတော်မူပါသည်။ ထိုအခါကျွန်မသည် ဝမ်းမြောက်ဝမ်းသာဖြစ်၍ လူသားတို့၏ဆွဲဆောင်မှုကင်းဝေးသောနေရာတွင် ကျွန်မတစ်ယောက် တည်းရှိနေစဉ် ဘုရားသခင်ဖေါ်ပြတော်မူသည့်အကြောင်းများကို သူတို့ အားပြောပြပါသည်။ ထိုအခါအချို့သောသူများက ကျွန်မသည်ကိုယ်ကို ကိုယ်ညှို့သည်ဟုစွပ်စွဲကြပြန်ပါသည်။ ရိုးဖြောင့်သောသဘောဖြင့် ဆိတ်ကွယ်ရာအရပ်သို့သွား၍ တစ်ယောက်တည်းဘုရားသခင်၏ ကတိတော်များနှင့်ကယ်တင်ခြင်းကို တောင်းလျှောက်သောသူများသည် ပင်လျှင် စိတ်ဝိညာဉ်ပျက်စီးဆုံးရှုံးစေတတ်သည့် စိတ်ညှို့ပညာ၏ လက်အောက်ခံဖြစ်သည်ဟု မဟုတ်မမှန်စွပ်စွဲခြင်းခံရပါသည်တကားဟု အောက်မေ့မိပါသည်။ ကျွန်မတို့၏ကောင်းကင်ဘုံရှင်အဖဘုရားသခင်

၏ထံတော်မှ “မုန့်” ကိုတောင်းလျှောက်ကြသည်မှာ “ကျောက်ခဲ” သို့မဟုတ် “ကင်းမြီးကောက်” ရရှိရန်အတွက်ဖြစ်ပါသလော။ ဤကဲ့သို့ ဖြစ်ရခြင်းများကြောင့် ကျွန်မသည် ပြင်းစွာသောစိတ်ဒုက္ခ ကိုယ်ဒုက္ခကို ခံစားရသဖြင့် မြော်မြင်ရာကင်းမဲ့၍ လုံးလုံးစိတ်လျှော့မည့်အခြေအနေသို့ ပင်ရောက်ခဲ့ပါသည်။ ၎င်းအပြင်သန့်ရှင်းသောဝိညာဉ်တော်ဆိုသည်မှာ မရှိကြောင်း၊ ဘုရားသခင်၏သန့်ရှင်းသောသူတို့တွေ့ကြုံခံစားရကြသည့် အတွေ့အကြုံများလည်းစိတ်ညို့ပညာများနှင့်စာတန်၏လိမ်လည်လှည့်ဖြား မှုများသာဖြစ်ကြောင်းအများသောသူတို့က ကျွန်မအား ယုံမှားသံသယ ဖြစ်စေကြပါသည်။

ထိုအချိန်ကမိန်းနယ်တစ်ဝိုက်တွင် တစ်ယူသန်ဝါဒထွန်းကားနေခဲ့ ပါသည်။ ယင်းဝါဒကြောင့် အချို့သောသူများလုံးဝအလုပ်မလုပ်ကြ တော့ပါ။ သူတို့၏အယူဝါဒနှင့်သူတို့၏လမ်းစဉ်အရ အခြားသောဘာသာ ရေးဆိုင်ရာတာဝန်များကိုမဆောင်ရွက်သောသူများအား သူတို့အသင်း တော်မှထုတ်ပယ်ခဲ့ပါသည်။ ယင်းအမှားများကိုရူပါရုံတွင် ကျွန်မအား ဘုရားသခင်ဖော်ပြတော်မူလျက် လမ်းလွဲနေသော ကိုယ်တော်၏သား သမီးများထံသွား၍ ရှင်းပြစေတော်မူသော်လည်း အများသောသူတို့သည် သတင်းစကားကိုလုံးဝငြင်းပယ်ကြပါသည်။ ကျွန်မကိုလည်းလောကီ ဆန်သည်ဟုစွပ်စွဲကြပါသည်။ တစ်ဖက်တွင်ကြွလာတော်မူခြင်းကို စောင့်မျှော်နေသည်ဟု အမည်ခံသူများက အယူသန်သည်ဟုစွပ်စွဲကြ ပါသည်။ သူတို့လမ်းလွဲနေကြသည်ကိုလမ်းမှန်သို့ရောက်အောင်ကြိုးစား ဆောင်ရွက်နေပါလျက် ကျွန်မသည်အယူသန်ဝါဒသမားတို့၏ခေါင်း ဆောင်ဖြစ်သည်ဟု အချို့ကမှားယွင်းစွာစွပ်စွဲကြသကဲ့သို့ အချို့က မတရားစွပ်စွဲကြပါသည်။ ခရစ်တော်ကြွလာတော်မူမည့်အချိန်ကိုအဖန်

တလဲလဲပြောင်းရွှေ့သတ်မှတ်ပြီးလျှင် ညီအစ်ကိုများအားတိုက်တွန်း စည်းရုံးမှုပြုကြပါသည်။ သို့သော် ယင်းအချိန်များကိုကျော်လွန်သွားမည်ဖြစ်ကြောင်း ဘုရားသခင်က ကျွန်မအားရူပါရုံတွင်ဖော်ပြတော်မူပါသည်။ ခရစ်တော်ကြွလာတော်မူမီ ဆင်းရဲဒုက္ခကပ်ကာလရောက်ရမည်ဖြစ်၍ ယင်းသို့သတ်မှတ်ထားသည့်အချိန်များ ကျော်လွန်သွားတိုင်း ဘုရားသခင်၏လူတို့သည် ယုံကြည်ခြင်းအားနည်းကြပေလိမ့်မည်။ ဤအကြောင်းများကြောင့် "ငါ့အရှင်လာခဲလိမ်မည်" ဟုစိတ်ထဲ၌အောက်မေ့သည့်ကျွန်ဆိုးနှင့် တစ်လှေတည်းစီးတစ်ခရီးတည်းသွားသူဖြစ်သည်ဟု ကျွန်မအားစွပ်စွဲကြပါသည်။

ဤအခြင်းအရာအားလုံးတို့သည် ကျွန်မ၏စိတ်ဓါတ်ကိုများစွာကျဆင်းစေပါသည်။ မည်သို့မည်ပုံဆောင်ရွက်ရမည်ကိုပင် မသိလောက်အောင်စိတ်ရှုပ်ထွေးစေခဲ့ပါသည်။ ထို့ကြောင့်ကျွန်မ၏ကိုယ်တွေ့အကြားအမြင်များကိုပင် သံသယဖြစ်မိပါတော့သည်။ တစ်နေ့သောနံနက်ချိန်၌ မိသားစုဝတ်ပြုဆုတောင်းချိန်တွင် ဘုရားသခင်၏တန်ခိုးတော်သည် ကျွန်မ၏အပေါ်သို့သက်ရောက်စပြုလာသည်ကို စိတ်ညှို့ခြင်းပင်ဖြစ်သည်ဟု ကျွန်မ၏ရူပါရုံတွင် ရုတ်တရက်ဖြစ်ပေါ်လာသည့်အတွက် ကျွန်မခုခံတွန်းလှန်ခဲ့ပါသည်။ ထိုအခါကျွန်မသည်လည်း ရုတ်တရက်စကားမပြောနိုင်ဘဲ အချိန်အနည်းငယ်ခန့်ဝန်းကျင်တွင်ရှိသမျှကိုလည်း မသိတော့ပါ။ ထိုအခါကျွန်မသည် ဘုရားသခင်၏တန်ခိုးတော်ကို သံသယဖြစ်မိသည့်အတွက် စကားမပြောနိုင်သည့်ပြစ်ဒဏ်ကိုခံရကြောင်း၊ နှစ်ဆယ့်လေးနာရီတွင်ပြန်၍စကားပြောနိုင်မည်ဖြစ်ကြောင်း ရူပါရုံတွင်တွေ့မြင်ရပါသည်။ ၎င်းနောက် ကျွန်မ၏ရှေ့တွင်ကတ်ပြားတစ်ခုကို ထောင်၍ပြပါသည်။ ထိုကတ်ပြားပေါ်တွင် ကျမ်းစာမှကျမ်းချက်

ငါးဆယ်ကိုအခန်းကြီး အခန်းငယ်များနှင့်တကွ ရွှေစာလုံးများဖြင့် ရေးသားထားပါသည်။ [*] ရူပါရုံမှကျွန်မပြန်၍သတိရလာသောအခါ ကျောက်သင်ပုန်းတစ်ခုကိုတောင်းယူ၍ ကျွန်မသည်စကားမပြောနိုင်တော့ကြောင်း၊ မည်သည့်အရာများကိုရှုမြင်ရကြောင်း၊ ကျမ်းစာအုပ်ကိုယူ၍ ကတ်ပြားပေါ်တွင်တွေ့မြင်ခဲ့ရသောကျမ်းချက်အားလုံးကို အလွယ်တကူရှာဖွေတွေ့ရှိပါသည်။ တစ်နေ့လုံး ကျွန်မစကားမပြောနိုင်ခဲ့ပါ။ နောက်တစ်နေ့နံနက်တွင်မှ ကျွန်မ၏စိတ်နှလုံးရွှင်လန်းဝမ်းမြောက်လျက်လျှာသွက်လာသဖြင့် ဘုရားသခင်၏ဂုဏ်တော်ကိုအသံကျယ်စွာဖြင့်ချီးမွမ်းထောမနာပြုခဲ့ပါသည်။ ယင်းအဖြစ်အပျက်များ၏နောက်ပိုင်းတွင် အခြားသောသူများက ကျွန်မအပေါ်သို့မည်သို့ပင်ထင်မြင်သဘောထားကြစေကာမူ ကျွန်မသည်ဘုရားသခင်၏တန်ခိုးတော်ကို တဒင်္ဂမျှမခုခံမတွန်းလှန်ဝံ့၊ သံသယလည်းမဖြစ်ဝံ့တော့ပါ။ ၁၈၄၆ ခုနှစ်အတွင့် မတ်စက်ချူးစက်ပြည်နယ်၊ ဖဲယားဟေဗင် မြို့တွင်ရှိနေစဉ် ကျွန်မနှင့်အတူ ခရီးသွားလာလေ့ရှိသော ကျွန်မ၏ညီမတစ်ဦး မစ္စတာအေ၊ ဘရာသားဂျီတို့နှင့်အတူ ကျွန်မသည်ရွက်သင်္ဘောငယ်ကလေးတစ်စီးဖြင့် အနောက်ကျွန်းစု တွင်ရှိသောမိသားစုထံသို့ အကြည့်အရှုသွားကြပါသည်။ ခရီးစထွက်ကြသောအခါ ညအချိန်ရောက်လုနီးပါပြီ။ ခရီးထွက်ပြီးမကြာမီပင် ရုတ်တရက်လေမုန်တိုင်းကျဆင်းလာပါသည်။ လျှပ်ပြက်ခြင်း၊ မိုးချုန်းခြင်းနှင့်အတူ မိုးသည်းထန်စွာရွာချလိုက်ပါသည်။ ဘုရားသခင်ကယ်မတော်မမူလျှင် ကျွန်မတို့မျက်စီးဆုံးရှုံးတော့မည်မှာ ထင်ရှားလှပါသည်။

---

[*] ယင်းကျမ်းချက်များကို ဤအခန်း၏အဆုံးတွင်ဖေါ်ပြထားပါသည်။

[†] Fairhaven, Massachusetts;

[‡] West's Island

ကျွန်မသည်ရွက်သင်္ဘောကလေးအတွင်းဒူးထောက်၍ ကျွန်မတို့အားကယ်တင်တော်မူရန် ဘုရားသခင်ထံဆုတောင်းလိုက်ပါသည်။ ကျွန်မတို့ရွက်သင်္ဘောကလေးသည်လည်း လှိုင်းလုံးကြီးများပေါ်တွင် နိမ်းတုံမြင့်တုံလူးလိမ့်လျက် ရေလုံးကြီးများကလည်းသင်္ဘောကလေးပေါ် ကျော်လွှားနေစဉ် ကျွန်မရူပါရုံမြင်ရပါသည်။ ကျွန်မ၏လုပ်ငန်းမှာ အစပင်ရှိသေးသည့်အတွက် ကျွန်မတို့ပျက်စီးဆုံးရှုံးကြမည်ထက် ပင်လယ်ရေများခန်းခြောက်ရန်မှာ ပို၍နီးစပ်သည်ဟုမြင်ရပါသည်။ ရူပါရုံပြီးဆုံးသောအခါ ကျွန်မ၏ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိတော့ဘဲ သီချင်းများသီဆို၍ ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်းကြပါသည်။ ကျွန်မတို့၏ရွက်သင်္ဘောကလေးမှာလည်း ဗေသလမြို့[*] ကလေးပမာ ပင်လယ်ပြင်ပေါ်တွင် မျောနေပါတော့သည်။ "ကြွလာတော်မူခြင်းနှင့်ဆိုင်သောသံတော်ဆင့်"[†] စာစောင်၏အယ်ဒီတာက ကျွန်မ၏ရူပါရုံများသည် "စိတ်ညှို့ခြင်းဆိုင်ရာစိမံချက်၏အကျိုးသက်ရောက်မှုများ" သာဖြစ်သည်ဟုစွပ်စွဲပါသည်။ ထိုအခါကျွန်မက ယင်းကဲ့သို့သော အချိန်အခါမျိုးတွင် စိတ်ညှို့ခြင်းဆိုင်ရာစီမံချက်က မည်ကဲ့သို့သော အခွင့်အရေးမျိုးကိုပေးစွမ်းနိုင်ပါမည်နည်းဟုမေးခဲ့ပါသည်။ ညီအစ်ကို ဂျီမှာ သင်္ဘောကလေးကိုထိန်းနေရခြင်းဖြင့် အလုပ်ရှုပ်နေခဲ့ပါသည်။ ကျောက်ဆူးချရန်ကြိုးစားသော်လည်း ကျောက်ဆူးသည်တရွတ်တိုက်၍ လိုက်ပါနေပါသည်။ သင်္ဘော၏တစ်ဖက်စွန်းမှအခြားတစ်ဖက်စွန်းသို့ပင် မမြင်နိုင်လောက်အောင် မှောင်မိုက်နေချိန်တွင် ကျွန်မတို့၏သင်္ဘောငယ်ကလေးသည် လှိုင်းလုံးကြီးများပေါ်တွင် နိမ့်တုံမြင့်တုံလူးလိမ့်၍ လေတိုက်ရာဘက်သို့မျောနေခဲ့ပါသည်။ မကြာမီ ကျောက်ဆူးစွဲလေပြီ။ ညီအစ်ကိုဂျီသည်လည်းဟစ်အော်၍ အကူအညီတောင်းလေ၏။ ယင်း ကျွန်းကလေးပေါ်တွင် အိမ်နှစ်ဆောင်သာရှိသည့်အနက် အိမ်တစ်ဆောင

[*] Bethel;
[†] The Advent Herald

၏အနီးသို့ရောက်နေသော်လည်း ကျွန်မတို့သွားလိုသောအိမ်အဟုတ်ကြောင်း သိရပါသည်။ ထိုအိမ်မှအိမ်သူအိမ်သားများမှာလည်း အိပ်ပျော်နေကြပြီဖြစ်၍ သမီးငယ်ကလေးတစ်ဦးကသာ ညိအစ်ကိုဂျီ၏အကူအညီတောင်းသံကိုဘုရားသခင်စီမံတော်မူခြင်းကြောင့် ကြားလိုက်ခြင်းဖြစ်ပါသည်။ ယင်းကြောင့်သမီးငယ်ကလေး၏ဖခင်သည် မကြာမီအတွင်းထွက်လာ၍ အကူအညီပေးပါသည်။ သူ၏လေ့ငယ်ကလေးဖြင့် ကျွန်မတို့အားကမ်းပေါ်သို့ခေါ်ဆောင်သွားပါသည်။ ကျွန်မတို့သည် ဘုရားသခင်၏အံ့သြဖွယ်ရာကောင်းလောက်အောင် ကောင်းမြတ်တော်မူခြင်းအတွက် ထိုနေ့ညတွင်ကျန်ရှိသောအချိန်တစ်လျှောက်လုံး၌ကျေးဇူးတော်နှင့်ဂုဏ်တော်ကိုချီးမွမ်းနေကြပါသည်။

--oo—

## စာမျက်နှာ (၂၅) တွင်ဖေါ်ညွှန်းခဲ့သည့် ကျမ်းချက်များ

သင်သည်ငါ့စကားကိုမယုံသောကြောင့် ဤအကြောင်းအရာမဖြစ်မီနေ့တိုင်အောင် စကားမပြောနိုင်ဘဲအလျက်နေလိမ့်မည်။ ငါ့စကားသည်ကား အချိန်တန်လျှင် ပြည့်စုံလိမ့်မည်ဟုပြောဆို၏။ ဘု၊ ၁း၂၀။

ခမည်းတော်နှင့်စပ်ဆိုင်သမျှသည် ငါနှင့်စပ်ဆိုင်၏။ ထို့ကြောင့် ငါနှင့်စပ်ဆိုင်သောအရာကိုယူ၍ သင်တို့အားဖေါ်ပြလိမ့်မည်ဟု ငါပြော၏။ယော၊ ၁၆း၁၅

ထိုသူအပေါင်းတို့သည်လည်း သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်၍ ဝိညာဉ်တော်သည်ဟောပြောသောအခွင့်ကိုပေးတော်မူသည့် အတိုင်း အမျိုးမျိုးသောဘာသာစကားအားဖြင့် ဟောပြောကြ၏။ တ၊ ၂း၄။

အိုထာဝရဘုရား၊ ယခုအခါထိုသူတို့၏ခြိမ်းခြောက်ခြင်းကို မှတ်တော်မူပါ။ အနာရောဂါငြိမ်းစေခြင်းငှာ လက်တော်ကိုဆန့်တော် မူ၍ သန့်ရှင်းသောသားတော်ယေရှု၏နာမတော်အားဖြင့် နိမိတ်လက္ခ ဏာ၊ အံ့ဖွယ်သောအမှုတို့ကိုဖြစ်စေတော်မူစဉ်တွင် ကိုယ်တော်၏ကျွန် တို့သည်နှုတ်ကပါဌ်တရားတော်ကိုရဲရင့်စွာဟောပြောပါမည်အကြောင်း ကယ်မသနားတော်မူပါဟုဆုတောင်းကြ၏။ ထိုသို့ဆုတောင်းပတ္ထနာ ပြုပြီးမှ စုဝေးသောအရပ်သည်တုန်လှုပ်၍ ထိုသူအပေါင်းတို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်သဖြင့် ဘုရားသခင်၏နှုတ်ကပါဌ် တရားတော်ကိုရဲရင့်စွာဟောပြောကြ၏။ တ၊ ၄း၂၉–၃၁။

ဖြူစင်သောအရာကိုခွေးတို့အားအပေးကြနှင့်။ ပုလဲရတနာတို့ကို ဝက်တို့ရှေ့မှာမချမထားကြနှင့်။ သို့ပြုလျှင် ထိုအရာတို့ကိုကျော်နင်း၍ သင်တို့ကိုလှည့်လျက်ကိုက်ဖြတ်ကြလိမ့်မည်။ တောင်းကြလော့၊ တောင်းလျှင်ရမည်။ ရှာကြလော့၊ ရှာလျှင်တွေ့မည်။ တံခါးကိုခေါက် ကြလော့၊ ခေါက်လျှင်ဖွင့်မည်။ တောင်းသောသူမည်သည်ကားရ၏။ ရှာသောသူလည်းတွေ့၏။ ခေါက်သောသူအားလည်းတံခါးကိုဖွင့်၏။ သားသည်မုန့်ကိုတောင်းလျှင် မိမိသားအားကျောက်ကိုပေးမည့်သူ၊ ငါးကိုတောင်းလျှင်မြွေကိုပေးမည့် တစ်စုံတစ်ယောက်မျှသင်တို့တွင် ရှိသလော။ သင်တို့သည်အဆိုးဖြစ်လျက်ပင် ကိုယ့်သားတို့အားကောင်း သောအရာကိုပေးတတ်လျှင် ထိုမျှမကကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် ဆုတောင်းသောသူတို့အားကောင်းသောအရာကိုသာ၍

ပေးတော်မူမည်မဟုတ်လော။ သင်တို့သည်ကိုယ်၌သူတစ်ပါးပြုစေလို သမျှအတိုင်း သူတစ်ပါး၌ပြုကြလော့။ ဤပညတ်ကား ပညတ္တိကျမ်းနှင့်အနာဂတ္တိကျမ်းတို့၏အချုပ်အချာပင်ဖြစ်သတည်း။ အတွင်း၌ကြမ်းတမ်းသောတောခွေးဖြစ်လျက် သိုးရေကိုခြုံ၍ သင်တို့ရှိရာသို့လာသော မိစ္ဆာပုရောဖက်တို့ကိုသတိနှင့်ရှောင်ကြလော့။ မ၊ ၇း၆–၁၂၊၁၅။

ခရစ်တော်၏အယောင်ကိုဆောင်သောသူနှင့် မိစ္ဆာပုရောဖက်တို့သည်ပေါ်လာ၍ ရွေးချယ်သောသူတို့ကိုပင် လှည့်ဖြားနိုင်လျှင် လှည့်ဖြားလောက်အောင် ကြီးစွာသောနိမိတ်လက္ခဏာ၊ အံ့ဖွယ်သသော အမှုတို့ကိုပြုကြလိမ့်မည်။ မ၊ ၂၄း၂၄။

ထိုကြောင့် သင်တို့သည်သခင်ယေရှုခရစ်ကိုခံယူပြီးသည်ဖြစ်၍ ထိုသခင်၌စိုက်ပျိုးခြင်း၊ တည်ဆောက်ခြင်းရှိလျက် နည်းဥပဒေသကို ခံယူပြီးသည့်အတိုင်း ယုံကြည်ခြင်း၌မြဲမြံစွာစွဲလမ်းလျက်၊ ကျေးဇူးတော်ကိုချီးမွမ်းခြင်းနှင့်တကွ ယုံကြည်ခြင်းတိုးပွားပြည့်စုံလျက် ထိုသခင်၌ ကျင်လည်ကြလော့။ ခရစ်တော်၏တရားကိုမလိုက်၊ လူအဆက်ဆက် ခံသောနည်းဥပဒေသနှင့်လောကီတရားနကိုလိုက်၍ လောကီပညာနှင့် အချည်းနှီးသောပရိယာယ်အားဖြင့် သင်တို့ကိုအဘယ်သူမျှမလုယူအဖျက် ဆီးစေခြင်းငှာ သတိပြုကြလော့။ ကော၊ ၂း၆–၈။

ထိုကြောင့်ကြီးစွာသောအကျိုးနှင့်ယှဉ်သော သင်တို့၏ရဲရင့်ခြင်း စိတ်ကိုမစွန့်ကြနှင့်။ ဘုရားသခင်၏အလိုတော်ကိုဆောင်ပြီးမှ ကတိတော် အတိုင်း အကျိုးကိုရမည်အကြောင်း သည်းခံခြင်းစိတ်ရှိရမည်။ အဘယ် ကြောင့်နည်းဟူမူကား ကြွလာလတ္တံ့သောသူသည် မဆိုင်းမလင့်ဘဲ မကြာမမြင့်မီရောက်တော်မူလိမ့်မည်။ ဖြောင့်မတ်သောသူသည် ယုံကြည် ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်။ သို့သော်လည်းရွှေ့လျော့လျှင် ငါ့စိတ်ဝိညာဉ်သည် ထိုသူကိုအားရနှစ်သက်ခြင်းမရှိဟု ဘုရားသခင

အမိန့်တော်ရှိ၏။ ငါတို့မူကားပျက်စီးခြင်းသို့ရောက်အံ့သောငှာ ရွေ့လျော့သောသူမဟုတ်၊ စိတ်ဝိညာဉ်သည် ကယ်တင်ခြင်းသို့ရောက်အံ့သော ယုံကြည်သောသူဖြစ်ကြ၏။ ဟေဗြဲ ၁၀း၃၅–၃၉။

ဘုရားသခင်သည် မိမိအမှုအရာတို့ကိုပြီးစီး၍ ငြိမ်ဝပ်စွာနေတော်မူသည်နည်းတူ ထိုချမ်းသာထဲသို့ဝင်ရသောသူသည်လည်းမိမိအမှုအရာတို့ကိုပြီးစီး၍ ငြိမ်ဝပ်စွာနေရ၏။ ထို့ကြောင့်တ္ကသရေလလူတို့သည် မယုံကြည်သောစိတ်ရှိသဖြင့်လဲသကဲ့သို့ ငါတို့သည်မလဲ၊ ထိုချမ်းသာထဲသို့ဝင်ရမည်အကြောင်းကြိုးစားအားထုတ်ကြကုန်အံ့။ ဘုရားသခင်၏ နှုတ်ကပါဌ်တရားတော်သည်အသက်ရှင်ခြင်း၊ တန်ခိုးနှင့်ပြည့်စုံသည်ဖြစ်၍ အသက်နှင့် သန်လျက်တကာတို့ထက် ထက်ခြင်းနှင့်ပြည့်စုံသည်ဖြစ်၍ အသက်နှင့် စိတ်ဝိညာဉ်ကိုလည်းကောင်း၊ အရိုးဆစ်နှင့်ခြင်ဆီကိုလည်းကောင်း ပိုင်းခြား၍ထုတ်ချင်းခွင်းတတ်၏။ စိတ်နှလုံးအကြံအစည်များကိုလည်း သိမြင်တတ်၏။ ဟေဗြဲ၊ ၄း၁၀–၁၂။

သို့ရာတွင်ကောင်းသောအမှုကိုပြုစပြုတော်မူသောသူသည်ယေရှုခရစ်နေ့ရက်တိုင်အောင်ပြီးစီးလျက်ပြုတော်မူသည်ဟု ငါသဘောကျ၏။ ......သင်တို့သည် ရန်သူများကြောင့်အလျှင်းမကြောက်ရွံ့မတုန်လှုပ်ဘဲ တစ်ပါးတည်းသောစိတ်ဝိညာဉ်တည်၍ ဧဝံဂေလိတရားနှင့်ဆိုင်သော ယုံကြည်ခြင်းအဖို့အလိုငှာ တညီတညွတ်တည်းကြိုးစားအားထုတ်ကြသည်အကြောင်းအရာကို ငါရောက်လျှင်သင်တို့နှင့်မျက်မှောက်တွေ့သည်ဖြစ်စေ၊ ကွာလျက်နေသည်ဖြစ်စေ ငါကြားသိရပါမည်အကြောင်း ခရစ်တော်၏ဧဝံဂေလိတရားနှင့်အထိုက်အလျောက်ဝတ်ကြီးဝတ်ငယ်များကိုပြု၍သာနေကြလော့။ ထိုသို့ရန်သူများကြောင့် အလျှင်းမကြောက်ရွံ့မတုန်လှုပ်သောအကြောင်းအရာသည် သူတို့၌ပျက်စီးခြင်း၏နိမိတ်လက္ခဏာဖြစ်၏။ ဘုရားသခင်စီရင်တော်မူသောအားဖြင့် သင်တို့၌ကား

ကယ်တင်ခြင်းနိမိတ်လက္ခဏာဖြစ်၏။ အကြောင်းမူကား သင်တို့သည် အထက်ကမြင်သည်အတိုင်း၊ ယခုလည်းကြားသည်အတိုင်းငါခံရသော တိုက်လှန်ခြင်းကိုခံရသည်နည်းတူ သင်တို့သည်ခံရကြသည်ဖြစ်၍ ခရစ်တော်ကိုယုံကြည်ခြင်းအခွင့်မှတစ်ပါး ခရစ်တော်အတွက်ကြောင့် ဆင်းရဲခံရခြင်းအခွင့်ကို ကျေးဇူးတော်အားဖြင့်ရကြ၏။ ဖိ၊၁း၆၊ ၂၇–၂၉။

အကြောင်းမူကား၊ သင်တို့သည်အလိုရှိစေခြင်းငှာလည်းကောင်း၊ အကျင့်ကျင့်စေခြင်းငှာလည်းကောင်း သင်တို့အထဲ၌စေတနာတော်အားဖြင့်ပြုပြင်တော်မူသောသူကား ဘုရားသခင်ပေတည်း။ သင်တို့သည် ပြုလေသမျှကိုမြည်တမ်းခြင်း၊ ငြင်းခုံခြင်းမရှိဘဲပြုကြလော့။ သို့ပြုလျှင် အပြစ်တင်ခွင့်မရှိ၊ အဘယ်သူကိုမျှမပြစ်မှားဘဲနေ၍ အဖြောင့်မမှန် ဖေါက်ပြန်သောသူမျိုးအထဲ၌ အဘယ်အပြစ်မျှမပါသောဘုရားသခင်၏ သားဖြစ်ကြလိမ့်မည်။......စကြဝဠာ၌ နေ၊ လ၊ ကြယ်နက္ခတ်ကဲ့သို့ ထိုလူမျိုးထဲ၌ထွန်လင်းကြ၏၊ ဖိ၊ ၂း၁၃–၁၆။

ကြွင်းသောစကားဟူမူကား ညီအစ်ကိုတို့၊ သခင်ဘုရားအားဖြင့် လည်းကောင်း၊ တန်ခိုးတော်အရှိန်အားဖြင့်လည်းကောင်း ခိုင်ခံ့ခြင်း ရှိကြလော့။ မာရ်နတ်၏ပရိယာယ်တို့ကိုဆီးတားနိုင်မည်အကြောင်း ဘုရားသခင်ပြင်ဆင်တော်မူသောလက်နက်စုံကိုဝတ်ဆောင်ကြလော့။ အကြောင်းမူကား ငါတို့သည် အသွေးအသားရှိသောရန်သူတို့နှင့် ဆိုင်ပြိုင်တိုက်လှန်ရကြသည်မဟုတ်။ အထွက်အမြတ်နှင့်လည်းကောင်း၊ အာဏာစက်တို့နှင့်လည်းကောင်၊ လောကီမှောင်မိုက်၌အစိုးတရပြုလုပ် သောမင်းတို့နှင့်လည်းကောင်း၊ မိုးကောင်းကင်၌နေသောနတ်ဆိုးတို့နှင့် လည်းကောင်း ဆိုင်ပြိုင်တိုက်လှန်ရကြ၏။ ထို့ကြောင့်ခဲယဉ်းဆိုးယုတ် သောနေ့ရက်ကာလ၌ဆီးတားနိုင်သဖြင့် ကိစ္စအလုံးစုံတို့ကိုပြီးစီး

ခံရပ်နိုင်မည်အကြောင်း ဘုရားသခင်ပြင်ဆင်တော်မူသောလက်နက်စုံကို ယူဆောင်ကြလော့။ သစ္စာတည်းဟူသောခါးပန်းကိုစည်းလျက်ဖြောင့်မတ်ခြင်းပါရမီတည်းဟူသော ရင်အုပ်တန်ဆာကိုဝတ်ဆင်လျက်ငြိမ်သက်ခြင်းနှင့်ယှဉ်သောဧဝံဂေလိတရားကိုဟောပြောအံ့သောငှာပြင်ဆင်သောအဖြစ်တည်းဟူသောခြေစွပ်ကိုစွပ်လျက် ခံရပ်ကြလော့။မာရ်နတ်ပစ်ခတ်သောမီးစက်လက်နက်ကိုကာသတ်နိုင်သော ယုံကြည်ခြင်းတည်းဟူသောလွှားကိုလည်း ခပ်သိမ်းသောလက်နက်တို့အပေါ်မှာထပ်ဆင့်၍ယူဆောင်ကြလော့။ ယယ်တင်ခြင်းတည်းဟူသောသံခမောက်လုံးကိုလည်းကောင်း၊ ဘုရားသခင်၏နှုတ်ကပါဌ်တည်းဟူသောဝိညာဉ်တော်၏ဓါးကိုလည်းကောင်းယူကြလော့။ ကာလအစဉ်စိတ်နှလုံးပါလျက်ဆုတောင်းပတ္တနာပြုခြင်းအမျိုးမျိုးတို့ဖြင့်ဆုတောင်းကြလော့။ ထိုသို့ဆုတောင်းခြင်းငှာအားမလျော့ဘဲလျက်၊ ငါမှစ၍ သန့်ရှင်းသောသူအပေါင်းတို့အဖို့ ဆုတောင်းလျက်စောင့်ရှောက်ကြလော့။ ဧဖက်၊ ၆း၁၀–၁၈။

အချင်းချင်းကျေးဇူးပြုခြင်း၊ သနားစုံမက်ခြင်း၊ ဘုရားသခင်သည်ခရစ်တော်ကြောင့်သင်တို့၏အပြစ်ကိုလွှတ်တော်မူသကဲ့သို့ အချင်းချင်းအပြစ်လွှတ်ခြင်းရှိကြလော့။ ဧဖက်၊ ၄း၃၂။

သင်တို့သည်......ညီအစ်ကိုများကိုချစ်ယောင်မဆောင်၊ အမှန်ချစ်ခြင်းအလို့ငှာ စိတ်ထဲမှာသမ္မာတရားကိုနားထောင်လျက် ကိုယ်စိတ်နှလုံးကိုစင်ကြယ်စေပြီးသည်နှင့်အညီ စင်ကြယ်သောစိတ်နှင့်အချင်းချင်းအားကြီးသောချစ်ခြင်းမေတ္တာရှိကြလော့။ ၁ပေ၊ ၁း၂၂၊၂၃။

သင်တို့သည်အချင်းချင်းတစ်ယောက်ကိုတစ်ယောက်ချစ်ကြလော့။ ငါသည်သင်တို့ကိုချစ်သည်နည်းတူ အချင်းချင်းချစ်ကြလော့ဟုပညတ်သစ်ကိုငါပေး၏။ သင်တို့သည်အချင်းချင်းချစ်ကြလျှင် လူအပေါင်

တို့သည် ထိုမေတ္တာကိုထောက်၍ သင်တို့သည်ငါ၏တပည့်ဖြစ်သည်ကို သိရကြလိမ့်မည်ဟုမိန့်တော်မူ၏။ ယော၊ ၁၃း၃၄၊၃၅။

သင်တို့သည် ယုံကြည်ခြင်း၌တည်သလော မတည်လောဟု ကိုယ်ကိုကိုယ်စစ်ကြောကြလော့။ ကိုယ်ကိုကိုယ်စုံမက်ကြလော့။ အစစ်မခံနိုင်သောသူမမှန်လျှင် ယေရှုခရစ်သည် သင်တို့၌တည်တော်မူသည်ဟု ကိုယ်အကြောင်းကိုကိုယ်မသိသလော။ ၂ကော၊ ၁၃း၅။

ဘုရားသခင်၏ကျေးဇူးတော်ကိုငါခံရသည်နှင့်အညီ လိမ္မာသော ဗိသုကာကဲ့သို့တိုက်မြစ်ကိုချပြီ။ အခြားသောသူသည်ထပ်ဆင့်၍ တည်ဆောက်လေ၏။ သို့ရာတွင် အဘယ်သို့ထပ်ဆင့်၍တည်ဆောက်သည်ကိုလူတိုင်းသတိပြုပါစေ။ အကြောင်းမူကား ယေရှုခရစ်တည်းဟူသော ချလျက်ရှိသောတိုက်မြစ်မှတစ်ပါး အခြားသောတိုက်မြစ်ကို အဘယ်သူမျှမချနိုင်။ ထိုတိုက်မြစ်အပေါ်၌ ရွှေ၊ ငွေ၊ ကျောက်ကောင်း၊ သစ်သား၊ မြက်ပင်၊ ကောက်ရိုးများကိုထပ်ဆင့်၍ တည်ဆောက်သော သူရှိသမျှအသီးအသီးလုပ်သောအလုပ်သည်ထင်ရှားလိမ့်မည်။ အဘယ်သို့နည်းဟူမူကား ဖေါ်ပြချိန်နေ့ရက်သည်မီးအားဖြင့် ထင်ရှားစေလိမ့်မည်။ လူတိုင်းလုပ်သောအလုပ်သည် အဘယ်သို့သောအလုပ်ဖြစ်သည်ကို မီးသည်စစ်ကြောစုံစမ်းလိမ့်မည်။ ၁ကော၊ ၃း၁၀–၁၃။

ထို့ကြောင့် သင်တို့သည် ကိုယ်ကိုသတိနှင့်ကြည့်ရှုကြလော့။ ဘုရားသခင်းသည် မိမိအသွေးနှင့်ဝယ်တော်မူသောအသင်းတော်ကို လုပ်ကျွေးစေခြင်းငှာ သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့ကိုအအုပ်အချုပ်ခန့်ထားတော်မူသော သိုးစုတစ်စုလုံးကိုလည်း သတိနှင့်ကြည့်ရှုကြလော့၊ အကြောင်းမူကား ငါမရှိသည်နောက် ကြမ်းတမ်းသောတောခွေးတို့သည် သိုးများကိုမသနားဘဲ သင်တို့အထဲသို့ဝင်မည်ကိုလည်းကောင်း၊ တပည့်တော်များကိုသွေးဆောင်ခြင်းငှာ မှားသောစကားကိုပြောတတ်

သောလူတို့သည် သင်တို့အထဲ၌လည်းပေါ်လာမည်ကိုလည်းကောင်း ငါသိ၏။ တ၊ ၂၀း၂၈–၃၀။

ခရစ်တော်၏ကျေးဇူးအားဖြင့် သင်တို့ကိုခေါ်တော်မူသော သူနှင့်ဤမျှလောက်မြန်မြန်ခွာ၍ သင်တို့သည် အခြားသောဧဝံဂေလိ တရားကိုခံယူကြသောကြောင့် ငါသည်အံ့သြခြင်းရှိ၏။ ထိုဧဝံဂေလိ တရားသည် ဧဝံဂလိတရားမဟုတ်၊ သင်တို့ကိုနှောင့်ယှက်၍ ခရစ်တော် ၏ဧဝံဂေလိတရားကိုမှောက်လှန်ချင်သောသူအချို့ရှိကြ၏။ သို့သော် လည်း သင်တို့အားငါဟောပြောသောဧဝံဂေလိတရားမှတစ်ပါး အခြား သောဧဝံဂေလိတရားကိုငါတို့သည် ဟောပြောသော်လည်းကောင်း၊ ကောင်းကင်ဘုံမှလာသော ကောင်းကင်တမန်ဟောပြောသော်လည်း ကောင်း ဟောပြောသောသူသည် ကျိန်တော်မူခြင်းကိုခံစေ။ တစ်ဖန်တုံ၊ သင်တို့ခံယူပြီးသောဧဝံဂေလိတရားမှတစ်ပါး အခြားသောဧဝံဂေလိ တရားကို တစ်စုံတစ်ယောက်သောသူဟောပြောလျှင် ထိုသူသည်ကျိန် တော်မူခြင်းကိုခံစေဟု ငါတို့ဆိုခဲ့ပြီးသည်အတိုင်း ယခုငါထပ်၍ဆိုသေး ၏။ ဂလ၊ ၁း၆–၉။

မှောင်မိုက်၌သင်တို့ပြောသမျှသောအရာများကို သူတစ်ပါးတို့ သည် အလင်း၌နားကြားကြလိမ့်မည်။ သင်တို့သည်အခန်းထဲမှာနား အပါး၌ပြောသောအရာများကို အိမ်မိုးပေါ်မှာဟစ်ကြော်ကြလိမ့်မည်။ ငါ့အဆွေတို့၊ သင်တို့အားငါဆိုသည်ကား ကိုယ်ခန္ဓာကိုသတ်၍ နောက်တစ်ဖန်အလျှင်းမပြုနိုင်သောသူတို့ကိုမကြောက်ကြနှင့်။ အဘယ် သူကိုကြောက်ရမည်နည်းဟူမူကား၊ ကိုယ်ခန္ဓာကိုသတ်ပြီးမှငရဲထဲသို့ ချနိုင်သောသူကိုကြောက်ကြလော့။ ငါအမှန်ဆိုသည်ကား ထိုသူကို ကြောက်ကြလော့။ စာငှက်ငါးကောင်ကိုအသပြာနှစ်ပြားအဖိုးနှင့်ဝယ်ရ သည်မဟုတ်လော။ ထိုစာငှက်တစ်ကောင်ကိုမျှ ဘုရားသခင်မေ့လျော့

တော်မမူ။ သင်တို့ဆံပင်သည်လည်း အကုန်အစင်ရေတွက်လျက်ရှိ၏။ ထိုကြောင့်မကြောက်ကြနှင့်။ သင်တို့သည် စာငှက်အများတို့ထက်သာ၍ မြတ်ကြ၏။ လု၊ ၁၂း၃–၇။

ကျမ်းစာလာသည်ကား၊ သင့်ကိုစောင့်ရှောက်စေခြင်းငှာ ကောင်းကင်တမန်တို့အား သင့်အဖို့မှာထားတော်မူသည်ဖြစ်၍ သင်၏ ခြေကိုကျောက်နှင့်မထိမခိုက်စေခြင်းငှာ သူတို့သည်သင့်ကိုလက်နှင့် မစချီပင့်ကြလိမ့်မည်ဟုလာ၏။ လု၊ ၄း၁၀၊၁၁။

မှောင်မိုက်ထဲက အလွန်ထွန်းလင်းမည်အကြောင်းမိန့်တော်မူသော ဘုရားသခင်သည် ယေရှုခရစ်၏မျက်နှာ၌ ထွန်းလင်းသောဘုရားသခင် ၏ဘုန်းတော်ကိုသိသောဉာဏ်၏အရောင်ကိုပေးလိုသောငှာ ငါတို့စိတ် နှလုံးထဲ၌ အလင်းကိုထွန်းလင်းစေတော်မူ၏။ သို့သော်လည်း တန်ခိုး တော်၏ဂုဏ်အသရေသည် ငါတို့နှင့်မဆိုင်၊ ဘုရားသခင်နှင့်ဆိုင်မည် အကြောင်း ထိုဘဏ္ဍာသည်ပြေအိုးထဲမှထည့်ထားလျက် ငါတို့၌ရှိ၏။ ငါတို့သည်အမျိုးမျိုးသောနှောင့်ယှက်ခြင်းကိုခံရသော်လည်း အကျိုးနည်း ခြင်းသို့မရောက်။ မကြံစည်နိုင်အောင်ရှိသော်လည်း စိတ်မပျက်။ ညှင်းဆဲ ခြင်းကိုခံရသော်လည်း ရှုံးခြင်းအရှိ။ အောက်သို့လှဲခြင်းကိုခံရသော်လည်း ဆုံးရှုံးသို့မရောက်။ ၂ကော၊ ၄း၆–၉။

အကြောင်းမူကား၊ မျက်မှောက်၌ထင်ရှားသောအရာတို့သည် ခဏသာတည်၍ မထင်ရှားသောအရာတို့သည် အစဉ်အမြဲတည်ကြောင်း ကိုငါတို့သည်ထောက်လျက် ထင်ရှားသောအရာတို့ကိုမကြည့်မမှတ်ဘဲ မထင်ရှားသောအရာတို့ကိုကြည့်မှတ်ကြစဉ်အခါ၊ ယခုခဏခံရ၍ ပေါ့ ပါးသောဆင်းရဲခြင်းဒုက္ခသည် အတိုင်းထက်အလွန်ကြီးမြတ်လေလံ သောနိစ္စထာဝရဘုန်းအသရေကို ငါတို့အဖို့ဖြစ်စေတတ်၏။ ၂ကော၊ ၄း၁၇၊၁၈။

နောက်ဆုံးသောကာလ၌ထင်ရှားစေခြင်းငှာ ပြင်ဆင်သောကယ်တင်ခြင်းသို့ရောက်စေမည်အကြောင်း ယုံကြည်ခြင်းအားဖြင့်ဘုရားသခင်၏တန်ခိုးတော်သည်.....အရည်ကျို၍စုံစမ်းခြင်းကိုခံရသော်လည်းပျက်စီးတတ်သောရွှေကိုစစ်ကြောစုံစမ်းခြင်းထက် သင်တို့ယုံကြည်ခြင်းကို စစ်ကြော်စုံစမ်းခြင်းအရာသည် သာ၍မြတ်သည်နှင့်ယေရှုခရစ်ပေါ်ထွန်းတော်မူသောအခါ အချီးအမွမ်း၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်အလိုငှာဖြစ်မည်အကြောင်း အထူးထူးအပြားပြားသောစုံစမ်းနှောင့်ယှက်ခြင်းကိုခံရသောအကြောင်းရှိလျှင် သင်တို့သည် ယခုခဏခံရ၍ဝမ်းနည်းသော်လည်း အထက်ဆိုခဲ့ပြီးသောကျေးဇူးတော်ကိုထောက်၍ရွှင်လန်းသောစိတ်ရှိကြ၏။ ၁ပေ၊ ၁း၅–၇။

ယခုမှာသင်တို့သည် သခင်ဘုရား၌တည်ကြည်လျှင် ငါတို့သည် အသက်ရှင်ကြ၏။ ၁သက်၊ ၃း၈။

ယုံကြည်သောသူတို့၌ဖြစ်အံ့သောနိမိတ်လက္ခဏာဟူမူကား ငါ၏နာမကိုအမှီပြု၍ နတ်ဆိုးတို့ကိုနှင်ထုတ်ကြလတ္တံ့။ ထူးခြားသောဘာသာစကားမျိုးတို့ကိုပြောကြလတ္တံ့။ မြွေတို့ကိုဖမ်းကိုင်ကြလတ္တံ့။ သေစေသောအဆိပ်အတောက်ကိုသောက်စားလျှင် ဘေးဥပဒ်နှင့်ကင်းလွတ်ကြလတ္တံ့။ မကျန်းမမာသောသူတို့အပေါ်မှာလက်ကိုတင်၍ ချမ်းသာပေးကြလတ္တံ့ ဟုမိန့်တော်မူ၏။ မာ၊ ၁၆း၁၇၊၁၈။

မိဘတို့ကလည်း ဤသူသည် အကျွန်ုပ်တို့၏သားမှန်သည်ကိုလည်းကောင်း၊ အမိဝမ်းတွင်းကပင်မျက်စိကန်းသည်ကိုလည်းကောင်း အကျွန်ုပ်တို့သိကြပါ၏။ အဘယ်ကြောင့် ယခုမျက်စိမြင်သည်ကိုလည်းကောင်း၊ အဘယ်သူသည် သူ၏မျက်စိကိုဖွင့်သည်ကိုလည်းကောင်း အကျွန်ုပ်တို့မသိကြပါ။ သူသည်အသက်အရွယ်နှင့်ပြည့်စုံပါ၏။ သူ့ကို

မေးကြပါလော့။ သူသည် ကိုယ်အကြောင်းကိုကိုယ်တိုင်ပြောပါလိမ့် မည်ဟုပြန်ပြောကြ၏။ ဤသို့ပြောသည်အကြောင်းကား ယေရှုသည် ခရစ်တော်ဖြစ်သည်ဟု ယုဒလူတို့သည် တိုင်ပင်စီရင်နှင့်ကြပြီ။ ထိုကြောင့် မိဘတို့က သူသည်အသက်အရွယ်နှင့်ပြည့်စုံပါ၏။ သူကိုမေးကြပါ လော့ဟု ယုဒလူတို့ကိုကြောက်၍ပြောကြ၏။ ထိုကြောင့်မျက်စိကန်း ဖူးသောသူကို ဒုတိယအကြိမ်ခေါ်၍ ဘုရားသခင်ကိုချီးမွမ်းလော့။ ထိုသူသည်လူဆိုးဖြစ်ကြောင်းကို ငါတို့သိ၏ဟုဆိုကြလျှင် လူဆိုးဖြစ် သည်မဖြစ်သည်ကို အကျွန်ုပ်မသိ။ အကျွန်ုပ်သည်အထက်က မျက်စိ ကန်း၍ ယခုမျက်စိမြင်သည် အကြောင်းတစ်ခုကို အကျွန်ုပ်သိပါသည်ဟု ဆို၏။ တစ်ဖန်သူတို့က၊ သူသည်သင်၌အဘယ်သို့ပြုသနည်း။ သင်၏ မျက်စိကိုအဘယ်သို့ဖွင့်သနည်းဟုမေးလျှင် အကျွန်ုပ်တစ်ခါပြောပြီးပြီ။ သင်တို့နားမကြားကြ။ အဘယ်ကြောင့်တစ်ဖန်ကြားချင်သနည်း။ သူ့တပည့်ဖြစ်ချင်သလောဟုဆို၏။ ယော၊ ၉း၂၀–၂၇။

သင်တို့သည်ငါ၏နာမကိုအမှီပြုလျက် ဆုတောင်းသမျှအတိုင်း ငါပြုမည်။ အကြောင်းမူကား ခမည်းတော်သည် သားတော်အား ဖြင့် ဘုန်းထင်ရှားတော်မူခြင်းရှိမည်အကြောင်းတည်း။ သင်တို့သည်ငါ၏ နာမကိုအမှီပြု၍ တစ်စုံတစ်ခုသောဆုကိုတောင်းလျှင် တောင်းသည် အတိုင်းငါပြုမည်။ ငါ့ကိုချစ်လျှင်ငါ့ပညတ်တို့ကိုစောင့်ရှောက်ကြလော့။ ယော၊ ၁၄း၁၃–၁၅။

သင်တို့သည်ငါ၌တည်၍ ငါ၏စကားသည် သင်တို့၌တည်လျှင် သင်တို့သည်တောင်းချင်သမျှကိုတောင်း၍ရကြလိမ့်မည်။ သင်တို့သည် များစွာသောအသီးကိုသီးသောအားဖြင့် ငါ့ခမည်းတော်သည် ဘုန်းထင် ရှားတော်မူ၍ သင်တို့သည်လည်း ငါ၏တပည့်မှန်ဖြစ်ကြလိမ့်မည်။ ယော၊ ၁၅း၇၊၈။

ထိုသူတို့၏တရားဇရပ်၌ညစ်ညူးသောနတ်စွဲသောသူရှိ၍ သြော်နာဇရက်မြို့သားယေရှု၊ ကိုယ်တော်သည် အကျွန်ုပ်တို့နှင့်အဘယ်သို့ဆိုင်သနည်း။ အကျွန်ုပ်တို့ကိုဖျက်ဆီးခြင်းငှာလာသလော။ ကိုယ်တော်သည် အဘယ်သူဖြစ်သည်ကိုကျွန်ုပ်သိပါ၏။ ဘုရားသခင်၏သန့်ရှင်းတော်မူသောသူဖြစ်ပါသည်ဟုဟစ်ကြော်လေ၏။ ယေရှုကလည်း၊ တိတ်ဆိတ်စွာနေလော့၊ ထိုသူ၏အထဲကထွက်သွားလော့ ဟုဆုံးမတော်မူ၏။ မာ၊ ၁း၂၃–၂၅။

အကြောင်းမူကား သေခြင်းဖြစ်စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ ကောင်းကင်တမန်ဖြစ်စေ၊ အထွက်အမြတ်ဖြစ်စေ၊ အာဏာတန်ခိုးဖြစ်စေ၊ မျက်မှောက်အရာဖြစ်စေ၊ နောင်လာလတ္တံ့သောအရာဖြစ်စေ၊ အမြင့်ဖြစ်စေ၊ အနိမ့်ဖြစ်စေ ဤအရာမှစ၍ အဘယ်နိမ္မိတအရာမျှသည် ငါတို့သခင်ယေရှုခရစ်အားဖြင့်ခံရသော ဘုရားသခင်၏မေတ္တာတော်နှင့်ငါတို့ကိုမကွာစေနိုင်ဟု ငါသည်သဘောကျလျက်ရှိ၏။ ရော၊ ၈း၃၈၊၃၉။

ဖိလဒေလဖိမြို့၌ရှိသောအသင်းတော်၏တမန်ကို ဤသို့ရေး၍မှာလိုက်လော့။ သန့်ရှင်းသောသူ၊ ဟုတ်မှန်သောသူ၊ ဒါဝိဒ်မင်း၏တံခါးသော့ကိုကိုင်သောသူ၊ အဘယ်သူမျှမပိတ်နိုင်အောင်ဖွင့်၍ အဘယ်သူမျှမဖွင့်နိုင်အောင်ပိတ်သောသူ၏အမိန့်တော်ကား သင်၏အကျင့်ကိုငါသိ၏၊ အဘယ်သူမျှမပိတ်နိုင်သောတံခါးကို သင့်ရှေ့၌ငါဖွင့်ထားပြီ။ အကြောင်းမူကား၊ သင်သည်အနည်းငယ်သောခွန်အားရှိသည်နှင့်ငါ၏နှုတ်ကပါဌ်ကိုစောင့်ရှောက်ခဲ့ပြီ။ ငါ၏နာမကိုလည်းမစွန့်ပယ်။ ယုဒလူဖြစ်ယောင်ဆောင်၍ မမှန်မဟုတ်ဘဲမုသားစကားကိုပြောသောသူတည်းဟူသော စာတန်၏အပေါင်းအသင်းဝင်သူအချို့တို့ကို သင်၌ငါအပ်ပေးမည်။ သူတို့သည်လာ၍သင်၏ခြေရင်း၌ ပျပ်ဝပ်စေခြင်းငှာလည်းကောင်း၊ ငါသည်သင့်ကိုချစ်သည်ဟုသိစေခြင်းငှာလည်းကောင်း

ငါပြုမည်။ သင်သည်ငါ၏သည်းခံခြင်းနှင့်စပ်ဆိုင်သော နှုတ်ကပတ်၌ တရားကိုစောင့်ရှောက်သောကြောင့် မြေကြီးအပေါ်၌နေသောသူတို့ကို စုံစမ်းခြင်းငှာ လောကီနိုင်ငံအရပ်ရပ်တို့ကိုနှံ့ပြားလတ္တံ့သော စုံစမ်းရာကာလတွင် သင့်ကိုငါစောင့်ရှောက်မည်။ ငါသည်အလျင်အမြန်လာမည်။ သင်၏သရဖူကိုအဘယ်သူမျှမယူစေခြင်းငှာ ရခဲ့ပြီးသောအရာကိုစွဲကိုင်လော့။ အကြင်သူသည် အောင်မြင်၏။ ထိုသူကိုငါသည် ငါ၏ဘုရားသခင့်ဗိမာန်တော်၌တိုင်ဖြစ်စေမည်။ နောက်တစ်ဖန်သူသည် အပြင်သို့မရွေ့ရ။ ငါ၏ဘုရားသခင်နာမတော်ကိုလည်းကောင်း၊ ငါ၏ဘုရားသခင်ထံတော်မှထွက်၍ ကောင်းကင်ဘုံမှဆင်းသက်သောယေရုရှလင်မြို့သစ်တည်းဟူသော ငါ၏ဘုရားသခင့်မြို့တော်၏နာမကိုလည်းကောင်း၊ ငါ၏နာမသစ်ကိုလည်းကောင်း ထိုသူအပေါ်၌ငါသည်အက္ခရာတင်မည်။ ဝိညာဉ်တော်သည် အသင်းတော်တို့အား အဘယ်သို့မိန့်တော်မူသည်ကိုနားရှိသောသူမည်သည်ကားကြားပါစေ။ ဗျာ၊ ၃း၇–၁၃။

ထိုသူတို့သည်ကညာဖြစ်၍ မေတုန်အမှုနှင့်ညစ်ညူးသောသူဖြစ်ကြ၏။ သိုးသငယ်သွားလေရာရာအရပ်သို့ နောက်တော်၌လိုက်သောသူဖြစ်ကြ၏။ လူတို့အထဲကရွေးနုတ်၍ ဘုရားသခင်နှင့်သိုးသငယ်အဖို့အဦးသီးသောအသီးဖြစ်ကြ၏။ အပြစ်နှင့်ကင်းလွတ်ကြသည်ဖြစ်၍ သူတို့နှုတ်၌မုသာမရှိ။ ဗျာ၊ ၁၄း၄၊၅။

ငါတို့ကျင့်သောအကျင့်မူကား ကောင်းကင်ဘုံနှင့်စပ်ဆိုင်လျက်ရှိ၏။ ကယ်တင်တော်မူသောအရှင်သခင်ယေရှုခရစ်သည် ကောင်းကင်ဘုံမှကြွလာတော်မူမည်ဟု ငါတို့သည်မြော်လင့်လျက်နေကြ၏။ဖိ၊ ၃း၂၀။

ထိုကြောင့်ညီအစ်ကိုတို့၊ သခင်ဘုရားကြွလာတော်မူသည်တိုင်အောင် သည်းခံလျက်စောင့်နေကြလော့။ အကယ်၍လယ်လုပ်သောသူသည်အရင်မိုး၊ နောက်မိုးကိုရသည်တိုင်အောင် အဖိုးထိုက်သော

မြေအသီးကိုသည်းခံလျက်စောင့်နေ၍ မျှော်လင့်တတ်၏။ သင်တို့သည်လည်း သည်းခံလျက်စောင့်နေကြလော့။ ကိုယ်စိတ်နှလုံးကိုမြဲမြဲစေကြလော့။ သခင်ဘုရားကြွလာတော်မူသောအချိန်ရောက်လုနီးပြီ။ ယာ၊ ၅း၇၊၈။

ထိုသခင်သည်ခပ်သိမ်းသောအရာကိုပင် မိမိအောက်၌နှိမ့်ချနိုင်တော်မူသောပြုပြင်အားထုတ်ခြင်းအားဖြင့် ယုတ်ညံ့သောငါတို့၏ကိုယ်ခန္ဓာကိုပင် ဘုန်းအရေနှင့်ပြည့်စုံသောကိုယ်ခန္ဓာတော်၏နည်းတူဖြစ်စေခြင်းငှာ အသစ်ပြင်ဆင်တော်မူလတ္တံ့။ ဖိ၊ ၃း၂၁။

တစ်ဖန်ငါကြည့်လျှင်ဖြူသောမိုးတိမ်ရှိ၏။ လူသားတော်နှင့်တူသောသူသည် ခေါင်းတော်ပေါ်၌ရွှေသရဖူကိုဆောင်းလျက်၊ ထက်သောတံစဉ်ကိုကိုင်လျက် မိုးတိမ်ပေါ်မှာထိုင်တော်မူ၏။ ကောင်းကင်တမန်တစ်ပါးသည် ဗိမာန်တော်ထဲကထွက်၍ ကိုယ်တော်၏တံစဉ်ကိုလွှတ်၍စပါးကိုရိတ်တော်မူပါ။ ရိတ်ရသောချိန်ရောက်ပါပြီ။ မြေကြီး၌ရိတ်စရာစပါးမှည့်ပါပြီဟု မိုးတိမ်ပေါ်မှာထိုင်သောသူသည် မိမိတံစဉ်ကိုမြေကြီး၌သွင်း၍ မြေကြီး၏စပါးကိုရိတ်တော်မူ၏။ ကောင်းကင်တမန်တစ်ပါးသည် ကောင်းကင်ဘုံ၌ရှိသော ဗိမာန်တော်ထဲကထွက်၍ သူ၌လည်းထက်သောတံစဉ်ပါ၏။ ဗျာ၊ ၁၄း၁၄–၁၇။

ထို့ကြောင့်ဘုရားသခင်၏လူတို့အဖို့အလိုငှာ ငြိမ်ဝပ်ခြင်းချမ်းသာတစ်မျိုးသည် ကျန်ရစ်သေး၏။ ဟေဗြဲ၊ ၄း၉။

သန့်ရှင်းသောမြို့တည်းဟူသော ယေရုရှလင်မြို့သစ်သည် မိမိခင်ပွန်းအဖို့ တန်ဆာဆင်သောမင်္ဂလာဆောင်သတို့သမီးကဲ့သို့ပြင်ဆင်လျက်ဘုရားသခင့်အထံတော်ကောင်းကင်ဘုံက ဆင်းသက်သည်ကိုငါမြင်၏။ ဗျာ၊ ၂၁း၂။

ထိုနောက်မှငါကြည့်လျှင် သိုးသငယ်သည် ဇိအုန်တော်ပေါ်မှာ ရပ်နေ၏။ သူ၏နာမနှင့်ခမည်းတော်၏နာမကို နဖူး၌အက္ခရာတင်သော သူ တစ်သိန်းလေးသောင်းလေးထောင်လည်း သူနှင့်အတူရှိကြ၏။ ဗျာ၊ ၁၄း၁။

တစ်ဖန်ကျောက်သလင်းကဲ့သို့ကြည်လင်၍ ဘုရားသခင်နှင့် သိုးသငယ်၏ပလ္လင်တော်ထဲကထွက်သော အသက်စမ်းရေစီးရာမြစ်ကို ကောင်းကင်တမန်သည် ငါ့အားပြလေ၏။ မြို့လမ်းမအလယ်၌လည်း ကောင်း၊ ထိုမြစ်နှစ်ဖက်၌လည်းကောင်း အသက်ပင်ရှိ၏။ ထိုအသက် ပင်သည် အသီးတစ်ဆယ့်နှစ်မျိုးကိုသီးတတ်၏။ မိမိအသီးကိုလည်း လတိုင်းပေးတတ်၏။ အရွက်သည်လည်း လူအမျိုးမျိုးတို့၏အနာရောဂါ ငြိမ်းစရာဖြစ်၏။ နောက်တစ်ဖန်ကျိန်ခြင်းဘေး တစ်စုံတစ်ခုမျှမရှိ။ ထိုမြို့၌ဘုရားသခင်နှင့်သိုးသငယ်၏ပလ္လင်တော်ရှိ၍ ဘုရားသခင်၏ ကျွန်တို့သည် ဘုရားဝတ်ကိုပြုကြလိမ့်မည်။ မျက်နှာတော်ကိုမြင်ရ၍ သူတို့နဖူး၌လည်း နာမတော်ရေးထားလျက်ရှိလိမ့်မည်။ ထိုမြို့၌ညမရှိရ။ ဆီမီးကိုအလိုမရှိ။ နေ၏အရောင်ကိုလည်းအလိုမရှိ။ အကြောင်းမူကား ထာဝရဘုရားသခင်သည် သူတို့၌ရောင်ခြည်တော်ကိုလွှတ်တော်မူ၍ သူတို့သည် ကမ္ဘာအဆက်ဆက်စိုးစံရကြလတ္တံ့။ ဗျာ၊ ၂၂း၁–၅။

## ဆက်လက်တွေ့မြင်ရသောရူပါရုံများ

၁၈၄၇ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တစ်နေ့တွင် တော့ပရှင်မြို့၊ မိန်းပြည် နယ်[*] တွင်ညီအစ်ကိုများနှင့်အတူ စည်းဝေးဝတ်ပြုနေကြစဉ် ဘုရား သခင်သည် ကျွန်မအားအောက်ဖေါ်ပြပါ ရူပါရုံကိုပေးတော်မူပါသည်။

[*] Topsham, Maine

ကျွန်မတို့အားလုံးဆုတောင်းပတ္ထနာပြုရန် ထူးခြားသောစိတ်အာရုံကို ခံစားရကြပါသည်။ ဆုတောင်းနေကြသောအခါတွင်လည်း ကျွန်မတို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်သက်ရောက်လာပါသည်။ ကျွန်မတို့အားလုံးလည်းပျော်ရွှင်လျက်ရှိကြပါသည်။ မကြာမီ ကျွန်မသည် လောကီရေးရာများကိုသတိမရတော့ဘဲ ဘုရားသခင်၏ဘုန်းတော်နှင့် ရစ်ပတ်လျက် ရူပါရုံကိုရှုနေရပါသည်။ ကောင်းကင်တမန်တစ်ပါးသည် အရှိန်အဟုတ်ပြင်းစွာဖြင့် ကျွန်မရှိရာသို့ပျံသန်းလာပြီးလျှင် ကျွန်မအား သန့်ရှင်းသောမြို့တော်သို့ အလျင်အမြန်သယ်ဆောင်သွားပါသည်။ မြို့တော်တွင် ဗိမာန်တော်တစ်ဆောင်ကိုတွေ့မြင်ရသဖြင့် ဝင်ရောက်သွားခဲ့ပါသည်။ ပထမကန့်လန့်ကာသို့မရောက်မီ တံခါးတစ်ခုကို ဖြတ်ကျော်ရပါသည်။ ယင်းကန့်လန့်ကာကိုအထက်သို့မြှင့်တင်လိုက်သောအခါ ကျွန်မသည် သန့်ရှင်းရာဌာနအတွင်းသို့ဝင်သွားပါသည်။ နံ့သာပေါင်းမီးရှို့ရာပလ္လင်ကိုလည်းကောင်း၊ မီးခွက်ခုနစ်လုံးပါသော မီးခုံတိုင်ကိုလည်းကောင်း၊ ရှေ့တော်မုန့်တင်သောစားပွဲကိုလည်းကောင်း ထိုအခန်းတွင်တွေ့မြင်ရပါသည်။ သန့်ရှင်းရာဌာန၏ဘုန်းကြီးတော်မူပုံကိုရှုစားရပြီးနောက် သခင်ယေရှုသည် ဒုတိယကန့်လန့်ကာကိုအထက်သို့မြှင့်တင်လိုက်တော်မူသဖြင့် ကျွန်မသည် အသန့်ရှင့်ဆုံးသောအခန်းသို့ဝင်လိုက်ပါသည်။

အသန့်ရှင်းဆုံးသောအခန်းတွင် ပဋိညာဉ်သေတ္တာတော်ကိုတွေ့မြင်ရပါသည်။ ယင်းသေတ္တာတော်၏အဖုံးနှင့်နံဘေးများကို အသန့်စင်ဆုံးသောရွှေစင်အစစ်ဖြင့်ပြုလုပ်ထားပါသည်။ သေတ္တာတော်အပေါ်တစ်ဖက်စွန်းစီတွင် မြတ်နိုးဖွယ်အကောင်းဆုံးသောခေရုဗိမ်တစ်ပါးစီတို့သည် မိမိတို့၏အတောင်များကိုသေတ္တာအပေါ်တွင် ဖြန့်မိုးလျက်

ရပ်နေကြပါသည်။ သူတို့သည် မျာက်နှာချင်းဆိုင်လျက် အောက်သို့ ငုံ့၍ကြည့်နေကြပါသည်။ သူတို့၏အလယ်တွင်နံ့သာပေါင်းပူဇော်ရာ ရွှေလင်ပန်းတစ်ခုရှိပါသည်။ ကောင်းကင်တမန်တို့ရပ်နေသည့်သေတ္တာ ၏အဖုံးပေါ်တွင် ဘုန်းတော်ရောင်ခြည်ထူးကဲစွာ ထွန်းတောက်နေသည် ဖြစ်၍ ဘုရားသခင်စိုးစံတော်မူရာ ပလ္လင်တော်ရှိပုံပေါက်နေပါသည်။ သခင်ယေရှုသည် သေတ္တာတော်နံဘေးတွင်ရပ်တော်မူလျက် သန့်ရှင်း သူတို့၏ပတ္ထနာသံများ မိမိထံတော်သို့ရောက်လာတိုင်း ရွှေလင်ပန်း ပေါ်တွင်ရှိသောနံ့သာပေါင်းသည် အငွေ့ထွက်သဖြင့် ကိုယ်တော်သည် ယင်းပတ္ထနာများကို နံ့သာပေါင်း၏အငွေ့များနှင့်အတူ ခမည်းတော်ထံ သို့ဆက်လက်ဆက်ကပ်ပူဇော်တော်မူ၏။ သေတ္တာတော်အတွင်း၌မန္နမုန့် ထည့်ထားသည့်ရွှေအိုး၊ အပွင့်ပွင့်သောအာရုံ၏လှံတံနှင့်စာအုပ်သဖွယ် ခေါက်ထားသည့်ကျောက်ပြားနှစ်ပြားတို့ရှိကြပါသည်။ ၎င်းကျောက်ပြား များကိုသခင်ယေရှုဖွင့်တော်မူသောအခါ ဘုရားသခင်၏လက်တော်ဖြင့် ရေးထားသောပညတ်တော်ဆယ်ပါးကို ကျွန်မတွေ့မြင်ရပါသည်။ ကျောက်ပြားတစ်ချပ်ပေါ်တွင်ပညတ်တော်လေးပါးနှင့် အခြားကျောက် ပြားတစ်ချပ်ပေါ်တွင် ပညတ်တော်ခြောက်ပါးရှိကြသည်။ ပထမကျောက် ပြားပေါ်တွင်ရှိသော ပညတ်တော်လေးပါးသည် အခြားကျောက်ပြားပေါ် ရှိပညတ်တော်ခြောက်ပါးထက်ပို၍ အရောင်တောက်နေပါသည်။ စတုတ္ထ ပညတ်ဖြစ်သည့်ဥပုသ်နေ့နှင့်ဆိုင်သောပညတ်တော်သည် အတောက်ပ ဆုံးဖြစ်ပါသည်။ အကြောင်းမှာ ဥပုသ်နေ့သည်ဘုရားသခင်၏သန့်ရှင်း တော်မူသောနာမတော်ကိုဂုဏ်ပြုရန်အတွက် စောင့်ထိန်းရန်သီးသန့်ထား တော်မူခြင်းကြောင့်ဖြစ်ပါသည်။ သန့်ရှင်းသောဥပုသ်နေ့သည် ဘုန်း အသရေတော်နှင့်ပြည့်ဝ၍ ယင်းပညတ်တော်ကိုဘုန်းတော်ရောင်ခြည် ဝန်းရံလျက်ရှိပါ၏။ ရူပါရုံတွင် ဥပုသ်နေ့ဆိုင်ရာပညတ်တော်အား

လက်ဝါးကပ်တိုင်ပေါ်တွင်ရိုက်ထားသည်ဟူ၍မတွေ့ရပါ။ အကယ်၍ ယင်းစတုတ္ထ ပညတ်တော်ကိုလည်းကောင်း၊ အခြားသောပညတ်တော် ကိုးပါးကိုလည်းကောင်း လက်ဝါးကပ်တိုင်ပေါ်တွင်ရိုက်ထားပြီးဖြစ်ပါက ယင်းစတုတ္ထပညတ်နှင့်တကွ အခြားပညတ်တော်ကိုးပါးကိုပါ ကျွန်ုပ် တို့လွတ်လပ်စွာချိုးဖေါက်ကျူးလွန်နိုင်ကြမည်ဖြစ်ပါသည်။ ဘုရားသခင် သည် မည်သည့်အခါတွင်မျှ ပြောင်းလဲတော်မူခြင်းမရှိသည့်အတွက် ကိုယ်တော်သည်ဥပုသ်နေ့ကိုလည်းမပြောင်းလဲကြောင်း ကျွန်မရှုမြင်ရ ပါသည်။ သို့သော်ပုပ်ရဟန်းမင်းကြီးသည် ကာလအချိန်နှင့်ပညတ် တရားများကိုပြောင်းလဲစေခြင်းငှာ ကြံစည်သောသူဖြစ်သောကြောင့် ဥပသ်နေ့ကို ခုနစ်ရက်တွင် သတ္တမနေ့မှပထမနေ့သို့လွှဲပြောင်းထား ပါသည်။

အကယ်၍ဘုရားသခင်သည် ဥပုသ်နေ့ကိုခုနစ်ရက်တွင်သတ္တမ နေ့မှပထမနေ့သို့ပြောင်းထားမည်ဆိုပါက ကောင်းကင်ဘုံ၌ရှိသော ဗိမာန်တော်၏အသန့်ရှင်းဆုံးသောအခန်းမှ ပဋိညာဉ်သေတ္တာတော် အတွင်း၌ ယခုရှိနေသောပညတ်တော်ကျောက်ပြားများပေါ်တွင် ပထမ နေ့ရက်သည် သင်၏ဘုရားသခင်ထာဝရဘုရား၏ဥပုသ်နေ့ဖြစ်သည်ဟု လွှဲပြောင်းရေးထားတော်မူသည်ကို ကျွန်မတွေ့မြင်ရပါလိမ့်မည်။ သို့သော် ကျောက်ပြားများပေါ်တွင် ဘုရားသခင်၏လက်တော်ဖြင့်ရေးထားပြီးမှ သိနာတောင်ပေါ်တွင် မောရှေအားပေးအပ်တော်မူခဲ့သည့်အတိုင်း "သတ္တမနေ့ရက်သည် သင်၏ဘုရားသခင်ထာဝရဘုရား၏ဥပုသ်နေ့ ဖြစ်၏" ဟုပင်ကျွန်မတွေ့မြင်ရပါသည်။ သန့်ရှင်းသောဥပုသ်နေ့သည် ဘုရားသခင်၏စစ်မှန်သောဣသရေလလူမျိုးနှင့် မယုံကြည်သောသူများ ကိုခွဲခြားသတ်မှတ်ထားသည့်နံရံအကာဖြစ်၍ နောက်နောင်တွင်လည်း ယင်းအတိုင်းပင်ဆက်လက်တည်ရှိနေလိမ့်မည်ဟူ၍လည်းကောင်း၊ ဥပုသ်

နေ့သည် ဘုရားသခင်ချစ်တော်မူ၍ ကြွလာတော်မူမည်ကိုစောင့်မျှော်နေသည့် သန့်ရှင်းသောသူများစည်းလုံးမှုရရှိရေးအတွက် ကြီးစွာသောပြဿနာတစ်ရပ်ဖြစ်ကြောင်းကိုလည်းကောင်း ရူပါရုံတွင် ကျွန်မရှုမြင်ရပါသည်။

ဘုရားသခင်၏သားသမီးတို့တွင် ဥပုသ်နေ့အကြောင်းကိုမသိနားမလည်၍ မစောင့်ရှောက်ခဲ့ရသောသူများလည်းပါဝင်သည်ကို ကျွန်မရှုမြင်ရပါသည်။ သူတို့အနေဖြင့်ဥပုသ်နေ့နှင့်စပ်လျဉ်းသောအလင်းတရားကိုငြင်းပယ်ကြသည်မဟုတ်ပါ။ ဆင်းရဲဒုက္ခကပ်ကာလအစပြုချိန်တွင် ဥပုသ်နေ့နှင့်စပ်လျဉ်းသောသတင်းစကားကို ပိုမိုစုံလင်စွာကြွေးကြော်ရန်ခရီးထွက်ကြစဉ်တွင် ကျွန်မတို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝနေကြပါသည်။ * ဤအကြောင်းကြောင့် အသင်းတော်များနှင့်ကြွလာတော်မူခြင်းကိုစောင့်မျှော်နေပါသည်ဟု အဆိုပြုသောသူများအနေဖြင့်မှန်သောဥပုသ်နေ့အကြောင်းကိုပြန်လှန်ချေပခြင်းမပြုနိုင်သောအခါ အမျက်ဒေါသထွက်ကြပါသည်။ ထိုအချိန်တွင် ကျွန်မတို့၌သမ္မာတရားတော်ရှိကြောင်း ဘုရားသခင်ရွေးချယ်တော်မူခြင်းခံရသောလူများ ဧကန်စင်စစ်သိကြသောအခါ ကျွန်မတို့နှင့်ပူးပေါင်း၍ညှင်းဆဲနှိပ်စက်ခြင်းကိုကြံ့ကြံ့ ခံရပ်နိုင်ကြပါသည်။ ကျွန်မသည်ဓားနှင့်ကွပ်မျက်ခြင်း၊ အစာခေါင်းပါးခြင်း၊ ရောဂါကပ်ဆိုက်ရောက်ခြင်းနှင့်တိုင်းပြည်တွင်ကြီးစွာသောရှုပ်ထွေးမှုများဖြစ်သည်ကို ရှုမြင်ရပါသည်။ ကျွန်မတို့ကြောင့် သူတို့တရားစီရင်ခြင်းကိုခံရကြသည်ဟု မတရားသောသူများက ထင်မှတ်မှားကြပါသည်။ ထိုကြောင့် ကမ္ဘာမြေကြီးပေါ်မှကျွန်မတို့အားပထုတ်ရန်စည်းဝေးတိုင်ပင်ကြပါသည်။ ထိုသို့ပြုလျှင်မကောင်းမှုရပ်စဲသွားလိမ့်မည်ဟု သူတို့သဘောပိုက်ကြပါသည်။

---

* ဤအကြောင်းကို “နောက်ဆက်တွဲရှင်းလင်းချက်” တွင်ကြည့်ပါ။

ဆင်းရဲဒုက္ခကပ်ကာလအချိန်တွင် ကျွန်မတို့အားလုံးမြို့ကြီးရွာငယ်များမှထွက်ပြေးတိမ်းရှောင်ရကြပါသည်။ သို့သော် မတရားသောသူများသည်ဓားလက်နက်များကိုကိုင်စွဲလျက် သန့်ရှင်းသူများနောက်သို့လိုက်ကြ၏။ အိမ်သို့ဝင်၍လည်းတိုက်ခိုက်ကြ၏။ ကျွန်မတို့အား အသေသတ်ရန် သူတို့၏ဓားများကိုမြှောက်လိုက်ကြသည်နှင့်တစ်ပြိုင်နက်ယင်းဓားများကျိုး၍ ကောက်ရိုးပမာမြေပေါ်သို့ကျသွားကြလေ၏။ ထိုအခါကျွန်မတို့သည်လွတ်မြောက်ရေးအတွက် နေ့ညမပြတ်ဘုရားသခင်ထံတော်သို့ဟစ်ကြော်တောင်းလျှောက်ကြသဖြင့် ကျွန်မတို့၏ပတ္ထနာသံများ ဘုရားသခင်ရှေ့တော်သို့ရောက်လေ၏။ နေထွက်၍လာလေ၏။ လသည်လည်းရပ်တန့်၍နေလေ၏။ ချောင်းငယ်များမစီးဆင်းဘဲ ရပ်၍နေကြလေ၏။ မည်းမှောင်လေးလံသောမိုးတိမ်များတက်လာပြီးလျှင် တစ်ခုနှင့်တစ်ခုအရှိန်အဟုန်ပြင်းစွာတိုက်ကြလေ၏။ သို့သော် ကောင်းကင်တွင်ဘုန်းတန်ခိုးတော်စုဝေးရာနက္ခတ်တာရာကင်းစင်သည့် နေရာတစ်ကွက်ရှိနေပါသည်။ ယင်းနေရာမှသမုဒ္ဒရာရေသံကဲ့သို့ကောင်းကင်နှင့်မြေကြီးတုန်လှုပ်သည်တိုင်အောင် ဘုရားသခင်၏အသံတော်ထွက်ပေါ်လာပါသည်။ ကောင်းကင်သည်လည်းပွင့်လျက်၊ ပိတ်လျက်မငြိမ်မသက်တုန်လှုပ်လေ၏။ ယင်းအရှိန်အဟုန်ကြောင့်တောင်ကြီးများသည် ကျူရိုးကျူပင်ပမာ ယိမ်းယိုင်လှုပ်ခါသဖြင့်ပတ်ဝန်းကျင်သို့ ကျောက်တုံးကျောက်ခဲများလွင့်ထွက်ကြလေ၏။ ပင်လယ်သည်လည်း ရေနွေးအိုးကဲ့သို့ဆူပွက်လေသောကြောင့် ကုန်းပေါ်သို့ကျောက်တုံးကျောက်ခဲများလွင့်စင်ကျလေ၏။ ထိုအခါဘုရားသခင်သည် သခင်ယေရှုကြွလာတော်မမူမည့်အချိန်နှင့်နာရီကို မိန့်တော်မူလျက်ထာဝရပဋိညာဉ်ကို မိမိလူတို့အားကမ်းလှမ်းတော်မူရာတွင် ဝါကျတစ်ခုကိုမိန့်တော်မူပြီးတိုင်း စကားလုံးတော်များ ကမ္ဘာမြေကြီးတစ်လျှောက်

လုံးတွင်လူးလာခတ်၊ ပွဲတင်ထပ်နေချိန်၌ရပ်တန့်၍နေတော်မူ၏။ ဘုရားသခင်၏ဣသရေလလူတို့သည် မျက်စိများကိုဖွင့်၍ ကောင်းကင်သို့မျှော်ကြည့်လျက် ယေဟောဝါအရှင်၏နှုတ်တော်ထွက်စကားလုံးများကမ္ဘာမြေကြီးစွန်းတိုင်အောင် အကျယ်လောင်ဆုံးသောအသံဖြင့် မိုးချုန်းသကဲ့သို့ဟိန်းသွားသည်ကိုနားစွင့်နေကြပါသည်။ ကြောက်မက်ဖွယ်ကောင်းလှပါသည်တကား။ ဝါကျတစ်ခုပြီးဆုံးတိုင်း သန့်ရှင်သူများက "ဟာလေလုယဘုန်းကြီးတော်မူပါစေသတည်း" ဟုကြွေးကြော်ကြပါသည်။ သိနာတောင်ပေါ်မှမောရှေဆင်းလာသောအခါ သူ၏မျက်နှာထွန်းပနေဘိသကဲ့သို့ သူတို့၏မျက်နှာများသည်လည်း ဘုရားသခင်၏တန်ခိုးတော်ကြောင့် အရောင်တောက်နေကြပါသည်။ ဘုရားသခင်၏ဘုန်းတော်ကြောင့်မတရားသောသူများက သူတို့အားမကြည့်ဝံ့ပါ။ ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှာစောင့်ထိန်း၍ ဘုရားသခင်၏ဂုဏ်တော်ကိုထင်ရှားစေသောသူများအပေါ်သို့ မကုန်မဆုံးနိုင်သောကောင်းချီးမင်္ဂလာအပေါင်းကို ဘုရားသခင်မိန့် မြွက်တော်မူသောအခါ သားရဲနှင့်သူ၏ရုပ်တုကိုအောင်မြင်ပြီဖြစ်ကြောင်း ကြီးစွာသောအသံဖြင့်ကြွေးကြော်ကြပါသည်။

ထိုနောက်ပြည်တော်တွင်နားနေကြရန် ယုဘိလနှစ်အစပြုလေ၏။ ထိုစဉ်တွင် ဘုရားတရားကိုကြည်ညိုပြီး လေးမြတ်သောငွေဝယ်ကျွန်သည်လွတ်မြောက်ခြင်းကိုရ၍ မတ်တတ်ရပ်လျက် မိမိအားချည်နှောင်ထားသောနှောင်ကြိုးများကိုခါချလိုက်ရာ သူ၏မတရားသောသခင်အနေဖြင့်ဘာလုပ်မည်ကိုမသိဘဲ ရှုပ်ထွေးသွားပါသည်။ အဘယ်ကြောင့်ဆိုသော်မတရားသောသူတို့သည် ဘုရားသခင်စကားတော်ကိုနားမလည်နိုင်ကြပါ။ ထိုနောက်မကြာမီပင် ဖြူသောမိုးတိမ်ကြီးပေါ်လာပါသည်။ မည်သည့်အခါကမျှ ထိုမျှလောက်ကြည်ညိုမြတ်နိုးဖွယ်ရာကို မဖူးမမြင်ခဲ့ရပါ။ ယင်းမိုးတိမ်ပေါ်တွင်လူသားထိုင်လျက်နေတော်မူ၏။ ပထမတွင်မိုးတိမ်ပေါ်၌ သခင်ယေရှုကိုကျွန်မတို့မဖူးမမြင်ရကြပါ။ ကမ္ဘာမြေကြီးနှင့်ပို၍

ပို၍နီးကပ်လာသောအခါတွင် ကိုယ်တော်အားကြည်ညိုမြတ်နိုးဖွယ်ရာ ဖူးမြင်ရကြပါသည်။ ယင်းမိုးတိမ်ပထမပေါ်လာစဉ်က ကောင်းကင်တွင် ဘုရားသခင့်သားတော်၏လက္ခဏာဖြစ်တော်မူ၏။ ဘုရားသခင်၏ သားတော်သည် အိပ်ပျော်လျက်ရှိသောသန့်ရှင်းသူများအားခေါ်ထုတ် တော်မူသောအခါ မဖေါက်ပြန်မပျက်စီးနိုင်သောခန္ဓာကိုယ်ဖြင့် ဝမ်းသာ အားရထလာကြပါသည်။ သက်ရှင်လျက်ရှိသောသန့်ရှင်းသူများသည် လည်း တစ်ခဏချင်းတွင်ပြောင်းလဲခြင်းသို့ရောက်၍ ထိုသူတို့နှင့်အတူ မိုးတိမ်ရထားပေါ်သို့ချီဆောင်ခြင်းကိုခံရကြပြီးလျှင် ကောင်းကင်သို့ တက်သွားကြသည်ကိုရှုမြင်ရသည်မှာ ထူးကဲစွာပင်ဘုန်းအသရေရှိလှပါ ၏။ ရထား၏နံဘေးတစ်ဖက်စီတွင် အတောင်များရှိပါသည်။ ၎င်းတို့၏ အောက်တွင်ဘီးများရှိပါသည်။ ရထားသည်ကောင်းကင်သို့တက်သွား စဉ်တွင် ဘီးများတို့က "သန့်ရှင်းတော်မူ၏" ဟုကြွေးကြော်ကြပါသည်။ အတောင်များကလည်းလှုပ်ရှားရင်း "သန့်ရှင်းတော်မူ၏" ဟုအလားတူ ကြွေးကြော်ကြပါသည်။ မိုးတိမ်ကိုဝန်းရံလျက်လိုက်ပါသည့် သန့်ရှင်း သောကောင်းကင်တမန်များကလည်း "ငါတို့၏အရှင်၊ အနန္တတန်ခိုး တော်ရှင်ဘုရားသခင်သည် သန့်ရှင်းတော်မူ၏၊ သန့်ရှင်းတော်မူ၏၊ သန့်ရှင်းတော်မူ၏" ဟုကြွေးကြော်ကြပါသည်။ ၎င်းအပြင်မိုးတိမ် တွင်းမှ သန့်ရှင်းသူများကလည်း "ဟာလေလုယ၊ ဘုန်းကြီးတော်မူပါ ၏" ဟုကြွေးကြော်ကြပါသည်။ ရထားသည်လည်း ကောင်းကင်သန့်ရှင်း ရာမြို့တော်သို့တက်လေ၏။ ရွှေမြို့တော်တံခါးများကို သခင်ယေရှုကိုယ် တော်တိုင်ဖွင့်၍ ကျွန်မတို့အားဝင်ခွင့်ပြုတော်မူ၏။ ကျွန်မတို့သည် "ဘုရားသခင်၏ပညတ်တော်များ" ကိုစောင့်ထိန်းကြသည့်အတွက် "အသက်ပင်၏အသီးကိုစားခွင့်ရှိသောကြောင့်" ထိုအရပ်တွင်ကြိုဆိုခြင်း ခံရကြပါသည်။

----000----

## တံဆိပ်ခတ်ခြင်း

၁၈၄၉ ခု၊ ဇန်နဝါရီလ(၅)ရက် သန့်ရှင်းသောဥပုသ်နေ့အစ၌ ရော့ကီးဟေး၊ ကွန်နက်တိကတ်[*] တွင် ဆရာကြီးဘယ်လဒင်[†] ၏မိသားစုနှင့်အတူ ဆုတောင်းပတ္ထနာပြုနေကြရာ ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်မတို့အပေါ်သို့သက်ရောက်လာပါသည်။ ကျွန်မသည်လည်း အသန့်ရှင်းဆုံးသောဌာနသို့ခေါ်ဆောင်ခြင်းကိုခံရ၍ သခင်ယေရှုသည် ဣသရေလလူမျိုးများအတွက် ကြားဖျန်ဖြေနေဆဲဖြစ်သည်ကို ရူပါရုံတွင်ရှုမြင်ရပါသည်။ ကိုယ်တော်၏ဝတ်ရုံတော်အောက်စွန်းနားတွင် ရွှေဆည်းလည်းတစ်လုံးနှင့်တလည်းသီးတစ်လုံးစီရှိပါသည်။ လူတိုင်းလူတိုင်းကယ်တင်ခြင်းရမည် သို့မဟုတ်၊ ဖျက်ဆီးခြင်းခံရမည်ကိုဆုံးဖြတ်၍မပြီးမီတိုင်အောင် သခင်ယေရှုသည် အသန့်ရှင်းဆုံးသောဌာနတော်မှထွက်ခွာတော်မူမည်မဟုတ်ကြောင်း၊ မိမိဆောင်ရွက်တော်မူသည့်အမှုတော်ပြီးစီး၍ ယဇ်ပုရောဟိတ်မင်း၏ဝတ်ရုံကိုချွတ်ပြီးမှ ရန်ကြွေးဆပ်ခြင်းဆိုင်ရာ ဝတ်ရုံတော်ကိုမဝတ်ဆင်မီတိုင်အောင် ဘုရားသခင်၏အမျက်တော်သက်ရောက်လိမ့်မည်မဟုတ်ကြောင်း ကျွန်မရှုမြင်ရပါသည်။ ထိုနောက်သခင်ယေရှုသည် လူသားနှင့်ခမည်းတော်၏စပ်ကြားမှထွက်ခွာတော်မူလိမ့်မည်ဖြစ်ရာ ဘုရားသခင်သည်တိတ်ဆိတ်စွာနေမည်မဟုတ်တော့ဘဲ ကိုယ်တော်၏သမ္မာတရားကိုငြင်းပယ်သောသူတို့အပေါ်သို့ အမျက်တော်ဖလားကိုသွန်းလောင်းတော်မူပေလိမ့်မည်။ လူမျိုးအပေါင်းတို့၏အမျက်ဒေါသ၊ ဘုရားသခင်၏အမျက်တော်၊ သေလွန်သောသူတို့အား တရားစီရင်ခြင်းတို့သည် တစ်ခုနှင့်တစ်ခုမတူ၊ တသီးတခြားစီဖြစ်၍ တစ်ခုပြီးမှနောက်တစ်ခုဖြစ်လိမ့်မည်ဟု ကျွန်မ

---

[*] Rocky Hill, Connecticut;
[†] Brother Belden.

ထင်ထင်ရှားရှားမြင်ရပါသည်။ ထိုကာလ၌မိက္ခေလအရှင်ကြီးသည်လည်းမပေါ်လာသေးကြောင်း၊ မသည်သည့်အချိန်ကာလကမျှမဖြစ်စဖူးသေးသော်ဆင်းရဲဒုက္ခကပ်ကာလသည်လည်း အစမပြုသေးကြောင်းများကိုမြင်ရပါသည်။ သို့သော်ယခုမူကား လူမျိုးအပေါင်းတို့သည် အမျက်ဒေါသထွက်စပြုလာကြလေပြီ။ သို့သော် ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်းကြီးသည် သန့်ရှင်းရာဌာနတော်တွင် မိမိ၏အမှုတော်ပြီးမြောက်သောအခါ ပေါ်လာတော်မူလိမ့်မည်။ ရန်ကြွေးဆပ်ခြင်းဆိုင်ရာဝတ်ရုံတော်ကိုလည်း ဝတ်ဆင်တော်မူလိမ့်မည်၊ ထိုအချိန်တွင်ဘေးဒဏ်ခုနစ်ပါးကိုသွန်းလောင်းတော်မူလိမ့်မည်။

ဆက်လက်၍ရှုမြင်ရသည်မှာ သန့်ရှင်းရာဌာနတော်တွင် သခင်ယေရှု၏အမှုတော်ပြီးစီးမီတိုင်အောင် ကောင်းကင်တမန်လေးပါးတို့သည် အရပ်လေးမျက်နှာလေတို့ကိုတားထားကြပါသည်။ ထိုနောက်မှနောက်ဆုံးသောဘေးဒဏ်ခုနစ်ပါးဆိုက်ရောက်ပေလိမ့်မည်။ ယင်းဘေးဒဏ်ခုနစ်ပါးကြောင့် မတရားသောသူတို့က ဖြောင့်မတ်သောသူတို့အပေါ်အမျက်ထွက်ကြ၏။ ဘုရားသခင်သည်သူတို့အားတရားစီရင်တော်မူခြင်းမှာ ကျွန်မတို့ကြောင့်ဖြစ်သည်ဟု သူတို့သဘောပိုက်ကြသဖြင့် ကျွန်မတို့အား ဤကမ္ဘာမြေကြီးပေါ်မှနှင်ထုတ်နိုင်ကြမည်ဆိုပါက သက်ရောက်နေသောဘေးဒဏ်များရပ်စဲသွားပေလိမ့်မည်ဟု သူတို့ထင်မှတ်မှားကြ၏။ ထိုကြောင်းသန့်ရှင်းသူများအားကွပ်မျက်ရန် အမိန့်တော်ထုတ်ပြန်လိုက်ရာ လွတ်မြောက်ရေးအတွက် နေ့ရောညပါဟစ်အော်ငိုကြွေးရကြပါသည်။ ဤသည်ကားယာကုပ်၏ဆင်းရဲဒုက္ခကပ်ကာလဖြစ်၏။ ထိုနောက်သန့်ရှင်းသူအပေါင်းတို့သည် စိတ်ဒုက္ခဝေဒနာကိုခံစားလျက်ငိုကြွေးညည်းတွားကြသောအခါ ဘုရားသခင်၏အသံတော်အားဖြင့်

ကယ်လွှတ်တော်မူခြင်းကိုခံရကြပါသည်။ လူပေါင်းတစ်သိန်းလေးသောင်းလေးထောင်တို့အောင်မြင်လွတ်မြောက်ကြပါသည်။ သူတို့၏မျက်နှာများပေါ်တွင် ဘုရားသခင်၏ဘုန်းတော်ရောင်ခြည်ထွန်းတောက်နေပါသည်။ ထိုနောက်ပူဆွေးဒုက္ခပြင်းစွာခံစားရသဖြင့် မြည်တမ်းအော်ဟစ်နေသောလလူတစ်စုကိုလည်း ကျွန်မမြင်ရပါသည်။ သူတို့၏ဝတ်ရုံများပေါ်တွင် သင့်အားချိန်ခွင်တွင်ချိန်၍လျော့နေကြောင်းတွေ့ရသည်ဟုစာလုံးကြီးများနှင့်ရေးထားသည်ကိုမြင်ရပါသည်။ သူတို့သည်မည်သူမည်ဝါဖြစ်ကြောင်း ကျွန်မကမေးသောအခါကောင်းကင်တမန်က "သူတို့သည်တစ်ကြိမ်က ဥပသ်နေ့ကိုစောင့်ထိန်းကြပြီးမှစွန့်ပယ်သူများဖြစ်သည်" ဟုပြောပါသည်။ "ကိုယ်တော်ကြွလာတော်မူမည်ကိုအကျွန်ုပ်တို့ယုံကြည်သောကြောင့် အစွမ်းသတ္တိရှိသမျှနှင့်ကြိုးစား၍ဟောပြောသွန်သင်ကြပါသည်" ဟု ကျယ်သောအသံဖြင့် သူတို့လျှောက်ထားနေကြသည်ကိုလည်း ကျွန်မကြားရပါသည်။ ယင်းသို့သူတို့တောင်းလျှောက်ထားနေကြစဉ် သူတို့၏ဝတ်ရုံများကို သူတို့ကိုယ်တိုင်ငုံ့ကြည့်မိကြသဖြင့် ရေးသားထားချက်ကိုတွေ့မြင်ရသောအခါ ကျယ်လောင်စွာငိုကြွေးမြည်တမ်းကြပါသည်။ သူတို့သည် နက်သောရေကိုသောက်ပြီးမှကြွင်းကျန်သမျှကိုခြေဖြင့်နင်း၍ ညစ်ညမ်းစေသကဲ့သို့ ဥပုသ်နေ့ကိုခြေဖြင့်နင်းကြ၏။ ထိုကြောင့်သူတို့သည် ချိန်ခွင်တွင်ချိန်စက်၍ လျော့နေသောသူများဖြစ်ကြ၏။

ထိုနောက်ကျွန်မအား စောင့်ရှောက်သည့်ကောင်းကင်တမန်ကကျွန်မအားမြို့တော်ဘက်ဆီသို့ညွှန်ပြရာ မြို့တော်တံခါးဆီသို့ပျံသန်းနေသောအခြားကောင်းကင်တမန်လေးပါးကိုမြင်လိုက်ပါသည်။ ယင်းကောင်းကင်တမန်များသည် တံခါးဝတွင်ရှိသောကောင်းကင်တမန်အားရွှေကတ်ပြားကိုထုတ်၍ပြနေကြစဉ် အခြားသောကောင်းကင်တမန်တစ်ပါး

သည် မြတ်တော်မူသောဘုန်းအသရေတော်ရှိရာမှလျင်မြန်သောအဟုန်ဖြင့်ပျံသန်းလာပြီးလျှင် သူ၏လက်နှင့်ကိုင်ထားသောအရာတစ်ခုခုကို အထက်အောက်ဝှေ့ယမ်းလျက် အခြားသောကောင်းကင်တမန်များအား ကျယ်သောအသံဖြင့်ပြောနေပါသည်။ ကျွန်မရှုမြင်နရသည့်အကြောင်းအရာများကို ကျွန်မ၏ကောင်းကင်တမန်အား မေးသောအခါ လောလောဆယ်တွေ့မြင်ပြီးသမျှထက် ပို၍မမြင်ရတော့ကြောင်း၊ သို့သော် ရှုမြင်ပြီးသမျှနှင့်စပ်လျဉ်း၍ အဓိပ္ပါယ်ပေါ်လွင်အောင် မကြာမီထပ်မံရှုမြင်ရလိမ့်မည်ဟုပြောပါသည်။

ဥပုသ်နေ့တစ်နေ့တွင် ကျွန်မတို့လူစုတစ်ယောက်သောသူနာဖျားမကျန်းဖြစ်သောကြောင့် ရောဂါပျောက်ကင်းရေးအတွက်ဆုတောင်းပေးပါဟုပြောပါသည်။ ထို့ကြောင့်အမှားအယွင်းနှင့်ကင်းလွတ်တော်မူသည့်သမားတော်ကြီးထံ ကျွန်မတို့အားလုံးတညီတညွတ်တည်းတောင်းလျှောက်ကြပါသည်။ ထိုအခါကောင်းကင်မှ အနာပျောက်ကင်းစေသည့်တန်ခိုးတော်ဆင်းသက်၍ နာမကျန်းသူသည် ပကတိကျန်းမာလျက် ကျွန်မ၏အပေါ်သို့သန့်ရှင်းသောဝိညာဉ်တော်သက်ရောက်သဖြင့် ရူပါရုံမြင်ရပါတော့သည်။

ကမ္ဘာမြေကြီးပေါ်တွင် အမှုတစ်စုံတစ်ရာဆောင်ရွက်ရန်ဆင်းသက်လာသော ကောင်းကင်တမန်လေးပါးကို ကျွန်မမြင်ရပါသည်။ သခင်ယေရှုသည် ယဇ်ပုရောဟိတ်မင်းကြီး၏ဝတ်စုံကိုဆင်မြန်းထားပါသည်။ ကိုယ်တော်သည်ကျန်ကြွင်းသူများကိုကြင်နာသနားသောအမူအရာဖြင့် ငေးစိုက်ကြည့်ရှုလျက် လက်တော်ကိုဆန့်၍ လေးနက်ကြင်နာသောအသံတော်ဖြင့် ''အကျွန်ုပ်၏အသွေး၊ အကျွန်ုပ်၏အသွေး၊ အကျွန်ုပ်၏အသွေး၊ အကျွန်ုပ်၏အသွေးကိုအောက်မေ့သတိရတော်ပါမူပါခမည်းတော်ဘုရား'' ဟုလျှောက်ထားတော်မူ၏။ ထိုအခါဖြူသောမဟာ

ပလ္လင်တော်ပေါ်တွင်ထိုင်တော်မူသည့် ဘုရားသခင်၏အသံတော်မှထူးကဲစွာထွန်းတောက်သောရောင်ခြည်တော်ထွက်လာ၍ သခင်ယေရှု၏ကိုယ်ပေါ်သို့သက်ရောက်တော်မူသည်ကို ကျွန်မမြင်ရပါသည်။ ထိုနောက်သခင်ယေရှုထံမှအခွင့်အာဏာလွှဲအပ်ခြင်းကိုခံယူရရှိထားသော ကောင်းကင်တမန်တစ်ပါးသည် တစ်စုံတစ်ခုကိုကိုင်စွဲလျက် အထက်အောက်ဖွေ့ယမ်းပြီးလျှင် မြေကြီးပေါ်တွင်အမှုတစ်စုံတစ်ရာဆောင်ရွက်ရန် အခွင့်အာဏာရရှိထားသော ကောင်းကင်တမန်လေးပါးထံသို့ လျင်မြန်သောအဟုန်ဖြင့်ပျံသန်းလျက် “ငါတို့ဘုရားသခင်၏ကျွန်တို့ကိုနဖူး၌တံဆိပ်မခတ်မီတိုင်အောင် ကိုင်ထားပါဦးလော့၊ ကိုင်ထားပါဦးလော့၊ ကိုင်ထားပါဦးလော့၊ ကိုင်ထားပါဦးလော့” ဟုကြီးသောအသံဖြင့်ကြွေးကြော်လေ၏။

ထိုအခါကျွန်မကြားရသောအသံနှင့် ကောင်းကင်တမန်လေးပါးတို့ဆောင်ရွက်လုဆဲဖြစ်သော အမှုတော်တို့၏အဓိပ္ပါယ်များကိုကျွန်မနှင့်အတူလိုက်ပါလာသော ကောင်းကင်တမန်အားမေးပါသည်။ ကောင်းကင်တမန်ကပြန်၍ပြောပြသည်မှာ ဘုရားသခင်သည် တန်ခိုးအာဏာများကိုတားဆီးထားကြောင်း၊ မိမိ၏ကောင်းကင်တမန်များအားကမ္ဘာမြေကြီးပေါ်တွင်ရှိသောအရာများအတွက် တာဝန်လွှဲအပ်ထားကြောင်း၊ ကောင်းကင်တမန်လေးပါးတို့သည် မြေ၏လေးမျက်နှာလေတို့ကိုကိုင်ထားရန် ဘုရားသခင့်ထံတော်မှအာဏာတန်ခိုးရရှိထားကြောင်း၊ သို့သော်သူတို့သည် မိမိတို့ကိုင်ထားသောလေများကိုလွှတ်အံ့ဆဲဆဲ၊ မိမိတို့၏လက်များကိုလျှော့နေချိန်၊ အရပ်လေးမျက်နှာမှလေတို့သည်လည်း တိုက်လုတိုက်ဆဲဖြစ်နေချိန်တွင် သခင်ယေရှုသည် တံဆိပ်မခတ်ရသေးသောကျန်ကြွင်းသူများအား ကရုဏာတော်အပြည့်အဝနှင့်ငေးစိုက်ကြည့်ရှုလျက် မိမိ၏လက်တော်ကိုပင်မြှောက်၍ မိမိ၏သွေးတော်ကို

ထိုသူများအတွက်စွန့်လှူယဲ့ဖိတ်ထားကြောင်းဖြင့် ခမည်းတော်ထံသို့ အသနားခံ၍နေတော်မူကြောင်း၊ ထိုကြောင့်ဘုရားသခင့်ကျွန်များ၏ နဖူးတွင် အသက်ရှင်တော်မူသောဘုရားသခင်၏တံဆိပ်တော်ဖြင့် မနှိပ် မခတ်ရမီတိုင်အောင် ကောင်းကင်တမန်လေးပါးတို့သည် လေတို့ကို ကိုင်ထားကြစေဖို့ပြောကြားရန် အခြားသောကောင်းကင်တမန်တစ်ပါး အာ အခွင့်အာဏာလွှဲအပ်လျက် အလျင်အမြန်စေလွှတ်တော်မူခြင်း ဖြစ်ကြောင်းများကိုရှင်းပြပါသည်။

## မိမိလူတို့အပေါ်ဘုရားသခင်၏မေတ္တာတော်

ဘုရားသခင်သည် မိမိလူတို့အားအဘယ်မျှလောက်ထောက်ထား ညှာတာတော်မူသည်ကိုလည်းကောင်း၊ မည်မျှလောက်ချစ်တော်မူသည် ကိုလည်းကောင်း ကျွန်မမြင်ရပါသည်။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာ တော်သည် ကြီးမြတ်တော်မူ၏။ ကောင်းကင်တမန်တို့သည် မိမိတို့၏ အတောင်းများကိုဖြန့်လျက် သန့်ရှင်သူများအားအကာအကွယ်ပေးထား ကြသည်ကို ကျွန်မမြင်ရပါသည်။ သန့်ရှင်းသူတစ်ယောက်စီတွင် စောင့်ရှောက်သောကောင်းကင်တမန်တစ်ပါးစီရှိကြပါသည်။ သန့်ရှင်း သူတို့စိတ်အားငယ်၍ မျက်ရည်ကျရောက်သောအခါတွင်လည်းကောင်း၊ ဘေးအန္တရာယ်နှင့်ရင်ဆိုင်ရကြသောအခါတွင်လည်းကောင်း သူတို့အား အမြဲတစေစောင့်ရှောက်ရသော ကောင်းကင်တမန်များသည် အထက် ဘဝဂ်သို့လျင်မြန်စွာပျံတက်၍ သတင်းပေးပို့ရာတွင် မြို့တော်ရှိ ကောင်းကင်တမန်တို့သီဆိုခြင်းကိုရပ်စဲလိုက်ကြပါသည်။ ထိုအခါသခင် ယေရှုသည် အခြားသောကောင်းကင်တမန်အား တာဝန်ပေးစေလွှတ်၍ ယင်းသန့်ရှင်းသူတို့သည် မိမိတို့၏ကျဉ်းမြောင်းရာလမ်းမှမသွေမဖည် စေမည်အကြောင်း အားပေးကူညီစောင့်ရှောက်ခြင်းတို့ကိုပြုစေတော်မူ၏။

သို့သော်သူတို့သည် ယင်းသို့ကူညီယိုင်းပင်းခြင်းကိုသတိမမူ၊ သက်သာမှုမရ၊ ဆက်လက်၍လည်းလမ်းလွဲနေကြဦးမည်ဆိုပါက ကောင်းကင်တမန်တို့သည် ဝမ်းနည်း၍မျက်ရည်ကျနေကြပေလိမ့်မည်။ သူတို့သည်လည်း ကောင်းကင်သို့ယင်းသတင်းကိုပေးပို့ကြသောအခါ မြို့တော်ရှိကောင်းကင်တမန်အပေါင်းတို့ငိုကြွေးကြပြီးလျှင် "အာမင်" ဟုကျယ်သောအသံဖြင့် ကြွေးကြော်ကြလိမ့်မည်။ သို့သော်သန့်ရှင်းသူတို့သည် မိမိတို့ရရှိမည့်ဆုကျေးဇူးကို မျက်ခြည်မပြတ်မျှော်မှန်းကြည့်ရှု၍ ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်းလျက် ကိုယ်တော်၏ဘုန်းတော်ကိုထင်ရှားစေမည်ဆိုပါက ကောင်းကင်တမန်တို့သည် မြို့တော်သို့ယင်းသတင်းကိုပေးပို့ကြသောအခါ မြို့တော်ရှိကောင်းကင်တမန်တို့သည် မိမိတို့၏ရွှေစောင်းတော်များကိုတီးလျက် ကျယ်သောအသံဖြင့် "ဟာလေလုယ" သီချင်းဆိုကြသည်မှာ ကောင်းကင်ဘဝဂ်တွင်မြတ်နိုးဖွယ်သောသီချင်းသံများပဲ့တင်ထပ်ပေးလိမ့်မည်။

သန့်ရှင်းသောမြို့တော်တွင် ပြီးပြည့်စုံသည့်စည်းမျဉ်းရှိ၍ အလုံးစုံတို့သည်ညီညာဖြဖြရှိကြပါသည်။ ကမ္ဘာမြေကြီးပေါ်သို့အကြည့်အရှုသွားရန်တာဝန်ပေးအပ်ခြင်းခံရသော ကောင်းကင်တမန်တိုင်းသည် ရွှေကတ်ပြားတစ်ခုစီကိုကိုင်ဆောင်ထားရပါသည်။ ယင်းကတ်ပြားကိုမြို့တော်တံခါးဝများတွင် စောင့်နေသောကောင်းကင်တမန်များအား အဝင်အထွက်တွင်ပြကြရပါသည်။ ကောင်ကင်ဘုံသည်ကောင်းသောနေရာအရပ်တစ်ခုဖြစ်ပါပေ၏။ ကျွန်မသည် ထိုနေရာအရပ်တွင်နေ၍ ကျွန်မအတွက်မိမိအသက်ကိုစွန့်တော်မူသည့် ကျွန်မ၏မြတ်နိုးဖွယ်သောသခင်ယေရှုအားစေ့စေ့ဖူးမြော်လျက် ကိုယ်တော်၏ဘုန်းအသရေတော်နှင့်ပြည့်စုံသောပုံသဏ္ဍာန်[2]ဒန်တော်နှင့်အညီ ပြောင်းလဲလိုသောဆန္ဒပြင်းပြလှပါသည်။ လာမည့်ကမ္ဘာ၏ဘုန်းအသရေထွန်းတောက်ပုံကိုဖေါ်ပြရန် လုံလောက်သည့်

ဘာသာစကားကို လိုလားလှပါသည်။ ကျွန်မတို့ ဘုရားသခင်၏မြို့တော်ကို ဝမ်းမြောက်ဖွယ်ရာဖြစ်စေသည့် အသက်စမ်းရေကိုသောက်သုံးရန် ကျွန်မတောင့်တလှပါသည်။

ဘုရားသခင်သည် အခြားအခြားသောကမ္ဘာများကိုလည်းကျွန်မအားပြတော်မူ၏။ ကျွန်မအားအတောင်တပ်ပေးပြီးလျှင် ကောင်းကင်တမန်တစ်ပါးအား ကျွန်မကိုစောင့်ရှောက်စေတော်မူလျက် ဘုန်းအသရေထွန်းတောက်သောနေရာအရပ်တစ်ခုသို့ပို့တော်မူ၏။ ထိုအရပ်၏မြက်ပင်များမှာ အသက်ရှင်သောအစိမ်းရောင်ဖြစ်ကြ၏။ ငှက်များသည်သာယာသောအသံဖြင့် မျိုးစုံရှိကြပါ၏။ ချစ်ဖွယ်ကောင်းသောသူများလည်းဖြစ်ကြပါသည်။ ဂုဏ်အသရေရှိကြပါသည်။ မြင့်မြတ်ကြပါသည်။ ယေရှုရှင်၏ပုံသဏ္ဍာန်တော်ကိုဆောင်ကြပါသည်။ သူတို့၏မျက်နှာများပေါ်တွင်လည်းသန့်ရှင်းသောဝမ်းမြောက်ခြင်းပေါ်လွင်ထင်ရှားလျက်ရှိပါသည်။ သူတို့အားလုံးက ထိုနေရာ၏လွတ်လပ်မှုနှင့်ပျော်ရွှင်မှုကိုဖေါ်ညွှန်းနေကြပါသည်။ သူတို့သည်ဤကမ္ဘာမြေကြီးပေါ်တွင်ရှိသောသူများထက် အဘယ်ကြောင့်များစွာပို၍ချစ်ဖွယ်ကောင်းကြသည်ကို တစ်ယောက်သောသူအား ကျွန်မမေးသောအခါ "ကျွန်ုပ်တို့သည် ဘုရားသခင်၏ပညတ်တော်တို့ကိုကြပ်ကြပ်မတ်မတ်နားထောင်လိုက်လျှောက်၍ အသက်ရှင်ခဲ့ကြသဖြင့် ကမ္ဘာမြေကြီးပေါ်၌ရှိသောလူများကဲ့သို့ကျဆုံးခြင်းမရှိခဲ့ကြောင်း" ဖြေကြားပါသည်။ ထိုနောက်သစ်ပင်ကိုကျွန်မတွေ့မြင်ရပါသည်။ တစ်ပင်မှာမြို့တော်တွင်း၌ရှိသောအသက်ပင်နှင့်များစွာတူပါသည်။ နှစ်ပင်စလုံး၏အသီးများလှကကြသော်လည်း တစ်ပင်၏အသီးများကိုကားမစားရပါ။ ထိုသူတို့သည်နှစ်ပင်စလုံးမှအသီးများကိုစားနိုင်သည့်အာနိသင်ရှိကြသော်လည်း တစ်ပင်၏အသီးများကိုမူကား မစားရဟု

ပညတ်ထားပါသည်။ ထိုအခါ ကျွန်မကိုစောင့်ရှောက်သောကောင်းကင်တမန်က "ဤအရပ်တွင်ရှိသောသူတစ်ဦးတစ်ယောက်မျှပညတ်ထားသည့် ထိုအပင်၏အသီးကိုမပြည်းမစမ်းကြ၊ အကယ်၍စားကြမည်ဆိုပါက ကျဆုံးကြပေလိမ့်မည်" ဟုပြောပြပါသည်။ ထိုနောက်လခုနစ်စင်းရှိသောကမ္ဘာတစ်ခုသို့ ကျွန်မအားခေါ်ဆောင်သွားပါသည်။ ယင်းကမ္ဘာပေါ်တွင် သေခြင်းနှင့်လွတ်ကင်း၍ဘဝပြောင်းသွားသော သူတော်ကောင်းကြီးဧနောက်နှင့်ကျွန်မတွေ့ဆုံခွင့်ရပါသည်။ သူ၏လက်ယာလက်ရုံးပေါ်တွင် ကျက်သရေမင်္ဂလာရှိသောစွန်ပလွံခက်ကိုတပ်ဆင်ထားရာ ရွက်ချပ်တစ်ခုစီပေါ်တွင် "အောင်မြင်ခြင်း" ဟု အက္ခရာတင်ထားပါသည်။ သူ၏ဦးခေါင်းပေါ်တွင် ဖြူစင်တောက်ပသောပန်းခွေကိုတင်ထားပါသည်။ ယင်းပန်းခွေပေါ်တွင်ပါဝင်သောရွက်ချပ်တစ်ခုစီ၏အလယ်ဗဟိုတွင် "သန့်စင်ခြင်း" ဟုရေးထားပါသည်။ ယင်းပန်းခွေကိုကြယ်များထက်ထွန်းတောက်သည့်ရောင်စုံကျောက်မျက်ရတနာများနှင့်စီခြယ်ထားသည်ဖြစ်၍ အက္ခရာများကိုရောင်ပြန်ဟပ်နေသောကြောင့်ပို၍ထင်ရှားပေါ်လွင်နေပါသည်။ သူ၏ဦးခေါင်းနောက်ဘက်တွင်ပန်းခွေကိုချည်ထားသည့်ဖဲပြားပေါ်၌ "သန့်ရှင်းခြင်း" ရေးထားပါသည်။ ပန်းခွေ၏အပေါ်တွင်နေထက်တောက်ပ၍ မင်္ဂလာရှိသောသရဖူရှိပါသည်။ ကမ္ဘာမြေကြီးပေါ်မှသေခြင်းနှင့်လွတ်၍ ဘဝပြောင်းစဉ်က ဤအရပ်သို့ရောက်လာပါသလားဟု ကျွန်မကသူ့အားမေးရာ ဤအရပ်သို့တိုက်ရိုက်ရောက်လာခြင်းမဟုတ်ကြောင်း၊ မြို့တော်သည်သူ၏နေအိမ်ဖြစ်ကြောင်း၊ ဤနေရာသို့အလည်အပတ်လာကြောင်းပြောပြပါသည်။ ကျွန်မလည်းထိုအရပ်တွင်နေရစ်ခဲ့လိုကြောင်း ကျွန်မကိုစောင့်ရှောက်သောကောင်းကင်တမန်အားတောင်းပန်မိပါသည်။ ဤမှောင်မိုက်သော

ကမ္ဘာသို့ပြန်လာရန် ကျွန်မစိတ်ကူး၍မရပါ။ ထိုအခါကောင်းကင်တမန်က "သင်သည်ကမ္ဘာမြေကြီးပေါ်သို့ပြန်သွားရမည်၊ အကယ်၍သင်သည်သစ္စာတည်မြဲပါက တစ်သိန်းလေးသောင်းလေးထောင်သောသန့်ရှင်းသူတို့နှင့်အတူ ဘုရားသခင်၏လက်ရာတော်များဖြစ်သည့် ကမ္ဘာအပေါင်းတို့ကိုလှည့်လည်ကြည့်ရှုခွင့်ရပေလိမ့်မည်" ဟု ကျွန်မအားပြောပြပါသည်။

----ooo----

## ကောင်းကင်တန်ခိုးများတုန်လှုပ်ခြင်း

၁၈၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ကောင်းကင်တန်ခိုးများတုန်လှုပ်ပုံကို ကျွန်မအားထာဝရဘုရားပြတော်မူပါ၏။ ရှင်မဿဲ၊ ရှင်မာကုနှင့်ရှင်လုကာတို့သည် ထာဝရဘုရားမိန့်တော်မူသည့်နိမိတ်လက္ခဏာအကြောင်းများကို မှတ်တမ်းတင်ခဲ့ကြစဉ် ထာဝရဘုရားက "ကောင်းကင်" ဟုမိန့်တော်မူသည်မှာ ကောင်းကင်ကိုသာဆိုလိုတော်မူသည်။ ကိုယ်တော်က "မြေကြီး" ဟုမိန့်တော်မူရာတွင် ဤကမ္ဘာမြေကြီးကိုဆိုလိုတော်မူသည်။ ကောင်းကင်တန်ခိုးများမှာ နေ၊ လနှင့်ကြယ်နက္ခတ်များဖြစ်၍ ကောင်းကင်အတွင်း၌အုပ်စိုးကြပါသည်။ မြေကြီးဆိုင်ရာတန်ခိုးအာဏာများမှာ ကမ္ဘာမြေကြီးပေါ်တွင်စိုးမိုးသောသူများဖြစ်ကြပါသည်။ ဘုရားသခင်၏အသံတော်ကြောင့် ကောင်းကင်တန်ခိုးများတုန်လှုပ်ကြပါလိမ့်မည်။ ထိုအခါနေ၊ လ နှင့်ကြယ်နက္ခတ်တို့သည်မိမိတို့၏နေရာများမှရွေ့လျားကြလိမ့်မည်။ ၎င်းတို့ပျောက်ကွယ်သွားကြလိမ့်မည်မဟုတ်သော်လည်း ဘုရားသခင်၏အသံတော်ကြောင့်တုန်လှုပ်သွားကြလိမ့်မည်။

မည်းမှောင်လေးလံသောမိုးတိမ်ကြီးများ အလိပ်လိုက်တက်လာပြီးလျှင် တစ်ခုနှင့်တစ်ခုအသံပြည်ဟိန်းအောင် တိုက်မိကြပါသည်။ ထိုအခါ ကမ္ဘာမြေကြီး၏ဝန်းကျင်ရှိ လေထုကြီးအက်ကွဲ၍လိမ့်ထွက်သွားပါသည်။ ထိုအချိန်တွင် ကျွန်မတို့သည် ခသိလ [*] ကြယ်ရှိရာ လဟာပြင်ဘက်ဆီသို့မျှော်ကြည့်နိုင်ကြသဖြင့် ထိုနေရာမှဘုရားသခင်၏အသံတော်ထွက်ပေါ်လာသည်ကို ကျွန်မတို့ကြားရပါသည်။ သန့်ရှင်းသောမြို့တော်သည် ယင်းလဟာပြင်ဆီမှ ဆင်းသက်လာပေလိမ့်မည်။ ယခုအခါကမ္ဘာမြေကြီးဆိုင်ရာ တန်ခိုးအာဏာများတုန်လှုပ်၍ နိမိတ်လက္ခဏာများသည်လည်း သတ်မှတ်ထားသည့်အစီအစဉ်အလိုက်ဖြစ်ပေါ်ကြသည်ကိုမြင်ရပါသည်။ စစ်တိုက်ခြင်း၊ စစ်တိုက်အံ့သောသတင်းစကားပျံ့နှံ့ခြင်း၊ လူတစ်မျိုးနှင့်တစ်မျိုး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံရန်ဘက်ပြုခြင်း၊ အရပ်ရပ်တို့၌အစာခေါင်းပါးခြင်း၊ ကာလနာများပြားခြင်းတို့သည် ကမ္ဘာမြေကြီးဆိုင်ရာတန်ခိုးအာဏာမျးကို ရှေးဦးစွာတုန်လှုပ်စေလိမ့်မည်။ ထိုနောက်မှ ဘုရားသခင်၏အသံတော်သည် နေ၊လနှင့်ကြယ်နက္ခတ်များကိုသာမက ဤကမ္ဘာမြေကြီးကိုပါတုန်လှုပ်စေပါလိမ့်မည်။ ဥရောပတိုက်တွင်ရှိသော တန်ခိုးအာဏာများတုန်လှုပ်ခဲ့သည်ကို ကောင်းကင်တန်ခိုးများတုန်လှုပ်ခြင်းဖြစ်သည်ဟု အချို့သောသူများက သင်ပြကြပါသည်။ သို့သော်လည်း ၎င်းအတိုင်းမဟုတ်ပါ။ အမျက်ဒေါသထွက်သောလူမျိုးအနွယ်ခပ်သိမ်းတို့ တုန်လှုပ်ခြင်းသာဖြစ်ပါသည်။

----ooo----

---

[*] Orion- ယောဘ ၉း၉ တွင် ခသိလကြယ်ဟူ၍ ဖော်ပြထားပါသည်။ မြန်မာအခေါ်အဝေါ်အရ မောင်ရှင်ဆိုင်းတန်းဖြစ်သည်ဟုသိရပါသည်။

ပိတ်ထားသောတံခါးနှင့်ဖွင့်ထားသောတံခါး

၁၈၄၉ ခုနှစ်၊ မတ်လ ၂၄ ရက်၊ ဥပုသ်နေ့၌ တော့ပရှင်၊ မိန်း* တွင် အထူးစိတ်ဝင်စားဖွယ်ရာအစည်းအဝေးတစ်ရပ်ကို ညီအစ်ကိုများနှင့်အတူအေးချမ်းသာယာစွာဖြင့် ကျင်းပနေကြပါသည်။ ထိုစဉ်သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းခြင်းကိုခံရကြသဖြင့် ကျွန်မသည်အသက်ရှင်တော်မူသောဘုရားသခင်၏မြို့တော်သို့ဝိညာဉ်တော်ဖြင့် ခေါ်ဆောင်ခြင်းကိုခံရပါသည်။ ထိုနောက်ပိတ်ထားသောတံခါးနှင့်သက်ဆိုင်သည့်ဘုရားသခင်၏ပညတ်တော်နှင့်ယေရှုခရစ်၏သက်သေခံတော်မူချက်သည် ခွဲခြား၍မရကြောင်း၊ ပညတ်တော်ဆယ်ပါးထားရှိရာပဋိညာဉ်သေတ္တာတော်တည်ရှိသော ကောင်းကင်သန့်ရှင်းရာဌာနတော်၏အသန့်ရှင်းဆုံးသောအခန်းတံခါးကိုဖွင့်ထားသောအခါတွင်မှ ဘုရားသခင်၏ပညတ်တော်များနှင့်၎င်းတို့၏အရေးကြီးပုံထွန်းလင်းမည့်အချိန်ဖြစ်၍ဘုရားသခင်၏လူတို့သည် ဥပုသ်နေ့ဆိုင်ရာအမှန်တရားနှင့်ပတ်သတ်၍စစ်ဆေးစမ်းသပ်ခြင်းခံရမည်ဖြစ်ကြောင်းများကို ကျွန်မအားဖော်ပြတော်မူပါသည်။ ၁၈၄၄ ခုနှစ်တွင် ကောင်းကင်ဗိမာန်တော်၏သန့်ရှင်းရာဌာနတွင် ယေရှုရှင်၏ဖျန်ဖြေရေးအမှုတော်မပြီးမီတိုင်အောင် ဤတံခါးကိုဖွင့်မထားခဲ့ပါ။ အမှုတော်ပြီးမှယေရှုရှင်သည်ထတော်မူလျက် သန့်ရှင်းရာဌာနတော်၏တံခါးကိုပိတ်ပြီးလျှင် အသန့်ရှင်းဆုံးသောဌာနသို့ဝင်သောတံခါးကိုဖွင့်၍ ဒုတိယကန့်လန့်ကာအတွင်းသို့ဝင်တော်မူ၏။ ယခုအချိန်တွင် ဣသရေလလူတို့၏ယုံကြည်ခြင်းဆိုက်ရောက်လျက်ရှိသောပဋိညာဉ်သေတ္တာတော်အနီး၌ ကိုယ်တော်ရပ်နေတော်မူ၏။

ယေရှုရှင်သည် သန့်ရှင်းရာဌာန၏တံခါးကိုပိတ်၍ မည်သူမျှမဖွင့်နိုင်ကြောင်းကိုလည်းကောင်း၊ ကိုယ်တော်သည်အသန့်ရှင်းဆုံးသော

* Topsham, Maine

ဌာန၏တံခါးကိုဖွင့်၍ မည်သူမျှမပိတ်နိုင်ကြောင်းကိုလည်းကောင်း (ဗျာ၊ ၃း၇၊၈)၊* ပဋ္ဌိညာဉ်သေတ္တာတော်တည်ရှိရာအသန့်ရှင်းဆုံးသော ဌာနတွင်းသို့ဝင်သောတံခါးကို ယေရှုရှင်ကိုယ်တိုင်ဖွင့်ထားတော်မူပြီး ဖြစ်ရာ ပညတ်တော်တို့သည် ဘုရားသခင်၏လူများအပေါ်သို့ထွန်းလင်း နေပြီဖြစ်သောကြောင့် သူတို့သည်ဥပုသ်နေ့နှင့်စပ်လျဉ်း၍ စစ်ဆေးခြင်း ခံနေရကြပြီဖြစ်ကြောင်းကိုလည်းကောင်း ကျွန်မမြင်ရပါသည်။

ယေရှုရှင်သည် သန့်ရှင်းရာဌာနတော်တွင် မိမိ၏ဖျန်ဖြေရေး အမှုတော်ပြီးဆုံးမှ ဒုတိယကန့်လန့်ကာအတွင်းသို့ဝင်တော်မူခဲ့ပါသည်။ သို့ဖြစ်၍ ယင်းအချိန်မတိုင်မီက ယနေ့ရင်ဆိုင်နေရကြသည့်ဥပုသ်နေ့ နှင့်စပ်လျဉ်းသောစစ်ဆေးစမ်းသပ်ခြင်းမပေါ်ပေါက်နိုင်ခဲ့ပါ။ ထိုကြောင့် ၁၈၄၄ ခုနှစ်၊ သတ္တမလသန်းခေါင်ယံကြွေးကြော်သံပြီးဆုံးချိန်တွင် အသန့်ရှင်းဆုံးသောအခန်းတွင်းသို့ဝင်သောတံခါးမဖွင့်မီ အိပ်ပျော်သွား ကြသောခရစ်ယာန်များသည် မှန်သောဥပုသ်နေ့ကိုမစောင့်ထိန်းခဲ့ကြ သော်လည်း မြော်လင့်ခြင်း၌ပင်အိပ်ပျော်နေကြကြောင်း၊ အဘယ်ကြောင့် ဆိုသော် တံခါးဖွင့်ပြီးနောက်မှ ကျွန်ုပ်တို့ရရှိသည့်ဥပုသ်နေ့နှင့်စပ်လျဉ်း သောအလင်းတရားကို သူတိုမရရှိခဲ့သည့်အပြင် ယခုကျွန်ုပ်တို့ ရင်ဆိုင်နေရသောစစ်ဆေးစမ်းသပ်ခြင်းကိုလည်း သူတို့မခံခဲ့ရကြ၍ ဖြစ်ကြောင်း ကျွန်မမြင်ရပါသည်။ ဤအချက်များကိုအကြောင်းပြု၍ ဘုရားသခင်၏လူအချို့အား စာတန်သွေးဆောင်နေသည်ကိုလည်း ကျွန်မမြင်ရပါသည်။ များစွာသောခရစ်ယာန်ကောင်းများသည် မှန်သော ဥပုသ်နေ့ကိုမစောင့်ထိန်းရဘဲ ယုံကြည်ခြင်းတရား၌အောင်မြင်စွာအိပ် ပျော်သွားကြသောကြောင့် ယခုအခါတွင်လည်း ယင်းဥပုသ်နေ့ဆိုင်ရာ

---

* နောက်ဆက်တွဲရှင်းလင်းချက်နံပါတ်(၂)တွင်ကြည့်ပါ။

အမှန်တရားသည် ကျွန်ုပ်တို့အတွက် စစ်ဆေးစမ်းသပ်ခြင်းဟုတ်မဟုတ် ထိုသူများက သံသယဖြစ်နေကြပါသည်။

ယနေ့သမ္မာတရား* ၏ရန်သူများက ယေရှုရှင်ပိတ်ထားသော သန့်ရှင်းရာဌာနသို့ဝင်သည့်တံခါးကိုဖွင့်ရန် ကြိုးစားနေကြပါသည်။ ထို့ပြင်ယေဟောဝါအရှင်၏လက်တော်ဖြင့်ရေးထားသည့်ပညတ်တော် ကျောက်ပြားများထားသောပဋိညာဉ်သေတ္တာတော်တည်ရှိရာ အသန့်ရှင်း ဆုံးသောအခန်းတံခါးကို ၁၈၄၄ ခုနှစ်က ယေရှုရှင်ဖွင့်ထားတော်မူ ပါသည်။ ယင်းတံခါးကိုလည်း ယခုသူတို့ပိတ်ရန်ကြိုးစားနေကြပါသည်။

ယခုအချိန်တွင် တံဆိပ်ခတ်သောအချိန်ဖြစ်ရာ ဘုရားသခင်၏ လူတို့သည် ယနေ့သမ္မာတရားနှင့်ပတ်သက်၍ ဇဝေဇဝါဖြစ်ပြီး စိတ်ဝင် စားမှုမရှိစေရန် စာတန်သည် ဥာဏ်ဆင်မှုမျိုးစုံကိုအသုံးပြုနေပါသည်။ ဆင်းရဲဒုက္ခကပ်ကာလအချိန်တွင် ဘုရားသခင်သည် မိမိ၏လူတို့အား ကာကွယ်ထားရန် အမိုးအကာတစ်ခုကိုဆွဲ၍ဖုံးအုပ်နေသည်ကို ကျွန်မ မြင်ရပါသည်။ သမ္မာတရားတော်၌စိတ်ဆုံးဖြတ်ပြီး၍ စိတ်နှလုံးဖြူစင် သောသူတိုင်းသည် အနန္တတန်ခိုးတော်အရှင်၏အမိုးအကာဖြင့်ကာကွယ် ဖုံးအုပ်ထားခြင်းကိုခံရပေလိမ့်မည်။

ဤအကြောင်းကို စာတန်ကောင်းစွာသိထားသောကြောင့် သမ္မာ တရားနှင့်ပတ်သက်၍ စိတ်မတည်မငြိမ်ယိမ်းယိုင်လှုပ်ရှားသူတို့သည် များသည်ထက်ပို၍များပြားလာစေရန်အထူးတလည်ကြိုးစားအားထုတ် နေပါသည်။ နယူးယောက်† နှင့်အခြားသောမြို့ကြီးများတွင့်လျှို့ဝှက် သည်းဖိုစရာတံခါးခေါက်သံများမှာလည်း စာတန်၏လုပ်ရမ်များဖြစ်ကြပါသည်။ သူ၏လိမ်လည်ဖြားယောင်းခြင်းဖြင့် လက်ဝယ်ရရှိထားပြီးသူများကို လည်း အိပ်ငိုက်ကြစေရန် ပို၍စိတ်ချရစေဖို့ ယင်းခေါက်သံကဲ့သို့သော

* Present Truth;
† New York.

လုပ်ရပ်များကို ဘာသာရေးတန်ဆာဆင်လျက် ဖြားယောင်းခြင်း၊ လှည့်ဖြားခြင်းများသည်ပိုသည်ထက်ပို၍ များပြားလာလိမ့်မည်။ ဖြစ်နိုင်မည်ဆိုပါက ဘုရားသခင်၏သားသမီးများကိုပင် ယင်းကိစ္စတွင်စိတ်ဝင်စားလာအောင်ဆွဲဆောင်၍ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးနှင့်သွန်သင်ချက်များကိုပင် သံသယဖြစ်စေလိမ့်မည်ဟု ကျွန်မမြင်ရပါသည်။

စတန်သည်မိမိ၏ကိုယ်စားလှယ်များအားဖြင့် နည်းမျိုးစုံအောင်အသုံးပြုလျက် လုပ်ငန်းဆောင်ရွက်နေပုံကို ကျွန်မမြင်ရပါသည်။ ထိုကြောင့်သမ္မာတရားတော်ကိုစွန့်ပယ်ပြီးမှ မတရားသောအမှု၌မွေ့လျော်နေသောဓမ္မအမှုဆောင်အပေါင်းတို့သည် တရားရှုံးခြင်းသို့ရောက်မည်အကြောင်း မုသားစကားကို ယုံကြည်စိမ့်သောငှာ စာတန်ပြုပြင်အားထုတ်နေပါသည်။ သူတို့တရားဟောနေကြစဉ် သို့မဟုတ် ဆုတောင်းပတ္ထနာပြုနေကြစဉ် အချို့မှာမှောက်လျက်လဲနေ၍ နဂိုခွန်အားမရှိတော့ဘဲ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်မဟုတ်၊ စာတန်၏တန်ခိုးအားဖြင့် ယင်းကိုယ်စားလှယ်များကိုအားတက်သရောဟောပြောကြ၏။ သူတို့မှတစ်ဆင့် အခြားသူများသို့ကူးစက်လေ၏။ ကွဲလာတော်မူဖြင့်ကိုမြော်လင့်သူများဟု အမည်ခံသော်လည်း ယနေ့သမ္မာတရားကိုမယုံကြည်သောသူအချို့တို့သည် တရားဟောနေကြစဉ်တွင်လည်းကောင်း၊ ဆုတောင်းပတ္ထနာပြုနေကြစဉ်တွင်လည်းကောင်း၊ စကားပြောနေကြစဉ်တွင်လည်းကောင်း ဝိညာဉ်တော်သက်ရောက်ရေးအတွက် စိတ်ညှို့ပညာကိုအသုံးပြုကြပါသည်။ ယင်းသို့စီမံပြုလုပ်ထားကြသည်ကို သန့်ရှင်းသောဝိညာဉ်တော်အရဖြစ်သည်ဟုထင်မှတ်မှား၍ လူတို့ဝမ်းမြောက်ဝမ်းသာဖြစ်ကြပါသည်။ ယင်းစီမံချက်ကိုအသုံးပြုသောသူအချို့ပင်လျှင် စာတန်၏လှည့်ဖြားမှုများဖြစ်သည်ကိုမသိကြဘဲ သူတို့အသုံးပြုရန်ဘုရားသခင်

ပေးသောတန်ခိုးတော်ဖြစ်သည်ဟုထင်မှတ်ကြပါသည်။ ဘုရားသခင်သည် သူတို့ကဲ့သို့သောသူပင်ဖြစ်သည်ဟုသဘောသက်ရောက်အောင် သူတို့ပြုကြပါသည်။ ကိုယ်တော်၏ တန်ခိုးတော်ကိုလည်း တန်ဖိုးမရှိသည့် အခြေအနေသို့ရောက်အောင် သူတို့ပြုကြပါသည်။

ဤစာတန်၏ ကိုယ်စားလှယ်အချို့သည် စာတန်၏ ပီပြင်သောဆွဲဆောင်မှုအင်အားမျိုးစုံတို့ဖြင့် လှည့်ဖြားလျက်၊ သွေးဆောင်လျက် သူတို့ဘက်သို့ပါအောင်သွေးဆောင်နေကြသော်လည်း သမ္မာတရားတော်ကိုမစွန့်မလွှတ်၊ သူတို့၏ နောက်သို့လည်းမလိုက်သောသန့်ရှင်းသူများအားခန္ဓာကိုယ်အရ ထိခိုက်နစ်နာအောင်ပြုလုပ်နေကြပါသည်။ ထို့ကြောင့် အားလုံးသောသူတို့သည် စာတန်၏ စဉ်းလဲသောပရိယာယ်အပေါင်းကို သိနားလည်၍ ကိုယ်ကိုကိုယ်ကာကွယ်နိုင်ကြစေရန် ဘုရားသခင်ဖော်ပြတော်မူသမျှသောအရာတို့ကို ကျွန်မတွေ့မြင်ရသကဲ့သို့ အားလုံးသောသူတို့ကိုလည်းတွေ့မြင်ကြစေလိုပါသည်။ ယခုလောလောဆယ်တံဆိပ်ခတ်နေသည့်အချိန်ကာလတွင် ဘုရားသခင့်လူများအား စိတ်ရှုပ်ထွေးစေပြီးလျှင် ကိုယ်တော်နှင့်ကင်းကွာစေရန် ဤကဲ့သို့သောလိမ်ညာနည်းမျိုးစုံဖြင့် စာတန်လုပ်ဆောင်နေပုံကိုကျွန်မမြင်ရပါသည်။ အချို့သောသူများသည် ယနေ့သမ္မာတရားအတွက် ကြံ့ကြံ့ခိုင်ခိုင်မရပ်မတည်နိုင်ကြကြောင်းကိုလည်း ကျွန်မမြင်ရပါသည်။ အချို့သောသူများကမူ သမ္မာတရားပေါ်တွင်ခိုင်မြဲစွာအခြေစိုက်ထားခြင်းမရှိသောကြောင့် သူတို့၏ ဒူးများပင်တုန်နေကြပါသည်။ ခြေများလည်းချော်နေကြပါသည်။ ယင်းသို့ သူတို့တုန်လှုပ်ချောက်ချားနေကြစဉ်သူတို့အားဖုံးကွယ်ထားရန် အနန္တတန်ခိုးတော်ရှင်ဘုရားသခင်၏ အမိုးအကာကို သူတို့အပေါ်သို့ဆွဲယူ၍ မရနိုင်ပါ။

တံဆိပ်ခတ်ခြင်းကာလမပြီးမီတိုင်အောင် ဘုရားသခင်၏လူတို့သည် အမိုးအကာအောက်သို့မရောက်မီတိုင်အောင် ဘုရားသခင်၏ အမျက်ဒေါသဖလားဆိုင်ရာ နောက်ဆုံးသောဘေးဒဏ်ခုနစ်ပါးမှသူတို့ မလွတ်မြောက်ကြစေဖို့၊ သူတို့နေမြဲနေရာတွင်ပင်တည်မြဲနေကြစေဖို့ စာတန်သည် အတတ်ပညာမျိုးစုံကိုအသုံးချနေပါသည်။ ဘုရားသခင်သည် မိမိ၏လူတို့အားအမိုးအကာဖြင့်ဖုံးအုပ်စပြုနေပါပြီ။ သတ်ရသောနေ့တွင် ခိုလှုံရာအရပ်ရရှိမည့်သူတိုင်းမကြာမီအမိုးအကာအောက်သို့ ရောက်ကြပေလိမ့်မည်။ ဘုရားသခင်သည် မိမိ၏လူတို့အတွက်တန်ခိုးတော်ဖြင့်ဆောင်ရွက်တော်မူပေလိမ့်မည်။ စာတန်အားလည်းဆောင်ရွက်ခွင့်ပေးတော်မူလိမ့်မည်။

လျှို့ဝှက်သောနိမိတ်လက္ခဏာများ၊ အံ့ဩဖွယ်ရာများ၊ မဟုတ်မမှန်သောဘာသာရေးပြောင်းလဲမှုများနေရာအနှံ့အပြားတွင် ပိုမိုများပြားလာပေလိမ့်မည်။ ကျွန်မအားဖော်ပြတော်မူသည့်ပြောင်းလဲခြင်းများမှာ မှားသောအယူဝါဒမှ မှန်သောအယူဝါဒသို့ပြောင်းလဲခြင်းများမဟုတ်ပါ။ အပြစ်သားတို့အတွက်စိတ်ဝိညာဉ်ခံရသောဝေဒနာ၏အကျိုးကို ကျွန်မအားစောင့်ရှောက်သောကောင်းကင်တမန်ကပြပါသည်။ သို့သော်သူတို့အတွက် ကယ်တင်ခြင်းအချိန်ကာလကျော်လွန်သွားပြီဖြစ်၍ ကျွန်မကြည့်သော်လည်းမမြင်ရပါ။*

---

* ယင်းစကားလုံးများကိုရေးသားထားရာတွင် အပြစ်သားအားလုံးတို့အတွက် ကယ်တင်ခြင်းအချိန်ကာလကျော်လွန်သွားပြီဖြစ်ကြောင်း သွန်သင်ချက်ဖြစ်သည်ဟု စာရေးသူကနားလည်ထားခြင်းမဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ယင်းအကြောင်းအရာများကိုရေးသားချိန်က စာရေးသူကိုယ်တိုင်အပြစ်သားတို့ကယ်တင်ခြင်းရရှိရေးအတွက်အမှုတော်ဆောင်ရွက်နေခဲ့ပါသည်။ ထိုအချိန်မှစ၍ ယခုတိုင်ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ (အသက်ကုန်ဆုံးချိန်အထိဆောင်ရွက်သွားပါသည်။)

ယင်းအကြောင်းအရာနှင့်စပ်လျဉ်း၍ သူမအားဖော်ပြတော်မူခဲ့သည့်အတိုင်း သူမနားလည်ပုံကိုအောင်ပါစာပိုဒ်များတွင်ဖော်ပြထားပါသည်။ ၎င်းတို့ကို ၁၈၅၄ ခုနှစ်တွင် ပထမအကြိမ်၊ ၁၈၈၈ ခုနှစ်တွင် ဒုတိယအကြိမ်ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။

"ဤနေရာတွင်ဖေးပြထားသည့် 'မဟုတ်မမှန်သောဘာသာရေးပြောင်းလဲမှုများ' နှင့်ပတ်သက်၍ ပိုမိုစုံလင်စွာတွေ့မြင်ရဦးမည်ဖြစ်ပါသည်။ တွေ့မြင်ရပြီးသောရူပါရုံတွင်မူကား ကြွလာတော်မူခြင်းနှင့်စပ်လျဉ်းသည့် အလင်းတရားဆိုင်ရာအယူဝါဒကိုကြားနာရပြီးမှ မယုံကြည်သောသူများနှင့် ပို၍တိတိကျကျပတ်သက်နေပါသည်။ သူတို့သည်မတရားသောအမှု၌ မွေ့လျော်သောသူများဖြစ်ကြ၏။ 'အပြစ်သားတို့အတွက် စိတ်ဝိညာဉ်ခံရသောဝေဒနာ၏အကျိုးကို' ရေးကနည်းတူ ဤသူတို့ခံစားရကြမည်မဟုတ်ပါ။ ကြွလာတော်မူခြင်းဆိုင်ရာအလင်းတရားကိုငြင်းပယ်ပြီးလျှင် စာတန်၏မတရားသောအမှု၌မွေ့လျော်ကြသဖြင့် 'သူတို့အတွက်ကယ်တင်ခြင်းအချိန်ကာလကျော်လွန်သွားပြီဖြစ်ပါသည်။' မည်သို့ပင်ဖြစ်စေ ဤအကြောင်းအရာသည် ဒုတိယအကြိမ်လာတော်မူခြင်းနှင့်ဆိုင်သောအယူဝါဒကို မကြားနာရသေးသည့်အတွက် လက်မခံသေးသူများနှင့်မသက်ဆိုင်ပါ။"

"ကျွန်ုပ်တို့နားလည်သဘောပေါက်ပြီးသည်သာမက စိတ်နှလုံးနှင့်လည်းတွေ့ထိပြီးသည့် သမ္မာတရားကိုပေါ့ပေါ့တန်တန်သဘောထားပါက ကြောက်မက်ဖွယ်ကောင်းလှပါသည်။ ကရုဏာတော်အားဖြင့် ဘုရားသခင်သတိပေးနှိုးဆော်တော်မူသည်ကိုငြင်းပယ်လျှင် ပြစ်ဒဏ်နှင့်လွတ်ကင်းလိမ့်မည်မဟုတ်ပါ။ နောဧလက်ထက်က ကောင်းကင်မှဤကမ္ဘာသို့သတင်းစကားတစ်ရပ်ပေးပို့ခဲ့ပါသည်။ ထိုစဉ်က လူတို့ကယ်တင်ခြင်းတည်းဟူသောလွတ်မြောက်ရေးရရှိရန်မှာ ယင်းသတင်းစကားကို မည်သို့မည်ပုံခံယူလိုက်နာခဲ့သည်အပေါ်မူတည်ခဲ့ပါသည်။ သတိပေးနှိုးဆော်ချက်ကို သူတို့မယုံကြည်ကြသည့်အတွက် ဘုရားသခင်၏ဝိညာဉ်တော်သည် ထိုဒုစရိုက်များသောလူမျိုးနှင့်ခွဲခွာလေသောကြောင့် သူတို့သည်လည်းရေလွှမ်းမိုး

ခြင်း၌ပျက်စီးခြင်းသို့ရောက်ကြလေတော့၏။ အာဗြဟံ၏လက်ထက်ကအပြစ်ထင်ရှားသော သောဒုံမြို့သူမြို့သားတို့အပေါ် ကရုဏာတော်ဆိုင်ရာအသနားခံမှုရပ်စဲခဲ့သည့်အတွက် လောတနှင့်သူ၏ဇနီး၊ သမီးနှစ်ယောက်တို့မှအပ မြို့သူမြို့သားအားလုံးတို့သည် ကောင်းကင်မှကျသောမီးတွင် ပျက်စီးခြင်းသို့ရောက်ကြလေ၏။ ခရစ်တော်သက်တော်ထင်ရှားရှိတော်မူခဲ့စဉ်ကလည်း ယင်းအတိုင်းပင်ဖြစ်ခဲ့ပါသေးသည်။ 'ဘုရားသခင်၏သားတော်က သင်တို့နေသောအိမ်သည် သင်တို့၌လူဆိတ်ညံလျက်ကျန်ရစ်ရ၏၊' ဟုထိုစဉ်ကယုံကြည်ခြင်းကင်းသော ယုဒလူမျိုးဆက်အားမိန့်တော်မူခဲ့ပါသည်။ ဤအနန္တတန်ခိုးတော်အရှင်ကပင် နောက်ဆုံးသောနေ့ရက်ကာလသို့မျှော်မှန်းလျက် 'ထိုသူတို့သည် ကယ်တင်ခြင်းသို့ရောက်အံ့သောငှာ သမ္မာတရား၌မွေ့လျော်သောစိတ်ကိုမခံမယူကြ။ ထိုကြောင့် သမ္မာတရားကိုမယုံဘဲ မတရားသောအမှု၌မွေ့လျော်သောသူအပေါင်းတို့သည် တရားရှုံးခြင်းသို့ရောက်မည်အကြောင်း မုသားစကားကိုယုံစိမ့်သောငှာ မိစ္ဆာဒိဋ္ဌိပြုပြင်အားထုတ်ခြင်းအခွင့်ကိုသူတို့၌ဘုရားသခင်လွှတ်တော်မူလိမ့်မည်' ဟုမိန့်တော်မူခဲ့ပါသည်။ သူတို့သည် ကိုယ်တော်၏နှုတ်ကပါဠ်တရားတော်ဆိုင်ရာ သွန်သင်ချက်များကိုငြင်းပယ်ကြစဉ် ဘုရားသခင်သည် မိမိ၏ဝိညာဉ်တော်ကိုရုပ်သိမ်းတော်မူပြီးလျှင် သူတို့ကိုမွေ့လျော်သောမတရားလှည့်ဖြားမှုများအတွင်းစွန့်ထားခဲ့တော်မူပါသည်။

---ooo---

## ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုစစ်ဆေးခြင်း

ယနေ့ကဲ့သို့သောစမ်းသပ်ဆေးခြင်းအချိန်ကာလတွင် ကျွန်ုပ်တို့သည် တစ်ဦးကိုတစ်ဦးအားပေးခြင်း၊ နှစ်သိမ့်ခြင်းများပြုရန်လိုအပ်နေပါသည်။ လူတိုင်း၏ဘ၀အသက်တာခရီးစဉ်သည် သေခြင်းအတွက်ဖြစ်သည် သို့မဟုတ် အသက်ရှင်ခြင်းအတွက်ဖြစ်သည်ကို မကြာမီအတွင်းစစ်ဆေးပြီးတော့မည်ဖြစ်၍ သူ၏အချိန်တိုတောင်းလှသည်ကို စာတန်သိထားသောကြောင့် ယနေ့သူ၏စုံစမ်းသွေးဆောင်ခြင်းများကို ယခင်ကထက်များစွာပိုမိုကြီးမားသော အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေပါသည်။ ယခုအချိန်သည် စမ်းသပ်စစ်ဆေးခြင်းနှင့်စိတ်ပျက်အားလျော့ခြင်းများအောက်တွင် နစ်မြုပ်နေရမည့်အချိန်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ယာကုပ်၏ဘုရားသခင်အနန္တတန်ခိုးတော်အရှင်ကို လုံး၀ဥဿုံယုံကြည်ကိုးစားလျက် စိတ်ဒုက္ခကိုယ်ဒုက္ခသမျှကိုကြံ့ကြံ့ခံရကြပါမည်။ ကျွန်ုပ်တို့ရင်ဆိုင်ရမည့်စမ်းသပ်စစ်ဆေးခြင်းအပေါင်းတို့ကို ခံရပ်နိုင်ရန် ထာ၀ရဘုရား၏ကျေးဇူးတော်သည်လုံလောက်ကြောင်း ကိုယ်တော်သည် ကျွန်မအားပြတော်မူပါသည်။ ယင်းစမ်းသပ်စစ်ဆေးခြင်းများသည် မည်သည့်အချိန်အခါမျှ ယခုလောက်မကြီးမားခဲ့သော်လည်း ကျွန်ုပ်တို့သည် ဘုရားသခင်အားလုံးလုံးလျားလျားယုံကြည်ကိုးစားပါက စုံစမ်းသွေးဆောင်ခြင်းရှိသမျှကိုနှိမ်နင်း၍ ကိုယ်တော်၏ကျေးဇူးတော်အားဖြင့် အောင်မြင်ခြင်းရကြပါလိမ့်မည်။

ကျွန်ုပ်တို့သည်စမ်းသပ်စစ်ဆေးခြင်းများကိုအောင်မြင်၍ စာတန်၏သွေးဆောင်ဖြားယောင်းမှုများကို နှိမ်နင်းနိုင်မည်ဆိုပါက ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် ခံနိုင်ရည်နှင့်ပြည့်စုံပါသည်၊ ရွှေစင်ထက်ပို၍ မြတ်နိုးဖွယ်ဖြစ်ပါသည်။ နောက်တစ်ကြိမ်ရင်ဆိုင်ရမည့်ဘေးရန်အတွက်

ကိုလည်း ပိုမိုခွန်အားရရှိ၍ ကောင်းစွာပြင်ဆင်ထားပြီးဖြစ်ပေလိမ့်မည်။ သို့သော်ကျွန်ုပ်တို့သည် စာတန်၏သွေးဆောင်ခြင်းများကိုအလျှော့ပေး၊ အနိုင်ခံမည်ဆိုပါက ကျွန်ုပ်တို့သည်ပို၍အားနည်းလာပြီးလျှင် စမ်းသပ်ခြင်းခံရသည့်အတွက် ဆုလာဘ်ရကြတော့မည်မဟုတ်ပါ။ နောက်တစ်ကြိမ်ရင်ဆိုင်ရမည့်အန္တရာယ်အတွက် အသင့်ပြင်ဆင်မှုလည်းရှိတော်မည်မဟုတ်ပါ။ ဤနည်းအားဖြင့်ကျွန်ုပ်တို့သည် တစ်ဆင့်ပြီးတစ်ဆင့်ပို၍ပို၍အင်အားဆုတ်ယုတ်လာပြီးလျှင် နောက်ဆုံး၌စာတန်၏အလိုကျသူ၏သုံ့ပန်းဘဝသို့ဆိုက်ရောက်ကြပေလိမ့်မည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ပြင်ဆင်တော်မူသောလက်နက်စုံကို ဝတ်ဆင်ကြပြီးလျှင် လောကီမှောင်မိုက်၌ အစိုးတရပြုသောမင်းနှင့်ဆိုင်ပြိုင်တိုက်လှန်ဖို့အချိန်မရွေးအသင့်ဖြစ်နေကြပါမည်။ စုံစမ်းသွေးဆောင်ခြင်းများနှင့်စမ်းသပ်စစ်ဆေးခြင်းများသည် ကျွန်ုပ်ထံသို့အရှိန်အဟုန်ပြင်းစွာဝင်ရောက်လာကြပါက ဘုရားသခင်ထံသို့တိုးဝင်ချဉ်းကပ်၍ ဆုတောင်းပတ္ထနာပြုခြင်းဖြင့် ကိုယ်တော်နှင့်အတူ ပြင်းစွာသောစိတ်ဒုက္ခဝေဒနာကိုခံကြပါစို့။ ကိုယ်တော်သည် ကျွန်ုပ်တို့အားလက်ချည်းသက်သက်ပြန်၍လွှတ်တော်မူမည်မဟုတ်ပါ။ အောင်မြင်ရေးအတွက် ကျေးဇူးတော်နှင့်ခွန်အားကိုပေးတော်မူပါလိမ့်မည်။ ရန်သူ၏တန်ခိုးအာဏာကိုလည်း ချိုးနှိမ်ခွင့်ပေးတော်မူပါလိမ့်မည်။ ခပ်သိမ်းသောသူတို့သည် ဤအချက်ကိုအမှန်တရားအတိုင်းတွေ့မြင်ရပြီးလျှင် ယေရှုရှင်၏တပ်တော်သားကောင်းများပီသစွာ ခက်ခဲမှုအပေါင်းတွင် ခံနိုင်ရည်ရှိကြစေချင်ပါဘိ။ ထိုအခါဣသရေလသည် ဘုရားသခင်၌ခွန်အားပြည့်ဖြိုး၍ ကိုယ်တော်၏အာနုဘော်တော်ဖြင့် ရှေ့သို့ချီတက်နိုင်ပေလိမ့်မည်။

ကိုယ်တော်၏လူတို့သည် စိတ်နှလုံးဖြူစင်၍သန့်ရှင်းခြင်းသို့ရောက်စေခြင်းငှာ၊ ခါးသောခွက်ကိုသောက်စေတော်မူကြောင်း ကျွန်မအား

ထာဝရဘုရားကရှုပါရုံတွင်ဖော်ပြတော်မူပါသည်။ ၎င်းသည်ခါးသော
သောက်စရာတစ်ကျိုက်စာဖြစ်၍ သူတို့သည်ညည်းညူခြင်း၊ မြည်တမ်း
ခြင်းပြုမည်ဆိုပါကလည်းကောင်း၊ စိတ်မကျေမချမ်းဖြစ်ကြမည်ဆိုပါက
လည်းကောင်း ပို၍ခါးလိမ့်မည်။ ပေးတော်မူသည့်အတိုင်း လက်ခံသောက်
သုံးသောသူတို့သည် နောက်တစ်ခွက်ထပ်၍သောက်ရကြပါလိမ့်မည်။
အဘယ်ကြောင့်ဆိုသော် ပထမတစ်ခွက်ဖြင့်ကြံရွယ်ထားတော်မူသည့်
ပုံစံအတိုင်းစိတ်နှလုံးအတွင်း အကျိုးသက်ရောက်မှုမရှိသေး၍ဖြစ်ပါသည်။
အကယ်၍ ဒုတိယအကြိမ်သောက်သောခွက်ဖြင့်လည်း အကျိုးသက်
ရောက်မှုမရှိသေးပါက ရည်ရွယ်ထားသည့်ပုံစံအတိုင်း စိတ်နှလုံးအတွင်း
အကျိုးသက်ရောက်မှုရှိည်တိုင်အောင် တစ်ခွက်ပြီးတစ်ခွက်ထပ်
တလဲလဲသောက်ရကြပါမည်။ သို့မဟုတ်ပါက သူတို့သည် စိတ်နှလုံး
အတွင်းမဖြူစင်မသန့်ရှင်းဘဲ ညစ်ညူးသည့်အခြေအနေ၌ပင်ရှိနေကြပေ
လိမ့်မည်။ ဤခါးသောခွက်ကိုသည်းခံခြင်း၊ တည်ကြည်ခြင်း၊ ဆုတောင်း
ပတ္ထနာပြုခြင်းတို့ဖြင့်သောက်သုံးပါက ချိုမြိန်ခြင်းသို့ရောက်၍လက်ခံ
သောက်သုံးသောသူတို့၏စိတ်နှလုံးအတွင်း၌လည်း ကြံရွယ်ထားတော်
မူသည့်အတိုင်း အကျိုးသက်ရောက်မှုရှိလိမ့်မည့်အပြင် ထာဝရဘုရား၏
ဘုန်းအသရေတော်ကိုလည်းထွန်းတောက်စေလိမ့်မည်ဟု ကျွန်ုပ်မြင်ရပါ
သည်။ ဘုရားသခင်၏စိတ်တော်နှင့်တွေ့၍ ကိုယ်တော်ပိုင်စိုးခြင်း
ခံရသည့်ခရစ်ယာန်တစ်ဦးဖြစ်ရေးမှာ သေးငယ်သောကိစ္စရပ်တစ်ခု
မဟုတ်ပါ။ ယနေ့သမ္မာတရားလမ်းစဉ်ကိုခံယူထားကြသော်လည်း
သူတို့၏အသက်တာများမှာ ယင်းခံယူချက်နှင့်မကိုက်ညီသော ခရစ်ယာန်
အချို့ကို ထာဝရဘုရားက ကျွန်မအားပြတော်မူပါသည်။ သူတို့၏ ဘုရား
တရားကြည်ညိုပုံ အဆင့်အတန်းနိမ့်ကျလွန်းသည်ဖြစ်၍ သူတို့၏
အသက်တာမှာလည်း သမ္မာကျမ်းစာတော်ဆိုင်ရာ သန့်ရှင်းခြင်းနှင့်

ကွာဟလွန်းပါသည်။ အချို့သောသူတို့သည်အကျိုးမရှိ၊ မသင့်မလျော်၊ မလိုလားအပ်သောစကားများကိုပြောဆိုကြပါသည်။ အချို့သောသူများကမူ ကိုယ်ကိုကိုယ်အမွှမ်းတင်သည့်ကိစ္စရပ်များတွင်သာ စိတ်ဝင်စားကြပါသည်။ ကျွန်ုပ်တို့သည် ကိုယ့်အလိုဆန္ဒပြည့်ဝရေးအတွက်သက်သက်သာလောကီစည်းစိမ်ဥစ္စာမွေ့လျော်ခြင်းဖြင့် သက်ရှင်လှုပ်ရှားလျက်၊ လောကီဆင်သောအပေါင်းအသင်းများနှင့်သာပျော်ပိုက်လျက်နှင့်ပင် ခရစ်တော်နှင့်အတူ ဘုန်းစည်းစိမ်သို့ဝင်စားစိုးစံခွင့်ကိုလည်း မျှော်လင့်ထားခြင်းမှာ မဖြစ်နိုင်ပါ။

ကျွန်ုပ်တို့သည် ထင်ရှားစေတော်မူလတ္တံ့သောခရစ်တော်၏ဘုန်းအသရေတော်ကို တမလွန်ဘဝတွင်ဆက်ဆံလိုပါက ပစ္စုပ္ပန်ဘဝတွင် ခရစ်တော်၏ဆင်းရဲဒုက္ခကိုလည်း ဆက်ဆံသူများဖြစ်ရပါမည်။ ဘုရားသခင်၏အလိုတော်ကိုလိုလားစွာလိုက်လျှောက်လျက် ကိုယ်တော်၏မွန်မြတ်သောကိုယ်ကျိုးမဖက်သည့်ဆင်းရဲဒုက္ခလမ်းစဉ်ကို ရှေ့သို့တိုးတက်စေရန်မဆောင်ရွက်ဘဲ ကျွန်ုပ်တို့၏ကိုယ်ကျိုးအတွက် ကိုယ်တိုင်ကောင်းစားရေးလမ်းစဉ်ကိုသာ ရှာဖွေလိုက်စားနေပါလျှင် ဘုရားသခင်ကိုလည်းကောင်း၊ ကျွန်ုပ်တို့ချစ်မြတ်နိုးပါသည်ဟုအဆိုပြုသော သန့်ရှင်းတော်မူသည့်လမ်းစဉ်ကိုလည်းကောင်း ဂုဏ်အရေယုတ်လျော့စေပါသည်။ ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ရန် ကျွန်ုပ်တို့အတွက် ကျန်ရှိသေးသောအချိန်ကာလမှာ တိုတောင်းလှပါသည်။ တကွဲတပြားပြိုလဲပျက်စီးနေသော ယေရှုခရစ်တော်၏သိုးစုကို ကယ်ဆယ်ရေးလုပ်ငန်းအတွက် အနစ်နာခံစွန့်လွှတ်ရန် မည်သည့်အရာမျှအဖိုးထိုက်တန်လွန်းသည်မဟုတ်ပါ။ မျက်မှောက်ကာလတွင်အနစ်နာခံ၍ ဘုရားသခင်နှင့်ပဋိညာဉ်ဖွဲ့သူများသည် ကြွယ်ဝစွာသောဆုလာဘ်များကိုခံစား၍ နိုင်ငံတော်သစ်ကို ထာဝရကာလပတ်လုံးပိုင်ဆိုင်ရန် အိမ်တော်သို့မကြာမီစုသိမ်းတော်မူခြင်းကိုခံရကြပါလိမ့်မည်။

ကျွန်ုပ်တို့သည်စည်းကမ်းသေဝပ်သည့်အသက်တာတွင် ဘုရားသခင်အလိုတော်နှင့်ညီသောစကားများကိုသာပြောဆိုနေထိုင်ခြင်းဖြင့် ယေရှုရှင်အတွက်အသက်ရှင်သူများဖြစ်ကြောင်းကိုလည်းကောင်း၊ နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်သဘောဖြင့် ဘုရားသခင်နောက်တော်သို့တည့်တည့်မတ်မတ်လိုက်လျှောက်သောသူများဖြစ်ကြောင်းကိုလည်းကောင်း ပြကြပါစို့။ ညအချိန်တည်းဟူသောဆင်းရဲဒုက္ခကပ်ကာလရောက်လာသောအခါ ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ရန် အချိန်လုံးဝမရှိတော့သဖြင့် နေ့အချိန်မကုန်ဆုံးမီ ယခုပင်ကြိုးစား၍ဆောင်ရွက်ကြပါစို့။ ယေရှုရှင်သည် မိမိ၏သန့်ရှင်းသောဗိမာန်အတွင်း၌ရှိနေတော်မူသေးသည်ဖြစ်၍ ကျွန်ုပ်တို့၏ပူဇော်သက္ကာရများ၊ ဆုတောင်းပတ္ထနာများ၊ အပြစ်နှင့်အမှားအယွင်းများအတွက်ဖေါ်ပြတောင်းပန်ခြင်းများကို ယခုအချိန်တွင်နားညောင်းခံယူတော်မူပြီးလျှင် ဣသရေလ၏အပြစ်ဒုစရိုက်များကိုလွတ်ငြိမ်းချမ်းသာခွင့်ပေး၍ သန့်ရှင်းရာဌာနတော်မှမထွက်ခွာမီ ယင်းအပြစ်ဒုစရိုက်ရှိသမျှကိုဖျက်ချေတော်မူလိမ့်မည်။ သို့ဖြစ်၍ ယေရှုရှင်သည် သန့်ရှင်းရာဌာနတာ်မှထွက်ခွာတော်မူသောအခါ ဖြောင့်မတ်သောသူနှင့်သန့်ရှင်းသောသူတို့သည် ဖြောင့်မတ်သန့်ရှင်းလျက်ပင်ရှိနေကြပေလိမ့်ဦးမည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏အပြစ်များကိုချေဖျက်ပြီးဖြစ်၍ သူတို့သည်အသက်ရှင်တော်မူသောဘုရားသခင်၏တံဆိပ်တော်ဖြင့် တံဆိပ်ခတ်နှိပ်ထားပြီးသူများဖြစ်ကြ၏။ သို့သော် မတရားသောသူတို့နှင့်ညစ်ညူးသောသူတို့မူကား မတရားသောမှုနှင့်ညစ်ညူးသောအမှုတို့ကိုပြုဆဲပြုနေကြပေလိမ့်ဦးမည်။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်တွင် သူတို့၏ပူဇော်သက္ကာရများ၊ အပြစ်ဖြေလွှတ်ခွင့်အတွက် ဝန်ချတောင်းပန်းခြင်းများ၊ ဆုတောင်းပတ္ထနာများတို့ကို ဘုရားသခင်၏ရှေ့တော်သို့ဆက်လက်တင်ပြ၍ အသနားခံပေးရန်အတွက်

ယဇ်ပုရောဟိတ်မင်းကြီးသည် သန့်ရှင်းရာဌာနတော်တွင် ရှိတော့မည် မဟုတ်ပါ။ ထိုအကြောင်းများကြောင့် အသက်ဝိညာဉ်များသည် လာလတ္တံ့သောအမျက်ဒေါသမှန်တိုင်းမှလွတ်မြောက်ကြစေရန်အတွက် ဆောင်ရွက်ရမည့်အမှုတော်ကို ကောင်းကင်သန့်ရှင်းရာဌာနတော်၏ အသန့်ရှင်းဆုံးသောအခန်းမှ သခင်ယေရှုထွက်ခွာတော်မမူမီဆောင်ရွက် ကြရပါမည်။

---ooo---

## သိုးစုငယ်သို့

လေးစားအပ်သောညီအစ်ကိုမောင်နှမတို့၊ ၁၈၅၀ခု၊ ဇန်နဝါရီလ ၂၆ ရက်နေ့က ကျွန်မအားဘုရားသခင်ဖော်ပြသောရူပါရုံကိုပြောပြ ပါမည်။ ဘုရားသခင်၏လူအချို့တို့သည် နိုးကြားထကြွမှုမရှိ၊ ထုံထိုင်း အိပ်ပျော်နေကြပုံကို ကျွန်မမြင်ရပါသည်။ ကျွန်မတို့နေထိုင်ကြသည့် ယနေ့အချိန်ကာလသည် မည်ကဲ့သို့ခေတ်ကာလဖြစ်ကြောင်းကို သူတို့ မသိကြ၊ ဂရုမပြုကြ။ “အမှိုက်လှည်းတံမြက်စည်။”* ကိုကိုင်ဆောင်ထား သောသူသည် အခန်းတွင်းသို့ရောက်နေပြီးဖြစ်၍ အချို့သောသူများ သည် အခန်းအပြင်သို့လှည်းထုတ်ခြင်းခံရကြပေလိမ့်မည်။ သို့ပါလျက် ဘေးအန္တရာယ်ကိုသူတို့မသိကြပါ။ ထိုကြောင့်သူတို့သည် ထာဝရပျက်စီး ခြင်းသို့မရောက်စေခြင်းငှာလည်းကောင်း၊ ယင်းကြောက်မက်ဖွယ်သော ဘေးအန္တရာယ်များကိုတွေ့မြင်သတိရစေခြင်းငှာလည်းကောင်း သူတို့ အားအချိန်အနည်းငယ်ပို၍ပေးလျက် ကယ်တင်တော်မူပါရန် ယေရှုရှင် အားကျွန်မတောင်းပန်လျှောက်ထားပါသည်။ ထိုအခါကောင်းကင်တမန်

---

* “Dirt brush” William Miller ၏အိပ်မက်ခန်းကိုကြည့်ပါရန်။

က “ပျက်စီးခြင်းအမှုသည် လေပြင်းမုန်တိုင်းကဲ့သို့အရှိန်အဟုန်ကြီးစွာဖြင့် လာနေပြီ” ဟုပြောပါသည်။ ထိုအခါ ဤလောကကိုချစ်မြတ်နိုးနေသောသူများ၊ မိမိပိုင်ပစ္စည်းဥစ္စာများနှင့်မခွဲမခွာနိုင်ဘဲ စုံမက်စွဲလမ်းနေသူများ၊ ဝိညာဉ်ရေးအစားအသောက်မရရှိသဖြင့် ဆာလောင်မွတ်သိပ်၍ ပျက်စီးသေဆုံးလုနီးနေသောသိုးငယ်များအားကျွေးမွေးပြုစုရန် ထွက်ခွာသွားကြသောသံတမန်များ၏ခရီးလမ်းစဉ်ကို သနားကြင်နာစွာဖြင့် ကယ်ဆယ်ပါရန် ကောင်းကင်တမန်အား ကျွန်မတောင်းပန်အသနားခံလိုက်ပါသည်။

ယနေ့သမ္မာတရားကိုမကြားမနာရသဖြင့် ပျက်စီးဆုံးရှုံးလုနီးနေသောသနားဖွယ်ရာအသက်ဝိညာဉ်များကို ကျွန်မရှုမြင်နေရစဉ် သမ္မာတရားတော်ကိုယုံကြည်ပါသည်ဟုဝန်ခံသူအချို့သည် ဘုရားသခင်၏အမှုတော်ကိုရှေ့သို့သယ်ဆောင်ရေးအတွက် လိုအပ်နေသောငွေကြေးများကိုမပေးလှူဘဲ မိမိတို့လက်တွင်ဆုပ်ကိုင်ထားကြသည့်အတွက် ထိုသူများသေဆုံးပျက်စီးခြင်းသို့ရောက်ကြတော့မည်ကို ကျွန်မမြင်ရသည်မှာ ရင်နာလှသောကြောင့် ယင်းမြင်ကွင်းကိုမပြပါရန် ကောင်းကင်တမန်အားတောင်းပန်လိုက်ပါသည်။ ဘုရားသခင်၏အမှုတော်အတွက် မိမိတို့၏ဥစ္စာပစ္စည်းတစ်စိတ်တစ်ဒေသကိုပေးလှူပူဇော်ရန် တာဝန်ကျရောက်လာသောအခါ ယေရှုရှင်ထံချဉ်းကပ်သောလူငယ်ကဲ့သို့ (မဿဲ၊ ၁၉း၁၆–၂၂) စိတ်မပါသည်နှင့်ထွက်သွားကြသည်ကိုလည်းကောင်း၊ မကြာမီဒုက္ခမျိုးစုံကပ်ကြီးဆိုက်ရောက်သဖြင့် သူတို့ပိုင်ဥစ္စာပစ္စည်းများပျက်စီးဆုံးရှုံးခြင်းသို့ရောက်ကြသည်ကိုလည်းကောင်၊ ထိုရောအခါလောကီစည်းစိမ်ဥစ္စာများကိုပေးလှူစွန့်ကြဲခြင်းဖြင့် ကောင်းကင်ဘုံ၌ဘဏ္ဍာကိုဆည်းပူးရန်

အချိန်လုံးဝရှိတော့မည်မဟုတ်ကြောင်းကိုလည်းကောင်း ကျွန်မမြင်ရပါသည်။

ထိုအခါဘုန်းကြီးတော်မူသောရွေးနှုတ်ရှင်၊ ရိုသေမြတ်နိုးဖွယ်သောကယ်တင်ရှင်သည် ဖြောင့်မတ်တော်မူသောအရှင်အနေဖြင့် မဖြောင့်မတ်သောသူတို့အတွက် မွန်မြတ်တော်မူသောအသက်တော်ကိုပူဇော်ရန် မိမိ၏ဘုန်းတော်နိုင်ငံကိုစွန့်ခွာလျက် မှောင်မိုက်ဖုံးလွှမ်းလျက်ရှိသော စိတ်ပျက်ညှိုးငယ်စရာဖြစ်သည့် ဤကမ္ဘာသို့ကြွဆင်းလာတော်မူသည်ကို ကျွန်မမြင်ရပါသည်။ ကရုဏာကင်းမဲ့စွာဖြင့်ပြက်ရယ်ပြုကြသည်များကိုလည်းကောင်၊ ရိုက်နှက်ညှဉ်းဆဲကြသည်များကိုလည်းကောင်း၊ ဆူးပင်နှင့်ရက်သောသရဖူကိုခေါင်းတော်ပေါ်၌တင်လျက် ပြောင်လှောင်ကြသည်ကိုလည်းကောင်း ကိုယ်တော်ခံတော်မူ၏။ တစ်ကမ္ဘာလုံး၏အပြစ်ဒုစရိုက်ဝန်ထုပ်ကြီးကို မိမိကိုယ်ပေါ်တွင်တင်ဆောင်ခြင်းဖြင့် ဥယျာဉ်ထဲတွင်သွေးကဲ့သို့ချွေးပေါက်ကြီးများကျဆင်းသည်တိုက်အောင် ဝေဒနာကိုခံစားရတော်မူ၏။ “မည်သည့်အတွက်ကြောင့်နည်း” ဟုကောင်းကင်တမန်မေးသောအခါ ကျွန်မတို့အတွက်ကြောင့်ဖြစ်သည်ကို ကျွန်မရှုမြင်သိနားလည်ရပါသည်တကား၊ ကိုယ်တော်သည် ကျွန်မတို့အပြစ်ဒုစရိုက်များကြောင့် ဤဒုက္ခဝေဒနာမျိုးစုံကိုခံစားတော်မူရပါသည်တကား၊ ကျွန်မတို့အားဘုရားသခင်၏အထံတော်သို့ပို့ဆောင်ရန် ကိုယ်တော်သည် မိမိ၏မြတ်တော်မူသောအသွေးတော်ဖြင့် ကျွန်မတို့အားရွေးနှုတ်တော်မူပါသည်တကား။

ယေရှုရှင်သည် ဘုရားသခင်၏ရှေ့တော်၌ရပ်လျက် မိမိ၏အသွေးတော်အာဖြင့်လည်းကောင်း၊ မိမိခံစားတော်မူရသောဒုက္ခဆင်းရဲခြင်းအပေါင်းဖြင့်လည်းကောင်း မိမိအသေခံတော်မူခြင်းကို အကြောင်းပြုလျက်

ထိုသူတို့အတွက်အသနားခံ၍နေတော်မူစဉ် ကိုယ်တော်၏လူတို့အား အသက်ရှင်တော်မူသောဘုရားသခင်၏တံဆိပ်ဖြင့်ခတ်နှိပ်နိုင်ရန် အသက်ကယ်သောသမ္မာတရားတော်ကိုယူဆောင်သွားဖို့ ကိုယ်တော်၏သံတမန်များကလည်း အသင့်စောင့်ဆိုင်း၍နေကြစဉ် ပျက်စီးလုနီးသောအသက်ဝိညာဉ်များကိုအပ်နေသည့် သမ္မာတရားတော်ကိုပေးပို့နိုင်ရေးအတွက် မိမိတို့ပိုင်လောကီဥစ္စာပစ္စည်းများကို ထုခွဲရောင်းချခြင်းမပြုလိုကြသည့် မြင်ကွင်းကိုလည်း ကျွန်မ၏ရှေ့တွင်ပြထားပါသည်။ ယနေ့သမ္မာတရားကို ယုံကြည်ပါသည်ဟုဝန်ခံထားပါလျက် မိမိတို့အားဘဏ္ဍာစိုးအဖြစ်အပ်နှင်းထားသည့် ဘုရားသခင်ပိုင်တော်မူသောဘဏ္ဍာငွေများမှ အနည်းငယ်ကို သံတမန်များအတွက်ပေးလှူရန် ခက်ခဲနေကြပုံကို ကျွန်မမြင်ရပါသည်။

ဒုက္ခဆင်းရဲမျိုးစုံကိုခံစားတော်မူရသောသခင်ယေရှု၊ ကြီးမြတ်နက်ရှိုင်းသောမေတ္တာတော်ဖြင့် မိမိအသက်တော်ကိုစွန့်တော်မူသောသခင်ယေရှု၏ပုံတော်ကို ကျွန်မ၏ရှေ့တွင်ထပ်မံ၍ပြထားပါသည်။ ၎င်းအပြင် ကိုယ်တော်၏နောက်တော်သို့လိုက်လျှောက်ပါသည်ဟုဝန်ခံသည့် ဥစ္စာပစ္စည်းကြွယ်ဝသူများဖြစ်ပါလျက်နှင့် ကယ်တင်ခြင်းဆိုင်ရာအမှုတော်အတွက်ထောက်ပံ့ရန်တာဝန်ကြီးလေးလွန်းသည်ဟု သဘောပိုက်သူများကိုလည်း ကျွန်မမြင်ရပါသည်။ "ထိုသို့သောသူများသည်ကောင်းကင်နိုင်ငံတော်သို့ဝင်နိုင်ကြပါ၏လော" ဟုကောင်းကင်တမန်တစ်ပါးက မေးသောအခါ အခြားကောင်းကင်တမန်တစ်ပါးက "မည်သည့်အချိန်၊ မည်သည့်အခါတွင်မျှဝင်နိုင်မည်မဟုတ်ပါ၊ မည်သည့်နည်းနှင့်မျှလည်း ဝင်နိုင်မည်မဟုတ်ပါ၊ ဤကမ္ဘာမြေကြီးပေါ်တွင် ဘုရားသခင်၏အမှုတော်အတွက်စိတ်ဝင်စားမှုမရှိသောသူသည် ကောင်းကင်ဘုံ၌ချေးနတ်ခြင်းဆိုင်ရာမေတ္တာတော်သီချင်းကို မည်သည့်အခါတွင်မျှသီဆိုနိုင်လိမ့်မည်

မဟုတ်ပါ” ဟုဖြေကြားပါသည်။ မြေကြီးပေါ်၌အရှိန်အဟုန်ပြင်းစွာ ဖြင့် ဘုရားသခင်လုပ်ဆောင်လျက်ရှိသောအမှုတော်ကြီးအတွက် မကြာမီ အတွင်းဖြောင့်မတ်ခြင်းတရားခေါင်းပါးသွားမည်ဖြစ်၍ ဘုရားသခင်၏ သံတမန်များသည် လေလွင့်ပျောက်ဆုံးနေသောသိုးများကိုဆောလျင်စွာ ဖြင့်သွားရောက်ရှာဖွေကြရပါမည်။ “လူတိုင်းသံတမန်များဖြစ်ကြပါ၏ လော” ဟုကောင်းကင်တမန်တစ်ပါးကမေးရာ “မဟုတ်ပါ၊ မဟုတ်ပါ၊ ဘုရားသခင်၏သံတမန်များတွင် သတင်းစကားတစ်ရပ်ရှိရပါ၏” ဟု အခြားသောကောင်းကင်တမန်တစ်ပါးကဖြေကြားပါသည်။

ဘုရားသခင်၏အထံတော်မှသတင်းစကားမပါဘဲ ခရီးလှည့်လည် နေကြသောသူအများကြောင့် ဘုရားသခင်၏အမှုတော်နှောင့်နှေးကြံ့ကြာ နေသည်သာမက ကိုယ်တော်၏ဂုဏ်တော်ကိုထိခိုက်နေကြောင်း ကျွန်ုပ်မ မြင်ရပါသည်။ သူတို့ဆောင်ရွက်ရန်တာဝန်မရှိသောအရပ်ဒေသများ သို့ လှည့်လည်သွားလာနေကြသောသူတိုင်းသုံးစွဲကုန်ကျခဲ့သည့်ငွေတစ် ကျပ်တိုင်းအတွက် ဘုရားသခင်နှင့်စာရင်းရှင်းရကြပါလိမ့်မည်။ အဘယ် ကြောင့်ဆိုသော် ယင်းငွေများသည် ဘုရားသခင်၏အမှုတော်တိုးတက် ဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်ကောင်းစရာရှိပါသည်။ အကယ်၍ ဘုရားသခင်ခေါ်တော်မူခြင်းခံရသောအမှုဆောင်သံတမန်များကသာ ယင်းငွေများကိုရရှိခဲ့ပါက ဝိညာဉ်အစာခေါင်းပါး၍ သေဆုံးသွားရသူ များအတွက် အသက်ရှင်စေသောဝိညာဉ်အစားအသောက်များကို အချိန်မီ ရောက်ရှိသွားနိုင်စရာအကြောင်းရှိပါသည်။ မိမိတို့၏လက်ရုံးကိုအသုံးပြု၍ ဘုရားသခင်၏အမှုတော်ကိုအထောက်အကူပြုနိုင်သည့်စွမ်းအားရှိသူ များသည်လည်း ဥစ္စာဓနပေါကြွယ်ဝသူများနည်းတူပင် သူတို့၏စွမ်းအား ကိုအသုံးချပုံနှင့်ပတ်သက်၍ ဘုရားသခင်နှင့်စာရင်းရှင်းကြရမည်ကို လည်း ကျွန်ုပ်မမြင်ရပါသည်။

ပြင်းစွာသောလှုပ်ခါသည့်အချိန် အစပြုလာပါပြီ၊ ဆက်လက်၍လည်းတည်ရှိနေပေလိမ့်ဦးမည်။ ဘုရားသခင်၏အတွက်ကိုလည်းကောင်း၊ ကိုယ်တော်၏အမှုတော်အတွက်ကိုလည်းကောင်း အနစ်နာမခံလိုသောသူ၊ ပေးလှူပူဇော်ခြင်းမပြုလိုသောသူ၊ သမ္မာတရားတော်အတွက် ရဲရဲဝံ့ဝံ့မဆုတ်မနစ်ကြံ့ကြံ့မခံလိုသောသူတို့သည် ဤလှုပ်ခါချိန်တွင် အပြင်သို့လွင့်စဉ်သွားကြပေလိမ့်မည်။ ကောင်းကင်တမန်က "မည်သူမဆိုပေးလှူမှုဇော်ရမည်ဟု သင်ထင်ပါသလား။ လုံးဝမဟုတ်ပါ။ စေတနာအလျောက်လှူဒါန်းခြင်းသာဖြစ်ရမည်။ ရတတ်သမျှကိုရောင်းပြီးမှလယ်ကိုဝယ်ရလိမ့်မည်" ဟုပြောပါသည်။ ဘုရားသခင်၏လူအချို့သည့် မေ့မြော၍ သေလုဆဲဖြစ်နေသောကြောင့် သူတို့အားခွင့်လွှတ်တော်မူပါရန် ကျွန်မငိုကြွေးမြည်တမ်းမိပါသည်။ ထိုနောက် ထာဝရဘုရား၏တရားစီရင်ချက်များ အဆောတလျင်ရောက်လာနေသည်ကိုမြင်ရသဖြင့် လူအပေါင်းတို့အား သူတို့၏ဘာသာစကားဖြင့်ပြောပြရန် ကောင်းကင်တမန်အား ကျွန်မတောင်းပန်ပါသည်။ "ဘုရားသခင်၏နှုတ်ကပါဌ်တရားဆိုင်ရာသမ္မာတရားများအားဖြင့်ပင် ထကြွလှုပ်ရှားခြင်းမရှိသောသူများသည် သိနာတောင်ပေါ်မှမိုးချုန်းသံများနှင့် လျှပ်ပြက်ခြင်းများကိုကြားရမြင်ရသော်လည်းထကြွခြင်း၊ လှုပ်ရှားခြင်းရှိကြလိမ့်မည်မဟုတ်၊ ကောင်းကင်တမန်၏သတင်းစကားအားဖြင့်လည်း သူတို့နိုးကြားကြလိမ့်မည်မဟုတ်" ဟုကောင်းကင်တမန်ကပြောပါသည်။

ထိုနောက်ဘုန်းအသရေတော်နှင့်တင့်တယ်၍ ရိုးသေမြတ်နိုးဖွယ်သောယေရှုရှင်ကို ကျွန်မဖူးတွေ့ရပါသည်။ ကိုယ်တော်၏ဝတ်ရုံတော်သည်အဖြူဆုံးသောအဖြူထက်ပို၍ ဖြူပါသည်။ ကိုယ်တော်၏ဘုန်းတော်နှင့်မြင့်မြတ်တော်မူပုံ၊ ကိုယ်တော်သည်ရိုသေမြတ်နိုးဖွယ်ကောင်းပုံများကို မည်သည့်ဘာသာစကားနှင့်မျှ ဖော်ပြ၍မကုန်နိုင်ပါ။ ဘုရားသခင်၏

ပညတ်တော်တို့ကိုစောင့်ထိမ်းသူများအားလုံး။ တစ်ယောက်မျှမကြွင်း အားလုံးမြို့တော်အတွင်းသို့ မြို့ရိုးတံခါးမှတစ်ဆင့်ဝင်ရောက်ကြရပေလိမ့်မည်။ အသက်ပင်၏အသီးများကိုလည်းစားခွင့်ရာကြလိမ့်မည်။ ရှိသေမြတ်နိုးဖွယ်သောယေရှုရှင်၏မျက်မှောက်တော်တွင်လည်း ထာဝရကာလပတ်လုံးနေခွင့်ရကြပါလိမ့်မည်။ ကိုယ်တော်၏မျက်နှာတော်သည် မွန်းတည့်နေထက်သာ၍ ထွန်းလင်းပါသည်။

ဒေင်ဥယျာဉ်မှအာဒံနှင့်ဧဝတို့ကိုကျွန်မအားညွှန်ပြပါသည်။ သူတို့သည် ပညတ်ထားသသောအပင်၏အသီးကိုစားကြသဖြင့် ဥယျာဉ်တော်ထဲမှထွက်ခွာကြရပါသည်။ အသက်ပင်ကိုလည်းမီးစက်လက်နက်ဖြင့်ကာကွယ်ထားတော်မူပါသည်။ ထိုသို့မပြုပါက သူတို့သည်အသက်ပင်၏အသီးကိုစား၍ မသေမပျောက်နိုင်သောဒုစရိုက်သားများဖြစ်ကြပေလိမ့်မည်။ အသက်ပင်သည် မသေမပျောက်နိုင်ခြင်းကို ထာဝရတည်မြဲစေရန်အတွက်ဖြစ်ပါသည်။ "အာဒံ၏မိသားစုမှမည်သူသည် မီးစက်လက်နက်ကိုဖြတ်ကျော်၍အသက်ပင်၏အသီးကိုစားခဲ့ပါသနည်း" ဟုကောင်းကင်တမန်တစ်ပါးကမေးသည်ကို ကျွန်မကြားရပါသည်။ ထိုအခါအခြားသောကောင်းကင်တမန်တစ်ပါးကဖြေကြားသည်မှာ၊ "အာဒံ၏မိသားစုမှမည်သူမျှမီးစက်လက်နက်ကိုဖြတ်ကျော်ခြင်း၊ အသက်ပင်၏အသီးကိုစားသောက်ခြင်းမပြုခဲ့ပါ။ ထို့ကြောင့်မသေမပျောက်နိုင်သောဒုစရိုက်သားမရှိပါ။ အပြစ်ကျူးလွန်သောသူသည်ထာဝရသေရမည်၊ ကမ္ဘာအဆက်ဆက်သေလျက်နေရမည်၊ ထမြောက်ရှင်ပြန်ရန်အတွက် မျှော်လင့်ချက်မရှိ၊ ထိုအခါဘုရားသခင်၏အမျက်တော်ပြေငြိမ်းလိမ့်မည်။"

"သန့်ရှင်းသောသူတို့သည် သန့်ရှင်းသောမြို့တော်အတွင်း၌ နားနေ၍ မင်းကြီးများ၊ ယဇ်ပုရောဟိတ်များအဖြစ်နှင့် အနှစ်တစ်ထောင်တိုင်အောင်စိုးစံကြလိမ့်မည်။ ထိုနောက်ယေရှုရှင်သည် သန့်ရှင်းသူများနှင့်

အတူ သံလွင်တောင်ပေါ်သို့ဆင်းသက်တော်မူလိမ့်မည်။ ထိုအခါသံလွင်တောင်သည်ထက်ခြမ်းကွဲ၍ ဘုရားသခင်၏ပရဒိသုဘုံတည်နေဖို့ရန်အတွက် အပြောကျယ်သောလွင်ပြင်ကြီးဖြစ်သွားလိမ့်မည်။ ကြွင်းသောကမ္ဘာမြေပြင်မူကား အနှစ်တစ်ထောင်မကုန်မဆုံးမီဆေးကြောသုတ်သင်တော်မမူပါ။ အနှစ်တစ်ထောင်ကုန်ဆုံးချိန်တွင်မတရားသောသူတို့သည် သေခြင်းမှထမြောက်၍ မြို့တော်ကြီးကိုဝိုင်းဝန်းထားကြပေလိမ့်မည်။ သို့သော်မတရားသောသူတို့၏ခြေတို့သည် အသစ်တစ်ဖန်ပြုပြင်ဖန်ဆင်းထားသောကမ္ဘာမြေကြီးကို မရှိမသေပြုနိုင်ကြလိမ့်မည်မဟုတ်ပါ။ ဘုရားသခင်ထံကောင်းကင်မှမီးမိုးရွာချ၍ သူတို့အားလျင်မြန်စွာလောင်ကျွမ်းစေလိမ့်မည်။ အမြစ်နှင့်တကွအခက်အလက်များပါမကျန် ကုန်စင်အောင်လောင်ကျွမ်းလိမ့်မည်။ စာတန်သည်အမြစ်၊ သူ၏သားသမီးများကား အခက်အလက်များဖြစ်ကြပါသည်။ မတရားသောသူတို့အားလောင်ကျွမ်းသောမီးသည်ပင်လျှင် ကမ္ဘာမြေပြင်ကိုသန့်စင်စေလိမ့်မည်။

---ooo---

# နောက်ဆုံးသေဒဏ်များ
# နှင့်
# တရားစီရင်ခြင်း

၁၈၅၀ ခု၊ စက်တင်ဘာလတွင် ဗာမောက်ပြည်နယ်၊ စပ်တွန်မြို့[*] ၌ ယနေ့သမ္မာတရားကိုယုံကြည်သူများကျင်းပသည့် အထွေထွေညီလာခံတွင် ကျွန်မမြင်ရသောရူပါရုံအရ သန့်ရှင်းရာဌာနတော်မှ ယေရှုရှင်ထွက်ကြွတော်မူပြီးနောက်မှ နောက်ဆုံးသောဘေးဒဏ်ခုနစ်ပါးကျရောက်ပါလိမ့်မည်။ "မတရားသောသူများသေဆုံးပျက်စီးကြရသည်မှာ ဘုရားသခင်နှင့်သိုးသငယ်၏အမျက်တော်ကြောင့်ဖြစ်ပါသည်၊ ဘုရားသခင်၏အသံတော်အားဖြင့် သန့်ရှင်းသူတို့သည် အောင်တံခွန်များကိုကိုင်ဆောင်ထားသည့် တန်ခိုးကြီးပမာဖြစ်လာနိုင်ပါသည်။ သို့သော် ထိုအချိန်တွင်သူတို့သည်သမ္မာတရားတော်နှင့်အညီ တရားစီရင်ကြလိမ့်မည်မဟုတ်သေးပါ။ အနှစ်တစ်ထောင်ကုန်ဆုံးပြီးမှ အပြီးသတ်တရားစီရင်ကြပါလိမ့်မည်" ဟု ကောင်းကင်တမန်ကပြောပါသည်။

သန်ရှင်းသူများသည် မသေမပျောက်နိုင်သောဘဝသို့ပြောင်းလဲပြီး ယေရှုရှင်နှင့်အတူ ကောင်းကင်သို့ချီဆောင်ခြင်းကိုခံရကြ၍ သူတို့၏စောင်းတော်များ၊ ဝတ်ရုံများ၊ သရဖူများကိုလက်ခံရရှိပြီးသောအခါ ယေရှုရှင်နှင့်အတူ မြို့တော်သို့ဝင်ကြ၏။ ထိုနောက်အသက်စာစောင်နှင့်မရဏာစာစောင်များကိုဖွင့်လျက် သန့်ရှင်းသူများသည် ယေရှုရှင်နှင့်အတူထိုင်၍ တရားစီရင်ကြပါသည်။ အသက်စာစောင်တွင် သန့်ရှင်းသူတို့၏ကောင်းသောကျင့်ဝတ်များကိုလည်းကောင်း၊ မရဏာစာစောင်တွင် မတရားသောသူများ၏ မတရားသောအကျင့်များကို

---

[*] Sutton, Vermont

လည်းကောင်း အသီးအသီးမှတ်တမ်းတင်ထားပါသည်။ ယင်းစာစောင်များကို သမ္မာကျမ်းစာတော်မြတ်နှင့်လည်းကောင်း ပြဋ္ဌာန်းထားသောပညတ်တရားစာစောင်နှင့်လည်းကောင်း နှိုင်းယှဉ်၍ လူတို့အား မိမိတို့၏ကိုယ်ကျင်းတရားနှင့်အညီ တရားစီရင်တော်မူ၏။ သန့်ရှင်းသူတို့သည် ယေရှုနှင့်သဘောတညီတည်းဒုစရိုက်အပြစ်အတွင်းနစ်မွန်း၍သေလွန်သွားသောသူတို့အပေါ်စီရင်ချက်ချမှတ်ကြ၏။ "ကြည့်ရှုလော့၊ သန့်ရှင်းသူတို့သည် ယေရှုနှင့်သဘောတညီတည်းတရားစီရင်ကြပါ၏၊ မတရားသောသူတို့အား သူတို့၏ကိုယ်ကျင့်တရားအလျောက်ဝေဖန်သုံးသပ်၍ စီရင်ဆုံးဖြတ်ကြပါ၏။ ယင်းစီရင်ချက်များအတိုင်းအပြီးသတ်ဆောင်ရွက်ရန် ဆုံးဖြတ်ချက်များကိုသူတို့၏အမည်စာရင်းတွင်သက်ဆိုင်ရာအမည်များနှင်ယှဉ်၍ မှတ်တမ်းတင်ထားပါ၏" ဟု ကောင်းကင်တမန်ကပြောပါသည်။ ဤသည်မှာကား သန့်ရှင်းသောမြို့တော်သည် ဤကမ္ဘာမြေကြီးပေါ်သို့ဆင်းသက်မလာမီ အနှစ်တစ်ထောင်ကာလပတ်လုံးသန့်ရှင်းသူများသည် ယေရှုရှင်နှင့်အတူဆောင်ရွက်ကြမည့်တာဝန်တစ်ရပ်ဖြစ်ကြောင်း ကျွန်မမြင်ရပါသည်။ ထိုနောက် အနှစ်တစ်ထောင်ပြီးဆုံးချိန်တွင် ယေရှုရှင်သည် ကောင်းကင်တမန်များနှင့်သန့်ရှင်းသူအပေါင်းခြံရံလျက် သန့်ရှင်းသောမြို့တော်မှထွက်ခွာ၍ ဤကမ္ဘာမြေကြီးပေါ်သို့သက်ဆင်းတော်မူစဉ် ဒုစရိုက်အပြစ်နှင့်အတူစုတေသွားကြသောသူများထမြောက်ကြ၏။ ထိုအခါကိုယ်တော်အား "ထိုးဖေါက်သောသူတို့" သည်လည်း အတူတကွထမြောက်ကြလိမ့်မည်။ ယင်းသို့ကိုယ်တော်သည် ဘုန်းတန်ခိုးအာနုဘော်ကိုဆောင်လျက် ကောင်းကင်တမန်များနှင့်သန့်ရှင်းသူများခြံရံလျက်ကြွလာတော်မူသည်ကို

ထိုသူတို့သည်အဝေးကပင်ဖူးမြင်ရကြသောအခါ ကိုယ်တော်ကြောင့် သူတို့ငိုကြွေးမြည်တမ်းကြလိမ့်မည်။ ကိုယ်တော်၏လက်ဝါးတော်များ နှင့်ခြေဖဝါးတော်တို့မှသံချက်ရာများကိုလည်းကောင်း၊ ကိုယ်တော်၏နံပါး တွင် သူတို့ထိုးဖေါက်ထားသည့်လှံချက်ရာကိုလည်းကောင်း သူတို့တွေ့မြင်ရ ကြပေလိမ့်မည်။ ထိုအခါ ယင်းသံချက်ရာနှင့်လှံချက်ရာတို့သည် ကိုယ်တော်၏ဘုန်းအရောင်တော်ကိုဆောင်လိမ့်မည်။ အနှစ်တစ်ထောင် ကုန်ဆုံးချိန်တွင် ယေရှုရှင်သည် သံလွင်တောင်ထိပ်တွင်ရပ်တော်မူသော အခါ ယင်းတောင်ကြီးထက်ခြမ်းကွဲ၍ကျယ်ပြောသောလွင်ပြင်ကြီးဖြစ် လာလိမ့်မည်။ ထိုအချိန်တွင်ထွက်ပြေးသောသူများသည် ၎င်းအချိန်၌ပင် ထမြောက်သည့်မတရားသောသူများဖြစ်ကြ၏။ ထိုနောက် သန့်ရှင်းသော မြို့တော်ဆင်းလာပြီးလျှင် ယင်းလွင်ပြင်ပေါ်တွင်တည်နေလိမ့်မည်။ ထိုအခါစာတန်သည် မတရားသောသူများအား မိမိဝိညာဉ်ဖြင့် သက်ဝင် လှုပ်ရှားစေပြီးလျှင် မြို့တော်တွင်စစ်တပ်မှာသေးငယ်ကြောင်း၊ မိမိ၏ စစ်တပ်ကပို၍ကြီးမားကြောင်း၊ ထိုကြောင့် သူတို့က သန့်ရှင်းသူများကို အနိုင်ရပြီးလျှင် မြို့တော်ကြီးကိုသိမ်းပိုက်နိုင်ကြောင်း မြှောက်ပင့်ပြောဆို ပါသည်။

ယင်းသို့စာတန်သည် မိမိ၏စစ်တပ်ကိုအင်အားဖြည့်တင်းနေစဉ် ဘုရားသခင်၏ပရဒိသုဘုံသည် လှပတင့်တယ်၍ ဘုန်းတော်ရောင်ထွန်း တောက်ပုံကို မြို့တော်အတွင်းမှသန့်ရှင်းသူများက လှည့်လည်၍ရှုစား နေကြစဉ် ယေရှုရှင်ကသူတို့အား ရှေ့ဆောင်နေပါသည်။ မြတ်တော်မူ သောကယ်တင်ရှင်သည် ရုတ်တရက်ကျွန်မတို့လူစုမှပျောက်ကွယ်သွား ပြီးလျှင် ''ငါ့ခမည်းတော်ထံကောင်းချီးမင်္ဂလာကိုခံသောသူတို့၊ ကမ္ဘာ

ဦးကပင် သင်တို့အဖို့ပြင်ဆင်သောနိုင်ငံကိုလာ၍အမွေခံကြလော့'' ဟု မိန့်တော်မူသည့်သာယာနာပျော်ဖွယ်သောအသံတော်ကို မကြာမီအတွင်း ကြားလိုက်ရပါသည်။ ထိုနောက် ယေရှုရှင်၏ဝန်းကျင်တွင် ကျွန်မတို့ စုဝေးလိုက်ကြသောအခါ ကိုယ်တော်သည် မြို့တော်တံခါးများကို ပိတ်လိုက်သည်နှင့်တစ်ပြိုင်နက် မတရားသောသူများအပေါ်သို့ ကျိန်ခြင်း အမင်္ဂလာသက်ရောက်လေတော့၏။ မြို့တော်တံခါးများမှာလည်း ပိတ်ထားပြီးဖြစ်နေကြ၏။ သန့်ရှင်းသူတို့သည်လည်း မိမိတို့၏အတောင် များဖြင့် မြို့ရိုးပေါ်သို့ပျံတက်ကြလေ၏။ ယေရှုရှင်သည်လည်း သူတို့နှင့် အတူလိုက်ပါတော်မူ၏။ ကိုယ်တော်၏သရဖူမှာ ဘုန်းတော်ရောင်ခြည် ထွန်းတောက်လျက် သရဖူတစ်ခုအတွင်း အခြားသရဖူတစ်ခုကိုသွင်း ထားခြင်းဖြစ်၍ စုစုပေါင်းသရဖူခုနစ်ဆင့်ဖြစ်ပါသည်။ သန့်ရှင်းသူများ ၏သရဖူတို့မှာ အသန့်စင်ဆုံးသောရွှေစင်ဖြင့်ပြီး၍ ကြယ်များဆင်ယင် ထားပါသည်။ သူတို့သည်ခရစ်တော်နှင့်တစ်ပုံတစ်သဏ္ဌာ [2] န်တည်းဖြစ်၍ သူတို့၏မျက်နှာများသည်လည်း ဘုန်းတော်ရောင်ခြည်ကြောင့် ထွန်း တောက်နေပါသည်။ သူတို့အားလုံးတစ်ပြိုင်နက်ထ၍ အတူတကွမြို့ တော်ထိပ်သို့တက်ကြသည်ကို ကျွန်မမြင်ရသောအခါ အထူးပင်ဝမ်း မြောက်ဝမ်းသာဖြစ်ရပါသည်။

ထိုအချိန်တွင်မတရားသောသူတို့သည် သူတို့ဆုံးရှုံးရပုံကို ကိုယ် တိုင်တွေ့မြင်ရကြပြီးနောက် ဘုရားသခင်ထံမှလောင်မီးကျ၍ သူတို့အား လုံးကျွမ်းလောင်ကြလေ၏။ ဤသည်ကား တရားစီရင်ခြင်းကိုအပြီးသတ် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ထိုအခါမတရားသောသူများသည် အနှစ် တစ်ထောင်အတွင်းက ယေရှုရှင်နှင့်သန့်ရှင်းသူများက သဘောတညီ

တညွတ်တည်းဝေဖန်သုံးသပ်၍ စီရင်ဆုံးဖြတ်ထားကြသည်နှင့်လျော်ညီစွာပြစ်ဒဏ်ခံရကြပါသည်။ ဘုရားသခင်၏အထံတော်မှ မတရားသောသူတို့အပေါ်သို့ကျ၍ လောင်ကျွမ်းသောမီးသည်ပင်လျှင် ကမ္ဘာမြေကြီးတစ်ခုလုံးကိုသန့်စင်စေလေ၏။ ကျိုးပဲ့ကြေမွသောတောင်ကြီးတောင်ငယ်များသည်လည်း အင်အားကြီးမားလှသောမီးတောက်မီးလျှံအတွင်းအရည်ပျော်ကြလေ၏။ ကမ္ဘာမြေကြီး၏ဝန်းကျင်ရှိလေထုမှအစ ကောက်ရိုး၊ ရိုးပြတ်ပါမကျန် အတိုအစ၊ အမှိုက်သရိုက်အားလုံးလောင်ကျွမ်းကြလေ၏။ ထိုနောက်ကျွန်မတို့အမွေခံရာပြည်တော်၏ထူးမြတ်ထည်ဝါပုံကို ကျွန်မတို့၏ရှေ့မှောက်၌ပင် တွေ့မြင်နေရပါသည်။ ဘုန်းကြီးတော်မူပါသည်တကား၊ ကျွန်မတို့သည်လည်း အသစ်တစ်ဖန်ပြုပြင်ဖန်ဆင်းထားတော်မူသော ကမ္ဘာမြေကြီးတစ်ခုလုံးကိုအမွေခံရကြပါသည်။ “ဘုန်းကြီးတော်မူပါ၏၊ ဟာလေလုယ” ဟု ကျွန်မတို့အားလုံးအသံကျယ်စွာဖြင့် တညီတညွတ်တည်း ကြွေးကြော်လိုက်ကြပါသည်။

---ooo---

ရက်ပေါင်း ၂၃၀၀ ကုန်ဆုံးချိန်

ပလ္လင်တော်တစ်ခုကို ကျွန်မမြင်ရပါသည်။ ထိုပလ္လင်ပေါ်တွင် ခမည်းတော်နှင့်သားတော်ထိုင်လျက် နေကြသည်ကိုလည်း ကျွန်မဖူးမြင်ရပါသည်။ ကျွန်မသည်လည်း ယေရှုရှင်၏မျက်နှာတော်ကိုငေးစိုက်ဖူးမြော်ရာမျ ကိုယ်တော်၏ချစ်ဖွယ်သောပုံသဏ္ဌာန်တော်ကို အံ့သြမိန်းမောနေမိပါသည်။ ခမည်းတော်၏ပုံသဏ္ဌာန်ကိုမူကား ဘုန်းကြီးသောအလင်းရောင်မိုးတိမ်ကဖုံးကွယ်ထားသဖြင့် ကျွန်မမဖူးမမြင်ရပါ။ ခမည်းတော်၏ပုံသဏ္ဌာန်တော်သည် သားတော်၏ပုံသဏ္ဌာန်ကဲ့သို့ပင် ဟုတ်မဟုတ် ယေရှုရှင်အား ကျွန်မမေးလျှောက်ပါသည်။ ခမည်းတော်၏ပုံသဏ္ဌာန်မှာ မိမိ၏ပုံသဏ္ဌာန်ကဲ့သို့ပင်ဖြစ်ကြောင်း၊ သို့သော် ကျွန်မအနေဖြင့် မဖူးမမြင်နိုင်ကြောင်း ကိုယ်တော်ဖြေကြားတော်မူ၏။ ထိုနောက်ကိုယ်တော်ကပင်ဆက်၍ ''သင်သည် ခမည်းတော်၏ဘုန်းကြီးသောပုံသဏ္ဌာန်တော်ကို တစ်ကြိမ်ဖူးမြင်ရပါက အသက်ရှင်တော့မည်မဟုတ်'' ဟုမိန့်တော်မူ၏။ ပလ္လင်တော်၏ရှေ့တွင်ကြွလာတော်မူမည်ကိုမြော်လင့်နေသူများအား ကျွန်မမြင်ရပါသည်။ အသင်းတော်နှင့်ကမ္ဘာသူကမ္ဘာသားများဖြစ်ကြပါသည်။ ထိုသို့ကျွန်မမြင်ရသည်မှာ လူနှစ်စုဖြစ်၍ တစ်စုသည် လေးလေးနက်နက်စိတ်ဝင်စားစွာဖြင့် ပလ္လင်တော်ရှေ့တွင်ရှိသေစွာဦးညွှတ်နေကြသော်လည်း အခြားသောလူတစ်စုကမူ အလေးမထားစိတ်မဝင်စားဘဲ ရပ်နေကြပါသည်။ ဦးညွှတ်နေသောလူစုသည် ဆုတောင်းပတ္ထနာပြုလျက် ယေရှုရှင်အားဖူးမြော်နေကြပါသည်။ ထိုကြောင့် ကိုယ်တော်သည် ခမည်းတော်ဘက်သို့လှည့်၍ သူတို့အတွက်သအနားခံနေပုံပေါ်ပါသည်။ ထိုအချိန်တွင်အလင်းရောင်တစ်ရပ်သည် ခမည်းတော်ထံမှ သားတော်ထံသို့လည်းကောင်း၊ သားတော်ထံမှတစ်ဆင့်

ဆုတောင်းပတ္ထနာပြုနေသောလူစုသို့လည်းကောင်းကူးပြောင်းရောက်ရှိသွားပါသည်။ ထိုနောက်မှထွန်းတောက်သောအလင်းရောင်သည် ခမည်းတော်ထံမှ သားတော်ထံသို့ရောက်လာပြီးလျှင် သားတော်မှတစ်ဆင့် ပလ္လင်တော်ရှေ့တွင်ရှိသော လူထုအပေါ်သို့လွှမ်းမိုးသွားသည်ကို ကျွန်မမြင်ရပါသည်။ သို့သော် ထိုအလင်းတော်ကြီးကိုခံယူသူမနည်းနိုယ်သာရှိပါသည်။ အများသောသူတို့သည် ယင်းအလင်းအောက်မှထွက်လာကြပြီးလျှင် ယင်းအလင်းတရားကိုချက်ချင်းခုခံငြင်းပယ်ကြပါသည်။ အခြားသောသူများမူ ယင်းအလင်းတရားကိုမြတ်နိုးကြည်ညိုခြင်းအရှိ၊ အလေးမပေးကြသဖြင့် သူတို့ထံမှရွေ့ သွားလေ၏။ အချို့သောသူတို့သည်ကြည်ညိုမြတ်နိုးကြသဖြင့် ဆုတောင်းပတ္ထနာပြုနေသောလူစုကလေးရှိရာသို့သွား၍ သူတို့နှင့်အတူဦးညွှတ်ကြပါသည်။ ဤလူစုတစ်စုလုံးအလင်းတော်ရရှိ၍ ဝမ်းမြောက်ရွှင်လန်းကြ၏။ သူတို့၏မျက်နှာများသည်လည်း အလင်းရောင်မှ ဘုန်းတော်ရောင်ပြန်ဟပ်နေပါသည်။

ခမည်းတော်ဘုရား ပလ္လင်တော်ပေါ်မှထ၍* မီးလျှံဖြင့်ပြီးသောရထားကိုစီးလျက် ကန့်လန့်ကာအတွင်းရှိအသန့်ရှင်းဆုံးသောအခန်းသို့ဝင်၍ထိုင်နေတော်မူသည်ကို ကျွန်မမြင်ရပါသည်။ ထိုနောက်ယေရှုရှင်သည် ပလ္လင်တော်မှထတော်မူသောအခါဦးညွှတ်လျက်ရှိသောသူအများစုသည်လည်း ကိုယ်တော်နှင့်အတူထကြလေ၏။ ကိုယ်တော်ထတော်မူပြီးတောက် အလေးမထား ဂရုမပြုသောလူစုအတွက် ယေရှုရှင်ထံမှအလင်းရောင်းပေးပို့သည်ကို ကျွန်မမတွေ့မမြင်ရပါ။ ထိုကြောင့် သူတို့သည် မှောင်အတိကျသောနေရာတွင်ကျန်ရစ်ခဲ့ကြပါသည်။ ယေရှုရှင်နှင့်အတူထကြသောသူတို့သည် ပလ္လင်တော်မှကိုယ်တော်ထွက်ခွာသည်ကိုမျက်ခြည်မပြတ်ကြည့်နေကြသဖြင့် ကိုယ်တော်၏နောက်တော်သို့အနည်း

* နောက်ဆက်တွဲရှင်းလင်းချက်နံပါတ် (၅) တွင်ကြည့်ပါ

ငယ်လိုက်ပါသွားခွင့်ရကြပါသည်။ ကိုယ်တော်သည် သူတို့အားအနည်း ငယ်ခေါ်သွားပြီးမှ လက်ယာလက်တော်ကိုဆန့်၍ "ဤနေရာမှစောင့် နေကြလော့၊ ငါသည်နိုင်ငံတော်ကိုလက်ခံရန် ခမည်းတော်ထံသို့သွား ရမည်။ သင်တို့၏ဝတ်ရုံများတါင် အစွန်းအထင်းမရှိစေရန် ထိန်းသိမ်း ထားကြလော့၊ ငါသည်မင်္ဂလာဆောင်ပွဲမှ မကြာမီပြန်လာ၍ သင်တို့ အားငါ့ထံသို့သိမ်းဆည်းမည်" ဟု ကြည်ညိုမြတ်နိုးဖွယ်သောအသံဖြင့် မိန့်တော်မူသည်ကို ကျွန်မဲဟားရပါသည်။ ထိုနောက်မီးလျှံကဲ့သို့ပသေည် ဘီးများတပ်ဆင်ထားသည့်မိုးတိရထားသည် ကောင်းကင်တမန်များ ဝန်းရံလျက် ယေရှုရှင်၏အနီးသို့ဆိုက်လာပသါည်။ ကိုယ်တော်သည် ရထားတွင်းသို့ဝင်တော်မူသောအခါ ခမည်းတော်ထိုင်နေတော်မူသည့် အသန့်ရှင်းဆုံးသောအခန်းသို့သယ်ဆောင်သွားကြပါသည်။ ထိုအခန်း တွင် ယေရှုရှင်သည် ယဇ်ပုရောဟိတ်မင်းကြီးအဖြစ်နှင့် ခမည်းတော်၏ ရှေ့တွင်ရပ်နေတော်မူသည်ကို ကျွန်မမြင်ရပါသည်။ ကိုယ်တော်၏ဝတ်ရုံ တော်အောက်စွန်းအနားပတ်လည်၌ ဆည်းလည်းတစ်လုံးနှင့်တည်းသီး တစ်လုံးစီတပ်ဆင်ထားပါသည်။ ကိုယ်တော်နှင့်အတူထကြသောသူတို့ သည် သူတို့၏ယုံကြည်ခြင်းကိုအသန့်ရှင်းဆုံးသောအခန်းတွင်ရှိနေသည့် ကိုယ်တော်ထံသို့ပို့လျက် "ကျွန်တော်မျိုးတို့၏အဘဘုရား၊ ကိုယ်တော် ၏ဝိညာဉ်တော်ကို ကျွန်တော်ကျိုးတို့အားပေးတော်မူပါ" ဟုဆုတောင်း ပတ္တနာပြုနေကြပါသည်။ ထိုအခါယေရှုရှင်သည် သူတို့အပေါ်သို့သန့်ရှင်း သောဝိညာဉ်တော်ကိုမှုတ်သွင်းတော်မူ၏။ ယင်းသို့မှုတ်သွင်းတော်မူ ရာတွင် အလင်းတရား၊ တန်ခိုးတော်၊ ချစ်ခြင်းမေတ္တာအမြောက်အမြား၊ ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်းများပါဝင်ပါသည်။

ပလ္လင်တော်ရှေ့တွင်ဦးညွှတ်လျက် ကျန်ရစ်သူလူစုအားကျွန်မ လှည့်ကြည့်ရာ ယေရှုရှင်ထွက်ခွာသွားကြောင်းကိုပင် သူတို့မသိကြပါ။ စာတန်သည်ပလ္လင်တော်အနီးမှ ဘုရားသခင်၏အမှုတော်ကိုဆက်လက်

ဆောင်ရွက်ဟန်ပြုနေပါသည်။ ထိုသူတို့သည် ပလ္လင်တော်ကိုမျှော်ကြည့်လျက် "အဘဘုရား၊ ကိုယ်တော်၏ဝိညာဉ်တော်ကို ကျွန်တော်မျိုးတို့အားပေးတော်မူပါ" ဟု တောင်လျှောက်ကြသည်ကို ကျွန်မမြင်ရပါသည်။ ထိုအခါစာတန်သည် မသန့်ရှင်သောသြဇာအာဏာကိုသူတို့အပေါ်သို့မှုတ်သွင်းလိုက်ရာ အလင်းနှင့်များစွာသောတန်ခိုးပါဝင်သော်လည်း ချစ်ခြင်းမေတ္တာ၊ ဝမ်းမြောက်ခြင်းနှင့်ငြိမ်သက်ခြင်းများမပါဝင်ပါ။ စာတန်၏ရည်မှန်းချက်မှာ သူတို့အား မိမိ၏လိမ်လည်မှုကျော့ကွင်းအတွင်း မိမြဲမိနေစေရန်နှင့် ဘုရားသခင်၏သားသမီးများအားလိမ်လည်လှည့်ဖြားလျက် မိမိဘက်သို့ပြန်၍ဆွဲယူရန်ပင်ဖြစ်ပါသည်။

---ooo----

## ဆင်းရဲဒုက္ခကပ်ကာလဆိုင်ရာတာဝန်

ဆင်ရဲဒုက္ခကပ်ကာလအချိန်ဆွင် ကျွန်ုပ်တို့အနေဖြင့် လောကီရေးရာဥစ္စာဘဏ္ဍာများကိုဆည်းပူးနေခြင်းမှာ သမ္မာကျမ်းစာတော်နှင့်ဆန့်ကျင်ဖီလာကြောင်း ထာဝရဘုရားက ကျွန်းမအားထပ်တလဲလဲဖေါ်ပြတော်မူပါသည်။ တိုင်းပြည်တွင်ဆင်းရဲဒုက္ခကပ်ကာလဆိုက်ရောက်နေချိန်၌လည်းကောင်း၊ စစ်ရိပ်စစ်ခြည်ရှိနေသောချိန်တွင်လည်းကောင်း၊ အစာခေါင်းပါးချိန်တွင်လည်းကောင်း၊ ကာလနာများပြားချိန်တွင်လည်းကောင်း သန့်ရှင်းသူများသည်လယ်၌ဖြစ်စေ၊ အိမ်၌ဖြစ်စေစားနပ်ရိက္ခာများကိုသိုလှောင်သိမ်းဆည်းထားကြပါက သောင်းကန်းသူများတိုက်ဖျက်သိမ်းယုခြင်းကိုလည်းကောင်း၊ သူတို့၏လယ်ယာများကိုသူစိမ်းတစ်ရံဆံများက် လာရောက်ရိတ်သိမ်းကြလိမ့်မည်ဟူ၍လည်း

ကောင်း ကျွန်မမြင်ရပါသည်။ ယင်းအချိန်အခါမျိုးတွင် ကျွန်ုပ်တို့သည် ဘုရားသခင်အား လုံးလုံးလျားလျားကိုးစားကြပါက ကိုယ်တော်သည် ကျွန်ုပ်တို့အားထောက်မတော်မူလိမ့်မည်။ ထိုအခါကျွန်ုပ်တို့အတွက် စားစရာလုံလောက်၍ ဆင်းရဲခြင်းမရှိ၊ ဆာလောင်မွတ်သိပ်ခြင်းနှင့်လည်း လွတ်ကင်းလိမ့်မည်။ အကြောင်းမူကား ဘုရားသခင်သည်တော်ကြီး ကန္တာရအတွင်း၌ အကျွန်ုပ်တို့အတွက် စားပွဲကိုခင်းနိုင်တော်မူ၏။ ဧကန်အမှန်လိုအပ်ပါက ကျီးအကလေးများကိုစေလွှတ်၍ ကျွေးမွေးတော်မူပါလိမ့်မည်၊ ဧလိယအားယင်းသို့ကျွေးမွေးတော်မူခဲ့ပါသည်။ သို့တည်းမဟုတ် ဣသရေလလူတို့အား ကောင်း၌မန္နဖြင့်ကျွေးမွေးတော်မူသည် နည်းတူ ကျွန်ုပ်တို့အတွက် မန္နမိုးကိုရွာစေတော်မူလိမ့်မည်။

အိမ်၊ ယာ၊ လယ်မြေတို့သည် ဆင်းရဲဒုက္ခကပ်ကာလအချိန်တွင် သန့်ရှင်းသူများအတွက်တန်ဖိုးမရှိ၊ အသုံးမဝင်၊ ယင်းအချိန်ကာလ မျိုးတါင် သူတို့သည်ထိန်းမနိုင်သိမ်းမရ ရုန်းရင်းခတ်ဖြစ်နေကြသည့် လူအုပ်ကြီးမျးလက်မှလွတ်မြောက်ရေးအတွက် ကြိုးစား၍ပြေးရကြ လိမ့်မည်။ ထိုရောအခါတွင်မှ ယနေ့သမ္မာတရားတော်တိုးတက်ဖွံ့ဖြိုး ရေးအတွက် သူတို့ပိုင်ပစ္စည်းဥစ္စာများကိုထုခွဲရောင်းချရန်အချိန်ရှိတော့ မည်မဟုတ်။ သန့်ရှင်သူတို့သည် လောကီရေးရာဝန်ထုပ်ဝိပိုးရှိသမျှနှင့် သံယောဇဉ်ရှိသမျှကိုဆင်းရဲဒုက္ခကပ်ကာလမရောက်မီဆက်ကပ်ပူဇော် ခြင်းနှင့် ဖြတ်တောက်ခြင်းအားဖြင့် ဘုရားသခင်နှင့်ပဋိညာဉ်ဖွဲ့ထားကြ ရာမှာ ကိုယ်တော်၏အလိုတော်ဖြစ်ကြောင်း ကျွန်မအား ဖေါ်ပြတော် မူကြပါသည်။ သူတို့သည်သူတို့ပိုင်ဥစ္စာပစ္စည်းများကို ပူဇော်သကာ ပလ္လင်ပေါ်တွင်တင်လျက် မိမိတို့တွင်မည်သို့မည်ပုံတာဝန်ရှိကြောင်း ဘုရားသခင်အားစိတ်ရောကိုယ်ပါမေးလျှောက်ကြပါက မည်သည့်အချိန် တွင်မည်ရွေ့မည်မျှထုခွဲရောင်းချရမည်ကို သင်ပြတော်မူလိမ့်မည်။ ထိုသို့

ပြုလျှင် ဆင်းရဲဒုက္ခကပ်ကလရောက်သောအခါ သူတို့အားဆွဲချမည့် ဆူးငြောင့်ခလုတ်မရှိ၊ သံယောဇဉ်ပြတ်၍ စိတ်လွတ်ကိုယ်လွတ်ရှိကြလိမ့်မည်။

ကျွန်မဆက်လက်၍ရှုမြင်ရသည်မှာ မိမိတို့၏ဥစ္စာပစ္စည်းများကို ဆုပ်ကိုင်ထားပြီးလျှင် မိမိတို့၌မည်သို့မည်ပုံတာဝန်ဝတ္တရားရှိကြောင်းကို ဘုရားသခင်အားမမေးမလျှောက်လျှင် ကိုယ်တော်သည်သူတို့အား ဖေါ်ပြတော်မူလိမ့်မည်မဟုတ်ပါ။ သူတို့ပိုင်ဥစ္စာပစ္စည်းများအား သူတို့အလိုကျသိုလှောင်းသိမ်းဆည်းထားခွင့်ပြုတော်မူလိမ့်မည်။ သို့သော်ဆင်းရဲဒုက္ခကပ်ကာလအချိန်သို့ရောက်သောအခါ ယင်းဥစ္စာပစ္စည်းများသည် တောင်းကြီးတစ်လုံးပမား သူတို့အားဖိ၍ကြိတ်တော့မည့်အခြေအနေသို့ဆိုက်ရောက်လိမ့်မည်။ ထိုအခြေမနေရောက်မှထုခွဲရောင်းချပြီး အသုံးပြုဖို့စီစဉ်သော်လည်းမဖြစ်နိုင်တော့ပါ။ ထိုရောအခါ "အမှုတောသည် နေးကွေးအားလျော့ခဲပါသည်တကား၊ သမ္မာတရားတော်ငတ်မွတ်သဖြင့် ဘုရားသခင်၏လူများသေဆုံးလုနီးဖြစ်ခဲ့ကြပါသည်တကား၊ သို့ဖြစ်ပလျက် ယင်းလိုအပ်ချက်အတွက်ထောက်ပံ့ရန် ငါတို့မကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတကား၊ ယင်းပစ္စည်းများကိုလက်လွတ်၍ကောင်းကင်ဘုံတွင် ဘဏ္ဍာကိုဆည်းပူးသင့်ခဲ့ပါ၏" ဟုအချို့သောသူများရေရွတ်ညည်းညူကြသည်ကို ကျွန်မကြားရပါသည်။ ပူဇော်သက္ကာရတစ်ရပ်သည်ပွားများ မလာဘဲ လျော့နည်းသွားပြီးမှ နောက်ဆုံးတွင် ကုန်ခန်းသွားသည်ကို ကျွန်မမြင်ရပါသည်။ ၎င်းအပြင် ဘုရားသခင်၏ဘုတို့သည် မိမိတို့၏ဥစ္စာပစ္စည်းများကို တစ်ကြိမ်တည်းမှာပင်ထုခွဲကြရန်မဟုတ်ကြောင်း၊ အကယ်၍သူတို့အားသင်ပြပေးရန် သူတို့အလိုရှိကြပါက မည်သည့်အချိန်တွင်မည်ရွေ့မည်မျှထုခွဲရောင်းချရမည်ကိုလိုအပ်ချိန်တွင် လိုအပ်

သလို ကိုယ်တော်သည် သူတို့အား သင်ပြတော်မူမည်ဖြစ်ကြောင်း ကျွန်မမြင်ရပါသည်။ အချို့သောသူတို့သည် မြော်လင့်ခြင်းဆိုင်ရာအမှုတော်အတွက်ထောက်ပံ့ရန် မိမိတို့၏ဥစ္စာပစ္စည်းများကိုထုခွဲရောင်းချဖို့အတိတ်ကာလက တာဝန်ပေးအပ်ဖြင်းခံရကြပါသည်။ အချို့သောသူများကိုမူကား လိုအက်သည့်အချိန်သို့ရောက်သည်တိုင်အောင် သိမ်းဆည်းထားခွင့်ပြုခဲ့ပါသည်။ သို့ဖြစ်ရာသူတို့၏တာဝန်မှာ အမှုတော်အတွက် လိုအပ်သလိုရောင်းချသွားရန်ပင်ဖြစ်ပ်သည်။

"သင်တို့၏ဥစ္စာပစ္စည်းများကိုရောင်း၍ ဆင်းရဲသားတို့အားစွန့်ကြဲကြလော့" ဟုဆိုသည့်ကျမ်းစကားနှင့်ပတ်သက်၍ အချို့သူတို့ကောင်းစွာသဘောအပေါက်ကြောင်း၊ ပေးကမ်းလှူဒါန်းသင့်သည်အတိုင်း လှူဒါန်းခြင်းမပြုကြကြောင်း၊ ကယ်တင်ရှင်၏ဩဝါဒအရရည်ရွယ်ချက်နှင့်ပတ်သက်၍ အရှင်းမလင်းဖြစ်နေကြကြောင်း ကျွန်မမြင်ရပါသည်။ ဥစ္စာပစ္စည်းများကိုရောင်းချသည့်ရည်ရွယ်ချက်မှာ ကိုယ့်အားကိုယ်ကိုး၍ကိုယ့်အသက်ကိုယ်မွေးနိုင်သောသူများအားပေးကမ်းရန်မဟုတ်ပါ။ သမ္မာတရားတော်ပြန့်ပွားတိုးတက်ရေးအတွက်ထောက်ပံ့ရန်ဖြစ်ပါသည်။ ကိုယ်ပိုင်ခွန်အားဖြင့်လုက်ကိုင်စားသောက်နိုင်ပါလျက် အလဟဿနေသူအား သူ၏အလိုသို့လိုက်၍ထောက်ပံ့ခြင်းသည် မကောင်းမှုတစ်ရပ်ဖြစ်ပါသည်။ အချို့သောသူတို့အစည်းအဝေးများကိုစိတ်ရောကိုယ်ပါတက်ရောက်ကြခြင်းမှာ ဘုရားသခင်၏ဘုန်းတော်ကိုချီးမွမ်းထောမနာပြုလိုသောကြောင့်မဟုတ်၊ "မုန့်နှင့်ငါး" (အစာတောင့်ဖို့) အတွက်သာဖြစ်၏။ ထိုသို့ပသောသူများ ဉည် အိမ်မှာနေ၍ "ကောင်းသောအမှုကိစ္စ" များကိုမိမိတို့လက်ဖြင့်လုပ်ဆောင်နေခြင်းကများစွာပို၍ကောင်းပါသည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ကိုယ့်မိသားစုအဖို့လိုလေသေးမရှိ လုံလောက်လိမ့်မည်သာမက ယနေ့သမ္မာတရားဆိုင်ရာ မှန်မြတ်သည့်အမှုတော်ဖွံ့ဖြိုးရေးအတွက်ကိုပါ

ထောက်ပံ့နိုင်ပေလိမ့်မည်။ လာလတ္တံ့သောဆင်းရဲဒုက္ခကပ်ကာလအတွက် အဆင်သင့်ဖြစ်နေဖို့ရန် ယခုပင် ကောင်းကင်ဘုံ၌ဘဏ္ဍာကိုဆည်းပူးရမည့်အချိန်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏စိတ်နှလုံးများကိုလည်း ယခုပင် အသင့်ပြင်ဆင်ထားရမည့်အချိန်ဖြစ်ပါသည်။ ဖြူစင်သောစိတ်နှလုံးနှင့် စင်ကြယ်သောလက်ရှိသူများသာလျှင် စုံစမ်းစစ်ဆေးရာကာလတွင်ခံနိုင်ရည်ရှိကြပေလိမ့်မည်။ ယခုပင်ဘုရားသခင်၏တရားတော်များကို ကျွန်ုပ်တို့၏စိတ်အာရုံတွင်သိမ်မွေး၍နဖူးများပေါ်တွင်လည်းကောင်း၊ နှလုံးသားများပေါ်တွင်လည်းကောင်း ရေးသားထားရမည့်အချိန်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏စိတ်အာရုံများသည် လောကီရေးရာစိုးရိမ်ပူပန်ခြင်းများနှင့်အကြံအစည်များကိုသာ စွဲလမ်းနေပါက အန္တရာယ်ကြီးအားကြောင်း ကျွန်မအားထာဝရဘုရားကပြတော်မူပါသည်။ အချို့သောသူတို့သည် စိတ်လှုပ်ရှားစရာစာပေများကိုလိုက်စားကြသဖြင့် ယနေ့သမ္မာတရားနှင့်သန့်ရှင်းသောသမ္မာကျမ်းစာမှ ဝေးကွာသွားကြသည်ကိုလည်းကောင်း၊ အခြားသောသူများကမူ စားရေး၊ သောက်ရေး၊ ဝတ်ဆင်ရေးတို့၌သာစိတ်စွဲလမ်းရှုပ်ထွေးနေကြသည်ကိုလည်းကောင်း ကျွန်မမြင်ရပါသည်။ အချို့သောသူများမှာလည်းထာဝရဘုရားကြွလာတော်မူမည့်အချိန်မှာ ဝေးလွန်းပါသေးသည်ဟုသဘောထားကြ၏၊ သူတို့မျှော်မှန်းခဲ့ကြသည်ထက် နှစ်အနည်းငယ်ကျော်လွန်သွားသဖြင့် နောက်ထပ်နှစ်အနည်းငယ်ကြာလိမ့်ဦးမည်ဟု သူတို့ယူဆကြ၏။ ဤနည်းအားဖြင့် ယနေ့သမ္မာတရားနှင့်ဝေးကွာသည်ထက်ပို၍ ဝေးကွာသွားကြပြီးလျှင် လောကီရေးရာများတွင်နစ်မြုပ်သွားကြလေ၏။ ဤရေးရာများတွင် များစွာအန္တာရာယ်ရှိကြောင်း ကျွန်မမြင်ရပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏စိတ်အာရုံများသည် အခြားသောကိစ္စဝိစ္စများ၌သာ

ရှုပ်ထွေးနေကြပါက ယနေ့သမ္မာတရားကိုစိတ်မဝင်စားနိုင်သဖြင့် ကျွန်ုပ်တို့၏နဖူးတွင်အသက်ရှင်တော်မူသော ဘုရားသခင်၏တံဆိပ်တော်ကို ခတ်နှိပ်ရန် နေရာရှိမည်မဟုတ်ပါ။ အသန့်ရှင်းဆုံးသောအခန်းတွင်း၌ ယေရှုရှင်ရှိနေရမည့်အချိန်ကုန်လုနီးပြီးဖြစ်ကြောင်း၊ ကျန်သေးသောအချိန်မှာမပြောပလောက်တော့ကြောင်း ကျွန်မမြင်ရပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏အားလပ်ချိန်ရှိသမျှကို သမ္မာကျမ်းစာရှာဖွေလေ့လာမှတ်သားရာ၌သာ အသုံးပြုသင့်ပါသည်။ ဤကျမ်းစာဖြင့် ကျွန်ုပ်တို့အားနောက်ဆုံးသောနေ့တွင် တရားစီရင်တော်မူလိမ့်မည်။

လေးစားအပ်သောညီအစ်ကိုမောင်နှမအပေါင်းတို့၊ လောကီရေးရာစိုးရိမ်ပူပန်ခြင်းများနှင့် အကြံအစည်များကိုပယ်ရှားနိုင်ရေးအတွက် ဘုရားသခင်၏ပညတ်တော်များနှင့်ယေရှုရှင်၏သက်သေခံတော်မူချက်ကို သင်တို့၏စိတ်အာရုံတွင် မပြတ်မလပ်သိဝှက်ဆည်းပူးထားကြပါ။ ထလျက်နေသည်ဖြစ်စေ၊ ထိုင်လျက်နေသည်ဖြစ်စေ ၎င်းတို့ကိုသာ တွေးတောဆင်ခြင်သုံးသပ်ပါ။ လူသားကြွလာတော်မူမည့်အကြောင်းကိုသာ လုံးလုံးလျားလျားရည်မှန်း၍ သက်ရှင်လှုပ်ရှားပါ။ တံဆိပ်ခတ်သောအချိန်ကာလသည် အလွန်ပင်တိုတောင်းလှသည်ဖြစ်၍ မကြာမီအတွင်းပြီးဆုံးပါလိမ့်မည်။ ကောင်းကင်တမန်လေးပါးတို့သည် အရပ်လေးမျက်နှာမှလေတို့ကိုကိုင်ထားသည့် ယခုအချိန်၌သာလျှင် ကျွန်ုပ်တို့အားခေါ်တော်မူခြင်းနှင့်ရွေးချယ်တော်မူခြင်းအတွက် ဆောင်ရွက်ရန်အာမခံချက်ရှိပါသည်။

---ooo---

## လျှို့ဝှက်သောတံခါးခေါက်သံ

၁၈၅၀ ခု၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် "လျှို့ဝှက်သောတံခါးခေါက်သံ" ဆိုသည်မှာ စာတန်၏တန်ခိုးအာဏာစက်ဖြစ်ကြောင်း၊ အချို့မှာသူတို့၏ထံမှတိုက်ရိုက်ဖြစ်ကြောင်း၊ အချို့မှာသူ၏ကိုယ်စားလှယ်များမှတစ်ဆင့်ရောက်လာကြောင်း၊ မည်သို့ပင်ဖြစ်စေအားလုံးသည် စာတန်၏ထံမှထွက်ပေါ်လာကြောင်း ကျွန်မမြင်ရပါသည်။ ၎င်းမှာ သူ၏လုပ်ငန်းတစ်ရပ်ဖြစ်၍ ပြီးမြောက်အောင်မြင်ရေးအတွက်နည်းမျိုးစုံဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ သို့သော်အသင်းသူအသင်းသားများနှင့် ကမ္ဘာသူကမ္ဘာသားမြောက်မြားစွာတို့မှာမူကား အမှောင်ထုကြီးဖြင့်ဖုံးအုပ်ထားခြင်းကိုခံနေရသည့်အတွက် ဘုရားသခင်၏တန်ခိုးတော်အားဖြင့်ဖြစ်ပေါ်လာသည်ဟု ယုံကြည်လက်ခံ၍ ပြောဟောနေကြပါသည်။ ထိုကြောင့်ကောင်းကင်တမန်က "လူတို့သည်မိမိတို့၏ဘုရားသခင်၌ မဆည်းကပ်အပ်သလော၊ အသက်ရှင်သောသူ၏အမှုမှာ အသက်သေသောသူ၌ဆည်းကပ်အပ်သလော၊ အကြားအမြင်ရရှိရေးအတွက် အသက်ရှင်သောသူသည် အဘယ်အရာကိုမျှမသိ၊ အသက်ရှင်တော်မူသောဘုရားသခင်နှင့်တွေ့ခြင်းငှာ စုတေပြီးသောသူ၌ဆည်းကပ်သင့်သလော၊ သူတို့သည်အလယ်အရာကိုမျှမသိသော စုတေပြီးသူနှင့်စကားပြောရန် အသက်ရှင်တော်မူသောဘုရားသခင်နှင့်ခွဲခွာ၍ သွားကြ၏" ဟု ပြောပါသည်။ (ဟေရှာယ ၈း၁၉၊၂၀ ကိုကြည့်ပါ)

မကြာမီ အဆိုပါလျှို့ဝှက်သောတံခါးခေါက်သံအကြောင်းနှင့် ပတ်သက်၍ ဆန့်ကျင်ဝေဖန်ပြောဆိုသောသူများအား ဘုရားတရားကိုပြစ်မှားသောသူများဖြစ်သည်ဟုပင်သဘောထားကြလိမ့်မည်။ ယင်း

တံခါးခေါက်သံသည်လည်း ပို၍ပို၍ကျယ်ပြန့်ခေတ်စားလာလိမ့်မည်၊ စာတန်၏တန်ခိုးသည်လည်း ပို၍ပို၍ကြီးမားလာလိမ့်မည်၊ သူ၏သစ္စာခံဘက်တော်သားချို့ကလည်း ဆန်းပြားလှစွာသောနိမိတ်လက္ခဏာများကိုပြုလုပ်နိုင်သည့်တန်ခိုးအာနိသင်ကိုရကြလိမ့်မည်။ အချို့ကမူ လူတို့ရှေ့မှောက်တွင် ကောင်းကင်မှမီးကျလာသည်ကိုပင် ဖန်တီးနိုင်ကြပေလိမ့်မည် စသည်ဖြင့်ကျွန်မမြင်ရပါသည်။ ၎င်းအပြင် ထိုခေတ်မီနတ်မိစ္ဆာတရာများသည် လျှို့ဝှက်သောခံခါးခေါက်သံနှင့်စိတ်ညှို့ပညာကိုအသုံးပြုလျက် ကျွန်ုပ်တို့၏အရှင်ဖြစ်တော်မူသော ယေရှုရှင်သည် ဤလောကတွင် သက်တော်ထင်ရှားရှိတော်မူခဲ့စဉ်က ပြုတော်မူခဲ့သည့် နိမိတ်လက္ခဏာများကိုတု၍ ယုတ္တိတန်အောင်ပြုကြလိမ့်မည်။ အများသောသူတို့ကလည်း ဘုရားသခင်၏သားတော်သည် ယင်းအတိုင်းပင် ပြုတော်မူခဲ့သည်ဟုယုံကြည်ကြလိမ့်မည် စသည်ဖြင့် ကျွန်မမြင်ရပါသည်။* ထိုနောက် မောရှေ၏လက်ထက်ကဖြစ်ပျက်ခဲ့ပုံများကို ကျွန်မအားပြန်၍ဖေါ်ပြပါသည်။ ဖါရောဘုရင်၏ရှေ့တွင် မောရှေအားဖြင့်

---

*ဤရူပါရုံကိုပေးတော်မူစဉ်က နတ်မိစ္ဆာအတတ်မှာအစပြုချိန်ပင်ဖြစ်၍ မကြီးထွားသေးပါ။ နတ်ဝင်များလည်းနည်းပါသေးသည်။ ထိုအချိန်မှအစပြု၍ ကမ္ဘာပေါ်တွင်အနံ့အပြားကြီးထွားလာပါသည်။ သန်းပေါင်းများစွာသောသူတို့သည်လည်း ယင်းအတတ်ပညာနောက်သို့ စွဲစွဲမြဲမြဲလိုက်လျှောက်နေကြပါသည် နတ်မိစ္ဆာအတတ်ကိုလိုက်စားသူများသည်လည်း ယေဘုယျအားဖြင့် သမ္မာကျမ်းစာကိုငြင်းပယ်၍ ခရစ်ယာန်အယူဝါဒကို ပြက်ရယ်ပြုကြပါသည်။ အချိန်အခါမတူညီသော်လည်း လူတစ်ဦးချင်းအနေဖြင့် ယင်းအတတ်ကိုငြင်းဆိုရှုတ်ချခဲ့ကြသော်လည်း သူတို့သည် လူနည်းစုသာဖြစ်၍ မည်သူကမျှအလေးမထားကြပါ။ ယခုအခါ

ဘုရားသခင်ပြုတော်မူသည့်အံ့သြဖွယ်ရာနိမိတ်လက္ခဏာများတွင် အများစုကိုအဲဂုတ္တုအမျိုးဝိဇ္ဇာဆရာများက တုပနိုင်ခဲ့ကြပါသည်။ ထိုနည်းတူ သန့်ရှင်းသူများအား နောက်ဆုံးကယ်တင်မည့်အချိန်သို့ရောက်လုနီးသောအခါ ဘုရားသခင်သည် မိမိ၏လူတို့အတွက် ဘုန်းတန်ခိုးကြီးစွာဖြင့်ဆောင်ရွက်မူလိမ့်မည်ဖြစ်ရာ ခေတ်မီနတ်ဝိဇ္ဇာဆရာများသည်လည်း ဘုရားသခင်ပြုလုပ်တော်မူသည်များကို တုပခွင့်ရကြလိမ့်မည်ဟု ကျွန်မမြင်ရပါသည်။

မကြာမမြင့်မီထိုအချိန်ရောက်လာပါလိမ့်မည်။ မာရ်နတ်၏တန်ခိုးကြီးသော နိမိတ်လက္ခဏာများနှင့်အစွမ်းထက်သောအံ့သြဖွယ်ရာလုပ်ဆောင်ချက်မှာ ဘုရားသခင်၏လူတို့အားလှည့်ဖြား၍ ဖျက်ဆီးရန်ရည်ရွယ်ထားခြင်းဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ယေဟောဝါဘုရား၏ဘုန်းတန်ခိုးကြီးသောလက်တော်ကိုစွဲစွဲမြဲမြဲဆုပ်ကိုင်ထားရကြပါမည်။ ကျွန်ုပ်တို့သည်ဘုရားသခင်အားအမြဲတစေအာရုံပြုလျက် မတရားသောသူများကြောက်လန့်သောအရာကိုမကြောက်လန့်ဖို့မဟုတ်ပါ။ ဆိုလိုသည်မှာ၊ သူတို့ကြောက်ရွံ့သောအရာများကိုကြောက်ရွံ့၍ သူတို့ရိုသေကိုင်းညွတ်သောအရာများကို ရိုသေကိုင်းညွတ်ခြင်းမပြုဘဲ သမ္မာတရားတော်၌သ

---

နတ်မိစ္ဆာအတတ်သမားတို့သည် သူတို့၏နည်းပရိယာယ်များကိုပြောင်းလဲ၍ အများအားဖြင့် သူတို့ကိုယ် သူတို့ "ခရစ်ယာန်နတ်ဝိဇ္ဇာအတတ်သမားများ" Christian Spiritualists ဟုခေါ်တွင်ကြပါသည်။ ဘာသာရေးကိုလျစ်လျူမရှုကြောင်း ကြွေးကြော်လျက် သူတို့သည်မှန်သောခရစ်ယာန်ယုံကြည်မှုရှိသောသူများဖြစ်ကြောင်း အတည်ပြုပြောဟောကြပါသည်။ ထင်ရှားကျော်စောသောခရစ်ယာန်ဓမ္မဆရာများကလည်း ယင်းအတတ်ပညာကိုသက်ဝင်ထောက်ညွှာလျက်ရှိကြောင်း သတိပြုမိကြမည်ဆိုပါက ၁၈၅၀ ခုနှစ်ကပေးခဲ့သည့် အနာဂတ်စကားများ တိတိကျကျ ပြည့်စုံဖို့ လမ်းစပေါ်နေပြီဖြစ်ကြောင်း တွေ့မြင်နိုင်ပါသည်။ နောက်ဆက်တွဲရှင်းလင်းချက်တွင်ဖော်ပြထားသော စာရေးသူ၏မှတ်ချက်များကိုလည်း ဖတ်ရှုစေလိုပါသည်။

ရဲရင့်တည်ကြည်ခြင်းရှိရကြပါမည်။ ကျွန်ုပ်တို့၏မျက်စိများကိုဖွင့်နိုင်မည်ဆိုပါက ကျွန်ုပ်တို့၏ဝန်းကျင်တွင် မာရ်နတ်၏တမန်များက ကျွန်ုပ်တို့အားဒုက္ခပေးဖျက်ဆီးရန်ဝန်းရံလျက် နည်းလမ်းအသစ်အဆန်းများတီထွင်နေကြသည်ကိုတွေ့မြင်ရပေလိမ့်မည်။ တစ်ချိန်တည်းမှာပင် ဘုရားသခင်၏ကောင်းကင်တမန်များကလည်း ကျွန်ုပ်တို့အားသူတို့၏ဘေးအန္တရာယ်အပေါင်းမှ ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်းကိုလည်းတွေ့သိရကြပါလိမ့်မည်။ အကြောင်းမူကား ဣသရေလကောင်းစားရေးအတွက် ဘုရားသခင်သည် အမြဲတစေစောင့်၍ကြည့်နေတော်မူ၏။ ကိုယ်တော်၌ခိုလှုံကိုးစားသော မိမိ၏လူတို့အားကာကွယ်၍ကယ်တင်တော်မူလိမ့်မည်။ ရန်သူသည်ရေလွှမ်းမိုးသကဲ့သို့ဝင်လာသောအခါ ထာဝရဘုရား၏ဝိညာဉ်တော်သည် ဆီးတားတော်မူလိမ့်မည်။

ကောင်းကင်တမန်က "သင်သည် ပြုစားထားသောမြေပေါ်၌ရပ်နေသည်ကိုသတိရလော့" ဟုပြောပါသည်။ ကျွန်ုပ်တို့သည်သတိဝီရိယနှင့်စောင့်နေ၍ ဘုရားသခင်ပြင်ဆင်တော်မူသော လက်နက်စုံကိုဝတ်ဆင်လျက် ယုံကြည်ခြင်းတည်းဟူသော ဒိုင်းလွှားကိုကိုင်ဆောင်ကြပါလျှင် မတရားသောသူတို့ပစ်ခတ်သည့်မီးစက်လက်နက်တို့သည် ကျွန်ုပ်တိုပအား အန္တရာယ်ပြုနိုင်မည်မဟုတ်ဘဲ ကောင်းစွာရပ်တည်နေနိုင်ကြပါလိမ့်မည်။

---ooo---

## သံတမန်များ

ယနေ့သမ္မာတရားတော်ဆိုင်ရာအလင်းတရားနှင့်မတွေ့မဆုံရသေးသည့်ပျံ့လွင့်နေသောကျောက်မျက်ရတနာများတည်းဟူသော ဘုရားသခင်၏သားသမီးများရှိရာသို့ သံတမန်များတတ်နိုင်သမျှ အမြန်ဆုံးရောက်အောင်သွားကြပြီးလျှင် အလင်းတရားတည်းဟူသော သတင်းစကားကိုပေးပို့သင့်ကြောင်း ဘုရားသခင်သည် ကျွန်မအားမကြာခဏဖေါ်ပြတော်မူပါ၏။ ကျွန်မတို့၏ဝန်းကျင်ရှိအများသူတို့အထင်မှားနေကြသည်ဖြစ်၍ ယင်းသို့အထင်မှားနေသည့်အချက်များရှင်းလင်းပြေလည်သွားစေရန် ကျွန်ုပ်တို့၏လက်ရှိသလောတရားအခြေအနေကိုနှုတ်ကပါဌ်တော်မှ သက်သေသာဓကများနှင့်တကွ သူတို့အားရှင်းလင်းတင်ပြပါက သူတို့ဝမ်းမြောက်ဝမ်းသာစွာဖြင့် ယနေ့သမ္မာတရားကိုလက်ခံကြပေလိမ့်မည်။ သတင်းစကားပေးပို့သူသံတမန်များသည် နောက်တစ်နေ့သူတို့စာရင်းရှင်းရမည့် အသက်ဝိညာဉ်များကို သတိဝီရိယထား၍စောင့်ကြည့်နေရမည်။ ခရစ်တော်၏မွန်မြတ်တော်မူသောလမ်းစဉ်သည်အများအားဖြင့်ခလုတ်တံသင်းများ၍ အနစ်နာခံရသောလမ်းစဉ်ဖြစ်ခြင်းကြောင့် ယင်းသံတမန်တို့၏ဘဝအသက်တာတွင် စိတ်၏ပင်ပန်းခြင်း၊ ကိုယ်၏ဆင်းရဲခြင်းများကိုလည်း ရင်ဆိုင်ရပေလိမ့်မည်။ လောကီစည်းစိမ်နှင့်ကိုယ်ကျိုးကိုစွန်းပယ်၍ ယနေ့သမ္မာတရားပြန့်ပွားရေးကိုသာ ပထမဦးစားပေးလျက် ပျက်စီးဆုံးရှုံးလုနီးနေသောအသက်ဝိညာဉ်များကိုကယ်ဆယ်ရန် စွမ်းအားရှိသမျှကြိုးစားအားထုတ်ဆောင်ရွက်ရမည်။

သူတို့သည်ကြွယ်ဝစွာသောဆုကျေးဇူးများကိုလည်း ခံစားရကြလိမ့်မည်။ သူတို့၏ဝမ်းမြောက်ခြင်းဆိုင်ရာသရဖူများတွင် သူတို့၏ကြိုးပမ်းမှုဖြင့် ကယ်တင်ခြင်းရရှိသူများဆိုင်ရာကြယ်များသည်ထာဝရကာလ

ပတ်လုံးထွန်းတောက်လျက်ရှိပါလိမ့်မည်။ သူတို့သည်သန့်ရှင်းဖြူစင်၍ တင့်အပ်လျောက်ပတ်သော သမ္မာတရားတော်ကိုတင်ဆက်ကြသည့်အတွက် ကြားနာရသူများသည် ယင်းတရားတော်ကိုကြည်ညိုမြတ်နိုး၍ သန့်ရှင်းခြင်းသို့ရောက်ကြပြီးလျှင် အဖိုးမဖြတ်နိုင်သည့်ချမ်းသာသုခကိုရကြလျက် သိုးသငယ်၏အသွေးတော်အားဖြင့်ဆေးကြောတော်မူခြင်း၊ ရွေးနုတ်တော်မူခြင်းကိုခံရကြပြီးလျှင် ဘုရားသခင်၏ထံတော်သို့ရောက်သည်တိုင်အောင် မိမိတို့သည်တတ်အားသမျှဆောင်ရွက်ရကြသဖြင့် ထာဝရကာလပတ်လုံး ကျေနပ်ဝမ်းမြောက်၍ မဆုံးနိုင်ရှိကြပေလိမ့်မည်။

ဘုရားသခင်၏သိုးထိန်းများသည် သူတို့၏စိတ်အထင်အားဖြင့် သမ္မာကျမ်းစာကထောက်ခံသည်ဟု ယူဆသည့်အရေးကြီးသောအချက်အလက်သစ်များနှင့်ပတ်သက်၍ အခိုင်အမာပြောဆိုခြင်းမပြုမီး ယနေ့သမ္မာတရားတွင်ကြံ့ခိုင်တည်ကြည်ပြီး သူတို့ယုံကြည်စိတ်ချရမည့်ဝါရင့်သောသံတမန်များနှင့်ညှိနှိုင်းတိုင်ပင်ရမည်ဟု ကျွန်မမြင်ရပါသည်။ ထိုအခါသိုးထိန်းများသည် စည်းစည်းလုံးလုံးရှိနေကြလိမ့်မည်၊ သိုးထိန်းများ၏အဖွဲ့အစည်းကိုလည်း အသင်းတော်က အသိအမှတ်ပြုလိမ့်မည်။ ယင်းလမ်းစဉ်အတိုင်းလိုက်လျှောက်ပါက စိတ်ဆင်းရဲစရာဂိုဏ်းကွဲခြင်းများကို ကာကွယ်ထားလိမ့်မည်။ အဖိုးထိုက်သောသိုးစုသည်လည်း အုပ်စုကွဲခြင်း၊ သိုးထိန်းမရှိသောသိုးများကဲ့သို့ လေလွင့်ပျောက်ဆုံးခြင်းမရှိတော့ပါ။

ဘုရားသခင်၏အမှုတော်တွင်အသုံးပြုရန် ကိုယ်တော်အလိုရှိသော်လည်း သူတို့ကိုယ်တိုင်ကအသင့်ပြင်ဆင်ထားခြင်းမရှိသေးသောအမှုဆောင်များကိုလည်း ကျွန်မမြင်ရပါသည်။ သူတို့သည်သိုးအုပ်အပေါ်

သြဇာသက်ရောက်မှုအရှိန်မြင့်မားထည်ဝါစေရန် အားထုတ်ခြင်းမပြု၊ ပေါ့ဆလွန်းသည်၊ သေးသိမ်လွန်းသည်သာမက ဘုရားသခင်၏သတင်း စကားကိုသယ်ဆောင်သည့် သံတမန်များအနေဖြင့် ကိုယ်တော်၏အမှု တော်ကောင်းစားရေးအတွက် သူတို့တွင်တာဝန်ကြီးလေးပုံ၊ အသက် ဝိညာဉ်များ၏တန်ဖိုးကြီးပုံများကို သူတို့မသိနားမလည်ကြပါ။ "ထာဝရ ဘုရား၏အဆောက်အအုံတို့ကိုဆောင်ရွက်သောသူတို့၊ သန့်ရှင်းသောသူတို့၊ သန့်ရှင်းခြင်းရှိကြလော့" ဟုကောင်းကင်တမန်ကပြောပါသည်။ သူတို့ သည် ဘုရားသခင်အားလုံးလုံးလျားလျားဆက်ကပ်မထားပါကလည်း ကောင်း၊ တကွဲတပြားလေလွင့်ပျောက်ဆုံးနေသောသိုးစုသို့ ယနေ့ပေးပို့ လျက်ရှိသည့် နောက်ဆုံးကရုဏာသတင်းစကား၏အရေးကြီးပုံနှင့် နက်နဲပုံကိုတွေ့သိခံစားခြင်းမရှိပါကလည်းကောင်း သတို့၏ဆောင် ရွက်မှုသည် များစွာထမြောက်အောင်မြင်နိုင်စရာအကြောင်းမရှိပါ။ ဘုရားသခင်ခေါ်တော်မူခြင်းမခံရသောသူအချို့ကမူ သတင်းစကား တော်ကိုသယ်ဆောင်ရန်အထူးလိုလားနေကြပါသည်။ သို့သော်အမှုတော် ၏တာဝန်ကြီးလေးပုံကိုလည်းကောင်း သူတို့တွေ့သိခံစားနိုင်မည် ဆိုပါက သူတို့သည်နောက်ဆုတ်ပခုံးတွန့်၍ တမန်တော်ရှင်ပေါလုကဲ့သို့ "ဤအမှုအရာတို့နှင့်အဘယ်သူထိုက်တန်သနည်း" ဟု ပြောကြလိမ့် မည်။ သွားရောက်အမှုတော်ဆောင်ရန် ယင်းသို့သူတို့ဆန္ဒပြင်းပြနေကြ သည်မှာ အမှုတော်၏တာဝန်ကြီးလေးပုံကို သူတို့အားဘုရားသခင် မဖေါ်ပြသေး၍ဖြစ်ပါသည်။ ပထမနှင့်ဒုတိယကောင်းကင်တမန်၏ သတင်းစကားများကို ကြွေးကြော်ရသူတိုင်း တတိယကောင်းကင်တမန် ၏သတင်းစကားကို ကြွေးကြော်ခွင့်ရလိမ့်မည်မဟုတ်ပါ။ အဘယ်ကြောင့်

ဆိုသော် ယင်းသတင်းစကားများကို သူတို့ကိုယ်တိုင်မအပြည့်အဝ ယုံကြည်ခံယူထားကြပြီးသည်တိုင်အောင် အချို့သောသူတို့မှာများစွာ သောမှားယွင်းမှုများနှင့် အပြစ်အနာအဆာများရှိနေကြသည်ဖြစ်၍ မိမိတို့၏အသက်ဝိညာဉ်များတို့ကိုပင် ကယ်ဆယ်နိုင်ရုံမျှသာရှိကြပါ သည်။ ထိုကြောင့်သူတို့သည် သူတစ်ပါးတို့အားလမ်းပြပို့ဆောင်ကြ မည်ဆိုပါက သူတို့အနေဖြင့် အခြားသောသူများကိုဖျက်ဆီးရာရောက်နေ ကြပေလိမ့်မည်။ အတိတ်ကဘာသာရေးတွင် ထူးကဲစွာအယူသန်ခဲ့သည် ဖြစ်၍ မှားယွင်းမှုများကိုသန့်စင်ခြင်းမပြုရသေးသဖြင့် ဘုရားသခင် မစေလွှတ်သေးသောသူများက ယခုပင်ရှေးဦးပထမသွားလိုကြသဖြင့် သူတို့သည်အမှားရောနှောထားသည့်သမ္မာတရားကို ဘုရားသခင်၏ သိုးစုအားကျွေးမွေးကြလိမ့်မည်ဖြစ်ရာ သူတို့အားရှေ့သို့ဆက်လက် ချီတက်ခွင့်ပြုထားပါက သိုးစုသည်အားနည်းချည်းနဲ့၍ လေလွင့်ပျောက် ဆုံးခြင်းနှင့် သေကျေပျက်စီးခြင်းသို့ရောက်ကြပေလိမ့်မည်ဟု ကျွန်မမြင်ရ ပါသည်။ သူတို့အနေဖြင့် အတိတ်ကအမှားများနှင့် ကင်းစင်ခဲ့သည့် တိုင်အောင် ဆက်ကာဆက်ကာဆန်ခါချသကဲ့သို့စစ်ထုတ်ရဦးမည်ဟု ကျွန်မမြင်ရပါသည်။ သို့မဟုတ်ပါက သူတို့သည်မည်သည့်အခါတွင်မျှ နိုင်ငံတော်သို့ဝင်ရောက်နိုင်ကြလိမ့်မည်မဟုတ်ပါ။ ဘုရားသခင်၏ အမှုတော်ဆောင်များအနေဖြင့် အတိတ်ကဘာသာရေးတစ်ယူသန်များဖြစ် ပြီးလျှင် အများအယွင်းများခဲ့သူတို့အား ဝေဖန်ဆုံးဖြတ်ခြင်းပြုရာ၌ အလင်းတရားတွင်ကြာမြင့်စွာတည်မြဲခဲ့ကြပြီး အမှားအယွင်းအလွန် အကျူးမရှိသောသူများအား ဝေဖန်သကဲ့သို့မပြုလုပ်နိုင်ပါ။ အများသော အမှုဆောင်တို့သည် မကြာမြင့်မီကပင် ယနေ့သမ္မာတရားကိုခံယူပြီး ဘုရားသခင်၏ရှေ့တော်တွင်လူမှန်ဖြစ်စေရန် များစွာပင်သင်ကြား၍

ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရါက်စရာရှိသေးသောသူများအားကွင်းဆင်း၍ အမှုတော်ဆောင်ရွက်ရန် တိုက်တွန်းစေလွှတ်ခြင်းမှာလွယ်ကူလွန်းပါ သည်။ အလယ်ကြောင်းဆိုသော် ထိုသူတို့သည်သူတစ်ပါးတို့အား လမ်းမှန်သို့ရောက်အောင်ပို့ဆောင်ရန်မဆိုထားဘိ မိမိတို့အတွက်ကိုပင် လုံလောက်မှုမရှိသေးကြောင်း ကျွန်မမြင်ရပါသည်။

မည်သည့်နေရာဒေသမျိုးတွင်မဆို ဘာသာရေးအယူသီးမှုများ ပေါ်ပေါက်လာသည်ကိုတွေ့သိကြမည်ဆိုပါက ဘုရားသခင်၏သံတမန် များအနေဖြင့် အထူးစောင့်ကြပ်ကာကွယ်ရန်လိုကြောင်း ကျွန်မမြင်ရ ပါသည်။ စာတန်သည်အဘက်ဘက်မှတွန်းအားပေးနေပါသည်။ အကယ်၍ကျွန်ုပ်တို့သည် မျက်စိဖွင့်နားစွင့်လျက် သူ၏ဉာဏ်ဆင်မှု များနှင့်ကျော့ကွင်းတို့ကိုသတိမမူမစောင့်ကြပ်လျှင်လည်းကောင်း၊ ဘုရား သခင်ပြင်ဆင်တော်မူသောလက်နက်စုံကိုဝတ်ဆောင်မထားလျှင်လည်း ကောင်း ကျွန်ုပ်တို့အား မတရားသောသူတို့ပစ်ခတ်သောမီးစက်လက်နက် များထိမှန်ကြပေလိမ့်မည်။ ဘုရားသခင်၏နှုတ်ကပါဌ်တရားတော်တွင် မွန်မြတ်သည့်သမ္မာတရားမြောက်မြားစွာပါဝင်ပါသည်။ သိုးစုအနေဖြင့် "ယနေ့သမ္မာတရား" ကိုသာလောလောဆယ်လိုအပ်နေပါသည်။ သတင်းစကားသယ်ဆောင်သည့်သံတမန်များသည် ယနေ့သမ္မာတရား နှင့်စပ်လျဉ်းသည့်အရေးကြီးသောအချက်အလက်များထက် ဘုရားသခင် ၏သိုးစုကိုစည်းရုံးမှုမပြုသည့်ပြင် သန့်စင်စေခြင်းလည်းမရှိနိုင်သည့် အကြောင်းအရာများတွင်သာ အချိန်ကုန်ခံ၍ဆွေးနွေးခြင်းအားဖြင့် လမ်းလွဲသွားနိုင်သည့်အန္တရာယ်ကို ကျွန်မမြင်ရပါသည်။ အမှုတော်ကြီး ပျက်စီးရာပျက်စီးကြောင်းအတွက် စာတန်သည် ယင်းအခွင့်အရေး ကိုအတတ်နိုင်ဆုံးအားထုတ်ရယူအသုံးချလိမ့်မည်။

သို့သော်သန့်ရှင်းရာဌာနတော်အကြောင်း၊ ယင်းနှင့်ဆက်နွှယ်နေသည့်ရက်ပေါင်း ၂၃၀၀ အကြောင်း၊ ဘုရားသခင်၏ပညတ်တော်နှင့်ယေရှု၏ယုံကြည်ခြင်းအကြောင်းစသည့်တို့သည် ကြွလာတော်မူခြင်းနှင့်ဆိုင်၍ အတိတ်ကလှုပ်ရှားမှုများအကြောင်းကိုအတိအကျတွက်ချက်ဖော်ပြထုတ်ထားသကဲ့သို့ ယနေ့ကျွန်ုပ်တို့၏အခြေအနေကိုလည်းဖော်ပြထားပါသည်။ သံသယဖြစ်နေသောသူတို့၏ယုံကြည်ခြင်းကိုလည်းသေချာစွာစိတ်ချအောင်ဖော်ညွှန်းထားပါသည်။ သတင်းစကားသယ်ဆောင်သည့်သံတမန်များသည် ယင်းအကြောင်းအရာများကိုအဓိကထား၍ အကျယ်တဝင့်ဆွေးနွေးသုံးသပ်ရန်လိုကြောင်း မကြာခဏကျွန်မမြင်ရပါသည်။

ဘုရားသခင်၏အရွေးချယ်ခံသံတမန်များသည် မိမိတို့၏ခရီးစဉ်တွင် ဆူးပြောင့်ခလုတ်ရှိသမျှပယ်ရှင်းပြီးသည်အထိ စောင့်ဆိုင်းနေပါကအများသောသူတို့သည် လေလွင့်ပျောက်ဆုံးနေသောသိုးများကိုမည်သည့်အခါတွင်မျှ လိုက်လံရှာဖွေဖြစ်တော်မည်မဟုတ်ပါ။ သူတို့တာဝန်ပျက်ကွက်စေရန် စာတန်သည်နည်းမျိုးစုံဖြင့်ကန့်ကွက်လိမ့်မည်။ သို့သော် သူတို့သည်မိမိတို့၏အမှုတော်အတွင်းသို့ခေါ်တော်မူသောအရှင်ကို ယုံကြည်ကိုးစား၍ ခရီးထွက်ရကြမည်။ ထိုအခါသူတို့၏ကောင်းစားရေးနှင့် ကိုယ်တော်၏ဘုန်းတော်ထင်ရှားရေးအတွက် သူတို့သွားသင့်သည့်အတိုင်း လမ်းဖွင့်ပေးတော်မူလိမ့်မည်။ ကျွန်ုပ်တို့၏လမ်းပြရှင်၊ ကျွန်ုပ်တို့၏စံနမူနာ၊ ကျွန်ုပ်တို့၏မြတ်နိုးတော်မူသောဩဝါဒအရှင်ဖြစ်တော်မူသောကိုယ်တော်၌ ခေါင်းချစရာမျှပင်မရှိပါ။ ကိုယ်တော်၏အသက်တာတစ်လျှောက်လုံးသည် ပင်ပန်းကြီးစွာလှုပ်ရှားရသောအသက်တာ၊ ဝမ်းနည်းကြေကွဲရသောအသက်တာ၊ ဒုက္ခဆင်းရဲခံရသောအသက်တာဖြစ်တော်မူ၏။ ထိုနောက် ကျွန်ုပ်တို့အားလုံးအတွက်

ကိုယ်ကိုကိုယ်ဆက်ကပ်ပူဇော်တော်မူ၏။ ဘုရားသခင်နှင့်ရန်ငြိမ်းစေခြင်း ၄ှာ အသက်ဝိညာဉ်များကိုခရစ်တော်၏ကိုယ်စား တိုက်တွန်းနှိုးဆော် သောသူတို့သည် ခရစ်တော်နှင့်အတူ နောင်ကာလတွင်ဘုန်းစည်းစိမ်၌ ဝင်စားလိုပါက ဤလောကတွင် ကိုယ်တော်နည်းတူ ဒုက္ခဆင်းရဲခံဖို့ ကိုလည်းအသင့်ရှိနေရမည်။ "မျက်ရည်ကျလျက်မျိုးစေ့ကိုကြဲသော သူတို့သည် ရွှင်လန်းလျက် စပါးရိတ်ကြလိမ့်မည်။ မျက်ရည်ကျလျက် ကြဲရန်မျိုးစေ့ကိုဆောင်၍ထွက်သွားသောသူသည် ကောက်လှိုင်းများကို ဆောင်လျက် ရွှင်လန်းသောစိတ်နှင့်အမှန်ပြန်လာလိမ့်မည်။" ဆာ၊ ၁၂၆း၅၊၆။

---ooo---

## သားရဲ၏တံဆိပ်

၁၈၅၀ ခု၊ ဇွန်လ ၂၇ ရက်နေ့တွင်ဖော်ပြတော်မူသည့်ရူမြင် ကွင်းတွင် ကျွန်မတို့အတူလိုက်ပါသောကောင်းကင်တမန်က "အချိန် ကုန်လုနီးပြီ၊ သင်၌တာဝန်ရှိသည့်အတိုင်း ယေရှုရှင်၏ချစ်မြတ်နိုးဖွယ် သောပုံသ P ² ။ကန်တော်ကိုရောင်ပြန်ဟပ်ပါ၏လော" ဟုမေးပါသည်။ ထိုနောက်ကျွန်မအား ကမ္ဘာမြေကြီးပေါ်သို့ညွှန်ပြရာတွင် တတိယ ကောင်းကင်တမန်၏သတင်းစကားကို မကြာမီက ခံယူထားသူများ အနေဖြင့် အဆင်သင့်ပြင်ဆင်ထားကြရန် လိုအပ်ကြောင်းကို ကျွန်မ မြင်ရပါသည်။ ကောင်းကင်တမန်က "အဆင်သင့်ပြင်ထားကြလော့၊ အဆင်သင့်ပြင်ထားကြလော့၊ လောကီရေးရာတို့သည် ယခင်ကသင်တို့ အတွက်ချုပ်ငြိမ်းခဲ့ဖူးသည်ထက်ပို၍ ချုပ်ငြိမ်းရပေလိမ့်ဦးမည်၊ ထိုကြောင့်

အဆင်သင့်ပြင်ထားကြလော့” ဟု ပြောပါသည်။ သူတို့ဆောင်ရွက်ရန်လုပ်ငန်းတာဝန်များမှာ မြားမြောင်လှသော်လည်း အချိန်မှာမူကားတိုတောင်းလှသည်ကို ကျွန်မမြင်ရပါသည်။

ထိုနောက်ခိုလှုံရာအတွက် အမိုးအကာမရှိသူများအပေါ်နောက်ဆုံးဘေးဒဏ်ခုနစ်ပါးကျရောက်လုနီးနေပြီဖြစ်ကြောင်းကိုလည်း ကျွန်မမြင်ရပါသည်။ သို့ပါလျက် ယင်းဘေးဒဏ်များမှာ၊ မိုးသီးမိုးပေါက်များစွာရွာသွန်းသည်ထက်ပို၍ ကြီးမားလိမ့်မည်မဟုတ်ပါဟု လောကီသားတို့ကသဘောပိုက်နေကြပါသည်။ ထိုနောက်ဘုရားသခင်၏အမျက်တော်တည်းဟူသောဘေးဒဏ်ခုနစ်ပါးကျရောက်နေပုံကိုကြည့်ရှုရမည်ဖြစ်ရာခံနိုင်ရည်ရှိရန်အတွက် ကျွန်မအားစွမ်းအားပေးထားပါသည်။ ပြီးလျှင်ကျွန်မရှုမြင်ရသည့်အတိုင်းဆိုပါက ဘုရားသခင်၏အမျက်တော်သည်လွန်စွာမှပင်တုန်လှုပ်ချောက်ချားဖွယ်၊ ကြောက်မက်ဖွယ်၊ ထိတ်လန့်ဖွယ်ကောင်းလှပါသည်။ ကိုယ်တော်၏လက်တော်ကိုဆန့်လိုက်မည်သို့မဟုတ်အမျက်တော်ရှသဖြင့် လက်တော်ကိုပင့်မြှောက်လိုက်မည်ဆိုပါက ကမ္ဘာပေါ်တွင်သက်ရှင်နေထိုင်သမျှသော လူသတ္တဝါအပေါင်းမှာမည်သည့်အခါကမျှမရှိခဲ့ဖူးသကဲ့သို့ ပျောက်ခြင်းမလှပျောက်သွားကြလိမ့်မည် သို့မဟုတ် ကုသ၍မရနိုင်သောအနာစိမ်းများ၊ ညှိုးနွမ်းသွေ့ခြောက်သွားတတ်သည့်ဘေးဒဏ်များ သူတို့အပေါ်သို့သက်ရောက်သဖြင့်လွတ်မြောက်ရာလမ်းကိုမရမတွေ့နိုင်ဘဲ လုံးဝပျက်စီးဆုံးရှုံးခြင်းသို့ရောက်သွားကြပေလိမ့်မည်။ ကျွန်မသည်လည်း မခံမရပ်နိုင်လောက်အောင် အလွန်ကြောက်လန့်တုန်လှုပ်သဖြင့် ကောင်းကင်တမန်၏ရှေ့တွင်ပျပ်ဝပ်၍ ကျွန်မအတွက်ကြောက်စရာကောင်းလှပါသဖြင့်ဖယ်ရှားပေးပါရန် သို့မဟုတ်ကွယ်ထားပါရန်တောင်းပန်လိုက်ပါသည်။

သားရဲနှင့်သူ၏ရုပ်တုကိုကိုးကွယ်၍ သူ၏တံဆိပ်လက်မှတ်ကိုနဖူး၌ဖြစ်စေ၊ လက်၌ဖြစ်စေခံယူလျက် ဘုရားတရားမကြည်ညိုမလေးစားသောသူတို့အပေါ်သို့ဆိုက်ရောက်လိမ့်မည်ဟု နှုတ်ကပါဌ်တရားတော်တွင်ဖေါ်ပြထားသော ဘေးဒဏ်များမှလွတ်မြောက်ရေးအတွက် ဘုရားသခင်၏နှုတ်ကပါဌ်တရားတော်ကိုစေ့စေ့စပ်စပ်ရှာဖွေလေ့လာဆည်းပူးရန်မှာ မည်မျှလောက်အရေးကြီးကြောင်း၊ ထိုအခါတွင်မှကျွန်မတိတိကျကျသိနားလည်ရပါသည်။ မည်သည့်အခါကမျှ ဤမျှလောက်ကျွန်မသဘောမပေါက်ခဲ့ပါ။ ဘုရားသခင်၏ပညတ်တော်များကိုကျူးလွန်၍ ကိုယ်တော်၏သန့်ရှင်းသောဥပုသ်နေ့ကိုပျက်စီးအောင်နှိမ်နင်းသူများအပေါ်သို့ ထိုမျှလောက်ကြောက်မက်ဖွယ်ကောင်းသောဘေးဒဏ်များဆိုက်ရောက်လိမ့်မည်ဟုခြိမ်းခြောက်ထားပါလျက် ကျူးလွန်ဝံ့သူ၊ ပျက်စီးအောင်နှိမ်နင်းဝံ့သူ တစ်စုံတစ်ယောက်ရှိနိုင်ပါ၏လောဟု ကျွန်မအနေဖြင့်အထူးပင်အံ့သြမိပါသည်။

ပါပရဟန်းမင်းကြီးသည် ဥပုသ်နားရက်ကို သတ္တမနေ့မှ ပထမနေ့သို့ပြောင်းရွှေ့သတ်မှတ်ခဲ့ပါသည်။ လူသားအနေဖြင့် မိမိ၏ဖန်ဆင်းရှင်အား အောက်မေ့သတိရဖို့ ပြဌာန်းထားသောပညတ်တော်ကိုမှပြောင်းလံဖို့သူကြံစည်ခဲ့ပါသည်တကား။ ပညတ်တော်ဆယ်ပါးတွင်အကြီးဆုံးသောပညတ်တော်ကိုပြောင်းလဲရန် ကြံစည်ခြင်းအားဖြင့်သူ့ကိုယ်သူဘုရားသခင်နှင့်ဂုဏ်ရည်တူညီစေသည်သာမက ဘုရားသခင်ထက်ပင် သူ့ကိုယ်သူချီးမြှောက်လိုက်ခြင်းဖြစ်ပါသည်။ ဘုရားသခင်သည်ပြောင်းလဲခြင်းမရှိ၊ ထိုကြောင့် ကိုယ်တော်၏ပညတ်တရားတော်သည်လည်း ပြောင်းလဲခြင်းမရှိ၊ သို့သော် ပါပရဟန်းမင်းကြီးသည် ဘုရားသခင်၏မဖေါက်ပြန် မပျက်စီးနိုင်သည့်သန့်ရှင်းသောပညတ်တရားကျင့်ဝတ်ကျင့်စဉ်များ၊ တရားမျှတခြင်းနှင့်ကောင်းမြတ်တော်မူခြင်းများ

ကိုပြောင်းလဲရန်ရှာကြံသည့်အတွက် သူ့ကိုယ်သူဘုရားသခင်ထက် ချီးမြှင့်လိုက်ခြင်းဖြစ်ပါသည်။ ဘုရားသခင်၏သန့်ရှင်းတော်မူသောနေ့ ရက်ကို ခြေဖြင့်နင်း၍ဖျက်ဆီးလျှင် ယင်းနေရာတွင်မိမိကိုယ်ပိုင်အာ ဏာကို အသုံးပြုလျက်အလုပ်မျိုးကိုကြိုးစား၍ လုပ်ဆောင်ရသောနေ့ တစ်ရက်ကိုအစားထိုးလေ၏။ လူတစ်မျိုးလုံးသားရဲ၏နောက်သို့လိုက် ကြပြီးလျှင် ဘုရားသခင်သန့်ရှင်းစေသောနေ့ရက်အချိန်ကို အပတ်စဉ် လုယူကြ၏၊ အလွဲသုံးစားပြုကြ၏။ ပါပရဟန်းမင်းကြီးသည် ဘုရား သခင်၏သန့်ရှင်းသောပညတ်တော်တွင် ကျိုးပဲ့ကျက်စီးနေသောနေရာ တစ်ကွက်ဖြစ်ပေါ်စေ၏၊ သို့သော ဘုရားသခင်၏လူတို့က ထိုကျိုး ပေါက်ပျက်စီးနေသည့်နေရာကိုပြန်လည်ပြုပြင်၍ အစားထိုးဆောက်လုပ် ရန် အချိန်တန်ပြီဖြစ်ကြောင်း ကျွန်မမြင်ရပါသည်။

ဘုရားသခင်သည် လမ်းလွဲနေသောမိမိ၏လူတို့အားကယ်တင် တော်မူပါရန်နှင့် ကရုဏာတော်အဖို့အလိုငှာ ကယ်မသနားတော်မူပါရန် ကောင်းကင်တမန်တို့၏ရှေ့တွင် ဘုရားသခင်အား ကျွန်မအသနားခံ တောင်းလျှောက်ပါသည်။ ဘေးဒဏ်ကျရောက်သောအခါ သန့်ရှင်းသော ဥပုသ်နေ့ကိုဆက်လက်ချိုးဖေါက်နေသောသူများသည် ထိုဥပုသ်နေ့ကို စောင့်ထိန်းခြင်းမှကင်းလွတ်ခွင့်ရရှိရေးအတွက် သူတို့ယခုဆင်ခြေပြနေ ကြသကဲ့သို့ ဖက်လက်ဆင်ခြေကုန်ကြတော်မည်မဟုတ်၊ သူတို့၏ နှုတ်ကိုပင်မဖွင့်မဟာဘဲနေကြပေလိမ့်မည်။ ဘေးဒဏ်များကျရောက်နေ ချိန်တွင်လည်းကောင်း၊ “လူသားအတွက်ကျိန်ခြင်းအမင်္ဂလာဖြစ်၏” ဟူ၍လည်းကောင်း၊ “စိတ်ဆင်းရဲစရာဖြစ်၏” ဟူ၍လည်းကောင်း၊ “ခိုင်လုံမှုမရှိပါ” ဟူ၍လည်းကောင်း ဘုရားသခင်၏သန့်ရှင်းသော ပညတ်တရားတော်များကိုပြက်ရယ်ပြု၍ ပြောကြခေါ်ကြသောသူတို့အား ပညတ်တရားတော်များ၏မြတ်တော်မူသော အရှင်ဘုရားသခင်သည်

တရားမျှတစွာစီရင်နေသောအချိန်တွင်လည်းကောင်း သူတို့သည်စကား နှုတ်မြွက်ခြင်းကိုမပြုဘဲနေကြလိမ့်မည်။ ဤပညတ်တရားတော်သည် သံလက်သီးပမာသူတို့အားဆုပ်ကိုင်ထားသည်ကို သူတို့သိကြသောအခါ ယင်းကဲ့သို့သူတို့ပြောဆိုကြပုံများသည် အသက်ရှင်သောစကားလုံးများ အဖြစ်နှင့် သူတို့၏ရှေ့မှောက်တွင်ပေါ်လာကြလိမ့်မည်၊ ဘုရားသခင်၏ နှုတ်ကပါဌ်တရားတော်က "သန့်ရှင်း၏၊ ဖြောင့်မတ်၏၊ ကောင်းမြတ် ၏" ဟုခေါ်ဝေါ်သမုတ်ထားသည့် ပညတ်တရားတော်များကိုသူတို့ ပြက်ရယ်ပြုကြသည့်အတွက် အပြစ်ကြီးလေးပုံကို ထိုအခါသူတို့သဘော ပေါက်နားလည်ကြလိမ့်မည်။

ထိုနောက်သစ္စာတည်မြဲသူများအတွက် ကောင်းကင်ဘဏ္ဍာများ သိုထားရာကောင်းကင်နိုင်ငံတော်၏ဘုန်းစည်းစိမ်ကို ကျွန်မအားညွှန်ပြ ပါသည်။ တွေ့မြင်ရသမျှအားလုံးပင် ကြည်ညိုမြတ်နိုးဖွယ်ရာဖြစ်ပါ၏၊ ဘုန်းအသရေကြွယ်ဝလှပါ၏၊ ကောင်းကင်တမန်တို့သည်လည်း သာသာ ယာယာသီဆိုကျူးရင့်လျက်နေကြပါ၏။ ထိုနောက်ရပ်နားလိုက်ကြပြီး လျှင် မိမိတို့၏တောက်ပသောသရဖူများချွတ်၍ ကြည်ညိုဖွယ်သော ယေရှုရှင်၏ခြေတော်ရင်းတွင် တရိုတသေထားကြပြီးမှ "ဟာလေလုယ၊ ဘုန်းကြီးတော်မူပါစေသတည်း" ဟုကြွေးကြော်ကြသည်မှာ ငြိမ့်ညောင်း သာယာချိုအေးလှပါသည်။ ထိုကြောင့်သိုးသငယ်အားသူတို့ချီးမွမ်း ထောမနာပြုလျက် သီဆိုကျူးအေးကြရာတွင် ကျွန်မလည်းဝင်ရောက် သီဆိုကျူးအေးလိုက်ပါသည်။ ထိုသို့ကိုယ်တော်အားချီးမွမ်းထောမနာ ပြုသီဆိုရန် ကျွန်မ၏နှုတ်ကိုဖွင့်ဟသောအခါတိုင်း ကျွန်မအား ဘုန်း အသရေတော်ဖြင့်ဝန်းရံလျက်ထားရှိပုံကို နှုတ်ဖြင့်ဖော်ပြရန်မစွမ်းပါ။ များသည်ထက်ပို၍များလှစွာသော ထာဝရဘုန်းအသရေတော်၏လေး နက်ခြင်းဖြစ်ပါသည်။ ထိုအခါကောင်းကင်တမန်က "ဘုရားသခင်ကို

ချစ်၍ကိုယ်တော်၏ပညတ်တော်များကိုစောင့်ထိန်းသောကျန်ကြွင်းသူ လူနည်းစုကလေးသည် နောက်ဆုံးတိုင်အောင်သစ္စာတည်မြဲပါက ယင်းဘုန်းအသရေတော်ကိုခံစားရပြီးလျှင် ယေရှုရှင်၏ရှေ့တော်တွင် သန့်ရှင်းသောကောင်းကင်တမန်များနှင့်အတူ သီဆိုရကြလိမ့်မည်” ဟုပြောပြပါသည်။

ထိုနောက်ယင်းဘုန်းအသရေတော်မြင်ကွင်းမှလွှဲပြောင်း၍ ကမ္ဘာမြေကြီးပေါ်ရှိ ကျန်ကြွင်းသူတို့ကိုကျွန်မအားပြပါသည်။ ကောင်းကင်တမန်က ယင်းကျန်ကြွင်းသူတို့အား “ဘေးဒဏ်ခုနစ်ပါးကိုရှောင်တိမ်းကြမည်လော၊ ဘုရားသခင်ကိုချစ်၍ ကိုယ်တော်အတွက်ဆင်းရဲဒုက္ခခံသောသူများအတွက် ကိုယ်တော်ပြင်ဆင်ထားတော်မူသောဘုန်းစည်းစိမ်သို့ဝင်စားကြမည်လော။ ယင်းသို့ဝင်သားလိုလျှင် အသက်ရှင်အံ့သောငှာသေရမည်။ အသင့်ပြင်ဆင်၍နေလော့၊ အသင့်ပြင်ဆင်၍နေလော့၊ အသင့်ပြင်ဆင်၍နေလော့။ သင်သည်ယခုပြင်ဆင်ထားပြီးသည်ထက်ပို၍ကြီးသောပြင်ဆင်မှုကိုပြုလုပ်ရမည်။ အကြောင်းမူကား ဘုရားသခင်၏နေ့ရောက်လာပြီ၊ ဘုရားသခင်၏အမျက်ဒေါသနေ့ကြီးရောက်လာပြီ။ ကမ္ဘာမြေကြီးသည်နေထိုင်သူမရှိ လွတ်လပ်လဟာဖြစ်လိမ့်မည်။ မတရားသောသူများအားသုတ်သင်ပယ်ရှင်းချိန်ရောက်ပြီ။ ထိုကြောင့်ရှိသမျှကိုဘုရားသခင်အားဆက်ကပ်ထားကြလော့။ မိမိ၏ခန္ဓာကိုယ်၊ မိမိ၏ဉစ္စာပစ္စည်းများနှင့်တကွ ပိုင်ဆိုင်သမျှကို သက်ရှင်ပူဇော်သက္ကာရအဖြစ်ပူဇော်သကာပလ္လင်ပေါ်တွင်တင်လှူပူဇော်လော့။ ဘုန်းစည်းစိမ်သို့ဝင်စားလိုလျှင် အားလုံးကိုဆက်ကပ်ပူဇော်ရမည်။ သံချေး၊ ပိုးရွမဖျက်ဆီး၍သူခိုးမထွင်းမဖေါက်မခိုးမယူရာကောင်းကင်ဘုံ၌ ဘဏ္ဍာကိုဆည်းပူးကြလော့။ အနာဂတ်ဘဝတွင် ခရစ်တော်နှင့်အတူဘုန်းစည်းစိမ်၌ဝင်စား

လိုလျှင် ပစ္စုပ္ပန်ဘဝတွင်ကိုယ်တော်နှင့်အတူ ဒုက္ခဆင်းရဲခြင်းကိုခံရမည်” ဟုပြောပါသည်။

ကျွန်ုပ်တို့သည်ကောင်းကင်ဘုံသို့ဒုက္ခဆင်းရဲခြင်းလမ်းစဉ်ဖြင့် ချီတက်လျှင် လွယ်ကူသက်သာပါသည်။ ယင်းလမ်းစဉ်တစ်လျှောက် လုံးတွင် ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်။ နေ့ရက်အစဉ်အတိုင်းအတ္တ စိတ်ချုပ်ငြိမ်းရမည်။ ယေရှုရှင်တစ်ပါးတည်းကိုသာလျှင်ပေါ်လွင်စေရ မည်။ ထိုနောက်ကိုယ်တော်၏ဘုန်းစည်းစိမ်ကိုသာမပြတ်မလပ်ရှေးရှု၍ နေရမည်။ ထိုမျှမက မကြာမြင့်မီက သမ္မာတရားတော်ကိုနှလုံးသွင်း၍ လက်ခံထားသူများအနေဖြင့် ခရစ်တော်အတွက်ဒုက္ခဆင်းရဲခြင်းခံရမည် ဆိုသည်ကို ကောင်းစွာနားလည်သဘောပေါက်ထားရန်လိုအပ်ကြောင်း၊ သူတို့အနေဖြင့်စမ်းသပ်စစ်ဆေးခြင်းများကိုခက်ခဲပြင်းထန်စွာရင်ဆိုင် ကျော်လွှားရန်လိုအပ်ကြောင်း၊ သို့မှသာလျှင် သန့်စင်ပီပြင်၍ အသက် ရှင်တော်မူသောဘုရားသခင်၏တံဆိပ်ရိုက်နှိပ်ခြင်းကိုခံရပြီးလျှင် ဆင်းရဲ ဒုက္ခကပ်ကာလကိုကျော်လွန်၍ မြတ်တော်မူသောအရှင်ဘုရင်ကြီးကို ဖူးမြော်လျက် သန့်ရှင်းသောကောင်းကင်တမန်များနှင့်အတူ ဘုရား သခင်၏ရှေ့တော်တွင်နေထိုင်ခွင့်ရကြလိမ့်မည်ဖြစ်ကြောင်း ကျွန်မဆက် လက်၍ရူမြင်ရပါသည်။

ဘုန်းစည်းစိမ်ကိုအမွေခံရန်အတွက် ကျွန်မတို့သည် မည်ကဲ့သို့ သောသူများဖြစ်ရကြမည်ကိုလည်းကောင်း၊ ထိုမျှကြွယ်ဝသောအမွေ အနှစ်ကို ကျွန်မတို့အားခံစားထိုက်ရန်အတွက် ယေရှုရှင်သည် မည်မျှပင် ဒုက္ခဝေဒနာခံစားခဲ့ရသည်များကိုလည်းကောင်း ကျွန်မရူမြင်နေရစဉ်တွင် ကျွန်မတို့သည် ခရစ်တော်၏ဒုက္ခဆင်းရဲခြင်းများ၌အသစ်မွေးဖွားခြင်း ခံနိုင်ကြစေရန်အတွက်လည်းကောင်း ကျွန်မတို့အနေဖြင့် ကြွယ်ဝချမ်းသာ

ခြင်းသို့ရောက်ကြစေရန်အတွက် ယေရှုရှင်သည် ဆင်းရဲပင်ပန်းခြင်းနှင့် ဒုက္ခဝေဒနာအပေါင်းကိုခံစားတော်မူခဲ့ကြောင်းကို သိနားလည်ကြပြီးလျှင် စမ်းသပ်စစ်ဆေးခြင်းများကိုသည်းခံခြင်း၊ ဝမ်းမြောက်ခြင်းတို့ဖြင့် မတွန့်မဆုတ်ဘဲ ခံရပ်နိုင်ကြစေရန်အတွက်လည်းကောင်း ကျွန်မဆု တောင်းလိုက်ပါသည်။ ထိုအခါကောင်းကင်တမန်က "ကိုယ်ကိုကိုယ် ငြင်းပယ်လော့၊ အလျင်အမြန်ချီတက်လော့" ဟုပြောပါသည်။ ကျွန်မ တို့တွင်အချို့တို့သည် သမ္မာတရားတော်ကိုအချိန်မီလက်ခံရရှိခဲ့ကြပြီး လျှင် တစ်ဆင့်ပြီးတစ်ဆင့်တိုးတက်ကြီးထွားခွင့်ကိုလည်းရရှိခဲ့ကြပါ သည်။ အဆင့်တိုင်းတွင်းလည်း နောက်တစ်ဆင့်သို့တက်လှမ်းရန်အတွက် ခွန်အားသစ်ရရှိခဲ့ကြပါသည်၊ သို့သော်ယခုမှာမူအချိန်ကုန်လုနီးနေပါပြီ ကျွန်မတို့အနေဖြင့်နှစ်ပေါင်းများစွာ သင်ယူခဲ့ကြသည်ကိုသူတို့အနေဖြင့် လအနည်းငယ်အတွင်း သင်ယူရကြပါလိမ့်မည်။ သူတို့အနေဖြင့် ယခင်ကသင်ယူထားပြီးသည့်မြောက်မြားစွာသော အမှားများကိုပယ်ဖျက် ရန် လိုအပ်သည်နည်းတူ အသစ်တစ်ဖန်သင်ယူစရာများလည်း မြောက် မြားစွာပင်ရှိပါလိမ့်မည်။ အမိန့်ဒီဂရီထုတ်ပြန်သောအခါတွင် သားရဲ၏ တံဆိပ်လက်မှတ်နှင့်သူ၏ရုပ်တုကိုလက်မခံမည့်သူများအနေဖြင့် ငါတို့ သည် သားရဲ၏စီရင်ပြဋ္ဌာန်းချက်များကိုမလိုက်နာပဟု ယခုပင်ဆုံးဖြတ် ထားရကြပါမည်။

---ooo---

## မျက်မမြင်အချင်းချင်းလမ်းပြနေကြပုံ

မျက်မမြင်လမ်းပြများသည် သူတို့အပေါ်သို့ မည်သည့်ဖြစ်ဒဏ် ဆိုက်ရောက်လိမ့်မည်ကိုမသိကြသောကြောင့် အသက်ဝိညာဉ်များကို သူတို့နည်းတူမျက်မမြင်များဘဝသို့ရောက်ကြလေအောင် လမ်းပြပို့ ဆောင်နေကြပုံကို ကျွန်မမြင်ရပါသည်။ သူတို့သည်သမ္မာတရားတော် နှင့်ဆန့်ကျင်၍ ကိုယ်ကိုကိုယ်ချီးမြှောက်ရာ၌ အောင်ပြင်မှုရာကြသော အခါ သူတို့သည်ဘုရားသခင်၏လူများဖြစ်သည်ဟု အများကထင်မြင် ယူဆကြသည့်အလျောက် အလင်းတရားရရှိရေးအတွက် သူတို့ထံဆည်း ကပ်ကြသောအခါ ပြဿနာနှင့်ရင်ဆိုင်ရကြ၏။ ယင်းခေါင်းဆောင် လမ်းပြတို့အား ဥပုသ်နေ့နှင့်ပတ်သက်၍ ဆွေးနွေးမေးမြန်းကြသော အခါတွင်လည်း သူတို့အနေဖြင့် စတုတ္ထပညတ်တော်ကိုပယ်ဖျက်ရန် ရည်ရွယ်ချက်ရှိထားသည့်အတွက် ပယ်ဖျက်ပြီးကြောင်းကိုပင် အဖြေ ပေးကြလိမ့်မည်။ ဥပုသ်နေ့အကြောင်းနှင့်စပ်လျဉ်း၍ ဆင်ခြင်သုံးသပ် ကြသောအခါ အခြေအနေအရပ်ရပ်ကို သစ္စာနှင့်မှန်ကန်စွာအလေးထား သုံးသပ်ခြင်းမပြုကြောင်းကိုလည်း ကျွန်မမြင်ရပါသည်။ ယေဟောဝါ အရှင်ကိုယ်တော်တိုင် ကောင်းချီးပေး၍သန့်ရှင်းစေတော်မူသည့်ဥပုသ် နေ့အစား အခြားသာမန်နေ့တစ်နေ့ကိုအစားထိုးစောင့်ထန်းရန်မှာ သူတို့၏အဓိကရည်ရွယ်ချက်ဖြစ်ပါသည်။ သူတို့အားခိုင်လုံသော အကြောင်းပြချက်တစ်ခုဖြင့်ဖိအားပေးလိုက်ပါက အခြားဆန့်ကျင်ဘက် အကြောင်းတစ်ခုကိုရည်ညွှန်းကြပြန်၏။ ဆက်လက်အကြောင်းပြစရာ မရှိတော့ပါက မကြာသေးမီကအချက်အလက်မပြည့်စုံဟုအကြောင်း ပြချက်ဖြင့် သူတို့ပယ်ချပြီးခဲ့သည့်အကြောင်းတစ်ရပ်ကိုပင်ပြန်၍ဖော် ထုတ်ကြပါသည်။

ဘုရားသခင်၏လူတို့သည် ယုံကြည်ခြင်း၌စည်းရုံးမှုပိုလာကြပါသည်။ သမ္မာကျမ်းစာတွင် ပြဌာန်းထားသောဥပုသ်နေ့ကိုစောင့်ထိန်းသူများသည် ကျမ်းစာဆိုင်ရာအမှန်တရားနှင့်စပ်လျဉ်းသည့်အယူအဆများတွင်လည်း စည်းလုံးမှုရှိကြ၏။ မြော်လင့်သူများအနက် ဥပုသ်နေ့ကိုအတိုက်အခံပြုသောသူများရှိကြရာ၊ သူတို့အချင်းချင်းထူးဆန်းလှစွာသဘောကွဲလွဲချက်ရှိနေကြပါသည်။ ဥပုသ်နေ့ကိုအတိုက်အခံပြုသောသူတစ်ဦးသည် ရှေ့တန်းသို့တက်လာပြီးလျှင် မရေမရာသောအကြောင်းပြချက်များကိုကြွေးကြော်လျက် အဆုံးတွင်လည်း ယင်းကဲ့သို့ပင်မရေမရာဆုံးဖြတ်ချက်ချလိုက်ပါသည်။ သို့သော်သူ၏အကြောင်းပြချက်များက ပြဿနာကိုမပြေလည်စေသည့်အပြင် ဥပုသ်နေ့နှင့်ဆိုင်ရာအမှုတော်သည်လည်း တိုးတက်ကြီးထွားလာသည်သာမက ဘုရားသခင်၏သားသမီးများကလည်း ယင်းဥပုသ်နေ့ဆိုင်ရာအမှန်တရားကိုပင်ဆက်လက်၍ရင်ဝယ်ပိုက်ကာလိုက်နာနေကြသေးသဖြင့် ယင်းဥပုသ်နေ့ကိုမှောက်လှန်ဖြိုဖျက်ရန် နောက်တစ်ဦးပေါ်လာပြန်၏။ ဥပုသ်နေ့ကိုဖြိုဖျက်ရန်အတွက် သူ၏အယူအဆများကိုရှေးနည်းတူတင်ပြရာတွင် သမ္မာတရားတော်နှင့်ဆန့်ကျင်၍ ပထမတင်ပြခဲ့သူ၏အဆိုအားလုံးကိုဖြိုဖျက်ပြီးလျှင် ထိုသူ၏အယူအဆများနှင့်လည်းကောင်း၊ ကျွန်ုပ်တို့၏အယူအဆများနှင့်လည်းကောင်း လုံးဝဆန့်ကျင်သည့်စိတ်ကူးယဉ်သီအိုရီတစ်ရပ်ကိုတင်ပြပြန်၏။ ထိုနည်းအတိုင်းပင် တတိယလူ၊ စတုတ္ထလူတို့တစ်ဦးပြီးတစ်ဦးအဆိုတင်သွင်းကြရာတွင် မည်သူတစ်ဦးတစ်ယောက်၏အဆိုပြုချက်ကမျှ ဘုရားသခင်၏နှုတ်ကပါဌ်တရားတော်တွင် "သတ္တမနေ့ရက်သည် သင်၏ဘုရားသခင်ထာဝရဘုရား၏ဥပုသ်နေ့ဖြစ်၏" ဟုပြဌာန်းထားချက်နှင့် ကိုက်ညီခြင်းမရှိကြပါ။

ယင်းသို့ကျွန်မမြင်ရသည်မှာ လောကီသဘောတရားအရဖြစ်၍ ဘုရားသခင်၏သန့်ရှင်းသောတရားတော်နှင့်မကိုက်ညီပါ။ သူတို့အချင်းချင်းလည်း သဘောကွဲလွဲနေကြပါသည်။ သို့ပါလျက် သူတို့၏ယူဆချက်များအားဖြင့် သမ္မာကျမ်းစာ၏အဓိပ္ပါယ်များကို အလွဲကောက်ယူပြီးလျှင် ဘုရားသခင်၏တရားတော်ကိုချိုးဖေါက်လိုကြ၏၊ လွှဲပြောင်းလိုကြ၏၊ ပယ်ဖျက်လိုကြ၏၊ သို့မဟုတ် စတုတ္ထမညတ်တော်ကို စောင့်ထိန်းမည့်အစား အခြားမည်သို့ပင်ပြုရစေကာမူပြုလိုကြ၏။ ယင်းပြဿနာနှင့်စပ်လျဉ်း၍ သိုးတစ်အုပ်လုံးတွင်အသံတိတ်သွားစေလို၏။ ထိုကြောင့်သူတို့၏နောက်လိုက်များ တိတ်ဆိတ်နေကြပြီးလျှင် ကျမ်းစာတွင်ရှာဖွေလေ့လာမှုနည်းနိုင်သမျှနည်းပါးကြပါမှ အမှားကို အမှန်ထင်မှတ်၍ ခေါင်းဆောင်များအနေဖြင့်လည်း လွယ်ကူစွာရှေ့ဆောင်လမ်းပြနိုင်ကြပေလိမ့်မည်။ နောက်လိုက်များကလည်း အထက်ကပေးသမျှကိုသာလက်ခံ၍ သူတို့၏ခေါင်းဆောင်များအပေါ်ကျော်လွန်၍ ကျမ်းစာကိုလေ့လာကြတော့မည်မဟုတ်ဟု မျှော်လင့်ချက်ဖြင့်ရတ်တရက်ထ၍ တစ်ခုခုကိုတီထွင်လိုက်ခြင်းသာဖြစ်ပါသည်။

---ooo---

## နောက်ဆုံးချိန်အတွက်ပြင်ဆင်ခြင်း

ဘုရားသခင်၏နေ့ရက်ကြီးရောက်လာသောအခါ ဆင်နွှဲရမည့်တိုက်ပွဲတွင် ကိုယ်တော်၏လူတို့ ကြံ့ကြံ့ခိုင်ခိုင်ရပ်တည်နိုင်ရန် သူတို့အတွက်ကြီးမားသောလုပ်တစ်ရပ်ကို ယင်းတိုက်ပွဲကြီးမတိုင်မီဆောင်ရွက်ပေးရန်လိုကြောင်း ၁၈၅၀ ခု၊ စက်တင်ဘာလ ၇ ရက်နေ့က

အော့စဝဲဂိုး၊ နယူးယောက် * တွင် ကျွန်မအား ဘုရားသခင်ကဖေါ်ပြ တော်မူပါသည်။ ကြွလာတော်မူခြင်းကိုမြော်လင့်နေသူများဖြစ်ပါသည်ဟု အဆိုပြုကြသော်လည်း ယနေ့သမ္မာတရားအား မယုံကြည်သောသူများ ကိုကျွန်မအားညွှန်ပြပါသည်။ သူတို့သည်စည်းလုံးမှုမရှိလဲ ပြိုကွဲနေ ကြသည်ကိုမြင်ရပါသည်။ ၎င်းအမြင် ယခုမှာစုသိမ်းချိန်ဖြစ်၍ သူတို့၏ အလယ်တွင်ဘုရားသခင်၏လက်တော်က သူတို့အားတကွဲတပြားဖြစ် စေတော်မူ၏၊ သို့မှသာလျှင် သူတို့တွင်ယခင်ကလိမ်လည်လှည့်ဖြား ခြင်းခံခဲ့ရသည့် ကျောက်မျက်ရတနာတည်းဟူသော တန်ဖိုးရှိသူများသည် သူတို့၏အခြေအနေမှန်ကိုတွေ့မြင်နိုင်ရန် မျက်စိပွင့်ကြလိမ့်မည်။ ယခုအခြေအနေတွင်မှ ဘုရားသခင်၏သံတမန်များက သူတို့အား သမ္မတရားတော်ကိုတင်ဆက်ကြသောအခါ နာကြားရန်သူတို့အသင့် ရှိနေကြ၏။ တရားတော်၏တင့်အပ်လျောက်ပတ်ပုံနှင့်သမစိတ္တမျှပုံကို တွေ့သိကြ၏။ သူတို့၏အပေါင်းအသင်းဟောင်းများနှင့် အမှားများကို စွန့်လွှတ်နိုင်ကြ၏။ မြတ်တော်မူသောသမ္မာတရားကိုရင်ဝယ်ပိုက်၍ သူတို့၏အခြေမှန်အနေမှန်ကို သူတို့ကိုယ်တိုင်ဖေါ်ပြနိုင်သည့်အခြေအနေ တွင်ရပ်တည်နေကြ၏။

ဘုရားသခင်၏ဥပုသ်နေ့ကိုဆန့်ကျင်သူများအနေဖြင့် ကျွန်ုပ် တို့၏အခြေအနေအယူအဆမမှန်ကြောင်း ကျမ်းစာကိုအထောက်အထား ပြု၍မပြောနိုင်သောကြောင့် သမ္မာတရားတော်ကိုယုံကြည်၍ ယင်းတရား တော်နှင့်လျော်ညီစွာ သင်ကြားပို့ချသူများအားရှုတ်ချ၍ အမနာပပြော ဆိုကြသည်သာမက သူတို့၏အကျင့်စာရိတ္တများကိုလည်း ဝေဖန်ပုတ်ခတ် ကြသည်ကိုကျွန်မမြင်ရပါသည်။ တစ်ချိန်ကသြတ္တပ္ပစိတ်ကြည်လင်၍ ဘုရားသခင်ကိုလည်းကောင်း၊ ကိုယ်တော်၏နှုတ်ကပါဌ်တော်ကိုလည်းကောင်း

* Oswego, New York

ရှိသေမြတ်နိုးသူများပင်လျှင် သမ္မာတရားတော်ဆိုင်ရာအလင်းတရားကို ငြင်းပယ်ရာ၌ စိတ်ခိုင်မာခြင်းပြင်းပြလာသည့်အတွက် သန့်ရှင်းသော ဥပုသ်နေ့ကိုရှိသောမြတ်နိုး၍ သူတို့ယုံကြည်သည့်အမှန်တရားကိုရဲရဲ တင်းတင်းမကြောက်မရွံ့ ကြွေးကြော်နေသူများကိုလည်းကောင်း၊ သူတို့၏သြဇာသက်ရောက်မှုကိုလည်းကောင်း ထိခိုက်နစ်နာစေမည် ဆိုပါက မဟုတ်မမှန်ပြောဆိုခြင်း၊ မတရားစွပ်စွဲခြင်းများပြုလုပ်ရန် မနှောင့်နှေးကြပါ။ သို့သော်ဤအရာများသည် ဘုရားသခင်၏အမှုတော် ကိုဟန့်တားနိုင်ကြလိမ့်မည်မဟုတ်ပါ။ အမှန်အားဖြင့်ဆိုရသော် သမ္မာ တရားတော်ကိုမုန်းတီးသူများက ယင်းလမ်းစဉ်အတိုင်း လိုက်လျှောက် ကြသည့်အတွက် အချို့သောသူများမျက်စိပွင့်ကြပေလိမ့်မည်။ အဘယ်ကြောင့် ဆိုသော် မိမိ၏ကျန်ကြွင်းသူများအားပြန်၍စုသိမ်းရန် ဘုရားသခင် အစပြုနေပြီဖြစ်၍ မိမိ၏အမှုတော်ကိုဘုန်းကြီးစွာဖြင့် ပြီးမြောက်စေ တော်မူပါလိမ့်မည်။

သမ္မာတရားတော်ကိုယုံကြည်ကြသည့်အတိုင်း ကျွန်ုပ်တို့၏ ကောင်းစွာသောအမှုကိစ္စများကို သူတစ်ပါးတို့မတရားပြောဆိုခြင်း မပြုကြစေရန် အထူးသတိပြုသင့်ကြပါသည်။ ကျွန်ုပ်တို့၏ခြေလှမ်း တိုင်းသည် သမ္မာကျမ်းစာနှင့်ညီညွတ်ရမည်ဟုသိနေသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၁၈၄၀ ခုနှစ်က အဓမ္မသမားကြီးအောင်မြင်ခဲ့ သည်နည်းတူ ဘုရားသခင်၏ပညတ်တော်တို့ကိုမုန်းတီးသောသူတို့သည် လည်း ကျွန်ုပ်တို့၏အမှားအယွင်းနှင့်ခြေချော်ခြင်းများကိုအကြောင်း ပြု၍ သူတို့၏အမှုအောင်မြင်စရာအကြောင်းရှိပါသည်။

၁၈၅၁ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ယေရှုရှင်၏ရှိသေမြတ် နိုးဖွယ်ကောင်းလှသော ရုပ်ပုံတော်ကိုကျွန်မဖူးမြင်ရပါသည်။ ယင်းသို့

ကိုယ်တော်၏ဘုန်းတော်ကိုဖူးမြော်နေရစဉ်က ကျွန်မသည်ကိုယ်တော်၏မျက်မှောက်မှခွဲခွာရသည့်အချိန်သို့ရောက်လိမ့်မည်ဟု ကျွန်မ၏စိတ်တွင်မပေါ်ပေါက်ခဲ့ပါ။ ထိုအချိန်တွင်ခမည်းတော်ဘုရားသခင်ကိုဝန်းရံလျက်ရှိသော ဘုန်းတော်မျှအလင်းရောင်တစ်ရပ်လာနေသည်ကို ကျွန်မမြင်ရပါသည်။ ယင်းအလင်းရောင်သည် ကျွန်မဘက်သို့နီးလာသောအခါ ကျွန်မ၏ကိုယ်ခန္ဓာသည် သစ်ရွက်ကလေးပမာ တုန်လှုပ်သွားပါသည်။ ထိုအလင်းရောင်သည် ကျွန်မနှင့်နီးကပ်လာပါက ကျွန်မ၏အသက်ကုန်ဆုံးသွားလိမ့်မည်ဟုပင်ထင်မိပါသည်။ သို့သော်ယင်းအလင်းရောင်သည် ကျွန်မအားကျော်လွန်သွားပါသည်။ ထိုအခါတွင်မှ ကျွန်မတို့နှင့်မိတ်သဟာယဖွဲ့ရသောဘုရားသခင်၏ဘုန်းတန်ခိုးတော်ကြီးမြတ်တော်မူပုံ၊ ကြောက်ရွံ့ရိုသေဖွယ်တော်မူပုံကို ကျွန်မအနည်းငယ်မျှသတိမူအာရုံပြုမိပါသည်။ အချို့သောသူများသည် ဘုရားသခင်၏မြင့်မြတ်သန့်ရှင်းတော်မူပုံကို မည်မျှလောက်မှေးမှိန်စွာသိမြင်ကြသည်ကိုလည်းကောင်း၊ ကိုယ်တော်၏သန့်ရှင်းတော်မူသောနာမတော်၊ ကြောက်ရွံ့ရိုသေထိုက်သောနာမတော်ကို မုသားနှင့်ဆိုင်၍ အလဟဿမြွက်ဆိုခြင်းမည်မျှလောက်များပြားသည်ကိုလည်းကောင်း၊ သူတို့ခေါ်ဝေါ်ပြောဆိုကြသည့်ဘုရားသခင်သည် မည်မျှလောက်ကြီးမြတ်အံ့သြဖွယ်ဖြစ်တော်မူကြောင်း သူတို့ကိုအနည်းငယ်မျှသဘောမပေါက်ကြသည်ကိုလည်းကောင်း ထိုအခါတွင်မှကျွန်မသိရပါသည်။ အများသောသူတို့သည် မရိုသေသော၊ သတိတရားကင်းသော၊ ပေါ့တန်သောအသုံးအနှုန်းများဖြင့် ဆုတောင်းပတ္ထနာပြုကြသည့်အတွက် ဘုရားသခင်၏နူးညံ့သိမ်မွေ့သောဝိညာဉ်တော်ကိုထိခိုက်စေသောကြောင့် သူတို့၏ပတ္ထနာသံများကောင်းကင်သို့မရောက်ကြတော့ပါ။

ဆင်းရဲဒုက္ခကပ်ကာလအချိန်တွင် သန့်ရှင်းရာဌာနတော်၌ ယဇ်ပုရောဟိတ်မင်းမရှိတော့သဖြင့် ထာဝရအရှင်ဘုရားသခင်၏မျက်မှောက်တွင် သက်ရှင်နေထိုင်ရန် မည်သို့သောသူများဖြစ်ရကြမည်ကို သဘောမပေါက်နားမလည်သူများရှိကြောင်းကိုလည်း ကျွန်မမြင်ရပါသည်။ အသက်ရှင်တော်မူသောဘုရားသခင်၏တံဆိပ်လက်မှတ်ကို လက်ခံရရှိပြီး၍ ဆင်းရဲဒုက္ခကပ်ကာလအချိန်တွင် အကာအကွယ်ရရှိထားပြီးသူများသည် ယေရှုရှင်၏ပုံသ P [2] နိတော်ကို ပြည့်ပြည့်စုံစုံရောင်ပြန်ဟပ်ရကြပါမည်။

အများသောသူတို့သည် ထာဝရဘုရား၏နေ့ရက်တွင်ခံနိုင်ရည်ရှိ၍ ကိုယ်တော်၏ရှေ့တော်တွင်အသက်ရှင်ခွင့်ရရှိရန် အရေးတကြီးလိုအပ်သောပြင်ဆင်မှုများကိုမပြုလုပ်ဘဲ "ချမ်းအေးသော" အချိန်ကာလနှင့် "နောက်မိုး" ကိုသာစောင့်မျှော်နေကြပုံကို ကျွန်မမြင်ရပါသည်။ ဆင်းရဲဒုက္ခကပ်ကာလအချိန်တွင် ခိုလှုံရာကင်းမဲ့သူ မြားမြောင်လှသည်ကို ကျွန်မတွေ့မြင်ရပါသည်၊ သူတို့သည် မလုပ်မဖြစ်သောပြင်ဆင်မှုများကို မပြုမလုပ်ဘဲနေကြပါသည်တကား၊ ထို့ကြောင့်သူတို့သည် ထာဝရဘုရား၏ရှေ့တော်တွင် သက်ရှင်နေထိုင်ခွင့်ရရှိရေးအတွက် လူတိုင်းခံစားခွင့်ရှိသည့် ချမ်းအေးသောအချိန်ကာလဆိုင်ရာ အင်အားဖြည့်ခြင်းကိုမရရှိနိုင်ကြပါတကား၊ ပုရောဖက်တို့၏ခုတ်ဖြတ်ခြင်း၊ ရွေခြင်းတည်းဟူသောပုံသွင်းခြင်းကိုမခံမယူဘဲ ငြင်းဆန်သောသူ၊ အလုံးစုံသောသမ္မာတရားကိုနားထောင်ခြင်းဖြင့် မိမိတို့၏စိတ်ဝိညာဉ်ကိုသန့်စင်စေခြင်းငှာ မပြုမလုပ်ဘဲပျက်ကွက်သောသူ၊ ထိုမျှမကကိုယ့်အခြေအနေကိုအမှန်အတိုင်းထက် ပိုလွန်ကဲ၍ ကောင်းသည်ဟုထင်မြင်ယူဆသောသူတို့သည် ဘေးဒဏ်များဆိုက်ရောက်သောအချန်ကာလတွင်မှ အဆောက်အအုံ

အတွက်တော်အောင်တန်အောင်ခုတ်ဖြတ်ခြင်း၊ ရွေခြင်းတည်းဟူသော ပုံသွင်းခြင်းလိုအပ်နေသည်ကိုတွေ့သိရကြပေလိမ့်မည်။ သို့သော်ထိုအချိန်သို့ရောက်မှ ယင်းသို့ပြုလုပ်ဆောင်ရွက်ရန် အချိန်ရှိတော့မည်မဟုတ်ပါ။ သူတို့အမှုတော်အတွက် ခမည်းတော်၏ရှေ့တွင် အသနားခံရန် ကြားဖျန်ဖြေသောအရှင်၊ အာမခံသောကိုယ်တော်ရှိတော့မည်မဟုတ်ပါ။ ယင်းအချိန်မတိုင်မီကပင် "မတရားသောသူသည် မတရားသဖြင့်ပြုစေဦး၊ ညစ်ညူးသောသူသည် ညစ်ညူးစေဦး၊ ဖြောင့်မတ်သောသူသည် ဖြောင့်မတ်စေဦး၊ သန့်ရှင်သောသူသည်သန့်ရှင်စေဦး" ဟုကြောက်ခမန်းလိလိ အလွန်ပင်လေးလေးနက်နက်ကြွေးကြော်ပြီးဖြစ်နေလိမ့်မည်။ အဘယ်သူမျှ "ချမ်းအေးသော" အချိန်ကာလဆိုင်ရာအင်အားဖြည့်ခြင်းကိုဝေငှ၍မရနိုင်ကြောင်း၊ သူတို့အနေဖြင့်မာန်မာနထောင်လွှားခြင်း၊ ကိုယ်ကျိုးကိုသာလိုလားခြင်း၊ လောကီတပ်မက်ခြင်းနှင့်အတားအဆီးရှိသမျှကိုလည်းကောင်း၊ စကားအပြောအဆိုနှင့်အပြုအမူများတွင် အမှားအယွင်းရှိသမျှကိုလည်းကောင်း အောင်မြင်ထားကြရန်လိုအပ်ကြောင်း ကျွန်မမြင်ရပါသည်။ ထိုကြောင့် ကျွန်ုပ်တို့သည် ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၏နေ့ရက်ကာလတွင် ရင်ဆိုင်ရမည့်တိုက်ပွဲ၌ ခံနိုင်ရည်ရှိရေးအတွက် လိုအပ်သည့်ပြင်ဆင်မှုမျိုးကို စိတ်ပါကိုယ်ရောက်ရှာဖွေ၍ ကိုယ်တော်နှင့်နီးကပ်သည်ထက် ပို၍နီးကပ်စွာနေရမည်။ ဘုရားသခင်သည် သန့်ရှင်းတော်မူသည်ဖြစ်၍ သန့်ရှင်းသူများမှအပ အဘယ်သူမျှ ကိုယ်တော်၏ရှေ့တော်တွင်နေထိုင်နိုင်မည်မဟုတ်ကြောင်း လူတိုင်းသတိရကြပါစေသော။

---ooo---

## ဆုတောင်းပတ္ထနာပြုခြင်းနှင့်ယုံကြည်ခြင်း

ဘုရားသခင်၏သားသမီးများသည် ဆုတောင်းပတ္ထပြုရာတွင် ပေါ့လျော့ပျက်ကွက်ကြပုံကို မကြာခဏကျွန်ုပ်မရှုမြင်ရပါသည်။ အထူးသဖြင့်ဆိတ်ကွယ်ရာတွင် ဆုတောင်းခြင်းဖြစ်ပါသည်။ ပျက်ကွက်မှုများလွန်းပါသည်။ ယုံကြည်ခြင်းကိုလေ့ကျင့်ပျိုးထောင်ပေးရန် သူတို့တွင်အခွင့်အရေးရှိပါလျက်၊ တာဝန်လည်းရှိပါလျက် ယင်းယုံကြည်ခြင်းကိုအသုံးမပြုမလေ့ကျင့်ဘဲ ယုံကြည်ခြင်းအားဖြင့် ဖြစ်ပေါ်လာနိုင်သည့်ခံစားမှုကိုသာ မကြာခဏစောင့်ဆိုင်းနေတတ်ကြပါသည်။ ခံစားမှုသည်ယုံကြည်ခြင်းမဟုတ်၊ ယင်းနှစ်ခုတို့ကွဲပြားခြားနားကြ၏။ ယုံကြည်ခြင်းကိုလေ့ကျင့်ပျိုးထောင်ပေးရန်မှာ ကျွန်ုပ်တို့၏တာဝန်ဖြစ်၍ ဝမ်းမြောက်ဖွယ်ရာခံစားမှုနှင့် ကောင်းချီးမင်္ဂလာသွန်းလောင်းရန်မှာ ဘုရားသခင်၏အင်န်းအတာဖြစ်ပါသည်။ အသက်ရှင်သောယုံကြည်ခြင်းဖြင့်သာ ဘုရားသခင်၏ကျေးဇူးကရုဏာတော်ကို အသက်ဝိညာဉ်၌ခံစားရပါသည်။ ယင်းယုံကြည်ခြင်းကိုလေ့ကျင့်ပျိုးထောင်ပေးရန်အတွက် ကျွန်ုပ်တို့တွင်ခွင်အားရှိပါသည်။

မှန်သောယုံကြည်ခြင်းသည် ကတိပြုထားသောကောင်းချီးမင်္ဂလာများအကောင်အထည်မပေါ်မီ၊ သရုပ်သကန်မပေါ်မီ၊ မခံစားရမီတိုင်အောင် ဖမ်းကိုင်တောင်းလျှောက်တတ်၏။ ကျွန်ုပ်တို့အသနားခံချက်ပတ္ထနာများကို ဒုတိယကန့်လန့်ကာအတွင်းသို့ယုံကြည်ခြင်းအားဖြင့်တင့်ပြအားဖြင့်ဆုပ်ကိုင်လျက် ပိုင်ဆိုင်ရရှိပြီးသည့်အလားတောင်းလျှောက်ရမည်။ ထိုမှျမက ယင်းကောင်းချီးမင်္ဂလာများကို ယုံကြည်ခြင်းအားဖြင့်ဆုပ်ကိုင်ထားပြီးဖြစ်သည့်အလျောက် ခံစားရပြီဟုယုံကြည်ရမည်။

၎င်းအပြင် နှုတ်ကပါဋ္ဌတရားတော်အရ "သင်တို့သည်ဆုကျေးဇူးကို ရမည်ဟုယုံကြည်သောစိတ်နှင့်ဆုတောင်းသမဆကိုရကြလိမ့်မည်" ဟု ကတိတော်ရှိသဖြင့် ကျွန်ုပ်တို့ပိုင်ဆိုင်ပြီးဖြစ်ပါသည်။ မာကု၊ ၁၁း၂၄။ ဤသည်ကားယုံကြည်ခြင်းဖြစ်၏။ ကျွန်ုပ်တို့၏လက်ဝယ်သို့မရောက်ရှိသေးသောကောင်းချီးမင်္ဂလာကို ကျွန်ုပ်တို့လက်ခံရရှိပြီဟု ယုံကြည်ခြင်းဖြစ်၏။ ထင်ရှားပွင့်လင်းသော ယုံကြည်ခြင်းလည်းဖြစ်၏။ ကတိထားတော်မူသောကောင်းချီးမင်္ဂလာကို လက်ခံရရှိပြီးသောအခါ ယုံကြည်ခြင်းကိုအသုံးပြုပြီဖြစ်၏။ သို့သော်အများသောသူတို့က သန့်ရှင်းသောဝိညာဉ်တော်ပေါင်းစပ်ပါမှ ယုံကြည်ခြင်းများစွာရှိသည်ဟုထင်မှတ်ကြ၏၊ ၎င်းအပြင် ဝိညာဉ်တော်၏တန်ခိုးကိုမခံစားရပါက သူတို့တွင်ယုံကြည်ခြင်းမရှိဟုထင်မှတ်ကြ၏။ ယင်းယုံကြည်ခြင်းသည် ယုံကြည်ခြင်းအားဖြင့် ကောင်းချီးမင်္ဂလာကိုခံစားရသည်ဟုဆိုသည့်ယုံကြည်ခြင်းနှင့်မတူညီဘဲ မှားယွင်းရှုပ်သောယုံကြည်ခြင်းဖြစ်နေပါသည်။ ကျွန်ုပ်တို့အနေဖြင့် ယုံကြည်ခြင်းကိုလေ့ကျင့်ပျိုးထောင်ပေးရမည့်အချိန်မှာ ဝိညာဉ်တော်သည် ကျွန်ုပ်တို့နှင့်ကင်းကွာနေသည်ဟု ခံစားရသောအချိန်ပင်ဖြစ်ပါသည်။ ကံဆိုးမိုးမှောင်ကျနေသကဲ့သို့ ကျွန်ုပ်တို့သည် စိတ်ဝေခွဲ၍မရသောအခါမျိုးတွင် အသက်ရှင်သောယုံကြည်ခြင်းအားဖြင့် ယင်းကံဆိုးမိုးမှောင်ကိုထုတ်ချင်းခတ်အောင်ထိုးဖေါက်၍ ပယ်ဖျက်ရမည်။ စစ်မှန်သောယုံကြည်ခြင်းသည် ဘုရားသခင်၏နှုတ်ကပါဋ္ဌတရားတော်တွင်ပါဝင်သောကတိတော်များအပေါ်မူတည်ပါသည်။ ထိုကြောင့် နှုတ်ကပါဋ္ဌတရားတော်ကိုနာခံသောသူတို့သာလျှင် ထူးမြတ်သောကတိတော်များကိုတောင်းလျှောက်နိုင်ပါသည်။ "သင်တို့သည်ငါ၌တည်၍ ငါ့စကားသည်သင်တို့၌တည်လျှင်၊ သင်တို့သည် တောင်းချင်သမျှကို တောင်း၍ရကြလိမ့်မည်။" ယော၊ ၁၅း၇။ "ငါတို့သည်ပညတ်တော်တို့ကို

စောင့်ရှောက်၍ နှစ်သက်တော်မူသောအကျင့်တို့ကိုကျင့်သောကြောင့် ဆုတောင်းသမျှတို့ကို ဘုရားသခင်ထံတော်မှရကြ၏။'' ၁ယော၊ ၃း၂၂။

ကျွန်ုပ်တို့သည်ဆိတ်ကွယ်ရာ၌ ဆုတောင်းခြင်းကိုများစွာပြုလုပ်သင့်ပါသည်။ ခရစ်တော်သည်စပျစ်နွယ်ပင်ဖြစ်တော်မူ၏၊ သင်တို့သည်အခက်များဖြစ်ကြ၏။ ကြီးထွားရှင်သန်လိုပါက အသက်ရှင်တော်မူသောစပျစ်နွယ်ပင်မှအာဟာရဓါတ်နှင့်ပင်စည်ဩဇာကို စဉ်ဆက်မပြတ်ရယူသောက်သုံးရမည်။ စပျစ်နွယ်ပင်နှင့်ကင်းကွာ၍နေလျှင် ကျွန်ုပ်တို့တွင်ခွန်အားမရှိနိုင်။

မည်သည့်အတွက် တ္တသရေလလူတို့တွင် ယုံကြည်ခြင်းနှင့်တန်ခိုးခွန်အားမရှိတော့ကြောင်း ကောင်းကင်တမန်အား ကျွန်မမေးသောအခါ ''သင်သည်ထာဝရအရှင်ဘုရားသခင်၏လက်ရုံးတော်ကိုလက်လွှတ်လိုက်သည်မှာစောလွန်းပါ၏၊ သင်၏အသနားခံချက်များနှင့်အတူ ပလ္လင်တော်ရင်းသို့တိုးဝင်ချဉ်းကပ်၍ ယုံကြည်ခြင်းစွမ်းအားဖြင့်ဆွဲကိုင်၍ထားလော့၊ ကတိတော်များသည်စိတ်ချရ၏၊ သင်တောင်းလျှောက်သမျှ ရရှိမည်ဟုယုံကြည်လျှင် တောင်းလျှောက်သမျှကိုရလိမ့်မည်'' ဟုကောင်းကင်တမန်ကပြောပါသည်။ ထိုနောက်ဧလိယကိုကျွန်မအားညွှန်ပြပါသည်။ သူသည် ကျွန်ုပ်တို့ကဲ့သို့သောလောကခံတရား၌ကျင်လည်သောသူဖြစ်သော်လည်း အထူးသဖြင့်စိတ်အားထက်သန်စွာဆုတောင်းခဲ့၏၊ သူ၏ယုံကြည်ခြင်းကြောင့်သည်းခံနိုင်စွမ်းရှိခဲ့၏၊ ဘုရားသခင်၏ရှေ့တော်၌ခုနစ်ကြိမ်တိုင်အောင် ဆုတောင်းပတ္ထနာပြုသောအခါ နောက်ဆုံးတွင်မိုးတိမ်ငယ်ကိုမြင်ရလေ၏။ ကျွန်ုပ်တို့သည်သေချာစိတ်ချရသောကတိတော်များကို သံသယဖြစ်ကြသည့်အတွက်

ကျွန်ုပ်တို့၏ယုံကြည်ခြင်းအားနည်းမှုကြောင့် ကယ်တင်ရှင်အားထိခိုက်နစ်နာစေသည်ကို ကျွန်ုပ်မမြင်ရပါသည်။ ထိုကြောင့် ကောင်းကင်တမန်က "ဘုရားသခင်ပြင်ဆင်တော်မူသောလက်နက်စုံကိုဝတ်ဆောင်လော့၊ ထိုမျှမကယုံကြည်ခြင်းတည်းဟူသော လွှားကိုလည်း ခပ်သိမ်းသောလက်နက်တို့အပေါ်၌ထပ်ဆင့်၍ ယူဆောင်လော့၊ သို့မှသာလျှင် အသက်၏အခြေအမြစ်ဖြစ်သောနှလုံးကိုမတရားသောသူတို့၏မီးစက်လက်နက်မှ ကာကွယ်၍ထားနိုင်ပေလိမ့်မည်" ဟု ပြောပါသည်။ စိတ်အားညှိုးငယ်သောသူများသည် ယေရှုရှင်ကိုမမျှော်မကြည့်ဘဲ မိမိတို့အနေဖြင့် မထိုက်မတန်ကြောင်းကိုသာစွဲလမ်းစဉ်းစားလျက် ခရစ်တော်၏ထိုက်တန်ပုံ၊ ကိုယ်တော်၏မေတ္တာတော်၊ ကိုယ်တော်၏ကောင်းမှုကုသိုလ်၊ ကိုယ်တော်၏ကြီးမြတ်တော်မူသောကျေးဇူးတော်များကိုမကြည့်မမျှော်အားမကိုးဘဲနေသည်တိုင်အောင် ရန်သူအနေဖြင့်ဆွဲဆောင်နိုင်ပါက ရန်သူသည်သူတို့၏ယုံကြည်ခြင်းတည်းဟူသောလွှားကိုပါလုယူနိုင်လိမ့်မည်ဖြစ်၍ သူ၏ရည်ရွယ်ချက်ထမြောက်လိမ့်မည်၊ သူတို့သည်လည်း ရန်သူ၏မီးစက်လက်နက်များအတွက်ပစ်မှတ်ကောင်းဖြစ်ကြလိမ့်မည်၊ ထိုကြောင့်အားနည်းသောသူသည် ယေရှုရှင်အားရှုမျှော်၍နေရမည်၊ ကိုယ်တော်ကိုယုံကြည်ရမည်၊ သို့မှသာလျှင် သူတို့၏ယုံကြည်ခြင်းကိုလေ့ကျင့်ပျိုးထောင်ပေးခြင်းဖြစ်မည်။

---ooo---

## စုသိမ်းရာအချိန်ကာလ

ဘုရားသခင်သည် မိမိ၏ကျန်ကြွင်းသူများအား ပြန်၍စုသိမ်းရန်အတွက် ဒုတိယအကြိမ်ကမ်းလှမ်းတော်မူသည်ကိုလည်းကောင်း၊ ယင်းစုသိမ်းရာကာလတွင် နှစ်ဆကြိုးစားအားထုတ်ရမည်ကိုလည်းကောင်း စက်တင်ဘာလ ၂၃ ရက်နေ့တွင် ထာဝရဘုရားက ကျွန်မအား ဖော်ပြတော်မူ၏။[*] ကစဉ့်ကလျားဖြစ်ချိန်က တ္တသရေလသည် ရိုက်ပုတ်ခြင်း၊ ဆုတ်ဖြတ်ခြင်းကိုခံရသော်လည်း ယခုစုသိမ်းရာကာလတွင် ဘုရားသခင်သည် မိမိ၏လူမျိုးအား အနာပျောက်စေလျက် စုသိမ်းတော်မူလိမ့်မည်။ ကစဉ့်ကလျားဖြစ်ချိန်၊ တစ်နည်းအားဖြင့်ဖရိုဖရဲဖြစ်ချိန်တွင် သမ္မာတရားတော်ပြန့်ပွားရေးအတွက် အားထုတ်ဆောင်ရွက်မှုများအပေါ် အကျိုးသက်ရောက်မှုနည်းပါး၏၊ ပြီးမြောက်ပါ၏၊ သို့သော်မပြောပလောက်။ စုသိမ်းးချိန်တွင်မူကား ဘုရားသခင်သည် မိမိ၏လူတို့အား စုသိမ်းရန်လက်တော်ဖြင့်စီမံတော်မူသောအခါ သမ္မာတရားတော်ပြန့်ပွားရေးအတွက်ဆောင်ရွက်ချက်များသည် ကြံရွယ်တော်မူချက်နှင့်အညီ ပြီးမြောက်ဖြစ်ထွန်းလိမ့်မည်။ အမှုတော်ကိုဆောင်ရွက်သူတိုင်းရှပ်ရှပ်ချုံချုံ၊ ညီညာဖြဖြဆောင်ရွက်သင့်ကြပါသည်။ စုသိမ်းရာအချိန်ကာလတွင် ကျွန်မတို့အား စီမံအုပ်ချုပ်ရန်အတွက် ကစဉ့်ကလျားဖြစ်ချိန်ကပုံစံကိုပြန်လည်ရှာဖွေခြင်းမှာ မှားယွင်းသောကိစ္စတစ်ရပ်ဖြစ်ကြောင်း ကျွန်မမြင်ရပါသည်။ အဘယ်ကြောင့်ဆိုသော ဘုရားသခင်သည် ထိုအချိန်ကဆောင်ရွက်တော်မူခဲ့သည်ထက် ယခုအခါတွင် ကျွန်မတို့အတွက်ပိုမိုဆောင်ရွက်တော်မမူပါက တ္တသရေလသည် မည်သည့်အခါတွင်မျှ စုသိမ်းခြင်းခံရတော့မည်မဟုတ်ပါ။ ၁၈၄၃ ခုနှစ်က

---

[*] နောက်ဆက်တွဲရှင်းလင်းချက်ကိုကြည့်ပါ။

ပုံစံဇယားမှာ [*] ဘုရားသခင်၏လက်တော်ဖြင့် ဖေါ်ညွှန်းထားသည့် ဇယားဖြစ်ကြောင်း၊ ယင်းဇယားကိုလွှဲပြောင်းပြင်ဆင်ခြင်းပြုလုပ်ရန် မဟုတ်ကြောင်း၊ ကိန်းဂဏန်းများမှာ ကိုယ်တော်၏အလိုတော်အတိုင်း ဖြစ်ကြောင်း၊ အချို့သောကိန်းဂဏန်းများတွင် အမှားတစ်ရပ်ကို ကိုယ်တော်၏လက်တော်ဖြင့်ဖုံးကွယ်ထားသောကြောင့်၊ လက်တော်ကို မဖယ်ရှားမီတိုင်အောင် မည်သူတစ်ဦးတစ်ယောက်မျှ တွေ့မြင်လိမ့်မည် မဟုတ်ကြောင်း ကျွန်မမြင်ရပါသည်။

ထိုနောက် ''နေ့ရက်အစဉ်'' (ဒံ၊ ၈။၁၂) ဆိုသည့်စကားရပ်တွင် ''ပြုသောဝတ်'' ဆိုသည့်စကားရပ်ကို လူ၏ဉာဏ်အမြော်အမြင်ဖြင့် ထည့်သွင်းထားသည်ဖြစ်၍ ယင်းကျမ်းချက်များနှင့်မစပ်ဆိုင်ကြောင်း၊ တရားစီရင်ခြင်းဆိုင်ရာအချိန်ကာလနှင့်စပ်ဆိုင်သောကြွေးကြော်သံကို သယ်ဆောင်သောသူတို့အား ယင်းကျမ်းချက်၏မှန်သောအယူအဆကို ဘုရားသခင်ပေးတော်မူကြောင်းကျွန်မမြင်ရပါသည်။ ၁၈၄၄ခုနှစ်မတိုင်မီ ယူနီယံတည်ရှိခဲ့စဉ်က လူတိုင်းလိုပင် ''နေ့ရက်အစဉ်'' ဆိုသည့်စကားရပ်၏မှန်သောအယူအဆတွင် တစ်စိတ်တစ်ဝမ်းတည်းဖြစ်ခဲ့ကြပါသည်။ ၁၈၄၄ ခုနှစ်ရှုပ်ထွေးမှုဖြစ်ပြီးနောက်ပိုင်းတွင် အခြားသောအယူအဆများ သက်ဝင်လာပြီး အမှောင်ထုနှင့်ရှုပ်ထွေးမှုများသည် ရောယှက်လိုက်ပါလာပါသည်။ ၁၈၄၄ ခုနှစ်မှအစပြု၍အချိန်ကာလသည် စမ်းသပ်စစ်ဆေးခြင်းအတွက်မဟုတ်ခဲ့ပါ၊ မည်သည့်အခါတွင်မျှလည်း စမ်းသပ်စစ်ဆေးရာအတွက်ဖြစ်တော့မည်မဟုတ်ပါ။

---

[*] ဤပုံစံဇယားဆိုသည်မှာ ၁၈၄၃ ခုနှစ်လှုပ်ရှားမှုတွင် အသုံးပြုခဲ့သည့်ပုံစံဇယားကိုရည်ညွှန်းထားခြင်းဖြစ်ပါသည်။ ယင်းပုံစံဇယားတွင်ဖေါ်ပြထားသည့် ပုရောဖက်အနာဂတ်စကားနှင့်ပတ်သက်၍ အချိန်ကာလဆိုင်ရာတွက်ချက်ပုံများနှင့် အထူးပင်သက်ဆိုင်ပါသည်။ နောက်ဝါကျတွင် ယင်းဇယား၌အမှားတစ်ရပ်ရှိကြောင်း၊ ၎င်းမှာဘုရားသခင်၏စီမံတော်မူချက်ဖြစ်ကြောင်းရှင်းပြထားပါသည်။ သို့သော် ၎င်းသည် ၁၈၄၃ ခုနှစ်လှုပ်ရှားမှုပြီးဆုံးသောအခါ အမှားပြင်ဆင်ချက်ဖြင့်နောက်ထပ်ထုတ်ဝေကြမည့် ပုံစံဇယားကိုတင်ကူးဆီးတားထားခြင်းမဟုတ်ပါ။ ထိုစဉ်ကတွက်ချက်ပုံသည် ထိုစဉ်ကကြိုရွယ်ထားချက်အတွက် အကျိုးသက်ရောက်ခဲ့ပြီးဖြစ်ပါသည်။

နေရာအနှံ့အပြားတကွဲတပြားဖြစ်နေကြသော ဘုရားသခင်၏ သားသမီးများထံသို့ တတိယကောင်းကင်တမန်၏သတင်းစကားကို ပေးပို့ရမည်၊ ကြွေးကြော်ရမည်။ သို့သော်အချိန်ကာလပေါ်တွင်အခြေ မပြုရဟုထာဝရဘုရားက ကျွန်အား ပြတော်မူပါသည်။ အချို့သောသူတို့ သည် မလိုအပ်ဘဲစိတ်လှုပ်ရှားနေကြပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ အချိန်ကာလအကြောင်း ဟောပြောကြရာမှ အစပြုခြင်းဖြစ်ပါသည်။ သို့သော တတိယကောင်းကင်တမန်၏သတင်းစကားသည် အချိန်ကာလ ထက်စွမ်းအားထက်ပါသည်။ ယင်းသတင်းစကားသည် ကိုယ်တိုင်ရပ် တည်နိုင်ပါသည်။ ထို့ကြောင့်ယင်းသတင်းစကားကိုစွမ်းအားပေးရန် အချိန်ကာမလိုအပ်ကြောင်း၊ ယင်းသတင်းစကားသည်ကြီးစွာသော အရှိန်အဟုတ်ဖြင့်ရှေ့သို့ဆက်လက်လုပ်ဆောင်လိမ့်မည်ဖြစ်ကြောင်း၊ အမှုတော်ကိုတရားသဖြင့်ပြီးစီးစေခြင်းငှာ ဆုံးဖြတ်တော်မူလိမ့်မည်ဖြစ် ကြောင်း ကျွန်မမြင်ရပါသည်။

ထိုနောက်မှ ယေရုရှလင်မြို့ဟောင်းကြီးသို့သွားနေကြသောလူ အချို့ကို ကျွန်မအားညွှန်ပြပါသည်။ ထာဝရဘုရား ကြွလာတော်မမူမီ ထိုမြို့သို့သွား၍ အမှုကိစ္စတစ်ရပ်ကိုဆောင်ရွက်ရန် တာဝန်ရှိသည်ဟု သူတို့ထင်မှတ်နေကြသည်မှာ မဟာအမှားကြီးတစ်ရပ်ဖြစ်နေပါသည်။ ယင်းသို့ယူဆခြင်းမှာ တတိယကောင်းကင်တမန်၏သတင်းစကားနှင့် စပ်ဆိုင်သည့်ထာဝရဘုရား၏ယနေ့အမှုတော်မှအာရုံလွှဲရန်နှင့်စိတ်ပါဝင် စားမှုရှိစေရန်အတွက်ဖြစ်ပါသည်။ ယေရုရှလင်မြို့သို့သွားရဦးမည်ဟု ယူဆထားသောသူတို့၏စိတ်နှလုံးသည် ထိုမြို့သို့ရောက်နေကြပေလိမ့် မည်။ ၎င်းအပြင်သူတို့နှင့်တကွ အခြားသူများအတွက် ထိုမြို့သို့သွား ရာတွင် ကုန်ကျသည့်စရိတ်ငွေများကြောင့် သူတို့၏ကြေးငွေဥစ္စာများ ကို ယနေ့သမ္မာတရားအတွက် အသုံးပြုနိုင်တော့မည်မဟုတ်ပါ။ ကျွန်မ

ရှုမြင်ရသည်အတိုင်းဆိုပါက ခရစ်တော်ပထမအကြိမ်ကြွလာတော်မူခဲ့စဉ်က အနည်းငယ်မျှသော ဂျူးလူမျိုးတို့ယုံကြည်ကြစေရန် အချိန်များစွာအကုန်ခံခဲ့ရသဖြင့် ယခုဒုတိယအကြိမ်ကြွလာတော်မူမည့်သတင်းစကားအတွက်ပို၍ပင် အချိန်ယူရမည်ဖြစ်သောကြောင့် ယခုကဲ့သို့သူတို့ဆောင်ရွက်သည့်အမှုတော်အတွက် များစွာအကျိုးထူးစရာအကြောင်းမရှိပါ။ ဤအမှုကိစ္စတွင်စာတန်သည် အချို့သောသူများအားများစွာပင်လိမ်လည်လှည့်ဖြားထားသောကြောင့် ဤပြည်တွင်သူတို့ဝန်းကျင်၌ရှိသမျှသောအသက်ဝိညာဉ်များသည် ပညတ်တော်တို့ကိုစောင့်ထိန်းရန်အကူအညီပေးရမည့်အစား ပျက်စီးခြင်းသို့ရောက်စေရန်ပစ်ထားသည့်အခြေအနေသို့ဆိုက်ရောက်စေသည်ကိုလည်း ကျွန်မရှုမြင်ရပါသည်။ ယေရုရှလင်မြို့ဟောင်းကြီးကို မည်သည့်အခါတွင်မျှပြန်လည်တည်ထောင်တော့မည်မဟုတ်သည်ကိုလည်းကောင်း၊ ဘုရားသခင်၏သားသမီးများအား ယင်းအကြောင်းကိစ္စတွင်သာစိတ်ပါဝင်စားကြစေရန်အတွက်လည်းကောင်း၊ အထူးသဖြင့် ယခုကဲ့သို့စုသိမ်းရန်ကာလ၌ ဘုရားသခင်၏ယနေ့အမှုတော်တွင်စိတ်ဝင်စားမှုမရှိကြစေရန်အတွက်လည်းကောင်း၊ ထာဝရဘုရားနေ့ရက်အတွက် အမှန်လိုအပ်သည့်ပြင်ဆင်မှုကို လျစ်လျူရှုထားကြစေခြင်းငှာလည်းကောင် စာတန်အစွမ်းကုန်ကြိုးစားလျက်ရှိသည်ကို ကျွန်မမြင်ရပါသည်။

လေးစားအပ်သောစာဖတ်သူတို့–

အနည်းငယ်မျှသောဤအကြောင်းအရာများကို ကျွန်မရေးသားဖေါ်ပြလိုက်ရသည့်အကြောင်းရင်းမှာ၊ ညီအစ်ကိုမောင်နှမများအပေါ်ကျွန်မ၏တာဝန်ကျေပွန်စေရန်နှင့် ကျွန်မ၏ဝတ်စုံပေါ်တွင်အသက်ဝိညာဉ်များ၏အသွေးမစွန်းမထင်းစေရန်ဖြစ်ပါသည်။ ရူပါရုံနှင့်စပ်လျဉ်း၍

လူထုပရိတ်သတ်က ယုံကြည်မှုမရှိကြောင်းကိုလည်းကောင်း၊ ထိုမျှမက ခရစ်တော်ကြွလာတော်မူမည်ကို မြော်လင့်စောင့်စားနေပါသည်ဟု အဆိုပြုလျက် ကျွန်ုပ်တို့သည်နောက်ဆုံးသောအချိန်ကာလတွင်ရောက်ရှိနေပါပြီဟု သင်ကြားကြွေးကြော်လျက်နေသူများကလည်း ယင်းရူပါရုံများသည် စာတန်၏သဘောတရားများဖြစ်သည်ဟုစွပ်စွဲနေကြသည်ကိုလည်းကောင်း ကျွန်မအတပ်သိပါသည်။ ယင်းကဲ့သို့သောသူများ၏ အတိုက်အခံပြုမှုများကို ဤကဲ့သို့လူသိရှင်ကြားထုတ်ဝေဖြန့်ဖြူးလိမ့်မည်မဟုတ်ပါ။ ဤအကြောင်းများကြောင့် မနာလိုမုန်းထားသောသူ၊ ကဲ့ရဲ့ပြောင်လှောင်သောသူအများပင်ရှိနိုင်ပါသည်။ သို့သော် ကျွန်မသည် လူထက်ဘုရားသခင်ကိုသာ ကြောက်ရွံ့ရိုသေပါသည်။

ကိုယ်တော်၏လူများအား ထပ်ဆင့်ဝေငှရမည့်သတင်းစကားများကိုထာဝရဘုရားက ကျွန်မအား ပထမအကြိမ်ပေးတော်မူစဉ်က ယင်းသတင်းစကားများကိုကြေညာရန် ကျွန်မအတွက်အထူးပင်အခက်ကြုံခဲ့ပါသည်။ ထိုကြောင့်ကြားရသောသူအချို့နားသက်သာစေရန်နှင့်စိတ်ဒုက္ခမရောက်စေရန်၊ ပျော့ပျောင်းနိုင်သမျှပျော့ပျောင်းအောင်နှင့် ပေါ့နိုင်သမျှပေါ့အောင် မကြာခဏကြိုးစားဆောင်ရွက်ခဲ့ပါသည်။ သတင်းစကားများကိုထာဝရဘုရားပေးတော်မူသည်အတိုင်း ကြေညာရန်မှာ ကျွန်မအတွက်စစ်ဆေးခြင်းဒုက္ခကြီးတစ်ရပ်ဖြစ်ခဲ့ပါသည်။ ယင်းသို့ပြုလုပ်နေခြင်းမှာ ကျွန်မသည်သစ္စာမရှိသောသူဖြစ်နေကြောင်းကို သဘောမပေါက်၊ ယင်းလမ်းစဉ်ကိုလိုက်နေခြင်းအားဖြင့် ကျွန်မတွင်အပြစ်ကြီး၍အန္တရာယ်ရှိနေကြောင်းကိုလည်းမသိခဲ့၊ ရူပါရုံတွင် ကျွန်မအား ယေရှုရှင်၏ရှေ့တော်သို့ခေါ်ဆောင်ခြင်းကိုခံရသောအခါတွင်မှ ကျွန်မသိရပါတော့သည်။

ကိုယ်တော်သည် ကျွန်မအား မျက်မှောင်ကုပ်၍ကြည့်ပြီးနောက် အခြား ဘက်သို့လှည့်သွားပါသည်။ ထိုစဉ်က ကျွန်မခံစားရသည့်စိတ်ဒုက္ခနှင့် ကြောက်ရွံ့ခြင်းဝေဒနာကိုဖော်ပြရန်ပင်မဖြစ်နိုင်ပါ။ ကျွန်မသည်ကိုယ် တော်၏ရှေ့တော်တွင်ပျပ်ဝပ်၍နေခဲ့သော်လည်း စကားတစ်ခွန်းကိုမျှ မပြောနိုင်ခဲ့ပါ။ ထိုကြောက်မက်ဖွယ်ကောင်းသောမျက်မှောင်ကုပ်ခြင်းမှ အကာအကွယ်ရဖို့ ကျွန်မအလိုရှိလှပါဘိ။ ထိုအချိန်တွင် ပျက်စီးဆုံးရှုံး သောသူတို့က တောင်များ၊ ကျောက်များကိုခေါ်လျက် "ငါတို့အပေါ်သို့ ကျကြပါ၊ ပလ္လင်ပေါ်မှာထိုင်တော်မူသောသူ၏မျက်နှာနှင့်သိုးသငယ်၏ အမျက်တော်ကိုကာကွယ်၍ ငါတို့ကိုဖုံးအုပ်ကြပါ" ဟုအော်ဟစ်ကြရာ တွင် သူတို့ခံစားရသကဲ့သို့ ကျွန်မအနည်းငယ်မျှခံစားလိုက်ရသဖြင့် သဘောပေါက်သွားပါသည်။

တစ်ခဏမျှကြာသောအခါ ကောင်းကင်တမန်တစ်ပါးက ကျွန်မ အားထစေရာတွင် ကျွန်မတွေ့မြင်ရပုံကိုဖော်ပြရန်ပင်မလွယ်ကူပါ။ ဆံပင်များကဖိုးရိုးဖားရား၊ ဝတ်စုံများကစုတ်ပြတ်လျက်၊ မျက်နှာများ တွင်ထိတ်လန့်တုန်လှုပ်ကာ မြော်မြင်ရာကင်းမဲ့နေသောလူတစ်စုကို ကျွမအားပြပြန်ပါသည်။ သူတို့သည်ကျွန်မ၏အနီးသို့ကပ်လာကြပြီး လျှင် သူတို့၏ဝတ်စုံများကို ကျွန်မ၏ဝတ်စုံနှင့်ပွတ်သပ်ကြပါသည်။ ကျွန်မ၏ဝတ်စုံကိုကြည့်လိုက်သောအခါ သွေးများစွန်း၍၊ ယင်းသွေး များက ကျွန်မ၏ဝတ်စုံတွင်အပေါက်များဖြစ်အောင်စားနေသည်ကို မြင်ရပါသည်။ နောက်တစ်ဖန်ကျွန်မသည် ကျွန်မအားစောင့်ရှောက် သောကောင်းကင်တမန်၏ခြေရင်းတွင် လူသေကဲ့သို့လဲကျသွားပါသည်။ ကျွန်မသည်တစ်ခွန်းတစ်ပါဒမျှဆင်ခြေဆင်လက်ပေးခြင်းငှာ မစွမ်းဆောင် နိုင်ပါ။ ကျွန်မ၏လျှာမလှုပ်ရှာနိုင်၊ စကားတစ်ခွန်းမျှမပြောနိုင်၊ ထိုမျှ လောက်သန့်ရှင်းသောအရပ်နှင့်ဝေးကွာရန်သာ လိုလားတောင့်တနေပါ၏။

နောက်တဖန်ကောင်းကင်တမန်က ကျွန်မအား မတ်တတ်ရပ်စေပြီး လျှင် "ယခုသင်မြင်ရသည်မှာ သင်၏အမှုကိစ္စမဟုတ်၊ သို့သော် ဤမြင်ကွင်းကို သင်တွေ့မြင်ရသည်မှာ၊ သင့်အား ဘုရားသခင်ဖေါ်ပြ တော်မူသည့်အကြောင်းအရာများကို သူတစ်ပါးအားပြန်လည်ဖေါ်ပြရန် ပျက်ကွက်ပါက သင့်အပေါ်သို့ကျရောက်မည့် အခြေအနေကိုသင်သိနား လည်စေရန်ဖြစ်၏။ သို့သော်သင်သည် အဆုံးတိုင်အောင်သစ္စာတည်မြဲ ပါက အသက်ပင်၏အသီးကိုစား၍ အသက်ရေစီးဆင်းရာမြစ်မှ အသက် ရေကိုသောက်ရလိမ့်မည်။ သင်သည်များစွာသောဆင်းရဲဒုက္ခကိုခံရလိမ့် မည်၊ သို့သော်ဘုရားသခင်၏ကျေးဇူးတော်သည် သင့်အဖို့လုံလောက် ပေ၏" ဟုကျွန်မအားပြောပါသည်။ ထိုအခါတွင်မှကျွန်မအသည် ကိုယ်တော်၏မျက်မှောင်ကုပ်ခြင်းကိုမခံရတော့ဘဲ ကိုယ်တော်၏အလို တော်နှင့်ညီညွတ်စေရန် ကိုယ်တော်စေခိုင်းသမျှကိုဆောင်ရွက်ရန် လိုလား ပါတော့သည်။

ကျွန်မသည်နတ်ဝိဇ္ဇာအတတ်နှင့်မတူ တစ်မူထူးခြားသောအတတ် ပညာကိုသင်ပြနေသည်ဟု မဟုတ်မမှန်သည့်စွပ်စွဲခြင်းမျိုးကို မကြာခဏ ခံရပါသည်။ သို့သော် ဒေးစတား* အယ်ဒီတာသည် ယင်းအမှားမျိုးကို ရင်မဆိုင်မီ ထာဝရဘုရားသည် ကျွန်မအားမြင်ကွင်းတစ်ခုကိုပြတော်မူ ပါသည်။ ယင်းမြင်ကွင်းတွင်သူနှင့်အခြားသူတို့၏ နတ်ဝိဇ္ဇာအယူအဆ များကြောင့် သိုးစုအပေါ်တွင် ဝမ်းနည်းစရာနှင့်ပျက်စီးဆုံးရှုံးစရာဖြစ်ပေါ် ရမည့်ပုံကို ကျွန်မမြင်ရပါသည်။ ရိုသေမြတ်နိုးဖွယ်သောယေရှုရှင်သည် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်ဟု ကျွန်မ မကြခဏမြင်ရပါသည်။ ထိုကြောင့် ကိုယ်တော်၏ခမည်းတော်သည်လည်း ကိုယ်တော်ကဲ့သို့ပင် ပုံသဏ္ဍာန် တော်ရှိသည့်ပုဂ္ဂိုလ်တစ်ဦးဟုတ်မဟုတ် ကိုယ်တော်အားကျွန်မလျှောက်

---

* Day Star

ထားပါသည်။ ကိုယ်တော်က "ငါသည်ခမည်းတော်၏ဇာတိအဖြစ် တော်၏ပုံသ P ²နိဖြစ်၏" ဟုမိန့်တော်မူ၏။

ကောင်းကင်ဘုံဆိုင်ရာ ဘုန်းတန်ခိုးအာနုဘော်သည် နတ်ဝိဇ္ဇာ အယူအဆအတွင်း ကွယ်ပျောက်သွားသည်ကိုလည်းကောင်း၊ ဒါဝိဒ်၏ ပလ္လင်နှင့်ရှိသေမြတ်နိုးဖွယ်သောယေရှုရှင်၏ပုံသ P ² ㎜န်တော်သည်လည်း အများသောသူတို့၏စိတ်အာရုံတွင် နတ်ဝိဇ္ဇာအယူအဝါဒများအတွင်း လောင်ကျွမ်းသွားသည်ကိုလည်းကောင်း မကြာခဏ ကျွန်မမြင်ရပါ သည်။ ယင်းသို့လိမ်လည်လှည့်ဖြားခြင်းကိုခံရ၍ အမှားဝါဒတွင်း၌ နစ်မြုပ်နေသူအချို့တို့သည် သမ္မာတရားတော်ဆိုင်ရာအလင်းတော်တွင်းသို့ ပြန်လည်ရောက်ရှိလာကြလိမ့်မည့်ရုပ်ပုံကိုလည်းကျွန်မရှုမြင်ရပါသည်။ သို့ သော်သူတို့သည် ယင်းနတ်မိစ္ဆာအယူဝါဒ၏တန်ခိုးအာနိသင်မှ လုံးဝဥသုံ လွတ်မြောက်ရန်မှာ မဖြစ်နိုင်လောက်အောင်ပင်ခက်ခဲပါသည်။ ထိုသို့ သောသူများသည် သူတို့၏အမှားကိုလုံးလုံးလျားလျားဝန်ခံ၍ ထာဝစဉ် စွန့်လွှတ်ရန်လိုအပ်ပါသည်။

လေးစာအပ်သောစာဖတ်သူ၊ ဉင်၏ယုံကြည်ခြင်းနှင့်အလေ့ အကျင့်အတွက် ဘုရားသခင်၏နှုတ်ကပါဌ်တရားတော်ကိုစည်းမျဉ်း အဖြစ်သတ်မှတ်ထားရန် ကျွန်မအကြံပြုပါသည်။ ကျွန်မတို့သည် ထိုနှုတ်ကပါဌ်တရားတော်အားဖြင့် တရားစီရင်ခြင်းကိုခံရကြပါလိမ့် မည်။ "နောင်ကာလ၌" ဗျာဒိတ်ရူပါရုံများပေးမည်ဟုဘုရားသခင်သည် ယင်းနှုတ်ကပါဌ်တရားတော်အားဖြင့် ကတိထားတော်မူပါသည်။ ယုံကြည်ခြင်းတရားသစ်တစ်ရပ်မဟုတ်၊ သို့သော် ကိုယ်တော်၏လူတို့ အတွက်သက်သာစရာ၊ နှစ်သက်စရာဖြစ်၍ သမ္မာကျမ်းစာ၏အမှန်တရား မှ လမ်းလွဲသူများအား လမ်းမှန်သို့ရောက်စေရန်ဖြစ်ပါသည်။ တစ်ပါး

အမျိုးသားတို့အား တရားဟောပြောရေးအတွက် ပေတရုအားစေလွှတ်ရန် အချိန်ရောက်လာသောအခါ ဘုရားသခင်သည် ယင်းကဲ့သို့ရူပါရုံကို ပြတော်မူ၏။ (တမန်တော် ၁၀)

ဤအမှုကိစ္စကလေးကို လှည့်လည်ကမ်းလှမ်းမည့်သူများအား ကျွန်မမှာကြားလိုသည်မှာ– စိတ်သဘောရိုးဖြောင့်သော သူများအတွက်သာ မှန်းထားခြင်းဖြစ်၍ ဘုရားသခင်၏ဝိညာဉ်တော်ကိုပြက်ရယ်ပြုလိုသူများအတွက်မဟုတ်ပါ။

---ooo---

## အီး၊ ဂျီ၊ ဝှိုက်၏အိပ်မက်
## (စာမျက်နှာ ၇ တွင်ဖေါ်ညွှန်းထားပါသည်)

ဗမြာက်မြားစွာသောလူတို့စုပြုံတိုးဝှေ့ဝင်ရောက်နေကြသည့် ဗိမာန်တော်တစ်ဆောင်ကိုမြင်ရသည်ဟု ကျွန်မအိပ်မက်ပါသည်။ အချိန်စေ့သောအခါ ထိုဗိမာန်တော်အတွင်း၌ ခိုလှုံနေသောသူများသာလျှင် ကယ်တင်ခြင်းကိုခံရကြပါလိမ့်မည်။ ဗိမာန်တော်၏အပြင်ဘက်တွင် နေခဲ့သူများအားလုံး ထာဝရဆုံးရှုံးကြပါလိမ့်မည်။ ယင်းဗိမာန်တော်အတွင်းသို့ဝင်ကြသောသူများအား အပြင်ဘက်မှကိုယ့်လမ်းကိုယ်သွားနေကြသောလူထုပရိတ်သတ်အသီးသီးကပြောင်လှောင်ပြက်ရယ်ပြုနေကြပါသည်။ ထိုမျှမက ယင်းကဲ့သို့သောလုံခြုံမှုစီမံကိန်းမှာ လိမ္မာပါးနပ်စွာ

စီမံထားသည့်လိမ်ညာမှုတစ်ရပ်သာဖြစ်ကြောင်း၊ အမှန်အားဖြင့်ရှောင်တိမ်းရန် မည်သည့်ဘေးအန္တရာယ်မျှမရှိကြောင်း ဗိမာန်တော်အတွင်းသို့တိုးဝင်နေသောသူများအားပြောကြပါသည်။ ယင်းသို့အလျင်စလိုတိုးဝင်နေသောသူအချို့ကိုပင်ဖမ်းကိုင်ထားကြပါသေးသည်။

ပြောင်လှောင်ပြက်ရယ်ပြုခြင်းကိုခံရမည်စိုးသောကြောင့် လူအုပ်ကြီးစဲသွားသည်တိုင်အောင် စောင့်ဆိုင်းမည် သို့မဟုတ် လူလစ်သောအချိန်တွင်ဝင်မည်ဟု ကျွန်မစဉ်းစားပါသည်။ သို့သော်လူအုပ်ကြီးမှာနည်းမသွားဘဲများလာပါသည်။ သို့ပါ၍ နောက်ကျနေမည်စိုးသောကြောင်း နေအိမ်မှအလျင်အမြန်ထွက်လာခဲ့ပြီးလျှင် လူအုပ်ကြီးအတွင်းသို့တိုးဝှေ့ဝင်ရောက်ခဲ့ပါသည်။ ဗိမာန်တော်သို့ရောက်ရန် စိတ်စောနေသည့်အတွက် ကျွန်မ၏ဝန်းကျင်တွင်ရှိသော လူအုပ်ကြီးကိုပင်သတိမထားမိပါ။ အဆောင်အအုံအတွင်းသို့ရောက်သောအခါ ယင်းကြီးမားလှသောဗိမာန်တော်ကြီးမှာ အလွန်ခိုင်မည်သည့်ကျောက်တိုင်ကြီးတစ်ခုတည်းဖြင့်သာထောက်မထားသည်ကိုတွေ့ရပါသည်။ ထိုတိုင်ကြီးတွင်ရိုက်ပုတ်ခုတ်ထစ်ထားသဖြင့် သွေးများယိုစီးနေသည့်သိုးသငယ်တစ်ကောင်အားချည်နှောင်ထားသည်ကိုလည်းတွေ့ရပါသည်။ ထိုနေရာသို့ရောက်နေသော ကျွန်မတို့လူစုအနေဖြင့် ယင်းသိုးသငယ်သည် ကျွန်မတို့အတွက်ကြောင့် နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကိုခံရသည်ဟုသိသယောင်ယောင်။ ဗိမာန်တော်အတွင်းသို့ဝင်ရောက်သူတိုင်းသိုးသငယ်တော်၏ရှေ့တွင် မိမိတို့၏အပြစ်များကိုဖေါ်ပြဝန်ချတောင်းပန်ရကြပါသည်။

သိုးသငယ်တော်၏ရှေ့တွင် အထက်သို့မြှင့်တင်ထားသည့်ထိုင်ခုံများရှိရာဝမ်းမြောက်ပျော်ရွှင်ပုံပေါက်သော လူတစ်စုထိုင်နေကြပါသည်။

ကောင်းကင်အလင်းရောင်က သူတို့၏မျက်နှာများကိုထွန်းတောက်စေသည့်ပုံပေါ်နေပါသည်။ သူတို့သည်ဘုရားသခင်၏ဂုဏ်တော်နှင့်ကျေးဇူးတော်ကိုချီးမွမ်းသည့်ဝမ်းမြောက်ဖွယ်သီချင်းများသီဆိုနေကြသည်မှာကောင်းကင်တမန်တို့၏သီချင်းဆိုသံကဲ့သို့သာယာလှပါသည်။ ဤသူတို့သည် သိုးသငယ်၏ရှေ့တော်သို့ဝင်ရောက်၍ သူတို့၏အပြစ်များကိုဖော်ပြတောင်းပန်ကြသဖြင့် အပြစ်ဖြေလွှတ်ခြင်းကိုခံရသူများဖြစ်ကြသည့်အလျောက် ယခုအခါဝမ်းမြောက်ဖွယ်သောအဖြစ်အပျက်တစ်ခုကိုအားရဝမ်းသာစွာဖြင့်စောင့်ဆိုင်းနေကြပါသည်။

အဆောက်အအုံအတွင်းသို့ဝင်ရောက်ပြီးသည်တိုင်အောင် ကျွန်မသည်ကြောက်စိတ်ပေါ်လာပြီးလျှင် ယင်းလူထုရှေ့တွင်ကိုယ်ကိုကိုယ်နှိမ့်ချရမည့်အတွက် ရှက်စိတ်ဝင်လာပါသည်။ သို့သော ကျွန်မသည်ရှေ့သို့မတက်မနေရသဘောဖြင့်တက်သွားပါသည်။ ထိုအခါ ကျွန်မသည် သိုးသငယ်တော်နှင့်ရင်ဆိုင်ရန်ကျောက်တိုင်ကြီးကိုဖြည်းညင်းစွာဖြင့်လှည့်ပတ်သွားနေမိပါသည်။ ယင်းသို့လှည့်ပတ်နေစဉ် တံပိုးမှုတ်သံကြားလိုက်ရပြီး ဗိမာန်တော်ကြီးလှုပ်ခါသွားပါသည်။ စုဝေးနေသောသန့်ရှင်းသူများထံမှအောင်မြင်သည့်ကြွေးကြော်သံများထွက်ပေါ်လာပါသည်။ ကြောက်မက်ဖွယ်သောအလင်းရောင်သည် အဆောက်အအုံတစ်ခုလုံးကိုထွန်းတောက်စေပြီးမှ ရုတ်တရက်မှောင်အတိကျသွားပါသည်။ ဝမ်းမြောက်သောသူအပေါင်းတို့သည်လည်း ယင်းအလင်းရောင်ကြီးနှင့်အတူပင်ပျောက်ကွယ်သွားပါသည်။ ကျွန်မသည်လည်းကြောက်မက်ဖွယ်ရာတိတ်ဆိတ်နေသည့်ညဥ့်၏အမှောင်တွင်းမှာ တစ်ယောက်တည်းသာကျန်ရစ်ပါတော့သည်။

ထိုအချိန်တွင် ကျွန်မသည်စိတ်ဒုက္ခခံစားလျက်အိပ်ရာမှနိုးလာပါသည်။ အိပ်မက်နေခြင်းသာဖြစ်သည်ဟု ကိုယ်ကိုကိုယ်နှစ်သိမ့်၍မရနိုင်

လောက်အောင်ပင် စိတ်ပင်ပန်းနေပါသည်။ ကျွန်မအတွက်ပြစ်ဒဏ်စီရင်ချက်ချမှတ်ပြီဟူ၍လည်းကောင်း၊ ဘုရားသခင်၏ဝိညာဉ်တော်သည်ကျွန်မထံမှထွက်ခွာသွားပြီဖြစ်၍ မည်သည့်အခါတွင်မျှပြန်လာတော့မည်မဟုတ်ဟူ၍လည်းကောင်း ကျွန်မထင်မိပါသည်။ ယင်းသို့ပင်ဖြစ်ကောင်းဖြစ်လိမ့်မည်ဟုသဘောရသဖြင့် ကျွန်မ၏စိတ်ပျက်အားပျော့ခြင်းပို၍နက်ရှိုင်းလာပါသည်။

မကြာမီအတွင်း နောက်တစ်ဖန်အိပ်မက်ပြန်ပါသည်။ ကျွန်မသည် လုံးလုံးလျားလျားစိတ်ပျက်အားလျော့၍ မြော်မြင်ရာကင်းမဲ့စွာဖြင့် ကိုယ်မျက်နှာကိုကိုယ်လက်ဝါးဖြင့်ဖုံးအုပ်ထားပြီးလျှင် ဖြစ်ခဲ့ပြီးသည်များကိုထိုင်၍စဉ်းစားလိုက်သည်မှာ– အကယ်၍ယေရှုရှင်သည် ဤကမ္ဘာမြေကြီးပေါ်တွင်သာရှိမည်ဆိုပါက ကိုယ်တော်ထံသို့ရောက်အောင်သွား၍ ကိုယ်တော်၏ခြေတော်ရင်းတွင် ကိုယ်ကိုကိုယ်ပစ်လှဲလိုက်ပြီးနောက် ကျွန်မခံစားရသည့်စိတ်ဒုက္ခရှိသမျှကို လျှောက်ထားလိုက်မည်၊ ကိုယ်တော်သည် ကျွန်မအားမျက်နှာလွှဲ၍ထားလိမ့်မည်မဟုတ်၊ ကိုယ်တော်သည် ကျွန်မအပေါ်ကရုဏာထားတော်မူလိမ့်မည်၊ ကျွန်မသည်လည်း ကိုယ်တော်အားရိုသေမြတ်နိုး၍ ကိုယ်တော်၏အမှုတော်ကိုစဉ်ဆက်မပြတ်ဆောင်ရွက်ပါမည်ဟု စဉ်းစားနေစဉ် ရုတ်တရက်တံခါးပွင့်သွားပြီးလျှင် ဥပဓိရုပ်ကောင်းသောသူတစ်ယောက်ဝင်လာပါသည်။ သူသည်ကျွန်မအားသနားကြင်နာစွာဖြင့် ‘‘ယေရှုရှင်အားဖူးတွေ့လိုပါသလား၊ ကိုယ်တော်သည်ဤနေရာ၌ပင်ရှိတော်မူသည်ဖြစ်၍ သင်တွေ့လိုကတွေ့နိုင်ပါသည်၊ သင်ပိုင်ဆိုင်သမျှကိုယူ၍လိုက်ခဲ့ပါလော့’’ ဟုပြောပါသည်။

ယင်းသို့ကြားသိလိုက်ရသည်ကိုပြော၍မပြနိုင်လောက်အောင် ကျွန်မသည် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။ ကျွန်မပိုင်ဆိုင်သမျှ

အနည်းငယ်သောပစ္စည်းများကိုလည်း အားရဝမ်းသာစွာဖြင့်ပင် အလျင် အမြန်စုသိမ်းလိုက်ပါသည် ကျွန်မမြတ်နိုးသောလက်ဝတ်လက်စား ငယ်ကလေးများကိုပိုက်ပြီး လမ်းပြသူများနောက်သို့လိုက်ပါသွားပါသည်။ သူသည်ကျွန်မအားခိုင်ခံ့ပုံမပေါ်သည့်မတ်စောက်သောလှေကားကျဉ်း ကလေးတစ်ခုပေါ်သို့ခေါ်ဆောင်သွားပါသည်။ လှေကားထစ်များကို ကျွန်မစတင်၍တက်လှမ်းသောအခါ အပေါ်ဘက်သို့သာစေ့စေ့ကြည့်ပြီး တက်ရန်သတိပေးပါသည်၊ သို့မဟုတ်ပါက ကျွန်မသည် မူး၍အောက် သို့လိမ့်ကျသွားမည်ဟုပြောပါသည်။ အခြားအများသောသူတို့သည် ယင်းမတ်စောက်သောလှေကားကိုတက်နေစဉ် အပေါ်သို့မရောက်မီ အောက်သို့လိမ့်ကျသွားကြပါသည်။

နောက်ဆုံးလှေကားထစ်သို့ကျွန်မတို့ရောက်၍ တံခါးရှေ့တွင် ရပ်နေကြသောအခါ ကျွန်မအားလမ်းပြပို့ဆောင်သူက ကျွန်မယူဆောင် ခဲ့သမျှပစ္စည်းများကို ထိုနေရာတွင်ထားခဲ့ရန်ညွှန်ပြပါသည်။ ကျွန်မက လည်း ဝမ်းမြောက်စွာနှင့်ပင်ချထားခဲ့ပါသည်။ ထိုအခါသူသည်တံခါး ကိုဖွင့်၍ ကျွန်မအားဝင်စေပါသည်။ တဒင်္ဂအတွင်းကျွန်မသည် ယေရှုရှင် ၏ရှေ့တော်တွင်ရပ်လျက်ရှိနေပါသည်။ ထိုမျှလောက်ရှိသေမြတ်နိုးဖွယ် သောမျက်နှာတော်ကို မည်သည့်နည်းနှင့်မျှမမှားမယွင်းနိုင်ပ်၊ မသိ နိုင်စရာအကြောင်းလည်းမရှိပါ၊ ထိုမျှလောက်ရောင်ခြည်ထွန်းသော မျက်နှာတော်နှင့်ဘုန်းကြီးတော်မူ၍ ကောင်းမြတ်သောစိတ်စေတနာရှိ သောသူအခြားမရှိနိုင်ပါ။ ကိုယ်တော်သည် ကျွန်မအားစိုက်၍ကြည့် နေတော်မူစဉ် ကိုယ်တော်သည် ကျွန်မ၏အတွင်းစိတ်နေသဘောထား၊ အကြံအစည်များနှင့်တကွ ကျွန်မ၏ဘဝအသက်တာနှင့်စပ်လျဉ်းသော အကြောင်းအရာအလုံးစုံတို့ကို သိမြင်နေတော်မူကြောင်း ကျွန်မအတပ် သိပါသည်။

ကိုယ်တော်သည် ကျွန်မအားစိုက်၍ကြည့်နေသည်ကိုခံနိုင်ရည်မရှိသဖြင့် ကျွန်မကိုကျွန်မကြိုးစား၍ကာကွယ်နေမိပါသည်။ သို့သော် ကိုယ်တော်သည် ကျွန်မ၏အနီးသို့ကပ်လာပြီးလျှင် ခေါင်းပေါ်တွင် လက်တော်ကိုတင်လျက် ပြုံးရွှင်သောမျက်နှာထားဖြင့် "ကြောက်ရွံ့ခြင်း မရှိနှင့်" ဟု မိန့်တော်မူသောအခါ ကိုယ်တော်၏သာယာချိုအေးသော အသံတော်သည် ကျွန်မအားမည်သည့်အခါကမျှ မခံစားရဖူးသည့် ပျော်ရွှင်မှုမျိုးဖြင့်ရင်အေးသွားစေပါသည်။ ဝမ်းမြောက်ဝမ်းသာလွန်းသဖြင့် စကားတစ်ခွန်းမျှပင်မပြောဘဲ ကိုယ်တော်ခြေတော်ရင်းတွင်ပျပ်ဝပ် ကိုးကွယ်၍နေလိုက်ပါသည်။ ယင်းသို့ခိုလှုံရာမဲ့စွာပျပ်ဝပ်နေစဉ် လှပထည်ဝါသောမြင်ကွင်းများ၊ ဘုန်းစည်းစိမ်များ ကျွန်မ၏ရှေ့တွင်ဖြတ်ကျော်သွားသည်ကိုမြင်ယောင်ပါသည်။ ထိုအချိန်တွင်ကျွန်မသည် ကောင်းကင်ဘုံးသို့ရောက်၍ငြိမ်သက်ခြင်း၊ လုံခြုံခြင်းရှိနေသည်ဟုထင်မိပါသည်။ အတန်ကြာသောအခါ ခွန်အားပြန်၍ပြည့်တင်းလာသဖြင့် ထနိုင်ပါသည်။ ယေရှုရှင်၏မြတ်နိုးဖွယ်သောမျက်လုံးတော်များသည် ကျွန်မအားစိုက်ကြည့်နေဆဲပင်ဖြစ်၍ ကိုယ်တော်း၏ပြုံးရွှင်သောမျက်နှာတော်ကိုဖူးမြင်ရသောအခါ ကျွန်မ၏စိတ်ဝိညာဉ်ကိုအားရဝမ်းမြောက်စေပါ၏။ ကိုယ်တော်သည် ကျွန်မအနီးတွင်ရှိနေတော်မူသည့်အတွက် ကျွန်မတွင်သန့်ရှင်သောရိုသေခြင်း၊ မဖော်ပြနိုင်သော ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝနေပါသည်။

ထိုအချိန်တွင်ကျွန်မအားလမ်းပြပို့ဆောင်သောသူက တံခါးကိုဖွင့်လိုက်သဖြင့် ကျွန်မတို့နှစ်ဦးလုံးအပြင်သို့ထွက်သွားကြပါသည်။ အပြင်တွင် ကျွန်မထားခဲ့သောပစ္စည်းအားလုံးကိုပြန်၍ယူရန်ပြောပါသည်။ ကျွန်မ၏ပစ္စည်းများကိုပြန်၍ယူသောအခါ ကျစ်လျစ်သပ်ရပ်စွာခွေထား

သော ကြိုးစိမ်းကလေးတစ်ခွေကို ကျွန်မအားပေးပါသည်။ ယင်းကြိုးခွေကလေးကို ကျွန်မ၏နှလုံးသားနှင့်အနီးဆုံးသောနေရာတွင်သိုထားရန်၊ ယေရှုရှင်အား ဖူးတွေ့လိုသောအခါရင်ခွင်မှတုတ်ယူ၍ ကြိုးကလေးဆုံးသည်တိုင်အောင်ဆန့်ထုန်ရန် ကျွန်မအားညွှန်ကြားထားပါသည်။ ထို့ပြင်ယင်းကြိုးကလေးကိုအချိန်ကြာမြင့်စွာခွေမထားရန်၊ ယင်းသို့ခွေထားပါက အဖုအထုံးများဖြစ်ပြီးဆန့်ထုတ်ရန် ခက်ခဲပေလိမ့်မည်စသည်ဖြင့် သတိပေးမှာထားပါသည်။ ကျွန်မသည်ကြိုးခွေကလေးကို ကျွန်မ၏ရင်ခွင်တွင်နှလုံးသားနှင့်အနီးဆုံးသောနေရာ၌သိုထား၍ ဝမ်းမြောက်ဝမ်းသာစွာဖြင့် ကျဉ်းမြောင်းသောလျှောကားငယ်မှဆင်းသက်လာစဉ် ထာဝရဘုရား၏ကျေးဇူးတော်ကိုချီးမွမ်းလျက်၊ တွေ့သမျှ၊ မြင်သမျှ၊ ဆုံသမျှသောသူတို့ကိုလည်း ယေရှုရှင်အား မည်သည့်နေရာတွင်ဖူးတွေ့နိုင်ကြောင်းကို ဝမ်းမြောက်ဝမ်းသာစွာဖြင့်ပြောပြလိုက်ပါသည်။ ယင်းအိပ်မက်ကလေးအားဖြင့် ကျွန်မမြော်လင့်ခြင်းရရှိပါသည်၊ ကြိုးစိမ်းကလေးသည် ယုံကြည်ခြင်းကိုပုံဆောင်သည်ဟု ကျွန်မစိတ်အာရုံတွင်ဖြစ်ပေါ်လာပါသည်။ ဘုရားသခင်ကိုယုံကြည်ကိုးစားခြင်းဆိုင်ရာလွယ်ကူခြင်းနှင့်တင်တယ်ခြင်းများသည် ကျွန်မ၏အမှောင်ဖုံးသောနှလုံးသားအတွင်းအရုဏ်တက်လာပါတော့သည်။

---ooo---

## ဝီလျံမေးလား[*]၏အိပ်မက်
## (စာမျက်နှာ ၇၃ တွင်ရည်ညွှန်းထားပါသည်)

ထူးဆန်းစွာပြုလုပ်ထားသောသေတ္တာငယ်ကလေးတစ်ခုကို ကျွန်တော်၏ထံသို့ပကတိမျက်စိဖြင့်မမြင်နိုင်သောလက်တော်ဖြင့် ဘုရားသခင်ကပို့လိုက်သည်ဟုအိပ်မက်ပါသည်။ သေတ္တာ၏အရွယ်မှာအလျားဆယ်လက်မခန့်၊ အနံနှင့်အမြင့်ခြောက်လက်မခန့်စီရှိပါသည်။ အက်ဗိုနီ[†]ခေါ်သစ်သားနက်တစ်မျိုးဖြင့်ပြုလုပ်၍ ပုလဲများကိုထူးဆန်းစွာစီခြယ်ထားပါသည်။ သေတ္တာတော်အတွက်သော့ပါသဖြင့် ကျွန်တော်ချက်ချင်းဖွင့်ကြည့်သောအခါ အံ့သြဖွယ်ရာထူးဆန်းစွာဖြင့်မမျှော်လင့်ဘဲတွေ့ရသည်မှာ၊ ကျောက်မျက်ရတနာမျိုးစုံ၊ အရွယ်အဖုံဖုံ၊ ဏိန်များ၊ အဖိုးတန်ကျောက်များ၊ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးအရွယ်အစားစား၊ တန်ဖိုးအပြားပြားကိုလှလှပပနေထားတကျ သေတ္တာအတွင်းအဆင့်ဆင့်စီတန်းလျက်၊ ပြည့်နှက်လျက်ရှိပါသည်။ ယင်းရတနာများရောင်ပြန်ဟပ်နေသည့်ဘုန်းကျက်သရေရှိသော အလင်းရောင်မှာ နေ၏အရောင်မှအပအခြားနှိုင်းယှဉ်စရာမရှိပါ။

ယင်းကဲ့သို့အံ့သြဖွယ်ရာကောင်းလှသော ရတနာများ၏တောက်ပခြင်း၊ လှပခြင်း၊ တန်ဖိုးကြီးခြင်းတို့ကို ကျွန်တော်တစ်ဦးတည်းအထူးပီတိဖြစ်နေသည်မှာမသင့်မလျော်၊ တာဝန်မကျေဟုသဘောပေါက်လာသဖြင့် ကျွန်တော်၏အခန်းအလယ်တွင်ရှိသောစားပွဲတစ်လုံးပေါ်တွင်တင်၍ လူတို့ဘဝအသက်တာတွင်မြင်ခဲ့ရသည့်အတောက်ပဆုံး၊ ဘုန်းကျက်သရေအရှိဆုံးမြင်ကွင်းကို အလိုရှိသောသူတိုင်းလာရောက်ရှုစားကြပါရန် စကားကမ်းလှမ်းလိုက်ပါသည်။

---

[*] William Miller;

[†] Ebony

ပထမတွင်လူအနည်းငယ်မျှသာလာ၍ကြည့်ရှုကြသော်လည်း တဖြည်းဖြည်းများလာသဖြင့် လူအုပ်စုတစ်စုဖြစ်လာပါသည်။ ပထမ ပိုင်းတွင် သေတ္တာငယ်အတွင်းရှိရတနာများကိုတွေ့မြင်ကြသောအခါ လာသောအခါ ရတနာများကိုမွှေကြနှောက်ကြပါသည်။ သေတ္တာငယ် အတွင်းမှထုတ်၍ စားပွဲပေါ်တွင်ကြဲဖြန့်ထားကြပါသည်။

ထိုအခါပိုင်ရှင်သည် ယင်းသေတ္တာငယ်ကလေးနှင့်တကွ ကျောက် မျက်ရတနာများကိုပြန်၍အလိုရှိလိမ့်မည်ဟု ကျွန်တော်သဘောရလာပါ သည်။ ထိုကြောင့်ယင်းသို့သူတို့ကြဲဖြန့်နေကြသည်ကိုဆက်လက်၍ ကြည့်နေဦးမည်ဆိုပါက ယင်းရတနာများကိုမူရင်းအတိုင်းနေသားတကျ ပြန်၍စီထားရန် မည်သို့မျှကျွန်တော်တတ်နိုင်တော့မည်မဟုတ်ပါ။ ၎င်းအပြင် ယင်းရတနာများ၏တန်ဖိုးမှာလည်းကြီးမားလွန်းသည်ဖြစ်၍ ကျွန်တော်တာဝန်ယူစာရင်းရှင်းနိုင်မည်လည်းမဟုတ်ပါ။ ထိုကြောင့် ကျွန်တော်က ကျောက်မျက်ရတနာများကိုမကိုင်ကြရန်၊ သေတ္တာငယ် အတွင်းမှမထုတ်ကြရန် လူထုအားစတင်တောင်းပန်လိုက်ပါသည်။ သို့သောကျွန်တော်တောင်းပန်လေလေ သူတို့ကပို၍ကြဲဖြန့်လေပြုကြပါသည်။ ပို၍ဆိုးလာသည်မှာ စားပွဲပေါ်တွင်သာမက အခန်းတွင်းရှိအခြားစားပွဲ၊ ကုလားထိုင်များပေါ်တွင်ရော ကြမ်းပြင်ပေါ်တွင်ပါ အခန်းတွင်းနေရာ အနှံ့အပြားကြဲဖြန့်ထားကြပါသည်။

ထိုနောက်ကြဲထားသောကျောက်မျက်ရတနာအမှန်များနှင့် ဒင်္ဂါး အစစ်များတွင် မျိုးမမှန်သောရတနာများနှင့်ဒင်္ဂါးအတုများရောနှောထား ကြသည်ကို ကျွန်တော်တွေ့ရပါသည်။ ထိုသို့ရောနှောထားကြသည် မှာလည်း မရေမတွက်နိုင်လောက်အောင်ပင်များပါသည်။ ယင်းသို့ သူတို့ကျေးဇူးတရားမသိတတ်သည်သာမက ယုတ်မာကြသည့်အတွက်

ကျွန်တော်လည်းများစွာပင် အမျက်ထွက်သဖြင့် ပြစ်တင်ပြောဆိုလိုက်ပါသည်။ သို့သော် ကျွန်တော်ကမလုပ်ရန်တောင်းပန်ပြောဆိုတိုင်း သူတို့က ရတနာအစစ်များတွင်ရတနာတု၊ ဒင်္ဂါးတုများကိုပို၍ရောနှောကြဖြန့်ကြပါသည်။

ထိုအခါ ကျွန်တော်သည် ကိုယ်ရောစိတ်ပါဆူးပွက်လာသဖြင့် မိမိကာယဗလကိုအသုံးပြု၍ သူတို့အားအခန်းပြင်သို့တွန်းထုတ်ပါသည်။ သို့သော် ကျွန်တော်က လူတစ်ယောက်ကိုတွန်းထုတ်နေစဉ် အခြားလူသုံးယောက်က ဖုန်မှုန့်များ၊ အညစ်အကြေးများ၊ ရွှေပေါ်စာများ၊ သဲများမှအစ အမှိုက်သရိုက်မျိုးစုံကိုယူလာကြပြီးလျှင် အခန်းတွင်းရှိကျောက်မျက်ရတနာအစစ်အမှန်များ၊ စိန်၊ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများကိုမတွေ့မမြင်ရတော့သည်အထိ ဖုံးဖိထားလိုက်ပါသည်။ ရတနာသေတ္တာငယ်ကလေးကိုလည်းထုခွဲ၊ ဆုတ်ဖြဲ၊ ခြေမွပြီးလျှင်အမှိုက်သရိုက်များနှင့်အတူ ပစ်ထားလိုက်ကြပါသည်။ ကျွန်တော်ဝမ်းနည်းရသည်များ၊ ဒေါသထွက်ရသည်များကိုအဘယ်သူမျှဂရုမစိုက်ကြပါတကားဟုထင်မှတ်မိပါသည်။ ထိုကြောင့် ကျွန်တော်သည်စိတ်ပျက်ခြင်းကြီးစွာဖြင့် ထိုင်၍ငိုလိုက်ပါသည်။

ယင်းသို့ကျွန်တော်ဆုံးရှုံးရသည်များနှင့် စာရင်းရှင်းရန်မဖြစ်နိုင်သည်များအတွက် စိတ်ပျက်ညှိုးငယ်၍ ဝမ်းနည်းငိုကြွေးနေရစဉ် ဘုရားသခင်ကိုသတိရသဖြင့် အကူအညီပို့ပေးတော်မူရန် လေးလေးနက်နက်ဆုတောင်းပတ္ထနာပြုလိုက်ပါသည်။

ထိုတစ်ခဏချင်းတွင် အခန်းတံခါးဖွင့်၍ လူတစ်ယောက်ဝင်လာပါသည်။ အခန်းအတွင်းရှိလူအားလုံးတို့မှာလည်း အပြင်သို့ထွက်သွားကြပြီးဖြစ်ပါသည်။ ဝင်လာသူ၏လက်တွင် အမှိုက်လှည်းတံမြက်စည်း

တစ်ခုကိုကိုင်လျက် ပြတင်းပေါက်များကိုဖွင့်၊ ဖုန်ရှိသမျှ၊ အမှိုက်သရိုက်မှန်သမျှကို အခန်းအပြင်ဘက်သို့လှည်းထုတ်ပါတော့သည်။

အမှိုက်သရိုက်များအတွင်း အဖိုးတန်ကျောက်မျက်ရတနာများရှိနေသောကြောင့် သည်းခံပါဟု ထိုသူအားကျွန်ကအော်ဟစ်တောင်းပန်လိုက်ပါသည်။

"ထိုသူက "ကြောက်ရွံ့ခြင်းမရှိနှင့်" ၎င်းတို့ကိုသူ "တာဝန်ယူမည်" ဟုပြန်၍ပြောပါသည်။

သူသည် ဖုန်မှုန့်အမှိုက်သရိုက်များကိုတံမြက်လှည်း၍ အပြင်သို့ထုတ်နေစဉ် အမျိုးမမှန်သော ကျောက်မျက်ရတနာများ၊ ရွှေနှင့်ငွေဒင်္ဂါးအတုများအားလုံးထ၍ ပြတင်းပေါက်များမှ အခန်းအပြင်ဘက်သို့ထွက်သွားကြရာ မိုးတိမ်ပမာလေထဲတွင်ပါသွားကြပါတော့သည်။ ယင်းသို့ပျာလောင်ခတ်လှုပ်ရှားနေကြစဉ် ကျွန်တော်သည်တဒင်္ဂမျှမျက်စိမှိတ်ထားလိုက်ပါသည်။ ကျွန်တော် မျက်စိဖွင့်ပြန်သောအခါ အမှိုက်သရိုက်များအခန်းတွင်းမှ လုံးဝမရှိတော့ပါ။ အဖိုးတန်ကျောက်မျက်ရတနာများ၊ စိန်များ၊ ရွှေနှင့်ငွေဒင်္ဂါးများမှာမူကား အများအပြားပြန့်ကျဲ၍နေသည်ကိုတွေ့ရပါသည်။

ထိုနောက်သူသည် ယခင်ကသေတ္တာငယ်ထက်ကြီး၍ ပိုမိုလှပသောသေတ္တာတစ်လုံးကို စားပွဲပေါ်တွင်တင်ပြီးမှကျောက်မျက်ရတနာများ၊ စိန်များ၊ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများကိုလက်ခုပ်နှင့်ကျုံး၍ သေတ္တာတွင်းသို့ထည့်သွင်းသည်ကိုတွေ့ရပါသည်။ အချို့သောစိန်ကလေးများမှာ အပ်ဖျားခန့်မျှပင်သေးငယ်သော်လည်း တစ်ခုမျှမကျန်အောင်သေတ္တာတွင်းသို့ထည့်သွင်းလိုက်ပါသည်။

ထိုအခါတွင်မှ "လာ၍ကြည့်ရှုလော့" ဟု ကျွန်တော့်အားခေါ်၍ပြပါသည်။

သေတ္တာအတွင်းသို့ငုံ့ကြည့်လိုက်သောအခါ ကျွန်တော်၏မျက်စိများ မမြင်ရတော့လောက်အောင် အရောင်ဟပ်သွားပါသည်။ ယခင်ကထက်ဆယ်ဆပို၍ ဘုန်းရောင်ထွန်းတောက်လာပါသည်။ မတရားသောသူတို့သည် ယင်းကျောက်မျက်ရတနာများကိုကြဲဖြန့်၍ခြေဖြင့်နင်းခဲ့ကြသဖြင့် သဲထဲတွင်ပွန်းပဲ့ကြလေပြီဟု ကျွန်တော်ထင်ခဲ့ပါသည်။ သို့သော် ကျောက်မျက်ရတနာများအားလုံးသည် သေတ္တာသစ်အတွင်းလှပတင့်တယ်စွာဖြင့်စနစ်တကျ၊ နေရာတကျစီစဉ်ထားပြီဖြစ်သည်ကိုတွေ့ရပါသည်။ ဆောင်ရွက်ပေးသူမှာလည်း ယင်းသို့ဆောင်ရွက်လိုက်ရသည့်အတွက် အခက်အခဲရှိပုံမပေါ်ပါ။ ကျွန်တော်သည်လည်းများစွာသောဝမ်းမြောက်ခြင်းဖြင့် အော်ဟစ်လိုက်ရာမှလန့်နိုးသွားပါတော့သည်။

---ooo---

# နောက်ဆက်တွဲ

## ရှင်းလင်းချက်

**လေးစားအပ်သောခရစ်ယာန်မိတ်ဆွေများသို့၊**

ကျွန်မ၏ကိုယ်တွေ့ဗဟုသုတများနှင့်အတွေ့အမြင်များကို ၁၈၅၁ ခုနှစ်က အတိုချုပ်အားဖြင့်ဖော်ပြဖြန့်ဝေခဲ့ပြီးဖြစ်ပါသည်။ ယင်းအနည်းငယ်သောလုပ်ဆောင်ချက်ကလေးနှင့်ပတ်သက်၍ အချက်အလက်အချို့ကိုရှင်းပြရန်နှင့်မကြာမီက နောက်ထပ်ရှုမြင်ရသည်များကိုဖော်ပြရန်မှာ ကျွန်မ၏တာဝန်ဖြစ်သည်ဟုယူဆပါသည်။

၁။ စာမျက်နှာ ၄၅ တွင်အောက်ပါအတိုင်းဖော်ပြခဲ့ပါသည်။ "သန့်ရှင်းသောဥပုသ်နေ့သည် ဘုရားသခင်၏စစ်မှန်သောဣသရေလလူမျိုးနှင့်မယုံကြည်သောသူများကို ခွဲခြားသတ်မှတ်ထားသည့်နံရံအကာဖြစ်၍ နောက်နောင်တွင်လည်း ယင်းအတိုင်းပင်ဆက်လက်တည်ရှိနေလိမ့်မည်ဟူ၍လည်းကောင်း၊ ဥပုသ်နေ့သည်ဘုရားသခင်ချစ်တော်မူ၍ကြွလာတော်မူမည်ကိုစောင့်မျှော်နေသည့် သန့်ရှင်းသူများစည်းလုံးမှုရှိရေးအတွက် ကြီးစွာသောပြဿနာတစ်ရပ်ဖြစ်ကြောင်းကိုလည်းကောင်း ရူပါရုံတွင်ကျွန်မရှုမြင်ရပါသည်။ ဘုရားသခင်၏သားသမီးတို့တွင် ဥပုသ်နေ့အကြောင်းကိုမသိနားမလည်မစောင့်ရှောက်ခဲ့ရသောသူများလည်းပါဝင်သည်ကိုကျွန်မရှုမြင်ရပါသည်။ သူတို့အနေဖြင့်ဥပုသ်နေ့နှင့်စပ်လျဉ်းသောအလင်းတရားကိုငြင်းပယ်ကြသည်မဟုတ်ပါ။ ဆင်းရဲဒုက္ခကပ်ကာလအစပြုချိန်တွင် ဥပုသ်နေ့နှင့်စပ်လျဉ်းသောသတင်းစကားများကို ပိုမိုစုံလင်စွာဖြင့်ကြွေးကြော်ရန် ခရီးထွက်ကြစဉ်တွင် ကျွန်မတို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝနေကြပါသည်။"

၁၈၄၇ ခုနှစ်က ယင်းသို့ရှုမြင်ရချိန်တွင် ကြွလာတော်မူမည်ကိုစောင့်မျှော်နေသည့်ညီအစ်ကိုမောင်နှမများတွင် ဥပုသ်နေ့ကိုစောင့်ထိန်း

သူအနည်းငယ်မျှသာပါဝင်ပါသ်။ ထိုသူများတွင်အနည်းငယ်မျှသော သူတို့ကသာလျှင် ဥပုသ်နေ့ကိုစောင့်ထိန်းခြင်းအရာသည် ဘုရားသခင်၏လူတို့နှင့်မယုံကြည်သောသူတို့အား ခွဲခြားသတ်မှတ်ထားရန်အတွက် အရေးကြီးလုံလောက်သည့် စည်းမျဉ်းတစ်ရပ်ဖြစ်သည်ဟု သဘောထားကြပါသည်။ ယခုအခါတွင်မူကား ယင်းသို့ရှုမြင်ခဲ့ရသည် ပြည့်စုံလျက်ရှိနေသည်ကိုတွေ့မြင်စပြုလာပါပြီ။ "ဆင်းရဲဒုက္ခကပ်ကာလအစပြုချိန်" ဟု ဤနေရာတွင်ဖော်ပြထားခြင်းမှာ နောက်ဆုံးသောဘေးဒဏ်များဆိုက်ရောက်စပြုချိန်ကိုရည်ညွှန်းခြင်းမဟုတ်ပါ။ ယင်းဘေးဒဏ်များစတင်မဆိုက်ရောက်မီ တိုတောင်းသောအချိန်ကာလနှင့် ခရစ်တော်သည်သန့်ရှင်းရာဌာနတော်အတွင်းရှိနေစဉ်အချိန်ကာလဖြစ်ပါသည်။ ကယ်တင်ခြင်းဆိုင်ရာအမှုတော်အဆုံးသတ်နေသည့် ထိုအချိန်ကာလတွင် ဤကမ္ဘာမြေကြီးပေါ်သို့ဆင်းရဲဒုက္ခများဆိုက်ရောက်လိမ့်မည်၊ လူမျိုးအပေါင်းတို့သည် အမျက်ထွက်ကြလိမ့်မည်၊ သို့သော်တတိယကောင်းကင်တမန်၏သတင်းစကားကိုကြွေးကြော်ရာတွင် အတားအဆီးမဖြစ်စေရန် ကာကွယ်ထားလိမ့်မည်။ ထိုအချိန်တွင် တတိယကောင်းကင်တမန်သည်အသံကျယ်စွာဖြင့် ကြွေးကြော်နိုင်ရန်တန်ခိုးစွမ်းအားရရှိရေးအတွက်လည်းကောင်း၊ နောက်ဆုံးဘေးဒဏ်ခုနစ်ပါးဆိုက်ရောက်ချိန်တွင် သန့်ရှင်းသူများခံရပ်နိုင်ရန်အတွက်လည်းကောင်း ဘုရားသခင်သည် "နောက်မိုး" သို့မဟုတ် "ချမ်းအေးသောအချိန်ကာလ" ရောက်စေတော်မူလိမ့်မည်။

၂။　စာမျက်နှာ ၆၀–၆၇ တွင်ဖော်ပြထားသည့် "ပိတ်ထားသောတံခါးနှင့်ဖွင့်ထားသောတံခါး" အကြောင်းကို ၁၈၄၉ ခုနှစ်တွင် ရှုမြင်ခဲ့ရပါသည်း။ ဗျာဒိတ်၊ ၄း၇၊၈ သည် ကောင်းကင်သန့်ရှင်းရာ

ဌာနတော်နှင့်လည်းကောင်း၊ ခရစ်တော်၏အမှုတော်နှင့်လည်းကောင်း ဆက်စပ်နေကြောင်းကို ယခင်ကျွန်မလုံးဝမသိခဲ့ပါ၍ အသစ်ထင်နေပါသည်။ ယင်းအကြောင်းနှင့်စပ်လျဉ်း၍ ကျွန်မသိရသလောက် မည်သူတစ်ဦးတစ်ယောက်မျှစိတ်ကူးမပေါက်ခဲ့သေးပါ။ ယခုအခါ သန့်ရှင်ရာဌာနတော်အကြောင်းနှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်းနားလည်သဘောပေါက်ကြသဖြင့် ၎င်း၏အဓိပ္ပါယ်လေးနက်ပုံနှင့် တင့်အပ်လျောက်ပတ်ပုံကိုသိမြင်နိုင်ပါသည်။

၃။ စာမျက်နှာ ၁၂၅ တွင်ဖော်ပြခဲ့သည့်အတိုင်း "ဘုရားဥခင်သည် မိမိ၏ကျန်ကြွင်းသူများအားပြန်၍စုသိမ်းရန်အတွက် ဒုတိယအကြိမ်ကမ်းလှမ်းတော်မူသည်" ဟုဆိုထားသည်မှာ ခရစ်တော်အားရှာဖွေနေသူများတွင် တစ်ကြိမ်ကရှိခဲ့ဖူးသည့် စည်းလုံးညီညွတ်ခြင်းနှင့် အင်အားတောင့်တင်းပုံကိုလည်းကောင်း၊ ကိုယ်တော်၏လူတို့အနေဖြင့် ယခုတစ်ဖန်ထပ်မံ၍စည်းလုံးညီညွတ်ကြစေရန်နှင့် မြှင့်တင်ခြင်းခံကြစေရန်အတွက် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်းကိုလည်းကောင်း ဖော်ညွှန်းခြင်းသာဖြစ်ပါသည်။

၄။ နတ်မိစ္ဆာထင်ရှားပေါ်ထွန်းခြင်း၊ စာမျက်နှာ ၆၂ တွင် အောက်ပါအတိုင်းဖတ်ရပါသည်။ "နယူယောက်နှင့်အခြားသောမြို့ကြီးများတွင် လျှို့ဝှက်သည်းဖိုစရာတံခါးခေါက်သံများလည်း စာတန်၏လုပ်ရပ်များကြသည်၊ သူ၏လိမ်လည်ဖြားယောင်ခြင်းဖြင့် လက်ဝယ်ရရှိထားပြီးသူများကိုလည်း အိပ်ငိုက်နေကြစေရန်၊ ပို၍စိတ်ချရစေရန် ယင်းခေါက်သံကဲ့သို့သောလုပ်ရပ်များကို ဘာသာရေးတန်ဆာဆင်လျက် ဖြားယောင်းခြင်း၊ ဆွဲဆောင်ခြင်းများပို၍ပို၍ များပြားလာလိမ့်မည်၊ ဖြစ်နိုင်ပါက ဘုရားသခင်၏သားသမီးများကိုပင် ယင်းကိစ္စတွင် စိတ်ဝင်

စာလောင်အောင်ဆွဲဆောင်၍ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးနှင့် သွန်သင်ချက်များကိုပင် သံသယဖြစ်စေလိမ့်မည်ဟု ကျွန်မမြင်ရပါ သည်။'' ၎င်းရူပါရုံကို ၁၈၄၉ ခုနှစ်ကပေးတော်မူပါသည်။ ယင်းအချိန် မှအစပြု၍ ငါးနှစ်ခန့်ရှိပါပြီ။ နတ်မိစ္ဆာထင်ရှားပေါ်ထွန်းခြင်းများသည် အထူးသဖြင့် ရော့ချက်စတာ* မြို့နယ်နိမိတ်အတွင်းတွင်ဖြစ်ခဲ့ကြသဖြင့် ''ရော့ချက်စတာခေါက်သံများ'' ဟုခေါ်တွင်ပါသည်။ ထိုအချိန်ကာလ မှအစပြု၍ မှားသောအယူဝါဒများမှာ မည်သူမျှမမျှော်လင့်သည့်အခြေ အနေသို့ဆိုက်ရောက်သည်တိုင်အောင်ပျံ့နှံ့သွားပါသည်။

စာမျက်နှာ ၉၅ တွင် ဖော်ပြထားသည့် ၁၈၅၀ ခုနှစ်ကရူမြင် ခဲ့ရသည့် ''လျှို့ဝှက်သောတံခါးခေါက်သံ'' မှာလည်း ယခုအခါတွင် ပြည့်စုံနေပြီဖြစ်ရာဆက်လက်၍လည်း ပြည့်စုံလျက်ပင်ရှိနေပါသေး သည်။ တစ်စိတ်တစ်ဒေသကိုအောင်တွင်ဖော်ပြထားပါသည်။ ''မကြာမီ အဆိုပါလျှို့ဝှက်သောတံခါးခေါက်သံအကြောင်းနှင့်ပတ်သက်၍ ဆန့်ကျင်ဝေဖန်ပြောဆိုသောသူများအား ဘုရားတရားကိုပြစ်မှားသော သူများဖြစ်သည်ဟုပင်သဘောထားကြလိမ့်မည်။ ယင်းတံခါးခေါက်သံ သည်လည်း ပို၍ပို၍ကျယ်ပြန့်ခေတ်စားလာလိမ့်မည်၊ စာတန်၏တန် ခိုးသည်လည်း ပို၍ပို၍ကြီးမားလာလိမ့်မည်၊ သူ၏သစ္စာခံဘက်တော် သားအချို့ကလည်း ဆန်းပြားလှစွာသောနိမိတ်လက္ခဏာများကိုပြုလုပ် နိုင်သည့်တန်ခိုးအာနိသင်ကိုရကြလိမ့်မည်၊ အချို့ကမူလူတို့ရှေ့မှောက် တွင် ကောင်းကင်မှမီးကျလာသည်ကိုပင် ဖန်တီးနိုင်ကြပေလိမ့်မည် စသည်ဖြင့် ကျွန်မမြင်ရပါသည်။ ၎င်းအပြင် ထိုခေတ်မီနတ်မိစ္ဆာဆရာ များသည် လျှို့ဝှက်သောတံခါးခေါက်သံနှင့်စိတ်ညှို့ပညာကိုအသုံးပြု လျက်ကျွန်ုပ်တို့၏အရှင်ဖြစ်တော်မူသောခရစ်တော်ယေရှုသည် ဤလောက တွင်သက်တော်ထင်ရှားရှိတော်မူခဲ့စဉ်ကပြုတော်မူခဲ့သည့် နိမိတ်လက္ခဏာ

* Rochester

များကိုတု၍ ယုတ္တိတန်အောင်ပြုကြလိမ့်မည်။ အများသောသူတို့ကလည်း ဘုရားသခင်၏သားတော်သည် ယင်းအတိုင်းပင်ပြုတော်မူခဲ့သည်ဟု ယုံကြည်ကြလိမ့်မည်စသည်ဖြင့် ကျွန်မမြင်ရပါသည်။”

တံခါးခေါက်သံမှောက်မှားမှု မည်မျှလောက်တိုးတက်နေပုံကို ကျွန်မမြင်ရပါသည်။ ရွေးချယ်သောသူတို့ကိုပင်လှည့်ဖြားနိုင်လျှင် လှည့်ဖြားပါလိမ့်မည်။ ယေရှုရှင်၌အိပ်ပျော်လျက်ရှိသော ကျွန်ုပ်တို့၏မိတ်ဆွေများ သို့မဟုတ်ဆွေမျိုးများ၏ပုံသ P ² ဣန်ကို ကျွန်ုပ်တို့ရှေ့တွင်ပေါ်လာအောင်ဆောင်ရွက်နိုင်သည့်တန်ခိုးအာနိသင်သည် စာတန်၌ရှိလိမ့်မည်။ ယင်းမိတ်ဆွေများဧကန်အမှန်ရောက်ရှိနေဘိသကဲ့သို့ လက္ခဏာမြင်သာအောင်ပြုလိမ့်မည်။ သူတို့အသက်ရှင်စဉ်ကပြောခဲ့သည့် ကျွန်ုပ်တို့မှတ်မိသတိရသောစကားလုံးများကိုပြောကြလိမ့်မည်။ သူတို့အသက်ရှင်စဉ်က ပြောခဲ့သည့်အသံအတိုင်း ကျွန်ုပ်တို့ကြားရကြလိမ့်မည်။ ဤအရာအားလုံးတို့မှာသန့်ရှင်းသူများအား မှောက်မှားသောအယူဝါဒ၏ကျော့ကွင်းတွင် မိနေစေရန်အတွက် လိမ်လည်လှည့်ဖြားမှုများသာဖြစ်ပါသည်။

သန့်ရှင်းသူတို့သည် ယနေ့သမ္မာတရားနှင့်ပတ်သက်၍အကြွင်းမဲ့ ကုန်စင်အောင်နားလည်သဘောပေါက်ထားရန်လိုအပ်ကြောင်း၊ ယင်းသို့နားလည်သဘောပေါက်ထားရန်အတွက် သမ္မာကျမ်းစာတော်မှ အထောက်အကူရလိမ့်မည်ဖြစ်ကြောင်း ကျွန်မမြင်ရပါသည်။ သူတို့အနေဖြင့်သေသောသူ၏အခြေအနေမှန်ကိုနားလည်ထားရန်လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မာရ်နတ်၏နာမ်ဝိညာဉ်များသည် သူတို့၏ချစ်မိတ်ဆွေများသို့မဟုတ် ဆွေမျိုးများယောင်ဆောင်၍ သူတို့ရှေ့တွင်ပေါ်လာကြပြီးမှ ဥပုသ်နေ့ကိုပြောင်းလဲပြီကြောင်းနှင့်တကွ အခြားကျမ်းစာနှင့် မကိုက်ညီသောအယူဝါဒများကိုပါကြေညာကြပေလိမ့်မည်။ သူတို့ဘက်သို့ယိမ်းယိုင်လာစေရန် စွမ်းအားရှိသမျှအားထုတ်

လှုံ့ဆော်ကြလိမ့်မည်။ သူတို့၏ကြေညာချက်မှန်ကန်ကြောင်းအတည်ပြု ရန် နိမိတ်လက္ခဏာများကိုလည်းပြကြလိမ့်မည်။ သမ္မာကျမ်းစာ၏ အလိုအရသေသောသူသည် မည်သည့်အရာကိုမျှမသိတော့ကြောင်း၊ သူတို့ရှေ့တွင်ပေါ်လာသူများမှာ မာရ်နတ်၏နာမ်ဝိညာဉ်များသာဖြစ် ကြောင်းသိထားပါမှ ဘုရားသခင်၏လူတို့အနေဖြင့် ထိုနာမ်ဝိညာဉ် များကိုခုခံတွန်းလှန်နိုင်ကြပေလိမ့်မည်။ ကျွန်ုပ်တို့၏ဝန်းကျင်တွင်ဖြစ် ပျက်နေသမျှကိုစိတ်ဝင်စားလျက် အချိန်ကိုမကုန်လွန်စေဘဲ ယနေ့ သမ္မာတရားကိုနှလုံးသွင်း၍ အချိန်ကိုအကျိုးရှိအောင်အသုံးချရမည်၊ ကျွန်ုပ်တို့၏မျှော်လင့်ခြင်းအတွက် အကြောင်းပြစရာကို စိုးရိမ်ကြောင့် ကြစွာဖြင့်လည်းကောင်း၊ နူးညံ့သိမ်မွေ့သောသဘောဖြင့်လည်းကောင်း ပြင်ဆင်ထားရမည်။ မိစ္ဆာအယူဝါဒနှင့်မှောက်မှားသောသဘောတရားကို စိုးမိုးသည့်ယနေ့ကာလကိုရင်ဆိုင်နိုင်ရန်အတွက် အထက်မှဉာဏ်ပညာ ကိုရှာဖွေဆည်းပူးရမည်။

ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို မည်သည့်အခြေခံအုတ်မြစ်ပေါ်တွင် တည်ဆောင်ထားကြောင်း ကောင်းစွာစစ်ဆေးနားလည်ထားကြရပါ မည်။ အဘယ်ကြောင့်ဆိုသော သမ္မာကျမ်းစာကိုအထောက်အထား ပြု၍အဖြေပေးကြရပါမည်။ မိစ္ဆာအယူဝါဒပြန့်ပွားလိမ့်မည်ဖြစ်၍ ကျွန်ုပ်တို့အနေဖြင့် မျက်နှာချင်းဆိုင်ခုခံတိုက်လှန်ရကြပေလိမ့်မည်။ အကယ်၍ပြင်ဆင်ထားခြင်းမရှိပါက ရန်သူ၏ကျော့ကွင်းတွင်မိနေကြ လိမ့်မည်။ သို့သောမကျွန်ုပ်တို့သည် ရင်ဆိုင်ရလုနီးနေသောဆိုင်ပြိုင် တိုက်လှန်မှုအတွက် တတ်အားသမျှပြင်ဆင်ထားကြရမည်ဆိုပါက ဘုရားသခင်သည် မိမိ၏အငန်းအတာကိုဆောင်ရွက်တော်မူလိမ့်မည်။ အလုံးစုံတို့ကိုတတ်နိုင်တော်မူသည့်လက်တော်ဖြင့် ကာကွယ်ထားတော် မူလိမ့်မည်။ သန့်ရှင်းသူများလွန်ငြိမ်းချမ်းသာခွင့်ရရှိရေးအတွက်

ကိုယ်တော်သည် မိမိ၏ကောင်းကင်တမန်တိုင်းကိုထင်မှတ်သည်ထက် စော၍ စေလွှတ်ပြီးလျှင် သူတို့၏ပတ်လည်၌တပ်ချ၍ စာတန်၏အဲ့ဖွယ်ရာဉာဏ်ဆင်ထားသည့်လိမ်လည်မှုများမှ အကာအကွယ်ပေးတော်မူလိမ့်မည်။

ဤလိမ်လည်လှည့်ဖြားခြင်းလုပ်ရပ် မည်မျှလျင်မြန်စွာဖြင့်ပြန့်ပွားနေကြောင်းကိုကျွန်မမြင်ရပါသည်။ လျှပ်ပြက်သကဲ့သို့လျင်မြန်စွာဖြင့်ခရီးသွားနေသောကားတန်းရှည်ကြီးကို ကျွန်မမြင်ရပါသည်။ ယင်းကားတွဲကြီးကိုသေသေချာချာကြည့်ထားရန် ကောင်းကင်တမန်က ကျွန်မအားပြောပါသည်။ ကျွန်မကလည်းမျက်ခြည်မပြတ်စိုက်ကြည့်နေပါသည်။ ဤကမ္ဘာပေါ်ရှိလူတစ်ယောက်မကျန် စီးနင်းလိုက်ပါနေကြသကဲ့သို့ပင်။ ထိုအခါကောင်းကင်တမန်က "သူတို့သည်မီးလောင်ကျွမ်းခြင်းကိုခံရန် ကောက်ရိုးစည်းများအဖြစ်စည်းနှောင်ခြင်းကိုခံရကြသည်" ဟုပြောပြပါသည်။ ထိုနောက်ယင်းရထားကြီးကဲ့သို့သောကားတန်းရှည်ကြီးတွင် ဦးစီးခေါင်းဆောင်နေသူကို ကျွန်မအားပြပါသည်။ သူ၏ပုံသ P ²န် မှာဂုဏ်အသရေရှိ၍ လူချောလူလှတစ်ယောက်ဖြစ်ပါသည်။ စီးနင်းလိုက်ပါသူခရီးသည်အပေါင်းကလည်း သူ့အားရိုသေခန့်ညားကြပါသည်။ ကျွန်မလည်းစိတ်ရှုပ်ထွေး၍ ကြံရာမရတော့သဖြင့် ထိုဥပဓိရုပ်ကောင်းသူသည် မည်သူမည်ဝါဖြစ်ကြောင်း ကျွန်မကိုစောင့်ရှောက်သည့်ကောင်းကင်တမန်အားမေးသောအခါ၊ "ထိုသူကားစာတန်ပင်ဖြစ်၏၊ အလင်းတရားနှင့်ဆိုင်သော ကောင်းကင်တမန်ယောင်ဆောင်နေသည့် ဦးစီးခေါင်းဆောင်ဖြစ်၏၊ ကမ္ဘာလောကကြီးတစ်ခုလုံးကိုဖမ်းဆီးချုပ်နှောင်ထားပြီးဖြစ်၏၊ ထိုသူတို့သည် သူ၏လိမ်လည်မှုကိုယုံကြည်၍ မတရားသောအမှု၌မွေ့လျော်သောသူများဖြစ်သောကြောင့် ပျက်စီးကြီး

ခြင်းသို့ရောက်ကြတော့မည်၊ သူ၏လက်ထောက်မှာအင်ဂျင်နီယာဖြစ်၍ သူ့ထက်တစ်ဆင့်သာနိမ့်၏၊ အခြားသောလက်ထောက်များကမူ သက်ဆိုင်ရာတာဝန်များတွင် သူ၏အလိုကျတာဝန်ထမ်းဆောင်ရကြ၏၊ သူတို့အားလုံးလျှပ်ပြက်သကဲ့သို့သောအရှိန်အဟုန်ဖြင့် လုံးလုံးပျက်စီးရာငရဲသို့ဆင်းသက်နေကြ၏ ” ဟုပြောပြပါသည်။

ကမ္ဘာပေါ်တွင်ကျန်ခဲ့သောသူရှိပါသေးသလားဟု ကောင်းကင်တမန်အား ကျွန်မကမေးသောအခါ၊ အခြားတစ်ဖက်သို့လှည့်ကြည့်ရန်ပြောသဖြင့် ကျွန်မလှည့်ကြည့်လိုက်သောအခါ ကျဉ်းမြောင်းသောလမ်းသွယ်ကလေးတွင် ခရီးသွားနေကြသောလူနည်းစုကလေးကိုတွေ့မြင်ရပါသည်။ လူတိုင်းခိုင်မြဲသောစည်းလုံးမှုရှိ၍ သမ္မာတရားတော်၌တစ်လုံးတစ်ဝတည်းစုစည်းနေကြသဖြင့် အစုလိုက်၊ အပြုံလိုက်၊ အုပ်စုလိုက်ခရီးသွားနေကြပါသည်။ ထိုအခါကောင်းကင်တမန်က “တတိယကောင်းကင်တမန်သည် သူတို့အား ကောင်းကင်စပါးကျီအတွက် ကောက်လှိုင်းများအဖြစ်စုစည်းခြင်းနှင့် တံဆိပ်ခတ်ခြင်းပြုလုပ်နေသည် ” ဟုပြောပါသည်။ ဤလူစုကလေးမှာခက်ခဲသောစုံစမ်းစစ်ဆေးခြင်းများနှင့်ဆိုင်ပြိုင်တိုက်လှန်ရခြင်းများသောကြောင့် စိုးရိမ်ကြောင့်ကြပုံပေးနေပါသည်။ သို့သော်မိုးတိမ်အကွယ်မှ ယခုပင်ထွက်ပေါ်လာသောနေရောင်ခြည်ကို သူတို့တွေ့မြင်ရဘိသကဲ့သို့ သူတို့၏မျက်နှာများတွင်အောင်မြင်သည့်လက္ခဏာပေါ်လွင်နေပါသည်၊ မကြာမီအောင်ပွဲခံကြတော့မည့်ပုံပေါ်နေပါသည်။

ကမ္ဘာလောကကြီးအနေဖြင့် စာတန်၏ကျော့ကွင်းကိုတွေ့သိကြစေရန် ဘုရားသခင်ကအခါအခွင့်ပေးထားတော်မူသည်ဟု ကျွန်မမြင်ရပါသည်။ အခြားသောသာဓကေရှိသည့်တိုင်အောင် မြတ်နိုးဖွယ်သောအရာနှင့်စက်ဆုပ်ဖွယ်သောအရာကို မခွဲမခြားဘဲရောနှောထားသည်ကိုထောက်ရှုခြင်းအားဖြင့်ခရစ်ယာန်တစ်ယောက်အနေဖြင့် ယင်းကျော့ကွင်း

ကိုတွေ့သိသင့်ပါသည်။ ယခုအချိန်တွင်မြေ၌ဆွေးမြည့်ပျက်ယွင်းသွားပြီဖြစ်၍ အနှစ်တစ်ထောင်ကုန်ဆုံးချိန်၌ခေါ်ထုတ်ခြင်းခံရပြီ ဒုတိယအကြိမ်ထမြောက်သောအခါ သူရသင့်ရထိုက်သောဆုလာဘ်ဖြစ်သည့် ဒုတိယသေခြင်းကိုခံရမည့် သောမတ်ပိန်း [*] သည် ယခုအခါတွင် ကောင်းကင်ဘုံ၌များစွာမြှောက်စားခြင်းခံနေရသည်၊ မြင့်မြတ်နေသည်ဟု စာတန်ကအဆိုပြုနေပါသည်။ ဤလောကတွင်အသက်ရှင်စဉ်က စာတန်အလိုကျအတိုင်းသူ့အားအသုံးချခဲ့ပါသည်။ ယခုအခါတွင်လည်း သောမတ်ပိန်းသည် ကောင်းကင်ဘုံ၌များစွာသောဂုဏ်ပြုခြင်းနှင့်မြှောက်စားခြင်းခံနေရသည်ဟုအကြောင်းပြ၍ ဆက်လက်အသုံးချနေပါသည်။ ထို့မျှမက ဤလောကတွင်အသက်ရှင်ခဲ့စဉ်က သွန်သင်ခဲ့သည့်အတိုင်း ယခုအခါတွင်လည်း ကောင်းကင်ဘုံ၌ဆက်လက်သွန်သင်လျက်ပင်ရှိနေပုံပေါ်အောင် စာတန်လုပ်ဆောင်နေပါသည်။ သူသည်ဤလောကတွင် အသက်ရှင်ခဲ့စဉ်ကလည်းကောင်း၊ သေဆုံးသောအချိန်တွင်လည်းကောင်း၊ အသက်ရှင်ခဲ့စဉ်ကဖေါက်ပြန်ယိုယွင်းစေသည့် သူ၏သွန်သင်ချက်များကိုလည်းကောင်း ကြောက်လန့်ဖွယ်ရာဖြစ်သည်ဟု သဘောထားခဲ့သူများကလည်း သူသည်ဤလောကတွင်အယုတ်မာဆုံး၊ အဖေါက်ပြန်ဆုံးသောသူတို့တွင် တစ်ယောက်အပါအဝင်ဖြစ်သည်သာမက ဘုရားသခင်ကိုလည်းကောင်း၊ ကိုယ်တော်၏ပညတ်တော်တို့ကိုလည်းကောင်း မထီမဲ့မြင်ပြုသောသူဖြစ်ပါလျက် ယခုမှသူ၏သွန်သင်ချက်များကိုလက်ခံနေကြပါသည်။

---

[*] Thomas Paine

[†] ယင်းမှတ်ချက်၏လေးနက်ပုံကို စာဖတ်ပရိသတ်သဘောပေါက်စေရန် နတ်ဝင်ဂိုဏ်းချုပ်စီ၊ ဟန်းမွန် (Rev. C. Hanmond) ရေးသားထုတ်ဝေသည့် ‘‘နာမ်ဝိညာဉ်လောကတွင် သောမတ်ပိန်း၏ခရီးစဉ်’’ (Pilgrimage of Thomas Paine in the Spirit World) ဆိုသောစာစောင်အကြောင်းကို သိနားလည်ရန်လိုအပ်ပါသည်။ ယင်းစာစောင်၌သောမတ်ပိန်းသည် ဘုံခုနစ်ဆင့်၌

ချီးမြှောက်ခြင်းးခံနေရသည့်နာမ်ဝိညာဉ်ဖြစ်ကြောင်းဖေါ်ပြထားပါသည်။

ရှေးခေတ်တမန်တော်များသည် သန့်ရှင်းသောဝိညာဉ်တော်နှိုးဆော်ချက်နှင့်အညီ ရေးသားခဲ့ကြသည့်အကြောင်းများကို ယခုသူတို့ကိုယ်တိုင်ကဆန့်ကျင်ပြောဆိုနေကြသည့်ပုံပေါ်အောင်၊ မုသားတို့၏ဖခင်ဖြစ်သူစာတန်သည် သူ၏မတရားသောတမန်များကိုစေလွှတ်၍ ရှေးခေတ်တမန်တော်များ အယောင်ဆောင်ကာ ဟောပြောစေခြင်းဖြင့် ဤလောကကြီးအားစကြွာအာရုံကွယ်စေလျက် လိမ်လည်လှည့်ဖြားနေပါသည်။ ယင်းကောင်းကင်တမန်အတု အယောင်ဆောင်များသည် ရှေးတမန်တော်များ၏အယောင်ကိုဆောင်၍ သူတို့ကိုယ်တိုင်သွန်သင်ခဲ့သည်များကိုပျက်ယွင်းစေပြီးလျှင် မတရားကြေညာကြပါသည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ဘုရားသခင်၏နှုတ်ကပါဌ်တရားတော်ကို ခရစ်ယာန်အခေါ်ခံသူများနှင့် ကမ္ဘာလောကကြီးက သံသယဖြစ်ကြသောအခါစာတန်အထူးပင်အားရဝမ်းမြောက်လေ၏။ ထိုသန့်ရှင်းသောကျမ်းစာသည် သူတို့၏လမ်းစဉ်နှင့်လုံးဝဖီလာ၍ သူ၏အကြံအစည်များ

---

"နယူးယောက်မြို့ရှိရှာဖွေစိစ်သည့်လူတန်းစား" (Investigationf Class in New York) တွင် ခရစ်တော်ကိုယ်တိုင်က မိမိသည်ဘုံခြောက်ဆင့်၌သာရှိကြောင်း နတ်ဝင်တစ်ဦးအားဖြင့်ဖေါ်ပြထားသည်ဟုဆိုပါသည်။ မဆီလျော်ပုံမှာ နာမ်ဝိညာဉ်များသည် နာမ်ဝိညာဉ်လောကတွင်များစွာပင်တိုးတက်နေကြသော်လည်း ခရစ်တော်မှာမူကား နှစ်ပေါင်း ၁၈၀၀ ကျော်လွန်ပြီးသည်တိုင်အောင် ဘုံခြောက်ဆင့်အထိသာတိုးတက်နိုင်ပြီး သောမတ်ပိန်းအနေဖြင့်မူကား အနှစ်တစ်ရာခန့်အတွင်း ဘုံခုနှစ်ဆင့်အထိတိုးတက်ပြီးဖြစ်သည်ဟု ဖေါ်ပြထားခြင်းဖြစ်ပါသည်။ ထိုမှျမကဒေါက်တာဟဲယား (Doctor Hare) ကနာမ်ဝိညာဉ်ဘဝတွင်ရောက်ရှိနေသောသူ၏နမသည် ခရစ်တော်အပြစ်ဖြေလွှတ်တော်မူသည့်အကြောင်းကိုယုံကြည်ခဲ့သည့်အတွက် တိုးတက်မှုနှောင့်နှေးနေကြောင်း ယင်းနာမ်ဝိညာဉ်နမကပင်ပြောသည်ဟုဆိုထားပါသည်။ ထိုနည်းအာဖြင့် နာမ်ဝိညာဉ်အယူဝါဒသည် ဘုရားတရားမကြည်ညိုသူများနှင့် ဘုရားတရားကြည်ညိုသည့်အယူဝါဒကိုချီးမြှောက်နေပါသည်။

အတားအဆီးဖြစ်နေသောကြောင့် ၎င်းကျမ်းစာသည်ဘုရားသခင်ထံ တော်မှအစပြုလာသည်ကို လူတို့သံသယဖြစ်စေရန် စာတန်ဆောင်ရွက် နေခြင်းပင်ဖြစ်ပါသည်။ ထိုနောက်ဘုရားတရားမကြည်ညိုသောသူ သောမတ်ပိန်းသေလွန်သောအခါ ကောင်းကင်သို့ခေါ်ဆောင်ခြင်းကို ခံရပြီးလျှင် ဤလောကတွင်ရှိခဲ့စဉ်က သူမုန်းတီးခဲ့သည့်သန့်ရှင်းသော တမန်တော်များနှင့်ပူးပေါင်း၍ ယခုအခါ ဤလောကကြီးအားတရား ဒေသနာဟောပြောနေပုံပေါ်အောင် စာတန်ဖန်တီးနေပါသည်။

စာတန်သည်သူ၏တမန်များဆောင်ရွက်ရန်တာဝန်တစ်ခုစီကို သီးခြားပေးအပ်ထားပါသည်။ သူတို့အားလုံးကောက်ကျစ်စဉ်းလဲကြရန်၊ ပရိယာယ်ကြွယ်ဝကြရန်၊ လိမ္မာပါးနပ်ကြရန် အမိန့်ပေးထားပါသည်။ အချို့သောတမန်များအား တမန်တော်များအယောင်ဆောင်၍ သူတို့၏ ကိုယ်စားစကားပြောဟောကြရန်နှင့် အချို့သောစေတမန်များတို့အား ဘုရားတရားမကြည်ညိုသောသူများ၊ မတရားသောသူများအနေဖြင့် ဘုရားသခင်အားကျိန်ဆဲပြီး သေဆုံးသွားကြသော်လည်း ယခုအခါ အလွန်ဘုရားတရားကြည်ညိုသူများဖြစ်နေကြသည့်ပုံပေါ်အောင်ဟန်ဆောင် ကြရန် ညွှန်ကြားထားပါသည်။ အသန့်ရှင်းဆုံးသောတမန်တော်နှင့် အယုတ်မာဆုံးသောသူတို့တွင် ခြားနားမှုမရှိပုံပေါ်အောင်ဟန်ဆောင် ထားကြပြီးလျှင် သူတို့နှစ်ဦးစလုံးတစ်မျိုးတစ်စားတည်းကိုသာ သင်ကြား ပို့ချကြရန်ညွှန်ကြားထားပါသည်။ မည်သူ့ကိုပင် စာတန်ကစကားပြော ဟောခိုင်းစေကာမူ သူ၏ရည်ရွယ်ချက်ပြီးမြောက်အောင်မြင်ရန်သာ အဓိကဖြစ်သည်။ သောမတ်ပိန်းသည် ဤလောကတွင် အသက်ရှင်ခဲ့စဉ်က များစွာရင်းနှီးခဲ့၏၊ သူ၏လုပ်ငန်းတွင်ကူညီယိုင်းပင်းခဲ့၏။ ထို့ကြောင့် မိမိလုပ်ငန်းပြီးမြောက်အောင်မြင်အောင် သစ္စာရှိစွာဖြင့်ဆောင်ရွက်ခဲ့ သည့် တပည့်ရင်းသောမတ်ပိန်း၏စကားလုံးအသုံးအနှုန်းများ၊ လက်နေ

လက်သားများကိုစာတန်ကောင်းစွာသိထားပါသည်။ သူ၏စာပေအများ
စုမှာလည်း စာတန်နှုတ်တိုက်ပြောခဲ့သည့်အတိုင်းပင်ဖြစ်ခဲ့ပါသည်။
ထို့ကြောင့်အသက်ရှင်ခဲ့စဉ်က မာရ်နတ်၏တပည့်ရင်းဖြစ်ခဲ့သူသောမတ်
ပိန်းပြောသောစကားများအဖြစ်သို့ရောက်အောင် စာတန်အလွယ်တကူ
ဖြင့်ပင် စိတ်ကူးယဉ်စကားလုံးများကို သူ၏တမန်များအားသွန်သင်
ပေးနိုင်ပါသည်။ ၎င်းမှာစာတန်အထူးကျွမ်းကျင်သောလုပ်ရပ်တစ်ခုဖြစ်
ပါသည်။ ကွယ်လွန်သွားကြပြီးဖြစ်သော တမန်တော်များ၊ သန့်ရှင်းသူ
များနှင့်ဆိုးသွမ်းသူများထံမှဖြစ်သည်ဟုဆိုလိုသောသွန်သင်ချက်များ
အားလုံးသည် အစွမ်းထက်သောစာတန်၏ထံမှတိုက်ရိုက်ရောက်လာ
သောသွန်သင်ချက်များသာဖြစ်ပါသည်။

ထိုမျှလောက်စာတန်ချစ်သောသူ၊ ထိုမျှလောက်ဘုရားသခင်ကို
လုံးလုံးလျားလျားမုန်းတီးခဲ့သောသူသည် ယခုအခါသန့်ရှင်းသောတမန်
တော်များနှင့်လည်းကောင်း၊ ဘုန်းစည်းစိမ်တွင်ရှိသောကောင်းကင်တမန်
များနှင့်လည်းကောင်း အတူတကွစံစားနေသည်ဟု စာတန်၏အဆို
ပြုချက်ကပင် လူတို့၏စိတ်အာရုံကိုဖုံးကွယ်ထားသည့် မျက်နှာဖုံးကို
ဖယ်ရှားလျက် စာတန်၏လျှို့ဝှက်သောလုပ်ရပ်များကိုသိမြင်နိုင်ရန်
လုံလောက်နေပါသည်။ ဤကမ္ဘာလောကကြီးနှင့် ဘုရားတရားမကြည်ညိုသူ
များအား သင်တို့သည်မည်သို့ပင်ဆိုးသွမ်းနေစေကာမူ၊ ဘုရားသခင်ကိုလည်း
ကောင်း၊ သမ္မာကျမ်းစာကိုလည်းကောင်း ယုံကြည်သည်ဖြစ်စေ၊ မယုံ
ကြည်သည်ဖြစ်စေ သင်၏အလိုကျသက်ရှင်နေထိုင်သည်တိုင်အောင်
ကောင်းကင်ဘုံသည် သင်တို့၏နေအိမ်ဖြစ်၏၊ အဘယ်ကြောင့်ဆိုသော်
သောမတ်ပိန်းသည် ကောင်းကင်ဘုံ၌ထိုမျှလောက်ချီးမြှောက်ခြင်းခံ
နေရပါက သူတို့သည်လည်း ထိုနည်းတူချီးမြှောက်ခြင်းခံရကြလိမ့်မည်ကို

လူအများသိကြပါသည်ဟု သင်ပေးရာရောက်နေပါသည်။ ယင်းအမှား
သည် ထင်ရှားပေါ်လွင်လွန်းသောကြောင့် ဉာဏ်မျက်စိရှိသောသူတိုင်း
သိမြင်နိုင်ပါသည်။ စာတန်သည်ကိုယ်တိုင်ကျဆုံးချိန်မှအစပြု၍ မိမိ၏
လုပ်ငန်းစဉ်ကိုကြိုးစားအားထုတ်လျက် ဆောင်ရွက်ခဲ့သည့်အတိုင်းပင်
ယခုအခါတွင်လည်း သောမတ်ပိန်းကဲ့သို့သောသူများကို အသုံးချလျက်
ဆောင်ရွက်နေဆဲဖြစ်ပါသည်။ စာတန်သည် မိမိ၏တန်ခိုးအာဏာနှင့်
အံ့သြဖွယ်ရာမတရားဉာဏ်ဆင်မှုများကိုလည်းအသုံးချလျက် ခရစ်ယာန်
မြော်လင့်ခြင်းဆိုင်ရာအခြေခံအုတ်မြစ်ကြီးကိုဖြိုလှဲနေပါသည်။ ၎င်းအပြင်
ကောင်းကင်နိုင်ငံတော်သို့သွားရာ ကျဉ်းမြောင်းသောလမ်းကိုအလင်း
ရောင်ပေးနေသည့်နေကိုလည်း ကွယ်ပျောက်သွားအောင် ကြိုးစားနေ
ပါသည်။ သမ္မာကျမ်းစာသည် ဝိညာဉ်တော်မှုတ်သွင်းခြင်းအားဖြင့်
ရေးသားထားခြင်းမဟုတ်ကြောင်း၊ ပုံဝတ္ထုစာအုပ်တစ်အုပ်ထက်ပို၍
မမြင့်မြတ်ကြောင်း ကမ္ဘာလောကကြီးအားအယုံသွင်းနေပါသည်။
တစ်ချိန်တည်းမှာပင် ယင်းနေရာတွင်အစားထိုးရန်အတွက် နတ်မစ္ဆာ
အယူဝါဒနှင့်ဆိုင်သော သာဓကများကိုမြှောက်ပြနေပါသည်။

ဤလမ်းစဉ်ကို သူကိုယ်တိုင်လုံးဝဥသုံအုပ်ချုပ်ကွပ်ကဲထားသည်
ဖြစ်၍ သူအလိုရှိသည့်အတိုင်း ကမ္ဘာကြီးကိုအယုံသွင်းနိုင်ပါသည်။
သူကိုယ်တိုင်နှင့်တကွ သူ၏နောက်ကိုက်နောက်ပါများအား တရားစီရင်
မည့်ကျမ်းစာကိုသူအလိုရှိသည့်နေရာ မှောင်ရိပ်အောက်သို့ပို့ထားလိုက်
ပါသည်။ ဤကမ္ဘာလောကကြီး၏ကယ်တင်ရှင်ကို သာမန်သူတစ်
ယောက်ပမာပြုမူလိုက်ပါသည်။ ယေရှုရှင်၏သချိုင်းတော်ကိုစောင့်ကြပ်
ခဲ့ကြသည့်ရောမအစောင့်စစ်သူရဲများသည် ယဇ်ပုရောဟိတ်များနှင့်
အုပ်ချုပ်သူလူအကြီးအကဲတို့သင်ပေးသည့်အတိုင်း မမှန်သတင်းများကို

ဖြန့်လွှင့်ခဲ့ကြသည်နည်းတူ ဤနတ်မိစ္ဆာအယူဝါဒသမားများ၏လက်အောက်ခံမတရားသက်သေခံများကလည်း ကျွန်ုပ်တို့၏ကယ်တင်ရှင်ဖွားမြင်တော်မူခြင်းသည်လည်းကောင်း၊ အသေခံတော်မူခြင်းသည်လည်းကောင်း၊ ထမြောက်တော်မူခြင်းသည်လည်းကောင်း အံ့သြဖွယ်ရာနိမိတ်လက္ခဏာများမဟုတ်ပါဟု အများကထင်မှတ်ယူဆကြရလေအောင်ဝါဒဖြန့်နေကြပါသည်။ ယင်းသို့ ယေရှုရှင်အားနောက်ကွယ်သို့ပို့ထားကြပြီးလျှင် သူတို့၏နိမိတ်လက္ခဏာများနှင့်အံ့သြဖွယ်ရာလိမ်ညာမှုများသည် ခရစ်တော်၏နိမိတ်လက္ခဏာထက်များစွာသာလွန်ကြောင်းကြေညာလျက် ကမ္ဘာလောကကြီးအား သူတို့ဘက်သို့ပါအောင်ဖြားယောင်းနေကြပါသည်။ ကမ္ဘာလောကကြီးသည်လည်း သူတို့၏ထောင်ချောက်အတွင်းဖမ်းမိနေသည့်အတွက် လုံခြုံမှုရှိနေဘိသကဲ့သို့ခံစားရပြီးလျှင် တဖြည်းဖြည်းအိပ်ပျော်သွားလိမ့်မည်ဖြစ်ရာ၊ နောက်ဆုံးဘေးဒဏ်ခုနစ်ပါးဆိုက်ရောက်သောအခါတွင်မှ ကြောက်မက်ဖွယ်ရာလီဆယ်မှုကြီးအတွင်းနစ်မွန်းနေကြသည်ကိုတွေ့သိကြပေလိမ့်မည်။ စာတန်သည်လည်း တစ်ကမ္ဘာလုံးကိုမိမိ၏ထောင်ချောက်အတွင်းမိအောင် ဖမ်းထားနိုင်သည့်အတွက် သူ၏ကောင်းစွာသောအောင်မြင်ပုံကိုရှုစား၍ ရယ်မောနေပေလိမ့်မည်။

၅။ စာမျက်နှာ ၈၇ တွင်ဘုန်းကြီးသောအလင်းရောင်မိုးတိမ်သည် ခမည်းတော်အားဖုံးကွယ်ထားသဖြင့် ခမည်းတော်၏ပုံသ P [2] န်တော်ကိုမဖူးမမြင်ရကြောင်း ကျွန်မဖော်ပြခဲ့ပါသည်။ ၎င်းအပြင် ခမည်းတော်ဘုရားပလ္လင်တော်ပေါ်မှထတော်မူသည်ကို ကျွန်မဖူးမြင်ရပါသည်ဟုလည်းဖော်ပြခဲ့ပါသည်။ ခမည်းတော်ဘုရားအား အလင်းရောင်နှင့်

ဘုန်းတန်ခိုးတော်က ခန္ဓာကိုယ်ပုံသဏ္ဍာန်ဖြင့်ဖုံးကွယ်ထားသောကြောင့် ကိုယ်တော်၏ပုံသဏ္ဍာန်တော်ကို ကျွန်မဖူးမြင်ရသည်မဟုတ်ပါ။ သို့သော် ယင်းပုံသဏ္ဍာန် သည် ခမည်းတော်ဖြစ်ကြောင်း၊ ကိုယ်တော်၏ ပုံသဏ္ဍာန်တော်မျှ ယင်းအလင်းရောင်နှင့်ဘုန်းတန်ခိုးထွက်ပေါ်နေကြောင်း ကျွန်မသိရပါသည်။ ထိုအလင်းရောင်နှင့်ဘုန်းတန်ခိုးခန္ဓာကိုယ်ပုံသဏ္ဍာန် သည် ပလ္လင်တော်မှထတော်မူသောအခါ ခမည်းတော်လှုပ်ရှားတော်မူ၍ သာဖြစ်ကြောင်း ကျွန်မသိရသဖြင့် ခမည်းတော်ဘုရားသည် ပလ္လင် တော်ပေါ်မှထတော်မူသည်ကို ကျွန်မမြင်ရသည်ဟုဖော်ပြခဲ့ခြင်းဖြစ်ပါ သည်။ ကိုယ်တော်၏ပုံသဏ္ဍာန်တော်ဘုန်းကြီးပုံ သို့မဟုတ်မြင့်မြတ် စုံလင်ပုံကို ကျွန်မမည်သည့်အခါကမျှမဖူးမမြင်ခဲ့ရပါ။ ယင်းသို့ဖူးမြင် ရပါက မည်သူမျှအသက်ရှင်လိမ့်မည်မဟုတ်ပါ။ သို့သော် ကိုယ်တော် ၏ပုံသဏ္ဍာန်တော်ကို ဖုံးကွယ်ထားသည့်အလင်းရောင်းနှင့်ဘုန်းတန်ခိုး ခန္ဓာကိုယ်ပုံသဏ္ဍာန်ကိုမူကား ဖူးတွေ့နိုင်ပါသည်။

"စာတန်သည် ပလ္လင်တော်အနီးမှဘုရားသခင်၏အမှုတော်ကို ဆက်လက်ဆောင်ရွက်ပုံပြုနေပါသည်" ဟူ၍လည်းကောင်း၊ "ပလ္လင် တော်ရှေ့တွင်ဦးညွတ်လျက်ကျန်ရစ်သူလူစုအား ကျွန်မလှည့်၍ကြည့်ရာ" ဟူ၍လည်းကောင်း စာမျက်နှာ ၈၈ တွင်ဖော်ပြခဲ့ပါသည်။ ယင်းသို့ ဆုတောင်းနေသောလူစုသည် ဤကမ္ဘာမြေကြီးပေါ်တွင်ရှိနေသေးသည့် သေခြင်းတရားမှ မလွတ်မြောက်သေးသောသာမန်လူသားများသာဖြစ် သော်လည်း ဘုရားသခင်၏ပလ္လင်တော်ရှေ့တွင်ဦးညွတ်ဝတ်ပြုနေသူများ အဖြစ် ကျွန်မအားဖော်ပြတော်မူခြင်းဖြစ်ပါသည်။ ထိုလူစုသည် ယေရု ရှလင်မြို့တော်သစ်သို့ရောက်နေသူများဖြစ်ကြသည်ဟု ကျွန်မမည်သည့် အခါကမျှ စိတ်ကူးအပေါက်ခဲ့ပါ။ ၎င်းအပြင်စာတန်သည် ယေရုရှလ

မြို့သစ်သို့ရောက်နေပြီဟုကျွန်မအနေဖြင့်ယုံကြည့်မှုရှိနေသည်ဟု အဘယ်လူသားကမျှထင်မှတ်ယူဆလိမ့်မည်ဟုလည်း ကျွန်မမည်သည့်အခါကမျှ မစဉ်းစားမိခဲ့ပါ။ သို့သော်ရှင်ယောဟန်သည် အဆင်းနီသောနဂါးကြီးကို ကောင်းကင်ဘုံတွင်မြင်ရသည်မဟုတ်ပါလော၊ သေသေချာချာတွေ့မြင်ခဲ့ရပါ၏။ “ကောင်းကင်ဘုံ၌အခြားသောနိမိတ်လက္ခဏာပေါ်လာသည်ကားအဆင်းနီသောနဂါးကြီးသည် ခေါင်းခုနစ်လုံး၊ ချိုဆယ်ချောင်းနှင့်တကွ ခေါင်းပေါ်၌သရဖူခုနစ်ဆူကိုဆောင်းလျက်ရှိ၏။” ဗျာဒိတ်၊ ၁၂း၃။ ကောင်းကင်ဘုံတွင်ရှိနေရန်အတွက် ကြောက်ခမန်းလိလိသတ္တဝါကြီးပါတကား။ ထိုကြောင့်ကျွန်မ၏ဖေါ်ပြချက်များကို အချို့သောသူတို့က ပြက်ရယ်ပြုကြသကဲ့သို့ ဤအချက်ကိုလည်း အလားတူအဓိပ္ပါယ်ကောက်၍ ပြက်ရယ်ပြုရန်အခွင့်ကောင်းတစ်ရပ်မဟုတ်ပါလော။

၆။　စာမျက်နှာ ၇၃–၈၀ တွင် ၁၈၅၀ ခုနှစ်ကရူမြင်ရပုံကိုဖေါ်ပြထားပါသည်။ ယင်းသို့ရူမြင်ရပုံတွင် သံတမန်များအားမပေးဘဲထားခဲ့သည့်ကြေးငွေများနှင့်ပတ်သက်သည့်အပိုင်းမှာ အထူးသဖြင့်ယင်းအချိန်ကာလနှင့်သာသက်ဆိုင်ပါသည်။ ထိုအချိန်မှအစပြု၍ ယနေ့သမ္မာတရားဆိုင်ရာအမှုတော်တွင် မိမိ၏ငွေကြေးဖြင့်ကောင်းမှုပြုပါဝင်ဆောင်ရွက်ရန်အခွင့်ကောင်းကို စောင့်မျှော်နေသည့်မိတ်ဆွေကောင်းများပေါ်ပေါက်လာပါသည်။ အချို့တို့သည် လက်ခံရယူသူများကိုပင်အကျိုးမျက်လောက်အောင် လွန်ကဲစွာရက်ရောလှူဒါန်းခြင်းပြုနေကြပါသည်။ ဘုရားသခင်၏ငွေနှင့်ပတ်သက်၍ မလုံမလောက်ဖြစ်ရမှုထက်သတိတရားကင်းကဲ့စွာ ရက်ရက်ရောရောသုံးဖြုန်းနေကြသည်ကို နှစ်နှစ်ခန့်မျှလောက် ကျွန်မအားပြနေတော်မူပါသည်။

အောက်ဖေါ်ပြပါအကြောင်းအရာကို ၁၈၅၃ ခု၊ ဇွန်လ ၂ ရက်နေ့တွင် ဂျက်ကဆင်၊ မစ်ချိဂန် * ၌ရှုမြင်ရပုံမှဖြစ်ပါသည်။ ထိုဒေသတွင်ရှိသောညီအစ်ကိုများနှင့် အများဆုံးသက်ဆိုင်ပါသည်။ ညီအစ်ကိုများသည် အကျိုးတစ်စုံတစ်ရာအတွက် စစ်မှန်သောရည်ရွယ်ချက်မရှိဘဲ သူတို့ပိုင်ဥစ္စာပစ္စည်းများးကို ပေးလှူပူဇော်စပြုနေကြသည်ကို ကျွန်မမြင်ရပါသည်။ ဆင်းရဲဒုက္ခခံရသည့်အမှုတော်အတွက်ဖြစ်ပါသည်။ သူတို့ပေးလှူကြရာတွင် ရက်ရောလွန်းပါသည်။ များလွန်းပါသည်။ တစ်ကြိမ်နှင့်တစ်ကြိမ်နီးကပ်လွန်းပါသည်။ အသင်းတော်တွင်ကောင်းစွာသြဇာသက်ရောက်မှုအတွက် ယင်းကဲ့သို့သောအမှားများကို ဓမ္မဆရာများကတစ်နေရာမှစောင့်ကြပ်ကွပ်ကဲ၍ပြုပြင်းပေးသင့်ကြောင်း ကျွန်မမြင်ရပါသည်။ ငွေသည်အကြောင်းမဟုတ်၊ အမြန်ဆုံးအသုံးပြုနိုင်လေ အကောင်းဆုံးဖြစ်လေဟုသဘောထားကြ၏။ အချို့သောသူတို့သည် ဥစ္စာရှေငွေရှိသူများအားလွန်ကဲစွာမသုံးရန်၊ ပေါ့ပေါ့ဆဆသဘောမထားရန်အကြံမပြုဘဲ ပေးလှူသမျှမြောက်မြားလှသောငွေများကိုလက်ခံနေခြင်းဖြင့် မကောင်းသောပုံသက်သေကိုပြနေကြပါသည်။ ဘုရားသခင်တာဝန်ပေးတော်မူသည့်အတွက် ပေးလှူပူဇော်ခြင်းဟုတ်မဟုတ် ညီအစ်ကိုများမစုံစမ်းမမေးမြန်းဘဲ ထိုမျှလောက်များပြားသောအလှူငွေများလက်ခံခြင်းဖြင့် လွန်ကဲစွာစွန့်ကြဲပေးကမ်းခြင်းကို သဘောတူခွင့်ပြုနေကြ၏။

"အမှန်စင်စစ် လိုအပ်သည် မလိုအပ်သည်ကိုလည်းကောင်း၊ အရေးကြီးသည့်ကိစ္စဟုတ်မဟုတ်ကိုလည်းကောင်း မစုံစမ်းမမေးမြန်းဘဲ ပေးလှူကြသောသူများအနေဖြင့်လည်းမှားယွင်းကြ၏။ ငွေရှင်ကြေးရှင်များအနေဖြင့်လည်း ကြီးစွာသောစိတ်ရှုပ်ထွေးခြင်းနှင့်ရင်ဆိုင်ရကြ၏။ ငွေကြေးအမြောက်အမြားပေးအပ်ခြင်းခံရသဖြင့် ညီအစ်ကိုတစ်ယောက်

* Jackson, Michigan

တွင်များစွာထိခိုက်မှုတစ်ရပ်ဖြစ်ပါသည်။ ချွေတာရေးကိုမလေ့လာမသုံး သပ်ဘဲအသုံးအစွဲဖွာခဲ့၏။ ခရီးလှည့်လည်ရာတွင်အကျိုးမရှိသည့် ကိစ္စများအတွက် ဟိုဟိုသည်သည်သုံးစွဲကုန်ကျစေ၏။ ဘုရားသခင်၏ ငွေကို ယင်းသို့လွတ်လွတ်လပ်လပ်သုံးစွဲခြင်းဖြင့် 'ယေ–တွင်ငွေလုံလုံ လောက်လောက်ရှိ၏။ ဘုရားသခင်ကြွလာတော်မူသည်တိုင်အောင်သုံး၍ မကုန်နိုင်' ဟု ကိုယ်ကိုကိုယ်ပြောနေရာရောက်၏။ သူတစ်ပါးတို့အား လည်း ထိုနည်းတူပင် ထင်မှတ်စေ၏။ ယင်းသို့ပြုခြင်းဖြင့် မဟုတ်မမှန် သောဝါဒကိုဖြန့်ရာရောက်ပါသည်။ အချို့သောသူတို့သည် ယင်း လမ်းစဉ်ကိုအကြောင်းပြု၍အမြင်မှန်မရဘဲ အသင်းတော်သို့ဝင်ရောက် လာကြသဖြင့် သူတို့သုံးဖြုန်းနေသောငွေသည် ဘုရားသခင်၏ငွေဖြစ် သည်ကိုလည်းကောင်း၊ ထိုငွေ၏တန်ဖိုးကိုလည်းကောင်း မသိနားမလည် ကြသဖြင့် ပျက်စီးခြင်းသို့ရောက်ကြ၏။ ယင်းသို့မဟုတ်မမှန်သောပုံသက် သေကိုပြနေကြသဖြင့် မကြာမြင့်မီကပင် တတိယကောင်းကင်တမန် ၏သတင်းစကားကိုသက်ဝင်ယုံကြည်၍ အသင်းတော်သို့ဝင်ရောက် လာသည့်အားနည်းသူများအတွက် ကိုယ်ကျိုးစွန့်ခြင်း၊ ခရစ်တော်အတွက် ဆင်းရဲဒုက္ခခံခြင်းအကြောင်းများကိုသင်ယူရန် အထူးပင်ခက်ခဲနေပေလိမ့် မည်။ တာဝန်မဲ့စွာဖြင့်သက်သက်သာသာနေရေးကိုစွန့်လွှတ်ရန်သင်ယူ ရမည်။ အခန့်သင့်၊ အရန်သင့်သက်သာစွာနေထိုင်ရေးအတွက် လေ့လာ ခြင်းကိုရပ်ဆိုင်းပြီး အသက်ဝိညာဉ်၏တန်ဖိုးကိုအရေးပေးရမည်။ 'ပူပန် သောက' ရှိသူများအနေဖြင့် စည်းစိမ်ခံ၍ခရီးလှည့်လည်ရန်အတွက် ပြင်ဆင်ဖို့မလိုပါ။ ခေါ်တော်မူခြင်းခံရသူအချို့သည်လည်း အမှုတော် အတွင်းသို့ဝင်ရောက်ရန် အားတက်သရောဖြစ်လာကြပါသည်။ အချို့ တို့ကမူ ဤအရာများကိုစိတ်ဝင်စားကြသဖြင့် ကိုယ်တိုင်အနစ်နာခံ၍

ချွေတာရေးကိုမသိကြသဖြင့် ဘုရားသခင်၏ဘဏ္ဍာတိုက်တွင်းသို့ ပေးသွင်းရန်မသိကြတော့ပါ။ ထိုသို့သောသူများက 'ငွေရတတ်သော သူများရှိပါသည်၊ စာပေအတွက်သူတို့ပေးလှူကြလိမ့်မည်၊ ငါတို့တွင် မည်သည့်တာဝန်မျှမရှိပါ၊ ငါတို့အကူအညီမပါဘဲ စာပေအတွက်ထောက် ပံ့မှုရရှိလိမ့်မည်' ဟုထင်မှတ်ပြောဆိုကြပေလိမ့်မည်။''

ကျွန်မရှုမြင်ရသည့်ရူပါရုံ၏အစိတ်အပိုင်းတစ်ရပ်အရ အမှုတော် အတွက်ထောက်ပံ့ရန်ဒါနပြုထားကြသည့်ဥစ္စာပစ္စည်းများကို အချို့သော သူများက အလွဲမသုံးချနေကြသည်ကို တွေ့မြင်ရခြင်းမှာ ကျွန်မအတွက် သေးငယ်သောပြဿနာမဟုတ်ပါ။ အခြားသောအစိတ်အပိုင်းများနှင့် ပတ်သက်သည့်သဘောတရားများကိုမူကား အရေးမထားဘဲ ငွေရေး ကြေးရေးနှင့်ပတ်သက်သည့်အစိတ်အပိုင်းတွင်သာ အသုံးဖွာနေကြပါ သည်။ စာမျက်နှာ ၇၇ တွင် ''ဘုရားသခင်အထံတော်မှသတင်းစကား မပါဘဲ ခရီးလှည့်လည်နေကြသောသူအများကြောင့် ဘုရားသခင်၏ မှုတော်နှောင့်နှေးကြန့်ကြာသည်သာမက ကိုယ်တော်၏ဂုဏ်တော်ကို ထိခိုက်နေကြောင်း ကျွန်မမြင်ရပါသည်။ သူတို့ဆောင်ရွက်ရန်တာဝန် မရှိသောအရပ်ဒေသများသို့လှည့်လည်သွားနေကြသူတိုင်း သုံးစွဲကုန်ကျ ခဲ့သည့်ငွေတစ်ကျပ်တိုင်းတွင် ဘုရားသခင်နှင့်စာရင်းရှင်းကြပါလိမ့် မည်။ အဘယ်ကြောင့်ဆိုသော် ယင်းငွေများသည် ဘုရားသခင်၏အမှု တော်တိုးတက်ဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်ကောင်းစရာရှိပါ ၏'' ဟုဖော်ပြထားပါသည်။ ၎င်းအပြင် ''မိမိတို့၏လက်ရုံးကိုအသုံး ပြု၍ ဘုရားသခင်၏အမှုတော်ကိုအထောက်အကူပြုနိုင်သည့်စွမ်းအားရှိ သူများသည်လည်း ဥစ္စာခနေပေါကြွယ်ဝသူများနည်းတူပင် သူတို့၏ စွမ်းအားကိုအသုံးချပုံနှင့်ပတ်သက်၍ ဘုရားသခင်နှင့်စာရင်းရှင်းကြရ

မည်ကိုလည်း ကျွန်မမြင်ရပါသည်'' ဟု ယင်းစာမျက်နှာ ၇၇ ၌ပင် ဖော်ပြခဲ့ပါသည်။

ဤအကြောင်းအရာနှင့်စပ်လျဥ်း၍ စာမျက်နှာ ၉၂ တွင်ဖော်ပြထားသည့်ရှုမြင်ရပုံကို အထူးအာရုံပြုစေလိုပါသည်။ ယင်းသို့ကျွန်မမြင်ရပုံကို အတိုချုပ်၍ဖော်ပြရသော် ''ကယ်တင်ရှင်၏သြဝါဒတွင် ရည်ရွယ်ထားတော်မူသည့်အတိုင်း ရှင်းလင်းပြတ်သားစွာဆောင်ရွက်ခြင်းမရှိကြပါ (လု၊ ၁၂း၃၃)။ ''ဥစ္စာပစ္စည်းများကိုရောင်းချသည့်ရည်ရွယ်ချက်မှာ ကိုယ့်အားကိုယ်ကိုး၍ ကိုယ့်အသက်ကိုယ်မွေးနိုင်သောသူများအား ပေးကမ်းရန်မဟုတ်ပါ။ သမ္မာတရားတော်ကိုတိုးတက်ပြန့်ပွားရေးအတွက် ထောက်ပံ့ရန်သာဖြစ်ပါသည်။ ကိုယ့်ခွန်အားဖြင့်လုပ်ကိုင်စားသောက်နိုင်ပါလျက် အလဟဿနေသူအား သူ၏အလိုသို့လိုက်၍ ထောက်ပံ့ခြင်းသည် မကောင်းမှုတစ်ရဖြစ်ပါသည်။ အချို့သောသူတို့ အစည်းအဝေးများသို့စိတ်ရောကိုယ်ပါတက်ရောက်ကြခြင်းမှာ ဘုရားသခင်၏ဘုန်းတော်ကိုချီးမွမ်းထောမနာပြုလိုသောကြောင့်မဟုတ် ''မုန့်နှင့်ငါး'' (အူမတောင့်ဖို့) အတွက်သာဖြစ်ကြ၏။ ထိုသို့သောသူများသည် အိမ်မှာနေ၍ ''ကောင်းသောအမှုကိစ္စ'' များကို မိမိတို့လက်ဖြင့်လုပ်ဆောင်နေခြင်းကများစွာပို၍ကောင်းပါသည်။ ယင်းသို့ဆောင်ရွက်ခြင်းအားဖြင့် ကိုယ့်မိသားစုအဖို့လိုလေသေးမရှိ လုံလောက်လိမ့်မည်သာမက မွန်မြတ်သောအမှုတော်အတွက် ထောက်ပံ့နိုင်ပေလိမ့်မည်။'' လွန်ခဲ့သောအချိန်များက အချို့သောသူများအားငွေများကိုလိုသည်ထက်ပို၍လွတ်လပ်စွာသုံးစွဲခွင့်ပြုလျက် အသော့နှင်ခဲ့ခြင်းမှာ စာတန်၏ပုံစံဖြစ်ပါသည်။ ယင်းပုံစံဝင်အောင်ညီအစ်ကိုများအား မိမိတို့၏ဥစ္စာပစ္စည်းများကို အလျင်အမြန်ထုခွဲရောင်းချစေရန်ဆွဲဆောင်ခဲ့ပါသည်။

ယင်းသို့ငွေအမြောက်အမြားကိုအလျင်စလို၊ အကွပ်အကဲမရှိလွတ်လွတ်လပ်လပ်သုံးစွဲခွင့်ပြုထားခြင်းဖြင့် ဝိညာဉ်များပျက်စီးဆုံးရှုံးကြ၏။ ထိုကြောင့် ယခုအခါသမ္မာတရားတော်ကိုပို၍ ကျယ်ကျယ်ပြန့်ပြန့်ဝေငှရန်လိုအပ်လာသောအခါ ချို့ချို့ငဲ့ငဲ့ဖြစ်နေသည်ကို တွေ့သိခံစားရလိမ့်မည်။ ထိုကြောင့်စာတန်၏ပုံစံထမြောက်အောင်မြင်သင့်သလောက်ထမြောက်အောင်မြင်နေပါသည်။

စာပေနှင့်ဝေစာများထုတ်ဝေရေးအတွက် ထောက်ပံ့ကြေးကိုပစ္စည်းဥစ္စာကြွယ်ဝသူများထံမှသာအကူအညီရယူနေခြင်းနှင့်စပ်လျဉ်း၍လူအများမှားယွင်းနေကြပုံကိုဘုရားသခင်က ကျွန်မအားဖေါ်ပြတော်မူပါသည်။ အားလုံးကိုယ်စီကိုယ်ငဝိုင်းဝန်းတာဝန်ယူသင့်ပါသည်။ အမှုတော်ကိုထောက်ပံ့ရန်ငွေကြေးရရှိရေးအတွက် မိမိ၏လက်ရုံးကိုအားထား၍ လုပ်ဆောင်နိုင်စွမ်းရှိသောသူများသည်လည်း ဥစ္စာပစ္စည်းများဖြင့်ထောက်ပံ့နိုင်စွမ်းရှိသောသူများနည်းတူပင် တာဝန်ရှိပါသည်။ ယနေ့သမ္မာတရားကိုယုံကြည်ပါသည်ဟုဝန်ခံသော ဘုရားသခင်၏သားသမီးတိုင်း ဤအမှုတော်တွင်ကျရာတာဝန်ကိုစိတ်ရောကိုပါဆောင်ရွက်သင့်ပါသည်။

ဘုရားသခင်အတည်ပြုပိုင်ဆိုင်တော်မူသည့်စာစောင်ကို ဤကဲ့သို့ရံဖန်ရံခါသာထုတ်ဝေနိုင်ခြင်းမှာမသင့်လျော်ပါဟု ၁၈၅၃ ခုနှစ်၊ ဇူလိုင်လတွင် ကျွန်မမြင်ရပါသည်။ ကျွန်ုပ်တို့သက်ရှင်နေထိုင်ကြသည့်ယနေ့ကာလဆိုင်ရာအမှုတော်အတွက် ယင်းစာစောင်ကိုအပတ်စဉ်ထုတ်ဝေရန်လိုအပ်နေပါသည်။* ၎င်းပြင် ယနေ့ကာလတွင်ခေတ်စားများပြားနေသာမှောက်မှားမှုများကိုဖေါ်ထုတ်သည့်ဝေစာများအား မြောက်

* Review & Herald စာစောင်ကို ယခင်ကအချိန်မှန်ထုတ်ဝေခြင်းမပြုနိုင်ခဲ့သော်လည်း ယခုမှစ၍လဝက်တစ်ကြိမ်မှန်မှန်ဖြန့်ချိနေပါသည်။

မြားစွာပိုမိုဖြန့်ဝေရန်လိုအပ်နေသော်လည်း ငွေကြေးမလုံလောက်မှုကြောင့် လုပ်ငန်းနှောင့်နှေးနေပါသည်။ ဝေစာများ၊ စာစောင်များကိုတန်ဖိုးထား သောသူ၊ ၎င်းတို့ရရှိလျှင်လည်း အကျိုးဖြစ်ထွန်းမည့်သူတစ်ဦးထံသို့ မရောက်ဘဲ မလိုအပ်သောသူသုံးဦးထံသို့ရောက်ရှိသွားမည်ကိုလွန်မင်း စွာစိုးရိမ်ကြောက်ရွံ့ခြင်းမရှိပါနှင့်။ သမ္မာတရားမူကား ရှေ့သို့ဆက်တိုး တက်ရမည်ဟုကျွန်မမြင်ရပါသည်။ စာတန်၏လုပ်ရပ်များပိုမိုထင်ရှား နေသောကြောင့် နောက်ဆုံးကာလနှင့်ဆိုင်သောပုဗ္ဗနိမိတ်များကိုလည်း ထင်ရှားမြင်သာအောင်ဖေးထုတ်သင့်သည်ဟု ကျွန်မမြင်ရပါသည်။ စာတန်နှင့်သူ၏ကိုယ်စားလှယ်တို့ထုတ်ဝေသောစာပေများအမြောက် အမြားခေတ်စားနေပါသည်။ သူတို့၏တန်ခိုးအာနိသင်သည်လည်း ကြီးထွားရှင်သန်နေပါသည်။ ထိုကြောင့်သမ္မာတရားတော်က ဦးစွာ ရောက်ရှိနေရေးအတွက် ကျွန်ုပ်တို့၏လုပ်ငန်းကိုဆောလျင်စွာ ဆောင်ရွက် ရပါမည်။

ဤသမ္မာတရားတော်သည် နောက်ဆုံးကာလနှင့်သက်ဆိုင်သော ကြောင့် ယခုတစ်ခါထုတ်ဝေဖြန့်ဖြူးထားပါက ထာဝစဉ်တည်မြဲရမည် ဟုကျွန်မအားဖော်ပြတော်မူပါသည်။ ယနေ့အသက်ရှင်သည်ထက် နောင် ကာလတွင်ပို၍ရှင်သန်လိမ့်မည်။ ပကတိအတိုင်းထင်ရှာ၍ အလို အလျောက်ထွန်းပြောင်နေသည်ကို ယင်းစာစောင်တွင်မရေမတွက်နိုင် လောက်အောင် မြားမြောင်သောစကားလုံးများဖြင့် ဋီကာချဲ့၍ ဖွင့်ပြရန် မလိုပါ။ သမ္မာတရားတော်သည် မှန်ကန်ဖြောင့်မတ်၏၊ ထင်ရှားသိလွယ် ၏၊ ရှင်းလင်းပြတ်သား၏၊ ပကတိအတိုင်းပြောင်မြောက်၍ ထင်ထင် ရှားရှားရပ်တည်၏၊ မိစ္ဆာအယူဝါဒသည်ကား ထိုကဲ့သို့မရပ်မတည်နိုင်။ ယင်းအယူဝါဒ ဝေ့လည်ကြောင်ပတ်ဖြစ်သောကြောင့်လည်းကောင်း၊

ကျစ်တွန့်တက်သောကြောင့်လည်းကောင်း မရေမတွက်နိုင်လောက် အောင်များပြားသောစကားလုံးတို့ဖြင့် ကွေ့လည်ကြောင်ပတ်၍ရှင်းလင်း ရ၏။ အချို့သောဒေသများတွင်ရရှိနေကြသည့်အလင်းတရားမှန်သမျှ သည် ယင်းစာစောင်မှဖြစ်ကြောင်း၊ ယင်းနည်းအားဖြင့်အသက်ဝိညာဉ် အများအပြား သမ္မာတရားတော်ကိုလက်ခံရရှိနေကြကြောင်း၊ ထိုသူတို့ မှတစ်ဆင့်သူတို့နှင့်ဆွေးနွေး၍ ထပ်ဆင့်ဝေငှနေကြကြောင်း၊ ယခုအခါ တွင် ယုံကြည်သူအမြောက်အမြားရှိနေသည့်ဒေသများမှာ ယင်းအသံ တိတ်သံတမန်၏ဆောင်ရွက်မှုအရဖြစ်ကြောင်းများကို ကျွန်မမြင်ရပါ သည်။ ၎င်းတစ်ဦးတည်းသာလျှင် သူတို့၏ဓမ္မဆရာဖြစ်ခဲ့၏။ ငွေရေး ကြေးရေးမလုံလောက်မှုကြောင့် သမ္မာတရားတော်လမ်းစဉ်ရှေ့သို့ချီတက် ရေး မနှောင့်နှေးသင့်ပါ။

---ooo---

## ဧဝံဂေလိစည်းမျဉ်း

ဧဝံဂေလိစည်းမျဉ်းဥပဒေနှင့်စပ်လျဉ်း၍ စိုးရိမ်ကြောင့်ကြဖွယ် ဖြစ်လောက်အောင် လစ်ဟင်းနေကြပုံကို ဘုရားသခင်က ကျွန်မအား ဖေါ်ပြတော်မူပါသည်။* ထိုးတမ်းစဉ်လာကိုရှောင်သက်ကရှောင်ရန်ဖြစ် သော်လည်း ယင်းသို့ပြုခြင်းဖြင့် စည်းမျဉ်းဥပဒေကိုလျစ်လျူရှုမထား သင့်ပါ။ ကောင်းကင်ဘုံတွင်စည်းမျဉ်းဥပဒေရှိပါသည်။ ခရစ်တော် ဤလောကတွင်သက်တော်ထင်ရှားရှိတော်မူခဲ့စဉ်က အသင်းတော်တွင် စည်းမျဉ်းဥပဒေကိုစောင့်ထိန်းခဲ့ပါသည်။ ကိုယ်တော်သည်ကောင်းကင် သို့ပြန်၍တက်ကြွတော်မူပြီးနောက်ပိုင်းတွင်လည်း ကိုယ်တော်၏တမန် တော်များသည် စည်းမျဉ်းဥပဒေကိုတိတိကျကျစောင့်ထိန်းခဲ့ကြပါသည်။ ယခုနောက်ဆုံးကာလတွင်လည်း ဘုရားသခင်သည် မိမိ၏သားသမီး များအားယုံကြည်ခြင်း၌ တစ်စိတ်တစ်ဝမ်းတည်းဖြစ်စေရန် စုသိမ်းနေ တော်မူသည်ဖြစ်ရာ စည်းကမ်းသေဝပ်မှုကိုယခင်အချိန်အခါများထက် အမှန်ပင်ပို၍လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည်

---

* မြော်လင့်သူများတွင် အသင်းတော်အားလုံးမှအသင်းသားများပါဝင်ကြ သည်ဖြစ်၍ မူလအစကသီးခြားအသင်းတော်တစ်ခုတည်ထောင်ရန် စိတ်ကူးအပေါက် ခဲ့ကြပါ။ ၁၈၄၄ ခုနှစ်နောက်ပိုင်းတွင် ရှုပ်ထွေးမှုကြီးပေါ်ပေါက်ခဲ့ပါသည်။ ဧဝံဂေလိ တရားတော်ဆိုင်ရာ တင်းပြည့်လွန်လပ်မှုနှင့်ဆန့်ကျင်သည်ဟုအကြောင်းပြ၍ လူအများစုက မည်သည့်အဖွဲ့အစည်းကိုမျှ မဖွဲ့စည်းလိုကြဘဲ ပြင်းထန်စွာကန့် ကွက်ကြပါသည်။ မစ္စစ်ပိုက်၏သက်သေခံချက်များနှင့်ဆောင်ရွက်ချက်များမှာ လည်း မည်သည့်အခါကမျှအယူသီးခြား၊ တစ်ဖက်စွန်းထွက်ခြင်းမရှိခဲ့ပါ။ ၎င်းအပြင်ရှုပ်ထွေးမှုအပေါင်းမှ ကာကွယ်ထားရန်အရေးကြီးသဖြင့် အဖွဲ့အစည်း တစ်ခုကိုပုံစံတစ်ခုခုဖြင့်အလျင်အမြန်တည်ထောင်ထားရန် အထူးလိုအပ်ကြောင်း သူမအားညွှန်ကြားတော်မူခဲ့ပါသည်။

မိမိ၏သားသမီးများအား ယင်းသို့စုသိမ်းနေတော်မူချိန်တွင် စာတန်နှင့် သူ၏အခမ္ဘတမန်များက နှောင့်ယှက်ဖျက်ဆီးရန်အထူးပင်အလုပ်ရှုပ် နေကြပါသည်။ ထို့ကြောင့် ပညာဥဏ်မပြည့်စုံသူ၊ ချင့်ချိန်ဝေဖန်တတ် သည့်သဘောတရားနည်းပါးသေးသောသူများအား အမှုတော်တွင်းသို့ အဆောတလျက်တွန်းပို့နေကြသည်ဖြစ်ရာ မိမိတို့၏အိမ်ထောင်များကိုပင် ကောင်းစွာမအုပ်ထိန်းနိုင်သူများလည်းပါလာပါသည်။ ထိုသူတို့အနေဖြင့် ဘုရားသခင်ပေးအပ်ထားတော်မူသည့်အနည်းငယ်မျှသော အိမ်သူအိမ် သားများကိုပင် စည်းကမ်းသေဝပ်စွာမအုပ်မထိန်းနိုင်သူများဖြစ်ကောင်း စရာရှိပါသည်။ သို့သော်ဘုရားသခင်၏သို့စုကိုမူကား တာဝန်ယူ၍ အုပ်ထိန်း နိုင်သည်ဟု သူတို့ကိုယ်သူတို့အထင်ကြီးကြ၏။ ထို့ကြောင့်သူတို့တွင် အမှားအယွင်းများစွာပင်ရှိကြပါသည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းတရား နှင့်အကျွမ်းတဝင်မဖြစ်ကြသေးသူများအနေဖြင့် ထိုကဲ့သို့သောအမှား အယွင်းများကို တွေ့သိကြသောအခါ ဘုရားသခင်၏သံတမန်များ အားလုံးကို ယင်းသို့ကိုယ်ကိုကိုယ်အမှုဆောင်အဖြစ် ခန့်အပ်ထားသသော သူများနှင့် အတူတူပင်ဖြစ်ကြသည်ဟုဝေဖန်ကြပါသည်။ ထိုကဲ့သို့သော သူများကြောင့် သမ္မာတရားတော်နှင့်စပ်လျဉ်း၍ ပွင့်ပွင့်လင်းလင်း၊ ကြောင့်ကြမကင်း၊ စိတ်ရင်းမမှန်ဖြင့်မေးမြန်းစုံစမ်းလိုသောသူများပင် သမ္မာတရားတော်ကိုရှောင်ကြ၏။ ဘုရားသခင်၏အမှုတော်ကိုပြစ်တင် ဝေဖန်ကြ၏။

ဘဝအသက်တာတွင်မသန့်ရှင်းသောသူများ၊ ယနေ့သမ္မာတရား တော်ကိုသွန်သင်ပေးရန်တတ်ကျွမ်းမှုမရှိသောသူများသည် အသင်းတော် ကလည်းကောင်း၊ ညီအစ်ကိုအများစုကလည်းကောင်း အသိအမှတ် မပြုဘဲ အမှုတော်သို့ဝင်ရောက်လာကြသောကြောင့် ရှုပ်ထွေးသွားမှုများ

သဘောထားကွဲလွဲမှုများပေါ်ပေါက်ခဲ့ပါသည်။ အချို့သောသူတို့သည် သမ္မာတရားကိုစာတွေ့ သဘောအားဖြင့်နားလည်ထားကြပါသည်။ အချေအတင်ပြောဆိုခြင်းကိုလည်းပြုနိုင်ကြပါသည်။ သို့သော် ဝိညာဉ်ရေးတွင်လည်းကောင်း၊ ချင့်ချိန်သုံးသပ်ရာတွင်လည်းကောင်း၊ အတွေ့အကြုံတွင်လည်းကောင်း၊ သမ္မာတရားတော်ကိုသွန်သင်ခြင်းမပြုမီ နားလည်သဘောပေါက်ထားရန် အမှန်လိုအပ်သည့်အချက်များတွင်လည်းကောင်း လုံလောက်မှုမရှိကြသေးပါ။ အခြားသူများမူကား အချေအတင်ပြောနိုင်သည့်အရည်အချင်းပင်မရှိကြပါ။ သို့သော် သူတို့အနေဖြင့် ကောင်းစွာဆုတောင်းပတ္ထနာပြုနေကြသည်ကိုလည်းကောင်း၊ စိတ်လှုပ်ရှားဖွယ်ရာနှိုးဆော်စကားများရံဖန်ရံခါပြောဟောနေကြသည်ကိုလည်းကောင်း သူတို့နှင့်နီးစပ်သောညီအစ်ကိုအနည်းငယ်က ကြားရမြင်ရကြသောအခါ အမှုတော်အတွင်းသို့ဆွဲသွင်းကြပါသည်။ အမှုတော်ကိုဆောင်ရွက်ရန် လုံလောက်သည့်အရည်အချင်းကိုလည်း ဘုရားသခင်ကသူတို့အားမပေးသေးပါ။ လုံလောက်သည့်အတွေ့အကြုံလည်းမရှိကြသေးပါ၊ အမှားအမှန်ကိုဝေဖန်သုံးသပ်၍ ဆုံးဖြတ်နိုင်ခြင်းလည်းမရှိကြသေးပါ၊ ထိုကြောင့်ဝိညာဉ်ရေးမာန်မာနထောင်လွှားကြ၏၊ လှည့်ဖြားမှုကိုခံရကြသဖြင့် သူတို့ကိုယ်သူတို့အမှုတော်ဆောင်များဖြစ်သည်ဟု ထင်မှတ်မှားလျက် ကိုယ်ကိုကိုယ်အထင်ကြီးလားကြ၏၊ သူတို့ကိုယ်သူတို့မသိကြပါ။ မှန်ကန်စွာဝေဖန်သုံးသပ်ရန်နှင့် သည်းခံ၍ဆင်ခြင်စဉ်းစားရန်လိုနေကြသေးပါသည်။ ထိုကြောင့်သူတို့ကိုယ်သူတို့ဝင့်ကြွားပြောဆိုကြ၏၊ နှုတ်ကပါဠိတရားတော်ကိုအခြေပြု၍ သက်သေမပြနိုင်သောအချက်များစွာကိုအခိုင်အမာဆိုကြ၏။ ယင်းကိစ္စကိုဘုရားသခင်သိမြင်တော်မူ၏။ ထိုကြောင့် ယခုကဲ့သို့အန္တရာယ်အပေါင်းနှင့်ရင်ဆိုင်ရသည့်အချိန်ကာလ

မျိုးတွင် ထိုသို့သောသူများအားခေါ်ဓာတ်မှုသည်မဟုတ်ပါ။ သို့ဖြစ်၍ ကိုယ်တော်ခေါ်တော်မူသောသူမဟုတ်လျှင် အမှုတော်တွင်းသို့တွန်းပို့ခြင်းမပြုမိရန် ညီအစ်ကိုများအနေဖြင့် သတိပြုသင့်ကြပါသည်။

ဘုရားသခင်ခေါ်တော်မူခြင်းကိုမခံရသောသူများသည် ယေဘုယျအားဖြင့် သူတို့အားဘုရားသခင်ခေါ်တော်မူသည်ဟုသူတို့ကိုယ်သူတို့ယုံကြည်ဆုံးစိတ်အချရဆုံးဖြစ်ကြ၏။ သူတို့၏လုပ်ငန်းတာဝန်များသည်လည်း အထူးပင်အရေးကြီးသည်ဟုသဘောထားကြ၏။ သူတို့သည် အမှုတော်တွင်းသို့ဝင်ရောက်ဆောင်ရွက်နေကြသော်လည်းများသောအားဖြင့် ကောင်းစွာသြဇာသက်ရောက်မှုမရှိကြပါ။ သို့သော်အချို့သောဒေသများတွင် အကန့်အသတ်အားဖြင့်အောင်မြင်မှုရကြ၏။ ယင်းသို့အောင်မြင်မှုကိုတွေ့မြင်ရကြသောအခါ သူတို့အားဘုရားသခင်ခေါ်တော်မူသည်မှာသေချာသည်ဟု သူတို့ကိုယ်သူတို့သာအကအခြားသောသူများကပါယုံမှန်ကြ၏။ သူတို့အောင်မြင်မှုအချို့ကိုထောက်၍ဘုရားသခင်ခေါ်တော်မူသောသူများဖြစ်သည်ဟု အတိအကျမပြောနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ယခုအခါတွင်ဘုရားသခင်၏ရိုးဖြောင့်သောသားသမီးများသည် ယနေ့သမ္မာတရားကိုထင်ရှားသိမြင်လက်ခံစွဲကိုင်လျက်အသက်ရှင်ကြစေရန် ကိုယ်တော်၏ကောင်းကင်တမန်များသည် သူတို့၏စိတ်နှလုံးများကိုနှိုးဆော်နေပါသည်။ ဘုရားသခင်ခန့်အပ်စေလွှတ်ခြင်းမဟုတ်၊ ကိုယ်တိုင်ခန့်အပ်သည့်အတိုင်းသွားရောက်၍ဓမ္မဆရာများဟုအမည်ခံလျက် သွန်သင်ပေးသည့်အသံများကိုကြားနာရသည့်အတွက် အသက်ဝိညာဉ်အနေဖြင့် သမ္မာတရားကိုလက်ခံကြပါသည်။ ယင်းကိုထောက်၍ သူတို့အားဘုရားသခင်ခေါ်တော်မူကြောင်းလုံလောက်သည့်သာဓကမဟုတ်ပါ။ သူတို့ထံမှသမ္မာတရားကိုလက်ခံ

ရရှိသူများသည် စမ်းသပ်စစ်ဆေးခြင်းနှင့်ချုပ်နှောင်ခြင်းကိုခံရန်အတွက် ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် နောက်ပိုင်းတွင်ထိုသူများသည် ဘုရားသခင်၏ရှေးဆောင်မှုတွင်မရပ်တည်သည်ကိုတွေ့မြင်ရကြ၏။ အကယ်၍မတရားသောသူတို့ကပင် သမ္မာတရားအကြောင်းကိုပြောဟော ကြပါက အချို့သောသူများခံယူကြပေလိမ့်မည်။ သို့သော်ယင်းသို့ ပြောဟောသူများသည် ဘုရားသခင်ထံတော်မှမည်သို့မျှပို၍မျက်နှာရကြ လိမ့်မည်မဟုတ်ပါ။ မတရားသောသူများသည် မတရားသောသူမျှးသာလဆင် ဖြစ်နေကြပေလိမ့်ဦးမည်။ ဘုရားသခင်ချစ်မြတ်နိုးတော်မူသောသူများ အပေါ် သူတို့ပြုသည့်လိမ်လည်လှည့်ဖြားမှုများအရလည်းကောင်း၊ အသင်းတော်တွင်းသို့သူတို့ယူဆောင်ခဲ့သောရှုပ်ထွေးမှုများအရလည်း ကောင်း ပြစ်ဒဏ်ပေးခြင်းကိုခံရကြပေလိမ့်မည်။ သူတို့၏အပြစ်ဒုစရိုက် များကိုဖုံးကွယ်၍ရကြလိမ့်မည်မဟုတ်ပါ။ ထာဝရဘုရားသခင်၏အမျက် တော်နေ့ကြီးရောက်လာသောအခါ သူတို့၏အပြစ်များကိုထင်ရှားအောင် ဖေါ်ထုတ်လိမ့်မည်။

ဤသို့ ကိုယ်ကိုကိုယ်ခန့်အပ်စေလွှတ်ကြသည့်သံတမန်များသည် အမှုတော်အတွက် ကျိန်ခြင်းအမင်္ဂလာတစ်ရပ်ဖြစ်ပါသည်။ သူတို့သည် ဘုရားသခင်ရှေ့ဆောင်တော်မူခြင်းကိုခံယူ၍ လှုပ်ရှားနေကြသည်။ အသင်းတော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်ကြသည်ဟူ၍ယူဆကြသဖြင့် ရိုးဖြောင့်သောသူများက သူတို့ကိုယုံကြည်အားထားကြ၏။ ထိုကြောင့် သူတို့ပို့ချသောနည်းလမ်းစည်းကမ်းများကိုခံယူလိုက်နာကြ၏။ ၎င်းအ ပြင်တာဝန်သတ်မှတ်ချက်အရ သူတို့ပထမဆောင်ရွက်ရမည့်လုပ်ငန်း တာဝန်မှာထင်ရှားနေသည်ဖြစ်၍ သူတို့ပေးသောနှစ်ခြင်းမင်္ဂလာကိုလည်း ခံယူကြ၏။ သို့သော်အလင်းတရားသည် ဧကန်အမှန်ပေါ်ပေါက်လာရ

မည်ဖြစ်သည့်အလျောက်ပေါ်ပေါက်လာသောအခါ ဤသူများသည် သူတို့နားလည်ခဲ့သည့်အတိုင်းမဟုတ်ကြောင်း၊ ဘုရားသခင်ခေါ်တော်မူသည့်သံတမန်များမဟုတ်ကြောင်းသိမြင်လာကြပါသည်။ ထိုအခါ သူတို့ထံမှရရှိလက်ခံထားသသောအလင်းတရားမှန်ပါစဟူ၍လည်းကောင်း မူလအစမှပြန်၍သင်ယူမည်လောဟူ၍လည်းကောင်း သံသယဖြစ်လာသောကြောင့် စမ်းသပ်စစ်ဆေးခြင်းနှင့်ထိပ်တိုက်တွေ့ကြ၏။ ထိုအခါ ရန်သူကြောင့် သူတို့ဗဟုသုတများနှင့်ပတ်သက်၍ စိတ်ရှုပ်ထွေးကြ၏၊ ဒုက္ခနှင့်ရင်ဆိုင်ရကြ၏၊ ဘုရားသခင်သည် သူတို့အားလမ်းပြပို့ဆောင်ပါ၏လောဟု သံသယဖြစ်ကြသခြင့် နောက်တစ်ကြိမ်နှစ်ခြင်းမင်္ဂလာခံယူ၍ အသစ်သောအသက်တာဖြင့် နောက်တစ်ဖန်အစမပြုရမီတိုင်အောင် သူတို့ကိုယ်သူတို့မကျေနပ်နိုင်ကြပါ။ ဘုရားသခင်၏သံတမန်များအနေဖြင့် ယင်းသို့မှားယွင်းသောလမ်းစဉ်ဖြင့်ပုံသွင်းထားသောဒေသများသို့သွားရောက်၍ အမှုတော်ဆောင်ရွက်ရခြင်းသည် နယ်သစ်သို့သွားရောက်ဆောင်ရွက်ရခြင်းထက်ပို၍စိတ်ပင်ပန်းကြပါသည်။ ဘုရားသခင်၏အမှုတော်ဆောင်များသည် ရှင်းလင်းပြတ်သားစွာဆက်ဆံရမည်၊ ပွင့်ပွင့်လင်းလင်းဆောင်ရွက်ရမည်၊ အမှားများကိုလည်းဖုံးကွယ်၍ မထားရပါ။ အဘယ်ကြောင့်ဆိုသော်သူတို့သည် သေသူနှင့်ရှင်သူတို့စပ်ကြားတွင် ရပ်တည်နေကြရသည်ဖြစ်၍ သူတို့အနေဖြင့်သစ္စာရှိမှု၊ သူတို့အနေဖြင့်အမှုတော်ဆောင်ရွက်မှု၊ ဘုရားသခင်တာဝန်ပေးလွှဲအပ်ထားသည့် သိုးစုအပေါ် သူတို့၏အားထုတ်ဆွဲဆောင်မှုများအတွက် သူတို့ကိုယ်တိုင် ဘုရားသခင်နှင့်စာရင်းရှင်းရကြပါလိမ့်မည်။

သမ္မာတရားတော်ကိုလက်ခံပြီးမှ ယင်းကဲ့သို့စစ်ဆေးစမ်းစပ်ခြင်းပြဿနာမျိုးနှင့်ရင်ဆိုင်ရသူများအနေဖြင့် အချိန်တန်မှသူတို့အတွက်

ဘုရားသခင်စီမံထားသည့် သာမန်နေရာတွင်သာဝင်ရောက်ကြမည်ဆို ပါက သူတို့ခံယူထားပြီးသောသမ္မာတရားတော်ကိုဆက်လက်ဆုပ်ကိုင် ထားနိုင်ကြပေလိမ့်မည်။ ဘုရားသခင်သည် ကျောက်မျက်ရတနာများ တည်းဟူသောမိမိလူတို့အား အမြဲတစေကြည့်ရှုစောင့်ရှောင်နေတော်မူ သည်ဖြစ်ရာ သူတို့ထံသို့အရွေးအချယ်ခံ သံတမန်များ၊ နားလည်မှု အပြည့်အဝနှင့်လှုပ်ရှားမည့်သူများကိုစေလွှတ်တော်မူလိမ့်မည်။ သူတို့ သည်လည်းသမ္မာတရားတော်ကိုကောင်းစွာနားလည်သဘောပေါက်၍ ဆည်းကပ်နိုင်ကြလိမ့်မည်။ သမ္မာတရားတော်၏တင့်တယ်ခြင်း၊ ရှင်း လင်းပြတ်သားခြင်းတို့ကြောင့်လည်း နှစ်သက်နေကြပေလိမ့်မည်။ ၎င်းအပြင်သူတို့သည် သမ္မာတရားတော်ဆိုင်ရာတန်ခိုးအာနိသင်၏ အကျိုးသက်ရောက်မှုကိုခံစားရကြသောအခါ ကြံ့ခိုင်မှုနှင့်သန့်ရှင်းသော ဩဇာသက်ရောက်မှုကိုလည်း ရရှိကြလိမ့်မည်။

ထိုမှတစ်ဖန် ဘုရားသခင်ခေါ်တော်မူခြင်းမခံရသူများခရီးလှည့် လည်ကြရာတွင် အန္တရယ်ကြီးမားပုံကိုလည်း ကျွန်မအားဖော်ပြတော် မူပါသည်။ သူတို့အနေဖြင့် တစ်စိတ်တစ်ဒေသအောင်မြင်နေသည်တိုင် အောင် အရည်အချင်းမပြည့်စုံသေးကြောင်းသိသာလာလိမ့်မည်။ အဆင်း သာရှိ၍ အရည်အချင်းမလုံလောက်သောကြောင့် ချင့်ချိန်မှုကင်းမဲ့စွာလှုပ်ရှား ကြလိမ့်မည်ဖြစ်ရာ မွန်မြတ်သည့်ဝိညာဉ်အချို့ မည်သည့်အခါတွင်မျှ လက်လှမ်းမမီနိုင်လောက်အောင် လွင့်သွားကြလိမ့်မည်။ ထိုကြောင့် အသင်းတော်သည် တာဝန်သိစွာဖြင့်အလေးပြုအာရုံစိုက်လျက် ဓမ္မအမှု ဆောင်အမည်ခံသူများ၏ယေဘုယျလုပ်နည်းလုပ်ဟန်များ၊ အရည် အချင်းများနှင့်ဘဝအသက်တာများကိုကြည့်ရှုစစ်ဆေးသင့်သည်ဟု ကျွန်မ မြင်ရပါသည်။ သူတို့အားဘုရားသခင်ခေါ်တော်မူကြောင်း မမှားမယွင်း

နိုင်လောက်သက်သေသာဓက မတွေ့ရပါကလည်းကောင်း၊ ယင်းကဲ့သို့ ခေါ်တော်မူခြင်းကိုအလေးဂရုမပြုသဖြင့် သူတို့အပေါ်သို့ 'အမင်္ဂလာ' သက်ရောက်နေပါကလည်းကောင်း ထိုသူတို့သည် အသင်းတော်က အသိအမှတ်ပြုထားသောဩဝါဒဆရာများမဟုတ်ကြောင်း အရေးယူ ကြေညာရန်မှာ အသင်းတော်၏တာဝန်ဖြစ်ပါသည်။ ယင်းအကြောင်း အရာနှင့်စပ်လျဉ်း၍ အသင်းတော်တွင်သာလုံးဝတာဝန်ရှိသောကြောင့် ရှင်းရှင်းလင်းလင်းဖြစ်စေရန် ယင်းနည်းလမ်းဖြင့်သာဆောင်ရွက်နိုင် ပါသည်။

ဘုရားသခင်၏သိုးစုကိုဒုက္ခပေးရေးနှင့် ဖရိုဖရဲဖြစ်သွားစေရေး အတွက် ရန်သူဝင်သောယင်းတံခါးပေါက်ကိုပိတ်လျှင်ဖြစ်နိုင် သည်ဟု ကျွန်မမြင်ရပါသည်။ မည်သို့မည်ပုံပိတ်ထားရမည်ကို ကောင်းကင်တမန်အား ကျွန်မကမေးသောအခါ "အသင်းတော်သည် ဘုရားသခင်၏နှုတ်ကပါဌ်တရားထံအသော့နှင်း၍ သတိမပြုလျစ်လျူ ရှုထားခဲ့သည့်ဧဝံဂေလိစည်းမျဉ်းဥပဒေများတွင် ပြန်လည်တည်ဆောက် ရမည်" ဟု ပြောပါသည်။ အသင်းတော်သည်ယုံကြည်ခြင်း၌ တစ်လုံး တစ်ဝတည်းဖြစ်ရေးအတွက် ရည်သန်လျက်ဇေနစ်စင်စစ်ဆောင်ရွက် ရမည်။ တမန်တော်များခေတ်က ဩဝါဒဆရာတုများလိမ်လည်ဖြား ယောင်းမှုအန္တရာယ်နှင့်ရင်ဆိုင်ခဲ့ရပုံကိုလည်း ကျွန်မမြင်ရပါသည်။ ထို့ကြောင့် မိမိတို့၏နေအိမ်ကိုကောင်းစွာအုပ်ထိန်းနိုင်သူဟူ၍လည်း ကောင်း၊ မိမိတို့မိသားစုကို ကောင်းစွာစီမံကွပ်ကဲနိုင်သူဟူ၍လည်း ကောင်း၊ အမှောင်မိုက်အတွင်းကျရောက်နေသူများအား အလင်းတရား ပေးနိုင်သည့်စွမ်းအားရှိသူများဖြစ်သည်ဟူ၍လည်းကောင်း အထောက် အထားရှိသူများကိုသာ ညီအစ်ကိုများကရွေးချယ်ခဲ့ကြပါသည်။ ဤသို့

ရွေးချယ်ကြပြီးမှ ယင်းအချက်များနှင့်ပတ်သက်၍ ဘုရားသခင်ထံ ပတ္ထနာပြု၍ မေးလျှောက်ခဲ့ကြပါသည်။ ထိုနောက်အသင်းတော်၏ သဘောထားအရလည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်ပြုပြင်မှုအရ လည်းကောင်း ထိုသူများအားလက်တင်မင်္ဂလာပေးပြီးမှ သီးသန့်ထား ကြပါသည်။ သူတို့သည်လည်း ဘုရားသခင်ခန့်အပ်ထားတော်မူခြင်းကို ခံရပြီးနောက်၊ အသင်းတော်၏သဘောတူခွင့်ပြုချက်ဖြင့် အသီးသီး ထွက်ခွာလျက် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော် ၏နာမ၌ နှစ်ခြင်းမင်္ဂလာပေးကြ၏။ ဘုရားသခင်၏အိမ်တော်နှင့်စပ် လျဉ်းသောဥပဒေများအတိုင်း စီမံအုပ်ချုပ်ကြ၏။ ကယ်တင်ရှင်သည် လက်ဝါးကပ်တိုင်ပေါ်တွင်အသေခံတော်မူခြင်းဆိုင်ရာ ကျိုးပဲ့ကြေမွ သောအသားတော်နှင့်ယိုဖိတ်သောအသွေးတော်တို့၏ အမှတ်လက္ခဏာ များအကြောင်းကိုလည်းကောင်း၊ ကိုယ်တော်ခံစားရတော်မူသည့်ဒုက္ခ ဝေဒနာများ၊ ဆင်းရဲခြင်းများနှင့်တကွ အသေခံတော်မူပုံအကြောင်းရင်း အစုံကိုလည်းကောင်း ဘုရားသခင်ချစ်မြတ်နိုးတော်မူသည့် သားသမီး တို့အနေဖြင့် အမြဲတစေသတိရအောက်မေ့နေကြစေရန်ဖော်ပြလျက်၊ တင်ဆက်လျက် သန့်ရှင်းသူများအနီးတွင် လုပ်ကျွေးသမှုပြုနေတတ် ကြပါသည်။

ထိုမျှမကတမန်တော်များခေတ်ကဲ့သို့ပင် ယနေ့ကာလတွင်လည်း သြဝါဒဆရာတုဆရာယောင်များနှင့် မလွတ်မကင်းသေးကြောင်း ကျွန်ုပ် မြင်ရပါသည်။ ဘုရားသခင်၏သိုးစုအတွင်း စည်းလုံးညီညွတ်ခြင်း၊ ငြိမ်သက်ခြင်း၊ သင်တင့်လျောက်ပတ်စွာနေထိုင်နိုင်ခြင်းရှိကြစေရန် ထိုခေတ်ကထက်မပိုသည်တိုင်အောင် သူတို့ဆောင်ရွက်ခဲ့ကြသည့်နည်းတူ အထူးစီမံချက်များနှင့်ဆောင်ရွက်သင့်ပါသည်။ သူတို့၏ပုံစံနမူနာအတိုင်း

လိုက်လျှောက်သင့်ပါသည်။ တွေ့အကြုံဗဟုသုတများ၍ပညာအမြော်အမြင်နှင့်ပြည့်စုံသည့် ညီအစ်ကိုများစုဝေးလျက် ဘုရားသခင်၏နှုတ်ကပါဠ်တော်နှင့်အညီ သန့်ရှင်းသောဝိညာဉ်တော်ခွင့်ပြုချက်အရလည်းကောင်း၊ စိတ်အားထက်သန်စွာဆုတောင်းပတ္ထနာပြုကြခြင်းအားဖြင့်လည်းကောင်း ဘုရားသခင်တာဝန်လွှဲအပ်ခြင်းခံရသည်ဟု သာဓကလုံလောက်သူများအား လက်တင်မင်္ဂလာပေးပြီးလျှင် ကိုယ်တော်၏အမှုတော်အတွက် လုံးလုံးလျားလျားဆက်ကပ်ထားနိုင်ကြစေရန်သူတို့အားသီးသန့်ထားသင့်ပါသည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့်သူတို့သည်လူတို့အတွက်အလေးနက်ဆုံးသောသတင်းစကားကိုသယ်ဆောင်သွားကြရန်အသင်းတော်၏ခွင့်ပြုချက်ရရှိထားပြီးသူများဖြစ်ကြောင်း ကြေညာထားရာရောက်ပါသည်။

ယခင်ကသူတို့နှစ်ခြိုက်မြတ်နိုးခဲ့သည့် အမှားဝါဒများတည်းဟူသောနတ်မိစ္ဆာအယူဝါဒများ၊ လိုလေသေးမရှိစုံလင်သည့်အယူဝါဒဟုအမည်တွင်သောအမှားဝါဒများစသည့်ဝါဒများကြောင့် သူတို့၏စိတ်အာရုံနှင့်ချင့်ချိန်ဝေဖန်တတ်သောအသိဉာဏ်အားနည်းယုတ်လျော့သွားသောသူများလက်ဝယ်သို့လည်းကောင်း၊ ယင်းအဓမ္မလမ်းစဉ်များတွင်ရှိခဲ့စဉ်က သူတို့ကိုယ်သူတို့အသရေပျက်စေပြီးလျှင် သမ္မာတရားလမ်းစဉ်ကိုရှုတ်ချဝေဖန်သူများလက်ဝယ်သို့လည်းကောင်း ဘုရားသခင်သည်မိမိမြတ်နိုးသောသိုးစုကို အပ်နှင်းတော်မူလိမ့်မည်မဟုတ်ပါ။ ယခုအခါသူတို့သည် ယင်းအမှားအယူဝါဒများမှလွတ်မြောက်ပြီဖြစ်၍ ဤနောက်ဆုံးသောသတင်းစကားကိုဝေငှရန် အရည်အချင်းလုံလောက်ပြီဟု သူတို့ကိုယ်သူတို့သဘောထားကြမည်ဖြစ်သော်လည်း ဘုရားသခင်သည်သူတို့အားလက်ခံတော်မူလိမ့်မည်မဟုတ်ပါ။ သူတို့သည်အမှားလမ်းစဉ်

များတွင်မွေ့လျော်ခဲ့ကြစဉ် သူတို့၏ချင့်ချိန်နိုင်သည့်စွမ်းရည်များ ပျက်သုဉ်းယုတ်လျော့သွားခဲ့ကြပြီဖြစ်ရာ ဘုရားသခင်သည် မှန်မြတ်သောအသက်ဝိညာဉ်များကိုသူတို့လက်သို့ပေးအပ်တော်မူလိမ့်မည်မဟုတ်ပါ။ မြင့်မြတ်သန့်ရှင်းတော်မူသောအရှင်သည် အပြစ်ရှိသည်ဟုယုံလွယ်သောဘုရားသခင်ဖြစ်တော်မူသောကြောင့် သန့်ရှင်းသောသူများကိုသာလျှင် မိမိ၏သမ္မာတရားတော်ကိုသယ်ဆောင်ခွင့်ပြုတော်မူလိမ့်မည်။ သိနာတောင်ပေါ်မှ ဘုရားသခင်မိန့်မြွက်တော်မူသည့် သန့်ရှင်းသောပညတ်တော်သည် မိမိကိုယ်တော်တိုင်၏တစ်စိတ်တစ်ဒေသဖြစ်သောကြောင့် ယင်းပညတ်တော်ကိုတိကျစွာစောင့်ထိန်းလိုက်နာသည့်သန့်ရှင်းသူများကသာလျှင် သူတစ်ပါးတို့အားသွန်သင်ရန် ခွင့်ပြုတော်မူလိမ့်မည်။

သမ္မာတရားတော်ကိုသွန်သင်သည့်ဘုရားသခင်၏အမှုတော်ဆောင်များသည် ချင့်ချိန်ဝေဖန်နိုင်စွမ်းရှိသူများဖြစ်သင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် သမ္မာတရားတော်ကိုအတိုက်အခံပြုသောသူတို့သည် ယင်းတရားတော်ကိုဟောပြောသောသူများအား အပြစ်ရှာကြလိမ့်မည်ဖြစ်၍လည်းကောင်း၊ ကန့်ကွက်ငြင်းခုံစရာအကြောင်းရနိုင်သမျှကိုလည်း အဆိုးရွားဆုံးသောပုံစံဖြင့် သမ္မာတရားတော်ကိုအတိုက်အခံပြုကြလိမ့်မည်ဖြစ်၍လည်းကောင်း၊ သူတို့သည် ယင်းသို့အတိုက်အခံပြုဝေဖန်သူအားစိတ်လှုပ်ရှားမှုကင်းစွာဖြင့် ရင်ဆိုင်နိုင်စွမ်းရှိရပါမည်။ သတင်းစကားတော်ကိုသယ်ဆောင်သည့် ဘုရားသခင်၏သံတမန်များသည် ယင်းကန့်ကွက်ငြင်းခုံခြင်းများကိုတည်ငြိမ်စွာဖြင့်လည်းကောင်း၊ နူးညံ့သိမ်မွေ့စွာဖြင့်လည်းကောင်း၊ သမ္မာတရားတော်၏အလင်းရောင်ဖြင့်လည်းကောင်း ချေပနိုင်စွမ်းရှိရပါမည်။ ဘုရားသခင်၏အမှုတော်ဆောင်များအား အတိုက်အခံသမားများက အမျက်ဒေါသထွက်သည့်ပုံစံမျိုးဖြင့်

အဖန်တလဲလဲပြောဆိုဆက်ဆံတတ်ကြပါသည်။ ယင်းသို့ပြုကြသည်မှာ သူတို့က ဆက်ဆံကြသည့်ပုံစံအတိုင်း တုံ့ပြန်မှုရရှိရန်တတ်နိုင်သမျှ ကြိုးစားအားထုတ်ခြင်းပင်ဖြစ်ပါသည်။ သို့မှသာလျှင် ပညတ်တော်နှင့် ဆိုင်သောဓမ္မဆရာများသည်လည်း အများပြောနေကြသည်အတိုင်း စိတ်နေသဘောထားပြင်းထန်ရိုင်းပျသည်ဟု သူတစ်ပါးတို့အားဆက် လက်ဝါဒဖြန့်နိုင်ကြပေလိမ့်မည်။ ကန့်ကွက်ငြင်းခုံခြင်းများကိုရင်ဆိုင် ရန်အတွက်လည်းကောင်း ကျွန်ုပ်တို့အနေဖြင့် အသင့်ပြင်ဆင်မှုရှိထားရ မည်ဟု ကျွန်ုမမြင်ရပါသည်။ သည်းခံခြင်း၊ ချင့်ချိန်ခြင်း၊ နူးညံ့သိမ် မွေ့ခြင်းတို့ဖြင့် သူတို့အားထိုက်သင့်သည့်အတိုင်း လေးစားရပါမည်။ အမှန်တရားအတိုင်းအခိုင်အမာပြောဆိုခြင်းဖြင့် သူတို့လွင့်စဉ်မသွားပါ စေနှင့်၊ မနှိမ်ပါနှင့်၊ ခက်ထန်သည့်သဘောထားကိုမပြပါနှင့်၊ သူတို့ ၏ကန့်ကွက်ငြင်းခုံချက်များကိုအလေးပေးပါ။ သို့ပြီးမှအလင်းတရားနှင့် သမ္မာတရား၏တန်ခိုးတော်ကိုထုတ်ဖော်ခြင်းဖြင့် အလေးသာစေပြီးလျှင် အမှားများကိုအလင်းတရားဖြင့်ပပျောက်စေပါ။ ယင်းသို့ဆောင်ရွက် ပါက ရိုးသားစွာအတိုက်အခံပြုသောသူတို့သည် အမြင်မှန်ကိုရကြပြီး လျှင် သူတို့အနေဖြင့် လိမ်လည်လှည့်ဖြားခြင်းကိုခံနေရကြပါသည် တကားဟူ၍လည်းကောင်း၊ ပညတ်တရားတော်ကိုစောင့်ထိန်းသူများ မှာ အများသူငှာဝါဒဖြန့်ထားကြသည့်အတိုင်း မဟုတ်ကြောင်းကို လည်းကောင်း ဝန်ခံကြပေလိမ့်မည်။

အသက်ရှင်တော်မူသော ဘုရားသခင်၏အမှုတော်ဆောင်အစေခံ များဖြစ်ပါသည်ဟု ဝန်ခံသောသူများသည် လူသားတိုင်းအတွက်အစေ ခံများ၊ သူတစ်ပါးအကျိုးသယ်ပိုးရွက်ဆောင်လိုသောသူများဖြစ်ရပါ မည်။ ညီအစ်ကိုချင်းထက် ချီးမြှင့်ခြင်းကိုခံလိုသောဆန္ဒကင်းရမည်

ကြင်နာစိတ်ရှိရမည်၊ ယဉ်ကျေးသိမ်မွေ့ရမည်၊ အမှားပြုမိပါက မာန်မာန မထားဘဲ အကြွင်းမဲ့ဝန်ချတောင်းပန်လိုသောစိတ်ရှိရမည်၊ ရိုးဖြောင့် သောသဘောဖြင့် အမှားကိုပြုမိပါသည်ဟုအကြောင်းပြ၍ ဝန်ချတောင်း ပန်ခြင်းမပြုဘဲနေရန်မှာ လုံလောက်သည့်ဆင်ခြေမဟုတ်ပါ။ ဝန်ချ တောင်းပန်သည့်အတွက် အသင်းတော်က ယင်းအမှုဆောင်အပေါ် ယုံကြည်မှုလျော့နည်းသွားလိမ့်မည်မဟုတ်သည်သာမက သူ့အနေဖြင့် ပုံသက်သေကောင်းဖြစ်ပေလိမ့်မည်၊ အသင်းတော်တွင်ဝန်ချတောင်းပန် လိုစိတ်ပြန့်ပွား၍ သာယာသောစည်းလုံးညီညွှန်ခြင်းရှိလိမ့်မည်။ ဓမ္မအမှုဆောင်များဖြစ်ကြသည်ဟုအဆိုပြုသောသူများသည် ဘုရားတရား ကြည်ညိုခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်နှလုံးနှိမ့်ချခြင်း၊ ကြင်နာသော သဘောရှိခြင်း၊ ယေရှုရှင်၏ထံတော်သို့လည်းကောင်း၊ သမ္မာတရားတော် လမ်းစဉ်သို့လည်းကောင်း ဝိညာဉ်များသိမ်းသွင်းခြင်းစသည်တို့၌ ပုံစံ နမူနာများဖြစ်သင့်ပါသည်။ ခရစ်တော်၏အမှုတော်ဆောင်တစ်ယောက် သည် စကားပြောဆိုရာတွင်လည်းကောင်း၊ လှုပ်ရှားမှုတွင်လည်းကောင်း သန့်စင်ပီပြင်ခြင်းရှိသင့်ပါသည်။ သူသည်ဝိညာဉ်တော်ဆိုင်ရာသတင်း စကားများ၊ သန့်ရှင်းတော်မူသည့်ဘုရားသခင်၏နှုတ်ကပါဌ်တရားတော် များကို ကိုင်တွယ်ဆောင်ရွက်နေသူဖြစ်သည်ဟု အမြဲတစေသတိရနေ ရမည်။ ထို့မျှမက ဘုရားသခင်၏သိုးစုငယ်ကိုသူ၏လက်ဝယ်တွင် အပ်နှင်းထားသည်ဖြစ်၍ သူတို့၏အမှုကိစ္စအရပ်ရပ်ကိုယေရှုထံတော်သို့ ဆက်ကပ်ခြင်းဖြင့် သခင်ယေရှုသည် ခမည်းတော်ထံမှ ကျွန်ုပ်တို့အတွက် အသနားခံတော်မူသည်နည်းတူ သူတို့၏အမှုကိစ္စရပ်များကိုဆုတောင်း ပတ္ထနာပြု၍ ဆက်လက်အသနားခံပေးရန် တာဝန်ရှိသည်ဟုအမြဲတစေ သတိရနေရမည်။ ထိုနောက်ရှေးပဝေသဏီကဣသရေလအမျိုးသားများ

အကြောင်းကို ကျွန်မအားပြန်၍ဖေါ်ပြတော်မူသဖြင့် သန့်ရှင်းရာဌာနတော်၏အမှုတော်ဆောင်များသည် ဘုရားသခင်နှင့်နီးကပ်စွာဆက်ဆံဆောင်ရွက်ရသောကြောင့် သူတို့အနေဖြင့်မည်မျှလောက်သန့်ရှင်းစင်ကြယ်ရပုံများကို ကျွန်မမြင်ရပါသည်။ အမှုတော်ကိုထမ်းဆောင်ရသောသူများသည် သန့်ရှင်းရမည်၊ စင်ကြယ်ရမည်၊ သူတစ်ပါးကဲ့ရဲ့စရာအပြစ်အနာအဆာမှအစ မကောင်းသောလက္ခဏာများမရှိရ၊ သို့မဟုတ်ပါက ဘုရားသခင်သုတ်သင်စီရင်တော်မူလိမ့်မည်။ ဘုရားသခင်သည်ပြောင်းလဲခြင်းမရှိ။ ကိုယ်တော်သည်ကမ္ဘာအဆက်ဆက်က သန့်ရှင်းတော်မူခဲ့သည်နည်းတူ ယနေ့လည်းသန့်ရှင်းတော်မူ၏။ သေချာစေ့စပ်တော်မူခဲ့သည်နည်းတူ ယနေ့လည်းသေချာစေ့စပ်တော်မူ၏။ ယေရှု၏အမှုတော်ဆောင်ဖြစ်ပါသ်ဟု ဝန်ခံသောသူများသည် ဟေုသုတကြွယ်ဝသောသူများဖြစ်ရမည်။ လေးလေးနက်နက်ဘုရားတရားကြည်ညိုသောသူများဖြစ်ရမည်၊ သို့မှသာလဆင်နရာတိုင်း၊ အချိန်ကာလမရွေးသန့်ရှင်းသောဆွဲဆောင်မှုကိုပြုနိုင်ကြပေလိမ့်မည်။

သတင်းစကားတော်ကိုသယ်ဆောင်သည် သံတမန်များအနေဖြင့် လမ်းပွင့်နေသည့်ဒေသတိုင်းသို့ရောက်ကြရန်အချိန်တန်ပြီဖြစ်ကြောင်း၊ ဘုရားသခင်ကိုယ်တော်တိုင် သူတို့ရှေ့မှကြွတော်မူလျက် အချို့လူတို့၏စိတ်နှလုံးတံခါးများကိုဖွင့်ပြီးလျှင် တရားတော်ကိုနာကြားရန်အသင့်ရှိနေကြလိမ့်မည်ဖြစ်ကြောင်း ကျွန်မမြင်ရပါသည်။ အသစ်သောဒေသများသို့သွားရောက်ကြရမည်ဖြစ်ရာ ညီညွတ်မှုမရှိပါက ဝင်ရောက်အမှုဆောင်သည့်နေရာတိုင်းတွင် စိတ်တူသဘောတူလက်တွဲဆောင်ရွက်နိုင်ကြရန်အတွက် နှစ်ယောက်တစ်တွဲ၊ နှစ်ယောက်တစ်တွဲသွားကြပါက အလွန်သင့်လျော်ပါလိမ့်မည်။ ယင်းကိစ္စနှင့်ပတ်သက်၍ တင်ဆက်ခဲ့ဖူး

သည့်ပုံစံမှာ၊ အမှောင်မိုက်ဆုံးသောဒေသသို့ညီအစ်ကိုနှစ်ယောက်လက်တွဲဝင်ရောက်ခရီးလှည့်လည်ခြင်းမှာ အစီအစဉ်ကောင်းတစ်ရပ်ဖြစ်ပါသည်။ ဆန့်ကျင်မှုများ၍အမှုဆောင်ရွက်ရန် အများဆုံးလိုအပ်သောဒေသများတွင် ယုံကြည်မှုထက်သန်စွာဖြင့် စည်းလုံးညီညွတ်စွာဖြင့်အားထုတ်ဆောင်ရွက်လျက် မှောင်မိုက်ဖုံးလွှမ်းနေသောသူများ၏ရှေ့မှောက်တွင် သမ္မာတရားတော်ကိုဖွင့်ပြရမည်။ ၎င်းနောက်သူတို့သည်လူချင်းခွဲ၍ ခရီးလှည့်လည်ခြင်းဖြင့် ပိုမိုကျယ်ပြန့်သောဒေသများတွင် လုပ်ငန်းပိုမိုပြီးမြောက်အောင်မြင်စရာအကြောင်းရှိပါက ယင်းနည်းအတိုင်းပင်ဆောင်ရွက်နိုင်ပါသည်။ သို့သော်ခရီးလှည့်လည်စဉ်တွင်မကြာမကြာပြန်လည်တွေ့ဆုံလျက် တစ်ဦးကိုတစ်ဦးယုံကြည်ခြင်းဖြင့်အားပေးကူညီလျှင် ခွန်အားရရှိကြလိမ့်မည်။ တစ်ဦးနှင့်တစ်ဦးလက်တွဲဆောင်ရွက်ခြင်းလည်းဖြစ်ပေ၏။ ထိုမျှမက သူတို့ရှေ့တွင်ဖွင့်ထားသောဒေသအတွက် တစ်ဦးနှင့်တစ်ဦးအကြံပေးတိုင်ပင်၍ ထိုပွင့်နေသောဒသအတွက် မည်သူ၏စွမ်းရည်ကအသင့်လျော်ဆုံးဖြစ်မည်ကိုလည်းကောင်း၊ မည်သည့်နည်းလမ်းအားဖြင့် လူတို့၏စိတ်နှလုံးများနှင့်တွေ့ထိရာတွင် အများဆုံးသောအောင်မြင်မှုရရှိလိမ့်မည်ကိုလည်းကောင်း သဘောတူဆွေးနွေးဆုံးဖြတ်လျက်ဆောင်ရွက်သင့်ပါသည်။ သို့ပြီးမှလူချင်းခွဲခွာကြပြန်သောအခါ အတိုက်အခံသမားများနှင့်ရင်ဆိုင်ရန်အတွက်လည်းကောင်း၊ မှောင်မိုက်ကိုဖြိုခွင်းရန်အတွက်လည်းကောင်း၊ ပျက်စီးဆုံးရှုံးလုနီးသောအသက်ဝိညာဉ်များကယ်ဆယ်ရေးတွင် ကိုယ်ချင်းစာတရားဖြင့်အမှုတော်ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း ရဲရင့်တည်ကြည်ခြင်းနှင့်ခွန်အားသစ်ကိုရရှိကြပေလိမ့်မည်။

ဘုရားသခင်၏အမှုတော်ဆောင်များသည် ဒေသတစ်နေရာတည်းသို့ အဖန်တလဲလဲသွား၍အမှုတော်ဆောင်ခြင်းမပြုဘဲ အသစ်သောဒေသများတွင် အသက်ဝိညာဉ်သစ်များထပ်မံရှာဖွေသင့်ကြောင်း ကျွန်မမြင်ရပါသည်။ သမ္မာတရားတော်တွင်တည်မြဲပြီးသောအသင်းသားများသည် အမှုဆောင်များ၏လုပ်အားကိုများစွာမယူသင့်ပါ။ သူတို့ကိုယ်တိုင်ကြိုးစား၍ရပ်တည်နေသင့်ပါသည်။ မိမိတို့၏ဝန်းကျင်တွင်ရှိသောသူများကိုလည်း အားပေးကူညီသင့်ပါသည်။ သို့မှသာလျှင် ဘုရားသခင်၏သံတမန်တော်များအနေဖြင့် မှောင်မိုက်ဖုံးလွှမ်းသောနေရာများ၊ လူအရောက်အပေါက်နည်းသောဒေသများသို့သွား၍ ယနေ့သမ္မာတရားမသိမကြားရသေးသောသူများအား သမ္မာတရားတော်ကိုတင်ဆက်နိုင်ကြပေလိမ့်မည်။

---ooo---

## အသင်းတော်၏ပြဿနာများ*

**လေးစားအပ်သောညီအစ်ကိုမောင်နှမတို့၊**

အဓမ္မဝါဒလျင်မြန်စွာတိုးတက်ဖွံ့ဖြိုးနေသည်ဖြစ်ရာ ဘုရားသခင်၏အမှုတော်တွင်နိုးကြားမှုရှိ၍ ကျွန်ုပ်တို့နေထိုင်ကြသည့်အချိန်ကာလ၏အခြေအနေမှန်ကိုသဘောပေါက်သင့်ပါသည်။ ကမ္ဘာမြေကြီးကိုမှောင်မိုက်ဖုံးလွှမ်းလိမ့်မည်။ လူတို့အားကြီးမားသောမှောင်မိုက်လွှမ်းခြုံလိမ့်

---

* ၁၈၅၃ ခုနှစ်၊ ဩဂုန်လ ၁၁ ရက်နေ့ထုတ်ရီဗြူးမှ (Review)

မည်။ မိစ္ဆာဒိဋ္ဌိနှင့်အဓမ္မဝါဒဆိုင်ရာအမှောင်ထုကြီးသည် ယနေ့လူအများ စုကိုဖုံးအုပ်နေသဖြင့် ကျွန်ုပ်တို့၏မိုက်မဲမှုရှိသမျှကိုလှုပ်ခါချပြီးလျှင် ဘုရားသခင်နှင့်နီးကပ်စွာသက်ရှင်နေထိုင်ရမည်။ သို့မှသာလျှင် ယေရှု၏ မျက်နှာတော်မှ ဘုန်းအသရေတော်အလင်းရောင်ခြည်ကိုရယူနိုင်လိမ့် မည်။ အမှောင်ထုကြီးပို၍ထူထပ်လာသောအခါ၊ အဓမ္မဝါဒပို၍လွှမ်းမိုး လာသောအခါ ကျွန်ုပ်တို့သည် သမ္မာတရားတော်ဆိုင်ရာအသိပညာ ကိုပို၍ရင်ဝယ်ပိုက်ထားရမည်။ သို့ပြီးမှယင်းအခြေအနေတွင်တည်တံ့ ခိုင်မြဲစေရန် ကျမ်းစာတော်နှင့်ထိန်းသိမ်းရမည်။

ကျွန်ုပ်တို့သည်သမ္မာတရားတော်အားဖြင့် သန့်ရှင်းခြင်းရှိရမည်၊ ဘုရားသခင်ထံလုံးလုံးဆက်ကပ်ထားရမည်၊ သန့်ရှင်းသောလမ်းစဉ် အတိုင်း သက်ရှင်နေထိုင်ရမည်။ သို့မှသာလျှင် ဘုရားသခင်သည် ကျွန်ုပ်တို့အပေါ်သို့အလင်းတရားတော်ကိုပိုမိုသွန်းလောင်းတော်မူလိမ့် မည်၊ ကိုယ်တော်၏အလင်းတရားတော်မှအလင်းရောင်ကိုလည်း ရရှိ ကြလိမ့်မည်။ ကျွန်ုပ်တို့သည်သတိလစ်သည့်အချိန်တိုင်း၊ မိနစ်တိုင်း ရန်သူ၏ဖိနှိပ်ခြင်းကိုခံရကြပေလိမ့်မည်၊ မှောင်မိုက်၏တန်ခိုးအာဏာ စက်လွှမ်းမိုးခြင်းဆိုင်ရာအန္တရာယ်ကြီးနှင့်လည်းရင်ဆိုင်ပေလိမ့်မည်။ အဓမ္မတမန်များအနေဖြင့်အတတ်နိုင်ဆုံးမှောက်လှန်ဖြိုဖျက်ကြရန်အတွက် နိုးနိုးကြားကြားရှိကြစေရန်သူတို့၏အရှင်စာတန်က အမိန့်ပေးထားပါ သည်။ သမ္မာတရားတော်ကိုဝန်ခံထားသူများအား နှောင့်ယှက်နေသည့် မကောင်းမှုများနှင့်သူတို့လမ်းလွဲနေပုံများကိုဖော်ထုတ်၍ အသင်းတော် အပေါ်သို့ဝမ်းနည်းခြင်း၊ စိတ်ပင်ပန်းခြင်းဆိုက်ရောက်စေရန် သူတို့၏ မြတ်နိုးသောအမှုတော်ကိုရှုတ်ချသည့်လမ်းစဉ်သို့လိုက်လျှော်ခြင်းဖြင့်

သတ်တရားကင်းမဲ့သည့်အခြေအနေသို့ဆိုက်ရောက်အောင် သူတို့၏ဝန်းကျင်ကိုအမှောင်ထုနှင့်ဖုံးအုပ်ထားလိုက်ပါသည်။ ထင်ယောင်ထင်မှားဖြစ်၍ သတ်တရားကင်းဝေးနေသော ထိုသူတို့၏စိတ်နှလုံးများတွင် မှောင်သည်ထက်ပို၍ မှောင်မိုက်လာပါသည်၊ ကောင်းကင်အလင်းရောင်သည်လည်း ထိုသူတို့အပေါ်တွင်မှိန်သည်ထက်ပို၍မှေးမှိန်သွားလေပြီ။ သူတို့အားနှောင့်ယှက်နေသည့်အပြစ်တို့ကို သူတို့မတွေ့မသိနိုင်တော့ဘဲ စာတန်သည် သူတို့အားပိုက်ကွန်နှင့်အုပ်ထားသဖြင့် သူ၏ကျော့တွင်းအတွင်းဖမ်းမိနေကြလေပြီ။

ဘုရားသခင်သည် ကျွန်ုပ်တို့၏စွမ်းအားဖြစ်တော်မူ၏။ ကျွန်ုပ်တို့အနေဖြင့် ပညာဉာဏ်နှင့်လမ်းပြပို့ဆောင်မှုအတွက် ကိုယ်တော်ကိုဖူးမြော်ရပါမည်။ အသင်းတော်၏ကောင်းစားရေးနှင့် ကျွန်ုပ်တို့၏အသက်ဝိညာဉ်ကယ်တင်ခြင်းရရှိရေးအတွက် ကိုယ်တော်၏ဘုန်းတော်ကိုမျက်ခြည်မပြတ်ရှေးရှုလျက် ကျွန်ုပ်တို့အား အနှောင့်အယှက်ပေးနေသည့်မကောင်းမှုများကိုအောင်နိုင်ရမည်။ ကျွန်ုပ်တို့အနေဖြင့်နေ့စဉ်နေ့တိုင်းအောင်မြင်မှုသစ်ရရှိရန်အတွက် တစ်ဦးချင်းရှာဖွေရယူသင့်ပါသည်။ ဘုရားသခင်အားလုံးလုံးလျားလျားကိုးစားလျက် ကိုယ်တိုင်ရပ်တည်နိုင်ရန်သင်ယူရမည်။ ဤအချက်ကိုစောနိုင်သမျှစော၍ သင်ယူနိုင်လေပို၍ကောင်းလေဖြစ်ပါသည်။ လူတိုင်းမည်သည့်နေရာတွင် အရေးရှုံးနိမ့်တတ်သည်ကိုရှာဖွေလေ့လာပါစေ၊ ထိုနောက်မကောင်းမှုများကသူ့ကိုမအောင်မြင်စေရန် သစ္စာရှိစွာဖြင့်စောင့်ထိန်းပါစေ၊ သူကသာလျှင်မကောင်းမှုများကိုအောင်နိုင်ပါစေ၊ ဒုစရိုက်ကိုအနိုင်မပေးပါစေနှင့်။ ထိုအခါကျွန်ုပ်တို့သည ဘုရားသခင်အား ယုံကြည်ကိုးစားနိုင်ကြပေလိမ့်မည်။ အသင်းတော်တွင်လည်း ဒုက္ခရှိတော့မည်မဟုတ်ပါ။

ဘုရားသခင်၏အမှုတော်ဆောင်သံတမန်များသည် မိမိတို့၏ တိုင်းပြည်နှင့်နေအိမ်များကိုစွန့်၍ ဝိညာဉ်ကယ်ဆယ်ရေးအတွက် လုပ်ငန်း ခွင်ရှိရာသို့ထွက်ခွာသွားကြသောအခါ နှစ်ပေါင်းများစွာကပင်သမ္မာတရား တော်ကိုယုံကြည်လက်ခံထားကြပါလျက် ခွန်အားနည်းနေသေးသော သူများရှိရာဒေသများ၌သာ အချိန်ကုန်ခံ၍အမှုတော်ကိုဆောင်ရွက်ရလေ့ ရှိပါသည်။ ယင်းသို့ခွန်အားနည်းနေရာကသောသူများမှာ မလိုအပ်ဘဲ လက်လျှော့ထားကြသောသူများ၊ ကိုယ်ကိုမထိန်းမသိမ်းမစောင့်ကြပါ သောသူများဖြစ်ကြပါသည်။ ထိုကြောင့် ထိုသို့သောသူများအနေဖြင့် ရန်သူကသူတို့ကိုသွေးဆောင်ဖို့ သူတို့ကရန်သူကိုအားပေးနေကြသည်ဟု တစ်ခါတစ်ရံကမန်မထင်မိပါသည်။ သေးငယ်သောအခက်အခဲ၊ မပြောပ လောက်သည့်ဒုက္ခဆင်းရဲ၊ အနည်းငယ်မျှသောစစ်ဆေးခြင်းများနှင့် ရင်ဆိုင်ရကြသောအခါ ဘုရားသခင်၏အမှုတော်ဆောင်ဓမ္မဆရာများ က သူတို့ထံသို့အကြည့်အရှုသွားရကြပါသည်။ သူတို့ရင်ဆိုင်နေရသည့် အခက်အခဲများကိုသေးသိမ်သည်ဟု ဓမ္မဆရာများအထင်ရောက်မည် စိုးသောကြောင့် သူတို့၏ပြဿနာကလေးများကိုတစ်ယောက်တစ်မျိုး အရေးကြီးသယောင်ပြုကြ၏၊ ပုံကြီးချဲ့ကြ၏၊ အဖန်တလဲလဲတင်ပြကြ ၏။ ယင်းသို့ပြုကြသည့်အတွက် အထူးပင်အချိန်ကုန်စေ၏၊ တစ်ခါ တစ်ရံရက်ပေါင်းများစွာကြာညောင်း၏၊ ထိုကြောင့်ဓမ္မဆရာများစိတ် ဆင်းရဲရကြ၏။ သို့ဖြစ်၍စုံစမ်းစစ်ဆေးခြင်းများနှင့်ရင်ဆိုင်ရကြသော အခါ ဘုရားသခင်၏အမှုတော်ဆောင်များအပေါ်၌သာအမှီပြုနေကြမည့် အစား ကိုယ်တော်၏ရှေ့တော်တွင်ပျပ်ဝပ်လျက် ယင်းစုံစမ်းစစ်ဆေး ခြင်းများမှ လွတ်မြောက်သည်တိုင်အောင် ကြေကွဲသောစိတ်နှလုံးဖြင့် အစာရှောင်ခြင်း၊ ဆုတောင်းပတ္ထနာပြုခြင်းများပြုလုပ်သင့်ပါသည်။

လုပ်ငန်းခွင်သို့ ဘုရားသခင်ခေါ်တော်မူသည့်သံတမန်အပေါင်းကို အချို့သောသူများက သူတို့အတွက်သက်သက်စေလွှတ်ထားသောသူများ ဖြစ်သည်ဟူ၍လည်းကောင်း၊ သူတို့အလိုကျသူတို့အား ပွေ့ပိုက်သယ် ဆောင်ရန်စေလွှတ်ထားသောသူများဖြစ်သည်ဟူ၍လည်းကောင်း၊ သူတို့အသေးအဖွဲပြဿနာများနှင့်အခက်အခဲများကိုဖြေရှင်းပေးရန်မှာ ယင်းသံတမန်တို့၏အရေးအကြီးဆုံးသောတာဝန်ဖြစ်သည်ဟူ၍လည်း ကောင်း သဘောထားကြ၏။ ယင်းသို့သောပြဿနာများပေါ်ပေါက် ရခြင်းမှာလည်း နည်းလမ်းစည်းကမ်းနှင့်မညီမညွတ်သည့်အပြုအမူများ ရန်သူကိုလမ်းဖွင့်ပေးခြင်းများ၊ မိမိတို့ဝန်းကျင်ရှိလူများအားအလျှော့ မပေးဘဲ ကိုယ်စိတ်အလိုသို့လိုက်၍အပြစ်ရှာလိုသောသဘောများကြောင့် ကိုယ့်ပြဿနာကိုယ်ဖန်တီးကြသည်သာဖြစ်ပါလျက် ဘုရားသခင်၏ သံတမန်များအပေါ်တာဝန်တင်ကြ၏။ သို့သော် ဤအချိန်တွင် ဆာလောင်မွတ်သိပ်နေသောသိုးစုကား အဘယ်မှာရှိနေပါသနည်း။ သူတို့ကာ အသက်မုန့်နှင့်ကင်းဝေးနေကြ၏။ သမ္မာတရားတော်ကို သိ၍ ယင်းတရားတော်၌တည်နေပြီးတရားတော်လမ်းနှင့်အညီ သက်ရှင် နေထိုင်ကြမည်ဆိုပါက အထက်တွင်ဖော်ပြခဲ့သည့်ပြဿနာများပေါ် ပေါက်လိမ့်မည်မဟုတ်ပါ။ သို့သော် ထိုသူတို့သည် ယင်းတရားလမ်း စဉ်အတိုင်း မလိုက်လျှောက်ကြသောကြောင့် ဘုရားသခင်၏သံတမန် များအား ဆွဲထားရာရောက်သဖြင့် ခေါ်တော်မူသည့်ရည်ရွယ်ချက် ထမြောက်အောင်မြင်ခြင်းမရှိတော့ပါ။ အသင်းတော်တွင် ယင်းအသေး အဖွဲပြဿနာများရှုပ်ထွေးနေသဖြင့် ဘုရားသခင်၏သံတမန်များစိတ် ဆင်းရဲရာကြ၏။ သူတို့အားအနည်းငယ်မျှတာဝန်ကိုပင်ထပ်လောင်း ၍မပေးသင့်ကြပါ။ နှစ်သိမ့်အားပေးစကားများဖြင့်လည်းကောင်း၊

ယုံကြည်စွာဖြင့်ဆုတောင်းပတ္ထနာပြုခြင်းဖြင့်လည်းကောင်း သူတို့အား အကူအညီကိုသာပေးသင့်ပါသည်။ သမ္မာတရားတော်ကိုခံယူထားကြသောသူတို့သည် ကိုယ်ရေးကိုယ်တာအတွက် ထိုမျှလောက်အကူအညီတောင်းခံကြမည့်အစား မိမိတို့၏ဝန်းကျင်ကိုလှေ့လာ၍ တတ်နိုင်သမျှသူတစ်ပါးအား လိုအပ်သလိုအကူအညီပေးကြမည်ဆိုပါက ဘုရားသခင်၏သံတမန်များတွင် အချိန်ပို၍မည်မျှရကြပါလိမ့်မည်နည်း။ ယခုမူကား ဘုရားသခင်၏သံတမန်များသည် သူတို့၏ညီအစ်ကိုများမလိုအပ်ဘဲရင်ဆိုင်ရကြသည့်စစ်ဆေးစမ်းသပ်ခြင်းများကိုအကြောင်းပြု၍ ခံစားရသည့်စိတ်ဆင်းရဲမှုများ မပပျောက်မီ သမ္မာတရားတော်မရောက်သေးသည့် မှောင်မိုက်ဖုံးလွှမ်းရာဒေသသစ်များကိုဝင်ရောက်ရကြပါသည်။ ထိုမျှမကမယုံကြည်သောသူများ၊ ဆန့်ကျင်တိုက်ဖျက်သူများ၏အထင်မှားခြင်းများ၊ အချို့သောသူတို့၏ဖိနှိပ်မှုများကိုလည်း ခံရကြပါသေးသည်။

အကယ်၍ကိုယ်တော်၏အမှုတော်ဆောင်များသည် စိတ်ပျက်စရာမရှိ၊ အနှောင့်အယှက်မငြိဘဲစိတ်လွတ်ကိုယ်လွတ် သမ္မာတရားတော်ကိုပကတိတင့်တယ်လျောက်ပတ်သည့်အတိုင်း တင်ဆက်နိုင်ကြမည်ဆိုပါက လူသားမျိုးနွယ်တစ်ရပ်လုံး စိတ်နှလုံးချမ်းမြေ့ရေးအတွက် မည်မျှလွယ်ကူစွာဆောင်ရွက်နိုင်ကြပါလိမ့်မည်နည်း၊ ဘုရားသခင်၏ဘုန်းအသရေတော်ကို မည်မျှဖေါ်ဆောင်နိုင်ကြပါလိမ့်မည်နည်း။ မိမိတို့ကိုယ်တိုင်ဖြေရှင်းရမည့် ကိုယ်ရေးပြဿနာများအတွက်လည်းကောင်း၊ မိမိတို့၏အလိုဆန္ဒပြည့်ဝရေးအတွက်လည်းကောင်း၊ ရန်သူနှစ်ကြိုက်ရေးအတွက်လည်းကောင်း ဘုရားသခင်၏အစေခံသံတမန်များ၏လုပ်အားများကိုရယူခြင်း၊ မလိုအပ်ဘဲအားကိုးအားထားပြုခြင်းတို့အတွက် ကုန်ကျ

သည့်စရိတ်ကြေးငွေများ၊ အချိန်များနှင့်စပ်လျဉ်း၍ ဘုရားသခင်၏ ရှေ့တော်တွင် သူတို့ကိုယ်တိုင်စာရင်းရှင်းရကြပေလိမ့်မည်။ သူတို့အနေဖြင့်ညီအစ်ကိုချင်းကိုပင် ကူညီယိုင်းပင်းနိုင်သည့်အခြေအနေတွင်ရှိနေသင့်ပါသည်။ သူတို့၏အခက်အခဲများ၊ စစ်ဆေးခံရခြင်းများ၊ ကိုယ်ရေးပြဿနာများအတွက် အစည်းအဝေးတစ်ရပ်လုံးက တာဝန်ယူဆောင်ရွက်ပေးရန် ရွှေ့ဆိုင်းမထားသင့်ပါ၊ ဘုရားသခင်၏သံတမန်တစ်ဦးတစ်ယောက်လာရောက်၍ ဖြေရှင်းပေးရသည်အထိလည်း စောင့်ဆိုင်းအနေသင့်ပါ။ မိမိတို့ကိုယ်တိုင်ဘုရားသခင်၏ရှေ့တော်သို့တိုးဝင်ချဉ်းကပ်လျက် ကိုယ်ရေးပြဿနာရှိသမျှကိုချုပ်ငြိမ်းစေပြီးလျှင် အမှုဆောင်သံတမန်တို့ရောက်လာသောအခါ သူတို့၏စွမ်းအင်ကိုအသုံးမပြုသည်သာမက သူတို့ကိုပင် အကူအညီပေးနိုင်ပေလိမ့်မည်။

---ooo---

## အသင်းတော်၏မြော်လင့်ချက် *

နူးညံ့သိမ်မွေ့တော်မူသော ယေရှု၏သာမန်တပည့်နောက်လိုက်များကို မကြသေးမီက ကျွန်မသွားရောက်တွေ့ဆုံခဲ့ရာ များစွာစိတ်လှုပ်ရှားခဲ့ရပါသည်။ အမည်အားဖြင့် ခရစ်တော်မကြမီကြွလာတော်မူမည်ဟုယုံကြည်စောင့်မျှော်နေသူအများစုသည် လောကီပုံသ P ² နိကို ဆောင်နေကြသောကြောင့် ဘုရားသခင်၏စိတ်တော်နှင့်တွေ့ရေးကိုလိုလားသည်ထက် မိမိတို့၏ဝန်းကျင်တွင်ရှိသောသူတို့၏ချီးမြှောက်ခြင်း

* ၁၈၅၂ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့ထုတ်ရီဗြူးမှ

သြဘာပေးခြင်းကိုသာ၍တောင့်တနေကြ၏၊ အေးစက်စက်နိုင်လွန်းကြ၏၊ ထုံးစံအရဟန်ပြ၍သာနေကြပါ၏၊ မကြာသေးမီက သူတို့ခွဲခွာခဲ့ကြသည့်အမည်မျှသာဖြစ်သောအသင်းတော်များနည်းတူပင်ဖြစ်ကြ၏။ လောဒိကိအသင်းတော်သို့မှာကြားလိုက်သည့် စကားလုံးများမှာ သူတို့လက်ရှိအခြေအနေနှင့်အံ့ဝင်ခွင်ကျဖြစ်နေပါသည်။ (ဗျာဒိတ် ၃း၁၄–၂၀ ကိုကြည့်ပါရန်) သူတို့သည် "အအေးမဟုတ်အပူမဟုတ်၊ နွေးရုံရှိ" ကြ၏။ ထိုကြောင့် "သစ္စာရှိ၍ဟုတ်မှန်သောသက်သေခံ" ၏အကြံပေးချက်ကိုလေးဂရုမပြုလျှင်လည်းကောင်း၊ ဇကန်စင်စစ်နှောင်တရ၍ "မီးနှင့်ချွတ်ပြီးသောရွှေ"၊ "ဖြူသောအဝတ်" နှင့် "မျက်စဉ်း" တို့ကိုမဝယ်ယူလျှင်လည်းကောင်းကိုယ်တော်သည်သူတို့အား ခံတွင်းတော်မှထွေးထုတ်တော်မူလိမ့်မည်။

လတ်တလောချင်း ဘုရားသခင်ကြွလာတော်မူလိမ့်မည်ဟု တစ်ကြိမ်ကမြော်လင့်၍ ဝမ်းမြောက်ဝမ်းသာစွာအော်ဟစ်ကြွေးကြော်ကြသောသူအများစုသည် ထိုအချိန်ကယေရှုကြွလာတော်မူမည်ကိုယုံကြည်ကြသည့်အတွက် သူတို့အားပျက်ရယ်ပြုပြောင်လှောင်ကြသည့် အသင်းသူအသင်းသားများ၊ လောကီသားများ၊ မဟုတ်မမှန်သောဝါဒမျိုးစုံကိုဖြန့်ခဲ့ကြသူများ၊ သူတို့အားရန်လိုကြသူများ၊ သူတို့၏သြဇာသက်ရောက်မှုကိုဆုံးရှုံးပျက်စီးစေလိုသောသူများနှင့်တစ်သဘောတည်းရပ်တည်နေကြသည့်အချိန်ရောက်လာပါပြီ။ ယခုမူကား အကယ်၍ တစ်စုံတစ်ယောက်သောသူသည် အသက်ရှင်တော်မူသောဘုရားသခင်ကို လိုလိုလားလားမျှော်ကိုးမည်၊ ဖြောင့်မတ်ခြင်းတရားတော်ကိုဆာငတ်ခင်မွတ်မည်၊ အကယ်၍ ကိုယ်တော်ကလည်း သူ့အားတန်ခိုးတော်နှင့်ထိတွေ့စေမည်၊ သူတမ်းမမျှော်ကိုးနေသည့်အတိုင်း ကိုယ်တော်၏

မေတ္တာတော်ကိုသူ၏နှလုံးသားအတွင်းသို့ သွန်းလောင်းတော်မူခြင်းဖြင့် သူ၏အလိုဆန္ဒကိုပြည့်ဝစေမည်၊ အကယ်၍သူကလည်း ဘုရားသခင်၏ ဘုန်းအသရေတော်ကို ချီးမွမ်းထောမနာပြုမည်ဆိုပါက ကိုယ်တော် မကြာမီကြွလာတော်မူမည်ကိုယုံကြည်ပါသည်ဟု ဝန်ခံသူတို့ကပင် ထိုသူသည်အယောင်ယောင် အမှားမှားဖြစ်နေပြီ၊ စိတ်ညှို့ခြင်းခံနေရပြီ၊ နတ်ဆိုးတစ်မျိုးစွဲကပ်နေပြီ စသည်ဖြင့်ဝေဖန်စွပ်စွဲကြ၏။

ခရစ်ယာန်အခေါ်ခံသူအများစုသည် ဝတ်စားဆင်ယင်မှု၊ ပြောဆို ဆက်ဆံမှု၊ သွားလာလှုပ်ရှားမှုများတွင် လောကီဆန်ကြ၏၊ အမည် အားဖြင့်သာ ခရစ်ယာန်ဖြစ်ကြသည်ကိုသိလာပါ၏၊ သူတို့သည်ခရစ် တော်အားဖြင့်မြော်လင့်နေကြပါသည်ဟုဆိုသော်လည်း ကောင်းကင်ဘုံ နှင့်စပ်ဆိုင်သည့်ရေးရာများကို မဆွေးနွေး၊ လောကီရေးရာများကိုသာ အလေးပေးဆွေးနွေးကြ၏။ "ဘုရားသခင်၏နေ့ရက်ရောက်လိမ့်မည်" ဟု "မြော်လင့်တောင့်တ" နေသူများဖြစ်သည့်အတိုင်း ထိုသူတို့သည် "သန့်ရှင်းသောအကျင့်ကိုကျင့်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်းအားဖြင့် အဘယ်သို့သောသူဖြစ်အပ်" ကြပါသနည်း။ ၂ပေ၊ ၃း၁၁၊၁၂။ "ထိုသို့ မြော်လင့်သောသူမည်သည်ကား ကိုယ်တော်သန့်ရှင်းတော်မူသည်နည်းတူ ကိုယ်ကိုကိုယ်သန့်ရှင်းစေတတ်၏။" ၁ယော၊ ၃း၃။ သို့ပါလျက် မြော်လင့်ခြင်းအသင်းသားများဖြစ်သည်ဟု အမည်ခံသူအများစုသည် ဘုရားသခင်နှစ်သက်တော်မူသောသူများအဖြစ်သို့ရောက်ရှိရန်အတွက် သမ္မာတရားတော်ကိုလေ့လာသင်ယူသည်ထက် လောကီအမြင်ကောင်း ရေးအတွက် ကိုယ်ကိုကိုယ်တန်ဆာဆင်နေကြသည်မှာ ထင်ရှားလှပါ၏။

အကယ်၍ ကျွန်ုပ်တို့၏ပုံစံနမူနာဖြစ်တော်မူသော ရိုသေမြတ်နိုး ဖွယ်သောသခင်ယေရှုသည် ရှေးဦးလူတို့ခေတ်က ပထမအကြိမ်ကြွလာ

တော်မူသည်နည်းတူ ယခုထိုဘာသာရေးအမည်ခံသမားတို့၏အလယ်သို့ ကြွလာတော်မူမည်ဆိုပါက အလယ်သို့ဖြစ်ကြပါလိမ့်မည်နည်း။ ကိုယ်တော်သည်နွားစာခွက်အတွင်း၌ဖွားမြင်ခြင်းကိုခံတော်မူခဲ့၏။ ကိုယ်တော်၏အသက်တာနှင့်ကိုယ်တော်၏သာယာနာတော်သက်တမ်း တစ်လျှောက်လုံးကို ဆက်လက်လေ့လာပါက ကိုယ်တော်သည်ငြိုငြင် သောသူ၊ နာကြည်းခြင်းဝေဒနာကိုခံရသောသူဖြစ်တော်မူ၏။ ချုပ်ရိုးမရှိ သည့် သာမန်ဝတ်ရုံရှည်ကိုဆင်မြန်းထားသည့်ကယ်တင်ရှင်၊ နူးညံ့သိမ် မွေ့နှိမ့်ချသည့်ကယ်တင်ရှင်၊ ခေါင်းချစရာမရှိသည့်ကယ်တင်ရှင်သည် ထိုခရစ်ယာန်အမည်ခံသူတို့အလယ်သို့ကြွလာတော်မူမည်ဆိုပါက သူတို့ အရှက်ရကြပေလိမ့်မည်။ ကိုယ်တော်၏အစွန်းအထင်းမရှိသော အသက် တာ၊ ကိုယ်ကျိုးစွန့်သောအသက်တာသည် သူတို့၏မှားယွင်းမှုကိုဖေါ် ထုတ်လိမ့်မည်။ ကိုယ်တော်၏သန့်ရှင်းတော်မူခြင်း၊ တည်ငြိမ်တော်မူ ခြင်းတို့သည် သူတို့၏ပေါ့ဆမှု၊ အလဟဿရယ်သွမ်းသွေးမှုတို့ကို ဟန့်တားလိမ့်မည်။ ကိုယ်တော်၏တည်ငြိမ်ရိုးဖြောင့်သောသဘောဖြင့် နှုတ်မြွက်ခြင်းသည် သူတို့၏တပ်မက်မောသောစိတ်ဖြင့် လောကီဆန် သောအပြောအဆိုများကိုပိတ်ပင်လိမ့်မည်။ ကိုယ်တော်သည် ပရိယာယ် ဝေဝုစ်ကင်း၍ ထိရောက်ပြတ်သားသောသမ္မတရားတော်ကိုပြဋ္ဌာန်းကြေ ညာခြင်းဖြင့် သူတို့၏အကျင့်စာရိတ္တမှန်ပေါ်လွင်လိမ့်မည်။ ထိုအခါ သူတို့သည် နူးညံ့သိမ်မွေ့နှိမ့်ချသောပုံစံနမူနာဖြစ်တော်မူသော၊ ရိုသေ မြတ်နိုးဖွယ်သောသခင်ယေရှုကိုစောနိုင်သမျှဆောလျင်စွာ အပြတ်ရှင်း ပစ်လိုသောဆန္ဒရှိကြပေလိမ့်မည်။ သူတို့သည်ပင်လျှင် ပထမဦးစွာ ကိုယ်တော်၏စကားတော်များမှအမှားရှာ၍ "ထိုသူကိုလက်ဝါးကပ်တိုင် မှာရိုက်ထားပါ၊ ရိုက်ထားပါ" ဟုအများရှေ့မှနေ၍ အသံကုန်ဟစ်ကြ လိမ့်မည်။

သခင်ယေရှုသည် နူးညံ့သိမ်မွေ့စွာဖြင့်မြည်းကလေးကိုစီးလျက် ယေရုရှလင်မြို့တွင်းသို့ဝင်တော်မူသည့်အတိုင်းနောက်တော်မှလိုက်ခဲ့သည်ဆိုကြပါစို့၊ ထိုအခါ "တပည့်တော်အပေါင်းတို့သည်......ဝမ်းမြောက်သောစိတ်နှင့် ဘုရားသခင်ကိုထောမနာပြု၍ ထာဝရဘုရား၏အခွင့်နှင့်ကြွလားတော်မူသောရှင်ဘုရင်သည် မင်္ဂလာရှိစေသတည်း၊ ကောင်းကင်ဘုံ၌ငြိမ်သက်ခြင်းဖြစ်စေသတည်း၊ ကောင်းကင်ဘဝဂ်ဝယ်ဘန်းကြီးပါစေသတည်းဟုကြွေးကြော်ကြ၏။ လူအစုအဝေး၌ပါသောဖါရိရှဲအချို့တို့က သခင်ဘုရား၊ ကိုယ်တော်၏တပည့်တို့ကိုဆုံးမပါဟု လျှောက်ကြသော် ယေရှုကလည်း၊ ငါဆိုသည်ကား၊ ဤသူတို့သည်တိတ်ဆိတ်စွာနေလျှင် ကျောက်ခဲတို့သည်ချက်ချင်းကြွေးကြော်ကြလိမ့်မည်ဟု မိန့်တော်မူ၏။" ခရစ်တော်အားမြော်လင့်နေပါသည်ဟု အဆိုပြုသောသူအများစုသည် ကိုယ်တော်၏နောက်လိုက်တပည့်များအသံတိတ်ဆိတ်သွားကြစေရန် "အယူတိမ်းခြင်းပါတကား၊ စိတ်ညို့ခြင်းပါတကား၊ စိတ်ညို့ခြင်းပါတကား" ဟု ထိုဖါရိရှဲများနည်းတူ သူတို့က ရှေ့ဆောင်၍ အမှန်စင်စစ်အော်ဟစ်ကြွေးကြော်ကြလိမ့်မည်။ ၎င်းအပြင် ကိုယ်တော်၏တပည့်တော်များက မိမိတို့၏အဝတ်များနှင့်သံလွင်ခက်များကိုလမ်းပေါ်တွင် ခင်းကြသောအခါတွင်လည်းဖြုန်းတီးကြသည်၊ ပရမ်းပတာဖြစ်နေကြသည်ဟုဝေဖန်ကြလိမ့်မည်။ သို့သော်အသက်မရှိသည့်ပမာ အေးစက်နေသောသူများမဟုတ်၊ ထကြွလုံ့လရှိသောလူတစ်စု ဤကမ္ဘာပေါ်တွင် ဘုရားသခင်အတွက်ရှိနေလိမ့်မည်။ ယင်းလူတစ်စုက ဘုရားသခင်၏ကျေးဇူးတော်နှင့်ဘုန်းတော်ကိုချီးမွမ်းထောမနာပြုလိမ့်မည်။ ကိုယ်တော်၏ဘုန်းအသရေတော်ကို လူအချို့ကချီးမွမ်းကြလိမ့်မည်။ အကယ်၍ကိုယ်တော်ရွေးချယ်ထားတော်မူသည့်လူတစ်စု၊ ကိုယ်တော်၏ပညတ်တော်ကိုစောင့်ထိန်းသောလူတစ်စု၊ ယင်းလူတစ်စု

တိတ်ဆိတ်စွာနေမည်ဆိုပါက ကျောက်ခဲများချက်ချင်းထ၍ ကြွေးကြော်ကြလိမ့်မည်။

ယေရှုကြွလာတော်မူချိန်နီးပါပြီ၊ သို့သော်ပထမအကြိမ်ကြွလာတော်မူသကဲ့သို့မဟုတ်၊ ဗက်လင်မြို့တွင်ဖွားမြင်တော်မူသည့် သူငယ်တော်ယေရှုမဟုတ်၊ ယေရုရှလင်မြို့တွင်းသို့ကြွဝင်တော်မူခဲ့သည့် အချိန်၌ တမည့်တော်အပေါင်းတို့ကဟောရှဏ္ဏာဖြစ်စေသတည်းဟု ကြွေးကြော်ကြသကဲ့သို့မဟုတ်၊ ခမည်းတော်၏ဘုန်းတန်ခိုးအာနုဘောကိုဆောင်လျက် မိုးတိမ်ကိုစီးလျက်၊ သန့်ရှင်းသောကောင်းကင်တမန်အပေါင်းခြံရံလျက် ဤကမ္ဘာမြေကြီးပေါ်သို့ကြွဆင်းလာတော်မူလိမ့်မည်။ သံလွင်တောင်မှ ကောင်းကင်သို့တက်ကြွတော်မူစဉ်က ဂါလိလဲလူတို့ငေးမျှော်၍ ကိုယ်တော်အား စိုက်ကြည့်နေကြသကဲ့သို့ သန့်ရှင်းသူတို့သည် ကောင်းကင်သို့မျှော်ကြည့်လျက် ကိုယ်တော်အား ငံ့လင့်နေကြစဉ် ကိုယ်တော်သည် ကောင်းကင်ဘုံရှိသန့်ရှင်းသောကောင်းကင်တမန်အပေါင်းခြံရံလျက် ကြွဆင်းလာတော်မူလိမ့်မည်။ ထိုအခါသန့်ရှင်းသောသူတို့သည် နူးညံ့သိမ်မွေ့သောပုံစံနမူနာအတိုင်း ပြည့်စုံကုံလုံစွာလိုက်လျှောက်သောသူတို့သည် ဘဝင်ခိုက်မျှဝမ်းမြောက်ရွှင်လန်းကြ၍ "ဤအရှင်ကား ငါတို့မြော်လင့်သော၊ ငါတို့၏ဘုရားသခင်တည်း၊ ငါတို့ကိုကယ်တင်တော်မူလိမ့်မည်" ဟုကိုယ်တော်အား မြော်ဖူးရင်းကြွေးကြော်ကြလိမ့်မည်။ ထိုအချိန်တွင်သူတို့သည် "နောက်ဆုံးသောတံကိုးမှုတ်သောအခါ တစ်ခဏချင်းတွင် မျက်စိတစ်မှိတ်၌" ပြောင်းလဲခြင်းသို့ရောက်ကြလိမ့်မည်။ ယင်းတံပိုးမှုတ်သံသည် အိပ်ပျော်လျက်ရှိသောသန့်ရှင်းသူများအား နိုးထစေသောတံပိုးသံဖြစ်လိမ့်မည်၊ သူတို့၏မြေအိပ်ရာများမှခေါ်ထုတ်တော်မူသောအသံဖြစ်လိမ့်မည်၊ သူတို့သည်လည်း တစ်ခဏ

ချင်းတွင် မပုပ်မပျက်နိုင်သောအဖြစ်သို့ပြောင်းလဲ၍ “သေမင်းကိုအောင်ပြီ၊ အောင်ပြီ၊ မရဏာနိုင်ငံကိုအောင်ပြီ၊ အောင်ပြီ” ဟု ကြွေးကြော်ကြလိမ့်မည်။ ထိုပြောင်းလဲပြီးသောသန့်ရှင်းသူတို့သည် အာကာသကောင်းကင်၌ သခင်ဘုရားထံတော်သို့ရောက်စေခြင်းငှာ ကောင်းကင်တမန်များနှင့်အတူ ချီဆောင်ခြင်းကိုခံရပြီးနောက် သူတို့မြတ်နိုးခဲသည့် ရည်ရွယ်ချက်နှင့်ထာဝရတည်မြဲနေကြလိမ့်မည်။

ဤကဲ့သို့သောအောင်မြင်မှုကို ရေးရှု၍လည်းကောင်း၊ ဘုန်းအသရေတော်ကိုမျှော်ကိုး၍လည်းကောင်း၊ အသွေးတော်အားဖြင့်ဝယ်ယူတော်မူပြီးသည့်ရွေးနုတ်ခြင်းကိုအာရုံပြု၍လည်းကောင်း ကျွန်ုပ်တို့၏ငြိမ်သက်ခြင်းတရားကိုစွဲစွဲမြဲမြဲဆွဲကိုင်ထားကြပါစို့လား။ ယေရှုသည် ယေရုရှလင်မြို့တော်တွင်းသို့ဝင်တော်မူစဉ်က တပည့်တော်များကဝမ်းမြောက်ဝမ်းသာကြွေးကြော်ကြသည်နည်းတူ အသံကျယ်စွာဖြင့်ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းကြပါစို့။ ကျွန်ုပ်တို့မြော်လင့်ထားသောအောင်မြင်မှုသည် သူတို့မြော်လင့်ခဲ့ကြသည်ထက်ပို၍ ဘုန်းအသရေရှိပါသည်မဟုတ်လော။ ကျွန်ုပ်တို့မြော်လင့်ထားသောအောင်မြင်မှုသည် သေခြင်းတရားနှင့်ကင်းလွတ်သည့်အောင်မြင်မှုဖြစ်၍လည်းကောင်း၊ ဘုန်းအသရေတော်အပြည့်အဝရှိသည်ဖြစ်၍လည်းကောင်း၊ ကျယ်စွာသောအသံဖြင့် ဘုရားသခင်၏ဘုန်းတော်ကိုချီးမွမ်းခြင်းအတွက် မည်သူကဟန့်တားဝံ့ပါမည်နည်း။ ကျွန်ုပ်တို့သည်လာလတ္တံ့သောကမ္ဘာ၏တန်ခိုးအာနိသင်ကိုမြည်းစမ်းပြီးဖြစ်၍ ပို၍လိုလားတမ်းတကြပါ၏။ ကျွန်မသည်စိတ်နှလုံးအကြွင်းမဲ့အသက်ရှင်တော်မူသောဘုရားသခင်အားမျှော်မှန်းတမ်းတပါ၏။ ကျွန်မသည် ကိုယ်တော်၏ပြည့်စုံတော်မူခြင်းကိုမခံစားရမီတိုင်အောင် ရောင့်ရဲတင်းတိမ်ခြင်းရှိလိမ့်မည်မဟုတ်ပါ။

---ooo---

# ခရစ်တော်ကြွလာတော်မူရန်အတွက် ပြင်ဆင်ခြင်း*

**လေးစားအပ်သောညီအစ်ကိုမောင်နှမတို့၊**

ခရစ်တော်သည် မကြာမီကာလအတွင်း ကြွလာတော်မူမည်ဟု ကျွန်ုပ်တို့စိတ်နှလုံးအကြွင်းမဲ့ယုံကြည်ကြပါ၏လော။ ဒုစရိုက်ဖုံးလွှမ်းနေသော ဤကမ္ဘာတစ်ခုအတွက် ကရုဏာတော်ဆိုင်ရာနောက်ဆုံးသတင်းစကားကို ကျွန်ုပ်တို့လက်ခံရရှိနေကြပြီဖြစ်ကြောင်းကိုလည်း အမှန်ပင်ယုံကြည်ကြပါ၏လော။ ယင်းသို့ယုံကြည်ပါက ကျွန်ုပ်တို့၏ပုံစံနမူနာသည် ဖြစ်သင့်သည့်အတိုင်း ဖြစ်ကြပါ၏လော။ ကျွန်ုပ်တို့၏ကယ်တင်ပိုင်သောအရှင်ခရစ်တော်သည် ဘုန်းတန်ခိုးအာနုဘော်ကိုဆောင်လျက် မကြာမီကြွလာတော်မူမည်ကိုလည်းကောင်း၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏စက်ဆုပ်ရွံရှာဖွယ်သော ခန္ဓာကိုယ်နည်းတူ ပြောင်းလဲပေးမည့်အရှင်ဖြစ်တော်မူကြောင်းကိုလည်းကောင်း၊ ထိုအရှင်အား ကျွန်ုပ်တို့မြော်လင့်နေသူဖြစ်ကြောင်း၊ ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိလူသားမျိုးနွယ်တစ်ရပ်လုံးအား ကျွန်ုပ်တို့၏ဘဝအသက်တာလမ်းစဉ်အားဖြင့်လည်းကောင်း၊ သန့်ရှင်းသောအပြောအဆိုအလုပ်အကိုင်များအားဖြင့်လည်းကောင်း ဖော်ပြနေကြပါ၏လော၊ ကျွန်ုပ်တို့သည်ဤအကြောင်းအချက်များကို ယုံသင့်သလောက်မယုံကြည်၊ သဘောပေါက်သင့်သလောက်မပေါက်ကြဟု ကျွန်မစိုးရိမ်မိပါသည်။ အရေးကြီးသောသမ္မာတရားများကို ယုံကြည်ပါသည်ဟု ဝန်ခံသောကျွန်ုပ်တို့သည်

* ၁၈၅၃ ခု၊ ဖေဖော်ဝါရီလ၊ ၁၇ ရက် ရီဗြူးမှ

ယင်းယုံကြည်ချက်နှင့်လျော်ညီစွာ သက်ရှင်လှုပ်ရှားသင့်ပါသည်။ အပျော်အပါးသက်သက်ကိုလည်းကောင်း၊ လောကီရေးရာများကိုလည်းကောင်း လိုက်စားမှုများလွန်းပါသည်။ ကျွန်ုပ်တို့မြော်လင့်နေသောကယ်တင်ရှင် စံပယ်တော်မူရာ ကောင်းကင်ဘုံနှင့်စပ်လျဥ်းသောအကြောင်းအရာများကို မဆွေးနွေးမတိုင်ပင်ကြဘဲ ပေါ့ပေါ့တန်တန်ပြောဆိုခြင်း၊ သိမ်ဖျင်းသောအကြောင်းကိစ္စများကိုသာ ဆွေးနွေးခြင်းများလွန်းသောကြောင့် ကျွန်ုပ်တို့၏ဘာသာအယူဝါဒများကို အမှားပုံဆောင်နေကြပါသည်။

ကျွန်ုပ်တို့သည်သိမ်ဖျင်းသောစကားများကိုပြောဆိုခြင်း၊ ပြက်ရယ်ပြုခြင်း၊ စကားသွမ်းစကားရှန်းများကို ပြောဆိုခြင်းတို့ဖြင့်လည်းကောင်း၊ ကိုယ်ကိုကိုယ်သိက္ခာကျအောင်မိုက်မဲမှုများပြုကြလျှင်လည်းကောင်း ကျွန်ုပ်တို့အား အနီးကပ်ကာကွယ်စောင့်ကြပ်နေကြသည့် ကောင်းကင်တမန်များကို စိတ်မကြည်မသာဖြစ်စေပါသည်။ ကျွန်ုပ်တို့သည် ရုံဖန်ရံခါအားထုတ်ကြိုးစားခြင်းဖြင့် အောင်မြင်မှုကိုရကြမည်ဖြစ်သော်လည်း ယင်းအောင်မြင်မှုကိုစွဲမြဲစွာဆုပ်ကိုင်မထားဘဲ သတိတရားကင်းမဲ့စွာအောက်ခြေ၌သာတည်မြဲနေမည်ဆိုပါက စုံစမ်းနှောင့်ယှက်ခြင်းများကို ကြံ့ကြံ့ခိုင်ခိုင်မခုခံနိုင်ဘဲ ရန်သူကိုလည်းတွန်းလှန်တိုက်ဖျက်နိုင်မည်မဟုတ်သောကြောင့်၊ ရွှေစင်ထက်မြတ်သော ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို စစ်ဆေးစမ်းသပ်ရာတွင်ခံနိုင်ရည်ရှိတော်မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ခရစ်တော်အတွက်ဆင်းရဲဒုက္ခကိုခံခြင်းဖြင့် ဘုန်းတော်ကိုထင်ရှားစေခြင်းမပြုကြပါတကား။

ခရစ်ယာန်စိတ်ဓါတ်ကြံ့ခိုင်မှု၊ မှန်သောအခြေခံသဘောတရားဖြင့် ဘုရားဝတ်ပြုကိုးကွယ်မှုနည်းပါးလွန်းပါသည်။ ကျွန်ုပ်တို့သည် ကိုယ့်ချမ်းသာရေးနှင့် ကိုယ့်အလိုသို့သာမဟုတ်ဘဲ ဘုရားသခင်၏

ဂုဏ်တော်နှင့်ဘုန်းတော်ကိုထင်ရှားစေရမည်၊ ကျွန်ုပ်တို့ပြောသမျှဆောင် ရွက်သမျှတွင် ကိုယ်တော်၏ဘုန်းတော်ကိုသာတစ်သမတ်တည်းရှေးရှု ရမည်။ "ထိုသူသည်ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့် နာကျင်စွာ ထိုးခြင်း၊ နှိပ်စက်ခြင်းကိုခံရလေ၏။ ငါတို့၏ငြိမ်သက်ခြင်းချမ်းသာကို ဖြစ်စေသောဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍ သူခံရသောဒဏ်ချက် အားဖြင့် ငါတို့သည်အနာပျောက်လျက်ရှိကြ၏။" "လူတို့သည်အကျိုး မဲ့သောစကားကိုပြောသမျှအတွက် တရားဆုံးဖြတ်သောနေ့၌စစ်ကြော ခြင်းကိုခံရကြလတ္တံ့။" "ငါ့ကိုမြင်တော်မူသော (ဘုရား)" စသည်ဖြင့် အရေးကြီးသည့် ယင်းစကားရပ်များကို ကျွန်ုပ်တို့အနေဖြင့်လေးလေး နက်နက်နှလုံးသွင်းထားကြပါကလည်းကောင်း၊ အမြဲတစေသတိပြုနေ ကြမည်ဆိုပါကလည်းကောင်း အလွယ်တကူစုံစမ်းနှောင့်ယှက်ခြင်းခံရ ကြလိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်တို့ပြောဆိုသုံးနှုန်းသောစကားလုံးများကို လည်း ရွေးချယ်ဆင်ခြင်လျက်ကြောင်းကျိုးဟုတ်မှန်သူ နာလိုသော စကားကိုသာပြောဆိုကြပေလိမ့်မည်။

ကျွန်ုပ်တို့သည် ယင်းအရေးပါအရာရောက်သောစကားရပ်များ ကိုအဘယ်သို့လျှင်မစဉ်းစားဘဲ နေနိုင်ကြပါလိမ့်မည်နည်း၊ ထိုမျှမက ကျွန်ုပ်တို့သည်ငြိုငြင်သည့် ဒုစရိုက်ကောင်များဖြစ်နေပါလျက် အပြစ် ဖြေလွှတ်ခြင်းအခွင့်ရရှိပြီးလျှင် ဘုရားသခင်၏ရှေ့တော်သို့ဝင်ရောက် နိုင်ရေးအတွက် မိမိ၏မြတ်တော်မူသောအသွေးတော်ဖြင့် ကျွန်ုပ်တို့အား ရွေးနုတ်တော်မူသော သခင်ယေရှုသည် ကျွန်ုပ်တို့အတွက်ခံရသော ဆင်းရဲဒုက္ခများကိုသတိမရဘဲ အဘယ်သို့လျှင်မေ့ထားနိုင်ပါလိမ့်မည် နည်း။ တွန့်တိုတော်မမူဘဲကျွန်ုပ်တို့အတွက် ထိုမျှလောက်ဆင်းရဲဒုက္ခကို ခံတော်မူသော၊ သည်းခံတော်မူသောကိုယ်တော်အတွက် ကျွန်ုပ်တို့သည်

ဆင်းရဲဒုက္ခမခံနိုင်စရားအကြောင်း အဘယ်သို့လျှင်ရှိနိုင်ပါတော့မည်နည်း။ ယင်းအကြောင်းအရာများကို ကျွန်ုပ်တို့လေးလေးနက်နက်ဆင်ခြင်သုံးသပ်ကြမည်ဆိုပါက ကိုယ်ကိုကိုယ်မြတ်နိုးခြင်း၊ ကိုယ့်ဂုဏ်အသရေကိုသာ ငဲ့ကွက်ခြင်းများပြိုလဲ၍ မာန်မာနနှိမ့်ချသောစိတ်သဘောဝင်လာပြီးလျှင် သူငယ်ကဲ့သို့ရိုးသားသည့်စိတ်နေသဘောထားကိုရရှိလိမ့်မည်။ လွယ်လင့်တကူအမျက်ထွက်လိမ့်မည်လည်းမဟုတ်ပါ၊ ကိုယ့်အလိုသို့လိုက်တတ်သောသဘောထားလည်းရှိတော့မည်မဟုတ်ပါ။

စစ်မှန်သောခရစ်ယာန်၏ဝမ်းမြောက်စရာအကြောင်းနှင့် စိတ်နှလုံးချမ်းမြေ့ဖွယ်ရာအကြောင်းသည် ကောင်းကင်ဘုံတွင်သာရှိလိမ့်မည်၊ ရှိရမည်။ လိုလားတောင့်တသည့်အတွက် လာလတ္တံ့သောကမ္ဘာ၏ဘုန်းတန်ခိုးတော်ကိုမြည်းစမ်းရပြီးသည့်အသက်ဝိညာဉ်များ၊ ကောင်းကင်ဘုံနှင့်ဆိုင်သည့်ဝမ်းမြောက်စရာအကြောင်းများကိုများစွာပင် မှီဝဲရပြီးသူများသည် လောကီရေးရာများတွင် ကျေနပ်နှစ်သက်နေကြလိမ့်မည်မဟုတ်ပါ။ ထိုသို့သောသူများသည် မိမိတို့၏အားလပ်ချိန်တွင်ဆောင်ရွက်စရာကောင်းမှုလုံလောက်စွာရှိနေပါလိမ့်မည်။ သူတို့သည် ဘုရားသခင်ကိုသာအာရုံပြုနေကြလိမ့်မည်။ အကြင်အရပ်၌သူတို့၏ဘဏ္ဍာရှိ၏၊ ထိုအရပ်သို့သူတို့၏စိတ်နှလုံးရောက်နေသဖြင့် သူတို့ရှိသေမြတ်နိုးကိုးကွယ်သောဘုရားသခင်နှင့် အေးချမ်းသာယာစွာမိတ်သဟာယဖွဲ့နေကြလိမ့်မည်၊ ဆက်ဆံနေကြလိမ့်မည်။ သူတို့အတွက်ဝမ်းမြောက်ရွှင်မြူးစရာမှာ သူတို့၏ဘဏ္ဍာရတနာတည်းဟူသောသန့်ရှင်းသောမြို့တော်၊ အသစ်ပြုပြင်ဖန်ဆင်းထားပြီးသောကမ္ဘာ၊ သူတို့၏ထာဝရနေအိမ်ဖြစ်၍ ယင်းအကြောင်းများပေါ်တွင်သာ အာရုံစိုက်နေကြလိမ့်မည်။ သူတို့သည် ယင်းအကြောင်းခြင်းရားများ၊ မြင့်မြတ်

သောအရာများ၊ စင်ကြယ်သောအရာများ၊ သန့်ရှင်းသောအရာများအပေါ် အာရုံပြုနေခြင်းဖြင့် ကောင်းကင်ဘုံနှင့်နီးကပ်နေကြလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်နှင့်တွေ့ထိနေကြလိမ့်မည်။ ထို့ကြောင့် သူတို့သည် လောကီရေးရေတို့နှင့်ပို၍ပို၍ကင်းကွာလာလိမ့်မည်။ သူတို့အတွက်စိတ်သက်သာစရာ၊ နှစ်သိမ့်စရာနှင့်ဝမ်းမြောက်စရာအမြင့်မြတ်ဆုံးမှာ သူတို့၏သာယာပျော်မွေ့ဖွယ်သောအိမ်တော်တည်းဟူသော ကောင်းကင်ဘုံနှင့်စပ်လျဉ်းသောရေးရာများဖြစ်လိမ့်မည်။ ထိုအခါ ဘုရားသခင်၏ထံတော်သို့လည်းကောင်း၊ ကောင်းကင်ဘုံသို့လည်းကောင်း သူတို့၏စိတ်အာရုံဆွဲဆောင်မှုအင်အားသည် ထိုမျှလောက်ကြီးအားနေမည်ဖြစ်ရာ သူတို့၏အသက်ဝိညာဉ်ကယ်တင်ရေးအတွက် လုံးခြုံမှုနှင့်ဘုရားသခင်၏ဂုဏ်တော်နှင့်ဘုန်းတော်ကိုထင်ရှားစေရေးတည်းဟူသော ကြီးမားသည့်ရည်မှန်းချက်များမှလွဲ၍ မည်သည့်အရာကမျှ သူတို့၏စိတ်အာရုံကို ပို၍ဆွဲဆောင်နိုင်လိမ့်မည်မဟုတ်ပါ။

ကျွန်ုပ်တို့အနေဖြင့် အမှန်တရား၌မွေ့လျော်၍ နေနိုင်ရေးအတွက် မည်မျှလောက်အခွင့်အရေးပေးထားသည်ကို ကျွန်မသဘောပေါက်လာသောအခါ ကြီးမြတ်လှသည့်မေတ္တာပါတကား၊ ကျွန်ုပ်တို့ကဲ့သို့ငြိုငြင်သောဒုစရိုက်သားများအပေါ်ထားရှိသည့် ဘုရားသခင့်သားတော်၏ မေတ္တာတော်သည် အံ့သြဖွယ်ကောင်းလှသော မေတ္တာပါတကားဟု အော်ဟစ်ကြွေးကြော်မိပါသည်။ ကျွန်ုပ်တို့ကယ်တင်ခြင်းရရှိရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်စရာရှိသမျှဆောင်ရွက်ပြီးစီးနေပြီဖြစ်သောကြောင့် အကျွန်ုပ်တို့အနေဖြင့် မိုက်မဲသင့်ပါသေး၏လော၊ ပေါ့ပေါ့ဆဆနေသင့်ပါသေး၏လော။ ကောင်းကင်တစ်ဝန်းလုံးက ကျွန်ုပ်တို့အတွက် စိတ်ဝင်စားကြ၏။ ကျွန်ုပ်တို့သည် သက်ရှင်နိုးကြားလျက် မြင့်မြတ်တော်မူ

သောအရှင်၏ ဂုဏ်တော်နှင့်ဘုန်းတော်ကိုထင်ရှားစေသင့်ပါ၏၊ ကြည်ညိုကိုးကွယ်သင့်ပါ၏။ ကျွန်ုပ်တို့အားထိုမျှလောက်ချစ်မေတ္တာထားတော်မူသောအရှင်၊ ကြင်နာသနားတော်မူသေအရှင်အား ကျွန်ုပ်တို့သည် စိတ်နှလုံးအကြွင်းမဲ့မြတ်နိုးကြည်ညိုသင့်ပါ၏၊ ကိုးကွယ်ပူဇော်သင့်ပါ၏၊ ကျေးဇူးတော်ကိုချီးမွမ်းသင့်ပါ၏။ ကျွန်ုပ်တို့၏ဘဝအသက်တာအားဖြင့် ကိုယ်တော်ကိုဂုဏ်ပြုသင့်ပါ၏၊ စင်ကြယ်သန့်ရှင်းသောအပြောအဆိုအသုံးအနှုန်းများအားဖြင့် အထက်မှဖြစ်ဖွားသောသူများဖြစ်ကြောင်း၊ ဤကမ္ဘာသည် ကျွန်ုပ်တို့၏အမြဲနေအိမ်မဟုတ်ကြောင်း၊ ကျွန်ုပ်တို့သည် ဘုရားဖူးသွားနေသူများသာဖြစ်၍ ဤအရပ်ဤဒေသတွင် သူစိမ်းတစ်ရံဆံများသာဖြစ်ကြောင်း၊ သာလွန်ကောင်းမွန်သောပြည်သို့ခရီးသွားနေကြသူများသာဖြစ်ကြောင်း ထင်ရှားစွာဖေါ်ဆောင်သင့်ပါသည်။

ခရစ်တော်၏နာမတော်ကိုခံယူသောသူအများစု၊ ကိုယ်တော်အလျင်အမြန်ကြွလာတော်မူမည်ကို စောင့်မြော်နေပါသည်ဟု အဆိုပြုသူအများစုသည် ခရစ်တော်အတွက် အနစ်နာခံသည်ဆိုသည်မှာ အဘယ်အရာဖြစ်သည်ကိုမသိကြပါ။ သူတို့သည်ကျေးဇူးတော်အားဖြင့် ကိုယ်စိတ်ကိုမချုပ်တည်းသေးကြောင်း၊ သူတို့၏အတ္တစိတ်များမချုပ်ငြိမ်းသေးကြောင်း သူတို့၏လုပ်ရပ်များတွင် ယေဘုယျအားဖြင့်တွေ့သိနိုင်ပါသည်။ တစ်ချိန်တည်းမှာပင် သူတို့သည်စုံစမ်းစစ်ဆေးခြင်းများနှင့်ရင်ဆိုင်နေရသည်ဟုအဆိုပြုနေကြသေး၏။ အမှန်အားဖြင့်ဆိုရသော် ယင်းသို့လူတို့စစ်ဆေးခြင်းခံရကြသည့်အကြောင်းရင်းမှာ၊ ကိုယ့်စိတ်ကိုမချုပ်တည်းနိုင်ခြင်းကြောင့် အတ္တစိတ်လှုပ်ရှားလွယ်သဖြင့် အမျက်ထွက်လွယ်သောကြောင့်ဖြစ်ပါသည်။ မာန်မာနနှိမ့်ချသည့်ခရစ်ယာန်၊ ခရစ်တော်၏နောက်လိုက်ပီသသည့် ခရစ်ယာန်ဆိုသည်မှာ မည်ကဲ့

သို့သော ခရစ်ယာန်များဖြစ်ရမည်ကို သူတို့သဘောပေါက်ထားကြပါက ကောင်းမွန်သောစေတနာဖြင့်လည်းကောင်း၊ မှန်ကန်စွာဖြင့်လည်းကောင်း လုပ်ငန်းစတင်ဆောင်ရွက်ကြပေလိမ့်မည်၊ ပထဦးစွာအတ္တစိတ်ကိုချုပ်ငြိမ်းကြစေလိမ့်မည်၊ ထိုနောက်တပ်မက်မောခြင်းရှိသမျှကိုချုပ်တည်းလိမ့်မည်။ ညီအစ်ကိုမောင်နှမအပေါင်းတို့၊ ကိုယ့်အစွမ်းသတ္တိကိုအားကိုးအားထားပြုခြင်း၊ ကိုယ့်အရည်အချင်းနှင့်ကိုယ်လုံလောက်သည်ဟုသဘောထားခြင်းများကိုစွန့်လွှတ်ပြီး နူးညံ့သိမ်မွေ့တော်မူသည့်ပုံစံနမူနာအတိုင်း လိုက်လျှောက်ကြပါစို့။ သခင်ယေရှုသည်သင့်အတွက် ပုံစံနမူနာဖြစ်သည်၊ ကိုယ်တော်၏ခြေတော်ရာအတိုင်းလိုက်လျှောက်ရမည်ဟု ထာဝစဉ်နှလုံးသွင်းထားပါ။ ယုံကြည်ခြင်းကိုအစအဦးစီရင်၍စုံလင်စေတော်မူသောသခင်ယေရှုကို စေ့စေ့ထောက်ရှုကြကုန်အံ့။ ထိုအရှင်သည် မိမိ၏ရှေ့၌ထားသော ဝမ်းမြောက်ခြင်းအကြောင်းကြောင့်၊ ရှက်ကြောက်ဖွယ်သောအရာကိုမရေးမထားဘဲ လက်ဝါးကပ်တိုင်၌ခံတော်မူ၏။ အပြစ်ရှိသောသူတို့လက်တွင် ထိုမျှလောက်ကြီးစွာသော ဆီးတားနှောင့်ယှက်ခြင်းကိုခံတော်မူ၏။ ကိုယ်တော်သည် ကျွန်ုပ်တို့လွန်ကျူးခြင်းအပြစ်များကြောင့် တစ်ကြိမ်ကရှုတ်ချခြင်းကိုခံခဲ့ရ၏။ ကွပ်မျက်ခြင်းခံရသောသိုးသငယ်ဖြစ်ခဲ့ရ၏။ နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်း၊ ဒဏ်ခတ်ခြင်း၊ အနိုင်အထက်ပြုခြင်းကိုခံခဲ့ရ၏။

ထိုကြောင့် ကျွန်ုပ်တို့သည် သခင်ယေရှုအတွက် ကျရောက်ရာဆင်းရဲဒုက္ခကိုစေတနာထက်သန်စွာခံစားကြပါစို့၊ နေ့စဉ် ကိုယ်ကိုကိုယ်လက်ဝ်းကပ်တိုင်ပေါ်သို့တင်၍ ကွပ်မျက်ခြင်းခံကြပါစို့။ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ ကိုယ်တော်၏ဘုန်းစည်းစိမ်တွင် ဝင်စားခွင့်ရရှိရေးအတွက်၊ ဘုန်းတော်နှင့်ဂုဏ်တော်သရဖူကိုဆောင်ခွင့်ရရှိရေး

အတွက်၊ အိုခြင်း၊ နာခြင်း၊ သေခြင်းကင်း၍ ထာဝရအသက်ရှင်ရေး အတွက် ဤလောကတွင် ခရစ်တော်နှင့်အတူ ဒုက္ခဆင်းရဲခံရသူများ ဖြစ်ကြပါစို့။

---ooo---

## ပရိသတ်အစည်းအဝေးတွင်သစ္စာရှိခြင်း

ဓမ္မအစည်းအဝေးများကို ကာလကြာမြင့်စွာတည်တံ့စေရန်နှင့် စိတ်ဝင်စားဖွယ်ဖြစ်စေရန် ဥပုသ်နေ့ကိုစောင့်ထိန်းသာများအနေဖြင့် တက်တက်ကြွကြွဆောင်ရွက်သင့်ကြောင်း ထာဝရဘုရားက ကျွန်မအား ဖော်ပြတော်မူပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ပိုမိုဂရုပြုကြရန်နှင့် စွမ်းအားထုတ်ဆောင်ရွက်ကြရန် အထူးအရေးကြီးပါသည်။ လူတိုင်း ဘုရားသခင်အတွက်သက်သေခံစရာအကြောင်း တစ်ခုမဟုတ်တစ်ခု ရှိသင့်ပါသည်။ ယင်းသို့သက်သေခံခြင်းဖြင့် ကောင်းချီးမင်္ဂလာခံစား ရကြပါလိမ့်မည်။ အချင်းချင်းစုဝေး၍ ဆွေးနွေးတိုင်ပင်ခြင်း၊ နှီးနှော ဖလှယ်ခြင်းများကိုမကြာခဏပြုရသောသူတို့အတွက် ရှေ့တော်တွင် မှတ်တမ်းတင်ထားပါသည်။ ကျန်ကြွင်းသောသူများသည် သိုးသငယ်၏ အသွေးတော်အားဖြင့်လည်းကောင်း၊ မိမိတို့သက်သေခံချက်နှုတ်ကပါဌ် တရားတော်အားဖြင့်လည်းကောင်း အောင်မြင်ကြလိမ့်မည်။ အချို့သော သူများသည် မိမိတို့ကိုယ်တိုင်အားဖြင့် အထူးတလည်ကြိုးစားအားထုတ် ခြင်းမပြုဘဲ သိုးသငယ်၏အသွေးတော်အားဖြင့်သာ အောင်မြင်ခြင်းရရှိရန် မျှော်လင့်နေတတ်ကြပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အားစကား

ပြောတတ်သည့်စွမ်းအားပေးထားတော်မူခြင်းအားဖြင့် ကျေးဇူးတော်ကြီးလှပုံကို ကျွန်မမြင်ရပါသည်။ ကျွန်ုပ်တို့အားလျှာတစ်ချောင်းပေးထားတော်မူ၏။ ယင်းလျှာကိုမည်သို့မည်ပုံအသုံးချသည်ကို တစ်နေ့သောအခါစာရင်းရှင်းရပါလိမ့်မည်။ ကျွန်ုပ်တို့သည်နှုတ်အားဖြင့်ဘုရားသခင်၏ဘုန်းတော်ကိုချီးမွမ်းရမည်၊ သမ္မာတရားတော်၏ဂုဏ်တော်အကြောင်းကိုလည်းကောင်း၊ အကန့်အသတ်မရှိသောကျေးဇူးတော်အကြောင်းကိုလည်းကောင်း၊ ပြောဆိုဆွေးနွေးရမည်၊ သက်သေခံရမည်၊ နှုတ်ကပါဌ်တရားတော်အရ ကျွန်ုပ်တို့၏သက်သေခံချက်အတိုင်းသိုးသငယ်၏အသွေးတော်အားဖြင့် အောင်မြင်ခြင်းရကြပါလိမ့်မည်။

ကျွန်ုပ်တို့အတူတကွစုဝေးကြသည်မှာ တိတ်ဆိတ်နေကြရန်မဟုတ်ပါ။ ကိုယ်တော်၏တန်ခိုးတော်၊ ကိုယ်တော်၏ဘုန်းတော်၊ ကိုယ်တော်၏ဂုဏ်တော်နှင့်ကျေးဇူးတော်အကြောင်းကိုပြောဆိုဆွေးနွေးရန် စုဝေးကြသောသူများကို ကိုယ်တော်အောက်မေ့သတိရတော်မူ၏၊ ထိုသူများအပေါ်သို့ ဘုရားသခင်၏ကောင်းချီးမင်္ဂလာသက်ရောက်ပေလိမ့်မည်၊ သူတို့သည်လည်းစွမ်းအားသစ်ကိုရကြလိမ့်မည်။ သူတို့အားလုံးလှုပ်ရှားသင့်သည့်အတိုင်းလှုပ်ရှားကြပါက အဖိုးတန်သောအချိန်အလဟဿမကုန်ဆုံးနိုင်၊ ရှည်လျားသောဆုတောင်းပတ္ထနာများ၊ တိုက်တွန်းနှိုးဆော်ချက်များ၊ ဩဝါဒများလိုလိမ့်မည်မဟုတ်ပါ၊ တိုတိုတုတ်တုတ်နှင့်ချက်ကျလက်ကျသက်သေခံချက်များ၊ ဆုတောင်းပတ္ထနာများဖြင့် အချိန်ရှိသမျှအကျိုးရှိစွာအသုံးချနိုင်လိမ့်မည်။ ဆုတောင်းပတ္ထနာပြုပါ၊ ယုံကြည်ပါ၊ လက်ခံရယူပါ။ ဘုရားသခင်အားမရိုမသေပြုလွန်းပါသည်၊ မမှန်သောပတ္ထနာပြုခြင်းများလွန်းပါသည်၊ ထိုကြောင့် ဘုရားသခင်၏အလိုတော်နှင့်မညီ၊ ကောင်းကင်တမန်များလည်းငြီးငွေ့ကြ၏၊

အချည်းနှီးသောစကားဖြင့် အထပ်ထပ်မြွက်ဆိုတောင်းလျှောက်ခြင်းများလွန်းပါသည်။ ပထမဦးစွာကျွန်ုပ်တို့၏ လိုအပ်ချက်များကိုတွေ့သိခံစားရမည်၊ ထိုနောက်အထူးလိုအပ်သည့်အရာများကိုသာ ဘုရားသခင်ထံတောင်းလျှောက်ရမည်၊ ယင်းသို့တောင်းလျှောက်နေစဉ်တွင်ပင်ကိုယ်တော်သည် ကျွန်ုပ်တို့အားပေးနေတော်မူကြောင်း ယုံကြည်စိတ်ချနေရမည်။ ထိုအခါ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကြီးထွားရှင်းသန်လာလိမ့်မည်၊ ပါရမီတိုးလိမ့်မည်၊ အားနည်းသူလည်းအင်အားပြည့်ဖြိုးလိမ့်မည်။ စိတ်အားငယ်သောသူ၊ ဝမ်းနည်းသောသူ စိတ်ပင်ပန်းသောသူတို့သည်လည်း အထက်သို့မျှော်ကြည့်လျက် ကိုယ်တော်ကိုလုံ့လဝီရိယဖြင့်ရှာသောသူတို့အား အကျိုးကိုပေးတော်မူသည်ဟု ယုံကြည်ခြင်းသို့ရောက်ကြလိမ့်မည်။

အချို့သောသူတို့သည် ပြောဟောစရာအသစ်အဆန်းမရှိသောကြောင့်လည်းကောင်း၊ အကယ်၍မပြောမနေပြောရမည်ဆိုပါက ပြောပြီးသည့်အကြောင်း အဟောင်းကိုပင် ထပ်မံဟောပြောရမည်ဖြစ်သောကြောင့်လည်းကောင်း မဟောမပြောဘဲအစည်းအဝေးတွင် နောက်ဆုတ်နေတတ်ကြပါသည်။ ယင်းကိစ္စများတွင်မာန်မာနအခြေခံနေကြောင်းကိုလည်းကောင်း၊ ဘုရားသခင်၏သန့်ရှင်းသူများသက်သေခံကြသည်ကိုကောင်းကင်တမန်များနှင့်တကွ ဘုရားသခင်ကိုယ်တော်တိုင်အသိအမှတ်ပြုတော်မူကြောင်းကိုလည်းကောင်း၊ အပတ်စဉ်အဖန်တလဲလဲထပ်ကာထက်ကာ ပြောဟောသက်သေခံနေခြင်းသည်ပင်လျှင် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေခြင်းဖြစ်၍ ကိုယ်တော်နှစ်သက်တော်မူကြောင်းကိုကျွန်ုပ်မမြင်ရပါသည်။ ထာဝရဘုရားသည် ရိုးသားလွယ်ကူခြင်းကိုလည်းကောင်း၊ မာန်မာနနှိမ့်ချခြင်းကိုလည်းကောင်း၊ မြတ်နိုးတော်မူ၏။

သို့သော်ကိုယ်တော်၏အမွေခံများ၊ သခင်ယေရှုနှင့်ဖက်စပ်အမွေခံဖြစ်သူများသည် အစည်းအဝေးများတွင်အချိန်ဖြုန်းနေကြပါက ကိုယ်တော်မနှစ်သက်ပါ၊ ကောင်းကင်တမန်များသည် စိတ်မကြည်မသာဖြစ်ကြ၏။

အကယ်၍ညီအစ်ကိုမောင်နှမများသည် မိမိတို့ရှိသင့်ရှိထိုက်သည့်နေရာများတွင် ရပ်တည်နေကြမည်ဆိုပါက သူတို့၏အပြစ်ဒုစရိုက်များအတွက် ကရာနီကုန်းလက်ဝါးကပ်တိုင်ပေးတွင် အသေခံတော်မူသောသခင်ယေရှုအား ဂုဏ်ပြုပြောဆိုသက်သေခံကြရန်အတွက် အခက်အခဲရှိကြလိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်များ၊ လွန်ကျူးခြင်းများအတွက် အပြစ်ဖြေရာပူဇော်သက္ကာရအဖြစ် မိမိချစ်မြတ်နိုးတော်မူသည့်တစ်ပါးတည်းသောသားတော်ကို စေလွှတ်တော်မူသည့်ဘုရားသခင်၏စေတနာကိုလည်းကောက်း၊ အပြစ်ဒဏ်သင့်နေသောလူသားသည် လွတ်မြောက်ရာလမ်းစကိုတွေ့၍ အပြစ်ဖြေလွှတ်ခြင်းနှင့်အသက်ရှင်ခြင်းအခွင့်ရရှိရေးအတွက် ယေရှုခံစားတော်မူရသည့်ဆင်းရဲဒုက္ခအပေါင်းကိုလည်းကောင်း သူတို့နားလည်သဘောပေါက်၍ အလေးအမြတ်ပြုကြမည်ဆိုပါက သူတို့သည် သခင်ယေရှု၏ဂုဏ်တော်ကိုချီးမွမ်းထောမနာပြုရန်အတွက် ပို၍အသင့်ရှိနေကြလိမ့်မည်။ ထိုအခါ သူတို့သည်တိတ်ဆိတ်စွာနေနိုင်တော့မည်မဟုတ်ဘဲ ကျေးဇူးတရားသိတတ်စွာဖြင့် ကိုယ်တော်၏ဘုန်းတော်နှင့်တန်ခိုးတော်အကြောင်းများကို ပြောဆိုသက်သေခံကြလိမ့်မည်။ ယင်းသို့ပြုကြသည့်အတွက် သူတို့အပေါ်သို့ဘုရားသခင်၏ကောင်းချီးမင်္ဂလာအပေါင်းသက်ရောက်လိမ့်မည်။ အကယ်၍တစ်ကြိမ်ပြောပြီးသည့်အကြောင်းကိုပင် အဖန်တလဲလဲပြောဆိုသက်သေခံနေသည်တိုင်အောင် ဘုရားသခင်၏ဘုန်းတော်ထင်ရှားလိမ့်မည်။

‘‘အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော ထာဝရဘုရားသခင်သည် သန့်ရှင်း

တော်မူ၏၊ သန့်ရှင်းတော်မူ၏၊ သန့်ရှင်းတော်မူ၏ဟုနေ့ညဥ့်မပြတ်
ငြိမ်၍မနေဘဲ” ပြောဆိုနေကြသောသူများကို ကျွန်မအား ညွှန်ပြတော်
မူ၍ သူတို့သည် ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းထောနာပြုနေခြင်း
ဖြစ်သည်ဟု ကောင်းကင်တမန်ကပြောပါသည်။ ထိုကြောင့် ကျွန်ုပ်တို့
သည် ပြောပြီးသည့်အကြောင်းကိုပင် ထပ်ကာထပ်ကာပြောဟောနေသည်
တိုင်အောင် ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းနေခြင်းပင်ဖြစ်ပါသည်။
၎င်းအပြင် ကျွန်ုပ်တို့သည် ကိုယ်တော်၏ကျေးဇူးတော်နှင့်ကောင်းမြတ်
တော်မူခြင်းကို အာရုံမပြုဘဲမနေကြောင်း ထင်ရှားစေပါသည်။

အမည်ကိုသာခံယူထားသည့်အသင်းတော်များဆုံးရှုံးနေကြပုံ၊
သူတို့အသိုက်အဝန်းတွင် အေးစက်နှင့်သေခြင်းတရားစိုးမိုးနေပုံများကို
လည်း ကျွန်မမြင်ရပါသည်။ အကယ်၍သူတို့သည် ဘုရားသခင်၏
နှုတ်ကပါဋ်တော်အတိုင်းလိုက်နာကြမည်ဆိုပါက မာန်မာနနှိမ့်ချကြပေ
လိမ့်မည်။ သို့သော်သူတို့သည် ဘုရားသခင်၏အမှုတော်တွင် အပေါ်စီး
ယူနေကြပါသည်။ သူတို့စုဝေးတွေ့ဆုံကြသောအခါ ဘုရားသခင်၏
ကောင်းမြတ်တော်မူခြင်းအကြောင်း ပုံဝတ္ထုရိုးဟောင်းကြီးကို အဖန်
တလဲလဲပြောဟောနေရခြင်းမှာ သူတို့အတွက်နိမ့်ကျလွန်းသည်ဟု သူတို့
သဘောထားကြပါသည်။ ထိုကြောင့် ခန့်ညားထည်ဝါသောအကြောင်း၊
ခြင်းရာ၊ လူတို့သဘောကျနှစ်ခြိုက်၍ ဘဝင်ခိုက်စေမည့်ဆန်းသစ်သော
အကြောင်းခြင်းရာများကိုသာ ရှာဖွေလေ့လာကြ၏။ ထိုကြောင့်
ဘုရားသခင်၏ဝိညာဉ်တော်သည် သူတို့နှင့်ခွဲခွာတော်မူ၏။ ကျွန်ုပ်တို့
သည် သမ္မာကျမ်းစာ၏နိမ့်ချသောလမ်းစဉ်အတိုင်း လိုက်နာကြပါက
ဘုရားသခင်၏ဝိညာဉ်တော်လှုပ်ရှားတော်မူသည်ကိုတွေ့သိခံစားရကြ
ပေလိမ့်မည်။ နှိမ့်ကျသောသမ္မာတရားလမ်းစဉ်ကို လိုက်လျှောက်၍

ဘုရားသခင်အပေါ်တွင် လုံးလုံးလျားလျားကိုးစားမည်ဆိုပါက အရာ ခပ်သိမ်းတွင် သာယာညီညွတ်မှုရှိ၍ မာရ်နတ်တမန်များ၏နှောင့်ယှက်ခြင်းအန္တရာယ်ကိုလည်း စိုးရိမ်ဖွယ်ရှိပေလိမ့်မည်မဟုတ်ပါ။ လူတို့သည် ဘုရားသခင်၏ဝိညာဉ်တော်ကိုပစ်ပယ်၍ ကိုယ့်စွမ်းအင်အတိုင်းလှုပ်ရှားကြသောအခါ ကောင်းကင်တမန်တို့သည် သူတို့အားစောင့်ကြပ်ကွပ်ကဲခြင်းမပြုတော့ဘဲ လူတို့သည်စာတန်၏ပြင်းစွာသောရိုက်ပုတ်ခြင်းကို ခံရကြ၏။

ဘုရားသခင်၏နှုတ်ကပါဠ်တရားတော်တွင် တာဝန်အသီးသီး သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်၍ ယင်းလမ်းစဉ်အတိုင်း လိုက်နာကြမည်ဆိုပါက ဘုရားသခင်၏လူများသည် မာန်မာနနှိမ့်ချ၍ လောကနှင့် သီးသန့်နေကြလိမ့်မည်။ အမည်ကိုသာခံယူထားသည့်အသင်းတော်များ ပမာ ဖေါက်ပြန်ကြလိမ့်မည်မဟုတ်ပါ။ ခြေဆေးမင်္ဂလာနှင့်ပေါင်းစပ်ထားသည့်ပွဲတော်မင်္ဂလာကို မကြာခဏကျင်းပ၍ ပါဝင်ခံယူသင့်ပါသည်။ သခင်ယေရှုကိုယ်တော်တိုင် ကျွန်ုပ်တို့အတွက် စံနာမူနာပြထားခဲ့ပြီးဖြစ်၍ ကိုယ်တော်ပြုတော်မူသည့်အတိုင်းလိုက်နာရန် မိန့်မှာခဲ့တော်မူ၏။ ကိုယ်တော်ပြထားခဲ့သည့် စံနာမူနာအတိုင်း တိတိကျကျတတ်အားသမျှ လိုက်နာကြရန်ဖြစ်သော်လည်း ညီအစ်ကိုမောင်နှမများအနေဖြင့် ခြေဆေးမင်္ဂလာခံယူရာတွင် လိုက်နာသင့်သည့်အတိုင်း မှန်ကန်စွာမလိုက်နာကြသဖြင့် ရှုပ်ထွေးမှုများပေါ်ပေါက်ကြပုံကို ကျွန်မမြင်ရပါသည်။ ယင်းကိစ္စကိုနေရာသစ်များတွင် ပညာသတိဖြင့်အစပြုစီစဉ်သင့်ပါသည်။ အထူးသဖြင့် ဤပွဲတော်မင်္ဂလာအကြောင်းနှင့်ပတ်သက်၍ ဘုရားသခင် ပြထားတော်မူခဲ့သည့် ပုံစံနမူနာနှင့်ဩဝါဒများကိုမကြားသိရသေးသူများ၊ ယင်းပွဲတော်မင်္ဂလာနှင့်ပတ်သက်၍ အထင်အမြင်လွဲမှားနေသူများ

အတွက် အထူးသတိပြုသင့်ပါသည်။ ရိုးဖြောင့်သောသူအများစုသည် မိမိတို့ယုံကြည်အားထားခဲ့သည့် ရှေးဦးသြဝါဒဆရာများ၏သွန်သင်ချက်များကြောင့် ဤမျှလွယ်ကူသောခြေဆေးမင်္ဂလာနှင့်ပတ်သက်၍ များစွာပင်အယူအဆလွဲမှားနေတတ်ကြပါသည်။ ထိုသို့သောညီအစ်ကိုမောင်နှမများအတွက် အချိန်မှန်နေရာမှန်၊ နည်းမှန်းလမ်းမှန်းအတိုင်းလျော်ကန်သင့်မြတ်အောင် အစပြုသင့်ပါသည်။

နှုတ်ကပါဠ်တရားတော်တွင် အမျိုးသားသည် အမျိုးသမီး၏ခြေကိုဆေးသည့်ပုံပမာပေးမထားသော်လည်း အမျိုးသမီးများကညီအစ်ကိုများ၏ခြေကိုဆေးပေးသည့်ပုံစံနမူနာများရှိခဲ့ပါသည်။ မာရိသည်သခင်ယေရှု၏ခြေတော်ကို မိမိ၏မျက်ရည်ဖြင့်ဆေး၍ဆံပင်နှင့်သုတ်ပေးသည့်ပုံပမာရှိပါသည်။ (၁တိ၊ ၅း၁၀ ကိုကြည့်ပါ)။ အမျိုးသမီးများသည် ညီအစ်ကိုများ၏ခြေကိုဆေးကြရန် ဘုရားသခင်လိုလားတော်မူကြောင်း၊ ဧဝံဂေလိတရားတော်၏စည်းမျဉ်းဥပဒေနှင့်လည်းလျော်ညီကြောင်းကျွန်မရှုမြင်ရပါသည်။ ညီအစ်ကိုမောင်နှမတိုင်းအသိတရားအပြည့်အဝပါဝင်လှုပ်ရှားကြပါက ခြေဆေးမင်္ဂလာသည် ငြီးငွေ့ဖွယ်ရာမဖြစ်နိုင်တော့ပါ။

ခရစ်တော်သခင်ယေရှု၏ဧဝံဂေလိတရားတော်တွင် တမန်တော်ရှင်ပေါလုဖော်ညွှန်းခဲ့သည့် သန့်ရှင်းသောနှုတ်ဆက်ခြင်းဆိုင်ရာသဘောတရားကို ၎င်း၏အမှန်လက္ခဏာအတိုင်းချင့်ချိန်တိုင်းထွာသင့်ပါသည်။ သန့်ရှင်းသောနမ်းခြင်းကိုဆိုလိုပါသည်။ ခရစ်ယာန်မိတ်ဆွေများရက်သတ္တပတ်များစွာ၊ လပေါင်းများစွာတစ်ဦးနှင့်တစ်ဦး ခွဲခွာချိန်တွင်လည်းကောင်း၊ ပြန်လည်းတွေ့ဆုံချန်တွင်လည်းကောင်း မိတ်သဟာယဖွဲ့ခြင်းအမှတ်လက္ခဏာဖြစ်သည်ဟု သဘောထားသင့်ပါသည်။ သက်သာ၌

လောနိတ်သြဝါဒစာ ပထမစောင် ၅း၂၆ တွင် တမန်တော်ရှင်ပေါလု က "ညီအစ်ကိုအပေါင်းတို့၊ သန့်ရှင်းသောနမ်းခြင်းနှင့်နှုတ်ဆက်ကြလော့" ဟုသြဝါဒပေးထားပါသည်။ ယင်းအချိန်၌ပင်လျှင် "မကောင်းသောအမှုအမျိုးမျိုးရှိသမျှကိုရှောင်ကြလော့" ဟုလည်းသြဝါဒပေးထားပါသေးသည်။ သန့်ရှင်းသောနမ်းခြင်းဖြင့် သင့်မြတ်သောအချန်၊ လျော်ကန်သောနေရာတွင် သန့်ရှင်းသောနှုတ်ဆက်ခြင်းပြုကြပါက မကောင်းမှုလက္ခဏာမပေါ်ပေါက်နိုင်ပါ။

ဘုရားသခင်၏အမှုတော်တွင် ရန်သူ၏လက်ရုံးရည်စွမ်းအင်က ဆန့်ကျင်ဘက်ပြုနေသောကြောင့် သမ္မာတရားတော်လမ်းစဉ်ကိုချစ်မြတ်နိုးသူတိုင်း စိတ်ဝင်စားမှုမြင့်မားကြောင်းထင်ရှားပေါ်လွင်စေရန် မိမိတို့စွမ်းအားရှိသမျှဖြင့် ပါဝင်ယှိုင်းပင်း၍ သမ္မာတရားတော်အတွက် ရှေ့ဆောင်ရှေ့ရပ်ပြုသူများအား ဝိုင်းဝန်းထောက်မလျက်လေးလေးနှင့်မှန်မှန် အာရုံစိုက်စောင့်ကြပ်ခြင်းပြုပါက ရန်သူကိုတားဆီးနိုင်ကြပါလိမ့်မည်ဟု ကျွန်မအားဖော်ပြတောမူပါသည်။ အမှုတော်တွင်တညီတညွတ်တစ်လုံးတစ်ဝတည်းရပ်တည်သင့်ပါသည်။ ဆောင်ရွက်ရန်ရှိသည်ကိုဆောလျင်စွာ ဆောင်ရွက်ရမည်ဖြစ်သောကြောင့် လူတိုင်းစွမ်းအင်အပြည့်အဝဖြင့်နိုးကြားနေသင့်ပါသည်။

ထိုနောက် တတိယကောင်းကင်တမန်ကို ကျွန်မမြင်ရပါသည်။ ကျွန်မ၏ကောင်းကင်တမန်က "သူ၏လုပ်ငန်းများကြောက်ရွံ့ဖွယ်ဖြစ်၏၊ သူ့အားလွှဲအပ်ထားသောတာဝန်သည် စိုးရိမ်စရာဖြစ်၏၊ ထိုကောင်းကင်တမန်သည် တောပင်နှင့်စပါးပင်များကိုခွဲခြား၍ စပါးပင်များကို ကောက်လှိုင်းများအဖြစ်စည်းလျက် ကောင်းကင်စပါးကျီးအတွင်းသို့သွင်းရန် တံဆိပ်ခတ်ရ၏။ ဤအရာအားလုံးကို လုံးဝအာရုံစိုက်သင့်သည်၊ အချိန်ပြည့်အလေးဂရုပြုသင့်သည်" ဟု ကျွန်မအားညွှန်ကြားပါသည်။

---ooo---

၂၁၂

## အသိတရားမပြည့်ဝသေးသူများသို့

သမ္မာတရားတော်အရေးကြီးပုံ၊ ၎င်း၏အကျိုးသက်ရောက်မှု အရာရောက်ပုံများကို အချို့လူတို့သဘောမပေါက်ကြသေးကြောင်း၊ စိတ်လှုပ်ရှားမှုကြောင့်ဖြစ်စေ၊ ရုတ်တရက်စိတ်ကူးပေါက်၍ဖြစ်စေ ကိုယ်စိတ်အလိုသို့လိုက်၍ ဆောင်ရွက်တတ်ကြောင်း၊ အသင်းတော်၏ စည်းမျဉ်းဥပဒေများကိုမူကား အလေးဂရုမပြုကြောင်း၊ ကျွန်ုပ်မြင်ရပါသည်။ ဘာသာရေးဆိုသည်မှာ အသင်းကောင်းဟစ်ခြင်းသာဖြစ်သည်ဟု သူတို့သဘောထားကြ၏။ အချို့သောသူများသည် တတိယကောင်းကင်တမန်၏သတင်းစကားဆိုင်ရာ သမ္မာတရားကို လက်ခံရရှိပြီးစအချိန်မှာပင် ယင်းသမ္မာတရားတော်၌ နှစ်ပေါင်းများစွာတည်မြဲနေခဲ့ပြီး၊ ယင်းသမ္မာတရားတော်အတွက် ဆင်းရဲဒုက္ခမြောက်မြားစွာကိုခံရပြီး၊ ယင်းသမ္မာတရားတော်၏ သန့်ရှင်းခြင်းအာနိသင်ကိုလည်းရရှိပြီးသူများအား ပြစ်တင်ဝေဖန်လိုသောဆန္ဒ၊ ဩဝါဒပေးလိုသောစိတ်ရှိနေတတ်ကြပါသည်။ ရန်သူ၏အလိုအရထိမ့်မြှုလောက်စိတ်ကြီးဝင်နေသူများသည် သမ္မာတရားတော်၏သန့်ရှင်းစေနိုင်သော ဩဇာသက်ရောက်မှုကိုတွေ့သိဖို့လိုပါသည်။ သမ္မာတရားတော်သည် "သူတို့ကိုယ်တိုင်ပင်ပန်းခြင်း၊ သနားဖွယ်ဖြစ်ခြင်း၊ ဆင်းရဲခြင်း၊ မျက်စိကန်းခြင်း၊ အဝတ်အချည်းစည်းရှိခြင်း" ကိုမုချသိမြင်ကြောင်း သူတို့သဘောပေါက်ရန်လည်းလိုပါသည်။ သမ္မာတရားတော်ကိုမြတ်နိုးလက်ခံမည်ဆိုပါက ယင်းတရားတော်က သူတို့၏အညစ်အကြေးများကိုဆေးကြောသုတ်သင်လိမ့်မည်၊ သူတို့သည်လည်း သမ္မာတရားတော်အားဖြင့် သန့်ရှင်းခြင်းသို့ဧကန်မုချရောက်ရှိကြလိမ့်မည်၊ ထိုအခါငါတို့သည်ဥစ္စာရတတ်၏၊ ဘဏ္ဍာများကိုဆည်းပူးပြီ၊ တစ်စုံတစ်ခုကိုမျှမလိုဟု သူတို့ပြောကြလိမ့်မည်မဟုတ်ပါ။

သမ္မာတရားတော်ကိုလက်ခံပြီးစ၊ ယင်းတရားတော်၏မူလ အခြေခံသဘောတရားများကို မသင်မယူရသေးမီကပင် ယင်းသမ္မာတရားတော်နှင့်စပ်လျဉ်း၍ ကုန်စင်တတ်မြောက်ပြီးဟု အထင်ကြီးသောသူများသည် ဩဝါဒဆရာများ၏တာဝန်ကိုထမ်းဆောင်ရန် ရှေ့တန်းသို့ တက်ကြရသောအခါ သမ္မာတရားတော်အတွက် နှစ်ပေါင်းများစွာကပင် ကြံ့ကြံ့ခိုင်ခိုင်ရပ်တည်ခဲ့သူများကိုပြစ်တင်ဝေဖန်ခြင်း၊ ဆုံးမဩဝါဒပေးခြင်းပြုတတ်ကြသည်မှာ သူတို့ကိုယ်တိုင်သမ္မာတရားတော်ကို ကောင်းစွာနားမလည်းသေးကြောင်း၊ ယင်းသမ္မာတရားတော်၏အကျိုးသက်ရောက်မှုကိုလည်း သဘောမပေါက်သေးကြောင်း ထင်ရှားနေပါသည်။ အကယ်၍သူတို့သည် သမ္မာတရားတော်၏သန့်ရှင်းစေနိုင်သောတန်ခိုးတစ်စိတ်တစ်ဒေသကို တွေ့သိခံစားရပြီးဖြစ်ပါက ဖြောင့်မတ်ခြင်းနှင့်ယှဉ်သော ငြိမ်သက်ခြင်းဆိုင်ရာအသီးများကို သီးကြပေလိမ့်မည်။ ထိုမျှမက ယင်းသမ္မာတရားတော်၏နှစ်မြို့ဖြစ်ဖွယ်သောဆွဲဆောင်မှုတန်ခိုးစွမ်းအားဖြင့် စိတ်နှလုံးနှိမ့်ချခြင်းရှိကြလိမ့်မည်။ ဘုရားသခင်ဘုန်းတော်ကိုထင်ရှားစေသည့်အသီးများကိုသီးကြလိမ့်မည်၊ သူတို့အားသမ္မာတရားတော်က မည်သို့မည်ပုံပြုပြင်ထားသည်ကိုလည်း သူတို့နားလည်ကြလိမ့်မည်၊ သူတစ်ပါးတို့သည် မိမိတို့ထက်သာလွန်ကောင်းမွန်သည်ဟုသဘောထား၍ လေးစားကြလိမ့်မည်၊ ဂါရဝပြုကြလိမ့်မည်။

ဤကမ္ဘာမြေကြီးအပေါ်သို့ဆိုက်ရောက်လာမည့် အခြေအနေအတွက် ကျန်ကြွင်းသူများအသင့်မရှိကြောင်း ကျွန်မရှုမြင်ရပါသည်။ နောက်ဆုံးသတင်းစကားကိုရရှိ၍ ယုံကြည်လက်ခံထားပါသည်ဟု အဆိုပြုသူအများစုအိပ်ငိုက်နေကြပုံ၊ ထိုင်းမှိုင်းနေကြပုံကိုလည်း ကျွန်မမြင်ရပါသည်။ ကျွန်မနှင့်အတူလိုက်ပါသော ကောင်းကင်တမန်က

“အသင့်ပြင်ဆင်၍နေလော့၊ အသင့်ပြင်ဆင်၍နေလော့၊ အသင့်ပြင်ဆင်၍နေလော့၊ ဘုရားသခင်၏ကြောက်မက်ဖွယ်သောအမျက်တော်ဆိုက်ရောက်လုနီးပြီ၊ ကရုဏာတော်မနှော်သည့်အမျက်တော်သွန်းလောင်းချိန်နီးပြီ၊ သို့ပါလျက်သင်သည် အသင့်အရှိပါတကား၊ အဝတ်ကိုမဆုတ်နှင့်၊ သင်၏နှလုံးကိုဆုတ်လော့၊ ကျန်ကြွင်းသူများအတွက်ကြီးမားသောလုပ်ငန်းတစ်ရပ်ကိုဆောင်ရွက်ရမည်၊ သူတို့အများစုသည်အသေးအဖွဲစစ်ဆေးခြင်းများ၌သာ အချိန်ကုန်နေကြ၏ ” ဟု အလွန်တရာလေးနက်စွာပြောပါသည်။ “သင်၏ဝန်းကျင်၌ မာရ်နတ်၏စစ်သည်အမြောက်အမြားဝိုင်းဝန်းနေကြသည်၊ သူတို့သည်ပရိယာယ်ကျော့ကွင်းထောက်၍ သင့်အားအပိုင်စီးရန် ကြောက်မက်ဖွယ်သောမှောင်မိုက်ဖြင့်တွန်းအားပေးနေကြသည်၊ ဤနောက်ဆုံးအချိန်ကာလအတွက် အကြွင်းမဲ့အရေးကြီးသောပြင်ဆင်မှုလုပ်ငန်းမှ သင်၏အာရုံကိုလွှဲပြောင်းလွယ်လွန်းသည်၊ သင်ရင်ဆိုင်ရသည့်အသေးအဖွဲပြဿနာကလေးများပေါ်တွင်အချိန်ကုန်ခံလွန်းသည်၊ မပြောပလောက်သည့် အခက်အခဲကလေးများကိုဤသို့ထိုသို့အသေးစိတ်ဖြေရှင်းခြင်းများလွန်းသည်” ဟု ကောင်းကင်တမန်ကဆက်၍ပြောပါသည်။ ကြာမြင့်စွာအချိန်ဆွဲ၍ စကားပြောဆွေးနွေးကြသည့် အုပ်စုများရှိတတ်ပါသည်။ သူတို့နှစ်ဦးနှစ်ဖက်လုံးသည်ကျေးဇူးတော်အားဖြင့် ကိုယ့်စိတ်ကိုကိုယ်မချုပ်တည်းနိုင်ကြဘဲ ဆွေးနွေးပွဲကိုဖွင့်နွှဲစေသဖြင့် သူတို့၏အချိန်ကိုဖြုန်းသည်သာမက ဘုရားသခင်၏အမှုတော်ဆောင်များကလည်း မလိုအပ်ဘဲအချိန်ကုန်ခံ၍နားထောင်ရကြ၏။ အကယ်၍မာန်မာနနှင့်အတ္တစိတ်ကိုဘေးဖယ်ထားကြမည်ဆိုပါက အကြီးမားဆုံးသောခက်ခဲမှုကိုငါးမိနစ်အတွင်း ဖြေရှင်းနိုင်ကြပေလိမ့်မည်။ ကိုယ်ကိုကိုယ်အပြစ်ကင်းစင်သည်ဟု အကြောင်းပြဖြေရှင်း

နေကြရာတွင် ကုန်ဆုံးရသောအချိန်နာရီပေါင်းများစွာအတွက် ဘုရားသခင်နှစ်သက်တော်မူသည်မဟုတ်ပါ၊ ကောင်းကင်တမန်တို့ကလည်း စိတ်မကြည်မသာဖြစ်ကြပါသည်။ ကိုယ်ကိုကိုယ်အပြစ်ကင်းကြောင်း အကျယ်တဝင့်ဖြေရှင်းနေခြင်းကို ဘုရားသခင်နားညောင်းတော်မူလိမ့်မည်မဟုတ်ကြောင်း၊ ဘုရားသခင်၏အမှုတော်ဆောင်များအနေဖြင့် ဒုစရိုက်သားများအား သူတို့၏အများလမ်းစဉ်ကိုဖော်ပြ၍ သူတို့အား လောင်မီးထဲမှ ကယ်ထုတ်ရာတွင် အသုံးချရမည့်အဖိုးတန်သောအချိန်ကိုဖြုန်းတီးရန် ဘုရားသခင်အလိုတော်မရှိကြောင်း ကျွန်မမြင်ရပါသည်။

ဘုရားသခင်၏လူများသည် ဖမ်းစားခြင်းခံနေသည့် မြေပေါ်တွင်ရောက်ရှိနေကြသောကြောင့် အချို့လူတို့သည် သူတို့၏ဘဝအသက်တာကိုတောင်းပုံ၊ သူတို့၏အသက်ဝိညာဉ်တန်ဖိုးကြီးပုံကို အာရုံမပြုနိုင်ကြတော့ဘဲ စားဝတ်နေရေးတွင် မာန်မာနထောင်လွှားခြင်း၊ အလုပ်အကိုင်တွင် မာန်မာနထောင်လွှားခြင်း၊ အပြုအမူအားဖြင့်မာန်မာနထောင်လွှားခြင်းများမှာ ဥပုသ်နေ့ကိုစောင့်ထိန်းသူများ၏ နယ်မြေအတွင်းသို့တိတ်တဆိတ်မသိမသာ ချင်းနင်းဝင်ရောက်နေပုံကို ကျွန်မမြင်ရပါသည်။ ''ဥပုသ်နေ့ကိုစောင့်ထိန်းသူများသည် အတ္တစိတ်ချုပ်ငြိမ်းရမည်၊ မာန်မာနထောင်လွှားခြင်း ချုပ်ငြိမ်းရမည်၊ ချီးကျူးခံလိုစိတ်ချုပ်ငြိမ်းရမည်'' ဟုကောင်းကင်တမန်ကပြောပါသည်။

မှောင်မိုက်ဖုံးလွှမ်းရာဒေသတွင်ရှိနေသည့် မွတ်သိပ်သူများထံသို့ သမ္မာတရား၊ ထိုအသက်ကယ်သမ္မာတရားကိုပေးပို့ရမည်။ အများသောသူတို့သည် ဘုရားသခင်က သူတို့၏စိတ်နှလုံးကိုနှိမ့်ချပေးရန်ဆုတောင်းတတ်ကြပါသည်၊ အကယ်၍သူတို့၏ပတ္ထနာကို ဘုရားသခင်နားညောင်းတော်မူမည်ဆိုပါက ဖြောင့်မတ်ခြင်းတရားတွင် ကြောက်ဖွယ်လိလိဖြစ်

ပေလိမ့်မည်၊ မာန်မာနနှိမ့်ချရန်မှာ သူတို့၏တာဝန်သာဖြစ်သည်၊ ကိုယ်ကိုကိုယ်ချီးမြှောက်နေပါက အသက်ဝိညာဉ်လမ်းလွဲလိမ့်မည်၊ ယင်းကိုမအောင်မြင်ပါက ဆုံးရှုံးကြလိမ့်မည်၊ တစ်စုံတစ်ယောက်သည် စိတ်နေမြင့်၍ မည်သည့်အရာမဆိုသူကိုယ်တိုင်စွမ်းဆောင်နိုင်သည်ဟု အထင်ကြီးလာသောအခါ ဘုရားသခင်၏ဝိညာဉ်တော်သည် သူနှင့်ခွဲခွာလိမ့်မည်၊ သူသည်လည်း ဆက်လက်၍ ကိုယ်ကိုကိုယ်အားကိုးနေသောကြောင့် ပျက်စီးခြင်းနှင့်အဆုံးသတ်လိမ့်မည်။ သန့်ရှင်းသူတစ်ဦးသည် အမှန်တရားတွင်တည်နေပါက ဘုရားသခင်၏လက်ရုံးတော်ကိုပင် လှုပ်ရှားစေနိုင်လိမ့်မည်ဖြစ်သော်လည်း မှားသောလမ်းစဉ်တွင်ရှိနေသည့် လူထုအနေဖြင့် စုပေါင်း၍ပင်ဆောင်ရွက်စေကာမူ မည်သည့်အရာကိုမျှ စွမ်းဆောင်နိုင်လိမ့်မည်မဟုတ်ကြောင်း ကျွန်မဆက်လက်၍ရှုမြင်ရပါသည်။

လူအများကိုယ့်စိတ်ကိုမနှိပ်ကွပ် မချုပ်တည်းနိုင်ကြသောကြောင့် ဒုစရိုက်အတွင်းနစ်မွန်းနေသောအသက်ဝိညာဉ်များကို အရေးမပါဘဲ မပြောအလောက်သည့် ကိုယ်ရေးကိစ္စငယ်များ၊ စိတ်မကြည်မသာစရာကလေးများ၌သာ နစ်မွန်းနေတတ်ကြပါသည်။ အကယ်၍သူတို့သည် ဘုရားသခင်၏ဘုန်းတော်ကိုမျက်မှောက်ပြုနေကြမည်ဆိုပါက သူတို့၏ဝန်းကျင်တွင် ပျက်စီးလုနီးနေသောအသက်ဝိညာဉ်များရှိနေကြောင်း တွေ့သိကြပေလိမ့်မည်။ ထိုသူတို့သည် အသက်ဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း သူတို့သဘောပေါက်လာကြသောအခါ ဘုရားသခင်အားယုံကြည်ကိုးစားလျက် စွမ်းအားရှိသမျှနှင့်သူတို့ကိုဆွဲယူကြလိမ့်မည်။ ၎င်းအပြင် ဘုရားသခင်၏သံတမန်များနှင့်လက်တွဲ၍ မေတ္တာတရားရှေ့ထားလျက် သမ္မာတရားတော်ကို ရဲရဲတောက်ကြွေးကြော်ကြ

လိမ့်မည်။ သာယာနာပျော်ဖွယ်သောကရဏာတော်သံပျောက်မသွားမီ ဖမ်းယူထားကြရန် အသက်ဝိညာဉ်များအား သတိပေးနှိုးဆော်ရာအမှုတော်တွင် ဝိုင်းဝန်းကူညီကြလိမ့်မည်။ "ကိုယ်တော်၏နာမတော်ကို ခံယူထားသူများအသင့်မရှိကြသေး" ဟုကောင်းကင်တမန်ကပြောပါသည်။ အမိုးအကာမဲ့နေသည့်မတရားသောသူများအပေါ်သို့ နောက်ဆုံးဘေးဒဏ်ခုနစ်ပါးကျရောက်တော့မည်ကိုလည်း ကျွန်မမြင်ရပါသည်။ သူတို့နှင့်ရင်ဆိုင်ရသူများသည်လည်း ဒုစရိုက်သားတို့၏ပြင်းထန်စွာဝေဖန်ပြစ်တင်သံများကိုကြားရကြလိမ့်မည်။ ထိုအခါသူတို့စိတ်ညှိုးငယ်ကြလိမ့်မည်။

"သူတို့သည် ကောက်ရိုးကိုသာအဆာကျယ်စွာရွေးယူနေကြသည်၊ မပြောပလောက်သည့်ပြဿနာကလေးများအပေါ် အချိန်ဖြုန်းနေကြသည်၊ ထိုကြောင့် ဒုစရိုက်အပြစ်သားတို့ဆုံးရှုံးရကြတော့သည်" ဟုကောင်းကင်တမန်ကပြောပါသည်။ ကျွန်ုပ်တို့၏အစည်းဝေးများကို ဘုရားသခင်စိုးမိုးလိုတော်မူ၏၊ ယင်းသို့စိုးမိုးတော်မူရန် ကိုယ်တော်နှစ်သက်တော်မူ၏၊ သို့သော် "ဆောင်ရွက်ရန်အမှုတော်ကို ငါဟန့်တားမည်" ဟုစာတန်ကကြုံးဝါးနေပါသည်။ သူ၏စေတမန်များက "အာမင်" ဟု သံယောင်လိုက်ကြ၏။ သမ္မာတရားတော်ကိုယုံကြည်ပါသည်ဟု အဆိုပြုသူများသည် သူတို့၏ရှေ့မှောက်တွင်စာတန်ပုံကြီးချဲ့ထားသည့် အသေးအဖွဲပြဿနာများ၊ မပြောပလောက်သည့်အခက်အခဲများအတွက် အချိန်ကုန်ခံနေကြပါသည်။ မည်သည့်အခါတွင်မျှပြန်လည်းရယူခြင်းမပြုနိုင်အသောအချိန်များကို ဖြုန်းနေကြပါသည်။ သမ္မာတရားတော်၏ ရန်သူများသည် ကျွန်ုပ်တို့၏အားနည်းချက်များကိုသိမြင်ကြ၏၊ ဘုရား

သခင်မကြည်မသာဖြစ်တော်မူရ၏၊ ခရစ်တော်သည်နာကျင်စွာ ထိုးခြင်းခံတော်မူ၏၊ စာတန်၏ရည်ရွယ်ချက်အောင်မြင်လေ၏၊ သူ၏ အကြံအစည်များကောင်းစွာပြီးမြောက်သည့်အတွက်အောင်ပွဲခံလေ၏။

---ooo---

## ကိုယ်ကျိုးစွန့်အနစ်နာခံခြင်း

တိုင်ပင်ဆွေးနွေးရာညီလာခံအစည်းအဝေးများတွင် သန့်ရှင်းသူ တို့ပြင်ဆင်မှုပြုလုပ်ခြင်းများလွန်းပုံကို ကျွန်မရှုမြင်ရပါသည်။ အချို့ တို့မှာ အစားအသောက်တည်ခင်းကျွေးမွေးရာတွင် တာဝန်များလွန်းသော ကြောင့်၊ ဝန်လေးပင်ပန်းလွန်းသောကြောင့် စားလိုသောက်လိုသော ဆန္ဒများပင် ပပျောက်သွားတတ်ကြပါသည်။ သို့သောအချို့တို့ကမူ "မုန့်နှင့်ငါး" အတွက် သက်သက်၊ အူမတောင့်ဖို့အတွက် သက်သက် အစည်းအဝေးတက်နေကြမည်ကိုစိုးရိမ်စရာရှိပါသည်။ မိမိတို့၏အာသီ သပြည့်ဝရေးအတွက်သက်သက်ညစ်ညူးသောဆေးလိပ်၊ ဆေးရွက်များ ကိုအာရုံစိုက်သောက်သုံးနေသူများသည် ယင်းမကောင်းကျင့်များကိုစွန့် လွှတ်၍ ယင်းအတွက်ကုန်ကျမည်းငွေကို ပိုမိုကောင်းမွန်သောအမှုကိစ္စ အတွက်အသုံးပြုသင့်ကြောင်း ကျွန်မမြင်ရပါသည်။ ယခင်ကမိမိတို့ ကြိုက်နှစ်သက်၍ မလိုအပ်ဘဲအာရုံခံစားသည့်အရာ၊ ခံတွင်းအရသာခံသည့် အရာများကိုစွန့်လွှတ်၍ ယင်းအတွက်ကုန်ကျမည့်ငွေကို ဘုရားသခင်၏ ဘဏ္ဍာတော်တိုက်တွင်းသို့ပေးသွင်းသောသူများသည် ပူဇော်သကာပြု သောသူများဖြစ်ကြ၏၊ ကိုယ်ကျိုးစွန့်သောသူများဖြစ်ကြ၏၊ မုဆိုးမ၏

ကြေးနီငွေနှစ်ပြားပမာ ယင်းပေးလှူငွေများကို ဘုရားသခင်အသိအမှတ် ပြုတော်မူလိမ့်မည်။ တန်ဖိုးအားဖြင့်မပြောပလောက်သော်လည်း လူတိုင်း ယင်းအမှုမျိုးပြုကြလျှင် ဘုရားသခင်၏ဘဏ္ဍာတော်တိုက် အရေးပါ အရာရောက်လိမ့်မည်။ လူတိုင်းမိမိတို့ဝတ်စားဆင်ယင်မှုတွင် ချင့်ချိန် ချွေတာကြမည်ဆိုပါကလည်းကောင်း၊ အမှန်တကယ်မလိုအပ်သည့်အရာ များ၊ အသုံးမဝင်သည့်အရာများ၊ အရေးမကြီးသည့်အရာများ၊ ခန္ဓာ ကိုယ်အတွက်အန္တရာယ်ဖြစ်စေသည့်အရာများ၊ ပုံစံအားဖြင့်လက်ဖက် ရည်၊ ကော်ဖီစသည်များကိုစွန့်လွှတ်၍ ယင်းအတွက်ကုန်ကျမည့် စရိတ်စကများကို အမှုတော်အတွက်ပေးလှူပူဇော်ကြမည်ဆိုပါကလည်း ကောင်း ဤလောကတွင်ကောင်းချီးမင်္ဂလာများစွာ ပို၍ရရှိကြပါလိမ့်မည် သာမက ကောင်းကင်ဘုံတွင်လည်း ဆုလာဘ်မင်္ဂလာရရှိကြပါလိမ့်မည်။ အများသောသူတို့က သူတို့အားဘုရားသခင်က ငွေကြေးဥစ္စာဘဏ္ဍာ ရတနာအများအပြားပေးသနားထားတော်မူသောကြောင့် လိုလေသေး အရှိနေနိုင်သည်၊ အရသာစုံကိုမှီဝဲစားသုံးနိုင်ပါသည်၊ ပေါပေါများများ၊ ဖေါဖေါသီသိဝတ်စားဆင်ယင်နိုင်သည်၊ ပြည့်ပြည့်လျှံလျှံရှိနေသည့် အတွက် ချွေတာခြင်း၊ ကိုယ်တိုင်အနစ်နာခံခြင်းများပြုလုပ်ရန်မလိုဟု သဘောထားကြပါသည်။ ထိုသို့သောသူတို့သည် ကိုယ်ကျိုးစွန့်အနစ် နာခံသောသူများမဟုတ်ကြပါ။ သူတို့၏စားဝတ်နေရေးတွင်အနည်းငယ် မျှအဆင်းရဲခံ၍ ဘုရားသခင်၏အမှုတော်အတွက် ထောက်ပံ့ကြမည် ဆိုပါက၊ သမ္မာတရားတော်တိုးတက်ကြီးပွားရေးကို ရှေးရှုကြမည်ဆို ပါက သူတို့သည်ကိုယ်ကျိုးစွန့်အနစ်နာခံသူများဖြစ်ကြလိမ့်မည်။ ဘုရား သခင်သည် လူအသီးသီးတို့အာ မိမိတို့၏အကျင့်အတိုင်းဆုလာဘ် မင်္ဂလာချီးမြှင့်တော်မူသောအခါ ထိုသူတို့အားသတိရတော်မူလိမ့်မည်။

---ooo---

## မရှိသေမှု

ဘုရားသခင်၏နာမတော်ကို အရှိအသေအလေးအမြတ်ပြုသင့်သည်ဟု ကျွန်မရှုမြင်ရပါသည်။ အချို့သောသူများ ဆုဆောင်းပတ္တနာပြုရာတွင် အနန္တတန်ခိုးတော်ရှင် ဘုရားသခင်ဆိုသည့်ဝေါဟာရနှစ်ရပ်ကိုအမှတ်တမဲ့ပေါင်းစပ်၍ သတိမမူဂရုမပြုဘဲ ပေါ့ပေါ့တန်တန်အသုံးပြုနေကြပုံကို ဘုရားသခင်နှစ်သက်တော်မမူပါ။ ဘုရားသခင်နှင့်သမ္မာတရားတော်အကြောင်းကို ထိုသူတို့သည် ပြည့်စုံကုံလုံအောင်မသိနားမလည်ကြသေးပါ။ အကယ်၍သာ သူတို့သိနားလည်ကြမည်ဆိုပါက နောက်ဆုံးသောနေ့မကြာမီရောက်လာတော့မည့် ထိုနေ့တွင် သူတို့အားတရားစီရင်တော်မူမည့် မြတ်တော်မူသောအရှင်၊ ကြောက်ရွံ့ရိုသေဖွယ်သောဘုရားသခင်ကို ယင်းသို့မရိုမသေပြုကြလိမ့်မည်မဟုတ်ပါ။ ကောင်းကင်တမန်က "ယင်းဝေါဟာရနှစ်ရပ်ကိုတွဲမထားရ၊ ကိုယ်တော်၏ နာမတော်သည် ကြောက်ရွံ့ရိုသေဖွယ်ဖြစ်တော်မူ၏" ဟုပြောပါသည်။ ဘုရားသခင်၏မြင့်မြတ်တော်မူခြင်း၊ ဘုန်းကြီးတော်မူခြင်းများကိုသဘောပေါက်သောသူတို့သည် ကိုယ်တော်၏နာမတော်ကို ရိုသေလေးမြတ်စွာ မြွက်ဆိုကြပေလိမ့်မည်။ ကိုယ်တော်သည် မချဉ်းမကပ်နိုင်သောအလင်းတော်တွင်စံနေတော်မူ၏။ ကိုယ်တော်ကိုဖူးမြင်ရလျှင်မည်သူမျှအသက်မရှင်နိုင်ပါ။ အသင်းတော်မဖွံ့ဖြိုးမီ ယင်းအကြောင်းအချက်များကိုနားလည်းပြီးဖြစ်ရမည်၊ နည်းလမ်းမှန်မှန်ဖြစ်အောင်ပြုပြင်ပြီးဖြစ်ရမည်ဟု ကျွန်မရှုမြင်ရပါသည်။

---ooo---

## သိုးထိန်းအတုများ

သိုးထိန်းအတုများယစ်မူးနေကြပုံကို ကျွန်မအားဖော်ပြတော်မူပါ သည်၊ စပျစ်ရည်ကြောင့်ယစ်မူးနေခြင်းမဟုတ်ပါ။ သူတို့ယိမ်းယိုင်နေကြ သည်၊ မူးယစ်စေတတ်သည့်ယစ်ရွှေရည်ကို သောက်ထား၍မဟုတ်ပါ။ ဘုရားသခင်၏သမ္မာတရားတော်သည် သူတို့အဖို့တံဆိပ်ခတ်၍ပိတ်ထား လျက်ရှိ၏၊ သူတို့မဖတ်နိုင်ကြတော့ပေ။ သတ္တမနေ့ဥပုသ်အကြောင်းကို သူတို့အားမေးသောအခါ၊ သမ္မာကျမ်းစကားပြောကြ၏။ ထိုပုရောဖက် များသည် ကန္တာရတောတွင်းမှာ မြေခွေးတို့ကဲ့သို့ဖြစ်နေကြပုံကို ကျွန်မ မြင်ရပါသည်။ ထိုသူတို့သည် ပွင့်ဟနေသောနေရာများသို့မသွားကြ၊ ဘုရားသခင်၏နေ့ရက်ရောက်လာသောအခါ တိုက်ပွဲတွင်ကြံ့ကြံ့ခံနိုင် ရန် ဘုရားသခင်၏လူတို့အတွက် စောင်ရန်းကာမထားကြ၊ မိမိတို့၏ စိတ်နှလုံးကန္နီးဆော်တိုက်တွန်းသည့် ယင်းသိုးထိန်းအတုများအား အချို့ သောသူများက သမ္မာတရားတော်အကြောင်းနှင့်ပတ်သက်၍ မေးမြန်း စုံးစမ်းကြသောအခါ၊ ယင်းမေးမြန်းသူများအသံတိတ်သွားစေရန်နှင့် မိမိတို့၏ရည်ရွယ်ချက်ထိရောက်မှုရှိစေရန် အလွယ်ဆုံး၊ အကောင်းဆုံး ဖြစ်သည့်လုပ်နည်းလုပ်ဟန်ကို အသုံးပြုကြ၏။ လိုအပ်ပါကသူတို့၏ ရာထူးဂုဏ်ကိုပင်ပြောင်းလဲ၍ဆောင်ရွက်ကြ၏။ ယင်းသိုးထိန်းအများစု အပေါ်သို့ အလင်းတရားသက်ရောက်ခဲ့သော်လည်း သူတို့ဝန်မခံကြပါ၊ အကယ်၍ သူတို့၏မူလရာထူးတွင်ဆက်လက်တည်မြဲနေကြမည်ဆိုပါက ယင်းအလင်းတရားကိုဝန်ခံရမည်စိုးသောကြောင့် ယင်းသမ္မာတရား တော်ကိုလွှဲရှောင်ရန် သူတို့၏ရာထူးများကိုပင် မကြာမကြာလွှဲပြောင်း ကြပါသည်။ သမ္မာတရားတော်၏တန်ခိုးစွမ်းအားက သူတို့၏အခြေခံ

သဘောတရားများကိုဖျက်ဆီးလိုက်သော်လည်း ယင်းသဘောတရားကို ဝန်ခံမည့်အစား သူတို့ကိုယ်တိုင်ပင် ကျေနပ်မှုမရှိသောအခြေခံသဘော တရားသစ်တစ်ခုကိုတည်ဆောက်ကြပြန်၏။

ဤသိုးထိန်းအများစုအနေဖြင့် ဘုရားသခင်၏အတိတ်ကာလက သြဝါဒများကိုငြင်းပယ်ကြပုံ၊ ဘုန်းတော်နှင့်ပြည့်ဝသည့်သမ္မာတရား တော်၊ ယခင်ကသူတို့သက်စွန့်ကြိုးပမ်းရှေ့ဆောင်ရှေ့ရပ်ပြုခဲ့သည့်တရား တော်ကို သူတို့ယခုငြင်းပယ်ကြပုံ၊ မတရားမှုမျိုးစုံ၌မွေ့လျော်နေ ကြပုံများကို ကျွန်မမြင်ရပါသည်။ သူတို့သည်မှားယွင်းမှုမျိုးစုံဖြင့် ယစ်မူးနေသည်ဖြစ်၍ သူတို့၏သိုးစုကိုသေခြင်းတရားလမ်းသို့ပို့ဆောင် နေကြပါသည်ကို ကျွန်မမြင်ရပါသည်။ ဘုရားသခင်၏သမ္မာတရားတော် ကိုအတိုက်အခံပြုသူအများစုသည် ယင်းတရားတော်ကိုနှောင့်ယှက် ဖျက်ဆီးရန် ညအချိန်တွင်ဉာဏ်ဆင်ကြ၏။ ယင်းသို့သူတို့အသစ်ရှာဖွေ ရရှိသည့်မတရားဉာဏ်ဆင်မှုများဖြင့် သမ္မာတရားတော်ကိုနှိပ်ကွပ်ရာ တွင်လည်းကောင်း၊ လူတို့၏စိတ်အာရုံများကိုအကြွင်းမဲ့အရေးကြီးမွန် မြတ်သောသမ္မာတရားတော်မှလွှဲပြောင်းပေးရာတွင်လည်းကောင်း၊ လူတို့ အတွက်စိတ်ဝင်စားဖွယ်ရာ အသစ်အဆန်းဖြစ်စေရန်အတွက်လည်း ကောင်း နေ့အချိန်တွင်အသုံးပြုကြပါသည်။

မိမိတို့၏သိုးစုကိုသေခြင်းတရားလမ်းသို့ပို့ဆောင်နေကြသော ဓမ္မဆရာများသည် သူတို့၏ကြောက်မက်ဖွယ်သောအမှုဆောင်ရွက်ရာ ကာလကို မကြာမီရပ်စဲရကြတော့မည်ဖြစ်ကြောင်း၊ ဘုရားသခင်၏ ဘေးဒဏ်များကျရောက်ချိန်နီးနေပြီဖြစ်ကြောင်း၊ သို့သော် ယင်းဘေး ဒဏ်တစ်ခုနှစ်ခုသည် ထိုသိုးထိန်းတုများခံရမည့်ပြင်းထန်သောဝေဒနာ အတွက် လုံးလောက်မည်မဟုတ်ကြောင်း၊ ထိုအချိန်တွင် ဘုရားသခင်၏

လက်တော်သည် အမျက်တော်နှင့်တရားမျှတမှုအတွက် ဆန့်ထားဆဲ ရှိလိမ့်မည်ဖြစ်ရာ ကိုယ်တော်၏ကြံရွယ်ချက်လုံးဝဥဿုံမပြည့်စုံမီတိုင်အောင်၊ အငှားသိုးထိန်းများနှင့်တူသည့်ဓမ္မဆရာများသည် သန့်ရှင်းသူများ၏ခြေရင်းတွင် ပျပ်ဝပ်ရမည့်အချိန်တိုင်အောင်၊ သန့်ရှင်းသူများသည်လည်း ဘုရားသခင်၏ပညတ်တော်များနှင့်သမ္မာတရားတော်ကို တာဝန်သိသိ၊ အသိတရားရှိရှိနှင့် စွဲစွဲမြဲမြဲဆုပ်ကိုင်စောင့်ထိန်းနေကြသောကြောင့် သူတို့အား ဘုရားသခင်မြတ်နိုးတော်မူကြောင်းကိုလည်း သူတို့အသိအမှတ်ပြုဝန်ခံရကြသည်တိုင်အောင်၊ မတရားသောသူရှိသမျှတို့ကိုလည်း ဤကမ္ဘာမြေကြီးပေါ်မှလုံးဝဥဿုံကုန်စင်အောင် သုတ်သင်ရှင်းလင်းတော်မူပြီးသည့်တိုင်အောင် ဘုရားသခင်သည် မိမိလက်တော်ကိုမရုပ်သိမ်းဘဲထားတော်မူလိမ့်မည်ဟု ကျွန်မမြင်ရပါသည်။

ကြွလာတော်မူမည်ကို ယုံကြည်ပါသည်ဟု ဝန်ခံသူအုပ်စုကွဲအသီးသီးတွင် သမ္မာတရားအနည်းငယ်စီရှိပါသည်၊ သို့သော်ထာဝရဘုရား၏နေ့ရက်အတွက်ပြင်ဆင်နေသော သားသမီးများအား ယင်းသမ္မာတရားအလုံးစုံကိုပေးသနားတော်မူ၏။ ၎င်းအပြင်ယင်းအုပ်စုကွဲတစ်ရပ်ကမျှမသိသော၊ သူတို့နားလည်လိမ့်မည်မဟုတ်သော သမ္မာတရားများကိုလည်း ပေးသနားတော်မူ၏။ အုပ်စုကွဲကိုနားမလည်ကြသော်လည်း နားလည်သဘောပေါက်ရန် အသင့်ရှိနေကြသူများအား ဘုရားသခင်ဖွင့်ပြတော်မူ၏။ အကယ်၍ဘုရားသခင်သည် အလင်းတရားသစ်ပေးသနားတော်မူရန်ရှိပါက မှောင်မိုက်အတွင်း အဓမ္မလမ်းစဉ်သို့လိုက်လျှောက်နေသူများထံသွားရောက်ချဉ်းကပ်စရာမလိုဘဲ မိမိမြတ်နိုးရွေးချယ်ထားသူများအား နားလည်စေတော်မူလိမ့်မည်။

ကျွန်ုပ်တို့သည်ကရုဏာတော်ဆိုင်ရာ နောက်ဆုံးသတင်းစကား ကိုလက်ခံရရှိသောသူများဖြစ်သည်ဟု ယုံကြည်ပါက နေ့စဉ်နှင့်အမျှ အမှားသစ်များကို နှလုံးသွင်းနေကြသူများနှင့် ကင်းရှင်းအောင်နေကြရန် အရေးကြီးပုံကို ကျွန်မရှုမြင်ရပါသည်။ သူတို့သည်မှားယွင်းသော တရားများကို ဟောပြောကြသည်ဖြစ်၍လည်းကောင်း၊ ယင်းတရားများ သည် အသက်ဝိညာဉ်ကိုသေစေတတ်သည့်အဆိပ်အတောက်များဖြစ်၍ လည်းကောင်း၊ သူတို့သွန်သင်သောတရားဒေသနာများမှ လူတို့၏ ပညတ်တရားများသာဖြစ်၍လည်းကောင်း အသက်ကြီးသူဖြစ်စေ၊ ငယ်ရွယ်သူဖြစ်စေ သူတို့၏အစည်းအဝေးပွဲများသို့မတက်ရောက်သင့် ကြောင်းကိုလည်း ကျွန်မရှုမြင်ရပါသည်။ ယင်းကဲ့သို့သောအစည်းအဝေး များ၏ဆွဲဆောင်မှုသည် ကောင်းသောဆွဲဆောင်မှုမဟုတ်ပါ။ အကယ်၍ ဘုရားသခင်သည် ယင်းကဲ့သို့မှောင်မိုက်အမှားလမ်းစဉ်မှ ကျွန်ုပ်တို့အား လွတ်မြောက်စေပြီးဖြစ်ပါက ကျွန်ုပ်တို့သည်ရရှိပြီးဖြစ်သောလွတ်လပ် ခွင့်ကို စွဲစွဲမြဲမြဲဆုပ်ကိုင်ထားကြပြီးလျှင် သမ္မာတရားတော်လမ်းစဉ် အတွင်း ဝမ်းမြောက်စွာလိုက်လျှောက်နေသင့်ပါသည်။ ကျွန်ုပ်တို့သည် တာဝန်မရှိဘဲ အဓမ္မလမ်းစဉ်အရဟောပြောခြင်းများကို သွားရောက် နားကြားကြပါက ဘုရားသခင်နှစ်သက်တော်မမူပါ၊ လူတို့အားအနိုင် ပြု၍ အဓမ္မလမ်းစဉ်သို့လိုက်လျှောက်စေသောတရားပွဲများသို့ ဘုရား သခင် စေလွှတ်တော်မမူဘဲ ကျွန်ုပ်တို့အားသွားရောက်နားကြားမည် ဆိုပါက ကိုယ်တော်သည် ကျွန်ုပ်တို့အာ စောင့်ရှောက်ထားတော်မူမည် မဟုတ်ပါ။ ကောင်းကင်တမန်တို့သည် ကျွန်ုပ်တို့အားစောင့်ရှောက် ကြည့်ရှုခြင်းမှရပ်စဲကြလိမ့်မည်ဖြစ်ရာ ကျွန်ုပ်တို့သည် ရန်သူထိုးသတ် ခြင်းကိုခံရကြလိမ့်မည်။ ရန်သူနှင့်ရန်သူဆိုင်ရာအဓမ္မတမန်များ၏တန်ခိုး

စွမ်းအားအတွင်းအားနည်းခြင်းသို့ရောက်၍ မှောင်မိုက်ဖုံးလွှမ်းခြင်းခံရလိမ့်မည်။ ယင်းအမှောင်ထုသည် ကျွန်ုပ်တို့၏ဝန်းကျင်တွင်ရှိနှင့်ပြီးသောအလင်းတရားကိုညစ်နွမ်းစေလိမ့်မည်။

ဒဏ္ဍာရီပုံပြင်များကိုနားထောင်ရန်အတွက် ကျွန်ုပ်တို့တွင်အချိန်ပိုမရှိပုံကို ကျွန်မရှုမြင်ရပါသည်။ ယင်းပုံစံမျိုးဖြင့် ကျွန်ုပ်တို့၏စိတ်အာရုံများကိုမလွှဲမပြောင်းသင့်ပါ၊ ယနေ့သမ္မာတရား၌သာအာရုံပြုနေသင့်ပါသည်၊ ကျွန်ုပ်တို့၏အခြေအနေကို ပိုမိုတိကျစွာသဘောပေါက်နားလည်ရန်အတွက် အသိပညာရှာဖွေဆည်းပူးရာတွင်သာအချိန်ကုန်ခံသင့်ပါသည်၊ သို့မှသာလျှင် မာန်မာနနှိမ့်ချသောသဘောထားဖြင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းအကြောင်းကို သမ္မာကျမ်းစာအရအကြောင်းပြရှင်းလင်းနိုင်ပေလိမ့်မည်။ မှားသောအယူဝါဒများနှင့်အန္တရာယ်မကင်းသောအဓမ္မလမ်းစဉ်များက စိတ်အာရုံကိုတွန်းအားပေးနေသည့် တ္ကသရေလအမျိုးသားထုသည် ဘုရားသခင်၏နေ့ရက်၌ကြံ့ကြံ့ခံနိုင်ရန် ပြင်ဆင်ထားရေးအတွက် သမ္မာတရားတော်ကိုအာရုံပြုနေရန် ဖြစ်နိုင်တော့မည်မဟုတ်ပါ။

---ooo---

## လူသားအတွက်
## ဘုရားသခင်၏ကရုဏာလက်ဆောင်

လူသည်အပြစ်ဒုစရိုက်မှလွတ်ငြိမ်းချမ်းသာခွင့်ရ၍ အသက်ရှင်စေရန် ဘုရားသခင်သည် မိမိသားတော်ကိုစေလွှတ်တော်မူရာ၌ ကိုယ်တော်၏မေတ္တာတော်ကြီးမြတ်ပုံ၊ အရေးပေးလိုက်လျောပုံများကို ကျွန်ုပ်မအားဖေါ်ပြထားတော်မူပါသည်။ ဒေင်ဥယျာဉ်တော်၏လှပတင့်တယ်မြတ်နိုးဖွယ်ကောင်းပုံကို ရှုစားခွင့်ရခဲ့သည့်အာဒံနှင့်ဧဝ၊ ယင်းဥယျာဉ်တော်တွင်အပင်တစ်ပင်၏အသီးမှအပ ကျန်သစ်သီးဝလံအစုံအလင်းကိုသုံးဆောင်ခွင့်ရခဲ့သည့်ဇနီးမောင်နှံတို့ကို ကျွန်ုပ်မနောက်ကြောင်းပြန်၍မြင်တွေ့ရပါသည်။ မြွေသည် ဧဝအားဖြားယောင်းခဲ့၏၊ ဧဝကတစ်ဖန်သူမ၏ခင်ပွန်းကိုသွေးဆောင်ခဲ့၏၊ သို့ဖြင့် သူတို့နှစ်ဦးလုံးတားမြစ်ထားသောအပင်၏အသီးကိုစားသုံးခဲ့ကြ၏၊ ထိုကြောင့် သူတို့နှစ်ဦးလုံး၊ ဘုရားသခင်၏ပညတ်တော်ကို ကျူးလွန်ခဲ့ကြသဖြင့် ဒုစရိုက်အပြစ်သားများဖြစ်ကြလေ၏။ ကောင်းကင်တစ်ခွင်လုံးသို့သတင်းပြန့်သွားသောအခါစောင်းတော်သံရှိသမျှတိတ်ဆိတ်ရပ်စဲသွားလေ၏။ ထိုအချိန်တွင် အာဒံနှင့်ဧဝတို့သည် အသက်ပင်မှအသီးကိုခူးယူစားသုံးကြပါက ထာဝရတည်မြဲသောဒုစရိုက်သားများအဖြစ်သို့ ပြောင်းလဲသွားကြမည်ကိုကောင်းကင်တမန်များစိုးရိမ်မကင်းဖြစ်ကြ၏၊ ဝမ်းနည်းကြေကွဲကြ၏၊ သို့သော်ကိုယ်တော်က အပြစ်သားဇနီးမောင်နှံတို့အား ဥယျာဉ်တော်မှနှင်ထုတ်တော်မူမည်၊ အသက်ပင်ခေရုဗိမ်တို့အားမီးစက်လက်နက်တို့ဖြင့် စောင့်ကြပ်စေတော်မူမည်၊ သို့မဟုတ်ပါက ဒုစရိုက်လူသည်အသက်ပင်သို့ချဉ်းကပ်လျက် ယင်းအသီးကိုစားသုံးခြင်းဖြင့် အသေမပျောက်နိုင်သောဘဝတွင် ထာဝရတည်နေလိမ့်မည်ဟုမိန့်တော်မူ၏။

လူသားသည် လမ်းလွဲလေပြီဖြစ်သောကြောင့် ဘုရားသခင်ဖန်ဆင်းထားတော်မူသည့် ကမ္ဘာမြေကြီးပေါ်တွင် အိုခြင်း၊ နာခြင်း၊

သေခြင်းတရားစိုးမိုးသည့် အခြေအနေသို့ဆိုက်ရောက်သွားပြီဖြစ်ကြောင်း၊ အပြစ်ကျူးလွန်သူအတွက် လွတ်မြောက်ရာလမ်းမရှိတော့ကြောင်း သရုပ်ပေါ်လေသောအခါ ကောင်းကင်ဘဝဂ်ဝယ် ဝမ်းနည်းကြေကွဲဖွယ် ဖြစ်ရလေတော့၏။ အာဒံ၏မိသားစုအားလုံးသေရမည်။ ထိုနောက် ရိုသေမြတ်နိုးဖွယ်သောယေရှုကို ကျွန်မဖူးမြင်ရပါသည်၊ ကိုယ်တော်၏ မျက်နှာတော်တွင် ဂရုဏာသက်ဝင်သည့်ဝမ်းနည်းသောသ P ² mန်ပေါ် လွင်နေပါသည်။ မကြာမီပင် ကိုယ်တော်သည် ခမည်းတော်အားဝန်းရံ ထားသည့်ထူးကဲစွာထွန်းတောက်နေသောအလင်းရောင်ဆီသို့ချဉ်းကပ် သွားတော်မူသည်ကို ကျွန်မဖူးမြင်လိုက်ရပါသည်။ "ကိုယ်တော်သည် ခမည်းတော်နှင့်ရင်းနှီးစွာနှီးနှောနေတော်မူသည်" ဟု ကျွန်မအား ကောင်းကင်တမန်ကပြောပါသည်။ သခင်ယေရှုသည် ခမည်းတော် ဘုရားနှင့်ဆက်သွယ်ဆွေးနွေးနေတော်မူစဉ် ကောင်းကင်တမန်အပေါင်း စိုးရိမ်ပူပန်ခြင်းပြင်းပြနေပုံပေါ်ပါသည်။ သုံးကြိမ်တိုင်အောင် ကိုယ်တော် သည်ခမည်းတော်၏ဘုန်းတော်ရောင်ခြည်အတွင်း ဖုံးကွယ်ထားခြင်းကို ခံရပြီးနောက် ခမည်းတော်ထံမှတတိယအကြိမ်ထွက်ခွာလာတော်မူသော အခါ ကိုယ်တော်၏မျက်နှာတော်တွင် ငြိမ်သက်ခြင်းရှိ၍ စိတ်တော် ရှုပ်ထွေးပုံမရ၊ ဒုက္ခလှုပ်ရှားမှုကင်းစင်လျက် လူတို့ဘာသာစကားဖြင့် မဖေါ်ပြနိုင်သည့်ကြည်ညိုမြတ်နိုးဖွယ်သောပုံသ P ²ၢန်တော်ကို ကျွန်မ ဖူးမြင်ရပါသည်။ ထိုအချိန်တွင် ကိုယ်တော်ကဆုံးရှုံးနေသောလူသား အတွက် လွတ်မြောက်ရာလမ်းကိုစီမံပြီးဖြစ်ကြောင်း၊ လူသားမျိုးနွယ် တစ်ရပ်လုံးကျူးလွန်သည့်အပြစ်ဒုစရိုက်အတွက် သူတို့ခံရမည့်သေခြင်း ပြစ်ဒဏ်ကို မိမိကိုယ်တော်တိုင်ခံယူခြင်းဖြင့် လူသားတို့၏အသက်ကို ရွေးယူရန် ခမည်းတော်ဘုရားထံမှအသနားခံခဲ့ပြီးကြောင်း၊ ခမည်းတော် ကလည်း သဘောတူပြီးကြောင်း၊ ယင်းနည်းအားဖြင့် လူတို့သည် မိမိ၏အသွေးတော်အားဖြင့် လွန်ခဲ့သည့်အပြစ်ဒုစရိုက်များမှ လွန်ငြိမ်း ချမ်းသာခွင့်ရ၍ နားထောင်ခြင်းရှိပါက ယခုသူတို့အားနှင်ထုတ်သည့်

ဥယျာဉ်တော်သို့မြန်လည်းဝင်ရောက်ရန်အတွက် လမ်းပွင့်နေပြီဖြစ်ကြောင်း ကောင်းကင်တမန်သီဆိုသူများက ကိုယ်တော်ကရှင်းလင်းမိန့်ကြား တော်မူ၏။ ထိုအခါသူတို့သည် ယခုစွန့်လွှတ်ရသည့်အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းသောအသက်ပင်၏အသီး၊ မင်္ဂလာရှိသော ထိုအသီးနှင့် တကွ အခြားသောအခွင့်အရေးအားလုံးကိုပြန်လည်ရရှိကြလိမ့်မည်ဖြစ် ကြောင်းကိုလည်း မိန့်တော်မူ၏။

ယင်းကဲ့သို့မိန့်တော်မူပြီးသောအခါ ကောင်းကင်တစ်ခွင်လုံးဝမ်း မြောက်ကြ၏၊ နှုတ်မဖွက်နိုင်လောက်အောင်ဝမ်းမြောက်ကြ၏။ ကောင်း ကင်သီဆိုသည်များသည် ချီးမွမ်းထောမနာပြုသီချင်း၊ ကြည်ညိုမြတ်နိုး ဖွယ်သီချင်းကိုသီဆိုကြလေ၏။ ဘုရားသခင်သည် မိမိချစ်မြတ်နိုးတော်မူ သည့်တစ်ပါးတည်းသောသားတော်ကို ပုန်ကန်သောလူမျိုးအတွက် အသေခံစေတော်မူရာ၌ ကိုယ်တော်၏မြင့်မြတ်တော်မူခြင်း၊ လိုက်လျော တော်မူခြင်းကိုဖူးတွေ့ရကြသဖြင့် ကောင်းကင်သီဆိုသည်များသည် သူတို့၏စောင်းတော်များကို ယခင်ကထက်အသံတစ်ဆင့်မြှင့်၍တီးကာ သီဆိုကြပါသည်။ ထိုနောက်သခင်ယေရှုသည် ခမည်းတော်၏ရင်ခွင် တော်မှခွဲခွာ၍ ကိုယ်ကိုကိုယ်ငြင်းပယ်လျက် မိမိ၏အသက်တော်ကို ပေးလှူပူဇော်ရန် သဘောတူတော်မူခြင်း၊ သူတစ်ပါးအသက်ရှင်စေခြင်းငှာ ဒုက္ခဆင်းရဲမျိုးစုံခံစားရသည့်အသက်တာနှင့် အသရေပျက်စွာဖြင့်အသေခံ ရန် ရွေးယူတော်မူခြင်းများအတွက် မရပ်မစဲချီးမွမ်းထောမနာပြုကြ၏၊ အရိုအသေအလေးအမြတ်ပြုကြ၏။

"ဘုရားသခင်သည် မိမိချစ်မြတ်နိုးတော်မူသည့်သားတော်ကို စွန့်တော်မူရာ၌ ခံစားမှုမရှိဟုသင်ထင်ပါသလား၊ လုံးဝမဖြစ်နိုင်" ဟု ကောင်းကင်တမန်ကမေးဖြေပါသည်။ လူသည် မိမိကျူးလွန်သော အပြစ်အတွက် သေခြင်းကိုခံစေမည်လော၊ သို့မဟုတ် လူသည် သေခြင်း တရားမှလွတ်မြောက်ရန်အတွက် မိမိချစ်မြတ်နိုးတော်မူသည့်တစ်ပါး တည်းသောသားတော်အား လူတို့၏ကိုယ်စားအသေခံစေတော်မူမည်

လောဆိုသည်ကိုရွေးချယ်ရာတွင် ကောင်းကင်ဘုံရှင်ဘုရားသခင်သည် ပင်လျှင် ခက်ခဲစွာခံစားရတော်မူ၏။ လူသားကယ်တင်ခြင်းရရှိရေး အတွက် ကောင်းကင်တမန်များအထူးပင် စိတ်ဝင်စားကြသည်ဖြစ်၍ ပျက်စီးဆုံးရှုံးနေသောလူသားအတွက် သူတို့၏ဘုန်းအသရေနှင့်အသက် ကိုပေးလှူပူဇော်မည့် ကောင်းကင်တမန်အများကိုတွေ့ရှိနိုင်ခဲ့ပါသည်။ ''သို့သောမည်သို့မျှအကျိုးထူးလိမ့်မည်မဟုတ်'' ဟု ကျွန်မ၏အဖေါ် ကောင်းကင်တမန်မပြောပါသည်။ လူသား၏ပြစ်မှုကြီးမားလွန်းသည် ဖြစ်၍ ကောင်းကင်တမန်တစ်ပါး၏အသက်ဖြင့် ယင်းအပြစ်ကြွေးကို ပေးဆပ်ရန်မလုံလောက်ပါ။ မြော်မြင်ရာမရှိ၊ ဆင်းရဲငြိုငြင်လှသည့် ပျောက်ဆုံးနေသောလူသား၏အပြစ်ကြွေးကို ဘုရားသခင်သားတော်၏ သွေးတော်မှလွဲ၍ မည်သည့်အရာနှင့်မျှပေးဆပ်ခြင်း၊ ဖျန်ဖြေခြင်းပြုနိုင် မည်မဟုတ်ပါ။

သို့သော်ဘုရားသခင်၏သားတော်ခံစားရမည့်ဒုက္ခဆင်းရဲခြင်း ဘဝအသက်တာအတွက် သက်သာမှုရရှိစေရန် လိမ်းဆေးတည်းဟူသော စွမ်းအင်ကို ဘုန်းတန်ခိုးတော်တည်ရှိရာမှ ဆင်းချီတက်ချီယူဆောင် ပေးပို့ကြရန် ကောင်းကင်တမန်အား ထာဝန်ပေးအပ်ထားပါသည်။ ၎င်းအပြင်သူတို့သည် ကိုယ်တော်အား အလုပ်အကျွေးပြုရကြပါသည်။ သူတို့၏အခြားသောတာဝန်တစ်ရပ်မှာ ကျေးဇူးတော်၏လက်အောက် ခံလူသားတို့၏ဝန်းကျင်တွင် စာတန်က မစဲတမ်းမရပ်တမ်းစေလွှတ် အနှောင့်အယှက်ပေးနေသည့် သူ၏အဓမ္မတမန်များနှင့်မှောင်မိုက်၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက် ပေးရန်ဖြစ်ပါသည်။ ပျောက်ဆုံးပျက်စီးနေသောလူသားကိုကယ်တင်ရန် ဘုရားသခင်သည် မိမိပညတ်တရားတော်ကို မပြောင်းလွှဲနိုင်သောကြောင့် ချစ်မြတ်နိုးတော် မူသည့်တစ်ပါးတည်းသောသားတော်အား ဒုစရိုက်ပြုသောလူသား၏ ကိုယ်စား အသေခံစေရန် စေလွှတ်တော်မူကြောင်း ကျွန်မရှုမြင်ရပါသည်။

---ooo---

# ဝိညာဉ်ဆုကျေးဇူးများ
# အတွဲ (၁)

## နိဒါန်း

ယုဒဘာသာတရားတည်ရာခေတ်ကအသင်းတော်တွင် ပုရောဖက်ဥာဏ်ကိုရရှိသည့်ကျေးဇူးတရားထွန်းကားခဲ့ပါသည်။ ယင်းဘာသာတရားတည်ရာခေတ်နောက်ပိုင်းရာစုနှစ်အနည်းငယ်တွင် အသင်းတော်ဖေါက်ပြန်ခဲ့သည့်အတွက် ပုရောက်ဖက်ဥာဏ်ရရှိသူများကွယ်ပျောက်ခဲ့သယောင်ယောင်ရှိခဲ့သော်လည်း ယင်းခေတ်ကုန်ဆုံးချိန်တွင် မေရှိယအရှင်ကြွလာတော်မူရန် လမ်းဖွင့်ပေးရေးအတွက် ပုရောဖက်ဥာဏ်ကိုရရှိသူများထပ်မံပေါ်ပေါက်ခဲ့ပါသည်။ နှစ်ခြင်းဆရာယောဟန်၏ဖခင်ဇာခရိသည် "သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝလျက်......ပုရောဖက်ဥာဏ်နှင့်ဟောလေ၏။" ထိုအခါတရားတော်ကိုရိုသေ၍ ဖြောင့်မတ်သောသူ၊ "ဣသရေလအမျိုး၏သက်သာခြင်းအကြောင်းကို မျှော်လင့်သောသူရှိမောင်သည် ဝိညာဉ်တော်အားဖြင့်ဗိမာန်တော်သို့သွား၍" "ဣသရေလအမျိုးကိုချီးမြှောက်စေခြင်းငှာလည်းကောင်း၊ တစ်ပါးအမျိုးသားတို့ကိုလင်းစေခြင်းငှာလည်းကောင်း၊" ပြင်ဆင်တော်မူသည့်အလင်းဖြစ်သည်ဟု ယေရှုအကြောင်းကိုပုရောဖက်ဥာဏ်နှင့်ဟောလေ၏။ တစ်ဖန်အန္နအမည်ရှိသော ပုရောဖက်မတစ်ဦးကလည်း "ယေရုရှလင်မြို့၌ရွေးနုတ်ခြင်းအရာကိုမျှော်လင့်သောသူအပေါင်းတို့အား ထိုသူငယ်၏အကြောင်းကိုဟောလေ၏။" ၎င်းအပြင် ဣသရေလလူတို့သည် "ဤလောက၏အပြစ်ကိုဆောင်သွားသောဘုရားသခင်၏သိုးသငယ်" တော်နှင့်အကျွမ်းတဝင်ဖြစ်စေရေးအတွက် မိတ်ဆက်ပေးသူအဖြစ် ပုရောဖက်အပေါင်းတို့တွင် အကြီးဆုံးသောပုရောဖက်ဖြစ်သည့်နှစ်ခြင်းဆရာယောဟန်အား ဘုရားသခင်ရွေးချယ်တော်မူ၏။

ခရစ်ယာန်ခေတ်ကို သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းခြင်းဖြင့် အစပြုခဲ့ပါသည်၊ ယုံကြည်သူများသည်လည်း အမျိုးမျိုးသော ဝိညာဉ်ဆုကျေးဇူးများကို အသီးအသီးထင်ရှားစွာ လက်ခံခဲ့ရကြပါသည်။ ယင်းဆုကျေးဇူးများကို လောက်လောက်ငငံ ခံစားရကြသည့်အတွက် တမန်တော်ရှင်ပေါလုက "ကောင်းသောအကျိုးအလိုငှာသာ ဝိညာဉ်တော်ကို လူအသီးအသီးတို့အား ထင်ရှားစွာပေးတော်မူလျက်ရှိ၏" ဟု ကောရိန်သုအသင်းတော်သို့ပေးပို့သည် ဩဝါဒစာတွင်ဖော်ပြထားသည်မှာ အသင်းတော်မှလူအသီးအသီးတို့အား ပေးတော်မူခြင်းကိုသာ ဆိုလိုသည်ဖြစ်၍ လူအများမှတ်ယူကြသည့်အတိုင်း လောကီသား လူအသီးအသီးတို့အားပေးတော်မူသည်ဟု ဆိုလိုခြင်းမဟုတ်ပါ။

ကြီးမားသောအယူဝါဒဖေါက်ပြန်သည့်အချိန်မှအစပြု၍ ဤဆုကျေးဇူးများလက်ခံရရှိပုံကိုမြင်ရခဲပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ ယင်းဆုကျေးဇူးများကိုရှေးအသင်းတော်များအတွက် အချိန်ကာလကန့်သတ်၍ပေးတော်မူခြင်းဖြစ်သည်ဟု ခရစ်ယာန်အမည်ခံအများစုက ယေဘုယျအားဖြင့်သဘောထားကြသောကြောင့်ဖြစ်နိုင်ပါသည်။ သို့သော်အသင်းတော်၏မှားယွင်းမှုများ၊ မယုံကြည်မှုများကြောင့် ယင်းဆုကျေးဇူးများ ရပ်တန့်သွားခြင်းလည်း ဖြစ်နိုင်သည်မဟုတ်ပါလော။ ၎င်းအပြင် ဘုရားသခင်၏လူတို့သည် ရှေးလူတို့၏ယုံကြည်ခြင်းမျိုးနှင့်အလေ့အထမျိုးကိုလက်ကိုင်ထားကြမည်ဆိုပါက "နောက်မိုး" အားဖြင့်ယင်းဆုကျေးဇူးများဖြစ်ထွန်းလိမ့်မည်မဟုတ်ပါလော။ ဘုရားသခင်၏ပညတ်များနှင့်ယေရှု၏ယုံကြည်ခြင်းကို ကြွေးကြော်ခြင်းအားဖြင့် ရှေးလူတို့၏ ယုံကြည်ခြင်းမျိုးရှိ၍ နောက်မိုးကိုလည်းဧကန်စင်စစ်ရရှိကြပေလိမ့်မည်။ ယင်းဆီလျော်မှုအတိုင်း စဉ်းစားမည်ဆိုပါက ကျွန်ုပ်တို့အနေဖြင့်ယင်း

ဆုကျေးဇူးကိုမျှော်လင့်သင့်ပါသည်။ ယုဒလူတို့ခေတ်ကအယူဖေါက်ပြန်မှုများရှိကြပါလျက် ယင်းခေတ်ကိုအစပြုခဲ့ရာတွင်လည်းကောင်း အဆုံးသတ်ခဲ့ရာတွင်လည်းကောင်း ဘုရားသခင်၏ဝိညာဉ်တော်ထူးခြားစွာထင်ရှားပေါ်ထွန်းခဲ့ပါသည်။ ၎င်းအပြင်ခရစ်ယာန်ခေတ်ကိုဘုန်းတော်နှင့်အစပြု၍ မှောင်မိုက်နှင့်အဆုံးသတ်လိမ့်မည်ဟု ယူဆရန်မှာလည်း ဆီလျော်မှုမရှိ၊ ပုံစံအားဖြင့်ဆိုရသော် ရှေးခေတ်ဘာသာတရားတည်ရာကာလ၏အလင်းတရားတော်ကို နေ၏အရောင်ဖြင့်နှိုင်းယှဉ်ထားပြီးလျှင် နောင်းခေတ်အလင်းတရားတော်ကို မှေးမှိန်သောလ၏အရောင်ဖြင့်နှိုင်းယှဉ်ထားသကဲ့သို့ဖြစ်နေပါသည်။ ခရစ်တော်ပထမအကြိမ်ကြွလာတော်မူခြင်းကိုမြော်လင့်သူများအတွက် အဆင်သင့်ဖြစ်စေရန် ဝိညာဉ်တော်၏အထူးဆောင်ရွက်မှုအရေးတကြီးလိုအပ်သည်ဖြစ်ပါက ကိုယ်တော်ဒုတိယအကြိမ်ကြွလာတော်မူမည့်အတွက် မည်မျှပင်ပို၍လိုအပ်ပါလိမ့်မည်နည်း၊ အထူးသဖြင့် နောက်ဆုံးသောကာလတွင်ရှေးကသာဓကမရှိသောဘေးအန္တရာယ်ကြီးများနှင့်ရင်ဆိုင်ရကြပေလိမ့်မည်။ ပုရောဖက်အတုအယောင်များသည် ကြီးမားစွာသောနိမိတ်လက္ခဏာများနှင့်အံ့ချီးဖွယ်သောအမှုတို့ကိုပြုကြလိမ့်မည်။ ထိုမျှမက ရွေးချယ်သောသူတို့ကိုပင် လှည့်ဖြားနိုင်လျှင်လှည့်ဖြားကြလိမ့်မည်။ သို့သော်သမ္မာကျမ်းစာတော်အရဆိုပါက၊–

“ သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကိုဟောကြလော့။ ယုံကြည်၍ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ရောက်လတ္တံ့။ မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကိုခံရလတ္တံ့။ ယုံကြည်သောသူတို့၌ဖြစ်အံ့သောနိမိတ်လက္ခဏာဟူမူကား၊ ငါ၏နာမကိုအမှီပြု၍

နတ်ဆိုးတို့ကိုနှင်ထုတ်ကြလတ္တံ့။ ထူးခြားသောဘာသာစကားမျိုးတို့ကိုပြောကြလတ္တံ့။ မြွေတို့ကိုဖမ်းကိုင်ကြလတ္တံ့။ သေစေတတ်သောအဆိပ်အတောက်ကိုသောက်စားလျှင် ဘေးဥပဒ်နှင့်ကင်းလွတ်ကြလတ္တံ့။ မကျန်းမမာသောသူတို့အပေါ်မှာ လက်ကိုတင်၍ချမ်းသာပေးကြလတ္တံ့။ ဟုမိန့်တော်မူ၏။'' မာ၊ ၁၆း၁၅–၁၈။

ကင်ဘဲလ်* ဆိုသူက ''အံ့ဩဖွယ်သောနိမိတ်လက္ခဏာများသည် ယုံကြည်သူများအတွက်ဖြစ်သည်'' ဟုအနက်အဓိပ္ပါယ်ဖေါ်ဆောင်ထားပါသည်။ ဆုကျေးဇူးကိုတမန်တော်များအတွက်သာကန့်သတ်ထားခြင်းမဟုတ်ပါ၊ ယုံကြည်သောသူများသို့လည်း ကမ်းလှမ်းထားပါသည်။ ယင်းဆုကျေးဇူးများကို မည်သူတို့ခံစားရကြပါလိမ့်မည်နည်း။ ယုံကြည်သူများခံစားရကြပါလိမ့်မည်။ မည်သည့်အချိန်ကာလတိုင်အောင် ခံစားရကြပါမည်နည်း။ အချိန်ကာကိုကန့်သတ်ထားခြင်းမရှိပါ။ ဧဝံဂေလိတရားတော်ကိုဟောကြားရန် အပ်နှင်းခဲ့သည့်ကြီးမြတ်သောအခွင့်အာဏာနှင့်ယှဉ်တွဲထားတော်မူခဲ့သည့်ကတိတော်ဖြစ်၍ နောက်ဆုံးယုံကြည်သူအထိခံစားခွင့်ရှိပါသည်။

ယင်းအထောက်အပံ့သည် တမန်တော်များနှင့် ၎င်းတို့၏ဟောပြောသွန်သင်ချက်များအရ ယုံကြည်သူများအတွက်သာ ကန့်သတ်ထားခြင်းဖြစ်သည်၊ သူတို့သည် မိမိအားအပ်နှင်းထားသည့်အခွင့်အာဏာကိုဖြည့်ဆည်းပြီးဖြစ်သည်၊ ဧဝံဂေလိတရားတော်ကိုတည်ဆောက်ပြီးဖြစ်သည်။ ထို့ကြောင့် ယင်းဆုကျေးဇူးများသည် သူတို့၏ခေတ်နှင့်အတူကုန်ဆုံးသွားခဲ့သည်ဟုအဆိုပြုကြသည်ကိုသဘောမတူနိုင်ပါ။ ထို့ကြောင့် ယင်းကြီးမြတ်သောအခွင့်အာဏာသည် ထိုခေတ်လူမျိုးဆက်နှင့်အတူ

---

* Campbell

ပြီးဆုံးသွားခြင်းဟုတ်မဟုတ်ကြည့်ကြပါစို့။ မ၊ ၂၈း၁၉၊၂၀ တွင် "သင်တို့သွား၍လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကိုပေးကြလော့။ ငါသည်သင်တို့အားပေးသမျှသောပညတ်တော်တို့ကိုစောင့်ရှောက်စေခြင်းငှာ ဆုံးမဩဝါဒပေးကြလော့၊ ငါသည်လည်းကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်ဟုတပည့်တော်တို့အား မိန့်တော်မူ၏။"

ယင်းအခွင့်အာဏာအရ ဧဝံဂေလိတရားတော်ကိုဟောကြားရန် အချိန်ကာလမှာ ရှေးခေတ်ကအသင်းတော်နှင့်အတူ ပြီးဆုံးသွားခြင်း မဟုတ်ကြောင်း "ငါသည်လည်းကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူစဉ်မပြတ်ရှိသည်" ဟုကတိပြုထားချက်အားဖြင့် သာဓကထင်ရှားနေပါသည်။ တမန်တော်များတို့၊ ကမ္ဘာမြေကြီးစွန်းတိုင်အောင် နေရာတိုင်းတွင် ငါသည်သင်တို့နှင့်အတူရှိသည်ဟု မိန့်တော်မူခြင်းမဟုတ်ပါ၊ ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သို့မဟုတ်ပစ္စုပ္ပန်ကာလကုန်ဆုံသည်တိုင်အောင် သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်ဟု မိန့်တော်မူခြင်းဖြစ်ပါသည်။ ယုဒလူမျိုးတို့၏ခေတ်တစ်ခုကာလ သက်သက်မဖြစ်နိုင်ပါ၊ အဘယ်ကြောင့်ဆိုသော် သူတို့၏ခေတ်ကာလ သည်လည်း လက်ဝါးကပ်တိုင်နှင့်အတူပြီးဆုံးသွားခဲ့ပါသည်။ ထိုကြောင့် ကမ္ဘာဦးကပင် အစပြုခဲ့သောဧဝံဂေလိတရားတော်ကို ယုံကြည်ခြင်းနှင့် ဟောပြောခြင်းများအတွက် ဝိညာဉ်ဆုကျေးဇူး၏အထောက်အပံ့ကို အမြဲတစေလက်ခံရရှိနေလိမ့်မည်ဟု ဆုံးဖြတ်လိုက်ပါ၏။ တမန်တော်များအားအပ်နှင်းထားခဲ့သည့် အခွင့်အာဏာတော်သည် ခရစ်ယာန်ခေတ်အတွက်ဖြစ်၍ အားလုံးအကျုံးဝင်ပါသည်။ သို့ဖြစ်ခြင်းကြောင့် ဝိညာဉ်

ဆုကျေးဇူးများသည် အယူဖေါက်ပြန်သည့်အတွက်ကြောင့်သာ ယာယီအားဖြင့်ပျောက်ကွယ်သွားခြင်းဖြစ်သော်လည်း ရှေးခေတ်ယုံကြည်ခြင်းမျိုးနှင့်အလေ့အထများပြန်လည်ရှင်သန်လာမည်ဆိုပါက ယင်းဆုကျေးဇူးများသည်လည်း ပြန်လည်ထွန်းကားလာပါလိမ့်မည်။

ကောရိန်သူသြဝါဒစာပထမစောင် ၁၂း၂၈ တွင် ဘုရားသခင်သည် အသင်းတော်၌ ဝိညာဉ်ဆုကျေးဇူးအချို့ကိုအထိုက်အလျောက်၊ ပေးအပ်၊ ခန့်ထားတော်မူကြောင်းဖေါ်ပြထားပါသည်။ ယင်းဆုကျေးဇူးများကိုပယ်ဖျက်ပြီးဖြစ်သည်ဟု သမ္မာကျမ်းစာတွင် ကိုယ်တော်ကဖေါ်ညွှန်းထားခြင်းမရှိသောကြောင့် မူလခန့်အပ်ထားသည့်အတိုင်းပင်တည်မြဲစေလိုတော်မူသည်ဟု ကျွန်ုပ်တို့မှတ်ယူကြပါမည်။ ပယ်ဖျက်ပြီးကြောင်းသာဓကအဘယ်မှာရှိပါသနည်း။ 'ဒုစရိုက်လူနှင့်ဂုဏ်ထားလျက်ရှိသောအစမ္မအရာ'* ဟုအမည်တွင်သောစာအုပ်တွင်ရှိပါသည်။ ၎င်းစာအုပ်တွင် ဂျူးလူမျိုးတို့၏ဥပုသ်နေ့ကိုပယ်ဖျက်ပြီးခရစ်ယာန်တို့၏ဥပုသ်နေ့ကိုအစားထိုး၍ပြဋ္ဌာန်းထားသည်ဟုဆိုသော အခန်း၌ပင်ဖေါ်ပြထားပါသည်။ သို့သော်ကန့်ကွက်သူအနေဖြင့် ထိုဆုကျေးဇူးများရပ်စဲရမည်ဖြစ်ကြောင်းနှင့်စပ်လျဉ်း၍ အောက်ပါကျမ်းချက်ကိုအထောက်အထားပြုပါသည်။ ''မေတ္တာသည်ဖေါက်ပြန်ခြင်းသဘောနှင့်အစဉ်ကင်းလွတ်၏။ ပရောဖက်ဉာဏ်သော်လည်းကောင်း၊ သိပ္ပံအတတ်သော်လည်းကောင်း ကွယ်ပျောက်လိမ့်မည်။ ယခုမူကား၊ ငါတို့သည် မစုံမလင်သိတတ်ကြ၏။ စုံလင်ခြင်းသို့ရောက်သောအခါမူကား၊ မစုံလင်သမျှတို့သည်ကွယ်ပျောက်ကြလိမ့်ည်။ ငါသည်သူငယ်ဖြစ်စဉ်အခါ

* Acts of the Mystery of Iniquity and the Man of Sin

သူငယ်လိုစကားပြော၏၊ သူငယ်လိုစိတ်ထင်၏၊ သူငယ်လိုကြံစည်၏၊ အသက်ကြီးသောအခါမူကား၊ သူငယ်၏အရာများကိုပယ်ရှား၏၊ ယခုတွင်ငါတို့သည် မှန်အားဖြင့်သာရိပ်မိလျက်နေကြ၏၊ ထိုအခါမူကား မျက်မှော်ထင်ထင်မြင်ရကြလိမ့်မည်။ ယခုတွင်ငါအသိအမြင်မစုံမလင်ဖြစ်၏၊ ထိုအခါမူကား သူတစ်ပါးသည် ငါ့ကိုသိသကဲ့သို့ငါသိရလိမ့်မည်။ ယခုတွင်ယုံကြည်ခြင်း၊ မြော်လင့်ခြင်း၊ ချစ်ခြင်း ဤသုံးပါးတည်လျက်ရှိ၏။'' ၁ကော၊ ၁၃း၈–၁၃။

ယင်းကျမ်းချက်မှာ ဝိညာဉ်ဆုကျေးဇူးများကွယ်ပျောက်ကြလိမ့်မည်ဖြစ်ကြောင်း တင်ကူးဖော်ပြထားသည်သာမက ယုံကြည်ခြင်းနှင့်မြော်လင့်ခြင်းများသည် ရပ်စဲကြလိမ့်မည်ဖြစ်ကြောင်း ဖော်ညွှန်းထားပါသည်။ သို့သော် မည်သည့်အချိန်တွင် ထိုဆုကျေးဇူးများရပ်စဲကွယ်ပျောက်ကြပေလိမ့်မည်နည်း။

''မြော်လင့်ခြင်းမှဝမ်းမြောက်ခြင်းသို့၊
ယုံကြည်ခြင်းမှမျက်မှောက်ပြုခြင်းသို့၊
ပတ္ထနာပြုခြင်းမှချီးမွမ်းခြင်းသို့''

ကူးပြောင်းချိန်တိုင်အောင် ကျွန်ုပ်တို့စောင့်မျှော်၍သာနေရကြပါမည်။

စုံလင်ခြင်းသို့ရောက်သောအခါတွင်မူကား ၎င်းတို့ကွယ်ပျောက်ကြပေလိမ့်မည်။ ထိုအခါကျွန်ုပ်တို့သည်မှန်အားဖြင့် ရိပ်မိလျက်နေကြတော့မည်မဟုတ်၊ မျက်မှောက်ထင်ထင်မြင်ရကြလိမ့်မည်။ ဖြောင့်မတ်သောသူတို့စုံလင်ခြင်းသို့ရောက်ရမည့်နေ့၊ သူတို့အားသူတစ်ပါးကမြင်သကဲ့သို့ သူတို့မြင်ရမည့်နေ့၊ ထိုစုံလင်သောနေ့သည် အနာဂတ်ကာလ၌သာရှိနေပါသေးသည်။ အပြစ်သားသည် ''သူငယ်၏အရာများ'' တည်းဟူသောပုရောဖက်ဉာဏ်ကိုလည်းကောင်း၊ အမျိုးမျိုးသောဘာသာ

စကားကိုပြောနိုင်သောအခွင့်ကိုလည်းကောင်း၊ သိပ္ပံအတက်ကိုလည်း ကောင်း၊ ရှေးခရစ်ယာန်များ၏ယုံကြည်ခြင်း၊ မြော်လင့်ခြင်းနှင့်ချစ်ခြင်း မေတ္တာကိုလည်းကောင်း အသက်ကြီးသောအခါ သို့မဟုတ်စုံလင်ခြင်း သို့ရောက်သောအခါ ပယ်ရှားလိမ့်မည်ဆိုသည်မှာမှန်ပေ၏။ အသင်း တော်အနေဖြင့် ယုံကြည်ခြင်းနှင့်မြော်လင့်ခြင်းပြီးပြည့်စုံသည်တိုင်အောင် သေမျိုးဖြစ်သည့် ဤလူဘောင်တွင်အပြောင်မြောက်ဆုံးသောဝိညာဉ် ဆုကျေးဇူးများနှင့်အမြင့်ဆုံးသော သိပ္ပံအတတ်များထင်ရှားပေါ်ထွန်း ခဲ့သမျှကို အိုခြင်း၊ နာခြင်း၊ သေခြင်းနှင့်ကင်းလွတ်သည့်ဘဝဆိုင်ရာ ဘုန်းတန်ခိုးက ထူးခြားစွာ လွှမ်းမိုးလိုက်သည့်အချိန်တိုင်အောင် ဘုရား သခင်သည် အသင်းတော်သို့ပေးအပ်ခန့်ထားတော်မူသည့် ထိုထိုသော ဆုကျေးဇူးများကို ရုပ်သိမ်းတော်မူလိမ့်မည်ဟု ယင်းကျမ်းချက်တွင် ဖော်ပြ ထားသည်ကိုမတွေ့ရပါ။

တိမောသေသြဝါဒစာဒုတိယစောင် ၃း၁၇ ကိုခြေပြု၍ အချို့ သောသူများက အလေးအနက်ဆန့်ကျင်ပြောဆိုကြသော်လည်း သာမန် မှတ်ချက်ပြုရန်သာလိုအပ်ပါသည်။ တမန်တော်ရှင်ပေါလုက ဘုရားသခင် ၏လူသည်စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကိုပြုစုခြင်း အလို့ငှာ ပြင်ဆင်သောသူဖြစ်မည်အကြောင်း ကျမ်းစာအားဖြင့်ပြုပြင် တော်မူမည်ဟု ဖော်ပြထားခြင်းမှာ ဝိညာဉ်တော်နှိုးဆော်ခြင်းဖြင့် စာပေ များထပ်မံရေးသားခြင်းမပြုသင့်ဟု အဓိပ္ပါယ်သက်ရောက်ပါက ထိုအချိန် တွင်မည်သည့်အတွက် ယင်းကျမ်းစာကိုဖြည့်စွက်နေပါသေးသနည်း။ အနည်းဆုံးယင်းဝါကျကိုရေးပြီးနောက်ပိုင်းတွင် မည်သည့်အတွက်သူ၏ ကလောင်ကိုရုပ်စဲခြင်းမပြုခဲ့ပါသနည်း။ ထိုမျှမကရှင်ယောဟန်သည် ထိုအချိန်နောက်ပိုင်း အနှစ်သုံးဆယ်ကြာပြီးမှ အဘယ်ကြောင့်ဗျာဒိတ်

ကိုရေးသားခဲ့ပါသနည်း၊ ယင်းစာစောင်တွင် ဝိညာဉ်ဆုကျေးဇူးများရပ်စဲပြီးဖြစ်ကြောင်း သာဓကအဖြစ် တင်ပြလေ့ရှိသော ကျမ်းချက်တစ်ရပ်ရှိပါသည်။

"ဤစာစောင်၏အနာဂတ္တိစကားကိုကြားသောသူအပေါင်းတို့အား ငါသက်သေခံသည်ကား၊ အကြင်သူသည် ဤအရာတို့၌ထပ်၍အသစ်သွင်း၏၊ ဤစာစောင်၌ရေးထားသောဘေးဒဏ်တို့ကို ထိုသူအပေါ်သို့ဘုရားသခင်သက်ရောက်စေတော်မူမည်။ အကြင်သူသည် ဤစာစောင်၏အနာဂတ္တိစကားအချို့ကိုနုတ်ပယ်၏၊ ဤစာစောင်၌ရေးထားသောအသက်ပင်နှင့်လည်းကောင်း၊ သန့်ရှင်းသောမြို့တော်နှင့်လည်းကောင်း ထိုသူစပ်ဆိုင်သောအခွင့်ကို ဘုရားသခင်နုတ်ပယ်တော်မူမည်။" ဗျာ၊ ၂၂း၁၈၊၁၉။

ရေးလွန်လေပြီးသောအခါ ပုရောဖက်များအားဖြင့် ဘိုးဘေးတို့အား အထပ်ထပ်အနည်းနည်း ဗျာဒိတ်ပေးတော်မူသော ဘုရားသခင်သည် ဧဝံဂေလိတရားတော်ခေတ်အစပြုချိန်တွင် ရေးယခင်ကပုံစံဖြင့် လူတို့နှင့်ဆက်သွယ်ခြင်းပြုတော်မည်မဟုတ်ကြောင်း သခင်ယေရှုနှင့် တပည့်တော်များအားဖြင့် လေးလေးနက်နက်ကတိပြုတော်မူခဲ့ပြီးဖြစ်သည်ဟု အထက်ဖေါ်ပြပါကျမ်းချက်ကိုအကြောင်းပြု၍ အဆိုပြုကြပါသည်။ ထိုကြောင့် ယင်းနေ့ရက်ကာလနောက်ပိုင်းတွင်မှ ဟောပြောသည့် ပုရောဖက်စကားများမှာ အတုအလိမ်များသာဖြစ်ရမည်။ ဤသည်ကား ဝိညာဉ်တော်ပြုပြင်ခြင်းဖြင့်ပြောဟောရေးသားခြင်းများကို အဆုံးသတ်လိုက်ခြင်းဖြစ်သည်ဟု အဆိုပြုကြပါသည်။ ယင်းအတိုင်းမှန်ပါက ရှင်ယောဟန်သည် မည့်သည့်အတွက်ကြောင့် ပတ်မုကျွန်းမှပြန်လာပြီးနောက် ဧဖက်မြို့သို့ရောက်သောအခါတွင်မှ ရှင်ယောဟန်ခရစ်ဝင်ကို

ရေးသားခဲ့ပါသနည်း၊ ယင်းသို့ပြုခြင်းဖြင့် ပတ်မုကျွန်းတွင်ရေးသားခဲ့သည့် ထိုစာအုပ်မှအနာဂတ်စကားများတွင် ထပ်မံဖြည့်စွက်ခြင်းပြုပါသလော။ အထက်ပါကျမ်းချက်တွင် ဖေါ်ညွှန်းထားသည့်ထပ်၍အသစ်သွင်းခြင်း၊ နုတ်ပယ်ခြင်းဆိုသည့်အချက်များနှင့်စပ်လျဉ်း၍ သတိပေးနှိုးဆော်ထားခြင်းမှာ စုစည်းထားပြီးဖြစ်သည့် ကျမ်းစာတစ်အုပ်လုံးကို ရည်ညွှန်းထားခြင်းမဟုတ်ဘဲ တမန်တော်ရှင်ယောဟန်ရေးသားထားသည့် ဗျာဒိတ်ကျမ်းကိုသီးသန့်၍ ရည်ညွှန်းထားခြင်းသာဖြစ်ပါသည်။ သို့ရာတွင်ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့်ရေးသားထားသော အခြားမည်သည့်ကျမ်းကိုမျှ ထပ်၍အသစ်သွင်းခြင်း၊ နုတ်ပယ်ခြင်းများကို မည်သူတစ်ဦးတစ်ယောက်မျှ ပြုလုပ်ပိုင်ခွင့်မရှိပါ။ တမန်တော်ရှင်ယောဟန်သည် ဗျာဒိတ်ကျမ်းရေးသားပြုစုရာ၌ ဒံယေလအနာဂတ္တိကျမ်းနှင့်ဆိုင်သော အနာဂတ်စကားများတွင် ထပ်လောင်းဖြည့်စွက်ခြင်းပြုပါသလော။ လုံးဝမပြုခဲ့ပါ။ ဘုရားသခင်၏နှုတ်ကပါဌ်တော်ကို တစ်ဦးတစ်ယောက်သောပုရောဖက်ကမျှ ပြောင်းလွှဲပြင်ဆင်ခွင့်မရှိပါ။ သို့သော်တမန်တော်ရှင်ယောဟန်ရရှိခဲ့သောရူပါရုံများသည် ပုရောကဖက်ဒံယေလ၏ရူပါရုံများနှင့်ထပ်တူညီခဲ့ပါသည်။ အတည်ပြုခဲ့ပါသည်။ ထို့ပြင်ဒံယေလအနာဂတ္တိကျမ်းတွင် နိဒါန်းပျိုးခဲ့သည့်အကြောင်းအရာများကို ဗျာဒိတ်ကျမ်းကထပ်လောင်း၍ အလင်းတရားများပေးထားပါသည်။ ထိုကြောင့် ဘုရားသခင်သည် မိမိ၏နှုတ်တော်ကိုပိတ်ထားရသည်တိုင်အောင် ကိုယ်ကိုကိုယ်ချုပ်ချယ်ခြင်းမပြု၊ လွတ်လပ်စွာဆက်လက်မိန့်တော်မူနိုင်သည်ဟု ဆုံးဖြတ်ချက်ချလိုက်ရပါတော့သည်။ ကိုယ်တော်အလိုရှိတော်မူသော သူမှတစ်ဆင့် ကျွန်ုပ်၏စိတ်နှလုံးနားလည်သောဘာသာစကားဖြင့်မိန့်တော်မူပါဘုရား၊ ကိုယ်တော်၏ကျွန်နားကြားလျက်နေပါ၏။

ထိုကြောင့်ဝိညာဉ်ဆုကျေးဇူးများကိုပယ်ဖျက်ပြီးကြောင်း ကျမ်းစာနှင့်သာဓကပြရန် ကြိုးစားမှုမှာလုံးဝမအောင်မြင်ပါ။ သေမင်းနိုင်ငံတံခါးများသည် အသင်းတော်ကိုမစိုးမိုးနိုင်သောကြောင့်လည်းကောင်း၊ ဤကမ္ဘာပေါ်တွင်ဘုရားသခင်၏လူများရှိနေသေးသောကြောင့်လည်းကောင်း တတိယကောင်းကင်တမန်သတင်းစကားများနှင့်စပ်လျဉ်း၍ ဝိညာဉ်ဆုကျေးဇူးများထွန်းကားရန် မျှော်လင့်စရာရှိပါသည်။ ယင်းသတင်းစကားသည် အသင်းတော်ကို ရှေးတမန်တို့၏သမိုင်းစဉ်အတိုင်း ပြန်လည်ပို့ဆောင်ပြီးလျှင် ဤကမ္ဘာလောကကြီး၏အလင်း၊ အမှောင်မဟုတ်၊ အလင်းစင်စစ်ဖြစ်စေလိမ့်မည်။

တစ်ဖန်တုံ၊ နောက်ဆုံးသောကာလတွင် မိစ္ဆာပုရောဖက်များပေါ်ထွန်းလိမ့်မည်ဟု ကျွန်ုပ်တို့အား ကြိုတင်သတိပေးထားပါသည်။ ၎င်းပြင် အတုအယောင်အဆောင်များ၏သွန်သင်ချက်များကို အမှားအမှန်ခွဲခြား၍သိနားလည်းနိုင်ရန်အတွက် စမ်းသပ်စရာကိုလည်းကျမ်းစာတွင်ဖော်ပြထားပါသည်။ ယင်းကြီးမြတ်သောစမ်းသပ်စရာမှာ ဘုရားသခင်၏တရားတော်ဖြစ်၍ သူတို့၏အနာဂတ်ဟောပြောချက်နှင့်လည်းကောင်း၊ ယင်းပုရောဖက်များ၏ကျင့်ဝတ်တရား၊ အကျင့်စရိုက်များနှင့်လည်းကောင်း သက်ဆိုင်ပါသည်။ အကယ်၍ နောက်ဆုံးသောကာလတွင် မှန်သောအနာဂတ်ဟောပြောချက်များရှိတော့မည်မဟုတ်ပါက ယင်းအကြောင်းနှင့်ပတ်သက်၍ မည်မျှပိုမိုလွယ်ကူစွာဖော်ပြနိုင်ပါလိမ့်မည်နည်း၊ အမှန်နှင့်အမှားရှိလိမ့်မည်ဖြစ်သောကြောင့်သာ ယင်းအမှားအမှန်ကို စစ်ဆေးစမ်းသပ်ကြည့်ရန်အတွက် စမ်းသပ်စရာပေးထားခြင်းဖြစ်ပါသည်။ သို့မဟုတ်ပါက လိမ်လည်လှည့်ဖြားမှုနည်းလမ်းများကို ပိတ်ပင်ထားရုံသာလိုပါသည်။

ဟေရှာယအနာဂတ္တိကျမ်း ၈း၁၉၊၂၀ တွင် ယနေ့ခေတ်စားနေသော နတ်မိစ္ဆာအယူဝါဒများနှင့်စပ်လျဉ်း၍ အနာဂတ်စကားများပါရှိသည်ဖြစ်ရာ ၎င်းတို့ကိုစမ်းသပ်စစ်ဆေးစရာအဖြစ် တရားတော်ကိုပေးထားပါသည်။ “တရားတော်ကိုလည်းကောင်း၊ သက်သေခံတော်မူချက်ကိုလည်းကောင်း နားထောင်ကြကုန်၊ သူတို့ပြောသောစကားသည် နှုတ်ကပါဌ်တရားတော်နှင့်မညီလျှင် သူတို့၌အရုဏ်မတက်သေး။” အကယ်၍မှန်သောဝိညာဉ်ဆုကျေးဇူးများနှင့် ပုရောဖက်ဉာဏ်ခြင့်အမှန်အတိုင်းပြောဟောခြင်းများရှိလိမ့်မည်မဟုတ်ပါက “သူတို့ပြောသောစကားသည် နှုတ်ကပါဌ်တရားတော်နှင့်မညီလျှင်” ဟုအဘယ်ကြောင့်ဆိုထားပါသနည်း။ ရှင်မဿဲခရစ်ဝင် ၇း၁၅၊၁၆ တွင် “မိစ္ဆာပုရောဖက်တို့ကိုသတိနှင့်ရှောင်ကြလော့၊ ထိုသူတို့၏အကျင့်ကိုထောက်၍ သူတို့၏သဘောကိုသိကြလိမ့်မည်” ဟု သခင်ယေရှုမိန့်တော်မူ၏။ ဤသည်ကားတောင်ပေါ်ဒေသနာ၏ တစ်စိတ်တစ်ဒေသဖြစ်၍ ဧဝံဂေလိခေတ်တစ်လျှောက်လုံးအတွက် ယေဘုယျအားဖြင့်အသင်းတော်နှင့်သက်ဆိုင်နေကြောင်း အားလုံးသိနားလည်နိုင်ပါသည်။ တစ်နည်းအားဖြင့်ဆိုရသော် သူတို့၏အကျင့်ဝတ်တရားကိုထောက်၍ သူတို့၏သဘောကိုသိနိုင်ပါသည်။ သူတို့၏အကျင့်များ ကောင်းမကောင်းဆုံးဖြတ်ရန်အတွက် တစ်ခုတည်းသောစံမှာ ဘုရားသခင်၏တရားတော်ပင်ဖြစ်ပါသည်။ ဤနည်းအားဖြင့် ကျွန်ုပ်တို့သည် တရားတော်ကိုလည်းကောင်း၊ သက်သေခံတော်မူချက်ကိုလည်းကောင် နားထောင်ကြသည်မည်၏။ မှန်သောပုရောဖက်တို့သည် ဤနှုတ်ကပါဌ်တရားတော်အတိုင်း ပြောဟောကြမည်သာမက ၎င်းနှင့်လျော်ညီစွာသက်ရှင်နေထိုင်ကြပေလိမ့်မည်။ ယင်းကဲ့သို့ပြောဆိုနေထိုင်သူတစ်ဦးအား မှားသည်ဟုအကျွန်ုပ်အဆုံးဖြတ်ဝံ့ပါ။

မိစ္ဆာပုရောဖက်များနှင့်စပ်လျဉ်း၍ မှတ်သားစရာအချက်တစ်ရပ်မှာ သူတို့သည်ငြိမ်သက်ခြင်းနှင့်ဆိုင်သော ရူပါရုံများကိုသာရှုမြင်တတ်၍ “ငြိမ်သက်ခြင်းရှိ၏၊ ဘေးအန္တရာယ်နှင့်ကင်းလွတ်၏” ဟုပြောဟောနေကြစဉ် ရုတ်တရက်ပျက်စီးဆုံးရှုံးခြင်းသို့ရောက်တတ်ကြ၏။ မှန်သောပုရောဖက်မူကား အပြစ်ဒုစရိုက်အတွက် ရဲရဲဝံ့ဝံ့ဝေဖန်ဆုံးမပြီး ဆိုက်ရောက်လာလတ္တံ့သောအမျက်တော်နှင့်ပတ်သက်၍ သတိပေးနှိုးဆော်လိမ့်မည်။

နှုတ်ကပါဌ်တရားတော်က ရှင်းရှင်းလင်းလင်းတိတိကျကျဖော်ပြထားချက်များနှင့်ဆန့်ကျင်သော အနာဂတ်ဟောပြောချက်များကိုပယ်ရမည်။ ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် မိမိဒုတိယအကြိမ်ကြွလာတော်မူမည့်အကြောင်းနှင့်စပ်လျဉ်း၍ တပည့်တော်များအားသတိပေးတော်မူရာ၌ ထိုနည်းနှင်နှင်သွန်သင်တော်မူ၏။ သခင်ယေရှုသည် မိမိတပည့်တော်များရှေ့မှောက်တွင် ကောင်းကင်သို့တက်ကြွတော်မူသောအခါ ကောင်းကင်တမန်များက သူတို့နှင့်ခွဲခွာ၍ ကောင်းကင်သို့ဆောင်ယူခြင်းကိုခံတော်မူသော ထိုယေရှုသည် သူတို့မျက်မှောက်၌ ကောင်းကင်သို့ကြွသွားတော်မူသည်နည်းတူ တစ်ဖန်ကြွလာတော်မူလိမ့်မည်ဟု အတည့်အလင်းကြေညာကြပါသည်။ သို့ဖြစ်ရာနောက်ဆုံးကာလမိစ္ဆာပုရောဖက်များ၏လုပ်ရပ်များနှင့်ပတ်သက်၍ သခင်ယေရှုကြိုတင်သတိပေးထားရာတွင် “သူတို့ကခရစ်တော်သည် တော၌ရှိသည်ဟုဆိုသော်လည်း မထွက်မသွားကြနှင့်၊ တိုက်ခန်း၌ရှိသည်ဟုဆိုသော်လည်းမယုံနှင့်” ဟုမှာထားတော်မူ၏။ ယင်းအကြောင်းအချက်နှင့်မတ်သက်၍ မှန်သောအနာဂတ်စကားဟူသမျှမှာ ကိုယ်တော်သည်မျက်မြင်ကိုယ်တွေ့ကြွလာတော်မူမည်ဖြစ်ကြောင်း အသိအမှတ်ပြုရမည်။ ထိုကာလ၌

စစ်မှန်သည့်ပုရောဖက်များရှိတော့မည်မဟုတ်၊ ထို့ကြောင့် အနာဂတ် ဟောပြောချက်ရှိသမျှကိုငြင်းပယ်ကြလော့ဟု သခင်ယေရှုကသြဝါဒ ပေးမထားသည်မှာ အဘယ်ကြောင့်ပါနည်း။

"ခရစ်တော်၏ကိုယ်တော်ကိုတည်ဆောက်၍ ဓမ္မဆရာ၏အမှုကို ပြုတတ်မည်အကြောင်း သန့်ရှင်းသူတို့ကိုပြင်ဆင်ခြင်းအလို့ငှာ ထိုသခင် သည် လူအချို့တို့ကိုတမန်တော်အရာ၌လည်းကောင်း၊ အချို့တို့ကို ပုရောဖက်အရာ၌လည်းကောင်း၊ အချို့တို့ကိုသာသနာပြုအရာ၌လည်း ကောင်း၊ အချို့တို့ကိုသင်းအုပ်အရာ၊ ဆရာအရာ၌လည်းကောင်းခန့်ထား တော်မူ၏။ ငါတို့ရှိသမျှသည် ယုံကြည်ခြင်းသို့လည်းကောင်း၊ ဘုရား သခင်၏သားတော်ကိုသိကျွမ်းခြင်းသို့လည်းကောင်း တညီတညွတ်တည်း ရောက်၍ ခရစ်တော်၏ပြည့်စုံခြင်းပမာဏအရပ်တည်းဟူသောကြီးရင့် သောလူ၏အဖြစ်သို့ ရောက်ကြသည်တိုင်အောင်ဖြစ်သတည်း။" ဧဖက်၊ ၄း၁၁–၁၃။

ခရစ်တော်သည် အထက်သို့ချီဆောင်ခြင်းကိုခံတော်မူသောအခါ လူတို့အားကျေးဇူးတော်များပေးတော်မူသည်ဟု အထက်ကျမ်းချက်အရ သိရပါသည်။ ယင်းဆုကျေးဇူးများတွင် တမန်တော်များ၊ ပုရောဖက် များ၊ သာသနာပြုဆရာများ၊ သင်းအုပ်များ၊ ဆရားများပါဝင်ကြောင်း ဖော်ပြထားပါသည်။ ယင်းသို့ သူတို့အားဆုလာဘ်များပေးအပ်သည့် ရည်ရွယ်ချက်မှာ သန့်ရှင်းသူတို့သည် စည်းလုံးရေးတွင်လည်းကောင်း၊ အသိပညာထွန်းကားရေးတွင်လည်းကောင်း စုံးလင်ခြင်းသို့ရောက်မည် အကြောင်းတည်။ ယနေ့ကာလအချို့သောသင်းအုပ်ဆရာနှင့်ဓမ္မဆရာ အမည်ခံသူများက ယင်းဆုကျေးဇူးများ၏ရည်ရွယ်ချက်သည် ရှေးနှစ် ပေါင်းတစ်ထောင့်ကိုးရာကျော်အချိန်က ပြီးမြောက်သွားပြီးဖြစ်၍ ယခု

ကွယ်ပျောက်သွားပြီဟု သဘောပိုက်ထားကြပါသည်။ ထိုသို့ဖြစ်ပါက ယင်းခေတ်သုံးဝေါဟာရများဖြစ်သည့် သာသနာပြုဆရာ၊ သင်းအုပ်ဆရာ စသည့်ဘွဲ့အမည်များကို မည်သည့်အတွက်မစွန့်လွှတ်ဘဲနေကြပါသေးသနည်း။ အကယ်၍ ဤကျမ်းချက်အရ ပုရောဖက်ရာထူးကို ရှေးခေတ်အသင်းတော်အတွက်သာ ကန့်သတ်ထားခြင်းဖြစ်ပါက ၎င်းရာထူးနှင့်မခွဲခြားဘဲ တစ်ဆက်တည်းဖော်ပြထားသည့် သာသနာပြုဆရာရာထူးနှင့်အခြားကျန်ရာထူးများမှာလည်း ယင်းအသင်းတော်အတွက် သတ်မှတ်ထားခြင်းသာဖြစ်ရပါမည်။

ယင်းအချက်ကိုစဉ်းစားသုံးသပ်ကြပါစို့။ သန့်ရှင်းသူတို့သည် စည်းလုံးရေးတွင်လည်းကောင်း၊ အသိပညာတွင်လည်းကောင်း၊ ဝိညာဉ်ရေးတွင်လည်းကောင်း စုံလင်ခြင်းသို့ရောက်စေရန်အတွက် ယင်းဆုကျေးဇူးများကိုပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။ သူတို့၏ဆွဲဆောင်မှုကြောင့် အချိန်အကန့်အသတ်အာဖြင့် ရှေးခေတ်ကအသင်းတော်၌ "ယုံကြည်သောသူအပေါင်းတို့သည် စိတ်နှလုံးတညီတညွတ်တည်းရှိကြ" ပုံကိုဖော်ပြထားပါသည်။ ထိုအတွက်ကြောင့် "ယေရှုတမြောက်တော်မူခြင်းအကြောင်းကို တမန်တော်တို့သည် ကြီးသောတန်ခိုးနှင့်သက်သေခံ၍ ထိုသူအပေါင်းတို့သည် ကြီးသောကျေးဇူးတော်နှင့်ပြည့်စုံကြ၏" ဟု ဆက်လက်ဖော်ပြထားခြင်းမှာလည်း ယင်းသို့ပင်စည်းလုံးညီညွတ်မှုရှိခြင်း၏သဘာဝလက္ခဏာဖြစ်ပါသည်။ တ၊ ၄း၃၁–၃၃။ ယင်းအခြေအနေမျိုး ယနေ့မည်မျှလိုအပ်နေပါသနည်း၊ သို့သော်အယူဖေါက်ပြန်မှုသည် ၎င်း၏သင်းခွဲစေတတ်ခြင်းနှင့် ပုပ်ပျက်စေတတ်ခြင်းဆိုင်ရာ ဩဇာသက်ရောက်မှုများဖြင့် အသင်းတော်၏ဖြူစင်တင့်တယ်ပုံကိုဖျက်ဆီးပြီးလျှင် ၎င်းအားလျှော်တေအဝတ်ဖြင့်ဆင်မြန်းထားလိုက်ပါသည်။

ထိုကြောင့်သင်းခွဲကြ၏၊ ရှုပ်ထွေးကြ၏။ ယနေ့ခရစ်ယာန်လောကတွင် ယုံကြည်ခြင်းအသွင် ပြောင်းလဲပုံနည်းမျိုးစုံကို မည်သည့်အခါကမျှ မကြုံစဖူးခဲ့ပါ။ အကယ်၍ ရှေးခေတ်အသင်းတော်၏စည်းလုံးညီညွတ်မှုတည်တံ့ခိုင်မြဲရေးအတွက် ဝိညာဉ်ဆုကျေးဇူးများ ဧကန်စင်စစ်လိုအပ်ခဲ့ပါက ယင်းစည်းလုံးညီညွတ်မှုကို ယနေ့ပြန်လည်တည်မြဲရေးအတွက် မည်မျှပင်ပိုမိုလိုအပ်ပါသနည်း။ နောက်ဆုံးသောကာလတွင် အသင်းတော်၌စည်းလုံးညီညွတ်မှုပြန်လည်တည်မြဲရေးအတွက် ဘုရားသခင်ကြံရွယ်တော်မူကြောင်း ပုရောဖက်အနာဂတ်စကားအမြောက်အမြားဖြင့် သက်သေထင်ရှားလျက်ရှိပါသည်။ ဘုရားသခင်သည် ဇိအုန်မြို့ကိုပြန်လည်တည်မြဲစေသောအခါ ကင်းစောင့်တို့သဘောတညီတညွတ်တည်းရှိကြလိမ့်မည်မှာ ဧကန်အမှန်ဖြစ်ပါသည်။ နောက်ဆုံးကာလတွင် ပညာရှင်များလည်း နားလည်မှုရှိကြပေလိမ့်မည်။ ဤအကြောင်းအရာများပြည့်စုံခြင်းသို့ရောက်သောအခါ ပညာရှိဟုဘုရားသခင်သတ်မှတ်သူများယုံကြည်ခြင်းတွင် စည်းလုံးညီညွတ်ကြလိမ့်မည်။ အကြောင်းမူကား အမှန်တရားအတိုင်းလိုက်လျှောက်သူတို့သည် အမှန်အတိုင်းနားလည်ကြသည်ဖြစ်၍ ဧကန်စင်စစ်နားလည်းမှုတူညီကြ၏။ ဤသို့စည်းလုံးညီညွတ်မှုရှိရန် မည်သည့်အရာကဖြစ်မြောက်စေပါလိမ့်မည်နည်းဟု မေးသော် ဝိညာဉ်ဆုကျေးဇူးများကိုပေးထားသည့်အကြောင်းရင်းမှာ ဤကိစ္စအတွက်ပင်ဖြစ်ပါသည်ဟုဖြေရပါမည်။

ယင်းသို့ဆင်ခြင်သုံးသပ်သောအခါ ကြိုတင်ဟောပြောထားသည့်အတိုင်းအသင်းတော်သည် စုံလင်သည့်အခြေအနေသို့ရောက်ရှိရန်အချိန်လိုသေးကြောင်း သက်သေထင်ရှားနေပါသည်။ ထိုကြောင့် ဤဝိညာဉ်ဆုကျေးဇူးများ၏ကြံရွယ်ချက်မှာလည်း မပြီးမြောက်သေးကြောင်း

ထင်ရှားနေပါသည်။ ဤဖေက်သြဝါဒစာကို အေဒီ ၆၄ ခုနှစ်ခန့်တွင် ရေးသားခဲ့သည်ဖြစ်၍ တိမောသေအား “ငါ့ကိုယဇ်ပေါ်မှာလောင်းရသော အချိန်ရှိပြီ၊ စုတေရသောအချိန်ရောက်ပြီ” ဟု ရှင်ပေါလုရေးစားသော အချိန်မတိုင်မီ နှစ်နှစ်ကဖြစ်ပါသည်။ အယူဖေါက်ပြန်မှုဆိုင်ရာမျိုးစေ့များသည် ယခုအခါအသင်းတော်အတွင်း၌ အပင်များပေါက်စပြုနေပါပြီ၊ အဘယ်ကြောင့်ဆိုသော် ယခင်ဆယ်နှစ်က သက်သာလောနိတ်အသင်းတော်သို့တမန်တော်ရှင်ပေါလု ဒုတိယအကြိမ်ရေးခဲ့သောသြဝါဒစာတွင် “ဝှက်ထားလျက်ရှိသော ထိုအမှုအရာသည် ယခုပင်ပြုပြင်ဆဲရှိ၏” ဟု ဖေါ်ပြထားပါသည်။ ဝံပုလွေဆိုးများဝင်ရောက်ချိန်နီးပြီဖြစ်၏၊ သိုးများကိုချမ်းသာပေးကြလိမ့်မည်မဟုတ်။ ယင်းကျမ်းချက်တွင် ရည်မှတ်ထားသည့်အတိုင်း ထိုအချိန်ကပင်အသင်းတော်သည် ယုံကြည်ခြင်းအရာ၌ စုံလင်ခြင်းသို့ရောက်ရှိသည်တိုင်အောင် မတိုးတက်မဖွံ့ဖြိုးသေးသည်သာမက ဂိုဏ်းကွဲခြင်းများကြောင့် ပြိုကွဲလုနီးခဲ့၏၊ သဘောကွဲလွဲမှုများကြောင့် ရှုပ်ထွေးခဲ့၏။ ထိုအကြောင်းကိုတမန်တော်ရှင်ပေါလုသိခဲ့၏။ သို့ဖြစ်၍လာလတ္တံ့သောအယူဖေါက်ပြန်မှုကြီးကိုကျော်လွန်ပြီး “ငါတို့ရှိသမျှသည်ယုံကြည်ခြင်းသို့…… တညီတညွတ်တည်းရောက်၍” ဟု ဧ၊ ၄း၁၃ တွင်ပါရှိသည့်အတိုင်း ကျန်ကြွင်းသောဘုရားသခင်၏လူမျိုးအားစုသိမ်းရသောကာလကိုမျှော်မှန်းခဲ့ခြင်းဖြစ်နိုင်၏။ ယင်းအကြောင်းများကြောင့် အသင်းတော်သို့ခန့်အပ်ထားသည့်ဝိညာဉ်ဆုကျေးဇူးများဆိုင်ရာအမှုဆောင်ရွက်ရသည့်အချိန်ကာလမပြီးဆုံးသေးပါ။

“ဝိညာဉ်တော်၏အရှိန်ကိုမငြိမ်းစေကြနှင့်၊ ပရောဖက်ပြုခြင်းကိုမထီမဲ့မြင်မမှတ်ကြနှင့်၊ ခပ်သိမ်းသောအရာကိုစုံစမ်း၍ကောင်းသောအရာကိုအမြဲကိုင်စွဲကြလော့။” ၁သက်၊ ၅း၁၉–၂၁။

ယင်းဒုတိယစာစောင်တွင် တမန်တော်သည် ဘုရားသခင်ဒုတိယ အကြိမ်ကြွလာတော်မူမည့်အကြောင်းကို နိဒါန်းပျိုးထားပါသည်။ ၎င်းနောက် ထိုအချိန်က ယုံကြည်ခြင်းကင်းသောကမ္ဘာလောကကြီး အကြောင်းကိုဖော်ညွှန်းထားသည်မှာ၊ "ငြိမ်ဝပ်ခြင်းရှိ၏၊ ဘေးအန္တရာယ် နှင့်ကင်းလွတ်၏" ဟုသူတို့ဟောပြောနေကြစဉ် ဘုရားသခင်၏နေ့ကို သူတို့ရင်ဆိုင်ရလုဆဲဖြစ်နေ၏၊ သူခိုးသည်ညဥ့်အခါလာသကဲ့သို့ ရုတ် တရက် ပျက်စီးခြင်းသည်လည်း သူတို့အနီးသို့ရောက်နေ၏။ ဤအကြောင်းအရာများကိုထောက်ရှုသဖြင့် အသင်းတော်သည် အခြား သောသူတို့အိပ်ပျော်နေသကဲ့သို့မအိပ်ပျော်ဘဲ သမ္မာသတိရှိ၍စောင့်နေ ကြပါလော့ဟု ဆက်လက်၍သတိပေးထားပါသည်။ ယင်းသို့သတိပေး ထားချက်များနှင့်ဆက်လက်၍ အထက်တွင်ဖော်ပြထားသည့်အတိုင်း "ဝိညာဉ်တော်၏အရှိန်ကိုမငြိမ်းစေကြနှင့်" ဟု အစချီထားသောဩဝါဒ များကိုလည်း ဆက်လက်၍ပေးထားခဲ့ပါသည်။ ဤကျမ်းသုံးချက်တွင် ဖော်ပြထားသောစကားရပ်များ၏အဓိပ္ပါယ်များသည် တစ်ခုနှင့်တစ်ခု လုံးဝဆက်စပ်မှုမရှိဟု အချို့ကယူဆကြပေလိမ့်မည်။ သို့သော်လည်း ယင်းအချက်များသည် တစ်ခုမျှတစ်ခုသို့ အစီအစဉ်အတိုင်း အလို အလျောက်ဆက်စပ်နေပါသည်။ ဝိညာဉ်တော်၏အရှိန်ကိုငြိမ်းစေသော သူသည် ဝိညာဉ်တော်၏အကျိုးသက်ရောက်မှုများဖြစ်သော ပုရောဖက် ပြုခြင်းတို့ကို မထီမဲ့မြင်ပြုနေပေလိမ့်မည်။ "လူမျိုးတကာတို့အပေါ်သို့ ငါ၏ဝိညာဉ်တော်ကိုငါသွန်းလောင်းမည်။ သင်တို့၏သားသမီးတို့သည် ပုရောဖက်ဉာဏ်နှင့်ဟောပြောရလိမ့်မည်။" ယောလ၊ ၂း၂၈။ "ခပ်သိမ်း သောအရာတို့ကိုစုံစမ်း၍" ဟုဆိုသည့်စကားရပ်သည် ပုရောဖက်ပြုခြင်း စကားရပ်အတွက် ကန့်သတ်ထားခြင်းဖြစ်ပါသည်။ ထိုကြောင့် ကျွန်ုပ်

တို့သည် ဝိညာဉ်ဆုကျေးဇူးများကိုနှုတ်ကပါဠိတရားတော်အားဖြင့် ဘုရားသခင်ပေးထားတော်မူသည့် စမ်းသပ်စရာနှင့်စစ်ဆေးစမ်းသပ် ရမည်။ ဝိညာဉ်ရေးဆိုင်ရာလိမ်လည်မှုများနှင့် မဟုတ်မမှန်သောပရောဖက်ပြုခြင်းများသည် ဤကိစ္စနှင့်အထူးသက်ဆိုင်နေသည်မှာ ယုံမှားဖွယ်မရှိပါ။ သို့သော်ကျွန်ုပ်တို့သတိပြုရန်မှာ တမန်တော်ကခပ်သိမ်းသောအရာကိုပယ်၍ ဟုဆိုမထားပါ။ ခပ်သိမ်းသောအရာကိုစုံစမ်း၍ ကောင်းသောအရာကို အမြဲကိုင်စွဲကြလော့ဟုဆိုထားပါသည်။

"ထိုနောက်မှလူမျိုးတကာအပေါ်သို့ ငါ၏ဝိညာဉ်တော်ကိုငါသွန်းလောင်းမည်။ သင်တို့၏သားသမီးတို့သည် ပရောဖက်ဉာဏ်နှင့်ဟောပြောရကြလိမ့်မည်၊ အသက်ကြီးသောသူတို့သည် နိမိတ်အိပ်မက်တို့ကိုမြင်မက်ရကြလိမ့်မည်။ အသက်ငယ်သောသူတို့သည်လည်း ဗျာဒိတ်ရူပါရုံကိုမြင်ရကြလိမ့်မည်။ ငါ၏အမှုကိုဆောင်ရွက်သောယောက်ျားမိန်းမတို့အပေးသို့ငါ၏ဝိညာဉ်တော်ကိုငါသွန်းလောင်း၍ သူတို့သည် ပရောဖက်ဉာဏ်နှင့်ဟောပြောရကြလိမ့်မည်။ မိုးကောင်းကင်၌လည်းကောင်း၊ မြေကြီးပေါ်၌လည်းကောင်း အံ့ဖွယ်သောအရာတည်းဟူသောသွေး၊ မီးလျှံ၊ မီးခိုးတိုင်တို့ကိုငါပြမည်။ ထာဝရဘုရား၏ကြောက်မက်ဖွယ်သောနေ့ကြီးမတိုင်မီ နေသည်မှောင်မိုက်အတိဖြစ်လိမ့်မည်။ လသည်လည်းသွေးဖြစ်လိမ့်မည်။ ထိုအခါထာဝရဘုရားကိုပဌနာပြုသောသူရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ရောက်ရကြလတ္တံ့။ အကြောင်းမူကား၊ ထာဝရဘုရားမိန့်တော်မူသည်အတိုင်း ဇိအုန်တောင်၊ ယေရုရှလင်မြို့၌ ထာဝရဘုရားခေါ်တော်မူသောသူ အကျန်အကြွင်းတို့အဖို့ကယ်တင်ခြင်းအခွင့်ရှိရလတ္တံ့။" ယောလ၊ ၂:၂၈–၃၂။

အထက်တွင်ပေါ်ပြထားသည့်အတိုင်း နောက်ဆုံးသောကာလတွင် သွန်းလောင်းမည့် သန့်ရှင်းသောဝိညာဉ်တော်အကြောင်းနှင့်စပ်လျဉ်း၍ ပုရောဖက်ယောလ၏အနာဂတ်စကားများသည် ဧဝံဂေလိတရားတော် တည်ရာကာလစတင်ချိန်က အားလုံးမပြည့်စုံခဲ့သေးပါ။ ဤကျမ်းချက် တွင် နိဒါန်းပြုထားသည့်အတိုင်း “ထာဝရဘုရား၏ကြောက်မက်ဖွယ် သောနေ့ကြီး” နှင့်စပ်လျဉ်း၍ ကောင်းကင်၌လည်းကောင်း၊ မြေကြီး ပေါ်၌လည်းကောင်း ရှေ့ပြေးနိမိတ်လက္ခဏာများကသာပေါ်ပေါ်နေပါ သည်။ ယင်းနိမိတ်လက္ခဏာများဖြစ်ပေါ်ကြပြီးသော်လည်း ထာဝရ ဘုရား၏နေ့၊ ကြောက်မက်ဖွယ်သောထိုနေ့ကြီးမှာ အနာဂတ်ကာလ ၌သာရှိနေသေးပါ၏။ ဧဝံဂေလိတရားတည်ရာကာလတစ်လျှောက်လုံး ကိုနောက်ဆုံးသောကာလဟုခေါ်ဆိုနိုင်ပါသော်လည်း ပြီးခဲ့သည့်နှစ်ပေါင်း ၁၈၀၀ အားလုံးကို နောက်ဆုံးသောကာလဟုခေါ်ဆိုပါက ယထာဘူတ မကျနိုင်ပါ။ ထိုကာလသည် ထာဝရဘုရား၏နေ့ရက်တိုင်အောင် ရောက်ရှိရမည်၊ ဘုရားသခင်၏လူမျိုးမှ ကျန်ကြွင်းသူများအား ကယ်တင် ပြီးချိန်ထိရောက်ရှိရမည်။ “အကြောင်းမူကား၊ ထာဝရဘုရားမိန့်တော် မူသော အကျန်အကြွင်းတို့အဖို့ ကယ်တင်ခြင်းအခွင့်ရှိရလတ္တံ့။”

ထာဝရဘုရား၏ကြောက်မက်ဖွယ်သောနေ့ကြီးမတိုင်မီ ဆက်စပ် နေသည့်ကာလ၊ အံ့သြဖွယ်ရာနိမိတ်လက္ခဏာများထွန်းကားရာကာလ တွင် သက်ရှင်နေထိုင်ကြသော ဤကျန်ကြွင်းသူများသည် ဗျာဒိတ်ကျမ်း ၁၂း၁၇ တွင်ဖေါ်ပြထားသည့် မိန်းမ၏ကျန်ကြွင်းသောအမျိုးအနွယ် ကိုဆိုလိုသည်မှာ သံသယဖြစ်ဖွယ်ရာမရှိပါ။ ကမ္ဘာမြေကြီးပေါ်တွင် အသင်းတော်၏နောက်ဆုံးလူမျိုးဆက်ဖြစ်ပါသည်။ “နဂါးသည် မိန်းမ

ကိုအငြိုးထား၏၊ ဘုရားသခင်၏ပညတ်တော်တို့ကိုကျင့်၍ ယေရှု၏ သက်သေခံတော်မူချက်ကို စွဲလမ်းသောသူတည်းဟူသော ထိုမိန်းမ၌ ကြွင်းသောအမျိုးအနွယ်ကို စစ်တိုက်ခြင်းငှာသွား၏။"

ဧဝံဂေလိအသင်းတော်၏ ကျန်ကြွင်းသူများသည် ဝိညာဉ်ရေးဆု ကျေးဇူးများကိုခံရကြပေလိမ့်မည်။ သူတို့သည် ဘုရားသခင်၏ပညတ် တော်တို့ကိုကျင့်၍ ယေရှု၏သက်သေခံတော်မူချက်ကိုစွဲလမ်းသောကြောင့် သူတို့အားစစ်တိုက်ကြလိမ့်မည်။ (ဗျာဒိတ်၊ ၁၂း၁၇) ဗျာဒိတ်ကျမ်း ၁၉း၁၀ တွင် ယေရှု၏သက်သေခံတော်မူချက်ဆိုသည်မှာ ပရောဖက် ဟောသောစကားချက်သဘောဖြစ်သည်ဟု အဓိပ္ပါယ်ဖေါ်ပြထားပါသည်။ "ငါကား သင်၏လုပ်ဖေါ်ဆောင်ဖက်ဖြစ်၏၊ ယေရှု၏သက်သေခံတော် မူချက်ကိုဆောင်သော သင်၏ညီအစ်ကိုတို့၏လုပ်ဖေါ်ဆောင်ဖက်လည်း ဖြစ်၏" ဟုကောင်းကင်တမန်ကပြောပါသည်။ ဗျာဒိတ်ကျမ်း ၁၁း၉ တွင်လည်း ယင်းကဲ့သို့ပင် "ငါကားသင်၏လုပ်ဖေါ်ဆောင်ဖက်ဖြစ်၏၊ သင်၏အစ်ကိုပရောဖက်တို့......၏လုပ်ဖေါ်ဆော်ငဖက်လည်းဖြစ်၏" ဟုထပ်၍ဆိုထားပါသည်။ နှိုင်းယှဉ်၍ကြည့်ပါက "ပရောဖက်ဟောသော စကားချက်သဘောသည် ယေရှု၏သက်သေဖြစ်သတည်း" ဟု ဖေါ်ပြ ထားချက်၏လေးနက်ပုံကိုတွေ့မြင်ရပါသည်။ သို့သော် ယေရှု၏ သက်သေခံတော်မူချက်တွင် တစ်ဆူတည်းသောဝိညာဉ်တော်၏ဆုကျေး ဇူးများအားလုံးပါဝင်ပါသည်။ ထိုကြောင့် တမန်တော်ရှင်ပေါလုက "အထက်ကခရစ်တော်၏သက်သေကိုသင်တို့တွင်တည်စေသည်ရှိသော် သင်တို့သည် ထိုခရစ်တော်အားဖြင့် အရာရာ၌နှုတ်သတ္တိ၊ ဉာဏ်သတ္တိ အပေါင်းနှင့်ကြွယ်ဝပြည့်စုံကြသည်ဖြစ်၍ ယေရှုခရစ်တော်အားဖြင့် သင်တို့အားပေးတော်မူသောဆုကျေးဇူးတော်ကိုငါထောက်၍ သင်တို့

အကြောင်းကြောင့် ငါ့ဘုရားသခင်၏ကျေးဇူးတော်ကို အစဉ်မပြတ် ချီးမွမ်း၏။ ထိုကြောင့် သင်တို့သည် ငါတို့သခင်ယေရှုခရစ်၏ပေါ်ထွန်းတော်မူခြင်းကိုမြော်လင့်နေစဉ် ဆုတော်တစ်စုံတစ်ခုမျှမလျော့ဘဲ စုံလင်လျက်ရှိကြ၏။'' ၁ကော၊ ၁း၄–၇။ ခရစ်တော်၏သက်သေခံတော်မူချက်သည် ကောရိန်သုအသင်းတော်၌တည်နေခဲ့သည့်အတွက် မည်သည့်အကျိုးဖြစ်ထွန်းခဲ့ပါသနည်း။ သူတို့သည် မည်သည့်ဆုတော်တစ်စုံတစ်ခုမျှမလျော့ဘဲ စုံလင်လျက်ရှိကြ၏။ သို့ဖြစ်၍ခရစ်တော်၏သက်သေခံတော်မူချက်သည် ကျန်ကြွင်းသူတို့၌တည်နေမည်ဆိုပါက မည်သို့အကျိုးသက်ရောက်ပါလိမ့်မည်နည်း။ သူတို့သည်လည်း မည်သည့်ဆုတော်တစ်စုံတစ်ခုတွင်မျှမလျော့ဘဲ စုံလင်လျက်ရှိကြပေလိမ့်မည်။ ထို့ကြောင့် ကျန်ကြွင်းသူများသည် ခရစ်တော်၏သက်သေခံတော်မူချက်တွင်တည်နေကြပါက မည်သည့်ဆုကျေးဇူးတွင်မျှမလျော့ဘဲ၊ နောက်မကျဘဲ ကျွန်ုပ်တို့၏သခင်ယေရှုခရစ်ကြွလာတော်မူခြင်းကိုစောင့်မြော်နေကြလိမ့်မည်ဟု အကျွန်ုပ်တို့ဆုံးဖြတ်ချက်ချထားခြင်းမှာ တရားမျှတသည် မဟုတ်ပါလော။

အာ၊ အက်ဖ်၊ ကော့တရယ်လ်
R.F. COTTRELL

# ဝိညာဉ်ဆုကျေးဇူးများ

## စာတန်ကျဆုံးခြင်း

စာတန်သည် တစ်ကြိမ်ကကောင်းကင်ဘုံ၌ဂုဏ်ပြုခြင်းခံခဲ့ရသော ကောင်းကင်တမန်တစ်ပါးဖြစ်၍ ခရစ်တော်အောက်တစ်ဆင့်သာနိမ့်ခဲ့ပါသည်။ သူသည်အခြားသောကောင်းကင်တမန်များကဲ့သို့ပင် မျက်နှာချို၍ရွှင်ပျသည့်အမူအရာပေါ်လွင်ခဲ့ပါသည်။ သူ၏နဖူးကျယ်ပုံအရ အထူးတလည်ဉာဏ်ကောင်းသည်မှာသိသာပါ၏။ သူ၏ခန္ဓာကိုယ်စုံလင်၏၊ ဂုဏ်ရှိရှိနေထိုင်၏၊ ဟန်ပန်အမူမရာမြင့်မြတ်၏။ သို့သော်ဘုရားသခင်က "ငါတို့ပုံသဏ္ဌာန်နှင့် တညီတသဏ္ဌာန်တည်း လူကိုဖန်ဆင်းကြစို့" ဟုသားတော်အားမိန့်တော်မူသောအခါ စာတန်သည် ယေရှုအပေါ်မနာလိုဝန်တိုသောစိတ်မွေးခဲ့၏။ လူအားပုံသဏ္ဌာန်ဖော်ဆောင်ရာတွင် အတိုင်ပင်ခံဖြစ်လိုသော်လည်း သူ့အားမတိုင်ပင်ခဲ့သည့်အတွက် ငြူစူခဲ့၏၊ မနာလိုမရှုဆိတ်ဖြစ်ခဲ့၏၊ မုန်းမာန်ပွားခဲ့၏။ ကောင်းကင်ဘုံတွင်ဘုရားသခင်မှတစ်ပါး သူသာလျှင်အမြင့်မြတ်ဆုံးဖြစ်လိုခဲ့၏။

ထိုအချိန်ထိကောင်းကင်တစ်ခွင်လုံးတွင် စည်းကမ်းသေဝပ်မှုရှိခဲ့၏၊ ညီညွတ်ကြပါ၏။ သို့သော် ကိုယ်တော်၏စည်းမျဉ်းဥပဒေနှင့် အလိုတော်ကိုဖီဆန်ခြင်းသည် အကြီးမားဆုံးသောအပြစ်ဒုစရိုက်ဖြစ်၏။ ကောင်းကင်တစ်ရပ်လုံးတုန်လှုပ်ချောက်ချားသွားဘိသကဲ့သို့ဖြစ်လေ၏၊ ကောင်းကင်တမန်များကိုလည်း အုပ်စုကွဲစေပြီးလျှင် အုပ်စုတစ်ခုစီအတွက် အုပ်ချုပ်အမိန့်ပေးသော ကောင်းကင်တမန်ခေါင်းဆောင်ကို

သတ်မှတ်လိုက်ပါသည်။ စာတန်သည် မိမိကိုယ်ကိုချီးမြှောက်လိုသော ဆန္ဒပြင်းထန်လှသည်ဖြစ်၍လည်းကောင်း၊ ယေရှု၏လက်အောက် အာဏာခံမဖြစ်လိုသောကြောင့်လည်းကောင်း ပရိယာယ်သုံး၍ ဘုရားသခင်စိုးမိုးအုပ်ချုပ်တော်မူခြင်းကို တဖြည်းဖြည်းဆန့်ကျင်ခဲ့ပါသည်။ အချို့သောကောင်းကင်တမန်များသည် စာတန်၏ပုန်ကန်ထကြွမှုတွင် သက်ဝင်စာနာကြ၏။ သို့သော်အချို့ကမူ ဘုရားသခင်သည် မိမိ၏သားတော်အားဂုဏ်ရှိစွာဖြင့်လည်းကောင်း၊ ပညာဉာဏ်အမြော်အမြင်ကြီးစွာဖြင့်လည်းကောင်း အခွင့်အာဏာပေးအပ်တော်မူသည်ကိုထောက်ခံ၍ ဆန့်ကျင်သောအုပ်စုကိုပြင်းပြင်းထန်ထန်ကန့်ကွက်ကြပါသည်။ ထိုကြောင့် ကောင်းကင်တမန်အချင်းချင်းသဘောကွဲလွဲကြ၏၊ အငြင်းအခုံဖြစ်ကြ၏။ စာတန်နှင့်သူ၏ဘက်တော်သားများက ဘုရားသခင်အုပ်စိုးတော်မူပုံကို အသစ်ပြုပြင်ပြောင်းလွှဲရန်ကြိုးပမ်းကြ၏၊ ဘုရားသခင်၏စစ်၍မကုန်နိုင်သောဉာဏ်တော်ကို စစ်ဆေးလိုကြ၏၊ ထိုမျှမက ကိုယ်တော်သည် သခင်ယေရှုအား ထိုမျှလောက်ချီးမြှောက်၍ အကန့်အသတ်မရှိသည့်တန်ခိုးအာဏာကိုပေးထားတော်မူသည့်အတွက် ရည်ရွယ်ချက်ကိုလည်း အတပ်သိလိုကြ၏။ ထိုကြောင့် သားတော်အားအပ်နှင်းထားသည့်အခွင့်အာဏာတော်အတွက် သူတို့ပုန်ကန်ကြ၏။ သူတို့၏အမှုအသီးသီးကိုအဆုံးအဖြတ်ပေးရန်အတွက် ကောင်းကင်ဗိုလ်ခြေအပေါင်းအား ခမည်းတော်ဘုရားသခင်၏ရှေ့တော်မှောက်တွင် စုဝေးစေတော်မူ၏။ စာတတန်နှင့်တကွသူပုန်ကန်ရာတွင် ပါဝင်ဆင်နွှဲကြသော ကောင်းကင်တမန်အားလုံးကို ကောင်းကင်မှနှင်ထုတ်ရန် ထိုအစည်းအဝေးမှဆုံးဖြတ်ခဲ့ပါသည်။ ထိုအခါ ကောင်းကင်တွင်စစ်ဖြစ်လေ၏။ တိုက်ပွဲတွင် ကောင်းကင်တမန်များပါဝင်ဆင်နွှဲကြ၏။ စာတန်

သည် ဘုရားသခင်၏သားတော်နှင့်တကွ ကိုယ်တော်၏အလိုတော်ကို လိုက်လျှောက်သောသူတို့အား အနိုင်ရလိုခဲ့၏။ သို့သော်သစ္စာရှိသော ကောင်းကင်တမန်များက အောင်နိုင်ကြသဖြင့် စာတန်နှင့်သူ၏နောက် လိုက်တမန်များ ကောင်းကင်မှနှင်ထုတ်ခြင်းကိုခံရကြလေ၏။

စာတန်နှင့်တကွ ဆုံးရှုံးသွားသော ကောင်းကင်တမန်အပေါင်း သည် ကောင်းကင်ဘုံသို့ပြန်လည်ဝင်ရောက်ခွင့်မရကြသောအခါ စာတန် သည် ကောင်းကင်ဘုံ၏သန့်စင်ခြင်းနှင့်ဘုန်းစည်းစိမ်ကို ထာဝရလက် လွှတ်လိုက်ရပြီဖြစ်ကြောင်း ကောင်းစွာသဘောပေါက်လေ၏၊ နောင်တ ရလေ၏၊ ကောင်းကင်ဘုံတွင် ပြန်၍နေခွင့်ရလို၏။ ထိုကြောင့်သူ၏ နေရာမှကိုဖြစ်စေ၊ သို့မဟုတ်သူ့အားသတ်မှတ်ပေးသည့် မည်သည့် အဆင့်၌ပင်ဖြစ်စေ လက်ခံရန်အသင့်ရှိခဲ့၏၊ သို့သော်မဖြစ်နိုင်တော့ပါ။ ကောင်းကင်ဘုံသည် အန္တရာယ်မကင်းသောဘုံအဖြစ်သို့မရောက်စေရ။ အကယ်၍စာတန်အားပြန်၍လက်ခံထားမည်ဆိုပါက ကောင်းကင်တစ် ခွင်လုံးပုံသဏ္ဍာ [2]ဂန်ပျက်သွားပေလိမ့်မည်၊ သူသည်ဒုစရိုက်၏မူလအစဖြစ် ၏၊ ထိုကြောင့်သူ၏ကိုယ်တွင်း၌ ပုန်ကန်တတ်သောမျိုးစေ့၊ ပုန်ကန်တတ် သောစိတ်ဓါတ်ရှိနေ၏၊ သူနှင့်တကွသူ၏ငယ်သားများကိုငိုကြွေးကြ၏၊ ဘုရားသခင်၏ကျေးဇူးတော်လက်အောက်တါင် ပြန်လည်ခိုလှုံခွင့်ရရှိရေး အတွက် များစွာလျှောက်ထားအသနားခံကြ၏။ သို့သော် သူတို့၏ ဒုစရိုက်ပြစ်တည်းဟူသောရန်ငြိုးဖွဲ့ခြင်း၊ အမျက်ထားခြင်း၊ မနာလို ဝန်တိုခြင်း၊ သဝန်ကြောင်ခြင်းများလွန်ကဲလှသောကြောင့် ဘုရားသခင် သည် သူတို့၏အပြစ်ကိုသင်ပုန်းချေတော်မမူနိုင်။ ၎င်းအပြင် ဒုစရိုက် သည် နောက်ပိတ်ဆုံးတွင် ပြစ်ဒဏ်စီရင်ခြင်းကိုခံယူရန်အတွက် ကျန်ရှိ နေရမည်။

စာတန်သည် ဘုရားသခင်၏မေတ္တာတော်အရိပ်တွင် ကိုယ်တော်နှင့် အတူထပ်မံနေထိုင်ရန် လုံးဝမဖြစ်နိုင်တော့ကြောင်း အတပ်သိသောအခါ သူ၏ရန်ငြိုးထားပုံ၊ အမျက်ထားပုံများအကောင်းအထည်ပေါ်စပြုလာပါသည်။ ဘုရားသခင်စိုးမိုးအုပ်ချုပ်မှုရပ်စဲသွားစေရန် သူ၏တမန်များနှင့်စည်းဝေးတိုင်ပင်၍ စီမံကိန်းရေးဆွဲခဲ့ပါသည်။ လှပတင့်တယ်ရှုချင်ဖွယ်ရာများ စုံလင်သည့်ဥယျာဉ်တော်ကို အာဒံနှင့်ဧဝတို့လက်ဝယ်သို့ ပေးအပ်တော်မူသောအခါ စာတန်သည် သူတို့အားဖျက်ဆီးသုတ်သင်ရန် စီမံကိန်းချမှတ်ခဲ့ပြီးဖြစ်ပါသည်။ အကယ်၍ ထိုဇနီးမောင်နှံတို့သည် ဘုရားသခင်၏စကားတော်အတိုင်းလိုက်နာခဲ့ကြမည်ဆိုပါက သူတို့၏ ပျော်ရွှင်မှုကို မည်သည့်နည်းနှင့်မျှလက်လွှတ်ရကြမည်မဟုတ်ပါ။ သူတို့သည် ရှေးဦးစွာဘုရားသခင်၏စကားတော်ကို နားမထောင်ဘဲနေလျှင်လည်းကောင်း၊ ကိုယ်တော်၏မေတ္တာတော်ကို လက်မလွှတ်လျှင်လည်းကောင်း စာတန်သည် သူ၏တန်ခိုးအာဏာကို သူတို့အပေါ်တွင်အသုံးမပြုနိုင်ပါ။ ထိုကြောင့်သူတို့နားမထောင်စေရန် စာတန်ဉာဏ်ဆင်ရမည်။ သို့မှသာလျှင် ဘုရားသခင်သည် သူတို့အားမျက်မှောင်ကုတ်သဖြင့် သူတို့သည် စတန်နှင့် ဘက်တော်သားတို့၏ဩဇာအာဏာလက်အောက်သို့ တိုက်ရိုက်ဝင်ရောက်ကြပေလိမ့်မည်။ ထိုကြောင့်စာတန်သည် အခြားသူတစ်ဦးတစ်ယောက်၏အသွင်ကိုဆောင်လျက် လူသားအတွက် စိတ်ဝင်စားအောင်ယောင်ဆောင်ရမည်၊ ပထမတွင် ဘုရားသခင်မိန့်တော်မူသည့်အတိုင်း အမှန်တကယ်ဆိုလိုခြင်းဟုတ်မဟုတ် သံသယဝင်လာအောင် ဖန်တီးရမည်။ ထိုနောက်စာတန်ကိုယ်တိုင်ကျူးလွန်ခဲ့သည်နည်းတူ စစ်၍ မကုန်နိုင်သောဘုရားသခင်၏စီမံကိန်းကို ဝင်ရောက်စွက်ဖက်လိုစိတ် ပေါ်လာအောင်ဆွဲဆောင်ရမည်၊ နောက်ဆုံးတွင် ကောင်းမကောင်းသိကျွမ်း

ရာအပင်နှင့်ပတ်သက်၍ မည်သည့်အတွက် ကန့်သတ်ချက်ထားရှိကြောင်းကို လူတို့သိလိုမြင်လိုစိတ်ပေါ်လာအောင် လှုံ့ဆော်ပေးရမည်စသည်ဖြင့် တိုင်ပင်ဆုံးဖြတ်လိုက်ကြပါသည်။

---ooo---

## လူသားကျဆုံးခြင်း

သန့်ရှင်းသောကောင်းကင်တမန်များသည် အာဒံနှင့်ဧဝတို့ပျော်စံရာဥယျာဉ်တော်သို့ မကြာမကြာသွားရောက်လည်ပတ်ခြင်း၊ သူတို့၏အလုပ်အကိုင်နှင့်ပတ်သက်၍ လမ်းညွှန်ပြသခြင်း၊ ကောင်းကင်ဘုံတွင်ဖြစ်ပျက်ခဲ့သည့်ပုန်ကန်ထကြွမှုနှင့်ပတ်သက်၍ စာတန်နှင့်သူ၏နောက်လိုက်တမန်များကျဆုံးရခြင်းများကို သွန်သင်ပေးပါသည်။ ထိုကြောင့်စာတန်အားသတိနှင့်ရှောင်ကြရန်၊ လုပ်ငန်းခွင်တွင်လည်းတစ်ဦးနှင့်တစ်ဦးမခွဲမခွာဘဲ အတူတကွလုပ်ငန်းဆောင်ရွက်ကြရန် သို့မဟုတ်ပါက ကျဆုံးခဲ့ပြီးသောရန်သူစာတန်နှင့် ပက်ပင်းရင်ဆိုင်ရကြလိမ့်မည်ဖြစ်ကြောင်း သူတို့နှစ်ဦးလုံးအားသတိပေးမှာကြားထားပါသည်။ ထို့ပြင်မကာဘုရားသခင်မိန့်မှာတော်မူသည့်အတိုင်း တိတိကျကျလိုက်နာကြရန်လိုကြောင်း၊ ယင်းသို့ပြီးပြည့်စုံအောင်နားထောင်ခြင်းရှိမှသာ သူတို့နှစ်ဦးလုံး လုံခြုံမှုရှိကြလိမ့်မည်ဖြစ်ကြောင်း၊ ယင်းသို့လိုက်နာကြပါကထိုကျဆုံးခဲ့ပြီးသောရန်သူသည် သူတို့အပေါ်တွင်ဩဇာအာဏာလွှမ်းမိုးနိုင်လိမ့်မည်မဟုတ်ကြောင်း အတိအကျညွှန်ကြားထားပါသည်။

ဇဝအားနားမထောင်စေရန် သွေးဆောင်ခြင်းဖြင့်စာတန်သည် သူ၏လုပ်ငန်းကိုအစပြုခဲ့ပါသည်။ ဇဝ၏ပထမအမှားမှာ သူမ၏ခင်ပွန်း ထံမှခွဲခွာသွားခြင်းဖြစ်ပါသည်။ ဒုတိယအမှားမှာ ပညတ်ထားသော အပင်၏ဝန်းကျင်တွင် ယောင်လည်လည်လုပ်နေခြင်းဖြစ်ပါသည်။ တတိယအမှားမှာ "စားသောနေ့တွင်ဧကန်အမှန်သေရမည်" ဟု ဘုရားသခင်ပညတ်ထားတော်မူသည်ကိုပင် သံသယဖြစ်လောက်အောင် သွေးဆောင်သူ၏စကားသံကိုနားစွင့်နေခြင်းဖြစ်ပါသည်။ သို့ဖြစ်လေရာ ဘုရားသခင်သည် ထိုမိန့်တော်မူရာ၌ အမှန်တကယ်ဆိုလိုခြင်းမဟုတ်နိုင်ဟု ဇဝထင်ယောင်ထင်မှားဖြစ်လာ၏။ ထို့ကြောင့် စွန့်စွန့်စားစား လက်လှမ်း၍ အသီးကိုယူကာ လျင်စွာစားလိုက်လေ၏။ မျက်မြင်လှ၍ အရသာရှိပါ၏။ ထို့ကြောင့်သူတို့အဖို့ အမှန်ပင်စားကောင်းပါလျက် ဘုရားသခင်ကခြွင်းချက်ထားခဲ့သည့်အတွက် ကိုယ်တော့်အပေါ်တွင် မနာလိုစိတ်ပေါ်ပေါက်လေ၏၊ ထို့ကြောင့်မိမိ၏ခင်ပွန်းအားလည်း ထိုအသီးကိုပေး၍သွေးဆောင်လေ၏။ မြွေကပြောပြခဲ့သည့်အကြောင်းစုံနှင့် မြွေစကားပြောတတ်သည်မှာလည်း အံ့ဩဖွယ်ဖြစ်ပုံတို့ကိုအာဒံအား ပြန်လည်၍ပြောပြလိုက်သေးသည်။

အာဒံ၏မျက်နှာတွင် ဝမ်းနည်းပုံပေါ်လာသည်ကို ကျွန်မတွေ့မြင်ရပါသည်။ အာဒံသည် ကြောက်လန့်နေရုံမျှမကဘဲ အံ့ဩမိန်းမောနေပုံပေါ်ပါသည်။ သူ၏စိတ်အာရုံအတွင်း၌ တိုက်ပွဲဆင်နေသည်မှာလည်း မြင်သာပါသည်။ ဤကိစ္စမှာသူတို့အားသတိပေးထားသည့် ရန်သူ၏လက်ချက်ဖြစ်ကြောင်း၊ သူ၏ဇနီးအသက်ဆုံးရှုံးရတော့မည်ဖြစ်ကြောင်း အာဒံအတပ်သိလေ၏။ သတို့နှစ်ဦးမလွဲမသေဝေခွဲခွာရပေတော့မည်။ ဇဝအပေါ်သူ၏မေတ္တာကြီးမားလှသောကြောင့်လည်းကောင်း၊ စိတ်ပျက်

အားလျော့ခြင်းပြင်းပြလှသည့်အတွက်ကြောင့်လည်းကောင်း၊ ဇနီးနှင့် လက်တွဲ၍ သေခြင်းတရားကိုရင်ဆိုင်ရန်ဆုံးဖြတ်လိုက်ပါသည်။ အာဒံ သည်လည်း အသီးကိုအလျင်အမြန်ယူ၍ ချက်ချင်းစားလိုက်လေ၏။ ထိုအချိန်တွင်စာတန်လည်း ဘဝင်မြင့်သွားလေ၏။ ကောင်းကင်တွင် ပုန်ကန်ခဲ့စဉ်က သူ့ဘက်တွင် စိတ်ဝင်စားသူများရှိအောင်ဆွဲဆောင်နိုင် ခဲ့၏။ သူ့အပေါ်မေတ္တာသက်သူများ သူပုန်ကန်ရာတွင်ပါဝင်ဆင်နွှဲခဲ့ ကြ၏။ သူကိုယ်တိုင်ကျဆုံးခဲ့ရာတွင် သူတစ်ပါးတို့အားလည်း သူနှင့် အတူကျဆုံးကြရလေအောင် သူဆွဲဆောင်ခဲ့၏။ ယခုတွင်လည်း မိန်းမ သည် ဘုရားသခင်ကိုမယုံကြည်မကိုးစားရလေအောင်၊ ကိုယ်တော်၏ ဉာဏ်တော်ကိုစုံစမ်းထောက်လှမ်းရလေအောင်၊ ကိုယ်တော်၏စုံလင်တော် မူသောဉာဏ်တော်ဆိုင်ရာစီမံကိန်းတွင် ဝင်ရောက်စွက်ဖက်ရလေအောင် စာတန်သွေးဆောင်ခဲ့ပြန်၏။ ကျဆုံးရာတွင် မိန်းမတစ်ဦးတည်းသာ မဟုတ်၊ အာဒံသည်လည်း ဧဝနှင့်အတူအကွ ကျဆုံးလိမ့်မည် ကိုစာတန်အတပ်သိထားနှင့်၏။

လူသားကျဆုံးသည့်အကြောင်းကို ကောင်းကင်တစ်ခွင်လုံးတွင် သတင်းပြန့်သွားလေ၏၊ စောင်းတော်သံရှိသမျှလည်း ရပ်စဲသွားလေ၏၊ ကောင်းကင်တမန်အပေါင်းဝမ်းနည်းကြေကွဲကြလေရာ မိမိတို့၏သရဖူ များကို ပစ်ချထားလိုက်ကြ၏။ ကောင်းကင်တစ်ခွင်လုံးမငြိမ်မသက် ဖြစ်သွားလေ၏။ အပြစ်ရှိသည့်စုံတွဲအတွက် မည်သို့မည်ပုံအရေးယူ ဆောင်ရွက်ရမည်ကိုဆုံးဖြတ်ရန် စည်းဝေးတိုင်ပင်ကြလေ၏၊ သူတို့ နှစ်ဦးသည် အသက်ပင်မှအသီးကိုရယူစားသုံးသဖြင့် မသေမပျောက် နိုင်သော ဒုစရိုက်သားဖြစ်နေကြမည်ကို ကောင်းကင်တမန်တို့စိုးရိမ်

ကြ၏၊ သို့သော်ဘုရားသခင်က လူကိုဥယျာဉ်တော်မှနှင်ထုတ်မည်ဟု မိန့်တော်မူ၏။ အသက်ပင်သို့သွားရာလမ်းကိုလည်း စောင့်ကြပ်ကာကွယ်ထားရန် ကောင်းကင်တမန်များကိုချက်ချင်းခန့်အပ်စေလွှတ်တော်မူ၏။ စာတန်လေ့လာရေးဆွဲထားသည့် မူလစီမံကိန်းအရဆိုပါက အာဒံနှင့်ဧဝတို့သည် ဘုရားသခင်၏စကားတော်ကိုနားမထောင်ဘဲနေကြလိမ့်မည်၊ သူတို့သည် ကိုယ်တော်၏မျက်မှောင်ကုတ်ခြင်းကိုခံရကြလိမ့်မည်၊ ထိုအခါသူတို့သည် အသက်ပင်၏အသီးကိုရယူစားသုံးကြလိမ့်မည်၊ စားပြီးလျှင် အပြစ်သားဘဝတွင်လည်းကောင်း၊ နားမထောင်သူများအဖြစ်တွင်လည်းကောင်း ထာဝစဉ်အသက်ရှင်နေကြပေလိမ့်မည်၊ ယင်းနည်းအားဖြင့် အပြစ်ဒုစရိုက်သည် ထာဝရတည်မြဲနေလိမ့်မည် စသည်ဖြင့် စာတန်သည် ရည်မှန်းခဲ့၏။ သို့သော်သူတို့ကိုဥယျာဉ်တော်မှနှင်ထုတ်တော်မူပြီးလျှင် အသက်ပင်သို့သွားရာလမ်းကိုစောင့်ကြပ်ကာကွယ်ထားရန် သန့်ရှင်းသောကောင်းကင်တမန်များအား တာဝန်ပေးအပ်၍ စေလွှတ်တော်မူ၏။ တန်ခိုးကြီးသော ထိုကောင်းကင်တမန်တို့၏လက်ယာလက်တွင် ပြိုးပြိုးပြက်ပြက်အရောင်လက်သည့် ဓါးရှည်နှင့် သဏ္ဍာန်တူသောအရာတစ်ခုစီရှိကြပါသည်။

စာတန်သည် သူကိုယ်တိုင်ကျဆုံးရာတွင် သူတစ်ပါးကိုပါဒုက္ခရောက်စေ၏။ သူသည်ကောင်းကင်မှနှင်ထုတ်ခြင်းကိုခံရ၏၊ အာဒံနှင့်ဧဝတို့သည်လည်း ဥယျာဉ်တော်မှနှင်ထုတ်ခြင်းကိုခံရကြ၏။ ထိုနည်းအားဖြင့် စာတန်အောင်ပွဲခံလေ၏။

---ooo---

## ကယ်တင်ခြင်းစီမံကိန်း

ဘုရားသခင်ဖန်ဆင်းထားတော်မူသည့်ကမ္ဘာမြေကြီးသည် အိုခြင်း နာခြင်း၊ သေခြင်းတည်းဟူသောဒုက္ခဆင်းရဲခြင်းများကိုမလွှဲမရှောင်နိုင် သည့်သေမျိုးတို့ဖြင့် ပြည့်ဝနေတော့မည်ဖြစ်ကြောင်း၊ အပြစ်ကျူးလွန် သောလူသားအတွက် လွတ်မြောက်ရာလမ်းမရှိတော့ကြောင်း၊ ထို့ကြောင့် လူသားကျဆုံးလေပြီဖြစ်ကြောင်း ရုပ်လုံးပေါ်လာသောအခါ ကောင်းကင် တစ်ရပ်လုံးတွင် ဝမ်းနည်းခြင်းအတိဖြစ်လေ၏။ အာဒံ၏မိသားစုတစ်ရပ် လုံးသေပွဲဆင်ရမည်။ ထိုအခါ ကြည်ညိုမြတ်နိုးဖွယ်သောယေရှုရှင်၏ မျက်နှာတော်တွင် ဝမ်းနည်းကြေကွဲခြင်းနှင့် ကရုဏာမေတ္တာတော် ရောပြွမ်းပေါ်လွင်နေသည်ကို ကျွန်မဖူးမြင်ရပါသည်။ ကိုယ်တော်သည် မကြာမီအတွင်း ခမည်းတော်အား ဝန်းရံထားသည့် ထူးကဲစွာထွန်း တောက်နေသောအလင်းရောင်သို့ ချဉ်းကပ်တော်မူသည်ကို ကျွန်မဖူးမြင် ရပါသည်။ ကိုယ်တော်သည်ခမည်းတော်နှင့်ရင်းနှီးစွာဆွေးနွေးတိုင်ပင် နေတော်မူသည်ဟု ကျွန်မ၏အဖော် ကောင်းကင်တမန်က ပြောပြပါ သည်။ ယေရှုရှင်သည် ခမည်းတော်နှင့်ဆွေးနွေးစဉ်အချိန် ကောင်းကင် တမန်များစိုးရိမ်ကြောင့်ကြဖြစ်နေကြသည်မှာ ပြင်းထန်လှပါ၏။ ကိုယ် တော်သည် ခမည်းတော်၏ဘုန်းတော်ရောင်အတွင်းသို့ သုံးကြိမ်တိုင် အောင်ဝင်ရောက်ကွယ်ပျောက်သွားပြီးမှ တတိယအကြိမ်ထွက်လာတော် မူသောအခါ ကိုယ်တော်၏ပုံသဏ္ဌာန်[2]တော်ကိုဖူးမြင်ရပါသည်။ ကိုယ်တော်၏မျက်နှာတော်တွင် ငြိမ်သက်ခြင်းရှိတော်မူ၏၊ ကောင်းမြတ်သော စေတနာတော်နှင့်လည်းကောင်း၊ မေတ္တာတော်နှင့်လည်းကောင်း ထွန်း တောက်နေတော်မူ၏၊ ယင်းသို့ဖူးမြင်ရပုံကို လူတိုင်း၏ဘာသာစကားဖြင့်

ဖေါ်ပြရန်မဖြစ်နိုင်ပါ။ ထိုအချိန်တွင်ကျဆုံးသောလူသားအတွက် လွန်မြောက်ရာလမ်းစဉ်ကို ချမှတ်ပြီးကြောင်း ကောင်းကင်ဗိုလ်ခြေ အပေါင်းအာ အသိပေးတော်မူ၏။ မိမိသည် ခမည်းတော်ထံဝင်ရောက်၍ လူသားအတွက်အသနားခံခဲ့ကြောင်း၊ ယင်းသို့အသနားခံရာတွင် လူသား အနေဖြင့် အပြစ်မှလွတ်ငြိမ်းခွင့်ရရှိရန် အပြစ်၏အခဖြစ်သောသေခြင်း အတွက် မိမိအသက်တော်ကိုပေးလှူပူဇော်လျက် လူသားအားရွေးနုတ် မည်ဖြစ်ကြောင်း အသွေးတော်၏ကျေးဇူးတော်ဖြင့်လည်းကောင်း၊ ဘုရား သခင်၏ပညတ်တော်တို့ကိုလိုက်နာစောင့်ထိန်းခြင်းဖြင့်လည်းကောင်း လူသားသည် ဘုရားသခင်၏ကျေးဇူးတော်ကိုခံရ၍ လှပတင့်တယ်သော ဥယျာဉ်တော်သို့ တစ်ဖန်ခေါ်ဆောင်ခြင်းကိုခံရပြီးလျှင် အသက်ပင်၏ အသီးကိုစားသုံးနိုင်ကြပေလိမ့်မည်ဖြစ်ကြောင်း ကိုယ်တော်သည် ကောင်းကင်တမန်တို့အား မိန့်တော်မူ၏။

လူသားအားကယ်တင်မည့်စီမံကိန်းကြီးကို ကွယ်ဝှက်မထားဘဲ ပွင့်လင်းစွာ သူတို့အားအသိပေးတော်မူ၏။ ထို့ကြောင့် ကောင်းကင် တမန်တို့သည် သူတို့ခေါင်းဆောင်၏စီမံကိန်းနှင့်ပတ်သက်၍ ပထမ တွင် ဝမ်းမြောက်ခြင်းမရှိနိုင်ကြပေ။ ယေရှုရှင်က မိမိသည်ခမည်းတော် ဘုရား၏အမျက်တော်နှင့်အပြစ်ကျူးလွန်မိသော လူသား၏စပ်ကြားတွင် မားမားမတ်မတ်ရပ်တည်မည်ဖြစ်ကြောင်း၊ မိမိသည်အပြစ်ဒုစရိုက်၏ အခနှင့်လူသားတို့က မလေးမခန့်ပြုခြင်းကိုခံယူမည်ဖြစ်ကြောင်း၊ သို့သော် အနည်းငယ်မျှသောသူတို့ကသာလျှင် မိမိအား ဘုရားသခင်၏သားတော် အဖြစ်အသိအမှတ်ပြုကြလိမ့်မည်ဖြစ်ကြောင်း သူတို့အားဆက်၍မိန့်ကြား တော်မူ၏။ လူသားအားလုံးလိုလိုပင် ကိုယ်တော်အာမုန်းကြလိမ့်မည်၊ ငြင်းပယ်ကြလိမ့်မည်ဖြစ်ကြောင်း၊ ကိုယ်တော်သည် မိမိ၏ဘုန်းစည်းစိမ်

ရှိသမျှ ကောင်းကင်ဘုံတွင်ထားခဲ့မည်ဖြစ်ကြောင်း၊ မိမိသည်ကမ္ဘာမြေ ကြီးပေါ်တွင် သမန်လူသားအဖြစ်နှင့်လည်းကောင်း၊ ကိုယ်ကိုကိုယ် နှိမ့်ချ၍လည်းကောင်း လူသားတို့တွေ့ကြုံခံစားရသည့်စုံစမ်းနှောင့်ယှက် ခြင်းမျိုးစုံကို ကိုယ်တော်တိုင်တွေ့ဆုံသိနားလည်ရမည်ဖြစ်ကြောင်း၊ သို့မှသာလျှင် ယင်းသို့စုံစမ်းနှောင့်ယှက်ခြင်းခံရသူများအား အကူအညီ ပေးနိုင်မည်းဖြစ်ကြောင်း၊ နောက်ဆုံးတွင် မိမိသည်ဩဝါဒဆရာအဖြစ် နှင့်အမှုတော်ကိုဆောင်ရွက်ပြီးစီးသောအခါ လူတို့၏လက်သို့အပ်နှံခြင်း ခံရလိမ့်မည်ဖြစ်ကြောင်း၊ ထိုအခါ မိမိအားဒုက္ခဆင်းရဲခြင်းအမျိုးစုံ၊ ရက်စက်ကြမ်းကြုတ်ခြင်းအမျိုးစုံတို့ဖြင့်ဒဏ်ခတ်ရန် စာတန်နှင့်သူ၏ စေတမန်များက ဆိုးသွမ်းသောသူများတို့အား လှုံ့ဆော်ပေးကြလိမ့် မည်ဖြစ်ကြောင်း၊ မိမိသည် အဆိုးရွားဆုံးသောသေခြင်းဖြင့် အသေ သတ်ခြင်းခံရလိမ့်မည်ဖြစ်ကြောင်း၊ အပြစ်အကြီးဆုံးသူကဲ့သို့ ကောင်းကင် နှင့်မြေကြီးစပ်ကြားတွင် ဆွဲထားခြင်းခံရလိမ့်မည်ဖြစ်ကြောင်း၊ ပြင်းပြ စွာသောဒုက္ခဝေဒနာကို ကြောက်မက်ဖွယ်ရာနာရီပေါင်းများစွာခံစား ရလိမ့်မည်ဖြစ်ကြောင်း၊ ထိုအခါ ကောင်းကင်တမန်များပင် မကြည့်ရက် မရှုဆိတ်သဖြင့် မိမိတို့မျက်နှာများကိုဖုံးကွယ်ထားကြလိမ့်မည်ဖြစ်ကြောင်း ယေရှုရှင်က ကောင်းကင်တမန်များအား ရှင်းပြတော်မူ၏။ ကိုယ်ခန္ဓာ အားဖြင့် ပြင်းစွာသောဝေဒနာကိုခံစားရမည်သာမက စိတ်ဒုက္ခဝေဒနာ ကိုလည်း ပြင်းပြစွာပင်ခံစားရလိမ့်မည်၊ ယင်းသို့ခံစားရသည့်စိတ်ဒုက္ခ ကို မည်သည့်ခန္ဓာကိုယ် ဒုက္ခမျိုးနှင့်မျှနှိုင်းစား၍ ရနိုင်လိမ့်မည်မဟုတ်။ တစ်ကမ္ဘာလုံး၏အပြစ်ဒုစရိုက်ဝန်ထုပ်ကြီးကို ကိုယ်တော်ထမ်းဆောင် ရလိမ့်မည်။ ကိုယ်တော်သည် အသေသတ်ခြင်းကိုခံရပြီးနောက် သုံးရက် မြောက်သော်နေ့တွင် ထမြောက်လျက် လမ်းလွဲပျောက်ဆုံး၍ ပြစ်ဒဏ်

သင့်နေသောလသားအတွက် ကြားဖျန်ဖြေသူအဖြစ်ဆောင်ရွက်ရန် ခမည်းတော်ထံသို့တက်ကြွတော်မူရမည်ဟု ကောင်းကင်တမန်တို့အား ဆက်၍မိန့်ကြားတော်မူ၏။

ကောင်းကင်တမန်များသည် ကိုယ်တော်၏ခြေတော်ရင်း၌ ပျပ်ဝပ်ကိုးကွယ်ကြ၏၊ သူတို့၏အသက်များကိုပေးလှူကြ၏၊ ကိုယ်တော်က မိမိအသေခံတော်မူခြင်းအားဖြင့် များစွာသောအသက်တို့ကို ကယ်ဆယ်နိုင်မည်ဖြစ်ကြောင်း၊ ကောင်းကင်တမန်တစ်ပါး၏အသက်သည် အပြစ်ကြွေးဆပ်ရန်မလုံလောက်ကြောင်း၊ လူသားကိုရွေးနုတ်ရန်အတွက် မိမိ၏အသက်ကိုသာ ဘုရားသခင်လက်ခံတော်မူလိမ့်မည်ဖြစ်ကြောင်း၊ သို့သော် သူတို့အနေဖြင့် အမှုတော်တွင်ပါဝင်ဆောင်ရွက်ရန် အခန်းကဏ္ဍသီးခြားရှိကြောင်း၊ ကိုယ်တော်သည် ကျဆုံးပြီးသော လူသား၏ဘဝကို ယူတင်ဝတ်ဆောင်ရမည်ဖြစ်သောကြောင့် သူတို့လောက်ခွန်အားရှိတော်မည်မဟုတ်သဖြင့် အချိန်ကာလအားလျော်စွာ သူတို့သည် ကိုယ်တော်နှင့်အတူနေ၍လိုအပ်သည့်အခါများတွင် ကူညီစောင့်ရှောက်ယိုင်းပင်းရန် တာဝန်များရှိမည်ဖြစ်ကြောင်း ယေရှုရှင်ကသူတို့အား ပြောပြတော်မူပါသည်။ ထိုမျှမက ကိုယ်တော်အနေဖြင့် ရှုတ်ချခြင်းနှင့် ပြင်းပြစွာဆင်းရဲဒုက္ခခံရပုံများကိုလည်း သူတို့ကိုယ်တိုင်တွေ့မြင်ရကြမည်ဖြစ်ကြောင်း၊ ထိုသို့ကိုယ်တော်ခံစားရသည့် ဒုက္ခဆင်းရဲခြင်းများနှင့် လူသားတို့က ကိုယ်တော်အားမည်မျှမုန်းတီးကြပုံများကိုလည်း သူတို့မျက်မြင်ကိုယ်တွေ့ဖြစ်ကြသောအခါ သူတို့သည်ပြင်းထန်စွာစိတ်လှုပ်ရှားကြလိမ့်မည်ဖြစ်ကြောင်း၊ ထိုအခါ ကိုယ်တော်အားချစ်မြတ်နိုးကြသည့်အတွက် လူသတ်သမားတို့လက်မှကယ်ယူလိုသောဆန္ဒပြင်းပြကြလိမ့်မည်ဖြစ်ကြောင်း၊ သို့သော် သူတို့တွေ့မြင်ရသမျှတွင် မည်သို့မျှ

ရောယှက်ပါဝင်ခြင်း၊ တားမြစ်ခြင်းမပြုရန်၊ သို့ရာတွင် ကိုယ်တော် ထမြောက်တော်မူရာ၌ သူတို့ပါဝင်ဆောင်ရွက်စရာအခန်းကဏ္ဍရှိမည်ဖြစ်ကြောင်း၊ ယင်းပုံစံအတိုင်းကယ်တင်ခြင်းစီမံကိန်းကြီးကိုရေးဆွဲတင်ပြခဲ့ရာ ခမည်းတော်ဘုရားက လက်ခံအတည်ပြုထားပြီးဖြစ်ကြောင်းများကို ကောင်းကင်တမန်များအား စေ့ငစုံလင်စွာမိန့်ကြားတော်မူ၏။

ယေရှုရှင်သည် သန့်ရှင်းသောဝမ်းနည်းခြင်းဖြင့် မိမိ၏ကောင်းကင်တမန်များအား နှစ်သိမ့်အားပေးတော်မူ၏။ ယင်းအမှုတော်ကိုဆောင်ရွက်ပြီးသောအခါ ကိုယ်တော်၏ရွေးနုတ်ကယ်တင်တော်မူသောသူများသည် ကိုယ်တော်နှင့်အတူပြန်လည်နေထိုင်ရကြမည်ဖြစ်ကြောင်း၊ ၎င်းအပြင် ကိုယ်တော်အသေခံတော်မူခြင်းဖြင့် သေမင်သည်လည်းအဆုံးသတ်သုတ်သင်ဖျက်ဆီးခြင်းခံရလိမ့်မည်ဖြစ်ကြောင်း၊ ထိုအခါ ခမည်းတော်သည် ကိုယ်တော်အား နိုင်ငံတော်ကိုပေးအပ်မည်ဖြစ်ကြောင်း၊ ကောင်းကင်တစ်ခွင်လုံးအောက်တွင် ကြီးမြတ်တော်မူသောနိုင်ငံတော်ကို ကမ္ဘာအဆက်ဆက် ပိုင်သအုပ်စိုးတော်မူရလိမ့်မည်ဖြစ်ကြောင်း မိန့်ကြားတော်မူ၏။ စာတန်နှင့်တကွ ဒုစရိုက်အပြစ်သားများသည်လည်း ကောင်းကင်နိုင်ငံတော်ကိုလည်းကောင်း၊ သန့်စင်စေပြီးသည့်ကမ္ဘာသစ်ကိုလည်းကောင်း မည်သည့်အခါတွင်မျှ နှောင့်ယှက်ခြင်းမပြုနိုင်အောင်ဖျက်ဆီးသုတ်သင်ခြင်းကိုခံရကြလိမ့်မည်ဖြစ်ကြောင်း၊ ထိုကြောင့် ခမည်းတော်ဘုရားအတည်ပြုလက်ခံပြီးသည့်ကယ်တင်ခြင်းစီမံကိန်းကြီးအတိုင်းကိုက်ညီဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိအသေခံတော်မူသည့်အတွက်ကျဆုံးပြီးသောလူသားသည် ဘုရားသခင်၏ကျေးဇူးမေတ္တာတော်နှင့် ကောင်းကင်နိုင်ငံတော်သို့ဝင်စားခွင့်ကိုလည်း ပြန်လည်ရရှိသည်တိုင်အောင် ချီးမြှောက်ခြင်းခံရကြလိမ့်မည်ဖြစ်ကြောင်း သို့ဖြစ်၍ ကောင်းကင်

ဗိုလ်ခြေအပေါင်း ဝမ်းမြောက်ဝမ်းသာကြရန် ယေရှုရှင်ခေါ်ဖိတ်တော်မူသည်။

ထိုအခါတွင် အမှန်တကယ်ဝမ်းမြောက်ခြင်း၊ လူတို့၏ဘာသာစကားဖြင့်မဖော်ပြနိုင်သည့်ဝမ်းမြောက်ခြင်းသည် ကောင်းကင်ဘဝင်ဝယ်လွှမ်းမိုးလေ၏။ ကောင်းကင်ဗိုလ်ခြေအပေါင်းသည်လည်း အရှိအသေအလေးအမြတ်ပြု၍ ချီးမွမ်း၊ သီဆို၊ ကျူးအေးကြလေ၏။ ဘုရားသခင်သည် မိမိချစ်မြတ်နိုးတော်မူသည့် တစ်ပါးတည်းသောသားတော်ကိုပုန်ကန်သူလူသားအတွက် အသေခံတော်မူရန်စေလွှတ်တော်မူသည်တိုင်အောင် ကရုဏာထားတော်မူသည့်အတွက် စောင်းတော်များကို ယခင်ကထက် အသံတစ်ဆင့်မြှင့်၍ ချီးမွမ်းသီဆိုကြပါသည်။ ယေရှုရှင်သည် မိမိအသက်တော်ကိုပေးလှူပူဇော်သည်တိုင်အောင် အနှစ်နာခံတော်မူသည့်အတွက်၊ ခမည်းတော်၏ရင်ခွင်တော်မှထွက်ခွာ၍ငြိုငြင်ခြင်း၊ ဆင်းရဲဒုက္ခအပြည့်အဝခံစားရသည့်ဘဝအသက်တာကို သဘောတူလက်ခံရွေးချယ်တော်မူသည့်အတွက်၊ လူသားအများအသက်ရှင်ကြစေရန် အသရေပျက်စွာဖြင့် ကွပ်မျက်ခြင်းခံရန် ရွေးချယ်တော်မူသည့်အတွက် အားတက်သရောချီးမွမ်းသီဆိုကြပါသည်၊ အရှိအသေအလေးအမြတ်ပြုကြပါသည်။

"ဘုရားသခင်သည် မိမိချစ်မြတ်နိုးတော်မူသည့်သားတော်ကိုစွန့်တော်မူရာတွင် ခံစားမှုမရှိဟုသင်ထင်ပါသလော၊ လုံးဝမဖြစ်နိုင်ပါ၊ လူသည်မိမိပြုသောအပြစ်အတွက် အသေခံစေမည်လော၊ သို့မဟုတ်သေခြင်းတရာမှလွတ်မြောက်စေရန် မိမိချစ်မြတ်နိုးတော်မူသည့် တစ်ပါးတည်းသောသားတော်အား လူသား၏ကိုယ်စား အသေခံတော်မူမည်လောဆိုသည်ကို ရွေးချယ်တော်မူရာ၌ ကောင်းကင်ဘုံရှင်ဘုရားသခင်

သည်ပင်လျှင် ပြင်းပြစွာခံစားတော်မူရ၏ ” ဟုကောင်းကင်တမန်က ပြောပါသည်။ လူသားကယ်တင်ခြင်းရရှိရေးအတွက် ကောင်းကင်တမန်များအထူးပင်စိတ်ဝင်စားကြသည်ဖြစ်ရာ ပျက်စီးဆုံးရှုံးနေသောလူသားအတွက် သူ၏ဘုန်းစည်းစိမ်နှင့်အသက်ကိုပေးစွန့်လိုသည့်ကောင်းကင်တမန်များကိုတွေ့ရပါသည်။ “သို့သော် မည်သို့မျှအကျိုးထူးလိမ့်မည်မဟုတ်၊ လူသား၏ပြစ်မှုကြီးမားလွန်သည်ဖြစ်၍ ကောင်းကင်တမန်တစ်ပါး၏အသက်ဖြင့် ယင်းအပြစ်ကြွေးကိုပေးဆပ်ရန်မလုံလောက်၊ မျှော်ကိုးရာမရှိ၊ ငြိုငြင်ဆင်းရဲလှသည့်ပျောက်ဆုံးနေသောလူသား၏အပြစ်ကြွေးကို ဘုရားသခင်သားတော်၏အသွေးတော်မှလွဲ၍ မည်သည့်အရာနှင့်မျှပေးဆပ်ခြင်း၊ ဖျန်ဖြေခြင်းပြုနိုင်လိမ့်မည်မဟုတ်” ဟု ကျွန်မ၏အဖေါ် ကောင်းကင်တမန်ကပြောပြပါသည်။

သို့သော် ဘုရားသခင်၏သားတော်ဒုက္ခဆင်းရဲခြင်းများစွာခံစားတော်မူရစဉ် ကိုယ်တော်အားလုပ်ကျွေးသမှုပြုရန်နှင့် သက်သာမှုရရှိစေရန်အတွက် ဘုန်းတော်ရှင်ထံမှလိမ်းဆေးတည်းဟူသော စွမ်းအားကိုဆင်းချီတက်ကာ ယူဆောင်ပေးရန်ကောင်းကင်တမန်များအား တာဝန်ပေးအပ်ထားတော်မူသည်။ သူတို့၏အခြားသောတာဝန်တစ်ရပ်မှာ ကျေးဇူးတော်၏လက်အောက်ခံလူသားတို့အား ဒုက္ခပေးနှောင့်ယှက်ရန် သူတို့၏ဝန်းကျင်တွင် စာတန်ကစေလွှတ်ထားသောအဓမ္မတမန်များနှင့်မှောင်မိုက်၏ဘေးအန္တရာယ်မှကာကါယ်စောင့်ကြပ်ပေးရန်ဖြစ်ပါသည်။ ပျက်စီးပျောက်ဆုံးနေသောလူသားအား ကယ်တင်ရန် ဘုရားသခင်သည် မိမိ၏ပညတ်တရားတော်ကိုမပြင်ဆင်မပြောင်းလွှဲနိုင်သောကြောင့် ချစ်မြတ်နိုးတော်မူသည့် တစ်ပါးတည်းသောသားတော်အား ဒုစရိုက်ပြုသောလူသား၏ကိုယ်စား ကွပ်မျက်ခြင်းခံစေရန် စေလွှတ်တော်မူကြောင်း ကျွန်မမြင်ရပါသည်။

လူသားကျဆုံးသည်ကိုအကြောင်းပြု၍ ဘုရားသခင်၏သားတော်အားချီးမြှောက်ခြင်းခံရသည့်အခြေအနေမှ အောက်ဆုံးသို့ရောက်အောင်ဆွဲချနိုင်သောကြောင့် စာတန်နှင့်သူ၏နောက်လိုက်တမန်များဝမ်းမြောက်ရွှင်မြူးကြလေ၏။ ယေရှုရှင်သည်ကျဆုံးပြီးသောလူသား၏ဇာတိကိုခံယူသောအခါ ကိုယ်တော်အားအနိုင်ယူ၍ ကယ်တင်ခြင်းစီမံကိန်းကြီးပြီးမြောက်အောင်မြင်ခြင်းမရှိစေရန် ဟန့်တားထားနိုင်လိမ့်မည်ဖြစ်ကြောင်း စာတန်က သူ၏တမန်များအား ပြောပြပါသည်။

စာတန်သည်တစ်ကြိမ်ကချီးမြှောက်ခြင်းခံရ၍ ပျော်ရွှင်မှုအပြည့်အဝရှိသော ကောင်းကင်တမန်တစ်ပါးဖြစ်သည်ကိုလည်းကောင်း၊ ထိုနောက် ယခုသူ၏လက်ရှိအခြေနေကိုလည်းကောင်း ကျွန်မအားဖေါ်ပြတော်မူ၏။ သူသည်ယခုတိုင်အောင် ရှင်ဘုရင်၏ပုံသဏ္ဌာန်ကိုပင်ဆောင်လျက်ရှိနေသေးပါ၏၊ သူသည်ကျဆုံးနေသည့် ကောင်းကင်တမန်တစ်ပါးဖြစ်သောကြောင့် သူ၏ပုံသဏ္ဌာန်မှာ ဂုဏ်အသရေရှိလှပါ၏၊ သို့သော်သူ၏မျက်နှာပေါ်တွင် စိုးရိမ်ကြောင့်ကြခြင်း၊ သောကဗျာပါရများပြားခြင်း၊ ပျော်ရွှင်မှုကင်းမဲ့ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ မာန်စောင်ခြင်း၊ သူတစ်ပါးအကျိုးကိုမလိုလားခြင်း၊ လိမ်လည်လှည့်ဖြားခြင်းနှင့်အခြားမကောင်းမှုမျိုးစုံပေးလွင်နေပါသည်။ တစ်ကြိမ်က သူ၏မျက်ခုံးကျက်သရေရှိပုံနှင့် နဖူးကျယ်ပုံကိုလည်း ကျွန်မထူးထူးခြားခြားသတိထားမိပါသည်။ သူသည်မကောင်းမှုဘက်သို့ ယိမ်းယိုင်မှုတာရှည်လွန်းသည့်အတွက် သူ၏ကောင်းမြတ်သောလက္ခဏာရှိသမျှသည် ယုတ်လျော့၍မကောင်းမှုလက္ခဏာမှန်သမျှတစ်စတစ်စ ရှင်သန်လာသည်ကိုလည်းမြင်ရပါသည်။ သူ၏မျက်လုံးအစုံမှာ လျှို့ဝှက်ပါးနပ်လှပါ၏။ သူ၏ကိုယ်ခန္ဓာပုံသဏ္ဌာန် [2]ာန်မှာ ထွားကြိုင်းသော်လည်း မျက်နှာနှင့်လက်မောင်း

သားများမှာတွဲလောင်းကျနေပါသည်။ လက်ဝဲလက်ပေါ်မေးတင်ထားပုံကို ကျွန်မမြင်ရသည်မှာ လေးလေးနက်နက် စဉ်းသားနေပုံရပါသည်။ သူ၏အပြုံးပုံသဏ္ဍာန်မှာစာတန်ပီသလွန်းသဖြင့် ကျွန်မတုန်လှုပ်ချောက်ချားသွားပါသည်။ သူ၏လှည့်ဖြားခြင်းကိုခံရသူသည် ကျော့ကွင်းတွင်းသို့မရောက်မီ ယင်းကဲ့သို့သောအပြုံးမျိုးဖြင့်သွေးဆောင်၍ တုပ်ပြီးနှောင်ပြီးဖြစ်သောအခါ ထိုပြုံးပုံမှာ ကြောက်မက်ဖွယ်ကောင်းလှပါသည်။

---ooo---

## ခရစ်တော်ပထမအကြိမ်ကြွလာတော်မူခြင်း

ယေရှုရှင်သည် လူသားဘဝနှင့်စာတန်၏စုံစမ်းနှောင့်ယှက်ခြင်းမျိုးစုံကိုရင်ဆိုင်ရန် ကိုယ်ကိုကိုယ်နှိမ့်ချလျက် လူသား၏ဇာတိအဖြစ်ကိုဆောင်ယူရမည့်အချိန်သို့ ကျွန်မအားခေါ်ဆောင်သွားပါသည်။

ကိုယ်တော်သည်လောကဆိုင်ရာ ကြီးကျယ်ခမ်းနားခြင်းများဖြင့်ဖွားမြင်လာတော်မူသည်မဟုတ်ပါ၊ နွားတင်ကုပ်အတွင်းဖွားမြင်တော်မူခြင်းကိုခံရ၍ နွားစာခွက်၌သိပ်ထားခြင်းကိုခံရတော်မူ၏။ သို့ပါလျက် ကိုယ်တော်မွေးဖွားတော်မူရာ၌ မည်သည့်လူသားမွေးဖွားခြင်းနှင့်မျှ မတူအောင် ဂုဏ်ပြုခြင်းကိုခံတော်မူရ၏။ ယေရှုရှင်ကြွလာတော်မူကြောင်းကို ကောင်းကင်ဘုံမှကောင်းကင်တမန်များက သိုးထိန်းများအားကြားပြောရာတွင် ဘုရားသခင်၏အထံတော်မှအလင်းတော်နှင့်ဘုန်းတော်သည်လည်း ကောင်းကင်တမန်တို့သက်သေခံရာတွင်ပါဝင်ခဲ့သည်။ ကောင်းကင်ဗိုလ်ခြေများသည်လည်း စောင်းတော်များကိုကိုင်လျက်

ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းကြ၏။ ရွေးနုတ်ခြင်းဆိုင်ရာအမှုတော်ကိုပြီးမြောက်အောင်မြင်သည့်တိုင်အောင် ဆောင်ရွက်ရန်အတွက်လည်းကောင်း၊ ကိုယ်တော်အသေခံတော်မူခြင်းအားဖြင့် ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းနှင့် လူသားအတွက် ထာဝရအသက်ရရှိစေခြင်းငှာလည်းကောင်း၊ ဘုရားသခင်၏သားတော်သည် ကျဆုံးပြီးသော ဤကမ္ဘာလောကကြီးသို့ဆင်းကြွတော်မူကြောင်း ကောင်းကင်ဗိုလ်ခြေအပေါင်းကအောင်မြင်စွာရှေ့မြေးကြွေးကြော်ကြသည်။ သားတော်ကြွလာတော်မူခြင်းကို ခမည်းတော်ဘုရားက ယင်းသို့ဂုဏ်ပြုတော်မူသည်။ ကောင်းကင်တမန်များက ကိုယ်တော်အားရိုသေစွာဝတ်ပြုကိုးကွယ်ကြပါသည်။

ကိုယ်တော်နှစ်ခြင်းခံတော်မူချိန်၌ ကောင်းကင်မှ ကောင်းကင်တမန်များပျံ့ဝဲ၍ သန့်ရှင်းသောဝိညာဉ်တော်သည် ကိုယ်တော်အပေါ်သို့ချိုးငှက်ပမာဆင်းသက်နားနေတော်မူခဲ့ရာ ရပ်နေသူလူအများတွေ့မြင်၍ အံ့ဩမိန်းမောလျက် ကိုယ်တော်အား မျက်ခြည်မပြတ်ရှုငေးနေကြစဉ် "ဤသူကား ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း" ဟု ခမည်းတော်ဘုရားကကောင်းကင်မှ မိန့်တော်မူသည့်အသံတော်ကိုကြားရကြပါသည်။

ယော်ဒန်မြစ်အတွင်း၌ နှစ်ခြင်းခံရန်ရောက်လာတော်မူသောသူသည်ကယ်တင်ရှင်ဟုတ်မဟုတ် ယောဟန်သံသယဖြစ်ခဲ့သည်။ သို့သော်ဘုရားသခင်၏သိုးသငယ်တော်မှန်မမှန်သိမြင်စေရန် နိမိတ်လက္ခဏာပြတော်မူမည်ဟု ယောဟန်အား ဘုရားသခင်ကတိထားတော်မူသည်။ ထိုနိမိတ်လက္ခဏာမှာ ယေရှုရှင်နှစ်ခြင်းခံတော်မူစဉ် ဘုရားသခင်၏ဘုန်းတော်ရောင်ခြည်သည် ကိုယ်တော်အားဝန်းရံလျက် ခေါင်းတော်ပေါ်သို့ကောင်းကင်မှချိုးငှက်ဆင်းသက်ခြင်းဖြစ်သည်။ ထိုအခါယောဟန်

သည် လက်ကိုဆန့်၍ ကိုယ်တော်အားညွှန်ပြလျက် "ဤလောက၏ အပြစ်ကိုဆောင်သွားသောဘုရားသခင်၏သိုးသငယ်ကိုကြည့်လော့" ဟု ကြွေးကြော်လေသည်။

ယေရှုသည် ကတိထားတော်မူသည့်အတိုင်း ကြွလာတော်မူသော ဤလောက၏ကယ်တင်ရှင်မေရှိယဖြစ်တော်မူကြောင်း ယောဟန်က မိမိ၏တပည့်များအားပြောပြပါသည်။ ယေရှုရှင်သည်မြတ်တော်မူသော သြဝါဒဆရာကြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ ကိုယ်တော်၏နောက်တော်သို့ လိုက်လျှောက်ကြရန်ဖြစ်ကြောင်း၊ ယောဟန်သည် မိမိလုပ်ငန်းပြီးဆုံး ချိန်နီးသောအခါ သူ၏တပည့်များအားသြဝါဒပေးခဲ့ပါသည်။ ယောဟန်၏အသက်တာသည် ဝမ်းနည်းဖွယ်ရာဖြစ်၍ ကိုယ်ကျိုးစွန့်ရသောအသက်တာဖြစ်သည်။ ခရစ်တော် ပထမအကြိမ်ကြွလာတော်မူမည့်အကြောင်း ကိုယောဟန်သံတော်ဆင့်ခဲ့ရသော်လည်း ကိုယ်တော်၏ကြီးမြတ်သော ဘုန်းတန်ခိုးကို ကိုယ်တိုင်တွေ့မြင်ခွင့်မရခဲ့ပါ။ ယေရှုရှင်သည် သြဝါဒဆရာအဖြစ်နှင့်ရပ်တည်သောအခါ သူကိုယ်တိုင်ကွပ်မျက်ခြင်းခံရမည် ဖြစ်ကြောင်း ယောဟန်သိထားနှင့်ပါသည်။ တောကြီးကန္တာရအတွင်းမှ အပ သူ၏အသံကိုကြားရခဲ့ပါသည်။ တစ်ကိုယ်တည်းဘဝအသက်တာ ၌အားငယ်စရာဖြစ်ခဲ့ပါသည်။ သူ့ဖခင်၏မိသားစုအသိုက်အဝန်းနှင့် စည်းစိမ်ဥစ္စာကိုသူမတွယ်တာမခိုလှုံဘဲ သူ့အားခန့်အပ်ထားသည့်တာဝန် ပြီးဆုံးရေးကိုသာ ဦးစားပေး၍ မိသားစုနှင့်ခွဲခွာခဲ့သည်။ လူစုလူဝေးကြီး များသည် မြို့ကြီးရွာကြီးများမှထွက်ခဲ့၍ တောကြီးကန္တာရအတွင်း၌ စုရုံးကြပြီးလျှင် အံ့သြဖွယ်သောပုရောဖက်တရားသံကို နာယူခဲ့ကြသည်။ ယောဟန်သည် သစ်ပင်အမြစ်နားတွင် ပုဆိန်ကိုထားခဲ့သည်။ ခဲရာ ခဲဆစ်လမ်းကိုယောဟန်စ၍ပြင်ဆင်ခဲ့ပါသည်။ ရင်ဆိုင်ရမည့်အန္တရာယ်

ကိုမတွေးဘဲအပြစ်ဒုစရိုက်ကိုဖေါ်ညွှန်းလျက် ရဲရဲဝံ့ဝံ့ဆုံးမသြဝါဒပေးခဲ့ခြင်းဖြင့် ဘုရားသခင်၏သိုးသငယ်တော်သွားရာလမ်းခရီးကိုပြင်ဆင်ခဲ့ပါသည်။

ယေဟာန်၏အစွန်းထက်ပြီး လေးနက်လှသောသက်သေခံချက်များကို ဟေရုဒါမင်းကြီးကြားရသောအခါ တိုက်ရိုက်ထိသွားပါသည်။ ထိုကြောင့် တပည့်ခံရန်မည်သို့ပြုရမည်နည်းဟု လေးလေးစားစားစုံစမ်းခဲ့ပါသည်။ ခယ်မ၏ခင်းပွန်းအသက်ရှင်နေပါလျက် ယင်းခယ်မနှင့်စုံဖက်တော့မည်ကို ယောဟန်အတပ်သိသဖြင့် ယင်းကိစ္စမှာ တရားတော်နှင့်မကိုက်ညီကြောင်း၊ တာဝန်သိသိ၊ အသိတရားရှိရှိနှင့်ဟေရုဒ်မင်းအားဖွင့်ဟခဲ့ပါသည်။ သို့သော် ဟေရုဒ်မင်းကြီးအနေဖြင့် အလျှော့မပေး၊ အရှုံးမခံလိုသောကြောင့် ခယ်မနှင့်ထိမ်းမြားလေတော့သည်။ ထိုနောက် ယင်းအမျိုးသမီး၏ဆွဲဆောင်မှုဖြင့် ယောဟန်ကိုဖမ်း၍ အကျဉ်းထောင်သို့ပို့ရသော်လည်း မကြာမီထောင်တွင်းမှလွှတ်မည်ဟုရည်ရွယ်ခဲ့ပါသည်။ အကျဉ်းခံနေရစဉ် ယေရှုရှင်၏တန်ခိုးကြီးသောဆောင်ရွက်မှုများအကြောင်းကို သူ၏တပည့်များမှတစ်ဆင့် ယောဟန်ကြားသိရသည်။ မင်္ဂလာရှိသောစကားတော်များကို သူကိုယ်တိုင်မကြားမနာရသော်လည်း သူ၏တပည့်များက သူတို့နာကြားရသည့်အတိုင်း သူ့အားပြန်၍ပြောပြနှစ်သိမ့်ကြပါသည်။ မကြာမီ ဟေရုဒ်မင်း၏မိဖုရားလက်ချက်ဖြင့် ယောဟန်၏ခေါင်းအဖြတ်ခံရပါတော့သည်။ ကိုယ်တော်၏နောက်တော်သို့လိုက်လျှောက်သဖြင့် ယေရှုရှင်၏အံ့ဖွယ်သောနိမိတ်လက္ခဏာများ၊ ရင်အေးစေသောဆုံးမသြဝါဒစကားများကိုတွေ့ရ၊ မြင်ရ၊ ကြားရ၊ နာရသည့်တပည့်တော်များတွင် အနိမ့်ကျဆုံးသောတပည့်တော်သည် နှစ်ခြင်းဆရာယောဟန်ထက်ကြီးမြတ်သည်ဟု ကျွန်မရှုမြင်ရပါသည်။ ဆိုလိုသည်မှာ သူတို့၏အသက်တာတွင် သူတို့သည်ပို၍ချီးမြှောက်ခြင်း

ကိုခံရကြပါသည်၊ ပို၍ဂုဏ်ပြုခြင်းကိုခံရကြပါသည်၊ ပို၍သာယာမှု ရှိပါသည်။

ယောဟန်သည် ဧလိယကဲ့သို့သောစိတ်သဘောနှင့် တန်ခိုးစွမ်း အားကိုဆောင်လျက် ပထမအကြိမ် ယေရှုရှင်ကြွလာတော်မူမည့် အကြောင်းကို ကြွေးကြော်ရန်ပေါ်ထွန်းလာခဲ့ပါသည်။ ထိုနည်းတူ ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မူမည့်အကြောင်းနှင့် နောက်ဆုံး သောကာလတွင် ဆိုက်ရောက်မည့်အမျက်တော်နေ့ကြီးအကြောင်းကို သံတော်ဆင့်ရန်အတွက် ဧလိလကဲ့သို့သောစိတ်သဘောနှင့်တန်ခိုးစွမ်း အားကိုဆောင်လျက် ထွက်ပေါ်လာကြမည့်သူများကို နှစ်ခြင်းဆရာ ယောဟန်ကပုံဆောင်ထားကြောင်း ကျွန်မအားညွှန်ပြပါသည်။

ယော်ဒန်မြစ်အတွင်း၌နှစ်ခြင်းခံယူပြီးသောအခါ မာရ်နတ်၏စုံ စမ်းနှောင့်ယှက်ခြင်းကိုခံယူရန် ဝိညာဉ်တော်သည် ယေရှုရှင်အား တောကြီးကန္တာရအတွင်းသို့ပို့ဆောင်လေ၏။ ယင်းပြင်းထန်သောစုံစမ်း နှောင့်ယှက်ခြင်းများအတွက် အထူးတလည်ခံနိုင်ရည်ရှိရန် သန့်ရှင်းသော ဝိညာဉ်တော်သည် ကိုယ်တော်အားပြင်ဆင်ပေးတော်မူ၏။ ကိုယ်တော် သည်အရက်လေးဆယ်ပတ်လုံးအစာအာဟာရမမှီဝဲရဘဲ စာတန်၏စုံစမ်း နှောင့်ယှက်ခြင်းကိုခံရလေ၏။ ကိုယ်တော်၏ပတ်ဝန်းကျင်တွင်ရှိသမျှ တို့သည် လူ၏ဇာတိပကတိသဘောအရ လုံးဝနှင့်မြို့ဖွယ်ရာမရှိပါ။ ကိုယ်တော်သည် လူသူလေးပါးကင်းဝေးသည့် တောကြီးကန္တာရအတွင်း ၌သားရဲတိရစ္ဆာန်များနှင့်မာရ်နတ်ကိုသာ နေ့စဉ်ရင်ဆိုင်နေရပါသည်။ ဒုက္ခဆင်းရဲခြင်းများနှင့်အစာငတ်ခံထားရသောကြောင့် ဘုရားသခင် ၏သားတော်သည် အသားအရေလျော့၍ ဖျော့တော့နေပါတော့သည်။ ကိုယ်တော်ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်မှာ သတ်မှတ်ထားပြီးဖြစ် သောကြောင့် ဆုံးခန်းတိုင်အောင်ဆောင်ရွက်ရပါမည်။

ဘုရားသခင်၏သားတော်သည် ကိုယ်ကိုကိုယ်နှိမ့်ချ၍ လူသား၏ ဇာတိကိုခံယူပြီးဖြစ်ရာ သူခံစားနေရသောဆင်းရဲဒုက္ခများကို အခွင့်အရေးယူလျက် သူ့ကိုအောင်နိုင်ရန်စာတန်သည် မြောက်မြားစွာသော စုံစမ်းနှောင့်ယှက်ခြင်းများနှင့်ကျော့ဖမ်းရန် စီစဉ်နေပါသည်။ ထိုကြောင့် စာတန်က "ကိုယ်တော်သည် ဘုရားသခင်၏သားတော်မှန်လျှင် ဤကျောက်ခဲကိုမုန့်ဖြစ်စေခြင်းငှာအမိန့်ရှိတော်မူပါ" ဟု ဆိုလာ၏။ ယင်းသို့ယေရှုရှင်ကိုစုံစမ်းခြင်းမှာ ကိုယ်တော်သည် မိမိပိုင်ဘုန်းတန်ခိုးကို အသုံးပြုလျက် မိမိသည်မေရှိယအရှင်ဖြစ်ကြောင်း ဖက်ပြိုင်၍သက်သေပြရန် သွေးဆောင်ခြင်းဖြစ်သည်။ ထိုအခါယေရှုက "လူသည်မုန့်အားဖြင့်အသက်ကိုမွေးရမည်မဟုတ်၊ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့်အသက်ကိုမွေးရမည်ကျမ်းစာလာသည်" ဟု အေးအေးဆေးဆေးပြန်၍ မိန့်တော်မူ၏။

ကိုယ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း အငြင်းပွားရန် စာတန်လမ်းစရှာနေခြင်းဖြစ်သည်။ ယေရှုရှင်သည်ဆာလောင်မွတ်သိပ်၍ အားနည်းလျက်ရှိချိန်တွင် မိမိသည်ကိုယ်တော်ထက် စွမ်းအားကြီးကြောင်း ဝင့်ကြွားလိုက်ခြင်းဖြစ်ပါသည်။ သို့သော် "ဤသူကား ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း" ဟု ကောင်းကင်မှပေါ်ထွက်လာသည့်အသံတော်က ယေရှုရှင်ခံစားနေရသောဆင်းရဲဒုက္ခများအတွက် အားပေးသောစကားများဖြစ်နေပါသည်။ ကိုယ်တော်သည် ဤလောက၏ကယ်တင်ရှင်ဖြစ်ကြောင်းကိုလည်းကောင်း၊ ကိုယ်တော်၏ဘုန်းတန်ခိုးတော်အကြောင်းကိုလည်းကောင်း ခရစ်တော်သည် စာတန်ကျေနပ်မှုရလောက်အောင် သက်သေပြရန် အကြောင်းတစ်စုံတစ်ရာမရှိဟု ကျွန်ုပ်မြင်ရပါသည်။ ဘုရားသခင်၏သားတော်

ချီးမြှင့်ခြင်းခံရပုံနှင့်အခွင့်အာဏာရရှိထားပုံကို စာတန်အတပ်သိ၏။ သို့သော်ခရစ်တော်၏ဩဇာအာဏာလက်အောက်ခံမဖြစ်လိုသောကြောင့် ကောင်းကင်မှနှင်ထုတ်ခြင်းကိုခံခဲ့ရသည်။

စာတန်သည် မိမိ၏တန်ခိုးစွမ်းအားကိုပြစားလိုသောကြောင့် ယေရှုရှင်အား ယေရုရှလင်မြို့တော်သို့ချီဆောင်လျက် ဗိမာန်တော်၏ အထွတ်၌တင်ထားပြီးလျှင် ကိုယ်တော်သည် ဘုရားသခင်၏သားတော် စစ်မှန်ကြောင်း သာဓကပြရန် ဤမြင့်လှစွာသောဗိမာန်တော်၏ထိပ်မှ အောက်သို့ခုန်ချလိုက်တော်မူပါဟု လျှောက်လေ၏။ တစ်ကြိမ်တည်း မှာပင် “ ကျမ်းစာလာသည်ကား ကောင်းကင်တမန်တို့အား သင့်အဖို့ မှာထားတော်မူသည်ဖြစ်၍ သင်၏ခြေကိုကျောက်နှင့်မထိမခိုက်စေခြင်းငှာ သူတို့သည် သင့်ကိုမစချီပင့်ကြလိမ့်မည်” ဟုကျမ်းစာလာသည့်အတိုင်း ထောက်ပြလေ၏။ ထိုအခါယေရှုရှင်က “သင်၏ဘုရားသခင်ထာဝရ ဘုရားကို သင်သည်အစုံအစမ်းမပြုရဟု ကျမ်းစာလာပြန်သည်” ဟု ပြန်၍မိန့်တော်မူ၏။ ကိုယ်တော်သည် မိမိ၏အမှုတော်မပြီးမဆုံးမိ ခမည်းတော်၏ကရုဏာတော်ကို အားကိုးအားထားပြုလျက် မိမိအသက်ကို စွန့်စားရန် စာတန်လိုလားသောကြောင့် ယင်းသို့သွေးဆောင်ခြင်းဖြစ် ၏။ ကယ်တင်ခြင်းစီမံကိန်းကြီး ထမြောက်အောင်မြင်ခြင်းမရှိစေရန် သူမျှော်မှန်းခဲ့သော်လည်း ထိုစီမံကိန်းကြီးမှာ ခိုင်မြဲစွာအခြေချထားပြီး ဖြစ်သောကြောင့် စာတန်ချေမှုန်း၍မရနိုင်။

ခရစ်တော်သည် ခရစ်ယာန်ထုတစ်ရပ်လုံးအတွက် စံနမူနာဖြစ် တော်မူ၏။ သူတို့သည် ဖြားယောင်းသွေးဆောင်ခြင်းကိုခံရကြသော အခါ၊ သို့မဟုတ် သူတို့၏အခွင့်အရေးများနှင့်ပတ်သက်၍ အငြင်းပွား ကြသောအခါ သည်းခံနိုင်ရမည်။ ဘုရားသခင်၏ဘုန်းတော်ကိုတိုက်

ရိုက်ထင်ရှားစေမည့်သာဓကမှအပ သူတို့၏ရန်သူကိုအောင်နိုင်ရန်အတွက် ဘုရားသခင်၏ဘုန်းတန်ခိုးတော်ကိုပြရန် တောင်းဆိုပိုင်ခွင့်ရှိသည်ဟုမထင်မှတ်သင့်ပါ။ ဗိမာန်တော်အထွက်မှအောက်သို့ခုန်ချလိုက်မည်ဆိုပါက ခမည်းတော်၏ဘုန်းတော်ကိုထင်ရှားစေမည့်သာဓကမဟုတ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် စာတန်နှင့်ဘုရားသခင်၏ကောင်းကင်တမန်များမှအပ အခြားမည်သူတစ်ဦးတစ်ယောက်မျှတွေ့မြင်ရကြမည်မဟုတ်ပါ။ ထို့မျှမက ဘုရားသခင်အနေဖြင့် မိမိ၏အဆိုးဆုံးရန်သူအားတန်ခိုးကိုပြရန် သွေးဆောင်ရာရောက်ပေလိမ့်မည်။ ထို့ပြင်စာတန်ကိုအောင်နိုင်ရန် ခရစ်တော်ကြွလာတော်မူသည့်နေရာတွင် ဘုရားသခင်ကိုယ်တိုင်ဝင်ရောက်ကူညီရသကဲ့သို့ဖြစ်နေပေလိမ့်မည်။

"တစ်ဖန် မာရ်နတ်သသည် ယေရှုကိုမြင့်လှသောတောင်ပေါ်သို့ဆောင်သွားပြီး၊ ဤလောက၌ရှိသမျှသောတိုင်းနိုင်ငံတို့ကို တစ်ခဏချင်းတွင်ပြည့်သွန်း၍ ဤဘုန်းတန်ခိုးအာနုဘော်ရှိသမျှကို ငါ၌အပ်ခဲ့ပြီ၊ ငါသည်ပေးလိုသောသူအား ပေးရသည်ဖြစ်၍ ကိုယ်တော်အားပေးပါမည်၊ ငါ့ကိုကိုးကွယ်လျှင် ဤအလုံးစုံတို့ကို ကိုယ်တော်၏ဥစ္စာဖြစ်လိမ့်မည်ဟုလျှောက်လေသည်။ ယေရှုကလည်း၊ အချင်းစာတန်၊ ငါ့နောက်သို့ဆုတ်လော့၊ သင်၏ဘုရားသခင်ထာဝရဘုရားကို ကိုးကွယ်ရမည်၊ ထိုဘုရားသခင်ကိုသာဝတ်ပြုရမည် ကျမ်းစာလာသည်ဟု ပြန်ပြောတော်မူ၏။"

ဤလောက၌ရှိသမျှသောတိုင်းနိုင်ငံများကို ယေရှုရှင်အား စာတန်က တစ်ခဏချင်းတွင် မက်လုံးရှိလောက်အောင်ပြလိုက်ပါသည်။ အကယ်၍ ထိုနေရာတွင် ယေရှုရှင်က သူ့အားပျပ်ဝပ်ကိုးကွယ်မည်ဆိုပါက သူစိုးမိုးသောဤကမ္ဘာမြေကြီးကိုစွန့်လွှတ်မည်ဖြစ်ကြောင်း ကမ်း

လှမ်းခြင်းဖြစ်ပါသည်။ အကယ်၍ကယ်တင်ခြင်းစီမံကိန်းကြီးကို ပြီးမြောက်အောင်ဆောင်ရွက်မည်ဆိုပါကလည်းကောင်း၊ ယေရှုရှင်သည် လူသားအား ရွေးနုတ်ရန်အသေသတ်ခြင်းကိုခံယူရမည်ဆိုပါကလည်း ကောင်း သူ၏တန်ခိုးအာဏာသည် အကန့်အသတ်ရှိနေပေလိမ့်မည် ဖြစ်ကြောင်း၊ ယင်းအာဏာကိုလည်း နောက်ဆုံးတွင်လုံးဝလက်လွှတ် ရလိမ့်မည်ဖြစ်ကြောင်း၊ သူကိုယ်တိုင်မှာလည်း လုံးဝဖျက်ဆီးခြင်းခံရ လိမ့်မည်ဖြစ်ကြောင်း စာတန်တပ်အပ်သေချာစွာသိထားနှင့်ပါသည်။ ထိုကြောင့် ဖြစ်နိုင်ပါက ဘုရားသခင်၏သားတော်စတင်ဆောင်ရွက် တော်မူခဲ့သည့် မဟာအမှုတော်ကြီးပြီးမြောက်အောင်မြင်ခြင်းကိုပိတ် ပင်တားဆီးရန်မှာ သူကိုယ်တိုင်လေ့ကျင့်ပျိုးထောင်ထားသော စီမံကိန်း ဖြစ်ပါသည်။ အကယ်၍လူသားအား ရွေးနုတ်ကယ်တင်မည့်စီမံကိန်း ကြီးပျက်စီးသွားမည်ဆိုပါက ထိုစဉ်တွင် သူစိုးမိုးခဲ့သည့်တိုင်းနိုင်ငံများကို စာတန်သည်ဆက်၍စိုးမိုးနိုင်လိမ့်မည်။ အကယ်၍ သူ့အကြံအောင်မြင် မည်ဆိုပါက ကောင်းကင်ဘုံရှင်ဘုရားသခင်နှင့်အတိုက်အခံပြု၍ အုပ်ချုပ် စိုးမိုးနိုင်မည်ဟု ကိုယ်ကိုကိုယ်အထင်ကြီးနေခြင်းဖြစ်ပါသည်။

ယေရှုရှင်သည် မိမိ၏ဘုန်းတန်ခိုးအာနုဘော်ကိုစွန့်လွှတ်၍ ခမည်းတော်ထံမှထွက်ခွာခဲ့ချိန်က စာတန်အထူးပင်ပီတိဖြစ်ခဲ့၏။ ဘုရား သခင်၏သားတော်သည် မိမိ၏တန်ခိုးအာဏာလက်အောက်သို့ရောက် ပြီဟု သူထင်မှတ်ခဲ့၏။ ဥယျာဉ်တော်အတွင်း၌ သန့်ရှင်းသောဇနီးမောင်နှံ ကိုလွယ်လင့်တကူသွေးဆောင်အောင်မြင်ခဲ့သည့်အတွက် ဘုရားသခင်၏ သားတော်ကိုလည်း စာတန်၏ပီသသော လိမ္မာပါးနပ်ပုံနှင့်တန်ခိုးအာဏာ ကိုအသုံးပြု၍ အောင်မြင်လိမ့်မည်၊ သို့ဖြစ်၍ သူ့အသက်နှင့်သူ၏ တိုင်းနိုင်ငံကိုပါ ကယ်တင်နိုင်မည်ဟုသူမျှော်မှန်းခဲ့သည်။ အကယ်၍

ယေရှုရှင်သည် ခမည်းတော်၏အလိုတော်ကိုလွှဲရှောင်ရန် သူသွေးဆောင်နိုင်မည်ဆိုပါက သူ၏အကြံအောင်လေပြီ။ သို့သော်ယေရှုရှင်က "အချင်းစာတန် ငါ့နောက်သို့ဆုတ်လော့" ဟု ရန်သူအားရင်ဆိုင်၍ ဆုံးမတော်မူ၏။ ကိုယ်တော်သည်ခမည်းတော်ကိုသာဦးချဝတ်ပြုရမည်။ သို့သော်စာတန်က လောကီနိုင်ငံကိုသူပိုင်ဆိုင်သည်ဖြစ်၍ ကိုယ်တော်သည်ဆင်းရဲဒုက္ခမျိုးစုံကိုခံစားရန်မလိုကြောင်း၊ ဤလောက၌ရှိသောတိုင်းနိုင်ငံများကိုပိုင်ဆိုင်ရန်ကိုယ်တော်အနေဖြင့် အသေခံရန်မလိုကြောင်း၊ အကယ်၍သူ့အားပျပ်ဝပ်ကိုးကွယ်လျှင် ဤကမ္ဘာမြေကြီးတစ်ခုလုံးကိုပိုင်စိုးရသည့်ဘုန်းတန်ခိုးရှိလိမ့်မည်ဖြစ်ကြောင်း ပရိယာယ်ဆင်၍ယေရှုရှင်ကိုတဖြည်းဖြည်းသွေးဆောင်နေပါသည်။ သို့သော်ယေရှုသည်ကြံ့ခိုင်လှပါသည်။ အချိန်တန်သောအခါ မိမိအသက်ကိုပေးလှူပူဇော်ခြင်းဖြင့် ယင်းတိုင်းနိုင်ငံရှိသမျှကို စာတန်ထံပြန်၍ရွေးယူနိုင်မည်ဖြစ်ကြောင်း၊ ထိုနောက်ကာလအတန်ကြာသောအခါ ကောင်းကင်နှင့်မြေကြီးသားအားလုံးတို့သည် ကိုယ်တော်၏လက်အောက်သို့ရောက်လာကြလိမ့်မည်ဖြစ်ကြောင်း ယေရှုရှင်သိထားနှင့်တော်မူ၏။ ကိုယ်တော်သည် လောကီတိုင်းနိုင်ငံအားလုံးအတွက် တရားတော်နှင့်ညီသောအမွေခံဖြစ်ပြီးလျှင် ထာဝရကာလပတ်လုံးစိုးပိုင်ခွင့်အတွက် သူ၏လက်ဝယ်သို့ပေးအပ်ရန် ခမည်းတော်သတ်မှတ်ထားပြီးသည့် လမ်းစဉ်အတိုင်းဒုက္ခဆင်းရဲခံရမည့်ဘဝအသက်တာနှင့် လွန်စွာကြောက်မက်ဖွယ်ကောင်းသည့် အစီအစဉ်ကိုရွေးချယ်တော်မူ၏။ စာတန်သည်လည်းကိုယ်တော်ကိုလည်းကောင်း၊ ဘုန်းစည်စိမ်တွင် ဝင်စားပြီးသောသန့်ရှင်းသူများကိုလည်းကောင်း နောက်တစ်ဖန်ထပ်မံ၍ အနှောင့်အယှက်မပေးနိုင်ရန်အဆုံးစီရင်ဖို့ ကိုယ်တော်၏လက်ဝယ်သို့အပ်နှင့်ခံရလိမ့်မည်။

---ooo---

## ခရစ်တော်၏အမှုတော်

စာတန်သည် ယေရှုရှင်အားစုံစမ်းနှောင့်ယှက်၍ပြီးဆုံးသောအခါ အခိုက်အတန့်အားဖြင့် ရှောင်ဖယ်၍နေခဲ့ပါသည်။ ယင်းအချိန်တွင် ကောင်းကင်တမန်များက ကိုယ်တော်အတွက် စားသောက်ဖွယ်ရာများကိုတောတွင်းမှာပင် ပြင်ဆင်ပေးကြပါသည်၊ အားပေးကြပါသည်။ ခမည်းတော်ဘုရားထံမှလည်း ကောင်းချီးမင်္ဂလာအပေါင်းသက်ရောက်လာပါသည်။ ပြင်းထန်လှစွာသောစုံစမ်းနှောင့်ယှက်ခြင်းများဖြင့်ပင် မအောင်မြင်သေးသော်လည်း စာတန်အလျှော့မပေးသေးပါ။ ကိုယ်တော်အမှုတော်ဆောင်ရွက်မည့်အချိန်ကို မျှော်မှန်းထားဆဲဖြစ်ပါသည်။ ထိုအချိန်ရောက်လာသောအခါ လိမ္မာပါးနပ်စွာဖြင့် အလျဉ်းသင့်သလို နှောင့်ယှက်ပေလိမ့်ဦးမည်။ ယေရှုရှင်ကိုလက်မခံသည့်သူများက ကိုယ်တော်ကိုမုန်း၍ အဆုံးစီရင်ကြသည်တိုင်အောင် လှုံ့ဆော်ပေးခြင်းဖြင့် ကိုယ်တော်အား အနိုင်ရလိမ့်ဦးမည်ဟူ၍ သူမျှော်မှန်းထားပါသည်။ ထို့ကြောင့် စာတန်သည် သူ၏တမန်များနှင့် အထူးစည်းဝေးတိုင်ပင်ပါသည်။ ဘုရားသခင်၏သားတော်ကိုမည်သည့်တိုက်ပွဲတွင်မျှ မအောင်မြင်ခဲ့ကြည့်အတွက် သူတို့စိတ်ပျက်ကြ၏၊ ဒေါသထွက်ကြ၏။ သို့ဖြစ်ရာ သူတို့အနေဖြင့် များစွာပို၍ အလိမ္မာသုံးရမည်။ ကိုယ်တော်သည် ဤလောက၏ကယ်တင်ရှင်ဖြစ်ကြောင်း ကိုယ်တော်၏အမျိုးသားချင်းများက မယုံကြည်အောင် အစွမ်းကုန်ကြိုးစား၍ လှုံ့ဆော်ပေးရမည်၊ သို့မသာလျှင် ယေရှုရှင်သည် သူ၏အမှုတော်တွင် စိတ်ပျက်လိမ့်မည် စသည်ဖြင့် သူတို့တိုင်ပင်ဆုံးဖြတ်လိုက်ကြပါသည်။ ယုဒလူမျိုးတို့အနေဖြင့် သူတို့၏ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာအခမ်းအနားများနှင့် ပူဇော်သကာဆက်ကပ်ခြင်းများတွင် မည်မျှပင်တိတိကျကျဆောင်ရွက်

တတ်ကြစေကာမူ ပုရောဖက်အနာဂတ်စကားများနှင့်စပ်လျဉ်း၍ သူတို့
အာ မျက်စိလည်လမ်းမှားနေအောင် လှည့်ဖြားထားနိုင်မည်ဆိုပါက
လည်းကောင်း၊ မေရှိယအရှင်သည် လောကီဘုရင်ကြီးသဖွယ်ဘုန်းတန်
ခိုးကြီးစွာဖြင့် ပေါ်ထွန်းလာလိမ့်မည်ဟုမျှော်မှန်းနေကြပါကလည်း
ကောင်း သူတို့သည်ယေရှုရှင်အား မထီမဲ့မြင်ပြု၍ငြင်းပယ်ကြလိမ့်မည်။

ခရစ်တော်အမှုတော်ဆောင်ရွက်နေသည့်အချိန်ကာလတွင် လူတို့
အနေဖြင့် ကိုယ်တော်အားမယုံကြည်ရန်၊ မုန်းတီးရန်၊ မလေးမခန့်ပြုရန်
လှုံ့ဆော်ပေးရသည့်အတွက် စာတန်နှင့်သူ၏တမန်များ အထူးတလည်
အလုပ်ရှုပ်နေကြပုံကို ကျွန်မအားပြတော်မူပါသည်။ မကြာခဏပင်
ယေရှုရှင်ကအမှန်တရားတစ်ရပ်ကိုပြတ်ပြတ်သားသားမိန့်ကြားလိုက်ပြီ
ဆိုပါကလည်းကောင်း၊ သူတို့၏အပြစ်များကိုဖော်ပြ၍ သြဝါဒပေးလိုက်
ပြီဆိုပါကလည်းကောင်း လူတို့အမျက်ထွက်ကြ၏၊ ထိုအခါမျိုးတွင်
ဘုရားသခင့်သားတော်၏အသက်ကိုအန္တရာယ်ပေးရန် စာတန်နှင့်သူ၏
တမန်များက လူထုအုံကြွလာအောင် လှုံ့ဆော်ပေးကြသည်။ တစ်ကြိမ်
မက ကိုယ်တော်အားခဲနှင့်ပေါက်သတ်ရန် ကြံစည်ကြသော်လည်း
ကောင်းကင်တမန်များသည် ကိုယ်တော်အား အကာအကွယ်ပေး၍
အမျက်ဒေါသထွက်နေသည့် လူထုနှင့်လွတ်ကင်းရာ လုံခြုံသည့်ဒေသသို့
ခေါ်ဆောင်သွားကြပါသည်။ နောက်တစ်ဖန်ကိုယ်တော်က အမှန်တရား
ကိုအတည့်အလင်းဖော်ထုတ်လိုက်ပြန်သောအခါ လူထုပရိသတ်ကြီးက
ကိုယ်တော်ကိုဖမ်းကိုင်၍ တောင်ထိပ်စွန်းသို့ခေါ်ဆောင်သွားပြီးလျှင်
တွန်းချရန်ကြံစည်ကြပြန်၏။ ထိုအခါ ကိုယ်တော်အား မည်သို့မည်ပုံ
စီရင်ကြမည်ကို သူတို့အချင်းချင်းအငြင်းပွားနေကြစဉ် ကောင်းကင်တမန်
တို့က ကိုယ်တော်အားလူထုပရိသတ်ကြီးအနေဖြင့်မတွေ့မမြင်နိုင်အောင်

ကွယ်ဝှက်ထားချိန်တွင် ကိုယ်တော်သည် သူတို့အလယ်မှလျှောက်၍ ကြွသွားတော်မူ၏။

ကယ်တင်ခြင်းစီမံကိန်းကြီးမအောင်မြင်ဖို့စာတန်မျှော်လင့်ဆဲပင်။ လူအပေါင်းတို့သည် စိတ်နှလုံးခိုင်မာ၍ ယေရှုကိုစိတ်နာကြစေရန် သူ၏တန်ခိုးစွမ်းအားရှိသမျှနှင့် ကြိုးစားအားထုတ်ဆဲပင်။ ကိုယ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ယုံကြည်သူနည်းလွန်းပါက မိမိခံစားရသည့် ဒုက္ခဆင်းရဲခြင်းနှင့် အသက်ပူဇော်ရခြင်းကိုပြန်လည်ချင့်ချိန်လိမ့်မည်ဟု စာတန်ယူဆသဖြင့် ကိုယ်တော်အားယုံကြည်သူလုစုကလေးကိုငယ်နိုင်အောင် စာတန်ကြိုးစားဆဲပင်။ သို့သော် ကိုယ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း၊ သူတို့၏အသက်ဝိညာဉ်ကိုကယ်တော်မူမည့် ကယ်တင်ရှင်ဖြစ်ကြောင်း ယုံကြည်လက်ခံသူနှစ်ယောက်တည်းပင်ရှိစေကာမူ ကိုယ်တော်သည် ယင်းကယ်တင်ခြင်းစီမံကိန်းကြီးကို ပြီးဆုံးအောင်မြင်သည်တိုင်အောင် ဆောင်ရွက်တော်မူလိမ့်မည်ဖြစ်ကြောင်း ကျွန်ုပ်မြင်ရပါသည်။

လူတို့အား ဆင်းရဲဒုက္ခပေးနေသည့်စာတန်၏တန်ခိုးအားဏာကို ချိုးနှိမ်ခြင်းမှအစပြု၍ ယေရှုရှင်သည် မိမိ၏အမှုတော်ကိုအစပြုဆောင်ရွက်တော်မူခဲ့သည်။ ကိုယ်တော်သည် မကျန်းမမာဖျားနာသူတို့အားကျန်းမာစေတော်မူ၏၊ မျက်စိမမြင်သောသူတို့အား စက္ခုအလင်းကိုပေးတော်မူ၏၊ ခြေဆွံ့သောသူတို့အား ပြန်လည်သန်စွမ်းစေတော်မူသောကြောင့် သူတို့ဝမ်းမြောက်ဝမ်းသာစွာဖြင့် ထခုန်ကြပြီးလျှင် ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းကြလေ၏။ စာတန်၏ကြမ်းကြုတ်ရက်စက်သော တန်ခိုးဖြင့် နှစ်ပေါင်းများစွာခံစားနေရသည့်ချည့်နဲ့သူများ၊ မစွမ်းမသန်သူများအား ပြန်လည်ကျန်းမာစေတော်မူ၏။ ကရုဏာသက်ဝင်သောစကား

တော်များဖြင့် ကိုယ်တော်သည် အားနည်းသောသူ၊ တုန်ချည့်သောသူ၊ စိတ်အားငယ်သောလူတို့အား နှစ်သိမ့်စေတော်မူ၏။ စာတန်၏လက်တွင်း၌ ဒုက္ခဆင်းရဲခြင်းအမျိုးမျိုးကို အလူးအလဲခံနေရသောသူများအား ယေရှုရှင်က စာတန်၏လက်မှဆွဲယူ၍ ကယ်တင်တော်မူသဖြင့် သူတို့သည် ပကတိကျန်းမာ၍ အထူးပင်ဝမ်းမြောက်ရွှင်လန်းကြလေ၏။ ကိုယ်တော်သည် သေသောသူတို့အား ထမြောက်စေသဖြင့် ကြီးမြတ်တော်မူသောတန်ခိုးတော်အတွက် ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းကြ၏။ ကိုယ်တော်ကိုယုံကြည်သောသူအပေါင်းတို့အဖို့ ထူးကဲစွာအကျိုးပြုတော်မူ၏။

ခရစ်တော်သည် မိမိအသက်တာတစ်လျှောက်လုံးတွင် ကျေးဇူးပြုတော်မူလျက်၊ ကရုဏာမေတ္တာတော်ထားလျက် ဟောပြောဆောင်ရွက်တော်မူ၏။ ပူပန်သောကရောက်သဖြင့် ကိုယ်တော်ထံသို့ရောက်လာသောသူများအား စိတ်ရှည်စွာဖြင့်အမြဲတစေနားထောင်လျက် သက်သာခြင်းကိုပေးတော်မူ၏။ လူထုပရိသတ်ကြီးမှ လူအသီးအသီးတို့သည် ကိုယ်တော်၏တန်ခိုးတော်ကို ကိုယ်တိုင်တွေ့သိခံစားသွားကြသည်မှာ သာဓကထင်ရှားလှပါသည်။ သို့ပါလှက် အမှုကိစ္စအောင်ပြင်စွာပြီးစီးသောအခါ တန်ခိုးကြီးမြတ်တော်မူပါလျက် နှိမ့်ချတော်မူသောဩဝါဒဆရာအတွက် လူအများစုကရှက်ကြ။ အုပ်ချုပ်သော မင်းအရာရှိများက ကိုယ်တော်ကိုမယုံကြည်ကြသဖြင့် လူထုကလည်း ယေရှုကိုလက်မခံလိုကြပါ။ ကိုယ်တော်သည်ငြိုငြင်သောသူ၊ နာကြည်းခြင်းဝေဒနာနှင့်ကျွမ်းဝင်သောသူဖြစ်တော်မူ၏။ ကိုယ်တော်၏ကိုယ်ကျိုးစွန့်တော်မူသောအသက်တာ၊ တည်ငြိမ်တော်မူသောအသက်တာမျိုးဖြင့် သူတို့ကိုစိုးမိုးထားရန် သူတို့လက်မခံနိုင်ကြ။ ဤလောကမှရရှိနိုင်သောဂုဏ်အသရေ

မျိုးကိုသာ သူတို့လိုလားကြ၏။ သို့ပါလျက် ဘုရားသခင်၏သားတော် နောက်သို့လိုက်၍ ကိုယ်တော်၏ဩဝါဒများကို ကြားနာသူ၊ ကိုယ်တော်၏နှုတ်တော်ထွက်မင်္ဂလာရှိသောစကားတော်များကိုနှစ်နှစ်ခြိုက်ခြိုက် ခံယူသောသူများအများရှိကြပါသည်။ ကိုယ်တော်ဟောကြားတော်မူသော တရားစကားများမှာ အဓိပ္ပါယ်အပြည့်အဝရှိသော်လည်း ရှင်းလင်းပြတ်သားသောကြောင့် အရည်အချင်းအနည်းဆုံးသောသူပင်လျှင် ကောင်းစွာနားလည်သဘောပေါက်နိုင်ပါသည်။

စာတန်နှင့်သူ၏တမန်များသည် ယုဒလူတို့၏မျက်စိများကို ကွယ်စေလျက်၊ နားလည်းတတ်သောဉာဏ်ကို ထုံထိုင်းစေလျက် ယုဒအကြီးအကဲများနှင့်မင်းအရာရှိများကိုလည်း ကိုယ်တော်အားကွပ်မျက်ကြစေရန် ဆော်ဩပေးကြ၏။ အခြားသူများကမူ ယေရှုအားသူတို့ထံသို့ဖမ်းဆီးခေါ်ဆောင်လာရန် မင်းလုလင်အချို့ကိုစေလွှတ်ကြ၏။ သို့သော် ထိုမင်းလုလင်တို့သည် ကိုယ်တော်၏အနီးသို့ရောက်လာကြသောအခါ အံ့ဩမိန်းမောကြ၏။ လူတို့၏ပူဆွေးဒုက္ခများကိုတွေ့သောအခါ ကိုယ်တော်သည်မေတ္တာကရုဏာအပြည့်အဝရှိတော်မူသည်ကို သူတို့တွေ့သိကြ၏။ အားနည်းသောသူများ၊ နှိပ်စက်ညှင်းပန်းခြင်းခံရသူများအား ကိုယ်တော်က မေတ္တာတော်ဖြင့် သနားကြင်နာစွာဖြင့်အားပေးစကားပြောကြားနေတော်မူသည်များကိုလည်း သူတို့ကြားသိရကြ၏။ စာတန်ဖမ်းဆီးချုပ်နှောင်ထားသောသူများကိုလည်း ဖြေလွှတ်တော်မူ၍ သူ၏အာဏာသားများကိုလည်း နိုင်နင်းစွာဖြင့်ဆုံးမပုံကို သူတို့တွေ့မြင်ကြ၏။ ထိုမင်းလုလင်တို့သည် ကိုယ်တော်၏ဉာဏ်ပညာအပြည့်အဝပါသောစကားတော်များကို ကြားရကြသောအခါ ကိုယ်တိုင်စိတ်စွဲလမ်းကြသဖြင့် ကိုယ်တော်အားလက်နှင့်မျှမတို့ဝံ့ကြ။ ယေရှုရှင်မပါဘဲ

ယဇ်ပုရောဟိတ်အကြီးများနှင့်အုပ်ချုပ်သူလူအကြီးအကဲများထံသို့ သူတို့ပြန်လာကြ၏။ "အဘယ်ကြောင့်သူ့ကိုမဆောင်ခဲ့ကြသနည်း" ဟု မေးသောအခါ ကိုယ်တော်ပြတော်မူသောနိမိတ်လက္ခဏာများ၊ ပညာအပြည့်အဝပါသောနှုတ်တော်ထွက်စကားများ၊ မေတ္တာတော်နှင့်အသိပညာတော်များအကြောင်း၊ သူတို့ကြားရ၊ မြင်ရ၊ တွေ့ရကြသည့်အတိုင်း အစုံအလင်ပြန်၍ပြောကြပြီးလျှင် "ထိုသူဟောပြောသကဲ့သို့ အဘယ်သူမျှမဟောစဖူးပါ" ဟု သူတို့၏စကားကိုအဆုံးသတ်လိုက်ကြပါသည်။ ထိုမင်းလုလင်များ လိမ်လည်လှည့်ဖြားခြင်းခံရကြပြီဟု ယဇ်ပုရောဟိတ်အကြီးတို့ကစွပ်စွဲကြ၏။ ကိုယ်တော်အားမခေါ်ဆောင်နိုင်ခဲ့သည့်အတွက် အရာရှိအချို့ကရှက်ကြ၏။ အချို့သောအရာရှိများသည်လည်း ယေရှုကိုယုံကြည်ကြပြီလောဟု ယဇ်ပုရောဟိတ်အကြီးများက ပြက်ရယ်ပြုသည့်သဘောဖြင့်မေးကြ၏။ အများသောတရားသူကြီးတို့နှင့်အကြီးအကဲတို့သည် ယေရှုရှင်အားအမှန်ယုံကြည်ကြကြောင်း၊ သို့သော်သူတို့ဝန်မခံနိုင်ရန် စာတန်ကဟန့်တားထားကြောင်း၊ သူတို့သည်ဘုရားသခင်ကိုကြောက်ရွံ့သည်ထက် လူတို့ကဲ့ရဲ့ပြစ်တင်မည်ကို ပို၍စိုးရိမ်ကြကြောင်းများကို ကျွန်မရှုမြင်ရပါသည်။

ယခုတိုင် စာတန်၏စဉ်းလဲမှုနှင့်မုန်းတီးမှုများသည် ကယ်တင်ခြင်းစီမံကိန်းကြီးကို မဖျက်ဆီးနိုင်သေးပါ။ ဤလောကသို့ယေရှုရှင်ကြွလာတော်မူခြင်း၏အကြောင်းရင်းပြည့်စုံချိန်နီးကပ်လာပါပြီ။ စာတန်နှင့်သူ၏တမန်များစုဝေးတိုင်ပင်၍ ယေရှုအားပြက်ရယ်ပြုခြင်း၊ ရက်စက်ခြင်းများစွာဖြင့် အသွေးတော်ကိုအားတက်သရောတောင်းဆိုကြရန် ကိုယ်တော်၏လူမျိုးကိုပင် ထကြွအောင်ဆော်ဩပေးကြမည်ဟုဆုံးဖြတ်ကြပါသည်။ ယင်းသို့ပြုကြပါက ကိုယ်တော်သည် မခံမရပ်နိုင်ဖြစ်၍

စိတ်နေသဘောထားနိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်းလမ်းစဉ်ကို လက်လျှော့လိမ့်မည်ဟု သူတို့မျှော်မှန်းနေကြပါသည်။

စာတန်သည် သူ၏စီမံကိန်းကြီးကိုချမှတ်နေစဉ် ယေရှုရှင်က သူကိုယ်တိုင်ခံစားရမည့်ဒုက္ခဆင်းရဲခြင်းများအကြောင်း၊ လက်ဝါးကပ်တိုင်ပေါ်တွင်ကွပ်မျက်ခြင်းခံရမည့်အကြောင်း၊ သို့သော်သုံးရက်မြောက်သောနေ့တွင် တစ်ဖန်ထမြောက်တော်မူမည်ဖြစ်ကြောင်းများကို တပည့်တော်တို့အား ပြောပြနေတော်မူ၏။ သို့သော် သူတို့သည်ထုံထိုင်းနေပုံပေါ်သဖြင့် ကိုယ်တော်မိန့်ကြားတော်မူသည်များကို နားမလည်နိုင်ကြ။

---ooo---

## ထူးခြားသောအဆင်းအရောင်

ခရစ်တော်သည် ထူးခြားသောအဆင်းအရောင်နှင့်ပြည့်စုံလျက်ရှိစဉ် ကိုယ်တော်သည်ဘုန်းတန်ခိုးတော်ရှင်ဖြစ်ကြောင်း ကောင်းကင်မှသက်သေခံပုံကို မြင်ရကြားရကြသောအခါ တပည့်တော်တို့၏ယုံကြည်ခြင်းအရှိန်အဟုန်တက်ကြွလာပါသည်။ ကိုယ်တော်သည်ကတိတော်နှင့်အညီ ကြွလာတော်မူမည့်မေရှိယအရှင်ဖြစ်ကြောင်း ယေရှုရှင်၏တပည့်တော်များအား ထင်ရှားသောသာဓကကို ဘုရားသခင်ပြတော်မူ၏။ ထို့ကြောင့် ကိုယ်တော်သည် လက်ဝါးကပ်တိုင်ပေါ်တွင် ကွပ်မျက်ခြင်းကိုခံရသောကြောင့် ကြီးစွာသောဝမ်းနည်းစိတ်ပျက်ခြင်းများနှင့်ရင်ဆိုင်ရကြသောအခါ သူတို့၏ယုံကြည်ကိုးစားခြင်းကို လုံးလုံးလျားလျားစွန့်လွှတ်ကြတော့မည်မဟုတ်ပါ။ ကိုယ်တော်သည်ထူးခြားသောအဆင်း

အရောင်နှင့်ပြည့်စုံလျက်ရှိတော်မူစဉ် ဘုရားသခင်သည် မောရှေနှင့် ဧလိယတို့အားစေလွှတ်တော်မူခြင်းမှာ ကိုယ်တော်ခံစားရမည့်ဆင်းရဲဒုက္ခနှင့်ရင်ဆိုင်ရမည့် သေခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးတိုင်ပင်ရန်ဖြစ်ပါသည်။ သားတော်နှင့်စကားပြောရန် ကောင်းကင်တမန်များကိုရွေးချယ်ရမည့်အစား ဤလောက၏စုံစမ်းစစ်ဆေးခြင်းများကို ကိုယ်တိုင်ခံစားဖူးသူများအား ဘုရားသခင်ရွေးချယ်တော်မူသည်။

ဧလိယသည် ဘုရားသခင်နှင့်အတူသွားလာခဲ့၏။ သူတို့ကျူးလွန်သည့်အပြစ်များကြောင့် ဧလိယအားဖြင့် ဣသရေလလူမျိုးအား ဘုရားသခင်ဆုံးမတော်မူသည့်အတွက် ဧလိယ၏လုပ်ငန်းတာဝန်များမှာ စိတ်ပင်ပန်းစရာဖြစ်ခဲ့၏၊ အခံရခက်ခဲလှပါ၏၊ ဧလိယသည် ဘုရားသခင်၏ပုရောကဖက်တစ်ပါးလည်းဖြစ်ခဲ့ပါသည်။ သို့ပါလျက် မိမိအသက်ချမ်းသာရာရရှိရေးအတွက် တစ်နေရာမှတစ်နေရာသို့ပြေးခဲ့လွှားခဲ့ရသည်။ သားရဲကိုမုဆိုးလိုက်သကဲ့သို့ ဧလိယအား သူ၏လူမျိုးတို့က အသေသတ်ရန်လိုက်ကြ၏။ သို့သော်ဘုရားသခင်သည် ဧလိယအားဘဝပြောင်းစေတော်မူသောကြောင့် သေခြင်းနှင့်လွတ်ခဲ့၏၊ အောင်မြင်ခြင်းနှင့်ဘုန်းစည်းစိတ်ကိုခံစားစေရန် ကောင်းကင်တမန်တို့သည် သူ့အားကောင်ကင်ဘုံသို့ချီဆောင်ကြသည်။

သူ၏ရှေးကပုရောကဖက်တကာထက် မောရှေကြီးမြတ်၏။ ဘုရားသခင်သည်သူ့အား အထူးဂုဏ်ပြုတော်မူခဲ့ပါသည်။ လူသားမိတ်ဆွေချင်းဆွေးနွေးသကဲ့သို့ ထာဝရဘုရားနှင့်မျက်နှာချင်းဆိုင်စကားပြောခွင့်ရခဲ့၏၊ ခမည်းတော်ဘုရားအားဝန်းခံထားသည့် အလွန်းထူးမြတ်သောဘုန်းတော်ရောင်ခြည်ထွန်းတောက်ပုံကိုလည်း ဖူးမြင်ခွင့်ရခဲ့၏၊ ဘုရားသခင်သည် မောရှေအားဖြင့် ဣသရေလလူမျိုးအား ကျွန်ခံရာအဲဂုတ္တုပြည်မှ

ကယ်လွှတ်တော်မူ၏၊ မောရှေသည် မိမိလူမျိုးနှင့်ဘုရားသခင်၏အမျက်တော်စပ်ကြားတွင် ဖျန်ဖြေသူအဖြစ် မကြာခဏရပ်တည်ခဲ့ရပါသည်။ ဣသရေလလူတို့သည် ယုံကြည်မှုကင်း၍ ညည်းတွားမြည်တမ်းကြသည့်အခါများတွင်လည်းကောင်း၊ ကြီးမားသောဘေးအန္တရာယ်များနှင့်ရင်ဆိုင်ရလောက်အောင် ဒုစရိုက်ပြုကြသောအခါများတွင်လည်းကောင်း ဘုရားသခင်၏အမျက်တော်မီး တောက်လောင်သောအခါ သူ၏လူမျိုးအတွက် မောရှေ၏မေတ္တာထားပုံကိုစမ်းသပ်ခဲ့ပါသည်။ ထိုလူမျိုးကိုမြေကြီးပေါ်မှဖျက်ဆီးသုတ်သင်ပြီးလျှင် မောရှေအား လူမျိုးကြီးဖြစ်စေမည်ဟု ဘုရားသခင်မိန့်တော်မူသောအခါ သူ၏လူမျိုးအတွက် လေးလေးနက်နက်အသနားခံပုံကိုထောက်ခြင်းအားဖြင့် ဣသရေလလူမျိုးအပေါ်မောရှေမေတ္တာထားပုံမှာ ထင်ရှားသိသာလှပါသည်။ ဘုရားသခင်သည်အမျက်တော်ပြေ၍ ဣသရေလလူမျိုးအားအပြစ်ဖြေလွှတ်ရန် သို့မဟုတ်ပါက ကိုယ်တော်စီရင်တော်မူသောစာရင်းမှသူ၏အမည်ကိုချေဖျက်တော်မူပါရန် စိတ်ပင်ပန်းစွာဖြင့် မောရှေတောင်းပန်အသနားခံခဲ့ပါသည်။

ဣသရေလလူတို့သောက်ရေသုံးရေပြတ်သောအခါ သူတို့နှင့်သူတို့၏သားသမီးများအားသတ်ပစ်ရန် တောတွင်းသို့ခေါ်ဆောင်ခဲ့သည်ဟု မောရှေကိုသာမက ဘုရားသခင်ကိုပါအပြစ်တင်ဝေဖန်ကြရာ၌ဘုရားသခင်သည် သူတို့၏ညည်းတွားမြည်တမ်းသံများကို ကြားတော်မူသဖြင့် မောရှေအား လူအပေါင်းတို့သောက်ရေရရှိရေးအတွက်ကျောက်ကိုမှာထားလော့ဟု ဘုရားသခင်မိန့်တော်မူ၏။ သို့သော်မောရှေသည် အမျက်ထွက်၍ ကျောက်ကိုရိုက်သဖြင့် ဘုန်းတန်ခိုးတော်ကို ကိုယ်ကျိုးအတွက်အသုံးပြုသကဲ့သို့ဖြစ်လေ၏။ ဣသရေလလူမျိုးတို့အနေဖြင့် ဆက်ကာဆက်ကာလမ်းလွဲခြင်း၊ ညည်းတွားမြည်တမ်း

ခြင်းတို့ကြောင့် မောရှေသည် ပြင်းပြစွာဝမ်းနည်းကြေကွဲခဲ့ရသည့်အတွက် ဘုရားသခင်သည် ယင်းလူမျိုးအပေါ် မည်မျှသည်းခံတော်မူခဲ့သည်ကို လည်းကောင်း၊ ယင်းသို့ သူတို့ညည်းတွားမြည်တမ်းကြသည်မှာ သူ့ကိုဆန့်ကျင်ကြသည်မဟုတ်၊ ဘုရားသခင်အားဆန့်ကျင်ကြသည် ဖြစ်ကြောင်းကိုလည်းကောင်း မောရှေခေတ္တမျှသတိလစ်သွားပါသည်။ သူ့အတွက်သာသူစဉ်းစားနေခဲ့မိ၏၊ အဘယ်မျှလောက်ကြီးလေးသော အပြစ်ကို သူပြုမိပါသနည်း။ သူတို့အပေါ်ထိုမျှလောက်ကြီးမားသော စေတနာမေတ္တာထားခဲ့ပါလျက် သူတို့အနေဖြင့် ကျေးဇူးတရားတုံ့ပြန်မှု၊ သိတတ်မှုအဘယ်မျှလောက် ခေါင်းပါးလှပါသနည်း။

ကျပ်တည်းကျဉ်းမြောင်းသော်ဒေသများသို့ သူတို့အားမကြာခဏ ခေါ်ဆောင်ခဲ့ခြင်း၊ ကိုယ်တော်၏တန်ခိုးတော်ဖြင့် သူတို့၏အခက်အခဲ ပြဿနာရပ်ရှိသမျှကိုဖြေရှင်းပေးခြင်း၊ သူတို့သည် ဘုရားသခင်၏ မေတ္တာတော်ကိုလည်းကောင်း၊ ကိုယ်တော်သည် သူတို့အား မည်မျှ ကြည့်ရှုစောင့်ရှောက်တော်မူသည်ကိုလည်းကောင်း သူတို့သိနားလည် ကြစေရန်၊ ယင်းသို့သောနည်းအာဖြင့် သူတို့သည် ကိုယ်တော်ကို ယုံကြည်ကိုးစား၍ ဝတ်ပြုကိုးကွယ်ကြစေရန် ဘုရားသခင်ရည်သန် ထားခြင်းဖြစ်ပါသည်။ သို့သော် လူအပေါင်းတို့သည် သူ၏ပုံသက်သေ ကိုလိုက်၍ ဘုရားသခင်၏ဘုန်းတော်ကိုချီးမွမ်းနိုင်ကြစေရန်၊ မောရှေ သည် သူတို့၏ရှေ့မှောက်တွင် ဘုရားသခင်ကိုသာ ဂုဏ်ပြုရန်ပျက်ကွက် ခဲ့ပါသည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ မိမိအပေါ်ဘုရားသခင်မနှစ်မြို့အောင် မောရှေပြုလုပ်ရာရောက်သွားပါသည်။

မောရှေသည် ကျောက်ပြားနှစ်ပြားကိုကိုင်ဆောင်လျက် တောင် ပေါ်မှဆင်းလာစဉ် ဣသရေလလူမျိုးတို့ရွှေနွားသငယ်ရုပ်လုပ်၍ရှိခိုးဦးချ

နေကြပုံကိုတွေ့သောအခါ ဒေါသအမျက်ခြောင်းခြောင်းထွက်သဖြင့် ယင်းကျောက်ပြားနှစ်ပြားကို မြေပေါ်သို့ပစ်ချလိုက်ရာ နှစ်ပြားလုံးကွဲသွားပါသည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ မောရှေ၌အပြစ်မရှိကြောင်း ကျွန်မပြင်ရပါသည်။ သူသည် ဘုရားသခင်အတွက် အမျက်ထွက်ခဲ့ရ၏။ ကိုယ်တော်၏ဘုန်းတော်အတွက်ဝန်တိုခဲ့ရ၏။ သို့သော်သူသည် အမျက်ထွက်၍ ကျောက်ကိုရိုက်သဖြင့် ဘုရားသခင်၏ဂုဏ်တော်ကို ချီးမြှောက်ရမည့်အစား ဇာတိပကတိသဘောအရ ကိုယ့်စိတ်အလိုသို့လိုက်၍ ကိုယ်ကိုကိုယ်ဂုဏ်ပြုမိခဲ့သည့်အတွက် သူ၏အပြစ်ဖြစ်နေခဲ့ပါသည်။ ယင်းအပြစ်အတွက်ကြောင့် ခါနာန်ပြည်သို့ဝင်ရောက်ရန် သူ့အား ဘုရားသခင်ခွင့်ပြုတော်မမူပါ။

ကောင်းကင်တမန်များရှေ့တွင် မောရှေအားစွပ်စွဲရန် စာတန်သည် အမြဲတစေစောင့်ကြည့်နေခဲ့ပါသည်။ ထို့ကြောင့် မောရှေ၏အပေါ်တွင် ဘုရားသခင်ကမကျေနပ်မှုပေါ်ပေါက်လာအောင် ကိုယ်ကိုကိုယ် အထင်ကြီးလျက်ကယ်တင်ရှင်သည် လူသာ အားရွေးနုတ်ကယ်တင်ရန် ဤလောကသို့ကြွလာတော်မူသောအခါတွင်လည်း ယင်းနည်းနှင်နှင် အောင်မြင်လိမ့်မည်ဟု ကောင်းကင်တမန်များအား ပြောပြလိုက်ပါသည်။ ယင်းဖြစ်မှုကြောင့်မောရှေသည် သေခြင်းတရားကိုပိုင်စိုးသောစာတန်၏ လက်တွင်းသို့ကျရောက်ခဲ့လေ၏။ အကယ်၍သူသည် သစ္စာတည်မြဲနေခဲ့မည်ဆိုပါက ကတိထားတော်မူသောပြည်တော်သို့ဝင်ရောက်ခွင့်ရခဲ့ပေလိမ့်မည်သာမက သေခြင်းတရားနှင့်လွတ်ပြီးလျှင် ဘဝပြောင်း၍ ကောင်းကင်ဘုံသို့ခေါ်ဆောင်ခြင်းကိုလည်းခံရပေလိမ့်မည်။

မောရှေသည် သေခြင်းတရားလမ်းကိုဖြတ်ကူးခဲ့ရသော်လည်း ကောင်းကင်တမန်မင်းမိက္ခေလကိုယ်တိုင်ဆင်းသက်၍ သူ၏ခန္ဓာကိုယ်

မပုပ်မပျက်မီ အသက်ကိုပြန်၍ပေးသွင်းလေ၏။ ထိုအချိန်တွင်စာတန်က ယင်းခန္ဓာကိုယ်အား သူပိုင်ဆိုင်သည်ဟုအကြောင်းပြ၍ ကြိုးစားကန့်ကွက်ခဲ့သော်လည်း မိက္ခေလသည် မောရှေအားထမြောက်စေပြီးနောက် ကောင်းကင်သို့ခေါ်ဆောင်သွားလေ၏။ ထိုအခါ သူအစမွလုယူထားသည့်ပစ္စည်းဖြစ်သောမောရှေ၏အလောင်းကို ပြန်၍ယူသွားရန်ခွင့်ပြုတော်မူသည်မှာ တရားမျှတမှုမရှိဟုအကြောင်းပြလျက် ဘုရားသခင်အား ခါးခါးသီးသီးပြစ်တင်ဝေဖန်လိုက်ပါသည်။ သူ၏သွေးဆောင်ဖြားယောင်းမှုကြောင့် ဘုရားသခင်၏ကျွန် ကျဆုံးခဲ့ရခြင်းအတွက် ခရစ်တော်သည် သူ၏ရန်သူအာပြစ်တင်ဆုံးမခြင်းမပြုလုပ်ပါ။ သို့သော် "ထာဝရဘုရားသည် သင့်ကိုဆုံးမတော်မူစေတည်း" ဟု သိမ်မွေ့စွာဖြင့်သာ ဘုရားသခင်ကိုရည်ညွှန်းလျက် မိန့်တော်မူ၏။

ကိုယ်တော်သည် နိုင်ငံတော်တည်လျက် ဘုန်းတန်ခိုးအာနုဘောနှင့်ကြွလာတော်မူသည်ကိုမမြင်ရမီ မိမိနှင့်အတူရပ်နေသောသူအချို့သေခြင်းသို့မရောက်ရကြဟု တပည့်တော်တို့အားမိန့်တော်မူခဲ့ပါသည်။ ကိုယ်တော်သည်ထူးခြားသောအဆင်းအရောင်ဖြင့် ပုံသဏ္ဌာန်[2]ပြောင်းလဲတော်မူရာတွင် ယင်းကတိတော်ပြည့်စုံခြင်းသို့ရောက်ခဲ့ပါသည်။ ထိုနေရာတွင် ယေရှုရှင်၏မျက်နှာတော်သည် ပြောင်းလဲ၍ နေ၏အရောင်ကဲ့သို့ထွန်းတောက်ခဲ့ပါသည်။ ကိုယ်တော်၏ဝတ်ရုံတော်သည်လည်း ဖြူဖွေးလျက် ပြိုးပြိုးပြက်ပြက်နေပါသည်။ ယေရှုရှင်ဒုတိယအကြိမ်ကြွလာတော်မူသောအခါတွင် ထမြောက်ရကြမည့်စုတေပြီးသော သန့်ရှင်းသူများအားပုံဆောင်ရန် မောရှေသည်ကိုယ်တော်နှင့်အတူရှိနေခဲ့ပါသည်။ ထိုနည်းတူသေခြင်းနှင့်လွတ်၍ ဘဝပြောင်းရသောဧလိယသည် ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မူသောအခါ သေခြင်းနှင့်လွတ်၍

မဖေါက်ပြန်မပျက်စီးနိုင်သောဘဝသို့ကူးပြောင်းပြီးလျှင် ကောင်းကင်နိုင်ငံတော်သို့ခေါ်ဆောင်ခြင်းကို ခံရမည့်သူများအား ပုံဆောင်ထားပါသည်။ ယေရှုရှင်သည်ဘုန်းတော်နှင့်ပြည့်လျက် ထူးမြက်တော်မူပုံကို တပည့်တော်တို့ဖူးမြင်ရကြသောအခါအံ့ဩမိန်းမောရ၍ ကြောက်လန့်ကြ၏။ ထိုနောက်သူတို့အပေါ်၌ထွန်းတောက်သောမိုးတိမ်ဖုံးလွှမ်းနေစဉ် "ဤသူကားငါနှစ်သက်မြက်နိုးရာငါ၏ချစ်သားပေတည်း၊ သူ၏စကားကိုနားထောင်ကြလော့"ဟု ကောင်းကင်မှဘုရားသခင်၏ဘုန်းကြီးတော်မူ သောအသံတော်ကိုကြောက်ခမန်းလိလိသူတို့ကြားလိုက်ရကြ၏။

---ooo---

## ခရစ်တော်အားအပ်နှံခြင်း

ခရစ်တော်သည်တပည့်တော်များနှင့်အတူ ပသခါပွဲစားတော်မူသည့်အချိန်သို့ ကျွန်မအားခေါ်ဆောင်သွားပါသည်။ စာတန်သည် ယုဒရှကာရုတ်အားလှည့်ဖြားထားသည့်အတွက်သူသည်လည်းခရစ်တော်၏တပည့်တော်မှန်များတွင် တစ်ပါးပါဝင်သည်ဟု ထင်မှတ်နေခဲ့၏ သို့သော် သူ၏စိတ်နှလုံးအတွင်း ဇာတိပကတိစိတ်သဘောရှိမြဲရှိနေခဲ့ပါသည်။ ကိုယ်တော်၏အမှုတော်သက်တမ်းတစ်လျှောက်လုံးတွင် သူသည်လည်း ကိုယ်တော်နှင့်အတူရှိသည့်အလျောက် ကိုယ်တော်၏ကြီးမြက်တော်မူသော ဆောင်ရွက်ချက်များကို မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့ပါသည်။ ကိုယ်တော်သည်မေရှိယအရှင်ဖြစ်ကြောင်း ထင်ရှားသောသာဓကများကိုမလွန်ဆန်နိုင်သည့်အတွက်ကြောင့်သာအလျှော့ပေး၍

အသိအမှတ်ပြုခဲ့ရခြင်းဖြစ်ပါသည်။ သို့သော်ယုဒသည်စေးနှဲ၍လောဘ မသတ်နိုင်၊ ငွေကိုလည်းတပ်မက်လှပါ၏။ အဖိုးများစွာထိုက်တန်သော ဆီမွှေးကိုယေရှုရှင်၏ခေါင်းတော်ပေါ်သို့ သွန်းလောင်းသောအခါ ယုဒ အမျက်ထွက်၍အပြစ်ဆိုခဲ့၏။ မာရိသည်သူမ၏အရှင်သခင်ကိုရှိသေ မြတ်နိုးသည်ဖြစ်၍လည်းကောင်း၊ ကိုယ်တော်သည် မာရိ၏မြောက်များ စွာသောအပြစ်ဒုစရိုက်အပေါင်းကိုလွှတ်တော်မူခဲ့သည်ဖြစ်၍လည်းကောင်း၊ သူမ၏ ချစ်သောမောင်ကို သေခြင်းမှ ထမြောက်စေတော်မူခဲ့သည်ဖြစ်၍ လည်းကောင်း ယေရှုရှင်အတွက်အသုံးချရန်ဆိုပါက မည်သည့်အရာကို မျှတန်ဖိုးကြီးလွန်းသည်ဟု မာရီမယူဆပါ။ ထို့ကြောင့်ကိုယ်တော်ကို ဆက်ကပ်သော ဆီမွှေးတန်ဖိုးကြီးလေ သူ့အနေဖြင့် ကယ်တင်ရှင်အပေါ် ကျေးဇူးတရား သိတတ်ကြောင်းပို၍ ပြနိုင်လေဖြစ်၏။ ယုဒသည်မိမိ၏ တပ်မက်မောသောသဘောထားကို ဖုံးကွယ်ထားရန်အတွက် ယင်းဆီ မွှေးကိုရောင်း၍ ဆင်းရဲသောသူတို့အား ပေးကမ်းစွန့်ကြဲ သင့်သည်ဟု တိုက်တွန်းခဲ့၏။ ယင်းသို့တိုက်တွန်းရာတွင် ဆင်းရဲသားများအား အမှု ထား၍မဟုတ်၊ အတ္တစိတ် လွန်ကဲသောကြောင့်ပင်ဖြစ်၏။ ထိုမျှမက ဆင်းရဲသားများအား စွန့်ကြဲပေးကမ်းရန်အတွက် မိမိအားယုံကြည်လွှဲ အပ်ထားသည်များကိုပင်မိမိ၏ကိုယ်ကျိုးအတွက်ခွဲဝေသုံးစွဲခဲ့၏။ ယုဒ အနေဖြင့် ယေရှုရှင်၏အေးချမ်းသာယာစွာ နေထိုင်ရေးအတွက်ကိုပင် အမှုမထားခဲ့ဘဲသူ၏လောဘစိတ်ကိုကွယ်ဝှက်ထားရန် ဆင်းရဲသားများကို အကြောင်းပြတတ်၏။ ယခုကဲ့သို့မာရိ၏ရက်ရောမှုကယုဒ၏မက်မော သောသဘောကိုပြတ်ပြတ်သားသား ဆုံးမလိုက်ခြင်းဖြစ်ပါသည်။ မာရ်နတ်၏ စုံစမ်းမှုကို လွယ်လင့်တကူလက်ခံရန် ယုဒ၏စိတ်နှလုံး အတွင်း၌လမ်းခင်းခဲ့ပြီးဖြစ်နေပါသည်။

ယဇ်ပုရောဟိတ်မင်းများနှင့် ယုဒအရာရှိများ ယေရှုရှင်ကိုမုန်းတီးကြသော်လည်း လူထုပရိသတ်ကြီးများကမူ ကိုယ်တော်၏နှုတ်တော်ထွက်မင်္ဂလာပညာစကားတော်များကို နာကြားရန်နှင့် ကိုယ်တော်၏ကြီးမြတ်တော်မူသောဆောင်ရွက်ချက်များကိုမျက်မြင်ကိုယ်တွေ့ဖြစ်စေရန်နောက်တော်မှ စုအုံ၍လိုက်ကြ၏။ ဤမျှလောက် အံ့သြဖွယ်ကောင်းလှသော ဓမ္မဆရာတော်ကြီး၏ဩဝါဒများကိုကြားနာရန် ယေရှုရှင်၏နောက်တော်သို့ လူအမြောက်အမြား စိတ်ပါကိုယ်ရောက် လှုပ်လှုပ်ရှားရှားလိုက်ကြ၏။ အများသောအရာရှိတို့သည် ကိုယ်တော်အားယုံကြည်ကြသော်လည်း တရားဇရပ်မှနှင်ထုတ်ခြင်းခံရကြမည်စိုးသောကြောင့်အတိအလင်းဝန်မခံဝံ့ကြ။ လူအပေါင်းတို့သည်ကိုယ်တော်အားစိတ်ဝင်စားနေခြင်းမှ တားဆီးထားရန် တစ်စုံတစ်ခုပြုရတော့မည်ဟု ယဇ်ပရောဟိတ်မင်းများနှင့် အကြီးအကဲများက ဆုံးဖြတ်လိုက်ကြပါသည်။လူတိုင်းကိုယ်တော်အား ယုံကြည်ကြတော့မည်ကို သူတို့စိုးရိမ်းကြ၏။သူတို့အတွက်လုံခြုံမှုမရှိတော့ကြောင်း သူတို့တွေ့မြင်လာပါသည်။ ယေရှုရှင်းအားအဆုံးစီရင်ရမည် သို့မဟုတ်သူတို့ရာထူးပြုတ်ကြပေတော့မည်။ယေရှုရှင်အားကွပ်မျက်ပြီးသည်တိုင်အောင် ကိုယ်တော်၏တန်ခိုးတော်ကိုဖေါ်ညွှန်းနေသည့် အသက်ရှင်သောအထိမ်းအမှတ်များရှိနေပေလိမ့်ဦးမည်။ ယေရှုသည်လာဇရုအား သေခြင်းမှထမြောက်စေပြီးဖြစ်သောကြောင့် ယေရှုအား အဆုံးစီရင်လိုက်ပါက လာဇရုအနေဖြင့်ကိုယ်တော်၏ကြီးမြတ်တော်မူသော တန်ခိုးတော်အကြောင်း သက်သေခံလိမ့်ဦးမည်ဟုသူတို့စိုးရိမ်မကင်းဖြစ်ကြ၏။ သေခြင်းမှထမြောက်စေပြီးသူအားလူထုပရိသတ်ကြီးက ဝိုင်းအုံး၍ ကြည့်နေကြသောကြောင့်အုပ်စိုးသောအရာရှိများက လာဇရုကိုပါကွပ်မြက်ရန်စီစဥ်ထားကြပါသည်။

သို့မှသာလှုပ်လှုပ်ရွရွဖြစ်နေမှုများ ရပ်စဲသွားပေလိမ့်မည်ဟု သူတို့သဘောရကြ၏။ ထိုနောက်မှလူအပေါင်းတို့အား ရှေးထုံးစံဓလေ့များနှင့် လူတို့စီရင်သောပညတ်များအတိုင်း၊ ပင်စိမ်းရွက်၊ လျှူရွက်မျိုးမှအစမြက်ပင်အမျိုးမျိုးကို ဆယ်ဖို့တစ်ဖို့လှူကြသည်တိုင်အောင်ဆွဲယူမည်၊ ထိုအခါသူတို့၏ဩဇာအာဏာအတိုင်း ပြန်လည်တည်မြဲလိမ့်မည်ဟု သူတို့မျှော်မှန်းထားကြပါသည်။ လူစုလူဝေးထဲတွင်ရှိနေစဉ် ယေရှုအားဖမ်းဆီးကြမည်ဆိုပါက ကိုယ်တော်အပေါ်လူအများစုက စိတ်ဝင်စားနေကြသည့်အလျောက် ခဲနှင့်ပေါက်ခံရကြမည်ကို စိုးရိမ်သဖြင့် ကိုယ်တော်တစ်ဦးတည်းနေချိန်တွင်မှဖမ်းဆီးကြမည်ဟုသဘောတူထားကြသည်။

ယဇ်ပရောဟိတ်မင်းများနှင့် လူအကြီးအကဲတို့ ယေရှုရှင်အားဖမ်းဆီးရန် မည်မျှလောက်အားတတ်သရောဖြစ်နေကြသည်ကို ယုဒရှကာရုတ်သိထားနှင့်သည့်အလျောက် ငွေကျပ်အနည်းငယ်ဖြင့်အပ်နှံရန်ကမ်းလှမ်းခဲ့ပါသည်။ ငွေကိုတပ်မက်လွန်းသဖြင့် သူ၏အရှင်သခင်အား အဆိုးရွားဆုံးသော ကိုယ်တော်၏ရန်သူများလက်ဝယ်သို့အပ်နှံရန် သဘောတူလိုက်ပါသည်။ စာတန်သည် ယုဒ၏စိတ်နှလုံးအတွင်း၌တိုက်ရိုက်လုပ်ဆောင်နေသောကြောင့် မှတ်မိသတိရစရာအကောင်းဆုံးဖြစ်သော ညစာစားပွဲ၌ပင် သူ၏အရှင်အား အပ်နှံရန် အကြံထုတ်နေခဲ့ပါသည်။ ထိုအချိန်တွင် ယေရှုရှင်သည်တပည့်တော်များအား ယနေ့ညတွင် သင်တို့ရှိသမျှသည် ငါ့ကြောင့် စိတ်ပျက်ကြလိမ့်မည်ဟု ဝမ်းနည်းကြေကွဲစွာ မိန့်တော်မူလိုကပါသည်။ သို့သော်ပေတရုက ထိုသူရှိသမျှတို့သည် ကိုယ်တော်ကြောင့် စိတ်ပျက်ကြသော်လည်း သူ့အနေဖြင့် စိတ်ပျက်လိမ့်မည်မဟုတ်ကြောင်းစိတ်လိုက်မာန်ပါကတိပြုလျှောက်ထားလိုက်ပါသည်။ ထိုအခါယေရှုရှင်က "ဂျုံဆန်ကိုဆန်ခါနှင့်ချသကဲ့သို့

စာတန်သည် သင်တို့ကိုချရမည်အကြောင်း အခွင့်တောင်းသည်ဖြစ်၍ သင်၏ယုံကြည်သောစိတ်မပျက်စေခြင်ငှါ ငါသည်သင့်အဖို့ဆုတောင်းလေပြီ၊ ဥင်သည်သတိရပြန်သောအခါ သင်၏ညီအစ်ကိုတို့ကိုတည်ကြည်စေလော့''ဟု ပေတရုအားမိန့်မှာတော်မူ၏။ လု၊ ၂၂း၃၁၊၃၂။

ထိုနောက်ယေရှုရှင်သည် တပည့်တော်များနှင့်အတူ ဥယျာဉ်အတွင်း၌ရှိနေပုံကိုကျွန်မရှုမြင်ရပြန်ပါသည်။ စုံစမ်းနှောက်ယှက်ခြင်းနှင့်ကင်းလွတ်မည့်အကြောင်းဆုတောင်းလျက်စောင့်နေကြလော့ဟု ဝမ်းနည်းကြေကွဲစွာဖြင့် တပည့်တော်တို့အား ကိုယ်တော်ကမိန့်တော်မူ၏။သူတို့၏ယုံကြည်ခြင်းအတွက်အစစ်အဆေးခံရကြတော့မည်ဖြစ်ကြောင်း၊ သူတို့ မျှော်လင့်ထားသည်များအတွက် စိတ်ပျက် ရကြတော့မည်ဖြစ်ကြောင်း၊ ထိုကြောင့်စုံစမ်းနှောက်ယှက်ခြင်းများကို အောင်မြင်နိုင်နင်းဖို့ခွန်းအားရရှိရေးအတွက် စိတ်ပါစွာဆုတောင်း ပတ္ထနာပြုကြပြီးလျှင်ကိုယ်ကိုကိုယ်စည်းကမ်းတကျစောင့်ထိန်းနေကြရန်အထူးလိုအပ်ကြောင်းကိုယ်တော်သိထားနှင့်တော်မူ၏။ ထိုနောက်ယေရှုရှင်သည် ပြင်းစွာငိုကြွေးမျက်ရည်ကျတော်မူလျက် ''အိုအဘ၊ အလိုတော်ရှိလျှင် ဤခွက်ကို အကျွန်ုပ်မှလွှဲတော်မူပါ၊ သို့သော်လည်းအကျွန်ုပ်အလိုရှိသည်အတိုင်းမဖြစ်ပါစေနှင့်၊ ကိုယ်တော်အလိုရှိသည့်အတိုင်းဖြစ်ပါစေသော'' ဟု ဆုတောင်းတော်မူ၏။ ဘုရားသခင်၏သားတော်သည်ပြင်းလှစွာသောဝေဒနာကိုခံလျက် အထူးသဖြင့်ကြိုးစား၍ဆုတောင်းတော်မူ၏။ မျက်နှာတော်မှတစ်သွန်တည်းစီးဆင်းနေသော ချွေးလုံးချွေးပေါက်ကြီးများမှာသွေးစက်သွေးခဲများပမာမြေပေါ်သို့ ကျဆင်းကြလေ၏။ ထိုနေရာတွင်ကောင်းကင်တမန်အများတဝဲလည်လည်ပျံသန်း၍ ကိုယ်တော်ခံစားနေရပုံအကြောင်းစုံကိုရှုမြင်နေကြသော်လည်း ကောင်းကင်တမန်

တစ်ပါးတည်းကိုသာလျှင် ဘုရားသခင်၏သားတော်ခံစားနေရသည့် ပြင်းပြလှသောဝေဒနာအပေါင်းမှ သက်သာခွင့်ရရှိရေးအတွက်နှစ်သိမ့်အားပေးရန်တာဝန်ပေးခြင်းခံရပါသည်။ ကောင်းကင်ဘုံတွင်လည်း ဝမ်းနည်းကြေကွဲ၍နေကြရာ ကောင်းကင်တမန်အပေါင်းတို့သည် မိမိတို့၏သရဖူများကို ချွတ်၍စောင်းတော်များနှင့်အတူချထားကြပြီးမှ ယေရှုရှင်အားအထူးစိတ်အားထက်သန်စွာ စောင့်ကြည့်နေကြပါသည်။ ဘုရားရှင်၏သားတော်အားသူတို့အားလုံးကဝိုင်းဝန်း၍ ကူညီရန် အလိုတော်ရှိကြသော်လည်း အပ်နှံခြင်းခံနေရကြောင်း သူတို့တွေ့သိကြပါက ကိုယ်တော်အားကယ်ယူကြမည်ကိုစိုးသောကြောင့် ကောင်းကင်တမန်ခေါင်းဆောင်များကခွင့်မပြုကြပါ။ ချမှတ်ထားပြီးဖြစ်သည့်စီမံကိန်းကြီးအောင်မြင်စွာပြီးဆုံးသည်တိုင်အောင်ဆောင်ရွက်ရပါမည်။

ယေရှုရှင်ဆုတောင်းပတ္တနာပြု၍ပြီးသောခါ တပည့်တော်များထံပြန်၍လာတော်မူ၏။ သို့သော်သူတို့အိပ်ပျော်နေကြ၏။ ဤမျှလောက်ထိတ်လန့်ဖွယ်ကောင်းသော အချိန်နာရီ၌ပင် ကိုယ်တော်၏တပည့်တော်များကကိုယ်တော်အတွက် ဆုတောင်းမပေးကြ၊ စာနာထောက်ထားခြင်းပင်မရှိကြ၊ မကြာသေးမီက အထူးစိတ်အားထက်သန်ခဲ့သောတပည့်တော်ပေတရုပင် မျက်စိလေးလံ၍ ငိုက်မျဉ်းအိပ်ပျော်လျက် နေပါ၏။ သူကအတိအလင်း၊ အခိုင်အမာကြေငြာခဲ့ပုံကိုသတိရစေလျက် “သင်တို့သည်တစ်နာရီခန့်မျှငါနှင့်အတူစောင့်၍နေခြင်းငှါ ဤသို့မစွမ်းနိုင်သလော”ဟု ယေရှုရှင်မေးတော်မူ၏။ ဘုရားသခင်၏သားတော်သည် သုံးကြိမ်တိုင်အောင် ပြင်းစွာသောဝေဒနာကိုခံစားလျက် ဆုတောင်းတော်မူခဲ့၏။ ထိုနောက်ယုဒရှကာရုတ်သည် လက်နက်များကိုင်ဆောင်ထားကြသည့် သူ၏လူတစ်စုနှင့်အတူ ရောက်လာပါတော့၏။အစဉ်အလာ

အတိုင်းသူ၏အရှင်အိနီးသို့နှုတ်ဆက်ရန် ချဉ်းကပ်လိုက်ပါသည်။ လူအုပ်ကြီးကလည်းယေရှုရှင်အားဝိုင်းထားလိုက်ပါသည်။ သို့သော် မိမိ၏တန်ခိုးအာနုဘော်ကိုထင်ရှားစေခြင်းငှါ ''အဘယ်သူကိုရှာကြသနည်း'' ''ငါသည်ထိုသူဖြစ်၏''စသည်ဖြင့်မိန့်တော်မူသောအခါ ထိုသူတို့သည်နောက်သို့လန်၍ မြေပေါ်၌လဲကြ၏။ ယေရှုရှင်အနေဖြင့် ယင်းသို့မေးမြန်လိုက်ခြင်းမှာ ထိုသူတို့သည် ကိုယ်တော်၏တန်ခိုးတော်ကိုလည်းကောင်း၊ အကယ်၍ကိုယ်တော်အလိုရှိလျှင် ကိုယ်ကိုကိုယ်ကယ်တင်နိုင်ကြောင်းကိုလည်းကောင်း သူတို့ကိုယ်တိုင် တွေ့သိကြစေရင်ပင်ဖြစ်ပါသည်။

တုတ်တပြက်ဓါးတပြက်လာကြသောလူထုကြီးရုတ်ခြည်းနောက်သို့လန်၍လဲကျသွားသည်ကိုတပည့်တော်များတွေ့ရကြသောအခါ အားတက်လာကြပါသည်။ ထိုလူအုပ်ကြီးထဲ၌ ကိုယ်တော်အားနောက်တစ်ကြိမ်ဝိုင်းထားကြပြန်သောအခါပေတရုသည် မိမိ၌ပါသောဓါးကိုဆွဲထုတ်ပြီးလျှင် ယဇ်ပုရောဟိတ်မင်း၏ ကျွန်တစ်ယောက်ကို ခုတ်သဖြင့် လက်ယာနားရွက်ပြတ်လေ၏။ ထိုအခါ ယေရှုကပေတရုအားသူ၏ဓါးကိုဓါးအိမ်တွင်းသို့ ပြန်၍သွင်းစေလျက် ''ယခုပင်ငါ့အဘကိုငါတောင်းနိုင်သည်ကိုလည်းကောင်း၊ တောင်းလျှင် ကောင်းကင်တမန်တစ်ဆယ့်နှစ်တပ်မကငါ့ထံသို့ စေလွှတ်တော်မူမည်ကို လည်းကောင်း၊ သင်သည်မထင်သလော'' ဟု မေးတော်မူ၏။ ယင်းသို့ ကိုယ်တော် မေးတော်မူစဉ် ကောင်းကင်တမန်များ မျှော်လင့်ချက်ပြည့်ဝစွာဖြင့် နီးကြားရှင်ပျလာကြပုံကိုကျွန်မရှုမြင်ရပါသည်။ ထိုနေရာထိုအချိန်တွင်ပင် တစ်ခါတည်း သူတို့၏ခေါင်းဆောင်ကြီးကို ဝန်းဝိုင်းထားကြပြီးလျှင် ဒေါသအမျက်ခြောင်းခြောင်းထွက်နေသောလူအုပ်ကြီးအားခွဲပစ်လိုက်လိုကြပါသည်။

သို့သော်လည်း ယေရှုက ''သို့ဖြစ်လျှင် ဤသို့သောအမှုအရာတို့သည် ဖြစ်ရမည်ဟူသောကျမ်းစာချက်သည် အဘယ်သို့ပြည့်စုံအံ့နည်း'' ဟု ဆက်၍မိန့်တော်မူသောအခါ ကောင်းကင်တမန်များဝမ်းနည်းသွားကြ ပြန်လေ၏။ ဒေါသထွက်နေသောလူအုပ်ကြီးက ဆွဲခေါ်သွားကြရာ ကိုယ်တော်လိုက်ပါသွားသည်။ တပည့်တော်များတွေ့မြင်ရသောအခါ စိတ်ပျက်အားလျော့ရကြသည်သာမက မြော်မြင်ရာကင်းမဲ့သဖြင့် လုံးလုံး စိတ်လျှော့လိုက်ကြပါတော့၏။ တပည့်တော်များသည်လည်း သူတို့၏ အသက်ဘေးအန္တရယ်ကို စိုးရိမ်း ကြသဖြင့် ကိုယ်တော်ကိုပင် စွန့်၍ ပြေးကြ လေ၏။ သွေးဆာနေသောလူထုကြီး၏လက်တွင်းမှာ ယေရှုရှင် တစ် ကိုယ်တော်တည်းသာ ကျန်ရစ်ရှာလေ၏။ ထိုအချိန်တွင်စာတန်၏အောင်မြင် မှုမှာ ကြီးမားလှပါတကား။ ဘုရားသခင်၏ကောင်းကင်တမန်များမှာ မူကား မည်မျှလောက်ဝမ်းနည်းပူဆွေးရကြပါသနည်း။ ထိုမြင်ကွင်းကို သူတို့ကိုယ်တိုင်တွေ့မြင်၍ သက်သေဖြစ်ကြစေရန် သန့်ရှင်းသော ကောင်းကင်တမန်စုမြောက်မြားစွာတို့အားသူတို့ကိုအုပ်ချုပ်သည့်အရပ် မြင့်သောကောင်းကင်တမန်ခေါင်းဆောင်တစ်ပါးစီနှင့်အတူ စေလွှတ် တော်မူ၏။ထိုကောင်းကင်တမန်တို့၏ တာဝန်မှာ ဘုရားသခင်၏သား တော်အားမဖွယ်မရာပြောဆိုခြင်းနှင့်ရက်စက်ကြမ်းကြုတ်ခြင်းများ အားလုံးကိုမှတ်သားထားကြရန်နှင့်ယေရှုရှင်ပြင်းပြစွာခံစားရသည့် နာကျင်ခြင်းဝေဒနာမှန်သမျှကို မှတ်တမ်းတင်ထားကြရန် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုကြောက်မက်ဖွယ်ကောင်းလှသော မြင်ကွင်း တွင်ပါဝင်ဆင်နွှဲသူမှန်သမျှတို့သည် ယင်းမြင်ကွင်းအတိုင်းပင်အချိန် တန်သောအခါတစ်သဝေမတိမ်းထပ်မံ၍ရှုမြင်ရကြပေလိမ့်ဦးမည်။

---ooo---

## ခရစ်တော်အားတရားစီရင်ခြင်း

ကောင်းကင်တမန်များသည် မိမိတို့၏ သရဖူများကို ထားခဲ့ပြီး လျှင် ဝမ်းနည်းကြေကွဲစွာဖြင့် ကောင်းကင်မှထွက်ခွာခဲ့ကြပါသည်။ သူတို့၏ဘုရင်ကြီးအနေဖြင့် ဒုက္ခမျိုးစုံကိုခံလျက်ဆူးပင်နှင့်ရက်သော သရဖူကိုဆောင်း၍နေရစဉ်သူတို့အနေဖြင့်အဘယ်သို့လျှင်တောက် ပြောင်သောသရဖူးများကို ဆောင်း၍ ထားနိုင်ကြပါလိမ့်မည်နည်း။ စာတန် နှင့်သူ၏တမန်များသည် တရားစီရင်ရာခန်းမကြီးတွင် လူသားတို့အနေ ဖြင့်စာနာထောက်ထားတတ်သည့် စိတ်သဘောကို အစတုံးဖျက်ဆီးရန် အလုပ်ရှုပ်နေကြပါသည်။ သူတို့ရှိနေကြသည့်အတွက် အခန်းတွင်းရှိ လေထုပင်ထိုင်းမှိုင်း ညစ်ညမ်းနေပါသည်။ မည်သည့်လူသားမျှမပင် မခံမရပ်နိုင်လောက်အောင် ယေရှုရှင်အားနည်းမျိုးစုံဖြင့် နှိပ်စက်ညှင်း ဆဲခြင်း၊ ဆဲရေးတိုင်းထွာခြင်းများပြုလုပ်ကြရန်ယဇ်ပုရောဟိတ်မင်းများ နှင့်လူအကြီးအကဲတို့အားဆော်ဩနေကြပါသည်။ ယင်းသို့ပြောင်လှောင် ခြင်း၊ မရှုမလှဖြစ်အောင် ရက်စက်ကြမ်းကြုတ်ခြင်းများအားဖြင့် ဘုရား သခင်၏သားတော်သည် ညည်းတွားမြည်တမ်းလိမ့်မည်၊ သို့မဟုတ်ပါက ကိုယ်တော်သည်တန်ခိုးပြ၍လူထုလက်မှကိုယ်လွတ်ရုန်းလိမ့်မည်၊ ထိုအခါသူ၏ကယ်တင်ခြင်းစီမံကိန်းကြီးသည်လည်းနောက်ဆုံးတွင်သူ၏ လက်ချက်ဖြင့်ပျက်စီးသွားလိမ့်မည်ဟုစာတန်မျှော်မှန်းထားပါသည်။

ကိုယ်တော်ရှင်အပ်နှံခြင်းခံရပြီးနောက် ကိုယ်တော်အား မည် သို့မည်ပုံ စီရင်ကြမည်ကို သိလိုစိတ်စောသောကြောင့် သူတို့၏နောက် ကွယ်မှ ပေတရုလိုက်၍သွားပါသည်။ သို့သော်သူသည် ယေရှု၏တပည့် တော်တစ်ယောက်ဖြစ်သည်ဟု စွပ်စွဲခြင်းခံရသောအခါသူ့အသက်ဘေး အန္တရယ်ကို စိုးရိမ်သဖြင့် ထိုသူကိုငါမသိဟု ငြင်းဆိုလိုက်ပါသည်။

တပည့်တော်များအနေဖြင့် စကားပြောဆိုဆက်ဆံကြရာတွင် သန့်စင်ပီပြင်ကြသည်ဟုကျော်စောနေသည်အလျောက်ပေတရုကသူသည်ယေရှု၏နောက်လိုက်တပည့်တစ်ယောက်မဟုတ်ကြောင်း စွပ်စွဲသူများအားသက်သေပြရန် ကျိန်တွယ်တိုင်တည်လျက် တတိယအကြိမ်ငြင်းလိုက်ပါသည်။ထိုအချိန်က ယေရှုရှင်သည် ခပ်လှမ်းလှမ်းတွင် ရှိနေတော်မူသည်ဖြစ်၍ပေတရုဘက်သို့လှည့်ကာ ဝမ်းနည်းစွာ ဆုံးမသောပုံစံဖြင့် မျက်နှာချင်းဆိုင်ငေး၍ကြည့်တော်မူ၏။ ထိုအခါအထက်ခန်းမဆောင်တွင် မိမိအားယေရှုရှင် မိန့်ကြားတော်မူခဲ့သည်များကိုလည်းကောင်း၊ "ဤသူရှိသမျှတို့သည်ကိုယ်တော်ကြောင့် စိတ်ပျက်ကြသော်လည်း အကျွန်ုပ်သည်စိတ်အလျှင်းမပျက်ပါ" ဟုမိမိကိုယ်တိုင် အခိုင်အမာဝန်ခံကတိပေးခဲ့သည်များကိုလည်းကောင်းပေတရုသတိရလေ၏။ သူ၏အရှင်အားကျိန်တွယ်တိုင်တည်ခြင်းတို့ဖြင့်ငြင်းဆိုလိုက်မိပါသော်လည်း ကိုယ်တော်ကြည့်လိုက်ပုံကြောင့် ပေတရု၏စိတ်နှလုံးကြေကွဲသဖြင့် ကယ်တင်ခြင်းကိုခံရလေ၏။ သူပြုမိသည့်ကြီးလေးသောအပြစ်အတွက်အမှန်ပင်နောင်တရ၍ပြင်းစွာငိုကြွေးလေ၏။ ထို့ကြောင့် သတိရပြန်သောအခါသူ၏ညီအစ်ကိုများအားတည်ကြည်စေရန် အသင့်ဖြစ်လေ၏။

လူထုပရိသတ်ကြီးကလည်း ယေရှု၏အသွေးကို မရမနေ အော်ဟစ်တောင်းဆိုနေကြပါသည်။ ကိုယ်တော်အား ရက်စက်စွာရိုက်သံနှင့်ရိုက်ကြပြီးလျှင် ရှင်ဘုရင်တို့ ဝတ်ဆင်လေ့ရှိသော နီးမောင်းသည့်ဝတ်ရုံဟောင်းကြီးကို ဆင်မြန်းပေးကြသည်။ ဆူးပင်နှင့်ရက်သော သရဖူကိုလည်း မြတ်တော်မူသောခေါင်းတော်ပေါ်တွင် တင်ထားကြ၏။ ကျူရိုးတစ်ချောင်းကိုလည်း လက်တော်တွင်းသို့ ထည့်ပေးကြပြီးနောက်ကိုယ်တော်

၏ရှေ့တွင် ဦးညွှတ်ကြလျက် "ယုဒရှင်ဘုရင်၊ ကိုယ်တော်သည် မင်္ဂလာရှိစေသတည်း" ဟုပြက်ရယ်ပြုကာ အလေးပြုကြ၏။ ထိုနောက် ကိုယ်တော်၏လက်မှကျူရိုးကိုယူ၍ ဦးခေါင်းတော်ကို ယင်းကျူရိုးနှင့် ရိုက်ကြသောအခါ နားထင်များကိုဆူးများစူးသဖြင့်မျက်နှာတော်ပေါ်မှ တစ်ဆင့်မုတ်ဆိတ်များပေါ်သို့ သွေးများယိုစီးလေ၏။

ယင်းမြင်ကွင်းကိုသည်းခံ၍ကြည့်နေစဉ် ကောင်းကင်တမန်များ တို့အတွက် ခက်ခဲလှပါ၏။ သို့သော် ယင်းသို့ကိုယ်တော်ခံစားတော်မူရခြင်းမှာ လူသားအားရွေးနုတ်ရန်အတွက် ကြီးမားလှသည့် ရွေးနုတ်ခ ဖြစ်ကြောင်း၊ ကိုယ်တော်အသေခံတော်မူခြင်းအားဖြင့်သာ သေခြင်း တရားကို စိုးမိုးနေသူအားအနိုင်ရ၍သူကိုယ်တိုင်သည်လည်း သေခြင်းနှင့် အဆုံးသတ်ရမည်ဖြစ်ကြောင်း၊ မကြာမီအတွင်း အမှုပြီးစီးတော့မည့် ဖြစ်ကြောင်း ကောင်းကင်တမန်ခေါင်းဆောင်များက ကောင်းကင်တမန် အားလုံးအား မြစ်တားလျက်ရှင်းပြထားပါသည်။ သို့မဟုတ်ပါက သူတို့အားလုံးယေရှုရှင်အား ဝိုင်းဝန်းကယ်ဆယ်ကြပေလိမ့်မည်။ ကိုယ်တော်သည် ယင်းသို့ရှုတ်ချခြင်းခံနေရပုံကို ကောင်းကင်တမန်များ ကိုယ်တိုင်တွေ့မြင်နေရကြကြောင်းယေရှုရှင်သိနေတော်မူ၏။ အင်အား အနည်းဆုံးသောကောင်းကင်တမန်တစ်ပါးတည်းကပင်လျှင် ယင်းသို့ နှိပ်စက်ပြက်ရယ်ပြုနေကြသည့်လူအုပ်ကြီးအားပြိုလဲစေးပြီးလျှင် ကိုယ် တော်အားကယ်လွှတ်နိုင်ပါသည်။ ထို့မျှမကကိုယ်တော်သည်ခမည်းတော် ထံမှအကူအညီရယူလိုပါကကိုယ်တော်အားကောင်းကင်တမန်များက ချက်ချင်းကယ်ယူကြလိမ့်မည်ကိုလည်း ကိုယ်တော်သိတော်မူ၏။ သို့သော် ကယ်တင်ခြင်းစီမံကိန်းအောင်မြင်စွာပြီးဆုံးရေးအတွက် ကိုယ်တော်သည် မတရားသောသူတို့၏ အစော်ကားခံရခြင်းကို မချွတ်ကေန်ခံရပါမည်။

ဒေါသအဟုန်းကြီးနေသော လူထုကြီးက မတရားပြောဆိုခြင်း၊ နှိပ်စက်အလူပြုခြင်း၊ ပြက်ရယ်ပြုခြင်းများကိုကိုယ်တော်သည်နူးညံ့သိမ်မွေ့စွာ လိုက်လျောခံရပ်နေပါသည်။ နေထက်ထွန်းတောက်သော အလင်းရောင်ဖြင့် ဘုရားသခင်၏မြို့တော်အား အလင်းရောင်ပေးမည့် ကိုယ်တော်၏မျက်နှာတော်၊ တစ်နေ့သောအခါ သူတို့မဖူးမတွေ့ဝံ့သောကြောင့်ပုန်းကွယ်၍နေကြမည့် ကိုယ်တော်၏မျက်နှာတော်ကို သူတို့တံတွေးနှင့်ထွေးကြ၏။ ယင်းသို့မခံမရပ်နိုင်လောက်အောင် ကျူးလွန်သူများအားခရစ်တော်သည် အမျက်ဒေါသထွက်သည့်မျက်နှာကိုမပြ၊ သူတို့သည်ကိုယ်တော်၏ခေါင်းတော်ကို အဝတ်ဟောင်းတစ်ခုနှင့် ဖုံးအုပ်ထားပြီးလျှင် လက်နှင့်ပုတ်လျက် "ကိုယ်တော်ကိုအဘယ်သူပုတ်သည်ကိုပရောဖက်ပြု၍ဟောတော်မူပါ" ဟုပြက်ရယ်ပြုကြ၏။ ထိုအချိန်တွင် ကောင်းကင်တမန်တို့ မငြိမ်းမသက်လှုပ်လှုပ်ရှရှဖြစ်ကြ၏။ ကောင်းကင်တမန် ခေါင်းဆောင်များကသာ တားမြစ်မထားပါက ကိုယ်တော်အား ချက်ချင်းဝိုင်း၍ ကယ်ကြပေလိမ့်မည်။

ကိုယ်တော်၏တပည့်တော်အချို့ တရားစီရင်သည့်ခန်းမဆောင်သို့ဝင်ရောက်ခွင့်ရကြသည့်အတွက် ကိုယ်တော်အားစီရင်ပုံကို ကိုယ်တိုင်တွေ့သိရကြပါသည်။ ယင်းတပည့်တော်များက ကိုယ်တော်သည် မိမိဘုန်းတန်ခိုးတော်ဖြင့် ရန်သူတို့လက်မှ လွတ်မြောက်ပြီးလျှင် မိမိအားနှိပ်စက် ညှဉ်းဆဲသူတို့ကိုဒဏ်ခတ်တော်မူလိမ့်မည်ဟု မျှော်လင့်နေကြပါသည်။ သို့သော်တရားစီရင်နေပုံမြင်ကွင်းအမျိုးမျိုးအဖုံဖုံ ပြောင်းလဲနေသည်နှင့်အမျှသူတို့၏မျှော်လင့်ချက်များမှာလည်း နိမ့်တုံမြင့်တုံဖြစ်နေပါသည်။ တစ်ခါတစ်ရံသူတို့အလိမ်ခံရပြီဟုပင် ထင်ယောင်ထင်မှားဖြစ်ကြ၏။ သို့သော် တောင်ပေါ်တွင် ထူးခြားသော အဆင်းအရောင်

ဖြင့်ကိုယ်တော်သည် ပုံသဏ္ဍာန်ပြောင်းလဲတော်မူချိန်က သူတို့ကြားခဲ့ရသည့်ကောင်းကင်မှအသံတော်ကိုလည်းကောင်း၊ ထိုအချိန်က သူတို့ဖူးတွေ့ခဲ့ရကြသည့်ကိုယ်တော်၏ဘုန်းအသရေတော်ကိုလည်းကောင်း သတိရကြကြသောအခါ ကိုယ်တော်သည်ဘုရားသခင်၏သားတော်မှန်ပေ၏ဟုသူတို့၏ယုံကြည်ခြင်းခွန်အား တက်ကြွလာပါသည်။ ထို့ပြင်မက ကိုယ်တော်သည်နာမကျန်းသူများအားရောဂါပျောက်ကင်းစေပုံများ၊ မျက်စိမမြင်သူများအား စက္ခုအလင်းရောင်ပေးပုံများ၊ နားထိုင်းသူများအား နားပွင့်လင်းစေပုံများ၊ နတ်ဆိုးစွဲသောသူတို့၏ကိုယ်မှနတ်ဆိုးတို့ကို နှင်ထုတ်ပုံများ၊သေသောသူတို့အားထမြောက်စေပုံများ၊ လေနှင့်ပင်လယ်ကိုပင်ငြိမ်သက်စေပုံများမှအစကိုယ်တော်ပြုတော်မူခဲ့သည့်အံ့ဖွယ်ရာနိမိတ်လက္ခဏာများကို ပြန်လည်တွေးဆသတိရကြပြီးလျှင်အားယူကြပါသည်။ ထို့ကြောင့်ကိုယ်တော်သေလိမ့်မည်ဟုသူတို့မယုံကြည်နိုင်ကြ။ ကိုယ်တော်သည်ဘုန်းတန်ခိုးတော်ကိုဆောင်လျက် ဗိမာန်တော်သို့ဝင်၍ ဘုရားသခင်၏အိမ်တော်ကိုပွဲတဲပြုလုပ်နေသူများအား နှင်ထုတ်တော်မူစဉ်ကလက်နက်ကိုင် စစ်သည်များလိုက်သဖြင့် ပြေးရကြသူများကဲ့သို့ ထိုသူတို့ပြေးရကြသည်နည်းသူ ယခုလည်းယင်းသွေးဆာနေသည့်ပရိတ်သတ်ကြီးပြေးရသည့်တိုင်အောင် နှင်ထုတ်တော်မူလိမ့်မည်ဟု သူတို့ မျှော်လင့် နေကြ၏။ ရှင်ယေရှုသည် တ္တသရေလရှင်ဘုရင်ဖြစ်ကြောင်း ထင်ရှားစွာဘုန်းတန်ခိုးပြတော်မူရန် တပည့်တော်များ အလိုရှိနေကြပါသည်။

ယုဒရှကာရုတ်သည် ယေရှုရှင်အပေါ်သစ္စာဖေါက်၍ အပ်နှံမိသည့်အတွက်ပြင်းစွာနောင်တသံဝေဂရလေ၏။ ကယ်တင်ရှင်အား မတရားသဖြင့်ပြုပုံမြင်ရသောအခါ မိမိစိတ်ကိုပင် အထိန်းမသိမ်းနိုင်တော့ပါ။

ကိုယ်တော်အားချက်ခြင်းချစ်မြတ်နိုးခဲ့သော်လည်း ငွေကိုပို၍တပ်မက်ခဲ့၏။ သူကိုယ်တိုင်ခေါင်းဆောင်၍ခေါ်သွားခဲ့သော လူအုပ်ခေါ်ဆောင်သွားရာ နောက်သို့ ယေရှုလိုက်ပါသွားလိမ့်မည်ဟု ယုဒမထင်မှတ်ခဲ့ပါ၊ ထိုလူအုပ်လက်တွင်းမှ လွတ်မြောက်ရန် အံ့သြဖွယ်ရာနိမိတ်လက္ခဏာ တစ်ခုခုပြု၍ထွက်ခွါသွားလိမ့်မည်ဟု သူမျှော်လင့်ခဲ့၏။ သို့သော်တရား စီရင်ရေးခန်းမအတွင်း အမျက်ဒေါသအရှိန်အဟုန်ပြင်းပြနေသောလူထု ကြီး၊ သွေးဆာနေသော ထိုလူအုပ်ကြီးကို သူမြင်ရသောအခါ သူပြော မိလိုက်သည့်မကောင်းမှုဒုစရိုက်ကြီးအတွက် ပြင်းစွာစိတ်ဆင်းရဲလေ၏။ အများသောသူတို့ရှင်ယေရှုအားပြင်းထန်ရိုင်းပြစွာယစွပ်စွဲနေကြပုံကို မြင်ရသောအခါ အပြစ်မရှိသောကိုယ်တော်အား အပ်နှံမိခဲ့သည့်အတွက် ကြီးလေးစွာပြစ်မှားမိပါပြီတကားဟု နောင်တကြီးစွာရ၍ ယုဒသည် လူအုပ်ကြီးထဲမှအပြင်သို့တိုးထွက်သွားလေ၏။ သူတို့ပေးထားသည့် ငွေသုံးဆယ်ကိုယဇ်ပုရောဟိတ်အကြီးတို့အား ပြန်၍ပေးအပ်ပြီးလျှင် ကိုယ်တော်၌အပြစ်တစ်စုံတစ်ရာမရှိကြောင်း ၊ ကိုယ်တော်အားပြန်၍ လွှတ်ပေးစေလိုကြောင်း တောင်းပန်လေ၏။

သူတို့၏စိတ်ကို ဆွပေးသကဲ့သို့ရှုပ်ထွေးသွားသဖြင့် ယဇ်ပုရော ဟိတ်အကြီးအကဲများ ခေတ္တမျှတိတ်ဆိတ်စွားကြပါသည်။ ခရစ်တော်၏ နောက်လိုက်တပည့်တစ်ဦးကို အခကြေးငွေပေး၍ ငှားရမ်းပြီးလျှင် ခရစ် တော်အပေါ် သစ္စာဖောက်၍ အပ်နှံစေရန် သူတို့ဆောင်ရွက်ခဲ့ကြပုံကို လူအများမသိစေလိုကြ၊ သူတို့သည်ယေရှုရှင်အား သူခိုးကဲ့သို့လိုက်လံ ရှာဖွေကြပြီးလျှင် တိတ်တဆိတ်ဖမ်းလိုက်ကြပုံကို ဝှက်ထားလိုကြ၏။ သို့သော် ယုဒရှကာရုတ်က ယင်းသို့ဝန်ချတောင်းပန်သည့်အတွက်သူ၏ ပုံပန်းသဏ္ဌာန်မှာလည်း ‘အပြစ်ရှိသောသူလိုက်သူမရှိဘဲပြေး’ ဆိုဘိသကဲ့သို့

ဏှာခြွေမဆည်နိုင်သည့်အတွက်၊ ယဇ်ပုရောဟိတ်အကြီးအကဲတို့သည်ယေရှု ရှင်အပေါ်အမုန်းပွားကြသည့်အတွက် ဖမ်းဆီးကြကြောင်း လူထုရှေ့မှောက် တွင်ဖေါ်ထုတ်သကဲ့သို့ဖြစ်သွားပါသည်။ ထို့ကြောင့် ယုဒကယေရှုရှင် ၌လုံးဝအပြစ်မရှိကြောင်း ကျယ်လောင်စွာကြွေးကြော်လိုက်သောအခါ ယဇ်ပုရောဟိတ်အကြီးများက 'ငါတို့နှင့်အဘယ်သို့ဆိုင်သနည်း၊ ကိုယ့်အမှုကို ကိုယ်ကြည့်လော့'ဟုပြောလိုက်ကြ၏။ သူတို့လက်တွင်း ယေရှုရှင်အားရရှိထားပြီးဖြစ်သည့်အတွက် ကိုယ်တော်အားအဆုံး စီရင်ရန် ဆုံးဖြတ်ထားကြပြီးဖြစ်ပါသည်။ ယုဒရှကာရုတ်သည်စိတ် ဒုက္ခ ကိုယ်ဒုက္ခပြင်းစွာခံစားရသဖြင့် မိမိစက်ဆုပ်ရွံရှာပြီးဖြစ်သည့်ငွေသုံး ဆယ်ကို သူ့အားငှားရမ်းသူများ၏ခြေရင်း၌ပစ်ချခဲ့ပြီးလျှင် ပြင်းစွာ သောစိတ်ဒုက္ခကိုယ်ဒုက္ခကိုခံရသည့်အတွက် တုန်လှုပ်ချောက်ချားလျက် တစ်နေရာသို့သွားပြီးလျှင် ဆွဲကြိုးချ၍သေလေ၏။

ယေရှုရှင်အားတရားစီရင်နေသည်ကို လာရောက်နားထောင် ကြည့်ရှုကြသောပရိတ်သတ်တွင် ကိုယ်တော်အားကိုလိုလားသောလူအများ ပါဝင်သည်ဖြစ်ရာ ကိုယ်တော်ကတရားစီရင်သူများ၏ မြောက်မြားစွာ သောမေးခွန်းများကို မည့်သို့မျှအဖြေမပေးဘဲ နေသောအခါသူတို့အံ့အား သင့်နေကြ၏။ ရှုန်းရင်းခတ်သောလူအုပ်ကြီးကမရှုမလှပြောင်ကြ လှောင်ကြ၊ပြက်ရယ်ပြုနေကြသော်လည်း ကိုယ်တော်သည်မျက်ခုံးတစ် ချက်မတွန့်၊ မျက်နှာထားလုံးဝမပျက်၊ စိတ်ဒုက္ခရောက်နေပုံလည်းမပေါ်၊ ဏှာခြွေတော်ကြီးမြတ်လှပါ၏။ တည်ကြည်ငြိမ်သက်တော်မူပါ၏။ လာရောက်နားထောင်ကြည့်ရှုနေသူများအံ့သြမိန်းမောကြ၏။ ကိုယ်တော် ၏ကောင်းမြတ်စုံလင်တော်မူပုံ၊ ကြံ့ခိုင်တော်မူပုံ၊တည်ငြိမ်တော်မူပုံ၊ ဂုဏ်အသရေတင့်တည်တော်မူပုံများကို တရားပလ္လင်ပေါ်တွင် ထိုင်၍

ကိုယ်တော်အား တရားစီရင်နေသူများနှင့်နှိုင်းယှဉ်ကြပြီးလျှင် ကိုယ်တော်ကထိုတရားသူကြီးများထက် ပို၍ဘုရင်ကြီးဆန်ပုံပေါ်ကြောင်း၊ ရာဇဝတ်သားပုံလုံးဝအပေါ်ကြောင်းတစ်ယောက်ကိုတစ်ယောက်တီးတိုးပြောနေကြပါသည်။ ကိုယ်တော်၏မျက်လုံးတော် ညင်သာပါ၏၊ ကြည်လင်တောက်ပပါ၏၊ရဲရင့်တည်ကြည်ပါ၏။ ကိုယ်တော်၏ နဖူးပြင်မှာလည်းကျယ်မြင့်ပါ၏။ကိုယ်တော်၏ ကြန်အင်လက္ခဏာရှိသမျှသည်တည်ကြည်ကြံ့ခိုင်ပါ၏။ မျက်နှာတော်တွင်ဂရုဏာတော်နှင့်လည်းကောင်း၊သူတစ်ပါးအကျိုးလိုလားသောသဘောတရားနှင့်လည်းကောင်းပြည့်စုံပါ၏။ ကိုယ်တော်၏သည်းခံတော်မူပုံ၊စိတ်ရှည်တော်မူပုံတို့မှာသာမန်လူသားနှင့်ကွာဟလှသည်ဖြစ်၍ ရှုမြင်ရသူအများတုန်လှုပ်ကြ၏။ ကိုယ်တော်၏ကောင်းမြတ်တော်မူပုံနှင့် ဘုရားရှင်ကဲ့သို့သဘောပိုက်ပုံများကိုရှုမြင်ရကြသောအခါဟေရုဒ်မင်းကြီးနှင့် ပိလတ်မင်းကြီးတို့ပင်လျှင်ပြင်းစွာစိတ်လှုပ်ရှားရကြ၏။

ယေရှုရှင်သည်သာမန်လူသားမဟုတ်ကြောင်း၊ ကိုယ်တော်သည်ဖြောင့်မတ်စုံလင်တော်မူသော သူတစ်ဦးဖြစ်ကြောင်း၊ သူ့အပေါ်စွဲဆိုထားကြသည့် ပြစ်မှုများမှာ လုံးဝမဟုတ်မှန်ကြောင်း မူလအစကပင်ပိလတ်မင်းကြီးတပ်အပ်သေချာသိထားနှင့်ပါသည်။ ယင်းသို့လျှင်ရောမဘုရင်ခံမင်းကြီးသိထားကြောင်း ထိုမြင်ကွင်းကို စောင့်ကြပ်နေကြသည့်ကောင်းကင်တမန်များက အလေးထားသည့်အတွက် ခရစ်တော်အားလက်ဝါးကပ်တိုင်ပေါ်တင်၍ကွပ်မျက်ရန်အလွန်အကျဉ်းတန်သောအမှုဖြစ်သောကြောင့် ယင်းသို့စီရင်ကြသူများတွင်သူမပါဝင်စေရန်ပိလတ်မင်းကြီးကတော်ထံသို့ ကောင်းကင်တမန်တစ်ပါးကို စေလွှတ်လျက်၊ သူမ၏ခင်ပွန်း တရားစီရင်နေသောသူသည် ဘုရားရှင်၏သားတော်ဖြစ်

ကြောင်း၊ အပြစ်ကျူးလွန်မှု တစ်စုံတစ်ရာမရှိဘဲ ညှင်းဆဲခြင်းခံနေရသူ ဖြစ်ကြောင်း အိမ်မက်ပေးလေ၏။ မင်းကြီးကတော်သည်လည်းချက်ချင် ထ၍၊မင်းကြီးယခုတရားစီရင်နေသောသူမှာ သန့်ရှင်းသောသူဖြစ် ကြောင်း၊ ယေရှုအကြောင်းကို အိပ်မက်တွင်မြင်ရကြောင်း၊ ယင်းအိပ် မက်တွင် သူကိုယ်တိုင်များစွာဒုက္ခဆင်းရဲခံရကြောင်း၊ထို့ကြောင့်ယင်း သန့်ရှင်းသောသူအား မည်သို့မျှစီရင်ခြင်းမပြုရန် သတိပေးသောစာရေး ၍ မင်းလုလင် တစ်ယောက်သို့ ချက်ချင်းစေလွှတ် လိုက်ပါသည်။ မင်းလုလင်သည်လည်း လူအုပ်ကြီးကြားထဲသို့ အလျင်အမြန် တိုးဝင်ဖြတ် ကျော်ပြီးလျှင် ၎င်းစာကိုမင်းကြီးလက် ဝယ်သို့ရောက်အောင်အပ်လေ၏။ မင်းကြီးဖတ်၍ တုန်လှုပ်ချောက်ချားလျက် မျက်နှာတွင်သွေးမရှိ၊ ဖြူဖပ် ဖြူရော်ဖြစ်လေ၏။ ထို့ကြောင့် ခရစ်တော်အား သေဒဏ်ပေးခြင်းနှင့် ပတ်သတ်၍ မည်သို့မျှ ပါဝင်ဆောင်ရွက်ခြင်း ပြုမည်မဟုတ်ကြောင်း၊ အကယ်၍ယုဒလူများက ကိုယ်တော်၏အသွေးတော်ကိုတောင်းကြမည် ဆိုပါက သူမပါဝင်ဘဲကိုယ်တော်အားလွှတ်ရန် သူကိုယ်တိုင်ကြိုးစား ဆောင်ရွက်မည်ဖြစ်ကြောင်း ချက်ချင်းဆုံးဖြတ်လိုက်ပါသည်။

ယေရှုရှင်အား တရားစီရင်ရာတွင်လည်းကောင်း၊ ကိုယ်တော် အားပြစ်ဒဏ်ပေးရာတွင်လည်းကောင်း မိမိလုံးဝတာဝန်မယူလိုသော ကြောင့် ယေရှုရှလင်မြို့တွင်း၌ ယေရဒ်မင်းကြီးရှိနေကြောင်း၊ ပိလတ် မင်းကြီးသိရသောအခါ များစွာစိတ်သက်သာခြင်း ဖြစ်လေ၏။ ထိုကြောင့် ကိုယ်တော်နှင့်တကွကိုယ်တော်အား တရားစွဲဆိုသောသူများကိုဟေရဒ် မင်းထံသို့ချက်ချင်းပို့လိုက်လေ၏။ ယင်းမင်းကြီးမှာ အပြစ်ဒုစရိုက် အတွင်းလုံးဝနစ်မွန်းနေပြီးဖြစ်ပါသည်။ နှစ်ခြင်းဆရာယောဟန်အား ကွပ်မျက်ပြီးသည်နောက် သူ၏သြတ္တပ္ပစိတ် ညစ်ညမ်းနေသည်ကိုဖျောက်

ဖျက်၍မရနိုင်ဖြစ်နေပါသည်။ သို့ဖြစ်၍ ယေရှုရှင်၏အကြောင်းနှင့် ကိုယ်တော်၏အံ့ဩဖွယ်သောနိမိတ်လက္ခဏာများအကြောင်းကို ကြားသိရသောအခါ နှစ်ခြင်းဆရာယောဟန်သည် သေခြင်းမှထမြောက်လေပြီဟုသူထင်မှတ်၍ ကြောက်ရွံ့တုန်လှုပ်ခဲ့ပါသည်။ ထိုအချိန်တွင်ပိလတ်မင်းက ယေရှုရှင်အားသူ၏လက်တွင်းသို့ပေးအပ်လိုက်သောအခါ သူ၏တန်ခိုးအာဏာနှင့် ဆုံးဖြတ်တတ်သည့်စွမ်းအင်ကို ပိလတ်မင်းကြီးက အသိအမှတ်ပြုသည်ဟု သူသဘောပိုက်၏။ ထို့ကြောင့် သူတို့နှစ်ဦးသည် ယခင်ကမသင့်မြတ်ခဲ့ကြသော်လည်း ယခုမှစ၍ရင်းနှီးသောမိတ်ဆွေများဖြစ်သွားကြပါသည်။ ယေရှုရှင်အနေဖြင့်လည်း သူကျေနပ်မှုရလောက်အောင်နိမိတ်လက္ခဏာများပြလိမ့်မည်ဟု ဟေရုဒ်မင်းကြီးမျှော်လင့်သည့်အတွက် ယေရှုရှင်ကိုတွေ့သောအခါ ကျေနပ်သွားပါသည်။ သို့သော် ယေရှုရှင်အနေဖြင့် နိမိတ်လက္ခဏာပြခြင်းမှာ ကိုယ်ကိုကိုယ်ကယ်လွှတ်ရန်အတွက်မဟုတ်၊ အထူးအဆန်းသိလိုက်မြင်ချင်သူအတွက်လည်းမဟုတ်ပါ။ ကိုယ်တော်၏နိမိတ်လက္ခဏာပြနိုင်သော ဘုန်းတန်ခိုးတော်မှာ သူတစ်ပါးအားကယ်တင်ခြင်းပေးရန်အတွက်ဖြစ်၍ကိုယ်တိုင်ဘေးကင်းရေးအတွက်မဟုတ်ပါ။

ဟေရုဒ်မင်းမေးသည့် မြောက်မြားစွာသော မေးခွန်းများကို ရှင်ယေရှုဖြေကြားတော်မမူ။ အရှိန်အဟုန်ပြင်းစွာစွပ်စွဲပြစ်တင်နေသောရန်သူများကိုလည်း မည်သို့မျှချေပခြင်းမပြုမလုပ်ပါ။ သူ၏တန်ခိုးအာဏာကိုယေရှုရှင်ကကြောက်ရွံ့ပုံမပေါ်သောအခါ ဟေရုဒ်မင်းကြီး ဒေါသအမျက်ထွက်၍သူ၏စစ်သည်များကလည်း ဘုရားသခင်၏သားတော်ကိုပြောင်ကြလှောင်ကြ၏၊ ပြက်ရယ်ပြုကြ၏၊ ရန်းရင်းကြမ်းတမ်းသောစကားများကိုဆိုကြ၏။ ယင်းသို့ပင်ရှက်ကြောက်ဖွယ်ရာ ပြုမူကြသည်

တိုင်အောင် ယေရှုရှင်သည် မြတ်တော်မူသောပုံတော်ကိုဆောင်လျက် ဘုရားပကတိကဲ့သို့ရပ်တည်၍နေတော်မူသောကြောင့် ကိုယ်တော်အား ပြစ်ဒဏ်စီရင်ရမည်ကိုကြောက်လန့်သဖြင့် ပိလတ်မင်းထံသို့ပို့ပြန်လေ၏။

စာတန်နှင့်သူ၏တမန်များကလည်း ပိလတ်မင်းကြီးအနေဖြင့် ကိုယ်ကိုကိုယ်ပျက်စီးကြောင်း ဖန်တီးစေရန်နည်းမျိုးစုံဖြင့် ဖြားယောင်း နေကြပါသည်။ ယေရှုရှင်အားပြစ်ဒဏ်စီရင်ရာတွင် သူကိုယ်တိုင်မပါ ဝင်သည်တိုင်အောင် အခြားသောသူတို့ကမူကား စီရင်ကြတော့မည် ဖြစ်ကြောင်း၊ လူထုကြီးအနေဖြင့်လည်း ကိုယ်တော်၏အသွေးတော်ကို ဆာနေကြပြီဖြစ်ကြောင်း၊ ထို့ကြောင့်ကိုယ်တော်အားလက်ဝါးကပ်တိုင် ပေါ်တင်၍ကွပ်မျက်ရန်မပေးအပ်ပါက အယောင်အဆောင်သူကိုယုံကြည် သူဖြစ်သည်ဟုစွပ်စွဲလျက် သူ၏တန်ခိုးအာဏာနှင့်လောကီဂုဏ်အသရေ ကိုထိခိုက်အောင် ပြစ်တင်ပြောဆိုကြလိမ့်မည်ဖြစ်ကြောင်း စာတန်၏ တမန်များကပိလတ်မင်းအားအရိပ်အမြွက်မျိုးစုံပေးနေကြပါသည်။ သူ ၏တန်ခိုးအာဏာနှင့်ဂုဏ်သရေကို လက်လွှတ်ရမည်စိုးသောကြောင့် ပိလတ်မင်းသည်ယေရှုရှင်အား ကွပ်မျက်စေရန်သဘောတူခွင့်ပြုလိုက်ရ သော်လည်း ယေရှုရှင်၏အသွေးတော်ကိုမူကား၊ ကိုယ်တော်ကိုစွပ်စွဲ သူများ၏ခေါင်းပေါ်သို့တင်လိုက်ပါသည်။ လူထုပရိသတ်ကြီးကလည်း "သူ၏အသွေးသည်ငါတို့ခေါင်းပေါ်၌လည်းကောင်း၊ သားမြေးတို့၏ ခေါင်း၌လည်းကောင်း ထည်ရှိပါစေ" ဟုအောင်လစ်လက်ခံကြ၏။သို့ ပါလျက် ပိလတ်မင်းကြီး၏သြတ္တပ္ပစိတ်မကြည်လင်၊ ခရစ်တော်၏ အသွေးတော်အတွက်သူကိုယ်တိုင်အပြစ်သင့်နေပြီဟု သဘောရနေလေ ၏။ သူ၏ကိုယ်ကျိုးကိုငဲ့ကွက်လိုက်သည့်အတွက်ကြောင့်လည်းကောင်း၊ လောကီဆိုင်ရာလူအကြီးအကဲတို့၏ဂုဏ်ပြုချီးမြှောက်ခြင်းကိုရယူလိုသည့်

အတွက်ကြောင့်လည်းကောင်း အပြစ်ဒုစရိုက်နှင့်လုံးဝကင်းစင်သူ တစ်ဦးကိုအသေသတ်ရန် ခွင့်ပြုလိုက်ပါတော့သည်။ အကယ်၍ပိလတ်မင်းကြီးသည် ကိုယ့်အသိတရားနှင့်အညီ ဆောင်ရွက်ခဲ့မည်ဆိုပါက ယေရှုရှင်အားအပြစ်စီရင်ရာတွင် မည်သို့မျှပါဝင်ဆောင်ရွက်ခဲ့လိမ့်မည် မဟုတ်ပါ။

ယေရှုရှင်အား တရားစီရင်နေသည်ကို တွေ့မြင်ရသူများအနက် ကိုယ်တော်၏အမူအရာနှင့်စကားတော်များကို မိမိတို့၏စိတ်အာရုံများ၊ တွင် စွဲမြဲနေသူအများ ရှိခဲ့ပါသည်။ ယင်းသို့ဆွဲဆောင်မှု၏ အကျိုးသက်ရောက်မှုကို ကိုယ်တော် ထမြောက်တော်မူပြီး နောက်ပိုင်းတွင် ထင်ရှားစွာတွေ့ မြင်ရပါသည်။ ၎င်းအချိန်နောက်ပိုင်းတွင်မှအသင်းတော်သို့ထပ်လောင်းဝင်ရောက်လာသူအများအနက်ယေရှုရှင်အားတရာစီရင်ချိန်က အကျွတ်တရားရသူအများပါဝင်ပါသည်။

ယဒလူတို့အနေဖြင့် ထိုမျှလောက်ယေရှုရှင်အပေါ် ရက်စက်ကြလေအောင် စာတန်းကြိုးစားအားထုတ်သွေးဆောင် အောင်မြင်ခဲ့ပါသော်လည်း ယေရှုရှင်အနေဖြင့် တစိုးတမိမျှ ညည်းတွားမြည်တမ်းခြင်း၊ မပြုသောကြောင့် စာတန်းပြင်းစာအမျက်ထွက်လေ၏။ ကိုယ်တော်သည် လူသား၏ဇာတိကိုယူ တင်ဝတ်ဆောင်ထားသော်လည်း ဘုရားပကတိအတိုင်း သမာဓိခိုင်မြဲတည်ကြည်သည်ဖြစ်၍ ခမည်းတော်၏အလိုတော်နှင့် တစ်သဝေမတိမ်းလိုက်လျှောက်တော်မူ၏။

---ooo---

## ခရစ်တော်အားလက်ဝါးကပ်တိုင်ပေါ်တွင် ရိုက်ထားခြင်း

ဘုရားသခင်၏သားတော်အား လက်ဝါးကပ်တိုင်ပေါ်တွင် ရိုက်ထားရန် လူထုလက်သို့အပ်လိုက်ကြလေ၏။ သူတို့သည်လည်းအောင်မြင်သောကြွေးကြော်အော်သံများနှင့် ကယ်တင်ရှင်အားခေါ်ဆောင်သွားကြလေ၏။ ကိုယ်တော်သည်သူတို့၏နာကျင်စွာထိုးခြင်း၊ ရိုက်ပုတ်ခြင်းများကိုခံထားရသည့်အတွက်သွေးထွက်ယိုစီးခြင်းနှင့်နာကျင်ခြင်းဒဏ်ရာဒဏ်ချက်များကြောင့် ကိုယ်ပန်းလက်ပန်းကျ၍အားအင်ကုန်ခန်းပြီးလျှင်မေ့မြောသွားလေ၏။ သို့ပါလျက်မကြာမီအတွင်း ကိုယ်တော်အားတင်၍ ရိုက်ထားမည့် လေးလံသောလက်ဝါးကပ်တိုင်ကြီးကို ကိုယ်တိုင်ထမ်းရန် ကိုယ်တော်၏ပခုံးပေါ်သို့တင်လိုက်ကြပါသည်။ ကိုယ်တော်သည်လည်း ယင်းလေးလံလှသော ဝန်ထုပ်ဝန်ပိုးကြီး၏အောက်တွင် မေ့မြောနေပါသည်။ ကိုယ်တော်၏ပခုံးပေါ်သို့ ယင်းလက်ဝါးကပ်တိုင်ကြီးကို သုံးကြိမ်တိုင်အောင်ပင်မေ့မြောသွားခဲ့ပါသည်။ ထိုနောက်ကိုယ်တော်၏နောက်တော်သို့လိုက်လျှောက်ခဲ့သော်လည်း ခရစ်တော်အား ယုံကြည်ပါသည်ဟုပွင့်ပွင့်လင်းလင်းဝန်မခံသည့် တပည့်တော်တစ်ဦးအားဖမ်းဆီးလိုက်ကြပြီးလျှင် သူ၏ပခုံးပေါ်သို့ ကိုယ်တော်၏လက်ဝါးကပ်တိုင်ကို တင်လိုက်ကြပါသည်၊ ထိုသူသည်လည်း ကိုယ်တော်အားကွပ်မျက်မည့်နေရာသို့ရောက်သည်တိုင်အအောင် ကိုယ်တော်၏လက်ဝါးကပ်တိုင်ကိုထမ်းဆောင်သွားလေ၏။ ထိုအရပ်လေထဲတွင်ကောင်းကင်တိမ်အများအုပ်စုဖွဲ့၍ နေရာယူထားကြရပါသည်။ ကိုယ်တော်၏တပည့်နောက်လိုက်တစ်စုသည်လည်း ဝမ်းနည်းကြေကွဲစွာဖြင့် ပြင်းစွာ

ငိုကြွေးမြည်တမ်းကြလျက်ကရာနီကုန်းသို့ရောက်သည်တိုင်အောင် လိုက်ပို့ကြပါသည်။ ကိုယ်တော်သည်မကြာသောမီရက်အနည်းငယ် အတွင်းက မြည်းကလေးကိုစီး၍ယေရှုရှလင်မြို့တော်သို့အောင်မြင်စွာ ကြွချီတော်မူခဲ့ပုံ၊ သူတို့ကိုယ်တိုင်နောက်တော်မှလိုက်၍ အဝတ်များကို လမ်းပေါ်တွင်ခင်းကြပုံ၊ အချို့က လှပသောစွန်ပလွံခက်များကိုကိုင်လျက် လမ်းတစ်လျှောက်လုံးတွင် 'ကောင်းကင်ဘဝဂ်ဝယ်ဟောရှဏ္ဏာဖြစ်စေ သတည်း' ဟု ကြွေးကြော်ကြပုံများကို ယင်းသို့သူတို့လိုက်၍ပို့နေကြစဉ် သတိရကြ၏။ ထိုအချိန်က ကိုယ်တော်သည်လောကီဘုရင်ကြီးကဲ့သို့ ဣသရေလလူတို့အား အုပ်စိုးတော်မူရန် ထိုနိုင်ငံကိုသိမ်းယူတော်မူလိမ့် မည်ဟု သူတို့ထင်မှတ်ခဲ့ကြ၏။ယင်းမြင်းကွင်းနှင့်ယခုမြင်ကွင်းများသည် မည်မျှခြားနားလှပါသနည်း။ သူတို့၏မှန်းဆချက်အလဟဿဖြစ်လေပြီ တကား၊ ဝမ်းမြောက်ရွှင်မြူးခြင်းဖြင့်မဟုတ်၊ ဝမ်းသာစရာအတွက် မျှော်လင့်ချက်များဖြင့်လည်းမဟုတ်၊အရှက်တကွဲအကျိုးနည်းစွာရှုတ်ချ ခြင်းကိုခံရပြီး၍ သေလုဆဲဖြစ်နေသာကိုယ်တော်၏နောက်တော်သို့ ကြောက်ရွံ့ခြင်း၊ စိတ်ပျက်ခြင်း၊ ဝမ်းနည်းကြေကွဲခြင်းများဖြင့်လည်း ကောင်း၊လေးလံသောခြေလှမ်းမျာဖြင့်လည်းကောင်းလိုက်သွားကြ လေ၏။

ထိုအချိန်ကထိုနေရာတွင်ယေရှု၏မယ်တော်လည်းရှိနေပါသည်။ အလွန်ချစ်တတ်သောမိခင်တို့မှအပမည်သူမျှမသိနားမလည်နိုင်လောက် အောင်မယ်တော်ပူဆွေးဒုက္ခရောက်နေခဲ့ပါသည်။ သို့ပါလျက်ကိုယ်တော် သည် ထူးခြားသောဘုန်းတန်ခိုးတော်ကိုပြ၍ လူသတ်သမားတို့လက်မှ ကိုယ်ကိုကိုယ်လွတ်မြောက်စေလိမ့်မည်ဟု တပည့်တော်များနည်းတူ မယ်တော်ကလည်း မျှော်လင့်နေသေးပါ၏။ ကိုယ်တော်သည်လက်ဝါး

ကပ်တိုင်းပေါ်တွင်ရိုက်ထားခြင်းကိုခံတော်မူလိမ့်မည်ဟုမယ်တော်အနေ ဖြင့်စဉ်းစား၍မရနိုင်။ သို့သော်အားလုံး အဆင်သင့်ပြင်ဆင်ထားပြီး ဖြစ်သောကြောင့် ယေရှုရှင်အား လက်ဝါးကပ်တိုင်ပေါ်သို့ တင်လိုက် ကြ၏။ သံတူနှင့် သံများကိုလည်းယူခဲ့ကြလေပြီ။ တပည့်တော်တို့သည် လည်းစိတ်အားကုန်ခန်းကြလေပြီ။ ယေရှု၏မယ်တော်သည်လည်းပြင်း စွာသောပူဆွေးဒုက္ခကိုခံရသဖြင့် ခေါင်းမထူနိုင်တော့ပေ။ ကယ်တင်ရှင် ၏လက်ဖဝါးခြေဖဝါးများအား ပျော့ပျောင်းသောကြွက်သားနှင့်အရိုး များအကြားမှသံချွန်ကြီးများနှင့်ကပ်တိုင်ပေါ်တွင်ရိုက်ကြတော့မည့်စူးရှ သောတူသံကိုမကြားစေလိုသောကြောင့်တပည့်တော်များက မယ်တော် အား ယင်းမြင်ကွင်းမှဝေးရာသို့ခေါ်ဆောင်သွားကြလေ၏။ ယေရှုရှင် အနေဖြင့် မကျေနပ်သည့်အမူအရာဖြင့်မြည်တမ်းခြင်းမပြုပါ။ သို့သော် ပြင်းစွာနာကျင်သည့်အတွက် ညည်းတော်မူ၏။ မျက်နှာတော်သည်ဖြူ ဖပ်ဖြူရော်ဖြစ်၍ ချွေးသီးချွေးပေါက်ကြီးများမျက်ခုံးပေါ်မှစီးဆင်း လေ၏။ ဘုရားသခင်၏သားတော်ခံစားနေရသည့် ဒုက္ခဝေဒနာကို စာတန်မြင်ရသောအခါ အထူးရွှင်မြူးကြည်နူးခဲ့သော်လည်း ကယ်တင် ခြင်းစီမံကိန်းကြီးပျက်စီးအောင် အားသွန်ခွန်စိုက် သူကြိုးပမ်းခဲ့သမျှ အလဟဿဖြစ်လေပြီ၊ သူ၏တိုင်းနိုင်ငံကိုလည်းဆုံးရှုံးလေပြီ၊ သူကိုယ်တိုင် သည်လည်း နောက်ဆုံးတွင် ဖျက်ဆီးသုတ်သင်ခြင်းခံရတော့မည်ဟု ကြောက်ရွံ့တုန်လှုပ်ခြင်းသို့ရောက်လေ၏။

ယေရှုရှင်အားကပ်တိုင်ပေါ်တွင်ရိုက်ထားပြီးကြသောအခါ ကပ် တိုင်ကိုမြှောက်ထောင်လျက် အသင့်ပြင်ဆင်ထားသည့်တွင်းကြီးထဲသို့ အရှိန်ပြင်းစွာဆောင့်ချလိုက်ကြပါသည်။ ထိုအခါအသားတော်များစုတ် ပြတ်သဖြင့် ပြင်းစွာသောဝေဒနာကိုခံတော်မူ၏။ ယေရှုရှင်အသေခံ

တော်မူရာတွင် ပို၍ရှက်ဖွယ်ဖြစ်စေရန်သူခိုးဓါးပြကြီးနှစ်ယောက်ကိုလည်း ကိုယ်တော်၏ လက်ယာနှင့်လက်ဝဲတွင်ရံစေလျက် လက်ဝါးကပ်တိုင် အသီးသီးမှာရိုက်ထားကြ၏။ ယင်းလူဆိုးကြီးများအားအနိုင်အထက် ဆွဲယူထားကြပြီးလျှင် ကပ်တိုင်ပေါ်သို့တင်ရာ၌ ရုန်းကန်တွန်းလှန်ခုခံ ကြသဖြင့် သူတို့၏လက်မောင်းများကိုချုပ်နှော်၍ ရိုက်ထားရကြ၏။ သို့သော် ယေရှုရှင်မူကားနူးညံ့သိမ်မွေ့ စွာခံနေတော်မူ၏။ ကိုယ်တော် ၏လက်မောင်းများကို ချုပ်ကိုင်ထားရန်မလိုပါ။ ကွပ်မျက်သူများအား သူခိုးဓါးပြကြီးများက ကျိန်ဆဲနေကြစဉ်၊ ကယ်တင်ရှင်မှာလည်းပြင်း စွာသောဒုက္ခဝေဒနာကိုခံစား၍နေရစဉ် "အိုအဘ၊ သူတို့၏အပြစ်ကို လွှတ်တော်မူပါ၊သူတို့သည်ကိုယ်ပြုသောအမှုကိုမသိကြ၊"ဟုရန်သူတို့ အတွက် ခမည်းတော်ထံအသနားခံတော်မူ၏။ ခရစ်တော်သည်ခန္ဓာ ကိုယ်အားဖြင့်သာ ဒုက္ခဝေဒနာကိုခံရတော်မူသည်မဟုတ်၊ ဤကမ္ဘာ လောကကြီးတစ်ခုလုံး၏အပြစ်ဒုစရိုက်အလုံးစုံတို့သည်လည်းကိုယ်တော် ၏အပေါ်သို့ကျရောက်သဖြင့် ပြင်းပြစွာခံစားရတော်မူ၏။

ယေရှုရှင်သည်လက်ဝါးကယ်တိုင်ပေါ်တွင် ရိုက်ထားခြင်းကိုခံ စားနေရစဉ် လမ်း၌ဖြတ်သွားသူအချို့က ပြောင်လှောင်ခြင်း၊ ပြစ်တင် ခြင်း၊ ခေါင်းချခြင်းများပြုကြ၏။ အချို့ကမူ ဘုရင်တစ်ပါးအားအရို အသေပြုသကဲ့သို့ဦးညွှတ်လျက် " ဗိမာန်တော်ဖြိုဖျက်၍ သုံးရက်အတွင်း တွင်တည်ဆောက်ပြန်သောသူ ကိုယ်ကိုကိုယ်ကယ်တင်လော့။ ဘုရား သခင်၏သားတော်မှန်လျှင် လက်ဝါးကပ်တိုင်မှဆင်းလော့" ဟု သရော် ကြ၏၊စာတန်သည်လည်း ခရစ်တော်အား တောကြီးကန္တာရအတွင်း စုံစမ်းနှောင့်ယှက်ခဲ့စဉ်က ယင်းစကားလုံးများအတိုင်း "ဘုရားသခင်

၏သားတော်မှန်လျှင်'' ဟုပင် အသုံးပြုခဲ့ပါသည်။ ယဇ်ပုရောဟိတ် အကြီး၊ ကျမ်းပြုဆရာ၊ လူအကြီးအကဲများကလည်း ''ဤသူသည်သူတစ်ပါးတို့ကိုကယ်တင်တတ်၏၊ ကိုယ်ကိုမကယ်နိုင်ပါတကား။ ဣသရေလ ရှင်ဘုရင်မှန်လျှင် လက်ဝါးကပ်တိုင်မှ ယခုဆင်းပါလေစေ၊ ဆင်းလျှင် ငါတို့ယုံကြည်မည်'' ဟု ပြောင်ကြလှောင်ကြ၏။ '' ဘုရားသခင်၏သားတော်မှန်လျှင် ကိုယ်ကိုကိုယ် ကယ်တင်ပါလေစေ''ဟု အရာရှိများက ပြက်ရယ်ပြုကြသောအခါ ကိုယ်တော်အား လက်ဝါးကပ်တိုင်ပေါ်တွင် ရိုက်ထားခြင်း ခံရသည့်နေရာ၌ တဝဲလည်လည် ပျံသန်းနေကြသော ကောင်းကင်တမန်များမခံမရပ်နိုင်ဖြစ်ကြ၏။ ထိုနေရာတွင်ယေရှုရှင်အား သူတို့တစ်ခါတည်းကယ်လွှတ်လိုက်ကြသော်လည်းယင်းသို့ပြုရန်သူတို့၌ အခွင့်မရှိ၊ ကိုယ်တော်၏အမှုတော်ဆုံးခန်းတိုင်မရောက်သေးပါ။

ယေရှုရှင်သည်အချိန်နာရီကြာမြင့်စွာဒုက္ခဝေဒနာကိုခံစားလျက် ကပ်တိုင်ပေါ်၌ရိုက်ထားခြင်းကိုခံနေရစဉ် မယ်တော်အား မေ့တော်မမူပါ။ မယ်တော်ကလည်းသားတော်နှင့်ကြာမြင့်စွာခွဲခွာ၍မနေနိုင်သောကြောင့်၊ ယင်းကြောက်မက်ဖွယ်ကောင်းသာနေရာ၊ ရင်ဖိုစရာအရပ်သို့ပင်ပြန်၍ရောက်နေပါသည်။ ကိုယ်တော်၏နောက်ဆုံးဩဝါဒတစ်ရပ်မှာ လူသားအချင်းချင်းကြင်နာခြင်းရှိကြ၍ မေတ္တာကရုဏာတရားပွားများကြရန်အတွက်ဖြစ်ပါသည်။ ကိုယ်တော်သည်ဝမ်းနည်းကြေကွဲနေသောမယ်တော်၏မျက်နှာကို ကြည့်တော်မူပြီးလျှင် ချစ်တော်မူသောတပည်တော်ကိုလည်း ကြည့်တော်မူပြန်လေ၏။ ထိုနောက် မယ်တော်အား ''အချင်းမိန်းမ သင်၏သားကိုကြည့်ပါ '' ဟူ၍လည်းကောင်း၊ တပည့်တော်ရှင်ယောဟန်အား '' သင်၏အမိကိုကြည့်ပ '' ဟူ၍လည်း

ကောင်းအသီးသီးမှာကြားတော်မူ၏။ ထိုအချိန်မှစ၍ ရှင်ယောဟန်သည်မယ်တော်အားမိမိအိမ်၌စောင့်ရှောက်ထားလေ၏။

ယေရှုသည် ပြင်းစွာသောဒုက္ခဝေဒနာကိုခံစားရသည့်အတွက်ရေငတ်တော်မူ၏။ ထိုအခါသူတို့သည်ကိုယ်တော်အား ပုံးရည်နှင့်ခါးသောအရည်ကိုတိုက်ကြ၏။ သို့သော် မြည်းစမ်းပြီးလျှင် မသောက်ဘဲနေတော်မူ၏။ ကောင်းကင်တမန်များသည် သူတို့၏ဘုရင်ကြီး ပြင်းပြစွာဝေဒနာခံစားနေရပုံကိုမကြည့်နိုင်ကြသည့်အဆုံးတွင်သူတို့၏မျက်နှာများကိုဖုံးအုပ်ထားလိုက်ကြပါတော့၏။ နေကလည်း ယင်းအရုပ်ဆိုးသောမြင်ကွင်းကိုမကြည့်ရက်။ ထိုအခါယေရှုရှင်က "အမှုပြီးပြီ "ဟုကျယ်သောအသံနှင့်မိန့်တော်မူသည်ကို လူသတ်သမားတို့ကြားရသောအခါ ကြောက်ရွံ့တုန်လှုပ်ကြ၏။ ထိုအချိန်တွင် ဗိမာန်တော်၌ရှိသောကန့်လန့်ကာသည်အထက်စွန်းမှအောက်စွန်းသို့တိုင်အောင် နှစ်ဖြာကွဲလေ၏။ မြေငလျင်လှုပ်လေ၏။ ကျောက်များ ထက်ခြမ်းကွဲကြလေ။ မြေတစ်ပြင်လုံး၌လည်းမှောင်အတိဖြစ်လေ၏။ ယေရှုရှင်အသက်စွန့်တော်မူသောအခါ တပည့်တော်များလုံးဝမျှော်ကိုးစရာမရှိတော့သည့်အခြေသို့ဆိုက်ရောက်၏။ ကိုယ်တော်ရှင်ခံစားတော်မူရသော ဒုက္ခဆင်းရဲခြင်းများနှင့်ရက်ရက်စက်စက် ကွပ်မျက်ခြင်းခံရပုံတို့ကို ကိုယ်တော်၏တပည့်တော်အများစုံမျက်မြင်ကိုယ်တွေ့ဖြစ်ကြသည့်အတွက်သူတို့၏ဝမ်းနည်းခြင်းခွက်ဖလားမှာပြည့်လျှံ လျက်ရှိပါသည်။

ထိုအချိန်တွင်စာတန်သည် ယခင် ရွှင်မြူးဝမ်းမြောက်ခံသည်နည်းတူ မရွှင်မြူးနိုင်တော့ပါ။ ကယ်တင်ခြင်းစီမံကိန်းကြီးကိုဖျက်ဆီးနိုင်လိမ့်မည်ဟု သူမျှော်လင့်ခဲ့သော်လည်း အခြေခိုင်မြဲလွန်းသည်ဖြစ်၍သူမတက်နိုင်ပါ။ ယခုတွင်ခရစ်တော်အသေခံတော်မူပြီးဖြစ်၍ နောက်

ဆုံးတွင် သူကိုယ်တိုင်အဆုံးစီရင်ခြင်းခံရတော့မည်ဖြစ်ကြောင်း၊ သူ၏ နိုင်ငံကိုလည်း ခရစ်တော်၏ လက်ဝယ်သို့ ပေးအပ်ရတော့်မည်ဖြစ်ကြောင်း သူသိလေပြီ။ ထို့ကြောင့် မည်သည့်နည်းပရိယာယ်နှင့်မျှ ခရစ်တော်၏တန်ခိုးတော်ကို သူတို့အနိုင်မရခဲ့သောကြောင့် သူတို့၏ တန်ခိုးခွန်အားနှင့်ပါးနပ်ပုံများကို နှစ်ဆတိုး၍ ကိုယ်တော်၏နောက်လိုက်တပည့်များဘက်ဦးလှည့်ကြရန် မိမိ၏တမန်များနှင့်တိုင်ပင်၍ ဆုံးဖြတ်ချက်ချလိုက်ကြလေ၏။ ယေရှုရှင်၏အသွေးတော်ဖြင့် ဝယ်ယူပြီးသောကယ်တင်ခြင်းကိုလက်မခံကြရန် တတ်နိုင်သမျှကာကွယ်ဟန့်တားရမည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့်စာတန်သည်ဘုရားရှင်စိုးမိုးအုပ်ချုပ်တော်မူခြင်းကို ဆက်လက်၍အတိုက်အခံပြုနေနိုင်ပါသေး၏။ ခရစ်တော်နှင့် တွေ့ထိသူနည်းနိုင်သမျှရှားပါလေအောင် ကြိုးစားဆောင်ရွက်ခြင်းမှာလည်း သူ၏ကိုယ်ကျိုးအတွက်ပင်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ခရစ်တော်၏အသွေးတော်အားဖြင့် ရွေးနုတ်ကယ်တင်ထားပြီးသောသူအပေါင်းတို့၏ အပြစ်ဒုစရိုက်မှန်သမျှသည် နောက်ဆုံးတွင် ယင်းအပြစ်ဒုစရိုက်ကိုအစပြုခဲ့သူ စာတန်၏ခေါင်းပေါ်သို့ ကျရောက်ပေးလိမ့်မည်။ ထိုသူတို့ခံရမည်ပြစ်ဒဏ်များကိုလည်း သူပင်ခံရလိမ်မည်၊ ယေရှုခရစ်အားဖြင့် ကယ်တင်ခြင်းမခံမယူသောသူများအနေဖြင့်မူကား ကိုယ်ပြုသောအပြစ်အတွက်ပြစ်ဒဏ်ကို ကိုယ်တိုင်ခံရကြပေလိမ့်မည်။

ခရစ်တော်၏အသက်တာတွင် လောကီစည်းစိမ်ဥစ္စာ၊ လောကီဂုဏ်အသရေမှအစ လောကီရေးရာမှန်သမျှနှင့်ကင်းဝေပါ၏။ ကိုယ်တော်၏နှိမ့်ချခြင်း၊ကိုယ့်ကျိုးစွန့်၍ အနစ်နာခံခြင်းများမှာ ယဇ်ပုရောဟိတ်မင်းများနှင့် လူအကြီးအကဲတို့၏ ကိုယ်ကျိုးကိုယ်စည်းပွားလိုလားမှု၊ မာန်မာနထောင်လွှားမှုများနှင့်နှိုင်းစားပါက သိသိသာသာကွာဟ

လှပါ၏။ ကိုယ်တော်၏သန့်စင်ပီပြင်သောအသက်တာ၊ အစွန်းအကွက်တစ်စုံတစ်ရာမရှိသောအသက်တာက သူတို့၏အပြစ်ဒုစရိုက်များကိုအမြဲတစေဖေါ်ပြ၍ဆုံးမနေခဲ့ပါသည်။ ကိုယ်တော်၏နှိမ်ချခြင်း၊ သန့်ရှင်းခြင်း၊နှင့်အပြစ်နှင့်ကင်းစင်ခြင်းများကို သူတို့မထီမဲ့မြင်ပြုကြ၏ သို့သော်ဤလောကတွင်ကိုယ်တော်အားမထီမဲ့မြင်ပြုခဲ့သောသူများသည်တစ်နေ့သောအခါ ကိုယ်တော်၏မြင့်မြတ်တော်မူပုံ၊ ခမည်းတော်နှင့်နည်းတူ ထူးကဲစွာဘုန်းကြီးတော်မူပုံများကို ဖူးမြင်ရကြပေလိမ့်မည်။

တရားစီရင်ရာခန်းမဆောင်တွင် ကိုယ်တော်သည် သွေးဆာနေသောရန်သူတို့ဝိုင်းထားခြင်းကိုခံနေခဲ့ရပါသည်။ သို့သော်လူတို့၏စိတ်နှစ်လုံးခိုင်မာသောကြောင့် "သူ၏အသွေးသည် ငါတို့၏ခေါင်းပေါ်၌လည်းကောင်း၊ သားမြေးတို့၏ခေါင်းပေါ်၌လည်းကောင်း တည်ရှိပါစေ" ဟုအောင်ဟစ်ကြွေးကြော်သူများအနေဖြင့် ကိုယ်တော်သည်ဂုဏ်ပြုခံရသောဘုရင်ကြီးဖြစ်နေကြောင်း ဖူးတွေ့ကြရပေလိမ့်မည်၊အသေသတ်ခြင်းကိုခံပြီးသော်လည်း အသက်ရှင်ပြန်တော်မူသောအရှင်၊ဘုန်းကြီးတော်မူသောအရှင်ကြွတော်မူရာလမ်းခရီးတွင် ကောင်းကင်ဗိုလ်ခြေအပေါင်းတို့သည် အောင်မြင်တော်မူကြောင်းကိုလည်းကောင်း၊ ဘုန်းကြီးတော်မူကြောင်းကိုလည်းကောင်း၊ ဂုဏ်ပြုသီဆိုလျက် ကိုယ်တော်အားဝန်းရံကာလိုက်ပါလာကြပေလိမ့်မည်။

အားနည်းသော၊ အရည်အချင်းမရှိသော ၊ ငြိုငြင်သောလူကဘုန်းကြီးတော်မူသော ရှင်ဘုရင်ကြီး၏မျက်နှာတော်ကို တံတွေးနှင့်ထွေးလိုက်သောအခါယင်းသို့ဂုဏ်အသရေယုတ်လေအောင်မဖွယ်မရာ

ပြုလုပ်သည့်အတွက်ရှုန်းရင်းခတ်လူအုပ်ကြီးက ရက်ရက်စက်စက် အော်ဟစ်၍သြဘာသံ၊ငြာသံပေးလိုက်ကြပါသည်။ ကောင်းကင် ဗိုလ်ခြေအားလုံးကရိုသေမြတ်နိုး၍ အထွက်အမြတ်ထားသော မျက်နှာ တော်ကို သူတို့ကရက်စက်စွာရိုက်ပုတ်ထိုးကြိတ်၍ ပုံပျက်ပန်းပျက် ဖြစ်စေကြ၏။ ထိုမျက်နှာတော်သည် မွန်းတည့်နေပမာ ထွန်းတောက် လျက်ရှိပုံကို သူတို့တစ်ဖန်ပြန်၍ ဖူးမြင်ရကြလိမ့်ဦးမည်ဖြစ်ရာ အထံ တော်မှ ထွက်ပြေးတိမ်းရှောင်ရန်ကြိုးပမ်းကြပေလိမ့်မည်။ ထိုအခါ ယခင်ကရက်ရက်စက်စက်အော်ဟစ်၍ သြဘာသံ၊ ငြာသံပေးခဲ့ကြသကဲ့ သို့မဟုတ်ဘဲ ကိုယ်တော်ကြောင့် သူတို့ငိုကြွေးမြည်တမ်းကြလိမ့်မည်။

ယေရှုရှင်သည် လက်ဝါးကပ်တိုင်ပေါ်တွင်ရိုက်ထားခြင်းခံရသည့် အတွက်ရရှိထားသော လက်တော်မှသံချက်ရာများကို ပြတော်မူလိမ့်မည်။ ယင်းသို့ရက်စက်ခဲ့သည့်အမှတ်အသားများကို ကိုယ်တော်သည်ထာဝရ ကာလပတ်လုံးယူဆောင်ထားတော်မူလိမ့်မည်။ သံချက်ရာအားလုံးက လူသားအားအံ့သြဖွယ်ရာရွေးနုတ်တော်မူခဲ့ပုံ၊ တန်ဖိုးကြီးစွာပေး၍ ဝယ်ယူတော်မူခဲ့ပုံအကြောင်းစုံကို ထာဝစဉ်ပြောကြား၍နေပေလိမ့်မည်။ အသက်ပေးနိုင်သော အရှင်၏နံပါးတော်ကို လှံတံနှင့်ထိုးသူများကိုယ်တိုင် ထိုဒဏ်ရာဒဏ်ချက်တော်တို့ကို တွေ့မြင်ရကြပေလိမ့်မည်။ ယင်းသို့ ကိုယ်တော်၏ခန္ဓာကိုယ်အား ပုံပျက်ပန်းပျက်ဖြစ်အောင် သူတို့ပါဝင် ဆောင်ရွက်ခဲ့ကြသည့်အတွက် ပြင်းပြစွာစိတ်ဒုက္ခရောက်၍ သူတို့ပါဝင် ဆောင်ရွက်ခဲ့ကြသည့်အတွက် ပြင်းပြစွာစိတ်ဒုက္ခရောက်၍ ငိုကြွေး ကြလိမ့်မည်။

ကိုယ်တော်၏ခေါင်းတော်အထက်မှ လက်ဝါးကပ်တိုင်ထိပ်တွင် “ယုဒရှင်ဘုရင်” ဟုကမ္ပည်းတပ်ထားသည်ကိုလူသတ်သမားများအထူး စိတ်ဆိုးခဲ့ကြ၏။ သို့သော် ကိုယ်တော်သည် ဘုန်းတန်ခိုးအားနဘော်ကို

ဆောင်သည့် ဘုရင်မင်းမြတ်ကြီးအဖြစ် ပေါ်ထွန်းတော်မူသောအခါမတိမ်း မရှောင်နိုင်ဘဲ သူတို့ဖူးတွေ့ရကြပေလိမ့်မည်။ "ဘုရင်တို့၏ဘုရင်၊ သခင်တို့၏သခင်"ဟု ကိုယ်တော်၏ဘွဲ့နာမတော်ကို အဝတ်တော်၌ လည်းကောင်း၊ ပေါင်တော်၌လည်းကောင်း အက္ခရာတင်ထားသည်ကို ထိုအခါ သူတို့ထင်ထင်ရှားရှားဖူးမြင်ရကြလိမ့်မည်။ ကိုယ်တော်အား လက်ဝါးကပ်တိုင်ပေါ်တွင်ရိုက်ထားစဉ်က " ငါတို့မြင်၍ယုံကြည်စေခြင်း ငှါ၊ ဣသရေလရှင်ဘုရင်တည်းဟူသော ခရစ်တော်သည်လက်ဝါးကပ် တိုင်မှ ယခုဆင်းလာပါစေ" ဟု သူတို့ပြောင်လှောင် အော်ဟစ်ခဲ့ကြ ၏။ထိုအခါကိုယ်တော်သည် ဘုရင်မင်းမြတ်ကြီး၏ အာဏာတန်ခိုး တော်နှင့်ပြည့်စုံကြောင်း သူတို့ဖူးမြင်ရကြလိမ့်မည်။ ထိုအခါဣသရေလ ရှင်ဘုရင်ဖြစ်ကြောင်း သူတို့အထောက်အထား တောင်းကြတော့မည် မဟုတ်။သို့သော် ကိုယ်တော်၏ မြင့်မြတ်တော်မူပုံ၊ ထူးကဲစွာ ဘုန်းတန် ခိုးအာနုဘော် ကြီးပုံများကို သူတို့ဖူးတွေ့ရကြသောအခါ ကိုယ်ကိုကိုယ် မချုပ်တည်းနိုင်ကြတော့ဘဲ "ထာဝရဘုရားရှင်၏အခွင့်နှင့် ကြွလာတော်မူ သောသူသည် မင်္ဂလာရှိစေသတည်း" ဟု အသိအမှတ်ပြု၍ကြွေးကြော် ကြလိမ့်မည်။

မြေငလျင်လှုပ်ခြင်း၊ ဗကျောက်တောင်များပြိုကွဲခြင်း၊ မြေတစ်ပြင် လုံး၌ မှောင်အတိကျခြင်းနှင့်တကွ "အမှုပြီးပြီ " ဟု ကိုယ်တော်အသက် အစွန့်တော်မူချိန်တွင် ကျယ်သောအသံဖြင့် အတိအလင်း မိန့်တော်မူသည့် အတွက် ကိုယ်တော်၏ရန်သူများ စိတ်ဒုက္ခရောက်ကြ၏၊ ကိုယ်တော်ကို ကွပ်မျက်သောသူများ တုန်လှုပ်ချောက်ချားကြ၏။ ယင်းထူးခြားသည့် အတိတ်နိမိတ်များကြောင့် တပည့်တော်များအံ့အားသင့်ကြ၏၊ သို့သော် သူတို့အတွက်မျှော်လင့်ချက် လုံးဝမရှိတော့ပြီတကား။ သူတို့ကိုလည်း

ယုဒလူတို့ကရှာဖွေသတ်ဖြတ်ကြတော့မည်ဟု စိုးရိမ်မကင်းဖြစ်နေကြ ၏၊ ဘုရားသခင်၏သားတော်အပေါ် ထိုမျှလောက် မုန်းတီးကြသည့် အတွက် ကိုယ်တော်နှင့်ပင် အဆုံးသတ်လိမ့်မည်မဟုတ်သူတို့တထစ် ချမှတ်ယူနေကြ၏။ စိတ်ပျက်အားလျော့ကြသည့်အတွက် ဆိတ်ငြိမ် ရာတွင်ငိုကြွေးကြ၏။ ယေရှုရှင်သည် လောကီဘုရင်အဖြစ်နှင့် အုပ်စိုး တော်မူလိမ့်မည်ဟု သူတို့မျှော်လင့်ထားခဲ့ကြ၏။ သို့သော် ယခုအခါ သူတို့၏မျှော်လင့်ချက်များမှာ ကိုယ်တော်နှင့်အတူ သေဆုံးကြလေပြီ။သူတို့ ဝမ်းနည်းစိတ်ပျက် နေကြသည့်အလျောက် ကိုယ်တော်သည်သူတို့အား လှည့်စားခြင်း ပြုလေသလောဟုပင် သံသယဖြစ်ကြ၏။ကိုယ်တော်၏ မယ်တော်ပင်လျှင် ကိုယ်တော်သည် မေရှိယအရှင် ဟုတ်မဟုတ် ဇဝေ ဇဝါဖြစ်ခဲ့၏။ တပည့်တော်များသည် ယေရှုရှင်အပေါ်သူတို့၏ယုံကြည် ခြင်းနှင့်ပတ်သက်၍ စိတ်ပျက်ရကြသော်လည်း သူတို့၏အရှင်သခင်ကို သူတို့ရှိသေမြတ်နိုးကြပါသည်။ ထို့ကြောင့်ကိုယ်တော်၏အလောင်း တော်ကို ဂုဏ်ရှိရှိ၊ အသရေရှိရှိ၊ တင့်တင့်တယ်တယ်သဂြိုလ်လိုကြပါ သည်။ သို့သော်ယင်းအလောင်းတော်ကိုမည်သို့မည်ပုံရယူကြပါမည် နည်း။ အရိမသဲမြို့သားယောသပ်သည် ဥစ္စာပစ္စည်းကြွယ်ဝသော သူဖြစ်၏။ ယုဒလူတို့တွင်ဩဇာတိက္ကမရှိသောအတိုင်ပင်ခံအရာရှိတစ်ဦး လည်းဖြစ်၏။ ယေရှုရှင်၏တပည့်အစစ်အမှန်လည်းဖြစ်၏။ ထိုသူ သည်ပိလတ်မင်းထံသို့ တိုးတိုးတိတ်တိတ်သွားပြီလျှင် ကယ်တင်ရှင် ၏အလောင်းတော်ကိုရဲရဲဝံ့ဝံ့တောင်းယူလေ၏။ ယုဒလူများကမုန်းတီးကြ သည့်အတွက် အများသိအောင်အထင်အရှားမသွားဝံ့ခဲ့ပါ။ ခရစ်တော်၏ အလောင်းတော် ခေါင်းချနာရေးနေတော်မူရန်အတွက် တင့်တယ်သော နေရာတစ်ခုရရှိရေးတွင် ယုဒလူများကအနှောင့်အယှက်ပေးကန့်ကွက်

ကြမည်ကို တပည့်တော်များကြောင့်ကြနေကြပါသည်။ ပိလတ်မင်း ခွင့်ပြုလိုက်သည့်အတွက် တပည့်တော်များသည် ခရစ်တော်၏ သက်မဲ့ ခန္ဓာကိုယ်အား လက်ဝါးကပ်တိုင်ပေါ်မှချကြစဉ် မျှော်လင့်ခဲ့သမျှသဲရေကျဖြစ်လေပြီဟု ပြင်းစွာပူဆွေးဒုက္ခရောက်ကြ၏၊ လွမ်းဆွတ်တသကြ၏။အလောင်းတော်ကိုပိတ်ဖြူနှင့်ရစ်ပတ်ပြီးလျှင် ယောသပ်၏သင်္ချိုင်းဂူသစ်တွင်ထည့်ထားလိုက်ကြလေ၏။

ရန်သူများ ကိုယ်တော်၏အလောင်းတော်ကို ခိုးယူသွားမည်စိုးသောကြောင့် ကိုယ်တော်အသက်ရှင်တော်မူစဉ်ကကိုယ်တော်၏နောက်တော်သို့ သစ္စာရှိစွာဖြင့်လည်းကောင်း၊ စိတ်နှလုံးနှိမ့်ချစွာဖြင့်လည်းကောင်း လိုက်လျှောက်ကြသည့် အမျိုးသမီးတပည့်တော်များသည် ကိုယ်တော်၏ အလောင်းတော်ကို ဂူတွင်းသို့ ထည့်သွင်းပြီးသည့်တိုင်အောင်စောင့်၍ ကြည့်နေကြ၏။ ထိုနောက် သင်္ချိုင်းဂူဝကိုလေးလံသောကျောက်တုံးကြီးနှင့်ပိတ်ဆို့ပြီးသည်ကိုတွေ့မြင်ပြီးမှပြန်သွားကြပါသည်။ သူတို့အနေဖြင့် ယင်းသို့ကြောက်ရွံ့စရာမလိုပါ။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်နားနေတော်မူသည့်အရပ်ဝန်းကျင်တွင် ကောင်းကင်ဗိုလ်ခြေတို့သည် ပြောမပြနိုင်လောက်အောင် စိတ်ဝင်စားစွာဖြင့်စောင့်ကြပ်ရင်း ဘုန်းတော်ရှင်ဘုရင်ကြီးအားအကျဉ်းထောင်မှ လွှတ်တော်မူရာတွင် မိမိတို့ပါဝင်ထမ်းဆောင်ရမည့်တာဝန်အသီးသီးအတွက် အမိန့်တော်ကို စိတ်ရောကိုယ်ပါငံ့မျှော်၍နေကြပါသည်။

ခရစ်တော်ကိုကွပ်မျက်သောသူတို့ကမူကား ကိုယ်တော်သည် အသက်ရှင်ပြန်၍လွတ်မြောက်သွားမည်ကိုစိုးရိမ်နေကြပါသည်။ ထို့ကြောင့်သုံးရက်မြောက်သောနေ့တိုင်အောင် ကိုယ်တော်၏သင်္ချိုင်းဂူကိုအစောင့်တပ်ချထားရန်ပိလတ်မင်းအားတောင်းလျှောက်ကြပါသည်။

သို့မဟုတ်ပါက ကိုယ်တော်၏တပည့်တော်များခိုးယူသွားကြပြီးလျှင် ကိုယ်တော်သည် သေခြင်းမှထမြောက်တော်မူပြီဟုပြောကြမည်ဟုစိုးသော ကြောင့်ယင်းသို့ တောင်းလျှောက်ကြသည့်အတိုင်း အစောင့်တပ်ချထား ရန်သဘောတူခွင့်ပြုလျက် သင်္ချိုင်းဂူဝကို တံဆိပ်ခတ်ထားလိုက်ပါသည်။

---ooo---

ခရစ်တော်ထမြောက်တော်မူခြင်း

ဘုန်းတော်ရှင်ဘုရင်ကြီးသည်ယေရှု သင်္ချိုင်းအတွင်း ဆိတ်ငြိမ်စွာ အိပ်စက်နေတော်မူစဉ် ဥပုသ်နေ့၌တပည့်တော်များနားနေကြရင်းသူတို့ အရှင်အတွက်ဝမ်းနည်းကြေကွဲနေကြပါသည်။ ညနေချမ်းအချိန်ရောက် လာသောအခါ ကယ်တင်ရှင်နားနေတော်မူသောနေရာကို လူတို့မျက်စိ ဖြင့်မတွေ့မမြင်ရသည့် ကောင်းကင်တမန်များလေထဲတွင် တဝဲလည် လည်ပျံသန်း၍ စောင့်ကြပ်ပါနေကြပါသည်။ ည၌အချိန်သည်လည်း တဖြည်းဖြည်းကုန်လွန်ခဲ့လေပြီ၊ သူတို့ရှိသေမြတ်နိုးသောဘုရင်ကြီးဖြစ် တော်မူသောဘုရားသခင်၏တစ်ပါးတည်းသောသားတော်အား လွတ်မြောက်ခွင့်ပေးရန် အချိန်နီးပြီဖြစ်ကြောင်း၊ အလင်းရောင်မပေါ်မီ တွင်ပင် စောင့်ကြပ်နေသောကောင်းကင်တမန်တို့သိကြ၏။ ယင်းသို့ ကိုယ်တော်အောင်မြင်စွာထမြောက်တော်မူမည့်အချိန်ကို သူတို့စိတ်စော လျက် စောင့်မျှော်နေကြစဉ် ကောင်းကင်မှတန်ခိုးကြီးသောကောင်းကင် တမန်တစ်ပါး လျင်စွာသောအရှိန်အဟုန်ဖြင့်ပျံဆင်းလာသည်ကိုတွေ့မြင် ရကြပါသည်။ သူ၏မျက်နှာသည်လျှပ်ပြက်သကဲ့သို့တောက်ပ၍ သူ၏

အဝတ်မှာ မိုးပွင့်ပမာဖြူဖွေးပါ၏။ သူ၏အလင်းရောင်ကြောင့် သူပုံ သန်းရာလမ်းတစ်လျှောက်လုံးတွင် အမှောင်ပျောက်၍ အလင်းရောင် ရောက်လေ၏၊ ယေရှုရှင်၏ခန္ဓာကိုယ်အား အောင်ပွဲခံ၍သိမ်းဆည်း ထားကြသောစာတန်၏တမန်များသည်လည်း သူ၏ဘုန်းတန်ခိုးနှင့် ထွန်းတောက်သောအရောင်ကို ကြောက်လန့်၍ထွက်ပြေးကြသည်။ ထိုနေရာ ထိုဒေသတွင် ပုံသန်းစောင့်ကြပ်နေသောကောင်းကင်ဗိုလ်ခြေ များထဲမှ ခရစ်တော်ရှုတ်ချခြင်းခံနေရပုံကို ကိုယ်တိုင်တွေ့မြင်ရပြီးလျှင် ကိုယ်တော်နားနေတော်မူသည့်နေရာကိုလည်း စောင့်ကြပ်ကွက်ကွဲနေသည့် ကောင်းကင်တမန်တစ်ပါးသည် ယင်းထန်ခိုးကြီးသောကောင်းကင်တမန် အား ကြိုဆိုလျက် သင်္ချိုင်းတော်ဆီသို့အတူတွဆင်းသက်လာကြပါ သည်။ သူတို့ဂူအနီးသို့ချဉ်းကပ်လိုက်ကြလျှင်ပင် မြေကြီးတုန်၍ ကြီးစွာ မြေငလျင်လှုပ်လေ၏။

ရောမအစောင့်တပ်သားတို့သည်လည်း ကြောက်ရွံ့တုန်လှုပ်သွား ကြ၏။ ယေရှု၏ခန္ဓာကိုယ်ကို သိမ်းဆည်းထားရန် သူတို့၏တန်ခိုး အဘယ်မှာရှိပါသနည်း၊ ယခုသူတို့တာဝန်ကို သူတို့မထမ်းမဆောင်နိုင် ကြတော့ပါ။ကိုယ်တော်အားတပည့်တော်များခိုးယူသွားကြလိမ့်မည်ကို လည်း မစိုးရိမ်နိုင်ကြတော့ပါ။ ကောင်းကင်တမန်တို့၏အလင်းရောင် များသည် နေထက်ထွန်းတောက်လေသောအခါ ရောမအစောင့်တပ်သား တို့သည် လူသေများပမာမြေပေါ်တွင်လဲ၍နေကြလေ၏။ ကောင်းကင် တမန်တစ်ပါးသည် သင်္ချိုင်းဂူဝတွင်ရှိနေသည့် လေးလံသောကျောက် တုံးကြီးကိုကိုင်ဆွဲ၍ တွန်းလှိမ့်လိုက်ပြီးလျှင် ယင်းကျောက်တုံးပေါ်တွင် ထိုင်၍နေလိုက်ပါသည်။ အခြားသောကောင်းကင်တမန်တစ်ပါးကမူ ဂူတွင်းသို့ဝင်၍ ယေရှုရှင်၏ခေါင်းဆောင်ကိုစည်းထားသည့် ပဝါကို

ဖြေလိုက်ပါသည်။ ထိုနောက် ကောင်းကင်မှဆင်းလာခဲ့သည့် ကောင်းကင်တမန်က "ဘုရားသခင်၏သားတော်၊ ခမည်းတော်ခေါ်တော်မူ၏၊ ထွက်လာတော်မူပါလော့" ဟု ကျယ်သောအသံဖြင့် ဘုရားသခင်၏အမိန့်တော်ကိုပြန်လိုက်သည်တွင် မြေကြီးတုန်လေ၏၊ သေခြင်းတရားသည် ကိုယ်တော်အား ဆက်လက်၍အုပ်စိုးထားနိုင်ခြင်းမရှိတော့ပါ။ ယေရှုသည်သေခြင်းမှထတော်မူ၏။ အောင်ပွဲခံတော်မူသောသူဖြစ်တော်မူ၏။ ကောင်းကင်ဗိုလ်ခြေအပေါင်းတို့သည်လည်း ယင်းမြင်ကွင်းကိုတည်ငြိမ်စွာဖြင့်လည်းကောင်း၊ ကြောက်ရွံ့ရိုသေစွာဖြင့်လည်းကောင်း စိုက်ကြည့်နေကြပါသည်။ သင်္ချိုင်းဂူဝမှ ယေရှုရှင်ထွက်လာတော်မူသောအခါ ကိုယ်ရောင်ကိုယ်ဝါထွန်းတောက်သော ကောင်းကင်တမန်တို့သည် ကိုယ်တော်၏ခြေတော်ရင်းတွင် ပျပ်ဝပ်ကိုးကွယ်လျက် အောင်မြင်သောသီချင်းများနှင့်ကြိုဆိုကြပါသည်။

ဘုရားသခင်၏ကောင်းကင်တမန်တို့မှ ထိုးဖေါက်နိုင်လောက်အောင် ထွန်းတောက်သောအလင်းရောင်ကြောင့် စာတန်၏တမန်များထွက်ပြေးရကြ၏။ သူတို့ဖမ်းစားထားသူကိုလည်း အတင်းအဓမ္မလုယူသွားကြပြီဟူ၍လည်းကောင်း၊ သူတို့အလွန်တရာမုန်းတီးသူသည်လည်း သေခြင်းမှ ထမြောက်လေပြီဟူ၍ လည်းကောင်း သူတို့၏ဘုရင်ကြီးအားသီးသီးနှင့်နှင့်တိုင်တန်းနေကြလေ၏။ ကျဆုံးခဲ့ပြီးသောလူသားကိုအကြောင်းပြု၍ အသက်ပိုင်ရှင်ဘုရင်ကြီးကို သင်္ချိုင်းအတွင်းချုပ်နှောင်နိုင်ခဲ့သည် သူတို့၏အာဏာတန်ခိုးအတွက် စာတန်နှင့် သူ၏ဗိုလ်ခြေတို့ရွှင်မြူးဝမ်းမြောက်ခဲ့ကြသော်လည်း သူတို့၏ဆိုးယုတ်သောယင်းအောင်မြင်မှုအချိန်ကာလ မကြာမြင့်လှပါတကား။ အကြောင်းမူကား ယေရှုရှင်သည် မြတ်တော်မူသောအောင်မြင်သူအဖြစ်နှင့် သင်္ချိုင်းအကျဉ်းထောင်

တွင်းမှထွက်လာတော်မူသောအခါ သူသည် မကြာမီ သေရတော့မည်ဟူ၍လည်းကောင်း၊ သူပိုင်စိုးထားသောနိုင်ငံကြီးကိုလည်း ပိုင်ရှင်မှန်အား၊ ပြန်၍ပေးအပ်ရတော့မည်ဖြစ်ကြောင်းကိုလည်းကောင်း စာတန်ကောင်းစွာသိထား၏။ သူကိုင်တိုင်အားကြိုးမာန်တက်ဆောင်ရွက်ခဲ့ပါလျက် ယေရှုအားမအောင်မြင်သည့်အပြင် ကျဆုံးပြီးသောလူသားအတွက် လွတ်မြောက်ရာလမ်း၊ မည်သူမဆိုလိုက်လျှောက်ပါက ကယ်တင်ခြင်းရမည့်လမ်းပွင့်သွားသည့်တွက် စာတန်အမျက်ဒေါသထွက်၍ နှမြောသောစိတ်ဖြင့် ငိုကြွေးမြည်တမ်းလေ၏။

ဘုရားသခင်စိုးမိုးအုပ်ချုပ်တော်မူခြင်းကို မည်သို့မည်ပုံဆက်လက်၍ အတိုက်အခံပြုကြမည်ကို တိုင်ပင်ဆွေးနွေးရန် စာတန်နှင့်သူ၏တမန်များအစည်းအဝေးကျင်းပကြပါသည်။ စာတန်သည် သူ၏တမန်များအားယဇ်ပုရောဟိတ်များထံသို့စေလွှတ်လိုက်ပါသည်။ ယင်းသို့စေလွှတ်ရာတွင် "ငါတို့သည် သူတို့အား လိမ်လည်လှည့်ဖြားခဲ့ရာတွင် အထမြောက်ခဲ့ပြီ၊ သူတို့အနေဖြင့် ယေရှုကိုဆန့်ကျင်ရန် သူတို့၏စိတ်နှလုံးများကိုခိုင်မာစေလျက် သူတို့၏မျက်စိများကိုလည်း မမြင်အောင်ငါတို့ဖန်တီးနိုင်ခဲ့ပြီ၊ ယေရှုသည် အယောင်ဆောင်သောသူဖြစ်သည်ဟု သူတို့ယုံကြည်အောင်လည်း ငါတို့လှည့်ဖြားနိုင်ခဲ့ပြီ၊ ယခုမူကား ခရစ်တော်ထမြောက်တော်မူပြီဟု ရောမအစောင့်တပ်သားများက ငါတို့စက်ဆုပ်သောသတင်းကိုဖြန့်ကြပေတော့မည်။ ထို့ကြောင့် ယဇ်ပုရောဟိတ်မင်းများနှင့် ယုဒလူအကြီးအကဲများအနေဖြင့် ယေရှုကိုမုန်းတီး၍အသေသတ်သည်တိုင်အောင် ငါတို့ခေါင်းဆောင်နိုင်ခဲ့ပြီးမှ ယေရှုရှင်သေခြင်းမှထမြောက်တော်မူကြောင်း လူထုသိလျှင် အပြစ်မရှိသောသူအားအသေသတ်ခဲ့ကြသည့်အတွက် သူတို့ကိုလူထုကခဲနှင့်ပေါက်သတ်ကြလိမ့်

မည်ဟု သူတို့သဘောပေါက်အောင် ငါတို့ရှေဆောင်နေရဦးမည်" ဟု မှာလိုက်ပါသည်။

သင်္ချိုင်းတော်မှကောင်းကင်ဗိုလ်ခြေတို့ထွက်ခွာ၍ ဘုန်းတော်ရောင်ခြည်ကွယ်ပျောက်သောအခါ ရောမအစောင့်တပ်သားများအရဲစွန့်လျက် ခေါင်းထောင်၍ကြည့်ကြပါသည်။ ယေရှု၏အလောင်းတော်ထားရာ သင်္ချိုင်းဂူဝတွင် ပိတ်ထားသောကျောက်တုံးကြီးကိုလှိမ့်ထားသဖြင့် ဂူပွင့်နေကြောင်း၊ အလောင်းတော်လည်းမရှိတော့ကြောင်း၊ သူတို့တွေ့မြင်ကြသောအခါ အံ့အားသင့်နေကြပါသည်။ ချက်ချင်းထ၍ မြို့တော်သို့သွားပြီးလျှင် သူတို့တွေ့မြင်ရသမျှကို ယဇ်ပုရောဟိတ်အကြီးများနှင့် လူအကြီးအကဲများအား သတင်းပို့ကြပါသည်။ အံ့သြဖွယ်ကောင်းသောသတင်းကို ထိုလူသတ်သမားတို့ကြားရကြသောအခါ သူတို့၏မျက်နှာဖြူဖပ်ဖြူရော်ဖြစ်သွားကြပါသည်။ သူတို့ပြုလုပ်ခဲ့ကြသည့်အမှုကိစ္စအတွက်ဒူးတုန်အောင်ကြောက်ကြ၏။ ကြားရသောသတင်းမှန်မည်ဆိုပါက သူတို့ပျက်စီးခြင်းသို့ရောက်လေပြီ။ သူတို့သည် ခေတ္တမျှစကားမပြောနိုင်ဘဲ တိတ်ဆိတ်စွာဖြင့် တစ်ယောက်မျက်နှာတစ်ယောက်ငေးကြည့်နေကြပါသည်။ ဘာလုပ်ရမည်၊ ဘာပြောရမည်ဆိုသည်ကိုလည်း သတိမရ၊ မသိကြ။ ပို့လာသောသတင်းကိုလက်ခံကြမည်ဆိုပါက သူတို့ကိုယ် သူတို့အပြစ်ဒဏ်စီရင်ရာရောက်နေပါသည်။ ထို့ကြောင့် တစ်နေရာသို့သွား၍ မည်သို့မည်ပုံဆောင်ရွက်ရမည်ကို တိုင်ပင်ကြသည်မှာ၊ အကယ်၍ရောမအစောင့်တပ်သားများယူဆောင်ခဲ့သည့်သတင်းပျံ့နှံ့သွားပါက ခရစ်တော်အား သေဒဏ်ပေးခဲ့သူတို့သည် လူ့အသက်ကိုသတ်သူများအဖြစ် သေဒဏ်ပေးခြင်းခံရကြလိမ့်မည်ဟု သူတို့စဉ်းစာမိကြပါသည်။ ယင်းတပ်သားများ၏အရေးကိစ္စကိုလျှို့ဝှက်

ထားကြစေရန် အခကြေးငွေပေးထားမည်ဟု ဆုံးဖြတ်ကြပါသည် ထို့ကြောင့် ယဇ်ပုရောဟိတ်အကြီးများနှင့် ယုဒလူအကြီးအကဲတို့က သူတို့အားငွေအမြောက်အမြားပေး၍ "ညဥ့်အခါ ငါတို့အိပ်ပျော်စဥ်တွင် ထိုသူ၏တပည့်တော်တို့သည်လာ၍ အလောင်းကိုခိုးယူသွားကြသည်" ဟု သူတို့အနေဖြင့် ပြောရန်မှာထားသောအခါ ရောမတပ်သားများက ယင်းတာဝန်ကျစဥ် သူတို့အိပ်ပျော်နေကြသည့်အတွက် မည်သို့မည်ပုံ အရေးယူခြင်းခံရကြပါလိမ့်မည်နည်းဟုပြန်၍မေးသောအခါ သူတို့၏ လုံခြုံရေးအတွက် မြို့ဝန်အားဖျောင်းဖျပေးမည်ဖြစ်ကြောင်း ယုဒအရာရှိ များက ကတိပြုလိုက်ပါသည်။ ငွေကိုတပ်မက်သောကြောင့် ရောမ အစောင့်တပ်သားများသည် ယဇ်ပုရောဟိတ်အကြီးများနှင့် ယုဒလူအကြီး အကဲတို့၏အကြံကိုလက်ခံ၍ သူတို့၏ဂုဏ်ကိုငွေနှင့်လဲလိုက်ကြပါသည်။

ယေရှုရှင်သည် လက်ဝါးကပ်တိုင်ပေါ်တွင် ရိုက်ထားခြင်းကို ခံ၍နေရစဥ်က "အမှုပြီးပြီ" ဟူ၍ ကျယ်သောအသံနှင့်မိန့်တော်မူစဥ် ကျောက်များပြိုကွဲကြ၏။ မြေငလျင်လှုပ်၏၊ သင်္ချိုင်းအချို့လည်းပွင့် လေ၏၊ ကိုယ်တော်သည်သေခြင်းတရားနှင့် သင်္ချိုင်းကိုအောင်မြင်၍ ထမြောက်လာသောအခါ ထိုသန့်ရှင်းသောနေရာတွင် ကောင်းကင်မှ ဘုန်းတော်ရောင်ခြည်ထွန်းတောက်နေစဥ်၊ မြေကြီးတစ်ခုလုံးသည်လည်း ယိမ်းယိုင်လည်ပတ်၍နေစဥ် ဖြောင့်မတ်ခြင်းတရား၌စုတေသူအများ ကိုယ်တော်ခေါ်သံကိုကြား၍ ကိုယ်တော်ထမြောက်တော်မူကြောင်း သက်သေခံရန် ထွက်လာကြပါသည်။ ကျေးဇူးတော်ကြောင့် ထမြောက် ကြသော ထိုသန့်ရှင်းသူများသည် ချီးမြှောက်ခြင်းကိုခံရကြ၏။ ထိုသူ တို့သည် ဖန်ဆင်းတော်မူသောအချိန်မှစ၍ ခရစ်တော်၏နေ့တိုင်အောင် ခေတ်အဆက်ဆက်မှရွေးချယ်သောသန့်ရှင်းသူများဖြစ်ကြ၏။ သို့ဖြစ်၍

ယုဒခေါင်းဆောင်များက ခရစ်တော်ထမြောက်တော်မူခြင်းကိုထိမ်ဝှက်ထားရန် ကြိုးပမ်းနေကြစဉ် ယေရှုရှင်ထမြောက်တော်မူကြောင်းကို သက်သေထူရန်နှင့်ကိုယ်တော်၏ဘုန်းတော်ကိုထင်ရှားစေရန် ဘုရားသခင်သည် ထိုသန့်ရှင်းသူလူတစ်စုကို သူတို့၏သင်္ချိုင်းများမှထမြောက်စေတော်မူ၏။

ထိုအချိန်ကထမြောက်သောတို့သည် အရပ်အမောင်းအားဖြင့်လည်းကောင်း၊ ကိုယ်နေကိုယ်ဟန်ပုံသဏ္ဌာန်အားဖြင့်လည်းကောင်း၊ ခန့်ညားပုံတွင်လည်းကောင်း တစ်ဦးနှင့်တစ်ဦးကွဲပြားခြားနားကြပါသည်။ ဤကမ္ဘာမြေကြီးပေါ်တွင်မှီတင်းနေထိုင်ကြသောသူများသည် ခွန်အားစွမ်းအားဖြင့်လည်းကောင်း၊ တင့်တောင့်တင့်တယ်ရှိခြင်းအရာတွင်လည်းကောင်း တဖြည်းဖြည်းဆုတ်ယုတ်လာကြောင်း ကျွန်မအားပြောပြပါသည်။ သေခြင်းနှင့်အနာရောဂါထူပြောခြင်းမှာ စာတန်၏တန်ခိုးအာဏာအရဖြစ်သောကြောင့် ယင်းကျိန်ခြင်းအမင်္ဂလာသည် တစ်ခေတ်ထက်တစ်ခေတ် ပို၍ပို၍သိသာမြင်လွယ်ပါ၏။ စာတန်၏တန်ခိုးမှာလည်း ပို၍ပို၍ထင်ရှားလာပါသည်။ နောဧနှင့်အာဗြဟံတို့လက်ထက်ကနေထိုင်ခဲ့သူများသည် ပုံသဏ္ဌာန်အားဖြင့်လည်းကောင်း ကောင်းကင်တမန်များနှင့်အသွင်သဏ္ဌာန်တူကြပါသည်။ သို့သော်လူမျိုးဆက်ရွေ့လျောလာသည်နှင့်အမျှ ပို၍အားနည်းလာကြ၏။ ပို၍ရောဂါထူပြောလာကြ၏။ အသက်တာသည်လည်း ပို၍တိုတောင်းလာကြ၏။ လူသားမျိုးနွယ်တစ်ရပ်လုံး အင်အားဆုတ်လျော့စေရန်၊ စိတ်နှလုံးငိုင်ငြင်စေရန် မည်သို့ဆောင်ရွက်ရမည်၊ မည်သည့်နည်းနှင့်အနှောင့်အယှက်ပေးရမည် စသည်များကိုသာ စာတန်ကအမြဲတစေလေ့လာနေပါသည်။

ယေရှုရှင်ထမြောက်တော်မူရာနောက်တော်မှ လိုက်ပါလာကြသောသူများကို လူအများတွေ့မြင်ရကြပါသည်။ ထိုသူတို့ကလူသားအတွက် ယဇ်ပူဇော်သည့်အမှုအောင်မြင်စွာပြီးဆုံးပြီဖြစ်ကြောင်း လက်ဝါးကပ်တိုင်ပေါ်တွင်တင်၍ ယုဒလူတို့ကွပ်မျက်ခဲ့သော ယေရှုရှင်ထမြောက်ပြီဖြစ်ကြောင်း "ငါတို့သည်လည်းကိုယ်တော်နှင့်အတူထမြောက်" သူများဖြစ်ကြောင်း ကိုယ့်ကိုကိုယ်သက်သေထူ၍လိုက်လံပြောဆိုကြပါသည်။ ကိုယ်တော်၏ကြီးမြတ်တော်မူသောတန်ခိုးအားဖြင့် သူတို့၏သင်္ချိုင်းများမှ သူတို့အားခေါ်ထုတ်တော်မူခဲ့ကြောင်းကိုလည်း လိုက်လံသက်သေခံကြပါသည်။ မဟုတ်မမှန်သောသတင်းများကိုဖြန့်ချိထားပြီးဖြစ်သော်လည်း ခရစ်တော်ထမြောက်တော်မူကြောင်းကို စာတန်ကဖြစ်စေ၊ သူ၏တမန်များကဖြစ်စေ၊ သို့မဟုတ် ယဇ်ပုရောဟိတ်မင်းများကဖြစ်စေ ဖုံးကွယ်၍မထားနိုင်ခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် မိမိတို့သင်္ချိုင်းအသီးအသီးမှထွက်လာကြသော ဤသန့်ရှင်းသူတစ်စုက အံ့သြဖွယ်ရာဝမ်းမြောက်စာသတင်းစကားများကိုဖြန့်ချနေကြပါသည်။ ယေရှုရှင်ကလည်း ဝမ်းနည်းကြေကွဲနေကြသောတပည့်တော်များဝမ်းမြောက်ရွှင်မြူးကြစေရန်။ သူတို့၏ကြောက်ရွံ့တုန်လှုပ်ခြင်းများ ပပျောက်ကြစေရန် ကိုယ်တော်တိုင်သွားရောက်တွေ့ဆုံတော်မူခဲ့ပါသည်။

တစ်မြို့မှတစ်မြို့သို့လည်းကောင်း၊ တစ်ရွာမှတစ်ရွာသို့လည်းကောင်း ယင်းသတင်းစကားများပျံ့နှံ့သွားလေသောအခါ ယုဒလူတို့သည် သူတို့အသက်ဘေးအန္တရာယ်အတွက် စိုးရိမ်တုန်လှုပ်ရကြပြန်လေ၏။ ယင်းသို့သူတို့အလှည့်ရောက်လာသည့်အတွက် ကိုယ်တော်၏တပည့်တော်များအပေါ် သူတို့၏မုန်းစိတ်မုန်းမာန်များကို သိုသိပ်ထားကြပါသည်။ သူတို့၏တစ်ခုတည်းသောမျှော်လင့်ချက်မှာ မဟုတ်

မမှန်သောသတင်းကိုဖြန့်လွှင့်ရန်ပင်ဖြစ်ပါသည်။ ယင်းမမှန်သော သတင်းအတိုင်းဖြစ်စေလိုသူများကလက်ခံကြ၏။ ခရစ်တော်ထမြောက်တော်မူကြောင်း ပိလတ်မင်းကြားသောအခါ ကြောက်ရွံ့တုန်လှုပ်လေ၏။ ပေးထားသောသက်သေခံချက်များအရ မယုံသင်္ကာဖြစ်ရာအကြောင်း မရှိတော့သဖြင့် ထိုအချိန်မှစ၍ စိတ်ငြိမ်သက်ခြင်းချမ်းသာကိုမည်သည့် အခါတွင်မျှပြန်၍မရတော့ပါ။ လောကီဂုဏ်အသရေကို တပ်မက်ခဲ့သော ကြောင့်လည်းကောင်း၊ အသက်အာဏာကိုစွန့်လွှတ်ရမည်စိုးသောကြောင့် လည်းကောင်း ယေရှုရှင်အားအသေသတ်ရန်ပေးအပ်ခဲ့ပါသည်။ ယခု အခါတွင်မူကား အပြစ်နှင့်ကင်းစင်တော်မူသောသူဖြစ်သည့်ဘုရားသခင့် သားတော်၏အသွေးတော်အတွက် သူ၏ခေါင်းပေါ်တွင် အပြစ်ရောက် နေကြောင်းပိလတ်မင်းကောင်းစွာသိလေ၏။ ပိလတ်မင်းသည်အသက်တာ ကုန်ဆုံးသည်တိုင်အောင် စိတ်ငြိုငြင်ဆင်းရဲရလေ၏။ မျှော်လင့်စရာ၊ ဝမ်းမြောက်စရာရှိသမျှကို ပြင်းစွာသောစိတ်ဒုက္ခခံစားရခြင်း များကဖုံးလွှမ်းခဲ့လေ၏။ နှစ်သိမ့်ခြင်းကိုလုံးဝမခံယူနိုင်တော့သည့်အတွက် အငြိုငြင်ဆုံးသောသူအဖြစ်နှင့်ပင်သေဆုံးရလေ၏။

ဟေရုဒ်မင်း * ၏စိတ်နှလုံးမူကားပို၍ခိုင်မာလာပါ၏။ ရစ်တော် ထမြောက်တော်မူသည့် သတင်းကိုရရှိသောအခါ များစွာစိတ်လှုပ်ရှား မှုမရှိပါ။ ယာကုပ်အားကွပ်မျက်လိုက်ရာတွင် ယုဒလူတို့၏အကြိုက်နှင့်

---

* ခရစ်တော်အား တရားစီရင်ရာတွင် ပါဝင်ခဲ့သူမှာ ဟေရုဒ်အန်တိပဖြစ် ပါသည်။ ယာကုပ်အားသေဒဏ်ပေးသူမှာ ဟေရုဒ်အဂြိပ္ပ(၁)ဖြစ်သည်။ အဂြိပ္ပမင်းသည် အန်တိမင်း၏တူယောက်ဖဖြစ်၏။ လျှို့ဝှက်ကြံစည်ခြင်းဖြင့် အန်တိပ၏ရာဇပလ္လင်ကို သိမ်းယူထားခြင်းဖြစ်သော်လည်း အဂြိပ္ပနန်းထိုင်သောအခါ ခရစ်ယာန်များအပေါ်တွင် အန်တိပ၏လမ်းစဉ်အတိုင်း ကျင့်သုံးခဲ့ပါသည်။ ဟေရုဒ် မင်းဆက်ဆွင် ဟေရုဒ် အမည်ဖြင့်နန်းထိုင်သောဘုရင်ခြောက်ပါးရှိခဲ့ပါသည်။ ထိုကြောင့် ယင်းမင်းဆက်တွင် ယင်းမင်းတစ်ပါးစီ၏ဘွဲ့နာမများကို အန်တိပ၊ ဖေလစ်၊ အဂြိပ္ပစသည်ဖြင့်

တွေ့သည့်အတွက် ပေတရုကိုပါအဆုံးစီရင်ရန် အကျဉ်းထောင်တွင်းသို့ သွင်းထားလိုက်ပါသည်။ သို့သော်ဘုရားသခင်သည် ပေတရုအား တာဝန်ပေးစေခိုင်းရန် အမှုကိစ္စရှိသေးသည်ဖြစ်၍ ကောင်းကင်တမန် ကိုစေလွှတ်ပြီး ကယ်တင်တော်မူ၏။ ဟေရုဒ်မင်းအား ဘုရားသခင် တရားစီရင်တော်မူပုံကမှာသူသည် လူထုပရိသတ်ကြီး၏ရှေ့၌ မိမိကိုယ် မိမိချီးမြှောက်ဂုဏ်ပြုနေစဉ် ဘုရားသခင်၏ကောင်းကင်တမန်ကွပ်မျက် သဖြင့် ကြောက်မက်ဖွယ်ရာသေဆုံးခဲ့ရ၏။

ခုနစ်ရက်တွင် ပထမနေ့ရက်နံနက်စောစော မိုးမလင်းမီအရုဏ် တက်အချိန်တွင် သန့်ရှင်းသောအမျိုးသမီးများသည် အသင့်ပြင်ဆင် ထားပြီးသော အမွေးအနံ့သာများကိုယူဆောင်လျက် ယေရှုရှင်၏အလောင်း တော်ရှိရာသင်္ချိုင်းသို့သွားကြပါသည်။ ရောက်သောအခါ လေးလံသော ကျောက်တုံးကြီးမှ တံခါးဝတွင်မရှိတော့ဘဲ တစ်နေရာသို့လှိမ့်ထား သည်ကိုတွေ့ရကြပါသည်။ ဂူတွင်းမှာလည်း ကိုယ်တော်၏အလောင်း

---

ခေါ်တွင်ခဲ့ပါသည်။ ပုံစံအားဖြင့်ဖော်ပြရသော် ဇာဘုရင်နိကောလ၊ဇာဘုရင်အာလက် ဇန္ဒရားစသည်နည်းတူဖြစ်ပါသည်။ ယခုအဖြစ်အပျက်ပုံစံတွင်လည်း ယင်းအသုံး အနှုန်းသည် ပို၍သဘာဝကျသည့်ပြင် ပို၍သင့်လျော်နေသည်မှာ အဂြိပ္ပမင်းသည် ယာကုပ်အားကွပ်မျက်လိုက်၏။ ၎င်းအပြင် မကြာသေးမီက ခရစ်တော်အား တရားစီရင်ရာတွင်ပါဝင်ခဲ့သည့်အန်တိပမင်း၏ရာဇပလ္လင်ကိုလည်းသိမ်းယူထား လိုက်သေး၏။ သူတို့နှစ်ဦးလုံး၏ အကျင်းစာရိတ္တများမှာလည်း တူညီကြပါ၏။ ဗျာဒိတ် ၁၂း၁၇တွင် ဖော်ညွှန်းထားသောနဂါး သည် ၁၂း၃ တွင်ဖော်ညွှန်းထား သော နဂါးနှင့်အတူတူပင်ဖြစ်၍ သူတို့နှစ်ဦးလုံးအားတိုက်ရိုက်စွမ်းအားပေးနေ သော တန်ခိုးအာဏာမှာ ၁၂း၉ တွင်ဖော်ပြထားသော နဂါးပင်ဖြစ်သည်နည်းတူ ယခုဖော်ပြသောဟေရုဒ်မင်းတို့မှာလည်း လူပုဂ္ဂိုလ်ကွဲပြားသော်လည်းဟေရုဒ်မင်း ပီသသော သဘောထားများမှာ အတူတူပင်ဖြစ်ကြပါသည်။ ယင်းနဂါးကြီးသည် တစ်နေရာ၌ဘုရားတရားမကြည်ညိုမကိုးကွယ်သောရောမနိုင်ငံကိုအသုံးပြုပြီး မိမိ၏ လုပ်ငန်းကိုဆောင်ရွက်သကဲ့သို့ အခြားတစ်နေရာ၌ ဤမှန်ချက်ရေးသူတို့ တိုင်း ပြည် အစိုးရကိုအသုံးပြုနေပါသည်။

တော်မရှိတော့ကြောင်းသိရကြပါသည်။ ထိုကြောင့် ကိုယ်တော်၏ အလောင်းတော်ကို ရန်သူများခိုးယူသွားကြပြီဟု ထင်မှတ်ကြသဖြင့် စိတ်ဓါတ်ကျဆင်းကြ၏။ ထိုအချိန်တွင်ဝတ်ဖြူစင်ကြယ်နှင့်မျက်နှာ တောက်ပသော ကောင်းကင်တမန်နှစ်ပါးကို ရုတ်တရက်တွေ့မြင်လိုက် ရကြပါသည်။ အမျိုးသမီးများမည်သည့်အတွက် ထိုနေရာသို့ရောက်လာ ကြသည်ကို ထိုကောင်းကင်တမန်တို့သိထားနှင့်ပြီဖြစ်သောကြောင့် ယေရှုရှင်မရှိတော့ကြောင်း၊ ကိုယ်တော်သည်ထမြောက်တော်မူပြီဖြစ် ကြောင်း၊ လျောင်းတော်မူသောနေရာကိုကြည့်လိုက်ကကြည့်နိုင်ကြောင်း ချက်ချင်းပြောပြကြပြီးလျှင် ကိုယ်တော်သည် ဂါလိလဲပြည်သို့တပည့် တော်တို့ရှေ့မှ သွားနှင့်မည်ဖြစ်ကြောင်း သူတို့အားသွား၍ပြောပြကြရန် စေလွှတ်လိုက်ပါသ်။ ကြောက်လန့်နေကြသော်လည်း ဝမ်းမြောက် ရွှင်မြူးခြင်းကြီးစွာဖြင့် ဝမ်းနည်းကြေကွဲနေသောတပည့်တော်များထံသို့ အလျင်အမြန်သွားရောက်ကြပြီးလျှင် မြင်ရကြားရသမျှကိုပြန်၍ပြော ကြပါသည်။

ခရစ်တော်ထမြောက်တော်မူကြောင်း တပည့်တော်တို့မယုံကြည် နိုင်သဖြင့် ယင်းသတင်းယူဆောင်လာသောအမျိုးသမီးများနှင့်အတူ သင်္ချိုင်းတော်သို့ အလျင်အမြန်ပြေးကြပြန်၏။ သို့သော် ကိုယ်တော် အားမတွေ့ကြတော့ပါ။ ကိုယ်တော်အားရစ်တ်ခဲ့သည့်ပိတ်ဖြူကိုသာ တွေ့မြင်ရကြ၏။ သို့သော် ကိုယ်တော်ထမြောက်တော်မူပြီဖြစ်ကြောင်း သတင်းကောင်းကိုမူကား မယုံနိုင်သော။ တွေ့မြင်ရကြသည်များနှင့် အမျိုးသမီးများတို့ယူဆောင်ခဲ့သောသတင်းကို အံ့အားသင့်လျက် အိမ် သို့ပြန်သွားကြလေ၏။ သို့သော်မာရိမူကား တွေ့မြင်ခဲ့ရပုံကိုစဉ်းစား လျက်၊ လိမ်လည်ခြင်းခံရလေပြီလောဟု စိတ်ပင်ပန်းသောကြောင့်

သင်္ချိုင်းအနီးတွင်ပင် အချိန်ကြာမြင့်စွာရပ်နေခဲ့သည်။ သူမ၏ဘဝကို အသစ်သောဒုက္ခမျိုးတို့နှင့်တစ်ဖန်ရင်ဆိုင်ရပြန်တော့မည်ဟုတွေးမိပြန်သည်။ အသစ်တစ်ဖန်ဝမ်းနည်းရပြန်သောကြောင့် ချုံးပွဲချ၍ငိုလေ၏။ သင်္ချိုင်းတွင်းသို့တစ်ဖန်ငုံ့၍ကြည့်ပြန်သောအခါ ဝတ်ဖြူစင်ကြယ်နှင့် ကောင်းကင်တမန်နှစ်ပါးကိုတွေ့မြင်ရပြန်၏။ တစ်ပါးသည် ယေရှုရှင်ခေါင်းချခဲ့သည့်နေရာတွင်လည်းကောင်း၊ အခြားတစ်ပါးက ခြေတော်ရင်းဘက်တွင်လည်းကောင်း ထိုင်၍နေကြပါသည်။ မည်သည့်အတွက်ငို၍နေကြကြောင်း ညင်သာစွာမေးကြသောအခါ "ကျွန်မ၏သခင်ကို ယူသွားကြပြီ၊ အဘယ်မှာထားကြည်ကိုမသိပါ" ဟုပြန်၍ဖြေလိုက်ပါသည်။

သင်္ချိုင်းတော်မှ နောက်သို့လှည့်ပြန်သောအခါ ယေရှုရှင်သည် သူ၏အနီး၌ရပ်နေတော်မူသည်ကို မြင်ရသော်လည်း ကိုယ်တော်မှန်းမသိ။ ကိုယ်တော်ကအဘယ်ကြောင့်ဝမ်းနည်းနေကြောင်း၊ မည်သူအားရှာနေကြောင်း ညင်သာစွာမေးတော်မူသောအခါ ဥယျာဉ်စောင့်ဖြစ်သည်ဟုအထင်နှင့် ကိုယ်တော်အား အဘယ်အရပ်သို့ယူဆောင်သွားကြောင်း၊ အဘယ်အရပ်တွင်ထားကြောင်း၊ မိမိအနေဖြင့်ယူဆောင်သွားလိုကြောင်း တောင်းပန်လိုက်ပါသည်။ ယေရှုရှင်က "မာရိ" ဟုယခင်က နည်းတူမြတ်တော်မူသောအသံဖြင့်ခေါ်တော်မူသောအခါ ယင်းကြင်နာတော်မူသောသံကိုမှတ်မိသဖြင့် "အရှင်ဘုရားသခင်" ဟုအလျင်အမြန်ထူးပြီးလျှင် ဝမ်းသာအားရသောကြောင့် ခြေတော်ကိုဖက်မည်ပြုရာ "ငါ့ကို မဖက်နှင့်ဦး၊ ငါသည်ငါ့ခမည်းတော်ထံသို့မတက်ရသေး၊ ငါ့ညီတို့ရှိရာသို့သွားလော့။ ငါ၏ခမည်းတော်တည်းဟူသောသင်တို့၏ခမည်းတော်၊ ငါ၏ဘုရားသခင်တည်းဟူသော သင်တို့၏ဘုရားသခင်ထံတော်သို့

ငါတက်ရမည်အကြောင်းအရာကို ကြားပြောလော့” ဟုမိန့်တော်မူသော အခါ မာရိသည် ဝမ်းမြောက်ဝမ်းသာစွာဖြင့် တပည့်တော်များထံ သတင်းကောင်းပေးပို့ရန် အလျင်အမြန်သွားလေ၏။ ကိုယ်ကိုကိုယ်ပူဇော်တော်မူခြင်းနှင့်ပတ်သက်၍ ခမည်းတော်ဘုရားလက်ခံတော်မူကြောင်းကိုလည်းကောင်း၊ ကောင်းကင်ဘုံနှင့်မြေကြီးပေါ်တွင် တန်ခိုးအားဏာရှိသမျှ မိမိအား အပ်နှင်းတော်မူခြင်းကိုလက်ခံတော်မူရန်အတွက်လည်းကောင်း ခမည်းတော်ဘုရားကိုယ်တော်တိုင် မိန့်ကြားတော်မူသည်ကို နာခံရန် ယေရှုရှင်သည် ခမည်းတော်ထံသို့အလျင်အမြန်တက်ကြွတော်မူ၏။

ကောင်းကင်တမန်များသည် ဘုရားသခင်၏သားတော်အား မိုးတိမ်ပမာဝန်းရံထားကြပြီးလျှင် “အချင်းထာဝရတံခါးတို့၊ ကိုယ်ကိုကြွလိုက်ကြ၊ ဘုန်းကြီးသောရှင်ဘုရင်ဝင်တော်မူမည်” ဟုဆင့်ဆိုလိုက်ကြပါသည်။ ယေရှုရှင်သည် ယင်းသို့ကိုယ်ရောင်ကိုယ်ဝါထွန်းတောက်သော ကောင်းကင်ဗိုလ်ခြေတို့နှင့်အတူရှိနေစဉ်၊ ဘုရားသခင်၏ရှေ့တော်၌ခမည်းတော်၏ဘုန်းတော်နှင့်ဝန်းရံထားခြင်းကိုလည်းခံလျက်နေစဉ် ဤကမ္ဘာမြေကြီးပေါ်တွင်ရှိနေသော တပည့်တော်များအား မေ့လျော့နေသည်မဟုတ်ပါ၊ သို့သော် ကိုယ်တော်သည် ပြန်လာပြီးမှသူတို့အား တန်ခိုးဝေမျှရန် ခမည်းတော်ထံမှတန်ခိုးကိုလက်ခံရယူနေခြင်းဖြစ်သည်ဟု ကျွန်မရှုမြင်ရပါသည်။ ထိုနေ့ချင်းပင် ပြန်၍ကြွတော်မူပြီးနောက် တပည့်တော်များအား ကိုယ်ကိုပြတော်မူ၏။ ထိုအချိန်တွင် ကိုယ်တော်သည် ခမည်းတော်ထံသို့တက်ကြွလျက် တန်ခိုးကိုလက်ခံရရှိထားပြီးဖြစ်သောကြောင့် ကိုယ်တော်အား တပည့်တော်များကိုယ်တိုင် တို့ထိကြည့်ကြစေရန် ခွင့်ပြုတော်မူသည်။

ထိုအချိန်တပည့်တော် သောမတစ်ယောက်အနီးအနားတွင်မရှိခဲ့ပါ။ အခြားတပည့်တော်များက ပေးသောသတင်းကို သောမက အလွယ်တကူလက်မခံ။ ကိုယ်တော်၏လက်တော်နှင့်ခြေတော်တို့တွင် ရိုက်နက်ခဲ့သောသံချက်ရာများကို မိမိလက်ညှိုးနှင့်မတို့ရမစမ်းရလျှင်လည်းကောင်း၊ နံပါးတော်ကိုရက်စက်စွာထိုးခဲ့သည့်လှံချက်ရာကို ကိုယ်တိုင်လက်နှင့်မစမ်းမသပ်ရလျှင်လည်းကောင်း သူမယုံနိုင်ကြောင်း ကိုယ်ကိုကိုယ်သာ ယုံကြည်စိတ်ချသည့်သဘောဖြင့် အခိုင်အမာဆိုလိုက်ပါသည်။ ယင်းသို့ပြောဆိုခြင်းဖြင့် ညီအစ်ကိုများအပေါ် အယုံအကြည်မရှိကြောင်း ထင်ရှားနေပါသည်။ လူတိုင်းက ယင်းသာဓကကိုသာ တောင်းဆိုနေကြမည်ဆိုပါက ယေရှုရှင်ကိုယနေ့မည်သူမျှလက်ခံကြလိမ့်မည်မဟုတ်၊ ကိုယ်တော်ထမြောက်တော်မူကြောင်းကိုလည်း ယုံကြည်ကြလိမ့်မည်မဟုတ်ပါ။ သို့သော် ထမြောက်တော်မူသောကယ်တင်ရှင်အား ကိုယ်တိုင်မဖူးရမမြင်ရလျှင်သော်လည်းကောင်း၊ အသံတော်ကိုလည်း ကိုယ်တိုင်မကြားရမနာရသည်တိုင်အောင်လည်းကောင်း တမန်တော်များ၏သတင်းစကားအတိုင်း ယုံကြည်လက်ခံသူများရှိကြစေရန်မှာ ဘုရားသခင်၏အလိုတော်ပင်ဖြစ်ပါသည်။ သောမ၏မယုံကြည်မှုကို ဘုရားသခင်နှစ်သက်တော်မူသည်မဟုတ်ပါ။ ယေရှုရှင်နောက်တစ်ကြိမ်တပည့်တော်များနှင့်တွေ့ဆုံတော်မူသောအခါ သောမလည်းရှိနေပါသည်။ ထိုအချိန်က ယေရှုရှင်အား သူကိုယ်တွေ့မြင်သောအခါ ယုံကြည်ပါ၏။ သို့သော် သူကိုယ်တိုင်တွေ့မြင်ရရုံသာမက မစမ်းမသပ်ခဲ့ရပါက မကျေနပ်နိုင်ပါဟုကြေညာခဲ့ပြီးဖြစ်သောကြောင့် ယေရှုရှင်က သူအလိုရှိခဲ့သောသာဓကများကိုပြတော်မူ၏။ ထိုအခါတွင်မှ "အကျွန်ုပ်၏အရှင်၊ အကျွန်ုပ်၏ဘုရားသခင်ပါတကား" ဟု ထ၍

အော်လိုက်ပါသည်။ သို့သော်သူ၏မယုံကြည်မှုအတွက် ကိုယ်တော်က "သင်သည် ငါ့ကိုမြင်သောကြောင့် ယုံခြင်းရှိ၏၊ ငါ့ကိုမမြင်ဘဲ ယုံသောသူတို့သည် မင်္ဂလာရှိကြ၏" ဟု သောမအား ဆုံးမဩဝါဒ ပေးတော်မူ၏။

ထိုနည်းတူစွာ ပထမနှင့်ဒုတိယ ကောင်းကင်တမန်သတင်းစကား များနှင့်စပ်လျဉ်း၍ ကိုယ်တွေ့ဗဟုသုတမရှိသောသူများသည် ယင်း သတင်းစကားများနှင့်စပ်လျဉ်း၍ ကိုယ်တွေ့ဗဟုသုတရှိပြီး ယင်းသတင်း စကားများအတိုင်းလိုက်လျှောက်ခဲ့သူများထံမှတစ်ဆင့် နာယူလက်ခံ ကြရန်ဖြစ်ပါသည်။ ယေရှုရှင်ကိုယ်တိုင်ငြင်းပယ်ခြင်းကိုခံခဲ့ရတော်မူသည် နည်းတူ ဤသတင်းစကားများငြင်းပယ်ခြင်းခံနေရပုံကိုလည်း ကျွန်ုပ်မ မြင်ရပါသည်။ ထိုသခင်၏နာမတော်မှတစ်ပါး ငါတို့ကိုကယ်တင်နိုင် သောနာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက် လူတို့တွင်မပေါ်မရှိဟု ရေးတမန်တော်များကြွေးကြော်ခဲ့ကြသည်နည်းတူ ဘုရားသခင်၏အမှု တော်ဆောင်များသည် သစ္စာရှိစွာဖြင့်လည်းကောင်း၊ ကြောက်ရွံ့ခြင်း ကင်းစွာဖြင့်လည်းကောင်း တတိယကောင်းကင်တမန်၏သတင်းကား နှင့်စပ်လျဉ်း၍ သမ္မာတရားတစ်စိတ်တစ်ဒေသကိုသာ လက်ခံထားပြီး သူများအား ဘုရားသခင်ပေးသနားတော်မူသည့် သတင်းစကားအားလုံး ကို ဝမ်းမြောက်ဝမ်းသာစွာလက်ခံကြရန်လိုအပ်ကြောင်း၊ သို့မဟုတ်ပါက ယင်းအရေးကိစ္စတွင်ပါဝင်ရန်မလိုကြောင်း သတိပေးနှိုးဆော်ရပါမည်။

ယေရှုရှင်ထမြောက်တော်မူပြီဟူသောသတင်းစကားကို သန့်ရှင်း သောအမျိုးသမီးများက သယ်ဆောင်လာကြသည့်တစ်ချိန်တည်းမှာပင် ညဥ့်အချိန် ငါတို့အိပ်ပျော်နေကြစဉ် ယေရှု၏အလောင်းတော်ကို သူ၏ တပည့်တော်များလာရောက်ခိုးယူသွားကြပြီဟု ယဇ်ပုရောဟိတ်အကြီး

များနှင့်ယုဒလူအကြီးအကဲတို့က လိမ်ဉာဏ်ပေးထားသည့်အတိုင်း ရောမအစောင့်တပ်သားများကလည်း မတရားသတင်းကိုလွှင့်နေကြပါသည်။ ယင်းလိမ်ဉာဏ်ဆင်ပုံကို ယဇ်ပုရောဟိတ်အကြီးများ၏စိတ်နှလုံးအတွင်းသို့စာတန်ကိုယ်တိုင် ထည့်သွင်းပေးထားသောကြောင့် သူတို့၏နှုတ်မှထွက်သောစကားများကို လူတို့ယုံကြည်လက်ခံကြရန်အသင့်ရှိနေကြပါသည်။ သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် အထူးအရေးပါအရာရောက်သော ဤကိစ္စကိုမည်ကဲ့သို့မျှယုံမှားသံသယမဖြစ်ရလေအောင် ထင်ထင်ရှားရှားစီစဉ်ထားတော်မူ၏။ ထိုကြောင့် ယဇ်ပုရောဟိတ်အကြီးများနှင့် ယုဒလူအကြီးအကဲတို့က ထိမ်ဝှက်၍မထားနိုင်ကြပါ။ ခရစ်တော်ထမြောက်တော်မူကြောင်း သက်သေခံကြစေရန် မျက်မြင်သက်သေများကိုလည်း တစ်ချိန်တည်းထမြောက်စေတော်မူ၏။

ယေရှုရှင်သည် တပည့်တော်များနှင့်အရက်လေးဆယ်ပတ်လုံး အတူနေတော်မူလျက် ဘုရားသခင်၏နိုင်ငံတော်နှင့်ယှဉ်သောအမှန်တရားများကို ပိုမိုရှင်းလင်းစွာ သြဝါဒပေးတော်မူသဖြင့် တပည့်တော်တို့သည် အားရဝမ်းမြောက်ကြ၏။ ကိုယ်ဓာတ်ခံစားခဲ့ရသည့်ဒုက္ခဆင်းရဲများအကြောင်း၊ အသေသတ်ခြင်းခံခဲ့ရသည့်အကြောင်း၊ ထမြောက်တော်မူခြင်းအကြောင်း၊ ကိုယ်တော်ထံသို့လာသောသူများအသက်ရှင်ခြင်းအခွင့်ကိုရကြစေရန်အတွက် အပြစ်ဖြေရာယဇ်အဖြစ် ကိုယ်ကိုကိုယ်ပူဇော်ပြီးဖြစ်ကြောင်းများကို သူတို့ကိုယ်တိုင်တွေ့ရ၊ မြင်ရ၊ သိရ၊ ကြားရသည့်အတိုင်းသက်သေခံကြရန် တပည့်တော်များအား အခွင့်အာဏာလွှဲအပ်တော်မူ။ သူတို့သည်လည်း နှိပ်စက်ညှင်းပန်းခြင်းခံရကြလိမ့်မည်ဖြစ်ကြောင်း၊ ဆင်းရဲပင်ပန်းခြင်းများကိုလည်း ရင်ဆိုင်ရကြ

လိမ့်မည်ဖြစ်ကြောင်း၊ သို့သော် သူတို့ကိုယ်တိုင်တွေ့ကြုံခဲ့ကြသည့် ဗဟုသုတများနှင့် ကိုယ်တော်၏သြဝါဒစကားများကို ပြန်ပြောင်းသတိရကြမည်ဆိုပါက သက်သာရာရကြလိမ့်မည်ဖြစ်ကြောင်း၊ နာလွယ်အောင်သစ္စာစကားဖြင့် မိန့်မှာတော်မူ၏။ ကိုယ်တော်သည် စာတန်၏စုံစမ်းနှောင့်ယှက်ခြင်းများကို အနိုင်ရပြီးကြောင်း၊ စုံစမ်းစစ်ဆေးခြင်းများနှင့်ဆင်းရဲဒုက္ခမျိုးစုံကိုလည်းအောင်မြင်ပြီးကြောင်း၊ မိမိအပေါ်စာတန်၏တန်ခိုးအာဏာမလွှမ်းမိုးနိုင်တော့ကြောင်း၊ သို့သော်သူတို့အားလည်းကောင်း၊ ကိုယ်တော်၏နာမတော်ကိုယုံကြည်သောသူများအားလည်းကောင်း ပို၍တိုက်ရိုက်စုံစမ်းနှောင့်ယှက်လိမ့်မည်ဖြစ်ကြောင်း၊ သို့သော်ကိုယ်တော်အောင်မြင်သည်နည်းတူ သူတို့သည်လည်းအောင်မြင်ကြလိမ့်မည်ဖြစ်ကြောင်း မိန့်မှာတော်မူ၏။ ယေရှုရှင်သည် တပည့်တော်များအား နိမိတ်လက္ခဏာပြနိုင်သည့်တန်ခိုးကိုပေးအပ်ပြီးနောက် မတရားသောသူတို့က သူတို့အား နှိပ်စက်ညှဉ်းပန်းကြလိမ့်မည်ဖြစ်သော်လည်း အချိန်အခါအားလျော်စွာ ကောင်းကင်တမန်တို့အားစေလွှတ်လျက်သူတို့ကိုကယ်လွှတ်မည်ဖြစ်ကြောင်း၊ သူတို့ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်မပြီးဆုံးမီတိုင်အောင် သူတို့၏အသက်ကို နုတ်ယူကြလိမ့်မည်မဟုတ်ကြောင်း၊ သို့ပြီးမှ သူတို့၏သက်သေခံချက်များကို သူတို့၏အသွေးနှင့်တံဆိပ်ခတ်ရန် လိုကောင်းလိုအပ်လိမ့်မည်ဖြစ်ကြောင်းများကိုလမ်းညွှန်းမိန့်ကြားတော်မူ၏။

စိတ်စောနေသောတပည့်တော်တို့သည် ကိုယ်တော်၏သန့်ရှင်းသောနှုတ်တော်ထွက် သြဝါဒများကို တစ်လုံးချင်းဝမ်းမြောက်စွာဖြင့် အားပါးတရ နာယူသောက်သုံးနေကြပါသည်။ ကိုယ်တော်သည် ဤလောက၏ကယ်တင်ရှင်ဖြစ်ကြောင်း၊ သူတို့ယခုအမှန်သိကြ၏။

ကိုယ်တော်၏ဩဝါဒစကားလုံးတိုင်းကို လေးလေးနက်နက်ခံယူကြလေ၏။ ကောင်းကင်ဘုံမှဆင်းကြွလာတော်မူသောဩဝါဒဆရာကြီးနှင့် မကြာမီခွဲခွာရကြတော့မည်ဖြစ်ကြောင်း၊ ကိုယ်တော်၏နှုတ်တော်ထွက် မင်္ဂလာရှိသောဩဝါဒများ၊ စိတ်သက်သာမှုကိုပေးသောအမိန့်တော်များကို နောက်နောင် ကိုယ်တိုင်ကြားရကြတော့မည်မဟုတ်ကြောင်း တွေး၍ ဝမ်းနည်းနေကြပါသည်။ သို့သော်ယေရှုရှင်က သူတို့နေရာစရာဖို့အခန်းများပြင်ဆင်ခြင်းငှာ သွားတော်မူရကြောင်း၊ သွား၍ပြင်ဆင်ပြီးမှတစ်ဖန် လာပြန်၍ ကိုယ်တော်ရှိရာအရပ်၌ သူတို့ထာဝရကာလပတ်လုံးရှိစေခြင်းငှာ သူတို့အားသိမ်းဆည်းမည်ဖြစ်ကြောင်း မိန့်မှာတော်မူသောအခါ အထူးပင်ဝမ်းမြောက်ရွှင်လန်းကြလေ၏။ စိတ်သက်သာရာရကြပြီးလျှင် မေတ္တာတရားပွားများကြလေ၏။ ထိုမှတစ်ပါးကိုယ်တော်က သူတို့အား သမ္မာတရားကိုအကြွင်းမဲ့သွန်သင်ပြသရန် သန့်ရှင်းသောဝိညာဉ်တော် တည်းဟူသော ဥပဇ္ဈာယ်ဆရာကို စေလွှတ်တော်မူမည်ဟု ကတိပြုတော်မူ၏။ ထိုနောက် "လက်တော်ကိုချီ၍ ကောင်းချီးပေးတော်မူ၏။"

---ooo---

## ကောင်းကင်ဘုံသို့ထက်ကြွတော်မူခြင်း

ယေရှုရှင်သည် ခမည်းတော်ထံသို့တက်ကြွ၍ အောင်ပွဲခံတော်မူမည့်အချိန်နာရီကို ကောင်းကင်ဗိုလ်ခြေအပေါင်းက စောင့်မျှော်နေကြပါသည်။ ဘုန်းကြီးတော်မူသောအရှင် ဘုရင်ကြီးအား ကောင်းကင်ဘုံသို့အောင်မြင်စွာ စောင့်ကြပါပို့ဆောင်ရန် ကောင်းကင်ဘုံမှကောင်းကင်တမန်များဆင်းလာပြီးလျှင် ကြို့ဆိုကြပါသည်။ ယေရှုရှင်သည် တပည့်

တော်များအား ကောင်းချီးပေးတော်မူပြီးနောက် သူတို့နှင့်ခွဲခွာ၍ အထက်သို့ဆောင်ယူခြင်းကိုခံတော်မူ၏။ ကိုယ်တော်ရှေ့ဆောင်၍ အထက်သို့ တက်ကြွတော်မူရာ ကိုယ်တော်နှင့်အတူ ထမြောက်သူများသည်လည်း တစ်ပါတည်းလိုက်ပါသွားကြပါသည်။ ကောင်းကင်ဗိုလ်ခြေအများ ကိုယ်တော်အား ဝန်းရံလျက်လိုက်ပါသွားကြစဉ် ကောင်းကင်တမန် အုပ်စုများက ဆီးကြိုနေကြပါသည်။ သန့်ရှင်းသောမြို့တော်ဆီသို့ တက်ကြွတော်မူစဉ် ကိုယ်တော်အားဝန်းရံလျက် လိုက်ပါသွားကြသော ကောင်းကင်တမန်များက "အချင်းတံခါးတို့၊ တံခါးမုခ်ကိုကြွလိုက်ကြ၊ အချင်းထာဝရတံခါးတို့၊ ကိုယ်ကိုကြွလိုက်ကြ၊ ဘုန်းကြီးသောရှင်ဘုရင် ဝင်တော်မူမည်" ဟုဆင့်ဆိုလိုက်ကြပါသည်။ မြို့တော်အတွင်းမှ ကောင်းကင်တမန်တို့က "ဘုန်းကြီးသောရှင်ဘုရင်ကား အဘယ်သူနည်း" ဟု ဝမ်းမြောက်စွာမေးကြသောအသံများပဲ့တင်ခတ်မျှကျယ်လောင်စွာထွက်ပေါ်လာလေ၏။ ထိုအခါအောင်ပွဲရကောင်းကင်တမန် များက "အစွမ်းတန်ခိုးနှင့်ပြည့်စုံတော်မူသောထာဝရဘုရား၊ စစ်တိုက်ခြင်း၌ တန်ခိုးကြီးတော်မူသောထာဝရဘုရားပေတည်း၊ အချင်းတံခါးတို့၊ တံခါးမုခ်ကိုကြွလိုက်ကြ၊ အချင်းထာဝရတံခါးတို့၊ ကိုယ်ကိုကိုယ်ကြွလိုက်ကြ၊ ဘုန်းကြီးသော်ရှင်ဘုရင်ဝင်တော်မူမည်" ဟုပြန်၍ဖြေလိုက်ကြပါသည်။ မြို့တော်တွင်းမှ ဆီးကြိုနေသောကောင်းကင်တမန်များက "ဘုန်းကြီးသောရှင်ဘုရင်ကား အဘယ်သူနည်း" ဟု တစ်ဖန်မေးကြပြန်၏။ ထိုအခါ ကိုယ်တော်၏ကိုယ်ရံတော် ကောင်းကင်တမန်တပ်ကြီးက "ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားပေတည်၊ ထိုဘုရားသခင်သည် ဘုန်းကြီးသောရှင်ဘုရင်ဖြစ်တော်မူသတည်း" ဟု ငြိမ့်ညောင်း

သာယာသောအသံဖြင့် ရှည်စွာဆွဲငင်လျက် သီဆိုလိုက်ကြပါသည် ထိုနောက် ကောင်းကင်တမန်များစီတန်းလျက် ဘုရားသခင်၏မြို့တော် တွင်းသို့ဝင်ကြပါသည်။ ကောင်းကင်ဗိုလ်ခြေအပေါင်းသည်လည်း မြတ်တော်မူသော ရှင်ဘုရင်ကြီးအားဝန်းရံလျက် သူတို့၏ပြိုးပြက်သော သရဖူများကို ကိုယ်တော်၏ခြေတော်ရင်းတွင် ချထားကြပြီးနောက် ကိုယ်တော်အား ကြည်ညိုသဒ္ဓါရှိသေစွာဖြင့် ပျပ်ဝပ်ကိုးကွယ်ကြလေ ၏။ ထိုနောက်မိမိတို့၏ရွှေစောင်းတော်များကို ပိုက်ပွေ့လျက် ကွပ်မျက် ခြင်းကိုခံတော်မူပြီးမှ ဘုန်းတန်ခိုးအာနုဘောဖြင့် အသက်ရှင်ပြန်တော် မူသော ဘုရားသခင်၏သိုးသငယ်တော်အား ဂုဏ်ပြုသည့်ချိုသာသော စောင်းသံ၊ သာယာငြိမ့်ညောင်းသောသီဆိုသံများသည် ကောင်းကင် တစ်ခွင်လုံးတွင်ပဲ့တင်ခတ်လေ၏။

တပည့်တော်များသည် ဝမ်းနည်းကြေကွဲစွာဖြင့် သူတို့၏ဘုရား သခင်ကောင်းကင်သို့တက်ကြွသွားတော်မူသည်ကို မျက်စိတဆုံးငေး မျှော်၍နေကြစဉ် ဖြူစင်သောအဝတ်ကိုဝတ်ဆင်းထားသည့်ကောင်းကင် တမန်နှစ်ပါးသူတို့အနီးတွင်ပေါ်လာ၍ “အိုဂါလိလဲလူတို့၊ အဘယ် ကြောင့် ကောင်းကင်သို့မျှော်ကြည့်လျက်နေကြပါသနည်း၊ သင်တို့နှင့် ခွာ၍ ကောင်းကင်သို့ဆောင်ယူခြင်းကိုခံတော်မူသော ထိုယေရှုသည် သင်တို့မျက်မှောက်၌ ကောင်းကင်သို့ကြွသွားတော်မူသည်နည်းတူ တစ်ဖန်ကြွလာတော်မူလတ္တံ့” ဟု ပြောကြပါသည်။ ယေရှု၏မယ်တော် သည်လည်း တပည့်တော်များနှင့်အတူ ရှိနေသည်ဖြစ်၍ ကိုယ်တော် ကောင်းကင်သို့တက်ကြွတော်မူသည်ကိုလည်း အတူတကွပင် တွေ့မြင် ရကြပါသည်။ တိုတောင်းလှသောအချိန်အတွင်း ကိုယ်တော်၏အံ့သြ ဖွယ်ကောင်းသောလှုပ်ရှားမှုများနှင့် ထူးဆန်း၍ ဘုန်းကြီးတော်မူသောဖြစ် ရပ်များအကြောင်းကို သူတို့ထိုနေ့အဆုံးတစ်ညလုံးဆွေးနွေးနေကြလေ၏။

စာတန်သည်လည်း ဘုရားသခင်စိုးမိုးအုပ်ချုပ်တော်မူခြင်းကို ပြင်းပြစွာမုန်းတီးသောကြောင့် ဤကမ္ဘာမြေကြီးပေါ်တွင် မိမိ၏တန်ခိုးအာဏာရှိနေသမျှကာလပတ်လုံးသူတို့၏လုပ်အားကို ဆယ်ဆတိုး၍ ယေရှု၏တပည့်တော်များအား အတိုက်အခံပြုကြမည်ဟူ၍ လည်းကောင်း၊ ခရစ်တော်အပေါ်မည်သည့်အချက်တွင်မျှ သူတို့မလွှမ်းမိုးနိုင်ခဲ့သောကြောင့် ကိုယ်တော်၏တပည့်တော်များအား တတ်နိုင်သမျှအနိုင်ယူရမည်ဟူ၍လည်းကောင်း၊ မျိုးနွယ်ဆက်အသစ်တိုင်းတွင် ယေရှုအားယုံကြည်သူအပေါင်းကို ပရိယာယ်ဆင်၍ ဖမ်းစားရမည်ဟူ၍လည်းကောင်း သူ၏တမန်များနှင့်နောက်တစ်ကြိမ်အစည်းအဝေးပြု၍ တိုင်ပင်ဆုံးဖြတ်လိုက်ကြပါသည်။ သူတို့ဝင်ရောက်ပူးကပ်ဒုက္ခပေးသောသူများအားချမ်းသာပေးနိုင်ရန်ကိုလည်းကောင်း၊ သူတို့အားဆုံးမ၍ နှင့်ထုတ်နိုင်သည့်တန်ခိုးကိုလည်းကောင်းယေရှုက သူ၏တပည့်များအား အခွင့်အာဏာလွှဲအပ်ထားကြောင်းစတန်က သူ၏တပည့်များအား ပြန်၍ပြောပြပြီးသည့်အချိန်မှအစပြု၍ စာတန်၏တမန်များသည် ယေရှုရှင်၏နောက်လိုက်တပည့်များအား ဖျက်ဆီးသုတ်သင်ရန် ဟောက်သောခြသေ့်များပမာထွက်သွားကြလေ၏။

---ooo---

## ခရစ်တော်၏တပည့်တော်များ

လက်ဝါးကပ်တိုင်ပေါ်တွင်တင်၍ ကွပ်မျက်ခြင်းခံရပြီးမှ ထမြောက်တော်မူသော ကယ်တင်ရှင်အကြောင်းကို တပည့်တော်များ တန်ခိုးအင်အားအပြည့်အဝဖြင့်ဟောပြောကြပါသည်။ ယေရှုရှင်၏နာမတော်

ကိုအမှီပြု၍ ကြီးစွာသောနိမိတ်လက္ခဏာများ၊ အံ့သြဖွယ်ရာများကိုလည်း ပြုကြပါသည်။ နာမကျန်းသောသူများကို ကျန်းမာစေကြ၏။ မွေးသန္ဓေပါခြေမစွမ်းသော လူတစ်ယောက်ကို ပကတိအကောင်းဖြစ်စေသည့်အတွက် ထိုသူသည် ခုန်လျက်လွှားကာ ဘုရားသခင်၏ဂုဏ်ကျေးဇူးတော်ကို လူအပေါင်းတို့ရှေ့တွင် ချီးမွမ်းလျက် တမန်တော်ပေတရု၊ ယောဟန်တို့နှင့်အတူ ဗိမာန်တော်အတွင်းသို့ လိုက်ပါဝင်ရောက်သွားလေ၏။ ယင်းသတင်းပြန့်သွားသောအခါ လူအများတပည့်တော်တို့ကို ဝိုင်းအုံကြလေ၏။ ထိုသို့ထူးခြားစွာကုသပေးလိုက်သည့်အတွက် လူအမြောက်အမြား ရုတ်တရက်အံ့အားသင့်ကာ တစ်ပြိုင်တည်းပြေး၍ ကြည့်ကြ၏။

ယေရှုရှင်ကွပ်မျက်ခြင်းခံရပြီးနောက် သူတို့အသိုက်အဝန်းတွင် နိမိတ်လက္ခဏာပြနိုင်သူရှိတော့မည်မဟုတ်၊ လူအများ လှုပ်လှုပ်ရွရွပြုခြင်းများလည်း ရပ်စဲသွားကြလိမ့်မည်၊ ထိုအခါ လူတို့သည် ရိုးရာအစဉ်အလာတည်းဟူသော ဘာသာရေးဆိုင်ရာနည်းဥပဒေသများဘက်သို့ပြန်၍လှည့်လာကြလိမ့်မည်ဟု ယဇ်ပုရောဟိတ်များကမျှော်မှန်းထားခဲ့ကြပါသည်။ သို့သော် သူတို့လူစုထဲမှာပင် တပည့်တော်တို့သည် နိမိတ်လက္ခဏာများကိုဆက်၍ပြနေကြပြန်သောကြောင့် လူအများအံ့သြမိန်းမောနေကြပြန်၏။ ယေရှုရှင်သည် လက်ဝါးကပ်တိုင်ပေါ်တွင် ရိုက်ထားခြင်းကိုခံရပြီးဖြစ်သောကြောင့် သူ၏တပည့်တော်များ ယင်းတန်ခိုးကို မည်သူ့ထံမှရကြပါသနည်းဟု အံ့သြနေကြ၏။ ကိုယ်တော်အသက်ရှင်တော်မူစဉ်က တပည့်တော်များအား တန်ခိုးဝေငှခဲ့သည်ဟု သူတို့ထင်မှတ်ကြ၏။ သို့သော် ကိုယ်တော်ကွပ်မျက်ခြင်းခံရပြီးနောက် နိမိတ်လက္ခဏာများရပ်စဲသွားလိမ့်မည်ဟု သူတို့မျှော်မှန်းထားကြပါသည်။

တမန်တော်ရှင်ပေတရုသည် သူတို့၏ရုပ်ထွေးမှုကိုသိမြင်နားလည်သော ကြောင့် ''ဣသရေလလူတို့၊ အဘယ်ကြောင့် ဤအမှုကိုအံ့သြကြ သနည်း။ ဤသသည် လှမ်းသွားနိုင်သောအခွင့်ကို ငါတို့သည် ကိုယ့်တန်ခိုးကိုယ့်သီလအားဖြင့် ပေးဘိသကဲ့သို့အဘယ်ကြောင့် ငါတို့ကိုစေ့စေ့ကြည့်ရှုကြသနည်း။ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့၏ ဘုရားသခင်၊ ငါတို့ဘိုးဘေးများ၏ဘုရားသခင်သည် မိမိသားတော်၏ ဘုန်းကိုထင်ရှားစေတော်မူပြီ။ ထိုသခင်ကိုသင်တို့သည် ပိလတ်မင်း လက်သို့အပ်နှံ၍ ထိုမင်းသည် လွှတ်မည်အကြံရှိသော် သင်တို့သည် ထိုသခင်ကိုငြင်းပယ်ကြ၏။ သန့်ရှင်းဖြောင့်မတ်သောသခင်ကိုငြင်းပယ်၍ လူအသက်ကိုသတ်ခြင်း အပြစ်ရှိသောသူတစ်ယောက်ကိုရမည်အကြောင်း တောင်းပန်သဖြင့် ထိုအရှင်ကိုဘုရားသခင်သည် သေခြင်းမှထမြောက် စေတော်မူသည်ကို ငါတို့သည်သက်သေခံဖြစ်ကြ၏။ ထိုသခင်ကို ယုံကြည်ခြင်းအားဖြင့် ထိုသခင်၏နာမတော်သည် သင်တို့သိမြင်သော ဤသူအား အစွမ်းကိုပေးတော်မူပြီ'' ဟုသက်သေခံလေ၏။

ယဇ်ပုရောဟိတ်အကြီးများနှင့် ယုဒလူအကြီးအကဲတို့သည် ယင်းသက်သေခံချက်များကိုမခံမရပ်နိုင်သောကြောင့် တမန်တော် ရှင်ပေတရုနှင့်ယောဟန်တို့အားဖမ်းဆီး၍ နှောင်အိမ်၌ချုပ်ထားစေ ကြ၏။ တပည့်တော်များ ယင်းသို့တစ်ကြိမ်တည်းသက်သေခံရုံမျှနှင့် ထောင်ပေါင်းများစွာသောသူတို့ ပြောင်းလဲခြင်းသို့ရောက်ကြ၍ ခရစ်တော် ထမြောက်တော်မူကြောင်း၊ ကိုယ်တော်သည် ကောင်းကင်ဘုံသို့တက် ကြွတော်မူပြီးဖြစ်ကြောင်း ယုံကြည်ကြလေ၏။ ယဇ်ပုရောဟိတ်အကြီး များနှင့် ယုဒလူအကြီးအကဲတို့သည်လည်း ပြဿနာနှင့်ရင်ဆိုင်ရကြ လေ၏။ အမျိုးသားတစ်ရပ်လုံးသူတို့ဘက်သို့ဦးလှည့်ကြစေရန် ယေရှုကို

ဤကဲ့သို့ကွပ်မျက်လိုက်ကြသော်လည်း ယခုမှယခင်ကထက်ပို၍ဆိုးသွားပါသည်။ သူတို့သည်ဘုရားသခင်၏သားတော်အားကွပ်မျက်သောလူသတ်သမားများဖြစ်သည်ဟု တမန်တော်များက သူတို့အားပွင့်ပွင့်လင်းလင်းစွပ်စွဲလေပြီ။ ဤအခြေအနေသည် မည်သို့တိုင် ကြီးထွားလာမည်ကိုလည်းကောင်း၊ အမျိုးသားတစ်ရပ်လုံးက သူတို့အပေါ်မည်သို့သဘောထားကြမည်ကိုလည်းကောင်း သူတို့မတွေးဝံ့မဝေခွဲနိုင်ကြတော့ပါ။ တမန်တော်ပေတရုနှင့်ယောဟန်တို့ကိုပါ ကွပ်မျက်လိုက်ကြရန်အထူးလိုလားသော်လည်း လူထုကြီးကိုကြောက်လန့်သောကြောင့်မကွပ်မျက်ရဲကြပါ။

နောက်တစ်နေ့တွင် တမန်တော်များအား သာသနာ့ကောင်စီသို့ခေါ်ဆောင်လာကြပါသည်။ ဖြောင့်မတ်တော်မူသောအရှင်၏အသွေးတော်ကိုအော်ဟစ်တောင်းဆိုခဲ့ကြသောသူများကိုယ်တိုင် ထိုနေရာတွင်ရှိနေကြပါသည်။ ပေတရုအားယေရှု၏နောက်လိုက်တပည့်တစ်ယောက်ဖြစ်ကြောင်း သူတို့စွပ်စွဲခဲ့စဉ်က ပေတရုသည် ကျိန်တွယ်တိုင်တည်၍ငြင်းခဲ့သည်ကိုကြားရသဖြင့် ယခုတစ်ဖန်ပေတရုသည်အားခြိမ်းခြောက်၍ရလိမ့်ဦးမည်ဟုထင်မှတ်နေကြပါသည်။ သို့သော် ပေတရုသည် နောင်ကရပြီးဖြစ်၍ ထိုအချိန်ကသူရဲဘောနည်းစွာဖြင့် အလျင်စလိုငြင်းပယ်ခြင်းဖြင့် ကိုယ်တော်၏နာမတော်ကိုမရိုမသေပြုမိခဲ့သည့် အမည်းကွက်ကိုယခုသင်ပုန်းချေရန် အခွင့်အရေးကြုံပြီဖြစ်သည့်အလျောက် ကိုယ်တော်၏နာမတော်ကိုချီးမြှောက်အံ့သောငှာ ''သင်တို့သည် လက်ဝါးကပ်တိုင်မှာ ကွပ်မျက်၍ ဘုရားသခင်သည် သေခြင်းမှထမြောက်စေတော်မူသောနာဇရက်မြို့သားယေရှုခရစ်တော်၏နာမတော်အားဖြင့် ဤသူသည်သင်တို့မျက်မှောက်၌ ကျန်းမာလျက်ရှိသည်ကို......သိမှတ်ကြလော့။ ထိုသခင်

ကား သင်တို့သည် တိုက်ကိုတည်လုပ်သောအခါပယ်ထား၍ နောက်တစ်ဖန် တိုက်ထောင့်အထွက်အဖျားသို့ရောက်ပြန်သောကျောက်ဖြစ်တော်မူ၏။ ထိုသခင်မှတစ်ပါး အဘယ်သူမျှကယ်တင်ခြင်းအမှုကိုမတတ်နိုင်။ ထိုသခင်၏နာမတော်မှတစ်ပါး ငါတို့ကိုကယ်တင်နိုင်သောနာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက် လူတို့တွင်မပေါ်မရှိ'' ဟု ပေတရုသည် သန့်ရှင်းသောသူရဲသတ္တိဖြင့်လည်းကောင်း၊ ဝိညာဉ်တော်အားဖြင့်လည်းကောင်း ရဲရဲရင့်ရင့်ကြွေးကြော်လိုက်ပါသည်။

ပေတရုနှင့်ယောဟန်တို့သတ္တိရှိကြပုံကို လူထုကြီးက ရုတ်တရက် အံ့ဩသွားကြသည့်အတွက် သူတို့သည် ယေရှုနှင့်အတူရှိခဲ့ကြသည်ကို အတပ်သိကြပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည်လည်း ယေရှုရှင်ကဲ့သို့ကြောက်ရွံ့ခြင်းမရှိဘဲတည်ကြည်ခန့်ညားစွာဖြင့် ရန်သူကို ရင်ဆိုင်ကြပါသည်။ ပေတရုသည် ကိုယ်တော်အားငြင်းပယ်ခဲ့စဉ်က ယေရှုရှင်သည်ဝမ်းနည်းကြင်နာစွာဖြင့် တစ်ချက်မျှလှည့်ကြည့်၍ ဆုံးမခဲ့သည့်အတွက် ယခုသူ၏အရှင်ကိုသတ္တိရှိရှိနှင့်ဝန်ခံလိုက်နိုင်ပါသည်။ ယင်းဝန်ခံချက်ကိုအသိအမှတ်ပြုသည့်အနေဖြင့် ကောင်းချီးမင်္ဂလာကိုလည်းခံစားရပါသည်။ ၎င်းအပြင် ယင်းသို့ယေရှုရှင်အသိအမှတ်ပြုတော်မူသည့်အတွက် အထိမ်းအမှတ်အဖြစ် သန့်ရှင်းသောဝိညာဉ်တော်ကိုလည်း ပေတရုအပေါ်သို့ကြွယ်ဝစွာသွန်းလောင်းတော်မူ၏။

ယဇ်ပုရောဟိတ်မင်းတို့သည် တပည့်တော်များအား မုန်းတီးကြသော်လည်း သိသိသာသာမဖော်ပြရဲကြပါ။ ထိုကြောင့် သူတို့အားလွှတ်တော်မှထွက်ခွာနေကြရန်အမိန့်ပေးပြီးနောက် ''ဤသူတို့ကိုအဘယ်သို့ပြုရမည်နည်း၊ သူတို့သည်ထင်ရှားစွာသောနိမိတ်လက္ခဏာကိုပြုပြီးသည်ကို ယေရုရှလင်မြို့၌နေသောသူအပေါင်းတို့သည်သိမြင်ကြ၏။ ငါတို့

သည်လည်း ငြင်းခုံခြင်းငှာမတတ်နိုင်ပြီ” ဟုချက်ချင်းဆွေးနွေးကြပါ သည်။ ဤမျှလောက်ကောင်းသောအမှုကိုပြုသည့်သတင်း လူထုတစ်ရပ် လုံးသို့ပျံ့နှံ့သွားမည်ကိုစိုးရိမ်ကြ၏။ အများပြည်သူတို့သိသွားကြမည် ဆိုပါက သူတို့၏တန်ခိုးအာဏာများကိုလက်လွှတ်ရကြမည်သာမက ယေရှုရှင်အားကွပ်မျက်သည့် လူသတ်သမားများဖြစ်သည်ဟု လူထုက သဘောထားကြလိမ့်မည်ကိုလည်း ယဇ်ပုရောဟိတ်များစိုးရိမ်ကြပါသည်။ ထိုကြောင့် ယေရှု၏နာမကိုအမှီပြုလျက် ဟောပြောသွန်သင်ခြင်းမပြုရ၊ အကယ်၍ဟောပြောသွန်သင်ခြင်းပြုပ်က သေဒဏ်ပေးမည်ဟုသာသူတို့ အား အမိန့်ပေးခြိမ်းခြောက်လိုက်ပါသည်။ သို့သော် ပေတရုကငါတို့ သည်ကြားလျက်မြင်လျက်ရှိသောအရာတို့ကို မဟောမပြောဘဲမနေနိုင်ဟု ရဲရဲတောက်ကြွေးကြော်လိုက်ပါသည်။

တပည့်တော်တို့သည် ယေရှုရှင်၏တန်ခိုးတော်ကို အသုံးပြုလျက် သူတို့ထံသို့ခေါ်ဆောင်လာသည့် အနာရောဂါစွဲသောသူများအား အနာ ရောဂါပျောက်စေခြင်း၊ အတိဒုက္ခရောက်သောသူများအား ဒုက္ခဝေဒနာ နှင့်ကင်းရှင်းစေခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ကြသည်။ ကွပ်မျက်ခြင်းခံရပြီးမှထမြောက်တော်မူပြီးလျှင် ကောင်းကင်သို့တက်ကြွ တော်မူပြီးသော ကယ်တင်ရှင်၏အောင်တံခွန်အောက်သို့ထောင်ပေါင်း များစွာသောလူတို့ နေ့စဉ်နှင့်အမျှစာရင်းဝင်ကြ၏။ ယဇ်ပုရောဟိတ် အကြီးများနှင့်လူထုခေါင်းဆောင်များ၊ အထူးသဖြင့် သူတို့နှင့်ထိပ်တိုက် တွေ့ရသူများထိတ်လန့်ကြ၏။ ထိုကြောင့် လူထုလှုပ်ရှားမှုလျော့နည်း သွားစေရန် တမန်တော်တို့အားအကျဉ်းထောင်သို့ တစ်ဖန်ပို့လိုက်ကြ ပြန်၏။ စာတန်နှင့်သူ၏တမန်များလည်း ဝမ်းမြောက်ရွှင်မြူးကြလေ ၏။ သို့သော်ယဇ်ပုရောဟိတ်များနှင့်လူထုခေါင်းဆောင်တို့က ယင်းသို့

သောအမိန့်အာဏာကိုအသုံးပြုထားကြသော်လည်း ဘုရားသခင်၏ ကောင်းကင်တမန်တို့သည် ထောင်တံခါးများကိုဖွင့်လျက် "ဗိမာန်တော်၌ရပ်၍ အသက်ရှင်ခြင်းတရားစကားအလုံးစုံကို လူတို့အားဟောပြောကြလော့" ဟုတမန်တော်တို့ကိုစေလွှတ်လိုက်ကြ၏။

ယဇ်ပုရောဟိတ်မင်းတို့သသည် လွှတ်တော်အစည်းအဝေးခေါ်ယူလျက် အကျဉ်းသမားတို့အား ခေါ်ဆောင်ခဲ့ကြရန် အမိန့်ပေးလိုက်ပါသည်။ သို့သော် မင်းအရာရှိတို့ထောင်တံခါးများကိုဖွင့်ကြသောအခါ သူတို့အလိုရှိသော်အကျဉ်းသားများမရှိတော့ကြောင်း တွေ့သိကြသဖြင့် ပြန်လာကြပြီးလျှင် "ထောင်တံခါးများအထူးသဖြင့် လုံခြုံစွာပိတ်လျက် ထောင်ကိုစောင့်သောလူတို့သည် တံခါးပြင်မှာရပ်လျက်ရှိကြသည်ကို အကျွန်ုပ်တို့သည်တွေ့ပါ၏။ ဖွင့်ပြီးမှအထဲ၌အဘယ်သူကိုမျှမတွေ့ပါ" ဟု ယဇ်ပုရောဟိတ်အကြီးများနှင့်လူထုခေါင်းဆောင်တို့အား ကြားလျှောက်ကြလေ၏။ "ထိုအခါ လူတစ်ယောက်သည်လာ၍ ထောင်ထဲမှာလှောင်ထားသောသူတို့သည် ဗိမာန်တော်၌ရပ်လျက်၊ လူအများတို့အား ဆုံးမဩဝါဒပေးကြပါသည်ဟုလျှောက်လေ၏။ ထိုအခါဗိမာန်တော်မှူးသည် မင်းလုလင်တို့နှင့်အတူသွားပြန်လျှင် မိမိတို့ကိုလူများတို့သည် ကျောက်ခဲနှင့်ပစ်မည်ကိုစိုးရိမ်သောကြောင့် တမန်တော်တို့ကိုအနိုင်အထက်မပြုဘဲ ခေါ်ဆောင်လေ၏။ ထိုသို့ခေါ်ဆောင်ပြီးလျှင် လွှတ်အရာရှိတို့ရှေ့မှာထား၍ ယဇ်ပုရောဟိတ်မင်းက ထိုနာမကိုအမှီပြုမဆုံးမမသွန်သင်မည်အကြောင်း ငါတို့သည်သင်တို့အားကျပ်တည်းစွာစီရင်မှာထားသည်မဟုတ်လော။ ယခုကြည့်ကြ၊ ယေရုရှလင်မြို့ကို သင်တို့အယူဝါဒနှင့်ပြည့်စေသည်ဖြစ်၍ ငါတို့အပေးသို့ထိုသူ၏အသွေးကိုရောက်စေခြင်းငှာ သင်တို့ကြံစည်ပါသည်တကားဟုမေးမြန်းပြောဆိုကြ၏။"

ထိုယုဒခေါင်းဆောင်တို့သည် သူတော်ကောင်းယောင်ဆောင်သောသူများဖြစ်ကြ၍ ဘုရားသခင်ကိုကြောက်ရွံ့ရိုသေကြသည်ထက် လူထုကမင်္ဂလာသြဘာပြုခြင်းကိုပို၍အလိုရှိကြ၏။ သူတို့၏စိတ်နှလုံးများခိုင်မာလွန်းသည်ဖြစ်၍ တမန်တော်များဆောင်ရွက်ကြသည့် အမြင့်မြတ်ဆုံးသောအလုပ်များအတွက် သူတို့အမျက်ဒေါသထွက်ကြ၏။ အကယ်၍ တမန်တော်တို့သည် ယေရှုရှင်၏အကြောင်းနှင့်တကွ ကိုယ်တော်သည် လက်ဝါးကပ်တိုင်ပေါ်၌ကွပ်မျက်ခြင်းခံရပုံ၊ ကိုယ်တော်ထမြောက်တော်မူပုံနှင့် ကောင်းကင်သို့တက်ကြွတော်မူပုံများကို ဆက်လက်ဟောပြောနေကြမည်ဆိုပါက သူတို့သည်ကိုယ်တော်အား အသေသတ်သောသူများဖြစ်ကြောင်း ထင်ရှားနေလိမ့်မည်ကိုသူတို့သိကြ၏။ "သူ၏အသွေးသည် ငါတို့ခေါင်းပေါ်၌လည်းကောင်း၊ သားမြေးတို့၏ခေါင်းပေါ်၌လည်းကောင်းတည်ပါစေ" ဟု ထိုစဉ်က သူတို့ပြင်းစွာသောအရှိန်အဟုန်ဖြင့်အော်ဟစ်ခဲ့ကြသော်လည်း ယခုမူကား ယေရှုရှင်၏အသွေးတော်ကိုလက်ခံလိုစိတ်မရှိကြတော့ပါ။

လူ၏စကားထက် ဘုရားသခင်၏စကားတော်ကိုနားထောင်သင့်ပါ၏ဟုတပည့်တော်များရဲဝံ့စွာကြေညာကြပါသည်။ "သင်တို့သည် သစ်တိုင်၌ဆွဲ၍ကွပ်မျက်သောယေရှုကို ငါတို့ဘိုးဘေးများ၏ဘုရားသခင်သည်ထမြောက်စေတော်မူပြီ။ ဣသရေလလူတို့အား နောင်တတရားနှင့် အပြစ်လွှတ်ခြင်းအခွင့်ကိုပေးစေခြင်းငှာ၊ ထိုသူကိုအစိုးရသောအရှင်အရာ၌လည်းကောင်း၊ ကယ်တင်သောသခင်အရာ၌လည်းကောင်း ဘုရားသခင်ခန့်ထား၍ မိမိလက်ယာလက်တော်နှင့် ချီးမြှင့်တော်မူပြီ။ ထိုအကြောင်းအရာတို့သည် အမှန်ဖြစ်ကြောင်း ကိုငါတို့သည်သက်သေခံကြ၏။ ဘုရားသခင်၏စကားတော်ကို နားထောင်သောသူတို့အား

ပေးသနားတော်မူသော သန့်ရှင်းသောဝိညာဉ်တော်သည်လည်း သက်သေခံဖြစ်တော်မူသည်” ဟု ပေတရုဟောပြောလေ၏။ ဤကဲ့သို့မကြောက်မရွံ့ပြောဟောသောကြောင့် ထိုလူသတ်သမားတို့အမျက်ထွက်ကြပြန်လေရာ တမန်တော်များကို ကွပ်မျက်ခြင်းဖြင့် မိမိတို့၏လက်များကို တစ်ဖန်သွေးစွန်းစေကြဦးမည်ဟု ဆုံးဖြတ်လိုက်ကြပါသည်။ ယင်းသို့ သူတို့ကြံစည်နေကြစဉ် ဘုရားသခင်၏ကောင်းကင်တမန်သည် ယဇ်ပုရောဟိတ်အကြီးများနှင့် ယုဒခေါင်းဆောင်တို့အား အကြံပေးရန် ဂါမလျေလ၏စိတ်နှလုံးကိုနှိုးဆော်လေ၏။ ထိုကြောင့် “ဤသူတို့ကို ရှောင်ရှား၍ အလိုအလျောက်ရှိကြပါစေဟုငါဆို၏၊ ဤအကြံ ဤအမှုသည် လူ၏အကြံလူ၏အမှုဖြစ်လျှင် ပျက်စီးခြင်းသို့ရောက်လိမ့်မည်။ ဘုရားသခင်၏အကြံအမှုဖြစ်လျှင် သင်တို့သည် မဖျက်ဆီးနိုင်ကြ၊ သင်တို့သည် ဘုရားသခင်၏အာဏာတော်ကိုဆန်သောသူမဖြစ်မည်အကြောင်း သတိပြုကြလော့” ဟု ဂါမလျေလက အကြံပေးလေ၏။ ယဇ်ပုရောဟိတ်မင်းများနှင့်လူထုခေါင်းဆောင်တို့အနေဖြင့် တပည့်တော်များအား ကွပ်မျက်ရန် စာတန်၏စေတမန်များက လှုပ်ရှားအားပေးနေကြပါသည်။ သို့သော် ယုဒခေါင်းဆောင်များအထဲမှ လူတစ်ယောက်ကိုဘုရားသခင်ရွေးချယ်တော်မူပြီးလျှင် မိမိ၏တမန်တော်များဘက်မှ ရပ်တည်ရန် ကောင်းကင်တမန်တစ်ပါးကိုစေလွှတ်၍ စီစဉ်တော်မူ၏။ တမန်တော်တို့၏လုပ်ငန်းမပြီးဆုံးသေးပါ။ ယေရှုရှင်၏နာမတော်နှင့်တကွ သူတို့ကြားရမြင်ရသမျှအတိုင်းသက်သေခံရန် ရှင်ဘုရားတို့၏ ရှေ့မှောက်သို့ခေါ်ဆောင်ခြင်းကိုခံရကြပါလိမ့်ဦးမည်။

ယဇ်ပုရောဟိတ်မင်းများသည် ထိုအကျဉ်းသားများအားရိုက်နှက်ကြပြီးလျှင် ယေရှု၏နာမကိုအမှီပြု၍ မဆုံးမ မသွန်သင်မည်အကြောင်း

ကျပ်တည်းစွာမှာထားပြီးမှ မတတ်သာ၍လွှတ်လိုက်ကြလေ၏။ "တမန်တော်တို့သည်လည်း သခင်ယေရှု၏နာမတော်ကြောင့် မိမိတို့သည် အရှက်ကွဲခြင်းကိုခံထိုက်ကြသည်ဟု မှတ်တော်မူသောကြောင့် ဝမ်းမြောက်သောစိတ်ရှိ၍ လွှတ်တော်မှထွက်သွားကြ၏။ ဗိမာန်တော်၌လည်းကောင်း၊ အိမ်၌လည်းကောင်း နေ့တိုင်းအစဉ်ဆုံးမသွန်သင်လျက် ယေရှုသည် ခရစ်တော်ဖြစ်၏ဟူ၍ ဧဝံဂေလိတရားကိုမပြတ်ဟောပြောလျက်နေကြ၏။" ထိုနည်းအားဖြင့် ဘုရားသခင်၏နှုတ်ကပါဌ်တရားတော်ရှင်သန်ကြီးထွား၍ပြန့်ပွားလေ၏။ တမန်တော်တို့သည် သူတို့ကြားရကြသမျှအတိုင်း ရဲစွမ်းသတ္တိနှင့်သက်သေခံကြပြီးလျှင် ယေရှုရှင်၏နာမတော်ကိုအမှီပြုလျက် ကြီးမြတ်သောနိမိတ်လက္ခဏာများကိုပြုကြ၏။ ဘုရားသခင်၏သားတော်ကိုအနိုင်ရဖို့ တန်ခိုးအာဏာအပ်နှင်းခြင်းခံခဲ့ရကြစဉ်က ယေရှုရှင်၏အသွေးတော်သည် သူတို့ခေါင်းပေါ်၌တည်ပါစေဟုလိုလားစွာအော်ဟစ်ခံယူကြသူအား တမန်တော်များက ရဲစွမ်းသတ္တိအပြည့်အဝဖြင့် သူတို့အပေါ်သို့စွဲချက်တင်လိုက်ကြပါသည်။

လူမျိုးဆက်တိုင်းတွင် ခရစ်တော်၏တပည့်တော်များအတွက် ကျောက်ဆူးပမာဖြစ်သော၊ အရေးကြီးသော၊ မွန်မြတ်တော်မူသောသမ္မာတရားတော်များကို အထူးကိစ္စတစ်ရပ်အနေဖြင့် စောင့်ကြပ်ထိန်းသိမ်းထားကြရန် ဘုရားသခင်၏ကောင်းကင်တမန်များအား အခွင့်အာစာလွှဲအပ်ထားသည်ကို ကျွန်ုပ်မရှုမြင်ရပါသည်။ တကသရေလလူမျိုးအတွက် မျှော်လင့်ချက်ဖြစ်သော၊ အရေးကြီးသောသမ္မာတရားတော်များတည်းဟူသောဘုရားသခင် လက်ဝါးကပ်တိုင်ပေါ်တွင်ကွပ်မျက်ခံရခြင်း၊ ထမြောက်တော်မူခြင်းနှင့်ကောင်းကင်သို့တက်ကြွတော်မူခြင်း အကြောင်းများကိုသက်သေခံကြသည့် တမန်တော်များအပေါ်သို့ အထူးသဖြင့်

သန့်ရှင်းသောဝိညာဉ်တော်သက်ရောက်ကိန်းအောင်းတော်မူ၏။ ဤလောကတွင် ကယ်တင်ရှင်မှတစ်ပါး အခြားမျှော်လင့်ချက်မရှိဟူ၍လည်းကောင်း၊ ကိုယ်ကိုကိုယ်ပူဇော်၍ ဖွင့်ပေးထားတော်မူသောလမ်းစဉ်အတိုင်း လိုက်လျှောက်ရမည်ဟူ၍လည်းကောင်း၊ ဘုရားသခင်၏ပညတ်တို့ကိုစောင့်ထိန်းလျက်အသက်ရှင်ရမည်ဟူ၍လည်းကောင်း လူတိုင်းနှလုံးပိုက်ထားရပါမည်။ ယေရှုရှင်အားကွပ်မျက်ကြသည်တိုင်အောင်ယုဒလူတို့မုန်းတီးခဲ့သော ကိုယ်တော်၏အမှုတော်လမ်းစဉ်အတိုင်းပင်တပည့်တော်များအနေဖြင့်ဆက်လက်၍ အမှုတော်ဆောင်ရွက်ရန် တန်ခိုးအာဏာပေးအပ်တော်မူရာ၌ အမြော်အမြင်ကြီးတော်မူပုံကိုလည်းကောင်း၊ ကောင်းမြတ်တော်မူပုံကိုလည်းကောင်း ကျွန်ုပ်မမြင်ရပါသည်။ တပည့်တော်တို့သည် ကိုယ်တော်၏နာမတော်ကိုအမှီပြုလျက် စာတန်၏လုပ်ရပ်များကိုအောင်နိုင်ရန် တန်ခိုးစွမ်းအားကိုရရှိခဲ့ကြပါသည်။ ယေရှုရှင်သည်ကွပ်မျက်ခြင်းခံရ၍ ထမြောက်တော်မူသည့်အချိန်ပတ်ဝန်းကျင်တွင်ဘုန်းရောင်ခြည်ထွန်းတော်ကခြင်အားဖြင့် ကိုယ်တော်သည် ဤလောက၏ကယ်တင်ရှင်ဖြစ်တော်မူကြောင်းတည်းဟူသော မြတ်တော်မူသောသမ္မာတရားတော်သည် မဖေါက်ပြန်မပျက်စီးနိုင်သောအခြေသို့ရောက်လေ၏။

---ooo---

## သတေဖန်ကွပ်မျက်ခံရခြင်း

ယေရုရှလင်မြို့တော်တွင် တမန်တော်များတိုးပွားများပြားလာကြပါသည်။ အများသောယဇ်ပုရောဟိတ်တို့သည်လည်း ယုံကြည်ခြင်းတရားကိုလက်ခံယုံကြည်၍ လိုက်လျှောက်ကြပါသည်။ ယုံကြည်ခြင်း

အပြည့်အဝရှိသောသတေဖန်သည်လည်း လူအများရှေ့တွင်ထင်ရှား ကြီးမားသောအံ့ဩဖွယ်ရာများနှင့် နိမိတ်လက္ခဏာများပြုနေပါသည်။ ယဇ်ပုရောဟိတ်များပင်လျှင် သူတို့၏ရှေးထုံးဓလေ့များ၊ ယဇ်ပူဇော်ခြင်းများနှင့်အခြားသောပူဇော်သက္ကာရများကိုစွန့်လွှတ်၍ ယေရှုရှင်ကိုယ်တော်တိုင်သည် ကြီးမြတ်ပြည့်စုံတော်မူသော ယဇ်ကောင်ဖြစ်ကြောင်း သဘောပေါက်လက်ခံကြသဖြင့် ယုဒခေါင်းဆောင်များလှုပ်လှုပ်ရွရွဖြစ်၍ ပြင်းစွာအမျက်ဒေါသထွက်ကြလေ၏။ အထက်မှတန်ခိုးတော်ကိုခံရသဖြင့် သတေဖန်သည် မယုံကြည်သောယဇ်ပုရောဟိတ်များနှင့် လူထုခေါင်းဆောင်များအား ပြစ်တင်ဆုံးမပြီးလျှင် သူတို့ရှေ့၌ယေရှုရှင်၏ ဂုဏ်တော်ကိုချီးမွမ်းလေ၏။ ယင်းသို့သတေဖန်သည် ပညာတန်ခိုးပြည့်ဝစွာဖြင့်ဟောပြောနေသည်ကို သူတို့မခန့်မရပ်နိုင်ဖြစ်ကြသောလည်း မည်သို့မျှသူ့ကိုမလွန်ဆန်နိုင်ကြောင်းသိရသောအခါ မတရားသက်သေများငှား၍ ဘုရားသခင်နှင့်မောရှေကိုပြစ်မှားသည့်စကားများပြောနေသည်ကို သူတို့ကြားရပါသည်ဟု မဟုတ်မမှန်သက်သေထွက်ဆိုစေကြ၏။ လူထုအုံကြွအောင် ဆော်ဩပြီးလျှင် သတေဖန်ကိုဖမ်းကြ၏။ မတရားသောသက်သေများငှား၍ ဗိမာန်တော်ကိုလည်းကောင်း၊ တရားတော်ကိုလည်းကောင်းဆန့်ကျင်ပြောဟောသည်ဟုစွပ်စွဲကြ၏။ မောရှေပြဋ္ဌာန်းခဲ့သောရှေးထုံးရှေးနည်းများကို ဤနာဇရက်မြို့သားယေရှုဖျက်ဆီးလိမ့်မည်ဟု ပြောဟောသည်ကို သူတို့ကြားရကြောင်း သက်သေခံကြပါသည်။

တရားသူကြီးများ၏ရှေ့တွင် သတေဖန်ရပ်နေသောအခါ ဘုရားသခင်၏ဘုန်းတော်ရောင်ခြည်သည် သူ၏မျက်နှာပေါ်တွင်ထွန်းတောက်နေပါသည်။ “လွှတ်တော်၌ ထိုင်လျက်ရှိသောသူအပေါင်းတို့သည် သတေဖန်ကိုစေ့စေ့ကြည့်ရှုလျှင် သူ၏မျက်နှာသည် ကောင်းကင်တမန်၏

မျက်နှာကဲ့သို့ဖြစ်သည်ဟု ထင်မှတ်ကြ၏။'' သူ့အပေါ်စွဲချက်တင်ထား သည်များကိုဖြေကြားရန် အမိန့်ပေးလိုက်သောအခါ မောရှေမှအစပြု၍ ပုရောဖက်များ၏အကြောင်းများနှင့်တကွ ဣသရေလသမိုင်းစဉ်ကိုလည်း ကောင်း၊ ဘုရားသခင်သည်သူတို့နှင့် မည်သို့မည်ပုံဆက်ဆံတော်မူခဲ့သည် ကိုလည်းကောင်း၊ ပုရောကဖက်အနာဂတ်စကားများတွင် ခရစ်တော်၏ အကြောင်းနှင့်စပ်လျဉ်း၍ မည်ကဲ့သို့ကြိုတင်ဖေါ်ညွှန်းထားတော်မူခဲ့သည် ကိုလည်းကောင်း ပြန်လှန်ဟောပြောလေ၏။ ဗိမာန်တော်သမိုင်းကို လည်း ရည်ညွှန်းလျက် လူတို့လက်ဖြင့် လုပ်သောဗိမာန်တော်များတွင် ဘုရားသခင်စံမြန်းတော်မူသည်မဟုတ်ကြောင်း အတပ်ဟောလေ၏။ ယုဒလူတို့သည် ဗိမာန်တော်ကိုကိုးကွယ်ကြသည့်အလျောက် ယင်းဗိမာန် တော်အဆော်အအုံအကြောင်းကို ဆန့်ကျင်ပြောဆိုပါက မည်သည့် အရာကိုဆန့်ကျင်ပြောဆိုသည်နှင့်မျှမတူဘဲ ဘုရားသခင်အားဆန့်ကျင် ပြောဆိုသည်ထက်ပင် သူတို့မြောက်မြားစွာပို၍အမျက်ဒေါသထွက်ကြ ပါသည်။ သတေဖန်သည် ခရစ်တော်၏အကြောင်းကိုလည်းကောင်း၊ ဗိမာန်တော်၏အကြောင်းကိုလည်းကောင်း ပြေဟောနေစဉ် လူအပေါင်း တို့က သူ၏ဟောပြောချက်များကိုငြင်းပယ်နေကြကြောင်းသိရသော် လည်း ကြောက်ရွံ့တုန်လှုပ်ခြင်းလုံးဝမရှိဘဲ ''လည်ပင်းခိုင်မာ၍နှလုံး ဖြင့်လည်းကောင်း၊ နားဖြင့်လည်းကော်ငးအရေဖျားလှီးခြင်းကိုမခံသော လူတို့၊ သင်တို့သည်သန့်ရှင်းသောဝိညာဉ်ဇတ်ကိုအစဉ်မပြတ်ဆန့်ကျင် ဘက်ပြုလေ့ရှိကြ၏'' ဟုပြစ်တင်ဝေဖန်ဆုံးမလိုက်ပါသည်။ သူတို့၏ ဘာသာရေးနှင့်ပတ်သက်၍ အပြင်သဏ္ဌာန်အားဖြင့်ပြဋ္ဌာန်းထားသော နည်းဥပဒေများကိုလိုက်နာစောင့်ထိန်းကြသော်လည်း သူတို့၏စိတ်နှလုံး များသည် ဖေါက်ပြန်ယိုယွင်း၍သေစေတတ်သည့် မကောင်းမှုများနှင့် ပြည့်ဝနေကြပါသည်။ ရှေးကသူတို့၏ဘိုးဘေးတို့အနေဖြင့် ပုရောဖက်

များအပေါ်ရက်စက်စွာညှဉ်းပန်းနှိပ်စက်ခဲ့ကြပုံများကို ရည်ညွှန်းလျက် ယခုတွင်သူမျက်နှာချင်းဆိုင်၍ စကားပြောနေသူများမှာ ခရစ်တော်အား ငြင်းပယ်လျက် လက်ဝါးကပ်တိုင်ပေါ်တွင်တင်၍ ကွပ်မျက်ကြသည့် အတွက် ပို၍ကြီးသောအပြစ်ကိုကျူးလွန်ကြသည်ဟူ၍လည်းကောင်း၊ "သင်တို့ဘိုးဘေးများသည် အဘယ်ပရောဖက်ကိုမညှဉ်းဆဲဘဲနေသနည်း၊ ဖြောင့်မတ်သောသူ ကြွလာတော်မူမည်အကြောင်းအရာကို ဟောပြော ပြညွှန်သောသူတို့ကိုကွပ်မျက်ကြ၏။ ထိုဖြောင့်မတ်သောသူကိုပင် ယခုလည်းသင်တို့အပ်နှံ၍ အသေသတ်ကြပြီ" ဟူ၍လည်းကောင်း အတိအလင်းကြေညာလိုက်ပါသည်။

ဤကဲ့သို့သူတို့အား ထိထိမိမိပြောလိုက်သည့်ရှင်လင်းပြတ်သား သောအမှန်တရားများအတွက် ယဇ်ပုရောဟိတ်မင်းများနှင့်အုပ်စိုးသော သူများက ပြင်းစွာအမျက်ထွက်ကြပြီးလျှင် အံခဲလျက် သတေဖန်အား တစ်ဟုန်တည်းပြေး၍ကိုင်ကြ၏။ သို့သော်သူသည် "သန့်ရှင်းသော ဝိညာဉ်နှင့်ပြည့်ဝသဖြင့် ကောင်းကင်သို့ စေ့စေ့ကြည့်မျှော်၍ ဘုရားသခင်၏ဘုန်းတော်ကို" မြင်ရသဖြင့် "ကြည့်ပါ၊ ကောင်းကင် ဖွင့်လှစ်သည်ကိုလည်းကောင်း၊ ဘူသားသည် ဘုရားသခင်၏လက်ယာ တော်ဘက်၌ ရပ်နေသည်ကိုလည်းကောင်း ငါမြင်သည်" ဟုဆက်၍ ပြောလိုက်ပါသေးသည်။ သူပြောနေသောစကားများကို လူထုကြီးက နားမထောင်လိုကြတော့ဘဲ "ပြင်းစွာသောအသံနှင့်ဟစ်ကြော်၍ နားကို ပိတ်ဆို့လျက် သူ့ဆီသို့ညီညွတ်စွာတစ်ရှိန်တည်းပြေး၍ မြို့ပြင်သို့ နှင်ထုတ်ပြီးမှ ကျောက်ခဲနှင့်ပစ်ကြ၏။" ထိုအခါသတေဖန်သည် ဒူးထောက်လျက် "သခင်၊ ဤသူတို့ပြုသောဒုစရိုက်အပြစ်ကို မှတ်တော် မမူပါနှင့်" ဟု ကြီးစွာသောအသံနှင့်ကြွေးကြော်လိုက်ပါသည်။

သတေဖန်သည် ဘုရားသခင့်လူတို့တွင် စွမ်းအားကြီးသူတစ်ယောက်ဖြစ်ကြောင်း၊ အသင်းတော်၌အရေးကြီးသောနေရာတွင်အသုံးပြုရန်အတွက် ဘုရားသခင်အထူးရွေးချယ်တော်မူသောသူဖြစ်ကြောင်း ကျွန်ုပ်မရှုမြင်ရပါသည်။ သတေဖန်စုတေသွားသည်မှာ တပည့်တော်များအတွက် အကြီးမားဆုံးသောဆုံးရှုံးမှုတစ်ရပ်ဖြစ်ကြောင်း စာတန်သိမှန်ထားနှင့်သည့်အတွက် အထူးပင် ဝမ်းမြောက်ဝမ်းသာဖြစ်နေသော်လည်း သူ၏အောင်မြင်မှုကား တိုတောင်းလှပါ၏။ အဘယ်ကြောင့်ဆိုသော် သတေဖန်အသေသတ်ခံရခြင်းကို ကိုယ်တိုင်တွေ့မြင်နေကြသောလူစုတွင် ကိုယ်တော်၏အလိုဆတ်နှင့်အညီ ယေရှုရှင်အား ကိုယ်တိုင်ဖူးမြင်ရမည့်သူတစ်ယောက်ရှိနေပါသည်။ ရှောလုသည် သတေဖန်အား ကိုယ်တိုင်ကျောက်ခဲနှင့်မပေါက်ခဲ့သော်လည်း ယင်းသို့ အသေသတ်ခြင်းကို သဘောတူခဲ့ပါသည်။ ဘုရားသခင်၏အသင်းတော်ကိုညှဉ်းပန်းနှိပ်စက်ရာ၌ အားကြိုးမာန်တက်ဆောင်ရွက်သည်ဖြစ်၍ အသင်းသူအသင်းသားများအား လိုက်လံရှာဖွေလျက် နေအိမ်များသို့ဝင်ရောက်ဖမ်းဆီးပြီးမှ အသေသတ်မည့်သူများလက်သို့ အပ်နှံလေ့ရှိပါသည်။ ရှောလုသည် အတတ်ပညာအရည်အချင်းနှင့်ပြည့်စုံပါ၏။ သူ၏အားကြိုးမာန်တက်ဆောင်ရွက်တတ်မှုနှင့် အတတ်ပညာအတွက် ယုဒလူတို့ကအထူးပင်ကြည်ညိုလေးစားသော်လည်း ခရစ်တော်၏တပည့်တော်အများစုက အထူးကြောက်လန့်နေကြပါသည်။ ဘုရားသခင်၏သာတော်နှင့် ကိုယ်တော်အားယုံကြည်သူများကို အတိုက်အခံပြုရာတွင် စာတန်သည် ရှောလု၏စွမ်းရည်သတ္တိများကို ထိထိမိမိအသုံးချလိုက်ပါသည်။ သို့သော် ဘုရားသခင်သည် ရန်သူကြီး၏တန်ခိုးအာဏာကို ချိုးနှိမ်လျက် သူဖမ်းဆီးအသုံးပြုထားသောသူများကို လွှတ်နိုင်တော်မူ၏။ ခရစ်တော်၏နာမတော်

အကြောင်းကိုဟောပြောရန်၊ တပည့်တော်တို့၏အမှုတော်တွင် စွမ်းအား ဖြည့်တင်းပေးရန်၊ သတေဖန်၏နေရာတွင်အစားထိုးရန်ထက် ပိုမိုအသုံး ချရန် ခရစ်တော်သည် ရှောလုအား "ရွေးကောက်သောတန်ဆာ" အဖြစ်သီးသန့်ထားတော်မူ၏။

---ooo---

## ရှောလုပြောင်းလဲခြင်း

ယေရှုရှင်အကြောင်းကိုဟောပြောသော အမျိုးသားအမျိုးသမီး တို့အား ဖမ်းဆီးချည်နှောင်လျက် ယေရုရှလင်မြို့သို့ခေါ်ဆောင်လုရန် အမိန့်စာများကိုကိုင်ဆောင်လျက် ဒမာသက်မြို့သို့ခရီးဆန့်နေစဉ် စာတန် ၏တမန်များဝမ်းမြောက်ရွှင်မြူးစွာရှောလု၏ပတ်လည်တွင် ဝိုင်းအုံနေ ကြပါသည်။ သို့သော်ကောင်းကင်မှအလင်းရောင်သည် ရှောလု၏ဝန်း ကျင်၌ ရုတ်တရက်ထွန်းတောက်သဖြင့် စာတန်၏တမန်များလန့်၍ ပြေးကြလေ၏။ ရှောလုသည်လည်း မြေပေါ်သို့ချက်ချင်းလဲကျသွားလေ ၏။ ထိုအခါ "ရှောလု၊ ရှောလုအဘယ်ကြောင့်ငါ့ကိုညှဉ်းဆဲသနည်း" ဟုမေးသောအသံကို ရှောလုထင်ထင်ရှားရှားကြားလိုက်ရသောအခါ "သခင်၊ ကိုယ်တော်သည်အဘယ်သူဖြစ်ပါသနည်း" ဟုပေးလျှောက် လေ၏။ ဘုရားသခင်ကလည်း "ငါကား သင်ညှဉ်းဆဲသောယေရှုဖြစ် သတည်း၊ တုတ်ချွန်ကိုခြေနှင့်ကျောက်လျှင် ခက်လှသည်" ဟုမိန့်တော် မူ၏။ ထိုအခါရှောလုသည် ကြောက်ရွံ့တုန်လှုပ်အံ့ဩလျက် "သခင်၊ အကျွန်ုပ်သည်အဘယ်သို့ပြုရပါမည်နည်း" ဟုလျှောက်ထားသောအခါ

''ထ၍မြို့သို့ဝင်လော့၊ သင်ပြုရမည့်အမှုကို ပြောလိမ့်မည်'' ဟု ဘုရားသခင်မိန့်တော်မူ၏။

ရှောလုနှင့်အတူ ခရီးသွားနေသောသူတို့သည် အသံကိုကြားရကြသော်လည်း အဘယ်သူကိုမျှမမြင်ရသောကြောင့် အံ့အားသင့်နေကြပါသည်။ အလင်းရောက်ကွယ်ပျောက်သွားသောအခါ ရှောလုသည် ထ၍မျက်စိကိုဖွင့်သော်လည်း အဘယ်သူကိုမျှမမြင်နိုင်လောက်အောင် မျက်စိမှုန်လေ၏ ကောင်းကင်မှထွန်းတောက်သောဘုန်းတော်ရောင်ခြည်ကြောင့် သူ၏မျက်စိကွယ်လေ၏။ အဖော်တို့သည်လည်း သူ၏လက်ကိုဆွဲလျက် ဒမာသက်မြို့တွင်းသို့ပို့ဆောင်ကြ၏၊ သူသည်လည်း သုံးရက်ပတ်လုံးမျက်စိမမြင် မစားသောက်ဘဲနေလေ၏။ ထိုအခါ ဘုရားသခင်သည် ကောင်းကင်တမန်တစ်ပါးကိုစေလွှတ်တော်မူလျက် ရှောလုကဖမ်းဆီးချုပ်နှောင်လိုသော သူတစ်ယောက်အား ရူပါရုံတွင် လမ်းဖြောင့်အမည်ရှိသောလမ်းသို့သွားလော့၊ ''ရှောလုအမည်ရှိသော တာရှုမြို့သားကို ယုဒအိမ်၌ရှာဖွေလော့၊ အကြောင်းမူကား၊ ထိုသူသည် ဆုတောင်းလျက်နေ၏၊ မိမိမျက်စိကိုမြင်ပြန်စေခြင်းငှာ အာနနိအမည်ရှိသောသူသည် ဝင်၍ မိမိအပေါ်၌လက်တင်သည်ကို ဗျာဒိတ်တော်အားဖြင့်မြင်လေပြီ'' ဟုမိန့်တော်မူ၏။

ယင်းအကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာချွတ်ချော်နေလေပြီဟု အာနနိသဘောရသောကြောင့် ရှောလုအကြောင်းနှင့်ပတ်သက်၍ မိမိကြားသိရသမျှကို ဘုရားသခင်အား လျှောက်ထားလေ၏။ သို့သော်ဘုရားသခင်က ''ထိုသူကားတစ်ပါးအမျိုးသားတို့နှင့် ရှင်ဘုရင်ထံသို့လည်းကောင်း၊ ဣသရေလအမျိုးသားရှိရာသို့လည်းကောင်း၊ ငါ၏နာမတော်ကိုပို့ဆောင်စေခြင်းငှာ ငါရွေးကောက်သော

တန်ဆာဖြစ်၏။ အကြောင်းမူကား ထိုသူသည် ငါ၏နာမကြောင့် အဘယ်မျှလောက်ပင်ပန်းဆင်းရဲခံရမည်ကို ငါသည်သူ့အားပြမည်။ ထိုကြောင့်သင်သွားလော့ဟု အာနနိအားမိန့်တော်မူ၏။'' အာနနိသည် လည်း ဘုရားသခင်လမ်းညွှန်မိန့်ကြားတော်မူသည့်အတိုင်း သွား၍ ထိုအိမ်သို့ဝင်ရောက်ပြီးလျှင် ထိုသူ၏အပေါ်သို့မိမိလက်ကိုတင်လျက် ''ညီရှောလု၊ သင်လာသောလမ်း၌ သင့်အားထင်ရှားတော်မူသော သခင် ယေရှုသည် သင်၏မျက်စိမြင်ပြန်စေခြင်းငှာလည်းကောင်း၊ သင့်ကို သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်စေခြင်းငှာလည်းကောင်း ငါ့ကိုစေခန့် တော်မူသည်ဟုပြောဆို၏။''

ထိုခဏချင်းတွင် ရှောလုသည် မျက်စိမြင်ပြန်သဖြင့် ထ၍နှစ် ခြင်းခံယူလေ၏။ ထိုအချိန်မှစ၍ ယေရှုသည် ဘုရားသခင်၏သားတော် အမှန်ပင်ဖြစ်ကြောင်း တရားဇရပ်တို့၌ မဆိုင်းမလင့်ဟောလေ၏။ ကြားနာရသောသူအပေါင်းတို့သည် အံ့အားသင့်ကြသဖြင့် ''ဤသူကား ထိုသခင်ကိုမတ္တနာပြုသောသူတို့ကို ယေရုရှလင်မြို့၌ဖျက်ဆီးသည် သာမက ထိုသူများကိုချည်နှောင်၍ ယဇ်ပုရောဟိတ်အကြီးတို့ထံသို့ ပို့ဆောင်ခြင်းငှာ ဤအရပ်သို့လာသောသူဖြစ်သည်မဟုတ်လောဟု ဆိုကြ၏။'' သို့သော်ရှောလုသည် အင်အားတိုးပွားသဖြင့် ယုဒလူတို့ စိတ်ရှုပ်ထွေးခြင်းသို့ရောက်ကြ၏၊ ဒုက္ခတစ်မျိုးနှင့်ရင်ဆိုင်ရကြပြန် လေ၏။ ရှောလုသည် ယေရှုကိုအတိုက်အခံပြုလျက် ကိုယ်တော်၏ နာမတော်ကိုယုံကြည်သောသူအပေါင်းတို့အား ကွပ်မျက်ရန် သက်ဆိုင် ရာသို့အပ်နှံရေးအတွက် မနားမနေအရှိန်အဟုန်ပြင်းစွာဆောင်ရွက်နေ သူဖြစ်ကြောင်း အများသူငါသိကြပါ၏။ ထိုကြောင့် အံ့သြဖွယ်ရာ ရှောလုပြောင်းလဲသွားသည့်အတွက် ယေရှုသည် ဘုရားသခင်၏သားတော်

ဖြစ်ကြောင်း လူအများယုံကြည်ကြလေ၏။ သူသည်အမျိုးသားနှင့်အမျိုးသမီးမရှောင်ဖမ်းဆီးချည်နှောင်၍ အကျဉ်းထောင်သို့ပို့ခြင်း၊ သေသည်တိုင်အောင် နှိပ်စက်ညှဉ်းပန်းခြင်းများပြုလျက် ဒမာသက်မြို့သို့သွားနေစဉ် မိမိ၏ဝန်းကျင်၌ ရုတ်တရက် ကောင်းကင်မှအလင်းရောင်ကြီးထွန်းတောက်ကြောင်း၊ ယေရှုရှင်သည် မိမိအား ကိုယ်ထင်ရှားပြတော်မူကြောင်း၊ ၎င်းအပြင် ကိုယ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကိုလည်း သင်ပေးတော်မူကြောင်း စသည်ဖြင့် မိမိ၏အတွေ့အကြုံများကို သန့်ရှင်းသောဝိညာဉ်တော်လမ်းပြတော်မူသည့်အတိုင်းရှောလုပြောပြောလေ၏။

ယေရှုရှင်အကြောင်းကို ရှောလုက ယင်းသို့ရဲရဲရင့်ရင့်ပြောဟောနေစဉ် ထူးကဲသောသြဇာသက်ရောက်မှုလည်းရှိနေပါသည်။ ကျမ်းစာတတ်ကျွမ်းသည့်အလျောက် ပြောင်းလဲပြီးသောအခါ ယေရှုရှင်အကြောင်းနှင့်စပ်ဆိုင်သောအနာဂတ်စကားများအပေါ် ဘုရားသခင်ထံမှအလင်းတရားကိုရရှိခဲ့ပါသည်။ ထိုကြောင့် သမ္မာတရားတော်ကိုရဲဝံ့စွာဖြင့်လည်းကောင်း၊ ရှင်းလင်းပြတ်သားစွာဖြင့်လည်းကောင်း တင်ဆက်နိုင်ခဲ့ပါသည်။ ၎င်းအပြင်ကျမ်းစားနှင့်စပ်လျဉ်း၍ လမ်းချော်မှုများတွေ့ရှိပါက လမ်းမှန်သို့ရောက်အောင် ဖြောင့်ပေးနိုင်စွမ်းရှိပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် သူ၏အပေါ်၌တည်နေတော်မူသည်ဖြစ်၍ တရားနာသောသူများအား ခရစ်တော်ပထမအကြိမ်ကြွလာတော်မူသည့်အချိန်သို့ရောက်သည်တိုင်အောင် ပုရောက်ဖက်အနာဂတ်စကားများအရ ရှင်းလင်းပြတ်သားစွာဖြင့်လည်းကောင်း၊ အကျိုးထူးစွာဖြင့်လည်းကောင်း ရှင်းပြသွားနိုင်ပါသည်။ ထိုမျှမက ကိုယ်တော်သည် ဆင်းရဲဒုက္ခမျိုးစုံကိုခံရမည်ဖြစ်ကြောင်း၊ ကွပ်မျက်ခြင်းကိုလည်း ခံရလိမ့်မည်ဖြစ်ကြောင်း၊

ထိုနောက်မှ ထမြောက်တော်မူလိမ့်မည်ဖြစ်ကြောင်းများနှင့်စပ်လျဉ်း သည့်ပုရောက်ဖက်အနာဂတ်စကားများဆိုင်ရာ ကျမ်းစာချက်များသည် လည်း ပြည့်စုံပြီးဖြစ်ကြောင်း ထိထိရောက်ရောက်သဘောပေါက်အောင် ဟောပြောနိုင်ခဲ့ပါသည်။

---ooo---

## ပေါလုအားကွပ်မျက်ရန်ယုဒလူတို့ဆုံးဖြတ်ခြင်း

ပေါလုသည် မိမိကိုယ်တွေ့ ဗဟုသုတများကိုဟောပြောသည့် အတွက် အကျိုးသက်ရောက်ပုံကို ယုဒအရာရှိများနှင့်ယဇ်ပုရောဟိတ် တို့ကိုယ်တိုင်တွေ့မြင်ရကြသောအခါ မုန်းမာန်ဝင်ကြလေ၏။ သူသည် ယေရှုအကြောင်းကိုရဲစွမ်းသတ္တိဖြင့် သက်သေခံလျက် ကိုယ်တော်၏ နာမတော်ဖြင့် နိမိတ်လက္ခဏာများပြုသောကြောင့် သူ၏တရားစကား များကိုနာကြားသော လူထုပရိသတ်ကြီးသည် သူတို့၏ရိုးရာဓလေ့များ ကိုစွန့်လွှတ်ကြသည်သာမက ယုဒခေါင်းဆောင်များအား ဘုရားသခင် ၏သားတော်ကိုသတ်သောသူများဖြစ်သည်ဟု သဘောထားကြလေ၏။ သူတို့သည်လည်း အမျက်ဒေါသမီးတောက်လောင်ကြသဖြင့် ယင်းလှုပ် ရှားမှုငြိမ်ဝပ်သွားစေရန် မည်သို့မည်ပုံအရေးယူကြမည်ကို တိုင်ပင်ရေး အတွက် အစည်းအဝေးခေါ်ယူကြပါသည်။ ယင်းအစည်းအဝေးတွင် သူတို့၏တစ်ခုတည်းသောဆုံးဖြတ်ချက်မှာ သူတို့၏လုံခြုံရေးအတွက် ပေါလုအား အသေသတ်ရန်ဖြစ်သော်လည်း သူတို့၏အကြံအစည်ကို ဘုရားသခင်သိနှင့်တော်မူပြီးသည့်အလျောက် လွှဲအပ်ထားသည့်အမှု တော်ပြီးမြောက်အောင်မြင်သည်အထိ သက်ရှင်ဆောင်ရွက်နိုင်ရေးအတွက်

ပေါလုအားစောင့်ကြပ်ရန် ကောင်းကင်တမန်များကိုတာဝန်ပေးလိုက်ပါသည်။

ပေါလုထွက်လာသည်ကိုတွေ့မည်ဆိုပါက ချက်ချင်းအဆုံးစီရင်ရန် စာတန်ခေါင်းဆောင်သည့်မယုံကြည်သောယုဒလူတို့သည် ဒမာသက်မြို့တံခါးများကို နေ့ရောညပါစောင့်ကြပ်၍နေကြပါသည်။ ယုဒလူတို့သည် သူတို့၏အသက်ရန်ရှာနေကြကြောင်း ပေါလုထံသတင်းပေးပို့ကြသဖြင့် တပည့်တော်များသည် ပေါလုအားတောင်းတစ်လုံးတွင်ထည့်၍ ညဥ့်အချိန်မြို့ရိုးပေါ်မှလျှော့ချလိုက်ကြပါသည်။ ထိုမအောင်မြင်မှုအတွက် ယုဒခေါင်းဆောင်တို့က ရှက်ကြလေ၏။ နာကြည်းကြလေ၏။ စာတန်လည်းအရေးနိမ့်လေ၏။

ထိုနောက်ပေါလုသည်ယေရုရှလင်မြို့သို့ရောက်သောအခါ တပည့်တော်များနှင့်ပူးပေါင်းဆောင်ရွက်ရန်အလိုရှိသော်လည်း သူ့ကိုအားလုံးကကြောက်ရွံ့နေကြပါသည်။ သူသည်လည်း တပည့်တော်တစ်ယောက်ဖြစ်သည်ဟု မယုံနိုင်ကြ၊ သူ့ကိုသတ်ရန် ယုဒလူတို့ကဒမာသက်မြို့တွင်ရှာနေကြ၏။ ယခုသူ၏ညီအစကိုများကပင် သူ့အားလက်မခံကြ၊ ထိုအချိန်တွင် တပည့်တော်တစ်ဦးဖြစ်သောဗာနဗကသူ့ကိုခေါ်၍ တပည့်တော်များနှင့်မိတ်ဆက်ပေးပြီးလျှင် သူသည်ဒမာသက်မြို့သို့သွားရာလမ်းတွင် ဘုရားသခင်အား မည်သို့မည်ပုံ ဖူးမြင်ခဲ့ရကြောင်း၊ ထိုကြောင့်ယင်းမြို့တွင်း၌ ယေရှုရှင်၏နာမတော်နှင့်စပ်လျဉ်း၍ ရဲစွမ်းသတ္တိအပြည့်အဝနှင့်ဟောပြောခဲ့ကြောင်းများကိုပါ အသေအချာရှင်းပြလိုက်ပါသည်။

သို့သော်ပေါလုအား အဆုံးစီရင်ရန် ယုဒလူတို့အား စာတန်က လှုံ့ဆော်နေသောကြောင့် ယေရုရှလင်မြို့မှထွက်သွားရန် ယေရှုရှင်က မိန့်မှာတော်မူ၏။ ဗာနဗနှင့်အတူ အခြားတစ်ပါးသောမြို့များသို့သွား

ရောက်၍ ယေရှုရှင်အကြောင်းကိုဟောပြောရင်း အံ့ဖွယ်သောနိမိတ်
လက္ခဏာများပြုသဖြင့် လူအများပြောင်းလဲကြ၏။ တစ်သက်ပတ်လုံး
ခြေမစွမ်းသူတစ်ယောက်အား အနာရောဂါကင်းငြိမ်းစေရာတွင် ဘုရား
မှန်တရားမှန်ကိုမကိုးကွယ် မဆည်းကပ်ဖူးသောသူတို့သည် တပည့်တော်
များအား ပူဇော်ပသမည်ပြုကြ၏။ ထိုသတင်းကိုကြားသဖြင့် ပေါလု
စိတ်မသာသည်နှင့် သူနှင့်သူ၏လုပ်ဖေါ်ဆောင်ဖက်သည် သာမန်လူသား
များသာဖြစ်ကြောင်း၊ ကောင်းကင်မြေကြီး၊ သမုဒ္ဒရာမှစ၍ ရှိရှိသမျှ
အရာတို့ကိုဖန်ဆင်းတော်မူသော ဘုရားသခင်ကိုသာ ကိုးကွယ်ဝတ်ပြု
ရမည်ဟု ပြောပြလိုက်ပါသည်။ ထိုနည်းအားဖြင့် ပေါလုသည် ဘုရား
သခင်၏ဂုဏ်တော်ကို လူတို့ရှေ့တွင်ချီးမြှင့်လိုက်ပါသော်လည်း ထိုသူများ
ကိုဟန့်တားထားရန်အခက်ကြုံနေပါသည်။ မှန်သောဘုရားသခင်ကိုသာ
ယုံကြည်ကိုးကွယ်ရမည်ဟူသော ပထမအမြင်၊ ထိုဘုရားသခင်၏ဂုဏ်
တော်ကိုသာချီးမွမ်းရမည်ဟူသောသဘောတရားသည် ထိုပြည်သူတို့၏
စိတ်အာရုံတွင်းသို့ဝင်ရောက်လေပြီ၊ သို့သော်သူတို့သည် တမန်တော်
ရှင်ပေါလု၏သတင်းစကားများကို ကြားနာနေကြစဉ်အချိန်၌ တစ်ဖက်
တွင် ပေါလုနှင့်တကွ သူ၏အောင်မြင်နေသောလုပ်ငန်းကိုလိုက်၍
ဖျက်ဆီးသုတ်သင်ပစ်ရန် စာတန်သည် အခြားတစ်ပါးသောမြို့များရှိ
မယုံကြည်သောယုဒလူတို့အား လှုံ့ဆော်နေပါသည်။ ထိုဘုရားမျှန်
တရားမှန်ကိုမသိသေးသောသူများအား ဤယုဒလူတို့က ပေါလု
အကြောင်းနှင့်ပတ်သက်၍ မမှန်သတင်းများဖြန့်ချိခြင်းဖြင့် ထိုသူတို့
အား သွေးထိုးပေးကြပါသည်။ ထိုကြောင့် ထိုမြို့သူမြို့သားများသည်
ချီးမွမ်းအံ့သြနေကြရာမှ မုန်းတီးသည့်အခြေသို့ရောက်၍ မကြာသေးမီက
ပင် တမန်တော်တို့အား ရှိခိုးမတတ်ကြည်ညိုသဒ္ဒါပွားခဲ့ပြီးမှ ယခုကျောက်ခဲ

နှင့်ပေါက်ကြရာ သေပြီဟုထင်နှင့်ပေါလုကိုမြို့ပြင်သို့ဆွဲထုတ်ပစ်ထားလိုက်ကြ၏။ ထိုအခါ တပည့်တော်များသည် ပေါလုအား ဝိုင်းအုံ၍ ဝမ်းနည်းတသနေကြစဉ် ရုတ်တရက်နိုးထလာသောကြောင့် ဝမ်းမြောက်စွာဖြင့် မြို့တွင်းသို့ အတူတကွဝင်ကြပြန်လေ၏။

နောက်တစ်ကြိမ်ပေါလုနှင့်သိလတို့သည် ယေရှုရှင်အကြောင်း ဟောပြောလျက် ခရီးထွက်ကြပြန်သောအခါ အနာဂတ်ကိုဟောနိုင်သော နတ်ဝင်အမျိုးသမီးတစ်ယောက်သည် သူတို့နောက်မှလိုက်၍ "ဤသူတို့ကား အကျွတ်တရားလမ်းကို ငါတို့အားဟောပြောပြသသောအမြင့်ဆုံးသောဘုရားသခင်၏ကျွန်ဖြစ်ကြ၏" ဟု ကျယ်သောအသံနှင့်ဟစ်လေ၏။ ထိုအမျိုးသမီးသည် တပည့်တော်များနောက်မှလိုက်၍ ရက်ပေါင်းများစွာအော်ဟစ်လေ၏။ ယင်းသို့ပြုသောကြောင့် လူအများသမ္မာတရားတော်ကိုစိတ်အာရုံမပြုနိုင်ကြသဖြင့် ပေါလုစိတ်မချမ်းမသာဖြစ်ရ၏။ ယင်းမျိုးသမီးအနေဖြင့် ထိုအမှုကိုပြုရန် စာတန်လမ်းညွှန်နေခြင်းမှာ လူအများက တပည့်တော်များ၏လုပ်ရပ်ကိုစက်ဆုပ်ရွံရှာ၍ သူတို့၏အောင်မြင်မှုကိုဖျက်ဆီးပစ်ရန်ဖြစ်ပါသည်။ ထိုကြောင့် ပေါလုသည် စိတ်မသာဖြစ်၍ နောက်သို့လှည့်ပြီးလျှင် "သင်သည်သူ၏အထဲမှထွက်သွားလော့၊ ယေရှုခရစ်၏နာမတော်ကိုအမှီပြု၍ ငါအမိန့်ရှိ၏" ဟုထိုနတ်ဆိုးအား အမိန့်ပေးလေ၏။ ထိုနတ်ဆိုးသည်လည်း ဆုံးမခြင်းကိုခံရသဖြင့် ချက်ချင်းထွက်သွားလေ၏။

ယင်းအမျိုးသမီးသည် တပည့်တော်များနောက်မှလိုက်၍ အော်ဟစ်နေခြင်းကို သူမ၏သခင်တို့နှစ်သက်ကြပါသည်။ သို့သော်နတ်ဆိုးထွက်သွားသောအခါ ယေရှုရှင်၏နူးညံ့သိမ်မွေ့သော တပည့်တော်မတစ်ယောက်ဖြစ်သွားဖြင့် သူတို့အမျက်ထွက်ကြ၏။ ယင်းအမျိုးသမီးသည်

ရှေးဖြစ်နှောင်းဖြစ်ဟောပြောနိုင်သောကြောင့် သူတို့ဝင်ငွေကောင်းခဲ့ကြ၏။ ယခုမူကားမျှော်လင့်စရာမရှိတော့ပါ၊ ဝင်ငွေလမ်းပိတ်သွားလေပြီ၊ စာတန်၏ရည်ရွယ်ချက်မှာလည်း အလဟဿဖြစ်သွားလေပြီ။ သို့သော် သူ၏ဘက်တော်သားမှူးက ပေါလုနှင့်သိလတို့ကိုဖမ်းဆီး၍ တရားသူကြီးများနှင့်စစ်ကဲမင်းတို့ရှိရာရုံးတော်သို့ပို့လိုက်ကြ၏။ စစ်ကဲမင်းထံသို့ရောက်သောအခါ "ဤသူတို့သည်ယုဒလူဖြစ်လျက် ငါတို့မြို့ကိုနှောင့်ယှက်တတ်ပါ၏" ဟု စွဲချက်တင်ကြပါသည်။ ထိုနေရာတွင်ရှိနေသောလူအုပ်ကြီးကလည်း သူတို့ကိုဆန့်ကျင်ဘက်ပြု၍ ထကြွလှုပ်ရှားကြ၏၊ တရားသူကြီးများကလည်း သူတို့၏အဝတ်များကိုချွတ်၍ ကြိမ်လုံးနှင့်ရိုက်ရန်ပြစ်ဒဏ်စီရင်ကြ၏။ အကြိမ်ပေါင်းများစွာ ရိုက်နှက်ကြပြီးနောက် အကျဉ်းထောင်သို့ပို့လိုက်ကြ၏။ ထောင်မှူးကိုလည်း လုံခြုံစွာစောင့် ကြပ်ထားရန်မိန့်မှာခဲ့ကြ၏။ ယင်းအခွင့်အာဏာကိုရရှိသည်နှင့်တစ်ပြိုင်နက် ထောင်မှူးကလည်း ပေါလုနှင့်သိလတို့အား အတွင်းထောင်ထဲတွင် ခြေထိတ်ခတ်၍ လုံခြုံစွာထားလိုက်ပါသည်။ သို့သော်ဘုရားသခင်၏ကောင်းကင်တမန်တို့သည် သူတို့နှင့်အတူထောင်တွင်းသို့လိုက်ပါသွားကြပြီးလျှင် ယင်းသို့သူတို့ချုပ်နှောင်ခြင်းခံရကြသည်မှာ ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေရန်အတွက်ဖြစ်ကြောင်း၊ သူတို့သည် ကိုယ်တော်ရွေးချယ်ခြင်းခံရသောသူများဖြစ်၍ သူတို့ဆောင်ရွက်နေကြသည့်လုပ်ငန်းတွင်လည်း ဘုရားသခင်အတူရှိတော်မူကြောင်း လူအပေါင်းတို့ထင်ရှားသိမြင်အောင်ပြုကြလေ၏။

သန်းခေါင်ယံအချိန်၌ ပေါလုနှင့်သိလတို့သည် ဆုတောင်းပတ္ထနာပြုကာ ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းလျက်သီဆိုနေကြစဉ် ရုတ်တရက်မြေငလျင်ပြင်းစွာလှုပ်သောကြောင့် ထောင်၏အခြေအမြစ်တို့ပါ

လှုပ်လေ၏။ ထိုအချိန်တွင် ကောင်းကင်တမန်သည် ထောင်သားတိုင်း အားအနှောင်အဖွဲ့မှချက်ချင်း လွှတ်ပေးလိုက်သည်ကို ကျွန်မရှုမြင်ရပါသည်။ ထောင်မှူးသည် အိပ်ရာမှနိုး၍ထသောအခါ ထောင်တံခါးများပွင့်နေသည်ကိုတွေ့ရသောကြောင့် ထောင်သားများထွက်ပြေးကြလေပြီဟု ထင်မှတ်သဖြင့် မိမိအားသေဒဏ်ပေးတော့မည်ကို ကြောက်လန့်တုန်လှုပ်သွားပါသည်။ ထိုကြောင့် ကိုယ်ကိုကိုယ်သတ်မည်ပြုသောအခါ "ကိုယ်ကိုအပြစ်မပြုနှင့်၊ ငါတို့အပေါင်းသည်ရှိကြ၏" ဟု ပေါလုကအော်ဟစ်ပြောဆိုလိုက်ပါသည်။

ဘုရားသခင်၏ဘုန်းတန်ခိုးတော်ကြောင့် ထောင်မှူးသည် ကိုယ်အပြစ်ကိုမြင်၍နောင်တရလေ၏။ ချက်ချင်းမီးအိမ်ကိုတောင်းပြီးလျှင်ထောင်တွင်းသို့တုန်တုန်ယင်ယင်ပြေးဝင်၍ ပေါလုနှင့်သိလခြေရင်းတွင်ပျပ်ဝပ်တောင်းပန်ပြီးမှ အပြင်သို့ခေါ်ဆောင်ခဲ့ပြီးလျှင် "သခင်တို့၊ အကျွန်ုပ်သည် ကယ်တင်ခြင်းသို့ရောက်အံ့သောငှာ အဘယ်သို့ပြုရပါမည်နည်း" ဟုမေးသောအခါ "သခင်ယေရှုခရစ်ကိုယုံကြည်လော့၊ ယုံကြည်လျှင် သင်နှင့်သင်၏အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်" ဟုပြန်၍ဖြေကြပါသည်။ ထောင်မှူးလည်းမိမိ၏အိမ်သူအိမ်သားများကိုစုဝေးစေသဖြင့် ပေါလုသည်လည်း ယေရှုရှင်၏အကြောင်းကိုဟောပြောလေ၏။ ထိုနည်းအားဖြင့် ထောင်မှူးလည်းညီအစ်ကိုများနှင့်တစ်စိတ်တစ်ဝမ်းတည်းဖြစ်၍ ပေါလုနှင့်သိလတို့၏ဒဏ်ချက်ရာများကိုဆေးကြောသုတ်သင်ပေးပြီးမှ သူနှင့်တကွသူ၏အိမ်သူအိမ်သားအားလုံးတို့သည် ထိုညတွင်းချင်းနှစ်ခြင်းခံယူကြလေ၏။ ထိုမှတစ်ဖန်ပေါလုနှင့်သိလတို့အား မိမိအိမ်သို့ခေါ်ဖိတ်၍ အစားအသောက်နှင့်ဧည့်ခံလေ၏၊ တစ်အိမ်သားလုံးလည်း ဘုရားသခင်ကိုယုံကြည်ကြသဖြင့် ဝမ်းမြောက်ရွှင်မြူးကြလေ၏။

ဘုရားသခင်၏ဘုန်းတော်အားဖြင့် ထောင်တံခါးများပွင့်နေကြောင်း၊ ထောင်မှူးနှင့်တကွ အိမ်သူအိမ်သားများပြောင်းလဲခြင်းသို့ ရောက်ကြပြီဖြစ်ကြောင်း သတင်းကောင်းသတင်းထူးများသည် ချက်ချင်းပင်အရပ်ရပ်အနယ်နယ်သို့ပျံ့လွင့်သွားပါသည်။ ယင်းသတင်းစကားများကိုအုပ်စိုးသောသူတို့ကြားရကြသောအခါ ကြောက်လန့်ကြသဖြင့် ထောင်မှူးထံသို့ရုံးလုလင်တို့ကိုစေလွှတ်လျက် ပေါလုနှင့်သိလတို့အား ထောင်မှလွှတ်ရန် အမိန့်ထုတ်လိုက်ပါသည်။ သို့သော် ပေါလုသည် တိတ်တဆိတ်ထွက်သွားရန် သဘောမတူနိုင်ပါ၊ ဘုရားသခင်ထင်ရှားပြတော်မူသောဘုန်းတန်ခိုးတော်ကိုထိမ်ဝှက်ထားရန်လည်း အလိုမတူနိုင်ပါ၊ ထို့ကြောင့် ပေါလုက “ရောမလူဖြစ်သောငါတို့ကို ဓမ္မသတ်အတိုင်းမစီရင်ဘဲလျက် စစ်ကဲတို့သည် ထင်ရှားစွာရိုက်၍ ထောင်ထဲမှာလှောင်ထားပြီးမှတိတ်ဆိတ်စွာနှင်ထုတ်ကြမည်လော၊ ထိုသို့မပြုသင့်၊ ကိုယ်တိုင်လာ၍ ငါတို့ကိုနုတ်ယူကြစေ” ဟု ရုံးလုလင်များအားမှကြားလိုက်ပါသည်။ တရားသူကြီးများအား ထိုအကြောင်းများကို ပြန်၍ပြောပြကြသောအခါ တမန်တော်တို့သည် ရောမနိုင်ငံသားများဖြစ်ကြောင်း သိရကြသဖြင့် အုပ်စိုးသောသူများထိတ်လန့်ကြလေ၏။ ယင်းသို့သူတို့အနေဖြင့် ဓမ္မသတ်အတိုင်းမစီရင်ခဲ့သည့်အတွက် ဧကရာဇ်မင်းထံလျှောက်ထားတိုင်ကြားမည်ကိုလည်း စိုးရိမ်ကြလေ၏။ ထို့ကြောင့် သူတို့ကိုယ်တိုင်လာကြပြီးလျှင် ချော့မော့ပြောဆိုလျက် ထောင်မှလွှတ်လိုက်ကြပါသည်။ ၎င်းအပြင် ထိုမြို့မှထွက်ခွာသွားပါမည့်အကြောင်းကိုလည်း တောင်းပန်ကြပါသည်။

---ooo---

## ပေါလု၏ယေရုရှလင်မြို့ခရီးစဉ်

ပေါလုပြောင်းလဲပြီးနောက် ယေရုရှလင်မြို့သို့သွား၍ ယေရှုရှင်၏ အကြောင်း၊ ကိုယ်တော်၏အံ့သြဖွယ်ကောင်းသောကျေးဇူးတော်အကြောင်း များကိုဟောပြောလေ၏။ သူကိုယ်တိုင်မည်မျှလောက်အံ့သြဖွယ်ကောင်း အောင် ပြောင်းလဲခဲ့ပုံများကိုဟောပြောသောအခါ ယဇ်ပုရောဟိတ်မင်း များနှင့်ယုဒခေါင်းဆောင်တို့ အမျက်ထွက်ကြသဖြင့် သူ့ကိုအသေ သတ်ရန်ကြံစည်ကြပါသည်။ သို့သော် ဆုတောင်းပတ္ထနာပြုနေစဉ် ယေရှုရှင်သည် သူ့အားရူပါရုံတွင် ကိုယ်ထင်ရှားပြတော်မူလျက် "သင်သည်ကြိုးစား၍ ယေရုရှလင်မြို့မှ အလျင်အမြန်ထွက်သွားလော့၊ ငါ၏အကြောင်းကိုသင်သည်ပြော သက်သေခံစကားကို ဤလူတို့သည် မခံဘဲနေကြလိမ့်မည်" ဟုအသက်ဘေးမှကင်းဝေးစေရန်မိန့်တော်မူ၏။ ထိုအခါပေါလုက "သခင်၊ ကိုယ်တော်ကိုယုံကြည်သောသူတို့ကို အကျွန်ုပ်သည် ထောင်ထဲ၌လှောင်ထား၍ တရားဇရပ်များ၌ရိုက်ထား သည့်အကြောင်းကို သူတို့သိကြပါ၏။ ကိုယ်တော်၏သက်သေခံဖြစ် သောသတေဖန်၏အသွေးကိုသွန်းလောင်းသောအခါ အကျွန်ုပ်သည် အနား၌နေလျက်ကွပ်မျက်ခြင်းအမှုကိုဝန်ခံ၍ ကွပ်မျက်သောသူတို့၏ အဝတ်ကိုစောင့်နေပါ၏" ဟုရူပါရုံတွင်း၌လျှောက်ထားလေ၏။ သူကိုယ် တိုင်သက်သေခံနေသည်ကို ယေရုရှလင်မြို့ရှိယုဒလူတို့လွန်ဆန်နိုင်ကြ မည်မဟုတ်ဟူ၍လည်းကောင်း၊ ယင်းသို့သောပြောင်းလဲမှုကြီးကို ဘုရားသခင်၏တန်ခိုးတော်အားဖြင့် ပြုလုပ်နိုင်မည်ဟု သူတို့ဆင်ခြင် တိုင်းထွာကြလိမ့်မည်ဟူ၍လည်းကောင်း ပေါလုထင်မှတ်၏။ သို့သော် ဘုရားသခင်က "သွားလော့၊ ငါသည်တစ်ပါးအမျိုးသားတို့ရှိရာသို့ သင့်ကိုဝေးလှစွာစေလွှတ်မည်" ဟု ပိုမိုတိကျစွာမိန့်ကြားတော်မူ၏။

ပေါလုသည်ယေရုရှလင်မြို့တော်မှခွဲခွာနေရစဉ် ကိုယ်တိုင်အတွေ့အကြုံများကိုဖေါ်ပြလျက် အစွမ်းထက်သောသက်သေခံချက် စာအမြောက်အမြားကို အနယ်နယ်အရပ်ရပ်သို့ရေးသားပေးပို့ခဲ့ပါသည်။ သို့သော်ထိုစာစောင်များ၏သြဇာသက်ရောက်မှုကို အချို့ကကြိုးစား၍ဖျက်ဆီးခဲ့ကြပါသည်။ သူ၏စာများမှာလေးနက်၍ အစွမ်းထက်ကြောင်းမငြင်းဆန်နိုင်ကြသဖြင့် ပေါလုကိုယ်တိုင်မှာအားနည်းသူဖြစ်၍ သူ၏ဟောပြောချက်များမှာလည်း သာယာနာပျော်ဖွယ်မရှိ၊ နှလုံးနာစရာကောင်းသည်ဟုကြေညာကြ၏။

အမှန်အားဖြင့်ဆိုရသော် ပေါလုသည် အတတ်ပညာနှင့်အထူးပြည့်စုံသည်ဖြစ်၍ သူပြောပုံဟောပုံနှင့်ပညာရှိပုံကိုတွေ့မြင်ကြားနာရသူတိုင်းစွဲလမ်းကြပါသည်။ စာပေကျမ်းဂန်တွင် နှံ့စပ်သောသူများသည်သူ၏ပညာအရည်အချင်းကို ချီးကျူးကြသည်သာမက သူတို့တွင်အများစုက ယေရှုရှင်ကိုယုံကြည်လက်ခံကြပါသည်။ လူထုပရိသတ်ကြီးများသာမက ရှင်ဘုရင်ကြီးများကပင် မက်မောစွဲလမ်းနေကြလောက်အောင် စိတ်ရောကိုယ်ပါအာဝဇ္ဇန်းရွှင်စွာဖြင့် ဟောပြောနိုင်ပါသည်။ ထို့ကြောင့် ယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲများကစိတ်ဆိုးကြပါသည်။ ပေါလုသည် ဘုရားသခင်၏နက်နဲကြွယ်ဝသောကျေးဇူးတော်များကို ရှင်းရှင်းလင်းလင်းမြင်သာအောင် ရှင်းပြရာတွင်လည်းကောင်း၊ ခရစ်တော်၏အံ့ဖွယ်သောမေတ္တာတော်ကိုသရုပ်ဖေါ်ရာတွင်လည်းကောင်း ကြားနာရသူများကိုယ်တိုင်လေးလေးနက်နက် ဆင်ခြင်စဉ်းစားနိုင်လောက်အောင် မိမိနှင့်အတူအထက်သို့ဆောင်ယူခြင်းကိုခံရဘိသကဲ့သို့ ဘဝင်ခိုက်မျှရှင်းပြဆွေးနွေးရန် အမြဲတစေအသင့်ရှိနေပါသည်။ သာမန်လူတန်းစားများကိုလည်း ခရစ်တော်၏တပည့်တော်

ဖြစ်လိုသောဆန္ဒပြင်းပြလာသည်တိုင်အောင် မိမိကိယ်တွေ့ဗဟုသုတများကို အကြောင်းပြုလျက် အလွယ်ကူဆုံးနားလည်သဘောပေါက်နိုင်စေရန် တန်ခိုးပါသောစကားများဖြင့် ထိထိမိမိဟောပြောနိုင်ပါသည်။

ဘုရားသခင်သည် ပေါလုအားနောက်တစ်ဖန် ကိုယ်ထင်ရှားပြတော်မူလျက် ယေရုရှလင်မြို့တော်သို့သွားရမည်။ ထိုမြို့၌ကိုယ်တော်၏နာမတော်ကြောင့် ချုပ်နှောင်ခြင်းနှင့်ဆင်းရဲဒုက္ခများကိုလည်း ခံရမည်ဟုရူပါရုံအားဖြင့် မိန့်တော်မူ၏၊ သူသည်အကျဉ်းသားဘဝနှင့် ကာလတာရှည်စွာနေခဲ့ရသော်လ်ည်း ဘုရားသခင်၏အထူးအမှုတော်ကိုဆက်လက်သယ်ဆောင်ရာတွင် အသုံးပြုတော်မူ၏။ သူအချုပ်အနှောင်ခံရခြင်းများကြောင့် ခရစ်တော်၏အကြောင်းနှင့်ပတ်သက်၍ အသိပညာပြန့်ပွားစရာ၊ ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းစရာများဖြစ်ပေါ်လာပါသည်။ သူ့အားတရားစီရင်ရန်အတွက် တစ်မြို့မှတစ်မြို့သို့ဆက်ကာဆက်ကာ ပို့ဆောင်ကြသည်ကိုအခွင့်ကောင်းယူ၍ ယေရှုရှင်အကြောင်းသက်သေခံလျက် မိမိကိုယ်တိုင်ပြောင်းလဲခြင်းနှင့်ပတ်သက်၍လည်း စိတ်ဝင်းစားစရာအဖြစ်အပျက်များကိုရှင်ဘုရင်များ၊ ဘုရင်ခံများရှေ့မှောက်တွင် တင်ဆက်ခြင်းဖြင့် ယေရှုရှင်၏အကြောင်းကို သူတို့မကြားစဖူးပါဟုဆင်ခြေမပေးနိုင်တော့ပါ။ ထောင်သောင်းမကသောလူတို့သည် ကိုယ်တော်ကိုယုံကြည်ကြ၏။ ကိုယ်တော်၏နာမတော်ကြောင့် ဝမ်းမြောက်ကြ၏။ တမန်တော်ရှင်ပေါလု၏ပင်လယ်ခရီးစဉ်တွင်လည်း သင်္ဘောသားများသည် ဘုရားသခင်၏တန်ခိုးတော်ကို မျက်မြင်ကိုယ်တွေ့ဖြစ်ကြစေရန်၊ တစ်ပါးအမျိုးသားတို့ ယေရှုရှင်၏နာမတော်ကိုကြားသိရကြစေရန်၊ သူ၏ဟောပြောချက်များနှင့် သူပြုသောနိမိတ်လက္ခဏာများကိုကြားနာတွေ့မြင်ရကြသည့်အတွက် လူအများပြောင်းလဲကြစေရန်

ဘုရားသခင်သည် ပေါလုကိုအသုံးချတော်မူခြင်းဖြင့် ကိုယ်တော်၏ အထူးအမှုတော်တစ်ရပ်ပြီးပြည့်စုံခဲ့ကြောင်းကို ကျွန်ုပ်မရှုမြင်ရပါသည်။ ပေါလုဝေဖန်သုံးသပ်ပုံများ၊ ကျိုးကြောင်းဖော်ပြပုံများကို ရှင်လုရင်များ၊ ဘုရင်ခံများစွဲလမ်းကြသည်သာမက ယေရှုရှင်၏အကြောင်းကို ဝိညာဉ်တော်တန်ခိုးဖြင့် အားကြီးမာန်တက်ဟောပြော၍ ကိုယ်တွေ့ဗဟုသုတများမှ စိတ်ဝင်စားစရာအချက်အလက်များကို ထည့်သွင်းဖော်ပြသည့်အတွက် ယေရှုရှင်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းသူတို့တပ်အပ်သေချာသိကြလေ၏။ ပေါလုဟောပြောနေသည်ကို အချို့တို့က အံ့သြမိန်းမော၍ စိတ်ဝင်စားနေကြစဉ် ဘုရင်တစ်ပါးက "သင်သည်ဖြားယောင်းသွေးဆောင်သောအားဖြင့် ငါသည်ခရစ်ယာန်ဖြစ်လုပြီ" ဟုဟစ်ကြွေးလိုက်ပါသည်။ သို့ပါလျက် ယင်းတရားကိုနာရသောသူအများစုသည် နောင်တစ်ချိန်တွင်မှ ယင်းတရားတော်နှင့်ပတ်သက်၍ အလေးပေးစဉ်းစားမည်ဟု သဘောပိုက်ထားလိုက်ကြပါသည်။ သူတို့၏စိတ်နှလုံးများပျော့ပျောင်းနေချိန်တွင် ထိုရရှိထားသည့်အခွင့်အရေးကိုဆုပ်ကိုင်မထားဘဲ ရွှေ့ဆိုင်းထားကြသည့်အတွက် ယင်းသို့အချိန်ရွှေ့ဆိုင်းထားခြင်းကို စာတန်အခွင့်ကောင်းယူအသုံးချသဖြင့် သတို့ထာဝရဆုံးရှုံးကြလေ၏။ သူတို့၏စိတ်နှလုံးများ ခိုင်မာသွားလေပြီတကား။

စာတန်၏ပထမလုပ်ရပ်မှာ– ယေရှုရှင်အား သူတို့၏ကယ်တင်ရှင်အဖြစ်လက်မခံရန် ယုဒလူမျိုးအားမှောင်ချထားဖို့နှင့် ဒုတိယလုပ်ရပ်မှာ– ကိုယ်တော်၏တန်ခိုးကြီးသော အလုပ်များကို ငြူစူစောင်းမြောင်း၍ အသက်တော်ကိုရန်ရှာဖို့ဆွဲဆောင်ရန် ကြိုးပမ်းပုံကိုလည်းကောင်း၊ အသက်ပေးနိုင်သောဘုန်းတော်ရှင်ကို လက်ဝါးကပ်တိုင်ပေါ်တွင်တင်၍

ကွပ်မျက်ကြစေရန် ခရစ်တော်၏ တပည့်တော်ရင်းတစ်ဦး၏ စိတ်နှလုံးတွင်းသို့ဝင်၍ ကိုယ်တော်အား ရန်သူတို့လက်ဝယ်သို့အပ်နှံသည်တိုင်အောင် စာတန်ဆွဲဆောင်နေပုံကိုလည်းကောင်း ကျွန်မရှုမြင်ရပါသည်။

ယေရှုရှင်ထမြောက်တော်မူပြီးနောက် ယင်းထမြောက်တော်မူသည့်အကြောင်းကိုဖုံးအုပ်ထားရန် ရောမအစောင့် တပ်ကို တံစိုးလက်ဆောင်းပေး၍ မဟုတ်မမှန်သောသက်သေခံစေဖြင်းဖြင့် ယုဒလူတို့သည် အပြစ်တစ်ခုအပေါ် တစ်ခုထပ်၍တင်ကြ၏။ သို့သော်ယေရှုရှင်ထမြောက်တော်မူကြောင်း ဆတက်ထမ်းပိုးသက်သေထင်ရှားစေရန် လူအမြောက်အမြားကိုသက်သေအဖြစ် ကိုယ်တော်နှင့်အတူ တစ်ကြိမ်တည်းထမြောက်စေတော်မူ၏။ ယေရှုရှင်သည်ထမြောက်တော်မူပြီးနောက် တပည့်တော်များအားလည်းကောင်း၊ တစ်ချိန်တည်းမှာပင် လူပေါင်းငါးရာကျော်တို့အားလည်းကောင်း ကိုယ်ကိုပြတော်မူ၏။ တစ်ချိန်တည်းမှာပင် ကိုယ်တော်နှင့်အတူ ထမြောက်သူအများကလည်း ကိုယ်တော်ထမြောက်တော်မူပြီးကြောင်း လူအများတို့ထံသို့သွား၍ အတိအလင်းကြေညာကြပါသည်။

ဘုရားသခင်၏သားတော်ကို ငြင်းပယ်ခြင်းအားဖြင့်လည်းကောင်း၊ အမြတ်ဆုံးသောအသွေးတော်ဖြင့် မိမိတို့၏လက်ကိုစွန်းထင်းညစ်ညူးစေခြင်းအားဖြင့်လည်းကောင်း ယုဒလူတို့သည် ဘုရားသခင်ကို ပုန်ကန်ကြစေရန် စာတန်တတ်နိုင်လှပါပေ၏။ ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း၊ ဤလောက၏ ရွေးနုတ်ရှင်လည်းဖြစ်တော်မူကြောင်း ယခုမှ သက်သေသာဓက မည်မျှပင် အားကောင်းလုံလောက်စေကာမူ ကိုယ်တော်အားသူတို့ကွပ်မျက်ပြီးဖြစ်သောကြောင့် ကိုယ်တော်

ဘက်မှပြသော မည်သည့်သက်သေသာဓကကိုမျှ သူတို့လက်မခံနိုင်ကြ
တော့ပါ။ သူတို့၏တစ်ခုတည်းသောမျှော်လင့်ချက်၊ တစ်ခုတည်းသော
စိတ်ဖြေစရာမှာ စာတန်ကျဆုံးချိန်ကနည်းတူ ဘုရားသခင်၏သားတော်
ကိုအနိုင်ယူရန် အားထုတ်ခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် ခရစ်တော်
၏တပည့်တော်များကိုနှိပ်စက်ညှဉ်းပန်းခြင်း၊ အသေသတ်ခြင်းဖြင့်
ကိုယ်တော်အားဆက်လက်ပုန်ကန်နေကြပါသည်။ လက်ဝါးကပ်တိုင်ပေါ်
တင်၍ သူတို့ကွပ်မျက်ခဲ့ပြီးသော ယေရှုရှင်၏နာမတော်ကိုကြားရသည့်
အတွက် နားမခံနိုင်ဖြစ်ရခြင်းကို နှိုင်းယှဉ်စရာအခြားမရှိတော့ပါ။
သို့ဖြစ်၍ ကိုယ်တော်ဘက်မှပြသည့်သာဓကမှန်သမျှကို နားမထောင်
ရန် ဆုံးဖြတ်ထားလိုက်ကြပါသည်။ ယေရှုရှင်သည် ဘုရားသခင်၏
သားတော်ဖြစ်ကြောင်း သန့်ရှင်းသောဝိညာဉ်တော်သည် သတေဖန်အား
ဖြင့် ကြေညာသောအခါ ယုံကြည်မိမည်ကိုစိုးရိမ်သောကြောင့် သူတို့၏
နားများကိုပိတ်ထားကြပါသည်။ ယေရှုရှင်အားကွပ်မျက်သည့်လူသတ်
သမားများကို စာတန်က မိမိရရဆုပ်ကိုင်ထားလေပြီတကား။ မတရား
သောလုပ်ငန်းမျိုးစုံကိုပြုလုပ်ခြင်းဖြင့် သူတို့သည်လိုလိုလားလား စာတန်
၏တပည့်လက်သားများ လုံးလုံးလျားလျားဖြစ်ကြလေသည်။ စာတန်
သည်လည်း သူတို့အားအသုံးပြုလျက် ခရစ်တော်ကိုယုံကြည်သောသူတို့
အား နှောင့်ယှက်လေ၏။ ဒုက္ခပေးလေ၏။ တစ်ပါးအမျိုးသားများ
သည်ယေရှုရှင်အားလည်းကောင်း၊ ကိုယ်တော်၏နောက်တော်သို့လိုက်
လျှောက်သောသူများအားလည်းကောင်း အတိုက်အခံပြုရန်စာတန်သည်
ယုဒလူတို့အားလှုံ့ဆော်လေ၏။ သို့သော်တပည့်တော်များသည် သူတို့
ကြားရမြင်ရသမျှကို ရဲရင့်စွာသက်သေခံပြီးလျှင် နောက်ဆုံးတွင် သူတို့၏
သစ္စာတည်မြဲမှုဖြင့် ယင်းသက်သေခံချက်များကို သူတို့၏အသွေးဖြင့်

တံဆိပ်ခတ်နိုင်ကြစေရန် ဘုရားသခင်သည် ကောင်းကင်တမန်ကို စေလွှတ်၍ စွမ်းအားပေးတော်မူ၏။

ယုဒလူမျိုးအား သူ၏ထောင်ချောက်အတွင်း လုံခြုံစွာဖမ်းမိထားသောကြောင့် စာတန်ရွှင်မြူးနေပါသည်။ မလိုအပ်တော့သည့် ထုံးစံဓလေ့များ၊ နည်းဥပဒေသများ၊ ယဇ်ပူဇော်ခြင်းများကို သူတို့ဆက်လက်လုပ်ဆောင်နေကြပါသည်။ ယေရှုရှင်သည် လက်ဝါးကပ်တိုင်ပေါ်တွင် ရိုက်ထားခြင်းကိုခံနေရစဉ်က "အမှုပြီးပြီ" ဟုကြွေးကြော်တော်မူသောအခါ ဗိမာန်တော်၏ကန့်လန့်ကာသည် အထက်စွန်းမှ အောက်စွန်းတိုင်အောင် ထက်ခြမ်းကွဲသွားခြင်းမှာ ယင်းအချိန်မှစ၍ ဗိမာန်တော်အတွင်း နည်းဥပဒေသများနှင့်လျော်ညီစွာ သူတို့၏ပူဇော်သက္ကာရများကိုလက်ခံရန် ဘုရားသခင်သည် ယဇ်ပုရောဟိတ်များနှင့် တွေ့ဆုံတော့မည်မဟုတ်ကြောင်း၊ ထိုမျှမက ယုဒလူတို့နှင့်တစ်ပါးအမျိုးသားတို့စပ်ကြားတွင် ကာဆီးထားသည့်နံရံကြီးများလည်း ပြိုလဲသွားပြီဖြစ်ကြောင်း ထင်ရှားသေရန် ယင်းလက္ခဏာသက်သေကိုပြတော်မူ၏။ ယေရှုရှင်သည် မိမိကိုယ်ကို ထိုလူတန်းစားနှင့်ရပ်လုံးအတွက် ပူဇော်တော်မူ၏။ ထိုကြောင့် ကယ်တင်ခြင်းကိုအမှခံစားလိုပါက ယင်းလူတန်းစားနှစ်ရပ်လုံးက ကိုယ်တော်တစ်ဦးတည်းသာလျှင် အပြစ်ရှိသမျှအတွက် ပူဇော်သက္ကာရဖြစ်ကြောင်း၊ ကိုယ်တော်တစ်ဦးတည်းသာလျှင် ဤလောက၏ကယ်တင်ရှင်ဖြစ်ကြောင်း ယုံကြည်ရပါမည်။

ယေရှုရှင်အာ လက်ဝါးကပ်တိုင်ပေါ်တွင်ရိုက်ထားစဉ်က ရောမတပ်သားတစ်ဦးက ကိုယ်တော်၏နံပါးတော်ကိုလှံနှင့် ထိုးပေါက်ရာတွင် သွေးနှင်ရေများတသီးတခြားစီ ထင်ထင်ရှားရှားစီးဆင်းကြပါသည်။ သွေးစီးဆင်းခြင်းမှာ ကိုယ်တော်အား ယုံကြည်သူတို့၏အပြစ်ကို

ဆေးကြောရန်ဖြစ်၍ သီးသန့်စီးဆင်းသောရေမှာ အသက်စမ်းရေကို
ပုံဆောင်ထားသည်ဖြစ်၍ ယုံကြည်သောသူသည် ယေရှုရှင်ထံမှသာ
အသက်ကိုလက်ခံရယူနိုင်ပါသည်။

---ooo---

## အယူဖေါက်ပြန်မှုကြီး

ခရစ်ယာန်တို့သည် ရက်စက်စွာနှိပ်စက်ညှဉ်းပန်းခြင်းကိုလည်း
ကောင်း၊ အသေသတ်ခြင်းကိုလည်းကောင်း ခံရကြမည့်လာလတ္တံ့သော
အချိန်သို့ ကျွန်မအားခေါ်ဆောင်သွားရာ သွေးချောင်းစီးပုံကိုမြင်ရပါ
သည်။ ဂုဏ်အသရေရှိသောသူ၊ စာပေကျမ်းဂန်တတ်ကျွမ်းသောသူမှစ၍
သာမန်လူတန်းစားများကိုပါရက်စက်စွာကွပ်မျက်ကြပါသည်။ သူတို့၏
ဘာသာအယူဝါဒကို မစွန့်မလွှတ်ကြသောကြောင့် ဥစ္စာပစ္စည်းကြွယ်ဝ
သောမိသားစုများ ဆင်းရဲနွမ်းပါးခြင်းသို့ရောက်ကြ၏။ ယင်းသို့သော
ဆင်းရဲဒုက္ခနှင့်နှိပ်စက်ညှင်းပန်းခြင်းများကိုခံရကြသော်လည်း ထိုခရစ်
ယာန်များသည် မိမိတို့၏ဘာသာရေးအဆင့်အတန်းကို မနိမ့်ကျစေရန်
ကြံ့ကြံ့ခံကြ၏။ သူတို့၏ဘာသာကိုသန့်စင်ပီပြင်စွာစောင့်ထိန်းကြ
၏။ သူတို့ခံစားရကြသည့်ဒုက္ခဆင်းရဲများကြောင့် စာတန်သည် ကြည်နူး
လျက်၊ ဝမ်းသာလျက် အောင်ပွဲခံနေသည်ကိုလည်းတွေ့မြင်ရပါသည်။
အသေသတ်ခြင်းခံရသည်တိုင်အောင် မိမိတို့၏ယုံကြည်ခြင်းကိုမစွန့်
မလွှတ်သောသားသမီးများအား ဘုရားသခင်ချစ်မြတ်နိုးတော်မူ၏။
ထိုကြောက်မက်ဖွယ်ကောင်းသောအချိန်တွင်အသက်ရှင်၍ ကိုယ်တော်၏

နာမတော်အတွက် ဒုက္ခဆင်းရဲခံဖို့ မနှောင့်နှေးသောခရစ်ယာန်များအား ဘုရားသခင်အထူးနှစ်သက်မြတ်နိုးတော်မူ၏။ သူတို့အနေဖြင့် အောင့်အည်းသည်းခံခဲ့သမျှသောဒုက္ခဆင်းရဲတစ်မျိုးစီအတွက် ကောင်းကင်ဘုံတွင် ဆုကျေးဇူးပို၍ခံစားရကြပါလိမ့်မည်။

သန့်ရှင်းသောသူများခံစားရကြည့် ဒုက္ခဆင်းရဲများကိုကြည့်၍ စာတန်ကြည်နူးနေသော်လည်း ကျေနပ်မှုမရနိုင်ပါ၊ ခန္ဓာကိုယ်ကိုသာမက စိတ်အာရုံကိုပါချုပ်ကိုင်ထားလို၏။ သူတို့ဒုက္ခခံစားရလေ ဘုရားသခင်နှင့်ပို၍နီးကပ်လေ၊ တစ်ယောက်နှင့်တစ်ယောက်ပို၍ချစ်ခင်လေးစားလေ၊ ကိုယ်တော်၏အလိုတော်နှင့်ကိုက်ညီမည်ကိုလည်း ပို၍စိုးရိမ်ကြောင့်ကြလေဖြစ်၏။ သူတို့၏ခွန်အား၊ သူတို့၏သမာဓိတည်ကြည်မှု၊ သူတို့၏ကြံ့ခိုင်မှုများယုတ်လျော့သွားစေရန်နှင့် သူတို့အား ဘုရားသခင်မကြိုက်မနှစ်သက်သည့်အခြေသို့ဆိုက်ရောက်အောင် စာတန်ဆွဲဆောင်လို၏။ ထောင်သောင်းမကသောလူတို့အား ကွပ်မျက်သော်လ်ည်း သူတို့၏နေရာကိုယူမည့်သူများထပ်မံပေါ်ထွက်လာကြပါသည်။ သူတို့သည်အသေသတ်ခြင်း၊ နှိပ်စက်ညှဉ်းဆဲခြင်းမှအစ ဒုက္ခဆင်းရဲမျိုးစုံကိုခံရကြသော်လည်း ကိုယ်တော်၏နိုင်ငံတော်သားများဖြစ်ရန် ယေရှုခရစ်၌လုံခြုံမှုကိုရယူထားကြသောကြောင့် သူ၏အလိုသို့လိုက်လျောသူများ လျော့နည်းလာသည်ကိုစာတန်တွေ့လေ၏။ ထိုကြောင့်သူ့အနေဖြင့် ဘုရားသခင်အုပ်စိုးတော်မူခြင်းကို ပိုမိုထိရောက်စွာ အတိုက်အခံပြုရန်နှင့် အသင်းတော်ကိုမှောက်လှန်ဖြိုဖျက်ရန် စီမံကိန်းများချမှတ်လိုက်ပါသည်။ ယင်းစီမံကိန်းများအရ တစ်ပါးအမျိုးသားများအား ခရစ်ယာန်အယူဝါဒတစ်စိတ်တစ်ဒေသကိုလက်ခံစေရန် သွေးဆောင်လေ၏။ ခရစ်တော်သည်လက်ဝါးကပ်တိုင်ပေါ်တွင် ကွပ်မျက်ခြင်းခံရသည်ကိုလည်းကောင်း၊

ထမြောက်တော်မူပြီးသည်ကိုလည်းကောင်းယုံကြည်ပါသည်ဟု အကြောင်းပြလျက် ယေရှုရှင်၏တပည့်တော်များနှင့်ပူးပေါင်းရန် အဆို ပြုလာကြသော်လည်း ထိုသူတို့စိတ်နှလုံးမပြောင်းလဲကြပါ။ အသင်း တော်၏အန္တရာယ်ကြောက်မက်ဖွယ်ကောင်းလှပါသည်တကား။ ပြင်းစွာ သောစိတ်ဆင်းရဲခြင်းဝေဒနာကိုခံရကြသည့်ကာလပါတကား။ ယင်း ခရစ်ယာန်ယုံကြည်ချက်တစ်စိတ်တစ်ဒေသကိုသာ လက်ခံထားသူများ နှင့်ပူးပေါင်းကြမည်ဆိုပါက ထိုသူတို့လုံးလုံးလျားလျားပြောင်းလဲခြင်း သို့ရောက်လာကြလိမ့်မည်ဟု အချို့ကသဘောပိုက်ကြပါသည်။ ၎င်းမှာ စာတန်အနေဖြင့် ကျမ်းစာ၏အခြေခံသဘောတရားများကိုဖျက်ဆီးပစ် ရန် နှင့်လမ်းရှာဖွေခြင်းတစ်ရပ်ပင်ဖြစ်ပါသည်။

နောက်ဆုံးတွင် ခရစ်ယာန်အယူဝါဒကို မယုံကြည်သောသူများ သည် ခရစ်ယာန်များနှင့် ပူးပေါင်းကြလေသောကြောင့် အဆင့်အတန်း နိမ့်ကျသွားပုံကို ကျွန်ုပ်မရှုမြင်ရပါသည်။ ယင်းဘုရားတရားမကြည်ညို သောသူများသည် ပြောင်းလဲခြင်းသို့ရောက်ကြပြီဟု ဆိုသော်လည်း သတို့ကိုးကွယ်နေကျအရာများကိုအသင်းတော်အတွင်းသို့သယ်ဆောင် လာကြပြီးလျှင် ပုံစံအနည်းငယ်မျှလောက်သူပြောင်းလဲ၍ သန့်ရှင်း သူများတည်းဟူသောတမန်တော်တို့၏ရုပ်ပုံများမှအစ ခရစ်တော်၏ ပုံတော်နှင့်မယ်တော်မာရိ၏ပုံများကိုပါ ဝတ်ပြုကိုးကွယ်ကြပါတော့သည်။ ခရစ်ယာန်များတစ်စတစ်စသူတို့နှင့်ပူးပေါင်းလာကြသောအခါ ခရစ် ယာန်ဘာသာအယူဝါဒဖေါက်ပြန်၍ အသင်းတော်၏သန့်စင်ခြင်းနှင့် တန်ခိုးအာဏာယုတ်လျော့သွားပါသည်။ သို့သော် အချို့ကမူ သူတို့နှင့် မပူးပေါင်းကြပါ။ သူတို့၏သန့်စင်ပီပြင်ခြင်းကိုထိန်းသိမ်းထားကြပြီး လျှင် ဘုရားသခင်ကိုသာကိုးကွယ်ကြပါသည်။ ကောင်းကင်ဘုံ၌ရှိသော

အရာများကိုလည်းကောင်း၊ မြေကြီးပေါ်တွင်ရှိနေသောအရာများ ကိုလည်းကောင်း ရုပ်ပုံပြုလုပ်၍မကိုးကွယ်ကြပါ။

ထိုမျှလောက်ကျဆုံးသောသူများပြားသဖြင့် စာတန်ကြည်နူးရွှင် မြူးနေပါသည်။ ထိုမျှမက သန့်စင်ပီပြင်သည့်ဘာသာအယူဝါဒကို ဆက်လက်ထိန်းသိမ်းထားသူများအား သူတို့၏ဘာသာရေးဆိုင်ရာ အခမ်းအနားများနှင့် သူတို့ကိုးကွယ်ဝတ်ပြုသည့်အရာများကိုလက်ခံရန် တွန်းအားပေးကြ၏၊ မလိုက်နာပါက အသက်ကိုပင် အန္တရာယ်ပေး ကြ၏၊ ခရစ်တော်၏မှန်သောအသင်းတော်ကိုအတိုက်အခံပြုလျက် နှိပ်စက်ညှဉ်းဆဲသည့်မီးတောက်မီးလျှံများပြန်လည်ရှင်သန်လာပြီးလျှင် သန်းပေါင်းများစွာတို့ရက်ရက်စက်စက်သတ်ဖြတ်ခြင်းခံရကြလေသည်။

ထိုအကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းကျွန်မ အားညွှန်ပြပါသည်။ ခရစ်ယာန်မဟုတ်သောတစ်ပါးအမျိုးသားလူအုပ် ကြီးသည် နေ၊ လနှင့်ကြယ်နက္ခတ်ပုံများဖေါ်ထားသည့် အနက်ရောင် အလံကို ကိုင်ဆောင်ထားကြပါသည်။ ယင်းလူအုပ်ကြီးမှာ ခက်ထန် ကြမ်းတမ်း၍ ဒေါသအမျက်ခြောင်းခြောင်းထွက်နေကြပုံပေါ်ပါသည်။ ၎င်းနောက် "ထာဝရဘုရားအတွက်စင်ကြယ်ခြင်းနှင့်သန့်ရှင်းခြင်း" ဟု အက္ခရာတင်ထားသည့် အဖြူရောင်သန့်သန့်အလံကိုကိုင်ဆောင် ထားသည့်အခြားလူတစ်စုကိုည်း ကျွန်မအားညွှန်ပြပါသည်။ သူတို့၏ မျက်နှာထားများတည်ကြည်၍ ကောင်းကင်ဆိုင်ရာငြိမ်သက်ခြင်းနှင့် ပြည့်ဝပုံပေါ်ပါသည်။ တစ်ပါးအမျိုးသားလူအုပ်ကြီး သူတို့ထံသို့ရောက် လာပြီး ရက်စက်စွာသတ်ကြပါသည်။ ခရစ်ယာန်များသူတို့ရှေ့မှောက် တွင် အရည်ပျော်သကဲ့သို့ဖြစ်ကြသော်လည်း ထိုသူတစ်စုကမူပို၍ စည်းရုံးလျက် အလံတော်ကိုလည်း ပို၍ခိုင်မြဲစွာဆုတ်ကိုင်ထားကြပါသည်။

လူအများကျဆုံးသော်လည်း အလံတော်ဆီသို့ နောက်ထပ်လူအများ ဝိုင်းလာကြပြီးလျှင် ကျဆုံးသူတို့၏နေရာကိုယူကြပါသည်။

ထိုအခါ ဘုရားတရားမကိုးကွယ်သော လူအုပ်ကြီးစုဝေးတိုင်ပင် နေကြပုံကို ကျွန်မမြင်ရပြန်ပါသည်။ ခရစ်ယာန်များအလျှော့မပေးကြ သဖြင့် အခြားစီမံကိန်းတစ်ခုကိုရေးဆွဲကြပြန်၏။ သူတို့၏အလံကို နှိမ့်လျက် ကြံ့ခိုင်သောခရစ်ယာန်တစ်စုထံသို့ချဉ်းကပ်ကြပြီးလျှင် သူတို့ ၏အကြံပြုချက်များကိုတင်ပြကြပါသည်။ ပထမတွင် သူတို့၏အကြံ ပြုချက်များကိုလုံးဝငြင်းပယ်လိုက်ကြပါသည်။ ထိုနောက်ခရစ်ယာန် တို့အချင်းချင်းတိုင်ပင်နှီးနှောကြပုံကိုမြင်ရပါသည်။ အချို့ကသူတို့အလံ ကိုနှိမ့်ပြီးလျှင် ပေးလာသောအကြံများကိုလက်ခံကြမည်၊ သို့မှသာလျှင် သူတို့သည်အသက်ဘေးမှလွတ်ရုံသာမက နောက်ဆုံးတွင် တစ်ပါး အမျိုးသားတို့အလယ်၌ မိမိတို့၏အလံကိုမြှင့်တင်နိုင်လောက်သည့် ခွန်အားကိုရကြပေလိမ့်မည်ဟု အဆိုပြုကြပါသည်။ လူနည်းစုကမူ ယင်းအကြံပြုချက်ကို လက်မခံနိုင်ကြပါ။ သူတို့၏အလံကိုနှိမ့်ပေး မည့်အစား ယင်းအလံကိုခိုင်မြဲစွာကိုင်ဆောင်လျက် အသက်အသေခံ မည့်လမ်းစဉ်ကို ရွေးချယ်လိုက်ကြပါသည်။ ၎င်းနောက် လူအများ သူတို့၏အလံကိုနှိမ့်၍ တစ်ပါးအမျိုးသားတို့နှင့်ပူးပေါင်းကြသည်ကို ကျွန်မမြင်ရပါသည်။ သို့သော် သစ္စာတည်မြဲ၍ ကြံ့ခိုင်သောကျန်လူ တစ်စု ယင်းအလံကိုဆွဲယူ၍ မြင့်သည်ထက်မြင့်အောင် လွှင့်ထူပြီး လျှင် စွဲစွဲမြဲမြဲကိုင်ဆောင်ထားကြပုံကိုလည်းမြင်ရပါသည်။ သန့်စင်သော အလံကို ကိုင်ဆောင်ထားသူများထဲမှ လူအချို့ဆက်ကာဆက်ကာ ထွက်ခွာ၍ အမည်းရောင်အလံကိုကိုင်ဆောင်ထားသူများနှင့် ပူးပေါင်း ကြပြီးလျှင် အဖြူရောင်အလံကို ကိုင်ဆောင်ထားသူများအား နှိပ်စက်

ညှဉ်းပန်းနေကြပုံကိုလည်းမြင်ရပါသည်။ လူအများကွပ်မျက်ခြင်းကို ခံရကြ၏၊ သို့သော်အဖြူရောင်အလံကိုမူကား မြင့်မားစွာပင်ကိုင်ဆောင်ထားကြပါသည်။ ၎င်းအပြင် ယင်းသန့်စင်သောအလံဖြူကိုဆက်လက်သယ်ဆောင်ရန် ယုံကြည်သူများထွက်ပေါ်လာကြပါသည်။

ခရစ်တော်အား အတိုက်အခံပြုရန် တစ်ပါးအမျိုးသားတို့အား ပထမအကြိမ်ဆော်သြပေးကြသော ယုဒလူတို့အနေဖြင့် အပြစ်စီရင်ခြင်းနှင့် လွတ်ကင်းကြလိမ့်မည်မဟုတ်ပါ။ တရားစီရင်သောခန်းမတွင် ပိတတ်မင်းက ယေရှုအားအပြစ်စီရင်ရန် နှောင့်နှေးနေသောအခါ အမျက်ဒေါသပြင်းပြနေသောယုဒလူများက “သူ၏အသွေးသည် ငါတို့ခေါင်းပေါ်၌လည်းကောင်း၊ သားမြေးတို့၏ခေါင်းပေါ်၌လည်းကောင်း တည်ရှိပါစေ” ဟုကျယ်သောအသံနှင့်တောင်းဆိုကြ၏။ ယင်းကြောက်မက်ဖွယ်ကောင်းသော ကျိန်ခြင်းအမင်္ဂလာသည် သူတို့တောင်းဆိုခဲ့သည့်အတိုင်း ပြည့်စုံခြင်းသို့ရောက်လေသဖြင့် ယုဒလူတို့ကိုယ်တွေ့ခံစားနေရကြပါသည်။ တစ်ပါးအမျိုးသားများသာမက ကိုယ်ကိုကိုယ်ခရစ်ယာန်အခေါ်ခံသူများပင်လျှင် သူတို့၏ရန်သူများဖြစ်နေကြပါသည်။ ထိုခရစ်ယာန်အခေါ်ခံသူများသည် ယုဒလူတို့ကွပ်မျက်ခဲ့သော ခရစ်တော်အတွက် စိတ်အားထက်သန်ကြသဖြင့် ထိုသူတို့အား ဒုက္ခပေးနိုင်လေ သူတို့အား ဘုရားသခင်နှစ်သက်လေဟုထင်မှတ်ကြ၏။ ထို့ကြောင့် မယုံကြည်သောယုဒလူအများ အသေသတ်ခြင်းကိုခံရပြီးလျှင် ကျန်သောသူများအမှာလည်း ပြစ်ဒဏ်စီရင်ခြင်းမျိုးစုံကိုလည်းကောင်း၊ တစ်နေရာမှ တစ်နေရာသို့နှင်ထုတ်ခြင်းကိုလည်းကောင်း ခံရကြပါသည်။

သူတို့ကွပ်မျက်ခဲ့သောခရစ်တော်၏အသွေးတော်နှင့်တကွ တပည့်တော်များ၏အသွေးသည် သူတို့၏ခေါင်းပေါ်သို့ကျရောက်သဖြင့် ပြင်းထန်

စွာတရားစီရင်ခြင်းကိုခံရကြ၏။ ဘုရားသခင်၏ကျိန်ခြင်းအမင်္ဂလာသည် သူတို့ရှိရာသို့လိုက်သဖြင့် သူတို့သည် တစ်ပါးအမျိုးသားများနှင့် ခရစ်ယာန်အမည်ခံသူများ၏ကဲ့ရဲ့စရာ၊ ပုံခိုင်းစရာ၊ ခေါင်းညိတ်စရာ ဖြစ်ကြလေ၏။ ကာတ္တုန၏မီးစသည် သူတို့အပေါ်သို့ကျရောက်နေဘိ သကဲ့သို့ သူတို့သည်ရှုတ်ချခြင်း၊ မျက်နှာလွှဲခြင်း၊ မုန်းတီးခြင်းများကို ခံရကြလေ၏။ သို့ပါလျက် သူတို့သည် ဘုရားသခင်၏ကျိန်ခြင်း အမင်္ဂလာကိုအထူးခံစားနေရသူများဖြစ်ကြောင်း အများသူငါသိကြစေ ရန် ဘုရားသခင်သည် သူတို့အားအံ့ဩစရာစောင့်ထိန်း၍ ကမ္ဘာအရပ် ရပ်တွင်အနှံ့အပြားရှိနေစေတော်မူပုံကို ကျွန်မမြင်ရပါသည်။ ယုဒလူ မျိုးအား လူမျိုးတစ်မျိုးအဖြစ်မှ ဘုရားသခင်စွန့်လွှတ်တော်မူကြောင်း၊ သို့သော်တစ်ဦးချင်းအနေဖြင့်မူကား ပြောင်းလဲခြင်းသို့ရောက်၍ သူတို့၏ စိတ်အာရုံမှအကာအကွယ်ကိုဖယ်ရှားနိုင်ပြီးလျှင် သူတို့နှင့်စပ်လျဉ်း သောအနာဂတ်စကားများပြည့်စုံပြီးဖြစ်ကြောင်းကိုလည်းသိမြင်နိုင်ကြ ပေလိမ့်မည်ဖြစ်ကြောင်း၊ သူတို့သည် ယေရှုရှင်အား ဤလောက၏ ကယ်တင်ရှင်အဖြစ်လက်ခံ၍ သူတို့လူမျိုးအနေဖြင့် ကိုယ်တော်အား ငြင်းပယ်လျက် လက်ဝါးကပ်တိုင်ပေါ်တွင်တင်၍ ကွပ်မျက်သည့်အတွက် မည်မျှလောက်အပြစ်ကြီးကြောင်းကိုလည်း သိနားလည်နိုင်ကြပေလိမ့် မည်ဖြစ်ကြောင်း စသည်ဖြင့် ကျွန်မမြင်ရပါသည်။

---ooo---

## ဒုစရိုက်၏လျှို့ဝှက်ချက်

လူသည်ယေရှုရှင်ကိုယုံကြည်ကိုးစားသည်ထက် လူအချင်းချင်း အားကိုးအားထားပြုရန်ကိုလည်းကောင်း၊ မိမိကျူးလွန်သောဒုစရိုက် အပြစ်အတွက် မိမိကိုယ်တိုင်ဖြေရှင်းရမည်ဟူသော အသိတရားပျက်စီး သွားစေရန်ကိုလည်းကောင်း စာတန်သည် လူ၏စိတ်အာရုံကို ထာဝရ ဆွဲဆောင်နေပါသည်။ ယင်းပုံစံအတိုင်း ဘုရားသခင်၏သားတော်ကို ဖြားယောင်းသွေးဆောင်ခဲ့ရာတွင် စာတန်အရေးရှုံးနိမ့်ခဲ့ပါသည်။ သို့သော် ကျဆုံးပြီးသောလူသားနှင့်တွေ့ဆုံသောအခါ သူကအောင်ပန်းဆွတ်ခူး သွားပါသည်။ ခရစ်ယာန်အယူဝါဒတစ်ရပ်လုံးမှာလည်း ယိုယွင်းသွား ခဲ့ပါသည်။ ပုပ်ရဟန်းမင်းများ၊ လက်အောင်ခံရဟန်းများတို့ ကိုယ် ကိုကိုယ်ရာထူးအဆင့်မြှင့်ထားကြပြီးလျှင် လူတို့အနေဖြင့် မိမိတို့ပြုမိ သောအပြစ်များမှ လွတ်ငြိမ်းခွင့်ရရှိရေးအတွက် ခရစ်တော်ထံသို့ကိုယ် တိုင်ချဉ်းကပ်ရန် မလိုအပ်ဘဲ သူတို့ထံသို့ဝင်ရောက်ပြီးလျှင် အပြစ် ဖြေလွှတ်ခွင့်တောင်းခံကြရန် သင်ကြားပေးပါသည်။

ဤနေရာတွင် လူတို့ပြတ်ပြတ်သားသားအလိမ်ခံရကြ၏။ သာသနာပရဟန်းများနှင့် လက်အောင်ခံရဟန်းများက သူတို့သည် ခရစ်တော်၏ကိုယ်ခွဲများဖြစ်ကြသည်ဟု လူတို့အားသင်ပေးထား၏၊ အမှန်အားဖြင့်ဆိုရသော် သူတို့သည်စာတန်၏ကိုယ်ပွားများသာဖြစ်ကြ ၍ သူတို့အားကိုးကွယ်ခြင်းသည် စာတန်အားကိုးကွယ်ခြင်းပင်ဖြစ်ပါ သည်။ လူတို့ကကျမ်းစာကိုတောင်းဆိုကြသောအခါ ထိုရဟန်းမင်းများ က ခွင့်မပြုကြပါ၊ အကယ်၍ခွင့်ပြုမည်ဆိုပါက ကျမ်းစာကိုကိုယ်တိုင် ဖတ်ခြင်းဖြင့် လူအများအလင်းတရားရရှိသွားကြပြီးလျှင် ခေါင်းဆောင်

တို့၏မကောင်းမှုများကိုထုတ်ဖော်လိမ့်မည်ဟု စိုးရိမ်ကြပါသည်။ သူတို့လိမ်လည်၍ သင်ပေးသမျှကို ဘုရားသခင်၏နှုတ်တော်ထွက်အဖြစ် လက်ခံမှတ်ယူရန် သင်ပေးကြ၏။ ဘုရားသခင်တစ်ပါးတည်းသာလျှင် ပိုင်ထိုက်သောလူသား၏စိတ်အာရုံကို သူတို့၏တန်ခိုးအာဏာဖြင့် စိုးမိုးထားကြပါသည်။ အကယ်၍ လူတစ်ဦးတစ်ယောက်သည် မိမိပြုမိသောအပြစ်ကိုမြင်၍ နောင်တသံဝေဂရမည်ဆိုပါက ယေရှုရှင်အား စာတန်နှင်ယုဒလူတို့က မုန်းတီးကြသည်နည်းတူ ထိုည်သည်လည်း မုန်းတီးခြင်းကိုခံရလျက် အာဏာပိုင်များက သူ့အားအဆုံးစီရင်ရန် နည်းလမ်းရှာဖွေကြပေလိမ့်မည်။

စာတန်အထူးအောင်ပွဲခံနေသောအချိန်ကို ကျွန်မအားညွှန်ပြတော်မူပါသည်။ မိမိတို့၏ဘာသာအယူဝါဒများကို သန့်စင်ပီပြင်အောင်ထိန်းသိမ်းစောင့်ရှောက်သော ခရစ်ယာန်အုပ်စုများသည် အထိတ်တလန့်အသတ်ခံရပုံများကို ကျွန်မမြင်ရပါသည်။ ကျမ်းသာကိုမုန်းတီးရွံရှာကြသဖြင့် ကမ္ဘာပေါ်မှ ယင်းကျမ်းစာပပျောက်သွားရေးအတွက် ကြိုးပမ်းကြ၏။ မည်သူတစ်ဦးတစ်ယောက်မျှ ကျမ်းစာမဖတ်ရဟုပင်တားမြစ်ထား၏၊ ဖန်သောသူအားသေဒဏ်ပေး၏၊ ရှာဖွေတွေ့ရှိသမျှ ကျမ်းစာအုပ်များကိုလည်း မီးရှို့ပစ်ကြ၏။ သို့သော် ဘုရားသခင်သည် မိမိ၏နှုတ်ကပါဌ်တော်ကို အထူးစောင့်ရှောက်ထိန်းသိမ်းထားတော်မူကြောင်းကျွန်မရှုမြင်ရပါသည်။ အချိန်အခါအားလျော်စွာ ကျမ်းစာအုပ်များအနည်းငယ်စီသာရှိသည့် ခေတ်ကာလများရှိခဲ့ပါသည်။ သို့ပါလျက်ယင်းနှုတ်ကပါဌ်တရားတော်လုံးဝပျောက်ဆုံးသွားစေရန် ဘုရားသခင်ခွင့်ပြုတော်မမူ၊ အဘယ်ကြောင့် ဆိုသော် နောက်ဆုံးသော်ကာလတွင်အိမ်တိုင်းကျမ်းစာအုပ်ပိုင်ဆိုင်ခွင့်ရှိလောက်အောင် ကျမ်းစာအုပ်များ

တိုးပွားများပြားလာပေလိမ့်မည်။ ကျမ်းစာအုပ်များအနည်းငယ်မျှသာ ရှိခဲ့ချိန်က နှိပ်စက်ညှဉ်းပန်းခြင်းခံရသော ယေရှု၏နောက်လိုက်များ အတွက် ထိုကျမ်းစာအုပ်များမှာ အထူးပင်အဖိုးတန်၍ နှစ်သိမ့်စရာ ဖြစ်ခဲ့ပါသည်။ အထူးလျှို့ဝှက်စွာဖတ်ခဲ့ရရှာ၏၊ ယင်းထူးမြတ်သည့် အခွင့်အရေးကိုရသူများကလည်း ဘုရားသခင်ကိုယ်တော်တိုင်ကိုလည်း ကောင်း၊ သားတော်ယေရှုရှင်ကိုလည်းကောင်း၊ ကိုယ်တော်၏တမန် တော်များနှင့်လည်းကောင်း ဖူးမြင်တွေ့ဆုံခွင့်ရကြသည်ဟုပင်မှတ်ယူ ကြသည်။ သို့သော် ယင်းမင်္ဂလာရှိသောအခွင့်အရေးကို မိမိတို့၏အသက် နှင့်လဲရသူအများရှိခဲ့ပါသည်။ အကယ်၍ တွေ့ရှိဖမ်းမိသွားပါက သူတို့အား ခေါင်းဖြတ်သမားလက်သို့ပေးအပ်ခြင်းကိုလည်းကောင်း၊ သစ်တိုင်တွင်ချည်နှောင်၍ မီးရှို့ခြင်းကိုလည်းကောင်းခံရကြပါသည်။

ကယ်တင်ခြင်းစီမံကိန်းကြီးနှောင့်နှေးကြန့်ကြာရလေအောင် စာတန်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ ယေရှုရှင်သည် လက်ဝါးကပ်တိုင် ပေါ်တွင် အသေသတ်ခြင်းခံခဲ့ရသော်လည်း သုံးရက်မြောက်သောနေ့ တွင် ထမြောက်တော်မူခဲ့ပါသည်။ သို့သော်စာတန်က ယင်းသို့ကပ်တိုင် ပေါ်တွင်ကွပ်မျက်ခံရခြင်းနှင့်ထမြောက်တော်မူခြင်းသည် သူ၏အကျိုး အတွက်ဖြစ်စေမည်ဟု သူ၏တမန်များအားပြောပြခဲ့ပါသည်။ ယေရှု ရှင်အားယုံကြည်ပါသည်ဟု အဆိုပြုကြသောသူများအနေဖြင့် ယုဒလူ တို့၏ထုံးစံဓလေ့များဖြစ်သော ယဇ်ပူဇော်ခြင်းနှင့်တကွ ပူဇော်သက္ကာရ ရှိသမျှသည် ခရစ်တော်အသေခံတော်မူရာတွင် ပြီးဆုံးသွားပြီဖြစ်နေကြောင်း ယုံကြည်ကြသည့်အရေးတွင် ဘုရားသခင်၏ပညတ်တော်ဆယ်ပါးဆိုင် ရာ ပညတ်တရားများသည်လည်း ခရစ်တော်နှင့်အတူသေဆုံးသွားပြီ ဖြစ်ကြောင်းကိုလည်း တစ်ပါတည်းဆက်တိုက်အယုံသွင်းနိုင်မည်ဆိုပါက စာတန်အတွက် ကျေနပ်ဖွယ်ပင်ဖြစ်ပါသည်။

ယင်းသို့လျှင်စာတန်၏ဥာဏ်ဆင်ထားပုံကိုအများက အသင့်လက်ခံကြပုံကို ကျွန်ုမမြင်ရပါသည်။ ဘုရားသခင်၏သန့်ရှင်းသောပညတ်တော်ကို ယင်းသို့ခြေဖြင့်နင်းကြသည်ကို ကောင်းကင်ဗိုလ်ခြေများနာကြည်းကြပါသည်။ ဘုရားသခင့်တရားတော်၏သဘောတရားကို ကောင်းကင်ဗိုလ်ခြေအပေါင်းနှင့် ယေရှုရှင်ကိုယ်တော်တိုင် ကောင်းစွာသိထားတော်မူ၏။ ဘုရာသခင်သည် မိမိ၏ပညတ်တော်များကိုပြောင်းလဲမည်မဟုတ်ကြောင်၊ နုတ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းကိုလည်း ပြုလုပ်တော်မူလိမ့်မည်မဟုတ်ကြောင်း ကောင်းစွာသိထားကြပါသည်။ မြော်မြင်ရာကင်းဝေးအောင် လူသားကျဆုံးလေသောအခါက ကောင်းကင်ဗိုလ်ခြေအပေါင်းဝမ်းနည်းကြေကွဲကြပါသည်။ ထိုကြောင့် ဘုရားသခင်၏သန့်ရှင်းသောပညတ်တော်များကို ကျူးလွန်သည့်လူသားများအတွက် ယေရှုရှင်ကိုယ်တော်တိုင် အသေခံတော်မူရန် ဆုံးဖြတ်တော်မူခဲ့ပါသည်။ အကယ်၍ ယင်းတရားတော်ကိုပြောင်းလဲခြင်းပြုနိုင်မည်ဆိုပါက ယေရှုရှင်အသေခံတော်မူရန်မလိုအပ်ဘဲ ဘူသားအားကယ်တင်တော်မူနိုင်ပါလိမ့်မည်။ သို့ဖြစ်၍ ကိုယ်တော်အသေခံတော်မူခြင်းကြောင့် ခမည်းတော်၏တရားတော်ကိုပယ်ဖျက်ခြင်းမပြုသည်သာမက ပို၍ကြီးမြတ်စေတော်မူ၏၊ ဂုဏ်ပြုတော်မူ၏၊ သန့်ရှင်းသောပညတ္တိကျမ်းများကို လိုက်နာစောင့်ထိန်းရန်အတည်ပြုတော်မူ၏။

အသင်းတော်သည် သန့်စင်ပီပြင်၍ သစ္စာတည်မြဲမည်ဆိုပါက စာတန်လှည့်ဖြား၍ရနိုင်မည်မဟုတ်ပါ။ တရားတော်ကိုလည်းခြေဖြင့်နင်းရန် ဆွဲဆောင်နိုင်လိမ့်မည်မဟုတ်ပါ။ ထိုအတင့်ရဲသောအကြံအစည်မှာစာတန်သည် ကောင်းကင်တွင်လည်းကောင်း၊ မြေကြီးပေါ်တွင်လည်းကောင်း ဘုရားသခင်အုပ်စိုးတော်မူခြင်းကို တိုက်ရိုက်ထိုးနှက်လိုက်

ခြင်းပင်ဖြစ်ပါသည်။ သူ၏ပုန်ကန်ထကြွမှုအတွက် ကောင်းကင်မှ နှင်ထုတ်ခြင်းကိုခံခဲ့ရပါသည်။ သူပုန်ကုန်ပြီးသည်နောက်ပိုင်းတွင် သူ့ကိုကယ်လွှတ်ရန်ဘုရားသခင်အနေခြင့် ပညတ်တရားတော်ကို ပြောင်းလဲပေးရန် သူအလိုရှိခဲ့ပါသည်။ သို့သော်ဘုရာသခင်၏တရား တော်သည် ပြင်ဆင်ပြောင်းလဲ၍မရကြောင်း ကောင်းကင်ဗိုလ်ခြေအပေါင်း ၏ရှေးမှာပင်မိန့်တော်မူ၏။ ဘုရားသခင်၏ပညတ်တော်ကို ကျူးလွန် သောသူတိုင်းသေရမည်ဖြစ်သောကြောင့် အခြားသူတို့အား ပညတ်တော် တို့ကိုကျူးလွန်စေနိုင်မည်ဆိုပါက သူ့ဘက်တွင် လူများလာမည်ကို စာတန်သိထားပါသည်။

ရှေ့သို့သာတိုးရန် စာတန်ဆုံးဖြတ်လိုက်ပါတော့သည်။ အချို့ သောသူများသည် ဘုရားခင်၏ပညတ်တော်များအပေါ် စိတ်အား ထက်သန်လှသည်ဖြစ်၍ မိမိ၏ထောင်ချောက်ဖြင့် ဖမ်း၍ပင်မရနိုင် ကြောင်း၊ ယင်းပညတ်တော်များမှာ ရှင်းလင်းပြတ်သားလှသည်ဖြစ်၍ ယခုတိုင်အောင်တည်မြဲကြောင်းကိုလည်း အများယုံကြည်ကြလိမ့်မည် ဖြစ်ကြောင်း၊ သို့ဖြစ်၍သူ့အနေဖြင့်ပညတ်တော်တစ်ပါးတည်းကိုသာ အာရုံပြု၍ ဖျက်ဆီးရန်ကြိုးစားရမည်ဖြစ်ကြောင်း သူ၏တမန်များအား ပြောပြပါသည်။ ထိုကြောင့် ဥပုသ်နေ့နှင့်ဆိုင်သောစတုတ္ထပညတ်ကို ပြောင်းလဲရန် သူ၏ကိုယ်စားလှယ်များအား လမ်းညွှန်လိုက်ပါသည်။ ထိုနည်းအားဖြင့် ပညတ်တော်ဆယ်ပါးမှ ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူသောအရှင်အား ဖော်ညွှန်းထားသည့်တစ်ပါးတည်းသော ပညတ်ကိုသာပြောင်းလဲထားလိုက်ပါသည်။ ဘုန်းကြီးစွာဖြင့် ယေရှုရှင် ထမြောက်တော်မူပုံကို သူတို့၏ရှေ့တွင် စာတန်တင်ဆက်လိုက်ပြီး နောက် ကိုယ်တော်သည်ခုနစ်ရက်တွင် ပထမနေ့ရက်၌ထမြောက်တော်

မူသည့်အတွက် ဥပုသ်နေ့ကိုလည်း သတ္တမနေ့မှပထမနေ့သို့ ကိုယ်တော်ကပင်ပြောင်းလဲထားလိုက်ကြောင်း ဆက်လက်ပြောပြလိုက်ပါသည်။

မိမိ၏အကြံအောင်မြင်ရေးအတွက် ထမြောက်တော်မူခြင်းအကြောင်းကို စာတန်အသုံးပြုလိုက်ပါသည်။ သူတို့ဖန်တီးလိုက်သောအမှားများအပေါ် ခရစ်တော်၏မိတ်ဆွေခေါ်ခံသူများအထူးနှစ်သက်လက်ခံကြသည့်အတွက် စာတန်နှင့်သူ၏တမန်များ အထူးကြည်နူးနေကြပါသည်။ တစ်ဦးကဘာသာရေးရာကြောက်မက်ဖွယ်ဖြစ်ပါတကားဟု ယူဆသည့်အချက်ကို နောက်တစ်ဦးက လက်ခံပါလိမ့်မည်။ ထိုနည်းအားဖြင့် သီးခြားအမှားများကို လက်ခံကြပြီးလျှင် စိတ်အားထက်သန်စွာ ကာကွယ်စောင့်ရှောက်ထားကြပါသည်။ နှုတ်ကပါဌ်တရားတော်တွင် ဘုရားသခင်၏အလိုတော်ကို ထိုမျှလောက်ရှင်းလင်းတိကျစွာလမ်းညွှန်ဖော်ပြထားပါလျက် ဘုရားသခင်၏ပညတ်တော်များဖြစ်သည်ဟုသွန်သင်ထားသည့် အမှားများနှင့်ရိုးရာဓလေ့များဖြင့် ယင်းအလိုတော်ကိုဖုံးကွယ်ထားလိုက်ကြပါသည်။ ဤအမြင့်ဆုံးသောလိမ်လည်မှုကြီးသည် ယေရှုရှင်၏ဒုတိယအကြိမ်ကြွလာတော်မူသည်တိုင်အောင်ဆက်လက်တည်ရှိနေလိမ့်မည်ဖြစ်သော်လည်း ယင်းကာလတစ်လျှောက်လုံးတွင် ဘုရားသခင်ဘက်၌ သက်သေခံမည့်သူမရှိမည်ကို စိုးရိမ်စရာမရှိပါ။ အသင်းတော်အား မှောင်မိုက်ဝန်းရံစေလျက် နှိပ်စက်ညှဉ်းပန်းနေကြသော်လည်း ပညတ်တော်အလုံးစုံတို့ကိုစောင့်ထိန်းလျက် သစ္စာတည်မြဲသောတပည့်တော်များ အမြဲတစေရှိနေပါသည်။

ဘုန်းတော်ရှင်ဘုရင်ကြီးသည် ဒုက္ခဆင်းရဲမျိုးစုံကိုခံတော်မူလျက်အသေသတ်ခြင်းခံတော်မူသည်ကို ကောင်းကင်ဗိုလ်ခြေများတွေ့မြင်ရကြ

သောအခါ တအံ့တသြဖြစ်နေကြသည်ကို ကျွန်မမြင်ရပါသည်။ သို့သော် အသက်ပေးပိုင်တော်မူသော ဘုန်းတော်အရှင်ဖြစ်တော်မူထသော၊ ကောင်းကင်တစ်ခွင်လုံးကို ဝမ်းမြောက်ခြင်းနှင့်လည်းကောင်း၊ သိုက်မြိုက်ခမ်းနားစွာဖြင့်လည်းကောင်း ပြည့်ဝစေတော်မူထသောအရှင်သည် သေခြင်းတရားကိုအောင်နိုင်လျက်၊ အကျဉ်းထောင်တည်းဟူသောသင်္ချိုင်းတော်မှ အောင်ပွဲခံလျက် ထွက်ကြွလာတော်မူမည်ကိုမူကား ကောင်းကင်ဗိုလ်ခြေအပေါင်းက အံ့သြခြင်းမရှိကြသည်ကိုလည်း ကျွန်မမြင်ရပါသည်။ သို့ဖြစ်၍ ယင်းအဖြစ်အပျက်များနှင့်စပ်လျဉ်းသည့်နေ့တစ်ရက်ကို အောက်မေ့ဖွယ်ရာအတွက် နားရက်အဖြစ်သတ်မှတ်မည်ဆိုပါက အသေသတ်ခြင်းခံတော်မူသည့်နေ့ကိုသာ သတ်မှတ်သင့်ပါသည်။ သို့သော် ယင်းအဖြစ်အပျက်နှစ်ရပ်လုံးသည် ဘုရားသခင်၏ပညတ်တော်ကို ပြောင်းလဲရန် သို့မဟုတ်နုတ်သိမ်းရန်အတွက် ရည်ရွယ်ထားခြင်းမရှိသည့်အပြင် ဘုရားသခင်၏တရားတော်သည် ဖေါက်ပြန်ပြောင်းလဲခြင်းမရှိကြောင်း ယင်းအချက်နှစ်ရပ်သည်ပင်လျှင် အခိုင်အမာဆုံးသော်သာဓကများဖြစ်နေပါသည်။

ယင်းအဖြစ်အပျက်နှစ်ရပ်လုံးကို အောက်မေ့စရာဖို့သတ်မှတ်ထားသည့်ရက်များရှိပါသည်။ ပထမမှာ– ပွဲတော်မင်္ဂလာကျင်းပသည့်ရက်ဖြစ်၍ ထိုနေ့တွင်ချိုးဖဲ့သောမုန့်နှင့်စပျစ်နွယ်ပင်၏အသီးကို သုံးဆောင်ခြင်းဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏အသေခံတော်မူခြင်းအကြောင်းကို ကိုယ်တော်ကြွလာတော်မူသည့်နေ့တိုင်အောင် ပြသလျက်နေကြပါသည်။ ယင်းနည်းအားဖြင့် ကိုယ်တော်ဒုက္ခဆင်းရဲခံရပုံများနှင့် အသေခံရပုံများကို ကျွန်ုပ်တို့၏စိတ်အာရုံများတွင် အသစ်တစ်ဖန်ပေါ်လာပြန်သည်။ ကိုယ်တော်ထမြောက်တော်မူခြင်းကို အမှတ်ရစေရန်ကျင်းပသည့်နေ့မှာ

ကျွန်ုပ်တို့နှစ်ခြင်းခံသည့်နေ့ဖြစ်၍ ထိုနေ့တွင် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူသေလျက် ရေသင်္ချိုင်းတွင်းမှကိုယ်တော်နည်းတူ ထမြောက်ခြင်းဖြင့် အသစ်သောအသက်တာကိုခံယူကြပါသည်။

ကိုယ်တော်၏ပညတ်တရားတော်သည် ထာဝရတည်မြဲ၍ ကမ္ဘာသစ်တွင်လည်း ထာဝရကာလပတ်လုံး ဆက်လက်တည်မြဲနေလိမ့်မည်ဟု ကျွန်မမြင်ရပါသည်။ ဖန်ဆင်းတော်မူချိန်တွင် ဤကမ္ဘာမြေကြီးကိုအခြေချခဲ့စဉ်က ဘုရားသခင်၏သားတော်တို့သည် ဖန်ဆင်းရှင်၏လက်ရာတော်ကို တအံ့တသြကြည့်ရှုခဲ့ကြပါသည်။ ကောင်းကင်ဗိုလ်ခြေအပေါင်းတို့ကလည်းဝမ်းမြောက်ဝမ်းသာစွာ ဟစ်အော်ကြွေးကြော်ကြပါသည်။ ထိုအချိန်က ဤဥပုသ်နေ့ကိုပါအခြေချခဲ့ပါသည်။ ခြောက်ရက်မြောက်သောနေ့ကုန်ဆုံးသောအခါ ဖန်ဆင်းသောအမှုရှိသမျှကိုလက်စသတ်ပြီးမှ သတ္တမနေ့ရက်၌ငြိမ်ဝပ်စွာနေတော်မူ၏၊ ထိုသတ္တမနေ့ကို ဘုရားသခင်သည် ကောင်းချီးပေး၍ သန့်ရှင်းစေတော်မူ၏။ အကြောင်းမူကား ဖန်ဆင်းပြုပြင်တော်မူသောအရာအလုံးစုံတို့သည် ပြီးစီးသောကြောင့် ထိုနေ့ရက်၌ ငြိမ်ဝပ်စွာနေတော်မူ၏။ လူသားမကျဆုံးမီ ဧဒင်ဥယျာဉ်တော်၌ ဥပုသ်နေ့ကိုပြဋ္ဌာန်းထားတော်မူခဲ့၏၊ ထိုကြောင့်အာဒံနှင့်ဧဝတို့ ဥပုသ်နေ့ကိုစောင့်ထိန်းခဲ့ကြ၏၊ ကောင်းကင်ဗိုလ်ခြေအပေါင်းတို့သည်လည်း ဥပုလ်နေ့ကိုစောင့်ထိန်းခဲ့ကြ၏။ ဘုရားသခင်သည် သတ္တမနေ့၌ငြိမ်ဝမ်စွာနေ၍ ထိုနေ့ကိုကောင်းချီးပေးလျက် သန့်ရှင်းစေတော်မူ၏။ ဥပုသ်နေ့ကိုမည်သည့်အခါတွင်မျှပယ်ဖျက်မည်မဟုတ်ကြောင်း၊ ရွေးနုတ်ခြင်းခံရသောသန့်ရှင်းသူများနှင့်တကွ ကောင်းကင်ဗိုလ်ခြေအပေါင်းတို့သည် ဖန်ဆင်းတော်မူသောအရှင်ကို ဂုဏ်ပြုသတိရဖို့ ထာဝရကာလပတ်လုံး ဥပုသ်နေ့ကိုစောင့်ထန်းကြလိမ့်မည်ဖြစ်ကြောင်း ကျွန်မရှုမြင်ရပါသည်။

---ooo---

## သေခြင်းသည်ထာဝရငရဲခံရခြင်းမဟုတ်

ဧဒင်ဥယျာဉ်တော်မှအစပြု၍ စာတန်လှည့်ဖြားခဲ့ပါသည်။ "သင်တို့သည် ဧကန်အမှန်သေရမည်မဟုတ်" ဟုဧဝအားသူပြောခဲ့ပါသည်။ ဝိညာဉ်သည် သေခြင်းတရားနှင့်ကင်းလွတ်၏ ဟူသောသင်ခန်းစာကို ပထမဦးစွာ စာတန်ကပို့ချလိုက်ခြင်းဖြစ်ပါသည်။ ယနေ့လည်း ယင်းသင်ခန်းစာကိုပ်င ဖက်လက်ပို့ချနေပါသည်။ ဘုရားသခင်၏သားသမီးများအနှောင်အဖွဲ့မှ လွတ်မြောက်ကြသည့်နေ့တိုင်အောင် ယင်းသင်ခန်းစာလိမ်ကိုပင်ဆက်လက်အသုံးချနေပါလိမ့်ဦးမည်။ အာဒံနှင့်ဧဝတို့သည် ဥယျာဉ်၌နေခဲ့ကြပုံကို ကျွန်မအားညွှန်ပြပါသည်။ တားမြစ်ထားသောအပင်၏အသီးကိုစားသုံးကြပြီးနောက် မီးစက်လက်နက်များဖြင့် အသက်ပင်ကိုဝန်းရံထားလိုက်ပါသည်။ သူတို့ကိုလည်း ဥယျာဉ်တော်မှနှင်ထုတ်လိုက်ပါသည်။ ယင်းသို့မပြုလုပ်ပါက သူတို့သည်အသက်ပင်၏အသီးကိုစားလျက် ဒုစရိုက်သားအဖြစ် ထာဝရအသက်ရှင်နေကြပေလိမ့်မည်။ အသက်ပင်၏အသီးကိုစားခြင်းဖြင့် မသေမပျောက်နိုင်သောခန္ဓာကိုယ်အား ထာဝရတည်မြဲစေပါသည်။ "အာဒံ၏မိသားစုထဲမှ မည်သူသည် မီးစက်လက်နက်များကိုဖြတ်ကျော်၍ အသက်ပင်၏အသီးကိုစားခဲ့ပါသနည်း" ဟု ကောင်းကင်တမန်တစ်ပါးကမေးလိုက်သည်ကို ကျွန်မကြားလိုကပ်သည်ါ။ "အာဒံ၏မိသားစုထဲမှ မည်သူမျှထိုမီးစက်လက်နက်များကိုဖြတ်ကျော်၍ အသက်ပင်၏အသီးကိုမစားခဲ့ပါ။ ထိုကြောင့် မသေမပျောက်နိုင်သောဒုစရိုက်သားမရှိပါ" ဟု အခြားသောကောင်းကင်တမန်ကပြန်၍ဖြေသည်ကိုလည်း ကျွန်မကြားရပါသည်။ အပြစ်ကျူးလွန်သောဝိညာဉ်သည် ထာဝရသေရမည်။ ထမြောက်ရန်မျှော်လင့်ချက်မရှိသောသေခြင်းဖြင့် သေရမည်။ ထိုနောက်ထာဝရဘုရား၏အမျက်တော်ပြေလိမ့်မည်။

“ပြစ်မှားသောဝိညာဉ်သည်အသက်သေ၇မည်” ဟုဘုရားသခင် မိန့်တော်မူသည်ကို ပြစ်မှားသောဝိညာဉ်သည်အသက်မသေရ၊ ထာဝရ ကာလပတ်လုံးစိတ်ငြိုငြင်ပင်ပန်းလျက် အသက်ရှင်နေရမည်ဟုအဓိပ္ပါယ် ပေါက်၍ ယင်းအတိုင်းလူတို့ကိုယုံကြည်အောင် စာတန်ဆောင်ရွက်ရာ တွင် ကောင်းစွာအောင်မြင်သည့်အတွက် ကျွန်မအထူးအံ့ဩမိပါသည်။ “အသက်ရှင်ခြင်းဆိုသည်မှာ– နာကျင်ခြင်းဝေဒနာကိုခံစားလျက်ဖြစ်စေ၊ ဝမ်းမြောက်လျက်ဖြစ်စေ အသက်ရှင်နေခြင်းဖြစ်ပါသည်။ သေခြင်း၌ နာကျင်ခြင်းဝေဒနာမရှိ၊ ဝမ်းမြောက်ခြင်းမရှိ၊ မုန်းတီးခြင်းမရှိ” ဟု ကောင်းကင်တမန်ကပြောပါသည်။

“သင်တို့သည် ဧကန်အမှန်သေရမည်မဟုတ်” ဟု ဧဒင်ဥယျာဉ် တော်တွင် ဧဝအားပထမအကြိမ်လှည့်ဖြားခဲ့သည်နည်းအတိုင်း ဆက် လက်၍ အထူးအားထုတ်လှည့်ဖြားကြရန် သူ၏တမန်များအား စာတန်က ဩဝါဒပေးထားပါသည်။ ယင်းအမှားကိုလူတို့လက်ခံလျှင် လူ၏အသက် ဝိညာဉ်သည် မသေမပျောက်နိုင်ဟုဆိုသည်ကိုပါ ယုံကြည်စေသဖြင့် အပြစ်သားသည် ထာဝရကာလပတ်လုံးစိတ်ငြိုငြင်ပင်ပန်းလျက် အသက် ရှင်နေရမည်ဆိုသည်ကိုလည်း ဆက်လက်၍ယုံကြည်အောင် စာတန်ဆောင် ရွက်ထားခြင်းဖြစ်ပါသည်။ ထိုအခြေသို့ဆိုက်ရောက်သောအခါ ထာဝရ ဘုရားဆိုသည်မှာ မိမိ၏အလိုသို့မိုက်သောသူများအား သူ၏အမျက် ဒေါသကိုထာဝရကာလပတ်လုံးခံစားနေကြစေရန် ငရဲထဲသို့ထိုးချသည့် ဘုရားသခင်ဖြစ်ကြောင်း၊ လူတို့၏ဘာသာစကားဖြင့်မဖော်ပြနိုင်လောက် အောင် ပြင်းပြသည့်စိတ်ဒုက္ခကိုယ်ဒုက္ခများကို ထာဝရကာလပတ်လုံး တောက်လောင်နေသောမီးလျှံများထဲတွင် တွန့်လိမ်၍ခံစားနေရကြစဉ် ကျေနပ်နှစ်သိမ့်စွာဖြင့် ကော်းကင်ဘုံမှ ငုံ့ကြည့်နေသောဘုရားသခင် ဖြစ်ကြောင်း၊ ယင်းသို့ရန်တုံ့မူသည့်ဘုရားသခင်ဖြစ်ကြောင်း၊ နိုပ်စက်

အုပ်စိုးသည့်ဘုရာသခင်ဖြစ်ကြောင်း စသည်ဖြင့်လူတို့ရှေ့တွင် သူ၏ကိုယ်စားလှယ်များအားဖြင့် ဘုရားသခင်၏ပုံတော်ကိုတင်ပြရန်စာတန်အတွက် လမ်းပွင့်သွားပါသည်။ အကယ်၍ ယင်းအမှားကိုလက်ခံကြမည်ဆိုပါက ဘုရားသခင်အား ချစ်ကြောက်ရိုသေကြမည့်အစား မုန်းတီးကြလိမ့်မည် ဖြစ်ကြောင်း။ ထိုမျှမက ဘုရာသခင်သည် ချစ်ခြင်းမေတ္တာနှင့်ကြည်ဖြူသောသဘောရှိတော်မူသည်ဖြစ်၍မိမိဖန်ဆင်းထားတော်မူသောလူများကို ပြင်းပြသောဝေဒနာခံစားရာ ငရဲထဲသို့တွန်းချမည်ဆိုသည်မှာ မဖြစ်နိုင်ကြောင်း၊ သို့ပါ၍နူတ်ကပါဌ်တရားတော်အရ ခြိမ်းခြောက်ထားခြင်းများသည်လည်း အမှန်တကယ်ပြည့်စုံကြလိမ့်မည်မဟုတ်ကြောင်း စသည်ဖြင့် လူအများယူဆကြလိမ့်မည်ဟု စာတန်သိထားပါသည်။

လူတို့အားစာတန်ကလမ်းညွှန်ဆွဲဆောင်နေသည့်အခြားသော တစ်ဖက်စွန်းထွက်သဘောတရားတစ်ခုမှာ– ဘုရားသခင်၏တရားမျှတမှုနှင့်နူတ်ကပါဌ်တရားတော်တွင် ခြိမ်းခြောက်ထားသည့်အချက်များကို လုံးဝလျစ်လျူရှုထားပြီးလျှင် ဘုရားသခင်သည် ကရုဏာတရားနှင့်သာ လုံးဝပြည့်စုံတော်မူသောကြောင့် မည်သူမျှပျက်စီးခြင်သို့မရောက်နိုင်၊ သန့်ရှင်းသူရောဒုစရိုက်သားပါ နောက်ဆုံးတွင် ကိုယ်တော်၏နိုင်ငံတော်သို့ဝင်စားရကြလိမ့်မည်ဟူသော သဘောတရားပင်ဖြစ်ပါသည်။

ဝိညာဉ်သည်မသေမပျောက်နိုင်၊ ငရဲသည် ထာဝရတည်သည်ဟူသော်အများကြိုက် သဘောတရားများကိုအကြောင်းပြုလျက် ကျမ်းစာသည် ဝိညာသ်တော်ပြုပြင်မှုအရ ရေးသားထားသောစာအုပ်မဟုတ်ပါဟု အခြားလူတန်းစားတစ်ရပ်အနေဖြင့် သဘောထားရန် စာတန်အခွင့်ကောင်းယူ၍ဆွဲဆောင်ထားပါသည်။ ကျမ်းစာသည်ကောင်းသောအချက်

အများအပြားကိုသင်ပေးကြောင်း၊ သို့သော် ငရဲတည်းဟူသောဆင်းရဲ ငြိုငြင်ခြင်းကို ထာဝရကာလပတ်လုံးခံစားနေရမည်ဟူသောသဘော တရားကို သင်ကြားထားသည့်အတွက် ယင်းကျမ်းစာကိုမြတ်နိုး၍ အားကိုးအားထားမပြုသင့်ဟု ထိုလူတန်းစားတစ်ရပ် ထင်မှတ်ကြ ပါသည်။

စာတန်ခေါင်းဆောင်နေသည့် နောက်ထပ်လူတန်းစားတစ်ရပ် ရှိပါသေးသည်။ ထိုသူတို့ကမူ ဘုရားသခင်တည်ရှိတော်မူသည်ကို ငြင်းဆိုကြပါသည်။ ကျမ်းစာတွင်ဖော်ညွှန်းထားသည့်ဘုရားသခင်သည် လူသားမျိုးနွယ်တစ်ရပ်လုံးမှအချို့သောသူများကို ထာဝရကာလပတ် လုံး ထိတ်လန့်စရာနှိပ်စက်ညှဉ်းပန်းထားမည်ဆိုသည်မှာ ဘုရားသခင် ၏ဂုဏ်တော်နှင့်မဆီလျော်ဟု သူတို့သဘောရသောကြောင့် ကျမ်းစာနှင့် တကွ ယင်းကျမ်းစာကိုဖြစ်ဖွားစေတော်မူသောအရှင်ကိုပါ ငြင်းပယ် ကြ၏။ သေခြင်းကိုလည်း ထာဝရအိပ်ပျော်ခြင်းဟုသဘောထားကြ၏။

ထိုမျှမက ကြောက်တတ်လန့်တတ်၍ စိတ္တခွန်အားချို့တဲ့သော လူတန်းစားတစ်ရပ်ရှိပါသေး၏။ ထိုကဲ့သို့သောလူတို့အား အပြစ်ကျူး လွန်စေရန် ဖြားယောင်းပြီးမှ အပြစ်၏အခကား သေခြင်းမဟုတ်၊ နှိပ်စက်ညှဉ်းဆဲခြင်းမျိုးစုံကိုခံစားရသည့် ငရဲတွင် ကမ္ဘာအဆက်ဆက် အသေအပျောက်ဘဲ ခံစားနေရမည်ဟု စာတန်ကသရုပ်ဖော်နေသည်ကို ကြည့်နေရသော လူတန်းစားတစ်ရပ်ဖြစ်ပါသည်။ ယင်းသို့စိတ်မခိုင် သောသူများအား ထာဝရငရဲကိုပုံကြီးချဲ့၍ပြခြင်းဖြင့် ထိုသူတို့၏စိတ် အာရုံများကိုအပိုင်းစီးထားရာ ထိုသူတို့အနေဖြင့် ဆင်ခြင်တုံတရားနှင့် ကင်းဝေးသွားကြပါသည်။ ထိုအချိန်တွင် စာတန်နှင့်သူ၏တမန်များ ကြည်နူးဝမ်းမြောက်ကြ၏။ ဘုရားတရားမကြည်ညိုသောသူများနှင့် ဘုရားမရှိဟုအယူရှိသောသူများကလည်း စာတန်ဘက်မှနေ၍ ခရစ်ယာန် များအားပြစ်တင်ဝေဖန်ကြပါသည်။ ယင်းမကောင်းမှုများမှာ ကျမ်းစာ

နှင့်တကွ ကျမ်းစာကိုဖြစ်ဖွားစေတော်မူသည့်အရှင်ာအား ကိုးကွယ်ခြင်း အတွက် အကျိုးသက်ရောက်မှုဖြစ်သည်ဟု သူတို့ကအဆိုပြုကြသော် လည်း အမှန်အားဖြင့်ဆိုရသော် အများကြိုက်နှစ်သက်သည့် အဓမ္မအယူ ဝါဒကိုလက်ခံခြင်းအတွက်အကျိုးသက်ရောက်မှုများသာဖြစ်ပါသည်။

စာတန်၏ဤမျှလောက်အတင့်ရဲသောလုပ်ရပ်အတွက် ကောင်း ကင်ဗိုလ်ခြေတို့နာကြည်းစွာခံရသည်ကို ကျွန်မဤရှုမြင်ရပါသည်။ ဘုရား သခင်၏ကောင်းကင်တမန်များသည် တန်းခိုးစွမ်းအားနှင့်ပြည့်စုံကြသည့် အလျောက် တာဝန်ပေးအပ်ခြင်းခံရကြပါက ရန်သူ၏တန်ခိုးအားဏာ ကို ကောင်းစွာနှိမ်နင်းနိုင်မည်ဖြစ်ပါလျက်ယင်းအဓမ္မဝါဒများ လူတို့၏ စိတ်အာရုံများတွင်စွဲကပ်နေသည်တိုင်အောင် ခွင့်ပြုထားခြင်းမှာ မည်သည့် အတွက်ကြောင့်ပါနည်းဟု ကျွန်မကမေးပါသည်။ ထိုအခါ ကျွန်မရှုမြင် ရပုံမှာ– လူကိုဖျက်ဆီးရန်စာတန်သည် နည်းမျိုးစုံကိုအသုံးပြုလိမ့်မည် ဖြစ်ကြောင်း ဘုရားသခင်သိတော်မူ၏။ ထိုကြောင့် နှုတ်ကပါဌ်တော်ကို ရေးသားစေတော်မူ၏။ လူသားမျိုးနွယ်တစ်ရပ်လုံးလိုက်နာရန် ကိုယ် တော်၏ကြံရွယ်ချက်များကိုလည်း ခွန်အားအနည်းဆုံးသောသူပင် လမ်းမမှားစေရန် အရှင်းလင်းဆုံးရေးသားထားစေတော်မူ၏။ မိမိ၏ နှုတပါဌ်တရားတော်ကို လူသားအားပေးပြီးနောက် စာတန်နှင့်သူ၏ တမန်များ သို့မဟုတ် သူ၏ကိုယ်စားလှယ်များနှင့်တကွ မည်သူကမျှ မဖျက်ဆီးနိုင်အောင် ကောင်းစွာထိန်းသိမ်းစောင့်ရှောက်ထားတော်မူ၏။ အခြားစာအုပ်များဖျက်ဆီးခြင်းခံရသည်တိုင်အောင် ကျမ်းစာသည် မပျောက်မပျက်နိုင်ပါ။ နောက်ဆုံးသောကာလ၌စာတန်၏မတရားသော အမှုများတိုးပွားများပြားလာသောအခါ အလိုရှိသောသူတိုင်းတစ်ယောက် လျှင် ကျမ်းစာတစ်အုပ်စီရနိုင်ရန် တိုးပွားများပြားလိမ့်မည်။ အလိုရှိပါက စာတန်၏အံ့သြဖွယ်လိမ်လည်လှည့်ဖြားမှုကိုလည်း ယင်းကျမ်းစာဖြင့် ပင် ကာကွယ်နိုင်ကြပေလိမ့်မည်။

ဘုရားသခင်သည်ကျမ်းစာကိုအထူးသဖြင့် ကွယ်ကာစောင့်ကြပ် ထားကြောင်း ကျွန်မရှုမြင်ရပါသည်။ သို့သော် အုပ်ရေနည်းပါးစဉ်က စာပေကျမ်းဂန် ကျွမ်းဝင်သူများကပို၍ရှင်းလင်းလိမ့်မည်ဟု သူတို့မှတ်ယူ ကြသည့်အလျောက် အချို့နေရာများတွင် စာလုံးများကိုပြောင်းထား ကြပါသည်။ အမှန်အားဖြင့်ဆိုသော် သူတို့ပြောင်းလဲလိုက်သည့်အတွက် နဂိုမူလကရှင်းနေသည်ကိုပင် လက်ခံထားခဲ့ပြီးသည့်ထုံးစံဓလေ့ရှုထောင့် များဘက်သို့ယိုင်စေသဖြင့် ပို၍ရှုပ်ထွေးသွားစေပါသည်။ သို့သော် ဘုရားသခင်၏နှုတ်ကပါဌ်တရားတော်တစ်အုပ်လုံးအနေဖြင့် တစ်ပိုင်း သည် အခြားတစ်ပိုင်းနှင့်ကွင်းဆက်ဖြစ်နေသည်သာမက အဓိပ္ပါယ်ကို ပါဆက်စပ်ဖော်ညွှန်းထားသည်ဖြစ်၍ နှုတ်ကပါဌ်တရားတော်တစ်အုပ် လုံးမှာ ပြီးပြည့်စုံလှသောကွင်းဆက်သံကြိုးပမာ ဆင်းစပ်မှုရှိနေသည်ကို ကျွန်မရှုမြင်ရပါသည်။ သစ္စာရှိစွာဖြင့်သမ္မာတရားတော်ကိုရှာဖွေသူများ အတွက် လမ်းမမှားနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုကျမ်းစာတွင် ဖော်ညွှန်းထားသည့် အသက်ရှင်ရာလမ်းစဉ်အကြောင်းကို ကြေညာ ရာတွင် နှုတ်ကပါဌ်တော်သည် လွယ်ကူရှင်းလင်းသည်သာမက လေ့ လာသူတိုင်း နားလည်းသဘောပေါက်စေရန် လမ်းပြရှင်အဖြစ်သန့်ရှင်း သောဝိညာဉ်တော်ကိုလည်း စေလွှတ်ထားတော်မူ၏။

လူ၏အလိုဆန္ဒကို ဘုရားသခင်၏ကောင်းကင်တမန်များအနေ ဖြင့် မည်သည့်အခါမျှမချုပ်ချယ်နိုင်ကြောင်းကို ကျွန်မ ရှုမြင်ရပါသည်။ အသက်ရှင်ခြင်းနှင့်သေခြင်းလမ်းနှစ်သွယ်ကို လူတို့ရှေ့တွင် ဘုရားသခင် ရှင်းပြတော်မူ၏။ မိမိအလိုရှိသောလမ်းကိုရွေးချယ်ပိုင်ခွင့်ရှိပါ၏။ အများသူတို့အသက်ရှင်လိုသော်လည်း ကျဉ်းသောလမ်း၌ပင် ဆက်၍ လျှောက်နေကြ၏။ သူတို့အားကြင်နာသနားတော်မူသောကြောင့်သားတော်

အားသူတို့အတွက် အသေခံစေတော်မူပြီးသော်လည်း ဘုရားသခင် အုပ်စိုးတော်မူခြင်းကို ပုန်ကန်သည့်လမ်းကိုပင်ရွေးချယ်ကြ၏။ တန်ဖိုးများစွာပေး၍ ဝယ်ထားပြီးသော ကယ်တင်ခြင်းကိုလက်မခံသူများ ပြစ်ဒဏ်စီရင်ခြင်းကို ခံရကြပါလိမ့်မည်။ သို့သော် သူတို့သည် အဆုံးမရှိသောညှဉ်းပန်းနှိပ်စက်ခြင်းကိုခံစားနေကြရန် ဘုရားသခင်သည် သူတို့အား ငရဲအတွင်းမိတ်လှောင်ထားလိမ့်မည်မဟုတ်ပါ။ ကောင်းကင်နိုင်ငံတော်သို့လည်း ခေါ်သွင်းလိမ့်မည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် သူတို့အားသန့်ရှင်းစင်ကြယ်သူများနှင့်အတူ နေစေမည်ဆိုပါက သူတို့အထူးစိတ်ဆင်းရဲကြပေလိမ့်မည်။ သို့သော် သူတို့သည်မည်သည့်အခါကမျှမရှိခဲ့ဖူးသည့်အနေမျိုးဖြင့် လုံးလုံးဖျက်ဆီးပစ်တောမူလိမ့်မည်။ ကိုယ်တော်သည်မြေမှုန့်ဖြင့် လူကိုဖန်ဆင်းထားတော်မူသည်ဖြစ်၍ နားမထောင်၊ မသန့်ရှင်းသောလူသည် မီး၌ကျွမ်းလောင်ခြင်းကိုခံရပြီးလျှင် မြေမှုန့်သို့တစ်ဖန်ပြန်ရလိမ့်မည်။ ဤကိစ္စနှင့်ပတ်သက်၍ ဘုရားသခင်၏ကောင်းမြတ်တော်မူသော စေတနာတော်နှင့်သနားကြင်နာတော်မူခြင်းအကြောင်းကို လူတိုင်းလူတိုင်းသိ၍ ကိုယ်တော်၏ဂုဏ်တော်ကိုချီးမွမ်းလျက် သန့်ရှင်းသောနာမတော်ကို ကြည်ညိုသဒ္ဒါပွားများသင့်ကြောင်းကျွန်မမြင်ရပါသည်။ မတရားသော်သူတို့အား မြေကြီးပေါ်မှဖျက်ဆီးလေသောအခါ ကောင်းကင်ဗိုလ်ခြေအပေါင်းက “အာမင်” ဟုကြွေးကြော်ကြပေလိမ့်မည်။

ခရစ်တော်၏နာမတော်ကိုခံယူထားပါလျက် သူအစပြုခဲ့သော အဓမ္မဝါဒလမ်းစဉ်ကို တိတိကျကျလိုက်လျှောက်နေသော သူများကိုကြည့်၍စာတန်အထူးပင်ကျေနပ်နေပါသည်။ သူ၏အလုပ်မှာ အသစ်သောအဓမ္မဝါဒများကို ဆက်လက်တီထွင်ရန်ဖြစ်ပြီး ယင်းလမ်းစဉ်အတွက် သူ၏တန်ခိုးခွန်အားနှင့် အတတ်ပညာမှာလည်း စဉ်ဆက်မပြတ်

တိုးတက်နေပါသည်။ သူ၏အခမ္ဗဝါဒကို လက်မခံလိုသောသူများအား ပြင်းထန်စွာနှိပ်စက်ညှဉ်းဆဲ၍ လုံးဝဖျက်ဆီးပစ်ရန် စာတန်သည်မိမိ၏ ကိုယ်စားလှယ်များဖြစ်သော သာသနာပရဟန်းများနှင့်လက်အောက် ခံရဟန်းများအားမြှောက်ပင့်ခေါင်းဆောင်လျက် လူထုကိုလှုံ့ဆော်ထကြွ စေပါသည်။ ခရစ်တော်၏မွန်မြတ်သောတပည့်သားမြေးများခံစားရကြ သည့်ဒုက္ခဝေဒနာများသည် ပြင်းပြလှပါတကား။ ဘုရားသခင်၏ ကောင်းကင်တမန်များကလည်း ပြည့်ပြည့်စုံစုံမှတ်တမ်းတင်ထားပါသည်။ ဤကဲ့သို့ဒုက္ခဆင်းရဲခံရကြသောသန့်ရှင်းသူများအားအလုပ်အကျွေး ပြုရကြသည့်ကောင်းကင်တမန်များအား စာတန်နှင့်သူ၏မတရားသော တမန်များက ဤကမ္ဘာမြေကြီးပေါ်တွင် ခရစ်ယာန်စစ်ခရစ်ယာန်မှန် တစ်ဦးတစ်ယောက်မျှမကျန်မရှိရလေအောင် ထိုသူအားလုံးကိုအသေ သတ်ရမည်ဟု ရွှင်ပျသောမျက်နှာထားဖြင့် ပြောကြပါသည်။ ထိုအချိန်က ဘုရားသခင်၏အသင်းတော်သန့်စင်ပီပြင်ပုံကိုကျွန်မမြင်ရ ပါသည်။ မိမိ၏ယုံကြည်ခြင်းကိုအတိအလင်းကြေညာသော ခရစ်ယာန် သည်စင်ပေါ်တင်၍အဆစ်များပြုတ်ထွက်သည်တိုင်အောင် ဆွဲဆန့်၍ သတ်ခြင်း၊ အရှင်လတ်လတ်သစ်တိုင်တွင်ချည်နှောင်၍ မီးရှို့သတ်ခြင်း မှအစ စာတန်နှင့်သူ၏မတရားသောတမန်များက တီထွင်ထားနိုင် သမျှသော သို့မဟုတ် လူတို့အားလှုံ့ဆော်ပေးခြင်းဖြင့် တီထွင်ထား နိုင်သမျှသောညှဉ်းဆဲနှိပ်စက်ခြင်းနည်းအမျိုးမျိုးကိုရင်ဆိုင်ရမည့်အန္တရာယ် ရှိသောကြောင့် စိတ်နှလုံးမတည်ကြည်သောသူတို့သည်ယင်းအသင်း တော်သို့ဝင်ရောက်လာကြမည့်အန္တရာယ်မရှိပါ။

---ooo---

## ဘာသာရေးပြောင်းလဲခြင်း

သန့်ရှင်းသောသူများအားထိုမျှလောက်နှိပ်စက်ညှဥ်းပန်းနေကြပါလျက်ခပ်သိမ်းသောသူများအထဲမှ ဘုရားသခင်၏သမ္မာတရားတော်အတွက်အသက်ရှင်သော သက်သေခံများပေါ်ထွန်းလျက်ရှိနေပါသည်။ ဘုရားသခင်၏ကောင်းကင်တမန်များကလည်း သူတို့အားယုံကြည်လွှဲအပ်သည့်အတာဝန်များကိုထမ်းဆောင်နေကြပါသည်။ သူတို့သည်အမှောင်မိုက်ဆုံးသောနေရာများတွင်ရှာဖွေလျက် ယင်းအမှောင်ထုထဲမှစိတ်နှလုံးတည်ငြိမ်၍ ဖြောင့်မှန်သောသူများကိုရွေးထုတ်နေကြပါသည်။ ကိုယ်တော်၏သမ္မာတရားတော်ကိုသယ်ဆောင်ရန်ရှောလုသည်ဘုရားသခင် ရွေးကောက်တော်မူသောတန်ဆာဖြစ်ခဲ့သည်နည်းတူကိုယ်တော်၏နာမတော်ကိုခံယူထားကြသောသူများ၏ဒုစရိုက်များကိုဖေါ်ထုတ်ကြွေးကြော်ရန် အမှားလမ်းစဉ်အောက်တွင်နစ်မြုပ်နေသောဤလူတို့ကိုဘုရားသခင်ရွေးချယ်တော်မူ၏။ မာတင်လူးသာ[*] နှင့် မလန်ချ်သွန်[†] မှအစအခြားသူရဲကောင်းများအားနေရာဒေသအလိုက် ဘုရားသခင်၏နှုတ်ကပါဌ်တော်အတွက်သက်ရှင်သက်သေခံဖြစ်လိုသောဆန္ဒပြင်းပြလာကြစေရန်ကောင်းကင်တမန်တို့သည်သူတို့၏စိတ်နှလုံးအသီးသီးကို လှုံ့ဆော်ပေးကြပါသည်။ ရေလွှမ်းမိုးသည့်နှယ် ချီတက်လာသောရန်သူအားအောင်နိုင်ရန်အဆင့်အတန်းကို မြှင့်တင်ပေးရမည်။ ပျက်စီးယိုယွင်းနေသောအသင်းတော်ကြီး၏အမျက်ဒေါသမုန်တိုင်းကိုကြံ့ကြံ့ခိုင်ခိုင်ရင်ဆိုင်ရပ်တည်ရန်နှင့်မိမိတို့ခံယူထားသည့်သန့်ရှင်းသောနာမတော်အပေါ်သစ္စာတည်မြဲသူအနည်းငယ်ကိုခွန်အားပေးရန်အတွက်မာတင်လူးသာအားရွေးချယ်တော်မူ၏။ ဘုရားသခင်၏အလိုတော်နှင့်ဆန့်ကျင်ဘက်ဖြစ်နေမည်ကိုမာတင်လူးသာ အမြဲတစေစိုးရိမ်ကြောင့်ကြနေခဲ့ပေ၏။ ဘုရားသခင်၏အလိုတော်နှင့်ညီညွှတ်စေရန်

---

[*] Martin Luther;
[†] Melanch Thon

မာတင်လူးသာကြိုးစား၍ကျင့်ခဲ့ပါသည်။ သို့သော် စိတ်သက်သာမှုကို မရခဲ့ပါ။ နောက်ဆုံးတွင် ကောင်းကင်မှအလင်းရောင်ငယ်ကလေးက သူ၏စိတ်အာရုံတွင်စွဲနေသည့်အမှောင်ထုကိုနှင်ထုတ်လိုက်သဖြင့်မိမိ၏ အကျင့်များကိုအားကိုးအားထားမပြုတော့ဘဲ ခရစ်တော်၏ကျေးဇူး တော်ဖြစ်သည့်အသွေးတော်ကိုသာ ယုံကြည်ကိုးစားလေ၏။ ထိုအချိန် မှစ၍ ပုပ်ရဟန်းမင်းများနှင့်အပြစ်ဖေါ်ပြတောင်းပန်ခြင်းကိုနားထောင် သောရဟန်းများမှတစ်ဆင့်မဟုတ်ဘဲ ခရစ်တော်ယေရှုတစ်ပါးတည်း မှတစ်ဆင့်ဘုရားသခင်၏ထံတော်သို့မိမိကိုယ်တိုင် တိုးဝင်ချဉ်းကပ်နိုင် လေ၏။

ဘုန်းကြီးတော်မူသောအလင်းတရားအသစ်ကိုမာတင်လူးသာ ခံယူရသည့်အတွက်တန်ဖိုးမဖြတ်နိုင်ပါတကား။ မှောင်မိုက်ဖုံးလွှမ်းနေ သော အသိတရားအရုဏ်တက်လာပြီဖြစ်၍ ယခင်ကအစွဲအလမ်း များအယူ သီးမှုများလည်းလွင့်စဉ်သွားကြလေပြီတကား။ ဤလောကတွင်ရရှိနိုင်သည့်အကြွယ်ဝဆုံးသောရတနာထက် တန်ခိုး ကြီးလှပါ၏ ဟု သူသဘောထားလေ၏။ ဘုရားသခင်၏နှုတ်ကပါဌ် တော်သစ်သစ်လွင်လွင်ဖြစ်လာ၏။ ရှိရှိသမျှတို့သည်လည်းပြောင်းလဲ ခြင်းသို့ရောက်ကြလေပြီ။ အတွင်း၌ရှိနေသည့်ရတနာကိုမမြင်မသိရသည့် အတွက်သူကြောက်လန့်နေခဲ့သောစာအုပ်မှာ ယခုအခါသူ့အတွက် အသက်၊ ထာဝရအသက်ပင်ဖြစ်နေပါတော့၏။ ထိုစာအုပ်ပင်သူ့အ တွက်ဝမ်းမြောက်စရာ၊ နှစ်သိမ့်စရာဖြစ်၏။ မဂ်လာရှိသောဩဝါဒ တရားလည်းဖြစ်လာ၏။ ယင်းစာအုပ်ကိုမလေ့လာမဆည်းပူးနိုင်အောင် မည်သည့်အရာကမျှမဆွဲမဆောင်နိုင်။ သေခြင်းတရားကို မာတင်လူးသာ ထိတ်လန့်ကြောက်ရွံ့ခဲ့၏။ သို့သော်ဘုရားသခင်၏နှုတ်ကပါဌ်တရား တော်ကို လေ့လာဖတ်ရှုသောအခါ ယခင်ကကြောက်လန့်မှုများသည်

ပပျောက်သွားကြလေပြီ၊ ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်း၍ ကိုယ်တော်အပေါ်ကြည်ညိုသဒ္ဓါပွားများလေ၏။ ကျမ်းစာကိုကိုယ်ရေး အတွက်ရှာဖွေလေ့လာပြီးလျှင် တွေ့ရှိသမျှကြွယ်ဝစွာသောရတနာများ ကိုအရယူလေ၏။ ထိုနောက်အသင်းတော်အတွက် ဆက်လက်ရှာဖွေ ဆည်းပူးလေ့လာပြန်၏။ ကယ်တင်ခြင်းရလိုသောငှါ သူယုံကြည်ကိုး စားခဲ့သော သူတို့၏အပြစ်ဒုစရိုက်များကိုစက်ဆုပ်ရွံရှာသည့်အတွက် မိမိကိုယ်တိုင်ကဲ့သို့ပင်အမှောင်ဖုံးလွှမ်းခြင်းခံနေရသောအခြားသူ အများကိုတွေ့သိရသောအခါ ထိုသူတို့အားဤလောက၏အပြစ်ကို ဆောင်သွားသောဘုရားသခင်၏သိုးသငယ်ကိုထောက်ပြရန် စိတ် စေတနာထက်သန်စွာဖြင့်နည်းလမ်းရှာဖွေလေ၏။

သာသနာပိုင်ရဟန်မင်းများကြီးစိုးသည့်အသင်းတော်၏ လမ်းလွဲမှုများနှင့်ဒုစရိုက်အပေါင်းကိုအသံကုန်ဟစ်၍ ကန့်ကွက်ခဲ့ပြီး လျှင်ထောင်သောင်းမကသောလူတို့ကယ်တင်ခြင်းရရှိရေးအတွက် ကိုင်တိုင်အကျင့်သီလအပေါ် ယုံကြည်အားကိုးနေကြသည့် မှောင်မိုက် ကိုဖြိုခွင်းရန် ကောင်းမြတ်သောစေနတနာနှင့်အမှန်ပင်ကြိုးစားဆောင် ရွက်ခဲ့ပါသည်။ ဘုရားသခင်၏အမှန်တကယ်ကြွယ်ဝသောကျေးဇူး တော်နှင့်တကွ ခရစ်တော်အားဖြင့်သာပြီးပြည့်စုံသောကယ်တင်ခြင်း ကိုခံစားခွင့်ရှိကြောင်း၊ သူတို့၏စိတ်အာရုံများကိုဖွင့်လှစ်၍ ရှင်းရှင်း လင်းလင်းပြတ်ပြတ်သားသားဖော်ပြလိုသောဆန္ဒပြင်းပြလှပါ၏။ သန့် ရှင်းသောဝိညာဉ်တော်၏တန်ခိုးဖြင့် အသင်းတော်ခေါင်းဆောင်များ၏ လက်ရှိဒုစရိုက်များအကြောင်းကိုအသံကျယ်စွာဖြင့်ဆန့်ကျင်ဝေဖန် လိုက်သည့်အတွက် ရဟန်းအများခုခံတွန်းလှန်ကြသည့်မှန်တိုင်းနှင့် ရင်ဆိုင်ရသောအခါသူ၏သတ္တိဆုတ်လျော့ခြင်းမရှိခဲ့သည်မှာ ဘုရား သခင်၏တန်ခိုးကြီးသောလက်ရုံးတော်ကိုသာစွဲကိုင်ထားခဲ့သည့်အတွက်

ဖြစ်ပါသည်။ အောင်မြင်ရေးအတွက်ကိုလည်းကိုယ်တော်၌သာ ယုံကြည်ကိုးစားထားခဲ့ပါသည်။ အနီးကပ်တိုက်ပွဲဆင်နွှဲသည်နှင့်အမျှ ရဟန်းများကလည်းပို၍ဒေါသပြင်းထန်လာကြပါသည်။ သူတို့အနေဖြင့်မပြောင်းလဲလိုကြပါ။ စိတ်အေးသက်သာနေလိုကြ၏။ အကန့်အသက်မရှိဘဲပျော်ပျော်ပါးပါးနေလိုကြ၏။ ဘဝဆိုးကိုမစွန့်မလွှတ်နိုင်ကြပါ။ အသင်းတော်ကိုလည်းမှောင်မိုက်အတွင်းမှာပင်ဆက်လက်တည်မြဲစေလိုကြ၏။

အပြစ်ကိုဖေါ်ပြဝေဖန်၍သမ္မာတရားတော်ကိုထောက်ခံရာတွင်မာတင်လူးသာသည်လုံ့လဝီရိယရှိ၍ ထက်မြတ်သောသူ၊ ကြောက်ရွံ့ခြင်းကင်း၍ရဲရင့်သောသူဖြစ်ကြောင်း ကျွန်ုပ်မရှုမြင်ရပါသည်။ လူဆိုးကိုဖြစ်စေ၊ နတ်ဆိုးကိုဖြစ်စေမကြောက်မရွံ့၊ ထိုသူအားလုံးတို့ထက်တန်ခိုးကြီးသောအရှင်တစ်ပါး သူ့ဘက်၌ရှိနေတော်မူသည်ကိုသူသိထား၏။ မာတင်လူးသာသည် စိတ်စေတနာထက်သန်၏။ ရဲစွမ်းသတ္တိရှိ၏၊ မကြောက်မရွံ့တတ်၊ ထိုကြောင့်တစ်ခံတစ်ရံတစ်ဖက်စွန်းသို့ရောက်သွားမည်ကိုစိုးရိမ်ရ၏။ သို့သော်ဘာသာရေးပြောင်းလဲခြင်းလုပ်ငန်းတွင် မာတင်လူးသာအားအကူအညီပေးရန် မာတင်လူးသာ၏စိတ်နေသဘောထားနှင့်လုံးဝဆန့်ကျင်သောမလန်ချ်သွန်ကို ဘုရားသခင်ရွေးချယ်တော်မူ၏။ မလန်ချ်သွန်သည် စိုးရိမ်ကြောင့်ကြတတ်၏။ ရဲစွမ်းသတ္တိမရှိ၊ သတ္တိဝီရိယနှင့်ပြည့်စုံ၏၊ သည်းခံခြင်းတရားနှင့်ပြည့်ဝပါ၏။ ပညာဥာဏ်နှင့်ပြည့်စုံ၏။ ဘုရားသခင်၏အမှုတော်ကိုချစ်မြတ်နိုးရာတွင် မာတင်လူးသာနှင့်ညီမျှ၏။ ဘုရားသခင်သည်ထိုသူနှစ်ဦးတို့၏စိတ်နှလုံးများကိုရောယှက်ပေါင်းစပ်ထားတော်မူသောကြောင့်တစ်စိတ်တစ်ဝမ်းတည်းစည်းလုံးညီးညွတ်သောမိတ်ဆွေများ

ဖြစ်ကြ၏။ ကြောက်ရွံ့တုန်လှုပ်၍နေးနေးကွေးကွေးဖြစ်နေသည့်အတွက် အန္တရယ်နှင့်ရင်ဆိုင်ရမည့်အချိန်တွင် မာတင်လူးသာသည် မလန်ချ်သွန်အတွက်အထူးအကူအညီဖြစ်ခဲ့၏။ ထိုနည်းတူလှုပ်ရှားမှု လျင်မြန်လွန်းသည့်အတွက် အန္တရာယ်နှင့်ရင်ဆိုင်ရမည့်အခါမျိုးတွင်လည်းမလန်ချ်သွန်သည် မာတင်လူးသာအတွက်အထူးအကူအညီဖြစ်ပါ၏။ မာတင်လူးသာ၏စိတ်သဘောအတိုင်း လွှတ်ထားမည်ဆိုပါက ဘုရားသခင်၏အမှုတော်အပေါ်ကျရောက်မည့်အန္တရာယ်များသည် မလန်ချ်သွန်၏အမြော်အမြင်ကြီးစွာဖြင့် သတိတရားထားမှုကြောင့် မကြာခဏလွတ်မြောက်သွားပါသည်။ ထိုနည်းအတူမလန်ချ်သွန်၏စိတ်သဘောအတိုင်းလွှတ်ထားမည်ဆိုပါက ဘုရားသခင်၏အမှုတော်ရှေ့သို့မတိုးတက်ဘဲရှိနေမည့်အချိန်များရှိခဲ့ပါသည်။ ဤလူနှစ်ဦးအားဘာသာရေးပြောင်းလဲခြင်းလုပ်ငန်းအတွက်အတူတကွရွေးချယ်ထားတော်မူရာ၌ ဘုရားသခင်၏ပညာဉာဏ်ကြီးမြတ်တော်မူပုံကို ကျွန်မအားပြတော်မူခြင်းဖြစ်ပါသည်။

ထိုနောက်တမန်တော်တို့၏ခေတ်သို့ကျွန်မအားခေါ်ဆောင်သွားရာစိတ်အားထက်သန်၍ လုံ့လဝီရိယရှိသောပေတရုနှင့်သည်းခံခြင်းရှိပြီး အေးအေးဆေးဆေးနေတတ်သောယောဟန်တို့နှစ်ဦးအား အတူတကွပေါင်းဖေါ်နေထိုင်ရန် ဘုရားသခင်ရွေးချယ်ထားတော်မူသည်ကိုကျွန်မမြင်ရပါသည်။ တစ်ခါတစ်ရံပေတရုအနေဖြင့်အရှိန်အဟုတ်ပြင်းထန်လာတတ်ပါသည်။ ထိုအခါမျိုးတွင်ချစ်တော်မူခြင်းကိုခံရသောတပည့်တော်ယောဟန်ကတားထားရပါသည်။ သို့သော်ပေတရုပြောင်းလဲခြင်းမရှိ။ သူ၏အရှင်သခင်ကိုငြင်းပယ်ပြီးနောက်သိတရပြန်သောအခါပြောင်းလဲခြင်းသို့ရောက်ခဲ့၏။ ထိုအခါတွင်မှ ပေတရုစိတ်မြတ်ထက်သန်ခြင်းအတွက်ယောဟန်၏အေးအေးဆေးဆေး

သတိပေးခြင်းကိုလိုအပ်လာပါသည်။ အကယ်၍ယောဟန်တစ်ဦးတည်းကိုသာပစ်ထားမည်ဆိုပါက ခရစ်တော်၏အမှုတော်နစ်နာစရာအကြောင်းများရှိခဲ့နိုင်ပါသည်။ ထိုအခါမျိုးတွင်ပေတရု၏စိတ်အားထက်သန်မှုကိုလည်းလိုအပ်ပါသည်။ သူ၏ရဲစွမ်းသတ္တိနှင့်စွမ်းအင်ကြောင့်သူတို့၏အခက်အခဲများကိုကျော်လွှန်၍ရန်သူတို့ကိုနှိမ်နင်းနိုင်ခဲ့၏။ ယောဟန်သည် အနိုင်ရသောသူဖြစ်၏။ သူ၏သည်းခံခြင်း၊ စိတ်ရှည်ခြင်းနှင့်ကတိသစ္စာတည်မြဲမှုတို့ကြောင့်ခရစ်တော်၏အမှုတော်အတွင်းသို့လူအမြောက်အမြားကိုခေါ်ဆောင်နိုင်ခဲ့ပါသည်။

သာသနာပိုင်ရဟန်းမင်းများအုပ်စိုးခဲ့သောအသင်းတော်၏ဒုစရိုက်များကိုဖေါ်ထုတ်ကြွေးကြော်၍ ဘာသာရေးပြောင်းလဲခြင်းလုပ်ငန်းဆောင်ရွက်မည့်လူများပေါ်ထွန်းစေရန် ဘုရားသခင်စီရင်တော်မူ၏။ ယင်းအသက်ရှင်သောသက်သေခံများကိုဖျက်ဆီးသုတ်သင်ရန်စာတန်ကြိုးစားလေ၏။ သို့သော်သူတို့၏ဝန်းကျင်၌ဘုရားသခင်စောင့်ရန်းကာထားတော်မူ၏။ ကိုယ်တော်၏ဘုန်းတော်ထင်ရှားစေခြင်းငှါ အချို့သော သက်သေခံများသည် မိမိတို့၏သက်သေခံချက်များကိုကိုယ်ပိုင်အသွေးဖြင့်တံဆိမ်ခတ်ခွင့်ရကြ၏။ ထိုသူများအပြင် မာတင်လူးသာနှင့်မလန်ချ်သွန်တို့ကဲ့သို့ တန်ခိုးကြီးသောသူများလည်းရှိကြ၏။ သူတို့သည်ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေခြင်းငှါအသက်ရှင်လျက်ပါပရဟန်းမင်းများ၊ လက်အောက်ခံရဟန်းများနှင့်ရှင်ဘုရင်များ၏ဒုစရိုက်များကို ဖေါ်ထုတ်ရကြ၏။ မာတင်လူးသာနှင့်သူ၏လုပ်ဖေါ်ဆောင်ဖက်တို့၏အာဘောကြောင့်တုန်လှုပ်ချောက်ချားကြ၏။ ထိုရွေးချယ်ခြင်းခံရသူများသယ်ဆောင်ခဲ့သည့်အလင်းတရားကြောင့်အမှောင်ထုကွယ်ပျောက်စပြုလေပြီ။ လူအများစုကလည်း လက်ခံ၍ယင်းအလင်းတရားလမ်းစဉ်၌ပင် လျှောက်သွားကြလေပြီ။ သက်သေ

ခံတစ်ဦးကျဆုံးသောအခါ သူ၏နေရာကိုယူရန်နှစ်ယောက်ပေါ်ထွန်းခဲ့ပါသည်။

သို့သော်စာတန်ကျေနပ်မှုမရ။ ခန္ဓာကိုယ်ကိုသာသူဖျက်ဆီးနိုင်ခဲ့၏။ ယုံကြည်သောသူတို့၏မြော်လင့်ခြင်းနှင့်ယုံကြည်ခြင်းကိုစွန့်ပစ်စေခြင်းငှါ သူမစွမ်းဆောင်နိုင်၊ ဖြောင့်မတ်သောသူတို့ထမြောက်သောအခါ မပုပ်မပျက်နိုင်သောခန္ဓာကိုယ်ဖြင့်ပြန်လည်ထမြောက်ရကြတော့မည်ဟူသောအမြော်အမြင်ဖြင့် သန့်ရှင်းသောသူတို့သည်စုတေသောအချိန်၌ပင်အောင်ပွဲခံကြ၏။ သူတို့၏စွမ်းအင်သည်သာမန်လူသားထက်ပို၏။ သူတို့သည်ခေတ္တခဏမျှပင်ငိုက်မျဉ်းအိပ်ပျော်၍မနေဝံ့ကြ။ ဝိညာဉ်ရေးဆိုင်ရာရန်သူများနှင့်သာမက "သင်၏ယုံကြည်ခြင်းကိုစွန့်မည်လော၊ အသေခံမည်လော" ဟု အမြဲတစေအော်ဟစ်မေးနေသည့်လူသားတို့၏အသွင်ကိုဆောင်ထားသောစာတန်၏ရန်ကိုပါဆိုင်ပြိုင်တိုက်လှန်နိုင်ဖို့ ဘုရားသခင်ပြင်ဆင်တော်မူသောလက်နက်စုံကိုဝတ်ဆောင်လျက်အသင့်စောင့်နေရကြ၏။ ထိုအနည်းငယ်မျှသောခရစ်ယာန်တို့သည် ဘုရားသခင်၏နာမတော်၌ခွန်အားကိုရယူကြသည့်အတွက်ကိုယ်တော်၏အမှုတော်၌ရဲရင့်တည်ကြည်ခြင်းမရှိသည့် ကမ္ဘာ့လူဦးရေ၏တစ်ဝက်ခန့်မျှသောခရစ်ယာန်အမည်ခံများထက် ကိုယ်တော်၏ရှေ့တော်၌မြန်နိုးဖွယ်ဖြစ်ကြပါ၏။ အသင်းတော်သည်နှိပ်စက်ညှဉ်းဆဲခြင်းခံနေရစဉ် အသင်းသားများပို၍စည်းလုံးကြ၏။ ပို၍ချစ်ခင်ရင်းနှီးကြ၏။ ဘုရားသခင်၌ပို၍ခွန်အားရကြ၏။ ထိုကြောင့်မတရားသောသူတို့သည်အသင်းတော်နှင့်ပူးပေါင်းခွင့်မရကြတော့ပါ။ ခရစ်တော်အတွက်ရှိသမျှစွန့်လွှတ်လိုသောသူများသာ ခရစ်တော်၏တပည့်တော်ဖြစ်နိုင်ကြ၏။ ထိုသူများသာအဆင်းရဲခံခြင်းနှင့်နှိပ်ချခြင်းကိုမြတ်နိုး၍ ခရစ်တော်နှင့်တူလိုကြ၏။

———ooo———

## အသင်းတော်နှင့်လောကပူးပေါင်းခြင်း

ဤအချိန်နောက်ပိုင်းတွင်စာတန်နှင့်သူ၏တမန်တို့ မည်သည့်အချက်များတွင်အမြတ်ထွက်ကြောင်း တိုင်ပင်စည်းဝေးနေကြပုံကို ကျွန်မမြင်ရပါသည်။ ကြောက်တတ်သောသူအချို့အသေသတ်ခြင်းခံရမည်ကိုစိုးသောကြောင့် သမ္မာတရားတော်ကိုမခံမယူဝံ့သဖြင့်သူတို့ဘက်သို့ပါသွားကြသည်မှာ မှန်ပါ၏၊ သို့သော်အကြောက်တတ်ဆုံးသောသူများပင်လျှင် သမ္မာတရားတော်ကိုလက်ခံပြီးပါက ယင်းကြောက်စိတ်ချက်ချင်းပျောက်သွားသူအများအပြားရှိပါသည်။ ထိုသူတို့သည်သူတို့၏ညီအစ်ကိုများကွပ်မျက်ခြင်းခံရကြသည်ကို မျက်မြင်ကိုယ်တွေ့ဖြစ်ကြသောအခါ သူတို့၏ကြံ့ခိုင်ပုံ၊ ရဲရင့်တည်ကြည်ပုံ၊ ခံနိုင်ရည်ရှိပုံများကိုကြည့်၍ ဘုရားသခင်နှင့်ကောင်းကင်တမန်များ၏အကူအညီကြောင့် ဤမျှလောက်ဆင်းရဲဒုက္ခတွင်ခံနိုင်ရည်ရှိကြောင်းအတပ်သိရကြသဖြင့်သူတို့သည်လည်းကြောက်စိတ်ပျောက်၍ ရဲစွမ်းသတ္တိရှိလာကြပါသည်။ သူတို့၏အသက်များကိုတောင်းဆိုလာကြသောအခါတွင်လည်း သူတို့၏ယုံကြည်ခြင်းကိုမစွန့်မလွှတ်တော့ဘဲ စိတ်ရှည်စွာဖြင့်စွဲစွဲမြဲမြဲထိန်းသိမ်းထားကြပုံကိုတွေ့မြင်ရကြသောအခါ လူသတ်သမားများပင်တုန်လှုပ်ချောက်ချားသွားကြပါသည်။ ခရစ်ယာန်တို့အားနှိပ်စက်ညှဉ်းဆဲနေသော်လည်းသူတို့အားတင်း၍အဆစ်များပြုတ်ထွက်သည်တိုင်အောင်ဆွဲသတ်မည့်စင်နှင့်မီးတောက်မီးလျှံများကိုခွန်အားအနည်းဆုံးသောသူများပင်မကြောက်မရွံ့ရင်ဆိုင်ဝံ့ကြသည်မှာ သူတို့၏သစ္စာခိုင်မြဲမှုနှင့်မျှော်လင့်ချက်မှန်များကစွမ်းအားပေးနေ၍ဖြစ်ပါသည် ခရစ်တော်သည်လူသတ်သမားတို့၏ရှေ့တွင်ဂုဏ်အသရေရှိစွာသည်းခံတော်မူသည်ကိုအတုယူ၍ သူတို့ကိုယ်တိုင်သည်းခံကြသည့်အတွက် ဘုရားသခင်၏ဘုန်းတော်သည် သူတို့အပေါ်သို့ကျရောက်

သဖြင့် အခြားအများသောသူတို့အားအမှန်တရားကိုထင်ရှားစွာဖော် ညွှန်းနိုင်ကြပါသည်။ ထိုကြောင့်အသက်ဝိညာဉ်ကိုဖျက်ဆီးဖို့ပို၍ထိ ရောက်သည့်အခြားနည်းလမ်းတစ်ခုရှိသေးသည်။ ၎င်းမှနောက်ဆုံး အခြေအနေတွင်ပို၍စိတ်ချရသည့်နည်းလမ်းဖြစ်သည်ဟု စာတန်နှင့် သူ၏တမန်များဆုံးဖြတ်လိုက်ကြပါသည်။

ယင်းဆုံးဖြတ်ချက်ကိုစာတန်အနေဖြင့်ပို၍သိမ်မွေ့သောပုံစံ ဖြင့်ချဉ်းကပ်ရန်ဖြစ်ပါသည်။ ကျမ်းစာ၏အခြေခံသဘောတရားများကို ယိုယွင်းအောင်သူဆောင်ရွက်ခဲ့ပြီးဖြစ်နေပါသည်။ သန်းပေါင်းများစွာ သောသူတို့ကိုဖျက်ဆီးနေသည့်ထုံးစံဓလေ့များမှာလည်း အပြစ်စွဲနေ ပြီးဖြစ်၏။ ထိုကြောင့်သူ၏မုန်းတီးမှုကိုချုပ်တည်းထားပြီးလျှင်အသင်း တော်အားပြင်းထန်စွာမနှိပ်စက်ရန်ဆုံးဖြတ်လိုက်ပြီးလျှင် အသင်းတော် အနေဖြင့်တစ်ကြိမ်ကသန့်ရှင်းသူများအားကမ်းလှမ်းခဲ့သည့်ယုံကြည် ခြင်း၌သာ ကျေနပ်နမည့်အစာ သူတို့၏ထုံးစံဓလေ့များကိုပါအား ကိုးအားထားပြုကြရန် ဆွဲဆောင်ဖို့သူ၏ဘက်တော်သားများအား စာတန်ခေါင်းဆောင်နေပါသည်။ အခွင့်အရေးအထူးရရှိသည်ဟုအကြောင်း ပြ၍ လောကီဂုဏ်အသရေများကိုလည်းကောင်း၊ လောကီသားတို့၏ မြတ်နိုးခြင်းကိုလည်းကောင်းအသင်းတော်အနေဖြင့်လက်ခံစေရန် စာတန်သည်အသင်းတော်အားစိုးမိုးနိုင်သည်နှင့်အမျှအသင်းတော်အနေဖြင့် ဘုရားသခင်နှစ်သက်တော်မူခြင်းမခံရတော့ပါ။ လောကီရေးရာ များ၏မိတ်ဆွေများကိုလည်းကောင်း၊ အပျော်အပါးကိုသာနှစ်သက် သူများကိုလည်းကောင်းပိတ်ပင်ထားသည့်ဖြောင့်မှတ်သောသမ္မာတရား များကိုကြွေးကြော်ရန်လွှဲရှောင်သောကြောင့် အသင်းတော်၏တန်ခိုး အာဏာသည်တစ်စတစ်စယုတ်လျော့သွားပါတော့သည်။

အသင်းတော်နှိပ်စက်ညှဉ်းဆဲခြင်းခံရစဉ်က အသင်းသားများ

သည်ထူးဆန်းသောလူမျိုး၊ သီးသန့်ထားသောလူမျိုးဖြစ်ခဲ့ကြသော်လည်းယခုအခါမူကား ထိုသို့မဟုတ်ကြတော့ပါ။ ရွှေသည်အဘယ်ကြောင့်အရောင်မှေးမှိန်သွားပါသနည်း။ အကောင်းဆုံးသောရွှေစင်သည်အဘယ်ကြောင့်ပြောင်းလဲသွားရပါသနည်း။ အသင်းတော်သည်မိမိ၏ထူးဆန်းသောသဘာဝနှင့်သန့်ရှင်းသောအကျင့်စာရိတ္တကိုထိန်းသိမ်းထားခဲ့ပါက တမန်တော်တို့အပါ်သို့သွန်းလောင်းတော်မူခဲ့သည့်သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးသည် ယနေ့တိုင်အောင်အသင်းတော်အပေါ်၌တည်နေတော်မူမည်ဖြစ်ကြောင်းကျွန်ုပ်မမြင်ရပါသည်။ နာမကျန်းသောသူများအားအနာပျောက်စလျောက်၊ နတ်ဆိုးတို့ကိုဆုံးမ၍နှင်ထုတ်နိုင်လိမ့်မည်။ အသင်းတော်သည်လည်းဘုန်းတန်ခိုးနှင့်ပြည့်စုံသည်ဖြစ်၍ ရန်သူတို့ကြောက်ရွံ့တုန်လှုပ်ကြပေလိမ့်မည်။

ခရစ်တော်၏အမည်နာမကိုခံယူထားကြသော်လည်း ဘုရားသခင်အသိအမှတ်မပြုသောလူအစုအဝေးကြီးတစ်ရပ်ကို ကျွန်ုပ်မမြင်ရပါသည်။ ထိုသူများအားဘုရားသခင်ကိုယ်တော်နှစ်သက်တော်မမူပါ။ လူတို့သည်ကိုယ့်ကိုကိုယ်ခရစ်ယာန်ဖြစ်သည်ဟု ထင်မှတ်ကြစေရန်ဘာသာရေးသမားအသွင်ကိုဆောင်ထားပုံရသောစာတန်က အထူးလိုလားနေပါသည်။ ယေရှုကိုလည်းကောင်း၊ ထမြောက်တော်မူခြင်းကိုလည်းကောင်း လူတို့ယုံကြည်ကြစေရန်ကိုပင် စာတန်ကများစွာလိုလားနေပုံပေါ်ပါသည်။ စာတန်ကိုယ်တိုင်နှင့်သူ၏တမန်များကိုတုန်လှုပ်သည်တိုင်အောင်အပြည့်အဝယုံကြည်ကြပါသည်။ သို့သော်ထိုယုံကြည်ခြင်းသည်ကောင်းသောအကျင့်ကိုကျင့်ရန်နှိုးဆော်ခြင်း၊ အားပေးခြင်းမရှိပါကလည်းကောင်း၊ ခရစ်ယာန်အမည်ခံသူများသည်ခရစ်တော်နည်းတူ ကိုယ့်ကိုကိုယ်ငြင်းပယ်သည့်အသက်တာကိုအတုမယူပါက

လည်းကောင်းစာတန်အတွက်အနှောင့်အယှက်မဖြစ်ပါ။ အလယ်ကြောင့်ဆိုသော်သူတို့သည်ခရစ်ယာန်အမည်ခံများသာဖြစ်၍ စိတ်နှလုံးပြောင်းလဲခြင်းမရှိ၊ လောကီဆန်ဆဲပင်ဖြစ်သောကြောင့် သူ၏လုပ်ငန်းအတွက် ခရစ်ယာန်အမည်မခံသည်ထက်ပင်ပို၍ ကောင်းစွာအသုံးချနိုင်ပေ၏။ သူတို့၏ချွတ်ယွင်းချက်များကိုခရစ်ယာန်အမည်ဖြင့်ဖုံးအုပ်ထားပြီးလျှင် လောဘ၊ ဒေါသစိတ်များကိုလည်းမနိုပ်မကွပ်၊ နဂိုဇာတိမကတိစိတ်သဘောထားနှင့်ပင်သွားလာလှုပ်ရှားနေကြပါသည်။သူတို့၏ချွတ်ယွင်းချက်များကိုအကြောင်းပြုလျက် မယုံကြည်သောသူများအနေဖြင့် ခရစ်တော်ကိုပြစ်တင်ဝေဖန်စရာအကြောင်းဖြစ်ပေါ်လာပါသည်။ ထိုမျှမက ဘာသာရေးအသက်တာတွင် သန့်စင်ပီပြင်၍ညစ်ညူးခြင်းမရှိသောသူများပင်လျှင် ရှုတ်ချခြင်းကိုခံရကြ၏။

ဘုရားသခင်၏အမှုတော်ဆော်များသည် လောကီဆန်သောခရစ်ယာန်အမည်ခံများကြိုက်ကိုလိုက်၍ ပြေပြေပြစ်ပြစ်ဟောပြောကြ၏။ ယေရှုအကြောင်းကိုလည်းကောင်း၊ ကျမ်းစာဆိုင်ရာတဲ့တိုးထိသည့်သစ္စာတရားများကိုလည်းကောင်း သူတို့မဟောမပြောရဲကြ။ အကယ်၍ယင်းသစ္စာတရားများးကိုဟောပြောကြမည်ဆိုပါက အဆိုပါလောကီဆန်သောခရစ်ယာန်များအသင်းတော်တွင် ဆက်လက်တည်မြဲနေနိုင်ကြတော့မည်မဟုတ်ပါ အသင်းတော်တွင်စာတန်နှင့်သူ၏တမန်များမရှိသင့်သကဲ့သို့ ထိုသူတို့သည်လည်းမရှိသင့်မရှိထိုက်ပါ။ သို့သော်ထိုသူတို့တွင်လူအများစုမှာ ဥစ္စာခနေပေါကြွယ်ဝသူများဖြစ်ကြ၍ သူတို့ကိုလက်မလွှတ်နိုင်ပါ။ စာတန်ကယင်းအတိုင်းပင်ဖြစ်စေလို၏။ ယေရှုရှင်၏ဘာသာအယူဝါဒကို လောကီအမြင်အားဖြင့် လူကြိုက်များအောင်၊ ဂုဏ်အသရေရှိပုံပေါ်အောင်ဖေါ်ဆောင်ထားကြ၏ ဘာသာအယူဝါဒကိုခံယူထားလျှင်လောကီးရေးရာများ၌ပို၍ဂုဏ်အသရေ

ရှိသည်ဟုလူအများကိုဝါဒဖြန့်ထားကြ၏။ ယင်းသို့သောဟောပြော
သွန်သင်ခြင်းများမှာ ခရစ်တော်၏သြဝါဒများနှင့်များစွာပင်ကွာခြား
လှပါ၏။ ကိုယ်တော်၏ဒေသနာနှင့်လောကီဝါဒလက်တွဲ၍မရပါ။
ကိုယ်တော်၏နောက်တော်သို့လိုက်သောသူအနေဖြင့်လောကီရေးရာ
များကိုစွန့်လွှတ်ရမည်။ ပြေပြေပြစ်ပြစ်ဟောပြောနေထိုင်ခြင်းများကို
စာတန်နှင့်သူ၏တမန်များအကအစပြုခဲ့ပါသည်။ သူတို့ကစီမံကိန်းချမှတ်
ခဲ့၍ ဓမ္မဆရာအမည်ခံသူများကဝါဒဖြန့်ခဲ့ကြပါသည်။ လူအများနှစ်
သက်သည့်ဒဏ္ဍာရီပုံပြင်များကိုသွန်သင်၍အလွယ်တကူလက်ခံကြ၏။
သူတော်ကောင်းယောင်ဆောင်သောသူများနှင့်ဒုစရိုက်ကိုပွင့်ပွင့်လင်း
လင်းကျူးလွန်နေသူများသည်အသင်းတော်နှင့်ပူးပေါင်းကြ၏။ သန့်စင်ပီ
ပြင်သည့်နဂိုမူရင်းအတိုင်းသမ္မာတရားတော်ကိုဟောပြောကြမည်ဆို
ပါက ဤလူတန်းစားကိုအပြန်ဆုံးဟန့်တားထားနိုင်လိမ့်မည်။ သို့
သော်ခရစ်တော်၏အမည်ကိုသာခံယူထားသူများနှင့်လောကီဆန်သော
သူများကွာခြားမှုမရှိခဲ့ပါ။ အသင်းတော်များမှ အသင်းသားများ၏မျက်
နှာဖုံးအတုများကိုဆွဲခွါလိုက်မည်ဆိုပါက သူတို့၏မတရားသောအမှု
များ၊ စက်ဆုပ်ဖွယ်သောအမှုများ၊ ဖေါက်ပြန်ပျက်စီးမှုများရုပ်လုံးပေါ်
၍ ဘုရားသခင်၏သားသမီးများတို့တွင် ခွန်အားအနည်းဆုံးသောသူ
ကပင် ယင်းခရစ်ယာန်အမည်ခံများအား သူတို့၏အမည်မှန်ကိုဖေါ်
ပြလျက် မာရ်နတ်၏သားသမီးများပီပီ သူတို့၏ဖခင် စာတန်၏လုပ်
ငန်းကိုဆောင်ရွက်နေကြသည်ဟုအတိအလင်းပြောနိုင်ကြလိမ့်မည်ဟု
ကျွန်မမြင်ရပါသည်။

ဤမြင်ကွင်းကိုယေရှုနှင့်ကောင်းကင်ဗိုလ်ခြေတို့မနှစ်သက်ပါ။
သို့သော်အရေးပါအရာရောက်၍ သန့်ရှင်းသောအသင်းတော်အတွက်
ဘုရားသခင်၌သတင်းစကားတစ်ရပ်ရှိနေပါသည်။ လက်ခံမည်ဆိုပါက

အသင်းတော်ကြီး လုံးဝပြောင်းလဲသွားလိမ့်မည်။ အသက်ရှင်သော သက်သေခံများပြန်လည်းရှင်သန်လာကြပြီးလျှင်သူတော်ကောင်းယောင် ဆောင်သောသူများနှင့်မတရားသောသူများကိုရှင်းထုတ်လိမ့်မည်။ ထို အခါအသင်းတော်သည် ဘုရားသခင်ထံမှပြန်လည်မျက်နှာရလိမ့်မည်။

---ooo---

## ဝိလျံမေးလား*

ပုရောဖက်အနာဂတ်စကားများကို ရှာဖွေလေ့လာရာ၌ခေါင်း ဆောင်ရန်ကျမ်းစာကိုမယုံကြည်သည့် လယ်သမားတစ်ယောက်ထံသို့ ကောင်းကင်တမန်တစ်ပါးကိုဘုရားသခင်စေလွှတ်တော်မူ၏။ ဘုရား သခင်၏သားသမီးများအတွက် အမြဲတစေမှောင်မိုက်သဖွယ်ဖြစ်နေ သောပုရောဖက်စကားများကိုနားလည်းသေဘောပေါက်ရန် သူ၏ဉာဏ် မျက်စိကိုဖွင့်ပေးရေးအတွက် ဘုရားသခင်၏ကောင်းကင်တမန်များ သည်ထိုလယ်သမားကြီးထံသို့အဖန်တလဲလဲလာရောက်ကြပါသည်။ သမ္မာတရားတော်ဆိုင်ရာကွင်းဆက်များ၏မူလအစကိုသူ့အားပေး တော်မူ၏။ ထိုနောက်မှသူသည်တစ်ကွင်းပြီးတစ်ကွင်းဆက်၍ရှာဖွေ ရန်ပို့ဆောင်လမ်းပြတော်မူ၏။ နောက်ဆုံးတွင်သူသည်ဘုရားသခင် ၏နှုတ်ကပါဌ်တရားတော်ကိုအံ့သြခြင်း၊ မြတ်နိုးခြင်း၊ ရိုသေခြင်းတို့ ဖြင့်ဆက်ကာဆက်ကာရှာဖွေသည့်အခြေသို့ရောက်လေ၏။ ထိုကျမ်းစာ ထဲတွင်စုံလင်သည့်ကွင်းဆက်ကြီးတစ်ခုကိုတွေ့သိလေ၏။ ဝိညာဉ် တော်အားဖြင့်ရေးထားသည်ဟုသူကမယုံကြည်ခဲ့သောထိုနှုတ်ကပါဌ် တရားတော်သည်တင့်တယ်မြတ်နိုးဖွယ်ဖြစ်၍ ဘုန်းကြီးတော်မူသည်ဟု သူရှုမြင်ရလေ၏။ ကျမ်းစာ၏အစိတ်အပိုင်းတစ်ခုသည် အခြားသော

---

* William Miller

အစိတ်အပိုင်းတစ်ခုကိုရှင်းလင်းဖေါ်ညွှန်းထားကြောင်း၊ ကျမ်းချက်တစ်ရပ်ကိုသူနားမလည်နိုင်သောအခါ နှုတ်ကပါဌ်တော်၏ နောက်တစ်နေရာတွင်ထိုကျမ်းချက်ကို ရှင်းလင်းဖေါ်ပြထားကြောင်း သူတွေ့ရပြန်၏။ ဘုရားသခင်၏သန့်ရှင်းသောနှုတ်ကပါဌ်တော်ကိုဝမ်းမြောက်စွာဖြင့်လည်းကောင်း၊ ရိုသေလေးမြတ်ခြင်းဖြင့်လည်းကောင်းရှာဖွေဆည်းပူးလေ၏။

ပုရောဖက်အနာဂတ်စကားများအတိုင်းဆက်၍ရှာဖွေသောအခါ ဤကမ္ဘာမြေကြီးပေါ်တွင် မှီတင်းနေထိုင်ကြသောလူသားမျိုးနွယ်တစ်ရပ်လုံးသည် ကမ္ဘာ့သမိုင်းတွင်နောက်ဆုံးအချိန်သို့ရောက်ရှိနေကြပြီဖြစ်ကြောင်းသူတွေ့သိရှိလာ၏။ သို့သော်လူတို့မသိကြ။ အသင်းတော်များကိုကြည့်လိုက်သောအခါ ပျက်စီးဆုတ်ယုတ်နေကြသည်ကိုသူတွေ့မြင်ရ၏။ ခရစ်တော်၏မေတ္တာတော်ကိုခံယူလျက်လောကီရေးရာတွင်အသုံးပြုနေကြ၏။ ကောင်းကင်မှလာသောဂုဏ်အသရေကိုရှာဖွေမည့်အစားလောကီဂုဏအသရေများကိုသာရှာဖွေနေကြ၏။ ကောင်းကင်ဘုံ၌ဘဏ္ဍာကိုဆည်းပူးထားကြရမည့်အစား လောကီစည်းစိမ်ဥစ္စာများကိုသာဆုပ်ကိုင်ထားကြ၏။ သူတော်ကောင်းဟန်ဆောင်ခြင်း၊ မှောင်မိုက်ဖုံးလွှမ်းခြင်းနှင့်သေခြင်းတရား၌နစ်မြုပ်နေခြင်းများကိုနေရာအနှံ့အပြားတွင်သူတွေ့မြင်ရ၏။ သူ၏စိတ်ဓါတ်လှုပ်ရှားလာ၏။ ဧလိရှဲသည်သူ၏နွားနှင့်လယ်ကိုစွန့်၍ဧလိယ၏နောက်သို့လိုက်ရန်ခေါ်တော်မူခြင်းခံခဲ့ရသည်နည်းတူဝိလျံမေးလားသည်လည်းသူ၏လက်ကိုစွန့်၍နောက်တော်သို့လိုက်ရန်ဘုရားသခင်ခေါ်တော်မူ၏။ တုန်တုန်ယင်ယင်ဖြင့်ပင် ဝိလျံမေးလားသည် ဘုရားသခင်၏နိုင်ငံတော်နက်နဲပုံများနှင့်စပ်လျဉ်း၍ ခရစ်တော်ဒုတိယကြွလာတော်မူမည့်အချိန်တိုင်အောင်ပုရောဖက်အနာဂတ်စကားများကိုလူအပေါင်းတို့အားဖွင့်ပြလျက်တစ်ဆက်

တည်းဟောပြောလေ၏။ ကြိုးစားအားထုတ်ခဲ့သည်နှင့်အမှုခွန်အား ကိုလည်းရရှိခဲ့၏။ နှစ်ခြင်းဆရာယောဟန်သည်ခရစ်တော်ပထမအကြိမ် ကြွလာတော်မူမည့်အကြောင်း သံတော်ဆင့်၍ကိုယ်တော်ကြွလာတော် မူမည့်လမ်းကိုပြင်ဆင်ပေးခဲ့ရသည်နည်းတူ ဝီလျံမေးလားနှင့်တကွ သူ၏အပေါင်းအဖော်တို့သည်လည်း ဘုရားသခင်၏သားတော်ဒုတိယ အကြိမ်ကြွလာတော်မူမည့်အကြောင်းကိုကြွေးကြော်ကြလေ၏။

ရှေးတမန်တော်များခေတ်သို့ကျွန်မအားခေါ်ဆောင်သွားပြီး လျှင် ကိုယ်တော်ချစ်တော်မူသည့်တမန်တော်ရှင်ယောဟန်အနေဖြင့် ပြီးဆုံးအောင်မြင်အောင်ဆောင်ရွက်ရမည့်လုပ်ငန်းတစ်ခုကိုဘုရားသခင် စီမံထားကြောင်းကျွန်မရှုမြင်ရပါသည်။ ထိုအမှုတော်ကိုပိတ်ပင်တားဆီး ထားရန်စာတန်ကလည်းဆုံးဖြတ်ထားခဲ့ပါသည်။ ထို့ကြောင့်ယောဟန် ကိုဖျက်ဆီးသုတ်သင်ရန် သူ၏လူတို့အားတာဝန်ပေးလိုက်လေ၏။ သို့ သော်ဘုရားသခင်သည်ကောင်းကင်တမန်ကိုစေလွှတ်၍ တမန်တော် အားအံ့သြဖွယ်ရာထိန်းသိမ်းစောင့်ရှောက်ထားတော်မူ၏။ ယောဟန် လွတ်မြောက်ခဲ့ရာတွင် ဘုရားသခင်၏ဘုန်းတော်ကြီးမြတ်ထင်ရှားပုံ ကိုကိုယ်တိုင်တွေ့မြင်ရကြသောလူတို့အံ့သြကြသည်သာမက ဘုရား သခင်သည်ယောဟန်နှင့်အတူရှိကြောင်း၊ ယေရှုအကြောင်းနှင့်ပတ်သက် ၍ရှင်ယောဟန်၏သက်သေခံချက်များအမှန်ဖြစ်ကြောင်း လူတို့ယုံကြည် ကြလေ၏။ သူ့ကိုဖျက်ဆီးသုတ်သင်ရန်ကြံစသည်သူများသည်နောက် တစ်ဖန်သူ၏အသက်ကိုအန္တရာယ်ပေးရန်မကြံစည်ဝံ့ကြတော့ဘဲ ယေရှုအတွက်ဆက်လက်၍အဆင်းရဲခံလေ၏။ သူ၏ရန်သူများက မတရားစွဲ၍ မကြာမီအတွင်းလူအသွားအလာနည်းပါးသော ကျွန်း တစ်ကျွန်းသို့ပြည်နှင်ဒဏ်ပေးလိုက်ကြ၏။ ဘုရားသခင်သည်ကောင်း ကင်တမန်အားထိုကျွန်းသို့စေလွှတ်တော်မူလျက်နောက်ဆုံးကာလတွင်

အသင်းတော်နှင့်ဤကမ္ဘာလောကကြီးပေါ်၌ဖြစ်ပေါ်လာမည့်အကြောင်းများ၊ အသင်းတော်ဖေါက်ပြန်မည့်ပုံများ၊ သို့သော်ဘုရားသခင်အလိုတော်နှင့်ညီညွတ်၍နောက်ဆုံးတွင်အောင်မြင်လိုပါက အသင်းတော်အနေဖြင့်မည်သည့်အခြေအနေတွင်တည်နေရမည်စသည်များကို ယောဟန်အားရူပါရုံတွင်ဖေါ်ပြတော်မူ၏။

ယောဟန်ထံသို့ကောင်းကင်မှဘုန်းတန်ခိုးနှင့်ဆင်းသက်လာသောကောင်းကင်တမန်၏မျက်နှာတွင် ဘုရားသခင်၏ဘုန်းတော်ရောင်ခြည်ထွန်းတောက်နေပါသည်။ ဘုရားသခင်၏အသင်းတော်သမိုင်းတွင်နက်နဲ၍ ဘဝင်ခိုက်မျှစိတ်ဝင်စားစရာမြင်ကွင်းများကိုလည်းကောင်း၊ ခရစ်တော်၏နောက်တော်သို့လိုက်လျှောက်ကြသူများအနေဖြင့်ရင်ဆိုင်ရကြမည့်အန္တရာယ်ကြီးသောဆိုင်ပြိုင်မှုများကိုလည်းကောင်း ယောဟန်အားကောင်းကင်တမန်ကဖေါ်ပြပါသည်။ ထိုသူတို့သည်စုံစမ်းစစ်ဆေးခြင်းတည်းဟူသော ဒုက္ခဆင်းရဲမျိုးစုံကိုခံရပြီးမှ မီးနှင့်ချွတ်ပြီး၍ သန့်စင်သောရွှေပမာ နောက်ဆုံးတွင်အောင်ပွဲခံသောအောင်မြင်သူများဖြစ်ကြသဖြင့် ကယ်တင်ခြင်းသို့ရောက်၍ ဘုရားသခင်၏နိုင်ငံတော်၌ ဘုန်းစည်းစိမ်ခံစားနေရကြပုံများကိုယောဟန်ရူမြင်ရပါသည်။ နောက်ဆုံးတွင်ဘုရားသခင်၏အသင်းတော်အောင်မြင်ခြင်းရရှိပုံကို ယောဟန်အားဖေါ်ပြနေစဉ်တွင် ကောင်းကင်တမန်၏မျက်နှာတွင် ဝမ်းမြောက်ခြင်းရောင်ခြည်ထွန်းတောက်လျက် ထူးကဲစွာဖြင့်ဘုန်းအသရေတိုးထာပါသည်။ နောက်ဆုံးတွင်အသင်းတော်လွတ်မြောက်ပုံကို ယောဟန်ရူမြင်ရသောအခါ ယင်းမြင်ကွင်း၏ဘုန်းအသရေတော်ကြီးမြတ်ပုံနောက်သို့စိတ်ပါသွားသဖြင့် ကြည်ညိုသဒ္ဓါထက်သန်လာပြီးလျှင် ကောင်းကင်တမန်အားဝတ်ပြုရန်သူ၏အခြေရင်းတွင်ပျပ်ဝပ်လိုက်လေ၏။ ကောင်းကင်တမန်ကလည်း သူ့အားချက်

ချင်းလက်ဖြင့်ချီမ၍ ''ဤသို့မပြုပါနှင့်၊ ငါကားသင်၏လုပ်ဖေါ် ဆောင်ဖက်ဖြစ်၏၊ ယေရှု၏သက်သေခံတော်မူချက်ကို ဆောင်သောသင်၏ညီအစ်ကိုတို့၏လုပ်ဖေါ်ဆောင်ဖက်လည်းဖြစ်၏။ ဘုရားသခင်ကိုကိုးကွယ်လော့၊ အကြောင်းမူကားပုရောဖက်ဟောသောစကားချက်သဘောသည် ယေရှု၏သက်သေဖြစ်သတည်း'' ဟု ညင်သာစွာပြောဆိုဆုံးမလိုက်ပါသည်။ ထိုနောက်ကောင်းကင်တမန်သည် ဘုန်းတော်ရောင်ခြည်ဖိတ်ဖိတ်တော်နေသောခမ်းနားသိုက်မြိုက်သည့်ကောင်းကင်ရွှေမြို့တော်ကိုယောဟန်အားပြပြန်သောအခါ ဝမ်းသာအားရကြည်နူးလှသဖြင့် ပထမအကြိမ်ဆုံးမခဲ့သည်ကို မေ့လျော့သဖြင့် ကောင်းကင်တမန်၏ခြေရင်းတွင် နောက်တစ်ဖန်ပျပ်ဝပ်လျက် ကိုးကွယ်ဝတ်ပြုရန်အားထုတ်ပြန်လေ၏။ ထိုအခါကောင်းကင်တမန်က ''ဤသို့မပြုပါနှင့်၊ ငါကားသင်၏လုပ်ဖေါ်ဆောင်ဖက်ဖြစ်၏၊ သင်၏အစ်ကိုပုရောဖက်တို့နှင့်ဤစာစောင်၏စကားကိုစောင့်ရှောက်သောသူတို့၏လုပ်ဖေါ်ဆောင်ဖက်လည်းဖြစ်၏၊ ဘုရားသခင်ကိုကိုးကွယ်လော့'' ဟု နောက်တစ်ဖန်သာယာညင်းပျောင်းဆုံးမပြန်လေ၏။

ဗျာဒိတ်ကျမ်းသည်လျှို့ဝှက်နက်နဲ၍အဓိပ္ပါယ်မထင်ရှား၊ အရေးကြီးမှုတွင်လည်းအခြားသောကျမ်းချက်များထက်လျော့နည်းသည်ဟု တရားဟောဆရာများနှင့်အများသောသူတို့ကမှတ်ယူကြ၏။ သို့သော် ဤကျမ်းသည် နောက်ဆုံးကာလတွင်နေထိုင်ကြသောလူတို့အဖို့သူတို့၏အခြေမှန်အနေမှန်နှင့်တာဝန်မှန်ကိုဖေါ်ပြလျက် လမ်းညွှန်ကွပ်ကဲရာတွင် အထူးအကျိုးသက်ရောက်စေသည့် စာစောင်ဖြစ်ကြောင်း ကျွန်မရှုမြင်ရပါသည်။ ပုရောဖက်အနာဂတ်စကားများနှင့်စပ်လျဉ်း၍ ဝီလျံမေးလား၏ဉာဏ်မျက်စိကိုဘုရားသခင်လမ်းညွှန်ကွပ်ကဲတော်မူလျက် ဗျာဒိတ်ကျမ်းနှင့်ပတ်သက်၍လည်း များစွာသေအလင်းတရားကိုပေးတော်မူ၏။

ဒံယေလ၏ရူပါရုံကိုနားလည်သဘောပေါက်ကြမည်ဆိုပါက ရှင်ယောဟန်၏ရူပါရုံများကိုပို၍သဘောပေါက်ကြပါလိမ့်မည်။ သို့သော် အချိန်မှန်ရောက်လာသောအခါ ဘုရားသခင်သည်မိမိ၏ကျွန်ကိုရွေးချယ်တော်မူသဖြင့်ထိုသူသည်သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးဖြင့် ပုရောဖက်အနာဂတ်စကားများကို ဖွင့်ပြနိုင်သည်သာမက ဒံယေလနှင့် ယောဟန်တို့မြင်ခဲ့ရသောရူပါရုံများမှအစအခြားသောကျမ်းချက်များ၏သဘောညီညွတ်ဆီလျော်ပုံများကိုပါ ရှင်းလင်းပြတ်သားစွာဖော်ပြနိုင်ပါသည်။ ၎င်းအပြင်လူသားကြွလာတော်မူမည်ကိုအသင့်ပြင်ဆင်၍စောင့်နေကြရန် နှုတ်ကပါဠ်တရားတော်မှကြောက်မက်ဖွယ်ရာလေးလေးနက်နက်ဖော်ပြထားပုံများကိုလည်းဖော်ညွှန်းလျက်လူတို့၏စိတ်နှလုံးများတွင်စွဲမှတ်နိုင်လောက်အောင်တိုက်တွန်းနှိုးဆော်လေ၏။ သူ၏တရားကိုကြားနာရသောသူတို့သည်အမှားကိုမြင်၍ နောင်တသံဝေဂရကြ၏။ ဓမ္မအမှုတော်ဆောင်များ၊ လူထုမရိသတ်များ၊ ဆိုးသောသူများနှင့်ဘုရားတရားမကြည်ညိုသောသူများသည်ထာဝရဘုရားထံတော်သို့ ချဉ်းကပ်လျက်နောက်ဆုံးတရားစီရင်ခြင်းကိုခံရပ်နိုင်ရန်ပြင်ဆင်ထားကြဖို့နည်းလမ်းရှာဖွေကြလေ၏။

ဝီလျံမေးလား သာသနာပြုရာတွင်ကောင်းကင်တမန်များက ယိုင်းပင်းကြပါသည်။ သူ့အားအပ်နှင်းထားသည့်သတင်းစကားကိုမကြောက်မရွံ့နောက်မဆုတ်ဘဲ ရဲရဲရင့်ရင့်တည်တည်ကြည်ကြည်ကြွေးကြော်ခဲ့ပါသည်။ မတရားမှုများ၏အလယ်တွင်လဲလျောင်းနေသောကမ္ဘာကြီးနှင့်အေးစက်စက်နိုင်၍ လောကီဆန်သောအသင်းတော်တို့ကို တွေ့မြင်နေရသောကြောင့် စွမ်းအားရှိသမျှနှင့်ကြိုးစားအားထုတ် ဆောင်ရွက်နိုင်၏၊ အပင်ပန်းခံနိုင်၏၊ အဆင်းရဲခံနိုင်၏၊ ဒုက္ခမျိုးစုံကိုခံနိုင်စွမ်းရှိ၏။ ကမ္ဘာလောကကြီးအနေဖြင့်လည်းကောင်း၊ ခရစ်ယာန် အမည်ခံသူများအနေဖြင့်လည်းကောင်း

စာတန်နှင့်သူ၏တမန်များက ပုတ်ခတ်ထိုးသတ်ကြ၏။ သို့သော်သူ့အားခေါ်ဖိတ်သောနေရာတိုင်းသို့သွားရောက်၍ ထာဝရဧဝံဂေလိတရားတော်ကိုမရပ်မနားဟောကြားခဲ့၏၊ “ဘုရားသခင်ကိုကြောက်ရွံ့၍ချီးမွမ်းကြလော့၊ တရားစီရင်တော်မူသောအချိန်ရောက်လာပြီ” ဟုရပ်ဝေးရပ်နီးနေရာတကာတွင်ကြွေးကြော်လေ၏။

---ooo---

## ပထမကောင်းကင်တမန်၏သတင်းစကား

အချိန်ကာလအကြောင်းနှင့်ပတ်သက်၍ ၁၈၄၃ ခုနှစ်ကကြွေးကြော်ခြင်းကို ဘုရားသခင်အလိုတူတော်မူကြောင်း၊ ထိုစဉ်ကလူအများကိုနိုးကြားစေလျက် သမ္မာတရားတော်နှင့်အညီဆုံးဖြတ်ကြလိမ့်မည်၊ သို့မဟုတ်ဆန့်ကျင်၍ဆုံးဖြတ်ကြလိမ့်မည်ကိုစစ်ဆေးစမ်းသပ်သည့်နေ့တစ်နေ့ရောက်လာရန်မှာ ဘုရားသခင်၏ကြံရွယ်တော်မူချက်ဖြစ်ကြောင်းကျွန်မရှုမြင်ရပါသည်။ ပုရောက်ဖက်အနာဂတ်စကားများတွင်ဖေါ်ပြထားသည့်အချိန်ကာလအပိုင်းအခြားများနှင့်စပ်လျဉ်း၍သူတို့တွက်ချက်ယူဆပုံများအမှန်ဖြစ်ကြောင်း ဓမ္မအမှုဆောင်များယုံကြည်ကြ၏။ ထိုကြောင့်အချို့တို့သည်မိမိတို့၏ဂုဏ်သိက္ခာ၊ လစာနှင့်အသင်းတော်ကိုပင်စွန့်လွှတ်၍တစ်မြို့မှတစ်မြို့၊ တစ်နေရာမှတစ်နေရာသို့လှည့်လည်ပြီးလျှင် ယင်းသတင်းစကားကိုပြောဟောခဲ့ကြပါသည်။ သို့သော်လည်း ကောင်းကင်မှပေးပို့သည့်သတင်းစကားကိုခရစ်တော်၏အမှုတော်ဆောင်အမည်ခံသူအနည်းငယ်ကသာ လက်ခံကြသဖြင့် ဓမ္မအမှုတော်ဆောင်မဟုတ်သူ လူအများအပေါ်တာဝန်ကျရောက်ခဲ့ပါသည်။ ယင်းသတင်းစကာကိုကြွေးကြော်ရန်အချို့က မိမိတို့၏လယ်ယာများကိုစွန့်လွှတ်ခဲ့ကြ၏။ အချို့ကမိမိတို့ရောင်းဝယ်ဖေါက်ကားသည့်ကုန်ပစ္စည်းများနှင့်ဆိုင်များကိုစွန့်လွှတ်ခဲ့ကြပါသည်။ အချို့အတတ်ပညာရှင်များပင်လျှင်မိမိတို့၏ရာထူးဂုဏ်ကိုစွန့်လွှတ်၍ လူအများမကြိုက်မနှစ်သက်သည့် ပထမကောင်းကင်တမန်၏သတင်းစကားကိုကြွေးကြော်ရန်တာဝန်ယူခဲ့ရကြပါသည်။

ဓမ္မအမှုတော်ဆောင်များသည်မိမိတို့၏ဂိုဏ်းဂဏအယူအဆသဘောတရားကိုဘေးဖယ်ထားကြပြီးလျှင် ယေရှုကြွလာတော်

မူမည့်အကြောင်းကိုကြွေးကြော်ရာတွင် တစ်စိတ်တစ်ဝမ်းတည်းစည်း
လုံးညီညွတ်စွာပူးပေါင်းဆောင်ရွက်ကြပါသည်။ ယင်းသတင်းစကား
ကြွေးကြော်သည့်နေရာဒေသတိုင်းတွင်လူအများစိတ်လှုပ်ရှားကြ၏။
ဒုစရိုက်သားများနောင်တရကြ၏၊ ငိုကြွေးကြ၏၊ အပြစ်ဖြေလွှတ်ခွင့်
ရရန်ဆုတောင်းပတ္ထနာပြုကြ၏။ မရိုးမဖြောင့်အသက်မွေးဝမ်းကျောင်း
သူများပြုပြင်ပြောင်းလဲလိုစိတ်စောကြ၏။ မိဘများသည်သားသမီးတို့အ
တွက်စိုးရိမ်ကြောင့်ကြပြင်းပြကြ၏။ ထိုသတင်းစကားကိုလက်ခံသဘော
သူများသည် မိမိတို့လေးလေးနက်နက်ခံယူထားကြပြီးသည်အလျောက်
ဆွေမျိုးများအားလူသားကြွလာတော်မူမည့်အကြောင်းကိုစိတ်ရောကိုယ်
ပါဆွေးနွေး၍အသင့်ပြင်ထားကြရန် သတိပေးတိုက်တွန်းကြပါသည်။
ယင်းသို့စိတ်ရောကိုယ်ပါထိထိရောက်ရောက်ပြောဟောပါလျက်နှင့်ဘက်
မခံသူများမှာ စိတ်နှလုံးအခိုင်မာဆုံးသောသူမှားသာဖြစ်ကြပါသည်။
ယင်းစိတ်ဝိညာဉ်သန့်ရှင်းရေးလုပ်ငန်းကြောင့် လောကီရေးရာများကို
မြတ်နိုးခင်တွယ်ခြင်းမရှိကြတော့ဘဲ ကိုယ့်ကိုကိုယ်ဘုရားသခင်အား
ဆက်ကပ်အပ်နှံကြပုံကိုမည်သည့်အခါကမျှပင် မကြုံမတွေ့ထူးခဲ့ပါ။

ဝီလျံမေးလားဟောပြောသည့်သမ္မာတရားကိုထောင်ပေါင်း
များစွာသောသူတို့ခံယူကြပါသည်။ယင်းသတင်းသကားကိုကြွေးကြော်
ရန် ဧလိယ၏စိတ်ဓါတ်နှင့်တန်ခိုးကိုလက်ခံရရှိကြသည့် ဘုရားသခင်
၏အမှုတော်ဆောင်အများအပြားပေါ်ထွန်းလာပါသည်။ ယေရှု၏ရှေ့
တော်ပြေးယောဟန်ကဲ့သို့ ဤလေးနက်သောသတင်းစကားကိုဟော
ကြားသောသူတို့သည်လည်း သစ်ပင်အပြစ်နားမှာပုဆိန်ထာသ့်
သဘောဖြင့် နှိုးဆော်တိုက်တွန်းလျက်နောင်တ တရားတည်းဟူသော
အသီးများကိုသီးပွင့်ကြရန် လူတို့အားဆင့်ဆိုထားကြပါသည်။ သူတို့
၏သက်သေခံချက်များမှာ အသင်းတော်များနိုးကြား၍ထိရောက်သည့်

ပြုပြင်မှုရှိကြစေရန်နှင့်၎င်းတို့၏အခြေမှန်အနေမှန်ကိုရုပ်လုံးဖေါ်ရန် ပြင်ဆင်ထားခြင်းဖြစ်ပါသည်။ ကျရောက်လာလတ္တံ့သောအမျက်ဒေါသ မုန်တိုင်းမှအလွတ်ပြေးကြရန် လေးလေးနက်နက်နှိုးဆော်တိုက်တွန်းရာ တွင် အသင်းတော်များနှင့်စည်းရုံးမှုရှိသောလူအများသည် ဝေဒနာကင်း ငြိမ်းစေသောသတင်းစကားမျာ းကိုလက်ခံကြပါသည်။ သူတို့အကျင့် ဖေါက်ပြန်နေပုံများကို ကိုယ်တိုင်သိမြင်ကြသောအခါဝမ်းနည်းကြေကွဲ ၍ မျက်ရည်ကျလျက်နောင်တသံဝေဂရကြပြီးလျှင် ကိုယ့်ကိုကိုယ်နှိမ့် ချပြီးမှ ဘုရားသခင်၏ထံတော်သို့တိုးဝင်ချဉ်းကပ်ကြလေ၏။ ဘုရား သခင်၏ဝိညာဉ်တော်သည်သူတို့အပေါ်သို့သက်ရောက်သောအခါ သူတို့ကလည်း "ဘုရားသခင်ကိုကြောက်ရွံ့၍ချီးမွမ်းကြလော့၊ တရား စီရင်တော်မူသောအချိန်ရောက်လာပြီ" ဟု ကြွေးကြော်ရာတွင်ပါဝင် လက်တွဲကြပါသည်။

နေ့ရက်အချိန်ကိုအတိအကျဖေါ်ပြ၍ဟောပြောကြသည့် အတွက်တရားပလ္လင်ပေါ်ရှိဓမ္မဆရာနှင့်ဘုရားသခင်ကိုပင်မကြောက် မရွံ့ပွင့်ပွင့်လင်းလင်းဒုစရိုက်ကျူးလွန်သူမှအစ လူတန်းစားမျိုးစုံတို့က များစွာအတိုက်အခံပြုကြပါသည်။ "ကြွလာအံ့သောနေ့ရက်အချိန် နာရီကိုအဘယ်သူမျှမသိ" ဟု အယောင်ဆောင်ဓမ္မဆရာများကဟော ကြ၏။ ရဲတင်းသောလူပြောင်းများကပြက်ရယ်ပြုကြ၏။ ပုရောဖက်အနာ ဂတ်စကားများအရ ဖေါ်ပြထားသည့်အချိန်ကာလအပိုင်းအခြားများ ကုန်ဆုံးလုနီးနေပြီဖြစ်ကြောင်းကိုလည်းကောင်း၊ ခရစ်တော်ကြွလာ တော်မူချိန်နီးပြီဖြစ်၍ တံခါးဝတိုင်ရောက်ရှိနေပြီဖြစ်ကြောင်းကိုလည်း ကောင်းဖြစ်ပေါ်နေသည့်နိမိတ်လက္ခဏာများအရ ယုံကြည်ကြသည့် အတွက်ယင်းတရာများကိုဟောပြောနေသူများကလည်းထိုသူတို့ကို သွန်သင်ပဲ့ပြင်ခြင်းမပြုမလုပ်ပါ။ ယေရှုကိုချစ်မြတ်နိုးပါသည်ဟုအဆို

ပြု၍ ကိုယ်တော်၏သိုးစုကိုထိန်းကျောင်းသောသိုးထိန်းအများစုက ခရစ်တော်ကြွလာတော်မူသည့်အကြောင်း ဟောပြောခြင်းကိုမူကား ကန့်ကွက်ကြပါသည်။ ထိုသူအားလုံးတို့၏စိတ်နှလုံးကိုဘုရားသခင် သိတော်မူ၏။ ယေရှုအားအနီးကပ်ချစ်မြတ်နိုးကြသည်မဟုတ်၊ သူတို့ သည်ခရစ်တော်သတ်မှတ်ထားသည့်နှိမ့်ချရေးလမ်းစဉ်အတိုင်းမချီတက် ကြသဖြင့် ခရစ်ယာန်မပီသသည့်အသက်တာများဖြင့် ကိုယ်တော် ၏ရှေ့တော်၌ရပ်တည်နိုင်မည်မဟုတ်သည်ကို သူတို့သိကြ၏။ ဤသိုး ထိန်းအတုများသည်ဘုရားသခင်၏အမှုတော်လမ်းဝတွင် ဆူးငြောင့် ခလုတ်များဖြစ်ကြ၏။ လမ်းမှားကိုဖေါ်ထုတ်နိုင်စွမ်းရှိသည့် သမ္မာ တရားဟောပြောချက်များကြောင့်ပရိသတ်များနိုးကြားလာကြသ ဖြင့်ထောင်မှူးကဲ့သို့ “အကျွန်ုပ်သည်ကယ်တင်ခြင်းသို့ရောက်အံ့သော ငှါအဘယ်သို့ပြုရပါမည်နည်း” ဟု စုံစမ်းမေးမြန်းစပြုကြ၏။ သို့သော် ဤသိုးထိန်းများသည်သမ္မာတရားတော်နှင့်လူတို့စပ်ကြားတွင်ဝင်၍ လူကြိုက်များသောတရားကိုချောမွေ့ပြေပြစ်စွာဟောပြောကြ၏။ စတန်နှင့်သူ၏တမန်များကိုအပေါင်းအဖေါ်ပြုလျက်ငြိမ်သက်ခြင်း ချမ်းသာမရှိသောအခါ၌ပင် “ချမ်းသာ၊ ချမ်းသာ” ဟုပြောဟောကြ၏။ သူတို့၏သက်သာချောင်ချိမှုကိုစုံမက်၍ ဘုရားသခင်နှင့်ဝေးကွာနေ သည်ကိုပင် ကျေနပ်ရောင့်ရဲနေသောသူတို့အား လောကီလုံခြုံမှု အတွင်းမှ နိုးကြားထကြွစေရန်နှိုးဆော်၍မရနိုင်။ ယင်းအချက်များကို ကောင်းကင်တမန်များက စေ့ငစုံလင်စွာဖြင့်မှတ်သားထားကြသည်ကို လည်းကောင်း၊ ကိုယ့်ကိုကိုယ်ဘုရားသခင်အားဆက်ကပ်အပ်နှံခြင်း မပြုကြသည့်ထိုသိုးထိန်းများ၏ဝတ်ရုံများတွင်အသက်ဝိညာဉ်များ ၏အသွေးများစွန်းထင်းနေပုံကိုလည်းကောင်း ကျွန်မရှုမြင်ရပါသည်။

ဤအသက်ကယ်ဆယ်ရေးသတင်းစကားကို ကျွန်မရှုမြင်ရပါသည်။ သောဓမ္မအမှုတော်ဆောင်များသည် ယင်းသတင်းစကားများကိုလက်

ခံလိုသည့်အခြားသောသူများကိုပါ အတားအဆီးပြုလုပ်ကြပါသည်။ ထိုအသက်ဝိညာဉ်တို့၏အသွေးများသည်လ်ည်းသူတို့အပေါ်သို့ကျရောက်လေ၏။ ဤကောင်းကင်သတင်းစကားများကိုအတိုက်အခံပြုကြရန်အတွက်လည်းကောင်း၊ ဝီလျံမေးလားနှင့်သူ၏လုပ်ဖေါ်ဆောင်ဖက်များအားနှိပ်စက်ညှဉ်းဆဲကြရန်အတွက်လည်းကောင်း တရားဟောဆရာများနှင့်လူထုပရိသတ်တို့ပူးပေါင်းဆောင်ရွက်ကြ၏။ သူ၏ဩဇာသက်ရောက်မှုချုပ်ငြိမ်းသွားစေရန်မဟုတ်မမှန်သောသတင်းများကိုလည်းဖြန့်ဝေကြ၏။ ဘုရားသခင်၏အကြံအစည်များကိုရှင်းလင်းပြတ်သာစွာကြေညာပြီးသည့်အခါမျိုးတွင်လည်းကောင်း၊ ကြားနာရသောပရိသတ်များစိတ်နှလုံးထိခိုက်လောက်သည့်သစ္စာတရားများကိုဝေငှပြီးသောအခါမျိုးတွင်လည်းကောင်းအမျက်ဒေါသခြောင်းခြောင်းထွက်ကြသဖြင့် အသက်ကိုအန္တရာယ်ပြုရန်အစည်းအဝေးပြီးဆုံးချိန်တွင်သူပြန်ရာလမ်းမှစောင့်နေတတ်ကြပါသည်။ သို့သော်ဘုရားသခင်၏ကောင်းကင်တမန်များက သူ့ကိုအကာအကွယ်ပေး၍အမျက်ဒေါသအရှိန်ပြင်းနေသောလူအုပ်ကြီးများနှင့်လွတ်ကင်းရာသို့ဆောင်သွားကြ၏။ သူ၏လုပ်ငန်းတာဝန်ပြီးဆုံးခြင်းသို့မရောက်သေး။

ဘုရားသခင်၏အမှုတော်အတွက်ကိုယ့်ကိုကိုယ်ဆက်ကပ်ထားသူများသတင်းစကားတော်ကိုဝမ်းမြောက်စွာလက်ခံကြပါ၏။ ယင်းသတင်းစကားများမှာ ဘုရားသခင်၏အထံတော်မှဖြစ်ကြောင်း၊ အချိန်သင့်အခါမှန်ရောက်လာကြောင်သူတို့သိကြ၏။ ကောင်းကင်သတင်းစကားတော်၏အကျိုးသက်ရောက်မှုကိုကောင်းကင်တမန်များစိတ်ဝင်စားစွဖြင့်စောင့်ကြပ်နေကြ၏။ အသင်းတော်များကငြင်းပယ်၍မျက်နှာလွှဲကြသောအခါဝမ်းနည်းစွာဖြင့်ယေရှုထံအတိုင်းပင်ခံဝင်ကြ၏။ ကိုယ်တော်သည်ထိုအသင်းတော်များမှ မျက်နှာတော်ကိုလွှဲထား

တော်မူလျက်သက်သေခံချက်ကိုမငြင်းပယ်သည့်မှန်မြတ်သောအသင်းတော်များအားသစ္စာရှိစွာဖြင့်စောင့်ရှောက်ကွယ်ကာထားကြရန်ကောင်းကင်တမန်များအားမိန့်မှာထားတော်မူ၏။ ယင်းအသင်းတော်များထံသို့ နောက်ထပ်အလင်းတရားထပ်လောင်းပေးပို့တော်မူမည်ဖြစ်၏။

အကယ်၍သာ ခရစ်ယာန်အမည်ခံသူများအနေဖြင့် သူတို့၏ကယ်တင်ရှင်ကြွလာတော်မူခြင်းကိုနှစ်သက်ကြပြီး သူတို့သည်ကိုယ်တော်အားဇေကန်အမှန်ချစ်မြတ်နိုးကြပါလျှင် ဤကမ္ဘာမြေကြီးပေါ်တွင်ကိုယ်တော်နှင့်နှိုင်းယှဉ်လောက်သူမရှိကြောင်း တွေ့သိခံစားထားကြပါက ကိုယ်တော်ကြွလာမည့်အကြောင်း ပထမဆုံးကြားသိရသည်နှင့်တစ်ပြိုင်နက်ဝမ်းမြောက်ဝမ်းသာစွာဆက်လက်ကြွေးကြော်ပေလိမ့်မည်။ သို့သော်သူတို့၏အရှင်ကြွလာတော်မူမည့်သတင်းစကားကိုကြားရလျှင်ပင် သူတို့မနှစ်မြို့ကြသည်မှာ သူတို့၏အရှင်ကိုသူတို့မြတ်နိုးခြင်းမရှိကြောင်းသာဓကထင်ရှားနေပါသည်။ ခရစ်တော်၏နာမတော်ကိုခံယူထားကြသူအများကိုယ်တော်ကြွလာတော်မူခြင်းကိုမလိုလားကြသည်မှာ ကိုယ်တော်ကိုမည်မျှလောက်ချစ်မြတ်နိုးကြောင်း ကိုယ်တော်နှင့်ကိုယ်တော်၏ကောင်းကင်တမန်တို့ရှေ့သို့ စာတန်နှင့်သူ၏တမန်တို့ကချပြကြပြီးလျှင် အောင်ပွဲခံကြပါသည်။

ဘုရားသခင်၏လူတို့သည်သူတို့၏အရှင်ကြွလာတော်မူမည်ကိုဝမ်းမြောက်ရွှင်လန်းစွာဖြင့်ငံ့မျှော်စောင့်ဆိုင်းနေကြပုံကိုကျွန်မရှုမြင်ရပါသည်။ သို့သော်ပုရောက်ဖက်အနာဂတ်စကားများတွင်ဖေါ်ပြထားသည့်အချိန်ကာလအပိုင်းအခြားများနှင့်စပ်လျဉ်း၍ ချင့်ချိန်တွက်ချက်ရာတွင်အမှားတစ်ချက်ရှိနေခြင်းမှာ ဘုရားသခင်၏လက်တော်ဖြင့်အုပ်ထား၍ဖြစ်ကြောင်းသာဓကပြရန် ဘုရားသခင်ကြံရွယ်ထားတော်

မူ၏။ ကိုယ်တော်ကြွလာတော်မူမည်ကိုစောင့်မျှော်နေသူများထိုအမှား ကိုမတွေ့မသိကြပါ၊ ပညာရှိသုခမိန်အတိုက်အခံသမားများလည်းမသိ ကြပါ။ ကိုယ်တော်၏လူတို့စိတ်ပျက်စရာနှင့်ရင်ဆိုင်ရကြရန်ဘုရား သခင်ကြံရွယ်ထားတော်မူ၏။ အချိန်ကားကုန်လွန်သွားလေပြီ၊ သူတို့ ၏ကယ်တင်ရှင်ကြွလာတော်မူမည်ကိုဝမ်းမြောက်ရွှင်လန်းစွာဖြင့်ငံ့ မျှော်နေကြသူအများဝမ်းနည်းစိတ်ပျက်ရကြလေပြီ။ သို့သော်ကိုယ် တော်ကြွလာတော်မူမည်ကိုမနှစ်သက်သော်လည်း ကြောက်ရွံ့ကြသည့် အတွက်ကြောင့်သာ သတင်းစကားတော်ကိုလက်ခံထားကြသောသူ တို့ကမူ မျှော်မှန်းထားကြသည့်အချိန်တွင်ကြွလာတော်မမူသည့်အတွက် ကျေနပ်နေကြပါသည်။ သူတို့၏ခံယူချက်များသည်သူတို့၏စိတ်နှလုံး များကိုပြောင်းလဲမပေးသည့်အတွက် သူတို့၏အသက်တာများသည်၏ လည်းသန့်စင်ခြင်းမရှိကြပါ။ ယင်းသို့တိကျစွာတွက်ချက်ထားပါလျက်နှင့် အချိန်ကာလလွဲမှားသွားခြင်းမှာ ထိုသူတို့၏စိတ်သဘောထားများကို ဖေါ်ထုတ်ရန်အတွက်ပင်ဖြစ်နေပါသည်။ ကယ်တင်ရှင်ကြွလာတော် မူမည်ကိုအမှန်တကယ်မြတ်နိုးလိုလားသဖြင့်ဝမ်းနည်းစိတ်ပျက်ရသူ များအား သူတို့ကပထမဦးစွာပြက်ရယ်ပြုကြပါသည်။ စုံစမ်းစစ်ဆေး ခြင်းများကိုရင်ဆိုင်ရကြသောအခါ တွန့်ဆုတ်သွားမည့်သူများကိုဖေါ် ထုတ်ရန် ဘုရားသခင်သည်မိမိလူတို့၏စိတ်နှလုံးများကိုစစ်ဆေးစမ်း သပ်ရာ၌ အမြော်အမြင်ကြီးမြတ်တော်မူပုံကို ကျွန်ုပ်မရှုမြင်ရပါသည်။

သူတို့မြတ်နိုးသောအရှင်ကြွလာတော်မူမည်ကိုအေးချမ်းစွာငံ့ မျှော်နေသူများအား ယေရှုနှင့်ကောင်းကင်ဗိုလ်ခြေအပေါင်းက စုံမက် ကြင်နာစွာဖြင့်ကြည့်နေကြပါသည်။ ယင်းသို့စိတ်ပျက်ခြင်းများနှင့်ရင် ဆိုင်နေရကြသောအချိန်တွင်အထောက်အကူပြုရန်ကောင်းကင်တမန် တို့သည်တဝဲလည်လည်စောင့်ရှောက်နေကြပါသည်။ ကောင်းကင်မှ

ကိုယ်တော်ပေးပို့တော်မူသည့်အလင်းတရားကို လက်မခံကြသော လူများအနေဖြင့်မူကား မှောင်မိုက်အတွင်း၌ပင် ကျန်ရစ်ခဲ့ကြသဖြင့် သူတို့အပေါ်သို့ ဘုရားသခင်အမျက်တော်ကျရောက်လေ၏။ မည်သည့်အတွက်ကိုယ်တော်ကြွလာတော်မမူကြောင်း မသိနားမလည်ကြသဖြင့် ဝမ်းနည်းစိတ်ပျက်နေကြသည့်သစ္စာတည်မြဲသူများမူကားမှောင်မိုက်အတွင်းမကျန်ရစ်ခဲ့ကြပါ။ ပုရောဖက်အနာဂတ်စကားဆိုင်ရာအချိန်ကာလအပိုင်းအခြားများအကြောင်း ကျမ်းစာများတွင်ထပ်လောင်းလေ့လာဆည်းမှူးကြရန် သူတို့အားနောက်တစ်ဖန်လမ်းညွှန်တော်မူ၏။ ဘုရားသခင်သည်သူတို့တွက်ချက်နေသောကိန်းဂဏန်းများမှ လက်တော်ကိုဖယ်ရှားပြီးလျှင်အမှားကိုရှင်းပြတော်မူ၏။ ပုရောဖက်အနာဂတ်စကားနှင့်ဆိုင်သောအချိန်ကာလအပိုင်းအခြားသည် ၁၈၄၃ ခုနှစ်တွင်ပြီးဆုံးသည်ဟု သူတို့တင်ဆက်ခဲ့ကြသည့်သာခကေများသည်ပင်လျှင် ၁၈၄၄ ခုနှစ်ရောက်မှပြီးဆုံးမည်ဖြစ်ကြောင်းအထောက်အထားပြနေသည်ကိုသူတို့တွေ့သိကြလေ၏။ သူတို့၏အခြေအနေပေါ်တွင် ဘုရားသခင်၏နှုတ်ကပါဌ်တော်မှ အလင်းတရားကိုလက်ခံရရှိကြသဖြင့် ''ထိုရူပါရုံသည်----ဆိုင်းသော်လည်းမျှော်လင့်လော့'' ဟူ၍ဖေါ်ပြထားသည့်ဆိုင်းငံ့နေရမည့်အချိန်ကာလအကြောင်းကိုသူတို့တွေ့သိကြလေ၏။ အမှန်တကယ်စောင့်မျှော်နေသူများကိုဖေါ်ထုတ်ရန်တွက်ချက်ထားသည့်ရူပါရုံဆိုင်းငံ့ချိန်ကို သတိမထားမိခဲ့ကြသည့်အကြောင်းမှာသူတို့အနေဖြင့် ခရစ်တော်ကြွလာတော်မူရန် စိတ်စေနေသောကြောင့်ဖြစ်ပါသည်။ သူတို့အတွက်မျှော်လင့်စရာအချိန်ရှိနေပါသေးသည်။ သို့ပါလျက် ၁၈၄၃ ခုနှစ်မတိုင်မီက သူတို့၏ယုံကြည်ခြင်းကို

ထပ်ပေါ်စေခဲ့သည့်စွမ်းအင်နှင့်စိတ်ဝင်စားမှုကိုပြန်လည်မရရှိနိုင်လောက်အောင်စိတ်ပျက်နေကြသည့် လူအများရှိနေကြကြောင်း ကျွန်ုပ်မရှုမြင်ရပါသည်။

စာတန်နှင့်သူ၏တမန်များထိုသူတို့အပေါ်တွင်အောင်မြင်မှုရရှိနေကြပါသည်။ သတင်းစကားတော်ကိုလက်မခံခဲ့ကြသူများကလည်း သူတို့သည် ပညာဉာဏ်အမြော်အမြင်ကြွယ်ဝသူများဖြစ်၍သာ ယင်းမှောက်မှားသောအမှုကိစ္စ (သူတို့၏အဆိုအရ)ကိုလက်မခံကြဟုကိုယ့်ကိုကိုယ်အမွှမ်းတင်ကြ၏။ သူတို့သည်ဘုရားသခင်၏အကြံအစည်ကိုငြင်းပယ်သူများဖြစ်ကြောင်းကိုလည်းကောင်း၊ သူတို့သည်စာတန်နှင့်သူ၏တမန်များနှင့်ပူးပေါင်းပြီးလျှင် ကောင်းကင်မှပေးပို့သောသတင်းစကားတော်နှင့်အညီဆောင်ရွက်သက်ရှင်သော ဘုရားသခင်၏သားသမီးများ ရှုပ်ထွေးသွားအောင်ပြုလုပ်သူများဖြစ်ကြောင်းကိုလည်းကောင်းသူတို့မသိကြ။

ဤသတင်းစကားကို ယုံကြည့်သောသူများသည်အသင်းတော်များတွင်အနှိမ်ခံရကြ၏။ သတင်းစကားတော်ကိုလက်မခံသောသူများသည်ကြောက်ရွံ့ကြသည့်အတွက် ပထမတွင်သူတို့၏ခံယူချက်အတိုင်းမပြုမလုပ်ဘဲ ချုပ်တည်းထားကြသော်လည်းအချိန်ကျော်လွန်သွားသောအခါ သူတို့စိတ်သဘောထားရင်းများရုပ်လုံးပေါ်လာကြပါသည်။ ပုရောဖက်စကားဆိုင်ရာအချိန်ကာလအပိုင်းအခြားများသည် ၁၈၄၄ ခုနှစ်ထိသက်ရောက်ပါသည်ဟု ကိုယ်တော်ကိုစောင့်မျှော်နေသူများအနေဖြင့်မကြေညာလျှင်မဖြစ်ဘဲ ဧကန်အမှန်ကြေညာရမည်ဟုသဘောထားကာ ကြေညာနေကြပါသည်။ ယုံကြည်သောသူများကလည်း သူတို့၏အမှားကိုပီပီပြင်ပြင်ဖြေရှင်း၍သူတို့၏အရှင်သည် ၁၈၄၄ ခုနှစ်

ရောက်မှုကြွလာတော်မူမည်ဟုသူတို့မျှော်လင့်နေကြသည်မှာ အဘယ်ကြောင့်ဖြစ်ကြောင်းရှင်းလင်းချက်များပေးကြပါသည်။ စွမ်းအားထက်သောအကြောင်းပြချက်များကို အတိုက်အခံသမားများက ဆန့်ကျင်ဝေဖန်ခြင်းမပြုမလုပ်နိုင်ကြပါသည်။ သို့သော်အသင်းတော်များအချက်ဒေါသမီးတောက်နေကြသဖြင့် သူတို့၏အကြောင်းပြချက်များကိုနားမထောင်ကြဖို့နှင့်သူတို့၏သက်သေခံချက်များကိုအခြားသူများမကြားမနာရလေအောင် အသင်းတော်များအနေဖြင့် လက်မခံရန်ကိုပါဆုံးဖြတ်လိုက်ကြပါသည်။ ထိုကြောင့်ဘုရားသထင်ပေးပို့တော်မူသည့်အလင်းတရားတော်ကိုမဝေငှဘဲမနေရဲသောသူများ အသင်းတော်များမှထုတ်ပယ်ခြင်းကိုခံရကြလေ၏။ သို့သော်သူတို့နှင့်အတူယေရှုရှင်ရှိတော်မူပါ၏။ သူတို့သည်လည်းကိုယ်တော်ထံမှရရှိသောအလင်းတရားအတွက် ဝမ်းမြောက်ရွှင်မြူးကြပါ၏။ ဒုတိယကောင်းကင်တမန်၏သတင်းစကားကိုလက်ခံရန် သူတို့အသင့်ရှိနေကြလေပြီ။

---ooo---

## ဒုတိယကောင်းကင်တမန်၏ သတင်းစကား

ပထမကောင်းကင်တမန်၏သတင်းစကားတော်ကို လက်မခံဘဲငြင်းဆိုကြသည့်အတွက် အသင်းတော်များအနေဖြင့်ကောင်းကင်မှပေးပို့သောအလင်းတရားကိုလည်းကောင်း၊ ဘုရားသခင်၏ကျေးဇူးတော်ကိုလည်းကောင်း မခံစားရကြတော့ပါ။ သူတို့သည်ကိုယ့်ခွန်အားကိုယုံကြည်အားထားပြီး ပထမသတင်းစကားတော်ကို အတိုက်အခံပြုကြသဖြင့် ဒုတိယကောင်းကင်တမန်၏သတင်းစကားဆိုင်ရာအလင်းတရားကိုသူတို့မတွေ့မသိနိုင်သည့်အခြေသို့ ရောက်ကြလေ၏။ သို့သော်နှိပ်စက်ညှဉ်းဆဲခြင်းကိုခံရကြသည့် ဘုရာသခင်၏ချစ်မြတ်နိုးသောသူများကမူ "ဗါဗုလုန်မြို့ကြီးပြိုလဲပြီ" ဟူသော သတင်းစကားကိုလက်ခံလျက်အသင်းတော်များကိုစွန့်ခွာသွားကြလေ၏။

ဒုတိယကောင်းကင်တမန်၏သတင်းစကားဆိုင်ရာအချိန်ကာလကုန်ဆုံးချိန်ရောက်လုနီးသောအခါ ဘုရားသခင်၏လူတို့အပေါ်တွင်ကောင်းကင်မှ ကြီးစွာသောအလင်းရောင်ထွန်းတောက်နေပုံကိုကျွန်မရှုမြင်ရပါသည်။ ထိုအလင်း၏ရောင်ခြည်များမှာ နေ၏အရောင်ကဲ့သို့ထွန်းတောက်လုပါ၏။ "မင်္ဂလာဆောင်လုလင်သည်လာပြီး ခရီးဦးကြိုပြုခြင်းငှါထွက်သွားကြကုန်" ဟု ကောင်းကင်တမန်တို့၏ကြွေးကြော်သံများကိုလည်းကျွန်မကြားရပါသည်။

ဤသည်ကားသန်းခေါင်းယံကြွေးကြော်သံဖြစ်၍ ယင်းကြွေးကြော်သံအားဖြင့်ဒုတိယကောင်းကင်တမန်၏သတင်းစကားကိုစွမ်းအားပေးရန်ဖြစ်ပါသည်။ စိတ်ဓါတ်ကျဆင်းနေသောသန့်ရှင်းသူများအားနိုးကြားထကြွစေပြီးလျှင် သူတို့ဆောင်ရွက်ရန်ရှိသေးသည့်အမှု

တော်အတွက်ပြင်ဆင်ပေးဖို့ကောင်ကင်ဘုံမှကောင်းကင်တမန်များ အားစေလွှတ်တော်မူ၏။ သတင်းစကားကိုပထမဦးစွာလက်ခံသူများ မှာ အရည်အချင်းနှင့်အပြည့်ဝဆုံးသောသူများမဟုတ်ကြပါ။ စိတ်နှလုံး နှိမ့်ချ၍သစ္စာတည်မြဲသောသူများထံသို့ပကောင်းကင်တမန်တို့ကိုစေ လွှတ်တော်မူပြီးလျှင် "မင်္ဂလာဆောင်လုလင်သည်လာပြီ၊ ခရီးဦးကြို ပြုခြင်းငှါထွက်သွားကြကုန်" ဟုကြွေးကြော်နှိုးဆော်ကြဖို့သူတို့အား အနိုင်အထက်သွေးဆောင်တော်မူ၏။ ယင်းကြွေးကြော်သံအတွက် တာဝန်လွှဲအပ်ခြင်းခံရသောသူများသည်သန့်ရှင်းသောဝိညာဉ်တော်ကို ခံရကြသဖြင့်ယင်းသတင်းစကားကိုအလျင်အမြန်ကြွေးကြော်ကြလေ ၏။ စိတ်ဓါတ်ကျဆင်းနေသောညီအစ်ကိုများကိုလည်းနိုးထစေကြ၏။ ဤအမှုတော်သည်လူတို့၏ပညာဉာဏ်အားဖြင့်မဟုတ်၊ တတ်ကျွမ်း မှုအားဖြင့်လည်းမဟုတ်၊ ဘုရားသခင်၏တန်ခိုးတောအားဖြင့်ဖြစ်လိမ့် မည်။ ကိုယ်တော်၏သန့်ရှင်းသူများသည်လည်း ယင်းကြွေးကြော်သံ ကိုကြားရကြသောအခါ မငြင်းမဆန်လက်ခံကြပေလိမ့်မည်။ ဝိညာဉ် ရေးစိတ်ဓါတ်အရင့်သန်ဆုံးသောသူများသည်ယင်းသတင်းစားကိုပထမဦး စွာလက်ခံကြလျက် ယခင်ကအမှုတော်တွင်ခေါင်းဆောင်သောသူများ က နောက်ဆုံးမှလက်ခံကြပြီး "မင်္ဂလာဆောင်လုလင်သည်လာပြီ၊ ခရီးဦးကြိုပြုခြင်းငှါထွက်သွားကြကုန်" ဟု သိုက်သိုက်ဝန်းဝန်းကြွေး ကြော်ကြလေ၏။

အနယ်နယ်အရပ်ရပ်တွင်ဒုတိယကောင်းကင်တမန်၏ သတင်း စကားအပေါ်အလင်းတရားကိုပေးတော်မူသဖြင့် ယင်းကြွေးကြော်သံ ကြောင့်ထောင်သောင်းမကသောသူတို့စိတ်နှလုံးပြောင်းလဲကြ၏။ စောင့်မျှော်နေကြသည့် ဘုရားသင်၏သားသမီးအပေါင်းနိုးကြား ထကြွကြသည်တိုင်အောင် တစ်မြို့မှတစ်မြို့၊ တစ်ရွာမှတစ်ရွာသို့ ယင်း

ကြွေးကြော်သံကိုသယ်ဆောင်သွားကြပါသည်။ အသင်းတော်အများ
က ယင်းသတင်းစကားကိုကြွေးကြော်ရန်အခွင့်မပြုကြသဖြင့် ယင်း
အသက်ရှင်သောသက်သေခံချက်ကိုလက်ခံရရှိထားကြသည့် လူစုလူ
ဝေးတစ်ရပ်သည် ထိုကျဆုံးသောအသင်းတော်များမှထွက်ခွါသွားကြ
လေ၏။ သန်းခေါင်းယံကြွေးကြော်သံအားဖြင့် ကြီးမြတ်သည့်လုပ်ငန်း
ကြီးတစ်ရပ်အောင်မြင်ပြီးမြောက်သွားပါသည်။ ယင်းသတင်းစကား
သည်လူ၏စိတ်နှလုံးကိုစစ်ဆေးရှာဖွေသည့်တန်ခိုးရှိသဖြင့် ယုံကြည်
သောသူများအားအသက်ရှင်သောဗဟုသုတကို ကိုယ်တိုင်ရှာဖွေလေ့
လာရန်ပို့ဆောင်ပါသည်။ တစ်ဦးကိုတစ်ဦးဆည်းကပ်အားထား၍
မဖြစ်နိုင်ကြောင်း သူတို့သဘောပေါက်ကြလေ၏

သန့်ရှင်းသောသူတို့သည်စိုးရိမ်ကြောင့်ကြကြီးစွာဖြင့်ကိုယ်
တော်အားစောင့်မျှော်နေကြစဉ်အစာရှောင်ကြ၏။ သတိဝီရိယထား
ကြ၏။ အချိန်ပြည့်နီးပါးဆုတောင်းလျက်နေကြ၏။ ထိုအချိန်ရောက်
လာဖို့ဆိုင်းသွမ်းသူများပင်ကြောက်ကြောက်လန့်လန့်စောင့်နေကြပါ
သည်။ သို့သော်အများသောလုထုကြီးကမူ စာတန်၏စိတ်ဓါတ်ဖြင့်
ယင်းသတင်းစကားကို အတိုက်အခံလုပ်နေကြပါသည်။ “ထိုအချိန်
နာရီကိုကားအဘယ်သူမျှမသိ” ဟု ဆိုလျက် နေရာအနှံ့အပြားတွင်
ပြောင်လှောင်ခြင်း၊ သရော်ခြင်းပြုကြ၏။ သူတို့၏စိတ်နှလုံးများခိုင်
မာသည်ထက်ခိုင်မာအောင်၊ ကောင်းကင်မှပေးပို့သည့်အလင်းတရား
မှန်သမျှကိုငြင်းပယ်ကြလေအောင် စာတန်၏တမန်များက သူတို့အား
ဆော်ဩနေကြ၏။ သို့မှသာလျှင်သူတို့သည်စာတန်၏ထောင်ချောက်
အတွင်းတည်မြဲနေကြပေလိမ့်မည်။ ခရစ်တော်အားစောင့်မျှော်နေကြ
ပါသည်ဟု အဆိုပြုသူအများ ယင်းသတင်းစကားကိုဝေငှရာတွင် ပါဝင်
ဆောင်ရွက်ခြင်းမပြုကြ၊ သူတို့ကိုယ်တိုင်သိတွေ့ရသည့်ဘုရားသခင်၏

ဘုန်းတော်နှင့်စောင့်မျှော်နေကြသောသန့်ရှင်းသူများ၏သစ္စာရှိမှုနှင့် စိတ်နှလုံးနှိမ့်ချမှုမှအစလေးလေးနက်နက် ထင်ရှားလွှမ်းမိုးနေသည့် သာဓကများကြောင့် သာသမ္မာတရားတော်ကိုလက်ခံပါသည်ဟုသူတို့ အဆိုပြုကြသော်လည်းပြောင်းလဲခြင်းသို့မရောက်ကြ၊ ကိုယ်တော်ကြွ လာတော်မူမည့်အတွက်သူတို့အသင့်မရှိကြ။

သန့်ရှင်းသူတို့သည်နေရာအနှံ့အပြားတွင်လေးလေးနက်နက် စိတ်ပါလက်ပါဆုတောင်းပတ္ထနာပြု၍နေကြ၏။ သူတို့တွင်သန့်ရှင်း မြင့်မြတ်သောခံစားမှုရှိနေကြ၏။ သတင်းစကား၏အကျိုးသက်ရောက် မှုကို ကောင်းကင်တမန်များကစိတ်အားထက်သန်စွာဖြင့်စောင့်ကြည့် နေကြပြီးလျှင် ယင်းသတင်းစကားကိုလက်ခံသူများအနေဖြင့်ကယ်တင် ခြင်းဆိုင်ရာအသက်စမ်းရေကိုမြောက်မြားစွာရရှိနိုင်ကြစေရန် သူတို့ အားလောကီရေးရာများမှဆွဲယူ၍ အထက်သို့မြှင့်တင်ပေးနေကြပါ သည်။ ထိုအခါကိုယ်တော်သည်ဘုရားသခင်၏လူများကိုလက်ခံတော် မူ၏။ သူတို့သည်လည်းယေရှုရှင်အားရောင်ပြန်ဟပ်နေကြသည်ဖြစ်၍ ကိုယ်တော်သည် သူတို့အားမြတ်နိုးစွာဖြင့်ရှုစားတော်မူ၏။ သူတို့သည် ကိုယ်ကျိုးကိုလုံးလုံးလျားလျားစွန့်၍ ကိုယ့်ကိုကိုယ်အကြွင်းမဲ့ဆက် ကပ်အပ်နှံထားကြသဖြင့် မဖေါက်ပြန်မပျက်စီးနိုင်သည့်ဘဝသို့ပြောင်း လဲမည့်အချိန်ကိုစောင့်မျှော်နေကြပါသည်။ သို့သော်အလိုတော်နှင့်အညီ ဝမ်းနည်းစွာဖြင့်စိတ်ပျက်ရကြပြန်၏။ လွတ်မြောက်ကြတော့မည်ဟုမျှော် မှန်းလျက်စောင့်နေသောအချိန်လွန်သွားလေပြီ။ သူတို့မှုကားဤကမ္ဘာ ပေါ်၌ပင်ရှိနေကြသေး၏။ မည်သည့်အခါကဤမျှလောက်ဆိုးရွား သောခံစားမှုနှင့်မတွေ့မကြုံခဲ့ရကြပါ။ ကောင်းကင်ဘုံကိုသာသူတို့ချစ် မြတ်နိုးခဲ့ကြ၏။ သေခြင်းကင်းသောဘဝဆိုင်ရာလွတ်မြောက်ရေးကို လည်းစိတ်အာရုံတွင်ကြည်နူးစွာဖြင့်မျှော်မှန်း၍မြည်းစမ်းခဲ့ရကြ၏။ သို့ သော်သူတို့၏မျှော်လင့်ချက်များအကောင်းအထည်မပေါ်ခဲ့ကြပါ။

အများသောလူတို့ကြောက်ရွံ့ခဲ့ကြသော်လည်းသူတို့၏ ကြောက်စိတ်များချက်ချင်းပျောက်ပျက်မသွားပါ။ စိတ်ပျက်ခြင်းနှင့် ရင်ဆိုင်ရသူများကိုလည်း သူတို့ချက်ချင်းအနိုင်မရသေးပါ။ သို့သော် ဘုရားသခင်၏အမျက်တော်ကျရောက်ပုံမပေါ်သောအခါ သူတို့၏ ကြောက်စိတ်များပျောက်၍ ပြောင်လှောင်ခြင်း၊ သရော်ခြင်း၊ ပြက် ရယ်ပြုခြင်းများကိုအစပြုကြပြန်၏။ ဤသို့အားဖြင့်ဘုရားသခင်၏လူ တို့သည်မှတ်ကျောက်တင်ပြီးဖြစ်ကြ၏။ လောကီသားများက သူတို့ အားကြည့်၍ရယ်ကြ၏။ ပြောင်လှောင်သရော်ကြ၏။ ပြစ်တင်ဝေဖန် ကြ၏။ ခရစ်တော်သည်ထိုအချိန်ကကြွလာတော်မူပြီးလျှင်စုတေသော သူများအားထမြောက်စေတော်မူလိမ့်မည်၊ အသက်ရှင်သောသန့်ရှင်း သူများဘဝပြောင်းလဲစေလိမ့်မည်။ နိုင်ငံတော်ကိုသိမ်းယူပြီးလျှင် ထာဝစဉ်စိုးမိုးတော်မူလိမ့်မည်ဟု သံသယမရှိအမှန်တကယ်ယုံကြည် ခဲ့သောသူတို့သည် ခရစ်တော်၏သင်္ချိုင်းတော်သို့သွား၍ "ကျွန်မ၏ သခင်ကိုယူသွားကြပြီ၊ အဘယ်မှာထားကြသည်ကိုမသိပါ" ဟု ပြောခဲ့ သည့်တပည့်တော်မခံစားခဲ့ရသည်နည်းတူ ယခုလည်းသူတို့ခံစားရ ကြလေ၏။

---ooo---

## မြော်လင့်ခြင်းဆိုင်ရာလှုပ်ရှားမှုကို သရုပ်ဖော်ထားခြင်း

လူအုပ်စုအမြောက်အမြားအားအုပ်စုလိုက်ကြိုးများနှင့်ချည်နှောင်ထားပုံကိုကျွန်မရှုမြင်ရပါသည်။ ထိုအုပ်စုများတွင်များစွာသောလူတို့သည် မှောင်မိုက်အတွင်းလုံးဝရောက်ရှိနေကြပါသည်။ သူတို့သည်မြေကြီးကိုသာငုံ့ကြည့်နေကြသဖြင့် ယေရှုနှင့်သူတို့စပ်ကြားတွင်အဆက်အသွယ်မရှိပါ။ သို့သော်ထိုလူအုပ်စုများအတွင်းသူတို့၏မျက်နှာပေါ်တွင်အလင်းရောင်ထွန်းတောက်နေပုံရသောသူများကြိုးကြားကြိုးကြားရှိနေကြပြီးလျှင် ကောင်းကင်သို့မျှော်ကြည့်နေကြပါသည်။ ယေရှုထံမှလာသောအလင်းရောင်များသည်နေရောင်ခြည်ပမာသူတို့အားအလင်းရောင်ပေးနေပါသည်။ သေသေချာချာကြည့်ရန်ကောင်းကင်တမန်တစ်ပါးက ကျွန်မအားပြောသဖြင့်ကြည့်လိုက်ရာ သူတို့၏မျက်နှာတွင်အလင်းရောင်တောက်နေသောသူတိုင်းအား ကောင်းကင်တမန်တစ်ပါးစီကစောင့်ကြပ်နေပုံနှင့်မှောင်မိုက်အတွင်း၌ရှိနေသောသူများအား စာတန်၏တမန်များကဝန်းရံထားကြပုံကိုကျွန်မရှုမြင်ရပါသည်။ ထိုအခါကောင်းကင်တမန်တစ်ပါးက "ဘုရားသခင်ကိုကြောက်ရွံ့၍ချီးမွမ်းကြလော့၊ တရားစီရင်တော်မူသောအချိန်ရောက်လာပြီ" ဟု ကြွေးကြော်လိုက်သည်ကို ကျွန်မကြားရပါသည်။

ထိုနောက်လက်ခံလိုသောသူတိုင်းအလင်းတရားရရှိစေရန်ထိုလူအုပ်စုတိုင်းအပေါ်သို့ဘုန်းတော်ရောင်ခြည်သက်ရောက်လာပါသည်။ မှောင်မိုက်အတွင်းရှိနေကြသောသူအချို့အလင်းတရားကိုလက်ခံ၍ဝမ်းမြောက်ကြ၏။ အခြားသောသူတို့က သူတို့အားလမ်းလွဲမှားစေမည့်

အလင်းရောင်ဖြစ်သည်ဟုပြော၍ ကောင်းကင်မှလာသောယင်းအလင်းရောင်ကိုလက်မခံကြပါ။ အလင်းရောင်သည်လည်းသူတို့ကိုကျော်လွန်သွားသဖြင့်မှောင်မိုက်အတွင်းမှာပင် ကျန်ရစ်ခဲ့ကြလေ၏။ ယေရှုထံမှလာသောယင်းအလင်းရောင်ကိုလက်ခံသောသူများသည် ယင်းသို့တိုးတက်ရရှိသည့်မွန်မြတ်သောအလင်းရောင်ကိုနှစ်ခြိုက်မြတ်နိုးသဖြင့်ဝမ်းမြောက်ကြ၏။ သူတို့၏မျက်နှာများသည် သန့်ရှင်သောဝမ်းမြောက်ခြင်းဖြင့်ပြိုးရွှင်လျက်ယေရှုအားစိတ်ပါစွာဖြင့်အာရုံပြုလျှင်ကောင်းကင်သို့မျှော်ကြည့်လျက် "ဘုရားသခင်ကိုကြောက်ရွံ့၍ချီးမွမ်းကြလော့၊ တရားစီရင်တော်မူသောအချိန်ရောက်လာပြီ" ဟု ကောင်းကင်တမန်တို့နှင့်အတူလိုက်လျောညီထွေကြွေးကြော်လေသည့်အသံများကိုကြားရပါသည်။ ယင်းသို့သူတို့ကြွေးကြော်ကြသောအခါ မှောင်မိုက်အတွင်းရှိနေသောသူများက သူတို့အားဘေးချင်း၊ ပခုံးချင်းတိုက်ကြသည်ကိုကျွန်မမြင်ရပါသည်။ ထိုနောက်လက်ခံရရှိသည့်မြတ်တော်မူသောအလင်းတရားကိုနှစ်ခြိုက်မြတ်နိုးသောသူအများစုသည်သူတို့အားနှောင်ဖွဲ့ထားသောကြိုးကိုဖြေ၍ ထိုလူအုပ်စုများနှင့်ခွဲခွါသွားကြပြီးလျှင်သီးခြားရပ်တည်နေကြပါသည်။ ထိုသို့သူတို့ပြုနေကြစဉ် လူအုပ်စုအသီးအသီးတို့နှင့်သက်ဆိုင်၍ထိုအုပ်စုအသီးသီးက အရိုအသေပြုခြင်းကိုခံရသောသူများ လိုက်လံစစ်ဆေး၍ အချို့ကအသံချိုသာစွာဖြင့်လည်းကောင်း၊ အချို့ကအမျက်ဒေါသထွက်နေသည့် မျက်နှာထားဖြင့်လည်းကောင်း၊ အချို့ကခြိမ်းခြောက်သည့်ပုံစံဖြင့်လည်းကောင်း လျော့နေသောကြိုးများကိုပြန်၍တင်းထားလိုက်ကြပါသည်။ ၎င်းအပြင်ထိုသူများက "ဘုရားသခင်သည်ငါတို့နှင့်အတူရှိတော်မူ၏၊ ငါတို့သည်အလင်းတရား၌ရပ်တည်ကြ၏၊ ငါတို့၌သမ္မာတရားရှိ၏" ဟုဆက်ကာဆက်ကာပြောဆိုနေကြပါသည်။ သူတို့မည်သူမည်ဝါဖြစ်ကြောင်းကို ကျွန်မက

မေးသောအခါသူတို့သည်အလင်းတရားကိုကိယ်တိုင်ငြင်းပယ်သည့်ဓမ္မ အမှုဆောင်များနှင့်လူထုခေါင်းဆောင်များဖြစ်ကြောင်း၊ ယင်းအလင်း တရားကိုအခြားသူများကလက်ခံကြမည်ဆိုပါကလည်း သဘောမတူ သောသူများဖြစ်ကြောင်းပြောပြပါသည်။

အလင်းတရာကိုကြည်နူးစွာဖြင့်လက်ခံသောသူများသည် ကောင်းကင်သို့စိတ်အားထက်သန်စွာမျှော်ကြည့်လျက် ယေရှုကြွလာ တော်မူပြီးလျှင်သူတို့အားသိမ်းဆည်းတော်မူရန်တောင့်တနေကြပါ သည်။ မကြာမီသူတို့အပေါ်သို့မိုးတိမ်တစ်ခုဖြတ်ကျော်သွားသဖြင့်သူတို့ သည်လည်းဝမ်းနည်းကြေကွဲကြလေ၏။ ထိုမိုးတိမ်ဖြစ်ပေါ်ရသည့်အ ကြောင်းကိုကျွန်မကမေးသောအခါ သူတို့အတွက်စိတ်ပျက်စရာဖြစ် ကြောင်းကျွန်မအားဖေါ်ပြပါသည်။ ကယ်တင်ရှင်ကြွလာတော်မူမည် ဟုသူတို့မျှော်လင့်ထားသောအချိန်ကျော်လွန်သွားပြီဖြစ်သောလည်း ယေရှုကြွလာတော်မမူသေးပါ။ စောင့်မျှော်နေသောသူများစိတ်ပျက် ရကြသောအခါ စောစောက ကျွန်မသတိပြုမိသောဓမ္မအမှုဆောင်နှင့် လူထုခေါင်းဆောင်များရွှင်မြူးကြလေ၏။ အလင်းတရားကိုငြင်းပယ် ခဲ့ကြသောသူများကလည်းကြီးစွာအောင်ပွဲခံကြလေ၏။ စာတန်နှင့်သူ ၏တမန်တို့ကလည်းဝမ်းမြောက်ရွှင်မြူးကြလေ၏။

ထိုနောက်အခြားသောကောင်းကင်တမန်တစ်ပါးက "ဗာဗုလုန် မြို့ကြီးပြိုလဲပြီ၊ ဗာဗုလုန်မြို့ကြီးပြိုလဲပြီ" ဟု လိုက်၍ကြွေးကြော်သည့် အသံကိုကျွန်မကြားရပါသည်။ စိတ်ပျက်နေသောသူများအပေါ်သို့ အလင်းရောင်တစ်ရပ်ထွန်းလင်းပြန်သောအခါ ကိုယ်တော်ကြွလာတော် မူရန်အတွက် စိတ်ထက်သန်နေသောသူများက ယေရှုထံသို့အာရုံစူး စိုက်ထားကြပြန်၏။ "ဗာဗုလုန်မြို့ကြီးပြိုလဲပြီ" ဟု ကြွေးကြော်သော ကောင်းကင်တမန်နှင့်အခြားသော ကောင်းကင်တမန်အများ စုဝေး

ဆွေးနွေးနေကြပုံကိုလည်းကောင်း၊ ထိုကောင်းကင်တမန်များသည်လည်း "မင်္ဂလာဆောင်လုလင်သည်လာပြီ၊ ခရီးဦးကြိုပြုခြင်းငှါထွက်သွားကြကုန်" ဟုကြွေးကြော်သောကောင်းကင်တမန်နှင့်သွား၍ပူးပေါင်းကြပုံ ကိုလည်းကောင်းကျွန်မမြင်ရပါသည်။ ထိုကောင်းကင်တမန်အပေါင်း၏သာယာသောသီဆိုသံများ နေရာအနှံ့အပြားသို့တိုင်ရောက်ပုံပေါ်ပါသည်။ သူတို့လက်ခံရရှိသောအလင်းတရာကို နှစ်ခြိုက်မြတ်နိုးသူများ၏ဝန်းကျင်တွင် ဘုန်းကြီးတော်မူသောအလင်းရောင်ထူးခြားစွာထွန်းတောက်နေပါသည်။ သူတို့၏မျက်နှာမျာသည်လည်းထူးမြတ်သောဘုန်းတော်ရောင်ခြည်ထွန်းတောက်လျက် "ကြည့်ပါ၊ မင်္ဂလာဆောင်လုလင်သည်လာပြီ" ဟု ကြွေးကြော်သောကောင်းကင်တမန်များနှင့်ပူးပေါင်းလျက်သူတို့နှင့်အတူပူးတွဲကြွေးကြော်ကြပါသည်။ သူတို့သည်လူအုပ်အသီးသီးတွင်တညီတညွတ်တည်းကြွေးကြော်သောအခါ အလင်းတရားကိုလက်မခံသောသူများက သူတို့အားစိတ်ဆိုးသောမျက်နှာထားများဖြင့်တွန်းထိုးပစ်ကြ၏။ ပြက်ရယ်ပြုကြ၏။ ပြစ်တင်ဝေဖန်ကြ၏။ ထိုသို့နှိပ်စက်ညှဉ်းဆဲခြင်းခံနေရသူများအနေဖြင့်ကောင်းကင်မှလာသောအလင်းတရားကိုငြင်းပယ်ကြလေအောင်စာတန်နှင့်သူ၏တမန်များကသူတို့၏အမှောင်ထုဖြင့်ဖိနှိပ်လျက်သွေးဆောင်နေကြသော်လည်း ဘုရားသခင်၏ကောင်းကင်တမန်များကယင်းအမှောင်ထုကိုသူတို့၏အတောင်များဖြင့်ကာကွယ်နေကြပါသည်။

ထိုနောက်တွန်းထိုးခြင်း၊ ကဲ့ရဲ့ပြစ်တင်ခြင်းခံနေရသူများအား "သင်တို့သည်သူတို့အထဲမှထွက်၍မစင်ကြယ်သောအရာကိုလက်နှင့်မျှမတို့ကြနှင့်" ဟု ပြောသောအသံကို ကျွန်မကြားရပါသည်။ ထိုအသံကိုနားထောင်သောအားဖြင့်လူအများနှောင်ဖွဲ့ထားသောကြိုးများကိုဖြတ်တောက်၍မှောင်မိုက်အတွင်း၌ရှိသောယင်းလူအုပ်စုများမှထွက်ခွာ၍

သူတို့ရှေ့မှလွတ်မြောက်သွားကြသောသူတို့နှင့်ပူးပေါင်းကြပြီးလျှင် သူတို့နှင့်အတူဝမ်းမြောက်စွာဆက်လက်ကြွေးကြော်ကြပါသည်။ မှောင်မိုက်အတွင်းရှိလူအုပ်စုများတွင်ပြင်းစွာသောစိတ်ဒုက္ခခံရကြသဖြင့် အမှန်စိတ်ပါလျက်ဆုတောင်းပတ္ထနာပြုနေကြသူအချို့၏အသံကိုကျွန်မကြားရပါသည်။ ယင်းလူအုပ်အသီးသီးသုတို့ဓမ္မဆရာများနှင့်ခေါင်းဆောင်များလိုက်လံစစ်ဆေးကြပြီးလျှင် ချည်နှောင်ထားသောကြိုးများကိုပို၍တင်းကျပ်ခိုင်မြဲစေသော်လည်း ယင်းစိတ်ပါသောပတ္ထနာသံကိုကျွန်မကြားရနေဆဲပင်ဖြစ်ပါသည်။ ၎င်းနောက်ထိုကဲ့သို့ဆုတောင်းနေကြသောသူများသည် သူတို့၏လက်များကိုမြှောက်လျက်သူတို့ရှေ့ကလွတ်မြောက်သွားပြီးလဆင် ဘုရားသခင်၌ဝမ်းမြောက်ခြင်းခံစားနေရသူများထံမှအကူအညီတောင်းခံနေကြသည်ကို ကျွန်မမြင်ရပါသည်။ ထိုလွတ်မြောက်သွားသောသူများကလည်း ကောင်းကင်သို့စိတ်ပါစွာကြည့်မျှော်ညွှန်ပြလျက် "သင်တို့သည်ထိုသူတို့အထဲမှထွက်၍အသီးအခြားနေကြလော့" ဟု ပြန်ဖြေကြပါသည်။ လူအသီးအသီးတို့သည်လည်း မိမိတို့၏လွတ်မြောက်ရေးအတွက်ဆက်လက်လှုပ်ရှားတွန်းလှန်နေကြရာ နောက်ဆုံးတွင်သူတို့အားချည်နှောင်ထားသည့် ကြိုးများကိုဖြတ်တောက်နိုင်ကြသည်ဟု ကျွန်မဆက်၍မြင်ရပါသည်။ သူတို့အားချည်နှောင်ထားသည့်ကြိုးများကိုပို၍ တင်းကျပ်အောင်ပြုကြသောအခါ သူတို့ခုခံတွန်းလှန်ကြပြီးလျှင် "ဘုရားသခင်သည်ငါတို့နှင့်အတူရှိတော်မူ၏၊ ငါတို့၌သမ္မာတရားရှိ၏" ဟု အဖန်တလဲလဲအခိုင်အမာပြောနေကြသည့်စကားသံများကိုလည်းသူတို့နားမထောင်ကြတော့ပါ။

လူတို့သည်မှောင်မိုက်အတွင်းရှိနေသောအုပ်စုများမှစဉ်ဆက်မပြတ်ထွက်ခွာနေကြပြီးလျှင် မြေကြီးထက်မြင့်ပုံရသောလွတ်လပ်သည့်လွင်ပြင်ပေါ်ရှိလွတ်မြောက်သောအုပ်စုနှင့်သွား၍ ပူးပေါင်းကြပါသည်။

သူတို့သည်အထက်သို့ငေးမျှော်လျက်နေကြစဉ် ဘုရားသခင်၏ဘုန်းတော်သည်သူတို့အပေါ်သို့သက်ရောက်သဖြင့် ကိုယ်တော်အားဝမ်းမြောက်စွာဖြင့်အသံလွှင်၍ချီးမွမ်းထောမနာပြုကြလေ၏။ သူတို့အားလုံးရင်းနှီးစွာပူးပေါင်းလျက်ကောင်းကင်မှအလင်းရောင်ခြည်ပတ်ရစ်ထားပုံရပါသည်။ ဤအုပ်စုဝန်းကျင်တွင်အလင်းတရား၏သြဇာသက်ရောက်မှုကြောင့်ရောက်ရှိနေသူအချို့ရှိနေပါသည်။ သို့သော်ထိုသူတို့သည်ယင်းအုပ်စုနှင့်တိတိကျကျပူးပေါင်းခြင်းမရှိပါ။ သူတို့လက်ခံရရှိသောအလင်းတရားကိုမြတ်နိုးသောသူတိုင်း အထက်အရပ်သို့စိတ်ပါဝင်စားစွာငေးမျှော်နေကြသည်ကိုနှစ်သက်ကျေနပ်စွာဖြင့် ယေရှုသည်အသာအယာကြည့်ရှုနေတော်မူ၏။ ကိုယ်တော်ကြွလာဖို့သူတို့မျှော်လင့်တောင့်တကြသဖြင့် ကိုယ်တော်ပေါ်လာဖို့ကိုသာ လိုလားနေကြပါသည်။ ကမ္ဘာမြေကြီးဘက်သို့တစ်ချက်မျှပင်လှည့်၍မကြည့်ကြပါ။ သို့သော်စောင့်မျှော်နေသူများအပေါ်သို့မိုးတိမ်တစ်ရပ်ပေါ်လာပြန်လေ၏။ ထိုအခါမှသူတို့သည်ပင်ပန်းနေသောမျက်စိများဖြင့်အောက်ဘက်သို့လှည့်၍ကြည့်လိုက်ကြသည်ကို ကျွန်မမြင်ရပါသည်။ ယင်းသို့မြောင်းလဲသွားကြပုံ၏အကြောင်းရင်းကိုကျွန်မမေးသောအခါ "သူတို့မျှော်လင့်ထားခြင်းများအတွက် နောက်တစ်ဖန်စိတ်ပျက်ရကြ၏။ ယေရှုသည် မြေကြီးပေါ်သို့မကြွလာနိုင်သေးပါ။ ကိုယ်တော်အတွက်ပို၍ကြီးသောစမ်းသပ်ခြင်းများကိုသူတို့ခံကြပါလိမ့်ဦးမည်။ သူတို့၏အမှားယွင်းမှုများနှင့်လူတို့ထံမှဆည်းပူးထားသောထုံးစံဓလေ့များကိုစွန့်ပယ်၍ ဘုရားသခင်နှင့်ကိုယ်တော်၏နှုတ်ကပါဠ်တရားတော်ဘက်သို့သူတို့လုံးလုံးလျားလျားပြောင်းလဲရကြဦးမည်။ သူတို့သည်သန့်စင်ပြီးဖြစ်ရမည်၊ ဖြူစင်ပြီးဖြစ်ရမည်၊ စမ်းသပ်စစ်ဆေးပြီးဖြစ်ရမည်။ ပြင်းထန်သောစမ်းသပ်စစ်ဆေးခြင်းများကို သည်းခံကျော်လွှားနိုင်သူများသာ

ထာဝရအောင်ပွဲကိုခံရကြပေလိမ့်မည်” ဟု ကျွန်မ၏အဖော်ကောင်းကင်တမန်ကပြောပြပါသည်။

ဝမ်းမြောက်စွာဖြင့်မျှော်လင့်နေသောလူစုကမျှော်မှန်းထားသည့်အတိုင်း ဤကမ္ဘာမြေကြီးကိုမီးဖြင့်သန့်စင်စေခြင်းငှါသန့်ရှင်းရာဌာနတော်ကိုဆေးကြောရန်ယေရှုသည် ဤကမ္ဘာမြေကြီးပေါ်သို့ကြွလာတော်မမူခဲ့ပါ။ ပုရောဖက်အနာဂတ်စကားများဆိုင်ရအချိန်ကာလအပိုင်းအခြားများနှင့်ပတ်သက်၍ သူတို့တွက်ချက်ကြပုံမှန်ကန်ကြောင်းကိုလည်းကောင်း၊ ပုရောက်ဖက်အနာဂတ်စကားများအရ ၁၈၄၄ ခုနှစ်တွင်အချိန်ကာလကုန်ဆုံးသည်ကိုလည်းကောင်း၊ ယင်းအချိန်ကာလကုန်ဆုံးသောအခါယေရှုသည်သန့်ရှင်းရာဌာနတော်ကိုဆေးကြောရန်အသန့်ရှင်းဆုံးသောအခန်းသို့ဝင်တော်မူသည်ကိုလည်းကောင်း ကျွန်မရှုမြင်ရပါသည်။ သန့်ရှင်းရာဌာနတော်၏အဓိပ္ပါယ်ကိုလည်းကောင်းမည်သို့မည်ပုံဆေးကြောတော်မူမည်ကိုလည်းကောင်းသူတို့မသိနားမလည်ခြင်းမှာသူတို့၏အမှားပင်ဖြစ်နေပါသည်။ ကိုယ်တော်အားစောင့်မျှော်နေကြရာ၌ စိတ်ပျက်နေသောလူစုကိုကျွန်မပြန်၍ကြည့်လိုက်သောအခါ သူတို့ဝမ်းနည်းနေပုံရပါသည်။ သူတို့၏ယုံကြည်ခြင်းအတွက်သက်သေခံအထောက်အထားများကိုသူတို့ပြန်၍အသေအချာဆန်းစစ်ကြပါသည်။ ပုရောက်ဖက်အနာဂတ်စကားဆိုင်ရာအချန်ကာလအပိုင်းအခြားများကိုလည်းတောက်လျှောက်ပြန်လည်တွက်စစ်ကြပါသည်။ သို့သော်အမှားမတွေ့ကြပါ။ အချိန်စေ့သွားပြီဖြစ်သော်လည်းကယ်တင်ရှင်အဘယ်မှာရှိနေပါသနည်း။ သူတို့၏ကယ်တင်ရှင်ပျောက်နေလေပြီ။

တပည့်တော်များသည်ယေရှု၏သင်္ချိုင်းတော်သို့သွားကြသောအခါက ကိုယ်တော်၏အလောင်းတော်ကိုမတွေ့ရကြသဖြင့်စိတ်ပျက်

ရကြပုံကိုကျွန်မအားပြတော်မူ၏။ မာရိက “ကျွန်မ၏သခင်ကိုယူသွားကြပြီ၊ အဘယ်မှာထားသည်ကိုမသိပါ” ဟု ပြောပါသည်။ ထိုအခါကောင်းကင်တမန်များက သူတို့၏အရှင်ထမြောက်တော်မူပြီဖြစ်ကြောင်း၊ သူတို့၏ရှေ့က ဂါလိလဲပြည်သို့သွားနှင့်ပြီဖြစ်ကြောင်းဝမ်းနည်းနေသောတပည့်တော်များအားပြောပြလိုက်ပါသည်။

ထိုနည်းအတူကိုယ်တော်ကြွလာတော်မူမည်ကိုစောင့်မျှော်နေကြသည့်အတွက် စိတ်ပျက်ရကြသောသူများအားယေရှုသည်အထူးပင်သနားကြင်နာစိတ်ရှိတော်မူကြောင်း ကျွန်မမြင်ရပါသည်။ ထိုကြောင့်ကိုယ်တော်ရှိတော်မူသောအရပ်သို့လိုက်လာကြရန်သူတို့၏စိတ်အာရုံများကိုလမ်းညွှန်ဖို့ကောင်းကင်တမန်များကိုစေလွှတ်တော်မူ၏။ ဤကမ္ဘာမြေကြီးသည်သန့်ရှင်းရာဌာနတော်မဟုတ်ကြောင်း၊ ကိုယ်တော်သည်အသန့်ရှင်းဆုံးသောဌာနာတော်ဖြစ်သည့် ကောင်းကင်သန့်ရှင်းရာဌာနတော်တွင်းသို့ဝင်ရမည်ဖြစ်ကြောင်း၊ ထိုဌာနတော်တွင်မိမိ၏လူတို့အတွက်အပြစ်ဖြေလွှတ်ခြင်းအမှုကိုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ပြီးသောအခါ ခမည်းတော်ထံမှနိုင်ငံတော်ကိုလက်ခံရမည်ဖြစ်ကြောင်း၊ ထိုနောက်မှဤကမ္ဘာမြေကြီးပေါ်သို့ပြန်လာပြီးလျှင် သူတို့သည်ကိုယ်တော်နှင့်အတူထာဝရကာလပတ်လုံးရှိနေကြစေရန်ခေါ်ယူတော်မူမည်ဖြစ်ကြောင်းများကိုသူတို့အားဖေါ်ပြတော်မူ၏။ အရှေးရှေးကပထမအကြိမ်စိတ်ပျက်ခဲ့ရကြသောတပည့်တော်များသည် ၁၈၄၄ ခုနှစ်တွင် ကိုယ်တော်ကြွလာတော်မူမည်ကိုစောင့်မျှော်နေကြသည့်အတွက်စိတ်ပျက်ရကြသောတပည့်တော်များအားပုံဆောင်ထားခဲ့သည်မှာလျော်ကန်သင့်မြတ်လှပါ၏။

ယေရှုသည်မြည်းကလေးကိုစီး၍ ယေရုရှင်လင်မြို့တွင်းသို့အောင်မြင်စွာဝင်တော်မူသည့်အချိန်သို့ ကျွန်မအားခေါ်ဆောင်သွားပါသည်။

ထိုအချိန်က ကိုယ်တော်သည်ဣသရေလနိုင်ငံကိုသိမ်းပိုက်၍လောကီ
ဘုရင်အဖြစ်အုပ်စိုးတော်မူမည်ဟု ဝမ်းမြောက်နေသောတပည့်တော်
များယုံကြည်ခဲ့ကြပါသည်။ ထိုကြောင့်ဘုရင်မင်းမြတ်၏နောက်တော်
သို့မျှော်လင့်ခြင်းကြီးစွာဖြင့် လိုက်သွားခဲ့ကြပါသည်။ လှပသောစွန်
ပလွံခက်များကိုခုတ်ချပြီးလျှင် မိမိတို့၏အပေါ်ဝတ်ရုံများကိုလည်းချွတ်
၍ကိုယ်တော်ကြွလာတော်မူရာလမ်းတွင်စိတ်အားထက်သန်စွာဖြင့်အား
ရပါးရခင်းထားကြပါသည်။ အချို့ကကိုယ်တော်၏နောက်တော်မှလိုက်
ခဲ့ကြသလိုအချို့ကရှေ့တော်မှသွား၍ “ဟောရှဏ္ဏာဖြစ်စေသတည်း၊
ထာဝရဘုရား၏အခွင့်နှင့်ကြွလာတော်မူသောသူသည်မင်္ဂလာရှိစေသတည်း၊
ထာဝရဘုရား၏အခွင့်နှင့်ယခုတည်လုသောငါတို့အဘ ဒါဝိဒ်၏နိုင်ငံ
တော်သည်မင်္ဂလာရှိစေသတည်း၊ ကောင်းကင်ဘဝဂ်ဝယ်ဟောရှဏ္ဏာ
ဖြစ်စေသတည်း” ဟု ကြွေးကြော်ကြ၏။ ထိုသို့လူအများလှုပ်ရှားကြ
သည့်အတွက်ဖါရိရှဲတို့စိတ်အနှောင့်အယှက်ရ၍ တပည့်တော်များအား
ဆုံးမရန်ယေရှုကိုလျှောက်ကြသောအခါ ကိုယ်တော်က “ငါဆိုသည်
ကားဤသူတို့သည်တိတ်ဆိတ်စွာနေလျှင် ကျောက်ခဲတို့သည်ချက်ချင်း
ကြွေးကြော်ကြလိမ့်မည်” ဟု မိန့်တော်မူ၏။ ဇာခရိအနာဂတ္တိကျမ်း
၉း၉ ပြည့်စုံရမည်ဖြစ်သော်လည်းတပည့်တော်များအနေဖြင့်ကြီးစွာ
သောစိတ်ပျက်ခြင်းနှင့်ရင်ဆိုင်ရကြမည်ဖြစ်ကြောင်းရှေးမဆွကပင်
စီရင်ချက်ချမှတ်ထားခဲ့ခြင်းဖြစ်ပါသည်။ နောက်ရက်များမကြာမီ
အတွင်းယေရှု၏နောက်မှကရာနီကုန်းသို့လိုက်သွားကြပြီးလျှင်ကြမ်းကြုတ်
သောလက်ဝါးကပ်တိုင်ပေါ်တွင်ပုံပျက်ပန်းပျက်ဖြစ်အောင်ရက်စက်
စွာရိုက်နှက်ထိုးသတ်ထားသဖြင့်သွေးများယိုစီးနေသည်ကိုကြည့်ရှုခဲ့
ရကြပါသည်။ ပြင်းစွာသောနာကျင်ခြင်းဝေဒနာဖြင့်ကွပ်မျက်ခြင်းခံ
ရသည်ကိုသူတို့ကိုယ်တိုင်တွေ့မြင်ရကြပြီးမှသင်္ချိုင်းတော်အတွင်းဂူသွင်း

ထားလိုက်ကြပါသည်။ သူတို့၏မျှော်လင့်ချက်များ တစိုးတစိမျှ အကောင်အထည်မပေါ်သဖြင့်စိတ်ပျက်ဝမ်းနည်းကြ၏။ သူတို့၏မျှော်မှန်းချက်များလည်းယေရှုနှင့်အတူသေဆုံးကြလေပြီတကား။ သို့သော် ကိုယ်တော်ထမြောက်တော်မူပြီးနောက်ဝမ်းနည်းကြေကွဲနေကြသော တပည့်တော်မျာ းထံသို့သွားရောက်ဆုံတွေ့သောအခါ သူတို့၏မျှော်မှန်းချက်များလည်းပြန်လည်ရှင်သန်လာကြပါသည်။ ကိုယ်တော်အားသူတို့ပြန်၍တွေ့ကြလေပြီ။

၁၈၄၄ ခုနှစ်ကသခင်ဘုရားကြွလာတော်မူမည်ဟု ယုံကြည်ခဲ့သူများစိတ်ပျက်ခဲ့ရကြပုံမှာပထမအကြိမ်တပည့်တော်များစိတ်ပျက်ခဲ့ရကြပုံကိုမမီသေးဟု ကျွန်မရှုမြင်ရပါသည်။ ပထမကောင်းကင်တမန်နှင့်ဒုတိယကောင်းကင်တမန်တို့၏သတင်းစကားများနှင့်သက်ဆိုင်သောပရောက်ဖက်အနာဂတ်စကားများပြည့်စုံခြင်းသို့ရောက်လေပြီ။ ယင်းသတင်းစကားများကိုအချိန်မှန်အတိုင်းပေးပို့၍ ၎င်းတို့အားအပ်နှင်းထားသည့်လုပ်ငန်းတာဝန်များသည်လည်း ဘုရားသခင်ကြံစည်ထားတော်မူသည့်အတိုင်းအောင်မြင်စွာပြီးဆုံးလေပြီ။

---ooo---

## တစ်မျိုးတစ်ဖုံသရုပ်ဖေါ်ထားပြန်ခြင်း

ကမ္ဘာမြေကြီးပေါ်တွင်အမှုတော်တိုးတက်နေပုံနှင့်စပ်လျဉ်း၍ ကောင်းကင်ဗိုလ်ခြေအပေါင်းက စိတ်ဝင်စားကြပုံကိုကျွန်မအားဖေါ်ပြတော်မူပါသည်။ ဒုတိယအကြိမ်ကိုယ်တော်ကြွလာတော်မူခြင်းအတွက် ကမ္ဘာသူကမ္ဘာသားများအသင့်ပြင်ဆင်ထားကြစေရန် နှိုးဆော်တိုက်တွန်းဖို့တန်ခိုးကြီးသောကောင်းကင်တမန်တစ်ပါးအား ယေရှုသည် အာဏာတော်ကိုလွှဲအပ်၍စေလွှတ်တော်မူ၏။ ကောင်းကင်ဘုံတွင် ယေရှု၏ရှေ့တော်မှထိုကောင်းကင်တမန်ထွက်ခွာလာသောအခါ ထူးကဲစွာထွန်းတောက်နေသည့်ဘုန်းတော်ရောင်ခြည်သည် သူ၏ရှေ့မှတစ်ပါတည်းထွက်လာပါသည်။ သူ၏အမှုတော်မှာကျရောက်လာမည့်ဘုရားသခင်၏အမျက်တော်မှ လူသားတို့လွတ်မြောက်ရေးအတွက်သူ၏ဘုန်းတန်ခိုးဖြင့် ဤကမ္ဘာမြေကြီးကိုအလင်းရောင်ပေးထားရန်ဖြစ်သည်ဟုကျွန်မအားပြောပါသည်။ လူထုအမြောက်အမြား ယင်းအလင်းတော်ကိုလက်ခံကြပါသည်။ အချို့သောသူများအထူးပင်တုန်လှုပ်ကြီးနေပုံပေါ်ပါသည်။ ယင်းအလင်းတော်ကိုရရှိသူတိုင်း ကောင်းကင်သို့မျှော်ကြည့်လျက် ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းကြပါသည်။ ထိုအလင်းတော်ကိုလူတိုင်းအပေါ်သို့သက်ရောက်စေသဖြင့်အချို့သောသူများသည် အလင်းတော်၏သြဇာသက်ရောက်မှုကြောင့်သာအလင်းတော်အောက်သို့ရောက်ရှိလာကြသော်လည်း စိတ်ပါ၍လက်ခံခြင်းမဟုတ်ပါ။ အများသောသူတို့ပြင်းစွာအမျက်ထွက်ကြ၏။ ဓမ္မဆရာများနှင့်လူထုသည်ဆိုးသွမ်းမှုနှင့်ပူးပေါင်း၍တန်ခိုးကြီးသောကောင်းကင်တမန်ပေးပို့သည့်အလင်းတော်ကိုမလျှော့သောလုံ့လနှင့်ခုခံတွန်းလှန်ကြပါသည်။ သို့သော်လက်ခံသောသူအပေါင်းတို့သည်

လောကီရေးရာများကိုစွန့်လွှတ်၍အချင်းချင်းရင်းရင်းနှီးနှီးပူးပေါင်းနေထိုင်ကြ၏။

အလင်းတော်အတွင်း၌ရှိနေသောလူများကိုတတ်နိုင်သမျှမိမိတို့ဘက်သို့ပါအောင်ဆွဲဆောင်ရန်စာတန်နှင့်သူ၏တမန်များအလုပ်ရှုပ်နေကြပါသည်။ ယင်းအလင်းတော်ကိုမခံမယူသောလူအုပ်စုသည်မှောင်မိုက်အတွင်း၌ပင်ကျန်ရစ်ခဲ့ပါသည်။ ကိုယ်တော်၏အမည်နာမကိုခံယူထားသောလူများအားကောင်းကင်မှပေးသည့်အလင်းတရားကိုတင်ဆက်နေစဉ် သူတို့လေ့ကျင့်ပျိုးထောင်ထားကြသည့်အကျင့်စာရိတ္တများကိုဘုရားသခင်၏ကောင်းကင်တမန်က စိတ်ပါစွာစောင့်ကြပ်ကွပ်ကဲ၍ မှတ်တမ်းတင်နေသည်ကို ကျွန်မမြင်ရပါသည်။ ယေရှုအားချစ်မြတ်နိုးပါသည်ဟုအဆိုပြုသောသူများ ယင်းကောင်းကင်မှပေးပို့သောသတင်းစကားကိုကျော်ခိုင်း၍ သရော်ခြင်း၊ ပြောင်လှောင်ခြင်း၊ ပြက်ရယ်ပြုခြင်း၊ ရန်ငြိုးဖွဲ့ခြင်းပြုကြသည်များကိုရေးမှတ်ရန်သားရေလိပ်ကိုကိုင်ထားသည့်ကောင်းကင်တမန်တစ်ပါးသည် ယင်းရှက်ဖွယ်သောမှတ်တမ်းများကိုအကွခရာတင်နေပါသည်။ ကိုယ်တော်၏အမည်ကိုခံယူထားသူများအနေဖြင့် ယေရှုအား ဤမျှလောက်အမှုမထားမခန့်မညားပြုကြသည်ကိုကောင်းကင်ဗိုလ်ခြေအပေါင်းက မခံမရပ်နိုင်ဖြစ်ကြပါသည်။

သူတို့မျှော်မှန်းတောင့်တနေသောအချိန်တွင်သူတို့၏အရှင်သခင်မပေါ်လာသည့်အတွက်စိတ်ပျက်နေကြသည့်ယုံကြည်သူအများကိုကျွန်မမြင်ရပါသည်။ အနာဂတ်ကိုလျှို့ဝှက်ထားပြီးလျှင်သူ၏လူများအနေဖြင့်ဆုံးဖြတ်ချက်ချရမည့်အချိန်ကာလတစ်ခုသို့ဆောင်ယူခဲ့ခြင်းမှာ ဘုရားသခင်၏ကြံရွယ်ချက်ဖြစ်ပါသည်။ အချိန်နာရီကိုအတိအကျဖော်ပြ၍ ခရစ်တော်ကြွလာတော်မူမည့်အကြောင်းကိုဟောကြား

ခြင်းမပြုပါက ဘုရားသခင်ကြံစည်ထားတော်မူသည့်အတိုင်း အမှုတော် ပြီးမြောက်လိမ့်မည်မဟုတ်ပါ။ တရားစီရင်တော်မူသောအချိန်နှင့် ကရုဏာတံခါးပိတ်သောအချိန်သည်ဝေးလွန်းပါသေးသည်။ ၎င်းနှင့် ပတ်သက်၍ဖြစ်ပေါ်လာမည့်ကြီးကျယ်သောအရေးအခင်းများလည်း မဖြစ်ပေါ်နိုင်သေးပါဟုလူအများထင်မှတ်ယူဆနေကြရအောင် စာတန် ဆွဲဆောင်နေပါသည်။ ယနေ့ပင်အသင့်ပြင်ဆင်ထားကြဖို့အရေးကြီး ကြောင်းလူတို့သိနားလည်းထားကြရန်အထူးလိုအပ်ပါသည်။

သတ်မှတ်ချိန်ကျော်လွန်သွားသောအခါကောင်းကင်းတမန် ပေးပို့သောအလင်းတော်ကိုပြည့်စုံကုံလုံစွာလက်ခံမထားသောသူများ သည် သတင်းစကားကိုမထီမဲ့မြင်ပြုသောသူများနှင့်သွား၍ပူးပေါင်း ကြပြီးလျှင်စိတ်ပျက်နေသောသူများဘက်သို့လိုက်လျှောက်ပါသည်ဟုအဆို ပြုသောသူများ၏အခြေအနေမှန်များကိုကောင်းကင်တမန်များကမှတ် တမ်းတင်ထားကြပါသည်။ အတိအကျမှတ်သားထားသည့်အချိန်ကျော် လွန်သွားသည့်အတွက်သူတို့သည်လည်းမှတ်ကျောက်တင်ပြီးဖြစ်ကြ လေ၏။ အများသောသူတို့အားလည်းချိန်ခွင်တွင်ချိန်ပြီးဖြစ်၍လျော့ နေကြောင်းသိရလေ၏။ ခရစ်ယာန်ဖြစ်ပါသည်ဟုသူတို့အသံကျယ် စွာဟစ်ကြ၏။ သို့သော်ခရစ်တော်၏နောက်တော်သို့အတိအကျလိုက် လျှောက်ရန်အသေးစိတ်တွင်ပျက်ကွက်ကြ၏။ ယေရှု၏နောက်တော် သို့လိုက်လျှောက်ပါသည်ဟုအဆိုပြုသောသူများ၏အခြေအနေနှင့်ပတ် သက်၍ စာတန်ကြည်နူးနေပါသည်။ သူ၏ထောင်ချောက်အတွင်းမိနေ ကြလေပြီ။ ဖြောင့်သောလမ်းကိုရှောင်၍ အခြားသောလမ်းမှကောင်း ကင်နိုင်ငံတော်သို့ကြိုးစား၍တက်ရန်အများသောသူတို့အားစာတန် ခေါင်းဆောင်နေပါသည်။ ဇိအုန်မြို့တွင် သန့်ရှင်းဖြူစင်သောသူများ

မတရားသောသူများနှင့်လောကီရေးရာများကိုနှစ်သက်သည့်သူတော်ကောင်း ယောင်ဆောင်သောသူများ ရောနှောလျက် ရှိနေကြပုံကို ကောင်းကင်တမန်တို့တွေ့မြင်ကြပါသည်။ ယေရှု၏တပည့်နောက်လိုက်အမှန်များကိုသူတို့စောင့်ကြပ်ကွပ်ကဲနေကြပါသည်။ သို့သော် ယိုယွင်းသောသူများ၏အပြုအမူများက သန့်ရှင်းသောသူများကိုကူးစက်နေပါသည်။ ယေရှုအားဖူးတွေ့ရန်အထူးလိုလားတောင့်တနေသောသူများကိုသူတို့၏ညီအစ်ကိုများဟုအဆိုပြုသောသူများက ကိုယ်တော်ကြွလာတော်မူမည့်အကြောင်း မဟောမပြောရန် ပိတ်ပင်တားဆီးထားကြပါသည်။ ယင်းမြင်ကွင်းကိုကောင်းကင်တမန်တို့တွေ့မြင်ကြသောအခါ ကိုယ်တော်အားရိုသေမြတ်နိုးစွာစောင့်မျှော်နေသည့်ကျန်ကြွင်းသူများကိုသနားကြပါသည်။

ဤကမ္ဘာမြေကြီးပေါ်သို့တန်ခိုးကြီးသောအခြားကောင်းကင်တမန်တစ်ပါးကိုထပ်၍ စေလွှတ်တော်မူပါသည်။ သူ၏လက်ထဲတွင် ယေရှုပေးအပ်လိုက်သောစာလိပ်တစ်ခုရှိသည်ဖြစ်၍ "ဗာဗုလုန်မြို့ကြီးပြိုလဲပြီ၊ ဗာဗုလုန်မြို့ကြီးပြိုလဲပြီ" ဟု ကြွေးကြော်လျက် ဤကမ္ဘာမြေကြီးပေါ်သို့ဆင်းသက်ခဲ့ပါသည်။ ထိုအခါစိတ်ပျက်နေသောသူများကောင်းကင်သို့နောက်တစ်ဖန်မော်ကြည့်လျက်ယုံကြည်မြော်လင့်ခြင်းအပြည့်အဝဖြင့်စောင့်မျှော်နေကြပါသည်။ သို့သော်အများသောသူတို့သည်အိပ်ပျော်နေဘိသကဲ့သို့အသိအလိမ္မာကင်းသည့်အခြေအနေတွင်ပင်ရှိနေကြပါသေးသည်။ သို့သော်သူတို့သည်ပြင်းစွာဝမ်းနည်းကြေကွဲလျက်ပင်ရှိနေသေးကြောင်း ကျွန်မမြင်ရပါသည်။ စိတ်ပျက်နေသောသူများအနေဖြင့်သူတို့သည်ဆိုင်းငံ့နေရသောအချိန်သို့ရောက်နေကြောင်း၊ ဆိုင်းငံ့ရသော်လည်းမျှော်လင့်ရမည်ဖြစ်ကြောင်း၊ သည်းခံ၍စောင့်မျှော်နေလျှင် နောက်မကျဘဲ ဧကန်အမှန်ရောက်လာမည် ဖြစ်ကြောင်း

ကျမ်းစာကိုလေ့လာရင်းသူတို့သိတွေ့လာကြပါသည်။ ၁၈၄၃ ခုနှစ်က ကိုယ်တော်ကြွလာမည်ဟု သူတို့တွက်ချက်ရရှိသောအထောက်အထား များဖြင့်ပင် ၁၈၄၄ ခုနှစ်ရောက်သောအခါသူတို့သည်ကိုယ်တော်အား စောင့်မျှော်၍နေကြပြန်လေ၏။ သို့သော် ၁၈၄၃ ခုနှစ်ကသူတို့၏ ယုံကြည်ခြင်းစွမ်းအားထက်သန်ခဲ့သလောက် အများသောသူတို့ ယခု မထက်သန်ကြောင်းကျွန်မမြင်ရပါသည်။ စိတ်ပျက်ခဲ့ရကြသည့်အတွက် သူတို့၏ယုံကြည်ခြင်းများထိုင်းမှိုင်းသွားပါသည်။

ဘုရားသခင်၏ လူတို့ဒုတိယကောင်းကင်တမန်၏သတင်း စကားကို ပူးပေါင်းကြွေးကြော်ကြရာ၌ အကျိုးသက်ရောက်ပုံကို ကောင်းကင်ဗိုလ်ခြေများက စိတ်ပါစွာမှတ်သားထားကြပါသည်။ ခရစ် ယာန်အမည်ကို ခံယူထားသူအများစုက စိတ်ပျက်နေသောသူများအား ကဲ့ရဲ့ပြစ်တင်၍ မထီလေးစားပြုကြသည်ကို သူတို့တွေ့မြင်ကြပါသည်။ ယင်းလူပြောင်များက “မင်းတို့ကောင်းကင်မတက်ကြသေးဘူးလား” ဟုမေးသောစကားလုံးများကိုကောင်းကင်တမန်တစ်ပါးကရေးမှတ် ထားပါသည်။ “သူတို့ဘုရားသခင်ကိုသရော်ကြပြီ” ဟု ကောင်းကင် တမန်ကပြောပါသည်။ ရှေးပုရောက်ဖက်များအချိန်က ယင်းအပြစ်မျိုး ကျူးလွန်ခဲ့ကြပုံကို ကျွန်မအားပြပါသည်။ ဧလိယကောင်းကင်သို့ချီ ဆောင်ခြင်းခံရချိန်တွင်သူ၏ဝတ်ရုံသည် ဧလိရှဲအပေါ်သို့ကျလေ၏။ ထိုနောက်ဘုရားသခင်၏လူကိုမထီလေးစားပြုရန် မိဘတို့ထံမှအတုယူ ထားသောလူငယ်တစ်စုသည် ဧလိရှဲနောက်သို့လိုက်၍ “ဟေဦးပြည်း တက်ဦးလော့၊ ဟေဦးပြည်းတက်ဦးလော့” ဟုပြောင်လှောင်ကြလေ၏။ ထိုသို့ဘုရားသခင်၏ကျွန်ကိုမထီမဲ့မြင်ပြုကြရာ၌ ဘုရားသခင်ကိုမထီမဲ့ မြင်ပြုရာရောက်သဖြင့်သူတို့သည်ထိုနေရာတွင်ပင်ချက်ချင်းပြစ်ဒဏ် ခံရကြလေ၏။ ထိုနည်းတူပင်သန့်ရှင်းသူများကောင်းကင်သို့တက်ကြ

မည့်ပုံစံကိုစိတ်ကူး၍ပြောင်လှောင်သောသူများအပေါ်သို့ ဘုရားသခင်၏အမျက်တော်ကျရောက်ပေလိမ့်မည်။ ဖန်ဆင်းသောအရှင်ကိုမထီလေးစားပြုခြင်းသည်သေးနုပ်သောကိစ္စမဟုတ်ကြောင်းသူတို့တွေ့သိရကြပေလိမ့်မည်။

ယုံကြည်ခြင်းခွန်အားလျော့နည်းသွားသောကိုယ်တော်၏လူများကိုခွန်အားပြန်၍ဖြည့်တင်းပေးရန်ဒုတိယကောင်းကင်တမန်၏သတင်းစကားနှင့်မကြာမီကောင်းကင်တွင်စတင်ဆောင်ရွက်တော့မည့်အရေးကြီးသောအမှုတော်တစ်ရပ်အကြောင်းကို နားလည်သဘောပေါက်ကြစေရန်အတွက် ပြင်ဆင်ပေးရန်ယေရှုသည်အခြားသောကောင်းကင်တမန်များအားအခွင့်အာဏာပေး၍ အလျင်အမြန်စေလွှတ်တော်မူ၏။ ထိုကောင်းကင်တမန်များသည်လည်း ယေရှုထံမှများစွာသောတန်ခိုးအားဏာနှင့်အလင်းတရားကိုခံယူလျက်ဒုတိယကောင်းကင်တမန်အားအထောက်အပံ့ပေးရေးအတွက် မိမိတို့အားလွှဲအပ်ထားသည့်တာဝန်ကိုထမ်းဆောင်ရန်ကမ္ဘာမြေကြီးပေါ်သို့ဆောလျင်စွာပျံသန်းသွားကြသည်ကိုကျွန်မမြင်ရပါသည်။ “ကြည့်ပါ၊ မင်္ဂလာဆောင်လုလင်သည်လာပြီ၊ ခရီးဦးကြိုပြုခြင်းငှါထွက်သွားကြကုန်” ဟုကောင်းကင်တမန်များကကြွေးကြော်ကြသောအခါ ဘုရားသခင်၏လူများအပေါ်တွင်ကြီးစွာသောအလင်းရောင်ထွန်းတောက်လေ၏။ ထိုအခါစိတ်ပျက်နေသောသူများသည်လည်း ထ၍ဒုတိယကောင်းကင်တမန်၏အသံနှင့်လိုက်လျောညီစွာ “ကြည့်ပါ၊ မင်္ဂလာဆောင်လုလင်သည်လာပြီ၊ ခရီးဦးကြိုပြုခြင်းငှါ ထွက်သွားကြကုန်” ဟု ကြွေးကြော်ကြပုံကိုကျွန်မမြင်ရပါသည်။ ကောင်းကင်တမန်များထဲမှ ထွက်ပေါ်လာသောအလင်းရောင်သည် မှောင်မိုက်ရာဒေသအပေါင်းကိုခွင်း၍ အလင်းရောင်ပေးလေ၏။ ယင်းအလင်းတရားပျံ့နှံ့မသွားစေရန်နှင့်ကြံရွယ်

ထားတော်မူသည့်အတိုင်း အကျိုးသက်ရောက်မှုမရှိစေရန် စာတန်နှင့်သူ၏တမန်များကကြိုးစား၍ဟန့်တားနေကြပါသည်။ ဘုရားသခင်သည်လူတို့အားအလင်းတရားများနှင့်တကွတန်ခိုးအာဏာများကို အသုံးပြုလျက် ခရစ်တော်ကြွလာမည့်အကြောင်း မည်မျှပင်ကြိုးစား၍ ဟောပြောဆောင်ရွက်နေကြစေကာမူဤလောကကြီးတစ်ရပ်လုံးက ယုံကြည်ကြလိမ့်မည်မဟုတ်ကြောင်း ဘုရားသခင်၏ကောင်းကင်တမန်များအားစာတန်နှင့်သူ၏တမန်များကအတိုက်အခံပြုလျက်ပြောဆိုနေကြပါသည်။ လူထုအနေဖြင့်ယင်းအလင်းတရားတော်ကိုအာရုံမစူးစိုက်နိုင်စေရန်စာတန်ကမည်မျှပင်အတားအဆီးအကာအကွယ်များပြုလုပ်နေစေကာမူ ဘုရားသခင်၏ကောင်းကင်တမန်များကမူ သူတို့၏တာဝန်ကိုဆက်လက်ဆောင်ရွက်နေပါသည်။

အလင်းတရားကိုလက်ခံထားသောသူများဝမ်းသာအားရဖြစ်နေပုံပေါ်ပါသည်။ သူတို့သည်ကောင်းကင်သို့သာအမြဲတစေမျှော်ကြည့်လျက် ယေရှုကြွလာဖို့ကိုသာတမ်းတနေကြပါသည်။ အချို့သောသူများစိတ်ပင်ပန်းခြင်းပြင်းပြသောကြောင့်မျက်ရည်ကျလျက်ဆုတောင်းပတ္ထနာပြုနေကြပါသည်။ ကောင်းကင်သို့မကြည့်ရဲသောကြောင့်ကိုယ့်ကိုကိုယ်စိုက်၍ကြည့်နေကြပုံပေါ်ပါသည်။ ထိုအခါသူတို့အပေါ်သို့ ကောင်းကင်မှအလင်းရောင်ရောက်ရှိလာပြီးလျှင် ကျရောက်နေသောမှောင်မိုက်ကိုခွင်းလိုက်ရာ စိတ်ပျက်အားလျော့သဖြင့် ကိုယ့်ကိုကိုယ်စိုက်၍ကြည့်နေကြရာမှ ကောင်းကင်သို့မော့၍ကြည့်လျက်သန့်ရှင်းသောဝမ်းမြောက်ခြင်းဖြင့် ကျေးဇူးတော်ကိုချီးမွမ်းနိုင်ကြလေ၏။ သစ္စာတည်မြဲစွာဖြင့်စောင့်မျှော်နေသောသူများအား ယေရှုနှင့်ကောင်းကင်ဗိုလ်ခြေများကကျေနပ်နှစ်သက်စွာကြည့်နေကြပါသည်။

ပထမကောင်းကင်တမန်၏သတင်းစကားနှင့်ဆိုင်သော အလင်းတရားကိုအတိုက်အခံပြုငြင်းပယ်သောသူများသည် ဒုတိယကောင်းကင်တမန်၏သတင်းစကားဆိုင်ရာအလင်းတရားကို မရရှိနိုင်သောကြောင့် "ကြည့်ပါ၊ မင်္ဂလာဆောင်လုလင်သည်လာပြီ" ဟု ကြွေးကြော်သည့်သတင်းစကားနှင့်ဆက်စပ်လျက်ရှိသောဘုန်းတော်နှင့်တန်ခိုးတော်များကိုခံစားခွင့်မရှိကြတော့ပါ။ သူတို့သည်ယေရှုကိုမခန့်မညားပြု၍ငြင်းပယ်ကြသောကြောင့် ကိုယ်တော်သည်သူတို့အားမျက်မှောင်ကုပ်၍ကြည့်နေတော်မူ၏။ ဘုရားသခင်မကြိုက်မနှစ်သက်အောင်ပြုလုပ်မိမည်ကိုအလွန်စိုးရိမ်ကြပါသောကြောင့် ကိုယ်တော်၏အလိုတော်ကိုသိနားလည်းရန်အမြဲတစေ ဆုတောင်းပတ္ထနာပြုလျက် သတိဝီရိယနှင့်စောင့်နေကြပါသည်။ ယင်းအလင်းတရားကို ဘုရားသခင်၏လူများမတွေ့မသိရလေအောင် စာတန်နှင့်သူ၏တမန်များက နည်းလမ်းရှာဖွေနေကြသော်လည်း ကိုယ်တော်ကိုစောင့်မျှော်နေသူများအနေဖြင့် ထိုအလင်းတရားကိုမြတ်နိုးလျက် မြေကြီးဆိုင်ရာကိုမကြည့်ဘဲ ယေရှုကိုသာမျှော်မှန်း၍အာရုံစိုက်နေကြပါက စာတန်အနေဖြင့်ယင်းတန်ဖိုးကြီးသောအလင်းတရားကို သူတို့ထံမှလုယူနိုင်သည့်တန်ခိုးမရှိဟုကျွန်မမြင်ရပါသည်။ ကောင်းကင်မှပေးပို့သောသတင်းစကားကြောင့်စာတန်နှင့်သူ၏တမန်များ အမျက်ဒေါသထွက်ကြသဖြင့် ယေရှုကိုချစ်မြတ်နိုးပါသည်ဟုအဆိုပြုသော်လည်း ကိုယ်တော်ကြွလာတော်မူမည်ကို မလိုလားသောသူများအနေဖြင့် သစ္စာတည်မြဲ၍ ယုံကြည်ကိုးစားသောသူများအားပြောင်လှောင်ပြက်ရယ်ပြုရန်စာတန်ခေါင်းဆောင်နေပါသည်။ သို့သော်ဘုရားသခင်၏သားသမီးများအားသူတို့၏ညီအစ်ကိုအမည်ခံသူများက စော်ကားမော်ကား၊ မခန့်မညား၊ မတရားပြုသမျှတို့ကိုကောင်းကင်တမန်တစ်ပါးကမှတ်တမ်းတင်ထားပါသည်။

ယေရှုကြွလာတော်မူခြင်းကို မနှစ်သက်သောညီအစ်ကိုများ၊ ကိုယ်တော်ဒုတိယအကြိမ်ကြွလာတော်မူမည့်အကြောင်းကိုမဆွေးနွေးလိုသောသူများနှင့်လူအများခွဲခွာ၍ "ကြည့်ပါ၊ မင်္ဂလာဆောင်လုလင်သည်လာပြီ"ဟု အသံမြှင့်၍ကြွေးကြော်လျက် ထွက်သွားကြလေ၏။ ကိုယ်တော်ကြွလာတော်မူမည့်အကြောင်းကိုငြင်းပယ်၍မလေးမစားပြုသူများအား ယေရှုမျက်နှာလွှဲတော်မူလျက် မိမိ၏လူတို့မညစ်ညူးစေရလေအောင် မသန့်ရှင်းသူများအထဲမှ ထုတ်ဆောင်ခဲ့ရန်ကောင်းကင်တမန်တို့အားညွှန်ကြားတော်မူ၏။ သတင်းစကားတော်အတိုင်းလိုက်နာသောသူများသီးခြားခွဲထွက်၍ တစ်စည်းတစ်လုံးတည်းစုရုံးနေထိုင်ကြရာ သူတို့အပေါ်တွင်သန့်ရှင်းသောအလင်းရောင်ထွန်းထောက်နေပါသည်။ သူတို့သည်ဤလောကကိုလည်းကောင်း၊ ယခုဘဝအကျိုးခံစားမှုများကိုလည်းကောင်း၊ လောကီဥစ္စာဘဏ္ဍာများကိုလည်းကော်င်း စွန့်လွှတ်ပြီးလျှင် သူတို့ရှိသေမြတ်နိုးသောရွေးနုတ်ရှင်ကိုဖူးတွေ့ရန် ကောင်းကင်သို့စိတ်ရောကိုယ်ပါစိုက်ကြည့်နေကြပါသည်။ သူတို့၏မျက်နှာများပေါ်တွင် သန့်ရှင်းသောအလင်းတရားရောင်ပြန်ဟပ်နေသဖြင့် သူတို့၏စိတ်နှလုံးများအတွင်းငြိမ်သက်ခြင်းနှင့်ဝမ်းမြောက်ခြင်းတည်မြဲနေကြောင်းပေါ်လွင်ထင်ရှားနေပါသည်။ သူတို့သည်စစ်ဆေးစမ်းသပ်ခြင်းတည်းဟူသောဒုက္ခဆင်းရဲခြင်းများနှင့်ရင်ဆိုင်ရန်အချိန်နီးကပ်လာပြီဖြစ်သောကြောင့် အားပေးထောက်ပံ့ရန်ယေရှုသည်ကောင်းကင်တမန်များအားစေလွှတ်ထားတော်မူ၏။ ထိုစောင့်မျှော်နေသောသူများအနေဖြင့်လိုအပ်သည့်အတိုင်း စစ်ဆေးစမ်းသပ်ခြင်းမခံရသေးသည်ကို ကျွန်ုပ်မြင်ရပါသည်။ သူတို့သည်လည်းအမှားနှင့်ကင်းစင်ကြသည်မဟုတ်ပါ။ မြေကြီးသားတို့အားသတိပေးနိုးဆော်ခြင်းပြုရာ၌ ဘုရားသခင်၏ကျေးဇူးတော်ကြီးပုံနှင့်ကောင်းမြတ်

တော်မူပုံကိုလည်းကောင်း၊ မိမိတို့၏စိတ်နှလုံးများကိုဂရုတစိုက်စစ်ဆေးကြရန်အကြိမ်ကြိမ်အဖန်ဖန်သတိပေးတော်မူပုံကိုလည်းကောင်း၊ တစ်ပါးအမျိုးသားတို့၏ဘဝနှင့်ဘုရားမဲ့တရားမဲ့နေခဲ့ကြသည့်အချိန်များကသက်ဝင်ယုံကြည်လာသည့်အယူဝါဒမှားများ ပပျောက်ရေးအတွက်ကျမ်းစာကိုလေ့လာဆည်းပူးကြရန်နှိုးဆော်တော်မူပုံကိုလည်းကောင်းကျွန်ုပ်မြင်ရပါသည်။ ဘုရားသခင်သည်မိမိ၏လူများအားပို၍ကြီးမြတ်တော်မူသောတန်ခိုးတော်ဖြင့်လုပ်ဆောင်ပေးရန်အတွက်လည်းကောင်း၊ သူတို့အနေဖြင့်ကိုယ်တော်၏ပညတ်တော်များကိုစောင့်ထိန်းနိုင်သည့်နေရာတွင် ရှိနေစေရန်အတွက်လည်းကောင်း ယင်းသတင်းစကားများကိုပေးပို့ခြင်းဖြင့် မိမိ၏လူများအားခွဲထုတ်တော်မူ၏။

---ooo---

## သန့်ရှင်းရာဌာနတော်

မျှော်လင့်တောင့်တနေကြသောအချိန်တွင် ယေရှုကိုမဖူးမတွေ့ရကြသည့်အတွက် ဘုရားသခင်၏လူတို့ပြင်းပြင်းပြပြစိတ်ပျက်နေကြပုံကိုကျွန်မအားညွှန်ပြတော်မူပါသည်။ ပုရောကဖက်အနာဂတ်ဆိုင်ရာအချိန်ကာလအပိုင်းအခြားမကုန်ဆုံးသေးကြောင်းခိုင်လုံသည့်သက်သေအထောက်အထားဟူ၍ သူတို့မတွေ့မသိရကြသဖြင့် သူတို့၏ကယ်တင်ရှင်မည်သည့်အတွက်ကြွမလာသေးသည်ကိုသူတို့နားမလည်နိုင်ကြပါ။ ထိုအခါကောင်းကင်တမန်က "ဘုရားသခင်၏နှုတ်ကပါဠ်တော်များနေသလား၊ ဘုရားသခင်သည်မိမိ၏ကတိတော်များကိုမဖြည့်မဆည်းဘဲထားတော်မူပါသလား၊ မဟုတ်ပါ၊ ကိုယ်တော်၏ကတိတော်အားလုံးအချိန်မီပြည့်စုံပြီးဖြစ်၏။ ယေရှုထမြောက်တော်မူပြီးဖြစ်၍ကောင်းကင်သန့်ရှင်းရာဌာနတော်၏ သန့်ရှင်းသောအခန်းတံခါးကိုပိတ်ပြီးလျှင်သန့်ရှင်းရာဌာနတော်ကိုဆေးကြောရန် အသန့်ရှင်းဆုံးသောအခန်းတံခါးကိုဖွင့်၍ဝင်တော်မူ၏။ သည်းခံ၍စောင့်နေသောသူတိုင်း ယင်းနက်နဲသောအကြောင်းအရာကိုနားလည်းသဘောပေါက်ကြလိမ့်မည်။ လူတို့မှားယွင်းကြသော်လည်း ဘုရားသခင်ဘက်မှချွတ်ယွင်းချက်မရှိပါ။ ဘုရားသခင်ကတိထားတော်မူသမျှပြီးမြောက်အောင်မြင်ခြင်းသို့ရောက်လေပြီ။ သို့သော်ပုရောဖက်အနာဂတ်စကားဆိုင်ရာအချိန်ကာလအပိုင်းအခြားပြီးဆုံးချိန်တွင် ဆေးကြောရမည့်သန့်ရှင်းရာဌာနတော်မှာဤကမ္ဘာမြေကြီးဖြစ်သည်ဟု လူတို့မှားယွင်းယုံကြည်ထားခဲ့ကြ၏။ ၎င်းမှာလူတို့၏အယူအဆချွတ်ယွင်းမှုသာဖြစ်၍ ဘုရားသခင်၏ကတိတော်မပြည့်စုံခြင်းမဟုတ်" ဟု ကောင်းကင်တမန်ကရှင်းပြပါသည်။

အသန့်ရှင်းဆုံးသောအခန်းသို့စိတ်ပျက်နေသူများအာရုံစိုက်ကြ ရန်လမ်းညွှန်ရေးအတွက် ယေရှုသည်ကောင်းကင်တမန်များကိုစေလွှတ် တော်မူ၏။ ကိုယ်တော်သည် ထိုအသန့်ရှင်းဆုံးသောအခန်း၌ သန့်ရှင်း ရာဌာနတော်ကိုဆေးကြောသုတ်သင်တော်မူပြီးလျှင် တ္တသရေလအ တွက် အထူးအပြစ်ဖြေလွှတ်ခြင်းအမှုကို ပြုနေတော်မူ၏။ ကိုယ်တော် ကိုတွေ့သောသူတိုင်းကိုယ်တော်ဆောင်ရွက်တော်မူရမည့် အမှုတော် ကိုနားလည်းကြပေလိမ့်မည်ဟု ကော်ငေးကင်တမန်တို့အားယေရှုမိန့်မှာ တော်မူ၏။ ယေရှုသည်အသန့်ရှင်းဆုံးသောအခန်း၌ရှိတေတော်မူစဉ် ကိုယ်တော်သည်ယေရုရှလက်မြို့တော်သစ်နှင့်ထိမ်းမြားတော်မူပြီးလျှင် ယင်းအသန့်ရှင်းဆုံးသောအခန်း၌ မိမိ၏အမှုတော်ပြီးဆုံးသောအခါ ကိုယ်တော်သည်ဘုရင်ကြီး၏ဘုန်းတန်ခိုးအာနုဘော်တော်ကိုဆောင် လျက် ဤကမ္ဘာမြေကြီးပေါ်သို့ကြွဆင်းလာပြီးလျှင်း ကိုယ်တော်ကြွ လာတော်မူခြင်းကိုစိတ်ရှည်စွာစောင့်မျှော်နေကြသောမြတ်နိုးသူများအား မိမိ၏ထံတော်သို့သိမ်းယူတော်မူလိမ့်မည်ဟု ကျွန်မမြင်ရပါသည်။ ပုရောကဖက်အနာဂတ်စကားဆိုင်ရာ အချိန်ကာလအပိုင်းအခြား များကုန်ဆုံးသည့် ၁၈၄၄ ခုနှစ်က ကောင်းကင်ဘုံတွင်ဖြစ်ပေါ်သည့် အကြောင်းအရာများကိုကျွန်မအားဖေါ်ပြတော်မူပါသည်။ သန့်ရှင်းသော အခန်း၌ယေရှု၏အမှုတော်ပြီးဆုံးသဖြင့် ထိုအခန်းတံခါးကိုပိတ်တော် မူသောအခါ ကိုယ်တော်ကြွလာဓတ်မူခြင်းဆိုင်ရာ သတင်းစကား ကိုကြားရကြသော်လည်းလက်ခံသောသူများအပေါ်သို့မှောင်မိုက်ဖုံး လွှမ်းသဖြင့်ကိုယ်တော်အားသူတို့မဖူးမမြင်ရကြတော့ပါ။ ထိုအခါယေရှု သည် မြတ်တော်မူသောဝတ်ရုံများကိုဆင်မြန်းတော်မူ၏။ ကိုယ်တော် ၏ဝတ်ရုံတော်အောက်စွန်းနားပတ်လည်တွင် တလည်းသီးတစ်လုံး၊ ရွှေဆည်းလည်းတစ်လုံးစီခြားလျက်အစဉ်အတိုင်းဆွဲထားပါသည်။ ထူး

ဆန်းစွာစီမံထားသောဗျာဒိတ်ရင်ဖုံးကို ပခုံးတော်ပေါ်မှတွဲလောင်းဆွဲထားပါသည်။ ကိုယ်တော်လှုပ်ရှားတော်မူသောအခါ ထိုဗျာဒိတ်ရင်ဖုံးပေါ်တွင်ရေးထားသယောင်ယောင်၊ ထွင်းထားသယောင်ယောင်နှင့် အမည်နာမများဟု ထင်ရသောစလုံးများပို၍ကြီးလာပုံပေါ်လျက် ရင်ဖုံးတော်တစ်ခုလုံးတွင်စိန်များပမာပြိုးပြိုးပြက်ပြက်နေပါသည်။ ကိုယ်တော်၏ခေါင်းတော်ပေါ်တွင်သရဖူနှင့်သ P ² နိတူသောအပေါင်းတော်တစ်ခုကိုဆောင်ထားပါသည်။ ကိုယ်တော်သည်ဝတ်ရုံအပြည့်အစုံကို ဆင်မြန်းတော်မူပြီးသောခါ ကောင်းကင်တမန်အပေါင်းခြံရံလျက် မီးလျှံတောက်သောရထားတော်ကိုစီးပြီးလျှင် ဒုတိယကန့်လန့်ကာအတွင်းသို့ဝင်တော်မူ၏။

ထိုအချိန်တွင်ကောင်းကင်သန့်ရှင်းရာဌာနတော်၌အခန်းနှစ်ခန်းရှိပုံကိုသတိပြုရန် ကျွန်မအားညွှန်ကြားတော်မူ၏။ ကန့်လန့်ကာသို့မဟုတ်တံခါးပွင့်နေသဖြင့် ကျွန်မဝင်ခွင့်ရခဲ့ပါသည်။ ပထမအခန်းတွင်မီးခုံတိုင်နှင့်မီးခွက်ခုနစ်လုံး၊ ရှေ့တော်မုန့်တင်ထားသောစားပွဲ၊ နံ့သာပေါင်းမွှေးပူဇော်ရာပလ္လင်နှင့်လင်ပန်းကိုကျွန်မတွေ့ရပါသည်။ ယင်းအခန်းတွင်း၌ရှိသောအသုံးအဆောင်အားလုံး ရွှေစင်စစ်ကဲ့သို့ဖြစ်၍ ယင်းအခန်းတွင်းသို့ဝင်သောသူကို ရောင်ပြန်ဟပ်စေပါသည်။ အခန်းနှစ်ခန်းကိုသီးသန့်ထားသည့် ကန့်လန့်ကာကိုအရောင်စုံ၊ ပစ္စည်းစုံဖြင့် မွမ်းမံထားပြီးလျှင်အောက်စွန်းတွင်လှပတင့်တယ်စွာအနားကွပ်ထားပါသည်။ ယင်းကွပ်ထားသောအနားပေါ်တွင်ကောင်းကင်တမန်ပုံများကိုရွှေဖြင့်ရုပ်လုံးဖော်ထားပါသည်။ ယင်းကန့်လန့်ကာကိုမြှင့်တင်လိုက်ရာဒုတိယအခန်းတွင်းသို့ကြည့်ရှုခွင့်ရသဖြင့် အကောင်းဆုံးရွှေဖြင့်ပြုလုပ်ထားပုံရသည့် သေတ္တာတစ်လုံးကိုမြင်ရပါသည်။ သေတ္တာအပေါ်နားပတ်လည်၌ ကွပ်ထားသောရွှေတန်ဆာပေါ်တွင် သရဖူပုံများကို

ရုပ်လုံးဖေါ်ထားပါသည်။ သေတ္တာတွင်း၌ပညတ်တော်ဆယ်ပါးကို အက္ခရာတင်ထားသည့်ကျောက်ပြားနှစ်ပြားရှိပါသည်။

ချစ်ဖွယ်ရာသောခေရုဗိမ်နှစ်ပါးသည်သေတ္တာအပေါ်တစ်ဖက် စွန်းစီတွင်ရပ်လျက်ကရုဏာပလ္လင်တော်ရှေ့တွင်ရပ်နေတော်မူသော ယေရှု၏ဦးခေါင်းတော်ကိုကျော်လွန်၍ မိမိတို့၏အတောင်များကို တစ်ခုနှင့်တစ်ခုထိအောင်ဖြန့်ထားကြပါသည်။ သူတို့သည်တစ်ဦးနှင့် တစ်ဦးမျက်နှာမူလျက်သေတ္တာတော်ကိုငုံ့၍ကြည့်နေကြသည်မှာ ကောင်းကင်ဗိုလ်ခြေတို့သည်ဘုရားသခင်၏ပညတ်တော်များကိုစိတ် ပါဝင်စားစွာဖြင့်ကြည့်နေကြသည်ကို ကိုယ်စားပြုထားပါသည်။ ခေရုဗိမ်နှစ်ပါး၏အလယ်တွင် ရွှေလင်ပန်းတစ်ခုရှိသည်ဖြစ်ရာ သန့် ရှင်းသူများယုံကြည်စွာဖြင့်တောင်းလျှောက်ကြသည့် ပတ္ထနာသံများ သခင်ယေရှုထံတော်သို့တက်လာသောအခါ ကိုယ်တော်သည်ခမည်း တော်ထံသို့ဆက်လက်တင်ဆက်တော်မူရာတွင် လင်ပန်းရှိနံ့သာပေါင်း မှမွှေးကြိုင်သောရနံ့သည် ရောင်စုံမီးခိုးပမာလုပတင့်တယ်စွာခမည်း တော်ဘုရားသခင်၏အထံတော်သို့တက်လေ၏။ သေတ္တာတော်ရှေ့ သခင်ယေရှုရပ်နေတော်မူသည့်နေရာအပေါ်ဘက်တွင် ကျွန်ုပ်မ၏မျက်စိ ဖြင့်မကြည့်မရှုနိုင်လောက်အောင်ထူးကဲစွာထွန်းတောက်သော ဘုန်း တော်ရောင်ခြည်ရှိနေပါသည်။ ၎င်းမှာဘုရားသခင်၏ပလ္လင်တော်ဟု မှတ်ယူရပါသည်။ မွှေးကြိုင်သောနံ့သာပေါင်းသည် ခမည်းတော်ထံသို့ တက်သောအခါ အလွန်မြတ်တော်မူသည့်ဘုန်းတော်သည် ပလ္လင်တော် မှသခင်ယေရှုထံတော်သို့ရောက်လာပြီးလျှင် ကိုယ်တော်၏မေတ္တာ တော်မှတစ်ဆင့် မွှေးကြိုင်သောနံ့သာပေါင်းပမာ ဆုတောင်းပတ္ထနာ ပြုသူများထံသို့သက်ဆင်းလေ၏။ အလင်းရောင်သည် သခင်ယေရှု အပေါ်သို့ကြွယ်ဝများပြားစွာသက်ရောက်ပြီးလျှင် ကရုဏာပလ္လင်တော်

ကိုလွှမ်းမိုးလေ၏။ ကိုယ်တော်၏ဘုန်းတော်သည်လည်း ဗိမာန်တော်ကို ဖြည့်လေ၏။ ထူးကဲစွာထွန်းတောက်နေသည့်ဘုန်းတော်အရောင်ကိုလည်း ကျွန်မကြာမြင့်စွာမကြည့်နိုင်တော့ပါ။ ယင်းထွန်းတောက်နေပုံကိုလူတို့၏ဘာသာစကားဖြင့်လည်းမဖော်ပြနိုင်ပါ။ ထိုကြောင့်ဘုန်းတန်ခိုးအာနုဘော်နှင့်ပြည့်စုံတော်မူသောယင်းမြင်ကွင်းမှကျွန်မမျက်နှာလွှဲလိုက်ရပါတော့သည်။

အခန်းနှစ်ခန်းပါဝင်သော ဤကမ္ဘာမြေကြီးပေါ်ရှိသန့်ရှင်းရာဌာနတော်တစ်ဆောင်ကိုလည်း ကျွန်မအားညွှန်ပြခတ်မူပါ၏။ ကောင်းကင်သန့်ရှင်းရာဌာနတော်နှင့်ပုံသဏ္ဍာန်တူညီသည်ဖြစ်ရာ ၎င်း၏အရိပ်ဖြစ်ကြောင်းသိရပါသည်။ ထိုမြေကြီးပေါ်ရှိသန့်ရှင်းရာဌာနတော်၏ပထမအခန်းမှအသုံးအဆောင်ပစ္စည်းများသည်ကောင်းကင်သန့်ရှင်းရာဌာနတော်၏ပထမအခန်းမှအသုံးအဆောင်ပစ္စည်းများနှင့်တူညီပါသည်။ ကန့်လန့်ကာကိုမြှင့်တင်လိုက်သောအခါ အသန့်ရှင်းဆုံးသောအခန်းကိုလည်းကျွန်မကြည့်ရှုရပါသည်။ ၎င်းအခန်းတွင်ရှိသောအသုံးအဆောင်များမှာလည်း ကောင်းကင်သန့်ရှင်းရာဌာနတော်၏အသန့်ရှင်းဆုံးသောအခန်းမှပစ္စည်းများနှင့်တူညီပါသည်။ မြေကြီးဆိုင်ရာသန့်ရှင်းရာဌနတော်တွင် ယဇ်ပုရောဟိတ်သည်ခန်းနှစ်ခန်းလုံးတွင်အမှုဆောင်ရွက်ရပါသည်။ ပထမအခန်းသို့နေ့စဉ်ဝင်ရောက်ရသော်လည်းအသန့်ရှင်းဆုံးသောအခန်းသို့ တစ်နှစ်လျှင်တစ်ကြိမ်သာဝင်ရပါသည်။ ထိုသို့ဝင်ရခြင်းမှာယင်းအခန်းတွင်းသို့ပို့ထားသောအပြစ်များကိုဆေးကြောသုတ်သင်ရန်အတွက်ဖြစ်ပါသည်။ သခင်ယေရှုသည်လည်း ကောင်းကင်သန့်ရှင်းရာဌာနတော်၏အခန်းနှစ်ခန်းလုံးတွင်အမှုတော်ဆောင်ရွက်ရသည်ဟု ကျွန်မမြင်ရပါသည်။ အပြစ်ဖြေရာပူဇော်သက္ကာရတစ်ရပ်ဖြစ်တိရစ္ဆာန်တစ်ကောင်း၏အသွေးကိုယူလျက်

ယဇ်ပုရောဟိတ်များမြေကြီးပေါ်ရှိသန့်ရှင်းရာဌာနတော်သို့ဝင်ကြပါသည်။ ခရစ်ဓတ်သည်မိမိကိုယ်ပိုင်အသွေးတော်ကိုအပြစ်ဖြေရာမှုဇော်သက္ကာရအဖြစ်ယူဆောင်လျက်ကောင်းကင်သန့်ရှင်းရာဌာနတော်သို့ဝင်တော်မူ၏။ မြေကြီးဆိုင်ရာယဇ်ပုရောဟိတ်များ သေဆုံးကြသောအခါ ရာထူးမှနုတ်ပယ်ခြင်းခံရကြသဖြင့် အချိန်ကာလကြာမြင့်စွာအမှုတော်ကိုမထမ်းဆောင်နိုင်ကြသော်လည်း သခင်ယေရှုမူကားထာဝရယဇ်ပုရောဟိတ်မင်းဖြစ်တော်မူ၏။ မြေကြီးပေါ်ရှိသန့်ရှင်းရာဌာနတော်သို့ ယူဆောင်ခဲ့ကြသောယဇ်နှင့်ပူဇော်သက္ကာရများအားဖြင့်ဣသရေလလူတို့သည်ကြွလာတော်မူလတ္တံ့သော ကယ်တင်ရှင်၏ကျေးဇူးတော်ကိုခံစားကြရန်ဖြစ်ပါသည်။ မြေကြီးပေါ်ရှိသန့်ရှင်းရာဌာနတော်၏အသေးစိတ်ဆောင်ရွက်ပုံများကိုလေ့လာခြင်းဖြင့်ကျွန်ုပ်တို့သည် ကောင်းကင်သန့်ရှင်းရာဌာနတော်တွင်ခရစ်တော်ဆောင်ရွက်သည့်အမှုတော်ကိုနားလည်သဘောပေါက်ရန် ဘုရားသခင်သည်ဉာဏ်ပညာအမြော်အမြင်ကြီးစွာဖြင့်စီမံထားတော်မူ၏။

လက်ဝါးကပ်တိုင်ပေါ်တွင်သခင်ယေရှုသည် “အမှုပြီးပြီ” ဟုမိန့်တော်မူပြီးမှအသက်ကိုစွန့်တော်မူ၏။ ထိုအချိန်တွင် ဗိမာန်တော်၏ကန့်လန့်ကာသည်အထက်စွန်းမှအောက်စွန်းတိုင်အောင်နှစ်ဖြာကွဲလေ၏။ ထိုသို့ဖြစ်ရခြင်းမှာ မြေကြီးဆိုင်ရာသန့်ရှင်းရာဌာနတော်အတွင်းအမှုဆောင်ရွက်ခြင်းအားလုံးကိုထာဝရရပ်စဲလိုက်ပြီဖြစ်ကြောင်း၊ ဘုရားသခင်သည်ထိုမြေကြီးဆိုင်ရာဌာနတော်တွင်ပူဇော်သက္ကာရများကိုလက်ခံရန် ယဇ်ပုရောဟိတ်များနှင့်တွေ့ဆုံတော့မည်မဟုတ်ကြောင်းများကိုဖော်ပြခြင်းဖြစ်ပါသည်။ ထိုအချိန်ကယိုစီးခဲ့သောသွေးတော်ဖြင့်ယေရှုကိုယ်တိုင် မှုဇော်ရန်ဖြစ်ပါသည်။ ယဇ်ပုရောဟိတ်မင်းသည်

တစ်နှစ်လျှင်တစ်ကြိမ်မြေကြီးပေါ်ရှိသန့်ရှင်းရာဌာနတော်ကိုဆေး ကြောရန် အသန့်ရှင်းဆုံးသောအခန်းတွင်းသို့ဝင်ရောက်ရသည့်နည်း တူ သခင်ယေရှုသည် ဒံယေလအနာဂတ္တိကျမ်း ၈ တွင်ဖော်ပြထားသည့် ရက်ပေါင်း ၂၃၀၀ ကုန်ဆုံးသည့် ၁၈၄၄ ခုနှစ်တွင် ကောင်းကင် သန့်ရှင်းရာဌာန၏အသန့်ရှင်းဆုံးသောအခန်းတွင်းသို့ဝင်ရောက်တော် မူလျက် ကိုယ်တော်၏ကြားဖျန်ဖြေရေးအမှုတွင် ခံစားခွင့်ရှိသူအပေါင်း အားအပြီးသတ်အပြစ်ဖြေလွှတ်ခြင်းဖြင့် ကောင်းကင်သန့်ရှင်းရာဌာန တော်ကိုဆေးကြောရန်ဖြစ်ပါသည်။

---ooo---

## တတိယကောင်းကင်တမန်၏
## သတင်းစကား

သခင်ယေရှုသည်သန့်ရှင်းသောအခန်းတွင်အမှုတော်ဆောင်ရွက်၍ပြီးဆုံးသောအခါ အသန့်ရှင်းဆုံးသောအခန်းသို့ဝင်တော်မူပြီးလျှင် ဘုရားသခင်၏ပညတ်တော်ထားရှိရာသေတ္တာတော်ရှေ့တွင်ရပ်တော်မူလျက် တန်ခိုးကြီးသောအခြားကောင်းကင်တမန်တစ်ပါးအားတတိယသတင်းစကားတစ်ရပ်ဖြင့် ဤကမ္ဘာလောကသို့စေလွှတ်တော်မူ၏။ ကောင်းကင်တမန်သည်သားရေလိပ်ကိုကိုင်လျက် မြေကြီးပေါ်သို့ဘုန်းတန်ခိုးကြီးစွာငြင်ဖွဲ့ ဆင်းသက်လာစဉ် လူတို့ကြားဖူးသည့်ခြိမ်းခြောက်မှုများအနက် ကြောက်မက်ဖွယ်အကောင်းဆုံးဖြစ်သောနှိုးဆော်ချက်ကိုကြေညာလိုက်ပါသည်။ ဘုရားသခင်၏သားသမီးများသည် မိမိတို့ထံသို့ရောက်လာလတ္တံ့သောစုံစမ်းနှောင့်ယှက်ခြင်းနှင့်စိတ်ဒုက္ခကိုယ်ဒုက္ခများကိုသတိဝီရိယနှင့်ကာကွယ်တားဆီးရင်ဆိုင်နိုင်ကြစေရန်ကြိုရွယ်တော်မူလျက်ယင်းသတင်းစကားကိုပေးပို့တော်မူ၏။ "သူတို့သည်သားရဲနှင့်သူ၏ရုပ်တုကိုအနီးကပ်တိုက်ပွဲဆင်ရကြလိမ့်မည်။ ထာဝရအသက်အတွက်သူတို့၏တစ်ခုတည်းသောမျှော်လင့်ချက်မှာသစ္စာတည်မြဲရန်ဖြစ်၏။ သူတို့၏အသက်ဘေးအန္တရာယ်ကြီးသော်လည်း သမ္မာတရားတော်ကိုစွဲစွဲမြဲမြဲဆုပ်ကိုင်ထားကြရမည်" ဟု ကောင်းကင်တမန်ကပြောပါသည်။ တတိယကောင်းကင်တမန်က "ဘုရားသခင်၏ပညတ်တို့ကိုလည်းကောင်း၊ ယေရှု၏ယုံကြည်ခြင်းကိုလည်းကောင်းစောင့်ရှောက်သောသန့်ရှင်းသူတို့သည် ဤအရာ၌သည်းခံစရာအကြောင်းရှိ" ဟုကြွေးကြော်၍သူ၏သတင်းစကားကို

အဆုံးသတ်လိုက်ပါသည်။ ကောင်းကင်တမန်သည်ကောင်းကင်သန့်ရှင်းရာဌာနတော်ကိုလက်ညှိုးညွှန်လျက် ယင်းစာသားများကိုရွတ်ဆိုနေပါသည်။ ဤသတင်းစကားကိုကြား၍ နှလုံးပိုက်သောသူတို့၏စိတ်အာရုံများသည်သေတ္တာတော်ရှေ့တွင်ရပ်နေတော်မူသော သခင်ယေရှုရှိရာ အသန့်ရှင်းဆုံးသောအခန်းသို့ရောက်သွားကြပါသည်။ ထိုနေရာ၌သခင်ယေရှုသည်ကရုဏာတော်ရပ်သိမ်းခြင်းမခံရသေးသောသူများနှင့်ဘုရားသခင်၏ပညတ်တော်ကိုမသိနားမလည်၍ ချိုးဖေါက်မိသူများအတွက်အပြီးသတ်ဖျန်ဖြေသည့်အမှုတော်ကိုဆောင်ရွက်နေပါသည်။ ဤအပြစ်ဖြေခြင်းအမှုတော်သည်စုတေပြီးသောဖြောင့်မတ်သူများနှင့်အသက်ရှင်လျက်ရှိသေးသည့် ဖြောင့်မတ်သူများအတွက်ဖြစ်ပါသည်။ ၎င်းအပြင်ဘုရားသခင်၏ပညတ်တော်များနှင့်သက်ဆိုင်သည့်ကျင့်ဝတ်များကိုမသိနားမလည်သောကြောင့် ကျူးလွန်မိသည့်အပြစ်ရှိသော်လည်း ခရစ်တော်အားယုံကြည်ကိုးစားလျက်စုတေသွားသောသူများသည်လည်းပါဝင်ပါသည်။

သခင်ယေရှုသည်အသန့်ရှင်းဆုံးသောအခန်းတံခါးကိုဖွင့်ပြီးသောအခါ ဥပုသ်နေ့ဆိုင်ရာအလင်းတရားကိုတွေ့မြင်ရပါသည်။ ထိုအခါဘုရားသခင်၏ပညတ်တော်များကိုစောင့်ထိန်းခြင်းရှိမရှိရှေးဣသရေလလူတို့စစ်ဆေးစမ်းသပ်ခြင်းခံခဲ့ရကြသည်နည်းတူ ဘုရားသခင်၏လူများသည်လည်း စစ်ဆေးစမ်းသပ်ခြင်းကိုခံရကြပါသည်။ တတိယကောင်းကင်တမန်သည် ကောင်းကင်သို့လက်ညှိုးညွှန်လျက်စိတ်ပျက်နေသောသူများအား ကောင်းကင်သန့်ရှင်းရာဌာနတော်၏အသန့်ရှင်းဆုံးသောအခန်းသို့သွားရာလမ်းကိုညွှန်ပြနေပုံကိုကျွန်မမြင်ရပါသည်။ သူတို့သည်လည်းယုံကြည်ခြင်းဖြင့်အသန့်ရှင်းဆုံးသော

အခန်းသို့ဝင်ကြသောအခါ သခင်ယေရှုအားတွေ့မြင်ရကြသဖြင့် ဝမ်းမြောက်ခြင်းသစ်နှင့်မြော်လင့်ခြင်းသစ်များကိုတစ်ဖန်ရရှိကြပြန်လေ၏။ သူတို့သည်နောက်သို့လှည့်၍ သခင်ယေရှုဒုတိယအကြိမ်ကြွလာတော်မူမည့်အကြောင်းကိုကြွေးကြော်ခဲ့ကြသည့်အချိန်မှအစပြု၍ ၁၈၄၄ ခုနှစ်ကုန်ဆုံးချိန်အထိသူတို့၏အတိတ်ကအတွေ့အကြုံများကိုပြန်လည်ဆန်းစစ်နေကြပုံကိုကျွန်မမြင်ရပါသည်။ သူတို့စိတ်ပျက်ခဲ့ရသည့်အကြောင်းရင်းများ ရှင်းလင်းသွားပြီးဖြစ်သောကြောင့် ဝမ်းမြောက်ခြင်းနှင့်စိတ်ချလက်ချအမှန်သိရခြင်းများတစ်ဖန်သက်ရှင်နိုးကြားလာပြန်လေ၏။ တတိယကောင်းကင်တမန်သည် အတိတ်၊ ပစ္စုပ္ပန်နှင့်အနာဂတ်ကိုအလင်းရောင်ပေးသဖြင့်ဘုရားသခင်သည်သူတို့အားလျှို့ဝှက်သောလမ်းစဉ်ဖြင့်ပို့ဆောင်လျက်ရှိတော်မူကြောင်းသူတို့နားလည်သဘောပေါက်ကြလေ၏။

ကျန်ကြွင်းသောသူများသည်သခင်ယေရှုရှိတော်မူရာအသန့်ရှင်းဆုံးသောအခန်းသို့လိုက်သွားကြပြီးလျှင် သေတ္တာတော်နှင့်ကရုဏာပလ္လင်တော်ကိုတွေ့မြင်ရကြသဖြင့် ၎င်းတို့၏ဘုန်းကြီးတော်မူပုံများကိုစိတ်စွဲလမ်းနေကြသည်ဟု ကျွန်မအားဖေါ်ပြတော်မူ၏။ ထိုအခါ သခင်ယေရှုသည်သေတ္တာတော်အဖုံးကိုဖွင့်ပြသဖြင့်ပညတ်တော်ဆယ်ပါးကိုအက္ခရာတင်ထားသည့်ကျောက်ပြားနှစ်ပြားကိုတွေ့မြင်ရကြလေ၏။ သူတို့သည်လည်း သက်ရှင်သောဗျာဒိတ်တော်ဆင့်ဆိုချက်များကိုအစဉ်အတိုင်းလိုက်၍ကြည့်ကြရာ သန့်ရှင်းသောကျင့်ဝတ်ဆိုင်ရာပညတ်တော်ဆယ်ပါးတွင်စတုတ္ထပညတ်သို့ ရောက်သောအခါ ထိုပညတ်ပေါ်တွင်ထွန်းတောက်နေသောအလင်းရောင်သည်အခြားပညတ်ကိုးပါးပေါ်တွင်ထွန်းလင်းနေသောအလင်းရောင်ထက်ပို၍ထွန်းလင်းနေသည်ကိုလည်းကောင်း၊ ထိုမျှမက ဘုန်းကြီးသောအလင်း

စက်ဝန်းဖြင့်ယင်းပညတ်တော်ကိုဝန်းရံထားသည်ကိုလည်းကောင်း သူတို့တွေ့မြင်ရကြသောအခါ တုန်လှုပ်၍နောက်သို့တွန့်သွားကြပါသည်။ ဥပုသ်နေ့ကိုဖျက်သိမ်းပြီးကြောင်း၊ သို့မဟုတ်ခုနစ်ရက်တွင် သတ္တမနေ့ရက်မှ ပထမနေ့ရက်သို့ပြောင်းလဲထားကြောင်းများကို လည်းမတွေ့ရကြပါ။ ပညတ်တော်များကိုဖတ်ကြည့်ရာတွင်းလည်းသိနာတောင်ပေါ်တွင်မိုချုန်းခြင်း၊ လျှပ်ပြက်ခြင်းတို့ဖြင့်ကြောက်မက်ဖွယ်ရာမြင့်မြတ်ခမ်းနားစွာကြွေးကြော်ဆင့်ဆိုတော်မူခဲ့သည်အတိုင်းပင်တွေ့ရပါသည်။ ထိုမျှမက "ခြောက်ရက်ပတ်လုံးအလုပ်မျိုးကိုကြိုးစား၍ လုပ်ဆောင်လော့၊ သတ္တမနေ့ရက်သည်သင်၏ဘုရားသခင်ထာဝရဘုရား၏ဥပုသ်နေ့ဖြစ်၏" ဟု ဘုရားသခင်ကိုယ်တော်တိုင်လက်ညှိုးတော်ဖြင့်ကျောက်ပြားနှစ်ပြားပေါ်တွင် အက္ခရာတင်ထားတော်မူခဲ့သည့်အတိုင်းပင်ဖြစ်ပါသည်။ ပညတ်တော်ဆယ်ပါးကို ထိုမျှလောက်ကောင်းမွန်စွာသိမ်းဆည်းထားပုံကိုသူတို့တွေ့မြင်ရကြသောအခါအံ့ဩနေကြပါသည်။ ထိုမျှမကယေဟောဝါအရှင်နှင့်ကပ်လျက်ရှိသောနေရာတွင် ကိုယ်တော်၏သန့်ရှင်းတော်မူခြင်းဖြင့်ကာကွယ်ဖုံးအုပ်ထားပုံကိုလည်းတွေ့မြင်ရကြပါသည်။ ပညတ်တော်ဆယ်ပါးတွင် စတုတ္ထပညတ်ကိုသူတို့နင်းချေ၍ ယေဟောဝါအရှင်သန့်ရှင်းစေတော်မူသည့်နေ့အစာ အခမ္မဝါဒသမားများနှင့်တစ်ပါးအမျိုးသားများက လက်ဆင့်ကမ်းခဲ့သည့်နေ့ကို စောင့်ထိန်းနေကြကြောင်း သူတို့သိကြသောအခါ ဘုရားသခင်ရှေ့တော်တွင် ကိုယ့်ကိုကိုယ်နှိမ့်ချလျက်အတိတ်ကကျူးလွန်မိခဲ့သည့်အပြစ်များအတွက်ဝမ်းနည်းပူဆွေးခြင်းဖြစ်ကြလေ၏။

သူတို့၏ဝန်ချတောင်းပန်ခြင်းများနှင့်ပတ္တနာသံများကိုသခင်ယေရှုသည် ခမည်းတော်ထံသို့တင်ဆက်တော်မူသောအခါလင်ပန်းရှိနံ့သာပေါင်းမွှေးမှမီးခိုးထွက်ပုံကို ကျွန်မမြင်ရပါသည်။ ယင်းမီးခိုး

အထက်သို့တက်နေစဉ် ထွန်းတောက်သောအလင်းရောင်သည် သခင်ယေရှု၏အပေါ်သို့လည်းကောင်း ကရုဏာပလ္လင်ပေါ်သို့လည်းကောင်း သက်ရောက်လေ၏။ ဘုရားသခင်၏ပညတ်တော်ကိုကျူးလွန်မိခဲ့သည့်အတွက် စိတ်ဒုက္ခရောက်သဖြင့်ရှိသေကိုင်းညွတ်စွာဆုတောင်းပတ္ထနာပြုနေသောသူများအပေါ်သို့ကောင်းချီးမင်္ဂလာသွန်းလောင်းတော်မူသဖြင့်မျှော်လင့်ခြင်းနှင့်ဝမ်းမြောက်ခြင်းကိုရ၍ သူတို့၏မျက်နှာများထွန်းတောက်လာကြပါသည်။ ထိုအခါသူတို့သည်တတိယကောင်းကင်တမန်သတင်းစကားလုပ်ငန်းခွင်သို့ ဝင်ရောက်ကြပြီးလျှင် အရေးကြီးသောနှိုးဆော်ချက်ကိုအသံမြှင့်လျက်ကြွေးကြော်ကြပါသည်။ ပထမပိုင်းတွင်လူအနည်းငယ်မျှသာလက်ခံကြသော်လည်း သစ္စာတည်မြဲသောသူများသည်ထက်သန်သောစွမ်းအင်ဖြင့်ဆက်လက်၍ကြွေးကြော်နေကြပါသည်။ ထိုနောက်လူအများတတိယကောင်းကင်တမန်၏သတင်းစကားကိုလက်ခံကြပြီးလျှင် ပထမကြွေးကြော်သူများနှင့်ပူးပေါင်းကြွေးကြော်လျက်ကိုယ်တော်သန့်ရှင်းစေတော်မူသည့်နားရက်ကိုစောင့်ထိန်းခြင်းဖြင့် ဘုရားသခင်အားဂုဏ်ပြုချီးမွမ်းကြလေ၏။

တတိယသတင်းစကားကိုခံယူသောသူအများစုသည် ယခင်သတင်းစကားနှစ်ရပ်တွင် အတွေ့အကြုံမရှိကြပါ။ ထိုအကြောင်းကိုစာတန်ကောင်းစွာနားလည်ထားသဖြင့် ထိုသူများကိုအနိုင်ပြုဖျက်ဆီးရန်မတရားသောမျက်စိဖြင့်စိုက်ကြည့်နေပါသည်။ သို့သော် တတိယကောင်းကင်တမန်က သူတို့အားအသန့်ရှင်းဆုံးသောအခန်းသို့ညွှန်ပြနေပါသည်။ ယခင်သတင်းစကားများတွင်အတွေ့အကြုံများခဲ့သောသူများကလည်း ထိုသူတို့အားကောင်းကင်သန့်ရှင်းရာဌာနတော်သို့သွားရာလမ်းကိုညွှန်ပြနေကြပါသည်။ အများသောသူတို့သည်သတင်းစကားသုံးရပ်တွင် စုံလင်သည့်သစ္စာတရားဆက်စပ်မှုရှိနေကြောင်း

တွေ့သိကြသဖြင့်အစဉ်လိုက်ဝမ်းမြောက်စွာလက်ခံကြပြီးလျှင် ကောင်းကင်သန့်ရှင်းရာဌာနတော်တွင်နေသောသခင်ယေရှုနောက်သို့ယုံကြည်ခြင်းလမ်းစဉ်ဖြင့် လိုက်လျှောက်ကြလေ၏။ ယင်းသတင်းစကားများသည်ဘုရားသခင်၏လူတို့အတွက်ကျောက်ဆူးပမာဖြစ်ကြပါသည်ဟု ကျွန်မအားဖော်ပြတော်မူ၏။ ဤသတင်းစကားများကိုနားလည်သဘောပေါက်၍လက်ခံထားသူများသည် စာတန်၏မြောက်မြားစွာသောမတရားလိမ်လည်မှုရေယာဉ်ကြောတွင်နစ်မျောစရာအကြောင်းမရှိတော့ပါ။

၁၈၄၄ ခုနှစ်တွင် ကြီးစွာသောစိတ်ပျက်ခြင်းနှင့်ရင်ဆိုင်ရကြပြီးနောက်ကျန်ကြွင်းသူလူစု၏ယုံကြည်ခြင်းမငြိမ်မသက်ဖြစ်စေရန်စာတန်နှင့်သူ၏တမန်များကျော့ကွင်းမျိုးစုံဖြင့်အလုပ်ရှုပ်နေကြပါသည်။ ယင်းသတင်းစကားများတွင် အတွေ့အကြုံရှိ၍ စိတ်နှလုံးနိမ့်ချပုံပေါ်သူများကိုသူ့ဘက်သို့ပါအောင် ဆွဲဆောင်နိုင်ခဲ့ပါသည်။ ထိုသူတို့တွင်အချို့သောသူများက ပထမနှင့်ဒုတိယသတင်းစကားများသည်အနာဂတ်ကာလတွင်မှပြည့်စုံကြလိမ့်မည်ဟု ဖော်ညွှန်းကြပါသည်။ အခြားသောသူများကမူ ယင်းသတင်းစကားများမှာ ရှေးပဝေသဏီကပင်ပြည့်စုံခဲ့ကြပြီးဖြစ်သည်ဟု အဓိပ္ပါယ်ဖော်ဆောင်နေကြပါသည်။ ယင်းသုံးသပ်ချက်များသည်အတွေ့ပအကြုံနည်းသောသူများအပေါ်သို့ဩဇာသက်ရောက်မှုရှိနေသဖြင့် သူတို့၏ယုံကြည်ခြင်းကိုဒယိမ်းဒယိုင်ဖြစ်စေ၏။ အချို့သောသူများသည်ကျန်ကြွင်းသူလူစုနှင့်မပူးပေါင်းဘဲကိုယ်ပိုင်ယုံကြည်ခြင်းတိုးတက်ဖွံ့ဖြိုးရေးအတွက်ကျမ်းစာကိုလေ့လာကြပါသည်။ ဤအမှုအရာအားလုံးအတွက် စာတန်ကြည်နူးနေ၏။ အဘယ်ကြောင့်ဆိုသော်သူတို့သည်ကျောက်ဆူးနှင့်ကင်းကွာသွားကြပါက လေမျိုးစုံတိုက်ခတ်မှုကြောင့် တောင်ယိမ်းမြောက်ယိုင်ဖြစ်နေ

ဘိသည့်အလား အယူဝါဒမျိုးစုံဖြင့် အယောင်ယောင်အမှားမှားဖြစ်နေကြလေအောင် သူစွမ်းဆောင်နိုင်မည်ကိုသိထားပါသည်။ ပထမနှင့်ဒုတိယသတင်းစကားတွင် ခေါင်းဆောင်ခဲ့သူအများ ယခုအခါတွင်ယင်းသတင်းစကားများကိုငြင်းပယ်နေကြပါသည်။ ကျန်ကြွင်းသူလူစုအတွင်း အယူအဆအမျိုးမျိုးအဖုံဖုံကွဲပြား၍ရှုပ်ထွေးနေကြပါတော့သည်။

ထိုနောက်ဝီလံမေးလားအကြောင်းကို ကျွန်မအာရုံပြုရပါသည်။ သူ၏လူမျိုးအတွက်စိတ်ပူပန်သောကရောက်၍ ဦးညွှတ်လျက်ကြံရာမရဖြစ်နေပုံပေါ်ပါသည်။ ၁၈၄၄ ခုနှစ်ကတစ်ဦးကိုတစ်ဦးလေးစားမြတ်နိုး၍ စည်းလုံးညီညာခဲ့သောလူစုသည် ယခုအခါချစ်ခင်မှုကင်းဝေးပြီးလျှင် တစ်ဦးနှင့်တစ်ဦးအတိုက်အခံပြုလျက်အယူဖေါက်ပြန်သည့်အခြေအနေသို့ဆိုက်ရောက်ကာသွေးအေးနေကြပါတော့သည်။ ယင်းအခြေအနေကိုသူတွေ့သိရသောအခါ ပြင်းစွာပူဆွေးဒုက္ခရောက်သည့်အတွက်အင်အားဆုတ်ယုတ်လေ၏။ သူသည်တတိယကောင်းကင်တမန်၏သတင်းစကားနှင့်ဘုရားသခင်၏ပညတ်တော်များကိုခံယူလိမ့်မည်လောဟုခေါင်းဆောင်များစိုးရိမ်ကြောင့်ကြဖြစ်၍ စောင့်ကြပါနေကြပုံကို ကျွန်မမြင်ရပါသည်။ သူ့အနေဖြင့်ကောင်းကင်မှပေးပို့သောအလင်းတရားဘက်သို့ယိမ်းလာသောအခါ ထိုခေါင်းဆောင်များကသူ၏စိတ်အာရုံကိုအခြားဘက်သို့ဆွဲယူရန်အကြံထုတ်ကြလေ၏။ သူကိုယ်တိုင်မှောင်မိုက်အတွင်း၌ပင်ရှိနေစေရန်နှင့်သူ၏ဩဇာသက်ရောက်မှုသည်လည်းသမ္မာတရားကိုဆန့်ကျင်သူများအထဲ၌ပင်ရှိနေစေရန် လူသားဆွဲဆောင်မှုတစ်ရပ်ကိုအသုံးပြုနေကြပါသည်။ နောက်ဆုံးတွင်ဝီလျံမေးလားသည်ကောင်းကင်မှလာသောအလင်းတရားကိုအသံကျယ်စွာဖြင့်ဆန့်ကျင်လေ၏။ သူစိတ်ပျက်ခဲ့ရသည့်အကြောင်းရင်းကို

စုံလင်စွာရှင်းပြမည့်သတင်းစကား၊ ကုန်ခန်းသွားခဲ့သည့်သူ၏စွမ်းအင်များကိုပြန်လည်ဖြည့်ဆည်းပေးပြီးလျှင် အတိတ်ကာလအတွက်အလင်းရောင်နှင့်ဘုန်းတန်ခိုးပေးမည့်သတင်းစကား၊ သူ၏မျှော်လင်ခြင်းကိုပြန်လည်ရှင်သန်စေလျက် ဘုရားသခင်၏ဘုန်းတော်ကိုချီးမွမ်းနိုင်မည့်သတင်းစကားကိုခံယူရန်သူပျက်ကွက်ခဲ့ပါသည်။ သူသည်ဘုရားသခင်ပကတိနှင့်ဆိုင်သောပညာဉာဏ်အမြော်အမြင်ကိုအမှီပြုမည့်အစားလူ၏ဉာဏ်ပညာကိုအမှီပြုခဲ့ပါသည်။ သို့သော်သူ့အရှင်သခင်၏အမှုတော်ကိုဆောင်ရွက်လည်းကြီးရင့်နေသဖြင့်လောကထုချေရမည့်တာဝန်မလေးပါ။ ထိုသူတို့တွင်လုံးဝတာဝန်ရှိနေပါသည်။ ယင်းအပြစ်သည်လည်းသူတို့၏အပေါ်၌သာသက်ရောက်နေပါသည်။

အကယ်၍တတိယကောင်းကင်တမန်၏သတင်းစကားဆိုင်ရာအလင်းရောင်ကိုသာဝီလျံမေးလားတွေ့သိနိုင်ခဲ့မည်ဆိုပါကသူ့အတွက်မှောင်မိုက်ပမာနက်နဲခက်ခဲခဲ့သောပြဿနာအမြောက်အမြားမှာဖြေရှင်းပြီးဖြစ်ကြပေလိမ့်မည်။ သို့သော်သူ၏ညီအစ်ကိုများကသူ့အပေါ်အထူးချစ်ခင်မြတ်နိုးသယောင်၊ အရေးပေးယောင်ဆောင်ကြသဖြင့်သူတို့နှင့်မခွဲရက်မခွာနိုင်ဖြစ်ခဲ့ပါသည်။ အမှန်တရားဘက်သို့စိတ်ရောက်လာသောအခါများတွင် သူ၏ညီအစ်ကိုများဘက်သို့လှည့်ကြည့်လိုက်ရာသူတို့ကအတိုက်အခံပြုကြပါသည်။ သခင်ယေရှုကြွလာတော်မူမည်ဟုအတူတကွလက်တွဲ၍ ကြွေးကြော်ခဲ့ကြသည့်ညီအစ်ကိုများနှင့်ခွဲခွာရက်ပါမည်လား။ အဘယ်နည်းနှင့်မျှသူ၏ညီအစ်ကိုများက သူ့အားလမ်းမှားသို့ပို့ဆောင်ဆွဲခေါ်ကြလိမ့်မည်ဟုသူမထင်မမှတ်ခဲ့ပါ။

အမှန်တရားလမ်းမှလွဲသွားစေရန် သူ့အားအမြဲတစေဆွဲထုတ်နေသောရန်သူတို့၏လက်မှလွတ်မြောက်ရလေအောင်၊ စာတန်စိုးမိုးသောမရဏာနိုင်ငံသို့သွားခွင့်ပြု၍ ဘုရားသခင်သည်သူ့အားသင်္ချိုင်းဂူအတွင်းဝှက်ထားလိုက်တော်မူ၏။ ကတိထားတော်မူသောပြည်တော်သို့ဝင်ရလုဆဲတွင်မောရှေမှားခဲ့ပါသည်။ ထိုနည်းအတူ ဝီလျံမေးလားသည်လည်း ကောင်းကင်ခါနာန်သို့ဝင်ရလုဆဲတွင်မိမိသြဇာကိုအသုံးချ၍သမ္မာတရားကိုဆန့်ကျင်သည့်အမှားပြုခဲ့မိကြောင်း ကျွန်မမြင်ရပါသည်။ အခြားသူများက ယင်းအမှားလမ်းစဉ်သို့သူ့ကိုခေါ်ဆောင်ခဲ့ကြ၏။ ထို့ကြောင့်အခြားသူများပင်ဖြေရှင်းရကြပေလိမ့်မည်။ သို့သော်အဖိုးတန်သောဤသူ၏မြေမှုန့်ကိုကောင်းကင်တမန်များကထိန်းသိမ်းစောင့်ရှောက်ထားကြသည်ဖြစ်၍ နောက်ဆုံးသောတံပိုးမှုတ်ချိန်တွင်ဝီလျံမေးလားထမြောက်ပေလိမ့်မည်။

---ooo---

## တောင့်တင်းခိုင်မားသောစင်မြင့်

မယိမ်းမယိုင်စိတ်နှလုံးတည်ငြိမ်ခိုင်မြဲသောလူတစ်စု၊ သတိသမ္ပဇဉ်နှင့်ပြည့်စုံသူ ထိုလူတစ်စု၊ သူတို့တည်ဆောက်ထားပြီးသောယုံကြည်ခြင်းကိုအခြားအဘယ်သူကမျှမဖျက်မဆီးမရွှေ့မလျောစေနိုင်သည့် ထိုလူတစ်စုကိုကျွန်ုပ်မရှုမြင်ရပါသည်။ ထိုလူစုအပေါ်တွင်ဘုရားသခင်ကျေနပ်မှုရှိတော်မူ၏။ ပထမ၊ ဒုတိယနှင့်တတိယကောင်းကင်တမန်တို့၏သတင်းစကားများကိုအဆင့်သုံးဆင့်ခွဲ၍ ကျွန်ုပ်မအားဖေါ်ပြတော်မူပါသည်။ "ဤသတင်းစကားများမှတွယ်အပ်တစ်ချောင်း၊ သစ်တစ်တုံးကိုမျှလှုပ်ရှားရွှေ့လျော့စေသောသူသည် အမင်္ဂလာရှိ၏။ ဤသတင်းစကားများ၏အဓိပ္ပါယ်အမှန်ကိုနားလည်းသဘောပေါက်ရန်မှာအထူးပင်အရေးကြီးလှပါ၏။ သက်ဝိညာဉ်များ၏အဆုံးစွန်တွင်ကျရောက်မည့်အဖြစ်သည်ယင်းသတင်းစကားများကိုလက်ခံသည့်ပုံစံပေါ်တွင်မူတည်၏" ဟု ကျွန်ုပ်မအဖေါ်ကောင်းကင်တမန်ကပြောပြပါသည်။ ၎င်းနောက်ယင်းသတင်းစကားများဆိုင်ရာ အချိန်ကာလတစ်လျှောက်လုံးကို ကျွန်ုပ်မအားဖေါ်ပြတော်မူရာ ဘုရားသခင်၏လူများအနေဖြင့်ယင်းသတင်းစကားများနှင့်စပ်လျဉ်းသည့် ဇဟုသုတကိုတန်ဖိုးကြီးစွာပေး၍ဝယ်ယူရသည်၊ ဒုက္ခမျိုးစုံကိုခံလျက်၊ အတိုက်အခံမျိုးစုံကိုရင်ဆိုင်လျက်ဆည်းပူးရကြသည်၊ တည်ငြိမ်ခိုင်မြဲသည့်စင်မြင့်ပေါ်သို့လုံခြုံစွာရောက်ရှိသည်တိုင် ဘုရားသခင်သည်သူတို့အားတစ်ဆင့်ပြီးတစ်ဆင့်လမ်းပြပို့ဆောင်တော်မူသည် စသည်ဖြင့်ကျွန်ုပ်မမြင်ရပါသည်။ ယင်းစင်မြင့်၏အုတ်မြစ်ကိုတစ်သီးပုဂ္ဂလတို့လာ၍ စစ်ဆေးကြပုံကိုလည်းကျွန်ုပ်မမြင်ရပါသည်။ အချို့သောသူများဝမ်းမြောက်စွာဖြင့် ချက်ချင်းယင်းစင်မြင့်ပေါ်သို့တက်ကြ၏။ အခြားသောသူများကမူ

အုတ်မြစ်ကိုကြည့်၍အပြစ်ရှာကြ၏။ ထိုသူတို့ကပို၍စုံလင်သောစင်မြင့်ဖြစ်လာပြီးလျှင်စင်မြင့်ပေါ်ရှိလူများပို၍ ဝမ်းမြောက်ရွှင်လန်းခြင်းရှိကြစေရန်ပို၍တောင့်တင်းခိုင်မာအောင်ပြုပြင်လိုကြ၏။ အချို့သောသူများသည် စင်မြင့်ပေါ်မှဆင်း၍စစ်ဆေးကြပြီးလျှင်အုတ်မြစ်ချမှားနေသည်ဟုကြေညာကြပါသည်။ သို့သော်စင်မြင့်ပေါ်ရှိလူအားလုံးလိုလိုပင်ကြံ့ခိုင်စွာရပ်တည်လျက်ဆင်းသွားသောသူများအားမညည်းမညူကြစေရန်ဆော်သြနေကြသည်ကိုကျွန်ုပ်မမြင်ရပါသည်။ အဘယ်ကြောင့်ဆိုသော်ဘုရားသခင်ကိုယ်တော်တိုင်ဆောက်လုပ်ထားသည့်စင်မြင့်ဖြစ်၍ ယင်းသို့သူတို့ညည်းညူနေကြခြင်းဖြင့်ဘုရားသခင်အားဆန့်ကျင်ဘက်ပြုရာရောက်နေသည့်အတွက် ယင်းသို့ဆော်သြနေကြခြင်းဖြစ်ပါသည်။ သူတို့အနေဖြင့်ယင်းတောင့်တင်းခိုင်မာသောစင်မြင့်ပေါ်သို့ရောက်သည်တိုင်အောင်အံ့သြဖွယ်ရာဘုရားသခင်ပို့ဆောင်တော်မူပုံကိုပြန်ပြောင်းပြောဟောကြပြီးလျှင် ကောင်းကင်သို့မျှော်ကြည့်လျက် ဘုရားသခင်၏ဘုန်းတော်ကိုတစ်စိတ်တစ်ဝမ်းတည်းစည်းလုံးညီညွတ်စွာအသံမြှင့်၍ချီးမွမ်းထောမနာပြုကြပါသည်။ ယင်းသို့ပြုကြသောအခါစင်မြင့်ပေါ်မှဆင်းသွားပြီးလျှင် ညည်းညူနေကြသောလူအချို့သည်စိတ်နှလုံးပြောင်းလဲကြသဖြင့်ပြန်၍ကြည့်ကြပြီးလျှင်စင်မြင့်ပေါ်သို့တစ်ဖန်တက်ကြပြန်လေ၏။

ခရစ်တော်ဤလောကသို့ပထမအကြိမ်ကြွလာတော်မူရန်အတွက်ကြွေးကြော်ပုံကိုကျွန်ုပ်မအားပြန်၍ညွှန်ပြတော်မူ၏။ သခင်ယေရှုကြွလာတော်မူရာလမ်းခရီးကိုပြင်ဆင်ထားရန်ဧလိယ၏တန်ခိုး၊ ဧလိယ၏စိတ်ဓါတ်ဖြင့်ယောဟန်အားကြိုတင်စေလွှတ်ထားတော်မူ၏။ နှစ်ခြင်းဆရာယောဟန်၏သက်သေခံချက်များကိုမခံမယူခဲ့ကြသောသူတို့သည်သခင်ယေရှု၏ဩဝါဒများနှင့်စပ်လျဉ်း၍အကျိုးကျေးဇူးမခံစားရကြ

တော့ပါ။ ကိုယ်တော်ကြွလာတော်မူမည့်အကြောင်းကြိုတင်ဟောပြော
ထားသည့်သတင်းစကားကိုအတိုက်အခံပြုကြသည့်အတွက်ကိုယ်တော်
သည်မေရှိယအရှင်ဖြစ်တော်မူကြောင်းဖေါ်ပြသည့်ခိုင်လုံသောသာဓက
များကိုသူတို့အလွယ်တကူမခံယူနိုင်ကြတော့ပါ။ နှစ်ခြင်းဆရာ
ယောဟန်၏သတင်းစကားများကို ငြင်းပယ်ကြသောသူများအနေဖြင့်
သခင်ယေရှုအားဆက်တိုက်ငြင်းပယ်ကြသောသူများအနေဖြင့် သခင်
ယေရှုအားဆက်တိုင်ငြင်းပယ်လျက်လက်ဝါးကပ်တိုင်ပေါ်တင်၍
ကွပ်မျက်ကြသည်တိုင်အောင် စာတန်ဆက်၍ခေါင်းဆောင်နေ၏။
ယင်းသို့သူတို့အမှားပြုကြသည့်အတွက်ပင်တေကုတ္တေပွဲနေ့သို့ရောက်
သောအခါ သူတို့အားကောင်းကင်သန့်ရှင်းရာဌာနတော်သို့သွားရာ
လမ်းကိုညွှန်ပြမည့်ကောင်းချီးမင်္ဂလာကိုသူတို့မခံစားနိုင်ကြတော့ပါ။
ဗိမာန်တော်ကန့်လန့်ကာနှစ်ဖြာကွဲသည့်အဓိပ္ပါယ်မှာ– ယုဒလူတို့၏
ယဇ်ပူဇော်ခြင်းများနှင့်ဝိနည်းအထုံးအဖွဲ့များကိုလက်ခံတော့မည်မဟုတ်
ကြောင်းဖေါ်ပြထားခြင်းဖြစ်ပါသည်။ ကြီးမြတ်တော်မူသည့်ယဇ်ကို
ပူဇော်ပြီး၍ဘုရားသခင်လက်ခံတော်မူပြီးဖြစ်ပါ၏။ ထို့ပြင်ပင်တေ
ကုတ္တေပွဲနေ့တွင်ဆင်းသက်တော်မူသောသန့်ရှင်းသောဝိညာဉ်တော်
သည်လည်းတပည့်တော်တို့၏စိတ်အာရုံများကိုမြေကြီးဆိုင်ရာသန့်ရှင်းရာ
ဌာနတော်မှသခင်ယေရှုရှိတော်မူရာကောင်းကင်သန့်ရှင်းရာဌာနတော်သို့
သယ်ဆောင်သွားတော်မူ၏။ ထိုသန့်ရှင်းရာဌာနတော်သို့သခင်ယေရှု
သည်မိမိ၏အသွေးတော်ကိုသယ်ဆောင်လျက် ဝင်တော်မူခဲ့ပြီးသည့်
အလျောက်တပည့်တော်များအပေါ်သို့အပြစ်ဖြေလွှတ်ခြင်းဆုကျေးဇူး
ကိုသွန်းလောင်းတော်မူ၏။ သို့သော်ယုဒလူများမှာမူကားမှောင်အတိ
ဖုံးလွှမ်းသောနေရာ၌ပင်ကျန်ရစ်ခဲ့ကြလေ၏။ ကယ်တင်ခြင်းဆိုင်ရာ
အလင်းတရားတော်ကိုသူတို့ရရှိနိုင်ခဲ့ပါလျက် မရရှိခဲ့ဘဲအသုံးမဝင်တော့

သည့်ယဇ်မှုဇော်ခြင်းများနှင့်ပူဇော်သက္ကာရများကိုသာ ယုံကြည်ကိုး စားနေကြသေးပါ၏။ မြေကြီးဆိုင်ရာသန့်ရှင်းရာဌာနတော်နှင့်စပ် လျဉ်းသည့်ရေးရာများကို ကောင်းကင်သန့်ရှင်းရာဌာနတော်သို့လွှဲ ပြောင်းပြီးဖြစ်သော်လည်းသူတို့မသိလိုက်ကြပါ။ ထို့ကြောင့်သန့်ရှင်း ရာဌာနတော်တွင် ခရစ်တော်၏ကြားဖျန်ဖြေရေးဆိုင်ရာ အမှုတော်၏ အကျိုးသက်ရောက်မှုများကိုသူတို့မခံစားနိုင်ကြတော့ပါ။

ယုဒလူများ သခင်ယေရှုကိုငြင်းပယ်၍လက်ဝါးကပ်တိုင်ပေါ် တွင်တင်လျက်ကွပ်မျက်ကြသည်ကို အများသောလူတို့စက်ဆုပ် ကြောက်လန့်ကြပါသည်။ ၎င်းအပြင်ကိုယ်တော်သည်ရှက်ဖွယ်ရာ မတရားနှိပ်စက်ခံရပုံအကြောင်းစုံကိုဖတ်ရှုရကြသောသူများကလည်း ကိုယ်တော်အားသူတို့ချစ်မြတ်နိုးသည်ဟုထင်မှတ်ကြပါသည်။ ထို ကြောင့်ပေတရုကဲ့သို့သူတို့ငြင်းပယ်ကြမည်မဟုတ်၊ ယုဒလူများကဲ့သို့ လည်းရက်စက်စွာကပ်တိုင်ပေါ်တင်၍ ကွပ်မျက်ကြမည်မဟုတ်ဟုထင် မှတ်ကြပါသည်။ သို့သော်လူအပေါင်းတို့၏စိတ်နှလုံးအသီးသီးကိုသိ တော်မူသောဘုရားသခင်သည် သူတို့ဝန်ခံကြသည့်အတိုင်းသခင်ယေရှု အားအမှန်ပင်ချစ်မြတ်နိုးခြင်း ဟုတ်မဟုတ် ထင်ရှားပေါ်လွင်စေရန် လူတိုင်းအားစမ်းသပ်တော်မူ၏။ ပထမကောင်းကင်တမန်၏သတင်း စကားနှင့်စပ်လျဉ်း၍ မည်သို့မည်ပုံခံယူကြသည်ကိုကောင်းကင်ဗိုလ် ခြေများစိတ်ဝင်စားလျက်စောင့်ကြည့်နေကြ၏။ သို့သော်သခင်ယေရှု ကိုချစ်ပါသည်ဟုအဆိုပြုသူအများ၊ လက်ဝါးကပ်တိုင်၏ဝတ္ထုကိုဖတ်၍ မျက်ရည်ကျသူအများ၊ ကိုယ်တော်ကြွလာတော်မူမည့်သတင်းစကား တော်ကို ကြားရကြသောအခါ ပြောင်လှောင်ကြ၏၊ သရော်ကြ၏၊ ကဲ့ရဲ့ကြ၏။ သတင်းစကားတော်ကိုဝမ်းမြောက်ဝမ်းသာစွာလက်ခံရ ကြမည့်အစား မိစ္ဆာအယူဝါဒတစ်ရပ်ဖြစ်သည်ဟုကြေညာကြပါသည်။

ကိုယ်တော်ကြွလာတော်မူမည်ကိုနှစ်သက်မြတ်နိုးသောသူများအား သူတို့မုန်းတီးကြသဖြင့်အသင်းတော်များမှနှင်ထုတ်လိုက်ကြလေ၏။ ပထမသတင်းစကားကိုငြင်းပယ်သောသူများ ဒုတိယသတင်းစကား၏ အကျိုးသက်ရောက်မှုကိုမခံစားရကြပါ။ ယုံကြည်ခြင်းအားဖြင့်သခင်ယေရှုနှင့်အတူကောင်းကင်သန့်ရှင်းရာဌာနတော်၏ အသန့်ရှင်းဆုံးသောအခန်းသို့ဝင်ရောက်နိုင်ရန်ပြင်ဆင်ထားရေးအတွက် ကြေညာသည့်သန်းခေါင်းယံကြွေးကြော်သံ၏အကျိုးသက်ရောက်မှုကိုလည်းသူတို့ မခံစားရကြတော့ပါ။ ၎င်းအပြင်ယခင်သတင်းစကားနှစ်ရပ်ကိုငြင်းပယ်ခဲ့ကြသည့်အတွက် သူတို့၏အသိဉာဏ်ကိုမှောင်မိုက်ဖုံးလွှမ်းသွားသောကြောင့်အသန့်ရှင်းဆုံးသောအခန်းသို့သွားရာခရီးစဉ်ကိုညွှန်ပြသည့်တတိယကောင်းကင်တမန်၏သတင်းစကားနှင့်စပ်လျဉ်းသောအလင်းတရားကိုလည်း သူတို့မတွေ့မသိနိုင်ကြတော့ပါ။ ယုဒလူတို့သည် သခင်ယေရှုအားလက်ဝါးကပ်တိုင်ပေးတွင်ရိုက်ထားလျက်ကွပ်မျက်ခဲ့ကြသည်နည်းတူ အမည်နာမကိုသာခံယူထားကြသောအသင်းတော်များသည်လည်းဤသတင်းစကားများကိုအသေသတ်ကြသည့်အတွက် အသန့်ရှင်းဆုံးသောအခန်းသို့သွားရာလမ်းစဉ်ကိုမသိမတွေ့ကြလေသောကြောင့် သခင်ယေရှု၏ကြားဖျန်ဖြေတော်မူခြင်းဆိုင်ရာအကျိုးသက်ရောက်မှုကိုလည်းသူတို့မခံစားရတော့ကြောင်းကျွန်မမြင်ရပါသည်။ မလိုအပ်တော့သည့်ယဇ်မူဇော်ခြင်းများကိုယုဒလူတို့ဆက်လက်ပူဇော်နေဘိသကဲ့သို့ ထိုသူတို့သည်လည်း သူတို့၏အချည်းနှီးသောပတ္ထနာသံများကိုသခင်ယေရှုမရှိတော့သည့်အခန်းဆီသို့လွှင့်ပို့နေကြပါသည်။ စာတန်သည်လည်း သူ၏လိမ်လည်မှုအထမြောက်အောင်မြင်သည့်အတွက်ကြည်နူးကျေနပ်လျက်ဘာသာရေးသမားယောင်ဆောင်ပြီးလျှင်ခရစ်ယာန်အမည်ခံသူများအားသူ့ဘက်သို့အပိုင်သိမ်းသွင်းနေပါသည်။

သူ၏ထောင်ချောက်အတွင်းတည်မြဲနေကြစေရန် အံ့ဩဖွယ်သော နိမိတ်လက္ခဏာလိမ်များကိုပြလျက်တန်ခိုးရှိသမျှကိုလည်းအစွမ်းကုန် အသုံးပြုနေပါသည်။ အချို့သောသူများကိုဤနည်းဖြင့်၊ အခြားသော သူများကိုထိုနည်းဖြင့်လှည့်ဖြားနေပါသည်။ လူမျိုးစုံအတွက်လိမ်လည် မှုနည်းမျိုးစုံကိုထိရောက်မှုရှိလောက်အောင်ပြင်ဆင်ထားပါသည်။ အချို့ သောသူတို့သည်လိမ်လည်မှုတစ်ရပ်ကိုကြောက်မက်ဖွယ်ဖြစ်သည်ဟု မြင်သော်လည်းအခြားတစ်ကိုအလွယ်တကူလက်ခံတတ်ကြပါသည်။ စာတန်သည်အချို့သောသူများအားနတ်မိစ္ဆာဝါဒဖြင့် လှည့်ဖြား နေပါသည်။ အလင်းတရားနှင့်ဆိုင်သောကောင်းကင်တမန်၏အယောင် ကိုလည်းဆောင်လျက် ဘာသာရေးပြုပြင်ပြောင်းလဲမှုအတုများနှင့် တိုင်းပြည်အတွင်းမိမိ၏ဩဇာအာဏာကိုပျံ့နှံ့စေ၏။ အခြားသော ဝိညာဉ်တစ်စုံတစ်ခု၏လုပ်ရပ်ကို ဘုရားသခင်သည် သူတို့အတွက် အံ့ဩဖွယ်ရာဆောင်ရွက်နေတော်မူသည်ဟု ထင်မှတ်မှားလျက်အသင်း တော်များဘဝင်ခိုက်နေကြလေ၏။ ကမ္ဘာကြီးသည်လည်းကောင်း၊ အသင်းတော်သည်လည်းကောင်း ယခင်ကထက်အခြေဆိုးအနေဆိုး ဖြစ်လာသောအခါ ယင်းဘဝင်ခိုက်ခြင်းများပျက်ပြယ်သွားကြပေလိမ့် မည်။

မြော်လင့်ခြင်းအသင်းသားဟုအမည်ခံသူများတွင်လည်း ကောင်း၊ ကျဆုံးလေပြီးသောအသင်းတော်များတွင်လည်းကောင်း ဘုရားသခင်၏သားသမီးတို့ရှိနေကြောင်း၊ နောက်ဆုံးဘေးဒဏ်များ မကျရောက်မီယင်းအသင်းတော်များမှဓမ္မအမှုတော်ဆောင်များနှင့် သာမန်အသင်းသားများကို ခေါ်ထုတ်တော်မူသောအခါ သမ္မာတရားကို

အသင့်လက်ခံသူများရှိလိမ့်မည်ဖြစ်ကြောင်း ကျွန်မမြင်ရပါသည်။ ယင်းအကြောင်းကိုစာတန်ကောင်းစွာသိထားနှင့်သည့်အတွက်တတိယကောင်းကင်တမန်၏သတင်းစကားကို အသံကျယ်စွာဖြင့်မကြွေးကြော်မီ အမှန်တရားကိုငြင်းပယ်ထားသူများအနေဖြင့် ဘုရားသခင်သည်သူတို့နှင့်အတူရှိတော်မူသည်ဟုထင်မှတ်ရလေအောင်၊ ယင်းဘာသာရေးအသင်းများတွင်စိတ်လှုပ်ရှားမှုတစ်ရပ်ပေါ်ပေါက်လာအောင် ဆော်ဩလိမ့်မည်။ ဘုရားသခင်သည်အသင်းတော်များအတွက်လုပ်ဆောင်ပေးလျက်ပင်ရှိနေတော်မူသည်ဟုရိုးဖြောင့်သောသူများကထင်မှတ်ရလေအောင် လိမ်လည်လှည့်ဖြားထားနိုင်လိမ့်မည်ဟုစာတန်မျှော်မှန်းထားပါသည်။ သို့သော်အလင်းရောက်လာသောအခါ ရိုဖြောင့်သောသူအားလုံးကျဆုံးသောအသင်းတော်များမှထွက်ခွါ၍ ကျန်ကြွင်းသူများနှင့်အတူရပ်တည်နေကြပေလိမ့်မည်။

---ooo---

## နတ်မိစ္ဆာအယူဝါဒ

ခေါက်သံဘေးအန္တရာယ်ကြီးပုံကို ကျွန်ုပ်မအားဖော်ပြတော်မူပါသည်။ သခင်ယေရှု၌အိပ်ပျော်နေသောကျွန်ုပ်တို့၏ဆွေမျိုးသို့မဟုတ်မိတ်ဆွေများနှင့်သဏ္ဍာန်တူသောရုပ်တုပုံများကျွန်ုပ်တို့၏ရှေ့တွင်ပေါ်လာအောင် စာတန်ဆောင်ရွက်နိုင်ပုံကို ကျွန်ုပ်မမြင်ရပါသည်။ ယင်းမိတ်ဆွေများအမှန်တကယ်ပင်ရှိနေပုံပေါက်၍ သူတို့အသက်ရှင်ခဲ့စဉ်ကပြောခဲ့သည့်ကျွန်ုပ်တို့မှတ်မိသတိရသောစကားလုံးများကို ကျွန်ုပ်တို့မှတ်မိသောအသံဖြင့်ပင်ကြားရကြလိမ့်မည်။ ဤအရာအားလုံးတို့မှာ ဤလောကကြီးအားအစမ္မအယူဝါဒထောင်ချောက်အတွင်းလှောင်ထားရန်အတွက်လိမ်လည်လှည့်ဖြားမှုများသာဖြစ်ပါသည်။

သန့်ရှင်းသူများသည် ယနေ့သမ္မာတရားနှင့်ပတ်သက်၍အကြွင်းမဲ့နားလည်သဘောပေါက်ထားရန်လိုအပ်ကြောင်း၊ ယင်းသို့နားလည်သဘောပေါက်ထားရန်အတွက် သမ္မာကျမ်းစာတော်မှအထောက်အကူရလိမ့်မည်ဖြစ်ကြောင်းကျွန်ုပ်မမြင်ရပါသည်။ သူတို့အနေဖြင့်သေသောသူ၏အခြေအနေမှန်ကိုနားလည်းထားရန်လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မာရ်နတ်၏နာမ်ဝိညာဉ်များသည် သူတို့၏ရင်းနှီးသောမိတ်ဆွေများ၊ သို့မဟုတ်ဆွေမျိုးများ၏အယောင်ကိုဆောင်လျက်သူတို့ရှေ့တွင်ပေါ်လာကာကျမ်းစာနှင့်မညီသောအယူဝါဒများကိုကြေညာကြပေလိမ့်မည်။ သူတို့ဘက်သို့ယိမ်းယိုင်လာစေရန်စွမ်းအားရှိသမျှအားထုတ်ဆော်ဩကြလိမ့်မည်။ သူတို့၏ကြေညာချက်မှန်ကန်ကြောင်းအတည်ပြုရန်နိမိတ်လက္ခဏာများကိုလည်းပြကြလိမ့်မည်။ သမ္မာကျမ်းစာ၏အလိုအရ သေသောသူသည်မည်သည့်အရာကိုမျှမသိတော့ကြောင်း၊ သူတို့ရှေ့တွင်ပေါ်လာသောသူများမှာ မာရ်နတ်၏

ဝိညာဉ်များသာဖြစ်ကြောင်းသိထားပါမှ ဘုရားသခင်၏လူတို့အနေဖြင့်ထိုနာမ်ဝိညာဉ်များကိုခုခံတွန်းလှန်နိုင်ကြပေလိမ့်မည်။

ကျွန်ုပ်တို့၏ယုံကြည်ခြင်းအတွက်ကျမ်းစာကိုအထောက်အထားပြု၍အဖြေပေးရကြလိမ့်မည်ဖြစ်သောကြောင့် ယင်းယုံကြည်ခြင်းကိုမည်သည့်အပေါ်၌အခြေပြုထားကြောင်းစစ်ဆေးထားကြရပါမည်။ ဤမိစ္ဆာအယူဝါဒပြန့်ပွားလိမ့်မည်ဖြစ်ရာ ကျွန်ုပ်တို့အနေဖြင့်မျက်နှာချင်းဆိုင်လျက်ဆိုင်ပြိုင်တိုက်လှန်ရကြပေလိမ့်မည်။ အကယ်၍ပြင်ဆင်မှုမရှိကြပါကရန်သူ၏ကျော့ကွင်းတွင်မိနေကြပေလိမ့်မည်။ ရင်ဆိုင်ရလုနီးနေသောဆိုင်ပြိုင်တိုက်လှန်မှုအတွက်တတ်အားသမျှပြင်ဆင်ထားကြမည်ဆိုပါက ဘုရားသခင်သည်မိမိတာဝန်ကိုဆောင်ရွက်တော်မူလိမ့်မည်။ ကိုယ်တော်၏အလုံးစုံတို့ကို တတ်နိုင်တော်မူသောလက်ရုံးတော်ဖြင့် ကျွန်ုပ်တို့အားစောင်မတော်မူလိမ့်မည်။ သစ္စာရှိသောသူများအားစာတန်၏အဓွံသြဖွယ်ရာလိမ်ဉာဏ်များမှအကာအကွယ်ပေးရန် ကျွန်ုပ်တို့ထင်မှတ်သည်ထက်စော၍ ကောင်းကင်တမန်များကိုစေလွှတ်တော်မူလျက် သူတို့၏ဝန်းကျင်၌စောင်ရန်းအဖြစ်ခန့်ထားတော်မူလိမ့်မည်။

ယင်းမိစ္ဆာအယူဝါဒမည်မျှလျင်မြန်စွာပြန့်ပွားတိုးတက်နေပုံကိုလည်းကျွန်မမြင်ရပါသည်။ လျှပ်ပြက်သည်နှင့်အမျှလျင်စွာသောအရှိန်အဟုန်ဖြင့်ပြေးနေသောကားတန်းရှည်ကြီးကိုကျွန်မအားညွှန်ပြတော်မူ၏။ သေသေချာချာကြည့်ထားရန်ကိုလည်း ကောင်းကင်တမန်ကကျွန်မအားပြောပါသည်။ ကျွန်မမျက်ခြည်မပြတ်စိုက်ကြည့်နေပါသည်။ ကမ္ဘာပေါ်ရှိလူတစ်ယောက်မျှမကျန်အောင်ယင်းကားတန်းရှည်ကြီးပေါ်တွင်လိုက်ပါသွားသည်ဟုပင်ထင်ရပါသည်။ ထိုနောက်၎င်းကားတန်းရှည်ကြီးကိုဦးစီးခေါင်းဆောင်ပြုနေသောသူကို ကျွန်မအား

ညွှန်ပြပါသည်။ သူ၏ဟန်အမူအရာမှာဂုဏ်အသရေရှိ၍ လူချောလူလှတစ်ယောက်ဖြစ်လျက်လိုက်ပါသူအားလုံးက ရိုသေခန့်ညားအားကိုးအားထားပြုနေကြသည်ကို ကျွန်မမြင်ရပါသည်။ ကျွန်မစိတ်ရှုပ်သွားသည့်အတွက်ထိုသူသည်မည်သူမည်ဝါဖြစ်ကြောင်းကျွန်မ၏အဖော်ကောင်းကင်တမန်အားမေးသောအခါ ''ထိုသူကားစာတန်ပင်တည်း၊ အလင်းတရားနှင့်ဆိုင်သောကောင်းကင်တမန်ယောင်ဆောင်၍ ဦးစီးခေါင်းဆောင်နေသူဖြစ်၏။ ကမ္ဘာကြီးတစ်ခုလုံးကိုလည်း သုံ့ပန်းအဖြစ်ဖမ်းဆီးထားလေပြီ။ မတရားသဖြင့်လိမ်လည်လှည့်ဖြားခြင်းကိုလည်းခံရကြလေပြီ။ ယင်းလှည့်ဖြားခြင်းကိုယုံကြည်ကြသည့်အတွက်ပျက်စီးခြင်းသို့ရောက်လုနီးနေကြလေပြီ။ သူ၏အကြီးဆုံးသောကိုယ်စားလှယ်မှာအင်ဂျင်နီယာဖြစ်၍ အခြားကိုယ်စားလှယ်များအားသူအလိုရှိသည့်အတိုင်း ရာထူးအသီးအသီးတွင်ခန့်အပ်ထားပါသည်။ သူတို့အားလုံးလျှပ်ပြက်သကဲ့သို့ ပြင်းစွာသောအရှိန်အဟုန်ဖြင့်လုံးဝပျက်စီးရာငရဲသို့ဆင်းသက်နေကြလေပြီ'' ဟုကျွန်မအားပြောပြပါသည်။

မည်သူမျှ မကျန်တော့ပါလားဟု ကောင်းကင်တမန်အားကျွန်မကမေးသောအခါအခြားတစ်ဖက်သို့လှည့်၍ကြည့်ရန်ပြောသည့်အတိုင်းကြည့်လိုက်ရာ အနည်းငယ်မျှသောလူတစ်စုကျဉ်းမြောင်းသည့်လမ်းသွယ်ကလေးတွင် ခရီးသွားနေကြပုံကိုကျွန်မတွေ့မြင်ရပါသည်။ သမ္မာတရားတော်၌လူတိုင်းကြံ့ကြံ့ခိုင်ခိုင်တပေါင်းတစည်းတည်ရှိကြပုံပေါ်ပါသည်။ ယင်းလူနည်းစုကလေးသည် အခက်အခဲအမျိုးမျိုး၊ ပြင်းထန်သောစုံစမ်းနှောင့်ယှက်ခြင်းအဖုံဖုံ၊ ဒုက္ခဆင်းရဲခြင်းအမျိုးစုံတို့ကိုဖြတ်ကျော်ခဲ့ရသည့်အတွက် စိုးရိမ်ကြောင့်ကြမှုများပြားနေပုံပေါ်ပါသည်။ ၎င်းအပြင်မိုးတိမ်အကွယ်မှနေရောင်ခြည်သည်ယခုမှပင်ထွက်ပေါ်လာသည်ကိုသူတို့ခံစားရကြဘိသကဲ့သို့သူတို့အောင်ပွဲ

ခံရကြမည့်အချိန်မှာလည်းရောက်လုနီးနေပြီဖြစ်ကြောင်းသူတို့သိကြပုံ ရသဖြင့် သူတို့၏မျက်နှာများပေါ်တွင်အောင်မြင်သည့်လမ်းစပေါ်လွင်နေပါသည်။

ကမ္ဘာလောကကြီးအနေဖြင့်စာတန်၏ကျော့ကွင်းကိုတွေ့သိကြစေရန် ဘုရားသခင်အခါအခွင့်ပေးထားတော်မူသည်ဟု ကျွန်မမြင်ရပါသည်။ အခြားသာဓကေများမရှိသည်တိုင်အောင်မြတ်နိုးဖွယ်သောအရာနှင့်စက်ဆုပ်ဖွယ်သောအရာကို မခွဲခြားဘဲ ရောနှောထားပုံကိုထောက်ရှုပါက ခရစ်ယာန်တစ်ယောက်နေဖြင့်ယင်းကျော့ကွင်းကိုတွေ့သိသင့်ပါသည်။ ယခုအချိန်တွင်မြေ၌ဆွေးမြေ့ပျက်ယွင်းသွားပြီးဖြစ်၍ အနှစ်တစ်ထောင်ကုန်ဆုံးချိန်တွင်မှ ဒုတိယအကြိမ်ထမြောက်ခြင်းနှင့်အတူ ဒုတိယသေခြင်းတည်းဟူသောသူ၏ဆုလာဘ်ကို ခံယူရန် ခေါ်ထုတ်ခြင်းခံရမည့်သောမတ်ပိန်းသည်ယခုအခါတွင်ကောင်းကင်ဘုံ၌များစွာမြှောက်စားခြင်းခံနေရသည်၊ မြင့်မြတ်နေသည်ဟုစာတန်အလိုကျအတိုင်းသူ့အားအသုံးချခဲ့ပါသည်။ ယခုအခါတွင်လည်းသောမတ်ပိန်းသည်ကောင်းကင်ဘုံ၌များစွာဂုဏ်ပြုခြင်း၊ မြှောက်စားခြင်းခံနေရသည်ဟုအကြောင်းပြ၍ဆက်လက်အသုံးချနေပါသည်။ ထိုမျှမက ဤလောကတွင်အသက်ရှင်ခဲ့စဉ်က သွန်သင်ခဲ့သည်နည်းတူ ယခုအခါတွင်လည်းကောင်းကင်ဘုံ၌ဆက်လက်သွန်သင်လျက်ရှိနေပုံပေါ်အောင် စာတန်လုပ်ဆောင်ထားပါသည်။ သူသည်ဤလောကတွင်အသက်ရှင်ခဲ့စဉ်ကလည်းကောင်း၊ သေသောအချိန်တွင်လည်းကောင်း၊ အသက်ရှင်ခဲ့စဉ်ကဖေါက်ပြန်ယိုယွင်းစေသည့်သူ၏သွန်သင်ချက်များကိုလည်းကောင်းကြောက်လန့်ရွံရှာဖွယ်ဖြစ်သည်ဟု သဘောထားခဲ့သူများသည် ယခုအခါတွင်မှ သူ၏သွန်သင်ချက်များကို လက်ခံနေကြပါသည်။

သူသည်လောကတွင်အယုတ်မာဆုံး၊ အဖေါက်ပြန်ဆုံးသောသူတို့တွင် တစ်ယောက်အပါအဝင်ဖြစ်သည်သာမကဘုရားသခင်ကိုလည်းကောင်း၊ ကိုယ်တော်၏ပညတ်တော်ကိုလည်းကောင်း မထီမဲ့မြင် ပြုသောသူဖြစ်ခဲ့ပါသည်။

မှသားတို့၏ဖခင်ဖြစ်သူသည်ဤကမ္ဘာလောကကြီး၏မျက်စိအာရုံကိုကွယ်စေလျက် လိမ်လည်လှည့်ဖြားသောနည်းဖြင့်သူ၏မတရားသောတမန်များကိုစေလွှတ်၍ ရှေးခေတ်တမန်တော်များအယောင်ဆောင်လျက် ဟောပြောနေပါသည်။ ထိုသို့ဟောပြောရာတွင်သူတို့ကိုယ်တိုင်ဤလောကတွင်အသက်ရှင်ခဲ့ကြစဉ်က သန့်ရှင်းသောဝိညာဉ်တော်တိုက်တွန်းနှိုးဆော်ချက်အရ ရေးသားခဲ့သောအကြောင်းအရာများကိုဆန့်ကျင်သည့်ပုံပေါ်အောင် ဆောင်ရွက်နေပါသည်။ ယင်းကောင်းကင်တမန်အတုအယောင်ဆောင်များသည် ရှေးတမန်တော်များ၏အယောင်ကိုဆောင်၍ သူတို့ကိုယ်တိုင်သွန်သင်ခဲ့သည်များကိုပျက်ယွင်းအောင်မတရားကြေညာကြပါသည်။ ယင်းသို့ဆောင်ရွက်ခြင်းအားဖြင့် ဘုရားသခင်၏နှုတ်ကပါဌ်တရားတော်ကို ခရစ်ယာန်အခေါ်ခံသူများနှင့်ကမ္ဘာလောကကြီးက သံသယဖြစ်ကြသောအခါ စာတန်အလွန်အားရဝမ်းမြောက်လေ၏။ထိုသန့်ရှင်းသောကျမ်းစာသည်သူ၏လမ်းစဉ်ကိုတည့်တည့်ဖြတ်၍ သူ၏အကြံအစည်များကိုဆန့်ကျင်တားဆီးထားသောကြောင့် ထိုကျမ်းစာသည်ဘုရားသခင်၏ထံတော်မှအစပြုလည်သည်ကိုသူတို့သံသယဖြစ်စေရန်စာတန်ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ ထိုနောက်ဘုရားတရားမကြည်ညိုသည့်သောမတ်ပိန်းသေလွန်သောအခါ ကောင်းကင်သို့ခေါ်ဆောင်ခြင်းကိုခံရပြီးလျှင်ဤလောကတွင်ရှိခဲ့စဉ်က သူမုန်းတီးခဲ့သည့် သန့်ရှင်းသောတမန်တော်များနှင့်ပူးပေါင်းလျက်ယခုအခါတွင်ဤလောကကြီးအား တရားဟောပြောနေပုံပေါ်အောင်စာတန်ဖန်တီးနေပါသည်။

စာတန်သည်သူ၏ တမန်များဆောင်ရွက်ရန်တာဝန်ကိုတစ်ဦး စီအား သီးခြားသတ်မှတ်ပေးအပ်ထားပါသည်။ သူတို့အားလုံးကို ကောက်ကျစ်စဉ်းလဲကြရန်၊ ပရိယာယ်ကြွယ်ဝကြရန်၊ လိမ္မာပါးနပ်ကြရန်အမိန့်ပေးထားပါသည်။ အချို့သောစေတမန်များအားတမန်တော်များ၏ အယောင်ကိုဆောင်စေလျက် သူတို့ကိုယ်စားစကားပြောဆိုရန်နှင့်အချို့သောစေတမန်များအားဘုရားတရားမကြည်ညိုသောသူများ၊ မတရားသောသူများအနေဖြင့် ဘုရားသခင်အားကျိန်ဆဲပြီးသေဆုံးသွားကြသော်လည်း ယခုအခါအလွန်ဘုရားတရားကြည်ညိုသူများဖြစ်နေသည့်ပုံပေါ်အောင်ဟန်ဆောင်ထားကြပြီးလျှင်သူတို့နှစ်ဦးလုံးကတစ်မျိုးတစ်မည်တည်းကိုသာသင်ကြားပို့ချကြရန် ညွှန်ကြားထားပါသည်။ မည်သူ့ကိုပင်စာတန်က စကားပြောခိုင်းစေကာမူသူ၏ရည်ရွယ်ချက်ပြီးမြောက်အောင်မြင်ရန်သာအဓိကဖြစ်၏။ သောမတ်ပိန်းဤလောကတွင်အသက်ရှင်ခဲ့စဉ်က များစွာရင်းနှီးခဲ့၏။ သူ၏လုပ်ငန်းတွင်ကူညီယိုင်းပင်းခဲ့၏။ ထို့ကြောင့်မိမိလုပ်ငန်းပြီးမြောက်အောင်မြင်အောင် သစ္စာရှိစွာဖြင့်ဆောင်ရွက်ခဲ့သည့်တပည့်ရင်းသောမတ်ပိန်း၏စကားလုံးအသုံးနှုန်းများ၊ လက်ရေးလက်သားများကိုစာတန်ကောင်းစွာသိထားပါသည်။ သူ၏စာပေအများစုမှာလည်း စာတန်နှုတ်တိုက်ပြောခဲ့သည့်အတိုင်းပင်ဖြစ်ခဲ့ပါသည်။ ထိုကြောင့် သောမတ်ပိန်းပြောသောစကားများအဖြစ်သို့ရောက်အောင် စာတန်အလွယ်တကူဖြင့်ပင်စိတ်ကူးယဉ်စကားလုံးများဖြင့်သူ၏တမန်များအားသွန်သင်ပေးနိုင်ပါ၏။ ၎င်းမှာစာတန်၏အထူးလက်ရာကောင်းသောလုပ်ရပ်တစ်ခုဖြစ်ပါသည်။ ကွယ်လွန်သွားကြပြီးဖြစ်သောတမန်တော်များ၊ သန့်ရှင်းသူ

များနှင့်ဆိုးသွမ်းသူများထံမှဖြစ်သည်ဟုဆိုလိုသောသွန်သင်ချက်အား လုံးသည်အစွမ်းထက်သောစာတန်၏ထံမှတိုက်ရိုက်ရောက်လာသော သွန်သင်ချက်များသာဖြစ်ပါသည်။

ထိုမျှလောက်စာတန်ချစ်သောသူ၊ ထိုမျှလောက်ဘုရားသခင်ကို လုံးလုံးလျားလျားမုန်းတီးသောသူသည်ယခုအခါသန့်ရှင်းသောတမန် တော်များနှင့်လည်းကောင်း၊ ဘုန်းစည်းစိမ်တွင်ရှိသောကောင်းကင် တမန်များနှင့်လည်းကောင်းအတူရှိနေပါသည်ဟု စာတန်၏အဆိုပြုချက် ကပင်လူတို့၏စိတ်အာရုံများကိုဖုံးကွယ်ထားသည့်မျက်နှာဖုံးကိုဖယ် ရှားလျက် စာတန်၏လျှို့ဝှက်မည်းနက်သောလုပ်ရပ်များကိုသိမြင်နိုင်ရန် လုံလောက်နေပါသည်။ ဤကမ္ဘာလောကကြီးနှင့်ဘုရားတရားမကြည် ညိုသူများအား "သင်သည်မည်မျှပင်ဆိုးသွမ်းနေစေကာမူ၊ ဘုရား သခင်ကိုလည်းကောင်း၊ သမ္မာကျမ်းစာကိုလည်းကောင်း၊ ယုံကြည်သည် ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေသင်၏အလိုကျသက်ရှင်နေထိုင်သည် တိုင်အောင်ကောင်းကင်ဘုံသည် သင်၏နေအိမ်ဖြစ်၏။ အဘယ်ကြောင့် ဆိုသော် သောမတ်ပိန်းသည်ကောင်းကင်ဘုံ၌ ထိုမျှလောက်ချီးမြှောက် ခြင်းခံ၍ နေရပါက သူတို့သည်လည်း ကောင်းကင်ဘုံသို့ရောက်ကြ လိမ့်မည်ကိုလူအများသိကြ၏" ဟုသင်ပေးရာရောက်နေပါသည်။ ယင်းအမှားသည်ထင်ရှားပေါ်လွင်လွန်းသောကြောင့်သိမြင်လိုသူတိုင်း သိမြင်နိုင်ပါသည်။ စာတန်သည်ကိုယ်တိုင်ကျဆုံးချိန်မှအစပြု၍ မိမိ လုပ်ငန်းကိုကြိုးစားအားထုတ်ဆောင်ရွက်ခဲ့သည့်အတိုင်း ယခုလည်း သောမတ်ပိန်းကဲ့သို့သောလူတို့ကိုအသုံးပြုလျက် ဆောင်ရွက်နေဆဲပင် ဖြစ်ပါသည်။ စာတန်သည်မိမိ၏တန်ခိုးအားဏာနှင့်အံ့သြဖွယ်ရာ မတရားဥာဏ်ဆင်မှုများကိုအသုံးချလျက် ခရစ်ယာန်မြော်လင့်ခြင်းဆိုင် ရာအုတ်မြစ်ကြီးကိုဖြိုလှဲနေပါသည်။ ထိုမျှမကကောင်းကင်နိုင်ငံတော်

သို့သွားရာ ကျဉ်းမြောင်းသောလမ်းကိုအလင်းရောင်ပေးနေသည့်နေ ကိုလည်းငြိမ်းသတ်နေပါသည်။ သမ္မာကျမ်းစာသည်ဝိညာဉ်တော်မှုတ် သွင်းခြင်းအားခြင်းရေးထားခြင်းမဟုတ်ကြောင်း၊ ပုံပြင်ဝတ္ထုစာအုပ် တစ်အုပ်ထက်ပို၍မမြင့်မြတ်ကြောင်းကမ္ဘာလောကကြီးအားအယုံသွင်း နေပါသည်။ တစ်ချိန်တည်းမှာပင်ယင်းနေရာတွင်အစားထိုးရန်အတွက် နတ်မိစ္ဆာအယူဝါဒနှင့်ဆိုင်သောသာခကေများကိုဖေါ်ထုတ်နေပါသည်။

ဤလမ်းစဉ်ကိုသူကိုယ်တိုင်ပိပိရိရိအုပ်ချုပ်ကွပ်ကဲနေသော ကြောင့်သူအလိုရှိသည့်အတိုင်းကမ္ဘာကြီးကိုအယုံသွင်းနိုင်ပါသည်။ သူကိုယ်တိုင်နှင့်တကွ သူ၏နောက်လိုက်တပည့်များအား တရားစီရင် မည့်ကျမ်းစာအုပ်ကိုသူအလိုရှိသည့်နေရာမှောင်ရိပ်အောင်က်သို့ပို့ထား လိုက်ပါသည်။ ဤကမ္ဘာလောကကြီး၏ကယ်တင်ရှင်ကိုသာမန်လူ တစ်ယောက်ပမာ သူပြုမူလိုက်ပါသည်။ သခင်ယေရှု၏သင်္ချိုင်းတော် ကိုစောင့်ကြပ်ခဲ့ရကြသည့်ရောမအစောင့်တပ်သားများသည်ယဇ်ပုရော ဟိတ်များနှင့်လူထုခေါင်းဆောင်တို့သင်ပေးခဲ့ကြသည်အတိုင်းမမှန် သတင်းများကိုဖြန့်လွှင့်ခဲ့ကြသည့်နည်းတူဤနတ်မိစ္ဆာအယူဝါဒသမား များ၏လက်အောက်ခံမတရားသက်သေခံများကလည်း ကျွန်ုပ်တို့၏ ကယ်တင်ရှင်ဖွားမြင်တော်မူခြင်းသည်လည်းကောင်း၊ သေခံတော် မူခြင်းသည်လည်းကောင်း၊ ထမြောက်တော်မူခြင်းသည်လည်းကောင်း အံ့သြဖွယ်ရာနိမိတ်လက္ခဏာများမဟုတ်ပါဟု အများကထင်မှတ် ယူဆကြရလေအောင်ဝါဒဖြန့်နေကြပါသည်။ ယင်းသို့သခင်ယေရှုအား နောက်ကွယ်သို့ပို့ထားကြပြီးလျှင် သူတို့၏နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာလိမ်ဉာဏ်များသည် ခရစ်တော်၏နိမိတ်လက္ခဏာများနှင့် ထက်များစွာသာလွန်ကြောင်းကြေညာလျက် ကမ္ဘာလောကကြီးအား သူတို့ဘက်သို့ပါအောင်လှည့်ဖြားနေကြပါသည်။ ကမ္ဘာလောကကြီး

သည်လည်း သူတို့၏ထောင်ချောက်အတွင်းဖမ်းမိနေသည့်အတွက် လုံခြုံမှုရှိနေဘိသကဲ့သို့ခံစားရပြီးလျှင်တဖြည်းဖြည်းအိပ်ပျော်သွားလိမ့်မည်ဖြစ်ရာ နောက်ဆုံးဘေးဒဏ်ခုနစ်ပါးဆိုက်ရောက်လာသောအခါတွင်မှ ကြောက်မက်ဖွယ်ရာလီဆယ်မှုကြီးအတွင်းနစ်မွန်းနေကြပုံကိုတွေ့သိကြပေလိမ့်မည်။ စာတန်သည်လည်းတစ်ကမ္ဘာလုံးကိုမိမိထောင်ချောက်အတွင်းမိအောင်ဖမ်းစားထားနိုင်သည့်အတွက် သူ၏ကောင်းစွာသောအောင်မြင်ပုံကို ရှုစား၍ရယ်မောနေပေလိမ့်မည်။

---ooo---

## ဝိသမလောဘ

ဘုရားသခင်၏ပညတ်တော်အားလုံးကိုစောင့်ထိန်း၍ သခင်ယေရှုဒုတိယအကြိမ်ကြွလာတော်မူမည်ကိုစောင့်မျှော်နေသောသူများအားအထူးဂရုစိုက်အလေးပေး၍ ကျော့ကွင်းထောင်ကြရန်စာတန်ကသူ၏စေတမန်များအားအမိန့်ပေးညွှန်ကြားနေပုံကိုကျွန်မမြင်ရပါသည်။ အသင်းတော်များအိပ်ပျော်နေကြသည်ဟုသူ၏တပည့်လက်သားများအားစာတန်ကပြောပြနေပါသည်။ သူ၏တန်ခိုးစွမ်းအားနှင့်လိမ်ညာဖျက်ဆင်မှုများကိုပို၍အသုံးပြုခြင်းဖြင့် ယင်းအသင်းတော်များကိုချုပ်ထိန်းထားနိုင်ကြောင်း၊ “သို့သော်ဥပုသ်နေ့ကိုစောင့်ထိန်းသည့်ငါတို့မုန်းသောအသင်းတော်သည် ငါတို့ကိုအမြဲတစေအတိုက်အခံလုပ်နေကြ၏၊ ငါတို့၏လူများကိုလည်းသူတို့လုယူနေကြပြီးလျှင် ငါတို့မုန်းသည့်ဘုရားသခင်၏ပညတ်တော်များကိုစောင့်ထိန်းစေကြသည်။ ထိုကြောင့်မင်းတို့သွားကြ၊ လယ်ပိုင်ရှင်ကြီးများနှင့်ငွေပိုင်ရှင်ကြီးများကို လောကီစိုးရိမ်မှုများနှင့်ယစ်မူး၍နေစေကြ။ ဤအရာများကိုသူတို့မြတ်နိုးနေကြအောင်မင်းတို့တာဝန်ယူနိုင်ကြမည်ဆိုပါက သူတို့သည်ငါတို့၏လူများဖြစ်မြဲဖြစ်နေကြပေလိမ့်မည်။ သူတို့ကြိုက်နှစ်သက်ရာမည်သည့်အမည်ကိုမဆိုခံယူကြပါစေ၊ သို့သော်ခရစ်တော်၏နိုင်ငံတော်ဖွံ့ဖြိုးရေးသို့မဟုတ်ငါတို့မုန်းတီးသောသမ္မာတရားပြန့်ပွားရေးအတွက် သူတို့မဆောင်ရွက်နိုင်စေရန်ဥစ္စာ၊ ရွှေ၊ ငွေရရှိရေးတွင်သာပို၍အရေးပေးနေကြလေအောင်လှုံ့ဆော်ပေးကြ၊ လောကီရေးရာများကိုသူတို့မက်မောလောက်အောင်သာမက ကိုးကွယ်သည့်အခြေသို့ရောက်သည်တိုင်အောင် တင်ဆက်ကြ။ သူတို့ကိုချုပ်ကိုင်နိုင်မည့်ရွှေ၊ ငွေ၊ ဥစ္စာမှအစပစ္စည်းမျိုးစုံကိုငါတို့တပ်ထဲတွင်အမြဲတစေအလုံလောက်ရှိနေအောင်

ဖန်တီးထားကြ၊ ခရစ်တော်၏နောက်လိုက်များသူတို့အရှင်သခင်၏အမှုတော်အတွက် ရွှေ၊ ငွေ၊ ဥစ္စာဘဏ္ဍာများကိုပို၍ဆက်ကပ်လေ ငါတို့လူများ သူတို့ဘက်သို့ပို၍ပါသွားလေဖြစ်ပြီးလျှင် ငါတို့နိုင်ငံ၏အကျိုးပို၍ပျက်စီးလေဖြစ်၏။ နေရာအနှံ့အပြားတွင်သူတို့အစည်းအဝေးများကိုပို၍ကျင်းပလေ ငါတို့အတွက်ပို၍ အန္တရာယ်များလေဖြစ်၏။ ထိုကြောင့်နိုးနိုးကြားကြားနေကြ၊ တတ်နိုင်သမျှရှုပ်ထွေးမှုများကိုဖန်တီးကြ၊ အနှောင့်အယှက်များပို၍ပေးကြ၊ တစ်ဦးပေါ်တစ်ဦးမုန်းတီးအောင်၊ ချစ်မေတ္တာပျက်ပြယ်အောင်လုပ်ဆောင်ကြ၊ သူတို့ဓမ္မဆရာများစိတ်ပျက်အောင်၊ အားလျော့အောင်ဖန်တီးကြ၊ ငါတို့သည်သူတို့ကိုမုန်းတီးကြသည်မဟုတ်လော။ ရွှေ၊ ငွေ၊ ဥစ္စာဘဏ္ဍာရှိသူများမပေးမလှူကြလေအောင်သူတို့အဖို့ဆင်ခြေအမျိုးမျိုးရှာပေးကြ၊ တတ်နိုင်လျှင်ငွေရေးကြေးရေးပြဿနာများကိုချုပ်ကိုင်ထားကြ၊ သူတို့၏ဓမ္မဆရာများဆင်ရဲနွမ်းပါး၍ အတိဒုက္ခနှင့်ရင်ဆိုင်နေရလောက်အောင်နည်းလမ်းရှာဖွေထားကြ၊ သို့မှသာလျှင်သူတို့၏ဖွဲ့လုံ့လလျော့နည်းသွားကြပေလိမ့်မည်။ အသေးစိတ်တိုက်ပွဲဆင်ကြလော့။ ဝိသမလောဘနှင့်လောကီးရေးရာများကိုသာ မက်မောခြင်းအပေါ်တွင်သူတို့၏အကျင့်စာရိတ္တများကိုတည်ဆောက်ထားကြစေရန်ဖန်တီးကြ။ ယင်းအကျင့်စာရိတ္တတည်မြဲနေသမျှကာလပတ်လုံး ကယ်တင်ခြင်းနှင့်ကျေးဇူးတော်များနောက်ဆုတ်နေကြပေလိမ့်မည်။ တပ်မက်မောစရာအပြည့်အဝနှင့်သူတို့အားဝန်းရံထားလျှင် သူတို့ကိုငါတို့ပိုင်ကြမည်မှာသေချာ၏။ သူတို့ကိုငါတို့ဇကန်အမှန်စိုးမိုးလာနိုင်မည်သာမက သူတို့အနေဖြင့်အခြားသောသူများအားကောင်းကင်နိုင်ငံတော်သို့ပို့ဆောင်ဖို့သူတို့၏စက်ဆုပ်ဖွယ်သောအရှိန်ဩဇာများကိုအသုံးပြုကြတော့မည်မဟုတ်။ အကယ်၍တစ်ဦးတစ်ယောက်သောသူအနေဖြင့်ပေးလှူ

ဖို့ရန်စဉ်းစားလျှင်တွန့်တိုသောစိတ်၊ ချွေချွေတာတာ ပေးလှူလိုသော စိတ်မျိုးကိုသွင်းပေးလော့” ဟု သူ၏စေတမန်များအားအမိန့်ပေးညွှန် ကြားထားပါသည်။

စာတန်အနေဖြင့် သူ၏စီမံကိန်းများကိုအောင်မြင်စွာအ ကောင်အထည်ဖေါ်နေပုံကိုလည်းကျွန်မမြင်ရပါသည်။ ဘုရားသခင်၏ အမှုတော်ဆောင်များတရားဟောအစည်းအဝေးကျင်းပရန် စီစဉ်ချိန်း ချက်ပြီးကြသောအခါ အနှောင့်အယှက်ပေးရေးအတွက် စာတန်နှင့် သူ၏တမန်များထိုနေရာတွင်အသင့်ရောက်နေကြပြီးဖြစ်ပါသည်။ သူသည်ဘုရားသခင်၏လူများအားအမြဲတစေအကြံပေး၍နေ၏။ ဤသူ တို့အားဤနည်းလမ်း၊ ထိုသူများအားထိုနည်းလမ်းစသည်ဖြင့်တစ်မျိုး တစ်ဖုံစီခွဲခြား၍အကြံပြု၏၊ ညီအစ်ကိုမောင်နှမများတွင်ရှိတတ်သည့် မကောင်းစရိုက်ကလေးများကိုသာရှာ၍ လောဘကြီးသူများဖြစ် ပါက သူတို့ဘက်မှရပ်တည်လျက် သူတို့အမြဲပြုလေ့ရှိသည့်အပြစ်ဒုစရိုက် တွင် လုံးလုံးအာရုံစိုက်နေအောင်အစွမ်းကုန်စာတန်ဆွဲဆောင်တတ် ပါသည်။ ဘုရားသခင်၏ကျေးဇူးတော်နှင့်သမ္မာတရားဆိုင်ရာအလင်း တရားအားဖြင့်သူတို့၏လောဘစိတ်နှင့်အတ္တစိတ်များအခိုက်အတန့် အားဖြင့် ပျောက်ကွယ်သွားကြလိမ့်မည်ဖြစ်သော်လည်း လုံးလုံးလျား လျားအောင်မြင်မှုမရရှိသေးပါက ယင်းအခြေအနေကိုအခွင့်ကောင်း ယူ၍ သူတို့၏မြင့်မြတ်သောသဘောနှင့်ရက်ရောသောစေတနာစိတ်ကို ပျက်ပြယ်သွားအောင်လှည့်ဖြားလိမ့်မည်၊ ထိုအခါသူတို့စွန့်လွှတ်ရသော အခွင့်အရေးများမှာများလွန်းသည်ဟုထင်မှတ်လာကြလိမ့်မည်၊ ကော်င်း မကေုသိုလ်ပြုရသည်များကိုလည်း ငြီးငွေ့လာကြလိမ့်မည်၊ ထိုအခါသူတို့

သည်စာတန်၏လက်ဝယ်တွင်မျှော်လင့်ချက်လုံးဝမရှိသည့်ဆင်းရဲငြို ငြင်သောဘဝသို့ရောက်၍ သခင်ယေရှုသည်ကြီးစွာသောဒုက္ခဆင်း ရဲမျိုးစုံကိုခံလျက် သူတို့အားရွေးနုတ်ထားတော်မူသည်ကိုသူတို့မေ့ လျော့သွားကြပေလိမ့်မည်။

ယုဒရှကာရုတ်၏တပ်မက်သောသဘော၊ ကိုယ်ကျိုးကိုသာ ကြည့်တတ်သောသဘောကို စာတန်အခွင့်ကောင်းယူလျက် မာရိက သခင်ယေရှုအားတန်ဖိုးကြီးသောဆီမွှေးဖြင့်ရက်ရောစွာပူဇော်သော အခါ ညည်းညူရန်သွေးဆောင်ခဲ့ပါသည်။ ယင်းကိစ္စကိုယုဒကဖြုန်းတီး မှုကြီးတစ်ရပ်ဖြစ်သည်ဟုသဘောထား၍ ထိုတန်ဖိုးကြီးသောဆီမွှေး ကိုရောင်းပြီးလျှင် ဆင်းရဲသားများအားဝေငှသင့်သည်ဟုပင်ကြေညာ ခဲ့ပါသည်။ ဆင်းရဲသားများကိုအလေးထား၍မဟုတ်၊ သခင်ယေရှုအား ရက်ရောသောစိတ်နှင့်ပူဇော်သည်ကိုဖြုန်းတီးလွန်းသည်ဟု သဘော ထား၍ ယင်းသို့ပြောလိုက်ခြင်းဖြစ်ပါသည်။ ယုဒသည်သူ၏အရှင်အား အနည်းငယ်မျှသောငွေဖြင့်ရောင်းစားရန်လောက်သာတန်ဖိုးထားခဲ့ပါ ၏။ ကိုယ်တော်ကြွလာတော်မူခြင်းကိုစောင့်မျှော်နေပါသည်ဟုဝန်ခံ သောသူများတွင်ယုဒနှင့်တူသောလူအချို့ကိုကျွန်မမြင်ရပါသည်။ သူတို့ အားစာတန်ကချုပ်ကိုင်ထားကြောင်းသူတို့မသိကြ။ ကိုယ့်အကျိုးကို သာလိုလားသောသဘောနှင့်တပ်မက်သောသဘောကိုစိုးစဉ်းမျှဘုရား သခင်ကသဘောမတူနိုင်ပါ။ ယင်းသဘောတရားများ၏အလိုသို့လိုက် သောသူတို့၏ပတ္ထနာသံများနှင့်နှိုးဆော်သံများကိုလည်း ဘုရားသခင် စက်ဆုပ်တော်မူ၏။ သူ၏အချိန်တိုတောင်းလှသည်ကို စာတန်သိသော ကြောင့် သူတို့အားပို၍ပို၍ ကိုယ်ကျိုးလိုလားအောင်၊ ပို၍ပို၍တပ်မက် မောလာအောင်သွေးဆောင်လမ်းပြလျက်ရှိရာ လူအများစစ်စီးစေနဲ့၍ အတ္တစိတ်နှင့်ပြည့်ဝနေကြမည်ဆိုပါက စာတန်ကြည်နူးနေပါ၏။ ထိုသူ

တို့၏မျက်စိများကိုဖွင့်ပြရန်ဖြစ်နိုင်မည်ဆိုပါက စာတန်သည်သတို့အားငရဲသို့အောင်မြင်စွာပို့ဆောင်နေသည်ကိုလည်းကောင်း၊ သူ၏အကြံပေးချက်များကိုခံယူလျက်မိုက်မဲလှစါ၁ သူ၏ထောင်ချောက်အတွင်းသို့ဝင်နေကြသည်ကိုရှုစားလျက်ဝမ်းမြောက်ဝမ်းသာဖြစ်ကာရယ်မောနေပုံကိုလည်းကောင်း သူတို့တွေ့မြင်ကြပေလိမ့်မည်။

စာတန်နှင့်သူ၏တမန်များသည်ထိုသူတို့၏သဘောထားသေးသိမ်မှုများနှင့်လောဘကြီးမှုများကိုမှတ်သားလျက် သခင်ယေရှုနှင့်ကိုယ်တော်၏သန့်ရှင်းသောကော်းကင်တမန်များထံတင်ဆက်ကြပြီးလျှင်ပြစ်တင်ဝေဖန်လိုသောသဘောဖြင့် “ဤလူများသည်ခရစ်တော်၏နောက်တော်သို့လိုက်လျှောက်သောသူများဖြစ်ကြ၏၊ သေခြင်းနှင့်ကင်းလွတ်၍ကောင်းကင်သို့သယ်ဆောင်ခြင်းကိုခံယူအံ့သောငှါပြင်ဆင်နေသောသူများလည်းဖြစ်ကြ၏” ဟုပြောကြပါသည်။ စာတန်သည်ကျမ်းစာတွင်ရှင်းရှင်းလင်းလင်းဖေါ်ပြဆုံးမထားသည့်အချက်များနှင့်သူတို့၏လမ်းစဉ်ကိုနှိုင်းယှဉ်လျက် “ဤသူများကားခရစ်တော်နှင့်နူတ်ကပါဌ်တရားတော်၏လမ်းစဉ်အတိုင်းလိုက်လျှောက်နေသူများဖြစ်ကြ၏၊ ဤသူတို့ကားခရစ်တော်၏အနစ်နာခံမှုနှင့်ရွေးနုတ်ခြင်းအတွက်အသီးများဖြစ်ကြ၏” ဟု ကဲ့ရဲ့ပြစ်တင်သောသဘောဖြင့်ကောင်းကင်တမန်များအားပြောကြပါသည်။ ယင်းမြင်ကွင်းကိုကောင်းကင်တမန်များမနှစ်သက်သဖြင့် လွှဲရှောင်သွားကြပါသည်။ကိုယ်တော်၏လူများမိမိတို့၏တာဝန်ကိုစဉ်ဆက်မပြတ်ဆောင်ရွက်နေကြရန်ဘုရားသခင်အလိုတော်ရှိတော်မူ၏။ သို့သော်ကောင်းသောအမှုကိုပြုကြရာ၌ သူတို့ငြီးငွေ့လာကြပါက ကိုယ်တော်သည်လည်းသူတို့အပေါ်ငြီးငွေ့တော်မူလိမ့်မည်။ သခင်ယေရှုသည်သူတို့အတွက်ကြောင့် မိမိအသက်တော်ကိုပင်မနမြောဘဲပေးလှူထားပါလျက် ဘုရားသခင်၏

လူများဟုအမည်ခံထားသူမျာအနေဖြင့်စိုးစဉ်းမျှပင်အတ္တစိတ်ရှိကြလျှင် ဘုရားသခင်သည်များစွာမုပင်နှစ်သက်တော်မူကြောင်း ကျွန်မမြင်ရပါသည်။ အတ္တစိတ်များသူတိုင်း၊ လောဘကြီးသူတိုင်းလမ်းဘေးတွင် ကျန်ရစ်ခဲ့ကြပေလိမ့်မည်။ မိမိ၏အရှင်သခင်ကိုရောင်းစားသော ယုဒရှကာရုတ်ကဲ့သို့သူတို့သည်လည်းလောကီဆိုင်ရာအမြင်အစွန်း အနည်းငယ်မျှအတွက် မိမိတို့၏ကောင်းသောကျင့်ဝတ်၊ ဂုဏ်ရှိသော အခြေခံ့သဘောတရား၊ ရက်ရောသောစိတ်များကိုရောင်းစားကြပေလိမ့်မည်။ ထိုသို့သောသူများကိုဘုရားသခင်၏လူများအထဲမှဆန်ခါချ၍ ရွေးထုတ်တော်မူလိမ့်မည်။ ကောင်းကင်ဘုံသို့ဝင်စားလိုသောသူတိုင်း မိမိတို့၏စွမ်းအင်ကိုအကြွင်းမဲ့အသုံးချလျက်ကောင်းကင်ဘုံနှင့်ဆိုင်သောသဘောတရားများတွင် အားယူ၍ရဲရင့်ခြင်းရှိရမည်။ သူတို့၏ အသက်ဝိညာဉ်များကိုအတ္တစိတ်ဖြင့်ညှိုးနွမ်းယိုယွင်းစေမည့်အစား ကောင်းမှုပြုလိုသောသဘောဖြင့် သက်ရှင်ဖွံ့ဖြိုးနေစေရမည်။ တစ်ဦးအတွက်တစ်ဦးကောင်းမှုပြုရာ၌ အခွင့်အရေးရှိသမျှကိုအသုံးပြုလျက် တိုးတက်ဖွံ့ဖြိုးစေရမည်။ သို့မှသာလျှင်ကောင်းကင်ဘုံနှင့်ဆိုင်သောသဘောတရားများကိုမြတ်နိုးမည်။ သခင်ယေရှုကိုယ်တော် တိုင်သည်သာလျှင် စုံလင်သောစံနမူနာဖြစ်သည်ဟုကျွန်မအားညွှန်ပြတော်မူ၏။ ကိုယ်တော်၏အသက်တာတွင်ကိုယ်ကျိုးအတွက်စိတ်ဝင်စားခြင်းမရှိ။ ကိုယ်ကျိုးစွန့်၍သူတစ်ပါး၏ကောင်းကျိုးကိုသာ ထာဝစဉ်ဆောင်ရွက်တော်မူ၏။

---ooo---

## တုန်လှုပ်ခြင်း

ယုံကြည်စိတ်ထက်သန်စွာဖြင့်လည်းကောင်း၊ ပြင်းစွာပူဆွေး ဒုက္ခရောက်နေသည့်အသံဖြင့်လည်းကောင်း ဘုရားသခင်ထံအသနား ခံနေသူများကိုကျွန်မမြင်ရပါသည်။ သူတို့၏မျက်နှာများဖြူဖပ်ဖြူရော် ဖြစ်လျက်စိုးရိမ်ကြောင့်ကြနေပုံပေါ်သဖြင့် သူတို့၏စိတ်နှလုံးအတွင်း ရုန်းကန်နေရခြင်းများပြင်ပတွင်ပေါ်လွင်နေခြင်းဖြစ်ပါသည်။ ကြံ့ခိုင် ခြင်းနှင့်စိတ်အားထက်သန်ခြင်းများလည်း သူတို့၏မျက်နှာပေါ်တွင်ထင် ရှားနေပါသည်။ သူတို့၏နဖူးများပေါ်မှချွေးပေါက်ချွေးသီးများလည်း စီးကျနေပါသည်။ ဘုရားသခင်နှစ်သက်တော်မူကြောင်းပြသည့် လက္ခဏာဖြင့်ရံဖန်ရံခါသူတို့၏မျက်နှာများအရောင်တောက်လာသော် လည်း နောက်တစ်ဖန်မှုလအတိုင်းတည်ငြိမ်ခြင်း၊ စိတ်ထက်သန်ခြင်း၊ ကြောင့်ကြခြင်းများထပ်မံပေါ်လာပြန်၏။

မာရ်နတ်၏တမန်များဝိုင်းအုံလျက်သခင်ယေရှုကိုမတွေ့ မမြင်နိုင်စေရန်သူတို့အပေါ်သို့မှောင်မိုက်နှင့်ဖုံးအုပ်ထားကြပါသည်။ သို့မှသာလျှင်သူတို့အားဝန်းရံလျက်ရှိသောအမှောင်ထုကိုသာကြည့် နေရကြသဖြင့်ဘုရားသခင်ကိုမယုံကြည်မကိုးစားတော့ဘဲ မြည်တွန် တောက်တီးနေကြလိမ့်မည်။ ကောင်းကင်သို့စိုက်၍ကြည့်နေကြသည့် အချိန်၌သာသူတို့လုံခြုံမှုရှိနေကြပါသည်။ ဘုရားသခင်၏လူများအား စောင့်ကြပ်ထားရန် ကိုယ်တော်၏ကောင်းကင်တမန်များအားတာဝန် ပေးအပ်ထားသည်ဖြစ်ရာ ယင်းစိုးရိမ်ကြောင့်ကြနေသူများ၏ဝန်းကျင် တွင်မာရ်နတ်၏တမန်များကဖေါက်ပြန်စေတတ်သည့်အဆိပ်ငွေ့များ နှင့်ဖိနှိပ်ကြသော်လည်း တာဝန်ကျကောင်းကင်တမန်များက အမှောင် ထုကြီးအခြားသို့ပျံ့လွင့်သွားစေရန် မိမိတို့၏အတောင်များကိုဖြန့်၍ သူတို့အပေါ်မှဖြည်းညင်းစွာပျံဝဲနေကြပါသည်။

ပတ္တနာပြုနေသူများဆက်လက်၍စိတ်ရောကိုယ်ပါအော်ဟစ်တောင်းလျှောက်နေကြစဉ် သခင်ယေရှုထံတော်မှသူတို့အပေါ်သို့ရုံဖန်ရံခါအလင်းရောင်ရောက်ရှိလာပြီးလျှင်သူတို့၏မျက်နှာများကိုအလင်းရောင်ပေးလျက်သူတို့ကိုအားပေးတော်မူ၏။ ပူဆွေးဒုက္ခရောက်နေသည့်အသံဖြင့် အသနားခံနေသူများတွင် အချို့သောသူများမပါဝင်ကြသည်ကိုလည်း ကျွန်မမြင်ရပါသည်။ ဂရုမစိုက်အမှုမထားသည့်ပုံပေါ်ပါသည်။ သူတို့၏ဝန်းကျင်ရှိအမှောင်ထုကိုသူတို့မတွန်းလှန်ကြသဖြင့်သူတို့အားမိုးတိန်ထုကြီးကဖုံးအုပ်ထားသကဲ့သို့ဖြစ်နေပါသည်။ ထိုသူများထံမှဘုရားသခင်၏ကောင်းကင်တမန်များထွက်ခွါသွားကြပြီးလျှင်စိတ်အားထက်သန်စွာဆုတောင်းပတ္တနာပြုနေသောသူများအားအကူအညီပေးနေကြပါသည်။ ကိုယ်တိုင်လွတ်မြောက်ရေးအတွက်ဘုရားသခင်ထံလုံ့လဝီရိယစိုက်၍ ဆုတောင်းပတ္တနာပြုလျက်မာရ်နတ်၏တမန်များအားခုခံတွန်းလှန်ရာတွင် မိမိတို့၏စွမ်းအားရှိသမျှကိုအသုံးပြုနေသောသူများအား အထောက်အပံ့ပေးရန် ဘုရားသခင်၏ကောင်းကင်တမန်များအားအလျင်အမြန်ထွက်ခွါသွားကြပုံကိုလည်း ကျွန်မမြင်ရပါသည်။ ကိုယ်တိုင်လွတ်မြောက်ရေးအတွက်မည်သို့မျှမကြိုးစားသောသူများထံမှကိုယ်တော်၏ကောင်းကင်တမန်များထွက်ခွာသွားကြသဖြင့်ထိုသူများကိုလည်းကျွန်မမမြင်ရတော့ပါ။

ကျွန်မရှုမြင်ရသည့်တုန်လှုပ်ခြင်း၏အဓိပ္ပါယ်ကိုကောင်းကင်တမန်များအားမေးသောအခါသစ္စာရှိ၍ ဟုတ်မှန်သောသက်သေခံကြီး၏အကြံပေးချက်နှင့်အညီလောဒိကိအသင်းတော်မှထင်ပေါ်သည့်ဖြောင့်မှန်သောသက်သေခံချက်အရ (တုန်လှုပ်ခြင်း) ဖြစ်လိမ့်မည်။ ယင်းသက်သေခံချက်ကိုခံယူသောသူ၏အပေါ်တွင်ထိရောက်မှုရှိသဖြင့်သူသည်အဆင့်အတန်းမြင့်၍ဖြောင့်မှန်သောသမ္မာတရားကိုထုတ်ဖေါ်လိမ့်

မည်။ အချို့သောသူများယင်းဖြောင့်မှန်သောသက်သေခံချက်ကို သယ်ဆောင်ကြလိမ့်မည်မဟုတ်ပါ။ သူတို့သည်ယင်းသက်သေခံချက်ကို အတိုက်အခံပြုကြလိမ့်မည်။ ထိုအတွက်ကြောင့်ဘုရားသခင်၏လူတို့တွင်တုန်လှုပ်ခြင်းဖြစ်လိမ့်မည်စသည်ဖြင့် ကျွန်မအားဖေါ်ပြပါသည်။

သစ္စာရှိ၍ ဟုတ်မှန်သောသက်သေခံကြီး၏သက်သေခံချက်တွင် စိတ်ပါဝင်ခြင်းမရှိကြပုံကိုကျွန်မမြင်ရပါသည်။ အသင်းတော်များ၏ ရပ်တည်မှုသည် ယင်းလေးနက်သောသက်သေခံချက်အပေါ်လုံးဝမူတည်လျက်ရှိသော်လည်း ၎င်းကိုလုံးလုံးလျားလျားမခန့်မညားပြုသည် တိုင်အောင်တော်ရုံတန်ရုံမျှသာ အလေးပေးနေကြပါသည်။ ဤသက်သေခံချက်အားဖြင့်လေးလေးနက်နက်နောင်တရကြလိမ့်မည်။ သစ္စာနှင့်ခံယူသူတိုင်းလိုက်နာစောင့်ထိန်း၍ သန့်စင်ခြင်းသို့ရောက်ကြပေလိမ့်မည်။

"နားစိုက်လော့" ဟုကောင်းကင်တမန်က ကျွန်မအားပြောပါသည်။ မကြာမီပင်တူရိယာမျိုးစုံပါဝင်သည့် အသံကဲ့သို့သောအသံတစ်ရပ်ကို ကျွန်မကြားရပါသည်။ ပြီးပြည့်စုံ၍ငြိမ့်ညောင်းသာယာလှပါသည်။ ကျွန်မကြားဖူးသမျှသောတူရိယာသံတို့ထံသာလွန်ငြိမ့်ညောင်းပါသည်။ ကရုဏာပါသောအသံ၊ ကြင်နာသောအသံ၊ ဝမ်းမြောက်ဖွယ်သောအသံ၊ သန့်ရှင်းသောအသံများဖြစ်ပါသည်။ ကျွန်မရင်အေးသွားပါသည်။ ကောင်းကင်တမန်က "ကြည့်ရှုလော့" ဟုနောက်တစ်ဖန်ပြောပြီးလျှင်ယခင်ကျွန်မမြင်ခဲ့ပြီးသောလူစုကိုပြန်၍ပြရာသူတို့အားလုံးအထူးပင်တုန်လှုပ်နေကြပါသည်။ ယခင်ကျွန်မမြင်ခဲ့ရစဉ်က စိတ်ဒုက္ခရောက်၍မျက်ရည်ကျလျက်ဆုတောင်းပတ္ထနာပြုနေသောသူများကိုပြန်၍ပြပါသည်။ သူတို့အားဝန်းရံစောင့်ကြပ်လျက်ရှိသောကောင်းကင်တမန်များနှစ်ဆတိုးနေပါသည်။ သူတို့အားလုံး

ဦးခေါင်းမှခြေနားအထိသံချပ်အင်္ကျီတစ်စုံစီကိုသေသပ်စွာဝတ်ဆင် ထားကြပါသည်။ စစ်သည်တော်များပမာစည်းကမ်းသေဝပ်စွာချီတက် နေကြပါသည်။ သူတို့အနေဖြင့်အပြင်းအထန်တိုက်ခိုက်ခံရပုံများ၊ ရုန်း ကန်တွန်းလှန်ခဲ့ရပုံများ၊ စိတ်ဒုက္ခရောက်ခဲ့ပုံများသူတို့၏မျက်နှာများ ပေါ်တွင်ပေါ်လွင်နေပါသည်။ ယင်းသို့အတွင်းစိတ်ဒုက္ခပြင်းစွာခံစား ခဲ့ရကြသည့် လက္ခဏာများရှိနေသော်လည်း ယခုအခါတွင်ကော်င်း ကင်အလင်းရောင်သည်သူတို့၏မျက်နှာများပေါ်တွင်ရောင်ပြင်ဟပ် နေပါသည်။ သူတို့သည်အောင်ပွဲခြင်းရရှိကြပြီဖြစ်၍ လေးလေး စားစားကျေးဇူးတရားသိပုံ၊ သန့်ရှင်းပုံ၊ မွန်မြန်သည့်ဝမ်းမြောက် ခြင်းနှင့်ပြည့်ဝနေပုံများပေါ်လွင်နေပါသည်။

ယင်းလူစုမှာအရေအတွက်အားဖြင့်လျော့နည်းသွားပါသည်။ အချို့သောသူများတုန်လှုပ်စဉ်က လမ်းဘေးတွင်ကျန်ရစ်ခဲ့ကြပါသည်။ ကယ်တင်ခြင်းနှင့်အောင်မြင်ခြင်းရရှိရန်အတွက် ဂရုမစိုက်အမှုမထား သောသူများ၊ လုံ့လဝီရိယနှင့်လည်းကောင်း၊ စိုးရိမ်ကြောင့်ကြစွာဖြင့် လည်းကောင်း၊ တန်ဖိုးထား၍လည်းကောင်းဆုတောင်းပတ္ထနာပြုသော သူများနှင့်အတူလက်မတွဲသောသူများ၊ ယင်းကယ်တင်ခြင်းနှင့်အောင် မြင်ခြင်းကိုမရကြဘဲမှောင်မိုက်အတွင်းကျန်ရစ်ခဲ့ကြပါသည်။ သမ္မာ တရားကိုလက်ခံ၍တပ်တွင်းသို့ဝင်လာကြသောအခြားသူများ က သူတို့ အားဝန်းရံထားလျက်ပင်ရှိနေသေးသော်လည်းသူတို့အပေါ်ဩဇာသက် ရောက်မှုမရှိတော့ပါ။

လက်နက်စုံကိုဝတ်ဆင်ထားသူများသည်သမ္မာတရားတော်ကို တန်ခိုးကြီးစွာဖြင့်ဟောပြောနေကြသည်ကိုကျွန်မကြားရပါသည်။ ထိ ရောက်မှုရှိလှပါသည်။ အချို့ဇနီးများသည်သူတို့၏ခင်ပွန်းများအားဖြင့် လည်းကောင်း၊ အချို့သောသားသမီးများသည်သူတို့၏မိဘများအား

ဖြင့်လည်းကောင်း လူအများတစည်းတလုံးတည်းဖြစ်နေကြပါသည်။ သမ္မာတရားတော်ကိုမကြားမနာခဲ့ရသည့်ရိုးဖြောင့်သူအများယခုအခါတွင်ထိထိမိမိနာယူနေကြပါသည်။ သူတို့၏ဆွေမျိုးများကိုမကြောက်မရွံ့ရတော့ဘဲ သမ္မာတရားတော်သည်သာလျှင် သူတို့အတွက်အထွတ်အမြတ်ဖြစ်နေပါသည်။ သမ္မာတရားတော်ကိုသူတို့ဆာငတ်ခင်မွတ်ခဲ့ကြပါသည်။ အသက်ထက်ပို၍တန်ဖိုးထားကြပါသည်။ မြတ်နိုးကြပါသည်။ ဤပြောင်းလဲမှုကြီးမည်သို့မည်ပုံဖြစ်လာသည်ကို ကျွန်မမေးသောအခါ ကောင်းကင်တမန်တစ်ပါးက "နောက်မိုးကြောင့်ဖြစ်၏၊ ထာဝရဘုရား၏ထံတော်မှရောက်လာသောချမ်းအေးသည့်အချိန်ကာလဖြစ်၏၊ တတိယကောင်းကင်တမန်၏ကျယ်သောကြွေးကြော်သံဖြစ်၏" ဟု ပြောပါသည်။

ကြီးစွာသောဘုန်းတန်ခိုးတော်သည်ရွေးချယ်ခြင်းခံရသောသူတို့နှင့်အတူရှိနေတော်မူ၏။ "ကြည့်ရှုလော့" ဟုကောင်းကင်တမန်ကပြောသောအခါဆိုးသောသူသို့မဟုတ်မယုံကြည့်သောသူများကိုကျွန်မအာရုံစိုက်နေရပါသည်။ သူတို့အားလုံးလှုပ်လှုပ်ရွရွဖြစ်နေကြပါသည်။ ဘုရားသခင်၏လူတို့တန်ခိုးကြီး၍ဖွဲ့လုံ့လရှိနေကြသဖြင့် ထိုသူတို့နိုးကြား၍အမျက်ထွက်ကြ၏။ ရှုပ်ထွေးမှုပါတကား၊ နေရာတကာတွင်ရှုပ်ထွေးမှုဖြစ်နေပါသည်တကား၊ ဘုရားသခင်၏တန်ခိုးတော်နှင့်အလင်းတရားကိုရရှိထားသည့်လူစုအပေါ်အရေးယူ၊ ရန်မူနေကြပုံကိုကမန်မမြင်ရပါသည်။ သူတို့၏ဝန်းကင်၌တွင်အမှောင်ထုပို၍လာသော်လည်းကြံ့ကြံ့ခိုင်ခိုင်ရပ်တည်နေကြ၏၊ ကိုယ်တော်အားယုံကြည်ကိုးစားကြ၏၊ ဘုရားသခင်နှစ်သက်တော်မူ၏။ ထိုနာက်သူတို့စိတ်ရှုပ်ထွေးသွားကြပုံကိုကျွန်မမြင်ရပါသည်။ ထိုမှတစ်ဖန်သူတို့သည်ဘုရားသခင်ထံစိတ်အားထက်သန်စွာဖြင့်အော်ဟစ်တောင်းလျှောက်နေကြသည်ကို

ကျွန်မကြားရပြန်၏။ “အိုအဘဘုရား၊ ကိုယ်တော်၏အလိုတော် အတိုင်းဖြစ်ပါစေသော၊ ကိုယ်တော်၏နာမတော်ဘုန်းထင်မည်ဆိုပါ က ကိုယ်တော်၏လူ၊ အကျွန်ုပ်တို့အားအကျွန်ုပ်တို့၏ဝန်းကျင်တွင် ရှိနေသောသာသနာပလူတို့၏လက်မှ ကယ်လွှတ်တော်မူပါ၊ သူတို့ သည်အကျွန်ုပ်တို့အားသေပြစ်စီရင်ထားကြပါ၏။ သို့သော်ကိုယ်တော် ၏လက်ရုံးတော်သည်ကယ်တင်ခြင်းကိုပေးနိုင်တော်မူပါ၏” ဟု သူတို့ နေ့ညမပြတ်အော်ဟစ်၍ အသနားခံနေကြပါသည်။ ဤစကားလုံး များကိုသာ ကျွန်မမှတ်မိပါသည်။ သူတို့အားလုံးသည်ကိုယ်တိုင်အား ဖြင့် ထိုက်တန်သောသူများမဟုတ်ကြောင်း လေးလေးနက်နက်သိပုံ ပေါ်ပါသည်။ ထိုမှုမကဘုရားသခင်အားလုံးလုံးလျားလျားဆက်ကပ် ထားကြသည်မှာလည်း ထင်ရှားနေပါသည်။ သို့ပါလျက်ယာကုပ်ကဲ့သို့ လူတိုင်းတစ်ယောက်မကျန်စိတ်ရောကိုယ်ပါအသနားခံလျက်လွတ် မြောက်ရေးအတွက်လုံးထွေးနေကြပါသည်။

သူတို့စိတ်ရောကိုယ်ပါ အော်ဟစ်တောင်းလျှောက်ကြသည်ဆို လျှင်ပင် ကောင်းကင်တမန်များသနားစိတ်ပွား၍ သူတို့အားကယ်လွှတ် ရန်ထွက်သွားလိုကြပါသည်။ သို့သော်အရပ်မြင့်သည့်ကောင်းကင်တမန် ခေါင်းဆောင်တစ်ပါးက သူတို့အားခွင့်မပြုပါ။ “ဘုရားသခင်၏အလို တော်မပြည့်စုံသေး၊ ကိုယ်တော်သောက်သောခွက်ကိုသူတို့သောက်ရ ကြဦးမည်၊ ကိုယ်တော်ခံယူသောဗတ္တိဇံကိုသူတို့ခံရကြဦးမည်” ဟု ထို ကောင်းကင်တမန်ခေါင်းဆောင်ကပြောပါသည်။

ထိုနောက်မကြာမီအတွင်း ကောင်းကင်နှင့်မြေကြီးကိုတုန်လှုပ် သွားစေသည့်ဘုရားသခင်၏အသံတော်ကို ကျွန်မကြားရပါသည်။ ကြီးစွာသောမြေငလျင်လှုပ်ခြင်းလည်းဖြစ်လေ၏။ နေရာတိုင်းတွင် လည်းအဆောက်အအုံများတုန်လှုပ်သွားလေ၏။ ထိုနောက်ကျယ်

လျောင်လှစွာသောအောင်ပွဲခံသံ၊ ကြည်လင်သာယာသည့်တူရိယသံ ကိုကျွန်မထင်ထင်ရှားရှားကြားလိုက်ရပါသည်။ မကြာသေးမီကချုပ် နှောင်ခြင်းကိုခံရ၍ စိတ်ဒုက္ခကိုယင်ဆင်းရဲခံနေရသောလူစုကို ကျွန်မ ကြည့်လိုက်ရာ သုံ့ပန်းများအဖြစ်မှလွတ်မြောက်သွားကြလေပြီ။ သူတို့ အပေါ်တွင်လည်းဘုန်းတော်ရောင်ခြည်ထွန်းတောက်လျက်ရှိလေပြီ။ တင့်တယ်ခန့်ညားသောသူများဖြစ်ကြပါသည်တကား။ စိုးရိမ်ကြောင့် ကြသည့်လက္ခဏာများ၊ ပင်ပန်းနွမ်းနယ်သည့်ပုံများ ပျောက်ချက် ကောင်းလှပါ၏။ မျက်နှာတိုင်းတင့်တယ်စိုပြည်၍ ကျန်းမာရွှင်လန်းပုံ ပေါ်နေပါသည်။ သူတို့၏ဝန်းကျင်ရှိရန်သူများ၊ သာသနာပလူများ၊ စုတေသူများပမာ လဲနေကြပါသည်။ သန့်ရှင်းလွတ်မြောက်သွားသူ များအပေါ်တွင် ထွန်းတောက်လျက်ရှိသောအလင်းရောင်ကိုသူတို့မခံ မရပ်နိုင်ကြပါ။ သခင်ယေရှုသည်ကြီးစွာသောဘုန်းတန်ခိုးအာနုဘော် ကိုဆောင်လျက်မိုးတိမ်ကိုစီး၍ ကြွလာတော်မူသည်ကိုမြင်ရသောအခါ စမ်းသပ်စစ်ဆေးခြင်းမျိုးစုံကိုခံရပြီး၍ သစ္စာတည်မြဲသည့် လူစုသည် တစ်ခဏချင်းတွင်မျက်စိတမှိတ်၌ပြောင်းလဲခြင်းသို့ရောက်၍ဘုန်း စည်းစိမ်တစ်ဆင့်မှတစ်ဆင့်သို့ဝင်စားရသည်တိုင်အောင် ယင်းဘုန်း တော်ရောင်ခြည်သည် သူတို့အပေါ်တွင်တည်လျက်နေပေလိမ့်မည်။ သင်္ချိုင်းဂူများပွင့်၍ သန့်ရှင်းသူများထွက်လာကြပြီးလျှင် မသေမပျောက် နိုင်သောအဖြစ်သို့ပြောင်းလဲ၍ 'သေခြင်းတရားနှင့်သင်္ချိုင်းကိုအောင် ပြီ' ဟု ကြွေးကြော်ကြပြီးနောက် ခမ်းနားသိုက်မြိုက်စွာသီဆိုတီးမှုတ် ကြသည့်တူရိယသံများ၊ ဘုန်းကြီးတော်မူသည့်အောင်ပွဲခံသံများကို အိုခြင်း၊ နာခြင်း၊ သေခြင်းကကင်းသောလူအပေါင်းက ကြွေးကြော်၊ သီဆို၊ တီးမှုတ်လျက်နေစဉ်သန့်ရှင်းသောအသက်ရှင်နေသူများနှင့်အတူ ထိုသူတို့သည်လည်းကောင်းကင်၌သခင်ဘုရားထံသို့ရောက်စေခြင်းငှါ ချီးဆောင်ခြင်းကိုခံရကြလိမ့်မည်။

---ooo---

ဗာဗုလုန်မြို့ကြီး၏ဒုစရိုက်များ

အသင်းတော်များပြိုလဲကြောင်းကိုဒုတိယကောင်းကင်တမန် ကြွေးကြော်သည့်အချိန်မှအစပြု၍ ယင်းအသင်းတော်များကို၍ယိုယွင်း ဖေါက်ပြန်လာကြပုံကို ကျွန်မမြင်ရပါသည်။ ခရစ်တော်၏နောက် တော်သို့လိုက်လျှောက်သောသူများဖြစ်သည်ဟု အမည်ခံထားကြသော် လည်းလောကီသားများနှင့်ခွဲခြား၍မရပါ။ ဓမ္မဆရာများသည်သမ္မာ ကျမ်းစာမှကောက်နုတ်ချက်များဖြင့်တရားဟောကြားသော်လည်းလူတို့ အကြိုက်လိုက်၍ ပြေပြစ်ချောမွေ့စွာဖြင့်ဟောပြောကြပါသည်။ ဇာတိပကတိစိတ်သဘောသည် ယင်းတရားမျိုးကိုသာ နှစ်ခြိုက်ပါသည်။ ခရစ်တော်၏ကယ်တင်ခြင်းတရား၊ သမ္မာတရားတော်၏တန်ခိုးနှင့် ဝိညာဉ်ပကတိဆိုင်ရာတရားမျိုးကိုမူကား ဇာတိပကတိစိတ်သဘော တို့ကမနှစ်မြို့ကြပါ။ လူကြိုက်များနေသော သာသနာတွင် စာတန်၏ အမျက်ဒေါသကိုလှုံ့ဆော်ပေးမည်းအရာမရှိ၊ ဒုစရိုက်သားကိုတုန်လှုပ် စေမည့်အာနိသင်လည်းမရှိ၊ မကြာမီရောက်လာတော့မည့်တရားစီရင် ခြင်းဆိုင်ရာအမှန်တရား၊ ကြောက်မက်ဖွယ်ရာများနှင့်ပတ်သက်၍ လည်းစိတ်နှလုံးထိခိုက်စရာ၊ အတွင်းစိတ်နိုးကြားစရာဟူ၍ လုံးဝမရှိ ပါ။ ဘုရားတရား၌အစစ်အမှန်မွေ့လျော်ခြင်းမရှိဘဲ ပုံစံအားဖြင့်သာ ဘုရားဝတ်ပြုကိုးကွယ်ခြင်းမျိုးကို ဆိုးသွမ်းသောသူများ ယေဘုယျအား ဖြင့်နှစ်သက်မြတ်နိုးကြသည်သာမက အထောက်အပံ့ပင်ပေးကြပါ သည်။

ကောင်းကင်တမန်က ‘လူတို့အနေငြိဖ့်လောကီမှောင်မိုက်၌ အစိုးတရပြုသောမင်းတို့ကိုအောင်နိုင်၍ ယင်းအောင်မြင်မှုကိုတည်မြဲ စေရန်အတွက်ဖြောင့်မတ်ခြင်းတည်းဟူသောလက်နက်စုံမှအပအခြား

မည်သည့်လက်နက်မျှမရှိ။ အသင်းတော်အားလုံးကိုတပေါင်းတစည်းတည်း စာတန်အပိုင်းစီးထားလေပြီ။ ဘုရားသခင်၏နှုတ်ကပါဌ်တရားတော်ဆိုင်ရာထိရောက်သည့်သမ္မာတရားတော်၌ မွေ့လျော်ရမည့်အစားလူတို့၏ဆိုရိုးစကားများနှင့်ကျင့်ဝတ်များပေါ်တွင်သာ အချိန်ကုန်ခံနေကြ၏။ လောကီစိတ်ဓါတ်နှင့်ကျင့်ဝတ်များပေါ်တွင်သာအချိန်ကုန်ခံနေကြ၏။ လောကီစိတ်ဓါတ်နှင့်လောကကို မိတ်သဟာယဖွဲ့ခြင်းသည် ဘုရားသခင်နှင့်ရန်ဘက်ဖြစ်၏။ သခင်ယေရှု၌တည်ရှိနေသကဲ့သို့သမ္မာတရားတော်၌တည်ရှိနေသည့် ရိုးသားမှုနှင့်တန်ခိုးစွမ်းအင်သည်လောကီစိတ်သဘောနှင့်ထိပ်တိုက်တွေ့သောအခါနှိပ်စက်ညှဉ်းပန်းလိုသောစိတ်ဓါတ်ချက်ချင်းနိုးထလိမ့်မည်။ ခရစ်ယာန်ဖြစ်ပါသည်ဟု ဝန်ခံကြသူအမြောက်အမြားသည် ဘုရားသခင်ကိုမသိမကျွမ်းကြ။ ဇာတိပကတိစိတ်သဘောလည်းမပြောင်းလဲကြသည့်အတွက်လေကီဉာဏ်မျက်စိသည်လည်း ဘုရားသခင်နှင့်ရန်ဘက်ဖြစ်ဆဲပင်ရှိသေး၏။ အခြားသော နာမတစ်စုံတစ်ရာကိုခံယူထားကြသော်လည်း သူတို့သည်စာတန်၏သစ္စာခံနောက်လိုက်များဖြစ်ကြ၏' ဟုပြောပါသည်။

သခင်ယေရှုသည်ကောင်းကင်သန့်ရှင်းရာဌာနတော်၏သန့်ရှင်းသောအခန်းမှထွက်၍ အသန့်ရှင်းဆုံးသောအခန်းသို့ဝင်ရောက်သည့်အချိန်မှအစပြု၍ အသင်းတော်များကိုစက်ဆုပ်ရွံရှာဖွယ်ရာမသန့်ရှင်းသောသူမျိုးစုံတို့ဖြင့် ဖြည့်ဆည်းနေကြသည်ကိုကျွန်မမြင်ရပါသည်။ အသင်းတော်များတွင်ဆိုးသွမ်းမှု၊ မတရားမှုများနှင့်ပြည့်ဝနေသော်လည်း အသင်းသားများကမူ ကိုယ့်ကိုကိုယ်ခရစ်ယာန်အမည်ခံနေကြ

ပုံကိုလည်းကျွန်မမြင်ရပါသည်။ သူတို့၏ခံယူချက်များ၊ သူတို့၏ပတ္တနာများနှင့်သူတို့၏တိုက်တွန်းနှိုးဆော်ချက်များကို ထာဝရဘုရားစက်ဆုပ်ရွံရှာတော်မူ၏။ ကောင်းကင်တမန်က 'သူတို့၏အစည်းအဝေးများတွင်ပူဇော်သည့်နံ့သာပေါင်းတည်းဟူသောပတ္တနာသံကို ထာဝရဘုရားလက်ခံတော်မူလိမ့်မည်မဟုတ်။ အတွင်းစိတ်၏သွန်သင်မှုကိုမနာယူဘဲကိုယ်ကျိုးငဲ့ကွက်ခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ ကောက်ကျစ် စဉ်းလဲခြင်းများကိုထိုသူတို့ကျင့်သုံးနေကြ၏။ ၎င်းအကျင်းစရိုက်ဆိုးများကိုဘာသာရေးခြုံထည်နှင့်ဖုံးအုပ်ထားကြ၏' ဟုပြောပြပါသည်။ ယောင်ဆောင်သောအသင်းတော်များ၏မာန်မာနထောင်လွှားကြပုံကိုကျွန်မအားညွှန်ပြပါသည်။ သူတို့၏အကြံအစည်များကိုဘုရားသခင်အလိုတူတော်မမူနိုင်။ သူတို့၏လောကီဉာဏ်မျက်စိများသည်သူတို့၏ကိုယ်ရေးကိစ္စများအပေါ်တွင်သာစူးစိုက်နေကြပါသည်။ သေဒဏ်သင့်နေသည့်သူတို့၏မစုံလင်သောခန္ဓာကိုယ်ကိုသာမွမ်းမံခြယ်လှယ်နေကြပြီးလျှင်ကိုယ့်ကိုကိုယ်ကြည့်၍ ကျေနပ်နှစ်သက်နေကြပါသည်။ သခင်ယေရှုနှင့်ကောင်းကင်တမန်များ သူတို့ကိုကြည့်၍အမျက်ထွက်နေကြပါသည်။ 'သူတို့၏ဒုစရိုက်များနှင့်မာန်မာနထောင်လွှားမှုများ ကောင်းကင်သို့ရောက်နေလေပြီ။ သူတို့ရထိုက်သည့်အခကိုလည်း ပြင်ဆင်ထားပြီးလေပြီ။ တရားမျှတမှုနှင့်တရားစီရင်ခြင်းငိုက်မျဉ်းအိပ်ပျော်နေခဲ့သည်မှာ ကြပြီဖြစ်သော်လည်း မကြာမီနိုထလေတော့မည်။ ငါသည်အပြစ်တရားကိုစီရင်ပိုင်၏။ အပြစ်နှင့်အလျောက်ငါဆပ်ပေးမည်ဟုထာဝရဘုရားမိန့်တော်မူ၏' ဟု ကောင်းကင်တမန်ကပြောပါသည်။ တတိယကောင်းကင်တမန်၏ကြောက်မက်ဖွယ်ရာကြုံးဝါးသံများအကောင်းအထည်ပေါ်ရမည်။ မတရားသောသူအားလုံးထာဝရဘုရား၏အမျက်တော်ဖလားကိုသောက်ရကြပေလိမ့်ညမ်။ မရေအတွက်နိုင်

လောက်အောင်များပြားသည့် စာတန်၏မိစ္ဆာဗိုလ်ခြေများတစ်ပြည်လုံးတွင်အနှံ့အပြားရှိနေကြသည့်အလျောက် အသင်းတော်များတွင်ပြည့်လျှံလျက်ရှိနေပါသည်။ ဘာသာရေးအသင်းအဖွဲ့များအနေဖြင့်အကြီးဆုံးသောရာဇဝတ်မှုနှင့်ဒုစရိုက်များကိုဘာသာရေးခြုံထည်ဖြင့်ဖုံးအုပ်ထားကြသောကြောင့် ထိုစာတန်၏ကိုယ်စားလှယ်များအနေဖြင့်ကြည်နူးနေကြပါသည်။

ဘုရားသခင်၏လက်ရာတော်ဖြစ်သည့်လူသည်လူသားအချင်းချင်းဖိနှိပ်မှုကြောင့် အနိမ့်ဆုံးသောအဆင့်တွင် စဉ်းစားဆင်ခြင်တတ်သည့် ဉာဏ်မရှိသောသတ္တဝါများ၏အခြေသို့ပင်ဆိုက်ရောက်နေသည့်အတွက် ကောင်းကင်ဗိုလ်ခြေအပေါင်းက မခံမရပ်နိုင်ဖြစ်နေကြပါသည်။ လူသားအပေါ်အမင်္ဂလာကျရောက်နေသည်ကို ရှုစားတော်မူရလျှင်ကရုဏာပွားတော်မူသော ကယ်တင်ရှင်၏နောက်တော်သို့လိုက်လျှောက်ကြပါသည်ဟု ဝန်ခံသောသူများပင်လျှင် ထိုမျှလောက်ကြီးလေးပြင်းထန်သောအပြစ်မျိုးတည်းဟူသော ငွေဝယ်ကျွန်အရောင်းအဝယ်လုပ်ငန်းတွင်စိတ်ရောကိုယ်ပါဝင်ရောက်ဆင်နွှဲ၍ လူတို့၏အသက်ဝိညာဉ်များကိုဖျက်ဆီးနေကြပါသည်။ လူသားတို့၏စိတ်ဒုက္ခဝေဒနာများကို တစ်နေရာမှတစ်နေရာသို့သယ်ဆောင်လျက် အရောင်းအဝယ်ပြုလုပ်နေကြပါသည်။ ဘုရားသခင်၏ကောင်းကင်တမန်များက ယင်းအမှုအရာအားလုံးကိုမှတ်ထား၍ မှတ်တမ်းစာအုပ်တွင်အက္ခရာတင်ထားကြပါသည်။ ဘုရားတရားကြည်ညိုသည့်ကျွန်ယောကျာ်း၊ ကျွန်မိန်းမ၊ မိခင်၊ ဖခင်၊ သားသမီး၊ ညီအစ်ကို၊ မောင်နှမတို့၏ မျက်ရည်များကိုကောင်းကင်ပုလင်းတွင်သိုလှောင်ထားပါသည်။ ဘုရားသခင်သည်မိမိ၏အမျက်တော်ကိုအချိန်ကြာဖြင့်စွာဆက်လက်ချုပ်တည်းထားတော့မည်မဟုတ်။ ဤလူမျိုးအပေါ်ဘုရားသခင်အမျက်

ထွက်တော်မူ၏။ အထူးသဖြင့်ယင်းသို့ရောင်းဝယ်ဖေါက်ကားမှုကို အခွင့်အာဏာပေးအပ်သည်သာမက မိမိတို့ကိုယ်တိုင်ပါဝင်ဆောင်ရွက်ကြသည့် ဘာသာရေးအဖွဲ့အစည်းများအပေါ် ပို၍အမျက်ထားတော်မူ၏။ ယင်းသို့မတရားပြုမှု၊ ယင်းသို့ရက်စက်စွာဖိနှိပ်မှု၊ ယင်းသို့ဆင်းရဲဒုက္ခခံစားရမှုများကိုနူးညံ့သိမ်မွေ့နှိမ့်ချတော်မူသောသခင်ယေရှု၏နောက်တော်သို့လိုက်လျှောက်ပါသည်ဟု ဝန်ခံသူအများစုက ဂရုမစိုက်လျစ်လျူရှုနေကြ၏။ ကိုယ်ချင်းစာတရားကင်းမဲ့စွာကြည့်နေကြ၏။ သူတို့တွင်အများစုသည်ဤကဲ့သို့မဖေါ်မပြနိုင်လောက်အောင်ပူဆွေးဒုက္ခခံရခြင်းများကိုအမြင်ကတ်စရာကောင်းလောက်အောင် ကျေနပ်မှုရယူလျက်ပါဝင်နေကြပါသည်။ သို့ပါလျက်သူတို့အနေဖြင့် ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ဝံ့ကြသေး၏။ ဟန်မပျက်ဘဲမထီမဲ့မြင်ပြုနေခြင်းဖြစ်၏။ ယင်းကိစ္စအတွက်စာတန်ကြည်နူးလှသဖြင့်သခင်ယေရှုနှင့်ကိုယ်တော်၏ကောင်းကင်တမန်များအား ဝေဖန်ပြစ်တင်သည့်အနေဖြင့် မဆီမလျော် 'ခရစ်တော်၏တပည့်တော်များဆိုသည်မှာ ဤကဲ့သို့သောသူများပါတကား' ဟု ဆိုးသွမ်းလှစွာအောင်ပွဲခံလိုက်ကြပါသည်။

ဤခရစ်ယာန်အမည်ခံသူများသည် ခရစ်တော်အတွက်ဒုက္ခခံ၍စတေးသွားသောမာတုရများ၏အတ္ထုပတ္တိများကိုဖတ်၍မျက်ရည်ကျကြပါသည်။ လူသားအချင်းချင်းထိုမျှလောက်ရက်စက်ကြမ်းကြုတ်မှုပြုနိုင်ကြသည်တိုင်အောင် ထိုသူတို့၏စိတ်နှလုံးခိုင်မာပုံကိုသူတို့အံ့သြကြ၏။ ထိုသို့သဘောရ၍ ထိုသို့ပင်ပြောကြသောထိုသူတို့သည်ပင်လျှင် လူသားအချင်းချင်းကိုငွေဝယ်ကျွန်အဖြစ်လက်ကိုင်ထားနေကြပါသည်။ ထိုမျှနှင့်မပြီးသေးပါ၊ သဘာဝအနှောင်အဖွဲ့များကိုခွဲခွါ၍ထားကြပြီးလျှင်လူသားအချင်းချင်းကိုရက်ရက်စက်စက်နှိပ်စက်နေကြပါသည်။ ရှေးခေတ်သာသနာပလူများနှင့်တစ်ပါးအမျိုးသားတို့က

ခရစ်တော်၏တပည့်တော်နောက်လိုက်များကိုမပြေမပျောက်နိုင်သော
အမျက်ဒေါသဖြင့် ရက်ရက်စက်စက်ညှဥ်းပန်းခဲ့ကြသည်နည်းတူ၏
သူတို့ကလည်းလူသားအချင်းချင်းကိုစီရင်နေကြပါသည်။ ကောင်းကင်
တမန်က 'ဘုရားသခင်တရားစီရင်တော်မူသည့်နေ့သို့ရောက်သော
အခါ ရှေးကသာသနာပလူများနှင့်တစ်ပါးအမျိုးသားတို့သည် ဤသူ
တို့ထက်ပို၍အနေသာကြလိမ့်မည်' ဟုပြောပါသည်။ နှိပ်စက်ဖိစီးခြင်း
ခံရသူများ၏အော်ဟစ်သံသည်ကောင်းကင်သို့ရောက်လေပြီ။ ဖန်ဆင်း
တော်မူသောအရှင်နှင့်တစ်ပုံတစ်သဏ္ဍာန်တည်းဖန်ဆင်းထားသောလူ
သားသည် မိမိတို့လူသားအချင်းချင်းအားမဖော်မပြနိုင်လောက်အောင်
ပြင်းထန်သည့်စိတ်ဒုက္ခကိုယ်ဆင်းရဲခံစားရလေအောင် ပြုလုပ်ကြသည့်
အတွက်ကောင်းကင်တမန်တို့ကြည့်၍ အံ့အားသင့်နေကြပါသည်။
ကောင်းကင်တမန်က ပြောပြပြန်သည်မှာ– ဖိစီးနှိပ်စက်သောသူတို့
၏အမည်များကိုနှိပ်စက်ညှဥ်းဆဲခြင်းကြောင့် ဒုက္ခဆင်းရဲခံရသူများ
အသွေးနှင့်ရေး၍ ရိုက်ချက်အရှိုးပုံစံများနှင့်ကြက်ခြေခတ်ပြီးလျှင် စိတ်
ဒုက္ခခံရခြင်းကြောင့် ကျဆင်းသောမျက်ရည်ပူများနှင့် လွှမ်းမိုးထားပါ
ဉည်။ အလင်းတရားနှင့်ဆိုင်သောဤပြည်သည်ဘုရားသခင်၏အမျက်
တော်ဖလားမှ အနည်များကိုသောက်၍ မပြီးမီတိုင်အောင်၊ ဗာဗု
လုန်မြို့ကြီး၏အကျိုးအပြစ်ကိုနှစ်ဆဆပ်ပေး၍ မပြီးမီတိုင်အောင်ဘုရား
သခင်၏အမျက်တော်ပြေလိမ့်မည်မဟုတ်။ သူသည်အကျိုးအတိုင်း
နှစ်ဆထပ်၍စီရင်ကြလော့၊ ဥလောင်းသောဖလား၌သူ့အဖို့နှစ်ဆတိုး
၍လောင်းကြလော့။

သူ၏ငွေဝယ်ကျွန်အားအသိပညာမပေးသောကျွန်ပိုင်ရှင်
သည်သူ၏ကျွန်နှင့်ဆိုင်သောအသက်ဝိညာဉ်အတွက် ဖြေရှင်းရလိမ့်

မည့်ပြင်ယင်းသွေဝယကျွန်၏ဒုစရိုက်အပြစ်များအတွက်သူ့ကိုဆပ်ပေးလိမ့်မည်။ အသိပညာမပေးဘဲထားပြီးချုပ်ချယ်ခြင်း၊ ရှုတ်ချခြင်းခံရသောငွေဝယ်ကျွန်၊ ဘုရားသခင်၏အကြောင်းနှင့်ကျမ်းစာအကြောင်းကိုလုံးဝမသိသောငွေဝယ်ကျွန်၊ သူ့သခင်၏ရိုက်ဒဏ်ကိုသာကြောက်၍အခြားမည်သည့်အရာကိုမျှမကြောက်သေငွေဝယ်ကျွန်၊ ဆင်ခြင်စဉ်းစားတတ်သည့် ဉာဏ်မရှိသောသတ္တဝါတို့ထက်နိမ့်ကျသည့်အဆင့်တွင်တည်နေရသောထိုငေါ်ဝယ်ကျွန်အား ဘုရားသခင်သည်ကောင်းကင်ဘုံသို့မခေါ်ဆောင်နိုင်ပါ။ သို့သော်သနားကြင်နာတော်မူသော ဘုရားသခင်သည ထိုသူအတွက်အကောင်းဆုံးဆောင်ရွက်တော်မူ၏။ ထိုကျွန်သည်မည်သည့်အခါကမျှမတည်မရှိခဲ့ဟုသဘောထားလျက် သူ၏သခင်ကိုသာဘေးဒဏခုနစ်ပါးကိုခံစေပြီးလျှင် ဒုတိယထမြောက်ခြင်း အချိန်တွင်ထမြောက်ပြီး ကြောက်မက်ဖွယ်ရာအကောင်းဆုံသောသေခြင်းဖြင့် ဒုတိယသေခြင်းကိုခံရလိမ့်မည်။ ထိုအခါဘုရားသခင်၏တရားမျှမမှုပြည့်စုံခြင်းသို့ရောက်လိမ့်မည်။

---ooo---

## ကျယ်သောဟစ်ကြော်သံ

အရေးကြီးသောအကြောင်းကိစ္စတစ်ရပ် ပြီးပြည့်စုံရေးအတွက် ပြင်ဆင်နေကြသောကောင်းကင်တမန်များကောင်းကင်၌လူးလာတုံ့ ခေါက်အလျင်စလိုပျံသန်းနေကြပြီးနောက် ဤကမ္ဘာမြေကြီးပေါ်သို့ ဆင်းလာကြပြီးမှ ကောင်းကင်သို့တစ်ဖန်ပြန်၍ တက်သွားကြပုံကို ကျွန်မမြင်ရပါသည်။ ထိုနောက်တတိယကောင်းကင်တမန်၏သတင်းစကား ပိုမိုတန်ခိုးကြီး၍အစွမ်းထက်လာစေရန် ထိုကောင်းကင်တမန်နှင့်အတူ ပူးပေါင်းကြွေးကြော်ရေးအတွက် တန်ခိုးကြီးသောအခြားကောင်းကင် တမန်တစ်ပါးအားအခွင့်အာဏာလွှဲအပ်လျက် ဤကမ္ဘာမြေကြီးပေါ်သို့ စေလွှတ်တော်မူသည်ကိုလည်း ကျွန်မမြင်ရပါသည်။ ထိုကောင်းကင် တမန်အား ကြီးစွာသောတန်ခိုးနှင့်ဘုန်းအသရေကိုလည်း ပေးအပ် လိုက်တော်မူသောကြောင့် သူဆင်းသက်လာသောအခါ ဤကမ္ဘာမြေ ကြီးတစ်ဝန်းလုံးတွင် ဘုန်းတော်ခြည်ထွန်းတောက်လေ၏။ ယင်း ကောင်းကင်တမန်သည် အောင်မာသောအသံဖြင့် 'ဗာဗုလုန်မြို့ကြီးပြို လဲပြီ၊ ပြိုလဲပြီ၊ နတ်ဆိုးနေရာဖြစ်လေပြီ၊ ညစ်ညူးသောဝိညာဉ်များ ၏တွင်းဖြစ်လေပြီ၊ ညစ်ညူးစက်ဆုပ်ဖွယ်သောငှက်မျိုး၏ မှီခိုရာဖြစ် လေပြီ' ဟု အင်အားကြီးစွာကြွေးကြော်စဉ် သူနှင့်ပါလာသောအလင်း ရောင်သည်လည်းနေရာအနှံ့အပြားတွင်းထွန်းလင်းလေ၏။ ၎င်းမှာ ဒုတိယကောင်းကင်တမန်ကြွေးကြော်ခဲ့သည့် ဗာဗုလုန်မြို့ကြီးပြိုလဲပြီ ဆိုသောသတင်းစကားတွင် ၁၈၄၄ ခုနှစ်မှ အစပြုအသင်းတော် များအတွင်းသို့ဝင်ရောက်နေသောတရားလက်လွှတ်ဖြစ်ခြင်း၊ အဂတိ လေးပါးလိုက်စားခြင်းအကြောင်းများကိုပါဖြည့်စွက်၍ထပ်မံကြွေးကြော် လိုက်ခြင်းဖြစ်ပါသည်။ တတိယကောင်းကင်တမန်၏ကြီးမြတ်သော

နောက်ဆုံးလုပ်ငန်းဆိုင်ရာသတင်းစကားကို အသံကျယ်စွာဟစ်ကြော် နေချိန်တွင် ၎င်းနှင့်အတူအရှိန်အဟုန်ပြင်းစွာပူးပေါင်းကြွေးကြော်ရန် ဤကောင်းကင်တမန်၏သတင်းစကားအချိန်မီရောက်လာပါသည်။ ဤနည်းအားဖြင့်ဘုရားသခင်၏လူတို့သည်မကြာမီသူတို့ရင်ဆိုင်ရကြ တော့မည့်စုံစမ်းသွေးဆောင်ခြင်းများကိုခံရပ်နိုင်ရန်အတွက် အသင့် ပြဆင်ထားနိုင်ကြပေလိမ့်မည်။ သူတို့အပေါ်သို့ကြီးစွာသောအလင်း ရောင်သက်ရောက်သဖြင့် တတိယကောင်းကင်တမန်၏သတင်းစကား ကိုမကြောက်မရွံ့ တစ်စိတ်တစ်ဝမ်းတည်းစည်းလုံးညီညွတ်စွာပူးပေါင်း ကြွေးကြော်ကြပုံကိုကျွန်မမြင်ရပါသည်။

တန်ခိုးကြီးသောထိုကောင်းကင်တမန်အား အကူအညီပေးရန် ကောင်းကင်ဘုံမှကောင်းကင်တမန်များထပ်မံရောက်ရှိလာကြပြီး လျှင် 'ငါ၏လူမျိုးတို့၊ သူ၏အပြစ်တို့ကိုဆက်ဆံခြင်းနှင့်လည်းကောင်း၊ သူ၏ဘေးဒဏ်များကိုခံခြင်းနှင့်လည်းကောင်းကင်လွတ်အံ့သောငှါ၊ သူ၏အထဲကထွက်ကြလော့။ သူ၏မတရားသောအမှုတို့ကိုဘုရားသခင် သတိရတော်မူပြီ' ဟု ကြွေးကြော်သံများနေရာအနှံ့အပြားမှထွက်ပေါ် လာသကဲ့သို့ကျွန်မကြားနေရပါသည်။ ၁၈၄၄ ခုနှစ်ကဒုတိယကောင်း ကင်တမန်၏သတင်းစကားတွင်သန်းခေါင်ယံကြွေးကြော်သံကိုဖြည့် စွက်ကြွေးကြော်ခဲ့ည့်နည်းတူ ယခုသတင်းစကားမှာလည်းတတိယ ကောင်းကင်တန်၏သတင်းစကားကိုဖြည့်စွက်ထားဟန်တူပါသည်။ စိတ်ရှည်စွာဖြင့်သည်းခံလျက်စောင့်နေသော သန့်ရှင်းသူများအပေါ်တွင် ဘုရားသခင်၏ဘုန်းတော်ကိန်းဝပ်သဖြင့် သတင်းစကားကိုလည်းကောင်း၊ ယင်းဗာဗုလုန်မြို့ကြီးအပေါ်သို့ကျရောက်မည့်ကြော်ကမက်ဖွယ်သော

ဘေးဒဏ်မှ လွတ်မြောက်ရေးအတွက် ယင်းမြို့ကြီးအတွင်းမှ ဘုရားသခင်၏လူများထွက်လာကြရန်ကိုလည်းကောင်း လေးလေးနက်နက်ကြွေးကြော်ကြလေ၏။

စောင့်မျှော်နေသောသူများအပေါ်သို့သက်ရောက်လာသောအလင်းသည် နေရာအနှံ့အပြားသို့ထိုးဖေါက်ဝင်ရောက်သောကြောင့် အသင်းတော်များမှ အတော်အတန်မျှသောအလင်းရောင်ကိုလက်ခံရရှိသူများအနေဖြင့် ယခင်သတင်းစကားသုံးရပ်ကို မကြားဖူး၍လက်မခံခဲ့ရသော်လည်း ယခုကြွေးကြော်သံကိုနာခံလျက်ပြိုလဲသောအသင်းတော်များမှထွက်လာကြပါသည်။ ဤသတင်းစကားများကို ကြွေးကြော်ခဲ့ပြီးဖြစ်သောကြောင့် အများသောသူတို့အနေဖြင့်နှစ်ပေါင်းများစွာအတွက်ထုချေရှင်းလင်းလိုက်သောအခြေအနေတွင်ရှိနေသော်လည်း သူတို့အပေါ်သို့အလင်းရောင်ရောက်လာသဖြင့် အသက်ရှင်ခြင်းတရားသို့မဟုတ်သေခြင်းတရားကို ရွေးချယ်ရန်အတွက် အခွင့်အရေးရရှိကြပါသည်။ အချို့သောသူတို့သည်အသက်ရှင်ခြင်းတရားကိုရွေးချယ်လျက် သခင်ဘုရားကြွလာတော်မူမည်ကိုစောင့်မျှော်နေသူများ၊ ကိုယ်တော်၏ပညတ်တော်အလုံးစုံတို့ကိုအကြွင်းမဲ့စောင့်ထိန်းနေသူများနှင့်အတူပူးပေါင်းရပ်တည်နေကြပါသည်။ တတိယသတင်းစကားတွင် ဆောင်ရွက်ရမည့်လုပ်ငန်းရှိပါသည်။ တတိယသတင်းစကားအရစမ်းသပ်ခြင်းခံရမည်။ ပြီးလျှင်ထိုက်တန်သောသူတို့အားဘာသာရေးအဖွဲ့အစည်းများမှခွဲထုတ်လိမ့်မည်။ ရိုးဖြောင့်သောသူ၏စိတ်ကိုအနိုင်အထက်သွေးဆောင်သောတန်ခိုးတော်က လှုပ်ရှားပေးနေသည့်အချိန်တွင် သူ၏မယုံကြည်သောဆွေမျိုးမိတ်သင်္ဂဟများအပေါ် ဘုရားသခင်၏တန်ခိုးတော်ထင်ရှားသဖြင့် သူတို့သည်ကြောက်ရွံ့သောစိတ်၊ ချုပ်တည်းနိုင်သောစိတ်ရှိ၍ ဘုရားသခင်၏ဝိညာဉ်တော်

နှိုးဆော်ခြင်းခံနေရသောသူများအား မတားဆီးရဲကြ၊ တားဆီးကန့်ကွက်ရန်စွမ်းအားလည်းမရှိကြပါ။ နောက်ဆုံးသောခေါ်သံကိုသနားဖွယ်ကောင်းသောငွေဝယ်ကျွန်များပင်ကြားရကြပါသည်။ ထို့ကြောင့်သူတို့တွင်ဘုရားတရားကြည်ညိုသောသူများသည်ပျော်ရွှင်စွာဖြင့်လွတ်မြောက်ခြင်းသို့ရောက်ရကြတော့မည်ကို မျှော်လင့်လျက်ဘဝင်ခိုက်မျှဝမ်းမြောက်ကြသဖြင့်အားရပါးရသီဆိုချီးမွမ်းကြလေ၏။ သူတို့၏သခင်များကသူတို့အားမပိတ်ပင်ဟန့်တားနိုင်ကြ။ ကြောက်ရွံ့ခြင်း၊ အံ့ဩခြင်းဖြစ်လျက်တိတ်ဆိတ်စွာနေကြ၏။ ကြီးစွာသောနိမိတ်လက္ခဏာများဖြစ်လေ၏။ နာမကျန်းသောသူများလုံးဝကျန်းမာခြင်းသို့ရောက်ကြလေ၏။ နိမိတ်လက္ခဏာများနှင့်အံ့ဩဖွယ်ရာများသည်လည်းယုံကြည်သူများ၏နောက်မှကပ်၍လိုက်ကြ၏။ အမှုတော်နှင့်အတူဘုရားသခင်ရှိတော်မူသည်ဖြစ်ရာ သန့်ရှင်းသူအားလုံးတို့သည်မည်သို့မည်ပုံဖြစ်ကြလိမ့်မည်ကို မကြောက်ရွံ့ဘဲ အကျွတ်တရားရပြီးကြသည်အားလျော်စွာ မိမိတို့၏အတွင်းစိတ်အလိုသို့လိုက်၍ဘုရားသခင်၏ပညတ်တော်များကိုအကြွင်းမဲ့စောင့်ထိန်းသောသူများနှင့်ပူးပေါင်းကြပြီးလျှင် တိုင်းနိုင်ငံအနှံ့အပြားတွင်တတိယကောင်းကင်တမန်၏သတင်းစကားကိုကြွေးကြော်လေ၏။ ဤသတင်းစကားသည်သန်းခေါင်သံကြွေးကြော်သံထက်မြောက်မြားစွာပိုသောတန်ခိုးအာဏာဖြင့်အဆုံးသတ်လိမ့်မည်ဟု ကျွန်မမြင်ရပါသည်။

ဘုရားသခင်၏အမှုတော်ဆောင်များသည်အထက်မှတန်ခိုးကိုရလျက်၊ သူတို့၏မျက်နှာများတောက်ပလျက်၊ သန့်ရှင်းသောဆက်ကပ်ခြင်းဝင်းဝင်းတော်ကလျက်ကောင်းကင်သတင်းစကားကိုကြွေးကြော်ရန်ထွက်သွားကြပါသည်။ ဘာသာရေးအဖွဲ့အစည်းများတွင်တကွဲတပြားဖြစ်နေကြသောအသက်ဝိညာဉ်များ ခေါ်တော်မူခြင်းကို

နာခံကြသဖြင့် သောဒုံမြို့ကိုမဖျက်ဆီးမီ လောတသည်ခေါ်ထုတ်တော်မူခြင်းခံရသကဲ့သို့ပြစ်ဒဏ်စီရင်ခြင်းခံရသောအသင်းတော်များမှထိုက်တန်သောသူများအား အလျင်အမြန်ခေါ်ထုတ်တော်မူ၏။ ဘုရားသခင်၏ လူများအပေါ်သို့ကိုယ်တော်၏စုံလင်တော်မူသောဘုန်းတော်သည်ကြွယ်ဝစွာသက်ရောက်သောကြောင့် ခွန်အားကိုရရှိကြသဖြင့်စုံစမ်းနှောင့်ယှက်ခြင်းခံရမည့်အချိန်တွင်ခံနိုင်ရည်ရှိရန်အသင့်ပြင်ဆင်ပြီးဖြစ်နေကြပါသည်။ 'ဘုရားသခင်၏ ပညတ်တော်တို့ကိုလည်းကောင်း၊ သခင်ယေရှု၏ယုံကြည့်ခြင်းကိုလည်းကောင်း စောင့်ရှောက်သောသန့်ရှင်းသူတို့သည်ဤအရာ၌သည်းခံစရာအကြောင်းရှိ၏' ဟု လူထုကြွေးကြော်သံများကိုနေရာတကာမှ ကျွန်မကြားနေရပါတော့သည်။

---ooo---

## တတိယသတင်းစကားကိုလက်စသတ်ခြင်း

တတိယကောင်းကင်တမန်၏ သတင်းစကားလက်စသတ်ချိန်ကိုကျွန်မအား ညွှန်ပြတော်မူပါသည်။ ကိုယ်တော်၏လူများအပေါ်သို့ ဘုရားသခင်၏တန်ခိုးတော်သက်ရောက်လာသောကြောင့် သူတို့၏ လုပ်ငန်းတာဝန်များအောင်မြင်စွာပြီးဆုံးသဖြင့်သူတို့ထံသို့မကြာမီ ရောက်လာတော့မည့် စစ်ဆေးရာကာလအတွက် အသင့်ပြင်ဆင်ပြီး ဖြစ်နေကြပါသည်။ သူတို့သည်နောက်မိုးကိုရရှိပြီးဖြစ်နေကြ၏။ တစ်နည်းအားဖြင့်ဆိုရသော် ထာဝရဘုရား၏ထံတော်မှချမ်းအေး သောအချိန်ကာလသည်သူတို့ထံသို့ရောက်လာပြီးဖြစ်၍ အသက်ရှင် သောသက်သေခံချက်မှာလည်း ပြန်၍လုန်းဆန်းလာပါသည်။ ထူးကဲ သည့်နောက်ဆုံးနှိုးဆော်ချက်ကိုလည်း နေရာအနှံ့အပြားတွင်ကြွေး ကြော်ကြပြီးဖြစ်ရာ ယင်းသတင်းစကားတော်ကိုလက်မခံသော ကမ္ဘာသူ ကမ္ဘာသားများလှုပ်လှုပ်ရွရွဖြစ်၍ အမျက်ထွက်နေကြပါသည်။

ကောင်းကင်ဘုံတွင်ကောင်းကင်တမန်များသည်လူးလာခတ်ကာ အလျင်စလိုပျံသန်းနေကြသည်ကို ကျွန်မမြင်ရပါသည်။ ကောင်းကင် တမန်တစ်ပါးသည် မင်တံပါသည့် မင်အိုးကို မိမိ၏နံပါးတွင်ချိတ် ဆွဲလျက် ကမ္ဘာမြေကြီးပေါ်မှပြန်လာပြီးလျှင် မိမိအားပေးအပ်ထား သည့်လုပ်ငန်းတာဝန်ကိုလက်စသတ်ခဲ့ပြီးဖြစ်ကြောင်း၊ သန့်ရှင်းသူ အလုံးစုံတို့ကိုလည်းအရေအတွက်နှင့်တကွတံဆိပ်ခတ်ခဲ့ပြီးဖြစ်ကြောင်း သခင်ယေရှုအားသတင်းပို့နေပါသည်။ ထိုအခါပညတ်တော်ဆယ်ပါး ထည့်ထားသည့်သေတ္တာတော်၏အနီးတွင်ရပ်လျက်အမှုတော်ဆောင် နေသောသခင်ယေရှုသည် လင်ပန်းကိုအောက်သို့ပစ်ချလိုက်ပြီးလျှင် မိမိ၏လက်တော်ကိုဆန့်လျက် အသံကျယ်စွာဖြင့် 'အမှုပြီးပြီ' ဟုမိန့်

တော်မူ၏။ ထို့နောက် ‘မတရားသောသူသည်မတရားသဖြင့်ပြုစေဦး၊ ညစ်ညူးသောသူသည်ညစ်ညူးစေဦး၊ ဖြောင့်မတ်သောသူသည်ဖြောင့်မတ်စေဦ၊ သန့်ရှင်းသောသူသည်သန့်ရှင်းစေဦး’ ဟု သခင်ယေရှုသည်လေးလေးနက်နက်ကြေညာတော်မူလိုက်သောအခါ ကောင်းကင်တမန်ထုကြီးသည်မိမိတို့၏သရဖူများကို ကိုယ်တော်၏ခြေတော်ရင်းတွင်ချထားကြပုံကိုကျွန်မမြင်ရပါသည်။

အသက်ရှင်ရမည်သို့မဟုတ်သေ၇မည်ဆိုသည်ကိုလူတိုင်းအတွက်စီရင်ချက်ချမှတ်၍ပြီးလေပြီ။ သန့်ရှင်ရာဌာနတော်အတွင်းသခင်ယေရှုအမှုတော်ဆောင်ရွက်နေတော်မူချိန်က စုတေသောဖြောင့်မတ်သူများအား တရားစီရင်တော်မူပြီးနောက် အသက်ရှင်လျက်ရှိသောဖြောင့်မတ်သူများအားဆက်လက်စီရင်တော်မူ၏။ ခရစ်တော်သည်မိမိ၏လူများအတွက် အပြစ်ဖြေလွှတ်ခြင်းဆိုင်ရာအမှုတော်ကိုဆောင်ရွက်ပြီးနောက်သူတို့၏အပြစ်များကိုခေဖျက်ပြီးတော်မူသောအခါ မိမိ၏နိုင်ငံတော်ကိုလက်ခံရယူတော်မူ၏။ ယင်းနိုင်ငံတော်အတွက်နိုင်ငံသားများကိုလည်းရွေးချယ်ပြီးဖြစ်လေပြီ။ သိုးသငယ်တော်၏မင်္ဂလာဆောင်ပွဲကြီးလည်းပြီးမြတ်သောနိုင်ငံတော်ဖြစ်သည့်ထိုနိုင်ငံတော်ကို သခင်ယေရှုနှင့်ကယ်တင်ခြင်းဆိုင်ရာအမွေခံများအားပေးအပ်တော်မူသောကြောင့် ကိုယ်တော်သည်ဘုရင်တကာတို့၏ဘုရင်၊ အရှင်တကာတို့၏အရှင်အဖြစ်စိုးစံတော်မူရန်သာရှိပါတော့သည်။

သခင်ယေရှုသည်အသန့်ရှင်းဆုံးသောအခန်းမှ ထွက်လာတော်မူသောအခါ ကိုယ်တော်၏ဝတ်ရုံတော်မှ သာယာသောဆည်းလည်းသံကလေးများကိုကျွန်မကြားရပါသည်။ ယင်းသို့ကိုယ်တော်ထွက်လာ

တော်မူစဉ် ကမ္ဘာမြေကြီးပေါ်ရှိလူသားများအပေါ်သို့မည်းမှောင်သော မိုးတိမ်ကြီးဖုံးလေ၏။ ထိုအချိန်သို့ရောက်သောအခါပြစ်ဒဏ်သင့်နေ သောလူသားနှင့်ဘုရားသခင်၏စပ်ကြားတွင် ဖျန်ဖြေမည့်သူမရှိတော့ ပါ။ ပြစ်ဒဏ်သင့်သောလူသားနှင့်ခမည်းတော်ဘုရား၏စပ်ကြားတွင် သခင်ယေရှုရပ်တော်မူခဲ့စဉ်က သူတို့အပေါ်တွင် အကာအကွယ်ရှိနေ ခဲ့ပါသည်။ သို့သော်ကိုယ်တော်သည်လူတို့နှင့်ခမည်းတော်စပ်ကြား မှထွက်ခွါသွားတော်မူသောအခါ ယင်းအကာအကွယ်မရှိတော့သဖြင့် နောက်ဆုံးအချိန်အထိ နောင်တမရဘဲ စိတ်နှလုံးခိုင်မာနေသေးသော သူများကိုစာတန်စိုးမိုးလေ၏။ သခင်ယေရှုသည်သန့်ရှင်းရာဌာန တော်အတွင်းအမှုတော်လက်စသတ်သွားသောအခါ ကိုယ်တော်၏ ကြားဖျန်ဖြေရေးအမှုတော်ကြီးပြီးဆုံးသွားပြီးဖြစ်သောကြောင့်မည်သည့် အကြောင်းအရာကမျှ ဘုရားသခင်၏အမျက်တော်ဖလားကိုရပ်ဆိုင်း ထားနိုင်တော့မည်မဟုတ်ပါ။ ထိုကြောင့်အကာအကွယ်မရှိတော့ဘဲ ပြစ်ဒဏ်သင့်နေသောအပြစ်သား၊ ကယ်တင်ခြင်းကိုအလေးမထားခဲ့ သောအပြစ်သား၊ ဆုံးမသြဝါဒပေးခြင်းကိုမနှစ်သက်သော ထိုအပြစ သား၏ခေါင်းပေါ်တွင် ဘုရားသခင်၏အမျက်တော်ဖလားပေါက်ကွဲ လေ၏။ သခင်ယေရှု၏ကြားဖျန်ဖြေရေးအမင‌တော်ကြီးပြီးဆုံးသည့် နောက်ကြောက်မက်ဖွယ်ရာကောင်းလှသောအချိန်ကာလအတွင်း သန့်ရှင်းသောသူများသည် သန့်ရှင်းတော်မူသောဘုရားသခင်၏ရှေ့ တော်တွင် ကြားဖျန်ဖြေသူမရှိဘဲ အသက်ရှင်နေရကြပါသည်။ လူတိုင်း ၏အမှုများကိုစီရင်ဆုံးဖြတ်၍ ပြီးလေပြီ၊ ရတနာမှန်သမျှကိုလည်း အမှတ်စဉ်တပ်၍ပြီးလေပြီ။ သခင်ယေရှုသည်လည်း ကောင်းကင်

သန့်ရှင်းရာဌာနတော်၏အပြင်ခန်းတွင်ခေတ္တဆိုင်းလင့်၍ နေတော်မူလိမ့်မည်၊ ကိုယ်တော်သည်အသန့်ရှင်းဆုံးသောအခန်းအတွင်းရှိခဲ့စဉ် ကဖေါ်ပြဝန်ချတောင်းပန်ခဲ့သောအပြစ်အပေါင်းကို ထိုဆိုင်းလင့်နေသောအချိန်တွင် စာတန်၏အပေါ်သို့တင်လိုက်မည်ဖြစ်ရာ အပြစ်ဒုစရိုက်၏ဖခင်ဖြစ်သူသည် ယင်းအပြစ်အားလုံးအတွက် ပြစ်ဒဏ်ကိုခံရပေလိမ့်မည်။

ထိုနောက်သခင်ယေရှုသည်ယဇ်ပုရောဟိတ်မင်း၏ဝတ်စုံကိုချွတ်ပြီးလျှင် အမြင့်မြတ်ဆုံးသောဘုရင်ကြီး၏ဝတ်စုံကိုဆင်မြန်းတော်မူ၏။ ကိုယ်တော်သည်များစွာသောသရဖူတို့ကိုတစ်ခုအတွင်းတစ်ခုသွင်း၍ဆောင်းထားတော်မူ၏။ ထိုနောက်ကောင်းကင်တမန်ထုကြီးကဝန်းရံလျက် ကောင်းကင်ဘုံမထွက်ခွါတော်မူ၏။ ဘေးဒဏ်များသည်လည်းမြေကြီးသားတို့အပေါ်သို့ကျရောက်လေ၏။ အချို့သောသူများကဘုရားသခင်ကိုပြစ်တင်ကျိန်ဆဲ၏။ အခြားသောသူများကမူဘုရားသခင်၏လူများမှလွတ်မြောက်ရေးအတွက် မည်သို့မည်ပုံဆောင်ရွက်ရမည်ကိုသွန်သင်ပေးရန်တောင်းပန်ကြပါသည်။ သို့သော်သန့်ရှင်းသူများအနေဖြင့်မည်သို့မျှမတတ်နိုင်ကြ။ အပြစ်သားတို့အတွက်နောက်ဆုံးမျက်ရည်ကျပြီးခဲ့ပြီ၊ စိတ်ဒုက္ခကိုယ်ဒုက္ခခံလျက် နောက်ဆုံးသောပတ္ထနာကိုလည်းကောင်းခံ၍ ပြီးခဲ့လေပြီ၊ နောက်ဆုံးသောဝန်ကိုလည်းထမ်းပြီးခဲ့လေပြီ၊ နောက်ဆုံးသောနှိုးဆော်ခြင်းကိုလည်းပေးပြီးခဲ့လေပြီ၊ သူတို့အားသာယာချိုအေးသောကရုဏာသံဖြင့် နောက်တစ်ဖန်ဖိတ်ခေါ်ရန် အကြောင်းမရှိတော့ပါ။ ကောင်းကင်ဗိုလ်ခြေအပေါင်းနှင့်သန့်ရှင်းသောသူများက သူတို့ကယ်တင်ခြင်းရရှိရေးအတွက် စိတ်ဝင်စားခဲ့ကြသောအချိန်က သူတို့စိတ်မဝင်စားခဲ့ကြပါ။

သေခြင်းတရားနှင့်အသက်ရှင်ခြင်းတရားကိုသူတို့ရှေ့မှောက်တွင်ချပြခဲ့ပြီးလေပြီ။ အများသောသူတို့အသက်ရှင်ခြင်းကို လိုလားခဲ့ကြသော်လည်း ပိုင်ဆိုင်သည်တိုင်အောင်အားမထုတ်ခဲ့ကြပါ။ အသက်ရှင်ခြင်းတရားကိုသူတို့မရွေးချယ်ခဲ့ကြသဖြင့် ယခုသူတို့၏အပြစ်ကိုဆေးကြောပေးရန်အတွက် အပြစ်ဖြေစရာသွေးတော်မရှိတော့ပါ။ သူတို့အတွက်အသနားခံတောင်းပန်ပေးရန်ကြင်နာတော်မူသောကယ်တင်ရှင်မရှိတော့ပါ။ 'ခွင့်လွှတ်တော်မူပါ၊ ခွင့်လွှတ်တော်မူပါ၊ ခေတ္တဆိုင်းငံ့၍အပြစ်သားကိုခွင့်လွှတ်တော်မူပါ' ဟုတောင်းပန်အသနားခံပေးမည့်သူလည်းမရှိတော့ပါ။ 'အမှုပြီးပြီ၊ အားလုံးပြီးပြီ' ဟု သခင်ယေရှု၏ကြောက်မက်ဖွယ်သောကြွေးကြော်သံကိုကြားရကြသောအခါ ကောင်းကင်ဗိုလ်ခြေအပေါင်းကလည်း သခင်ယေရှုနှင့်အတူပူးပေါင်းကြွေးကြော်ကြလေ၏။ ကယ်တင်ခြင်းစီမံကိန်းကြီးအောင်မြင်စွာပြီးဆုံးလေပြီ၊ သို့သော်ထိုကယ်တင်ခြင်းကိုရွေးချယ်၍ လက်ခံသောသူနည်းလှပါ၏။ ထိုအချိန်တွင်ကရုဏာတော်ခေါ်ဖိတ်သံပျောက်ကါယ်သွားလေပြီးဖြစ်သောကြောင့် မတရားသောသူတို့သည်ကြောက်လန့်တုန်လှုပ်ကြလေ၏။ 'နောက်ကျသွားလေပြီတကား၊ နောက်ကျသွားလေပြီတကား' ဟုကြောက်မက်ဖွယ်ရာကြွေးကြော်သံများကိုထင်ရှားပြတ်သားစွာသူတို့ကြားရလေ၏။

ဘုရားသခင်၏နှုတ်ကပါဌ်တရားတော်ကိုတန်ဖိုးမထားခဲ့ကြသောသူများသည် ထာဝရဘုရား၏အမိန့်တော်ကိုရှာလျက်၊ ပင်လယ်တစ်ပါးမှသည်ပင်လယ်တစ်ပါးတိုင်အောင်လှည့်လည်၍တောင်မြောက်ပြေးလွှားကာ ရှာဖွေနေကြရာ ကောင်းကင်တမန်က 'သူတို့ရှာ၍တွေ့ကြလိမ့်မည်မဟုတ်၊ မွတ်သိပ်ခြင်းဘေးတစ်ပြည်လုံး၌ဖြစ်နေ၏။ အစာခေါင်းပါး၍မွတ်သိပ်ခြင်းဘေးမဟုတ်၊ ရေငတ်ခြင်းဘေးလည်း

မဟုတ်၊ ထာဝရဘုရား၏အမိန့်တော်ကိုမကြားရသောမွတ်သိပ်ခြင်း ဘေးဖြစ်၏။ ဘုရားသခင်သဘောတူတော်မူသည့်စကားတစ်လုံး အတွက်သူတို့၏ဥစ္စာဘဏ္ဍာရှိသမျှကိုပေး၍ရှာဖွေနေကြ၏။ သို့သော် မတွေ့နိုင်ကြ။ ရှေ့သို့ဆက်၍မွတ်သိပ်ရကြပေလိမ့်ဦးမည်။ ကယ်တင် ခြင်းတရားကိုနေ့ရက်အစဉ်အတိုင်းတန်ဖိုးမထားခဲ့ကြ။ ကောင်းကင် ဘဏ္ဍာနှင့်အထက်မှတိုက်တွန်းနှိုးဆော်ချက်ထက်လောကီကြွယ်ဝခြင်း၊ လောကီပျော်မွေ့ခြင်းများကို ပို၍တန်ဖိုးထားခဲ့ကြ၏။ သူတို့သည် သခင်ယေရှုကိုငြင်းပယ်၍ကိုယ်တော်၏သန့်ရှင်းသူများကိုမထီမဲ့မြင် ပြုခဲ့ကြ၏။ ညစ်ညူးသောသူသည် ထာဝရကာလတိုင်အောင်ညစ်ညူး ၍နေရမည်' ဟု ပြောပါသည်။

ဘေးဒဏ်များကြောင့်ဒုက္ခဝေဒနာခံရကြသဖြင့်မတရားသော သူအများပြင်းထန်စွာဒေါသထွက်ကြ၏။ ကြောက်မက်ဖွယ်ကောင်း လှသောစိတ်ဒုက္ခကိုယ်ဆင်းရဲခံစားရသည့်မြင်ကွင်းတစ်ခုပါတကား။ မိဘများကသားသမီးများအားလည်းကောင်း၊ သားသမီးများကမိဘ များအားလည်းကောင်း၊ မောင်များကနှမများအားလည်းကောင်း၊ နှမ များက မောင်များအားလည်းကောင်း သီးသီးနှင့်နှင့်ပြစ်တင်ဝေဖန် ကြပါသည်။ 'သမ္မာတရားတော်ကိုလက်ခံဖို့သင်ကသာမတားဆီးခဲ့ ပါက ယခုကဲ့သို့သောဆင်းရဲဒုက္ခကပ်ကာလနှင့်ရင်ဆိုင်ရလိမ့်မည် မဟုတ်' ဟု တစ်ဦးကိုတစ်ဦးအပြစ်ဖို့၍ ကျယ်လောင်စွာငိုကြွေးမြည် တမ်းနေကြသောအသံများကိုနေရာအနှံ့အပြားတွင်ကြားနေရပါသည်။ ပြည်သူလူလုကလည်း 'ကျွန်ုပ်တို့အားဆရာတို့ကသတိမပေးမနှိုး ဆော်ခဲ့သည့်အပြင် ကြောက်ရွံ့စိတ်ပေါ်လာသည့်အခါများ၌ပင်လျှင် ငြိမ်ဝပ်စွာနေလော့၊ ငြိမ်ဝပ်စွာနေလော့၊ တစ်ကမ္ဘာလုံးပြောင်းလဲခြင်းသို့ ရောက်လိမ့်မည်ဟုကြောက်ရွံ့စိတ်ပြေပျောက်အောင်ပြောဟောခဲ့သည်

မဟုတ်လော။ ယခုခံစားနေရသည့်ဆင်းရဲဒုက္ခကပ်ကာလအကြောင်းကို မပြောမဟောခဲ့ပါတကား၊ ဤအကြောင်းများနှင့်စပ်လျဉ်း၍ဟော ပြောသောသူများကိုလည်းငါတို့ကိုဖျက်ဆီးမည့်တစ်ယူသန်များ၊ မိစ္ဆာ ဒိဋ္ဌိများသာဖြစ်ကြသည်ဟု ဆရာတို့ကပြောခဲ့ကြသည်မဟုတ်ပါလော' ဟုသူတို့၏ဓမ္မဆရာများအားလွန်စွာမုန်းတီးရွံရှာ၍ ပြစ်တင်ပြောဆို ကြလေ၏။ သို့သော်ယင်းဓမ္မဆရာများသည်ပင်လျှင် ဘုရားသခင်၏ အမျက်တော်ဖလားမှမလွဲမရှောင်နိုင်ကြပုံကို ကျွန်မမြင်ရပါသည်။ သူတို့ခံစားရသည့်ပြစ်ဒဏ်မှာ သူတို့၏လူများထက်ပင်ဆယ်ဆပို လေ၏။

---ooo---

## ဆင်းရဲဒုက္ခကပ်ကာလ

သန့်ရှင်းသူများသည်မြို့ရွာများကိုစွန့်ခွာလျက် စိတ်တူသဘော တူအုပ်စုဖွဲ့ကြပြီးလျှင် လူအသွားအလာအနည်းပါးဆုံးသောအရပ် ဒေသများသို့သွား၍ စည်းလုံးညီညွတ်စွာနေထိုင်ကြပုံကိုကျွန်မမြင်ရ ပါသည်။ သူတို့အတွက်စားဖွယ်သောက်ဖွယ်များကိုကောင်းကင်တမန် များကပေးပို့ကြပါသည်။ ဆိုးသွမ်းသောသူများမှမူကား မွတ်သိပ် ခြင်းဘေး၊ ရေငတ်ခြင်းဘေးနှင့်ရင်ဆိုင်နေရကြပါသည်။ ထို့နောက် မြေကြီးသားတို့၏ခေါင်းဆောင်များစုဝေးတိုင်ပင်နေကြသည့်ဝန်းကျင် တွင် စာတန်နှင့်အဓမ္မတမန်များအလုပ်ရှုပ်နေကြပုံကိုလည်း ကျွန်မမြင်ရပါသည်။ သန့်ရှင်းသူများသည်သူတို့၏ထူးဆန်းသော ယုံကြည်ချက်ကိုမစွန့်မလွှတ်လျှင်လည်းကောင်း၊ သူတို့စောင့်ထိန်း နေသည့်ဥပုသ်နေ့အစားခုနစ်ရက်တွင်ပထမနေ့သို့ပြောင်းလဲ၍မစောင့်

မထိန်းလျှင်လည်းကောင်း ကန့်သတ်ထားသည့်နေ့ရက်အချိန်ကျော်လွန်သောအခါ ပြည်သူလူထုက ထိုသန့်ရှင်းသူများအားအသေသတ်နိုင်ကြောင်းထုတ်ဆင့်ထားသည့်အမိန့်ပြန်တမ်းမိတ္တူများအားတိုင်းပြည်အနှံ့အပြားသို့ရောက်ရှိနေပုံကိုကျွန်မမြင်ရပါသည်။ သို့သော်သန့်ရှင်းသူများသည်ယင်းဆင်းရဲဒုက္ခကပ်ကာလအချိန်တွင်သူတို့အတွက် လွတ်မြောက်ရာလမ်းကိုပြင်ဆင်ထားတော်မူမည်ဟုဆိုသော ဘုရားသခင်၏ကတိတော်ကိုခိုလှုံလျက် ငြိမ်သက်တည်ကြည်စွာစောင့်ဆိုင်းနေပါသည်။ အချို့သောဒေသများတွင်ယင်းအမိန့်ပြန်တမ်းကိုအကောင်အထည်ဖေါ်ရန်အချိန်မစေ့ရောက်မီမတရားသောသူများက သန့်ရှင်းသူများအားအသေသတ်ရန် ပြေးဝင်ကြပါသည်။ သို့သော်ကောင်းကင်တမန်များသည် စစ်သည်တို့၏အရောင်ကိုဆောင်လျက်သန့်ရှင်းသူများအတွက်တိုက်ခိုက်ကြပါသည်။ အမြင့်ဆုံးသောဘုရားသခင်၏သန့်ရှင်းသူများအားဖျက်ဆီးသုတ်သင်ရန် စာတန်အခွင့်အရေးယူလိုက်သော်လည်း သခင်ယေရှုသည်မိမိ၏လူတို့အားကွယ်ကာစောင့်ရှောက်ထားရန်ကောင်းကင်တမန်များကိုခန့်ထားတော်မူ၏။ ကိုယ်တော်၏ပညတ်တော်တို့ကိုစောင့်ထိန်းသောသူများနှင့်ဘုရားသခင်ပဋိညာဉ်ဖွဲ့တော်မူသည့်အတွက် ဝန်းကျင်ရှိသာသနာမလူတို့ရှေ့တွင်ဘုရားသခင်သည်ဂုဏ်ပြုခြင်းကိုခံရတော်မူလိမ့်မည်။ အချိန်ကြာမြင့်စွာသစ္စာစောင့်လျက် ကိုယ်တော်အားစောင့်မျှော်နေသူများကိုသေခြင်းတရားမှလွတ်မြောက်စေပြီးလျှင် ကောင်းကင်သို့ချီဆောင်တော်မူသည့်အတွက်သခင်ယေရှုသည် လည်း ဂုဏ်ပြုခြင်းကိုခံရပါသည်။

မကြာမီအတွင်းသန့်ရှင်းသူများ စိတ်ဒုက္ခဝေဒနာပြင်းစွာခံစားနေရကြပုံကို ကျွန်မရှုမြင်ရပါသည်။ မတရားသောကမ္ဘာသူကမ္ဘာသားများက သူတို့အားဝန်းရံလျက်နေပုံပေါ်ပါသည်။ အရာခပ်သိမ်းက

သူတို့နှင့်ဆန့်ကျင်နေပုံပေါ်ပါသည်။ မတရားသောသူတို့လက်ချက်ဖြင့်ပျက်စီးဆုံးရှုံးခြင်းသို့ရောက်သည်တိုင်အောင်ဘုရားသခင်သည်သူတို့အားစွန့်ပစ်တော်မူပြီဟု အချို့ကစိုးရိမ်ကြောင့်ကြဖြစ်လာကြပါသည်။ သို့သော်အကယ်၍သာသူတို့၏မျက်စိများကိုဖွင့်၍ရမည်ဆိုပါကသူတို့၏ဝန်းကျင်တွင် ဘုရားသခင်၏ကောင်းကင်တမန်များဝန်းရံလျက်ရှိသည်ကိုသူတို့တွေ့သိကြပေလိမ့်မည်။ ထိုကောင်းကင်တမန်များ၏နောက်ကွယ်မှ ဒေါသအမျက်ခြောင်းခြောင်းထွက်နေသည့် မတရားသောသူများကဝန်းရံထားကြ၏။ သူတို့၏နောက်မှစာတန်၏တမန်များကယင်းဒေါသထွက်နေသည့် မတရားသောသူများအားသန့်ရှင်းသူများကိုအသသေတ်ရန်တွန်းအားပေးလျက် ဝန်းရံထားကြပြန်၏။ သို့သော်ဘုရားသခင်၏လူတို့ဆီသို့သူတို့မချဉ်းကပ်နိုင်မီ ယင်းမတရားသောလူထုအနေဖြင့်ဘုရားသခင်၏အင်အားတောင့်တင်းသန့်ရှင်းသောကောင်းကင်တမန်ထုကြီးကိုဖြတ်ကျော်ရန်လိုအပ်နေပါသည်။ သို့သော်သူတို့မတတ်နိုင်ကြ။ သန့်ရှင်းသောကောင်းကင်တမန်များ၏ဆောင်ရွက်ချက်ဖြင့်မတရားသောသူများနှင့်တကွသူတို့အားတွန်းအားပေးနေသောမာရ်နတ်၏စေတမန်များပါနောက်သို့ပြုလဲသွားကြပါတော့သည်။

ထိုအချိန်မှာကားသန့်ရှင်းသူများအတွက်အလွန်မှပင် ကြောက်မက်ဖွယ်ကောင်းသောစိတ်ဒုက္ခကိုယ်ဒုက္ခနှင့်ရင်ဆိုင်ရသောအချိန်ဖြစ်ပေ၏။ သူတို့၏လွတ်မြောက်ရေးအတွက်ဘုရားသခင်ထံ နေ့ရောညပါဆုတောင်းပတ္ထနာပြုလျက် အသနားခံနေကြ၏။ လူ၏အမြင်အရဆိုပါက သူတို့အတွက်လွတ်မြောက်ရာလမ်းစမရှိ။ ‘မင်းတို့ဘုရားသခင်ကမင်းတို့ကိုငါတို့လက်ထဲမှမည်သို့လျှင်ကယ်တင်နိုင်ပေလိမ့်မည်နည်း။ ကယ်တင်ခြင်းရဖို့မင်းတို့ဘာကြောင့်ကောင်းကင်မတက်ကြသေးသလဲ’ ဟု အောင်မြင်ပုံရနေသည့်အဓမ္မလူတို့က အော်ဟစ်မေးမြန်းနေကြ၏။

သို့သော်သန့်ရှင်းသူများက သူတို့၏ပြောင်သံလှောင်သံကိုအလေးမထား၊ ဂရုမစိုက်ကြ။ ယာကုပ်ကဲ့သို့သူတို့သည်ဘုရားသခင်နှင့်သာလုံးထွေးနေကြ၏။ ဘုရားသခင်၏ကောင်းကင်တမန်များက သူတို့အားကယ်လွှတ်လိုကြသော်လည်း လွတ်မြောက်ချိန်မရောက်သေး၊ လိုပါသေး၏။ စောင့်ရပေဦးမည်။ ဘုရားသခင်၏လူတို့သည်ကိုယ်တော်သောက်သောခွက်ကိုသောက်၍ ကိုယ်တော်ခံရသောဗတ္တိဇံကိုခံရကြပေလိမ့်ဦးမည်။ ဘုရားသခင်၏ကောင်းကင်တမန်များသည်လည်းသူတို့အားယုံကြည်စွာလွှဲအပ်ထားသည့်တာဝန်ကိုသစ္စာရှိစွာစောင့်ထိန်းလျက်သန့်ရှင်းသူများဆက်လက်စောင့်ရှောက်နေကြပါသည်။ ကိုယ်တော်၏နာမတော်ကိုသာသနာမလူတို့၏လောကတွင် ပြစ်တင်ဝေဖန်ခြင်းကိုဘုရားသခင်ခွင့်ပြုတော်မူမည်မဟုတ်ပါ။ ကိုယ်တော်၏ကြီးမြတ်တော်မူသောတန်ခိုးအားနဘော်ကိုဆောင်လျက် ကယ်လွှတ်တော်မူမည့်အချိန်ရောက်လုနီးလေပြီ။ ကိုယ်တော်၏နာမတော်ဘုန်းထင်ရှားစေခြင်းငှါ ကိုယ်တော်အားသစ္စာရှိစွာသည်းခံလျက် စောင့်မျှော်နေသောသူများ၊ အသက်စာစောင်တွင်စာရင်းဝင်ပြီးသောသူများအားတစ်ယောက်မကျန်ကယ်လွှတ်တော်မူလိမ့်မည်။

သစ္စာရှိသောနောဧ၏အချိန်သို့ကျွန်မအားညွှန်ပြပါသည်။ မိုးရွာလေပြီ၊ ရေများလည်းတက်လာပြီ၊ နောဧနှင့်မိသားစုတို့မှာလည်းသင်္ဘောကြီးအတွင်းသို့ဝင်ရောက်ကြလေပြီ၊ ထာဝရဘုရားသည်လည်း သူတို့အားသင်္ဘောကြီးအတွင်းပိတ်ထားလေပြီ။ ရေမလွှမ်းမိုးမီအချိန်က ကမ္ဘာသူကမ္ဘာသားများအား ယုံကြည်စွာဖြင့်နောဧသတိပေးနှိုးဆော်ခဲ့ပါသည်။ သို့သော်သူတို့ကပြက်ရယ်ပြုကြ၏။ ပြောင်ကြလှောင်ကြ၏။ မြေကြီးပေါ်သို့ရေများအရှိန်အဟုန်ပြင်းစွာကောင်းကင်

မှကျဆင်းလေသဖြင့် တစ်ယောက်ပြီးတစ်ယောက်ရေနစ်နေကြစဉ် သူတို့ရယ်မောစရာလုပ်ခဲ့သောသဘော်ကြီးသည်ယုံကြည်သောနောဧနှင့်သူ၏မိသားစုတို့အား ထိန်းသိမ်းလျက်ရေပေါ်တွင်ငြိမ်သက်စွာမျောနေသည်ကို သူတို့မြင်ရကြပါသည်။ ဤကမ္ဘာကြီးပေါ်သို့ကိုယ်တော်၏အမျက်တော်ကျရောက်တော့မည်ဟု ပြောကြဟောကြခဲ့သောဘုရားသခင်၏လူများသည်လည်းထိုနည်း အတူလွတ်မြောက်ကြလိမ့်မည်ဟု ကျွန်မမြင်ရပါသည်။ သေခြင်းနှင့်လွတ်၍ဘဝပြောင်းပြီးလျှင်ကောင်းကင်သို့ခေါ်ဆောင်ခြင်းကိုခံရဖို့ မျှော်လင့်နေသူများအားလည်းကောင်း၊ သားရဲ၏အမိန့်အာဏာကိုမလိုက်နာ၊ သူ၏တံဆိပ်ကိုလည်းမခံမယူသူများအားလည်းကောင်း မတရားသောသူများကသုတ်သင်ဖျက်ဆီးရန် ဘုရားသခင်ခွင့်ပြုတော်မူလိမ့်မည်မဟုတ်ပါ။ အကယ်၍သန့်ရှင်းသူများအားမတရားသောသူများကကွပ်မျက်ခြင်းကိုခွင့်ပြုမည်ဆိုပါက စာတန်နှင့်သူ၏မတရားသောတမန်ထုကြီးကလည်းကောင်း၊ ဘုရာသခင်ကိုမုန်းတီးသောသူအားလုံးကလည်းကောင်း အကြိုက်တွေ့နေကြပေလိမ့်မည်ဟု ကျွန်မမြင်ရပါသည်။ ၎င်းအပြင်လွတ်မြောက်ရေးအတွက်နောက်ဆုံးရုန်းကန်ရသည့်အချိန်ကာလတွင် သူတို့ချစ်မြတ်နိုးသည့်အရှင်ကြွလာတော်မူမည်ကို ထိုမျှလောက်ကြာမြင့်စွာစောင့်မျှော်နေရသောသူများအပေါ်အာဏာတန်ခိုးရသွားမည်ဆိုပါက စာတန်ဆိုင်ရာဂုဏ်အသရေမည်မျှကြီးမြတ်အောင်မြင်သွားပါလိမ့်မည်နည်း။ သန့်ရှင်းသူများကောင်းကင်သို့ချီဆောင်ခြင်းကိုခံရကြလိမ့်မည်ဟု ယုံကြည်ထားသည်ကိုပြောင်လှောင်သူများအနေဖြင့် မိမိ၏လူများအားဘုရားသခင်သည်မည်မျှလောက်အရေးပေးတော်မူသည်ကိုလည်းကောင်း၊ သူတို့အားဘုန်းကြီးစွာကယ်လွှတ်တော်မူသည်ကိုလည်းကောင်း ကိုယ်တိုင်တွေ့မြင်ရကြပေလိမ့်မည်။

သန့်ရှင်းသများမြို့ရွာတို့မှထွက်ခွာသွားကြသောအခါ သူတို့အား အသေသတ်ရန်ရှာဖွေနေသောသူများကလိုက်ကြလေ၏။ သို့သော် ဘုရားသခင်၏လူများအားသတ်ဖို့မြောက်လိုက်သောဓါးလက်နက်များ ကျိုး၍ကောက်ရိုးပမာ အသုံးမဝင်တော့ဘဲ မြေပေါ်သို့ကျသွားကြ လေ၏။ သန့်ရှင်းသူများအားကောင်းကင်တမန်များကဒိုင်းလွှားဖြင့် ကာဆီးထားကြပါသည်။ လွတ်မြောက်ရေးအတွက်နေ့ရောညပါ သူတို့ အော်ဟစ်အသနားခံကြသည့်အသံများသည်ထာဝရဘုရားသခင်၏အထံ တော်သို့တိုင်အောင်တက်ကြလေပြီ။

---ooo---

## သန့်ရှင်းသူများလွတ်မြောက်ခြင်း

မိမိ၏လူတို့အားလွတ်မြောက်ခွင့်ပေးရန်သန်းခေါင်ယံအချိန် ကိုဘုရားသခင်ရွေးချယ်တော်မူ၏။ မတရားသောသူများသည်သန့်ရှင်း သူတို့၏ဝန်းကျင်တွင်ပြက်ရယ်ပြုနေကြသောအချိန်၌ ရုတ်တရာက် နေထွက်လာပြီးလျှင်အရှိန်ပြင်းစွာထွန်းတောက်လေ၏။ လေသည်လည်း ရပ်တန့်လျက်နေလေ၏။ မတရားသောသူများအံ့အားသင့်၍ကြည့်နေ ကြ၏။ သန့်ရှင်းသူများကမူ တည်ငြိမ်သောဝမ်းမြောက်ခြင်းဖြင့်သူတို့ အားလွတ်မြောက်ခွင့်ပေးမည့်အမှတ်လက္ခဏာကိုကြည့်နေကြပါ၏။ အံ့ဩဖွယ်ရာနိမိတ်လက္ခဏာများတစ်ခုပြီးတစ်ခု လျင်မြန်စွာဆက်တိုက် ဖြစ်ပေါ်လေ၏။ တွေ့မြင်ရသမျှတို့သည်လည်း သဘာဝနှင့်ဆန့်ကျင် နေပုံပေါ်လေ၏။ ချောင်းရေ၊ မြောင်းရေများ မစီးမဆင်းတော့ဘဲ ရပ်တန့်နေကြလေ၏။ လေးလံမည်းမှောင်သောမိုးတိမ်များတက်လာ ကြပြီးလျှင်တစ်ခုနှင့်တစ်ခုအရှိန်အဟုန်ပြင်းစွာတိုက်ကြလေ၏။ သို့သော်

မိုးတိမ်ကင်းစင်၍ဘုန်းတော်တည်ရာကြည်လင်သည့်နေရာတစ်ရပ်မှ သမုဒ္ဒရာရေသံကဲ့သို့ဘုရားသခင်၏အသံတော်ပေါ်ထွက်လာရာ ကောင်းကင်နှင့်မြေကြီးတုန်လှုပ်လေ၏။ ကြီးစွာသောမြေငလျင်လည်း လှုပ်လေ၏။ သင်္ချိုင်းများလည်းပွင့်ကြလေ၏။ တတိယကောင်းကင် တမန်၏သတင်းစကားကိုယုံကြည်ခံယူပြီး ဥပုသ်နေ့ကိုစောင့်ထိန်း လျက်စုတေသောသူများသည် ကိုယ်တော်၏ပညတ်တော်များကို စောင့်ထိန်းသူများနှင့်ဘုရားသခင်ဖွဲ့တော်မူမည့်ငြိမ်းချမ်းရေးပဋိညာဉ် ကိုနားကြားနိုင်ရန် မိမိတို့၏မြေအိပ်ရာအသီးသီးမှနိုးထကြပြီးလျှင်ဘုန်း ပွင့်ကြလေ၏။

ကောင်းကင်သည်ပွင့်လျက်ပိတ်လျက်တုန်လှုပ်လေ၏။ လေတိုက်ရာတွင်ကျူပင်လှုပ်သည့်ပမာ တောင်များလှုပ်လေ၏။ ထို တောင်များမှကျောက်များပဲ့ထွက်၍ ဝန်းကျင်တွင်လွင့်စဉ်ကြလေ၏။ ပင်လယ်သည်လည်းရေနွေးအိုးဆူသကဲ့သို့ပွက်ဆူသဖြင့် ကုန်းပေါ်သို့ ကျောက်တုံးများလွင့်စဉ်ကြလေ၏။ ထို့နောက်ဘုရားသခင်သည် သခင်ယေရှုကြွလာတော်မူမည်နေ့ရက်နှင့်အချိန်နာရီကိုမိန့်မြွက် တော်မူလျက် မိမိ၏လူတို့အားထာဝရပဋိညာဉ်ကိုကမ်းလှမ်းတော်မူ သောအခါ ကိုယ်တော်သည်စကားတစ်ခွန်းမိန့်မြွက်တော်မူပြီးတိုင်း ရပ်ဆိုင်းနေစဉ် ယင်းစကားလုံးများပဲ့တင်သံဟိန်း၍ ကမ္ဘာအနှံ့အပြား သို့ရောက်လေ၏။ ဘုရားသခင်၏ဣသရေလလူမျိုးသည်လည်း ကောင်းကင်သို့မျှော်ကြည့်လျက် မြေကြီးတစ်ပြင်လုံးတုန်လှုပ်သည့် တိုင်အောင်မိုးကြိုးသံပမာ ထွက်ပေါ်လာသည့်ယေဟောဝါ၏နှုတ် မက်ဖွယ်ကောင်းလောက်အောင်တည်ငြိမ်လေးနက်လှပါ၏။ စကား တစ်ခွန်းမိန့်တော်မူပြီးတိုင်း သန့်ရှင်းသူများက ‘ဟာလေလုယ၊ ဘုရား

သခင်သည်ဘုန်းကြီးတော်မူစေသတည်း' ဟု ကြွေးကြော်ကြပါသည်။ မောရှေသည်သိနာတော်ပေါ်မှဆင်းလာစဉ်ကသူ၏ မျက်နှာပေါ်တွင် ဘုရားသခင်၏ ဘုန်းတော်ရောင်ထွန်းတောက်နေသကဲ့သို့သူတို့၏ မျက်နှာများသည်လည်းထွန်းတောက်ကြလေ၏။ ယင်းဘုန်းတော်ရောင်ကြောင့်မတရားသောသူများက သူတို့၏ မျက်နှာများကိုမကြည့်နိုင်ကြပါ။ ကိုယ်တော်၏ ဥပုဉ်နေ့ကိုသန့်ရှင်းစွာစောင့်ထိန်းခြင်းဖြင့် ဘုရားသခင်အားဂုဏ်ပြုကြသောသူများအပေါ်သို့ ထာဝရကောင်းချီးမင်္ဂလာကိုသွန်းလောင်းတော်မူသောအခါ သားရဲနှင့်သူ၏ ရုပ်တုကိုအောင်မြင်ကြောင်းအသံကျယ်စွာကြွေးကြော်ကြလေ၏။

ပြည်တော်တွင်းနားနေကြရန်ထိုအချိန်မှအစပြု၍ ယဘိလနှစ်သို့ရောက်လေ၏။ ဘုရားတရားကိုကိုင်းရှိုင်းသည့်ငွေဝယ်ကျွန်သည် အောင်ပွဲခံလျက်ထမြောက်ပြီးမှသူ့အားချည်နှောင်ထားသည့်သံကြိုးကိုခါချလိုက်ရာသူ၏ ယတ်မာသောသခင်အနေဖြင့်မည်သို့ပြုရမည်ကိုမသိသောကြောင့်စိတ်ရှုပ်ထွေးနေပုံကိုကျွန်မရှုမြင်နေရခြင်းမှာမတရားသောသူတို့အနေဖြင့်ဘုရားသခင်၏ နှုတ်တော်ထွက်အမိန့်သံများကိုနားမလည်နိုင်သောကြောင့်ဖြစ်ပါသည်။

မကြာမမြင့်မီးဖြူဖွေးသောမိုးတိမ်ကြီးပေါ်လာပါသည်။ လူသားသည်လည်းယင်းမိုးတိမ်ကြီးပေါ်တွင်ထိုင်လျက်နေတော်မူ၏။ ထိုမိုးတိမ်ကြီးကိုဦးစွာပထမအဝေးမှစ၍မြင်ရစဉ်ကအလွန်မှပင်သေးငယ်လှပါ၏။ သို့သော် ၎င်းမှာလူသားကြွလာတော်မူသည့်လက္ခဏာဖြစ်သည်ဟု ကောင်းကင်တမန်ကပြောပါသည်။ ၎င်းသည်ဤကမ္ဘာမြေကြီးနှင့်ပို၍နီးကပ်လာသောအခါ အောင်ပွဲခံရန်အတွက်ဘုန်းတန်ခိုးအာနုဘော်အစုံအလင်နှင့်မိုးတိမ်ကိုစီးလျက်ကြွလာတော်မူသည့်မြတ်တော်မူသောသခင်ယေရှုအားကျွန်မတို့ဖူးတွေ့ရကြပါသည်။ သန့်ရှင်းသောကောင်း

ကင်တမန်အခြွအရံများသည်ပြိုးပြိုးပြက်ပြက်သောသရဖူများကို
ဆောင်းလျက် ကြွလာတော်မူရာလမ်းတစ်လျှောက်လုံးတွင်ကိုယ်တော်
အားခြံရံလျက်လိုက်လာကြပါသည်။ ယင်းဘုန်းကြီးတော်မူသည့်မြင်
ကွင်းကိုမည်သည့်ဘာသာစကားနှင့်မျှမဖော်ပြနိုင်ပါ။ အထူးမြတ်ဆုံး
ဖြစ်၍ အသက်ရှင်သောယင်းမိုးတိမ်ကြီးသည်ပို၍နီးကပ်လာသော
အခါတင့်တယ်လှစွာကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံလျက်ရှိ
သည်ကိုသာမက သခင်ယေရှုကိုယ်တော်တိုင် ယင်းမိုးတိမ်ပေါ်တွင်
မြတ်နိုးကြည်ညိုဖွယ်ရာ ထိုင်တော်မူလျက်ကြွလာတော်မူသည်ကို
ကျွန်မတို့ဖူးမြင်ရပါသည်။ ဆူးသရဖူမဟုတ် ဘုန်းတော်သရဖူကို
သန့်ရှင်းတော်မူသည့်ခေါင်းတော်ပေါ်တွင်ဆောင်း၍ ထားတော်မူ၏။
ဘုရင်တို့၏ဘုရင်၊ သခင်တို့၏သခင်ဟုဘွဲ့နာမတော်သည် အဝတ်တော်
၌လည်းကောင်း၊ ပေါင်တော်၌လည်းကောင်းရေးထားလျက်ရှိ၏။
မျက်နှာတော်သည်မွန်းတည့်နေကဲ့သို့ထွန်းတောက်၏။ မျက်စိတော်
သည်မီးလျှံကဲ့သို့ဖြစ်၏။ ခြေတော်သည်မီး၌ချွတ်ပြီးသောကြေးဝါစစ်
နှင့်တူ၏။ အသံတော်သည်လည်းများစွာသောတူရိယာသံကဲ့သို့ဖြစ်၏။
ကိုယ်တော်၏ရှေ့တော်တွင်မြေကြီးတုန်လှုပ်လေ၏။ မိုးကောင်းကင်
သည်စာစောင်လိပ်ကဲ့သို့လွင့်သွားလေ၏။ တောင်များ၊ ကျွန်းများအပေါင်း
တို့သည် မိမိတို့နေရာအရပ်မှရွေ့ကြ၏။ 'လောကီဘုရင်၊ မှူးမတ်၊
စစ်သူကြီး၊ သူဌေးသူကြွယ်၊ ခွန်အားကြီးသောသူမှစ၍ ကျွန်များ၊
လူလွတ်များအပေါင်းတို့သည်မြေတွင်း၌လည်းကောင်း၊ တောင်ပေါ်မှာ
ရှိသောကျောက်များ၌လည်းကောင်းပုန်းရှောင်လျက်နေ၍ ထိုတောင်
များ၊ ကျောက်များတို့ကိုခေါ်လျက်ငါတို့အပေါ်သို့ကျကြပါ။ ပလ္လင်
တော်ပေါ်မှာထိုင်တော်မူသောသူ၏မျက်နှာနှင့်သိုးသငယ်၏အမျက်
တော်ကိုကွယ်ကာ၍ငါတို့ကိုဖုံးအုပ်ကြပါ။ အမျက်တော်ထင်ရှားသော

နေ့ကြီးရောက်ပါပြီတကား၊ အဘယ်သူသည်ခံရပ်နိုင်မည်နည်းဟုပြော ဆိုကြ၏။' ဘုရားသခင်၏သစ္စာရှိသောသားသမီးများအားဤကမ္ဘာ မြေကြီးပေါ်မှ အစတုံးသုတ်သင်ဖျက်ဆီးရန် မကြာသေးမီကပင်ကြံ စည်သောသူတို့သည် ယခုအခါ ထိုသူများ၏အပေါ်၌ဘုရားသခင်၏ ဘုန်းတော်ထွန်းတောက်လျက်နေပုံကိုသူတို့ကိုယ်တိုင်တွေ့မြင်နေကြ ပါသည်။ယင်းသို့တွေ့မြင်ရကြသည့်အတွက်ကြောက်လန့်တုန်လှုပ် လျက်ရှိနေကြစဉ် 'ကြည့်ရှုလော့၊ ဤအရှင်ကား၊ ငါတို့မြော်လင့် သောငါတို့၏ဘုရားသခင်ပေတည်း၊ ငါတို့ကိုကယ်တင်တော်မူလိမ့်မည်' ဟု သန့်ရှင်းသောသူများကရွှင်မြူးကြည်နူးစွာဖြင့်ကြွေးကြော်ကြသည့်အသံ များ ကိုကြားရကြလေ၏။

အိပ်ပျော်လျက်ရှိသည့်သန့်ရှင်းသူများအားဘုရားသခင်၏ သားတော်ကခေါ်ထုတ်တော်မူသည့်အသံကြောင့် ဤကမ္ဘာမြေကြီး သည်ပြင်းစွာတုန်လှုပ်လေ၏။ ယင်းသို့ခေါ်ထုတ်တော်မူသည့်အသံ ကိုကြားရကြသောအခါ သန့်ရှင်းသူများကလည်း 'သေမင်းနှင့်မရ ဏာနိုင်ငံကိုအောင်ပြီ၊ အောင်ပြီ' ဟူ၍လည်းကောင်း 'အိုသေမင်း၊ သင်၏လက်နက်သည့အဘယ်မှရှိသနည်း၊ အိုမရဏာနိုင်ငံ၊ သင်၏ အောင်ခြင်းသည်အဘယ်မှရှိသနည်း' ဟူ၍လည်းကောင်းမေးပြီးလျှင် မပုပ်မပျက်နိုင်သောဘဝသို့ဘုန်းကြီးစွာဖြင့်ပြောင်းလဲ၍ထွက်လာကြ လေ၏။ ထိုအခါအသက်ရှင်လျက်ရှိသောသန့်ရှင်းသူများသည်လည်း ထမြောက်သောသန့်ရှင်းသူများနှင့်ပူးပေါင်းပြီးလျှင်ဘဝင်ကျလျက်အသံ မြင့်ကာအောင်ပွဲခံသံများကိုကြွေးကြော်ကြပါသည်။ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားလက္ခဏာများပါလျက် သင်္ချိုင်းအတွင်းသို့သက်ဆင်း သွားကြသောခန္ဓာကိုယ်များပကတိကျန်းမာသန်စွမ်းလျက် မဖေါက် ပြန်မပျက်စီးနိုင်သောခန္ဓာကိုယ်ဖြင့်ထွက်လာကြပါသည်။ ထိုအခါအသက်

ရှင်လျက်ရှိသောသန့်ရှင်းသူများသည်လည်းတစ်ခဏချင်းတွင် မျက်စိတစ်မှိတ်၌ပြောင်းလဲခြင်းသို့ရောက်၍ ထမြောက်သောသန့်ရှင်းသူတို့နှင့်အတူအာကာသကောင်းကင်၌ ဘုရားသခင်ထံတော်သို့ရောက်စေခြင်းငှါ မိုးတိမ်ပေါ်သို့ချီဆောင်ခြင်းကိုခံရကြလေ၏။ ဘုန်းကြီးသောမိတ်ဆုံပွဲကြီးပါတကား။ သေခြင်းတရားကြောင့်ခွဲခွာခဲ့ရကြသောမိတ်ဆွေများပြန်လည်တွေ့ဆုံကြလေပြီ၊ နောင်တစ်ဖန်မည်သည့်အခါတွင်မျှခွဲခွာရကြတော့မည်မဟုတ်ပါ။

မိုးတိမ်ရထား၏နံဘေးတစ်ဖက်တစ်ချက်စီတွင် အတောင်များရှိပါသည်။ ၎င်းအတောင်များအောက်တွင်အသက်ရှင်သောဘီးများ၊ ရှိပါသည်။ မိုးတိမ်ရထားကြီးကောင်းကင်ပေါ်သို့တလိမ့်လိမ့်တက်သွားသောအခါ ထိုအသက်ရှင်သောဘီးများက 'သန့်ရှင်းတော်မူ၏' ဟု ကြွေးကြော်ကြပါသည်။ အတောင်များကလည်း လှုပ်ခပ်လျက်ရှိစဉ် 'သန့်ရှင်းတော်ရှိ၏' ဟု ဆက်၍ကြွေးကြော်ကြပါသည်။ မိုးတိမ်၏ဝန်းကျင်တွင် ဝန်းရံလျက်လိုက်ပါသွားကြသည့် ကောင်းကင်တမန်များကလည်း 'အနန္တတန်ခိုးနှင့်ပြည့်စုံ၍ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလအစဉ်ရှိတော်မူသောထာဝရဘုရားသခင်သည် သန့်ရှင်းတော်မူ၏၊ သန့်ရှင်းတော်မူ၏၊ သန့်ရှင်းတော်မူ၏' ဟု ကြွေးကြော်ကြပါသည်။ ထိုအခါမိုးတိမ်ပေါ်တွင်ရှိသောသန့်ရှင်းသူများကလည်း 'ဟာလေလုယ၊ ဘုရားသခင်သည်ဘုန်းကြီးတော်မူစေသတည်း' ဟု ကြွေးကြော်ကြပါသည်။ မိုးတိမ်ရထားကြီးသည်လည်းသန့်ရှင်းသောမြို့တော်ရှိရာကောင်းကင်သို့တလိမ့်လိမ့်တက်သွားလေ၏။ မြို့တော်တွင်းသို့မဝင်မီသခင်ယေရှုကအလယ်မှရပ်တော်မူလျက် သန့်ရှင်းသူများက ကိုယ်တော်အားလေးထောင့်ကျကျဝန်းရံထားကြပါသည်။ သန့်ရှင်းသူများထက်လည်းကောင်း၊ ကောင်းကင်တမန်များထက်လည်းကောင်းကိုယ်တော်

ကဦးခေါင်းနှင့်ပခုံးပို၍မြင့်နေပါသည်။ ကိုယ်တော်၏မြင့်မြတ်တော်မူသောပုံသဏ္ဌာန်တော်နှင့်မြတ်နိုးကြည်ညိုဖွယ်ရာမျက်နှာတော်ကို လေးထောင့်ကျကျရပ်နေကြသည့်သန့်ရှင်းသူအားလုံးက ကောင်းစွာ ဖူးတွေ့ရကြပါသည်။

---oo---

## သန့်ရှင်းသူများအတွက်ဆုမင်္ဂလာ

သန့်ရှင်းသူတိုင်းအား ချီးမြှင့်ရန်သူတို့၏အမည်ကိုအက္ခရာတင်ထားသည့်ဂုဏ်ထူးဆောင်သရဖူများကို ကိုင်ဆောင်လျက် မြောက်မြားလှစွာသောကောင်းကင်တမန်များမြို့တော်တွင်းမှထွက်လာကြသည်ကိုကျွန်မမြင်ရပါသည်။ ကြည်ညိုမြတ်နိုးဖွယ်သောသခင်ယေရှုသည် ရပ်တော်မူလျက် သရဖူတစ်ခုစီကို မိမိလက်ယာလက်တော်ဖြင့်သန့်ရှင်းသူများအား တစ်ဦးပြီးတစ်ဦးကိုယ်တော်တိုင်ဆောင်းပေးတော်မူရာတွင်ကောင်းကင်တမန်များက မိမိတို့ကိုင်ဆောင်လာခဲ့ကြသည့်သရဖူများကိုအသီးသီးကမ်းလှမ်းကြပါသည်။ ထိုနည်းတူကောင်းကင်တမန်တို့သည်စောင်းတော်များကိုလည်းယူဆောင်လာကြပြီးလျှင် သခင်ယေရှုကိုယ်တော်တိုင်သန့်ရှင်းသူတစ်ဦးစီအားချီးမြှင့်ပေးအပ်တော်မူ၏။ပြီးလျှင်ကောင်းကင်တမန်ခေါင်းဆောင်များကစ၍ တီးလိုက်ရာအားလုံးကအသံမြှင့်လျက်တစ်ပြိုင်နက်ကျေးဇူးတော်ကို ချီးမွမ်းကြပါသည်။ ဝမ်းမြောက်စွာထောမနာပြုသီဆိုကြပါသည်။ စောင်းတော်များကိုလည်းလူတိုင်းကကျွမ်းကျင်စွာလိုက်၍တီးကြပါသည်။ ကြွယ်ဝစုံလင်သည့်တူရိယာသံ၊ ငြိမ့်ညောင်းသာယာသည့်သီဆိုသံများ ပဲ့တင်ခတ်သွားပါသည်။ ထိုနောက်ရွေးနုတ်ခြင်းခံရသူများ

အား သခင်ယေရှုကိုယ်တော်တိုင်ခေါင်းဆောင်လျက်မြို့တော်တွင်းသို့ ဝင်သွားကြသည်ကိုကျွန်မမြင်ရပါသည်။ ကိုယ်တော်သည်ပြိုးပြိုးပြက်ပြက် သောပတ္တာများဖြင့် တပ်ဆင်ထားသည့်မြို့တော်တံခါးကြီးများကိုကိုင် လျက် ဆွဲဖွင့်လိုက်ပြီးလျှင် သမ္မာတရားတော်နှင့်အညီအသက်ရှင်နေ ထိုင်ခဲ့ကြသောလူအမျိုးအနွယ်ခပ်သိမ်းတို့အား ဝင်စေတော်မူ၏။ သူတို့ ကြည့်ရှုစရာ၊ နှစ်သက်မြတ်နိုးဖွယ်ရာမြောက်မြားစွာမြို့တွင်းမှာအပြည့် အဝရှိနေပါ၏။ နေရာတိုင်းတွင်ကြွယ်ဝသည့်ဘုန်းတော်အပြည့်အဝ ရှိနေသည်ကို သူတို့ရှုမဝကြ။ ထိုနောက်သခင်ယေရှုသည် ရွေးနုတ် ခြင်းခံရပြီးသောသန့်ရှင်းသူများအားဂုဏ်ပြုတော်မူလျက် သူတို့၏ မျက်နှာများပေါ်တွင်ဘုန်းတော်ရောင်ထွန်းတောက်နေသည်ကို ရှုစား တော်မူ၏။ ထိုအခါကိုယ်တော်သည် မိမိလူတို့အားစိုက်၍ရှုစားတော်မူ လျက် ‘ငါတို့၏စိတ်ဝိညာဉ်ခံခဲ့ရသော ဝေဒနာ၏အကျိုးကို ယခုငါ ကိုယ်တိုင်မြင်ရ၍ အားရဝမ်းမြောက်လှပါ၏။ ဤမျှလောက်ကြွယ်ဝ သောဘုန်းစည်စိမ်ကို ထာဝရကာလပတ်လုံးသင်တို့ခံစားကြကုန် လော့၊ သင်တို့၏ဝမ်းနည်းခြင်းများပြီးဆုံးလေပြီ၊ နောက်တစ်ဖန် မျက်ရည်မကျရအောင်သေဘေးမရှိရ၊ စိတ်မသာညည်းတွားခြင်း၊ အော် ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်းမရှိရ’ ဟု သာယာချိုအေးသောအသံဖြင့် ကြည်ညိုဖွယ်ရာမိန့်ရှာတော်မူ၏။ ရွေးနုတ်တော်မူခြင်းကိုခံရကြသည့် ပရိသတ်ကြီးသည်လည်း ကိုယ်ဓာတ်အားဦးညွှတ်လျက် မိမိတို့၏ သရဖူများကိုချွတ်၍ ကိုယ်တော်၏ခြေတော်ရင်းတွင်ချထားလိုက်ကြ သောအခါ ကိုယ်တော်သည်ချစ်ဖွယ်သောလက်တော်ဖြင့် အချက်ပြလိုက် ရာ သူတို့အားလုံးထကြပြီးလျှင် စောင်းများကိုတီးလျက် သိုးသငယ် တော်၏သီချင်းများကိုသီဆိုကြရာ ကောင်းကင်တစ်ခွင်လုံးသည် ကြွယ်ဝသည့်တူရိယာသံ၊ သီချင်းသံတို့ဖြင့်ပြည့်လျှံ၍သွားလေ၏။

ထိုနောက်သခင်ယေရှုသည် မိမိ၏လူတို့အားအသက်ပင်ရှိရာ သို့လမ်းပြခေါ်ဆောင်သွားတော်မူပြီးလျှင် 'ဤအပင်၏အရွက်များ သည်လူအမျိုးမျိုးတို့၏အနာရောဂါငြိမ်းစရာဖို့ဖြစ်၏။ အားလုံးယူ၍ စားကြလော့' ဟု လူတို့ကြားရသမျှတွင် အသာယာဆုံးသောတူရိယာ သံထက်ပို၍သာယာသောအသံဖြင့် မိန့်တော်မူသည်ကို ကျွန်မတို့ကြားရ ကြပြန်ပါသည်။ သန့်ရှင်းသူများလွတ်လပ်စွာဖြင့်စားသုံးရန်အတွက် အလှပဆုံးသောအသီးများအသက်ပင်ပေါ်တွင်သီးနေပါသည်။ ဘုန်း အကြီးဆုံးသောပလ္လင်တော်သည် မြို့တော်အတွင်း၌တည်ရှိနေသည်ဖြစ် ၍ယင်းပလ္လင်တော်ထဲက ကျောက်သလင်းပမာကြည်လင်သောအသက် စမ်းရေစီးဆင်းရာမြစ်၏ တစ်ဖက်တစ်ချက်တွင် အသက်ပင်ရှိပါသည်။ ယင်းမြစ်ကမ်းနှစ်ဖက်လုံးတွင်လည်း စားဖွယ်ကောင်းသောအသီးများ သီးနေသည့်လှပသောအခြားအပင်များလည်းရှိနေပါသည်။

ကောင်းကင်ဘုံကိုသရုပ်ဖော်ရန်အတွက် လူတို့၏ဘာသာ စကားဖြင့်မလုံလောက်ပါ။ ကျွန်မ၏ရှေ့တွင်ယင်းမြင်ကွင်းပေါ်လာ သောအခါ အံ့သြ၍မကုန်မဆုံးနိုင်ပါ။ ပြော၍မကုန်နိုင်သောဘုန်း တန်ခိုးနှင့်ပြည့်စုံသော၊ ခမ်းနားသိုက်မြိုက်သောယင်းမြင်ကွင်းနောက် သို့မျောပါသွားသဖြင့် ကျွန်မ၏ကလောင်ကိုချထားလိုက်ပြီးလျှင် 'ချစ် ခြင်းမေတ္တာတော်ပါတကား၊ အံ့ဖွယ်သောမေတ္တာတော်ပါတကား' ဟု ကျွန်မကြွေးကြော်မိပါသည်။ ကောင်းကင်ဘုံ၏ဘုန်းတန်ခိုးကြီးပုံကို လည်းကောင်း၊ အတုမရှိသောကယ်တင်ရှင်၏မဟာမေတ္တာတော်နက် ရှိုင်းပုံကိုလည်းကောင်းမည်မျှပင်တင်စားချီးကျူးထားစေကာမူမလုံ လောက်ပါ။

---ooo---

လူခြေတိတ်သောကမ္ဘာ

ကမ္ဘာမြေကြီးကိုအာရုံပြုရန်ကျွန်မအားနောက်တစ်ဖန်ညွှန်ကြားတော်မူပါသည်။ မတရားသောသူများအားသုတ်သင်ဖျက်ဆီးပြီးဖြစ်၍ သူတို့၏သက်မဲ့ခန္ဓာကိုယ်များ မြေပေါ်တွင်အတုံးအရုံးလဲနေကြပါသည။ နောက်ဆုံးဘေးဒဏ်ခုနစ်ပါးဖြင့် ဘုရားသခင်သည်ကမ္ဘာသူကမ္ဘာသားများအားဒဏ်ခတ်တော်မူသောအခါ နာကြည်းကြသဖြင့်အံကြိတ်၍ ဘုရားသခင်ကိုကျိန်ဆဲကြလေ၏။ သိုးထိန်းအတုများကြောင့်ဘုရားသခင်အမျက်ရှတော်မူ၏။ သူတို့၏နေကြစဉ် သူတို့၏မျက်စိအိမ်၌မျက်လုံးလျော့ပျက်လေ၏။သူတို့၏လျှာသည်လည်းခံတွင်း၌လျော့ပျက်လေ၏။ ဘုရားသခင်၏အသံတော်အားဖြင့်သန့်ရှင်းသူများလွတ်မြောက်ခြင်းသို့ရောက်ကြပြီးနောက်မတရားသောလူထုကြီးသည်လည်းတစ်ယောက်ကိုတစ်ယောက်အမျက်ဒေါသထွက်ကြ၏။ ကမ္ဘာမြေကြီးပေါ်တွင်သွေးလွှမ်းမိုးသကဲ့သို့ဖြစ်၍ မြေကြီးတစ်စွန်းမှသည်တစ်စွန်းတိုင်အောင်သေသောသူတို့၏အလောင်းများနှင့်ပြည့်လေ၏။

ကမ္ဘာမြေကြီးတစ်ခုလုံးတွင်လူနေအိမ်ခြေမရှိ၊ တိတ်ဆိတ်သောတောကြီးကန္တာရကဲ့သို့ဖြစ်လေ၏။ မြို့ကြီးမြို့ငယ်၊ ရွာကြီးရွာငယ်တို့မြေငလျင်ဒဏ်ကြောင့်ပြိုလဲပျက်စီး၍အစုလိုက်အပုံလိုက်ဖြစ်နေကြလေ၏။ တောင်ကြီးများနေရာရွေ့လျက်သူတို့နေရာတွင်လိုဏ်ခေါင်းများဖြစ်၍ ကျန်ရစ်လေ၏။ ပင်လယ်ထဲမှလွင့်စဉ်ထွက်လာသောကျောက်ဆောင်များ၊ မြေကြီးမှ ကွဲထွက်သောကျောက်တုံးများသည်မြေကြီးတစ်ပြင်လုံး၌ ကစဉ့်ကလျားဖြစ်နေကြလေ၏။ သစ်ပင်ကြီးများအမြစ်မှကျွတ်၍ပြန့်ကျဲနေလေ၏။ ဤသည်ကားစာတန်နှင့်သူ၏မတရားသော

ထွက်ခွာတော်မူသောအခါ သန့်ရှင်းသူများနှင့်ကောင်းကင်တမန်တပ်တော်ကြီးက နောက်မှစီတန်းလျက်လိုက်ပါသွားကြပါသည်။ သခင်ယေရှုသည်ကြီးမားလှသောတောင်ကြီးတစ်တောင်ပေါ်သို့ဆင်းသက်တော်မူရာ ကိုယ်တော်၏ခြေတော်နှင့်ထိသည်နှင့်တစ်ပြိုင်နက် ယင်းတောင်ကြီးထက်ခြမ်းကွဲ၍ လွင်ပြင်ကြီးဖြစ်လေ၏။ ထိုအချိန်တွင် ကျွန်မတို့မော့၍ကြည့်ရာအုတ်မြစ်တစ်ဆယ့်နှစ်ခု၊ တံခါးတစ်ဆယ့်နှစ်ပေါက်၊ မြို့ရိုးတစ်ဖက်တွင်တံခါးသုံးပေါက်၊ တံခါးတစ်ပေါက်တွင် ကောင်းကင်တမန်တစ်ပါးစီရပ်လျက်လှပတင့်တယ်သည့် မြို့တော်ကြီးကိုကျွန်မတို့မြင်ရကြပါသည်။ ထိုအခါကျွန်မတို့ကလည်း 'မြို့တော်ကြီး၊ ကြီးမြတ်တော်မူသည့်မြို့တော်ကြီး၊ ကောင်းကင်ဘုံ ဘုရားသခင်ထံတော်မှ ဆင်းသက်လာနေပါပြီ' ဟု ကြွေးကြော်ကြပါသည်။ ထိုမြို့တော်ကြီးသည်ခမ်းနားသိုက်မြိုက်စွာဘုန်းတော်ရောင်ထွန်းတောက်လျက်ဆင်းသက်လာပြီးလျှင် သခင်ယေရှုပြုပြင်ထားတော်မူသည့် ထူးမြတ်သောလွင်ပြင်ကြီးပေါ်တွင် တည်နေလေ၏။

---ooo---

## ဒုတိယထမြောက်ခြင်း

ထိုနောက်သခင်ယေရှုသည်မြို့တော်မှထွက်ခွာသွားတော်မူ ရာတွင်သန့်ရှင်းသောကောင်းကင်တမန်အခြွေအရံများနှင့်ရွေးချယ် ခြင်းခံရပြီးသည့်သန့်ရှင်းသူများက နောက်တော်မှစီတန်းလျှက်လိုက် ပါသွားကြပါသည်။ ကောင်းကင်တမန်များကသူတို့၏စစ်ဘုရင်ချုပ် ကြီးကိုဝန်းရံစောင့်ကြပ်လျက် သန့်ရှင်းသူများကနောက်မှစီတန်း၍ လိုက်ပါလာကြပါသည်။ ထိုနောက်သခင်ယေရှုသည်သေလွန်ပြီးသည့် မတရားသောသူများအားအလွန်ကြောက်ရွံ့ဖွယ်သောဘုန်းတန်ခိုးအာနု ဘော်ဖြင့်ခေါ်ထုတ်တော်မူ၏။ ထိုသူတို့သည်လည်းယခင်ကသင်္ချိုင်း အတွင်းသို့သက်ဆင်းခဲ့ရကြသည့်အတိုင်းနာမကျန်းသည့်ဖြူဖပ်ဖြူရော် သောခန္ဓာကိုယ်များဖြင့်ပေါ်ထလာကြပါသည်။ မြင်ရပုံမသက်သာ၊ မြင်ကွင်းဆိုးလှပါတကား။ ပထမထမြောက်ချိန်က လူတိုင်းမပုပ်မပျက် နိုင်သောခန္ဓာကိုယ်ဖြင့် ရှင်ရှင်လန်းလန်းထလာကြပါသည်။ သို့သော် ဒုတိယထမြောက်ခြင်းတွင်ကျိန်ခြင်းအမင်္ဂလာလက္ခဏာမှ လူတိုင်း တွင်ပေါ်လွန်နေပါသည်။ ဤလောက၏ရှင်ဘုရင်များနှင့်ဂုဏ်အသရေ ကြီးသူများ၊ ယုတ်ညံ့သူများနှင့်နိမ့်ကျသူများ၊ ပညာရှိသူများနှင့်ပညာ မဲ့သူများအားလုံးအတူတကွထမြောက်လာကြပါသည်။ လူ့သားတော်ကို လူတိုင်းဖူးတွေ့ရကြပါသည်။ကိုယ်တော်သည်ဘုန်းတန်ခိုးအာနုဘော် နှင့်ပြည့်စုံသည့်ဘုရင်ကြီးဖြစ်ကြောင်း ကိုယ်တော်အားမထီမဲ့မြင်ပြုသူ များ၊ ပြက်ရယ်ပြုသူများ၊ ဆူးရစ်သရဖူကိုမြတ်တော်မူသောဦးခေါင်း ပေါ်တွင်ဆောင်းပေးသူများ၊ ကျူရိုးနှင့်ရိုက်ထားသောသူများမှအစ အားလုံးသောသူတို့သည်ကိုယ်တော်အားဖူးတွေ့ရကြသည်။ ကိုယ်တော် အားတရားစီရင်နေချိန်က တံတွေးနှင့်ထွေးခဲ့သောသူများသည် ယခု

အခါ ကိုယ်တော်၏ ဘုန်းကြီးတော်မူသော မျက်နှာတော်မှ လွဲ၍ နေကြလေ၏။ စူးရှစွာစိုက်ကြည့်နေတော်မူသည့် ကိုယ်တော်၏ မျက်နှာတော်ကိုလည်း မကြည့်ဝံ့ကြ။ လက်ဝါးကပ်တိုင်ပေါ်တွင် ကွပ်မျက်ခြင်းခံရစဉ် ကိုယ်တော်၏ လက်တော်နှင့် ခြေတော်တို့ကို သံနှင့်ရိုက်သူများသည် ယခုအခါ ဒဏ်ရာဒဏ်ချက်များကို တွေ့မြင်နေရကြ၏။ ကိုယ်တော်၏ နံဘေးတော်ကို လှံနှင့်ထိုးဖေါက်ခဲ့သော သူများသည် သူတို့၏ ရက်စက်ကြမ်းကြုတ်မှုကြောင့် ကိုယ်တော်၏ ခန္ဓာကိုယ်ပေးတွင် ရှိနေသည့် အမှတ်အသားကို မြင်နေရကြ၏။ ကိုယ်တော်သည် သူတို့ကိုယ်တိုင် လက်ဝါးကပ်တိုင်ပေါ်သို့ တင်ခဲ့ကြသူဖြစ်ကြောင်း၊ အသက်တော်ကို စွန့်လွှတ်ရန်နီးတော်မူသောအခါ ဒုက္ခဝေဒနာကို ခံစားနေရတော်မူစဉ် သူတို့ပြက်ရယ်ပြုခဲ့ကြသူဖြစ်ကြောင်း ယခု သူတို့ကိုယ်တိုင် တွေ့သိကြလေ၏။ ထိုအခါ ယင်းလူအုပ်ကြီးထဲမှ ပြင်းစွာစိတ်ဒုက္ခကိုယ်ဒုက္ခခံရသည့် ညည်းတွားမြည်တမ်းသံကြီး ရှည်လျားစွာပေါ်ထွက်လာပြီး လျှင်ဘုရင်တကာတို့၏ ဘုရင်၊ အရှင်တကာတို့၏ အရှင်ထံတော်မှ ပုန်းရှောင်၍ နေရန် ထွက်ပြေးကြလေ၏။

တစ်ကြိမ်က သူတို့မထီမဲ့မြင်ပြုခဲ့ကြသည့် ကိုယ်တော်၏ ကြောက်ရွံ့ဖွယ်ကောင်းသော ဘုန်းတန်ခိုးတော်မှ အကာအကွယ်ရရှိရေးအတွက် ပုန်းအောင်းရန် လူတိုင်းကျောက်ဂူ ကျောက်တောင်များကို သာရှာဖွယ်နေကြပါသည်။ ကိုယ်တော်၏ ထူးကဲသော ဘုန်းတန်ခိုးအာနုဘော်လွှမ်းမိုးခြင်းကြောင့် နာကျင်ခြင်းဝေဒနာကို ခံစားနေရသော သူများသည် သူတို့၏ အသံကိုမြှင့်၍ ‘ထာဝရဘုရား၏ အခွင့်နှင့်ကြွလာတော်မူသောသသည် မင်္ဂလာရှိစေသတည်း’ ဟု ကြည်လင်ပြတ်သားသော အသံဖြင့် ကျယ်လောင်စွာ တညီတညွတ်တည်း ကြွေးကြော်ကြလေ၏။

ထိုနောက်မှ သခင်ယေရှုနှင့်သန့်ရှင်းသော ကောင်းကင်တမန်တို့သည်သန့်ရှင်းသူများလိုက်ပါလျက်မြို့တော်ဆီသို့ထွက်ခွာသွားကြသောအခါပြစ်ဒဏ်သင့်နေသည့်မတရားသောသူတို့၏ပြင်းထန်စွာငိုကြွေးမြည်တမ်းသံများကိုလည်းနေရာတကာမှကြားနေရပါသည်။ ထိုအချိန်တွင်စာတန်သည်သူ၏လက်အောက်ခံဘက်တော်သားများအားလိုက်လံကြည့်ရှုစစ်ဆေးလျက်၊ အင်အားကုန်ခန်းနွမ်းနယ်နေသူများကိုလည်းအားသစ်လောင်းပေးလျက်၊ သူကိုယ်တိုင်နှင့်တကွသူ၏တမန်များတန်ခိုးကြီးမားကြောင်းကို ဝါဒဖြန့်လျက်သူ၏လုပ်ငန်းကိုအသစ်တစ်ဖန်အစပြုပြန်သည်ကို ကျွန်မမြင်ရပါသည်။ သန်းပေါင်းမရေမတွက်နိုင်လောက်အောင် များပြားစွာထမြောက်လောကြသော သူများကိုလည်းလက်ညှိုးညွှန်ပြလိုက်ပါသေး၏။ ထိုသူတို့တွင်တိုင်းနိုင်ငံများကိုအောင်မြင်စွာသိမ်းယူခဲ့ဖူးသည့်တန်ခိုးထွားသောဘုရင်ကြီးများ၊ စစ်ပွဲများတွင် ကျွမ်းကျင်၍ခွန်အားကြီးမားသောစစ်သူကြီးများအမြောက်အမြားပါဝင်ကြ၏။ စစ်ပွဲတစ်ပွဲကို မျှမရှုံးခဲ့ဖူးသည့်အလွန်ထွားကြိုင်း၍ရဲစွမ်းသတ္တိအပြည့်အဝရှိသူများလည်းပါဝင်ကြ၏။ သူချဉ်းကပ်လာကြောင်းကိုကြားရလျှင်ပင် တိုင်းနိုင်ငံများကကြောက်လန့်တုန်လှုပ်ရသော၊ အထူးတလည်ထင်ပေါ်လိုသော၊ မာန်မာနထောင်လွှားသောနပိုလျ* တစ်ယောက်လည်းသူတို့၏ပရိသတ်ထဲတွင်ပါဝင်ါလာခဲ့၏။ အောင်နိုင်လိုစိတ်ပြင်းပြလျက်တိုက်ပွဲဝင်စဉ်ကျဆုံးသွားကြသည့်ဥပမိရပ်ကောင်း၍ ဂုဏ်မောက်သူ၊ ဟိတ်ဟန်ကြီးသူများလည်းရပ်နေကြသည်ကိုတွေ့ပရ၏။ ထိုသူတို့သည်သချိုင်းအသီးသီးမှနိုးထလာကြသောသူတို့ သေဆုံးသွားကြသည့်အချိန်ကရပ်စဲခဲ့ရကြသည့်အတွေး

---

* Napoleon

အခေါ်များကိုပင် ပြန်လည်ကောက်ယူလျက်ထွက်လာကြပါသည်။ သူတို့သည်အနိုင်ရလိုသောစိတ်ဓါတ်များရှိခဲ့ကြသည်ဖြစ်ရာ ယင်းစိတ်ဓါတ်များနှင့်ပင်ထမြောက်လာကြပါသည်။ စာတန်သည်လည်းသူ၏



တမန်များနှင့်တိုင်ပင်ဆွေးနွေးပြီးနောက်ထိုရှင်ဘုရင်ကြီးများ၊ အောင်နိုင်သောသူများ၊ တန်ခိုးကြီးသောသူအားလုံးတို့နှင့်လည်း ဆက်လက်ဆွေးနွေးလေ၏။ ထို့နောက်ကြီးမားကျယ်ပြောလှသည့် သူ၏မဟာစစ်တပ်ကြီးကိုအပေါ်မှဆီး၍ ရှုစားလျက် မြို့တွင်း၌ရှိသောစစ်တပ်မှာအလွန်ပင်သေးလှကြောင်း၊ ခွန်အားနည်းလှကြောင်း ထိုကြောင့်ယင်းမြို့တော်ကိုအလွယ်တကူသိမ်းယူပြီးလျှင် မြို့သူမြို့သားများကိုနှင်ထုတ်လျက်မြို့တော်၏ကြွယ်ဝခြင်းနှင့်ဘုန်းစည်းစိမ်များကိုသူတို့သိမ်းယူကြမည်ဖြစ်ကြောင်းပြောပြလိုက်ပါသည်။

သူတို့အားလှည့်ဖြားရာတွင်စာတန်အောင်မြင်လေသောကြောင့်သူတို့အားလုံးစစ်ပွဲဝင်ရန်ချက်ချင်းပင်ပြင်ဆင်ကြလေ၏။ ထိုမဆလောက်ကြီးမားသောမဟာစစ်တပ်ကြီးတွင် ကျွမ်းကျင်သောစစ်သူကြီးများမြောက်မြားစွာပါဝင်နေသည့်အလျောက် စစ်သုံးကိရိယာတန်ဆာပလာမျိုးစုံတို့ကိုတီထွင်ပြုလုပ်ကြပါသည်။ ထိုနောက်စာတန်ခေါင်းဆောင်လျက် လူအုပ်ကြီးချီတက်လာပါတော့သည်။ ရှင်ဘုရင်များနှင့်စစ်သည်တပ်သားများက စာတန်၏နောက်မှကပ်၍လိုက်ကြ၏။ ၎င်းတို့နောက်မှလူထုကြီးကအုပ်ဖွဲ့၍ထပ်ဆင့်လိုက်လာကြပါသည်။ အုပ်စုတိုင်းတွင်ခေါင်းဆောင်တစ်ဦးစီကအကြီးအမှူးပြုလျက် မညီမညာသောမြေပြင်မှစည်းကမ်းသေဝပ်စွာ သန့်ရှင်းသောဂူမြို့တော်သို့ချီတက်လာကြပါသည်။ သခင်ယေရှုသည်မြို့တော်၏တံခါးကြီးများကိုပိတ်တော်မူလိုက်သောအခါ ယင်းမဟာစစ်တပ်ကြီးကပြင်းထန်စွာတိုက်ပွဲဝင်ရကြတော့မည်ဟုအထင်နှင့်စစ်ခင်းကျင်းလိုက်ကြပါသည်။ သခင်ယေရှုကိုယ်တော်တိုင်နှင့်တကွ ကောင်းကင်တမန်ဗိုလ်ခြေများသည်သန့်ရှင်းသူအပေါင်းနှင့်အတူပြိုးပြိုးပြက်ပြက်သောသရဖူများကို

ဆောင်းလျက် မြို့ရိုးပေါ်သို့တက်ကြလေ၏။ ထိုအခါသခင်ယေရှုက



'ဒုစရိုက်သားအပေါင်းတို့၊ ဖြောင့်မတ်သောသူတို့၏ဆုမင်္ဂလာကိုကြည့်ရှုကြလော့၊ ငါ၏ရွေးနုတ်ခြင်းကိုခံရသောသူတို့၊ မတရားသောသူတို့၏ဆုလာဘ်ကိုကြည့်ကြလော့' ဟု မိန့်တော်မူ၏။ ကြီးမားလှသောလူထုကြီးသည်လည်း မြို့ရိုးပေါ်ရှိဘုန်းကြီးသောလူထုပိရိသတ်ကြီးကိုရှုမြင်ရကြလေ၏။ သိုက်မြိုက်ခမ်းနားလှစွာပြိုးပြိုးပြက်ပြက်သောသရဖူများကိုဆောင်းပြီးလျှင် သူတို့၏မျက်နှာများတွင်ဘုန်းတော်ရောင်ထွန်းတောက်လျက် သခင်ယေရှု၏ပုံသဏ္ဌာန်တော်ကိုရောင်ပြန်ဟပ်နေသောမြို့တော်သားတို့အား သူတို့ကိုယ်တိုင်တွေ့မြင်ရကြလေ၏။ ထိုမှုမကဘုရင်တကာတို့၏ဘုရင်၊ အရှင်တကာတို့၏အရှင်သည် အတုမရှိသောဘုန်းတော်နှင့်တကွ မြင့်မြတ်တော်မူကြောင်း ကိုသူတို့ဖူးတွေ့ရကြသောအခါ သူတို့၏ရဲစွမ်းသတ္တိများပျောက်လေ၏။ သူတို့ဆုံးရှုံးခဲ့ရသောဘဏ္ဍာရတနာနှင့်ဘုန်းစည်းစိမ်ကြီးကိုအာရုံစိုက်မိသောအခါ အပြစ်တရား၏အခကားသေခြင်းပါတကားဟု သူတို့သဘောပေါက်ကြလေ၏။ သူတို့မထီမဲ့မြင်ပြုခဲ့ကြသည့်သန့်ရှင်းပျော်ရွှင်သောလူစုသည် ဘုန်းစည်းစိမ်၊ ဂုဏ်အသရေ၊ မပုပ်မပျက်နိုင်သောခန္ဓာကိုယ်နှင့်ထာဝရအသက်ကိုယူတင်ဝတ်ဆင်လျက်ရှိပြီးလျှင် သူတို့မှာမူကားစက်ဆုပ်ရွံရှာဖွယ်ရှိသမျှနှင့်ဝန်းရံလျက် မြို့တော်၏အပြင်ဘက်တွင်နေရစ်ခဲ့ရကြလေ၏။

---ooo---

## ဒုတိယသေခြင်း

လူထုကြီးအံ့ကြွလာလေအောင် စာတန်ကိုယ်တိုင်ပြင်းစွာသော အရှိန်အဟုန်ဖြင့်မိမိ၏နောက်လိုက်များအားလိုက်လံဆော်ဩနေပါသည်။ သို့သော်ဘုရားသခင်၏အထံတော်ကောင်းကင်မှ ထိုလူအပေါင်းတို့အပေါ်သို့မီးမိုးကြီးရွာလေ၏။ တန်ခိုးကြီးသောလူများ၊ ထူးချွန်သောသူများ၊ ဂုဏ်အသရေကြီးသောလူများ၊ ဆင်းရဲပြိုငြင်သောလူများ၊ အားလုံးသောလူတို့ကိုအတူတကွ လောင်ကျွမ်းလေ၏။ အချို့သောလူများအလျင်အမြန်မီးလောင်ကျွမ်းသွားသော်လည်း အချို့သောလူများပို၍ကြာရှည်စွာခံစားနေရပုံကို ကျွန်မမြင်ရပါသည်။ မိမိတို့၏ကိုယ်ကျင့်တရားနှင့်လျော်ညီစွာ ပြစ်မှုအလိုက်ပြစ်ဒဏ်ခံရကြပါသည်။ အချို့သောသူများမှာရက်ပေါင်းများစွာလောင်ကျွမ်းခြင်းကိုခံနေရလျက် သူတို့၏ခန္ဓာကိုယ်အစိတ်အပိုင်းရှိသမျှကို လောင်ကျွမ်း၍မကုန်မဆုံးမီတိုင်အောင် သူတို့ကိုယ်တိုင်ဝေဒနာခံစားနေကြပါသည်။ 'ပိုးမသေမီးမငြိမ်းရာ၊ စိုးစဉ်းမျှလောင်စာရှိနေသမျှကာလပတ်လုံးသူတို့မီးမငြိမ်းရာ' ဟု ကောင်းကင်တမန်ကပြောပါသည်။

စာတန်နှင့်သူ၏တမန်များကြာရှည်စွာဝေဒနာခံစားနေရကြပါသည်။ စာတန်သည်မိမိဝန်ကိုသာထမ်းရသည်မဟုတ်၊ မိမိပြုသောဒုစရိုက်အတွက်ပြစ်ဒဏ်ကိုခံရသည်သာမက ရွေးနုတ်ခြင်းခံရသည့်လူထုကြီး၏အပြစ်များကိုလည်း သူ၏အပေါ်သို့လွှဲပြောင်းပြီးဖြစ်သောကြောင့်သူပင်ခံရ၏။ ထိုမျှမကသူ့ကြောင့်ဆုံးရှုံးသွားသမျှသောအသက်ဝိညာဉ်တို့၏အပြစ်များအတွက်ကိုလည်း သူပင်ခံရပြန်၏။ ထိုနောက်စာတန်နှင့်မတရားသောသူအပေါင်းတို့လောင်ကျွမ်းခြင်းသို့ရောက်ကြ

ပြီးလျှင် ဘုရားသခင်၏တရားမျှတမှုအတွက် ကျေကျေနပ်နပ်ဖြစ်ကြသည်ကိုလည်းကောင်း၊ ကောင်းကင်ဗိုလ်ခြေများ၊ ရွေးနုတ်ခြင်းခံရသည့်သန့်ရှင်းသူအပေါင်းတို့က 'အာမင်' ဟု အသံကျယ်စွာကြွေးကြော်ကြပုံကိုလည်းကောင်း ကျွန်မမြင်ရပါသည်။

'စာတန်သည်အမြစ်ဖြစ်၏။ သူ၏သားသမီးများသည်အခက်များဖြစ်ကြ၏။ ယခုတွင်အမြစ်နှင့်တကွအခက်များလောင်ကျွမ်းကြလေပြီ၊ ထာဝရသေခြင်း၌သူတို့သေကြလေပြီ၊ မည်သည့်အခါတွင်မျှမကမပြောက်ရကြတော့ပေ၊ ဘုရားသခင်၏စကြဝဠာကြီးသန့်ရှင်းလေပြီ' ဟု ကောင်းကင်တမန်ကပြောပါသည်။ ထိုနောက်ကျွန်မကြည့်လိုက်သောအခါမတရားသောသူများအားလောင်ကျွမ်းခဲ့သည့်မီးလျှံသည်ကမ္ဘာကြီးတစ်ခုလုံးသန့်စင်ခြင်းသို့ရောက်လေအောင် အမှိုက်သရိုက်ရှိသမျှကိုဆက်လက်လောင်ကျွမ်းနေပါသည်။ နောက်တစ်ကြိမ်ပြန်၍ကြည့်လိုက်သောအခါ ကမ္ဘာကြီးသန့်စင်ပြီးဖြစ်သည်ကို ကျွန်မမြင်ရပါသည်။ ကျိန်ခြင်းအမင်္ဂလာ၏လက္ခဏာတစ်စုံတစ်ရာမျှမရှိတော့။ ကျိုးပဲ့၊ ကြေမွ၊ မညီမညာခဲ့သောကမ္ဘာမြေမျက်နှာပြင်ကြီးသည်ယခုအခါပြန့်ပြောကျယ်ဝန်းညီညာခြင်းသို့ရောက်လေပြီ။ ဘုရားသခင်၏စကြဝဠာကြီးတစ်ခုလုံးသန့်ရှင်းလေပြီ။ မတရားမှုနှင့်တရားမျှတမှုတိုက်ပွဲကြီးလည်းထာဝရပြီးဆုံးလေပြီ။ ကျွန်မတို့တွေ့ရသမျှမည်သည့်နေရာ၊ မည်သည့်အရာမဆိုလှပတင့်တယ်လှပါ၏၊ သန့်ရှင်းလှပ၏။ ထိုနောက်ရွေးနုတ်ခြင်းခံရသူအပေါင်း၊ လူကြီးလူငယ်၊ လူရွယ်လူလတ်၊ ကြီးသောသူ၊ ငယ်သောသူအားလုံးတို့သည်မိမိတို့၏ပြိုးပြိုးပြက်ပြက်သောသရဖူများကိုရွေးနုတ်ရှင်၏ခြေတော်ရင်း၌ချထားကြပြီးလျှင်အလွန်ရှိကျိုးစွာပျပ်ဝပ်လျက် ကမ္ဘာအဆက်ဆက်ရှင်တော်မူသည့်အရှင်ကိုကြည်ညိုသဒ္ဓါမြတ်နိုးစွာဖြင့်ကိုးကွယ်ကြလေ၏။ ဘုန်းအသရေ

ကြီးမြင့်၍ရှုမခန်းအောင်တင့်တယ်သောကမ္ဘာသစ်ကြီးကိုသန့်ရှင်းသူများသည်ထာဝရအမွေခံရကြလေပြီ။ ကောင်းကင်တစ်ခွင်လုံးအောက်တွင် ကြီးမြတ်တော်မူသည့် နိုင်ငံတော်ကိုအမြင့်ဆုံးသောအရှင်၏သန့်ရှင်းသူများအားပေးအပ်တော်မူ၏။ ထိုနိုင်ငံတော်၏အချုပ်အခြာအာဏာကိုလည်းပေးအပ်တော်မူ၏။ သူတို့သည်လည်းကမ္ဘာအဆက်ဆက်ထာဝရကာလပတ်လုံးစိုးပိုင်ကြလေ၏။

---ooo---